www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


သုတိအရေး

အောင်သန်းထွန်း ၆။

ရွှေချစ်သူမှ ရွှေချစ်သူသို့

ဝင်းငြိမ်း ၁၂။

ရွှေမင်းသား၊ ရွှေမင်းသမီး

လင်းနိုင်ဦး ၁၈။

အနုပညာမှန်သမျှကို

မြတ်နိုးတဲ့ ရွှေမှုံရတီ

One Minute Interview

ဘို၊ လင်းနိုင်ဦး ၂၆။

ကောင်းခန့်ဇော်

လူမင်း၊ နေတိုး

ပြေတီဦး၊ ခိုင်သင်းကြည်

စိုးမြတ်နန္ဒာ၊ အောင်မင်းခန့်

ထိုက်စံမော့စ်

ရွှေရှုပ်ရှင်

မိုးကျော်ထွန်း ၄၈။

ဒါရိုက်တာ လူမင်းရဲ့

ကူဖော်လောင်ဖက်

မိုးကျော်ထွန်း ၆၂။

သရုပ်ဆောင် ၁၀ တွဲနဲ့

ဒါရိုက်တာ

ကျော်ဇောလင်း

အင်တာဗျူး

ဝင်းငြိမ်း ၅၄။

မိမာယာ(သို့မဟုတ်)

အေးအေးသင်းနှင့်တွေ့ဆုံခြင်း

လင်းနိုင်ဦး ၇၀။

Rစာနည်းနဲ့

သူ့ရဲ့တက်တူးများ

နိုင်ငံတကာစာမျက်နှာ

ရိုတာအောင်၊ NY၊ ၇၆။

ရိုစမန်းပိုက်ခ်

ရာပြည် ၈၄။

အားလုံးကို

ပျော်ရွှင်စေချင်ခဲ့သူ

Robin Williams

လူမှုဝန်းကျင်

၄၀။ လင်းနိုင်ဦး

မြန်မာဒီဇိုင်နာ ၂၈ ဦးရဲ့

ဖက်ရှင်ပြပွဲ

၈၂။ အယ်ဒီတာအဖွဲ့

လူပျိုပါပဲ

၈၈။ အယ်ဒီတာအဖွဲ့

နှလုံးသားနှင့်

စကားပြောခြင်း

ရွှေဝတ္ထု

၁၄၈။ ရွှေသင်

ဟန်ချက်ညီချင်သူ

၁၇၈။ နုနုရည်အင်းဝ

ဒါတို့ပြေ…ဒါတို့မြေ

၁၉၂။ နေဝင်းမြင့်

မောင်းကွဲ

၂၀၀။ မိုး

ဝင်စားသူ

၂၇၀။ ကံပယ်မြို့နေ

မသိမှုကမ္ဘာ

၂၇၈။ မောင်နှင်းပန်း

မောဟမျက်နှာ

၂၈၄။ မင်းဝေဟင်

ကျွေ့သော၊ ကောက်သော

သင်္ကေတတို့ဖြင့်

ဘဝ…ဘဝတို့သည်

၂၉၀။ အောင်ပြုံးကျော်

[illegible]

မိတ္တီလာကန်တော်

အောက်ဆီက

၂၉၆။ အမြို့ရောင်၊ ရွှေ၊

မွေ့ပျော်ရာ မြမြက်ခင်း

ငြိမ်းချမ်းခြင်းအတိလေ

၃၀၄။ ငွေဇင်ဖော်ဦး၊ မိုးကျော်၊

အိမ်ရှေ့လမ်း

၃၁၀။ နေ၊ ဝင်းဂယ်ဖြူ၊

မနေ့က





www.burmeseclassic.com

www.burmeseclassic.com

ရွှေနှလုံးသား
မိုးရည်နိုင် ၁၁၀။
မြစ်တစ်စင်းရဲ့ခြေရာ

အမှတ်တရစာစု
မင်းလူ ၁၁၈။
ကြယ်တာရာ
မြို့မကိုပေါ် ၂၂၈။
အတိတ်လမ်းသို့အလွမ်းပြေ

ရသစာတမ်း
မောင်ရှင်မာ ၁၃၆။
(ကျောင်းကုန်း)
အမေကတစ်ဖက်
ကမ္ဘာကြီးကတစ်ဖက်

ရွှေဝတ္ထုရှည်စ/ဆုံး
မဓန္ဒာ ၁၂၄။
ထိုနေ့က ရေလျှံသည်
မောင်သာရ ၂၄၀။
Que...Sera Sera
ခင်ခင်ထူး ၂၅၈။
ဘယားအိတ်

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
ရန်ကုန်ဘဆွေ ၁၅၄။
ဖားနှန်းကျိန်

ရွှေအခန်းဆက်ဝတ္ထုရှည်
မြင့်သန်း ၂၁၂။
မရန်းတောဆီက
အရမ်းချောတဲ့ မမဂျမ်းတော

# နှင်းပန်းမာလ

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

1 - NOV 2014

ရွှေသုတ

၁၀၄။ မေဓာဦး
ဟိမဝန္တာဒေသများသို့
၁၃၂။ မောင်နိုင်လတ်
စာဖတ်သော လူညံ့များ
၁၄၂။ မောင်သန်းဆွေ
(တာဆယ်)
စာတ်သဘင်မှ
နတ်ကတော်
၁၇၈။ မောင်ခင်မင်(ဓနုဖြူ)
စကားသမုဒ္ဒရာထဲမှာ(၅)
၁၈၂။ ဝင်းငြိမ်း
ဘုရင်မင်းမြတ်နှင့်ကျွန်မ
၂၀၈။ ရဲမာန်(မြန်မာ-ပန္နက်)
ရသစာတမ်းဟူသည်
၂၂၂။ နေဇင်လတ်
ရိုးစင်းစွာနဲ့
ဆန်းကြယ်တာကို
ဘဝလို့ဆိုရင်
၂၅၀။ မသီတာ(စမ်းချောင်း)
ထိုင်ခုံလွတ်သမား
ဘဝမှသည်
မဲပေးနိုင်သူအဖြစ်သို့

အယ်ဒီတာအဖွဲ့ -
တိုက် (၂၀/၂၇)၊ အခန်း (၃-၀၃)၊
၅၂ လမ်း (အောက်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၁၁၅
**Email :**
**nyeinfamily@gmail.com**
မျက်နှာဖုံး၊
မေဓာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၅၃)၊
ဇမ္ဗူတာလှပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊
ဝက်မှုဂုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး -
ဇမ္ဗူတာလှစာပေ၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
**E-mail :**
**zabutalu@gmail.com**
**Available at :**
**iTune Store**







www.burmeseclassic.com

www.burmeseclassic.com

# ရွှေရတု အမှာစကား

ဘာဝဆိုတာ တိုတိုကလေးပါလို့ ဆိုကြပါတယ်။ ဒီစကား မှန်ကန်ကြောင်းကို ကျွန်တော် ထောက်ခံပါတယ်။ ရွှေအမြုတေကို ဖန်တီးခဲ့တာ နှစ်ပေါင်း ၂၅ နှစ် ရှိသွားပြီလို့ မှတ်မှတ်ရရ ရှိလိုက်ချိန်မှာ ဖြတ်သန်းခဲ့ရတဲ့အချိန်က ဘာမှမဟုတ်သေး ပါကလားလို့ တွေးမိပါတယ်။ ရွှေအမြုတေကို ထုတ်ဝေမယ်လို့ စိတ်ကူးရစဉ်ကာလက ကျွန်တော့်လက်ထဲမှာ ငှားရမ်းထုတ်ဝေနေတဲ့ ရုပ်ရှင်အမြုတေ ရှိနေပါတယ်။ တက္ကသိုလ် ယဉ်ယဉ်လှဲ့ ဖခင်ဖြစ်သူ ဦးသန်းမောင် တည်ထောင်ခဲ့တဲ့ မဂ္ဂဇင်းတစ်အုပ် ဖြစ်ပါတယ်။ ငှားပြီး လုပ်ရတာဖြစ်လို့ မပိုင် ဝက်မွေး ဖြစ်ရပါတယ်။ တစ်ချိန်ချိန် ပြန်ပေးလိုက်ရရင် ကိုယ်လုပ်ခဲ့သမျှ ဆုံးရှုံးရမယ်လို့ တွေးမိတာကြောင့် ကိုယ်ပိုင်မဂ္ဂဇင်းလေးတစ်အုပ် ထုတ်ချင်တယ်လို့ စိတ်ကူးပေါ်လာပါတယ်။ အဲဒီတုန်းက စာပေစိစစ်ရေးမှာ ညွှန်ကြားရေးမှူးဖြစ်တဲ့ ဆရာ ဦးကြည်ထူးကို ပြောပြတော့ လုပ်ချင်ရင် လျှောက်ပေါ့ကွလို့ လွယ်လွယ်ကူကူပဲ ဆိုပါတယ်။ ကျွန်တော် လျှောက်လိုက်ပါတယ်။ ထုတ်ဝေခွင့် ကတ်ပြားရခဲ့ပါတယ်။ ပုံမှန်ထုတ်ဝေခွင့်နဲ့ တင်ထုတ်ရယ်လို့ နှစ်မျိုးရှိတဲ့နေရာမှာ ကျွန်တော်ရတာက တင်ထုတ်ပါ။ လုပ်ချင်တဲ့ စာအုပ်ပုံစံကို ဒီဖိုင်းနဲ့တကွ တင်ပြရပါတယ်။ အားလုံး ခွင့်ပြုချက်ရပြီဆိုမှ ပုံနှိပ်ဖြန့်ချိ ခွင့်ရပါတယ်။

ရွှေအမြုတေအမှတ် ၁၊ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာ ထုတ်ဝေလိုက်တော့ လူငယ်စာဖတ်ပရိသတ်များ ဝမ်းပန်းတသာ ကြိုဆိုတာကို ဝမ်းမြောက်ဝမ်းသာ တွေ့ရပါတယ်။ အမှတ် ၂ ကို စီစဉ်နေဆဲမှာ ကျွန်တော့်ရုံးကို စသုံးလုံးရဲထောက်လှမ်းရေးက စာပို့ပြီး အစစ်ခံဖို့ လာခိုင်းပါတယ်။ ဘုမသိဘမသိ ရောက်သွားတော့ သုံးပွင့်တစ်ယောက်က စစ်မေးပြီး နှစ်ပွင့်က ကျွန်တော် ထွက်ဆိုတာကို လိုက်မှတ်ပါတယ်။ သူက တိုင်တဲ့သူရှိလို့ စစ်ရတာပါလို့ ဆိုပါတယ်။ ဘာကို တိုင်တာလဲဆိုတော့ ကျွန်တော်က ဝန်ထမ်းတစ်ဦး ဖြစ်ပါလျက်နဲ့ မဂ္ဂဇင်းထုတ်ဝေခွင့်ကို လိမ်လည်လျှောက်ထားပါတယ် ဆိုပြီး တိုင်ထားတာပါ။ တိုင်တဲ့သူတွေကိုလည်း ကျွန်တော့်ထွက်ချက်ရဲ့ထိပ်စီးမှာ နာမည်နဲ့တကွ ရေးသားထားတာ ကျွန်တော် မြင်အောင် သွယ်သွယ်ဝိုက်ဝိုက်ပြထားပါတယ်။ ကျွန်တော် အရမ်းအံ့ဩပါတယ်။ ထားလိုက်ပါတော့။ တိုင်သူသုံးယောက်မှာ နှစ်ယောက်က ကွယ်လွန်သွားကြပြီး တစ်ယောက်က သာသနာ့ဘောင် အပြီးဝင်သွားပြီဖြစ်လို့ နာမည်တွေ မပြောတော့ပါဘူး။

ဝန်ထမ်းစည်းမျဉ်းမှာ ဝန်ထမ်းတစ်ယောက်ဟာ အစိုးရအလုပ်အပြင် တခြားအလုပ်ကို လုပ်ခွင့်မရှိဘူးလို့ ဆိုပါတယ်။ ကျွန်တော်က ဒါဆိုရင် ကျန်းမာရေးဦးစီးဌာနက ဝန်ထမ်းတွေဖြစ်တဲ့ ဆေးရုံအသီးသီးက ဆရာဝန်များ ဆေးခန်းထိုင်ခြင်းကရော ဒီဥပဒေနဲ့ အကျုံးမဝင်ဘူးလားလို့ မေးတာကိုတော့ အဖြေမရခဲ့ပါဘူး။ အဲဒီခေတ်မှာ ကျွန်တော့်လို ဝန်ထမ်းဖြစ်ပါလျက် ထုတ်ဝေသူဖြစ်နေတဲ့သူတွေ အများကြီးပါ။ ဒါကို ပြောပြတော့လည်း သူတို့ကို တိုင်မယ့်သူ မရှိပါဘူး။



www.burmeseclassic.com

၂၅ နှစ်ပြည့်

ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄

ဦးဝင်းငြိမ်းကိုသာတိုင်တာမို့ အရေးယူရတာပါတဲ့။ ကောင်းပါပြီ၊ ကျွန်တော်လည်း အမြီးပြတ်တဲ့ အတူတူတော့ ဘဝတူတွေကိုပါ အမြီးပြတ်အောင် အခု တိုင်ပါမယ်။ ကျေးဇူးပြုပြီး စာရွက်အလွတ်ပေး ပါဆိုပြန်တော့လည်း မတိုင်ပါနဲ့ဗျာတဲ့။ ကျွန်တော် စိတ်လျှော့ခဲ့ပါတယ်။ အကျိုးဆက်ကတော့ ကျွန်တော့်ရုံးမှာ (ကျွန်တော်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနမှာ အဲဒီတုန်းက စိစစ်ရေးမှူးဆိုတဲ့ ပြန်တမ်း ဝင်အရာရှိတစ်ယောက်ဖြစ်ပါတယ်။) လက်ထောက်ညွှန်ကြား ရေးမှူး ရာထူးတိုးဖို့အတွက် ၆ လ ပိတ်ပင်ခံခဲ့ရပါတယ်။

စလုပ်မိတဲ့ မဂ္ဂဇင်းလေး အသက်ဆက်ခွင့်ရရေးအတွက် ဆရာ ဦးကြည်ထွေးဆီ ပြေးပြန်တော့ မင်းနာမည်နဲ့ မဟုတ်ဘဲ မင်းအမေနာမည် ပြောင်းလိုက်တဲ့။ အမေ့နာမည်နဲ့ အမှတ် ၂၊ ၃ တို့ ထွက်လာပါတယ်။ အမြဲတမ်းထုတ်ဝေခွင့်ရရေးအတွက် ဝန်ကြီးရုံးမှာ အမေ အစစ်ခံပြန်တော့ ၈၈ အရေးအခင်းမှာ အဖမ်းခံထားရတဲ့ စာရေးဆရာ မောင်သော်က(ဗိုလ်မှူးဘသော်) နဲ့ အမျိုးတော်လို့ မပေးနိုင်ပါဘူးလို့ အငြင်းခံရ ပြန်ပါတယ်။ ဒီတော့ ဆရာ ဦးကြည်ထွေးက ဘာမှမတော်တဲ့သူနဲ့ ပြောင်းလိုက် ကွာလို့ နည်းပေးပြန်တာကြောင့် ထုတ်ဝေသူဖြစ်တဲ့ ဦးဉာဏ် လှိုင်နဲ့ ပြောင်းခဲ့ပြီး အခုထက်ထိ ထုတ်ဝေနေခြင်း ဖြစ်ပါတယ်။

နှစ်ပေါင်း ၂၅ နှစ်တိုင်အောင် အားပေးခဲ့ကြတဲ့ စာဖတ် ပရိသတ်တွေကို အင်မတန် ကျေးဇူးတင်ပါတယ်။ ပရိသတ် မရှိဘဲနဲ့ စာအုပ်ထုတ်ဝေလို့ မရပါဘူး။ ရွှေအမြုတေ စထွက် စဉ်က ဖတ်ခဲ့တဲ့ပရိသတ်များဆိုရင် အခု အသက်အတန်အသင့် ရကြပြီပေါ့။ သူတို့စာဖတ်တဲ့ပုံစံလည်း ပြောင်းသွားနိုင်ပါ တယ်။ ကျွန်တော်ကိုယ်တိုင်က လူငယ်ပရိသတ်ကို ဆွဲဆောင် နိုင်ဖို့ ပေါ့ပ်အသားပေးရာကနေ ရသစာပေအသားပေးတဲ့ မဂ္ဂဇင်း တစ်စောင်ဖြစ်အောင် ကြိုးပမ်းခဲ့ပြီကိုး။

ရသဆိုတာ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ် ပါတယ်။ ရသစာပေရှိမှသာ လူတွေကို ယဉ်ပါးအောင် ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ရသဘက်ကို ရောက်အောင် ဆွဲယူခဲ့တာပါ။

တချို့ကတော့ ရုပ်ရှင်နည်းလို့ ရွှေအမြုတေဆိုရင် တောကြိုက်လို့ သုံးသပ်ကြပါတယ်။

တောကြိုက်ပဲဖြစ်ဖြစ်၊ မြို့ကြိုက်ပဲဖြစ်ဖြစ် ပရိသတ်ဖတ်တယ်ဆိုရင် ကျွန်တော်တို့ ကြိုးပမ်းရကျိုးနပ်ပါတယ်။

၂၅ နှစ် ကျော်ဖြတ်ခဲ့ပြီး နောက်ထပ် ဘယ်နှနှစ် လုပ်ခွင့်ရဦးမယ်ဆိုတာ ကျွန်တော် မသိနိုင်ပါဘူး။

အသက်ရှင်နေသရွေ့ လုပ်ခွင့်ရနေသရွေ့ ပရိသတ်အတွက်အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားပါမယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါရစေ။

■

*လေးစားစွာဖြင့်*

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဂီတဆု(မိုးရာသီ)ဆုပေးပွဲ ပထမဆုံးအကြိမ် ကျင်းပ

Forever Group ၏ပံ့ပိုးမှုဖြင့် တေးရေး ရွှေဂျော်ဂျော် ဦးဆောင်ကာ ဂီတအနုပညာရှင်များ၊ ပရိသတ်များ မဲပေးကာ ရွေးချယ်ပေးခဲ့ကြသည့် မြန်မာ့ဂီတဆု(မိုးရာသီ) ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာလ ၁၈ ရက်နေ့ညက ကျင်းပခဲ့သည်။ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပူးတွဲကျင်းပခဲ့သည့် ယင်းဆုပေးပွဲ၌ အပိုင်းနှစ်ပိုင်းရှိရာ ပရိသတ်ရွေးချယ်သည့်ဆုနှင့် ပညာရှင်များရွေးချယ်သည့် ဆုဖြစ်သည်။ ပရိသတ်ရွေးချယ်သည့် ပေါ့ပ်သီချင်းဆုကို လွှမ်းရတီဇော်၏ *Baby Love*, ရော့ခ်သီချင်းဆုကို Big Bag အဖွဲ့၏ *သည်းခံ*၊ ရက်ပ်ဆုကို လွှမ်းပိုင်၏ *ကိုကို* သီချင်းများကရရှိခဲ့သည်။ I Love Artist ဆုတွင် အမျိုးသမီးဆုကို ဝိုင်းစုခိုင်သိန်း၊ အမျိုးသားဆုကို စိုင်းစိုင်းခမ်းလှိုင်တို့က ရရှိခဲ့သည်။

ပညာရှင်များရွေးချယ်သည့်ဆုတွင် ပေါ့ပ်ဂီတဆုကို နီနီခင်ဇော်၏ *မျှော်လင့်ချက်တစ်စုံတစ်ရာ*၊ ရော့ခ်ဂီတဆုတွင် ဝေလ၏ *မိတ်ကပ်မကြိုက်သောသီချင်းများ*၊ ရက်ပ်ဂီတဆုတွင် လွှမ်းပိုင်၏ *ကိုကို* သီချင်းတို့က ရရှိခဲ့သည်။ မိုးရာသီ အကောင်းဆုံးသီချင်းဆုကို နီနီခင်ဇော်၏ *မျှော်လင့်ချက်တစ်စုံတစ်ရာ*၊ အောင်ရင်၏ *အိမ်အလွမ်း* သီချင်းတို့က ဆွတ်ခူးရရှိခဲ့သည်။

❑



I Love Artist (အမျိုးသား)ဆုကို စိုင်းစိုင်းခမ်းလှိုင်က ရရှိခဲ့ပါတယ်






မြန်မာဂီတဆု(မိုးရာသီ) ဦးဆောင်စီစဉ်သူ တေးရေး ရွှေဂျော်ဂျော်နှင့် ဆုရရှိသူများ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နဲ့ အိမ့်ချစ်ရဲ့ဖျော်ဖြေမှု



တေးသံရှင်များက အကအဖွဲ့များနဲ့အတူ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

# ၅၁ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့် ရုပ်ရှင်နေ့ ကျင်းပ

မြန်မာနိုင်ငံ၏ ရုပ်ရှင်နေ့ဟု သတ်မှတ်ထားသော အောက်တိုဘာလ ၁၃ ရက်နေ့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ၅၁ ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် မြန်မာရုပ်ရှင်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပထမဦးစွာ ရုပ်ရှင်နေ့ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ စည်သူဗိုလ်ကလေးတင့်အောင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းတို့က ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပရာ ကန်တော့ခံမည့်သက်ကြီးပညာရှင်များက စင်မြင့်ထက်တွင်နေရာယူပြီး အခမ်းအနားမှူးရန်ပိုင်စိုးက ကန်တော့ချိုးတိုင်ကာ လက်အုပ်ချီမိုး၍ ကန်တော့ခဲ့ကြသည်။ ကန်တော့ခံ သက်ကြီးပညာရှင်များအား ငွေကျပ်တစ်သိန်းစီနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ယခုနှစ်တွင် အကန်တော့ခံပုဂ္ဂိုလ် ၁၅၀ တို့အား ကန်တော့ခဲ့ကြခြင်းဖြစ်သည်။ ❑


ကန်တော့ခံသက်ကြီးအနုပညာရှင်များ


ကန်တော့ခံသက်ကြီးအနုပညာရှင်များ


ကန်တော့ခံသက်ကြီးအနုပညာရှင်များ


ကန်တော့ခံသက်ကြီးအနုပညာရှင်များကို လိုက်လံဂါရဝပြုကြတဲ့ ဝတ်မှုံရွှေရည်၊ အိန္ဒြာကျော်ဇင်နဲ့ အိချောပို

သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄


၅၁ ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို တက်ရောက်လာကြသူများ




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပြက္ခဒိန် ထုတ်မည်

နှစ်စဉ်ထုတ်ဝေနေသည့် အစဉ်အလာအတိုင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သရုပ်ဆောင်များ၏ပုံများဖြင့် ၂၀၁၅ အတွက် ပြက္ခဒိန်ထုတ်ဝေရန် ဓာတ်ပုံ မိုးမင်းဖြင့် ရိုက်ကူးနေပြီဖြစ်ကြောင်း သိရှိရသည်။ ပထမနေ့ ရိုက်ကူးမှုတွင် လူမင်း၊ သူထူးစံ၊ ညီထွဋ်ခေါင်၊ ယုသန္တာတင်၊ အိချောပို၊ မေမြတ်နိုး၊ စိုးနန္ဒာကျော်၊ သွန်းဆက်၊ ယွန်းယွန်းတို့ ပါဝင်သရုပ်ဆောင်နေသည်ကို တွေ့ရသည်။

❑



၂၀၁၅ ခုနှစ်အတွက်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးပြက္ခဒိန်မှာ
ပါဝင်သရုပ်ဆောင်ပေးကြတဲ့
အနုပညာရှင်များနဲ့
ဓာတ်ပုံ မိုးမင်း



www.burmeseclassic.com

www.burmeseclassic.com



Mega Ace ရုပ်ရှင်ရုံ ဖွင့်ပွဲမှာ တွေ့ရတဲ့ သက်မွန်မြင့်နဲ့ သင်္ဂီထွန်း




Mega Ace ရုပ်ရှင်ရုံ ဖွင့်ပွဲမှာ တွေ့ရတဲ့ သင်ဇာဝင့်ကျော်နဲ့ မိုးယံဇွန်

# သာကေတတွင် ရုပ်ရှင်ရုံသစ်ဖွင့်

ဘောဂသိဒ္ဓိကုမ္ပဏီမှ ပထမဆုံးစတင်ဖွင့်လှစ်လိုက်သည့် Mega Ace ရုပ်ရှင်ရုံ ဖွင့်ပွဲအခမ်းအနားကို သာကေတမြို့နယ်၊ မြင်တော်သာလမ်းရှိ ယခင် မြရတနာရုပ်ရှင်ရုံဟောင်း နေရာ၌ ခေတ်မီလှပဆန်းသစ်သော ပုံစံဖြင့် ပြင်ဆင်ထားသည့် ရုပ်ရှင်ရုံသစ်ကို အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်က ကျင်းပခဲ့သည်။ ယင်းရုပ်ရှင်ရုံတွင် ခန်းမနှစ်ခု ပါဝင်သည့်အတွက် တစ်ခန်းတွင် မြန်မာရုပ်ရှင်ကားများ ပြသမည်ဖြစ်ပြီး တစ်ခန်းတွင် အင်္ဂလိပ်ရုပ်ရှင်ကားများ ပြသမည်ဟု သိရသည်။ ဖွင့်ပွဲနေ့က မြန်မာရုပ်ရှင်ကားသစ်ဖြစ်သော **စုန်းပြူး** နှင့် အင်္ဂလိပ်ရုပ်ရှင်ကား **Annabella** ကား ပြသခဲ့သည်။ ယင်းရုပ်ရှင်ရုံတွင် တစ်နေ့လျှင် ငါးပွဲပြသမှာဖြစ်ပြီး ခန်းမတစ်ခုလျှင် ပရိသတ် ၁၈၀ ကြည့်နိုင်မည်ဟု ဆိုသည်။ ❑





၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်က ဖွင့်လှစ်လိုက်တဲ့ Mega Ace ရုပ်ရှင်ရုံ



www.burmeseclassic.com

www.burmeseclassic.com

# ဒါရိုက်တာ စင်ရော်မောင်မောင် မွေးနေ့အလှူပွဲကျင်းပ

အောက်တိုဘာလ ၁၇ ရက်နေ့ နံနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှာ ဒါရိုက်တာ စင်ရော်မောင်မောင်၏မွေးနေ့အလှူပွဲ ကျင်းပခဲ့သည်။ စင်ရော်မောင်မောင်နှင့် သားဖြစ်သူ မင်းသန့်မောင်မောင်တို့က တိပိဋကဓရ ယောဆရာတော်ကြီးအား မွေးနေ့အလှူအဖြစ် သင်္ကန်း ၂၅ စုံ၊ လှူဖွယ်ပစ္စည်းအစုစုတို့နှင့် ကျွေးမွေးပူဇော်၍ ကျောင်းရှိသံဃာတော် ၁၇၀ ကျော်တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ ❑


သံဃာတော်များအား ဆွမ်းလောင်းလှူနေတဲ့
ဒါရိုက်တာ စင်ရော်မောင်မောင်နဲ့ သား မင်းသန့်မောင်မောင်

## ရုပ်ရှင်ကားများသာ ရိုက်ကူးတော့မည့် မဟော်ဂနီ

သရုပ်ဆောင်သစ် မြင့်မြတ်ကို စင်တင်ပွဲထုတ်ပြီး ဗီဒီယိုကားပေါင်းများစွာ ရိုက်ကူးထုတ်လုပ်ခဲ့ဖူးသည့် မဟော်ဂနီဗီဒီယိုနှင့် ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဂျမန်းက မဟော်ဂနီအနေဖြင့် လက်ရှိ ရိုက်ကူးပြီး **ညည်းစားဦး** ရုပ်ရှင်ဇာတ်ကား လက်ဝယ်ရှိနေပြီး နောက်ထပ်ခြေလှမ်းအနေဖြင့် **ဘယ်ရည်းစားကို အချစ်ဆုံးလဲ** ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် စီစဉ်နေကြောင်း၊ မဟော်ဂနီအနေဖြင့် ဗီဒီယိုဇာတ်ကားများ ဆက်လက်ရိုက်ကူးတော့မည် မဟုတ်ဘဲ ရုပ်ရှင်ကားကြီးများသာ ဆက်လက်ရိုက်ကူးသွားမည်ဟု ဆိုသည်။ ■ **အောင်သန်းထွန်း**



ဂျမန်းနဲ့ အားဝေ



www.burmeseclassic.com

www.burmeseclassic.com







**ဆရာ ဦးဝင်းငြိမ်းခင်ဗျာ...**

ကျွန်တော် ရွှေအမြုတေ ဖူလိုင်လထုတ်ကို နောက်ကျမှ ဖတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့မြို့မှာ ဖွင့်ထားတဲ့ မြို့မစာကြည့်တိုက်ကနေ ငှားဖတ်ဖြစ်ခဲ့ရလို့ ဒီစာကို ရေးဖြစ်ခဲ့တာပါ။

ရွှေအမြုတေစာပေဆု ဆုချီးမြှင့်ပွဲကို အပြည့်အစုံ ဖော်ပြရေးပြခဲ့သော ဆရာ ဦးဝင်းငြိမ်းကို ကျေးဇူးအထူး တင်မိပါတယ်။ ရွှေအမြုတေစာပေဆုများကို ထိုက်ထိုက်တန်တန် ရရှိသွားခဲ့သောစာရေးဆရာ၊ စာရေးဆရာမများအတွက် ကျွန်တော် ဆုရရှိသလိုပဲ ထပ်တူထပ်မျှ လေးစားဂုဏ်ယူမိပါတယ်။

ဆရာ နော်(ကျောက်တိုင်)နဲ့ ဆရာမ အသင်(ရွှေသင်)တို့လည်း ဆက်လက်ပြီး အောင်မြင်မှုတွေ ရရှိပါစေလို့ ဒီစာကို ရေးရင်း ဆုတောင်းပေးလိုက်ပါတယ်နော်။ ရွှေရဲ့ ပြန်လည်တူးဖော်ခြင်းကဏ္ဍမှာပါခဲ့သော စာရေးဆရာကြီး မောင်သော်ကရဲ့ **ခဲချက်ပုံကြမ်း** ဝတ္ထုတိုက ဆရာကြီးရဲ့ ဘဝဖြစ်စဉ်ကို ရေးသားထားတဲ့အတွက် ကျွန်တော့်ရဲ့ရင်ထဲကို ထိရှမှုက ပြင်းထန်လှပါတယ်။ နောက်ပြီး ကျွန်တော် ခရေဇီဖြစ်တဲ့ စာရေးဆရာကြီး သော်တာဆွေ၊ စာရေးဆရာကြီး ဇဝန၊ စာရေးဆရာကြီး သာခု၊ စာရေးဆရာကြီး တက္ကသိုလ် ဘုန်းနိုင်နဲ့ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၊ စာရေးဆရာမကြီး ခင်ဆွေဦး စတဲ့ စာရေးဆရာကြီး၊ စာရေးဆရာမကြီးတို့ရဲ့ ဝတ္ထုများကို ရွှေရဲ့ပြန်လည်တူးဖော်ခြင်းကဏ္ဍမှာ သင့်တော်တဲ့လတွေမှာ ပြန်လည်ဖော်ပြပေးစေချင်ပါတယ် ဆရာ ဦးဝင်းငြိမ်းခင်ဗျာ။ ရွှေနှလုံးသားကဏ္ဍမှာပါတဲ့ စာရေးဆရာမ ဆေးဆေးရဲ့ **ပျော်ရွှင်ခြင်းငှက်ကလေးများ**ဆိုတဲ့ ဝတ္ထုတိုလေးက ကျွန်တော့်ရဲ့ ရင်ထဲကို ထိရှမိပြန်ပါတယ်။

ရွှေရဲ့ ပြန်လည်တူးဖော်ခြင်း ကဏ္ဍမှာ စာမူနှစ်ပုဒ်တောင်ပါတယ်နော်။ စာရေးဆရာမ ကြူကြူသင်းရဲ့ **ချစ်ပိတောက်ဦး**ဆိုတဲ့ ဝတ္ထုတိုလေးကလည်း ကျွန်တော့်ရဲ့ ရင်ထဲကို ထပ်မံလို့ ထိရှမိပြန်ပါတယ်။ ဆရာ ဦးဝင်းငြိမ်းရဲ့ **ရမွက်ဓောကို** လုံးချင်းစာအုပ်အဖြစ် ထုတ်မယ်လို့ သိရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဆရာမ ခင်ခင်ထူးရဲ့ တောမင်းသမီး အခန်းဆက်ဝတ္ထုရှည်ကိုလည်း လုံးချင်းစာအုပ်အဖြစ် ထုတ်ဖြစ်ပါစေလို့လည်း ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်။ 'ရွှေအသစ်' ကဏ္ဍကို နောက်တစ်ပုဒ် ရေးဖြစ်အောင်လည်း ကျွန်တော် ကြိုးစားနေပါတယ်။ ပထမတစ်ပုဒ်ဖြစ်တဲ့ **မွေးစားသား** ဝတ္ထုတိုကို ၂၅·၈· ၂၀၁၄က ပို့လိုက်ပါပြီ။

ရသစာတမ်းမှာပါတဲ့ ဆွန်း(စက်မှုတက္ကသိုလ်)ရဲ့ **အဆင်းရထား** ဝတ္ထုတိုကလေးက ဆရာမရဲ့ ဘဝဖြစ်စဉ်ကို ရထားနဲ့ ကူးချည်သန်းချည်သွားလာပုံကို ရေးသားထားတဲ့အတွက် ရင်ထဲကို ထိရှမိပြန်ပါတယ်။ ဆရာ ဦးဝင်းငြိမ်းတို့ရဲ့ ရွှေအမြု



www.burmeseclassic.com

www.burmeseclassic.com







တောမဂ္ဂဇင်းကြီး အောင်မြင်မှုအပေါင်းနဲ့ သရုပ်ဖော်ဆောင်းနိုင်ပါစေလို့ ဆုတောင်းပေးလျက်…။

နီယွန်းအိမ်၊သာပေါင်း၊

*ပြန်လည်တူးဖော်ခြင်းကဏ္ဍမှာ စာရေးဆရာကြီးများ စုံလင်အောင် ကျွန်တော် လက်လှမ်းမီနိုင်သလောက် ရွေးချယ်ဖော်ပြပေးနေပါတယ်။ ဆရာမ ခင်ခင်ထူးရဲ့ 'တောမင်းသမီး' လုံးချင်းအဖြစ် မကြာခင်ထွက်လာပါလိမ့်မယ်။ ရွှေအမြုတေ စာပေဆုပေးပွဲ ပြီးတိုင်းမှာ နှစ်စဉ် ပုံများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးနေကျ ဖြစ်ပါတယ်။ ရွှေအမြုတေမှာ ပါတဲ့ ဝတ္ထုများ၊ ကဏ္ဍများကို နှစ်သက်တယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။*

❑

ဆရာ ဦးဝင်းငြိမ်းရှင့်

လေးစားစွာဖြင့် စာရေးသားအပ်ပါတယ်။ ကျွန်မက ရွှေအမြုတေကို လစဉ်ယူပါတယ်။ ၂၀၁၄ စက်တင်ဘာလ ရွှေရဲ့ ရွှေအသစ်မှာ ဆရာရေးတဲ့ **ရွှေအသစ်နှင့်ကျွန်တော်** ဖတ်ပြီး ဒီစာကို ရေးရတာပါ။

ဆရာမ မသိတာကို ပြောလိုက်တဲ့ ရွှေအသစ်ကဏ္ဍလည်း ဖြုတ်လိုက်ကြစို့ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ရွှေအသစ်ကဏ္ဍကို မရပ်မနား ဆက်လက်ထည့်ပေးဖို့ တောင်းပန်စာတွေ အခုအချိန်မှာ ဆရာ့ဆီကို ပလူပျံအောင် ရောက်နေမှာပါ။

လူတစ်ဦးတည်းကို လူတွေတော်တော်များက တကယ့်ကို အမှန်အကန် ကျေးဇူးတင်လေးစားနေကြတာကို ပြောခွင့်ကြုံလာလို့ အခု ပြောပါရစေ။ ရွှေအသစ်ကဏ္ဍကို ဖတ်ရတဲ့အခါတိုင်း 'ဆရာ ဦးဝင်းငြိမ်း တော်လိုက်တာ၊ ဆောင်ရွက်နိုင်လိုက်တာ၊ ကျေးဇူးတင်စရာ ကောင်းလိုက်တာ' လို့ ကျွန်မ စိတ်ထဲက အခါခါ ရေရွတ်မိပါတယ်။ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျွန်မလိုလူတွေ အများကြီးပါဆိုတာကို ဆရာ အကြွင်းမဲ့ ယုံလိုက်ပါရှင်။

အခုတော့ ကျွန်မတို့ စာဖတ်သူတွေ၊ ကလောင်သွေးချင်တဲ့ မျိုးဆက်တွေ၊ ဝါသနာပါသူတွေ(အသက် ၅၄ နှစ်ရှိတဲ့ ကျွန်မ ရွှေအသစ်ကဏ္ဍကို ဝတ္ထုရေးပို့ဖို့ အခါခါ ကြိုးစားနေဆဲပါ)အားလုံးအတွက် စာပေခရီးလမ်းမှာ ခိုကိုးရာမဲ့သွားသလို စိတ်မကောင်းစရာ ဝမ်းနည်းစရာ ကောင်းလှပါတယ်။ စိတ်ထဲမှာ ပူပူပင်ပင် ဖြစ်ကြသူတွေ နှုတ်က တတွတ်တွတ် ပြောချင်တဲ့ စကားကို စာကြောင်းရေ ထောင်သောင်းရေးလည်း ဦးတည်ချက်က တစ်ခုတည်းပါ။

ရွှေအသစ်ကဏ္ဍကို မဖြုတ်လိုက်ပါနဲ့ ဆရာ။

ရွှေအသစ်ကဏ္ဍကို ဖြုတ်လိုက်တာက ပေါ်လွင်အောင် ရေးရရင် 'အဖေကိုလည်း အဆုံးရှုံးခံရ၊ သားသမီးတွေက



www.burmeseclassic.com

www.burmeseclassic.com







လည်း သေရတဲ့ဘဝ'ဖြစ်နေပါတယ်ရှင်။

'ရွှေအသစ်ကဏ္ဍကို ရှင်သန်ခွင့်ပေးပါ'ဆရာ။

ဆရာ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ပျော်ရွှင်ပါစေ။

**ခင်မာမာအေး၊ရွှေတောင်၊**

ဆရာ ဦးဝင်းငြိမ်းခင်ဗျား

၂၀၁၄ စက်တင်ဘာလ ရွှေအမြုတေဝတ္ထုတိုတွေထဲမှာ ဆရာ ဝသုန်နွယ်၏ **မကြေပန်းတို့သက်ရှိရာဇဝင်**ကို ဖတ်ပြီး ဝတ္ထုထဲက ကိုတင့်လွင်နဲ့ ကိုသက်ထွင့်တို့ အပြင်မှာ တကယ် သက်ရှိတွေဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ လူတွေ ထင် သလောက် စာရိတ္တမပျက်သေးဘူးလို့ သိရလို့ နည်းနည်း စိတ်သက်သာရာရမိပါတယ်။ အများကြီးရှိရင် ကောင်းမှာပဲ လို့လည်း တောင့်တမိပါတယ်။

ကိုငြိမ်းရဲ့ **ရှောင်း** ဟာလည်း ဝတ္ထုတိုအတတ်ပညာ အလွန်အဆင့်မြင့်ပါတယ်။ အပြင်မှာ တကယ် ဟုတ်၊ မဟုတ် မသေချာပေမဲ့ ဝတ္ထုတိုအတတ်ပညာမှာ ကိုငြိမ်းဟာ တကယ် ပါရမီရှင်ပါပဲ။ ဒါပေမဲ့ ဆရာရေ နေကောင်းကင်နဲ့ ပတ်သက် ပြီး ဆရာက စော်ကားခံရတယ်လို့ ယူဆပြီး ရွှေအသစ်ကဏ္ဍ အပြီးအပိုင် ရပ်ဆိုင်းလိုက်တယ်ဆိုတော့ အလွန် စိတ်မကောင်း ဖြစ်မိပါတယ်။ အလားအလာရှိတဲ့ ရွှေအသစ်တွေအတွက် တကယ့်ကြမ္မာဆိုးဝင်တာပါပဲ။ နောက်ထပ် ရွှေအသစ်ပါရမီရှင် တွေအတွက် ဆရာ့ ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပေးပါလို့ တောင်းပန်ပါရစေ။ ရွှေအသစ်ကြောင့် တကယ့် ဒေါင်ဒေါင် မြည်ဝတ္ထုတို ဆရာအသစ်တွေ မွေးထုတ်နိုင်ခဲ့တာ ဆရာ့ အောင်မြင်မှုပါ။ တစ်ယောက်၊ နှစ်ယောက်ကြောင့် ရွှေအသစ် တွေကို ဆရာ စိတ်မပျက်ပါနဲ့ ဆရာ။ သော်ဇင်(လှိုင်ကော်)ကို တစ်လတည်း သုံးပုဒ်စလုံး အရွေးခံရလို့ ချီးမွမ်းမလို့ ကြံရွယ် တုန်း အွန်လိုင်းပြိုင်ပွဲမှာ တစ်ပုဒ်က ဆုရပြီးသားပို့တာဆိုတော့ ဆရာ့လိုပဲ ခံစားရပါတယ်။ ခွင့်လွှတ်လိုက်ပါလို့ ပြောဖို့တောင် ခပ်ခက်ခက်ပါပဲ ဆရာရယ်။

ဘာပဲဖြစ်ဖြစ် ဆရာ စိတ်အနှောင့်အယှက် ကင်းကင်းနဲ့ ရွှေကို ဆက်လက်ရှက်လွှင့်နိုင်ပါစေလို့ ဆုတောင်းပေးနေပါ တယ်။ ဆရာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေ။

**ဒီဇင်မိုး(မိုးညှင်း)**

**ဦးမြင့်ကြိုင်**

**အမှတ် ၁၆၊ မြို့မရပ်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။**

**လေးစားရတဲ့ ဆရာ ဦးဝင်းငြိမ်း**

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်ရှည်လျှောက် လာခဲ့သော 'ရွှေအသစ်'ခရီး အဆုံးသတ်ရပ်နားလိုက်ပြီလို့ သိရတာနဲ့ ရင်ထဲတွင် အတိုင်းမသိသော ခံစားမှုတစ်ရပ် ဖြစ်ရပါတယ်။ ၁၄ နှစ်လုံးလုံး အေးအတူ ပူအမျှ သာ

www.burmeseclassic.com

www.burmeseclassic.com



ယွန်းဝတီလွင်မိုး



မိုးဟေကို

အမှိုက်ပုံတွေကိုဖွင့်ဆို အပေးအယူ ဖလှယ်ကြရင်း ရုတ်တရက် ဆုံးပါးသွားတဲ့ သူငယ်ချင်းတစ်ယောက်ကို ဆုံးရှုံးသွားရသလို ပါပဲဗျာ။

'ရွှေအသစ်'ကို ဖြတ်လို့မရတဲ့ သံယောဇဉ် တွယ်ငြိနေပါပြီ။ 'ရွှေအသစ်'အဆုံးသတ် ရပ်နားလိုက်ခြင်းနဲ့ ပတ်သက်ပြီး မွေးထုတ်ထားတဲ့ဖခင်ရင်းတစ်ယောက်ရဲ့ ခံစားချက်ကို ဝင်ပြီး ခံစားနားလည်ပေးရပါတယ်။

'ရွှေအသစ်' ရပ်နားလိုက်သလို ယင်းနဲ့ အဓိက ဆက်နွယ်ပတ်သက်နေတဲ့ 'ရွှေမျိုးဆက်သစ်ကလောင်ဆု'ကြီးလည်း ရပ်နားသွားမှာကိုတော့ အရမ်းစိုးရိမ်မိပြန်တယ်။ လုပ်ငန်းစဉ်တစ်ခုရဲ့ အချိုးအကွေ့၊ အပြောင်းအတန်းနဲ့ ဆင်းရဲချမ်းသာတို့ကို ကိုယ်တိုင်လုပ်ဆောင်သူများ အသိဆုံးဖြစ်တာမို့ ဘယ်အရာကိုမျှ တိုက်တိုက်တွန်းတွန်း မပြောလိုတော့ပါ။ စာပေခြေလမ်းပေါ်မှာ အရှိန်ကောင်းကောင်းနဲ့ ခရီးနှင်နေတဲ့ ရွှေချစ်သူ ရွှေအသစ်တွေအတွက် ရွှေစာပေရွေးချယ်ရေးလမ်းကြောင်း အမှန်ကို ညွှန်ပြပေးစေလိုပါတယ် ဆရာ ခင်ဗျား။

မင်းရေချမ်း(ကညင်မြေ)

လေးစားရပါသော ဆရာ

မင်္ဂလာပါလို့ ပြောရမှာတောင် အားမရှိတော့ပါဘူး ဆရာရယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၄ စက်တင်ဘာလ ရွှေအမြုတေ မဂ္ဂဇင်းကိုဖတ်ပြီးတော့ပါ…။


လစဉ်လတိုင်း 'ရွှေ'ကို အားပေးနေတဲ့ ပရိသတ်တစ်ယောက်၊ 'ရွှေအသစ်'ကဏ္ဍကနေ 'ရွှေ'တစ်ယောက်ဖြစ်အောင် ကြိုးစားနေသူတစ်ယောက်ပါ ဆရာ။ ၂၀၁၃ ဩဂုတ်လမှာ တစ်ကြိမ်၊ ၂၀၁၄ ဩဂုတ်လမှာ တစ်ကြိမ် နှစ်ကြိမ်ဆန်ခါတင်စာရင်း ဝင်ဖူးတဲ့ 'ယောနေခြည်'ပါဆရာ။ 'ရွှေအသစ်'ကနေ 'ရွှေ'ဖြစ်ချင်တဲ့ဆန္ဒဟာ သမီးရဲ့ ရည်မှန်းချက်ပန်းတိုင် အကြီးကြီး တစ်ခုပါရှင်။ ရွှေအမြုတေမဂ္ဂဇင်းရှိနေသမျှ သမီးမှာ ကြိုးစားခွင့်ရှိတယ်ဆိုတဲ့ အသိနဲ့ အားတင်းနေသူပါ။ ဆရာနဲ့ ဆရာမ မသီတာတို့ရဲ့ Commet လေးတွေကို သေချာလိုက်နာပြီး ကြိုးစားနေပါတယ်။ ဒါပေမဲ့ ၂၀၁၄ စက်တင်ဘာလမှာ ရွှေအသစ်ကဏ္ဍ ပါမလာလို့ ရင်ထဲမှာ လစ်လစ်ဟာဟာနဲ့ပဲ တကယ်ကို ခံစားရပါတယ်။ အစော်ကားခံရတာများလို့ ဆရာတို့လည်း အသွေးနဲ့ အသားနဲ့ တည်ဆောက်ထားတဲ့ ပုထုဇဉ်တွေမို့ ဒီလိုပဲ ဆုံးဖြတ်လိုက်ရပါတယ်…တဲ့။ ဒီလို ဆုံးဖြတ်ရတာဟာ ကိုယ့်သားသမီးအရင်းကို ကိုယ်တိုင်သတ်ရသလိုပဲ စိတ်ထဲမှာ ခံစားရပါတယ်…တဲ့။ ဟုတ်မှာပါ ဆရာ။ ဆရာတို့ရဲ့ အလုပ်နဲ့ပတ်သက်ပြီး သမီး စာနာပေးလို့ ရပါတယ်။ အသန့်စင်ဆုံးထားတဲ့ စေတနာတွေကို အစော်ကားခံရတာများတော့လည်း ဒီလိုပဲ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com


Bunny Phyoe


ရဲရင့်အောင်

မိတာ နေမှာပေါ့လို့လည်း တွေးမိပါတယ်။ ဒါပေမဲ့ သမီး ယောနေခြည်ကတော့ အခုမှ ဆရာတို့ အနုပညာ ဝမ်းဗိုက်ထဲမှာ ကိန်းအောင်းခါစ လသားအရွယ် သန္ဓေသားလေးပဲ ရှိပါသေးတယ် ဆရာ။ အဲဒီသန္ဓေသားလေးအတွက် မိခင် ဝမ်းဗိုက်ကြီးက လက်မခံဘဲ ငြင်းပယ်လိုက်သလိုပဲ ခံစားရပါတယ်။ ဒါက သမီးတို့လို ကလောင်သွေးခါစ သန္ဓေသားလေးတွေရဲ့ ကံကြမ္မာပဲလို့ သဘောထားရုံပဲ ရှိပါတော့တယ် ဆရာရယ်။ မိခင် ဝမ်းဗိုက်အတွင်းမှာပဲ ရှင်သန်ချင်ပေမဲ့လည်း မိခင်ကြီးက ပင်ပန်းနေပြီလို့ပဲ သဘောထားပါတယ်။ "ရသ" စာပေ ထွန်းကားဖို့ ကြီးမားတဲ့စေတနာတွေနဲ့ တစ်တပ်တစ်အား ဆောင်ရွက်ပေးခဲ့တဲ့ ဆရာတို့ရဲ့စေတနာတွေကိုလည်း အမြဲအလေးပြုပါတယ် ဆရာ။

ဆရာ အသက်ရှည် ကျန်းမာပါစေကြောင်း မေတ္တာပြု ဆုတောင်းပေးပါတယ်ရှင်။

"ရွှေအသစ်ကဏ္ဍ" မပါတော့တဲ့ ရွှေအမြုတေမဂ္ဂဇင်းကိုလည်း ဆက်လက်အားပေးနေဦးမှာပါ။

ရွှေအမြုတေမဂ္ဂဇင်းကြီး ဆက်လက် အစွန့်ရှည်ပါစေ။

**ဆရာ့ကို အစဉ် မြတ်နိုးရိုသေလျက်**
**ယောနေခြည်**

**လေးလေးဦးဝင်းငြိမ်းရှင့်**


လေးလေးဆီ စာတစ်ခါမှ မရေးဖူးတာမို့ အမှားပါရင် ခွင့်လွှတ်ပါလို့ ကြိုတင် တောင်းပန်ပါရစေ။ သမီးက မလေးငယ်ပါ။ လေးလေးတို့ ရွှေအသစ်မှာ နှစ်ခါတိတိ ဖော်ပြခံခဲ့ရပြီးပါပြီ။ စာတွေ စ ဖတ်တဲ့အချိန်ကတည်းက လေးလေးတို့ ရွှေအမြုတေက ရွှေအသစ်ကို စတင် သတိထားခဲ့မိပြီး ရွှေအသစ်မှာ ပါဝင်ချင်တဲ့ဆန္ဒ အရမ်းပြင်းပြခဲ့တာပါ။ ဒါကြောင့်မို့လည်း ကိုယ်ရေးထားတဲ့စာမူတွေ အဆင်ချောပြီလို့ စိတ်ကထင်လာတဲ့အချိန်မှာ စတင် ပို့ခဲ့တာက ရွှေကိုပါပဲ။ ဘယ်မဂ္ဂဇင်းတိုက်ကိုမှလည်း မပို့ခဲ့ဖူးပါဘူး။

အလုပ်များလွန်းတဲ့ လေးလေးလည်း အချိန်မရမှာမို့ ပြောချင်တာကို အတိုချုံးပြောရရင်တော့ ရွှေအသစ်ကိုသာ လှမ်းခဲ့ဖူးပြီး ရွှေအသစ်စည်းကမ်းကိုသာ သိတဲ့သမီးအတွက် ရွှေဝတ္ထုကို ပို့မယ်ဆိုတော့ တော်တော့်ကို စဉ်းစားခဲ့ရတာပါ။ စာမျက်နှာဘယ်နှမျက်နှာ ခွင့်ပြုပါ့မလဲဆိုတာကိုလည်း တွေးပြီး စိတ်ပူခဲ့ရပါတယ်။ အခုရေးတဲ့ စာနဲ့ တွဲပါခဲ့တဲ့ **နှစ်ကူး... အမူး** စာမူက စာမျက်နှာများ များနေမလားဆိုပြီး စိတ်ထင့်ခဲ့ရပါတယ်။ ဒါပေမဲ့ ၂၀၁၄ ဩဂုတ်လမှာပါတဲ့ ဆရာ လှမြင့်အောင် (တောင်ကုတ်)ရဲ့ **ရွှေပန်းခင်းကို ဖြတ်သန်းခြင်း** ကို ထပ်ကာ ထပ်ကာ ဖတ်ပြီးတဲ့အချိန်မှာတော့ ဒီစာမူကို ပို့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မှားတာရှိရင်လည်း လေးလေး ညွှန်ကြားပေးပါ



www.burmeseclassic.com

www.burmeseclassic.com







ပေးပါရှင်။ ရွှေ ဒီထက်မက တိုးတက်အောင်မြင်ပြီး လေးလေး ကျန်းမာရေး ကောင်းပါစေလို့ ဆုတောင်းလျက်-

မလေးငယ်

*ရွှေအသစ်နဲ့ ပတ်သက်ပြီး တောင်းဆိုလာကြတဲ့ စာတွေ ကျွန်တော့်ဆီကို စာတိုက်ကတစ်ဆင့်ရော၊ အီးမေးလ်ကတစ်ဆင့်ပါ နေ့စဉ်နဲ့အမျှ ရောက်ရှိနေပါတယ်။ ပြီးခဲ့တဲ့လက ကျွန်တော် ပြောခဲ့ဖူးပါတယ်။ ဘန်ကောက်မှာ ဆေးကုသွားရင်း ခေါင်းအေးအေးနဲ့ စဉ်းစားပါမယ်လို့။ အဖြေကို ဒီလ ဖော်ပြပေးထားပါပြီ။ အားလုံးရဲ့ဆန္ဒကို ကျွန်တော် ဖြည့်ဆည်းလိုက်ပါတယ်။*

❑

ဆရာ ခင်ဗျား

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၊ ၁၉၈၄ ခုနှစ်ဟာ မြန်မာ မဂ္ဂဇင်းလောကမှာ ထူးခြားတဲ့နှစ်လို့ ထင်ပါတယ်။ အဲဒီ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လမှာ မဟေသီ၊ စက်တင်ဘာလမှာ စံပယ်ဦးမဂ္ဂဇင်းနဲ့ အောက်တိုဘာလမှာ အတွေးအမြင်စာစောင်တို့ စတင် ထွက်ခဲ့တယ်။ တခြား မဂ္ဂဇင်း၊ စာစောင်တွေလည်း ရှိဦးမယ်။ အဲဒီနှစ်ပိုင်းတွေတုန်းက (မှတ်မိသလောက် ရှုမဝ၊ သွေးသောက်၊ ငွေတာရီ၊ မြဝတီ၊ စန္ဒာ၊ မိုးဝေ၊ သဘင်၊ မြတ်လေး၊ ချယ်ရီ၊ စစ်ပြန်၊ သပြေ၊ စံပယ်ဖြူ၊ လုံမလေး စတဲ့) မဂ္ဂဇင်းတွေ အများကြီးနဲ့ မြန်မာစာပေနယ် ဖွံ့ဖြိုးစည်ပင်တဲ့ကာလလို့ ဆိုနိုင်လိမ့်မယ် ထင်ပါတယ်။ ဆရာတို့ ပေဖူးလွှာက အဲဒီအချိန်မှာ လျှမ်းလျှမ်းတောက် ဖြစ်နေမှာပေါ့။ ကွယ်လွန်သွားပြီဖြစ်တဲ့ မဟေသီမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာခင်မောင်မြင့်က အဲဒီတုန်းက ပေဖူးလွှာမှာလို့ ဖတ်ဖူးပါတယ်။ အဲဒီ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ဆရာတို့ စာနယ်ဇင်းသမား ဘဝ အတွေ့အကြုံနဲ့ စာပေလောကအခြေအနေကို အမှတ်ရချက် ဆောင်းပါး တစ်ပုဒ်လောက် ရေးနိုင်ရင် စာဖတ်ပရိသတ် အတွက်သာမက အဲဒီခေတ်ကို ဖြတ်သန်းခဲ့ကြတဲ့ စာပေလောကသားတွေအတွက်ပါ အမှတ်တရဖြစ်မယ် ထင်ပါတယ်။

ဆရာကျန်းမာပါစေ။

လေးစားစွာဖြင့်

ထွန်းသိန်းဦး

*ဆရာ ထွန်းသိန်းဦးခင်ဗျာ…အဲဒီခေတ်ကို ပြန်တွေးရင် လွမ်းလောက်စရာပါ။ တကယ့်ကို ပျော်စရာအချိန်တွေ ဖြစ်ခဲ့ပါတယ်။ စာပေလောကကြီးလည်း စည်ကားပြီး စာဖတ်သူတွေလည်း အလျှံပယ်ပါ။ ဒါတွေကို ကျွန်တော် ရေးချင်ပေမဲ့ ကျွန်တော့်အတွက် အချိန်က မလောက်ပါ။ ရေးနိုင်သူများ ရေးကြမယ်ဆိုရင် ရွှေအမြုတေက ကြိုဆိုပါတယ်။* ■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှာ စတင်ထုတ်ဝေခဲ့တဲ့ ရွှေအမြုတေမဂ္ဂဇင်းဟာ အခုဆိုရင် ၂၅ နှစ်ပြည့်မြောက်လာပြီဖြစ်ပါတယ်။ ၂၅ နှစ် ပြည့်မြောက်လာတဲ့ ရွှေအမြုတေရဲ့ နိုဝင်ဘာလထုတ်မဂ္ဂဇင်းကို အမှတ်တရအဖြစ် ထုတ်ဝေသွားဖို့ စီစဉ်တဲ့အခါ ဆရာဦးဝင်းငြိမ်းက မျက်နှာဖုံးရှင်အဖြစ် အားလုံးက ချစ်နေကြတဲ့ ဆယ်ကျော်သက်မင်းသမီးလေး ရွှေမှုံရတီကို ရွေးချယ်ပေးလိုက်တဲ့အတွက် အောက်တိုဘာလ ၁ ရက်နေ့ ညနေပိုင်းက ကိုလင်း (Studio-K)ရဲ့ ဓာတ်ပုံစတူဒီယိုမှာ ရွှေအမြုတေ မျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ဖြစ်ခဲ့ပါတယ်။ ရွှေမှုံရတီနဲ့ မျက်နှာဖုံး ဓာတ်ပုံရိုက်နိုင်ဖို့ ဒါရိုက်တာ ဝင်းထွန်းထွန်းက မြင့်မြတ်၊ ရွှေမှုံရတီတို့နဲ့ ရိုက်ကူးနေတဲ့ **နင်ရယ် ငါရယ် လူကြမ်းတွေရယ်** ဗီဒီယိုရိုက်ရက်ထဲက အချိန်ပေး ကူညီခဲ့တဲ့အတွက် ကိုဝင်းထွန်းထွန်းကိုလည်း





www.burmeseclassic.com

www.burmeseclassic.com



# အနုပညာကမှန်သမျှကို မြတ်နိုးတဲ့ ရွှေမှုံရတီ

ယင်းနိုင်ဦး

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကား ဆိုချင်ပါတယ်။ ရွှေမှုံရတီက ဆယ်ကျော်သက်လေးတစ်ဦးပီပီ စတူဒီယိုကို ရောက်ရှိလာတာနဲ့ အဆင်သင့်ရိုက်လို့ရအောင် သွက်သွက်လေး ပြင်ဆင်ပြီး ရိုက်ကူးတော့လည်း အိုက်တင်တွေကို ကင်မရာမန်းကတောင် သိပ်ပြောစရာမလိုဘဲ တစ်မျိုးပြီးတစ်မျိုး အလှဆုံးဖြစ်အောင် သရုပ်ဆောင်ပြီး ရိုက်ကူးပေးခဲ့ပါတယ်။ ဝတ်စုံနှစ်စုံနဲ့ ရိုက်ကူးလို့အပြီးမှာ Cover Story အတွက် မေးခွန်းလေးတွေမေးဖြစ်ခဲ့ပါတယ်။

**ရွှေမှုံရတီက အနုပညာလောကကို ဘယ်လိုပုံစံနဲ့ ရောက်ဖြစ်ခဲ့တာလဲ။ ကိုယ်ကိုယ်တိုင်က စိတ်ပါဝင်စားလို့လား၊ အနုပညာမျိုးခင်းက ရွေးချယ်ခဲ့လို့လား။**


ရွှေမှုံက အနုပညာနဲ့ ပတ်သက်ရင် ငယ်ငယ်လေးကတည်းကဝါသနာပါခဲ့တယ်လို့ ပြောလို့ရပါတယ်။ အနုပညာနဲ့ပတ်သက်ရင် အကုန်နှစ်သက်တယ်။ ပန်းချီဆိုရင်လည်း အနုပညာဘက်မှာပါတယ်လေ။ ဓာတ်ပုံရိုက်





www.burmeseclassic.com

www.burmeseclassic.com



တာတို့၊ ပုံဆွဲတာတို့ အရမ်းဝါသနာပါတယ်။ စာဖတ်တာတော့ သိပ်ဝါသနာ မပါဘူး။ အနုပညာနဲ့ပတ်သက်တဲ့အရာအားလုံးကို မြတ်နိုးတာ။ မြတ်နိုးလို့လည်း ဒီလောကထဲကို ဝင်ဖြစ်ခဲ့တာပါ။ အဲဒီမှာ အနုပညာပျိုးခင်းကလည်း စင်တင်ပေးလိုက်တော့အခုလိုဖြစ်လာတာပါပဲ။

**အနုပညာနာမည်ကို ပေးဖြစ်တဲ့အခါ ရွှေမှုံရတီလို့ ဘာဖြစ်လို့ပေးဖြစ်ခဲ့တာလဲ။ ဘယ်သူက ပေးခဲ့တယ်လို့ ပြောလို့ရမလဲ။**

ဘာဖြစ်လို့ပေးဖြစ်တာလဲဆိုတော့ Reason က ဘယ်သူမှပေးခဲ့တာ မဟုတ်ဘူး။ ကိုယ့်ဘာသာ ကိုယ်ပဲပေးခဲ့တာ။ ဘယ်သူမှပေးတဲ့ နာမည်ကို လက်မခံခဲ့ဘူး။ ရွှေမှုံရတီဆိုတာက ရွှေမှုံ ကြိုက်တဲ့အရာတွေကို တင်စားပြီးတော့ ပြောတာပါပဲ။ ရွှေဆိုတာကတန်ဖိုးရှိတဲ့အရာ။ ပြီးတော့ ရွှေထည်တွေ ဘာတွေကို သဘောကျတယ်။ သူလည်း ရတနာပဲလေ။ မှုံဆိုတာကတော့ ပန်းလေးတွေမှာပါတဲ့ ဝတ်မှုံ (မှုန်)က အနံ့ထွက်တယ်။ အဲဒီအမှုံလေးကို သဘောကျတာ။ Crazy ဖြစ်တယ်လို့ပဲ ပြောရ မှာပေါ့။ အဲဒီလို တစ်ခုချင်းစီကို ရွေးထားတာ။ ရတီဆိုတာက တော်ဝင်တွေမှာဆိုရင် သူတို့ရဲ့နောက်မှာ တန်ဖိုးရှိတဲ့ အရာတွေကို ရတီဆိုပြီး မှည့်တတ်ကြတယ်။ နန်းတွင်းမှာ ပိုပြီး မှည့်တတ်ကြတာပေါ့။ အရှုးလို့ပဲပြောရမလား မသိဘူး။ အဲဒီလို လျှောက်စဉ်းစားပြီး မှည့်ခဲ့တာ။

**ရွှေမှုံရတီက အနုပညာလောကကို စ,ရောက်လာတဲ့ အချိန်မှာ အသက်ဘယ်လောက်ရှိပြီလဲ။**

အနုပညာလောကကို စ,ဝင်တော့ ၁၃ နှစ်ခွဲ၊ ၁၄ နှစ် ပြည့်ခါနီးပေါ့။ ၁၃ နှစ်လောက်က ၈ တန်းပြီးသွားတော့ မော်ဒယ်လ်သင်တန်း ၃ လလောက် တက်လိုက်တဲ့အခါကျတော့ အနုပညာပျိုးခင်းက ရွေးတယ်။ ၁၄ နှစ်လောက်က စ,ရိုက်လိုက်တာ အခု ၁၆ နှစ်ပါ။

**ရွှေမှုံရတီက ဗီဒီယိုကားတွေတော့ အများကြီး ရိုက်ပြီးပြီလို့ သိရတယ်။ ရုပ်ရှင်အနေနဲ့ရော ဘယ်နှကားလောက် ရိုက်ပြီးပြီလဲ။**

ရုပ်ရှင်အနေနဲ့ ရိုက်ထားတာ ၉ ကား ရှိသွားပါပြီ။ နောက်ထပ် လက်ခံထားတာ ၃ ကား ရှိပါသေးတယ်။ နောက် ၃ ကားကို ဒီနှစ်ထဲမှာပဲ ရိုက်သွားမှာပါ။


**ရွှေမှုံရတီရဲ့ အနုပညာရူးသွပ်မှုကြောင့်ပဲလား။ ရွှေမှုံရတီပြောတဲ့ အနုပညာကို မြတ်နိုးလို့ပဲလား။ အနုပညာပျိုးခင်းကပဲစင်တင်ပေးခဲ့တာကြောင့်လား အချိန်တိုအတွင်းမှာ အောင်မြင်ခဲ့တာ ဘာကြောင့်လို့ ပြောလို့ရမလဲ။**

ရွှေမှုံ ကိုယ်တိုင်ကလည်း စိတ်ပါဝင်စားမှုရှိသလို သမီးဆရာတွေကလည်း သမီးကို ပံ့ပိုးကူညီခဲ့တယ်။ ရုပ်ရှင်လောကကို စ, ဝင်တဲ့အချိန်မှာ အနုပညာမောင်နှမတွေ၊ အနုပညာပျိုးခင်းက



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော်လည်း ညီအစ်ကိုမောင်နှမတွေ အားလုံးက ပံ့ပိုးပေးခဲ့လို့ပါ။ သူတို့ရဲ့ ကူညီပေးမှုတွေကြောင့်ရော၊ ကိုယ့်ရဲ့ စိတ်ပြင်းပြမှုကြောင့်ရော အားလုံးကြောင့်ပါပဲ။

**ပထမဦးဆုံး စ,ရိုက်ဖြစ်တဲ့ကားက ဘယ်ကားလဲ။**

ပထမဦးဆုံးရိုက်ဖြစ်တာက ကိုခန့်နဲ့ **ဝိညာဉ်ခေါ်သံ** ဆိုတဲ့ဇာတ်ကားပါ။ ဦးမျိုးမင်း ရိုက်တာပါ။ နောက်ပိုင်းတော့ ကားနာမည်ပြန်ပြောင်းလိုက်တယ်။ အဲဒါပြီးတော့ **သခင့်ကျေးကျွန်** ရိုက်တယ်။ သုံးကားမြောက်က ကိုနေတိုးနဲ့၊ လေးကားမြောက်က ကိုပြေတီနဲ့၊ ငါးကားမြောက်က ကိုမြင့်မြတ်နဲ့။ အစဉ်လိုက် ရိုက်ဖြစ်ခဲ့တယ်။

**ရှေ့ပိုင်းမှာရိုက်ဖြစ်ခဲ့တဲ့ မျက်လုံးလေးကလည်ကလည်၊ ပြီးတော့ ချစ်တယ် ဇာတ်ကားတွေက ရွှေမှုံရတီကို ဘယ်လိုပြောင်းလဲစေခဲ့တာလဲ။**

ပထမဦးဆုံးကတော့ **သခင့်ကျေးကျွန်** ပေါ့နော်။ အဲဒီကားနဲ့ ရွှေမှုံရတီကို စ,ခဲ့တယ်။ ပြီးတော့ **မျက်လုံးလေးကလည်ကလည်၊** ပြီးသွားတဲ့အခါကျတော့ တောက်လျှောက် ကားလေးတွေ ထွက်လာတဲ့အခါကျတော့ ပရိသတ်က လက်ခံအားပေးလာတဲ့အတွက် ကိုယ်ကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားလာပါတယ်။ အဲဒီလို ကြိုးစားချင်စိတ်ဖြစ်အောင် လုပ်ပေးလိုက်သလိုမျိုးပေါ့။

**ရွှေမှုံရတီက အချိန်တိုအတွင်းမှာ အောင်မြင်မှုရခဲ့တာ နောက်ထပ် ဘယ်လိုအကြောင်းတွေရှိဦးမလဲ။**

ကိုယ့်ကိုယ်ကိုတော့ အောင်မြင်တယ်လို့ မသတ်မှတ်ပါဘူး။ ရွှေမှုံရဲ့ ကြိုးစားမှုကို သူတို့က အသိအမှတ် ပြုတာပါ။ ပရိသတ် အားပေးမှုနဲ့ ထိုက်တန်တဲ့ ပေးဆပ်မှုကို လုပ်ချင်တဲ့အတွက် အကောင်းဆုံး ကြိုးစားနေတာပါပဲ။ အောင်မြင်တယ်လို့တော့ မယူဆသေးပါဘူး။

**'နှိုဘီလူး' ရုပ်ရှင်ဇာတ်ကားကို ဘယ်လိုကြောင့် လက်ခံဖြစ်ခဲ့တာလဲ။ ရိုက်ပြီးတဲ့အခါမှာရော ဘယ်လို ခံစားလိုက်ရလဲ။**

**နှိုဘီလူး**ကတော့ ဒရာမာကားပါ။ အန်ကယ်လ်လေး (လူမင်း)က သမီး ဒါရိုက်သင့်တယ်လို့ပြောလို့ ရိုက်ဖြစ်ခဲ့တာပါ။ သမီး ဆရာတွေ ပြောစကားကို အမြဲတမ်း နား ထောင်တယ်။ အဲဒီတော့ ရိုက်သင့်တယ်ထင်လို့ ပေးတဲ့ကာရိုက်တာကို အကောင်းဆုံး တာဝန်ထမ်းဆောင်ခဲ့တာပါ။ ရိုက်ပြီးသွားတော့လည်း တော်တော်လေးအားရကျေနပ်မိပါတယ်။

**နှိုဘီလူး ရိုက်ပြီး မကြာခင်မှာဘဲ မှော်ကျောက်စာ ဇာတ်ကားကို ဆက်ရိုက်ရတယ်။ မှော်ကျောက်စာ ဇာတ်ကားကိုဘယ်လိုကြောင့် လက်ခံဖြစ်ခဲ့တာလဲ။ ဇာတ်ရုပ် ထူးခြားလို့ပဲလား။**

ပြောရမယ်ဆိုရင်တော့ ဒါရိုက်တာကြောင့်ရော၊ လုပ်ရမယ့်ကာရိုက်တာကြောင့်ရော အားလုံးကြောင့်ပါပဲ။ ဦးဝင်းထွန်းထွန်းကလည်း သမီးနဲ့လိုက်တယ်လို့ဆိုတယ်။ ဇာတ်ကိုလည်း အရမ်း သဘောကျတယ်။ ရွှေမှုံက စုန်းတွေဘာတွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတယ်။ ကိုယ်တိုင်ကြည့်မယ်ဆိုရင်လည်း စုန်းကားတွေ၊ မှော်ကားတွေကို ပိုကြိုက်တယ်။ အဲဒါတွေကြောင့်လည်း လက်ခံလိုက်တာပါ။ လုပ်ရမယ့်ဇာတ်ရုပ်ကလည်း လုပ်နေကျပုံစံ မဟုတ်ဘဲ ထူးခြားတယ်။


**မှော်ကျောက်စာထဲက ကာရိုက်တာတွေ၊ ပြီးတော့ အဲဒီကားအတွက် ဖက်ရှင် ဘယ်လိုလုပ်ခဲ့တာလဲ။**

အဲဒီ ကာရိုက်တာ အကောင်းဆုံးဖြစ်အောင်လို့ ကား စ ,ရိုက်ကတည်းက ကာရိုက်တာကို စိတ်ထဲမှာ စွဲထားတယ်။ ဖက်ရှင်ကိုတော့ ViVid က မသဲနဲ့တိုင်ပင်ပြီး လုပ်ခဲ့ပါတယ်။ မသဲကိုပဲ ဇာတ်ညွှန်းစာရွက်ပြခဲ့တော့ ဘယ်ဆင်း(န)မှာ ဘာဝတ်ဆိုပြီး အားလုံး စီစဉ်ပေးခဲ့တယ်။ အဲဒါကြောင့် ဖက်ရှင်နဲ့ပတ်သက်ပြီး ခေါင်းအေးရပါတယ်။ အိုက်တင်ကို ပဲ ကောင်းကောင်းမွန်မွန် လုပ်နိုင်တယ်ပေါ့။

**အဲဒီကားမှာ လုပ်ခဲ့ရတဲ့ ကာရိုက်တာအကြောင်း ပြန်ပြောပေးပါဦး။**

ရွှေမှုံက စုန်းမဆိုတော့ လုပ်ချင်ရာတွေလုပ်ခွင့်ရတယ်။ တစ်ဆင်း(န)နဲ့ တစ်ဆင်း(န) ချိန်းသွားအောင်လည်း လုပ်ခဲ့တယ်။ ထူးထူးခြားခြားတွေ မြင်ရမှာပါ။ ပေါက်ကရတွေလည်း လုပ်ထားပါတယ်။

**ရုပ်ရှင်ရိုက်ရင် ထူးထူးခြားခြား လုပ်ခွင့်ရမှ ရိုက်တယ်လို့ ပြောလို့ရမလား။**



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုပေးထားတဲ့ ကာရိုက်တာတစ်ခုကိုတော့ အကောင်းဆုံးဖြစ်အောင် လုပ်တယ်။ ရုပ်ရှင်ကားကြီးဆိုတော့ ဇာတ်တွေအားလုံးက ထူးခြားတော့ ထူးခြားကြတာပေါ့။ အဲဒီထူးခြားတဲ့အပေါ်မှာ အကောင်းဆုံးဖြစ်အောင် လိုက်ပြီးတော့ ကြိုးစားရပါတယ်။

**ရုပ်ရှင်ကားကြီးတစ်ကားရိုက်မယ်ဆိုရင် ဘယ်လိုရွေးချယ်စိစစ်ပြီး လက်ခံတာလဲ။**

ကားကြီးဆိုရင် ကြိုတင်ပြင်ဆင်ပြီး ဇာတ်ညွှန်းကို လာပေးထားတဲ့အခါကျတော့ ကိုယ့်အတွက်လည်း အချိန်ရတယ်။ အဲဒီလိုဆိုတော့ ပထမဦးဆုံး ဇာတ်ဖတ်ဖြစ်တယ်။ အရင်ဖတ်တာက အမေပါ။ အမေက လိုက်ဖက်တယ်လို့ပြောရင် ဆက်ဖတ်ကြည့်ပြီး ဘယ်လောက်အထိ လုပ်နိုင်မှာလဲ။ ဘယ်လောက် လုပ်ခွင့်ရမှာလဲ။ အဲဒီလို တိုင်ပင်ပြီး ရိုက်ဖြစ်တာပါ။

**ရွှေမှုံရတီက အမြဲတမ်းတက်ကြွနေတာ၊ ပြီးတော့ ပရိသတ်က ဆွဲဖြစ်တယ်လို့ပြောရအောင် ဘယ်လို ကြိုးစားထားတာလဲ။**

သူတို့ကတော့ ဆွဲဖြစ်တယ်လို့ ပြောရင်ပြောမယ်။ အမှန်တကယ်ကတော့ ရွှေမှုံက မျက်နှာပြောင်တာပါ။ ရွှေမှုံက အမြဲတမ်း ပြောင်စပ်စပ်နေတဲ့အတွက် ပရိသတ်က ချစ်သွားပြီး ဆွဲဖြစ်တယ်လို့ မြင်တာပါ။ အထူးတလည် ကြိုးစားထားတာတော့ မဟုတ်ဘူး။ အမှန်တကယ်တော့ ရွှေမှုံက ပြောင်ပါ။

**ရွှေမှုံရတီတို့ မင်းသမီးဖြစ်တဲ့အချိန်မှာ ဖက်ရှင်ခေတ်ဖြစ်တဲ့အတွက် ကားတစ်ကားရိုက်တော့မယ်၊ ပိုစတာတွေ၊ မျက်နှာဖုံးတွေ ရိုက်တော့မယ်ဆိုရင် ဖက်ရှင်ပိုင်းကို ဘယ်လိုပြင်ဆင်ထားလဲ။**

ဟုတ်ပါတယ်။ ဖက်ရှင်နဲ့ ပတ်သက်လို့ ဆံပင်ပညာရှင်၊ မိတ်ကပ်ပညာရှင်၊ လက်သည်းပညာရှင် ခေါ်ထားတယ်။ နောက်ပိုင်းကျတော့ ကိုယ့်ထက်ပိုပြီးတော့ အပြင်ကလူတွေက အရမ်းမိုက်ကြတယ်။ ကိုယ်တွေထက်တောင်မှ သူတို့က အဝတ်အစားတွေ၊ ဖက်ရှင်တွေကို ပိုပြီး ဦးစားပေးတဲ့အတွက် သူတို့တွေထက် ကွဲပြားအောင်တော့ ကိုယ်တွေက လုပ်ပြရမယ်။ ရိုင်းတဲ့ဘက်ကိုတော့ မဟုတ်ဘူးပေါ့။ ရွှေမှုံက အမြဲတမ်း ဝတ်လိုက်ရင် တိုနံ့နံ့ဘက်ကို ဝတ်ဖြစ်တာများတော့ အခုနောက်ပိုင်းမှာ အရှည်တွေ ပြန်ဝတ်လာပါတယ်။ ပရိသတ်အမြင် မဆိုးအောင်ပါ။ အပြင်မှာလည်း အဲဒီလိုဝတ်ကြတာဆိုတော့ ကိုယ်တွေကလည်း သူတို့မျက်လုံးနဲ့ အဆင်ပြေမယ်ဆိုတဲ့ဟာလေးတွေကို ကြိုးစားပြီးတော့ ရွှေမှုံက အဓိကအနေနဲ့ ဆံပင် အမြဲတမ်းပြောင်းတယ်။ အဲဒါကြောင့် ဆံပင်က တိုတိုပဲ ကျန်တော့တယ်။ ခေါင်းမွေး တွေဆိုတာလည်း ကြေမွ စုတ်ပြတ်နေတာပါပဲ။ ခဏခဏ အရောင်ဆိုးတယ်၊ ခဏခဏ ဆံပင်ညှပ်တယ်။ အမြဲတမ်း ပြုပြင်ပြောင်းလဲနေမှလေ။ ဒီခေတ်က အရမ်းမြန်တယ်။ သုံးလ တစ်ခါလောက်ဆို အင်္ကျီဖက်ရှင်ဒီဇိုင်းက နောက်တစ်မျိုးပြောင်းသွားတယ်။ အဲဒီအပေါ်မှာ ကိုယ်တွေကလည်း ပြေးလိုက်ရတာပေါ့။ ရွှေမှုံက လူငယ်ဆိုတော့ မီတယ်။ မားသားကြီးကျတော့ မမီတော့ဘူး။ အဲဒါမျိုးလေးတွေပေါ့။ အဲဒါကြောင့်လည်း မားသားကြီးနဲ့ ခဏခဏ သူနဲ့ကိုယ်နဲ့ကြားမှာ သဘောထားလေး ညှိရတယ်။

**ရှေ့ပိုင်း ကားတော်တော်များများမှာ အတိုတွေဝတ်ဖြစ်ခဲ့တာ ဘာကြောင့်လို့ပြောချင်လဲ။**

အဓိကကကတော့ ကာရိုက်တာကြောင့်ပါပဲ။ ကာရိုက်တာကြောင့် မဟုတ်ရင် ဘယ်တော့မှ ဆန့်ကျင်ပြီး မဝတ်ပါဘူး။ ကာရိုက်တာဝင်ဖို့ပဲ ဝတ်ခဲ့တာပါ။

**နောက်ဆုံးအနေနဲ့**
**ရွှေမှုံရတီ**
**ရိုက်ခဲ့တာတွေက**
**အားလုံးကို**
**ကြိုက်ခဲ့လို့ပဲလား။**
**စိတ်ကြိုက်**
**ရိုက်ခွင့်ရမယ်ဆိုရင်**
**ဘယ်လိုကာရိုက်တာမျိုး**
**ရိုက်ချင်လဲ။**

ရွှေမှုံစိတ်တိုင်းကျဆိုရင်
ကာရိုက်တာကိုပေါင်းစုံ၊
ကျရာဇာတ်ရုပ် အားလုံး
လုပ်ချင်တယ်။
ဘာဖြစ်လို့လဲဆိုတော့
အသစ်တစ်ယောက်
ဖြစ်တဲ့အတွက်
ကာရိုက်တာ





www.burmeseclassic.com

www.burmeseclassic.com



အားလုံး
စုံချင်တယ်။
ဘယ်ကာရိုက်တာ
မဆိုမငြင်းဘူး။
လုပ်လို့ရတာ
မှန်သမျှ
အကုန်လုပ်မှာပဲ။
အဲဒီတော့
အကုန်လုံးကို
ကြိုက်တယ်လို့
ပြောလို့ရတာပေါ့။

**ရွှေမှုံရတီရဲ့ အခုအသက်နဲ့ မွေးနေ့ခုနှစ်ကို ပရိသတ် အတွက် ပြောပြပါလား။**

အခု ၁၆ နှစ်ပါ။
၁၉၉၈၊ ၅ လပိုင်း
၁၆ ရက်နေ့ပါ။


**အားပေးတဲ့ ပရိသတ်၊ အနုပညာချစ်သူများကို ရွှေအမြုတေကနေတစ်ဆင့် ဘာပြောချင်လဲ။**

ပရိသတ်ကြီး ရွှေမှုံကို
အခုလိုမျိုး အားပေးကြတဲ့အတွက်
ကျေးဇူးအများကြီးတင်ပါတယ်။
အမှားတွေလည်းရှိချင်လည်း ရှိနေမှာ။
အဲဒီအမှားတွေကို ခွင့်လွှတ်ပေးပြီး
ကြည့်ပေးနေတဲ့အတွက်
ကျေးဇူးအများကြီးတင်ပါတယ်။
လိုအပ်တာတွေကို ဖြည့်ပြီး
ကြည့်ပေးတဲ့အတွက် ကျေးဇူးအများကြီး
တင်ပါတယ်လို့ ပြောချင်ပါတယ်။
ရွှေအမြုတေ မဂ္ဂဇင်းအတွက်
မိတ်ကပ်နဲ့ ဆံပင်တွေကို
တီတီစမ်းက ပြင်ဆင်ပေးခဲ့ပြီး
ဝတ်စုံတွေကိုတော့ ရွှေမှုံရတီ
ကိုယ်
တိုင်
ကပဲ
Own Tune
ရွှေမှုံရတီ
လျှောက်ဝတ်ခဲ့တာ
ဖြစ်တယ်လို့ပဲ ရွှေမှုံရတီ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**

www.burmeseclassic.com

www.burmeseclassic.com



# အကယ်ဒမီ ပေးမယ်ဆိုရင် ဒေါ်ပြာဆန့်ဆန့်နဲ့ ယူမှာပါပဲ

**လင်းနိုင်ဦး**

၂၀၁၃ ခုနှစ်အတွက် ချီးမြှင့်ပေးမယ့် အကယ်ဒမီ ထူးချွန်ဆုအတွက် မျှော်လင့်နိုင်တဲ့ အနုပညာရှင်တွေထဲမှာ နောက်ဆုံးဆန်ခါတင် ခြောက်ကားကို ရောက်ရှိသွားတဲ့ **ကြယ်စင်မော်ကွန်း** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ လူမင်းလည်း ပါဝင်ပါတယ်။ ဒါကြောင့် လူမင်းရဲ့ အကယ်ဒမီ ရင်ခုန်မျှော်လင့်သံကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ကိုလူမင်းက ကြယ်စင်မော်ကွန်း ဇာတ်ကားနဲ့ အကယ်ဒမီ မျှော်လင့်ထားလား။**

ကျွန်တော် အမှန်အတိုင်း ပြောမယ်ဆိုရင် နှစ်တိုင်း လိုချင်သလားလို့ မေးရင် လိုချင်တယ်လို့ စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖြေတယ်။ ဆန်ခါတင်စာရင်းထဲ ဝင်တာလည်း နှစ်နှစ် ရှိပါပြီ။ နှစ်နှစ်လုံးလည်း လွဲတယ်။ ဒီနှစ်လည်း ထုံးစံအတိုင်း ဆန်ခါတင် စာရင်းထဲတော့ ဝင်ပြန်ပြီ။ ကျွန်တော့်တစ်ယောက်တည်း အနေနဲ့ပြောမယ်ဆိုရင် **ကြယ်စင်မော်ကွန်း** ဆိုတဲ့ ဇာတ်ကားကြီးက ကျွန်တော် နှစ်နဲ့ ချီပြီးတော့လည်း အချိန်တွေပေးခဲ့ရတယ်။ ဆံပင်ကို ခေါင်းတုံး သုံးလေးကြိမ် ပြန်တုံးပြီး ရိုက်ခဲ့ရတယ်။ ဘဝတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com

...များကြီးပဲ။ လုပ်ကွက်တွေ ...လည်း အများကြီး လုပ်ထား ...တယ်။ အဲဒါကြောင့် ကျွန်တော် မျှော်လင့်ပါ ...တယ်။

**တကယ်လို့ ကိုလူမင်း ...မှာ အကယ်ဒမီ ရသွားရင် အစည်းအရုံးကပေးတဲ့ အကယ်ဒမီမှာ ဥက္ကဋ္ဌက ယူ သွားတာမျိုး မဖြစ်နိုင်ဘူး လား။**

ဒီလို ပြောကြမှာက ...တော့ သေချာပါတယ်။ အကယ်၍(ရခဲ့ရင်)ပေါ့။ ကျွန်တော်သာ ရခဲ့မယ်ဆိုရင် ရုပ်ရှင်အစည်းအရုံးက ပထမ ဦးဆုံး ဦးစီးပြီး အကယ်ဒမီ ကျင်းပတဲ့ပွဲမှာ ကျွန်တော် ရ သွားတယ်ပေါ့။ အဲဒီအတွက် ...ကို ကျွန်တော် လျှောက်လှမ်း ...ခဲ့တဲ့ အနုပညာသက်တမ်း ...တစ်လျှောက် အနုပညာအပေါ် ကျွန်တော် သစ္စာရှိမှုနဲ့ အနု ပညာက ပေးတဲ့ဆုဆိုရင် အဲဒီ ...ကားတွေအတွက် မမှုပါ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်လိပ်ပြာ ကျွန်တော် သန့်လို့ပါ။

**ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကျင်းပတဲ့ အကယ် ဒမီထူးချွန်ဆုရွေးချယ်ပွဲမှာ ကိုလူမင်းက ဘယ်နေရာက နေ ပါဝင်ပါသလဲ။**

ကျွန်တော်က အကယ် ဒမီထူးချွန်ဆု ချီးမြှင့်နိုင်ဖို့ အားလုံးကို စီစဉ်သူပေါ့။ အကယ်ဒမီ ရွေးချယ်ရေး ...တ်အဖွဲ့တွေကိုလည်း ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ စီစဉ်ပေးရတယ်။ အကဲဖြတ် ...အထဲမှာတော့ ကျွန်တော် ...လုံးဝ မပါဘူး။ လိုအပ်တာ ...တွေကို စီစဉ်ပေးရတာပဲ ရှိ တယ်။ ဆုရွေးချယ်တဲ့အပေါ် မှာ ကျွန်တော့်အနေနဲ့ အကြံ ပေးတာ၊ လမ်းညွှန်တာ လုံးဝ မလုပ်ဘူး။ အကဲဖြတ်အဖွဲ့ရဲ့ ရွေးချယ်ပေးလိုက်တဲ့အဖြေ ကိုပဲ ကျွန်တော်က ကြေညာ ပေးသွားရမယ့်သူပဲ။ ဒီပွဲကြီး ကို ခမ်းခမ်းနားနား ပြည့်ပြည့် စုံစုံ ဖြစ်ဖို့ အခုကတည်းက ခေါင်းခြောက်နေပါတယ်။ ရုပ်ရှင်အစည်းအရုံးက ဦးစီး ပြီး ကျင်းပတာဖြစ်ပေမဲ့ ကျွန်တော်က စီစဉ်ပေးတဲ့ အပိုင်းပဲ။ ကျန်တာတွေကို တော့ ပညာရှင်တွေက သူ့ အဆင့်နဲ့သူ သူတို့စိတ်ကြိုက် ဆုံးဖြတ်ပေးကြမှာပဲဖြစ်တယ်။

**ကိုလူမင်းက စီစဉ်ပေးတယ်ပဲ ပြောပေမဲ့ ကိုလူမင်းက ဥက္ကဋ္ဌတစ်ယောက်ဖြစ်နေတော့ လူမင်းတော့ သိမှာပဲလို့ ပြောမလာနိုင်ဘူးလား။**

ကျွန်တော် လုံးဝ မသိပါဘူး။ အဲဒီမှာပါတဲ့ နာယကကြီးတွေကလည်း ဥက္ကဋ္ဌဖြစ်လို့ မျက်နှာသာပေးမယ့်သူ တစ်ယောက်မှ မပါဘူး။ အဲဒီအတွက်ကြောင့် ပေးခဲ့မယ်ဆိုရင်လည်း လိပ်ပြာသန့်သန့်နဲ့ ယူမှာပါပဲလို့ လူမင်းက ပြောပြခဲ့ပါတယ်။


■

**လင်းနိုင်ဦး**

## One Minute Interview

## ကြုံရာခုံရာ တစ်မိနစ်တာ


**အကယ်ဒမီ လူမင်း**





www.burmeseclassic.com

www.burmeseclassic.com



# ယောမင်းကိုပေးမယ်ဆိုရင် ယူရဲကျိုးနေပါတယ်

**လင်းနိုင်ဦး**

၂၀၁၃ ခုနှစ်အတွက် ချီးမြှင့်ပေးမယ့် အကယ်ဒမီ ထူးချွန်ဆုအတွက် နောက်ဆုံး အကဲဖြတ်ပြီးသွားတဲ့ ဆန်ခါတင်ခြောက်ကားထဲမှာ နေတိုးသရုပ်ဆောင်ထားတဲ့ **စေတန်ရဲ့ကချေသည်၊ အဖြူရောင်ရဲတိုက်၊ စုန်းပြူး နဲ့ ကြယ်စင်မော်ကွန်း** ဇာတ်ကား လေးကား ပါဝင်နေတဲ့အတွက် အကယ်ဒမီနဲ့ ပတ်သက်ပြီး နေတိုးရဲ့ ကြိုတင် ရင်ခုန်မှုများကိုမေးကြည့် ဖြစ်ခဲ့ပါတယ်။

**ဆန်ခါတင် ခြောက်ကားထဲမှာ နေတိုးပါဝင်တဲ့ ကားက လေးကားတောင်ပါဝင် နေတဲ့အတွက် ဆုအတွက် ကြိုတင် ရင်ခုန်နေပြီလား။ ဘယ်ကားနဲ့ နေတိုးက ပိုပြီး ရင်ခုန်လဲ။**

ဇာတ်လမ်းတွေနဲ့ ပတ်သက်ပြီးတော့ စာမျက်နှာတွေပေါ်မှာလည်း တော်တော်လေး ပွင့်ပွင့်လင်းလင်း ဖြေကြား ထားကြတာ ကျွန်တော် တွေ့ရတယ်။ အဲဒီလိုတွေ့နေရတော့ ပရိသတ်တွေအနေနဲ့လည်း ရင်ခုန်မှာပဲ။ ကျွန်တော် ကတော့ တဲ့တိုးကြီး တိတိကျကျတော့ ဘယ်နှစ်တုန်းကမှ ပရိသတ်ဆီကို ဒီလိုစောပြီး မရောက်ဖူးတဲ့ သတင်း တစ်ခုလို့ ဒီနှစ်အကယ်ဒမီကို ကျွန်တော် မြင်တယ်။ အရင်တုန်းကတော့ အကယ်ဒမီပေးဖို့ တစ်ပတ်၊



www.burmeseclassic.com

www.burmeseclassic.com



အလိုလောက်မှ လှုပ် ရှားရှားနဲ့ ဘယ်သူရမလဲ ကြတာ။ အခုကျတော့ လေးလလောက် ဝေးသေး လို့ပြောရပေမဲ့ ကျွန်တော် ကိုယ်တိုင်လည်း ကျွန်တော့် ကားတွေထဲက **စေတန** ချေသည်မှာ ဆိုရင် ယောမင်းပေါ့။ **အဖြူရောင်** **ရိုက်** မှာဆိုရင် သံလွင်၊ ပြူးမှာ ဆိုရင်လည်း စုန်း ပြူးပေါ့။ အဲဒီဇာတ်ကောင် သုံးယောက်ရဲ့သဘောသဘာဝ တွေကတော့ တစ်ကားနဲ့တစ် ကား မတူဘူးပေါ့နော်။ သူတို့ ဝတွေကလည်း မတူသလို သူတို့ရဲ့ကာရိုက်တာတွေက လည်း မတူကြဘူး။ ဒီထဲမှာ ပရိသတ်ရင်ထဲကို မသိမသာ သိသိသာသာ ခံစားခဲ့ရတဲ့ ဇာတ်ကောင်ကတော့ ယောမင်း ကို ကျွန်တော်မြင်တယ်။ ယော မင်းဆိုတဲ့ လူတစ်ယောက်က ဒီလိုခံစားရမယ်လို့ မမျှော်လင့် ထားဘဲ ရလိုက်တာရှိတယ်။ ယောမင်းရဲ့ဇာတ်ကောင်က အရမ်းကို ရက်စက်တယ်။ သူ့ ခံစားမှုကိုပဲ သူ ဦးစားပေး တယ်ဆိုတော့ သူ့အတွက်ကို သူ လုပ်တဲ့ လူတစ်ယောက်က ကိုယ့်စိတ်ထဲကို ဘယ်လောက် အထိ ဝင်လာနိုင်မလဲ။ အဲဒီ လိုအမြင်နဲ့ ကျွန်တော် ကြည့်ခဲ့ တယ်။ ဇာတ်ရဲ့အချိုးအကွေ့ တစ်ခုမှာ သူ့ရဲ့မေတ္တာတရား ကို မြင်တွေ့လိုက်ရတဲ့အခါမှာ တော့ ကိုယ်လည်း မနေနိုင် တော့ဘူး။ အဲဒီလို ကျွန်တော် လည်း ခံစားခဲ့ရလို့ ဒီဇာတ် ကောင်ကိုပေးမယ်ဆိုရင် ကျွန် တော့်အနေနဲ့ ယူရကျိုးနပ်တဲ့ ဇာတ်ကောင်လို့ ကျွန်တော်မြင် မိတယ်။ တခြားဇာတ်ကောင် တွေက မကောင်းဘူးလား ဆို တော့ ကောင်းတယ်၊ ဒါပေမဲ့ လေးကားထဲက ရွေးပါဆိုရင် တော့ ကျွန်တော်က ယောမင်း ကို ပိုသဘောကျပါတယ်။

**ဒါဆိုရင် ယောမင်း ကာရိုက်တာနဲ့ အကယ်ဒမီ လို ချင်တယ်ပေါ့။**

ရမယ်ဆိုရင်၊ ပေးခဲ့မယ် ဆိုရင် ပြောတာပါ။ ဘာဖြစ် လို့လဲဆိုတော့ အကြောင်းတွေ တိုက်ဆိုင်ဖို့လည်း လိုတယ်။ ပညာရှင်တွေ ကြိုက်နှစ်သက် ခဲ့မယ်ဆိုရင်တော့ ဝမ်းသာခွင့် ရမှာပေါ့။

**နေတိုးအနေနဲ့ နောက် ကားတွေ ဆက်လက်ရိုက်ကူး ဖို့ဇာတ်ရွေးတဲ့အခါမှာ ကုမ္ပဏီ တွေဘက်က ပြောကြတာက တော့ မင်းသားတွေက ဇာတ် လမ်းကို သိပ်ကြေးများကြ တယ်ပြောတယ်။ အဲဒါ ဘာဖြစ်လို့လဲ။**

ဇာတ်ကားတွေ ထွက် လာပြီဆိုရင် ပိုပြီးတော့ မေး ကြတာက ဇာတ်ဆောင်ဖြစ်တဲ့ မင်းသားနာမည်ပေါ့။ အဲဒီလို မျိုးဖြစ်တဲ့အခါကျတော့ ပရိ သတ်တွေရဲ့ အားပေးမှုက ကျွန်တော်တို့အပေါ်မှာ ရာခိုင်နှုန်း ၈၀၊ ၉၀ လောက်အထိ သက်ရောက် မှုရှိနေတယ်လို့ ပြောလို့ရတယ်။ ဒီကားတစ်ကားရဲ့ အဆိုးအကောင်းဆိုတာ ကျွန်တော်တို့ရဲ့သရုပ်ဆောင်မှုအပေါ်မှာ မူတည်နေတဲ့ အတွက် ကျွန်တော်တို့ရဲ့ သရုပ်ဆောင်မှုအပေါ်မှာပဲ ပရိသတ်က ဆုံးဖြတ်ကြတယ်။ တကယ်တမ်းဆိုရင် ဒါရိုက်တာနဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်း တည်ဆောက်သူတွေကလည်း အဓိကတာဝန် ရှိပါတယ်။ အဲဒီအပေါ်မှာ အဆိုးအကောင်းကို ခွဲဝေကြမယ်ဆိုရင် ပါဝင်မှုအပိုင်း က မင်းသားပေါ်မှာ ပိုပြီးများနေတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ရွေးချယ်မှုအပေါ်မှာပဲ မူတည်တယ်။ ကားတွေ အများကြီးရိုက်ပြီး၊ ဒီလောကထဲမှာ ၁၅ နှစ်လောက် ဖြတ်သန်းလာခဲ့ပြီဆိုတော့ ဇာတ်တစ်ဇာတ်လာပေးပြီဆိုရင် ကိုယ်ရိုက်တဲ့ ကားတိုင်းကို ပရိဂျူဆာတွေက မကြည့်နိုင်ဘူး။ ကိုယ်ရိုက်ခဲ့တဲ့ဇာတ်တွေကို ကိုယ်ကိုယ်တိုင်ပဲ သိတဲ့အခါကျတော့ ဒီဇာတ်ကတော့ ဗီဒီယိုမှာ ရိုက်ထားတဲ့ဇာတ်နဲ့တူနေတယ်။ ဒါမျိုးကို ကျွန်တော်တို့ပြောမှ သူတို့သိမှာ။ အဓိကက ရွေးတယ်ဆိုတာထက် ပရိသတ်ကို မတူအောင် Choice လုပ် ပေးတဲ့သဘောပါလို့ နေတိုးက ပြောပြခဲ့ပါတယ်။

■ **လင်းနိုင်ဦး**

## One Minute Interview
## ကြိုရာဆုံရာ တစ်မိနစ်တာ


အကယ်ဒမီ နေတိုး



www.burmeseclassic.com

www.burmeseclassic.com

# မျှော်လင့်မထားပေမဲ့ ရမယ်ဆိုရင် ယူချင်ပါတယ်

လင်းနိုင်ဦး



ဇာတ်လမ်းကောင်းဖို့နဲ့ သရုပ်ဆောင်တွေရဲ့ရင်ကို ထိမှ ခံစားပြီး သရုပ်ဆောင်လို့ ရတယ်ဆိုတဲ့ သရုပ်ဆောင် ပြေတီဦးက ၂၀၁၃ ခုနှစ်အတွက် ကျင်းပပေးမယ့် အကယ်ဒမီ ထူးချွန်ဆုအတွက် အကဲဖြတ်တဲ့ နောက်ဆုံး ဆန်ခါတင်စာရင်း ခြောက်ကားထဲမှာ ပြေတီဦး သရုပ်ဆောင်ထားတဲ့ ဇာတ်ကားနှစ်ကား ပါဝင်နေတဲ့အတွက် အကယ်ဒမီနဲ့ပတ်သက်ပြီး ပြေတီဦးရဲ့ ရင်ခုန် ခံစားချက်များကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ပြေတီဦးကို ဆန်ခါတင် ခြောက်ကားထဲဝင်တဲ့အထဲက ‘နှင်းဆီရင်’နဲ့ အကယ်ဒမီရလိမ့်မယ်လို့ ခန့်မှန်းနေကြတာကို ဘယ်လိုခံစားရလဲ။ ‘နှင်းဆီရင်’ နဲ့လား၊ ‘အဖြူရောင်ရဲတိုက်’နဲ့ ရချင်တာလား။**

ခန့်မှန်းပေးကြတယ်ဆိုရင် အဲဒါတွေဟာ ကျွန်တော်တို့အတွက် ခွန်အားတွေပါပဲ။ ကမ်းလှမ်းမှုတွေ များပေမဲ့လည်း စိတ်တိုင်းမကျရင် မရိုက်ဘူးဆိုတဲ့ ခွန်အားမျိုးပေါ့။ ကျွန်တော်တို့က စိတ်နှစ်ပြီး လက်ရွေးစင်အဖြစ်နဲ့ ရိုက်ထားတဲ့ ကားတွေပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က တကယ်အား ပေးနေကြတာတွေ ရှိတဲ့ အတွက် ကျွန်တော်တို့လည်း ကားတွေကို စိစစ်ပြီး ရိုက်နေရတာပါ။ ကျွန်တော်တို့က ရာနှုန်းပြည့် သေကောင်းပေါင်းလဲကြိုးစားထားတယ်။ ဒါပေမဲ့ ဒီလိုကားမျိုးကို ပရိသတ်က အားမပေးဘူး၊ လက်မခံဘူးဆိုရင်ဟာသကား ဖြစ်ရင်ပြီးရော၊ ဘာပဲဖြစ်ဖြစ် အားပေးမယ်ဆိုရင် ကျွန်တော်တို့ ဒီစိတ်ကူးတွေ ရှိချင်မှ ရှိလာမှာပေါ့။ ပရိသတ်က ခံစားတတ်တယ်။ နား လည်ပေးကြတယ်။ ကား ကောင်းလေးတွေ အားပေး ကြတဲ့အတွက် ကျွန်တော်တို့ မှာလည်း ဒီခွန်အားတွေ ရလာတယ်။ **နင်စေရင်နဲ့** အကယ်ဒမီရမယ်လို့ မျှော်လင့်တော့ မထားခဲ့ပါဘူး။ ရမယ်ဆိုရင် လိုချင်တယ်။ မျှော်လင့်ချက်တစ်ခုနဲ့ ရိုက်ခဲ့တာ မဟုတ်သလို အရမ်းကြီး မျှော်လင့်နေမှာလည်း မဟုတ်ဘူး။ ကျွန်တော့်စိတ်မှာ မျှော်လင့်ထားတာက ကောင်းတာတွေလည်း ရနေမယ်။ ဆိုးတာတွေလည်း ဖြစ်လာနိုင်တယ်။ အဲဒါကြောင့် ဘာပဲလာလာ အသာအကြည် လက်ခံနိုင်အောင် စိတ်ကို ကြိုတင်ပြီး လေ့ကျင့်ထားပါတယ်။

**'နင်စေရင်'နဲ့ ပတ်သက်လို့ ဘယ်သူ့ကို ပိုပြီး မျှော်လင့်လဲ။ ကိုဝိုင်းလား၊ ဝတ်မှုံရွှေရည်လား၊ ကိုယ့်အတွက် ကိုယ်ပဲ မျှော်လင့်တာလား။**


အဲဒါကတော့ အကဲဖြတ်တဲ့ လူကြီးမင်းတွေပဲ ဆုံးဖြတ်ပေးမှာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုဝိုင်းလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ကစ်ကစ်(ဝတ်မှုံရွှေရည်)လည်း သူ ရိုက်ဖူးတဲ့ ကားကြီးတွေထဲမှာ ဒီကားလောက် သူ ကာရိုက်တာ ရတဲ့ကား၊ နေရာရတဲ့ကား မရှိနိုင်ပါဘူး။ သူ အစွမ်းရှိသလောက် ကြိုးစားထားတယ်ဆိုတာလည်း ပရိသတ်တွေ ထင်သာမြင်သာ ရှိပါတယ်။ ကျွန်တော့်ထက် ကစ်ကစ်ရဲ့ ကာရိုက်တာက ပိုပြီး ချွန်ထွက်တယ်လို့ ပြောလို့ရတယ်။ ကျွန်တော်နဲ့ ရိုက်တဲ့ ကားတွေထဲမှာ မင်းသမီးတွေကို ပိုပြီး အကယ်ဒမီ ရစေချင်တယ်။ သူတို့က ကိုယ့်ညီမတွေ၊ ရဲဘော်ရဲဘက်တွေ ဖြစ်တယ်။ အောင်မြင်မှုရအောင် သူတို့တွေနဲ့ပဲ လက်တွဲပြီး ရိုက်ခဲ့ရတာ။ ကျွန်တော် တွဲဖက်သရုပ်ဆောင်တဲ့ကားတွေမှာ ကျွန်တော့် ကာရိုက်တာထက် ပိုပြီးတော့ Bold ဖြစ်ခဲ့ကြတာပဲ။ ဥပမာ **အာဒံ နဲ့ဧဝ** မှာဆိုရင် သက်မွန်မြင့်သည် ကျွန်တော့်ထက် ပိုပြီးနေရာရခဲ့တယ်။ လုပ်ခွင့်ရခဲ့တယ်။ **လက်ပံ** မှာဆိုရင်လည်း ကျွန်တော့်ထက် ဖွေးဖွေးကို ကျွန်တော်နေရာပေးခဲ့တယ်။ အခု ကစ်ကစ်ကလည်း ဒီလိုပါပဲ။**နင်စေရင်**မှာ သူ့ရဲ့ ဂါဂါဆိုတဲ့ ကာရိုက်တာဟာ အားလုံးမှာ အပေါ်လွင်ဆုံးပါပဲ။ ကျွန်တော်ကတော့ သူတို့တွေကို နေရာပေးရင်းနဲ့ အနောက်ကနေပဲ ရတဲ့နေရာလေးမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားရတာပေါ့နော်။ ကျန်တဲ့သူတွေ အားလုံးကို ရစေချင်ပါတယ်လို့အကယ်ဒမီနဲ့ ပတ်သက်ပြီး ပြေတီဦးက ပြောပြခဲ့ပါတယ်။

■

**လင်းနိုင်ဦး**

## One Minute Interview
## ကြုံရာခုံရာတစ်မိနစ်တာ

**အကယ်ဒမီ ပြေတီဦး**





www.burmeseclassic.com

www.burmeseclassic.com



# ရုပ်ရှင်ပေါ်ပွဲ ကံတရားက မျက်နှာသာပေးဦးမှာဆိုတဲ့ ခိုင်သင်းကြည်

ဆို

ရုပ်ရှင်လောကမှာ ခိုင်သင်းကြည်ရယ်လို့ ထင်ရှားလာမယ့် မိန်းကလေးက ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးတဲ့ ရုပ်မြင်သံကြား ကြော်ငြာများနဲ့ စတင်ထိတွေ့ခဲ့ပါတယ်။ အဲဒီနောက် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်ထွန်းကြည် လက်ထက်မှာ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးမယ့် ဗီဒီယိုကား တစ်ကားမှာ စတင် သရုပ်ဆောင်ခဲ့ပါတယ်။ ရုပ်မြင်သံကြားဇာတ်လမ်း ဖြစ်ပြီး ဒီတစ်ကားသာ ရိုက်မယ်၊ နောက်ထပ် ကားတွေ မရိုက်ပါဘူးလို့ ဆိုခဲ့ပေမဲ့ ကမ်းလှမ်းမှုတွေ များလာတာကြောင့် သရုပ်ဆောင် ခိုင်သင်းကြည် ဖြစ်လာခဲ့ပါတယ်။ ခိုင်သင်းကြည် သရုပ်ဆောင်မှု ပြောင်မြောက်တဲ့ ရုပ်ရှင်ကားတွေရှိခဲ့ဖူးပြီး ပရိသတ်များက ရုပ်ရှင်ထူးချွန်ဆု ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပေမဲ့ ခိုင်သင်းကြည်ကတော့ အခုထက်ထိ ရွှေစင်ရုပ်တုတစ်ခုမှ ရင်ဝယ်မပိုက်နိုင်သေးပါဘူး။ ၂၀၁၃ ခုနှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ပထမဆုံး စတင်ချီးမြှင့်မယ့်



www.burmeseclassic.com

www.burmeseclassic.com

ချန်ဆုပေးပွဲမှာ ခိုင်သင်း ကြည် ပါဝင်သရုပ်ဆောင်ထား စုန်းပြူး ရုပ်ရှင်ဇာတ်ကား ဆန်ခါတင် ၆ ကားထဲမှာ ဝင်လာပါတယ်။ ဒီကားမှာ သင်းကြည် သရုပ်ဆောင်မှု ကောင်းတယ်ဆိုတဲ့အသံတွေ ကြားလာရပါတယ်။ ကြောင့် ရွှေအမြုတေက ခိုင် သင်းကြည်နဲ့ တွေ့ဆုံမေးမြန်း ပါတယ်။

❑

မခိုင်လေး ဒီနှစ်မှာ **'စုန်းပြူး'ဇာတ်ကား ထူးချွန်ဆုရနိုင်တယ်လို့ အသံတွေ ကြားနေရတယ်။ နဲ့ ပတ်သက်ပြီး ဘယ် လိုများ ခံစားရသလဲ။**

ဘယ်လိုများ ခံစားရသ ဆိုတော့ သမီးက အကယ် ဒမီနဲ့ ပတ်သက်ပြီး ကံသိပ် သလိုဘဲ။ ဒီကားမှာတော့ ကြိုးလည်း ကြိုးစားထား တယ်။ လုပ်ခွင့်လည်း ရ တယ်။ သမီးသာ မဟုတ်ဘဲ ဒီဇာတ်ကောင်နေရာမှာ တခြားသရုပ်ဆောင်ဆိုရင် လည်း ဒီလိုပဲ ကြိုးစားလုပ် မှာပါ။ မနှစ်ကလည်း ဆန်ခါတင်ပါတယ်ဆိုပေမဲ့ ကားက ဟာသကား ဖြစ်နေ တဲ့အတွက် လွဲခဲ့ရဖူးတယ်။ ဒီကားကတော့ ဒရာမာဖြစ် တာကြောင့် အရင်နှစ်တွေနဲ့ စာရင် နည်းနည်းပိုပြီးတော့ မျှော်လင့်မိတယ်ပေါ့။ ဒါပေမဲ့ သမီးကံက အကယ်ဒမီနဲ့ ပတ်သက်ရင် လွဲတတ်တာ ကြောင့် သိပ်ကြီးတော့လည်း မျှော်လင့်မထားပါဘူး။

ထူးချွန်ဆုဆိုတာက သရုပ်ဆောင်တိုင်း လိုချင်တဲ့ ဆုရည်းပါပဲ။ ဒါပေမဲ့ သမီးက တခြားနေရာတွေမှာ ကံကောင်းပေမဲ့ အကယ်ဒမီမှာတော့ ကုသိုလ်ကံမပါသလို ဖြစ်နေတယ်။ အဲဒါအပြင် တခြားရုပ်ရှင်ကားတွေက သရုပ်ဆောင်တွေလည်း အများကြီးကောင်းနေကြတာတွေ ရှိပါတယ်။ **စုန်းပြူး** မှာပဲ မသီဂီထွန်းကလည်း ကောင်းနေတယ်လေ။ အဲဒီတော့ ကံတရားက မျက်နှာသာပေးတဲ့အပြင် အကဲဖြတ်အဖွဲ့ဝင်တွေကလည်း ကြိုက်ကြမယ်ဆိုရင်တော့ ရမှာပေါ့။

**ဒါရိုက်တာ ဇေပါ ရိုက်တဲ့'ကောင်းကျိုးကိုယ်၌ တည်စေမင်း'ဇာတ်ကားမှာတော့ မခိုင်လေး လုပ်ပိုင်ခွင့်တော်တော်ရထားတာကိုတွေ့ရတယ်။**

ဟုတ်ကဲ့၊ အဲဒီကားမှာတော့ သမီးက အမျိုးသမီးအဓိကသရုပ်ဆောင်ပေါ့။ လုပ်ပိုင်ခွင့်လည်း ရပါတယ်။ **စုန်းပြူး** မှာတော့ အမျိုးသမီးဇာတ်ပို့ပေါ့။

**လောလောဆယ် ဒါရိုက်တာ ဦးစိုးမိုးရိုက်မယ့် 'ကွမ်းလုံ ရက် ၄၀'မှာ သရုပ်ဆောင်ဖို့အတွက် ကွမ်းလုံကိုသွားရမယ်ဆို။**

ဟုတ်တယ်။ သမီး ကွမ်းလုံကိုသွားရမယ်။ ပထမလျာထားတုန်းကတော့ ရှေ့တန်းတိုက်ပွဲထွက်သွားတဲ့ တပ်မတော်သားရဲ့ဇနီးနေရာကပဲဆိုတော့ ရန်ကုန်မှာပဲရိုက်လို့ရတယ်။ ဒါပေမဲ့ ဦးစိုးမိုးက နေရာပြောင်းလိုက်ပြီး ကွမ်းလုံအထိ လိုက်ရမယ်ဆိုတော့လည်းလိုက်ရမှာပေါ့။ အောက်တိုဘာ ၁၀ ရက်နေ့မှာထွက်ပါမယ်။ ဒီဇာတ်လမ်းက အဖေ့ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေးထားတာဆိုတော့ သမီးတစ်ယောက်အနေနဲ့ ပါဝင်ရတာကိုလည်း ကျေနပ်ပါတယ်။ ပြီးတော့အဖေက ကွမ်းလုံကို သွားချင်နေတာ။ လိုက်ပို့ပြီးသားလည်း ဖြစ်သွားတာပေါ့။

**ဒီကားအတွက် မခိုင်လေး ရိုက်ရက် ဘယ်လောက်ပေးထားလဲ။**

လောလောဆယ်မှာတော့ ၁၀ ရက်ပဲယူထားတယ်။ မပြီးသေးဘူးဆိုရင်လည်း ထပ်ပေးရမှာပေါ့။

**ကျေးဇူးပါ မခိုင်လေး။ ဒီနှစ် ရွှေစင်ရုပ်တုကို ရင်မှာ ပိုက်နိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။**

ကျေးဇူးပါ။ ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ…။

■ ဘို

## One Minute Interview
## ကျွေရာဆုံရာ တစ်မိနစ်တာ



သရုပ်ဆောင်
ခိုင်သင်းကြည်



www.burmeseclassic.com

www.burmeseclassic.com



# စီးပွားရေးကြောင့် ကားရိုက်ကျွဲတာပါ

ဘို

အငြိမ်းစားဗိုလ်မှူး
စိုးမြင့်နဲ့
ဒေါ်ကြည်ကြည်ခင်တို့က
သမီးသုံးယောက်၊
သားတစ်ယောက်
ထွန်းကားခဲ့ကြပြီး
သမီး သုံးဦးစလုံးက
သရုပ်ဆောင်များ
ဖြစ်လာခဲ့ကြပါတယ်။
စိုးမြတ်သူဇာ၊
စိုးမြတ်ကလျာ၊
စိုးမြတ်နန္ဒာတို့ပါပဲ။
စိုးမြတ်ကလျာက
ကျန်းမာရေးကြောင့်
သရုပ်ဆောင်လောကကို
ကျောခိုင်းခဲ့ပါတယ်။
အစ်မအကြီးဆုံးဖြစ်တဲ့
စိုးမြတ်သူဇာက
အသက် ၄၃ နှစ်အရွယ်
ရောက်လာသည့်တိုင်
ကျရာဇာတ်ရုပ်မှာ
သရုပ်ဆောင်အလုပ်ကို
စွဲစွဲမြဲမြဲ
လုပ်ကိုင်နေဆဲဖြစ်ပေမဲ့
အထွေးဆုံးညီမဖြစ်တဲ့
စိုးမြတ်နန္ဒာကတော့
ကားရိုက်ကျဲနေပါတယ်။
စိုးမြတ်နန္ဒာက
၂၀၀၁ ခုနှစ်မှာ
ဒါရိုက်တာ မောင်တင်ဦး
ရိုက်ကူးခဲ့တဲ့
**အချစ်ကို မွေးမြူခြင်း**
ရုပ်ရှင်ဇာတ်ကားမှာ
အကောင်းဆုံးအမျိုးသမီး
ဇာတ်ပို့ဆု ဆွတ်ခူးခဲ့ပြီး
၂၀၀၄ ခုနှစ်မှာ
ဒါရိုက်တာ ကြည်စိုးထွန်း
ရိုက်ကူးခဲ့တဲ့
**ချစ်ခြင်းငယ်ပြိုင်**
ရုပ်ရှင်ဇာတ်ကားမှာ
ဒုတိယအကြိမ်
အကောင်းဆုံးအမျိုးသမီး
ဇာတ်ပို့ဆု ဆွတ်ခူးခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

အငွယ်ရှိသေးပြီး သရုပ်ဆောင်ကောင်းသူလည်း ဖြစ်ကြောင့် ကားရိုက်ကျဲနေ မြတ်နန္ဒာကို ဆက်သွယ်းခဲ့ပါတယ်။

**ဒါဒါ ကားရိုက်ဘာဖြစ် ကျဲတာလဲလို့ မေးရင် လိုဖြေမလဲ။**

ဒါဒါက စီးပွားရေးလုပ် လုပ်နေတယ်လေ။ ဆိုင် စ်ဖက်၊ ပစ္စည်းဝယ်ဖို့ မန္တလေးသွားရ၊ ဘန် ကော်သွားရ သွားနေရတယ်။ တွေက ကိုယ်တိုင်သွားမှ တာလေ။ အဲဒါကြောင့် ရိုက်ကျဲတာပါ။ လုံးဝ ကတာတော့ မဟုတ်ပါဘူး။

**အပျင်းပြေရိုက်တယ် ပါတော့…။**

အင်း…အဲဒီလိုတော့ ဟုတ်ပါဘူး။ မကြာသေး ကပဲ ကားတစ်ကား ပြီး သွားတာပါ။

**ကားနာမည် ဘာလဲ။**

အင်း…မေ့သွားပြီ။ င်းသားကတော့ အောင်ရဲ င်းပဲ။

**နောက်ရိုက်မယ့်ကား လက်ခံထားတာ ရှိလား။**

အခုချိန်ထိတော့ ဘာ ကားမှ လက်ခံထားတာ မရှိ ဘူး။ ကားရိုက်တယ်ဆိုတာ လည်း လာပြောမှ ရိုက်လို့ တာလေ ဦးရဲ့။ ဒါဒါက ရိုက်ချင်ဦးတော့ လာမပြော ရင် ဘယ်လိုရိုက်မလဲ ဟုတ် ဘူးလား။

**ကောင်းပါပြီဗျာ။ ပရိ သတ်တွေကို ပြောလိုက်ပါ့ မယ်။ စိုးမြတ်နန္ဒာ အားနေပါ တယ်လို့။ နောက်ထပ်မေးခွန်း တစ်ခု…**

ဘာမေးဦးမှာလဲ။

**တစ်ယောက်တည်းပဲ နေတော့မှာလား။**

အခုချိန်ထိတော့ တစ်ယောက်တည်းပဲ။

တစ်သက်လုံးအတွက်တော့ အာမ,မခံဘူး။

**ချစ်သူ…**

ရှိသေးဘူး ထင်တာပဲ။

**အပြင်မှာ သတင်းတော့ ထွက်တယ်နော်။**

အပြင်မှာကတော့ ပေးစားချင်သူနဲ့ ပေးစားနေကြတာပဲ။

ဦး ကြားတာရှိရင်လည်း သမီးကို ပြောပါဦး။

**ကဲ ကျေးဇူးပဲ ဒါဒါရေ။**

■ ဘို

## One Minute Interview
## ကြုံရာခုံရာ တစ်မိနစ်တာ



အကယ်ဒမီ
စိုးမြတ်နန္ဒာ




www.burmeseclassic.com

www.burmeseclassic.com

Stars & Models
INT'L Model Agency
ကနေ အောင်မြင်တဲ့
မော်ဒယ်လ်တစ်ယောက်
ဖြစ်လာပြီး MRTV-4 က
ရိုက်ကူးထုတ်လွှင့်မယ့်
ဇာတ်လမ်းတွဲများအတွက်
ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ရာမှ
**ထာဝရမန္တလေး**
ရုပ်သံဇာတ်လမ်းတွဲမှာ
အဓိက ဇာတ်ဆောင်
တစ်နေရာက
ပါဝင်ခွင့်ရခဲ့ပါတယ်။
အခုအခါမှာတော့
အောင်မင်းခန့်က
ရုပ်သံဇာတ်လမ်းတွဲတွေမှာ
ဆက်လက် ရိုက်ကူး
ပေးနေရသလို ပြင်ပ
ထုတ်လုပ်ရေးများနဲ့လည်း
ဗီဒီယိုဇာတ်ကားများ
ရိုက်ကူးဖြစ်နေတဲ့အတွက်
အောင်မင်းခန့်ရဲ့
အနုပညာလှုပ်ရှားမှုများကို
မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ညီလေး**
**အောင်မင်းခန့်က**
**နဂိုကတည်းက**
**သရုပ်ဆောင်အလုပ်ကို**
**ဝါသနာပါလို့**
**မော်ဒယ်လ်လုပ်ခဲ့တာလား၊**
**မော်ဒယ်လ်ကနေ**
**အောင်မြင်မှ**
**သရုပ်ဆောင်ဖြစ်**
**လာတာလား။**

ပရိသတ်နဲ့ရင်းနှီးမှုက
မော်ဒယ်လ်အဖြစ်နဲ့ဆိုရင်
ပိုပြီးနီးစပ်မယ်လို့
ထင်တယ်။ အဲဒါကြောင့်
ပရိသတ်နဲ့ ပိုပြီး
ရင်းနှီးထိတွေ့ခွင့်ရအောင်
မော်ဒယ်လ်အလုပ်ကို
စပြီး လုပ်ဖြစ်တယ်။
ဘာဖြစ်လို့ မော်ဒယ်လ်



# အောင်မင်းခန့်

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

...တာလဲဆိုတော့ ပရိသတ် ...တော်များများက မော် ...ထိရှိုးပွဲတွေ ကြည့်တယ်။ ...တော်တို့ရဲ့ မျက်နှာဖုံးပုံ ...ပါတဲ့ မဂ္ဂဇင်းတွေ ဖတ် ...တယ်။ အဲဒါကြောင့် ...ရုပ်ဆောင် မလုပ်ခင် ပရိ ...တ်နဲ့ ရင်းနှီးခွင့်ရအောင် ...ယ်လ်လုပ် ဖြစ်ခဲ့တာပါ။ ...သတ်နဲ့ ရင်းနှီးထိတွေ့ခွင့် ...မှ သရုပ်ဆောင်အလုပ် ... ကူးခဲ့တာပါ။

**အောင်မင်းခန့်က အပြင် ...တ်လုပ်ရေးတွေနဲ့ ဘယ်နှ ...လောက် ရိုက်ပြီးသွား ...လဲ၊ နာမည်ကြီးတွေထဲက ... ဘယ်သူတွေနဲ့ တွဲဖက် ...ရုပ်ဆောင်ပြီးပြီလဲ။**

အပြင်ကားရိုက်တာက ... လေးကားပဲ ရှိပါသေး ...ယ်။ ကိုကောင်းပြည့်နဲ့က ...ကား။ စံရတီမိုးမြင့်နဲ့ ...ကား။ မိုးဟေကိုနဲ့လည်း ...ပြီး သရုပ်ဆောင်ဖူးပါ ...ယ်။

**အောင်မင်းခန့်က ပြင်ပ ...တ်လုပ်ရေးတွေနဲ့ သုံး၊ ...ကားလောက်ပဲ ရိုက်ရ ...တယ်ဆိုပေမဲ့ ထုတ်လုပ် ...တွေက ကြိုးစားတဲ့ လူ ...ယ်တစ်ယောက်လို့ ပြောကြ ...ယ်။ အဲဒါ ဘာကြောင့်လဲ။**

ကျွန်တော့်ရဲ့လက်ဦး ...ဖြစ်တဲ့ **ထာဝရမန္တလေး** ...ကို ရိုက်ပေးခဲ့တဲ့ ဦးငြိမ်း ...က သင်ကြားပြောဆိုပေး ...တာတွေလည်း ပါ,ပါ ...ယ်။ အစတုန်းက သရုပ် ...ဆောင်အလုပ်ဆိုတာ ဘာမှ ...နားမလည်ဘူး။ လုပ် ... လုပ်တတ်တယ်။ မငြိ ...င်ဘူး။ **ထာဝရမန္တလေး** ...နေတုန်းမှာလည်း အန်တီ မို့တို့၊ ဦးနေအောင်တို့၊ မဆင့်တို့၊ အန်တီဇာကြီးတို့နဲ့ အများကြီး တွေ့ခဲ့ဖူးတယ်။ သူတို့ကလည်းသင်ပေးခဲ့ကြတယ်။ သူတို့နဲ့ အမြဲတမ်းဆုံဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ခဏတွေ့တဲ့ အချိန်အတောအတွင်းမှာ သူတို့ဆီကပညာတွေ ကျွန်တော် ရရင်ရသလောက် စုထားတယ်။ မေ့သွားရင် ပြန်မေးဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ကျွန်တော့်ခေါင်းထဲမှာ သံမှို ရိုက်ထားသလို စွဲသွားအောင် သူတို့ပြောခဲ့သမျှ စကားတွေကို ပြန်ပြန်တွေးပြီး ကျွန်တော် လုပ်တယ်။ ကြိုးလည်း ကြိုးစားတယ်။ ကိုယ် ဝါသနာပါတဲ့အလုပ်ဖြစ်လို့ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုပြီး ကြိုးစားခဲ့လို့ပါ။

**အောင်မင်းခန့်က အနုပညာလမ်းကြောင်းမှာ ဘယ်လို ဆက်လျှောက်သွားမလဲ။ MRTV-4နဲ့ ရိုက်လက်စ ဘာတွေရှိသေးလဲ။**

MRTV-4 နဲ့ ကျွန်တော် ဆက်လုပ်သွားမှာပါ။ အခု လောလောဆယ်တော့ ဝိညာဉ် **ရှိုက်သံ** ဇာတ်လမ်းတွဲ ရိုက်ကူးနေပါတယ်။
အဲဒီကားက ၁၀ လပိုင်းကုန်လောက် ပြီးမယ်လို့ မှန်းထားတယ်။
ဇာတ်ညွှန်းတွေ မပြီးသေးလို့ နားရတဲ့အချိန်မှာ သင်္ကေတနဲ့ ရိုက်ကူးသွားဖို့ ရှိတယ်။
အနုပညာသမားတိုင်းရဲ့ အိပ်မက်ဖြစ်တဲ့ အကယ်ဒမီရဖို့အထိ ကျွန်တော် မှန်းထားတယ်။
ရဖို့အထိ ကြိုးစားသွားမယ်၊ ရအောင်လည်း ကျွန်တော် ကြိုးစားအားထုတ်သွားမယ်။
ကျွန်တော်က သရုပ်ဆောင် အလုပ်ကို အရမ်း ရူးသွပ်တယ်။ ဇာတ်ကားတစ်ကား ကြည့်ပြီဆိုရင်လည်း ဇာတ်လမ်းကိုကြည့်သလိုမျိုး မဟုတ်ဘဲ သူတို့ အိုက်တင်တွေကို ထိုင်ကြည့်နေဖြစ်တယ်။ ဇာတ်ကားကြီးတွေမှာ သူတို့ ဘာကြောင့် အကယ်ဒမီ ရသွားသလဲ၊ ဘာပြကွက်ကြောင့် အကယ်ဒမီရသွားသလဲ၊ ဘယ်လိုလုပ်လို့ သူတို့ ရသွားသလဲ။
အဲဒီလိုမျိုး ကျွန်တော် အဆင့်ဆင့် စဉ်းစားတယ်။ ကိုယ့်အလှည့်ကျရင် ကိုယ် ဘယ်လိုလုပ်မလဲ ဆိုတာလည်းပါတယ်လို့ အောင်မင်းခန့်က သူ့ရဲ့ အနုပညာစိတ်ကူးများကို ပြောပြခဲ့ပါတယ်။

■ **လင်းနိုင်ဦး**


## One Minute Interview
## ကြုံရာခုံရာ တစ်မိနစ်တာ


သရုပ်ဆောင်
အောင်မင်းခန့်



www.burmeseclassic.com

www.burmeseclassic.com



# Drama ကားတွေ ရိုက်နေပြီဖြစ်တဲ့ ထိုက်စံမော့စ်

ကောင်းခန့်ဇော်

တစ်ချိန်က အနုပညာလောကမှာ ထင်ရှားခဲ့ပြီး ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ဟာသလူရွှင်တော်ကြီး အကယ်ဒမီ ဦးမော့စ်ရဲ့သား ထိုက်စံမော့စ်က ဇာတ်ကားပေါင်း ၂၀ ဆယ်ကျော်ကို ရိုက်ကူးပြီးခဲ့ပြီ ဖြစ်တဲ့အပြင် နယ်မင်းသားတစ်လက်အဖြစ် လူအများ သိနေပြီ ဖြစ်ပါတယ်။ ထိုက်စံမော့စ်နှင့် တွေ့ဆုံမေးမြန်းခဲ့တာတွေကို ရွှေအမြုတေစာဖတ်ပရိသတ်တွေအတွက် ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

**အခုလက်ရှိ ဘာတွေလှုပ်ရှားနေလဲ၊ ဘာကားတွေ ရိုက်နေလဲ ပြောပြပါဦး။**

အခုလတ်တလော လှုပ်ရှားနေတာက အစ်ကို့ရဲ့ ကိုယ်ပိုင်ဗီဒီယိုထုတ်လုပ်ရေး တိုက်ရယ်၊ အခြားဗီဒီယို တိုက်ရယ် ပေါ့နော်။ ရုပ်ရှင်နဲ့ ဗီဒီယိုကားတွေ ရိုက်ဖြစ်နေတာများတယ်။ ခုလောလောဆယ်ကတော့ ဇာတ်လမ်းရှာနေတယ်။ ဇာတ်လမ်းရိုက်ဖို့အတွက် ဒါရိုက်တာနဲ့ တိုင်ပင်နေတုန်းပေါ့။

**ဘယ်လိုကားတွေ ရိုက်တာများလဲ။**

ပထမကတော့ Action ကားလေးတွေ၊ Fighting ကားတွေ စရိုက်ဖြစ်တယ်။ နယ်ပရိသတ်တွေကို အဓိကထားပြီး ရိုက်ဖြစ်တာပေါ့။ နောက်ပိုင်းတွေကျတော့ Drama ကားတွေ ရိုက်တာများတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဒီဒီဒီယိုကားတွေပဲ ရိုက်နေတာလား။ ဇာတ်လမ်းတွဲတွေဘာတွေရော ကမ်းလှမ်းထားတာ မျိုးရှိလား။**

ဇာတ်လမ်းတွဲ ကမ်းလှမ်းထားတာတော့ ရှိတယ်။ ဒါပေမဲ့ သူတို့တောင်းတဲ့ရက်နဲ့ အဆင်မပြေဘူး။ ကျွန်တော်က အပြင်မှာစာချုပ်တွေ ဘာတွေ ချုပ်ထားတာဆိုတော့ သူတို့တောင်းတဲ့ အချိန်ကို ကျွန်တော်က မပေးနိုင်ဘူးလေ။ အဲဒါကြောင့် ခုလောလောဆယ်တော့ ဇာတ်လမ်းတွဲရိုက်ဖို့ အစီအစဉ် မရှိသေးပါဘူး။

**ဒီအနုပညာအလုပ်က ဝါသနာပါလို့ လုပ်တာလား။ အခြားရော အနုပညာနဲ့ ပတ်သက်လို့ ဘာတွေ ဝါသနာပါသေးလဲ။**

အနုပညာအလုပ်က ဝါသနာပါလို့လုပ်တာပါ။ သီချင်းဆိုတာလည်း ဝါသနာပါပါတယ်။ ဒါပေမဲ့ အခွေထုတ်ဖို့တော့ အစီအစဉ် မရှိသေးဘူး။ ပရိသတ်က ဖျော်ဖြေပေးစေချင်တဲ့အခါကျရင်တော့ ကျွန်တော် ဖြေဖျော်ပေးပါတယ်။

**ဝါရင့်အနုပညာ သရုပ်ဆောင်တွေထဲမှာ ထိုက်စံက ဘယ်သူ့ကို အားကျလဲ။ နောက်ပြီး ဇာတ်လမ်းရွေးချယ်တဲ့အခါမှာရော ဘယ်လို ရွေးချယ်ဖြစ်လဲ။**

ဝါရင့်သရုပ်ဆောင်တွေထဲမှာတော့ ကိုနေတိုးကို သဘောကျပါတယ်။ အဓိကကတော့ ဇာတ်ကားတစ်ကား ရိုက်မယ်ဆိုရင် ဒီဇာတ်ကားရဲ့ ဇာတ်လမ်းကို အစအဆုံးဖတ်ပြီးကိုယ်သရုပ်ဆောင်မယ့် ကိုယ့်အတိုင်းအတာနဲ့ပေါ့၊ ချိန်ပြီး ဇာတ်လမ်းလေးကိုလည်း ကြိုက်တယ်၊ ပရိသတ်လည်း ကြိုက်မယ်ထင်တာလေးတွေကိုပဲ ရွေးဖြစ်ပါတယ်။

**ထိုက်စံအဖေ(မော့စ်)ရှိစဉ်တုန်းကရော ဇာတ်ကား ရိုက်ဖူးလား။**

ရိုက်ဖူးပါတယ်။ ကျွန်တော်ရယ်၊ ဖေကြီးရယ်၊ ဦးမိုးဒီရယ်၊ နဒီဝင့်နိုင်ရယ် **အတီးချစ်သော ချစ်တီး**ဆိုတဲ့ ဇာတ်ကားရိုက်ဖူးတယ်။ ပထမဆုံး ရိုက်ဖူးတာပေါ့။ နောက်ပြီး ကျွန်တော့်ရဲ့ကိုယ်ပိုင် ထုတ်တဲ့ကားတွေလည်း ဖေကြီးနဲ့တွဲပြီး ရိုက်ဖြစ်ခဲ့ပါတယ်။ ဖေကြီးနဲ့တွဲရိုက်ဖြစ်တာ လေးကားလောက် ရှိပါတယ်။

**ထိုက်စံရဲ့အဖေက ဇာတ်သဘင်လောက၊ကနေ လာတယ်။ ဟာသပိုင်းမှာ နာမည်ကြီးပြီး ထိုက်စံက ဘာလို့ Action ပိုင်းတွေ ရောက်နေတာလဲ။**

ကျွန်တော်က ဒီအနုပညာအလုပ်ကိုလုပ်ကတည်းက ဟာသရော၊ Action ရော၊ ဒရာမာရောဘက်စုံလုပ်တတ်အောင်ကျွန်တော်ကြိုးစားနေပါတယ်။ နယ်ပရိသတ်တွေကို ထိုးဖောက်ဖို့ဆိုပြီး အစပိုင်းမှာ Fighting ကားလေးတွေ စရိုက်ခဲ့တာပေါ့။ ခုနောက်ပိုင်း မြို့ပရိသတ်ကိုကျတော့ ဒရာမာကားလေးတွေနဲ့ပဲ ရိုက်သွားမှာပေါ့နော်။

**ထိုက်စံအနေနဲ့ ကိုယ်ပိုင်ထုတ်လုပ်ရေးနဲ့ လုပ်တာပေါ့။ အပြင်ထုတ်လုပ်ရေးနဲ့ရော စာချုပ်တွေဘာတွေရှိလား။ ရုပ်ရှင်ကားကြီးတွေ လာကမ်းလှမ်းထားတာရှိလား။**


ရှိပါတယ်။ ကုမ္ပဏီကတော့ အသစ်ပဲဗျ။ ရွှေစန္ဒာမင်းဆိုတဲ့ကုမ္ပဏီနဲ့ စာချုပ်ချုပ်ထားပါတယ်။ ကားအရေအတွက် နည်းနည်းချင်းပဲချုပ်ဖြစ်တာပါ။ ရုပ်ရှင်ကားကြီးအနေနဲ့ကမ်းလှမ်းထားတာတော့ မရှိသေးပါဘူး။

**ထိုက်စံအနေနဲ့ ပရိသတ်ကို ကိုယ်တိုင်ချပြဖြစ်ရင်ရော ဘယ်ဟာကို ချပြမလဲ။ ဟာသလား၊ ဒရာမာလား၊ ဖိုက်တင်လား။**

ကျွန်တော့်စိတ်ကြိုက် ပရိသတ်ကို ချပြဖြစ်ရင်တော့ ဒရာမာကို ပိုပြီး ချပြချင်ပါတယ်။ ကျွန်တော် ဒရာမာအနေနဲ့ ရိုက်ဖြစ်တာ ၁၀ ကားလောက်တော့ ရှိပါပြီ။ ဇာတ်ကားတွေကတော့ ထွက်တာ ရာသီအကူးအပြောင်းနဲ့ရော၊ အချိန်နဲ့ရောပေါ့နော်။ တိုက်နှစ်တိုက် ထုတ်တာဆိုတော့လေ ကြားထဲမှာ နည်းနည်းလေးတော့ ကွာနေတယ်။ နောက်ပိုင်း ဆက်တိုက်လုပ်ဖို့တော့ အစီအစဉ် ရှိပါတယ်။

■ **ကောင်းခန့်ဇော်**

## One Minute Interview
## ကြုံရာဆုံရာတစ်မိနစ်တာ



သရုပ်ဆောင် ထိုက်စံမော့စ်




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာဖက်ရှင်ဒီဇိုင်နာ (၂၈) ဦးရဲ့ဖက်ရှင်ပြပွဲ

လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com




မြန်မာဖက်ရှင်ဒီဇိုင်နာများနဲ့ ဖွဲ့စည်းထားတဲ့ Myanmar Fashion Designer Group (MFDG) ရဲ့ လက်ရာ ဖက်ရှင်ဒီဇိုင်းများနဲ့ ဒုတိယအကြိမ်မြောက် ပြသတဲ့ ဖက်ရှင်ရှိုး အစီအစဉ်ကို Forever Group ရဲ့ ပူးပေါင်း ကူညီမှုနဲ့ စက်တင်ဘာလ ၁၉ ရက်နေ့နဲ့ ၂၀ ရက်နေ့ညက ဒီဇိုင်နာ ၂၈ ဦးရဲ့ လက်ရာ ဖက်ရှင်ဒီဇိုင်းဆန်းများကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park(MEP)မှာ ပြသပေးခဲ့ပါတယ်။ ဒီပြပွဲမှာ မြန်မာနိုင်ငံမှ နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာ ၂၈ ဦးရဲ့ အကောင်းဆုံးလက်ရာဖက်ရှင်များကို တစ်ဦးချင်းစီရဲ့ ဖက်ရှင်မျိုးစုံကို မော်ဒယ်လ်အေဂျင်စီများစွာက မော်ဒယ်လ်လေးများက ဝတ်ဆင်ပြသပေးခဲ့တာဖြစ်ပြီး လက်ဝတ်ရတနာများကို ဆင်မြန်းပေးခဲ့တာကတော့ ရွှေနန်းတော်ရတနာဆိုင်ကပဲ ဖြစ်ပါတယ်။ မိတ်ကပ်နဲ့ ဆံပင်များကို လင်းလင်း (MakeUp-Artist)နဲ့ မေဦးတို့က လိမ်းခြယ်ပေးခဲ့တာ ဖြစ်ပါတယ်။ စက်တင်ဘာလ ၁၉ ရက်နေ့ မနက်ပိုင်းမှ MFDG ရဲ့ နှစ်ရက်တိုင်တိုင်ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပုံ-ဆောင်းစိုးထက်(Rays-2)



www.burmeseclassic.com

www.burmeseclassic.com




မယ့် ဖက်ရှင်ပြပွဲအစီအစဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဖက်ရှင်နဲ့ပတ်သက်တဲ့ ဆိုင်ခန်းများနဲ့ စပွန်ဆာ ပေးကြတဲ့ကုမ္ပဏီများရဲ့ ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၁၀၀ကျော်နဲ့ အများပြည်သူ ကြည့်ရှု လေ့လာခွင့်ရအောင် မနက် ၅ နာရီမှ ညပိုင်း အထိ ဖက်ရှင်ရှိုးပြသပေးတဲ့ နှစ်ရက်လုံး ဆိုင်ခန်းများ ခင်းကျင်းပြသပေးထား ပါတယ်။ စက်တင်ဘာလ ၁၉ ရက်နေ့ ညနေ ၆ နာရီကျော်ကျော်မှာတော့ အားလုံးက စိတ်ဝင်စား နေတဲ့ မြန်မာနိုင်ငံမှ နာမည်ကြီးဖက်ရှင် ဒီဇိုင်နာများရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် အတွက် ဖန်တီးချုပ်လုပ်ထားတဲ့ ဝတ်စုံဒီဇိုင်းများကို မြင်တွေ့ခွင့်ရမှာဖြစ်တဲ့အတွက် အနုပညာရှင်များရော၊ အလှအပချစ်သူများပါ ဖက်ရှင်ဒီဇိုင်းမျိုးစုံ ဝတ်စားဆင်ယင်ပြီး မြန်မာ ဖက်ရှင်ဒီဇိုင်နာများရဲ့ ဖက်ရှင်ရှိုးကို လာရောက် အားပေးခဲ့ကြပါတယ်။ ပထမဦးဆုံးတွေ့မြင်ရ တာကတော့ မြန်မာဖက်ရှင် ဒီဇိုင်နာများရဲ့လက်ရာဝတ်စုံ များကို MEP အဝင် ဖက်ရှင်ရှိုးပြသမယ့် နေရာရဲ့ရှေ့မှာ လှလှပပ မီးရောင်စုံ တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ခင်းကျင်းပြသပေးထားတဲ့ အတွက် ဖက်ရှင်ပြပွဲလာ အလှအပချစ်သူတွေလည်း မှတ်တမ်းတင်ပုံများ တွဲရိုက်ခွင့်ရခဲ့ပါတယ်။ ဖက်ရှင်ရှိုး ပြသတဲ့ အချိန်မှာတော့ အမိက စပွန်ဆာပေးတဲ့ ရွှေနန်းတော်မှ ရတနာများကို မော်ဒယ်လ်လေးများက တင်ဆက်ပေးခဲ့တဲ့ အစီအစဉ်ကို ပထမဦးဆုံး တွေ့မြင်ခွင့်ရပါတယ်။ အဲဒီနောက်မှာတော့ ဖက်ရှင်ဒီဇိုင်နာ ၁၄ ဦးတို့က သူတို့စိတ်ကြိုက် ဖန်တီးထားတဲ့ ဝတ်စုံများနဲ့ ဖက်ရှင်ရှိုးပြသတဲ့ အစီအစဉ်ကို နှစ်ပိုင်းခွဲပြီး ပြသပေးခဲ့ပါတယ်။ ဒါ့အပြင် အမိက စပွန်ဆာပေးတဲ့ APACHE ဘိလပ်မြေရဲ့ ဘိလပ်မြေအိတ်များကို ဒီဇိုင်နာ မိုးကုတ် ပေါက်ပေါက်က မော်ဒယ်လ်အမျိုးသမီးလေး များအတွက် အလှပဆုံး ဒီဇိုင်းထွင်ချုပ်လုပ်ပေးထား တဲ့ ဖက်ရှင်ရှိုးကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထည့်ဝင်ပြသပေးခဲ့ ပါတယ်။ ပထမနေ့ ပြသတဲ့ အစီအစဉ်မှာ ပြသပေးတဲ့ ဖက်ရှင် ဒီဇိုင်နာများက သူတို့ရဲ့ အလှအပဆုံးနဲ့ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





Collectionတွေလို့ ညွှန်းဆိုရမယ့်ဝတ်စုံများနဲ့ ဖက်ရှင်ဒီဇိုင်နာ တစ်ဦးပြီးတာနဲ့ နောက်တစ်ဦးရဲ့ ဝတ်စုံများကို ဆက်တိုက် ပြသပေးခဲ့တာဖြစ်လို့ မျက်တောင်မခတ်ဘဲ ကြည့်ရှုခဲ့ကြရပါတယ်။ ဖက်ရှင်ရှိုး ပထမပိုင်းအပြီးမှာ MFDG ရဲ့ ဥက္ကဋ္ဌ ဒီဇိုင်နာ မဇွန်ဇူ(Zu Zu Collection)က ကျေးဇူးတင်စကားပြောကြားပေးခဲ့ပါတယ်။ "ဒီပွဲနဲ့ ပတ်သက်ပြီး ကျွန်မအနေနဲ့ သင်ယူစရာတွေရော၊ သင်ခန်းစာတွေရော အများကြီး ရခဲ့ပါတယ်။ ဒီပွဲကြီးကို ကျွန်မတစ်ဦးတစ်ယောက်တည်းနဲ့ ကြိုးစားပြီးတော့ လုပ်လို့မရဘူး။ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေတဲ့ ဒီဇိုင်နာတွေဖြစ်တဲ့ မောင်တွေ၊ ညီမတွေ ပံ့ပိုးမှုနဲ့ပဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖက်ရှင်လောက တိုးတက်ဖို့အတွက် ဒီလိုပွဲကြီးတွေ အများကြီး ကျင်းပဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံ တိုးတက်လာတာနဲ့အညီ ဖက်ရှင်လောက တိုးတက်ဖို့လည်း ကျွန်မတို့ဖက်ရှင်ဒီဇိုင်နာတွေဆီမှာ အများကြီး တာဝန်ရှိပါတယ်။ မော်ဒယ်လ်ကဏ္ဍနဲ့ ဖက်ရှင်ကဏ္ဍတိုးတက်ပြောင်းလဲဖို့အတွက် အများကြီး လိုအပ်ပါသေးတယ်။ ကျွန်မတို့က ဒီဖက်ရှင်ရှိုးကြီးအတွက် စည်းလုံးညီညွတ်စွာနဲ့ ပိုမိုကောင်းမွန်တဲ့ Event ဖြစ်အောင် အများကြီးလည်း ကြိုးစားရပါတယ်။ ပါဝင်ပံ့ပိုးကူညီပေးကြသူများနဲ့ ဆိုင်ခန်းများ ခင်းကျင်းပြီး ပွဲကြီးဖြစ်မြောက်အောင် ကူညီပေးကြသူအားလုံးကိုလည်း ကျွန်မတို့ MFDG အဖွဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

စက်တင်ဘာလ ၁၉ ရက်နေ့မှာ ဖက်ရှင်ဒီဇိုင်နာ ၁၄ ဦးရဲ့ ဝတ်စုံဖက်ရှင်များနဲ့ ဖက်ရှင်ရှိုးပြသပေးခဲ့သလိုပဲ စက်တင်ဘာလ ၂၀ ရက်နေ့မှာလည်း နောက်ထပ်ကျန်ရှိတဲ့ ဒီဇိုင်နာ ၁၄ ဦးရဲ့ ဝတ်စုံဖက်ရှင်များကို ဆက်လက်ပြသပေးခဲ့ပါတယ်။ MFDG ရဲ့ ပြသပေးခဲ့တဲ့ ဖက်ရှင်ဒီဇိုင်နာ ၂၈ ဦး ကတော့ မဇွန်ဇူ၊ လတ်လတ်၊ မိုးကုတ်ပေါက်ပေါက်၊ ဒေါ်သီတာဝင်း၊ ပြည့်စုံအောင်၊ မပုံ၊ ဆန်းဘောက်ရာ၊ သွင်စုထွေး၊ သက်နှင်းအေး၊ ယုံးယုံး၊ စုစုဝေ၊ မေမြတ်ဝါဆို၊ ဥမ္မာကျော်၊ Iris ညီမာသန့်၊ ကောင်းမြတ်၊ မေသက်လွင်၊ မျိုးမင်းစိုး၊ ဋ္ဌေးဋ္ဌေးတင်၊ မေ သဉ္ဇာသိမ့်၊ ချောစုလွင်၊ စိုင်းလတ်၊ မင်းမင်းမြတ်၊ ဝါဝါကျော်၊ ဇော်စိုင်း၊ သီတာမျိုး၊ Sanra နဲ့ မင်းခန့်တို့ပဲ ဖြစ်ပါတယ်။

ဖက်ရှင်ဒီဇိုင်နာ တစ်ဦးချင်းစီက မိမိတို့ရဲ့ အဆန်းသစ်ဆုံးနဲ့ အကောင်းဆုံး လက်ရာများကို ဒီဖက်ရှင်ပွဲမှာ ပြသပေးခဲ့တဲ့အတွက် အလှအပချစ်သူများအနေနဲ့ ထူးထူးခြားခြားကြည့်ခွင့်ရခဲ့တဲ့ ပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



အောင်သီရိ ဗီဒီယိုထုတ်လုပ်ရေးအတွက် လူမင်းက ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ စာရေးဆရာမ မိချမ်းဝေရဲ့ 'ယုဂန်ဗွေစွန်းမှာ' ဝတ္ထုတိုကို ဗီဒီယိုကားတစ်ကားအဖြစ် ရိုက်ကူးပြီးစီးသွားခဲ့ပါတယ်။ ဗီဒီယိုအဖြစ် ဖန်တီးရာမှာ လူမင်းက 'ကူဖော်လောင်ဖက်' လို့ အမည်ပြောင်းထားပါတယ်။ 'ကူဖော်လောင်ဖက်' မှာ လူမင်း၊ ဇင်ဝိုင်း အိချောပို၊ မြင့်မြင့်ခိုင်တို့က အဓိက သရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်

# ဒါရိုက်တာလူမင်းရဲ့ ကူဖော်လောင်ဖက်

မိုးကျော်ထွန်း





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဆောင်ထားကြောင်း သိရတဲ့အတွက် သရုပ်ဆောင်၊ ဒါရိုက်တာဖြစ်တဲ့ လူမင်းကို ဆက်သွယ် မေးမြန်းခဲ့ပါတယ်။

❑

**ဗီဒီယိုတို့၊ ရုပ်ရှင်တို့ ဆိုတာ အများအားဖြင့် လုံးချင်းဝတ္ထုတွေကိုပဲ ရိုက်ဖြစ်ကြတယ်။ လူမင်းက ဘာကြောင့် ဝတ္ထုတိုကို ဗီဒီယိုအဖြစ် ရိုက်ဖြစ်သွားတာလဲ။**


ကျွန်တော် ရွှေအမြုတေမှာ အဲဒီဝတ္ထုကို ဖတ်မိ လိုက်တာနဲ့ ဒီဟာကို ဗီဒီယိုရိုက်ချင်တယ် ဆိုပြီး ခံစားမှုအပြည့်အဝ ရလိုက်တယ်။ ဆရာမ ပြောတဲ့ **ယုဂန်ဗွေစွန်းမှာ** ဆိုတာက အထွဋ်အထိပ်တစ်ခု ကို ဆိုလိုတယ်လို့ ကျွန်တော် တွေ့ရှိရတယ်။ အစွန်းနှစ်ဖက် ပေါ့။ အဲဒါက ဘာလဲဆိုတော့ လူတစ်ယောက် အထူးသဖြင့် မိန်းကလေးတစ်ယောက်မှာ လိုချင်ဆန္ဒတွေ ပေါ်ပေါက် လာတဲ့အခါ၊ တပ်မက်မှုတွေ အစွန်းရောက်သွားတဲ့အခါမှာ ကျေးဇူးတရားလည်း မသိ တော့ဘူး။ အသိဉာဏ်လည်း မရှိတော့ဘူး။ စာနာထောက် ထားမှုတွေလည်း မရှိတော့ ဘူး။ အရှက်အကြောက် ဣန္ဒြေသိက္ခာတွေလည်း မရှိ တော့ဘူး။ အဲဒါလေးတွေကို ဆရာမ ရေးထားတာ အရမ်း ရသပေါ်လွင်ပါတယ်။ ကျွန်တော်က အရုပ်နဲ့ပြရင် ကောင်းမှာပဲလို့ စိတ်ကူးရပြီး ဗီဒီယိုကားအဖြစ်ရိုက်ဖြစ် သွားတာပါ။

**ယုဂန်ဗွေစွန်းမှာ အိမ်ဖော်မိန်းကလေးက ပထမ အိမ်ရှင်အဘွားကြီးကို သူ စားချင်နေတဲ့ မတည့်တဲ့အစာ တွေ ကျွေးပြီး သေစေတယ်။ အဘွားကြီး မရှိတော့တဲ့အခါ ကျန်တဲ့အတိုးကြီးကို အပိုင်စီး တယ်။ နောက်တစ်ခါ သား ရောက်လာပြန်တော့လည်း သားကို ကြိုးစည်ပြန်တယ်။ အဲဒီလို နေရာမျိုးမှာ အိချောပို ကို ဘာကြောင့် သုံးဖြစ်တာ လဲ။**

နံပါတ်တစ်က ဒီအိမ်ဖော်မိန်းကလေးက သူ့ရဲ့အလှနဲ့ ဆွဲဆောင်ရမှာဖြစ်တဲ့အတွက် ကိုယ်လုံးကိုယ်ပေါက်၊ အရုပ် အမောင်းရှိတဲ့မိန်းကလေးမှ ဆွဲဆောင်မှုရှိမယ်လို့ ထင် တယ်။ ပြီးတော့ ဒီကားမှာ မိန်းကလေးက ဗီလိန်လုပ်ရ မှာဆိုတော့ အိချောပိုကို ပွင့် ပွင့်လင်းလင်းပဲ ပြောထား တယ်။ လုပ်ရမယ့်ဇာတ်ရုပ် ကတော့ ဗီလိန်ပဲ။ ဒါပေမဲ့ ဇာတ်က ကောင်းတယ်။ မင်း လုပ်သင့်တယ်လို့။ အိချောပို ကလည်း ကျွန်တော့်အပေါ်မှာ ယုံကြည်မှုရှိတာကြောင့် လုပ် မယ်ဆိုပြီး ရိုက်ဖြစ်ခဲ့တာပါပဲ။

**ဒီဇာတ်လမ်းမှာ အမျိုး သားသရုပ်ဆောင်နှစ်ယောက် ရှိတဲ့အထဲမှာ အဖေနေရာက ပိုပြီးအဓိကကျတယ်လို့ ယူဆ လို့ရတယ်။ ဒါကို လူမင်းက အဖေနေရာမယူဘဲ ကိုဇင်ဝိုင်း ကို ပေးထားတယ်။ ကိုယ် တိုင်ကတော့ သားနေရာကပဲ သရုပ်ဆောင်ထားတယ်။ တကယ်ဆိုရင် လူမင်းက အဖေနေရာနေပြီး လူငယ်မင်း သားတစ်လက်နဲ့ တွဲလိုက်ရင် လည်း ရတာပဲ မဟုတ်လား။**

အဲဒါကတော့ နှစ် ကြောင်းရှိပါတယ်။ တစ်က တော့ ကျွန်တော်က ဒါရိုက် တာပိုင်းကို ပိုပြီးအာရုံစိုက်ချင် တယ်။ နောက်တစ်ကြောင်း ကတော့ ကျွန်တော်ရယ်၊ ကို မီးပွားရယ်၊ ဦးစိုးမိုးရယ်၊ ကိုဌေး(ဇင်ဝိုင်း)ရယ် နေပြည် တော်ကို ခရီးသွားကြတယ်။ ကားပေါ်မှာ သူ ကြိုက်တဲ့ ဇာတ်၊ ကိုယ် ကြိုက်တဲ့ဇာတ် တွေကို ပြောဖြစ်ကြတော့ ကျွန်တော်က ဒီဇာတ်ကို ပြော ဖြစ်တယ်။ ဒီတော့ ကိုဌေးက အဲဒီဇာတ်ရိုက်ရင် ငါ့ကို ခေါ် စမ်းပါကွာ။ ပီပီပြင်ပြင်၊ ပက် ပက်စက်စက် လုပ်ပြချင်လို့





www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆာအဖွဲ့က ဖြန့်ပြီးကြပ်
မတ်တော့မယ်လို့ ပြောထား
တယ်။ အခု ဇာတ်ကားက
ဘယ်လိုပဲဖြစ်ဖြစ် အဖေနဲ့ မှား
တဲ့အခန်း၊ သားနဲ့မှားတဲ့အခန်း
တွေ မဖြစ်မနေပါရတော့မယ်။
ဒါရိုက်တာတစ်ယောက်အနေ
နဲ့ ဘယ်လောက်သတိထားပြီး
ရိုက်ခဲ့သလဲ။

ကျွန်တော်ရိုက်ခဲ့တဲ့ ဗူ
ဖော်လောင်ဖက် ဗီဒီယိုကား
က မြန်မာကားစစ်စစ်ပါ။
ကားမရိုက်ခင်ကတည်းက
ဂီတမှူး ကိုခင်မောင်ကြီးကို
ဇာတ်ကြောင်းလေးပြောပြီး
မြန်မာသံစစ်စစ် သီချင်းငေ
ခိုင်းထားတယ်။ နောက်ခံတီး
လုံးကိုလည်း မြန်မာသံပဲ သုံး
ပါတယ်။ အိမ်ကြီးကအစ
ဗမာဆန်တဲ့၊ ရှေးဆန်တဲ့အိမ်
ကြီးကို သုံးထားတယ်။

ရိုက်ကူးပြီးသွားပြီဆို
တော့ ဘယ်တော့လောက်
ထွက်နိုင်မယ်လို့ မှန်းထားလဲ။

အခု တည်းဖြတ်တဲ့
အဆင့်ကို ရောက်နေပါပြီ
ကျွန်တော်က ဗီဒီယိုကားဆို
ပေမဲ့ ရုပ်ရှင်ကားကြီးတ



ပါလို့ ပြောတယ်။ အဲဒီလို
ကိုဋ္ဌေးက Request လုပ်ခဲ့တာ
ကြောင့် ကိုဋ္ဌေးကို အဖေနေရာ
မှာ ထားဖြစ်ခဲ့တာပါ။

လောလောဆယ်မှာ
မြန်မာဗီဒီယိုကားတွေက
မောင်နဲ့နှမ၊ သားနဲ့အမိ ကြည့်
ဖို့မသင့်တဲ့အခန်းတွေ ထည့်
ရိုက်နေကြတာကြောင့် ဒီဇင်
ဘာလ ၁ ရက်နေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားလို အဆင့်မြင့်မြင့် ရိုက်ထားတယ်။ ကင်မရာကလည်း Black Magic ကင်မရာနဲ့ ရိုက်ထားတာဆိုတော့ တည်းဖြတ်တဲ့အပိုင်းမှာ နည်းနည်းလေး အချိန်ယူရဦးမယ်။ ဒီကားက ပညာပေးကားလို့ ကျွန်တော် ပြောချင်တယ်။ အများအားဖြင့် ကျွန်တော်တို့ မြန်မာဇာတ်လမ်းတွေမှာ အိမ်ဖော်မလေးတွေဟာ အနှစ်နာခံကြရတဲ့ သူတွေချည်းပါပဲ။ ဒီဇာတ်လမ်းမှာ ထူးဆန်းတာက တောက လာတဲ့အိမ်ဖော်မလေးဆိုပေမဲ့ အစွယ်ကတော့ မသေးဘူး။ နောက်ပြီး နာမည်ကိုလည်း **ကူဖော်လောင်ဖက်** လို့ ပြောင်းပေးထားတယ်။ နာမည်ပြောင်းပေးလိုက်တာက **ယုဂန်ဖွေစွန်းမှာ** ဆိုရင် ဒီခေတ်ကလေးတွေက ရုတ်တရက် နားလည်မှာ မဟုတ်ဘူး။ **ကူဖော်လောင်ဖက်** ဆိုတာကတော့ ကျွန်တော်တို့ နှုတ်ကျိုးပြီးသားစကားဖြစ်တဲ့အတွက် အားလုံးနားလည်နိုင်တယ်။ ပြီးတော့ အဲဒီစကားမှာ အဓိပ္ပာယ်ပါနေတယ်။ အိမ်တစ်အိမ်မှာအဖော်ရဖို့အတွက်၊ အကူရဖို့အတွက် ခေါ်တာ ဖြစ်ပေမယ့် တစ်အိမ်လုံးကို လောင်မြိုက်စေတယ်ဆိုတဲ့ မက်ဆေ့ချ်ကိုလည်း ပေးထားပါတယ်။

❑

**ကူဖော်လောင်ဖက်** ကို အောင်သီရိက ဖြန့်ချိလိုက်တဲ့ အခါမှာသရုပ်ဆောင်၊ ဒါရိုက်တာ လူမင်းရဲ့ အစွမ်းအစကို ကြည့်ရမှာဖြစ်တဲ့အပြင် ဇီလိန် အဖြစ် လုပ်ရဲတဲ့ အိချောပိုရဲ့ အနုပညာစွမ်းအားကိုလည်း ကြည့်ကြရမှာဖြစ်တာကြောင့် **ကူဖော်လောင်ဖက်** ကို စောင့်ကြည့်ကြရင်း အိမ်ရှင်မများ သင်ခန်းစာယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

■ **မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ဖခင်ဖြစ်သူက
အသက် ၅၇ နှစ်အရွယ်မှာ
ကွယ်လွန်ခဲ့တာကြောင့်
ကျွန်တော်ကလည်း
အသက် ၅၇ နှစ်ဆိုရင်
သေတော့မယ်လို့
စိတ်အစွဲ ရှိခဲ့ဖူးပါတယ်။
အဲဒီအကြောင်းကို
ကျွန်တော်နဲ့
ညီအစ်ကိုလိုဖြစ်နေတဲ့
ဒါရိုက်တာ
စည်သူကြည်စိုးထွန်းနဲ့
စကားလက်ဆုံကျတိုင်း
ပြောဖြစ်တာကြောင့်
ကိုကြည်စိုးက
'မသေနဲ့ဦးဗျ။ ကျုပ်တို့
လုပ်စရာတွေ အများကြီး
ရှိသေးတယ်'လို့
ဆိုတတ်ပါတယ်။
၅၇ နှစ်ကို ကျော်လာပြီး
၆၈ နှစ်ပြည့်သည့်
တိုင်အောင် ဘုရားသခင်ရဲ့
အမိန့်တော်ကို
မခံရသေးတာကြောင့်
လုပ်သင့်လုပ်ထိုက်တယ်
ထင်တာတွေကို
ခွန်အားရှိသလောက်
စွမ်းဆောင်ပေးနေပါတယ်။
ကိုကြည်စိုးထွန်းနဲ့
တွေ့တိုင်း
သက်တူရွယ်တူတွေဖြစ်လို့
ကျွန်တော်တို့ခေတ်က
သရုပ်ဆောင်တွေအကြောင်း၊
ရုပ်ရှင်ကားတွေအကြောင်း
ပြောဖြစ်ဆိုဖြစ်ကြပါတယ်။
တစ်ရက်မှာတော့
နှစ်ယောက်သား
စကားစပ်မိကြရင်း
တစ်ခေတ်တစ်ခါက
နာမည်ကြီး
သရုပ်ဆောင်တစ်ဦးဖြစ်ပြီး
၁၉၈၈ ခုနှစ်
အရေးအခင်းပြီးချိန်



ထူးချွန်ဆု နှစ်ဆုရ ထပ်ဆင့်အကယ်ဒမီ အေးအေးသင်း

# မီမာယာ သို့မဟုတ် အေးအေးသင်းနှင့် တွေ့ဆုံခြင်း

**ဝင်းငြိမ်း**

သူ့ခြံဝမှာ 'ဆရာကြီး မင်းသိခ် တပည့်
ဆရာမ မေသုခ(ထပ်ဆင့်အကယ်ဒမီ အေးအေးသင်း)
သင့်အခက်အခဲကို ဟောပြောကူညီနေပါသည်'လို့
ဆိုင်းဘုတ်ချိတ်ထားပြီး တိုက်အဝင်အဝမှာတော့
'နန္ဒာအေး အေးရိပ်သာ'လို့
ဆိုင်းဘုတ်ချိတ်ထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခုနှစ်က 'မာယာတောင်ရှောက်' ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ရရှိစဉ် ဆုချီးမြှင့်ပွဲမှာ ညွန့်ဝင်း၊ ဒေါက်တာကျော်ဝင်းတို့နဲ့အတူ တွေ့ရပုံ

နဝတအစိုးရလက်ထက်မှာ ရုပ်ရှင်ရိုက်ခွင့် ပိတ်ပင်ခံခဲ့ရတဲ့ ထပ်ဆင့်အကယ်ဒမီ အေးအေးသင်းအကြောင်း ပြောဖြစ်ကြပါတယ်။ ကျွန်တော်က အေးအေးသင်းအကြောင်းကို ရွှေအမြုတေမှာ ဖော်ပြချင်သလို သူကလည်း MRTV-4 ကနေ တင်ဆက်ချင်ပါသတဲ့။ မော်ဘီမှာ နေတယ်ဆိုတာက လွဲရင် လိပ်စာအတိအကျ မသိတာမို့ ဆက်သွယ်ရခက်လှပါတယ်။ ကျွန်တော် အားမယ့်တစ်ရက်မှာ ကိုကြည်စိုးထွန်းကို အေးအေးသင်းဆီ သွားရအောင်ဗျာ၊ ခင်ဗျား လိပ်စာရအောင် ရှာစမ်းပါ ဆိုတော့ သူက တာဝန်ယူလိုက်ပါတယ်။ သူ့တပည့်ရှုတင်မန်နေဂျာ ကိုဖိုးချိုကို တာဝန်ပေးပြီး ရှာခိုင်းလိုက်ပါတယ်။

အေးအေးသင်းရဲ့လိပ်စာကို သိပါပြီ။ ဆရာ မင်းသိခ်ခြံမရောက်ခင်မှာ ရှိပါတယ်။ ဒါပေမဲ့ ကိုယ်က အုံနဲ့ကျင်းနဲ့ သွားပြီးခါမှ သူက အဲဒီအကြောင်းတွေ မပြောချင်တော့ပါဘူးဆိုရင် အခက်တွေ့နိုင်တာမို့ ကိုဖိုးချိုကို တစ်ရက် ကြိုလွှတ်လိုက်ပြီး မနက်ဖြန်မှာ လာကြမယ်ဆိုတဲ့အကြောင်း အကြောင်းကြားခိုင်းပါတယ်။

ဒေါ်အေးအေးသင်းက ဝမ်းသာအားရ လာကြပါလို့ ဆိုတာကြောင့် ဩဂုတ်လ ၂၄ ရက်နေ့ မနက်က သွားဖို့ ချိန်းဖြစ်ကြပါတယ်။ ကိုကြည်စိုးထွန်း အိမ်ရှိရာ မြောက်ဒဂုံကို ကျွန်တော်က မနက် ၈ နာရီ အရောက်သွားပြီး မနက် ကျွေးတဲ့ ဆီထမင်း၊ ကော်ဖီတို့ကို နံနက်စာအဖြစ် စားသုံးပြီးမှ ထွက်ကြပါတယ်။ ဒေါ်အေးအေးသင်း ဆိုတာကြောင့် ဒါရိုက်တာကတော် မနုကလည်း သူပါ လိုက်မယ်ဆိုတဲ့အတွက် ကျွန်တော်နဲ့ ကိုကြည်စိုးထွန်းက ကျွန်တော့်ကားနဲ့ သွားကြပြီး မနုတို့က ကိုကြည်စိုးထွန်းကားနဲ့ ထွက်ကြပါတယ်။ MRTV-4 အတွက် ရိုက်ကူးမယ့် စက်အဖွဲ့သားတွေကတော့ သူတို့ရုံးကားနဲ့ လာကြပါတယ်။

ဒေါ်အေးအေးသင်းတို့ ခြံရှိရာကို ဝင်ရမယ့်ထိပ်မှာ ဆင်ကြီးနှစ်ကောင် ရုပ်တုနဲ့ ဖြစ်လို့ အဲဒီရှေ့မှာပဲ ကားသုံးစီး ချိန်းကာ ဝင်လိုက်ကြပါတယ်။ ဒီတစ်ဝိုက်မှာလည်း ရန်ကုန်က သူဌေးတွေ မြေဘယ်လောက်လာဝယ်သလဲ ဆိုရင် ကားရပ်ပြီး ဆက်သွားရမယ့်နေရာ မေးမှာကိုပဲ 'မြေဝယ်ချင်လို့လား' လို့ အမေးခံရတဲ့အထိပါပဲ။

ဒေါ်အေးအေးသင်းရဲ့ တစ်ထပ်တိုက်ကလေးရှိရာ ခြံဝကို ရောက်ခဲ့ပါပြီ။ သူ့ခြံဝမှာ 'ဆရာကြီး မင်းသိခ် တပည့် ဆရာမ မေသုခ(ထပ်ဆင့်အကယ်ဒမီ အေးအေးသင်း) သင့်အခက်အခဲကို ဟောပြောကူညီနေပါသည်' လို့ ဆိုင်းဘုတ်ချိတ်ထားပြီး တိုက်အဝင်အဝမှာတော့ 'နန္ဒာအေး အေးရိပ်သာ' လို့ ဆိုင်းဘုတ်ချိတ်ထားပါတယ်။ ဒေါ်အေးအေးသင်းခများ ဘဝမှာ အပူမီးတွေကြောင့် အေးရိပ်ကို တမ်းတနေပုံရပါတယ်။

တိုက်ထဲကို ဝင်လိုက်ချိန်မှာ ခမ်းခမ်းနားနား ပြင်ဆင်ထားတဲ့ ဘုရားခန်းကို တွေ့ရပါတယ်။ နံရံဘက်မှာ ဆရာကြီး မင်းသိခ် ပန်းချီပုံတူနဲ့ 'ဘာပူနေသလဲ အဘ ရှိနေပြီပဲ' လို့ ရေးသားထားတဲ့ ပန်းချီကားကို တွေ့ရပါတယ်။

ညာဘက်က အခန်းထဲမှာတော့ ဖြူစင်သန့်ပြန့်တဲ့ အိပ်ရာထက်မှာ ယောဂီဝတ်နဲ့ ဝတ်ပြီး ထိုင်နေတဲ့ တစ်ခေတ်တစ်ခါက နိုင်ငံကျော်ရုပ်ရှင် မင်းသမီး ဒေါ်အေးအေးသင်းကို တွေ့ရပါတော့တယ်။ ဒေါ်အေးအေးသင်းက 'ကိုဝင်းငြိမ်း တအားဝလာတယ်နော်၊ အရင်က ပိန်ပိန်လေး' ဆိုတဲ့ စကားနဲ့ စတင်နှုတ်ဆက်ပါတယ်။

ကျွန်တော် အင်မတန် တွေ့ချင်နေတဲ့ ဒေါ်အေးအေးသင်းကို တွေ့လိုက်ရတော့ ကျောင်းသားဘဝကတည်းက တွေ့ဖူးချင်ခဲ့တဲ့ ဒေါ်ကြည်ကြည်ဌေးကို ဘဘ ဦးသု အိမ်မှာ ပထမဆုံးအကြိမ် တွေ့လိုက်ရသလို ကျေနပ် ပီတိဖြစ်မိပါတယ်။ ကိုယ်တိုင်က ခုနစ်ဆယ်ဝန်းကျင်ကို ရောက်ခဲ့ပြီဖြစ်လို့ သူ တစ်တွေလည်း ကျွန်တော် နည်းတူ ခုနစ်ဆယ်ဝန်းကျင် ရှိကြပြီပေါ့။

MRTV-4 အဖွဲ့သားများက စက်ပစ္စည်းများ ပြင်ဆင်နေကြချိန်မှာ ကိုကြည်စိုးထွန်းက ဒေါ်အေးအေးသင်းနဲ့ ရာလေးပါး ပြောနေပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ခေါင်းထဲမှာ ဘာက စ,မေးရင်ကောင်းမလဲလို့ မေးခွန်းများ စီနေပါပြီ။ အေးအေးသင်းဆိုတာ ရုပ်ရှင်လောကမှာ လျှမ်းလျှမ်းတောက်ခဲ့တဲ့ မင်းသမီးတစ်ယောက်။ သူ့အပေါ် နှုတ်ခမ်းညာဘက်မှာ ရှိတဲ့ မှဲ့နက်တစ်လုံးက သူ့မျက်နှာကို ပိုပြီး ခန့်ကျော့စေခဲ့ ပါတယ်။ ၁၉၇၁ ခုနှစ်က ဒါရိုက်တာ အောင်လွင် ရိုက်ကူးခဲ့တဲ့ **မာယာထောင်ချောက်**၊ ၁၉၇၃ ခုနှစ်က ဒါရိုက်တာ မောင်သူ ရိုက်ကူးခဲ့တဲ့ **ဓာခန်းဆီးနောက်ကွယ်မှာ** ရုပ်ရှင်ဇာတ်ကားများနဲ့ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု ဆွတ်ခူးခဲ့သူပါ။ ဒါရိုက်တာ ဝင်းဦးရိုက်ကူးခဲ့တဲ့ **ဆောင်းအိပ်မက်** ဇာတ်ကားမှာလည်း အေးအေးသင်းရဲ့သရုပ်ဆောင်မှုများက ထူးချွန်ပြောင်မြောက်ခဲ့ပေမဲ့ အကယ်ဒမီဆုနဲ့ လွဲခဲ့ပါတယ်။

နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့နေ့ကြီး လေးနေ့ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့တို့မှာ ပွဲတော်ကြီးများကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းထဲမှာ ကျင်းပလေ့ ရှိပါတယ်။ ဇာတ်ပွဲများ၊ ကြည့်ချင်ပွဲများ၊ ဆပ်ကပ်၊ ရိုးရာလက်ဝှေ့ပွဲ၊ ဌာနဆိုင်ရာ ပြခန်းများ၊ ပုဂ္ဂလိက အရောင်းဆိုင်များ၊ ကြိတ်ကြိတ်တိုး စည်ကားတဲ့အထဲမှာ ဂီတအစည်းအရုံးနဲ့ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းတင်ဆက်တဲ့ ဂီတပဒေသာ ပွဲကတော့ ဆယ်ကျော်သက်များကို ဆွဲဆောင်နိုင်မှု အရှိဆုံးပါ။ တေးသရုပ်ဖော် တင်ဆက်မှုများ ပါဝင်ပါတယ်။ တစ်နှစ်မှာ အေးအေးသင်း ဦးဆောင်တဲ့ **အိုဘယ့် တဏှာ မိမာယာ** တေးသရုပ်ဖော်ကို တင်ဆက်ပါတယ်။ နောက်ခံအဆို မာမာအေး ဖြစ်ပြီး အေးအေးသင်းက မိမာယာအဖြစ် အကောင်းဆုံး သရုပ်ဖော်သွားခဲ့တာကို မှတ်မိနေပါတယ်။

ကိုကြည်စိုးထွန်းက အလိုက်သိစွာနဲ့ ကိုဝင်းငြိမ်း စ,မေးပါလို့ ဆိုပါတယ်။ သူက ရုပ်မြင်သံကြားအတွက် မေးမှာဆိုတော့ တချို့အကြောင်းအရာတွေကို ကွေ့ဝိုက်ပြီး ချန်ထားမယ့်အနေအထား ရှိပါတယ်။ ဒါကြောင့် ကျွန်တော် မေးချင်တာကပဲ စ,မေးလိုက်ပါတယ်။

❑

၁၉၈၈ ခုနှစ် အရေးအခင်းကာလပြီးတဲ့နောက်မှာ သရုပ်ဆောင်တချို့ကို ရုပ်ရှင်ရိုက်ခွင့်မပေးတော့ဘဲ ပိတ်ပင်ထားခဲ့တယ်။ အဲဒီလိုပိတ်ပင်ခံရတဲ့ သရုပ်ဆောင်တွေထဲမှာ လေးလေး ဦးထွန်းဝေနဲ့ အစ်မကတော့ လုံးဝအညွှဲမခံဘဲ လက်မှတ်မထိုးတာကြောင့် အသက်မွေးဝမ်းကျောင်းအတွက် တစ်နည်းပြောရရင် ကိုယ့်ဝါသနာကို



နှပျိုစဉ်က အေးအေးသင်းရဲ့ဟန်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွေးကြောကျဉ်းရောဂါ ခံစားနေရတဲ့ ဒေါ်အေးအေးသင်း

**ဝိတ်ပင်ခံခဲ့ကြတယ်။ အဲဒီကာလတုန်းက အစ်မ ကြုံခဲ့ရတဲ့အခက်အခဲတချို့ကို ပြောပြလို့ရမလား။**

အခက်အခဲလို့ ပြောရင် အခက်အခဲပဲပေါ့။ အစ်မကတော့ အခက်အခဲ လုံးဝမရှိဘူးလို့ ကိုယ့်ကိုယ်ကို သတ်မှတ်လိုက်တယ်။ လုပ်ကိုင်ပေးမယ့်သူကလည်း မရှိဘူးလေ။ လာပါစေ ဘယ်လိုအခက်အခဲဖြစ်ဖြစ် ရင်ဆိုင်မယ်လို့ အောက်မေ့လိုက်တယ်။ အစ်မမှာ ဆွေမျိုးရင်းချာဆိုလို့ မောင်လေးတစ်ယောက်ပဲ ရှိတယ်။ ကိုယ့်မှာ အလုပ်မလုပ်ရတော့ဘူးဆိုတော့ ဝင်ငွေက မရှိတော့ဘူး။ ဆုပ်ဆုပ်ခဲခဲ စုဆောင်းထားတာကလည်း မရှိဘူး။ အဲဒါနဲ့ မောင်လေးကိုပဲ အစ်မကို တစ်လှည့်ကြည့်ဦးလို့ ပြောရတယ်။ မောင်လေးကလည်း ချမ်းသာလို့တော့ မဟုတ်ဘူး။ သူက တက္ကစီမောင်းတာ။ သူ ရတဲ့ဝင်ငွေလေးထဲက အစ်မကို တစ်သောင်း သွားပေးဦး၊ နှစ်သောင်း သွားပေးဦးနဲ့ ထောက်ရှာတယ်။

ပထမပိုင်းကတော့ လက်ဝတ်လက်စားလေးတွေ တစ်ခုထုလိုက်၊ စားလိုက်၊ နောက်တစ်ခုထုလိုက်၊ စားလိုက်နဲ့ပေါ့။ နောက်ဆုံးတော့ ဘာမှ ရောင်းစရာ မရှိတော့ဘူး။ တစ်ခါတလေလည်း မောင်လေး ချေးငှားပေးတဲ့ ငွေတိုးပေးရတဲ့ ပိုက်ဆံနဲ့ စားရတာပဲ။ အဲဒီလို ရပ်တည်လာခဲ့တာ။

အခု မကျန်းမာတော့လည်း မောင်လေးနဲ့တကွ ဟို တစ်ချိန်တုန်းက စောင့်ရှောက်ထားခဲ့တဲ့ မွေးစားသားလို ကလေးနှစ်ယောက် ရှိတယ်။ အဲဒီကလေးတွေက အခု ကြီး ပွားနေတယ်။ တစ်ယောက်က ကျူရှင်ဆရာကလေးပါ။ ဟိုတုန်းကတော့ ကိုယ် ကျောင်းထားခဲ့တဲ့ ကလေးတွေပေါ့။ အဲဒီကလေးနှစ်ယောက်က အခု ထောက်ပံ့ကြတယ်။ သူတို့က တစ်လငါးသောင်းစီ ထောက်ပံ့ကြတော့ တစ်လကို တစ်သိန်းရတယ်ပေါ့။ အဲဒါအပြင် ဟိုကဒီက လာလှူကြတဲ့ ငွေကလေးတွေလည်း ရပါတယ်။

မကျန်းမမာဖြစ်လာတော့ ဆရာတော်က နှစ်သိန်းထုတ်ပေးတယ်။ ဆရာတော်ရဲ့ဒကာမတစ်ယောက်က သုံးသိန်းထုတ်ပေးတယ်။ ဟိုကဒီက ပေးကြတာနဲ့ စုလိုက်တော့ ဆယ်သိန်းလောက် ရတယ်။ အဲဒီပိုက်ဆံနဲ့ ဆေးရုံတက်လိုက်တယ်။ ပိုက်ဆံဆယ်သိန်းကလည်း နှစ်လလောက်ပဲကြာတယ်၊ ကုန်သွားရော။

မောင်လေးရေ ဘယ်လိုလုပ်ကြမလဲဆိုတော့ မောင်လေးက အိမ်ပေါင်မယ်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မပေါင်နဲ့၊ ငါ စည်းတစ်ခုတော့ ကျန် ဆိုပြီး ညစောင့်အိမ် လေးကို နောက်ဆုံး ဆွဲကြိုးတစ်ကုံး လေးလိုက်ပြီး ရောင်းခိုင်း တယ်။ မောင်လေးက အိမ်ပေါင်ပြီး ပိုက်ဆံ တယ်။ ဒီမှာကလည်း ရောင်းပြီးသား ပိုက်ဆံ တော့ နင့်အိမ်ကို ပြန်ရွေး ပြီး ပေးလိုက်တယ်။

ဆရာဝန်နဲ့ တွေ့တဲ့အခါ တော့ ဆရာဝန်က 'ဒေါ် ဒီရောဂါက ဆေး ရုံနဲ့ ပျောက်မှာမဟုတ် ခွဲစိတ်ကုသရလိမ့်မယ် ဘယ်လိုဘယ်လိုဆိုတာ အသေးစိတ် ရှင်းပြပါ၊ ကုန်ကျစရိတ်က အနည်းဆုံး သိန်း ၃၀ ၃၅ သိန်းလောက်အထိ သိမ့်မယ်တဲ့။ ဆရာရယ် ၃၀ မပြောနဲ့။ အခု ဆေးရုံကို ပေးစရာရှိ ငွေ နှစ်သိန်းရှစ်သောင်းကို မပေးနိုင်လို့ ကျွန်မ က အိမ်ကို ပေါင်ပြီး တဲ့ပိုက်ဆံနဲ့ ပေးရမှာ ဒါကြောင့် ကျွန်မက ခွဲ စိတ်တာ မလုပ်ပါရစေနဲ့ တော့ ဆရာက ခင်ဗျားတို့ ရှင်သမားတွေကရော မကူ ကြဘူးလားလို့ မေးတယ်။ ဆရာရယ် တချို့လည်း လှူကြပါတယ်။ ဆေးရုံ ကို ပေးစရာရှိတဲ့ ပိုက်ဆံ ဒီနေ့ ပြီးရင် ကျွန်မ ဆင်းပါရ ဆိုတော့ ဆရာဝန်က ဆင်း မပေးနိုင်ဘူးတဲ့။ ဆင်းခွင့် ပေးလည်း ကျွန်မကတော့ ဆင်းရမှာပဲ။ ကျွန်မကိုယ်တိုင် နာလိုက်ပြပြီး အကျိုး

> အခု ကျွန်မ
> ဆေးရုံကို
> ပေးစရာရှိတဲ့
> ငွေ နှစ်သိန်း
> ရှစ်သောင်း
> ကိုတောင်
> မပေးနိုင်လို့
> ကျွန်မမောင်က
> အိမ်ကိုပေါင်ပြီး
> ယူလာတဲ့ပိုက်ဆံနဲ့
> ပေးရမှာပါ
> ဒါကြောင့်
> ကျွန်မက
> ခွဲတာစိတ်တာ
> မလုပ်ပါရစေနဲ့
> ဆိုတော့
> ဆရာက
> ခင်ဗျားတို့
> ရုပ်ရှင်သမားတွေ
> ကရော
> မကူညီကြဘူး
> လားလို့
> မေးတယ်

အကြောင်းပြောပြတော့မှသာ လှူချင်တဲ့သူကလည်း လှူ ကြလိမ့်မယ်။ ကျွန်မမျက်နှာ မြင်မှ ကျွန်မ အပေါင်းအသင်း တွေက ပေးမှာ။ ကျွန်မ ထွက်ရှာပါရစေ။ ဒီတော့မှ ဆရာဝန်က အစ်မကို လက် လျှော့လိုက်ပြီး ဆင်းခွင့်ပေး လိုက်တယ်။

**အဲဒါ ဘယ်ဆေးရုံလဲ အစ်မ။**

မြောက်ဥက္ကလာပဆေးရုံ ပါ။ သွားတာကတော့ မော်ဘီ ဆေးရုံကို သွားတာပါ။ မော် ဘီဆေးရုံက မြောက်ဥက္ကလာပ ဆေးရုံကို ပို့ပေးလိုက်တာ။ အိမ်ရောက်လို့ တစ်ပတ် လောက်ရှိသေးတယ်၊ ရင် ဘတ်ထဲက အရှိမ်းကို အောင့် လာတယ်။ ဒါနဲ့ မြောက်ဥက္က လာပဆေးရုံကို ပြန်ပြေးရ တယ်။ ဆရာဝန်က ဒေါ်အေး ခင်ဗျား မပေါ့နဲ့၊ ဒါမျိုးက ရုတ်တရက် သေသွားနိုင် တယ်တဲ့။ သူက အစ်မ သက် သာသွားအောင် ချက်ချင်း အောက်ဆီဂျင်တပ်ပေးပါ တယ်။ ဆေးရုံပေါ် ရောက် နေပေမဲ့ လူက ဘယ်မှာ ပိုက်ဆံရှာရမလဲ စဉ်းစားနေ တာ။ ရုပ်ရှင်အစည်းအရုံးက သိသွားတော့ ဝိုင်းပြီး လှူ လိုက်ကြတာ ငါးသိန်းရ တယ်။ အောက်ဆီဂျင် အတွက် ရှင်းရတာကိုက ငါး သိန်းရှစ်သောင်း ရှိတယ်။ ခွဲ တာတော့ အစ်မက မခွဲဘူး။ ကိုယ်မှ မတတ်နိုင်ဘဲကိုး။ အဲဒါနဲ့ ဆရာဝန်က အောင့် ရင် သောက်ဖို့ ဆေးညွှန်းပေး တယ်။ အဲဒီဆေးက တစ်ခါ တလေလည်း သုံးလေးလုံး လောက် ငုံရတယ်။ တစ်ခါ တလေလည်း တစ်ကတ် လောက် ကုန်သွားတယ်။ သူ ကလည်း ခဏပဲ ကောင်း တာပါ။

**အစ်မ အဲဒီတုန်းက ပေါင်တယ်ဆိုတဲ့ အိမ်က ဘယ်က အိမ်လဲ။**

သာကေတက အိမ်ပါ။ အဲဒီအိမ်က မောင်နှမနှစ် ယောက် ပိုင်တာလေ။ ဆရာ တော်ကို လျှောက်တော့ ဆရာ တော်ကလည်း ပိုက်ဆံထပ် ပေးပါတယ်။ ဒါပေမဲ့ ကိုယ် လိုသလောက်တော့လည်း ဘယ်ပေးပါ့မလဲ။ ခွဲလည်း မခွဲဖြစ်ပါဘူး။ ဒီငုံဆေးက လေးနဲ့ သက်သာနေရာကနေ ဓာတ်ထိုးပြီး ရင်ဘတ်ထဲက အောင့်လာတာကြောင့် ငုံဆေး နဲ့ ဓာတ်ကြောတက်ပျောက် ဆေး(နျူရိုဗီယမ်)သောက် လိုက်တာ နာရီဝက်လောက် ကြာတော့ သွေးတွေ အန်လာ တယ်။ ထွေးခံတစ်ဝက် သုံး ခါလောက် သွန်ရတယ်။ အဲဒါနဲ့ မြောက်ဥက္ကလာပဆေး ရုံကို ရောက်ပြန်ရော။ အခု ဆင်းလာတာ သုံးလေးရက်ပဲ ရှိသေးတယ်။

(ကိုကြည်စိုးထွန်းက အားနာဟန်နဲ့ 'အစ်မချည်းပဲ ပြောမနေနဲ့။ ကျွန်တော်တို့ လည်းပြောဦးမှာ' လို့ ဆိုတဲ့ အတွက် ရယ်ဖြစ်ခဲ့ကြပါ တယ်။ ဒေါ်အေးအေးသင်း က ကျွန်တော် မေးတာကို ဆက်တိုက်ဖြေနေပေမဲ့ မော ဟန်မပြပါဘူး။ ငုံဆေး ငုံထား လို့ပါလို့ ဆိုပါတယ်။)

**အစ်မ ဒီခြံကြီးကို ဝယ် တာကတော့ အစ်မ ခင်ပွန်း ရှိစဉ်ကတည်းကလား။**

ဟုတ်တယ်။ သူ ရှိစဉ် ကတည်းက ဝယ်ထားတာ ပါ။ နှစ်ယောက်စလုံး အသက်ကြီးလာရင် ဒီခြံထဲမှာ နေကြမယ်။ စိုက်ပျိုးရေးတွေ လုပ်မယ်လို့ စိတ်ကူးခဲ့ကြ တာပေါ့။ ဒါပေမဲ့ သူဘက်က ဖောက်လာတော့ စိတ်ကူးခဲ့ တာတွေ ဘာမှ ဖြစ်မလာ တော့ပါဘူး။ သူနဲ့ကိုယ်နဲ့ လမ်းခွဲတဲ့အချိန်မှာ သူ့ကို အစ်မက ၁၀ နှစ်လုံးလုံး စောင့်ခဲ့တယ်။ သူ့ရဲ့အမူ အကျင့်တွေကို ပြုပြင်မလား ပေါ့။ ၁၀ နှစ်ကြာလို့ မပြင် တဲ့အဆုံးမှာတော့ ကဲ သွား တော့ ဆိုပြီး ရှိသမျှပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

တွေ တစ်ဝက်ခွဲမယ်ဆိုတော့ သူက မခွဲပါနဲ့တဲ့။ ကဲ မခွဲချင်ရင်လည်း ကျန်တဲ့ပစ္စည်းတွေရှင် ယူ၊ မှော်ဘီက ဒီခြံနဲ့ မှော်ဘီဈေးထဲက ဆိုင်ခန်း ၁၂ ခန်းကိုတော့ ကျွန်မ ယူမယ်။ ဒီအိမ်မှာ နေမယ်။ ဆိုင်ခန်းငှားခက စားဖို့ရမယ် ဆိုပြီး လမ်းခွဲခဲ့ကြတာ။ဆယ်ကေကျယ်တဲ့ ခြံကြီးအလယ်မှာ အစ်မတို့ နေဖို့ ဆောက်ထားတဲ့ တိုက်ရှိတယ်။ အဲဒီတိုက်ကိုလည်း ဆရာတော်ဆီ ရေစက်ချပြီး လှူလိုက်တယ်။ အခု ဒီနေရာလေးမှာ တိုက်ကလေးတစ်လုံး ပြန်ဆောက်ပြီး နောက်ဆုံးထွက်သက်အထိ နေသွားမယ်။ သေသွားရင်လည်း ကျန်ရစ်တဲ့ပစ္စည်းအတွက် ဖယောင်းရှုပ်မှာစိုးလို့ ဒီတိုက်ကိုလည်း မြေနဲ့တကွ ဆရာတော်ဆီ ရေစက်ချလှူပြီးပါပြီ။ ဒီနေရာမှာ တပည့်တော် တစ်သက်တော့နေခွင့်ပြုပါလို့ လျှောက်ထားပါတယ်။

**အစ်မဘဝမှာ ခြေနှစ်ချောင်းကို ကယ်မိလို့ ဒုက္ခရောက်တာကိုလည်း ကျွန်တော်တို့ ကြားဖူးပါတယ်။**

ခြေနှစ်ချောင်းမကပါဘူး ကိုဝင်းငြိမ်းရယ်။ အချောင်းပေါင်းများစွာကို ကယ်ခဲ့ဖူးပါတယ်။ နောက်ဆုံး ဆေးရုံတက်တဲ့အချိန်မှာတောင် အိမ်မှာ လာနေတဲ့ တူမကို သော့အပ်ခဲ့တယ်။ ပစ္စည်းတစ်ခု ရောင်းလိုက်တာ သိန်း ၄၀ ရတယ်။ ငါကတော့ သေမယ် ထင်တယ်။ တကယ်လို့ ငါ သေသွားရင် အဲဒီသေတ္တာထဲမှာ ပိုက်ဆံရှိတယ်။ အသုဘကိစ္စ

> သူ့ဘက်က ဖောက်လာတော့ စိတ်ကူးခဲ့တာတွေ ဘာမှ ဖြစ်မလာတော့ပါဘူး သူနဲ့ကိုယ်နဲ့ လမ်းခွဲတဲ့အချိန်မှာ သူ့ကို အစ်မက ၁၀ နှစ်လုံးလုံး စောင့်ခဲ့တယ် သူ့ရဲ့အမူအကျင့်တွေကို ပြုပြင်မလားပေါ့ ၁၀ နှစ်ကြာလို့ မပြင်တဲ့ အခဆုံးမှာတော့ ကဲ သွားတော့ ဆိုပြီး ရှိသမျှပစ္စည်းတွေ တစ်ဝက်ခွဲမယ် ဆိုတော့ သူက မခွဲပါနဲ့တဲ့

ဆောင်ရွက်ပြီးရင် ပိုတာကို နင်တို့ ခွဲဝေယူတာလည်း ယူ၊ ကျန်တာ ဆရာတော်ကို လှူလိုက်လို့ မှာခဲ့တယ်။ ဆေးရုံက ဆင်းလာလို့ အိမ်ရောက်တော့ ဘာမှ မရှိတော့ဘူး။ ငွေလည်း မရှိတော့ဘူး။ ရွှေလည်း မရှိတော့ဘူး။ ဆရာတော်ကို ခေါ်ပြတော့ ဆရာတော်က ဒကာမကြီး မှားတာပဲ။ ဘာဖြစ်လို့ သူတို့လက်အပ်ခဲ့ရသလဲတဲ့။ တပည့်တော်မှာ သူတို့ကိုမှ အားမကိုးရင် အားကိုးစရာ မရှိလို့ပါ။ ဆရာတော်က စားစရာ မရှိမှန်းသိလို့ ငွေ နှစ်သိန်း ထုတ်ပေးရှာတယ်။ သူ့ခိုးလက်ပါသွားဦးမယ်၊ သတိထားတဲ့။ ဆွေမျိုးတွေကလည်း နိုင်သလောက် လာပေးကြပါတယ်။ ဒါကြောင့် ကိုဝင်းငြိမ်း ပြောသလို အစ်မကတော့ လူတွေကို ကယ်ချင်နေတာပါပဲ။ အခုလည်း ကယ်ချင်တုန်းပဲ။ အခုက အားမတန်လို့ မာန်လျှော့နေရတာ။ မိသားစုလေးယောက် စားစရာ၊ သောက်စရာ ဘာမှ မရှိ ဒုက္ခရောက်နေတာ ရှိတယ်။ သားအဖနှစ်ယောက်က ဘုန်းကြီးကျောင်းမှာ ဘုန်းကြီး ဝတ်လိုက်ကြပြီး သားအမိနှစ်ယောက်ကတော့ သီလရှင်ကျောင်းမှာ သီလရှင်ဝတ်နေကြရသတဲ့။ ရင်ထဲမှာ မကောင်းလိုက်တာ။ ဒါပေမဲ့ ကိုယ်မှ မတတ်နိုင်တော့ဘဲကိုး။ အခုတော့ ကိုယ့်ကိုယ်ကိုပဲ ကောင်းအောင် ကြိုးစားပြီး နေရတာပေါ့။ အသက်ရှည်အောင် ကြိုးစားနေရတာပဲ။

**အစ်မ ဦးဝင်းဦးနဲ့ တွဲရိုက်ခဲ့တဲ့ 'ဆောင်းအိပ်မက်'တုန်းက အကယ်ဒမီ မမျှော်လင့်ခဲ့ဘူးလား။**

ထင်တော့ ထင်မထားခဲ့ပါဘူး။ အစ်ကိုနဲ့ ရိုက်ရတာက ဟိန်းဟောက်နေတော့ တစ်ချိန်လုံး ကြောက်နေရတယ်။ သူ့ရှေ့မှာ အိုက်တင်လုပ်ရတာ မှားများသွားမလားဆိုပြီး ကြောက်နေတာ။ ဇာတ်ဝင်ခန်းတစ်ခုမှာ ပိုက်ဆံအိတ်ကလေးကို ကြိုးကနေ လက်ဖျားမှာ ချိတ်ပြီး ဝှေ့ယမ်းရင်း လေ့ကားကို တက်ရမယ်။ 'နု ပြန်လာတာပါ မောင်ရဲ့၊ မောင့်ကို လွမ်းလွန်းလို့' ဆိုတဲ့ စကားကို ပြောရမှာ။ သူက ကြည့်နေတော့ အဲဒီလှေကားကွေ့က လေးရောက်ရင် ပြောရမယ့် စကားက မေ့ရော။ ခဏခဏ ရိုက်ရတော့ အစ်ကိုက စိတ်တိုလာတယ်။ အေးအေးသင်း နင် ဘယ်လိုဖြစ်နေတာလဲ။ အကယ်ဒမီ ရတယ်ဆို၊ ဘာ အကယ်ဒမီလဲ၊ နင် နာမည်ကြီးလို့ နင့်ကို ဒီနေရာမှာ ခေါ် ခိုင်းတာ။ ဘာဖြစ်တယ်၊ ညာ ဖြစ်တယ်နဲ့ ဆိုလိုက်ပြော လိုက်တာ ထိုင်ငိုရတဲ့အထိပဲ။ ငိုပါစေ၊ ထားလိုက်။ ငိုလို့ ဝပြီဆိုတော့မှ အေးအေးသင်း ရပြီလားတဲ့။ ရပြီ အစ်ကိုလို့ ငိုရင်းကနေ ပြောရတယ်။ စိတ်ထဲမှာလည်း ငါ ဘာဖြစ် လို့ ဒီစကားကို မပြောနိုင်ဖြစ် နေရတာလဲ တွေးနေမိတယ်။ အခုတော့ နားလည်သွားပြီ။ စကားက အသွားမပြေဘူး လေ။ မောင်...ခေါ်တာက အစ၊ နုပါ...မောင်ရဲ့၊ ဒါ လေးကိုပဲ ပြောရတာ။ အဲဒီ တုန်းကတော့ ကြောက်တာ ကလည်း ကြောက်၊ စကား ကလည်း မပြေဆိုတော့ မှား ပြီးရင်း မှားရင်းပေါ့။

ဇာတ်သိမ်းခန်းမှာ အလောင်းကို သေတ္တာထဲ ထည့်ထားရာက ဇာပဝါက အစညပ်နေလို့ အဖုံးဖွင့်လိုက် တာ အလောင်းက လက်ပါ ပါလာတာကိုး။ အဲဒီအခန်း ရိုက်မယ့်အချိန် ထုတ်လုပ်သူ သူဌေးက ရိုက်ကွင်းပေါ် ရောက်လာတယ်။ အစ်ကိုက သူ့ရိုက်ကွင်းပေါ်ကို လူစိမ်း တစ်ယောက်မှ လာတာ မကြိုက်ဘူး။ အဲဒီ လည်း ရှုတင်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ချက်ပစ်လိုက်တယ်။

ည်ပင်းညှစ်သတ် …အခန်းမှာဆိုရင်လည်း …ကို လည်ပင်းကို ညှစ် … မအေးကလည်း ရှင့် …ထက်အပ်မယ် ဘာညာ …ရတာပေါ့။ ‘မိန်းမများ …ကို များတယ်၊ သေမှ …တာပဲ’ဆိုပြီး အလောင်း …ပေါ်ထမ်း တိုက်လှေ … ဆင်းတာလေ။

*ဦးဝင်းဦး ရိုက်ကူးခဲ့ …* ***ဆောင်းအိပ်မက်*** *ဇာတ် …မှာ စာရေးဆရာကြီး …ကောဇ့်ရဲ့ လက်ရွေးစင် …တိုများထဲက Death is … ဆိုတဲ့ဝတ္ထု ဖြစ်ပါ … ဦးဝင်းဦးက တိုက် …ဘာသာပြန်ဆိုပြီး ရုပ်ရှင် … ရိုက်ကူးခဲ့တာပါ။ ဒေါ် …အေးသင်း ပြောတဲ့ …လောင်းကို ထမ်းလာပြီး …စီငှားတဲ့အခန်း၊ ကြို …ကို သွားချင်လို့ဗျာလို့ …လိုက်တဲ့အတွက် ယာဉ် …မောင်း ဦးဖိုးပါကြီးက …ကြောက်လန့်ပြီး ကားမောင်း …တဲ့အခန်းအထိ အကုန် … ပါပါတယ်။ ဒီကားမှာ …ဝင်းဦး ဖြည့်စွက်ရိုက်ကူး …တာက မပြီးသေးသော …ချီကား သီချင်းဆိုတဲ့ …ခန်းတစ်ခန်းသာ ပါဝင်ပါ …တယ်။ ဝင်းငြိမ်း)*

အစ်ကိုက စာလည်း …ဖတ်တာ။ တစ်ခါတလေ …မ်းလျှောက်ရင်းနဲ့ သူက …ကား ပြောသွားပြီး …တစ်ယောက်က လိုက်ရေး …ရတယ်။ တခြားအလုပ် … လုပ်နေရင်းနဲ့ စာလည်း …နိုင်တဲ့သူပါ။

ဦးဝင်းဦးနဲ့ အဲဒီကား တစ်ကားပဲ ရိုက်ခဲ့ဖူးတာလား။

နောက်တစ်ကား ရှိသေးတယ်။ **ငွေလှိုင်းစာပေါ်မှာ** ဆိုတဲ့ကားလေ။ အဲဒီကားမှာက မုဒိမ်းကျင့်ခံရတဲ့ အရူးမတစ်ယောက်အဖြစ် သရုပ်ဆောင်ရတာ။ အရူးမက မွေးလာတဲ့ကလေးက ကျော်စွာဝင်း ဖြစ်သွားတာ။ အဲဒီကားမှာ ကလေးမွေးတဲ့အခန်း၊ နို့တိုက်တဲ့အခန်းတွေကို တရုတ်တန်းမှာ ရှိတဲ့ လှေကားပုံစံမျိုး ဆက်တင်ဆောက်ပြီး ရိုက်ခဲ့တယ်။

**ဘယ်စတူဒီယိုမှာလဲ။**

စိန်မောင်ခြံပဲ ဖြစ်မယ်ထင်တယ်။ အစ်ကိုက စိန်မောင်ခြံမှာပဲ ရိုက်တာ များတယ်လေ။ ကလေးမွေးတဲ့အခန်းဆိုရင် ဘယ်သူမှ မဝင်ရဘူး။ မီးထိုးတဲ့သူက ချိန်ပြီးရင် အပြင်ထွက်၊ အားလုံးကို ထွက်ခိုင်းတာ။ ရိုက်ကွင်းပေါ်မှာ ကင်မရာမဲန်းရယ်၊ သူရယ်၊ ကျွန်မရယ်ပဲ ကျန်ရစ်တယ်။ အရူးမက ကိုယ့်ကလေးကို ကိုယ် ဆွဲထုတ်၊ ချက်ကြိုးတန်းလန်းနဲ့ သေတော့မလိုဖြစ်နေတဲ့ကလေးကို ငိုအောင် လုပ်ပြီးတော့ နို့တိုက်တာကို ရိုက်တယ်။ မအေး နင် ရှက်မနေနဲ့ ဆိုပြီး ကိုယ့်နို့ လှန်တိုက်ရတာ။ ဒီအခန်းတွေသာ ဆင်ဆာက ခွင့်ပြုခဲ့မယ်ဆိုရင်တော့ အရမ်းကောင်းမှာပေါ့။ ဒါပေမဲ့ ဆင်ဆာ တင်တဲ့အခါကျတော့ အားလုံးအဖြတ်ခံရတယ်။

**ဒီအခန်းတွေ ပါရင်တော့ သိပ်ကောင်းမှာပဲပေါ့။ အမေဆိုတာ ကောင်းသည်ဖြစ်စေ၊ ရူးသည်ဖြစ်စေ ကိုယ့်သားသမီးအပေါ်မှာ သံယောဇဉ်ကြီးမားတယ်ဆိုတာ ပြနိုင်မှာပေါ့။**

ဆက်တင်ပေါ်မှာ ဖျာစုတ်တွေဘာတွေကိုလည်း ရှာဖွေပြီး ခင်းထားတယ်။ အရူးမက ဗိုက်နာတော့ တစ်ယောက်တည်း လူးလိမ့်နေတာပေါ့။ အဲဒီကားရိုက်တုန်းက ပင်လယ်ကမ်းစပ်ကိုတောင် အစ်ကိုက စိန်မောင်ခြံမှာပဲ ရိုက်တာပါ။ သဲတွေခင်းထားပြီး တကယ့်ပင်လယ်ကမ်းစပ်နဲ့ တူအောင် ဖန်တီးခဲ့တယ်။

**ကျွန်တော် မှတ်မိနေတဲ့ကားတစ်ကား ရှိသေးတယ်။ ‘အမေ’ဆိုတဲ့ ကားလေ။**

ဟုတ်တယ်၊ အဲဒီမှာက ကိုညွန့်ဝင်းရယ်၊ မအေးရယ်၊ စန်းစန်းအေးရယ် သရုပ်ဆောင်ခဲ့ကြတာ။ အဲဒီကားကလည်း မိဘမေတ္တာဘွဲ့ကားပါပဲ။ ထုတ်လုပ်သူက အကယ်ဒမီ ၇ ဆုလောက်ကို မှန်းခဲ့တာ။ အဲဒီတုန်းက ဒါရိုက်တာ မောင်တင်ဦးက တော်တော်ကြိုးစားပြီး ရိုက်တာ။ ကုန်ကျစရိတ်လည်း တော်တော်များပါတယ်။

**အဲဒီကားမှာ ဒါရိုက်တာက ခေတ်ဟောင်းကို ပီပြင်အောင်လို့ တရားရုံးအခန်းမှာ အခုခေတ်လို ပန်ကာတွေဘာတွေမရှိတဲ့အတွက် ခေတ်ဟောင်းတုန်းက ဖျာကြီးတွေကို အမြင့်မှာထား၊ အောက်ကတစ်ယောက်က ကြိုးဆွဲပြီး လေရအောင် ဖန်တီးပေးရတယ်။ ရုပ်ရှင်ထဲမှာလည်း အဲဒီလိုပီပြင်အောင် လုပ်သွားခဲ့တယ်။ အစ်မ ပထမဆုံး ရိုက်ဖြစ်ခဲ့တဲ့ကားက ဘာကားလဲ။**

**သတို့သမီး အလိုရှိသည်** ဆိုတဲ့ကား။ ဒီကားက ကိုညွန့်ဝင်းနဲ့ မရိုက်ခင် ဦးဝင်းဦးနဲ့ အရင်ရိုက်တာ။ မအေးရယ်၊ မေမြင့်ရီရယ်၊ အောင်တင်ရယ် ပါတယ်။ ကားရိုက်နေရင်း တစ်ဝက်တစ်ပျက်နဲ့ ထုတ်လုပ်သူ ဦးမြမောင်နဲ့ ဦးဝင်းဦးတို့ ပြဿနာတက်ကြပြီး ကားရိုက် ရပ်သွားတယ်။

(ဒီနေရာမှာ ကိုကြည်စိုးထွန်းက ဝင်ပြောပါတယ်။ အဲဒီပြဿနာ ကျွန်တော် သိတယ်။ ဦးမြမောင်နဲ့ ဦးတင်ယုက သမီးယောက်ဖ၊ ဦးမြမောင်က ဦးဝင်းဦးနဲ့ ကားရိုက်နေချိန်မှာ ဦးတင်ယုက ဦးဝင်းဦးကို **နှစ်ယောက်တည်း နေချင်တယ်** ဇာတ်ကား ရိုက်ဖို့ ခေါ်ထုတ်သွားလို့ မကျေမလည် ဖြစ်ကြတာလို့ ဆိုတယ်။)

ဦးမြမောင်က စိတ်ဆိုးပြီး ဖလင်တွေ အကုန်ထုတ်ပစ်တယ်။ ဝင်းဦးမရရင် ညွန့်ဝင်းကို တင်မယ်ဆိုပြီး ကိုညွန့်ဝင်းရဲ့ပထမဆုံးကားအဖြစ် **သတို့သမီး အလိုရှိသည်** ကို ရိုက်ခဲ့တာ။ အတွဲသုံးတွဲပေါ့။ မင်းသားတွေက ညွန့်ဝင်း၊ အောင်တင်၊ ကြည်စိုး။ ပထမ ကိုဝင်းဦးနဲ့ ရိုက်တုန်းက သန်းနွဲ့ပါတယ်။ နောက်တော့ သန်းနွဲ့ ပြုတ်သွားပြီး ကြည်စိုး ဝင်လာတာ။ အဲဒီကားမှာ ကိုညွန့်ဝင်းက *အချစ်တော်* သီချင်း ဆိုရတာလေ။

*(ဆက်လက်ဖော်ပြပါမည်)*


■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




...အတွက်၊ ရန်ပုံငွေအတွက်ဆိုရင်
...နေးတာတဲ့ ဒါရိုက်တာ
...လင်းက စက်မှုလုပ်သားများ
...ကူညီမှုအဖွဲ့အတွက် ရန်ပုံငွေရှာဖို့
...ရေးကြီး ဆုံးလဲ ဆိုတဲ့
...ကားတစ်ကား ရိုက်ကူးခဲ့ပါတယ်။
...နဲ့ပတ်သက်ပြီး ဒါရိုက်တာ
...လင်းကို မေးမြန်းဖြစ်ခဲ့ပါတယ်။
...ရေးကြီးဆုံးလဲ' ဗီဒီယိုကား
...ဖြစ်တာနဲ့ ပတ်သက်ပြီး ဘာကြောင့်
...ဖြစ်တယ်ဆိုတာ အရင်ပြောပြပါလား။
...လုပ်သားများ နာရေးကူညီမှုအဖွဲ့က
...စက်မှုလုပ်သားအဖွဲ့ဝင်
...ယောက် ဆုံးသွားရင်
...နီးစီ ကူညီပါတယ်။
...တတ်နိုင်သလောက်
...ာင်းထားကြတာကလေး
...ပါးလာတော့ ရန်ပုံငွေ
...တယ်ပေါ့။
...ရန်ပုံငွေအတွက်
...ကားတစ်ကား
...င်တယ်လို့
...တော့်ကို
...လာတာနဲ့ ကူညီဖြစ်တာပါ။
... သူတို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မင်းသား တစ်လက်တည်းနဲ့ ရိုက်ဖို့ပါပဲ။ ဒါပေမဲ့ မင်းသားတစ်လက်တည်း ဆိုရင် ရမယ့် အမြတ်အစွန်းက နည်းပါးလိမ့်မယ်လို့ ကျွန်တော် ပြောပြပြီး နာရေးကူညီမှုအဖွဲ့ဆိုတဲ့ နာမည်နဲ့လိုက်ဖက်အောင် ဖရိန့်တစ်ခု စဉ်းစားပေးမယ်ဆိုပြီး ပထမတော့ မင်းသား ၉ လက်၊ မင်းသမီး ၉ လက်နဲ့ စဉ်းစားခဲ့တာပါ။

လူတိုင်းလူတိုင်းမှာ အရေးကြီးတဲ့ကိစ္စတွေ ရှိနေကြတယ်။ အရေးကြီးတဲ့ကိစ္စရှိလို့ မလာဖြစ်ဘူး။ အရေးကြီးတဲ့ကိစ္စရှိလို့ မလုပ်ဖြစ်ဘူး စသဖြင့် ပြောကြတယ်။ လူတိုင်းမှာ အဲဒီအရေးကြီးတဲ့ကိစ္စတွေဟာ ဖြေရှင်းပြီးတဲ့အခါမှာ အရေးမကြီးတော့ပြန်ဘူး။ နောက်ထပ်အရေးကြီးတဲ့ကိစ္စတစ်ခုက ထပ်ပေါ်ရော။ တကယ်တမ်းကျတော့ လူတစ်ယောက်အတွက် အရေးကြီးဆုံးအချိန်ဟာ ဘယ်အချိန်လဲ။ ဟိုဟာအရေးကြီးတယ်၊ ဒီဟာအရေးကြီးတယ်နဲ့ နောက်ဆုံး ကြုံရမယ့် ဘဝကူးရမယ့်အချိန်ကို မေ့နေကြတယ်။ ဒီအချိန်ကို သတိမေ့ထားကြမယ်ဆိုရင် ကိုယ် မသွားချင်တဲ့ဘဝမျိုးကို သွားရမယ်။ ကိုယ်မရောက်ချင်တဲ့နေရာကို ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အဲဒီမက်ဆေ့ချ်ပေးပြီး ဒီဇာတ်လမ်းကို ရိုက်ပါ။

သရုပ်ဆောင်တွေကတော့ ဓမ္မာနဲ့ ဝိုင်းကူညီကြနော်။ ဘယ်သူတွေ

ဟုတ်ပါတယ်။ သရုပ်ဆောင်ခ မယူဘဲနဲ့ စက်မှုလုပ်ငန်းတွေအတွက် အကူအညီပေးကြတာပါ။ ပါဝင်သရုပ်ဆောင်ပေးကြတဲ့သူတွေက လူမင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ အောင်ရဲ ဇေရဲထက်၊ ဖိုးချစ်၊ အောင်ရင်၊ ကျော်ကျော်ဗို။

အမျိုးသမီး သရုပ်ဆောင်တွေကတော့ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ မိုးပြည့်ပြည့်မောင်၊ မိုးယုစံ၊ စိုးပြည့်သဇင်၊ ချစ်သုဝေ၊ အိချောပို၊ သင်ဇာဝင့်ကျော်တို့ ကူညီကြတယ်။


နောက်တစ်တွဲဝင်လာတာကတော့ ညီထွဋ်ခေါင်နဲ့ ယွန်းရွှေရည် အားလုံး ၁၀ တွဲ ဖြစ်သွားတာပေါ့။ လူတွေအားလုံး နေ့စဉ်ဘဝမှာ အရေးကြီးတာတွေနဲ့ လည်ပတ်နေကြပြီး နောက်ဆုံးဘဝ ကူးရမယ့်အချိန်ကို မေ့လျော့မနေကြဖို့ သတိပေးတာပါ။

သာမန်ကားတွေကတော့ ကန့်သတ်ထားတဲ့ ရိုက်ရက်အတွင်း ပြီးစီးနိုင်ပေမဲ့ ဒီလို သရုပ်ဆောင် ၁၀ တွဲနဲ့ရိုက်တော့ ကျော်ဇောလင်း အနေနဲ့ ရိုက်ရက်ဘယ်လောက်ထိ ရောက်သွားလဲ။

ကုန်ကျစရိတ်ကတော့ သရုပ်ဆောင်တွေအတွက် မရှိပါဘူး။ ဒါပေမဲ့ ဝိုင်းကူကြတဲ့ ဇာတ်ပို့ဇာတ်ရံတွေကိုတော့ ပေးရတယ်။ စားစရိတ်ရှိတယ်။ ရိုက်ရက်က တစ်တွဲကို တစ်ရက်ပြီးအောင် ရိုက်ရင်းက ၁၂ ရက်ဖြစ်သွားတယ်။ တစ်တွဲကို ဇာတ်တစ်ပုဒ်ရိုက်ရတာကိုး။

ဖြန့်တော့ ဘယ်က ဖြန့်မလဲ။

လောလောဆယ်မှာတော့ စကားပြောနေကြဆဲပါပဲ။ ကျွန်တော့်သဘောကတော့ သိပ်စိမ်းနေတဲ့ ကျွန်တော်တို့နဲ့ လုပ်နေကျမဟုတ်တဲ့ တိုက်တွေကတော့ မဖြန့်စေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကားက မင်းသား ၁၀ ယောက်၊ မင်းသမီး ၁၀ ယောက် သရုပ်ဆောင်ထားကြတယ်။ သူတို့ထုတ်မယ့် မင်းသားတစ်လက်၊ မင်းသမီးတစ်လက်







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




တွေနဲ့ တွဲရောင်း
နှစ်နှာမယ်လေ။ အခု
သိန်း ၃၀၀ တို့၊ ၂၅၀
နေတဲ့ သူတွေလည်း
။ ဘယ်တိုက်နဲ့ဖြစ်
မသိသေးပါဘူး။
ဒါက သူတို့အတွက်
ခဲခဲ မ,တည်ငွေ ဖြစ်
ပေါ့။ ကျော်ဇောလင်း
လိုက်တာ အင်မတန်
ရောကောင်းပါတယ်။
ကျွန်တော် ကလည်း
လုံးလုံးခဲခဲ ရစေချင်
။ ကူညီကြတဲ့ သရုပ်
တွေကိုလည်း ကျေးဇူး
ကောင်းပါတယ်။
❑

ထူးထူးခြားခြား
အတွဲ ၁၀ တွဲကို
ဗီဒီယိုကား
တစ်ကားထဲမှာ
ကြည့်ကြရမှာဖြစ်
တဲ့အပြင်
သာမန်ကားများထက်
ဘဝပေးအသိရစေမှာ
ဖြစ်လို့ ဒါရိုက်တာ
ကျော်ဇောလင်းရဲ့
**ဘာအရေးကြီးဆုံးလဲ**
ဆိုတဲ့အမေးကို
ပရိသတ်များ
ဖြေကြည့်
လိုက်စေချင်ပါတယ်။
■
**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# R ဇာနည်နဲ့ သူ့ရဲ့တက်တူးများ


လင်းနိုင်ဦး

အရင်တုန်းကတော့ တက်တူးကို သူရဲကောင်းတွေမှ ထိုးကြတာဖြစ်ပေမဲ့ ဒီဘက်ခေတ်မှာတော့ အမျိုးသားများနဲ့ အမျိုးသမီးများပါ အလှအပအနေနဲ့ ထိုးဖြစ် နေကြပါတယ်။ အဲဒီထဲမှာ သရုပ်ဆောင်များနဲ့ အဆိုတော်များသာမက ဓာတ်မင်းသားများကလည် တက်တူးထိုးထားကြပါတ မြန်မာနိုင်ငံကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တက်တူးပညာရှင်တစ်ဦးဖြစ်တဲ့
မစ္စတာ တကဟာရှိ အလည်
ရောက်ရှိလာတဲ့အချိန်မှာ
အနုပညာရှင်များက
အဲဒီ ဂျပန်ပညာရှင်နဲ့
တက်တူးထိုးဖို့ လုပ်ကြတဲ့အခါ
အားလုံး ကြိုက်တဲ့ အဆိုတော်
Rဇာနည်လည်း
ပါဝင်တဲ့အတွက်
Rဇာနည်ရဲ့ တက်တူးတွေ
အကြောင်းကို မေးကြည့်
ဖြစ်ခဲ့ပါတယ်။

**နှစ်ခုအရင် မေးကြည့်**
**ချင်ပါတယ်။ တစ်ခုက**
**ဘာဖြစ်လို့ ဆံပင်အရှည်**
**ထားတာလဲ၊**
**နောက်တစ်ခုက**
**တက်တူးထိုးရင်**
**နာမယ်ဆိုတာ**
**သိလျက်သားနဲ့**
**ဘာဖြစ်လို့**
**တက်တူးထိုးခဲ့တာလဲ။**

ဆံပင်အရှည်
ထားဖြစ်တာက လမ်းသရဲ
စ,လုပ်တဲ့ အချိန်ကပေါ့။
ကျောင်းမတက်တော့တဲ့
အချိန်မှာ နဂိုကတည်းက
ထားချင်တဲ့ ဆံပင်ရှည်ကို
ထားဖြစ်ခဲ့တာပါပဲ။
ကြိုက်လို့ပါ။ တက်တူး
ထိုးဖြစ်တာကတော့
ကိုယ်တစ်သက်လုံးအတွက်
ဆိုပြီးတော့
ဆုံးဖြတ်လိုက်တဲ့အချိန်မှာ
တက်တူးအဖြစ်
အသွင်ပြောင်းပြီးတော့
သရုပ်ဖော်ထားတဲ့သဘောပါပဲ။
ကိုယ့်စိတ်ကိုယ်
ဖြေတဲ့သဘောမျိုးလည်း
ဖြစ်ပါတယ်။ ကိုယ့်စိတ်ကို
ဒီတက်တူးနဲ့ ချုပ်ထား
လိုက်တာလည်း ပါတယ်။
လူ့စိတ်က အရမ်း



www.burmeseclassic.com

www.burmeseclassic.com

ထိန်းရခက်တယ်။ ပြောရင်းတောင် ကြက်သီးထ,တယ်။ ကျွန်တော့်မိန်းမ ဝမ်းရဲ့နာမည်ကို ထိုးရခြင်း၊ သားနာမည်ကို ထိုးထားရခြင်း၊ အကောင်တွေ ထိုးထားခြင်း၊ ကိုယ့်ရဲ့ အထိမ်းအမှတ် ရက်တွေ ထိုးထားခြင်း၊ ကိုယ့်ရဲ့မိသားစုနာမည် ထိုးထားတယ်ဆိုတာက ကိုယ့်ကိုယ်ကို မင်းမှာ ဒါတွေဒါတွေက မင်းအတွက်၊ မင်းဘဝမှာ အရေးကြီးတယ်။ လူဆိုတာ စိတ်ရဲ့ အလိုနောက်ကို လိုက်သွားတတ်တဲ့ အခါကျတော့ မှားသင့်တာ မမှားအောင်၊ ဖြစ်သင့်တာ မဖြစ်အောင် စိုးရိမ်တာလည်း ပါတယ်။ အဲဒီအတွက် ရည်ရွယ်ပြီး ထိုးခဲ့တာ မဟုတ်ပေမဲ့ ထိုးရင်းထိုးရင်းနဲ့ အသက်အရွယ်ရလာလို့ ပြန်တွေးလိုက်တဲ့အခါ ဆက်နွယ်နေတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို Control လုပ်ဖို့ ပိုပြီး အဆင်ပြေတယ်။

**စ,ထိုးမယ်ဆိုတဲ့ အချိန်တုန်းက ထိုးချင်လို့ ထိုးဖြစ်ခဲ့တာလား။ တစ်ယောက်ယောက်ကို အားကျပြီး ထိုးဖြစ်ခဲ့တာလား။**

စ,ထိုးတုန်းကတော့ သူများတွေ တက်တူးထိုးတော့ ငါလည်း ထိုးတယ်ကွဆိုပြီး ထိုးခဲ့တာပဲ။ ထိုးမယ်လို့ "ဒိန်း" ဆို ဆုံးဖြတ်လိုက်တဲ့ အချိန်မှာ ကိုယ် ဘာအရုပ် ထိုးမယ်ဆိုတဲ့ ပြဿနာက စ,ခဲ့တာပဲ။ ကျွန်တော့်သူငယ်ချင်းတွေဆိုရင် တောက်တဲ့ အတက်အဆင်းတွေလည်း ထိုးကြတာပဲ။ လာဘ်ကောင်းတယ်ဆိုတဲ့ အယူပေါ့။ ကျွန်တော်ကတော့ လက်ရှိကိုယ်ဖြစ်နေတဲ့အချိန်၊ နေရာဒေသရဲ့ ဟန်နဲ့အရိပ်အယောင်ပါတဲ့ အုတ်နံရံတွေနဲ့ အဲဒီအပေါ်မှာ 'I' ဆိုပြီး စာလုံး ထိုးထားတာပါ။ 'One' ကို အတိုကောက် ထိုးထားတာပါ။ 'I' ရဲ့နောက်က အုတ်ကွက်တွေက အုတ်နံရံတွေကာထားတဲ့နေရာရောက်နေလို့ အမှတ်တရ ထိုးခဲ့တာပါ။ ဒါ ပထမဦးဆုံး ထိုးခဲ့တဲ့ တက်တူးပါ။

**'I' ထိုးပြီးတဲ့နောက်မှာ နောက်ထပ် ဘာတွေထပ်ထိုးဖြစ်သေးလဲ။ အဲဒီ တက်တူးတွေကိုရော ဘယ်လိုရည်ရွယ်ချက်နဲ့ ထိုးခဲ့တာလဲ။**

ထိုးဖို့တော့ ရည်ရွယ်ချက်ရှိတယ်။ ဘယ်သူနဲ့ ဘယ်ဝါနဲ့ ထိုးဖို့တော့ အစီအစဉ် မရှိဘူး။ ကိုလေးဖြူတို့၊ ကိုညီထွဋ်တို့ ထိုးကြတဲ့ တက်တူးဆရာပါ။ ဘယ်သူ့ဆီက လာလဲတော့ မသိဘူး။ နိုင်မျိုးလို့ ခေါ်တယ်။ အခုတော့ သေသွားရှာပြီ။ သူကလည်း အနုပညာရှင်တွေလိုပဲ ထိုးချင်တယ်ဆိုတော့ စည်သူလွင်တို့လည်း ထိုးတယ်၊ အီတိုးတို့လည်း ထိုးတယ်။ ဦးခူဆဲလ်(စောခူဆဲလ်)လည်း ထိုးတယ်။ အဲဒီတော့ ထိုးဖြစ်ခဲ့တယ်။ အဲဒါက ညာဘက် လက်မောင်းပေါ်မှာ ကျားရုပ် ထိုးခဲ့တာပါ။ ကျွန်တော်က တနင်္လာသားဖြစ်တော့ ကျားကို ရွေးတာပေါ့။ ကျွန်တော့်ရဲ့ ကျားဟန်က သားကောင်ကို ချောင်းပြီး အုပ်လိုက်တဲ့အခါမှာ ရေကို ယက်ကန်ပြီး ထွက်လိုက်တဲ့ဟန်ပါ။ အဲဒီနောက်တော့ ဘယ်ဘက်လက်မောင်း 'I' ထိုးထားတဲ့အောက်မှာ လာဘ်ကောင် ငါးဆက်ပြီး ထိုးဖြစ်တယ်။ လာဘ်ကောင်းတယ်ဆိုလို့ပါ။ ကိုယ့်ကိုယ်ကို လာဘ်လည်းကောင်းချင်သေးတယ်။ ဒါကြောင့် ထိုးလိုက်တာပါ။ အဲဒါပြီးတော့ ကျွန်တော့် သူငယ်ချင်းတွေဖြစ်တဲ့ မင်းမော်ကွန်း၊ ဖြိုးငွေစိုး၊ Kညီတို့တွေ စုပြီးတွဲတဲ့ အချိန်မှာ တက်တူးဆရာတစ်ယောက် ပေါ်လာပြန်ရော။ ဖိုးကျော်ဆိုတာ အရမ်းကောင်းတယ်။ ကောင်းရင် ခေါ်လာခဲ့ဆိုပြီး အိမ်မှာ တစ်ယောက်ပြီးတစ်ယောက် ထိုးတယ်။ ကျွန်တော်ကတော့ ချိန်းပြီး ကိုယ် ဘာထိုးမယ် မသေချာသေးတော့ ဝမ်းက တစ်ရုပ်ထိုးလိုက်တယ်။ နောက်တော့ ဝမ်းကို ပြောယူရတယ်။ အဲဒီလို မလုပ်နဲ့၊ ကိုယ်


...ငယ်၊ ဝမ်းနဲ့ Rဇာနည်



www.burmeseclassic.com

www.burmeseclassic.com

ချိန်းပြီး မအားတိုင်း သူက ထိုးရင်း မိန်းမတစ်ကိုယ်လုံး ပွသွားလိမ့်မယ်လို့ ပြောရတယ်။ ဒါပေမဲ့ သူကတော့ သေးသေးလေးတွေပဲ ထိုးတာပါ။ နောက်တစ်ခု ထိုးဖြစ်တာက ကျွန်တော်တို့အတွက် အမှတ်တရပါ။ အဲဒါထိုးဖို့ စာလုံး Font တော့ ရှာလို့ရပြီ။ ကျွန်တော်တို့ ခိုးပြေးတဲ့ရက်ကိုပါ။ ဘယ်လိုထိုးရင် ကောင်းမလဲလို့ Font ရှာပြီး မှန်ထဲမှာ ကြည့်လိုက်မှ မြင်ရမယ့် R+1 2003 10.27 (၂၀၀၃ ၁၀ လပိုင်း ၂၇ ရက်နေ့)မှာ ခိုးပြေးကြတယ်ပေါ့။ အဲဒါပြီးတော့ ကျွန်တော် အမေရိကား ရောက်တဲ့အခါ အချိန် နည်းနည်းပဲ ရောက်တော့ ဂျပန်စာလုံးနဲ့ ကျား ဆိုတာကို ထိုးလိုက်တယ်။ အဲဒီကပြန်လာတော့ ကျွန်တော့် ညီ သီဟနဲ့ကျောပေါ်မှာ မိသားစု အဖေ၊ အမေ၊ ညီ နာမည်တွေ ထိုးဖြစ်ခဲ့တယ်။ ပြီးတော့ သားနာမည်ဖြစ်တဲ့ Zachary ထိုးဖြစ်တယ်။

**အဲဒါတွေ ထိုးခဲ့ပြီးတော့ အခု ဂျပန်ဆရာနဲ့ ဘယ်ပုံကို ထိုးမှာလဲ။ အဲဒီပုံကရော ဘယ်လိုရည်ရွယ်ချက်နဲ့လဲ။**

ခြင်္သေ့ပုံ ထိုးပါမယ်။ ဒါကတော့ သူနဲ့ ညှိနှိုင်းနေတုန်းပါပဲ။ ကျွန်တော်ထိုးမှာက တရုတ်ခြင်္သေ့ပုံပါ။ ကျွန်တော်က တရုတ်နှစ်သစ်ကူးမှာ မွေးခဲ့တာရယ်၊ မိန်းမကလည်း တရုတ်၊ သားလေးကလည်း အင်္ဂါသားဆိုတော့ ခြင်္သေ့ပုံထိုးဖို့ ဆုံးဖြတ်လိုက်ပါပြီ။

**တက်တူးနဲ့ ပတ်သက်ပြီး ပရိသတ်တွေက ဘယ်လို ဝေဖန်ကြတာတွေ၊ အားပေးကြတာတွေ ကြုံဖူးလဲ။**

အခုကတော့ ပွင့်လင်းမြင်သာရှိနေပါပြီ။ အကုန်လုံးက တက်တူးနဲ့၊ ဘကြီးနဲ့ ညာကြီးနဲ့လို့ မမြင်ကြတော့ဘူး။ တက်တူးနဲ့လူကို လူဆိုးလို့လည်း မမြင်ကြတော့ဘူး။ တက်တူး မပါဘဲနဲ့လည်း





www.burmeseclassic.com

www.burmeseclassic.com




ကမ်းကုန်အောင် ဆိုးနေတဲ့လူတွေ အများကြီးရှိနေတဲ့ အခါကျတော့ လောကကြီးမှာ လူကဲခတ်ရတာ အခက်ဆုံးပဲ။

**Rစာနည်းရဲ့ တက်တူးတွေက ကိုယ့်အတွက် အင်အားတွေလား၊ ယုံကြည်ချက်တွေလား။ ဘယ်လိုတွေ ရှိမလဲ။**

ကိုယ့်စိတ်ကိုယ်တော့ တက်တူးတွေက အထိုက်အလျောက်တော့ ပြောင်းလဲစေတယ်။ ကိုယ့်ဟာကိုယ်တော့ အားရယုံကြည်နေတာ ပါပဲ။

**နောက်ဆုံးအနေနဲ့ မေးချင်တာက လောလောဆယ်မှာ ဂီတနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်နေလဲ၊ ဘာတွေ လုပ်သွားမလဲ။**

စတုတ္ထ တေးစီးရီး အတွက် ကျွန်တော့် Vocal တွေ အချော ပြန်ဆိုနေတယ်။ ဂစ်တာ ကျန်သေးတယ်။ ဟာမိုနီနဲ့ Mixing ဆွဲဖို့ပဲ ကျန်တော့တယ်။ အဲဒါလေးကို ဦးစားပေးပြီး လုပ်နေတယ်။ နောက်ပိုင်း ရှိုးပွဲတွေ ထပ်လာတော့မှာမို့ ရတဲ့အချိန်လေးမှာ အားထည့်ပြီး လုပ်နေတယ်။ အခွေကိုတော့ Title နာမည် မပေးရသေးဘူး။ The Trees Band နဲ့ တီးပြီးဆိုထားတာပါ။ ထိုင်းမှာ ဖျော်ဖြေပေးဖို့ ပွဲတစ်ပွဲ



လက်ခံထားတယ်။ ပြီးတော့ ဒီနှစ်သီတင်းကျွတ် ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲမှာ ပထမဦးဆုံးအနေနဲ့သွားဆိုဖို့ လက်ခံထားတယ်။ နောက်ပိုင်းမှာ ရှိုးပွဲတွေ လက်ခံထားတာလည်း ရှိပါတယ်လို့ Rစာနည်းက ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

လစဉ်ထုတ် Glamour မဂ္ဂဇင်းအတွက် အမေရိကန်လူမျိုး အမျိုးသမီး စာရေးဆရာမ Gillian Flynn ကို ရုပ်ရှင်မင်းသမီး Rosamund Pike နှင့် တွေ့ဆုံမေးမြန်းစေခဲ့တယ်။ ဂျီလီယံဖလင်းက Entertainment Weekly စာစောင်မှာ ရုပ်သံကဏ္ဍအတွက် ဝေဖန်ရေးစာများ ရေးသားပေးခဲ့ပြီး အခုလက်ရှိ ပရိသတ်နှစ်သက်လှတဲ့ **Sharp Objects** (၂၀၀၆)၊ **Dark Places** (၂၀၀၉)နှင့် **Gone Girl** (၂၀၁၂) ဝတ္ထုစာအုပ် ၃ အုပ် ရေးသား ထုတ်ဝေထားနိုင်ခဲ့သူ ဖြစ်ပါတယ်။ ပထမဆုံးရေးခဲ့တဲ့ **Sharp Objects** စာအုပ်ကို ရေးသားနေစဉ် Entertainment Weekly တွင် အချိန်ပြည့် အလုပ်လုပ်နေတာမို့ ဝတ္ထုအပေါ် အာရုံမစိုက်နိုင်။ အရေးအသားများ စိတ်ရှိသလောက် မကောင်းမှာ စိတ်ပူပန်ခဲ့ရတယ်။ အလုပ်ပိတ်ရက်နဲ့ ညဘက်များတွင်သာ နည်းနည်းချင်း ရေးသားနိုင်ခဲ့တယ်။ လျှို့ဝှက်သည်းဖိုအမျိုးအစားဖြစ်ကာ လူကြိုက်များသဖြင့် နောက်ထပ် ထပ်မံ ပုံနှိပ်ထုတ်ဝေရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဝေဖန်ရေးသမားများဆီကလည်း မှတ်ချက်ကောင်းများစွာ ရရှိခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ ၄င်းစာအုပ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးတင်ပြဖို့ ဝယ်ယူခြင်းခံရရုံသာမက စာရေးဆရာမ ဂျီလီယံဖလင်းကို ဇာတ်ညွှန်းရေးပေးဖို့ပါ စာချုပ်၊ချုပ်ဆိုလိုက်ပါပြီ။ ၂၀၀၉ ခုနှစ်မှာ ရေးဖြစ်ခဲ့တဲ့ **Dark Places** မှာလည်း New York Times သတင်းစာရဲ့ ရောင်းအကောင်းဆုံးစာရင်းတွင် ပါဝင်ခဲ့ပြန်တယ်။



# ရိုစမန်းပိုက်

## ရိုးဟာအောင် (NY)


မင်းသမီး Charlize Theron, Christina Hendricks, မင်းသား Nicholas Hoult တို့ ခေါင်း ဆောင်ပါဝင်တဲ့ ရုပ်ရှင်အဖြစ် ရိုက်ကူးပြီးသွားပြီမို့ နိုဝင်ဘာလ ၁၄ ရက်တွင် ရုံတင်ဖို့ အသင့်ဖြစ်နေပါပြီ။

သူမ ရေးလိုက်တဲ့စာအုပ် ၂ အုပ်စလုံး အောင်မြင်တာမို့ တတိယစာအုပ် Gone Girl ထွက်လာတော့ ရုပ်ရှင်ရိုက်ချင်သူတွေ ဝိုင်းနေခဲ့ပါပြီ။ နယူးယောက်တိုင်းမ် သတင်းစာရောင်းအကောင်းဆုံးစာရင်းမှာလည်း အပီအပြင် နေရာယူနိုင်ပြီး ရုပ်ရှင် ရိုက်ရန် စာမူခ အမေရိကန်ဒေါ်လာ ၁ သန်းခွဲ ချီးမြှင့်ခံခဲ့ရတယ်။ ရုပ်ရှင်မင်းသမီး Reese Witherspoon နှင့် 20th Century Fox ရုပ်ရှင်ကုမ္ပဏီတို့ ၂ ဦးစပ်တူ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထုတ်လုပ်မှာ ဖြစ်ပါတယ်။

ပထမပိုင်းက မင်းသမီး ရီးစ်ဝစ်သာစပွန်းကိုယ်တိုင် ပါဝင်သရုပ်ဆောင်ဖို့ ရည်ရွယ်ခဲ့ပေမဲ့ ဇာတ်ကောင်ရဲ့ စရိုက်သဘာဝမှာ မင်းသမီးနှင့် မလိုက်ဖက်ဟု ယူဆသဖြင့် သူမဘာသာ နုတ်ထွက်သွားခဲ့တယ်။ ထုတ်လုပ်သူ လေးဦးအနက် မင်းသမီး ရီးစ်က တစ်ယောက်ဖြစ်လာပါတယ်။ ဒါရိုက်တာ David Fincher ရိုက်ကူးပြီး မင်းသား Ben Affleck, မင်းသမီး Rosamund Pike တို့ ခေါင်းဆောင်ပါဝင်တဲ့ **Gone Girl** ရုပ်ရှင် အောက်တိုဘာလ ၃ ရက်နေ့မှာ ရုံတင်ပြသ အောင်ပွဲခံနေပါပြီ။ စာရေးဆရာမကိုပင် ဇာတ်ညွှန်းရေးဖို့ အပ်နှံခဲ့ကြတာပါ။ သူမကိုယ်တိုင် မွေးဖွားဖန်တီးတဲ့ ဝတ္ထုမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ခေါင်းဆောင်မင်းသမီး ရိုစမန်းပိုက်ခ်ကို အင်တာဗျူးပေးဖို့ Glamour မဂ္ဂဇင်းက စာရေးဆရာမကို ပြန်တာဝန်ပေးခဲ့တာပါ။ မင်းသမီး Rosamund Pike ဆိုတာ လန်ဒန်ဇာတိသူဖြစ်ပေမဲ့ ဖခင်ဂီတ ပရော်ဖက်ဆာနဲ့ မိခင် အော်ပရာအဆိုတော်တို့ အလုပ်တာဝန်ရှိရာ ဥရောပ တိုင်းပြည်များစွာမှာ လှည့်လည်နေထိုင်ခဲ့ဖူးပါတယ်။ ဗြိတိသျှရုပ်သံစီးရီးတွေမှာ ၁၉၉၈ ခုနှစ်လောက်က စပြီး ပါဝင်ခွင့်ရနေပေမဲ့ နိုင်ငံတကာမှ အာရုံစူးစိုက်မှုကို **Die Another Day** ဂျိမ်းစ်ဘွန်းရုပ်ရှင်ကြောင့် ရရှိခဲ့တယ်။ မင်းသားချော Pierce Brosnan, လှမည်းမင်းသမီး Halle Berry တို့နှင့် အတူတွဲသရုပ်ဆောင်ခဲ့ဖူးတာမို့ ရိုစမန်းပိုက်ခ်ကို Bond Girl (ဘွန်းရဲ့ကောင်မလေးတစ်ယောက်)အဖြစ် သတ်မှတ်လက်ခံခဲ့ကြတယ်။

၂၀၁၂ ခုနှစ် ၄င်းဘွန်းရုပ်ရှင် ရိုက်ခွင့် ရပြီးကတည်းက ရိုစမန်းနာမည်လှုပ်သိကာ အလုပ်တွေ အများကြီးလက်ခံနိုင်ခဲ့တယ်။ **Gone Girl** ရုပ်ရှင်မှာ ဂျာနယ်လစ် ဘန်အက် ဖလက်စ်၏ ဇနီးသည်အဖြစ် သရုပ်ဆောင်ထားပါတယ်။ နယူးယောက်မြို့ကြီးမှာ နေထိုင်နေရင်း စီးပွားရေးဆုတ်ယုတ်မှုကြောင့် အလုပ်သမားဦးရေ လျှော့ချတဲ့အထဲ ခင်ပွန်းသည် ပါသွားခဲ့တယ်။ ဒါကြောင့် ခင်ပွန်းရဲ့ မွေးရပ်မြေ မစ်စူရီ(Missouri) ပြည်နယ်၊ North Carthage မြို့ကလေးဆီ ပြန်အခြေချကြရတယ်။ မြို့ရောက်တော့ ခင်ပွန်းရဲ့ အမြွှာညီမနဲ့ပေါင်းကာ အရက်ဘားဆိုင်ဖွင့် စီးပွားရှာကြတယ်။ ရောင်းရေးဝယ်ရေး သင့်တင့်လို့ စားဝတ်နေရေး ပြေလည်ပေမဲ့ အိမ်ထောင်ရေးက အဆင်မပြေ ဖြစ်လာတယ်။ သူတို့ရဲ့ မင်္ဂလာနှစ်ပတ်လည် ၅ နှစ်မြောက်နေ့မှာ ဇနီးသည် ရုတ်တရက် ပျောက်ဆုံးသွားခဲ့တယ်။



ရဲဌာနက လာရောက်စစ်ဆေးတဲ့အခါ ခင်ပွန်းရဲ့ ဖြေဆိုမှုတွေ၊ နည်းမျိုးစုံနဲ့ ရှာဖွေတွေ့ရှိလာတဲ့ သက်သေအချက်အလက်တွေက ခင်ပွန်းကို တရားခံအဖြစ် စွပ်စွဲဖို့ လုံလောက်နေခဲ့တယ်။ ဂျာနယ်လစ်အလုပ်က ပြုတ်လာတဲ့ ခင်ပွန်း Nick Dunne နေရာမှာ မင်းသား ဘန်အက်ဖလက်၊ ပျောက်ဆုံးသွားတဲ့ ဇနီးသည် Amy Elliott-Dunne နေရာမှာ ရိုစမန်းပိုက်ခ်တို့က သရုပ်ဆောင်ထားပါတယ်။

ဝတ္ထုရေးဆရာမ၊ ဇာတ်ညွှန်းရေးဆရာမ၊ အခုအင်တာဗျူးမယ့် ဂျီလီယံက မင်းသား ဘန်အက်ဖလက်အား ရွေးချယ်မှုအပေါ် အထူးကျေနပ်ခဲ့တယ်။ ဘန်နဲ့သာ အလိုက်ဖက်ဆုံးလို့ အစောကြီးကတည်းက ကြိုတင်ရည်ရွယ်နေမိ တယ်လို့ ဖွင့်ပြောခဲ့ပါတယ်။ မင်းသမီး ရိုစမန်းကိုတော့ လူချင်းလည်း တော် တော်နဲ့ မဆုံခဲ့ဖူးဘဲ **Pride & Prejudice, Jack Reacher** စတဲ့ ရုပ်ရှင်ဇာတ်ဝင်ခန်းများမှာသာ ကြည့် ဖူးနေခဲ့တယ်။ ဒါရိုက်တာ ဒေးဗစ်ဖင်ချာ က ရိုစမန်းကို အတည်ပြု ရွေးချယ် လိုက်ပြီဆိုတော့ အမြဲတမ်း နေထိုင်တဲ့ လန်ဒန်မြို့ကနေ လော့စ်အိန်ဂျလိစ်မြို့ကို ပြောင်းရွှေ့လာခဲ့တယ်။ သူမရဲ့ အတူနေ ချစ်သူ Robie Uniacke, သားလေး Solo တို့ပါ အတူတူ ပါလာကြတယ်။

ရုပ်ရှင်ရိုက်ကူးမှုအတွက် လိုအ တဲ့ အားကစားလေ့ကျင့်မှုတွေ၊ ဇာတ် ဝင်ခန်း ကြိုတင်ပြင်ဆင်မှုတွေ၊ အခေ ကန် အမျိုးသမီးတစ်ယောက်ရဲ့ လေ လေသိမ်းမျိုး ပြောတတ်အောင်တွေ စသဖြင့် လေ့ကျင့်နေရပါတယ်။ မိမိ ကိုယ်တိုင် ယုံကြည်စိတ်ချစွာ ကြိုးစား အဘက်ဘက်က ပြည့်စုံအောင် လေ့ ကျင့်မှုတွေကြောင့် ရိုစမန်းရဲ့ သရု ဆောင်မှုတွေက ရုပ်ရှင်ဇာတ်ညွှန်း ဝတ္ထုထဲက Amy စစ်စစ် ဖြစ်ခဲ့တယ် စာရေးဆရာမက ချီးကျူးခဲ့ပါတယ်။

ရိုစမန်းက 'ကျွန်မ စိတ်ေ ကြောက်ရွံ့လှုပ်ရှားလာပြီဆိုရင် လူ ငြိမ်လာတယ်။ ဒီလိုဖြစ်တတ်လို့လည်း ကျွန်မကို လူတွေက အမှုမဲ့၊ အမှ သတိမထားကြတာလို့ ထင်ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

အခုင်က အဲသလို သတိမထားမိ ရှိန်ရှင် ရုံတင်ပြီးရင်တော့ အခြေ တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင် လို့ စာရေးဆရာမက မှတ်ချက် တယ်။ အင်တာဗျူးအတွက် တွေ့ Chicago မြို့က ဟိုတယ်ကြီးတစ်ခု ဧည့်ခန်းဆောင်ကို ရွေးချယ်ခဲ့ ထိုင်စကားပြောနေရင်း ပြာ မှောင်နေတဲ့ မစ်ချီဂန်ရေကန် ကန်လို့သာ သတ်မှတ်ထားပေမဲ့ ယ်ပြန့်လွန်းလှပါတယ်။ တစ် အစပ်ကိုလည်း လုံးဝ လှမ်း ရေထုက ပြာရင့်နက်မှောင် မှ ပင်လယ်ကြီးတစ်ခုလို ခံစား )ကို လှမ်းမြင်နေရတယ်။ သားအဖလည်း ပါလာပေမဲ့ ဝိုင်းနဲ့ ခပ်လှမ်းလှမ်းမှာသာ စားနေကြတယ်။

**အမီကို ရှာဖွေတွေ့ရှိဖို့ ရုတ်ရုတ် တော့ အတော့်ကို ဖြစ်သွားတယ် ကျွန်မ ဒါရိုက်တာ ဒေးဗစ်နဲ့ င်လက ဆုံချိန်မှာ သူက ပြောပြ မင်းနဲ့တွေ့ဆုံဆွေးနွေးရာက လာ တဲ့။ အဲဒီကတည်းက ဒါရိုက်တာ အေမီကို ရှာဖွေတွေ့ရှိသွားခဲ့ပြီလို့ ခဲ့ပြီးသားပါ။ နောက်တော့ မင်း တော့တလန်ကနေ St.Louis ကို ဆုံဆွေးနွေးဖို့ ရောက်လာတယ်။ တ်တယ်မဟုတ်လား။**

စကော့တလန်မှာ ကျွန်မ အလုပ် ဆွတစ်ခု လုပ်နေရင်းတန်းလန်းနဲ့ပါ။ တနင်္ဂနွေ ပိတ်ရက်မှာ ကျွန်မ တ်တိတ်ကလေး ခဏ ထွက်ပြေး ရှောင်လာတာပေါ့။ လေယာဉ်စီး တဲ့ တစ်ချိန်လုံး ကျွန်မ ဇာတ်ညွှန်း ပြီး စူးစမ်းလေ့လာမှုတွေ လုပ်လာ တယ်။ ကျွန်မ မှတ်မိသေးတယ်။ gow က လေဆိပ်မှာ ထိုင်စောင့်နေ ဒေးဗစ်ဆီက အီးမေးလ်တစ်စောင် လာတယ်။ ကျွန်မရဲ့ iPad နဲ့ ဖွင့် ကြည့်တော့ သူက 'ကျွန်မတစ်ယောက် ကြည့်ဖို့ သီးသန့်' လို့ ခေါင်းစဉ် ပြီး ဇာတ်ညွှန်း ကြိုပို့လာတာပေါ့။





Rosamund Pike နဲ့ Robie Uniacke



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ကြည့်ပြီး ကျွန်မမှာ အမယ်လေး တ,ပြီး တကယ့်ဟာကြီးပါလားလို့ တွေးမိပါတယ်။

**အေမီဆိုတဲ့ ကာရိုက်တာက မင်း စိတ်ထဲမှာ လွယ်လွယ်ကူကူ သယ်ယူသွားလို့ မရလောက်ဘူးနော်။**

အစ ပထမပိုင်းမှာတော့ တော်တော့်ကို စိတ်ပင်ပန်းတာပဲ။ အစားအသောက်လည်း မမှန်ဘူး(ဇာတ်ညွှန်းအရ နယ်မြို့ကလေးမှာ မပျော်တဲ့ အေမီက ကိုယ်အလေးချိန် မမှန်ဘဲ၊ တက်လိုက် ကျလိုက် ဖြစ်နေရတယ်။ ၀,လာရင် ၁၂ ပေါင်အထိတိုးပြီး၊ ပိန်သွားရင် ၁၂ ပေါင် ကျသွားရပါမယ်။)။ ညွှန်းဆိုထားတဲ့ အတိုင်းဖြစ်အောင် ကျွန်မလည်း လိုက်လုပ်ရတော့ ၀,လာလိုက်၊ ပိန်သွားလိုက်နဲ့ အမျိုးမျိုး ပြောင်းလဲနေခဲ့ရတာပေါ့။ ဒါပေမဲ့ ကျွန်မ လင်တော်မောင်က သတိတောင် မထားမိပါဘူး။ နေပါဦး… နေပါဦး။ လင်တော်မောင် မဟုတ်ပါဘူး။ ကျွန်မက အဲဒီလိုပဲ ပြောတာ အကျင့်ပါသွားလို့ပါ။ ပြောရတာလည်း သက်သောင့်သက်သာ ရှိလို့ပါလေ။ (ပြောရင်း ရယ်ပါတယ်။)

**အေမီက ဇနီးမယားတစ်ယောက်အဖြစ်ရော၊ ချစ်သူမိန်းကလေးအဖြစ်ရော တုန်နေအောင် ချစ်တတ်တဲ့သူလို့ တို့များက မြင်ရပေမဲ့ သူ့မှာ ဒေါသတွေ အရမ်းကြီးနေတာလည်း ရှိတယ်နော်။ ဒေါသဖြစ်နေတဲ့နေရာကို မင်း ဘယ်လို လက်ခံခဲ့သလဲ။**

အမျိုးသမီးတွေအတွက် ဒေါသဆိုတာ လက်မခံသင့်တဲ့အရာတစ်ခုလို့ မြင်တယ်။ ဒါပေမဲ့ ရှင် သိလား။ ကျွန်မလည်း ဒေါသဖြစ်တတ်တာပဲ။ ဒါ အလွန်မှ ရိုးသားတဲ့စိတ်ခံစားချက်တစ်ခုလို့ ကျွန်မ ခံစားမိပါတယ်။

**ယောကျ်ားသားတွေ တစ်ချိန်လုံး ပေါက်ကွဲနေတတ်တာကျတော့ ကြီးကျယ်တဲ့ကိစ္စလို့ မသတ်မှတ်တော့ဘူး။ ဒါပေမဲ့ မိန်းမတွေလည်း အဲဒီလိုပေါက်ကွဲရော လူတွေက ဒီမိန်းမ ရူးနေတာလား၊ ဒါမှမဟုတ် ကျယ်လောင်စူးရှလိုက်တာလို့ အပြစ်တင်ကြတယ်။**

ကျွန်မအတွက် တော်တော်လေး စိတ်လက်မသက်မသာ ခံစားရတဲ့ အချိန်တွေ ရှိခဲ့တယ်။ အေမီ့မှာ ဘယ်လောက်အစွမ်းသတ္တိတွေ ရှိနေသလဲဆိုတာနဲ့ ပတ်သက်လို့ပေါ့။ စိတ်ဝင်စားဖို့ကောင်းတာက ကျွန်မရဲ့ တုံ့ပြန်မှုက ခပ်ဟားဟား ရယ်မောပစ်ရတာပဲ။ မထိန်းနိုင်၊ မသိမ်းနိုင်၊ ဟီလာတိုက် ရယ်ပစ်လိုက်ရမျိုးတောင် ရှိသေးတယ်။ အေမီအဖြစ် သရုပ်ဆောင်ရခြင်းအပေါ်မှာ အဲဒါက စိတ်ဝင်စားစရာ အကောင်းဆုံး၊ အသိချင်ဆုံး အချက်တစ်ခုပဲ။ အဲဒီအချက်ကိုက သူ့အတွက် အင်အားအကြီးဆုံးပြနိုင်တဲ့နေရာဖြစ်လာပြီး၊ ကျွန်မအတွက် ချောက်ချားစေတဲ့ တစ်စုံတစ်ရာ ဖြစ်လာတော့တာပဲ။

**ကျွန်မအိမ် မြေအောက်ခန်းမှာ အလုပ်ခန်းအဖြစ် ပြင်ဆင်ထားတာ ရှိတယ်။ Gone Girl ကိုရေးနေတုန်းက အင်မတန်ရက်စက်ပြီး ကြောက်စရာကောင်းတဲ့ ဇာတ်အသွားအလာတွေ ပါ တယ်လေ။ ကျွန်မ စာရေးပြီးလို့ အပေါ် ထပ်တက်သွားရင် ကျွန်မစိတ်ထဲ စွဲထင် ပါသွားရော။ အဲဒီအတွေးတွေ လျှော့ ဖို့ မနည်းကြိုးစားလေ့ကျင့်ခဲ့ရတယ်။ အခုတော့ ကျွန်မ စာရေးစားပွဲပေါ်မှာ အသုံးဝင်လှတဲ့စာတန်းလေးတစ်ခုရှိ ပြီ။ 'Leave the crazy downstai တဲ့။ မင်းရော အမှောင်တိုက်ဖုံးလွှ နေတာတွေ အလုပ်ထဲမှာပဲ ထားပစ် သလား။ ဒါမှမဟုတ် ကိုယ့်စိတ် တရွတ်ဆွဲတန်းလန်းကြီး ပါလာတ သလား။**

တစ်ခါတစ်ရံတော့ တော် လေးလေးလံလံကြီး ခံစားရသား။ သိတယ်မဟုတ်လား။ စိတ်က ကလျှားဖြစ်နေတဲ့ရောဂါသည်လို



Gone Girl ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါ ဘယ်က ပြန်စတင်ရမှန်း တောင် မသိတော့ဘူး။

**အေမီဘဝကို လွှတ်ချပြီး၊ မင်းကိုယ်ပိုင်ဘဝဆီ ဘယ်အချိန်မှ ပြန်ရောက်သွားခဲ့သလဲ။**

ရှုပ်ရှင်တစ်ခုလုံး ကွင်းလုံးကျွတ် ပြီးသွားတော့ ကျွန်မတို့မိသားစု လန်ဒန် ပြန်ကြတယ်။ ဟိုရောက်တော့ သားလေးကိုခေါ်ပြီး ကမ်းခြေမှာ တစ်ပတ်လောက်နေပစ်လိုက်တယ်။ အဲဒီတော့မှ ပြည့်ပြည့်ဝဝကြီး ဆွဲထုတ်ပစ်လိုက်နိုင်တော့တာ။

**ကျွန်မခင်ပွန်းနဲ့ အိမ်ထောင်ပြုမယ်ဆိုတော့ လူတိုင်းကပြောတဲ့စကားတစ်ခုကို စာအုပ်ထဲထည့်ရေးထားမိတယ်။ အိမ်ထောင်ရေးဆိုတာ တော်တော်ခက်ခဲတဲ့အလုပ်တစ်ခုတဲ့။ မင်းတို့ အင်္ဂလိပ်လူမျိုးတွေရော ပြောလေ့ရှိသလားတော့ မသိဘူး။ အမေရိကမှာတော့ ကြားရပါလိမ့်မယ်။ တစ်ချိန်လုံးကို ပြောနေကြတယ်။ အဲဒီလောက်ကြီးတော့လည်း ခက်တာဘူးထင်ပါရဲ့။**

မဖြစ်သင့်ပါဘူး။ အဲဒီလောက်ကြီး။ ကျွန်မနဲ့ Robie နဲ့ဆို တစ်ခါက ရုပ်ရှင်ထိုင်ကြည့်နေရင်း ရုပ်ရှင်ထဲကနေ 'ဒီလူများ လေဆိပ်မှာ တွေ့ဆုံမှုတွေကို ဘယ်တုန်းက ရပ်တန့်လိုက်ကြတာလဲ' ဆိုတာလေး ကြားလိုက်ကြတယ်။ ဒီစကားသံ ကျွန်မရော၊ သူရော နှစ်ယောက်စလုံးရဲ့ ဦးနှောက်ထဲကို ဝင်သွားခဲ့တယ်။ အခုထိ ကြားယောင်နေတုန်းပဲ။

**ကိုယ်ချစ်ခင်ရတဲ့သူကို အချိန်ပေးရမယ်။ ဂရုစိုက်ရမယ်။ အရိပ်ကြည့်နေရမယ်။ ဒါပေမဲ့ တစ်ချိန်လုံးအဖို့တော့ ဘယ်ခက်ခဲပါတယ်။ တစ်စုံတစ်ခုကတော့ မှားယွင်းနေမှာပဲ။ ရုပ်ရှင်ဇာတ်ကားထဲက မင်းနဲ့ ဘန်အက်ဖလက်တို့ကြားမှာ အလွန် ပြင်းထန်တဲ့ အဖြစ်အပျက်တွေ ဖြစ်ခဲ့ကြတယ်။ ပရောဖက်ရှင်နယ်လုပ်တတ်ပေမဲ့ မနှစ်မြို့စရာတွေလည်း ရှိတယ်ပဲ။ ဘယ်လမ်းကြောင်းကို သွားခဲ့ကြသလဲ။**

ရိုက်ကွင်းပေါ်မှာ ကျွန်မတို့ စကားတွေ အများကြီးပြောဖြစ်ခဲ့တယ်။ နာရီပေါင်းများစွာ ကြာတယ်။ နောက်တစ်နေ့ကျတော့ မျက်နှာချင်းဆိုင် စကားတစ်လုံးတောင် မပြောဖြစ်တာလည်းရှိတယ်။ ရယ်စရာလည်းကောင်းပါတယ်။ ကျွန်မနဲ့ ဘန်အက်ဖလက်နဲ့ ချစ်ရည်တူမှုတဲ့ အခန်းတွေ ပါတယ်မဟုတ်လား။ ကျွန်မတို့ မှောင်တဲ့အခန်းတစ်ခုကို သွားပြီး ဆွေးနွေးကြတယ်။ ပြီးတော့ ခင်ပွန်းအပြင် နောက်ထပ်ချစ်သူတစ်ယောက်နဲ့ ချစ်ဇာတ်လမ်းကလည်း ရှိသေးတော့ ချစ်ခန်းကြိုက်ခန်းတွေကို ကြိုတင်လေ့ကျင့်ရတာပေါ့။ ဒါရိုက်တာကလည်း စိတ်ရှည်လက်ရှည်စောင့်ပေးတယ်။ ကျွန်မတို့ လိုအပ်သလို သရုပ်ဆောင်ပိုင်နိုင်ဖို့ ၂ နာရီလောက်ကို စောင့်ပေးနေခဲ့တာ။ ဒါပေမဲ့လည်းလေ အဲဒါမျိုးကြီးကို ၂ ယောက်တည်း လေ့ကျင့်နေရတာကိုက မသင့်လျော်သလိုကြီး ခံစားရတယ်။

**အဲဒီလို အေမီဇာတ်ကောင်မျိုးကို သရုပ်ဆောင်ခွင့်ရပြီးနောက် မင်း ဘယ်လိုခံစားရသလဲ။**

ဒီလိုရုပ်ရှင်ကားမျိုးမှာ ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ဖို့ ကျွန်မအသင့်ဖြစ်ပြီလို့ ခံစားရတယ်။ ကမ္ဘာပေါ်မှာ အကောင်းဆုံးသော ဒါရိုက်တာတွေထဲကတစ်ယောက်နဲ့ တကယ်ထူးခြားတဲ့ ကာရိုက်တာကို လုပ်ခွင့်ရခြင်းပါ။ နောက်ထပ် ဆုအပိုတွေ ထပ်မတောင်းသင့်တော့ပါဘူး။ သရုပ်ဆောင် ပိုင်နိုင်ဖို့လည်း ကျွန်မ အများကြီး ပြင်ဆင်ခဲ့ရသလောက် မီဒီယာနဲ့ တွေ့ဆုံဖို့တော့ မပြင်ဆင်ရသေးဘူးလို့ ခံစားရပါတယ်။

**ဒါတွေအားလုံးက တစ်ခုပြီးတစ်ခု ဆက်တိုက် ကပ်ပါလာတတ်တာ။**

ဟောလိဝုဒ်မှာ နာမည်ကြီးတဲ့ မိန်းကလေးအများကြီးက သူတို့အသက် ၂၀ အရွယ်လောက်ကတည်းက နာမည်ကျော်မဂ္ဂဇင်းကြီးတွေရဲ့ မျက်နှာဖုံးတွေ ရိုက်ခွင့်ရခဲ့ပြီးသား ဖြစ်ကြတယ်။ ကျွန်မမှာ အဲဒီလို အခွင့်အရေး မရှိခဲ့ဘူး။ ကာဗာဓာတ်ပုံ အရိုက်ခံရတော့လည်း ကိုယ်ဝန်က ရှိနေတယ်။ အဲဒီတော့ ခါးသိမ်သိမ်လေးက ပျောက်နေတာပေါ့။ ကိုယ်ဝန်ဆောင်ထားရတဲ့အချိန်တွေကို ကျွန်မ မနှစ်သက်ဘူး။ ရင်သားတွေ ကြီးနေလို့။ တကယ်ပဲ။

**ရုပ်သွင်ပုံစံနဲ့ ပတ်သက်လို့ ပြောကြရအောင်။ မင်းသမီးတစ်ယောက်အဖြစ်မှာ ဖက်ရှင်က မရှိမဖြစ် တစ်ဆက်တည်း ပါလာပြီ။ သရုပ်ဆောင်ကောင်းနေရုံနဲ့ မပြီးတော့ဘူး။ ကော်ဇောနီပေါ်က အလုပ်တွေကိုလည်း ကောင်းစွာ ကျွမ်းကျင်ဖို့ လိုအပ်လာပြီ။**

ကျွန်မ စဉ်းစားထားတာတစ်ခု ရှိတယ်။ ကျွန်မ စိတ်တိုင်းကျတဲ့ ဝတ်စုံတွေသေချာရှာပြီး၊ ဒါတွေချည်း ထပ်ပြီး တလဲလဲ ဝတ်နေရရင် ကောင်းမလားလို့လေ။ ကျွန်မ တာဝန်ဝတ္တရား မရှိတဲ့နေ့၊ အလုပ်နားရက်၊ ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်နေရတဲ့အချိန်ဆို သိပ်ကြည့်ရအဆင်ပြေတယ်။ ဘာအာရုံမှ မရှိဘူး။ ပွဲကြီးလမ်းကြီး တစ်ခုခုများ ရှိလို့ကတော့ သွားရောပဲ။ အဲဒါကြောင့် ကျွန်မ ဂူအောင်းနေတတ်တာပေါ့။

**Gone Girl အေမီကတော့ လူတွေနဲ့ ဆက်ဆံတတ်ခဲ့တယ်။ မင်းကောတွေ့ခဲ့လား။ လူတွေက မင်းအပေါ် နားလည်တယ်လို့ရော ခံစားရသလား။**

ကျွန်မနဲ့ပတ်သက်ပြီး ပြောတာလေးတစ်ခု ရှိတယ်။ 'ရိုစမန်းပိုက်ခ်က သူနဲ့ ရုပ်ရှင်အတူတွဲရိုက်ရမယ့် မင်းသားနဲ့ အလုပ်တွဲမလုပ်ခင်မှာ ရင်းနှီးခင်မင်ချင်တယ်။ နေ့လယ်စာ အတူစားဖြစ်တာမျိုး၊ လက်ဖက်ရည်တွဲသောက်တာမျိုး' တဲ့။ အဲဒီလို အပြောမျိုးက ကျွန်မကို အရှက်အကြောက်ကြီးကြီး ဣန္ဒြေစောင့်စည်းသူ အထက်တန်းစားအဆင့်က တစ်စုံတစ်ယောက်ဖြစ်သွားစေသလိုပဲ။ ဒါ ကျွန်မ ထင်တာပါ။ Gone Girl ကို သူတို့ ကြည့်ပြီးသွားတဲ့အခါ အတွေးပြောင်းသွားကြမယ်လို့ မျှော်လင့်ပါရဲ့။ ■ **ရီတာအောင်၊NY၊**



www.burmeseclassic.com

www.burmeseclassic.com


Date No.

သရုပ်ဆောင်လောကမှာ လူပျိုသရုပ်ဆောင်တွေ အများကြီးကျန်ပါသေးတယ်။

အဲဒီလူပျိုသရုပ်ဆောင်တွေထဲက ပရိသတ်များ စိတ်ဝင်စားမယ့်

သရုပ်ဆောင်တချို့ကို သူတို့နှလုံးသားရေးရာနဲ့ပတ်သက်ပြီး မေးမြန်းဖော်ပြပေးလိုက်ပါတယ်။ ■

# လူပျိုပါ•••



အသက် ဘယ်လောက်ရှိပြီလဲ။

၂၆

နှလုံးသားရေးရာနဲ့ပတ်သက်လို့

စိတ်ဝင်စားတဲ့သူ ရှိပြီလား။ အရပ်သူလား၊ သရုပ်ဆောင်လား။

ရှိခဲ့ပါတယ်

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

အဲဒါ သူ့ကပိုပြီး မှတ်မိမယ် ထင်ပါတယ်

ဒီခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ကိုယ့်ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

အဲဒီ အချိန် တုန်းက ရင်ထဲ စိတ်ထဲ က လှုပ်ရှားနေတဲ့ အတိုင်း

လုပ်ခဲ့မှာပါ။ မှန်မှန် ပြောခဲ့တယ်

ဒီတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

ပါတော့ မပြောတော့ဘူး

သူ့ကို တွေ့ပြီးတဲ့နောက်မှာ

တခြားစိတ်ဝင်စားစရာ မိန်းကလေးရှိသေးသလား။

Sorry

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံး

ဘာလို့ထင်ပါသလဲ။

ကိုယ့်ချစ်ရတဲ့ သူက ဆွဲဆောင်မှု အရှိဆုံး ပါ

ချစ်ခြင်းနဲ့ အရကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်အလု

လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။

တစ်ချိန် ကျရင်တော့ လဲရမှာ ပါပဲ

ဘယ်တော့လောက် နှစ်ယောက်တစ်ဘ

တည်ဆောက်မယ်လို့ ရည်ရွယ်ထားလဲ။

ကိုယ့်ချစ်ကဲ့သူ က

လို လေသေး မရှိအောင် ထားနိုင်ကဲ့ နေ့

ကောင်းပြည့် ■ အယ်ဒီတာအဖွဲ့

Kaung Pyae

ကောင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

Date

အသက် ဘယ်လောက်ရှိပြီလဲ။

အသက်, 18 နှစ်

ချိုးသားရေးရာနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူ ရှိပြီလား။ အရပ်သူလား၊ သရုပ်ဆောင်လား။

ထားပုံမပြနိုင်သေးပါဘူး. အရပ်သူ. သူကောင်းမျိုး၊ မင်းမျိုးမင်းနွယ် ထားစရာမလိုပါ.

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

မြန်မာ့ဒီဗွီဒီကားတွေထဲက အတိုင်းပါပဲ.

ခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ချစ်ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

ပေးတာရှိပါတယ်. စာရွက်မှာရေးတာနဲ့ Online မှာရေးတာပဲ ကွာတာပါ.

ဒါဆိုတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

ဒီအချိန်ထိတော့ အဖြေမရှိသေးပါဘူး,

သူ့ကို တွေ့ပြီးတဲ့နောက်မှာ တခြားစိတ်ဝင်စားစရာ

မိန်းကလေးရှိသေးသလား။

ရှိတာပဲ

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံးက

ဘာလို့ထင်ပါသလဲ။

မိန်းမ ဖြစ်မနေဖြင့်

ချစ်ခြင်းနဲ့ အခု ကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်

အလုပ်လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။

ရောက်ရှိမရှိပါ. လူဟာ ထမင်းသည်းစားတယ်.

သည်း ခံပါတယ်. အဲဒီ သဘောအတိုင်းပဲ.

သည်း ချင်တယ်. အနုပညာသည်း ချင်တယ်.

ဘယ်တော့လောက် နှစ်ယောက်တစ်ဘဝ

တည်ဆောက်မယ်လို့ ရည်ရွယ်ထားလဲ။

ကျွန်တော့်ဘဝဟာ ဂျင်ထဲက အသိုင်းဖြစ်တာမို့.

ကလည်ထားပါတယ်. အဂျက်ကြီး

မြို့တင်ပြဲသည်မှုတွေနဲ့ လုပ်ရို့ ဂျင်မှ ရုပ်ရှင်ပါ.

နီးတော့ အဆင်ပြေတဲ့နေ့ တစ်နေ့ ပေါ့ဗျာ.

ဆင် မပြေတော့လည်း နိုးမပြေးတာပေါ့.

■ အယ်ဒီတာအဖွဲ့။

စိုင်းစိုင်းခမ်းလှိုင်

P.S. ပျော်စရာကောင်းတဲ့ မေးခွန်းလေးတွေ ဖြစ်လို့

ပျော်စရာကောင်းအောင်ပဲ ဖြေထားပါတယ် ခင်ဗျာ...



www.burmeseclassic.com

www.burmeseclassic.com

Date No.

# ထွန်းထွန်း(Examplez)



အသက် ဘယ်လောက်ရှိပြီလဲ။

၃၀ [illegible]

နှလုံးသားရေးရာနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူ ရှိပြီလား။

အရပ်သူလား၊ သရုပ်ဆောင်လား။

[illegible]

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

[illegible]

ဒီခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ကိုယ့်ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

[illegible]

ဒီတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

[illegible]

သူ့ကို တွေ့ပြီးတဲ့နောက်မှာ

တခြားစိတ်ဝင်စားစရာ မိန်းကလေးရှိသေးသလား။

[illegible]

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံး

ဘာလို့ထင်ပါသလဲ။

[illegible]

ချစ်ခြင်းနဲ့ အခုကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်အလုပ်

လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။

[illegible]

ဘယ်တော့လောက် နှစ်ယောက်တစ်ဘ

တည်ဆောက်မယ်လို့ ရည်ရွယ်ထားလဲ။

[illegible]

[illegible]

[illegible]

■ အယ်ဒီတာအဖွဲ့

TUN TUN
EXAMPLEZ
11.10.20..

www.burmeseclassic.com

Date No.

နေမင်း

အသက် ဘယ်လောက်ရှိပြီလဲ။

[illegible]

ကျောင်းသားရေးရာနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူ ရှိပြီလား။ အရပ်သူလား၊ သရုပ်ဆောင်လား။

[illegible]

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

[illegible]

ဒီခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ချစ်သူ့ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

[illegible]

ဒီတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

[illegible]

သူ့ကို တွေ့ပြီးတဲ့နောက်မှာ တခြားစိတ်ဝင်စားစရာ

မိန်းကလေးရှိသေးသလား။

[illegible]

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံးက

ဘာလို့ထင်ပါသလဲ။

[illegible]

ချစ်ခြင်းနဲ့ အခု ကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်

အလုပ်လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။


[illegible]

ဘယ်တော့လောက် နှစ်ယောက်တစ်ဘဝ

တည်ဆောက်မယ်လို့ ရည်ရွယ်ထားလဲ။

[illegible]

■ အယ်ဒီတာအဖွဲ့။



www.burmeseclassic.com

www.burmeseclassic.com

Date No.

# ဇေရဲ့ထက်



အသက် ဘယ်လောက်ရှိပြီလဲ။

၂၅

နှလုံးသားရေးရာနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူ ရှိပြီလား။

အရပ်သူလား၊ သရုပ်ဆောင်လား။

ရှိ

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

-ရှိ

ဒီခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ကိုယ့်ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

-ရှိ

ဒီတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

. ရှိ

သူ့ကို တွေ့ပြီးတဲ့နောက်မှာ

တခြားစိတ်ဝင်စားစရာ မိန်းကလေးရှိသေးသလား။

. အင်း စိတ်ဝင်စားရာ

မိန်းကလေး တော့ရှိတယ်။

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံးက

ဘာလို့ထင်ပါသလဲ။

မျက်လုံး ၊ နှုတ်ခမ်း

ချစ်ခြင်းနဲ့ အခုကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်အလုပ်

လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။

ကိုယ်ဝါသနာပါတဲ့ အလုပ်လုပ်ရင်း

အချိန်ကိုရှာမယ်။

ဘယ်တော့လောက် နှစ်ယောက်တစ်ဘဝ

တည်ဆောက်မယ်လို့ ရည်ရွယ်ထားလဲ။

လိုပါသေးတယ်။

■ အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

Date No.

## အောင်ရဲလင်း

အသက် ဘယ်လောက်ရှိပြီလဲ။

27 [illegible]

နှလုံးသားရေးရာနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူ ရှိပြီလား။

အရပ်သူလား၊ သရုပ်ဆောင်လား။

[illegible]

သူ့ကို ဘယ်လိုချဉ်းကပ်ခဲ့တာလဲ။

—

ဒီခေတ်မှာ စာပေးတာတော့ မရှိတော့ဘူးဆိုတော့

ကိုယ့်ရင်ထဲက စကားကို ဘယ်လိုများ ဖွင့်ဆိုခဲ့တာပါလဲ။

—

ဒီတော့ သူ့ဖက်က ချက်ချင်းတုံ့ပြန်တာလား။

ဘယ်လောက်ကြာအောင် စောင့်ရသလဲ။

—

သူ့ကို တွေ့ပြီးတဲ့နောက်မှာ တခြားစိတ်ဝင်စားစရာ

မိန်းကလေးရှိသေးသလား။

—

မိန်းမတစ်ယောက်မှာ ဆွဲဆောင်မှုအရှိဆုံးက

ဘာလို့ထင်ပါသလဲ။

[illegible] ...

[illegible] ...

[illegible] ...

ချစ်ခြင်းနဲ့ အခု ကိုယ်ဝါသနာပါတဲ့ သရုပ်ဆောင်

အလုပ်လဲရမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ။

[illegible] ...

[illegible] ...

ဘယ်တော့လောက် နှစ်ယောက်တစ်ဘဝ

ထူထောင်မယ်လို့ ရည်ရွယ်ထားလဲ။

[illegible] ...

■ အယ်ဒီတာအဖွဲ့။





www.burmeseclassic.com

www.burmeseclassic.com

Date No.

သရုပ်ဆောင်လောကမှာ လူပျိုမင်းသားတွေများသလို အပျိုမင်းသမီးတွေလည်း အများကြီး ရှိပါတယ်။ သူတို့လည်း လူထဲက လူတွေသာဖြစ်တဲ့အတွက် ချစ်တဲ့၊ မုန်းတဲ့စိတ်တွေ ခံစားတတ်ပါတယ်။ အထူးသဖြင့် သူတို့ရဲ့နှလုံးသားရေးရာကို စိတ်ဝင်စားကြတဲ့ ပရိသတ်များအတွက် ရွှေအမြုတေအယ်ဒီတာအဖွဲ့က အမျိုးသမီးသရုပ်ဆောင်များကို အစ်အောက်မေးမြန်းထားပါတယ်။ ■



# နှလုံးသားနဲ့ စကားပြောခြင်း

**အသက်ဘယ်လောက်ရှိပြီလဲ၊**

၂၉ ဝန်းကျင်ပေါ့

**စိတ်ဝင်စားတဲ့သူ ရှိနေပြီလား၊**

စိတ်ဝင်စားစရာကောင်းရင်တော့ စိတ်ဝင်စားတာပဲ

**သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ၊**

မရှိသေးပါဘူး

**အရပ်သားလား၊ သရုပ်ဆောင်ထဲကလား၊**

ဘာရယ်လို့ ဆိုးမလဲ

**လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး စဉ်းစားခဲ့ပါသလဲ၊**

ရှိသေးပါဘူး ဆိုမှ • စိတ်ကူးထဲမှာပဲ ရှိသေးတယ်.

**စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို အဓိကထားပြီး စဉ်းစားသလဲ၊**

စိတ်တူကိုယ်တူ ရှိရင်တော့စဉ်းစားတာပေါ့

**ယောကျ်ားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ ရှိရမယ်လို့ ထင်ပါသလဲ၊**

မိန်းကလေး၊ တစ်ယောက်အတွက် အားကိုးလောက်အောင် အရည်အချင်း ရှိရမယ်ထင်တယ်

**တော်တော်များများကတော့ ယောကျ်ားတွေဟာ မယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား၊**

အဲဒီလိုလေးတော့ နဲနဲ ထင်မိတယ်. ဒါပေမဲ့ ယုံကြည်ရလောက်တဲ့ထိတော့ မဟုတ်ပါဘူး

**သူက တစ်နေ့ကို ဖုန်း ဘယ်နှကြိမ်လောက် ဆက်သလဲ၊**

ဆက်ဘူးလေ • ရှိပါဘူးလို့

**ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက် ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား၊**

ချစ်သူရှိလာရင်တော့ အဲလို ဖြစ်ချင်ဖြစ်မှာပေါ့

**ဘယ်တော့လောက်မှာ အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ၊**

အဲဒါကတော့ ဖူးဇာတ်ကံ ပဲလို့ ထင်တယ်

■ **အယ်ဒီတာရွှေ၊**

အိချောပို

www.burmeseclassic.com

www.burmeseclassic.com

Date

မိုးယုစံ

အသက်ဘယ်လောက်ရှိပြီလဲ။

၂၂ နှစ်

စိတ်ဝင်စားတဲ့သူ ရှိနေပြီလား။

မရှိသေးပါဘူး

သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ။

စိတ်ကူးထားတဲ့ ပုံစံတိုင်း ချစ်ရေးဆိုတာ

မျှော်လင့်ပါတယ်

အရပ်သားလား၊ သရုပ်ဆောင်ထဲကလား။

ရည်းစားပေါ့နော်

လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး

စဉ်းစားခဲ့ပါသလဲ။

နှလုံးသားက လက်ခံတဲ့ အချိန်ထိပေါ့

စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို

အဓိကထားပြီး စဉ်းစားသလဲ။

အကယ်ချစ်ရင်၊ ယောကျာ်းပီသတဲ့

စိတ်ထားရှိပေါ့

ယောကျာ်းတစ်ယောက်မှာ

ဘယ်လိုအရည်အချင်းမျိုးတွေ

ရှိရမယ်လို့ ထင်ပါသလဲ။

သစ္စာ၊ ပညာတတ်၊ ရိုးရိုး

အော်တော်များများကတော့ ယောကျာ်းတွေဟာ

မယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား။

ယုံပါဘူး၊

သူက တစ်နေ့ကို ဖုန်း ဘယ်နှကြိမ်လောက် ဆက်သလဲ။

မသိပါဘူး

ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက်

ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား။

မသိပါဘူး၊


ဘယ်တော့လောက်မှာ

အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ။

၂၈ - ၃၀ ဝန်းကျင်ပါ

■ အယ်ဒီတာအဖွဲ့။

မိုးယုစံ





www.burmeseclassic.com

www.burmeseclassic.com

Date No.

ခင်ဝင့်ဝါ



အသက်ဘယ်လောက်ရှိပြီလဲ။

အသက် (၂၀)

စိတ်ဝင်စားတဲ့သူ ရှိနေပြီလား။

မရှိသေးပါဘူး

သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ။

အချစ်ရေး ဆိုဖြင့်လည်း မခံရသေးပါဘူး

အရုပ်သားလား၊ သရုပ်ဆောင်ထဲကလား။

စဉ်းစား ခဲ့မယ် ဆိုရင်

အရုပ်သား ကိုဘဲ စဉ်းစားမယ် လို့ထင်ပါသည်။

လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး စဉ်းစားခဲ့ပါသလဲ။

လက်ခံဖို့ စဉ်းစားမယ် ဆိုရင်

ကာလအတိုင်းအတာ (၁) နှစ် စဉ်းစားမယ်လို့ထင်ပါတယ်။

စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို အဓိကထားပြီး စဉ်းစားသလဲ။

စဉ်းစားခဲ့မယ်ဆိုရင် အဓိက စိတ်သဘောထား၊

အရည်အချင်း၊ အကျင့်စရိုက်ပေါ့

ယောကျ်ားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ

ရှိရမယ်လို့ ထင်ပါသလဲ။

ဘယ် လို အရည်အချင်းမျိုးတွေ ရှိရမယ်လို့တော့

မစဉ်းစားမိသေးပါဘူး။ စဉ်းစားရဦးမယ်ပေါ့

တော်တော်များများကတော့ ယောကျ်ားတွေဟာ

မယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား။

ယုံလည်းယုံတယ်။ မယုံလည်းမယုံဘူး။

သူက တစ်နေ့ကို ဖုန်း ဘယ်နကြိမ်လောက် ဆက်သလဲ။

မရှိသေးတော့ မဆက်ကြပါဘူး။

ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက်

ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား။

ကိုယ့်ချစ်သူ ဘယ်သူ ဆိုတာ မသိသေး တဲ့

အတွက် အခက်အခဲ ကို မကြုံတွေ့မိပါ။

ဘယ်တော့လောက်မှာ

အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ။

အသက်အရွယ် အပိုင်းအခြား တစ်ခုပေါ့နော်။

■ အယ်ဒီတာအဖွဲ့။

ခင်ဝင့်ဝါ



www.burmeseclassic.com

www.burmeseclassic.com

Date No.

ယုသန္တာတင်

အသက်ဘယ်လောက်ရှိပြီလဲ။

နှစ်ဆယ်ကျော်

စိတ်ဝင်စားတဲ့သူ ရှိနေပြီလား။

ခဂ်ိ တဂ်ိ

သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ။

အမျိုးရုပ်ပါပဲ, msg ပို့, ph ဆက်.

အရပ်သားလား၊ သရုပ်ဆောင်ထဲကလား။

မပြောချင်ဘူး

လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး စဉ်းစားခဲ့ပါသလဲ။

သို့ရှက်ချက်

စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို အဓိကထားပြီး စဉ်းစားသလဲ။

ကိုယ်နဲ့အဆင်ပြေမပြေပေါ့

ယောကျ်ားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ

ရှိရမယ်လို့ ထင်ပါသလဲ။

နစ်နာခံ တတ်(ဖိုး), မလိမ်မညာတတ်သူ

တော်တော်များများကတော့ ယောကျ်ားတွေဟာ

ယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား။

ယုံဘူး

ချစ်သူက တစ်နေ့ကို ဖုန်း ဘယ်နှကြိမ်လောက် ဆက်သလဲ။

???

ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက်

ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား။

ဟုတ်

ဘယ်တော့လောက်မှာ

အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ။

ပျိုပါသေးတယ်

■ အယ်ဒီတာအဖွဲ့။





www.burmeseclassic.com

www.burmeseclassic.com

Date No.

စိုးနန္ဒာကျော်



အသက်ဘယ်လောက်ရှိပြီလဲ။

၂၀

စိတ်ဝင်စားတဲ့သူ ရှိနေပြီလား။

မရှိပါ

သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ။

မရှိပါ

အရပ်သားလား၊ သရုပ်ဆောင်ထဲကလား။

မရှိပါ

လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး စဉ်းစားခဲ့ပါသလဲ။

-

စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို အဓိကထားပြီး စဉ်းစားသလဲ။

ကိုယ့်ကိုယ် ဦးဆောင်နိုင်ရမယ်၊ စိတ်ဓာတ် (အဓိက)

ယောကျ်ားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ

ရှိရမယ်လို့ ထင်ပါသလဲ။

ကိုယ့်ကိုယ် ဦးဆောင်နိုင်ရမယ်၊

အရာရာကို ရင့်ကျက်တည်ငြိမ်ရမယ်၊

တော်တော်များများကတော့ ယောကျ်ားတွေဟာ

မယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား။

မယုံရဘူးဆိုပေမယ့် အားလုံးတော့ မဟုတ်ပါဘူး။

သူက တစ်နေ့ကို ဖုန်း ဘယ်နှကြိမ်လောက် ဆက်သလဲ။

အကြိမ်များစွာဆက်ပါတယ်

(သူငယ်ချင်းတွေဆက်တာကိုပြောတာပါ)

ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက်

ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား။

ကိုယ်က ချစ်သူ မရှိသေးတော့

တွေ့ဖို့ အခက်အခဲ ရှိပါတယ်

ဘယ်တော့လောက်မှာ

အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ။

ဒါကတော့ ကြိုမသိသေးပါဘူး

အခြေအနေ နဲ့ အချိန်အခါ အရပါပဲ။

■ အယ်ဒီတာအဖွဲ့။

စိုးနန္ဒာကျော်



www.burmeseclassic.com

www.burmeseclassic.com

Date No.

## သင်ဇာဝင့်ကျော်

အသက်ဘယ်လောက်ရှိပြီလဲ။

26 နှစ်ခွဲပြီ

စိတ်ဝင်စားတဲ့သူ ရှိနေပြီလား။

မရှိဘူး လို့ ပြောရင် ယုံမှာမဟုတ်ဘူး မလား?

သူက မင်းသမီးကို ဘယ်လိုများ ချစ်ရေးဆိုခဲ့တာလဲ။

ပါးစပ်နဲ့ပေါ့ ။ စကား ပြောပြီ ။

အရပ်သားလား၊ သရုပ်ဆောင်ထဲကလား။

မဟုတ်ဘူး ။ အပြင်လူ

လက်ခံဖို့အတွက် အချိန်ဘယ်လောက်ယူပြီး စဉ်းစားခဲ့ပါသလဲ။

စက္ကန့်ပေါင်း 1000

စဉ်းစားတဲ့နေရာမှာ ဘယ်အချက်တွေကို အဓိကထားပြီး စဉ်းစားသလဲ။

ကိုကို ဟာ မင်းသား Dennis O'nail နဲ့ တူရမယ် ပေါ့

ယောကျ်ားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းမျိုးတွေ

ရှိရမယ်လို့ ထင်ပါသလဲ။

ယောကျ်ား ဆိုမှတော့ ယောကျ်ားပီသရမှာပေါ့

တော်တော်များများကတော့ ယောကျ်ားတွေဟာ

မယုံရဘူးလို့ ဆိုတယ်။ မင်းသမီးကရော ယုံပါသလား။

တစ်ယောက်နဲ့ တစ်ယောက် တော့ မတူဘူး ပေါ့

သူက တစ်နေ့ကို ဖုန်း ဘယ်နှကြိမ်လောက် ဆက်သလဲ။

မရေတွက်ဖူးဘူး ရှင် ..

ကိုယ်က မင်းသမီးဖြစ်နေတဲ့အတွက်

ကိုယ့်ချစ်သူနဲ့ တွေ့ဖို့ရာ အခက်အခဲရှိပါသလား။

တကယ်တွေ့ချင်ရင် ဘာမှမခက်ခဲပါဘူး..

ဘယ်တော့လောက်မှာ

အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားပါသလဲ။

ပြင်ပြီဆိုတဲ့ အချိန်ပေါ့


■ အယ်ဒီတာအဖွဲ့။





www.burmeseclassic.com

www.burmeseclassic.com





'ကိုယ့်ကိုယ်ကိုသာ သတ်သေမယ်ဆိုရင် ဘယ်လိုလုပ်မှာလဲ၊ Waterpick က ထုတ်တဲ့ဓားနဲ့ ကိုယ့်လက်ကောက်ဝတ် ကိုဖြတ်လှီးမှာလား' လို့ Williams က Maron ကို မေးခဲ့ဖူးပါတယ်

www.burmeseclassic.com

www.burmeseclassic.com

# liams

အဆိုတော် Kid Rock နဲ့ ဩဂုတ်လအတွင်းက ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားခဲ့တဲ့ ကွယ်လွန်သူ ဟာသပါရမီရှင် Robin Williams တို့ဟာ ၂၀၀၇ ခု၊ ဒီဇင်ဘာလအတွင်း ခရီးကြမ်းစက်ဘီးစီး အတူမထွက်ခင် လအနည်းငယ်လောက် အရင်ကတည်းက သိကျွမ်းခဲ့ကြတာပါ။ Robin Williams က Kid Rock ရဲ့ဖျော်ဖြေပွဲတစ်ခုကို လာရောက်အားပေးပြီး ဇာတ်စင်နောက်မှာ ဆုံတွေ့ဖြစ်ခဲ့ကြရာက Kid Rock ရဲ့စာသားတွေကို အင်မတန်သဘောကျတဲ့ Robin Williams နဲ့ ခရီးကြမ်းအတူထွက်ဖြစ်ခဲ့တဲ့အထိ ရင်းနှီးခဲ့ကြရတာ ဖြစ်ပါတယ်။ အဲဒီနောက် သူတို့တွေဟာ အီရတ်စစ်မြေပြင်ရောက် အမေရိကန်စစ်သည်တွေကို ဖျော်ဖြေရာမှာလည်း အတူပါဝင်ဆင်နွှဲခဲ့ကြပါတယ်။



၂၀၀၇ ခုနှစ်က ကူဝိတ်နိုင်ငံသို့ သွားရောက်ဖျော်ဖြေစဉ်၊ အဲဒီပွဲမှာ Kid Rock နဲ့ စတင်သိကျွမ်းခဲ့ပါတယ်

# အားလုံးကိုပျော်ရွှင်စေချင်ခဲ့သူ Robin Williams

ရာပြည့်

သူတို့နဲ့အတူ စက်ဘီးစီးချန်ပီယံ Lance Armstrong နဲ့ လူရွှင်တော် Lewis Black တို့လည်း ပါဝင်ခဲ့ကြပါတယ်။ Kid Rock ဟာ Williams နဲ့အတူ နှစ်ဦးတည်းရှိနေတဲ့အခါမျိုးမှာ သူ့ရဲ့ကိုယ်ပိုင်ဘဝအပေါ် အင်မတန်ကို စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ Williams ရဲ့ တခြားမျက်နှာစာတစ်ဖက်ကို မြင်တွေ့လာခဲ့ရပါတယ်။ ရေတပ်အမှုထမ်းတစ်ယောက်ရဲ့ သားဖြစ်တဲ့ Robin Williams ဟာ လူတကာကို ပျော်တော်ဆက်နေရပေမဲ့ သူ့ဘဝအတွက်တော့ သူကိုယ်တိုင် မပျော်ပိုက်နိုင်ဖြစ်နေပုံပါပဲ။ Williams တစ်ကိုယ်တည်း စိတ်ရှုပ်ထွေးနေဟန်နဲ့ ထိုင်မလို၊ ထ,မလိုနေရာကနေ ရုတ်တရက် ငိုချလိုက်တတ်သလို၊ သူ့ရဲ့ဘဝအကြောင်းတွေကိုလည်း ရင်ဖွင့်ပြောကြားတတ်တယ်လို့ Kid Rock က ပြောပြခဲ့ပါတယ်။ "ဒါဟာ သူ့ဆီကနေ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားမိတဲ့ အဖြစ်အပျက်တွေပဲ" လို့ Rock က ဆိုပါတယ်။ အဲဒီအချိန်တုန်းက Williams အကြောင်း Kid Rock သိထားရသမျှဆိုရင် Williams ဟာ သူ့ရဲ့ဒုတိယမြောက် ဇနီးသည်နဲ့ ကွာရှင်းပြတ်စဲခါနီးအချိန် ဖြစ်ပါတယ်။ "အဲဒီအတွက် Williams က

www.burmeseclassic.com

ကြောက်ကွဲနေခဲ့ရှာတာပါ"လို့ Rock က ဆိုပါတယ်။ ပြီးတော့ Williams ဟာ ၁၅ မိနစ်တစ်ခါလောက် ဆီးသွားသွား နေတတ်တာကိုလည်း Rock က သတိပြုမိခဲ့ပါတယ်။ နောက်ပိုင်းမှ သိလိုက်ရတာက Williams ရဲ့ နှလုံးကျန်းမာရေးက ဆိုးရွားလာနေတာကြောင့် ဆီးခဏခဏ သွားနေရတာလို့ ဆိုပါတယ်။ "လူရွှင်တော်တွေမှာလည်း မပျော်နိုင်တဲ့အခါမျိုးတွေရှိမယ်ဆိုတာ သိပေမဲ့ အာဖဂန်စစ်မြေပြင်လိုနေရာမျိုးမှာ လာထိုင်နေရပြီး ပေါက်ကွဲပြနေရတာတွေကတော့ တစ်မျိုးကြီးပဲပေါ့။ Williams က တစ်ခုခုကို အလေးအနက်ပြောပြီဆိုရင် သူဟာ တကယ့်ကို လေးလေးနက်နက် ပြောတတ်သူပါ"လို့ Kid Rock က ပြန်ပြောခဲ့ပါတယ်။

Williams နဲ့ ၁၉၇၉ ခုနှစ်အတွင်းမှာ ဆုံတွေ့ခဲ့ဖူးတဲ့ ကနေဒါသွေးနှော အမေ



၁၉၈၄ ခုနှစ်က Moscow on the Hudson ရုပ်ရှင်ကားအတူးဦး မိခင်ဖြစ်သူနှင့် အတူ ရုံ။

ရိကန် ဟာသသရုပ်ဆောင် Martin Short ကတော့ "Williams ဟာ ကွန်ပျူတာတစ်လုံးလိုပဲ"လို့ ဆိုပါတယ်။ "Williams ဟာ ၁၉၅၆ ခုနှစ်လောက်တုန်းက ကြည့်ခဲ့ရတဲ့ ဇာတ်ကားတွေထဲက နာမည်တွေကို ပြန်ပြောပြနိုင်တယ်။ တကယ့်ပါရမီရှင်ပဲ။ ကျွန်တော်ဖြင့် အတော်အံ့သြရတယ်"လို့ Martin Short က ပြောကြားခဲ့ပါတယ်။ Williams ဟာ **Good Will Hunting** အမည်ရ ဇာတ်ကားအတွက် ၁၉၉၇ ခုနှစ်မှာ အကောင်းဆုံး အမျိုးသားဇာတ်ပို့ သရုပ်ဆောင်အော်စကာဆုကို ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ အပေးအကမ်း အလှူအတန်းမှာလည်း ရက်ရောလှတယ်လို့ နာမည်ကျော်တဲ့ Williams ဟာ မိတ်ဆွေဖြစ်တဲ့ Billy Crystal နဲ့အတူ Comic Relief ရန်ပုံငွေတစ်ရပ်

ထူထောင်ကာ အိမ်ခြေမဲ့တွေကို အကူ
အညီပေးခဲ့တဲ့အပြင် ဟာသသရုပ်ဆောင်
နောက်တစ်ဦးဖြစ်တဲ့ Whoopi Goldberg
နဲ့အတူ AIDS တိုက်ဖျက်ရေးရန်ပုံငွေ
တွေကို ပုံမှန်ထည့်ဝင်လှူဒါန်းမှုတွေ
ပြုလုပ်ခဲ့သူ ဖြစ်ပါတယ်။

သူ့ရဲ့ ဘဝသက်တမ်းတစ်လျှောက်
မှာ မူးယစ်ဆေးဝါးနဲ့ အရက်သေစာ အစွဲ
ကနေ ရုန်းကန်ခဲ့ရပုံတွေ၊ သူ့ရဲ့ ပထမ
အိမ်ထောင်နှစ်ဆက် ဘယ်လိုပြိုကွဲရခဲ့ပုံ
တွေနဲ့၊ သူ့ရဲ့တခြားကိုယ်ရေးကိုယ်တာ
ကိစ္စတွေကိုလည်း Williams က ပွင့်ပွင့်
လင်းလင်းပဲ ပြောပြတတ်ပါတယ်။
၁၉၈၈ ခုနှစ်အတွင်း Rolling Stone
မဂ္ဂဇင်းနဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ
Williams က သူ့ရဲ့ အတွင်းစိတ်မှာ
မငြိမ်းချမ်းနိုင်ကြောင်း ထုတ်ဖော်ပြော
ကြားခဲ့ပါတယ်။ "ကိုယ့်ကိုယ်ကို ပိုင်ပြီ
လို့ လက်မထောင်ပြောနိုင်တဲ့ လူစားမျိုး
ထဲမှာ ကျွန်တော်ပါတယ်လို့ မထင်ပါ
ဘူး။ ဒီလိုဆိုရင် သေတာနဲ့ အတူပဲလေ
ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို အစိုးမ
မရတာ"လို့ Williams က ပြောကြားခဲ့ပါ
တယ်။ Williams ဟာ စိတ်ညစ်ညူး
စရာကောင်းတဲ့ ကိုယ့်ကိုယ်ကို သတ်
သေတဲ့ကိစ္စမျိုးကိုလည်း ပြက်လုံးထုတ်
ပြောကြားလေ့ရှိသူပါ။ **Mork &**
**Mindy** အမည်ရ ဇာတ်ကားရိုက်ကွင်း
တစ်ခုမှာ ကြိုးတစ်ချောင်းက ကြိုးဆွဲချ
မယ့်ပုံနဲ့ တန်းလန်းချထားတာ တွေ့
တော့ Williams က ကြိုးကွင်းစွပ်သတ်
သေတဲ့ပုံစံတောင် လုပ်ပြခဲ့ဖူးပါတယ်။
၂၀၁၀ ပြည့်နှစ်အတွင်းမှာ ဟာသသရုပ်
ဆောင် Marc Maron နဲ့တွဲပြီး အင်တာ
နက်က တိုက်ရိုက်ထုတ်လွှင့်တဲ့ ဒစ်ဂျစ်
တယ်ဇာတ်လမ်းတွေ ရိုက်ကူးတုန်းက
"ကိုယ့်ကိုယ်ကိုသာ သတ်သေမယ်ဆိုရင်
ဘယ်လိုလုပ်မှာလဲ၊ Waterpick က
ထုတ်တဲ့ ဓားနဲ့ ကိုယ့်လက်ကောက်ဝတ်
ကိုယ်လှီးမှာလား"လို့ Williams က
Maron ကို မေးခဲ့ဖူးပါတယ်။

အဲဒီအချိန်ကအထိတော့ Williams
ဟာ ကိုယ့်ကိုဖူးကပ်နေတဲ့ မကောင်း



www.burmeseclassic.com

www.burmeseclassic.com

သိစိတ်တွေကို အညှပ်ခံ အရှုံးပေးသွားတဲ့ ခြား အနုပညာရှင် အများအပြားလို ဟုတ်ဘဲ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင် တဲ့ အနေအထားပြသနေခဲ့တုန်းပါပဲ။ သူ့ရဲ့ ပထမဦးစားပေးအလုပ်က နိုးသတ်ကို ဖျော်ဖြေဖို့၊ ပရိသတ်တွေ ရယ်မောပျော်ရွှင်စေဖို့ပဲဖြစ်ပြီး၊ ကိုယ့် စည်ကျော်ဖို့က အဓိက မဟုတ်ခဲ့ပါ ဘူး။ Williams နဲ့ ၇၀ ပြည့်နှစ်တွေ အတွင်းလောက်ကတည်းက သိကျွမ်းခဲ့ ပြီး၊ Comic Reliet ရန်ပုံငွေအဖွဲ့ရဲ့ ထူထောင်သူတစ်ယောက်လည်းဖြစ်တဲ့ Bob Zmuda က Williams ဟာ သူ့ရဲ့ အရက်သေစာ သောက်စားမှုအကြောင်း တွေနဲ့ စိတ်ဓာတ်ကျတဲ့အကြောင်းတွေ ပြောပြတတ်ပေမဲ့ ပေါ့ပေါ့ပါးပါးပဲ ပြော လေ့ရှိပါတယ်' လို့ ဆိုပါတယ်။ Zmuda ဟာ နာမည်ကျော် ဟာသသရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ တစ်ယောက်ဖြစ်ပါတယ်။ 'သူက ကိုယ့် ကိုယ်ကို အမြဲတမ်း ထိန်းချုပ်နိုင်တဲ့သူ ဆိုတော့ ကျွန်တော်တို့အားလုံးက အံ့ဩ ပါ။ Robin မှာ အရက်စွဲပြဿနာနဲ့ စိတ်ကျရောဂါရှိတယ်ပေါ့။ ဒါပေမဲ့ ဘယ်သူကရော သူ့လိုမျိုး မကြုံ ရဘူးလို့လဲ၊ စဉ်းစားကြည့်လိုက်လေ။ ဒါဆို အိုကေ။ ဒီကိစ္စတွေကို သူ နိုင်နိုင် နင်း ကိုင်တွယ်နိုင်တယ်၊ ဒီလိုမျိုး ဖြစ်ရော မရှိဘူးလို့ ထင်ခဲ့မိတယ်' လို့ Bob Zmuda က ပြောပြခဲ့ပါတယ်။

Williams ဟာ ဘဝရဲ့ အလင်းနဲ့ အမှောင်တွေကို ငယ်စဉ်ကတည်းက ကြုံတွေ့ဖြတ်သန်းလာခဲ့ရသူပါ။ အဖေ ဖြစ်သူက Ford မော်တော်ကားကုမ္ပဏီရဲ့ အမှုဆောင်အရာရှိတစ်ယောက် ဖြစ်ပါ တယ်။ အမေကတော့ အရင်က အလှမယ်သမီး၊ မော်ဒယ်လ်အလုပ်နဲ့ အသက် မွေးဝမ်းကျောင်းခဲ့သူ ဖြစ်ပါတယ်။ Williams ကို ၁၉၅၁ ခုနှစ်မှာ Chicago မြို့မှာ မွေးဖွားခဲ့ပြီး၊ မိဘနှစ်ပါးရဲ့ တစ် ဦးတည်းသောသား ဖြစ်ပါတယ်။ 'ကျွန်တော့်ဘဝက အမြဲတမ်း သာယာလှပ ပျော်ရွှင်ဖွယ်နဲ့ ဝေဆာလှပနေခဲ့တာပါ' လို့ Williams က ၁၉၉၃ ခုနှစ်မှာ ဆိုခဲ့ပါတယ်။ တစ်ဖက်မှာတော့ အဖေဖြစ်သူက လောကကြီးရဲ့အမှောင်ခြမ်းနဲ့ သိပ်ပြီး မစိမ်းလှသူဖြစ်ပါတယ်။ Mississpi ပြည်နယ် ဇာတိ၊ တောင်ပိုင်းသူအချောအလှလေးဖြစ်တဲ့ မိခင်ဖြစ်သူ Laurie ဟာ Williams စကားနဲ့ဆိုရင်တော့ 'ပွဲကြိုက်ခင်' ပေါ့။ Laurie ဟာ Williams အတွက် အထူး တလည်ကို အရေးပါခဲ့သူပါ။ 'ကိုယ့်ပြက်လုံးကို ပထမဆုံး စပြီး ရယ်မောမယ့်သူဟာ ကိုယ့်အပေါ် နှစ်သက်သဘောကျပြီးသားသူပဲ အမြဲဖြစ်တယ်' လို့ Williams က တစ်ခါက ပြောခဲ့ဖူးပါတယ်။ 'ပုံမှန်ကတော့ အဖေ ဒါမှမဟုတ်၊ အမေဆီကပေါ့။ ကျွန်တော့်အတွက်ကတော့ အမေ့ဆီက လာတာပါ။ ကျွန်တော်ဟာ အမေ့ကို အမြဲတမ်း ရယ်မောရွှင်ပျနေအောင် ကြိုးစားနေခဲ့တာပါ' လို့လည်း William က ပြောကြားခဲ့ပါ တယ်။ ငယ်ငယ်တုန်းက ဝဝကစ်ကစ်လေးနဲ့ ချစ်စရာကောင်းသူပါလို့ Williams



၁၉၇၉ ခုနှစ်က ဟောလိဝုဒ်မှာ ဖျော်ဖြေနေတဲ့ Robin Williams

က ဆိုလာခဲ့ရင် Laurie က ငြင်းမယ့်သူပါ။ ငယ်ငယ်တုန်းက ကျောင်းမသွားချင် လည်း မျက်ရည်စက်လက်နဲ့ သွားခဲ့ရတဲ့ရက်တွေရှိခဲ့ကြောင်း Williams က မိဘတွေ သူ့အပေါ် ဖိအားပေးပုံတွေ ပြောပြခဲ့ဖူးပါတယ်။ ဒီလိုနဲ့ အထက်တန်းကျောင်းရောက် လို့ နပမ်းအဖွဲ့ထဲ ဝင်တဲ့အခါကျမှ ကိုယ့်ကိုယ်ကို ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ ပါတော့တယ်။

Williams ဟာ ငယ်စဉ်က နေအိမ်ရဲ့အထပ်တစ်ထပ်လုံးမှာ တစ်ယောက်တည်း နေရတာဖြစ်ပြီး၊ စစ်သားအရုပ်လေးတွေနဲ့ ပါးစပ်က အသံမျိုးစုံထုတ်ကာ တစ်ယောက် တည်း စစ်တိုက်တမ်း ကစားနေတတ်ပါတယ်။ Susie လို့ခေါ်တဲ့ ကလေးထိန်း



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးသုံးဦးနှင့်အတူ ဆန်ဖရန်စစ္စကိုရှိ တွေ့ရစဥ် (ဝဲမှယာ) ကိုဒီ၊ ဇာခရီနှင့် ဇယ်လ်ဒါ

အာဖရိကန်-အမေ ရိကန်အမျိုးသမီးကြီးက သူ့ကို ပြုစုစောင့်ရှောက်ခဲ့တာလို့ Williams က ဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လောက်ကတည်းက Williams ကို သိကျွမ်းခဲ့သူ ကနေဒါသား လူရွှင်တော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ David Steinberg က "Williams ဟာ ကလေးဘဝကကို အထီးကျန်အဖြစ်နဲ့ ကျော်ဖြတ်ခဲ့ရတာ" လို့ ဆိုပါတယ်။ "လူရွှင်တော်တွေ အကုန်လုံး အထီးကျန်မှုကို ခံစားတတ်ကြရတာဟာ ကိုယ့်စိတ်ထဲမှာ တစ်ချိန်လုံး နစ်ပြီးနေနေရလို့ပါပဲ။ ဒါပေမဲ့ လူအတော်များများမှာ မတွေ့ရတတ်တဲ့ တစ်ကိုယ်တည်း အေးအေးချမ်းချမ်းနေချင်တဲ့အတွင်းစိတ်ကို Williams ဆီမှာ သွားတွေ့ရတယ်" လို့လည်း Steinberg က ပြောကြားခဲ့ပါတယ်။

ဖခင်ဖြစ်သူ Robert Williams က Ford မော်တော်ကားကုမ္ပဏီအလုပ်ကနေ

၁၉၆၇ ခုနှစ်မှာ နုတ်ထွက်ခဲ့ပြီး၊ ဆန်ဖရန်စစ္စကိုပင်လယ်အော်ဒေသတွင်းက Tiburon မြို့လေးဆီကို မိသားစုလိုက် ပြောင်းရွှေ့အခြေချခဲ့ပါတယ်။ အဲဒီမြို့မှာပဲ Williams အထက်တန်းပညာပြီးဆုံးအောင် သင်ကြားခဲ့ရပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်ထဲက ကောလိပ်ကျောင်းတစ်ကျောင်းမှာ Williams က သရုပ်ဆောင်အတတ်ပညာ သင်ယူခဲ့ပြီး သူ့ရဲ့ပင်ကို အရည်အချင်းနဲ့ တိုးတက်မှုကို တွေ့ရှိခဲ့တဲ့ မိဘတွေက ၁၉၇၃ ခုနှစ်မှာ နယူးယောက်မြို့က နာမည်ကျော် Juilliard School မှာ အပ်နှံပေးခဲ့ရာက စူပါမင်းသားဖြစ်လာမယ့် Christopher Reeves နဲ့၊ အမေရိကန်ပြဇာတ်/ ရုပ်ရှင် သရုပ်ဆောင်ဖြစ်လာမယ့် William Hurt တို့နဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်လာခဲ့ကြပါတယ်။ ကရာတေး အကျီဝတ်ပြီး၊ ဘယ်ရီဦးထုပ်ပျော့ ဆောင်းထားတတ်တဲ့ ကယ်လီဖိုးနီးယားပြည်နယ်သားလူငယ်လေး Williams ဟာ ပထမ တော့ တခြားလူတွေနဲ့ သိပ်ပြီး လိုက်လျောညီထွေမဖြစ်လို့ နယူးယောက်မှာ အနေမပျော်ခဲ့ပါဘူး။

BFA ခေါ် Bachelor of Fine Art Program(BFA)Visual Art ဘွဲ့အတွက် သင်တန်းတက်ရောက်နေရင်းတန်းလန်း ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ Williams ဟာ ကျောင်းကနေထွက်ပြီး မိဘအိမ်ကို ပြန်သွားခဲ့ပါတယ်(အ... ရေးကြောင့် ကျောင်းထွက်ခဲ့တာ... နောက်ပိုင်းမှာ Williams က ပြောပြခဲ့ပါ တယ်။)။ ကျောင်းကထွက်ပြီးချင်း... သလိုပဲ နိုဘယ်လ်ဆုရ အင်္ဂလိပ်လူမျိုး ဇာတ်ညွှန်းဆရာ၊ ဒါရိုက်တာ Harold Pinter ရဲ့ The Lover အမည်ရ ပြဇာတ် ကြီးမှာ အရေးပါတဲ့ဇာတ်ကောင်တစ်... ရာက ပထမဆုံး ပါဝင်သရုပ်ဆောင်... ရခဲ့ပါတယ်။

ဝတ်စုံသစ်တွေဝတ်ပြီး ဇာတ်... အရိုက်ခံခဲ့တဲ့အတွက် Williams ... ဒေါ်လာ တစ်ရာ၊ တစ်ရာ အမြဲ... ဒါရိုက်တာ Cynthia Kiki Wallis...



www.burmeseclassic.com

www.burmeseclassic.com

Williams ဟာ ပရိသတ်ကို အမြဲရယ်မောအောင်လုပ်လေ့ရှိသူဖြစ်ပေမဲ့ တစ်ညမှာတော့ ပရိသတ်ပွဲကျအောင် သူ မလုပ်နိုင်ခဲ့ဘူး။ အဲဒါနဲ့ Williams က တောတွင်းသားလေး တာဇံလို အော်ပြလိုက်တော့မှ ပရိသတ်က ရယ်ကြတော့တယ်။ ပွဲပြီးတော့ Williams ကို ကျွန်မပြောခဲ့တာက 'ပရိသတ်ကို ရယ်မောအောင်လုပ်နိုင်ခဲ့ပေမဲ့ ဇာတ်ပွဲစည်းမျဉ်းတွေကို ဖောက်ဖျက်ရာကျတယ်' လို့။

အဲဒီနောက်ကစပြီး Williams ဟာ လနဲ့ချီပြီးရေးတဲ့ ပြဇာတ်ပွဲစဉ်တွေတစ်လျှောက်လုံး သူ့စိတ်ကူးပေါက်ရာတွေလျှောက်မလုပ်ဖြစ်တော့ဘူး။ ဒါပေမဲ့ ပရိသတ်ကို ပျော်တော်ဆက်တယ်ဆိုတာက လက်တန်းပြောရဆိုရတာတွေနဲ့ အမြဲခွန်တွဲနေမှာပဲလေ။ အဲဒီကနေ ဆန်ဖရန်စစ္စကိုမှာ တစ်ကိုယ်တော်ပြက်လုံး အစီအစဉ်တွေကို Williams စပြီး လုပ်လာခဲ့ရပါတယ်။ 'အတူနေနေတဲ့ အမျိုးသမီးက ကိုယ့်ကို စွန့်ခွာထွက်သွားတာဆိုတော့ စိတ်ကျဝေဒနာကို ကုစားဖို့ တစ်ခုခုကို ကျွန်တော်လုပ်မှ ဖြစ်မှာ' လို့ နောက်ပိုင်းမှာ Williams က ပြောကြားခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှာ လော့စ်အိန်ဂျလိစ်မြို့ကို ရွှေ့ပြောင်းအခြေစိုက်ခဲ့ပြီး ဇာတ်လမ်းတိုနှစ်ခုမှာ ပါဝင်သရုပ်ဆောင်ပေးခဲ့ရပါတယ်။ တစ်ခုက အမေရိကန် ဟာသမင်းသား Richard Pryor ပါဝင် သရုပ်ဆောင်ပေးထားတဲ့ ဇာတ်လမ်းဖြစ်ပြီး နောက်တစ်ခုကတော့ ခြောက်ဆယ်ခုနှစ်တွေအတွင်းက နာမည်ကျော်ကြားခဲ့တဲ့ **Laugh-in** အမည်ရ အစီအစဉ်ကို ပြန်လည်ဆန်းသစ်တင်ဆက်တာဖြစ်ပါတယ်။ အဲဒီနှစ်ထဲမှာပဲ လုပ်ငန်းစတင်ဆောင်ရွက်ခါစဖြစ်တဲ့ HBO ရုပ်/သံအတွက် Steinberg စီစဉ်တင်ဆက်ပေးတဲ့ တစ်ကိုယ်တော်ဟာသကဏ္ဍမှာ Williams ပါဝင်လာခဲ့ပါတယ်။ 'Williams ဟာ စင်ပေါ်ကနေ ပရိသတ်တွေကြားထဲ ဆင်းလျှောက်သွားပြီး၊ ပရိသတ်တွေနဲ့ ပြောသမျှ စကားတွေကို ပွဲကျအောင် ပြက်လုံးထုတ်တော့တာပဲ' လို့ Steinberg က ပြောပြခဲ့ပါတယ်။

The Comedy Store နဲ့ The Improv အမည်ရ ကလပ်တွေမှာ လိုက်လံပြီး ပျော်တော်ဆက်ပေးရင်းကနေ Elayne Boosler လို့ခေါ်တဲ့ အမျိုးသမီး လူရွှင်တော်၊ လုပ်ဖော်ကိုင်ဖက်တစ်ဦးနဲ့ Williams ဆုံတွေ့ခဲ့ရပြန်ပါတယ်။ Boosler က သူ့အပေါ် Williams လို အရူးအမူး စွဲလမ်းတာမျိုး မကြုံခဲ့ရဖူးကြောင်း၊ Williams မှာ ကိုယ်ပိုင်တိုက်ခန်းရှိနေရဲ့သားနဲ့ ကိုယ့်အိမ်ကိုယ်မနေဘဲ ညတိုင်းပဲ သူ့ဆီကို ရောက်ရောက်လာတတ်ကြောင်း ပြန်ပြောပြပါတယ်။ 'ကျွန်မကို သူက Punk ဒါမှမဟုတ် Punkie လို့ခေါ်တယ်။ တခြားမိန်းကလေးတွေကိုရော ဒီလိုပဲ ခေါ်တာလားလို့မေးတော့ Williams က နောက်ဆုံး ၁၄ ယောက်ကိုပဲ ဒီလိုခေါ်ခဲ့တာပါလို့ ရယ်စရာပြန်ပြောပါတယ်' လို့လည်း Boosler က ပြောပြခဲ့ပါတယ်။

ကလပ်တွေမှာ အလုပ်သင်ဘဝနဲ့ သိပ်ပြီးကြာကြာမနေလိုက်ရပါဘူး။ နေ့စဉ်လူနေမှုဘဝတွေထဲက ရယ်စရာဇာတ်လမ်းတွေကို **Happy Days** အမည်နဲ့ စီစဉ်ထုတ်လွှင့်ပေးတဲ့ အမှုဆောင်အရာရှိ Garry Marshall က သားဖြစ်သူရဲ့ အကြံပေးချက်အရ Williams ကို ရုပ်/သံဇာတ်လမ်းတစ်ခုမှာ တခြားဂြိုဟ်ကမ္ဘာက အလည်ရောက်လာတဲ့ ဂြိုဟ်သား Mork အဖြစ် ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းလာခဲ့ပါတယ်။ ပထမမှာတော့ Garry ရဲ့ မန်နေဂျာတွေက Williams ကို ရုပ်ရှင်ဘက်ကလာတာမို့လို့ ရုပ်/သံအစီအစဉ်တွေမှာ အသုံးတည့်ပါ့မလားလို့ တွေးပူခဲ့ကြပါသေးတယ်။ အဲဒီတုန်းက ရုပ်ရှင်နဲ့ ရုပ်/သံ လုပ်ငန်းတွေက လုံးဝကို သီးခြားစီရပ်တည်နေကြတာကြောင့်ပါ။ ဒါပေမဲ့ Garry က Williams အပေါ် ယုံကြည်မှုအပြည့်ထားပြီး၊ Williams ဟာ သူ့အလုပ်ကိုသူ လုပ်သွားမယ့်သူဖြစ်တယ် လို့ ဆုံးဖြတ်ပေးခဲ့ပါတယ်။ 'ဒါဟာ ရုပ်/သံရိုက်နေတာ Larry, ဂရိပြဇာတ်ကနေတာ မဟုတ်ဘူး' လို့ Garry က သူ့မန်နေဂျာ Larry ကို ပြောခဲ့ရပါတယ်။

သက်တံ့ရောင်အစင်းကျား အတွင်းခံတွေဝတ်၊ ဘောင်းဘီပွပွတစ်စုံနဲ့ ရယ်စရာကောင်းတဲ့ Williams ရဲ့ **Mork & Mindy** ထဲက ဇာတ်ရုပ်ဟာ အမြဲလို ခုန်ပေါက်မြူးထူးနေပြီး၊ Garry ထုတ်လုပ်တဲ့ ဇာတ်လမ်းတိုင်းမှာပါလို့ လာခဲ့ပါတယ်။ Williams



၁၉၇၈ ခုနှစ်က ပထမဇနီးသည်ဖြစ်သူ ဗယ်လာရီဗယ်လာဒီနှင့်အတူ တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ လက်တန်းပြက်လုံးထုတ်တတ်တဲ့ အကျင့်ကို အလိုလိုက်ပြီး၊ တချို့ ဇာတ်ညွှန်းအပိုင်းတွေ မှာဆိုရင် 'Robin သူ့ဘာသာသူ ပြောသွားလိမ့်မယ်' လို့ ရေးသားတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ **Mork & Mindy** ကို ၁၉၇၈ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပထမဆုံး စတင်ထုတ်လွှင့်ပြသတော့ ပရိသတ် အကြိုက်တွေ့ခဲ့ရပါတယ်။ **Mork & Mindy** ရဲ့ ဒုတိယ ရာသီစတင်ချိန်မှာ Williams ရဲ့ သရုပ်ဆောင်ကြေးဟာ ဇာတ်ထုပ်တစ်ထုပ်ကို ဒေါ်လာ ၁၅၀၀၀ ကနေ ဒေါ်လာ ၄၀၀၀၀ အထိ ခုန်တက်သွားခဲ့ပါတယ်။

'ဒါကို သူက အားမရနိုင်သေးဘူးလေ။ Williams ဟာ ငွေရတာကိုရော၊ သရုပ်ဆောင် အခွင့်အလမ်းရတာအတွက်ကိုပါ အရမ်းဝမ်းသာနေခဲ့တာ' လို့ Short က ပြောကြားခဲ့ပါတယ်။ တစ်ကိုယ်တော်ဖျော်ဖြေတင်ဆက်တဲ့ အစီအစဉ်ကိုလည်း စွန့်လွှတ်လိုက်တယ်။ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်လာပြီး အမေရိကန်သမ္မတ Jimmy Carter ပုံစံ သရုပ်ဆောင်တာမျိုး၊ အဏုမြူ မတော်တဆ ယိုစိမ့်မှုဖြစ်ခဲ့တဲ့ Three Miles ကျွန်းကို အလည်ရောက်လာတဲ့ အဏုမြူဖခင်ကြီး Albert Einstein ပုံစံ သရုပ်ဆောင်ကာ ဂျာမန်သံ မပီကလာ ပီကလာနဲ့ 'မင်းတို့ ငါ့ရဲ့ဖော်မြူလာနဲ့ ဘာတွေလုပ်နေကြတာတုံး၊ ဘာတွေဖြစ်နေကြတာလဲ' ဆိုပြီး မေးမြန်းပုံမျိုးတွေက ပရိသတ်အကြိုက်တွေ့စေခဲ့တဲ့ Williams ရဲ့ တင်ဆက်မှုတွေပါပဲ။

Williams ရဲ့ လျင်မြန်လှတဲ့ ဖြတ်ထိုးဉာဏ်နဲ့ လက်တန်းပြက်လုံးထုတ်ပြောကြားတဲ့ အတတ်ပညာဟာ မျိုးဆက်သစ် ဟာသသရုပ်ဆောင်တွေဆီကို စီးဝင်စေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ပင်ကို အရည်အချင်းမျိုးကတော့ သူတစ်ယောက်တည်းမှာပဲ ရှိတာပါ။ 'Williams ဟာ အရမ်းကို ထူးခြားတာမျိုးတွေ လုပ်ပြတတ်တာဖြစ်ပြီး၊ ဘယ်သူမှ သူနဲ့တူအောင် တုပနိုင်ကြတာ မဟုတ်ပါဘူး။ Williams က အဟန့်

> ကိုယ့်ကိုယ်ကို
> ပိုင်ပြီလို့
> လက်မထောင်
> ပြောနိုင်တဲ့
> လူစားမျိုးထဲမှာ
> ကျွန်တော်
> ပါတယ်လို့
> မထင်ပါဘူး
> ဒီလိုဆိုရင်
> သေတာနဲ့
> အတူပဲလေ
> ကိုယ့်စိတ်က
> ကိုယ့်ကိုယ်ကို
> အစိုးမှ
> မရတာ

အတားတွေကို ဖွင့်ချပစ်ပြီး လုပ်လို့ရနိုင်တာတွေကို ပြသပေးခဲ့တာပါ။ ပြီးတော့ ကျွန်တော်တို့တွေ အများအပြားကို လူရွှင်တော်ဖြစ်စေချင်စိတ်ဝင်စေခဲ့တာပါ။ Williams မှာက ပျော်ရွှင်ရယ်မောစရာတွေ အများကြီးရှိနေတဲ့ပုံ ပေါက်နေတာပါ' လို့ အမေရိကန် ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ လူရွှင်တော်၊ သရုပ်ဆောင်၊ ဇာတ်ညွှန်းဆရာ Judd Apatow က ပြောကြားခဲ့ပါတယ်။

**Mork & Mindy** ဇာတ်ကားမှာ တခြား ကမ္ဘာကဂြိုဟ်သား Mork အဖြစ် သရုပ်ဆောင်စဉ် Williams ရဲ့ လက်သုံးစကားလုံးဖြစ်တဲ့ 'နာနူး၊ နာနူး' ဆိုတဲ့ စကားလုံးဟာလည်း အတော်လေးကို ပရိသတ်အကြား တွင်ကျယ်ခဲ့တာပါ။

တစ်ခါမှာ မိတ်ဆွေဖြစ်သူ ဆန်ဖရန်စစ္စကိုမြို့သား ဝတ္ထုရေးဆရာ Armistead Maupin နဲ့ ကားလိုက်စီးပြီး ကားရပ်နားရာနေရာတစ်ခုမှာ ဆင်းလိုက်တော့ ဆယ်ကျော်သက် ပရိသတ်တစ်အုပ်က 'နာနူး၊ နာနူး' နဲ့ အသံပေးပြီး Williams နောက် အပြေးလိုက်ကာ အမှတ်တရ လက်မှတ်ရေးထိုးဖို့ တောင်းဆိုခဲ့ကြကြောင်း Maupin က ပြန်ပြောပြခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်အတွင်းမှာ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ကို လေယာဉ်နဲ့သွားတော့ Williams မှာ ခါးဝတ်ခါးစားကလွဲပြီး ဘာပစ္စည်းပစ္စယမှ မပါသွားပါဘူး။ တိုရွန်တိုမှာ Short နဲ့အတူ လူရွှင်တော်အဖွဲ့တစ်ဖွဲ့နဲ့ သွားရောက်တွေ့ဆုံတာပါ။ Short ရဲ့ နေအိမ်မှာ တည်းခိုနေတုန်း တစ်နေ့ကို သုံးနာရီလောက် အိမ်ထဲအောင်းကာ လမ်းပေါ်မှာ ကလေးတွေ ဟော်ကီကစားနေတာကို ကြည့်နေတတ်ပါတယ်။ 'အပြင်ထွက်ပြီး ကလေးတွေနဲ့ ဝင်ကစားလို့ရမလား မေးဖို့ကလည်း သူက နာမည်ကြီးလွန်းနေတာလေ' လို့ Maupin က ဆိုပါတယ်။ 'ဒါပေမဲ့ Williams က ကလေးတွေ ကစားနေတာကို ကြည့်ရတာ သဘောကျတာလေ။ သူဟာ အရမ်းကို ခင်ဖို့ကောင်းပြီး၊ အပြစ်မဲ့တဲ့ ကလေးတစ်ယောက်အတိုင်းပဲ' လို့ Maupin က ပြန်ပြောပြခဲ့ပါတယ်။

Williams ရဲ့ ကျော်ကြားမှုက အကျိုးကျေးဇူးပြုခဲ့တာမျိုးတွေလည်း ရှိတတ်ပါတယ်။ တစ်ညတော့ Maupin နဲ့ နှစ်ယောက်သား သီချင်းရေးဆရာ Harry Nilsson ရဲ့အိမ်က ပါတီပွဲကို သွားကြပါတယ်။ Harry Nilsson ဟာ Williams ပထမဆုံး ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ **Popeye** ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ဝင်သီချင်းကို ရေးသားပေးခဲ့သူ ဖြစ်ပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူ George Martin က Williams ကို ညွှန်းသည်တစ်ဦးဖြစ်တဲ့ ကမ္ဘာကျော် Beatles ဂီတအဖွဲ့ရဲ့ Lead ဂစ်တာသမား George Harrison နဲ့ မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com

အခါ George Harrison က သူ့လက်ကို Williams ဆီ ကမ်းရင်းက 'ခင်ဗျား ဖြက်လုံးတွေကို သဘောကျတယ်ဗျာ' လို့ ဆိုလာခဲ့ပါတယ်။ မိတ်ဆွေအပေါင်း အသင်းတွေနဲ့ စကားပြောရာမှာ ကပွတိန်၊ ကပွတိန်နဲ့ နာမ်စားသုံးပြီး ခေါ်ဝေါ်လေ့ရှိတဲ့ Williams က မဆိုင်းတွေဘဲ 'ကျေးဇူးတင်ပါတယ် ကပွတိန်' လို့ ပြန်ပြောခဲ့ပါတယ်။ နောက်တော့ Williams က Maupin နဲ့အတူ လေသာဆောင်ပေါ်ရောက်တဲ့အခါမှာ အခန်းထဲကို လက်ညှိုးညွှန်ပြီး 'အကျိုးနည်းတော်တဲ့ Beatles တစ်ယောက် အဲဒီအခန်းထဲမှာဗျို့' လို့ ပြောခဲ့ပါတယ်။ အဲဒီအချိန်အခိုက်အတန့်လေးဟာ မိတ်ဆွေဖြစ်သူ Williams ရဲ့ အနေအထား အသစ်တစ်ခုကို Maupin မြင်တွေ့ခွင့် ရလိုက်တာလည်း ဖြစ်ပါတယ်။ Williams က Beatles တွေကို ကြည်ညိုတာကိုး။ 'ကျွန်တော်တို့တွေ အားလုံးဟာတစ်ခုတစ်ယောက်ကို ကြည်ညို အားကျရင်းကြီးပြင်းလာကြရတာပါ။ ကျွန်တော်တို့တွေ ရောက်ရှိနေတဲ့ နေရာမှာတော့ အဲဒီတစ်စုံတစ်ယောက်ဟာ Robin ပဲ ဖြစ်ပါတယ်' လို့ Maupin က ဆိုခဲ့ပါတယ်။

Mork & Mindy ရုပ်/သံ ဇာတ်လမ်းတွေ မရိုက်ဖြစ်သေးခင်တုန်းက Williams ရဲ့ အပျော်ကြိုက်တဲ့စိတ်ရိုင်းလေးတွေကို ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ ချစ်သူ Boosler ဟာ Williams အရက်မူးလာတာကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ 'ဟိုးအရင်တွေတုန်းကတော့ မူးယစ်ဆေးဝါးသုံးတယ်ဆိုတာ မရှိခဲ့ပါဘူး။ ပိုက်ဆံရှိရင် အိမ်သုံးပရိဘောဂတွေ ဝယ်လိုက်တာပဲ' လို့ Boosler က ဆိုပါတယ်။ ဒါပေမဲ့ အခုတော့ Williams က လုပ်ချင်တာမှန်သမျှ အကုန်လျှောက်လုပ်ပြီး ၇၀ ပြည့်နှစ်တွေရဲ့ နာမည်ကျော် မကောင်းမှုတွေဖြစ်တဲ့ မူးယစ်ဆေးဝါးနဲ့ အရက်သေစာ သောက်စားမှုတို့ကို ဆက်ရက်မင်းသည်းစိမ်အပြည့်နဲ့ ခံစားနေပါတော့တယ်။

Williams ဟာ
ငယ်စဉ်က
နေအိမ်ရဲ့
အထပ်
တစ်ထပ်လုံးမှာ
တစ်ယောက်တည်း
နေရတာ
ဖြစ်ပြီး
စစ်သား
အရုပ်လေးတွေနဲ့
ပါးစပ်က
အသံမျိုးစုံ
ထုတ်ကာ
တစ်ယောက်တည်း
စစ်တိုက်တမ်း
ကစားနေတတ်ပါတယ်

၁၉၇၉ ခုနှစ်အတွင်းမှာ Reality ...What a Concept အမည်ရ Williams ရဲ့ ထိပ်တန်း ၁၀ စာရင်းဝင်ဟာသ အယ်လ်ဘမ်တစ်ချပ်ကို ဖန်တီးနေစဉ်မှာ Williams ဟာ ကိုကင်းမူးယစ်ဆေးဝါးကို သီတင်းပတ်တစ်ပတ်လုံး ဆက်တိုက်မှီဝဲနေခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကော်လိုရာဒိုပြည်နယ်မှာ Mork & Mindy ပြင်ပရိုက်ကွင်းတွေအတွက် သွားကြတော့လည်း ဒေသခံကလပ်တစ်ခုက တီးဝိုင်းအဖွဲ့ရဲ့ နားနေခန်းထဲ သွားပြီး မူးယစ်ဆေးဝါးရောင်းချသူဆီက ကိုကင်းတစ်ပုလင်းကိုယူကာ အခန်းထဲရှိ လူအားလုံးဆီ မျှဝေပေးစေခဲ့ပါတယ်။ Williams က ကိုကင်းကို သုံးစွဲနေရင် သူများတွေကို စကားပြောနေစရာ မလိုတော့ဘူးလို့ ၁၉၈၈ ခုနှစ်အတွင်းက Rolling Stone မဂ္ဂဇင်းနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ဖူးပါတယ်။ 'ကျွန်တော့်အတွက်တော့ ကိုကင်းဟာ စိတ်ငြိမ်ဆေးတစ်ခုပါပဲ။ ကျွန်တော် ကြောက်တဲ့ လောကကြီးနဲ့ လူတွေဆီက ဝေးရာကို ပြေးထွက်လို့ရတဲ့ စိတ်ငြိမ်ဆေးမျိုးပေါ့' လို့ Williams က ဆိုခဲ့ပါတယ်။

၁၉၈၂ ခုနှစ်၊ မတ်လရဲ့ညတစ်ညမှာတော့ Williams ရဲ့ အကျင့်စရိုက်ဆိုးတွေက သူ့ကိုစတင်ရိုက်ခတ်ပါတော့တယ်။ အဲဒီညက ဟာသသရုပ်ဆောင် အဆိုတော် John Belushi က သူ့ကိုမေးနေကြောင်း သတင်းကြားတာနဲ့ Belushi ရှိရာ Chateau Marmont ဟိုတယ်က ဘန်ဂလိုဆီကို Williams သွားခဲ့တာပါ။ ဒါပေမဲ့ Belushi က သိပ်တွေ့ချင်ပုံ မရတာနဲ့ ပြန်လာခဲ့ရပြီး နာရီအနည်းငယ်အကြာမှာတော့ မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲမှုကြောင့် Belushi သေဆုံးခဲ့ရပြီဖြစ်ကြောင်း သတင်းထွက်ပေါ်လာပါတယ်။ Belushi သေဆုံးမှုကို ရုံးတော်က နှစ်ကုန်ပိုင်းမှာ စစ်ဆေးရာမှာ Williams ဟာ ခုံသမာဓိလူကြီးတွေရဲ့ ရှေ့မှောက်သက်သေအဖြစ် ထွက်ဆိုခဲ့ရပါတယ်။

'အဲဒီတုန်းက Chateau Marmont မှာ ကျွန်တော် ငါးမိနစ်၊ ဆယ်မိနစ်လောက်ပဲ ရှိနေခဲ့တာပါ' လို့ Williams က Rolling Stone မဂ္ဂဇင်းနဲ့ နောက်ပိုင်းတွေ့ဆုံခန်းတစ်ရပ်မှာ ပြောကြားခဲ့ပါတယ်။ 'Belushi နဲ့ ခဏပဲတွေ့ပြီး လမ်းခွဲခဲ့ပါတယ်။ သူက ကျွန်တော့်ကို အဲဒီမှာ ရှိမနေစေချင်ဘူးလေ။ အဲဒီမှာ သူက တခြားလုပ်စရာတွေ ရှိနေတာ' လို့ Williams က ဆိုခဲ့ပါတယ်။ Belushi သေဆုံးမှုဟာ ရာဇဝတ်မှုခင်းဖြစ်တယ်ဆိုတဲ့အသိက Williams ကို လှုပ်နှိုးလိုက်သလို ဖြစ်ခဲ့ပြီး အဲဒီကစလို့ Williams ဟာ မူးယစ်ဆေးဝါးသုံးစွဲမှုကို စွန့်လွှတ်လိုက်ပါတော့တယ်။ Maupin က သူ့ကိုဆေးခြောက်အိုးပေး



www.burmeseclassic.com

www.burmeseclassic.com

တာတောင်မှ Williams က လက်မခံဘဲ ငြင်းဆိုခဲ့ပါတယ်။

Mork & Mindy ရုပ်/သံ ဇာတ်လမ်း မရိုက်ကူးမီနဲ့ ၁၉၈၂ ခုနှစ်အတွင်း Mork & Mindy ရိုက်ကူးရေး ပယ်ဖျက်ပြီးလိုက်တဲ့ နောက်ပိုင်း Williams ရဲ့ ရုပ်ရှင်သမားဘဝဟာ အဖုအထစ်တွေ များပြားလှပါတယ်။ Williams ရဲ့အစောပိုင်းရုပ်ရှင်ဇာတ်ကားနှစ်ကားဖြစ်တဲ့ The World According to Garp နဲ့ Moscow on the Hudson အမည်ရဇာတ်ကားတွေဟာ ရသမြောက်ဇာတ်ကားတွေဖြစ်ခဲ့ပေမဲ့ Mork ဇာတ်ရုပ်ကိုက စွဲလမ်းနေတဲ့ပရိသတ်အတွက် တိုးမပေါက်ခဲ့ပါဘူး။ Moscow on the Hudson ဇာတ်ကားရိုက်ကူးရေးအတွက် Williams ဟာ ရုရှားစကားပြောကိုပါ သင်ယူခဲ့ရပါသေးတယ်။ Williams က တော့ အဲဒီဇာတ်ကားနှစ်ကားစလုံးအတွက် ဂုဏ်ယူနေပါတယ်။ Moscow on the Hudson ဇာတ်ကားအတွက် သူ့အနေနဲ့ အော်စကာဆန်ခါတင်စာရင်းဝင်နိုင်မလားလို့တောင် Maupin ကို Williams က မေးခဲ့ဖူးပါတယ်။

နောက်ဆုံးမှာတော့ Williams ဟာ သူ့ရဲ့ကြည်လင်ရွှင်ပျ ဖျတ်လတ်မှုနဲ့ နူးညံ့သိမ်မွေ့မှုတို့နဲ့ ကိုက်ညီတဲ့ နေရာတစ်နေရာမှာ သရုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ Good Morning, Vietnam အမည်ရဇာတ်ကားမှာ လေတပ်ဖွဲ့ရဲ့ နာမည်ကျော်ဆက်သွယ်ရေးတာဝန်ခံ တပ်ကြပ်ကြီး ဒီဂျေ Adrian Cronauer အဖြစ် သရုပ်ဆောင်ရတာပါ။ Adrian Cronauer ဟာ ဗီယက်နမ်စစ်မြေပြင်မှာ သီချင်းဓာတ်ပြားတွေကို ဆက်စပ်ပြောင်းလဲဖွင့်လှစ်ပြတဲ့ Disc Jockey (DJ) တစ်ယောက်အဖြစ်နဲ့ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ရာမှာ နာမည်ကျော်ထင်ရှားခဲ့သူ အမေရိကန်လေတပ် တပ်ကြပ်ကြီးတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ Williams ရဲ့ ရုပ်ရှင်သက်တမ်းမှာ နာမည်မရသေးတာရယ်၊ ဗီယက်နမ်စစ်ပွဲရဲ့ ဒဏ်ရာတွေက အကင်းမသေသေးတာရယ်တို့ကြောင့် Good Morning, Vietnam ဟာလည်း အောင်မြင်ဖို့အတွက် အာမခံတော့မရှိခဲ့ဘူးပေါ့။ အဲဒါကြောင့်လည်း ဒါရိုက်တာ Barry Levinson နဲ့ တချို့လူတွေက Williams ဟာ ရုပ်ရှင်နဲ့ အံမဝင်ဘူးလို့ ဆိုလာကြတာပါ။ Williams ကိုယ်တိုင်ကလည်း ပရိသတ်မပါဘဲ ရယ်စရာတွေ လုပ်ပြရတာကို ပျော်ပိုက်လှတယ် မဟုတ်ပါဘူး။ ရိုက်ကူးရေးတစ်ရက်မှာ သူ လုပ်ပြတာ ရယ်စရာ မကောင်းဘူးထင်လို့ ပြန်ရိုက်ပေးဖို့ ဒါရိုက်တာကို တောင်းဆိုခဲ့ပါတယ်။ ဒါရိုက်တာ Levinson က 'ဒါဟာ ငါတို့ပူရမယ့်အချက်ပါ။ ငါ့ကို ယုံကြည်စမ်းပါ။ ခုနက ရိုက်ချက်ဟာ တော်တော်လေး ရယ်ရပါတယ်' လို့ ဆိုလိုက်တော့

ကိုယ့်ပြက်လုံးကို
ပထမဆုံး
စပြီး
ရယ်မောမယ့်
သူဟာ
ကိုယ့်အပေါ်
နှစ်သက်
သဘောကျပြီးသား
သူပဲ
အမြဲဖြစ်တယ်

Williams ခမျာ အံ့အားအသင့်ကြီး သင့်ခဲ့ရပြီး 'တကယ်ပြောတာလား၊ အဲဒီလိုတကယ်ထင်တာလား' လို့တောင် ပြန်မေးယူခဲ့ရပါတယ်။

Good Morning, Vietnam ရဲ့ အောင်မြင်မှုက Williams ကို အကောင်းဆုံးအမျိုးသားဇာတ်ဆောင်အော်စကာဆုဆန်ခါတင်စာရင်းဝင်စေခဲ့ပြီး သူ့ အလုပ်အတွက် စွမ်းအားတွေပြည့်ဝစေခဲ့ပါတယ်။ အဲဒီနောက် ၁၉၉၀ ပြည့်နှစ်တွေရဲ့ နောက်ပိုင်းနှစ်တွေအထိ ပရိသတ်ကြိုက်ဇာတ်ကား အများအပြားမှာ ဇာတ်ရုပ်မျိုးစုံနဲ့ Williams ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။ Dead Poets Society, Awakenings, The Fisher King, Mrs.Doubtfire အစရှိတဲ့ ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ပေးခဲ့တဲ့အပြင် **Aladdin** ဇာတ်ကားမှာလည်း Gerie အဖြစ် အသံနဲ့ သရုပ်ဆောင်ပေးခဲ့ပါတယ်။ ဝေဖန်ရေးဆရာတွေက Williams ဟာ မိသားစုဖျော်ဖြေရေးဇာတ်ကားတွေသာ အရိုက်များနေတယ်လို့ ဝေဖန်ထောက်ပြကြပေမဲ့ ပရိသတ်တွေကတော့ သဘောမတူကြပါဘူး။ ဝေဖန်ရေးဆရာတွေ အပြစ်ဖို့ခဲ့တဲ့ Williams ရဲ့ Patch Adams အမည်ရဇာတ်ကားဟာ ၁၉၉၈ ခုနှစ်အတွင်းမှာ ဝင်ငွေဒေါ်လာ ၁၃၅ သန်းအထိ ရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ Williams ရဲ့ သရုပ်ဆောင်ကြေးဟာ ဇာတ်ကားတစ်ကားကို ဒေါ်လာသန်း နှစ်ဆယ်လောက်အထိ မြင့်တက်ခဲ့ပါတယ်။

၈၀ ပြည့်နှစ်တွေရဲ့ နောက်ပိုင်းနှစ်တွေမှာ Williams ရဲ့ သရုပ်ဆောင်အလုပ်ဟာ အမြင့်ဆုံးနေရာကို ရောက်ရှိလာခဲ့ပေမဲ့ Williams ရဲ့ လက်တွေ့ဘဝမှာတော့ အရေးပါတဲ့ အကျပ်အတည်းတစ်ရပ်ကို ပထမဆုံးရင်ဆိုင်ခဲ့ရပါတယ်။ ပထမဇနီးသည် Valerie Velardi နဲ့ ကွာရှင်းပြတ်စဲဖို့ ဖြစ်လာခဲ့တာပါပဲ။ သူတို့နှစ်ယောက်ဟာ Velardi စားပွဲထိုးမလေးအဖြစ် အလုပ်လုပ်ရာ ဆန်ဖရန်စစ္စကိုမြို့မှာ စတင်ဆုံတွေ့ခဲ့ကြတာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၈ ခုနှစ်မှာ လက်ထပ်ခဲ့ကြတာပါ။ Mork & Mindy ရုပ်/သံဇာတ်ကားတွေ မရိုက်ကူးမီပေါ့။

Williams နဲ့ Velardi တို့လက်မထပ်မီလေးမှာ လမ်းခွဲလိုက်တဲ့ ချစ်သူ Boosler က Williams ကိုခြေငြိမ်အောင် ထိန်းထားဖို့ရာ ဒီထက်ကောင်းတဲ့သူကို ခေါ်စားမရနိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။ 'နာမည်ကျော်ကြားပြီး လူတကာအတွက် ငွေရှာပေးနိုင်တဲ့အချိန်မှာ ကိုယ့်ကို ဘယ်သူကမှ အတိုက်အခံလုပ်ပြောနေမှာ မဟုတ်ဘူး။ ကိုယ့်ကို အတိုက်အခံပြောဖို့ လူတွေ လိုအပ်နေတာတောင်မှ ရမှာမဟုတ်ပါဘူး။ Williams နဲ့ Velardi တို့မှာလည်း အခက်အခဲပြဿနာတွေ ရှိပါတယ်။ Rolling Stone မဂ္ဂဇင်းနဲ့ ၁၉၈၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ Velardi က သုံး၊ လေးကြိမ်လောက် အိမ်ကနေ ထွက်သွားခဲ့ဖူးပြီး တစ်ခါတစ်ခါကို တစ်လ၊ တစ်လခွဲလောက်အထိ ကြာတတ်တယ်လို့ ဆိုခဲ့ပါတယ်။

၁၉၈၈ ခုနှစ်ထဲမှာတော့ Williams နဲ့ Velardi တို့နှစ်ယောက်သား ကွာရှင်းပြတ်စဲခဲ့ကြရပါတော့တယ်။ မကြာခင်မှာပဲ Williams ဟာ အချစ်သစ်တစ်ယောက် ထပ်တွေ့ပြန်ပါတယ်။ ဒီချစ်သူက Velardi နဲ့ ရတဲ့သားဖြစ်သူ Zachary ကို ထိန်းပေးရတဲ့ Marsha Graces ဆိုသူပါ။ Williams ကတော့ သူတို့မိသားစုထဲကို Graces ရောက်မလာခင်ကတည်းက သူနဲ့ Velardi တို့ သမ်းခွဲပြီးသားဖြစ်တယ်လို့ အမြဲတစေ ပြောလေ့ရှိပါတယ်။ အတင်းအဖျင်း သတင်းစာစောင်တွေကတော့ Williams ကို ရှုစရာမရှိအောင် အပုပ်ချ ရေးသားကြတာပေါ့။ Graces ဟာ နူးညံ့သိမ်မွေ့ပြီး စိတ်ကောင်းရှိသူ ဖြစ်တယ်လို့ Williams က ဆိုလေ့ ရှိပါတယ်။ နောက်တော့ Graces နဲ့ Williams တို့နှစ်ယောက်တွဲဖက်ကာ ရုပ်ရှင်ထုတ်လုပ်ရေးတွေ လုပ်လာကြပြီး **Patch Adams** နဲ့ **Mrs. Doubtfire** အစရှိတဲ့ ဇာတ်ကားတွေကို ထုတ်လုပ်ပေးခဲ့ကြပါတယ်။

Williams ဟာ သူ့ရဲ့ပျော်တော်ဆက်ဘာဝနဲ့ သရုပ်ဆောင်အလုပ်တွေရဲ့ အစောပိုင်းကာလတွေမှာ ပရိသတ်ရှိမှ ရှာန်ဝင်လေ့ရှိသူဖြစ်ပြီး Williams နဲ့ရင်းနှီးတဲ့ လူတချို့ရဲ့စကားနဲ့ဆိုရရင်တော့ ပရိသတ်တုံ့ပြန်မှု လိုအပ်တာပေါ့။ တစ်ခါတော့ Williams ရဲ့ ဆန်ဖရန်စစ္စကိုမြို့က ရုံးခန်းကို Bob Zmuda က အလုပ်ကိစ္စတစ်ခုအတွက် သွားရောက်တွေ့ဆုံတဲ့အခါမှာ အစည်းအဝေးခန်းမထဲ သူနဲ့ Williams နှစ်ယောက်တည်း စကားပြောရပါတယ်။ ဘယ်သူမှ ရှိမနေပါဘူး။ ပရိသတ်မရှိရင် ဘာမှမလုပ်တတ်တဲ့ Williams ဟာ ချွေးသီးချွေးပေါက်များတောင် ကျခဲ့ပြီး စကားကို အနိုင်နိုင်ပြောနေရတယ်လို့ Zmuda က ပြောပြပါတယ်။

အစည်းအဝေးခန်းမထဲကို Graces ဝင်လာတော့မှပဲ Williams ဟာ ခလုတ်တစ်ခုကို နှိပ်လိုက်သလို စတင်သက်ဝင်လှုပ်ရှားကာ သူ့ရဲ့တင်ဆက်မှုတွေ စတင်ပါတော့တယ်လို့ Zmuda က ဆိုပါတယ်။ အခန်းနံရံတွေကို ခြေကန်ခုန်တက်လိုက်၊ ပြန်ကျလိုက်နဲ့ ရယ်စရာတွေ လုပ်ပြနေလိုက်တာ Graces က ကျောင်းဆရာမတစ်ယောက်လေသံနဲ့ 'Robin ရပ်လိုက်တော့' လို့ ပြောလိုက်တဲ့အထိပါပဲ။ 'Williams ဟာ အဆူအငေါက် ခံလိုက်ရတဲ့ ကလေးငယ်လေးလို ခေါင်းကိုငုံ့၊ လက်တွေဝှက်ထားရှာတယ်။ ဒါဟာ ရယ်စရာတွေလုပ်ပြတာထက် မကတော့ပါဘူး။ သူ့အတွက် ဒါမျိုးတွေ လုပ်နေဖို့လိုအပ်နေတာပါ။ ရယ်စရာတွေ လုပ်မပြရရင် သူက နေထိုင်မကောင်းဖြစ်နေမှာလေ' လို့ Zmuda က ပြန်ပြောပြခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

■

ရာပြည့်

***Reference: Robin Williams by David Browne, Rolling Stone Magazine***

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀




www.burmeseclassic.com

www.burmeseclassic.com



ဘူတန်ရှိ ရှိ ဘုန်းတော်ကြီးကျောင်း

# ဟိမဝန္တာဒေသများသို့...



ဘူတန်ဘုရင်နဲ့ မိဖုရား




ဟိမဝန္တာတောင်တန်းတွေ (Himalayas) အကြောင်း ပထဝီမှာသင်ခဲ့ရချိန်တုန်းက အဲဒီဒေသနေရာတွေ တစ်နေ့ ခြေချခွင့် ရလိမ့်မယ်လို့ တစ်ခါမှ မမျှော်လင့်ခဲ့ပါဘူး။ ကျွန်မ ဆယ်တန်းမှာ အာနာပါနာ(Annapurn) တောင်တက်ခရီးစာအုပ် သင်ခဲ့ရပေမဲ့ အဲဒီ စာအုပ်ကို အင်မတန်မှ မုန်းခဲ့ပါတယ်။ ဆယ်တန်းမှာ အင်္ဂလိပ်စာ အမှတ်နည်းခဲ့တာ အာနာပါနာတောင် ကို စိတ်မဝင်စားလွန်းလို့ဆိုတာ အမှန်ပါပဲ။ အသက်ကြီးလာတာနဲ့အမျှ ကမ္ဘာ့မြေပုံကို ပိုစိတ်ဝင်စားလာပြီး

ကမ္ဘာအနှံ့ ခြေချချင်တဲ့စိတ်ကြောင့် အာနာပါနာတောင် ရှိတဲ့ ဟိမဝန္တာဒေသများကို ခရီးထွက်ချင်တာ ကြာခဲ့ပေမဲ့ ကျွန်မမှာ ခရီးဖော် ရှာမရခဲ့ပါဘူး။ ကျွန်မနဲ့ ပြတိုက် တွေ တစ်လတစ်ခါသွားနေတဲ့ သူငယ်ချင်းက ကျွန်မနဲ့အတူ သွားမယ်ဆိုတော့ တိဘက်သွားဖို့စီစဉ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ဖခင် အသည်းအသန်ဖြစ် ဆေးရုံတက် ရတဲ့ကိစ္စတွေနဲ့ ဗျာများနေရတဲ့သူငယ်ချင်းက မလိုက်နိုင်တော့ပါဘူး။ ကျွန်မကတော့ မလျှော့သောဇွဲလုံ့လနဲ့ သူငယ်ချင်းတွေအားလုံးလိုလိုကို အဖော်စပ်ဖြစ်ခဲ့တာပါ ခရီးသွားတယ်ဆိုတာ ကျန်းမာရေး၊ ငွေကြေး၊ အခွင့်အရေးနဲ့ အချိန်များသာမက



www.burmeseclassic.com

www.burmeseclassic.com



ဝါရှိုလေးဆီမ်အဝင်အဝ

နှာခံပတ်ရှိဖို့လည်း လိုအပ်ပါတယ်။ နောက်ဆုံးတော့ ရေကူးကန်မှာ မိတ်ဆွေသူငယ်ချင်းဖြစ်ခဲ့သူ ကယ်ရီက ဒီခရီးကိုလိုက်မယ်ဆိုတဲ့အပြင် ကျွန်မစိတ်ကြိုက် ခရီးစဉ်ခဲ့ပါ။ ကုန်ကျမယ့်ငွေကိုကြိုပြောပါဆိုတာနဲ့ ကျွန်မရဲ့ဆန္ဒ ပထမအဆင့် ပြည့်ခဲ့ပါတယ်။

ပထမတုန်းက တိဘက်တစ်ခုတည်းသာသွားဖို့ စိတ်ထဲမှာ ရှိခဲ့ပေမဲ့ သွားမှသွားတော့ ဟိမဝန္တာ တောင်တန်းနားက နိုင်ငံတွေဖြစ်တဲ့ ဘူတန်နဲ့ နီပေါကိုပါ သွားဖို့ဆုံးဖြတ်ခဲ့ပါရဲ့။ နီပေါရောက်တုန်း ဧဝရက်တောင်ခြေစခန်းအထိ သွားဖို့ စီစဉ်ခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ခရီးကြမ်းမှာကို စိတ်ပူပြီး ဧဝရက်တောင်ခြေစခန်းမှာ နှစ်ရက်နေမယ့်အစား မလေးရှားကိုသွားဖို့ ဆုံးဖြတ်ခဲ့တာပါ။

ခရီးသွားရဖို့ အစီအစဉ်တွေ အသေးစိတ် ညှိနှိုင်းရတာတွေက နေ့စဉ်လိုလို တစ်လလောက် ကြာခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံပေါ်က မြင်ရတ
ဧဝရက်တောင်ထိ

ရေးပြလို့ကတော့ ဆောင်းပါးတစ်ပုဒ်စာ ရနိုင်ပါရဲ့။ ခရီးမသွားခင် ကျန်းမာရေး အာမခံကိုလည်း ဝယ်ဖြစ်အောင် ဝယ်ခဲ့ရပြန်ပါတယ်။ မတော်တဆ တစ်ခုခုများ ဖြစ်ခဲ့ရင် လေယာဉ်ပျံနဲ့သယ်ပြီး ဆေးကုနိုင်တဲ့နေရာကို ခေါ်သွားမှာတဲ့။ အဲဒီနိုင်ငံတွေမှာ ဆေးကုသဖို့ မလွယ်ဘူးတဲ့။ ငွေထပ်ကုန်ခဲ့ရပြန်ပါရဲ့။ Himalayan Experience တိုးရစ်ကုမ္ပဏီနဲ့ ဆက်သွယ်ပြီးသွားဖို့ ကျွန်မ ခရီးတွေအားလုံး စီစဉ်ပေးနေကျ Achiever တိုးရစ်ကုမ္ပဏီက ဆောင်ရွက်ပေးခဲ့ပါတယ်။

ကမ္ဘာ့ခေါင်မိုးခေါ်တဲ့ ဟိမဝန္တာတောင်တန်းတွေမှာတော့ တောင်မြင့်ကြီးတွေ အများကြီးရှိပြီး ဧဝရက်တောင်က ပေ ၂၉,၀၂၉ မြင့်တာပါ။ ကမ္ဘာပေါ်မှာ အမြင့်ဆုံးပေါ့။ ဟိမဝန္တာတောင်တန်းက နိုင်ငံခြောက်ခုကို ဖြတ်သန်းသွားနေတာပါ။ နီပေါ၊ ဘူတန်၊ အိန္ဒိယ၊ တရုတ် (တိဘက်)၊အက်ဂါနစ်တန်နဲ့ ပါကစ္စတန်နိုင်ငံတို့ ဖြစ်သလို၊ ဂင်္ဂါ(Ganges),အဲင်ဒုစ်(Indus)နဲ့ ဗြဟ္မပုတြာ(Brahmaputra) မြစ်သုံးခုကလည်း ဟိမဝန္တာကို ဖြတ်ကာ၊ ပိုက်ကာ စီးဆင်းနေတာပါ။ ဟိမဝန္တာမြစ်တွေရှိရာ အရှေ့ဘက် ပိုင်း(တိဘက်အရှေ့)ကနေ ဧရာဝတီမြစ်အဖြစ်၊ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အသက်သွေးကြော မြစ်ကြီးအဖြစ် စီးဆင်းလာခဲ့သလို သံလွင်မြစ်ကလည်း ထို့အတူပါပဲ။ ဟိမဝန္တာဒေသမှာ ရေကန်ကြီးတွေထောင်နဲ့ချီပြီး ရှိပါတယ်။ တချို့ဆိုရင် ပေ တစ်သောင်းခုနစ်ထောင်ကျော်မှာ ရေကန်တွေ ရှိဆဲပါပဲ။ ရေခဲတောင်တွေ ပြိုရာကနေ ဖြစ်လာလို့ပါ။

ဇွန်လ ၂၆ ရက်နေ့မနက် ၉ နာရီ ၄၀ မှ လေယာဉ်ထွက်မှာမို့ မနက် ၇ နာရီခွဲအရောက် LA လေဆိပ်ကို ကျွန်မနေထိုင်ရာမြို့က သွားရမှာ မလွယ်လှပါဘူး။ ကားမကျပ်ရင် နှစ်နာရီလောက် ခရီးကို ကားကျပ်ခဲ့ရင် ဘယ်နနာရီလောက် ကြာမလဲဆိုတာ ဘယ်သူမှ အာမခံ မပေးနိုင်တာမို့ ဇွန်လ ၂၅ ရက်နေ့ကတည်းက ကျွန်မ LA မြို့က ဟိုတယ်မှာ တည်းခိုပြီး ကျွန်မကားကို ဟိုတယ်မှာ ထားခဲ့ရမယ့် အစီအစဉ်ပေါ့။ ကျွန်မရဲ့ ဟိုတယ်ငှားတဲ့ကိစ္စရော၊ ဟိုတယ်က ကားကိုယူပြီး အိမ်မှာ ထိန်းသိမ်းထားဖို့ရော၊ ဟိုတယ်ကနေ လေယာဉ်ကွင်းကို မနက်စောစောပို့တာရော၊ Achiever တိုးရစ် ကုမ္ပဏီပိုင်ရှင် အယ်ဒီက အားလုံး တာဝန်ယူပေးခဲ့တာပါ။ တစ်နှစ်တစ်နှစ် ကျွန်မတို့ ဇနီးမောင်နှံသွားတဲ့ ခရီးတွေအားလုံး၊ ကျွန်မ မောင်နှမတွေသွားတဲ့ ခရီးတွေအားလုံး အယ်ဒီဆီကပဲ ဝယ်နေခဲ့တဲ့နှစ်တွေ မနည်းတော့ပါဘူး။ မောင်နှမတွေလိုပဲ ဖြစ်နေကြပါပြီ။ ဝန်ဆောင်မှုတွေနဲ့ ကျွန်မခရီးစဉ်တွေ အဆင်ပြေအောင် စီစဉ်ပေးခဲ့တယ်ဆိုပါတော့။


ကယ်ရီနဲ့ကျွန်မ နေ့လယ်စာကို LA မှာ စားမယ်ဆိုတဲ့ အစီအစဉ်နဲ့ မနက် ဆယ်နာရီလောက်ကတည်းက ကျွန်မတို့နေထိုင်ရာ ဆဲန်ဒီအေးဂိုးမြို့က ထွက်ခဲ့ကြပါတယ်။ ကယ်ရီက LA မြို့မှာ အနှစ်သုံးဆယ် နေခဲ့သူမို့ လမ်းတွေရော စားသောက်ဆိုင် ကောင်းတာတွေရော ကောင်းကောင်းသိသူပါ။ ကျွန်မတို့ စား သောက်ပြီး Lacma အနုပညာပြတိုက် ကို သွားခဲ့ပါတယ်။ ပြတိုက်တွေက တနင်္လာနေ့တွေမှာ ပိတ်လေ့ရှိပေမဲ့ Lacma က ဗုဒ္ဓဟူးနေ့မှာ ပိတ်သတဲ့ ခဲလေသမျှ သဲရေကျပေါ့။ ဟိုတယ်ကို ဦးတည်သွားခဲ့တော့တာပါ။ ဟိုတယ်မှာ ခဏနားပြီး အနီးအနား ဆိုင်တွေ လျှောက်ကြည့်ပြီး နှစ်နာရီကြာ အနှိပ်ခံ ပြီးမှ ညစာ ထွက်စားခဲ့ကြပါတယ် နားနားနေနေနဲ့ နောက်တစ်ရက် ခရီး ထွက်ဖြစ်တဲ့ အကြံအစည်က အလွန် ကောင်းကြောင်း ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အမှတ်တွေ ပေးခဲ့ကြပါရဲ့။ ကျွန်မရဲ့ ခရီးရှည်က တစ်လခွဲနီးပါး ကြာမှာမို့ ဖျားလို့နာလို့ မဖြစ်ဘူးလေ။

ဇွန်လ ၂၆ ရက်နေ့မနက် ၆ နာ လောက်မှာ အယ်ဒီလာကြိုပြီး လေဆိ ကို ပို့ပေးခဲ့ပါတယ်။ ကျွန်မတို့ နှ ယောက်ကတော့ ခရီးအစမှာ စိတ်ခ တက်ကြွစွာနဲ့ပေါ့။ ကျွန်မမှာ သူင ချင်း မိတ်ဆွေတွေ အများကြီးရှိတဲ့အ ကယ်ရီနဲ့မှ ဒီခရီးကိုသွားဖြစ်တာ ဘ တွေများစွာတုန်းက ကြုံဆုံခဲ့ဖူးလို့ပဲ တွေးမိခဲ့တာပါ။ ခရီးကတော့ ဥရော ခရီးတွေလို မချောမွေ့ဘူးဆိုတာ က



www.burmeseclassic.com

www.burmeseclassic.com



ခတ္တမန္ဒူ
အထင်ကရနေရာများ

ခေါင်းထဲကို ရိုက်သွင်းထားခဲ့ပါပြီ။ သွားပါများ ခရီးရောက်ဆိုတဲ့ စကားကို ရင်ထဲမှာ သိမ်းထားသူလေ။ လေယာဉ်ပျံက အချိန်မီထွက်လေတော့ ရင်မပူရတော့ပါဘူး။ ကျွန်မတို့ Cathy Pacific လေကြောင်းနဲ့ LA ကနေ ဟောင်ကောင်ကို တစ်ဆယ့်ငါးနာရီနီးပါးခရီးလေယာဉ်စီးခဲ့ရပါတယ်။ လေယာဉ်ပေါ်မှာတော့ ကယ်ရီနဲ့အတူတူ မထိုင်ရအောင် ကျွန်မစီစဉ်ခဲ့တာပါ။ ခရီးရှည်သွားရင် ကျွန်မရဲ့ကိုယ်ပိုင်အချိန်တွေကို ဘယ်သူနဲ့မှ မျှဝေခြင်း မလုပ်ချင်လို့ပါဘဲ။

ဇွန်လ ၂၇ ရက်နေ့၊ ညနေ ၄ နာရီလောက် ဟောင်ကောင်ကို ရောက်ခဲ့ပါတယ်။ ဟောင်ကောင်ကနေ နီပေါမြို့တော် ခတ္တမန္ဒူကိုထွက်မယ့် လေယာဉ်ပျံကို ည ၇ နာရီခွဲမှထင်ပြီး အေးအေးဆေးဆေး နှစ်ယောက်သား စားသောက်ဆိုင်မှာ စားသောက်နေခဲ့တာ ခရီးသွားစာရွက်ကို ပြန်စစ်ဆေးကြည့်တော့ ၅ နာရီခွဲဖြစ်နေလို့ ဂိတ်ဝကို အပြေးအလွှားသွားခဲ့ရပါတယ်။ ကျွန်မတို့ လေယာဉ်မီလို့ တော်ပါသေးရဲ့ဆိုပြီး ပြောဆိုရယ်မောခဲ့ရတယ် ဆိုပါတော့။ ကျွန်မတို့ လေယာဉ် ဒါကာ(Dhaka)မြို့ (ဘင်္ဂလားဒေ့ရှ်)ကိုသွားခဲ့ရပြန်ပါရဲ့။ နာရီဝက်တစ်နာရီလောက် လူအတင်အချလုပ်ခဲ့ပြီး ခတ္တမန္ဒူကို ဆက်ပြီး ပျံသန်းခဲ့ရာ ညဆယ်နာရီလောက်မှရောက်ခဲ့တာလေ။

ခတ္တမန္ဒူ လေယာဉ်ကွင်းမှာ တိုးရစ်ကုမ္ပဏီက ကီရင်ဆိုသူက လာကြိုခဲ့ပါတယ်။ ကျွန်မတို့ တည်းခိုရမယ့် အိကို ခတ္တမန္ဒူ ဟိုတယ်ကို ပို့ပေးခဲ့ပါတယ်။ ဟိုတယ်ကို ညဆယ့်တစ်နာရီလောက်မှ ရောက်ခဲ့တာလေ။ တာမဲလ် (Thamel) အရပ်မှာရှိတဲ့ ဟိုတယ်ပေါ့။ တာမဲလ်က ဈေးဝယ်ကောင်းတဲ့ နေရာတဲ့။ Wifi ရှိတာမို့ အီးမေးလ်တွေစစ်ရင်း၊ ရေမိုးချိုးရင်းနဲ့ အိပ်ရာဝင်တော့ မနက် နှစ်နာရီခွဲပေါ့။ ဟိုတယ်ရှေ့မှာ သောကြာနေ့ညမို့ ဆူညံနေလို့ အိပ်မရခဲ့ပါဘူး။ ကျွန်မ နီပေါပြည်ကို ပထမဆုံး ရောက်ခဲ့ဖူးချိန်က နီပေါ၊ အိန္ဒိယနယ်စပ်ရှိ လုမ္ဗိနီ




www.burmeseclassic.com

www.burmeseclassic.com



ဘူတန်ပွဲတော်တစ်ခု



ဘူတန်အလံ

ဥယျာဉ်ကိုပါ။ ၁၉၉၃ ခုနှစ် မိခင်ကြီးကို သံဝေဇနီယလေး၌ာနကို လိုက်ပို့ခဲ့ချိန်လေ။

နီပေါက အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်ပြီး လူ ၂၇ သန်းလောက်ရှိတဲ့တိုင်းပြည်၊ ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်ဆယ်လုံးထဲမှာ တောင်ရှစ်လုံးရှိတဲ့တိုင်းပြည်၊ ပင်လယ်ရေမျက်နှာပြင်ထက် ပေနှစ်သောင်းကျော်ရှိတဲ့ တောင်တွေရှိတဲ့တိုင်းပြည်။ ဗုဒ္ဓမြတ်စွာဘုရားဖွားမြင်ခဲ့တဲ့ တိုင်းပြည်ရဲ့မြို့တော် ခတ္တမန်ဒူမြို့ကို ရောက်ခွင့်ရခဲ့ပါပြီ။ လူသုံးသန်းလောက်နေပြီး ပေလေးထောင့်ခြောက်ရာ အမြင့်ရှိတဲ့ မြို့ပေါ့။ နီပေါနိုင်ငံကိုလာသမျှ တိုးရစ်တွေက ခတ္တမန်ဒူမြို့ ဂိတ်ဝကနေသာ ဝင်ခဲ့ကြတာပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ထောင်လောက်ကတည်းက သမိုင်းတွေကြွယ်ဝခဲ့တဲ့မြို့ဖြစ်သလို၊ ကမ္ဘာပေါ်မှာ လူတွေ အများဆုံးသွားတဲ့ တိုးရစ်ဆယ်နေရာမှာ အမှတ်သုံးချိတ်ပြီး အာရှတိုက်မှာ နံပါတ်တစ်လို့ Tripadvisor ကသတ်မှတ်ပေးထားတာပါ။ အဲဒီမြို့မှာ ဟိန္ဒူဘာသာကို ကိုးကွယ်သူတွေအများဆုံးဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တွေကတော့ သိပ်မများလှပါဘူး။

ခတ္တမန်ဒူမြို့နဲ့ ကပ်လျက်သားမှာ ပါတန် (Patan)နဲ့ ဘာခ်တာပေါ (Bhatapur) မြို့ဟောင်းတွေက သမိုင်းဝင် နေရာတွေဖြစ်တဲ့အတွက် သုံးမြို့ပေါင်းပြီး 'ခတ္တမန်ဒူတောင်ကြားဒေသ၊ UNESCO ကမ္ဘာ့အမွေအနှစ်ဒေသ' လို့ သတ်မှတ်ထားပါတယ်။

ဇွန်လ ၂၈ ရက်နေ့မှာတော့ မနက်စောစော ကြေးစည်သံကြားပြီး နိုးခဲ့ရတာလေ။ မနက်စာကို ၇ နာရီ ဟိုတယ်မှာ ပေါင်မုန့်၊ ကြက်ဥကြော်၊ ကြက်အူချောင်းကြော်၊ ဝက်အူချောင်းကြော်တို့ ကျွေးတာတွေ့တော့ ကျွန်မက ဒါတွေ မစားနိုင်ကြောင်း၊ နီပေါအစားအစာတွေ စားချင်ကြောင်း ပြောခဲ့တဲ့အတွက် အာလူးသွတ် ပလာတာ၊ ပူရီနဲ့ဟင်း၊ ဒိန်ချဉ်တို့ကို ကျွေးခဲ့တဲ့အတွက် ကျွန်မ ကျေနပ်လို့ မဆုံးတော့ပါဘူး။ လက်ဖက်ရည်အချိုပေါ့အဆိမ့်လေးကလည်း လျှာပေါ် အရသာစွဲခဲ့ရပါရဲ့။ ဟိုတယ်ဘေးက ပဝါဆိုင်ကိုသွားခဲ့ပြီး ပဝါတွေ ကြည့်ဖြစ်ခဲ့ပါတယ်။ အပြန်ခရီးမှာ ဝယ်ဖို့လည်း တစ်ခါတည်း မိတ်ဖွဲ့ခဲ့တယ် ဆိုပါတော့။ မနက် ၁၀ နာရီမှာတော့ လေယာဉ်ကွင်းသွားဖို့ ကားလာကြိုခဲ့တာမို့ လေယာဉ်ကွင်းကို ထွက်ခဲ့ရပါရဲ့။ ခတ္တမန်ဒူလေယာဉ်ကွင်းက လေယာဉ်နောက်ကျတဲ့နေရာမှာ အလွန် နာမည်ကြီးသလို၊ လေယာဉ်ကွင်း ငယ်ငယ်လေးထဲမှာ လေအေးစက်မရှိဘဲ လူတွေ ကြိတ်ကြိတ်တိုးနေတာကတော့ စိတ်ညစ်စရာအကောင်းဆုံး အချိန်ပါပဲ။

ကျွန်မတို့ ဘူတန်နိုင်ငံ (Bhutan)ကို ခရီးဆက်ခဲ့ရတဲ့နေ့ပေါ့။ လေယာဉ်လာနိုးနဲ့ စောင့်ခဲ့ရတာ နှစ်နာရီကျော် နောက်ကျမှ လေယာဉ်ထွက်ခဲ့ပါရဲ့။ ဘူတန်နိုင်ငံကတော့ ကမ်းရိုးတန်းမရှိတဲ့ ကုန်းပိုင်းဒေသ၊ အရှေ့တောင်အာရှတိုက်မှာ ပါဝင်ပြီး၊ ဟိမဝန္တာတောင်တန်းတွေရဲ့ အရှေ့ဘက်စွန်းမှာရှိတဲ့ နိုင်ငံပေါ့။

ဘူတန်ရဲ့ မြောက်ဘက်မှာ တရုတ်နိုင်ငံ ရှိပြီး၊ တောင်ပိုင်း၊ အရှေ့ပိုင်းနဲ့ အနောက် ပိုင်းတွေမှာတော့ အိန္ဒိယနိုင်ငံရှိပါတယ်။ ဘူတန်ရဲ့မြို့တော်ကတော့ သင်ဖူ (Thimphu)ဖြစ်တာပါ။ ဒါပေမဲ့ အပြည် ပြည်ဆိုင်ရာ လေဆိပ်ကတော့ သင်ဖူမြို့ မှာမရှိဘဲ ပါရို (Paro)မြို့မှာ ရှိပါရဲ့။ ကျွန်မတို့ လေယာဉ်ပျံပေါ်ကနေ ဧဝရက် တောင်မြင့်ကို တိမ်တွေကြား မြင်ရတော့ ကျေနပ်တဲ့ပီတိဖြစ်မှုက စာမဖွဲ့နိုင်အောင် ပါပဲ။ ဒါပေမဲ့ ပြတင်းပေါက်ဘက်မှာ ထိုင်ရတာမဟုတ်လေတော့ ဓာတ်ပုံ ကောင်းကောင်းရိုက်ခွင့် မရခဲ့ပါဘူး။

ဘူတန်နိုင်ငံကို လူတွေအပျော်ဆုံး နိုင်ငံ (Gross National Happiness)တစ်ခု လို့ သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် တစ်ကမ္ဘာလုံး တိုင်းပြည်အလိုက် လူ တွေရဲ့ ပျော်ရွှင်မှုကောက်ခဲ့ရာမှာ ကမ္ဘာ ပေါ်မှာ အမှတ်ရှစ်ချိတ်ခဲ့ပြီး၊ အာရှ တိုက်မှာတော့ အမှတ်တစ်နေရာမှာ ရှိခဲ့ တာပါ။ ဘူတန်နိုင်ငံရဲ့ မြောက်ပိုင်း ဟိမဝန္တာတောင်တန်းက အမြင့်ဆုံး တောင်က ပေနှစ်သောင်းသုံးထောင်ရှိ သတဲ့။ လူဦးရေ တစ်သန်းတောင်မရှိတဲ့ တိုင်းပြည်ငယ်ဖြစ်ပြီး မဟာယာနဗုဒ္ဓ ဘာသာဝင်တွေက အများစုဖြစ်တာပါ။ ဟိန္ဒူဘာသာဝင်တွေက ဒုတိယလိုက် ပါတယ်။

ဘူတန်ဆိုတဲ့ အဓိပ္ပာယ်က 'ကုန်း မြင့်' လို့ အဓိပ္ပာယ်ရတာပါ။ တချို့က တော့ 'တိဘက်အဆုံး' လို့ အဓိပ္ပာယ်ရ တယ်လို့ ဆိုပါရဲ့။ ဘူတန်ကို ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာချိန်က ၇ ရာစု လောက်ကပါပဲ။ တိဘက်ဘုရင်



www.burmeseclassic.com

www.burmeseclassic.com

Songtsan Gampoက တိဘက်အင်ပါယာကို ဘူတန်မှာ နယ်ချဲ့ခဲ့ရင်း ဆိုပါတော့။ ဗုဒ္ဓဘာသာ ဘုရားကျောင်းနှစ်ကျောင်း တည်ခဲ့ပါတယ်။ ဘူတန်နိုင်ငံကတော့ အခုအချိန်မှာ ဘုရင်နဲ့ပါလီမန် ပူးတွဲအုပ်ချုပ်တဲ့နိုင်ငံပါ။ ဘုရင်အသစ်က ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ သရဖူဆောင်းခဲ့တာတဲ့။ ၂၀၀၆ ခုနှစ်ကတည်းက နန်းရခဲ့သတဲ့။ အသက် ၃၄ နှစ်သာ ရှိပါသေးရဲ့။ US ကောလိပ်တွေမှာ ကျောင်းတက်ခဲ့ပြီး၊ အောက်စ်ဖို့ဒ် တက္ကသိုလ်ကဘွဲ့ရခဲ့သူပါ။ ၂၀၁၁ ခုနှစ်ကမှ သူ့ထက် ဆယ်နှစ်ငယ်သူနဲ့ လက်ထပ်ခဲ့ပါတယ်။ သူတို့ရဲ့ မင်္ဂလာပွဲကတော့ ဘူတန်နိုင်ငံမှာ အကြီးကျယ်ဆုံး ပွဲကြီးတစ်ခုပေါ့။

ဘူတန်နိုင်ငံက ဈေးကြီးသလို၊ ပြည်ဝင်ခွင့်ဗီဇာကလည်း ခက်ခဲပါတယ်။ ပြည်ဝင်မယ့်နေ့နဲ့ ပြည်ထွက်မယ့်နေ့ လေယာဉ်လက်မှတ်ပြနိုင်မှ ဗီဇာပေးတာပါ။ ဗီဇာကို နိုင်ငံကူးလက်မှတ်မှာ ကြိုတင်ရိုက်မပေးပါဘူး။ ဗီဇာကို သီးသန့်စာရွက်နဲ့ ထုတ်ပေးပါတယ်။ ကျွန်မတို့ ခရီးသွားဖော်နှစ်ဦးရဲ့ ဗီဇာဆိုရင် စာရွက်တစ်ရွက်မှာ အမည်အပြည့်အစုံ၊ နိုင်ငံကူးလက်မှတ်နံပါတ်နဲ့ ဗီဇာထုတ်ပေးထားတာလေ။ ဘူတန် လေဆိပ်ရောက်တော့ အဲဒီစာရွက်နဲ့ နိုင်ငံကူးလက်မှတ် ပူးတွဲပြမှ ဗီဇာကို နိုင်ငံကူးလက်မှတ်ပေါ်မှာ ရိုက်နှိပ်ပေးခဲ့ပါတယ်။ ကျွန်မတို့ ပါရို(Paro) လေဆိပ်ကို ညနေ ၄ နာရီလောက် ရောက်တာနဲ့ ညှို့လမ်းညွှန်'ပိုက်ဆံ'က လာကြိုခဲ့တာလေ။ ပိုက်ဆံဆိုတဲ့ အမည်ကြောင့်ခေါ်ရတာရော၊ မှတ်ရတာရော လွယ်နေပြန်ပါရဲ့။ ယာဉ်မောင်းအမည်က 'လာ' တဲ့။ နှစ်ယောက်ပေါင်းရင် 'ပိုက်ဆံလာ' ဆိုတာမို့ နိမိတ်ကောင်းတဲ့အမည်တွေဆိုပါတော့။ ပါရိုမြို့က ပေ ခုနစ်ထောင့်သုံးရာ အမြင့်မှာ ရှိပါတယ်။

ကျွန်မတို့ ပါရိုရောက်တာနဲ့ ချက်ချင်း ကားနဲ့ ၄ နာရီခရီး ပူနာကာ (Punaka)မြို့ဟောင်းကို ခရီးဆက်ခဲ့ရပါတယ်။ ပထမ တစ်နာရီလောက် လမ်းကောင်းပေမဲ့ ကျန်သုံးနာရီခရီးက လမ်းပြင်နေလို့ အင်မတန်မှ ဆိုးပါရဲ့။ ပူနာကာ အသွားလမ်းတစ်ဝက်လောက်မှာ မှောင်နေလို့ အပြင်ဘက် သဘာဝအလှကို မမြင်ရတော့ပါဘူး။ လမ်းတစ်နေရာမှာ နွားကြီးတစ်ကောင်က ကျွန်မတို့ ကားရှေ့မှာရပ်ပြီး မျက်လုံးတဝင်းဝင်းနဲ့ ကားကိုကြည့်နေပုံက အင်မတန်မှ ထူးဆန်းလှတာပါ။ ကျွန်မခရီးဖော်က တစ်လမ်းလုံး အိပ်နေခဲ့တာကို နှိုးပြီး နွားကိုပြတော့ သူမခမျာ အိပ်ချင်မူးတူးနဲ့ လန့်ပြီးအော်လိုက်တာ ကျွန်မ ဘာလုပ်ရမှန်း မသိဖြစ်ခဲ့ပါတယ်။ ကယ်ရီက အိပ်ရေးမဝရင် လူမမာလိုဖြစ်တတ်တာ ခရီးအစမှာကတည်းက ကျွန်မ သိခဲ့ရပါပြီ။

ပူနာကာကို ည ၈ နာရီလောက်မှ ရောက်ခဲ့ပြီး၊ ရောက်တာနဲ့ ဟိုတယ် ထမင်းစားဆောင်မှာ ညစာစားဖြစ်ခဲ့ပါတယ်။ ဝန်ဆောင်မှုကတော့ ခပ်ချာချာပါပဲ။ အစားအသောက်ကလည်း သိပ်မကောင်းပါဘူး။ ရွေးချယ်စရာလမ်းမရှိတဲ့ အချိန်နဲ့နေရာကို ရောက်နေခဲ့ပါပြီ။ ဟိုတယ်ခန်းက ဘန်ဂလိုလေးလိုဖြစ်ပြီး ပြင်ဆင်မှုကအင်မတန်မှလှပါရဲ့။ ကျွန်မ ခရီးဖော်ကတော့ အိပ်ရာတွေ့တာနဲ့ ဝင်အိပ်လိုက်တာ မိုးလင်းတဲ့အထိပေါ့။

*မုဒိတာတရား ပွားများကြပါစေ။*

■


**မေတ္တာဦး**



ပါရိုတောင်ကြားအလှ



ကယ်ရီ




ဘူတန်မြေပုံ



www.burmeseclassic.com

www.burmeseclassic.com

အရှိန်အဟုန်ပြင်းတဲ့ မြစ်တစ်စင်းဟာ
နတ်ပန်းဆင်းသလို ဘွားခနဲပေါ်လာတာ
မဟုတ်ပါဘူး နှယ်
တောင်စဉ်တောင်တန်းနဲ့ မြေမြင့်ရာ အရပ်
စီးဆင်းလာတဲ့ ရေစီးကြောင်းတွေ
ချောင်းငယ်၊ မြောင်းငယ်တွေ
ပေါင်းဆုံစုစည်းပြီးမှ ဖြစ်တည်လာတာပါ
တကယ်လို့များ အဲဒီနေ
မောင် အင်္ဂလိပ်စာသင်တန်း
စောစောရောက်ပြီး နေရာရခဲ့မယ်ဆိုရင်...
မောင် စာအုပ်ဆိုင်ကယူလာ
ဆရာမ ဂျူးရဲ့ "အမှတ်တရ" စာအု
နှယ့်ဘေးမှာ မေ့မကျန်ခဲ့ဘူးဆိုရင်
နှယ့်အလှမှာ မောင့်ရင်
လှုပ်ရှားစေနိုင်တဲ့ဖွမ်းအားတွေ
ရှိမနေဘူးဆိုရင်...၊ ခုလို ဖောက်သေမ်းတာ
ဖြစ်လာနိုင်ပါ့မလား နှယ်

☐

ဘုငယ်ချင်း ကျော်ဟန် စာအုပ်ဆိုင်
အချိန်မီရောက်မလာတာနဲ့ ဆယ့်ငါးမိနစ်
သောက်ရှောက်ရတဲ့လှည်းတန်း
အင်္ဂလိပ်စာသင်တန်းကို နောက်ကျ
ရောက်သွားခဲ့တယ်။ မောင် ရောက်တော့
တစ်ခန်းလုံး သင်တန်းသားတွေ ပြည့်နေ
နေရာလွတ်ရှာဖို့ ညာဘက်ဆုံးအထ
နောက်ဆုံးခုံအဖွန့်တစ်နေရာ
ကျန်တော့တယ်
မောင် လှမ်းကြည့်လိုက်တော့
နေရာလွတ်ဘေးမှာ မြူခင်ရောင်လေ
မိန်းကလေးတစ်ယောက်။ မှေ့ညှာအပွင့်
မပြေးရုံတစ်ဆည် လျှောက်ခဲ့
မောင့်ကစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေ
...ရာက ဖောသင်နေပြီမို့ ခုံးတေးရှိ
မောင် ဝင်ထိုင်လိုက်တဲ့အခါ မိန်းကလေး
တန်ဖိုးကြီးရေမွှေးရဲ့ ရနံ့လာ
ကိုယ်သင်းနံ့ရှူလှိုက်
အားနာလိုက်
နောက်နေ့...
မောင် ထိုင်တဲ့စာအုပ်အနား
ဆရာမ ဂျူးရဲ့ "အမှတ်တရ"
နှယ် ရောက်လာခဲ့တယ်နော်။ နှယ့်
တနေ့ပြြင်တွေမှာ ဆိုင်ကာ အမှတ်
တွေ့လှသေတဲ့စာအုပ် နှယ့်ဘေးနဲ

အမှတ် ၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မေ့ကျန်ခဲ့တာကို သတိရတယ်။ စာအုပ်နောက်ကျောဖုံးက စည်သူစာပေ၊ အမှတ် ၃၇၊ ခိုင်ရွှေဝါလမ်း၊ လှည်းတန်းဆိုတဲ့လိပ်စာဟာ နွယ့်အတွက် နှလုံးသားရတနာသိုက်ရှိရာ ပြပေးတဲ့လမ်းညွှန်မြေပုံဖြစ်ခဲ့တယ် ထင်ပါရဲ့။

'စာအုပ်တွေ စုံလိုက်တာ။ ရှေးဟောင်းဂန္ထဝင်စာအုပ်တွေလည်း အများကြီးပဲ။ နွယ် ဖတ်ချင်တဲ့စာအုပ်တွေလည်း အစုံရှိတယ်။ ဒီလောက် ဖတ်စရာတွေ များတော့ နွယ် ဘာစာအုပ်ဖတ်ရမှန်း မသိတော့ဘူး။ ကိုနောင်လတ် ကောင်းမယ်ထင်တဲ့ စာအုပ် ရွေးပေးပါဦး'

စာတွေ အရမ်းဖတ်ချင်နေတဲ့ နွယ် ဆိုင်ကစာအုပ်တွေလှည့်ပတ်ကြည့်ပြီး တအံ့တသြဖြစ်နေခဲ့တယ်။ 'ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေ ဖတ်သလား' လို့ မောင်ကမေးတော့ 'ဖေဖေနဲ့ မေမေ အသည်းစွဲစာရေးဆရာလေ။ နွယ် ငယ်ငယ်က မေမေ့စာအုပ်ကြားမှာ စွယ်တော်ရွက်လေး ညှပ်ထားတာ တွေ့ဖူးတယ်။ နွယ်ကတော့ စာရေးဆရာပေါင်းစုံ ဖတ်ပါတယ်။ ဒါပေမဲ့ မင်းသားနဲ့ မင်းသမီး ဇာတ်သိမ်းမှာ ပေါင်းရမှာနော်။ မပေါင်းရလို့ တသသ ဆွေးနေရတဲ့ ဝတ္ထုမျိုးတော့ မဖတ်ချင်ဘူး' ဆိုတာနဲ့ ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတစ်အုပ် ရွေးပေးလိုက်တယ်။

နွယ်ရဲ့ လင်ခရူဇာကားလင်းရောင်ခြည်လမ်းအတိုင်း မောင်းသွားပြီး လှည်းတန်းလမ်းမပေါ် ကွေ့တက်သွားလို့ မြင်ကွင်းက ပျောက်သည်

ဒီကမ္ဘာမှာ
နွယ့်ကို
မောင့်ထက်
ချစ်တတ်တဲ့သူ
မပြောနဲ့
မောင့်လောက်
ချစ်တတ်တဲ့
သူတောင်
မရှိနိုင်ဘူးလို့
ယုံကြည်
ထားတာကြောင့်
ဆရာ
မြင့်မောင်မောင်ရဲ့
'အချစ်ချင်းတူရင်
မောင်မောင်တို့
အရှုံးပေးလိုက်မယ်'
စာအုပ်ကိုပါ
လက်ဖွဲ့လိုက်တယ်
နွယ်

အထိ မျက်စိတစ်ဆုံး ကြည့်နေမိတယ်။ နောက်တော့မှ သတိရလို့ စာအုပ်အငှားစာရင်းစာအုပ်မှာ မှတ်လိုက်တယ်။ စာအုပ်ငှားသူအမည်နေရာမှာ 'မနွယ်ဦးမွန်'။ စာရေးဆရာနဲ့ ဝတ္ထုအမည်နေရာမှာ 'တက္ကသိုလ်ဘုန်းနိုင်၏ နွယ်ဦးမွန်မို့ ချစ်ထွင်း တင်သည်' လို့။

❑

နွယ့်ကို သင်တန်းမှာ ဆုံပေမဲ့ အတူထိုင်ဖို့ အခွင့်အရေး မရတာကြောင့် အဝေးက နွယ်ရဲ့ ရွှန်းပတဲ့နှုတ်ဆက်အပြုံးနဲ့ပဲ ကျေနပ်နေရတယ်။ တစ်ပတ်နှစ်ခါတော့ နွယ် စာအုပ်ဆိုင်ကို ရောက်လာခဲ့တယ်နော်။ 'နောက်ရက်တွေဆိုရင် Thesis ကိစ္စတွေနဲ့ အမြဲတမ်းလာအားမှာ မဟုတ်ဘူး ကိုနောင်လတ်၊ ဖတ်ချင်တဲ့စာအုပ်ရှိရင် ညီမလေးစိုးစိုးကို ကားနဲ့ လွှတ်လိုက်မယ်။ ကိုနောင်လတ် ဖတ်စေချင်တဲ့စာအုပ်ရှိရင်လည်း ထည့်ပေးလိုက်နော်' ဆိုတဲ့ နွယ့်စကားက အမြဲတမ်းတွေ့ချင်မြင်ချင်တဲ့ မောင့်ကို အားလျှော့သွားစေခဲ့တယ်။

အံ့သြစရာပဲ နွယ်၊ မောင် ပေးလိုက်တဲ့ ဝတ္ထုနာမည်က မောင့်ရင်ထဲက ပြောချင်တဲ့ စကားကို တစ်စွန်းတစ်စ ကိုယ်စားပြုသလို နွယ် မှာလိုက်တဲ့ စာအုပ်နာတွေက နွယ့်ရဲ့တုံ့ပြန်စကားတွေ ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်။ မောင် စာအုပ်တစ်အုပ်ပေးပြီးရင် နွယ် ဘာစာအုပ်မှာမလဲလို့ မျှော်ရတဲ့ အလုပ်က ရင်မောစရာလည်း ကောင်းပါရဲ့။ နွယ်ဖတ်ဖို့ စာအုပ်အများကြီးကို လိပ်ပြာသန့်သန့်ပေးနိုင်ခဲ့ပေမဲ့ ဆရာ သုမောင်ရဲ့ 'သိပ်ချစ်တယ်မဟုတ်လား' စာအုပ်ပေးဖို့ကိုတော့ မောင် တုံ့ဆိုင်းနေမိတယ်။ ခြားနားလှတဲ့ဘဝအခြေအနေကြောင့် ရင်ထဲက စကားတွေ ဆွံ့အသွားတယ် ထင်ပါရဲ့။ ဒါပေမဲ့ နွယ်ရယ် နွယ့်အလှ၊ နွယ့်အပြုံး၊ နွယ့်အကြင်နာမျက်ဝန်းတွေက ရင်ဖွင့်ဖို့ တွန်းအားဖြစ်စေခဲ့ပါတယ်။

စိုးစိုးက မောင် ပေးလိုက်တဲ့ ဆရာသုမောင်ရဲ့ဝတ္ထုနာမည်ကို ဖျတ်ခနဲကြည့်ပြီး ပြုံးစစနဲ့ ကားဆီပြေးသွားလေရဲ့။ စိုးစိုးဟာ မောင့်ဘက်တော်သားဆိုတာ မောင် နားလည်လိုက်တယ်။ မှတ်မိသေးလား နွယ်။ နွယ် မှာလိုက်တဲ့စာအုပ်တွေကို မပေးဘဲ ဒီစာအုပ်တွေကိုပဲ သုံးကြိမ်ဆက်ပေးခဲ့တာလေ။ နွယ့်အဖြေကို သိချင်လွန်းလို့ စာအုပ်ဆိုင်မှာ နှစ်ပတ်တိတိ အချိန်ပြည့်စောင့်နေခဲ့ပေမဲ့ နွယ်ရော စိုးစိုးရော ရောက်မလာကြဘူး။ စိုးစိုး စာအုပ်ဆိုင်ထဲ ဝင်လာတဲ့နေ့က မောင် ဟန်မဆောင်နိုင်ဘဲ စိုးစိုး လက်ထဲက ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ စာရွက်ခေါက်ကို ဆွဲလုလိုက်တယ်။ 'ပေးမှာပါ ဦးနောင်လတ်ရဲ့။ ဖြည်းဖြည်းလုပ်ပါ' ဆိုတဲ့ စိုးစိုးရဲ့ အငြူစူစကားကို ဂရုမစိုက်နိုင်ဘဲ တွန့်ကြေနေတဲ့ စာရွက်ခေါက်ကို ဖြန့်ပြီးဖတ်လိုက်တယ်။ မောင့်အမြင်တွေ မှုန်ဝါး၊ အကြားတွေ ဝေဝါးလို့ မောင့်နှလုံးသားတွေ တုန်ခါသွားပြီး ထင်ပါရဲ့။ နွယ် မှာလိုက်တဲ့ စာအုပ်က နီကိုရဲ့ 'မချစ်ဘူး' တဲ့လေ။

နွယ့်ဆီက ပြတ်သားတဲ့ အဖြေသိပြီးကတည်းက မောင် စာအုပ်ဆိုင် မရောက်တော့ဘူး။ အင်္ဂလိပ်စာသင်တန်းလည်း မတက်ဖြစ်တာ ကြာပြီ။ နွယ်နဲ့ ဆက်နွယ်နေတဲ့ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲလို့ ရှောင်နေမိတာပါ။ ဘာ လိုလိုနဲ့ မောင် စာအုပ်ဆိုင်ကို မရောက်တာ တစ်လကျော်တော့မယ်။ ဒါပေမဲ့ သူငယ်ချင်းက ဌာနဆိုင်ရာတာဝန်နဲ့ ခရီးထွက်ရမယ်ဆိုတော့ မောင် မလွှဲမရှောင်သာဘဲ စာအုပ်ဆိုင် ပြန်ထိုင်ခဲ့ရတယ်။

စာအုပ်ဆိုင်မှာ လူ



www.burmeseclassic.com

www.burmeseclassic.com

တုန်း ပြန်မအပ်တဲ့ စာအုပ်စာရင်းစာရွက် ယူကြည့်လိုက်တော့ နွယ့်နာမည်နဲ့ ငှားထားတဲ့စာအုပ်တွေ တွေ့လိုက်ရလို့ မောင် ဇဝေဇဝါ ဖြစ်သွားတယ်။ မောင့်ကြောင့် နွယ် စာအုပ်ဆိုင် မလာတော့ဘူးလို့ ထင်နေတာ။ နှစ်ရက်ခြား၊ သုံးရက်ခြား နွယ် ငှားထားတဲ့ စာအုပ်က ၅ အုပ်တောင် ရှိနေပါလား။ နီကိုရဲ 'မချစ်ဘူး'၊ မီကိုဖူးဇင်'ပြောရင် ယုံမှာလား'၊ ဆုအဥ္စလီ 'အသည်းအသက်နဲ့ ထပ်တူ'၊ နှင်းသီခိုင် 'ချစ်တယ်'၊ သမင်းမိုမို'မောင်'။ ကြည့်ရင်း ကြည့်ရင်း အဓိပ္ပာယ်ပေါ်လွင်လာလို့ ရင်ထဲမှာ ကြိုက်ဖိုလာတယ်။ ရင်ခုန်သံတွေတောင် မြန်လို့၊ လှည့်စားရက်တယ် နွယ်။

❑

မှတ်မိသေးလား နွယ်၊ ညနေခုနစ်နာရီလောက် စာအုပ်ဆိုင်မှာ လူများနေလို့ နွယ် ရောက်လာတာ မောင် မသိလိုက်ဘူး။ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ 'မေ့မှာ စိုးတယ်'စာအုပ် နွယ် ဖတ်ချင်တယ်ဆိုလို့ အဆင်သင့် မှတ်ထားတယ်။ အဲဒီတုန်းက မအပ်တဲ့ စာတွေ စာရင်းရှာရ၊ ငှားဖို့ ရွေးပြီးစားပွဲပေါ် တင်ထားတဲ့စာအုပ်တွေ စာရင်းမှတ်ပေးရ၊ မှာထားတဲ့ စာအုပ်မရလို့ မကျေနပ်တဲ့သူတွေကို နှစ်သိမ့်ရ၊ တရင်းတနှီး စကြနောက်ကြ ချဲကြတဲ့ ချစ်စရာကလေးတွေအားလုံး အဆင်ပြေအောင် ပြောဆိုဆက်ဆံရနဲ့ မောင် တော်တော်ကို ရှုပ်ရှပ်နေတယ်။ အဲဒီအချိန်မှာ 'ဦးနောင်လတ် မှာထားတဲ့ စာအုပ်'ဆိုတဲ့ စိုးစိုးရဲ့အသံကို ကြားလိုက်ရတယ်။ ဒါနဲ့ အဆင်သင့်မှတ်ထားတဲ့ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ စာအုပ်ကို စိုးစိုးကို လှမ်းပေးလိုက်တော့ 'အဲဒီစာအုပ် မယူတော့ဘူး။ ဒီစာအုပ်ပဲ မှတ်ပေးတော့'တဲ့။ အလိုမကျတဲ့ နွယ့်အသံလေ။ နွယ် ပါလာမှန်းသိပြီး စိုးရိမ်စိတ်နဲ့ မော့ကြည့်လိုက်တဲ့အခါ စူသယောင်နှုတ်ခမ်း၊ ပြုးမြမြမျက်နှာပေးနဲ့ နွယ့်ရဲ့ အလှဖားရှင်း အသစ်ကို မြင်လိုက်ရတယ်။ နွယ်ရယ် စိတ်ဆိုးစိတ်ကောက်တော့လည်း တစ်မျိုးလှနေပါလား။ နွယ် လှမ်းပေးက ဆရာမ ဝေဝေအောင်ရဲ့ 'မျက်နှာများတဲ့ မောင်'တဲ့။ မောင်က မျက်နှာများသတဲ့လား နွယ်ရယ်။ နောက်နေ့ စိုးစိုးအလာမှာ မောင် စာအုပ်တစ်အုပ်ပေးလိုက်တာ နွယ် ဖတ်ရပါတယ်နော်။ ဆရာနွမ်ဂျာသိုင်းရဲ့ 'တစ်ပင်ထဲ ရင်ထဲက နွယ်'စာအုပ်လေ။ ဆရာ့ရဲ့ ဝတ္ထုက မျက်ဖြေလက်ာ မဟုတ်တောင် ရွှေနားတော်သွင်း ချေင်းတစ်ပုဒ်တော့ ဖြစ်လိမ့်မယ် ထင်ပါရဲ့။

မောင် ကျောက်ကပ်မှာ ကျောက်တည်လို့ ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးမှာ တက်ပြီး ခွဲရတယ်။ ဆေးရုံကို အပြေးအလွှားရောက်လာပြီး စိုးရိမ်သောကတွေနဲ့ မောင့်ခုတင်ဘေးမှာ ရပ်နေတဲ့ နွယ့်ကို မြင်ယောင်နေသေးတယ်။ 'စာအုပ်ဆိုင်က စိုးစိုးပြန်လာတော့ ဆိုင်မှာ မောင့်ကို မတွေ့ခဲ့ဘူးတဲ့။ မောင့်သူငယ်ချင်းပေးလိုက်တဲ့ စာအုပ်နာမည်ဖတ်မိတာနဲ့ မောင့် သူငယ်ချင်းဆီ ဖုန်းဆက်မေးပြီး ဆေးရုံကိုလာခဲ့ရတယ်'လို့ နွယ်ပြောတာနဲ့ 'စာအုပ်နာမည်က ဘာတဲ့လဲ နွယ်'လို့ မောင် မေးလိုက်တယ်။ နွယ်က 'မောင် မသိချင်ဟန်ဆောင်နေပြန်ပါပြီ။ မောင် ပေးခိုင်းတာမဟုတ်လား။ ဆရာသုမောင်ရဲ့ အချစ်လား သူ ဖျားနေတယ် စာအုပ်လေ'တဲ့။ 'မောင် ပေးခိုင်းတဲ့စာအုပ် မဖြစ်နိုင်ဘူး နွယ်။ မောင် ပေးခိုင်းတဲ့ စာအုပ်ဆိုရင် အချစ်လား သူ ကျောက်ကပ် ကျောက်တည်လို့ ခွဲနေတာဖြစ်မယ်'လို့ မောင် ပြောမိတာနဲ့ နွယ်ရဲ့ မျက်စောင်းဒဏ်ကို မရှုမလှ ခံလိုက်ရသေးတယ်။ အဲဒီညဟာ နွယ့်ရင်ထဲက မေတ္တာ၊ စေတနာ၊ အကြင်နာပန်းတွေ အစွမ်းကုန်ပွင့်တဲ့ညလို့ မောင် ခံစားမိတယ်။ အိုဗာတင်း၊ မိုင်လို၊ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ဆေးတွေကို စားပွဲပေါ်တင် ဖန်ခွက်၊ ရေဖလား၊ မတ်ခွက်၊ ရေသန့်ဘူးတွေကို စနစ်တကျ စီပေးနေတဲ့ နွယ့်ကိုကြည့်ပြီး မောင် တစိမ့်စိမ့်ကြည်နူးနေတယ်။

'မောင့် ကြည့်ရတာ ခွဲထားလို့လား ဖြူဖျော့နေတာပဲ။ အာဟာရရှိတဲ့အစာတွေလည်း စားပါ မောင်။ အားဆေးတွေလည်း နွယ်ယူလာတယ်'

မော်င့်လက်ကို ခပ်ဖွဖွကိုင်၊ ရွှန်းရွှန်းစားစားကြည့်ပြီး ပြောလိုက်တဲ့ နွယ့်အကြင်နာစကားတွေက မောင့်ကို အင်အားတွေ ဖြစ်စေခဲ့ပါတယ်။ မိဘဆွေမျိုးတွေနဲ့ ဝေးနေတဲ့ မောင့်အဖို့တော့ နွယ်က အားကိုးရာ ကမ္ဘာတစ်ခုဖြစ်ခဲ့ပါတယ်။

'ကြီးကြီးကို ဘုရားသွားမယ်ဆိုပြီး ထွက်ခဲ့တာမို့ နွယ် ပြန်ဦးမယ်။ မောင် ဘာမှ အားမငယ်နဲ့။ နွယ် မကြာ မကြာ မောင့်ဆီလာမယ်'

နွယ် ပြန်သွားပေမဲ့ နွယ့် အရိပ်အယောင်၊ နွယ့်အသံ၊ နွယ့်ကိုယ်သင်းနံ့တွေက မောင့်အနားမှာ ဝေ့ဝဲနေဆဲပါ။ ဆရာဝန်ကြီးက ချုပ်ရိုးမြန်မြန်ကျက်အောင် လမ်းလျှောက်ဆိုတာနဲ့ အားတင်းပြီး လျှောက်တော့ ချုပ်ရိုးက စပ်ဖျဉ်းဖျဉ်းနာတယ်။ လမ်းလျှောက်တာ များသွားလို့လား မသိဘူး။ ညကျ ဖျားပါလေရော။ အချစ် တကယ် ဖျားသွားတဲ့ညပါ နွယ်။

❑

မောင် ဆေးရုံက ဆင်းတဲ့အချိန်မှာ နွယ်က မောင့်ကံနိမ့်နေတယ် ဘုရားသွားရအောင်ပြောလို့ မောင်တို့ ရွှေတိဂုံဘုရားသွားပြီး ရွှေသင်္ကန်းကပ်၊ စနေထောင့် ဂြိုဟ်တိုင်မှာ ရေသက်စေ့လှူ၊ ပန်းတွေလှူနဲ့ ကောင်းမှုကုသိုလ်တွေ ပြုခဲ့ကြတယ်နော်။ စနေထောင့်တန်ဆောင်းထဲမှာ အေးအေးဆေးဆေးထိုင် စကားတွေ တဝကြီးပြောခဲ့ရတဲ့အချိန်တွေကို မောင် မမေ့ဘူး နွယ်။ သမိုင်းအဓိကနဲ့ မဟာဝိဇ္ဇာကျမ်းပြုနေတဲ့ နွယ့်ကို'မောင်လည်း ဧကရာဇ်တို့ရဲ့ နှလုံးသားဆိုတဲ့ခေါင်းစဉ်နဲ့ ကျမ်းတစ်စောင် ပြုချင်တယ်'လို့ မောင်ပြောတော့ နွယ်က 'ဧကရာဇ်တွေရဲ့

www.burmeseclassic.com

နှလုံးသားက ဘာများထူးခြားချက်တွေ ရှိနေလို့လဲ' လို့ ပြန်မေးခဲ့တယ်။

မောင်က 'အနော်ရထာဘုရင်ဟာ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တယ်။ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာကိုလည်း ပြုစုပျိုးထောင်ပေးခဲ့တယ်။ ပြည်သူတွေ အကျိုးရှိစေမယ့် ဆည်မြောင်းတာတမံတွေလည်း ဆောက်ပေးခဲ့တယ်။ ကြည်ညိုစရာကောင်းတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးပါ။ ဒါပေမဲ့ ပညာရှိတွေက ပုဂံပြည်မြောက်အရပ်မှာ မင်းလောင်းပေါ်နေတယ်။ ကိုယ်ဝန်ဆောင်အရွယ်ရောက်နေပြီလို့ လျှောက်တင်တော့ ကိုယ်ဝန်ဆောင်မိန်းမတွေကို သတ်တယ်။ နို့စို့အရွယ်ရောက်နေပြီဆိုတော့ နို့စို့အရွယ်ကလေးတွေကို သတ်တယ်။ နွားကျောင်းသားအရွယ်ရောက်နေပြီဆိုတော့ နွားကျောင်းသားတွေကို သတ်တယ်။ ပြည်သူတွေကို ရင်ဝယ်သားလို ချစ်တယ်ဆိုတဲ့ သူ့နှလုံးသားက မရက်စက်လွန်းဘူးလား နွယ်' လို့ မောင် ပြောတော့ 'ထီးနန်းလုမှာ စိုးတာကိုး မောင်ရဲ့' လို့ မောင်ဘဝင်မကျတာကို နှစ်သိမ့်ခဲ့တယ်။

အဲဒီနေ့က ဘုရားပေါ်မှာ ကိုမျိုးကျော်နဲ့ ဆုံခဲ့ကြတယ်နော်။ 'ဟင် မိနွယ်'၊ 'ဟယ် ကိုမျိုး' ဆိုတဲ့ အာမေဍိတ်စကားတွေနဲ့ နောက်မှာ နွယ်နဲ့ ကိုမျိုးကျော်တို့ရဲ့ ခင်မင်ရင်းနှီးမှု၊ ပတ်သက်ဆက်နွယ်မှုတွေကို မောင် လှစ်ခနဲ မြင်လိုက်ရတယ်။ နွယ် မိတ်ဆက်ပေးလို့ ကိုမျိုးကျော်ကို

**ကဗျာတစ်ပုဒ်လို**
**လှပတယ်လို့**
**မောင်**
**ပြောဖူးတဲ့**
**နားသယ်စပ်ပေါ်**
**ဝဲကျနေတဲ့**
**ဆံနွယ်တွေကို**
**နွယ်**
**ပိုင်ဆိုင်ခဲ့ပါ**
**အချိန်ကာလဟာ**
**နွယ့်အလှကို**
**နည်းနည်း**
**ရင့်ကျက်စေတာက**
**လွဲလို့**
**အလုံးစုံ**
**ပြောင်းလဲပေး**
**နိုင်ခြင်းတော့**
**မရှိပါဘူး**

ပြုံးပြနှုတ်ဆက်ခဲ့ရပေမဲ့ မောင့်အပြုံးဟာ မတောက်ပဘူးဆိုတာ နွယ် ရိပ်မိခဲ့မှာပါ။

'ကိုမျိုးက ကြီးကြီးရဲ့ ဆုံးသွားတဲ့ ခင်ပွန်း အန်ကယ်ဦးဝင်းကျော်ရဲ့ တူ၊ ဆရာဝန်ဘွဲ့ရပေမဲ့ ဆေးမကုဘူး။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုထောင်ထားတယ်'

'မောင်နဲ့ နွယ် ရင်ဆိုင်ရမယ့်အခက်အခဲက ကြီးကြီးပါ။ ဖေဖေနဲ့မေမေက စီးပွားရေးထဲမှာ နစ်မြုပ်နေကြလို့ ကြီးကြီးကို ပုံအပ်ထားတာ။ ကြီးကြီးက စည်းကမ်းတင်းကျပ်တယ်ဆိုပေမဲ့ နွယ့်မျက်နှာတစ်ချက် ညှိုးတာ မခံနိုင်ဘူး။ အဲဒီအားနည်းချက်ကို နွယ် သိထားတယ်။ အားမငယ်ပါနဲ့ မောင်ရယ်။ မောင်နဲ့ပတ်သက်ရင် အရာရာကို ရင်ဆိုင်ရဲပါတယ်'

နွယ့်ရဲ့ အားပေးစကားတွေက မောင့်ရင်ထဲက သောကမီးပွားကို မငြိမ်းနိုင်ခဲ့ပါဘူး။ မောင့်အပျော်တွေက ကိုမျိုးကျော်အကြောင်းတွေနဲ့ ရန်းရင်းဆန်ခတ်ပြီး အိပ်မပျော်ခဲ့ဘူး။ မနက်လင်းခါနီးမှေးခနဲ အိပ်ပျော်သွားတော့ အိပ်မက်ထဲမှာ အနော်ရထာမင်းကြီးနဲ့ တွေ့ရတယ် နွယ်။ အိပ်မက်ဆိုတာ အတိတ်နိမိတ်ကြောင့် မက်တတ်တယ်တဲ့။ အနော်ရထာမင်းကြီးရဲ့စိုးရိမ်သောကကို မောင် စာနာတတ်သွားပြီ။ နောက်ရက်မှာ စိုးစိုးစာအုပ်ဆိုင်ကို ရောက်လာလို့ နွယ် ဖတ်ဖို့ မောင်စာအုပ်တစ်အုပ်ပေးလိုက်တယ်။ နွယ် မှတ်မိပါတယ်နော်။ ဆရာဖိုးကျော့ရဲ့ 'နန်းရပ်ထီးဖြူ လုယူမယ်မြင်သည်' စာအုပ်လေ။

❑

'ကိုနောင်လတ်ကို စာတစ်စောင်ပေးစရာ ရှိတယ်' ဆိုတဲ့ အဆောင်ပိုင်ရှင် သမီးသီဂီစကားကြောင့် မောင်နည်းနည်းအံ့သြသွားတယ်။ အဆောင်မှာအနေကြာပြီဆိုတော့ ကျော်ဟန်ရော မောင်နဲ့ပါ သီဂီနဲ့ ရင်းနှီးနေကြတယ်။ မောင်တို့ စာတွေဆိုရင် သီဂီက သိမ်းထားပြီး ကိုယ်တိုင်လာပေးနေကျ။ ဒါပေမဲ့ မောင့်ဆီကို စာအမြဲတမ်းရေးနေတဲ့ ငယ်ငယ် ဆုံးသွားပြီမို့ သီဂီပေးလာမယ့်စာဟာ ဘယ်သူ့ဆီကဆိုတာ မောင် မစဉ်းစားတတ်တော့ဘူး။

ငယ်ငယ်ဆိုလို့ ပြောရဦးမယ် နွယ်။ တောက မောင့်မိဘတွေက ဆင်းရဲတယ်။ ဆယ်တန်းအောင်တော့ ရန်ကုန်တက်လာပြီး ဘုန်းကြီးကျောင်းမှာနေရင်း တက္ကသိုလ်တက်တယ်။ ဘွဲ့ရတော့ သူငယ်ချင်းကျော်ဟန်နဲ့ အဆောင်မှာ အတူနေတယ်။ ကျော်ဟန်ရဲ့စာအုပ်အငှားဆိုင်မှာ ဝင်ကူလုပ်ရင်းနဲ့သင်တန်းတွေတက်၊ PSC စာမေး ပွဲတွေ ဝင်ဖြေနေတယ်။ ဒါတွေက ကက်ဆက်ယဉ်ကျေးမှုအရ ပြောရရင် နွယ် သိထားတဲ့ မောင်ဘဝရဲ့ ဘီဆိုဒ်အကြောင်းတွေပါ။ ငယ်ငယ်နဲ့ပတ်သက်တဲ့ မောင့်ဘဝရဲ့ အေဆိုဒ်က အကြောင်းတွေ နွယ် မသိခဲ့ဘူးနော်။ နွယ် အမှတ်မှားနေတဲ့ မောင်တို့ရဲ့အချစ်သမိုင်းကို အမှန်တိုင်းသိသွားခဲ့ရင် နွယ့်ဆီက နားလည်စာနာမှု လေးရရင်ပဲ ကျေနပ်ပါပြီ နွယ်။

မောင့်အဖေက မြို့နယ် ရုံးတစ်ရုံးက ရုံးအကူ။ မြို့နယ်ဦးစီးမှူး ဦးလှမြင့်က မောင်တို့မိသားစုကို အဖေ့ရဲ့ ဝန်ထမ်းကာလတစ်လျှောက် လုံး ကြည့်ရှုစောင့်ရှောက်ခဲ့ တယ်။ အန်ကယ်ဦးလှမြင့်မှာ သမီးသုံးယောက်ရှိတယ်။ သွယ်သွယ်၊ လယ်လယ်နဲ့ ငယ်ငယ်တဲ့။ သွယ်သွယ်က ပိန်ပိန်သွယ်သွယ်၊ အသား ညိုညက်ညက်နဲ့ မိန်းမချော လေးပါ။ လယ်လယ်က တော်ပြီး သွက်သွက်လ လက်နဲ့ ပျော်ပျော်နေတ တယ်။ ငယ်ငယ်က မော ညီမစုစုနဲ့ ကျောင်းနေဖ မွေးရာပါနှလုံးရောဂါရှိ ငယ်ငယ်ကတည်းက ချ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ညီမလေးစုစုနဲ့ အိမ် မှာ အတူစာကြည့်၊ ကျောင်း အတူသွား တတွဲတွဲနေကြ တယ်။ ငယ်ငယ်က အပေါင်း အသင်းနည်းပြီး စာဖတ် ဝါသနာပါသလို ကိုယ်တိုင် လည်း ကဗျာတွေ စာတွေ ရေးတတ်တယ်။ သူ ရေးတဲ့ ကဗျာတွေ စာတွေကို မောင့် ကို အမြဲတမ်းဖတ်ခိုင်းတယ်။ မောင် ရန်ကုန်ရောက်တော့ လည်း သူ့ရဲ့စာတွေကို ဖတ် ရတုန်းပဲ။ နွယ်ရေ ငယ် ငယ့်ရင်ထဲမှာ ခံစားနေရတာ တွေကို မောင် သိပေမဲ့ မောင် သိချင်ဟန်ဆောင်ခဲ့တယ်။ ဘာလို့လဲသိလား။ မောင် ငယ်ငယ့်အပေါ်မှာ ဖြူစင်သန့် ရှင်းတဲ့စိတ်နဲ့ ညီမလေးတစ် ယောက်လိုပဲ သံယောဇဉ်ရှိနေ လို့လေ။

ဒါပေမဲ့ ငယ်ငယ့်ရဲ့ ရောဂါဆိုးရှားလာတဲ့ သွယ်သွယ်ရေးလိုက် တစ်စောင်က မောင့်ကို လှုပ်စေခဲ့ပါတယ်။

'ကိုလတ်ဆီက အချစ် မျှော်လင့်နေတဲ့ ညီမလေး ငယ်ကို သူ့ရဲ့နောက်ဆုံး လေးမှာ ချစ်သူအဖြစ် အမှတ်ပြုပေးနိုင်မလား' မောင် အတန်တန်စဉ်း မဲ့ နောက်ဆုံးတော့ သွယ်ရဲ့ဆန္ဒကို မငြင်း ခဲ့ပါဘူး။ မောင့်ရင် ကောင်သံမဟုတ်တဲ့ ချစ် တစ်ခွန်းက ငယ်ငယ် မျှော်တွေပေးနိုင်ခဲ့ပေမဲ့ တိုတောင်းလွန်းပါ မောင့်ဆီလာနေကျ ငယ့် ဆီက စာတွေ လာလို့ ဖုန်းဆက်မေး တော့မှ ငယ်ငယ် ဆုံး သွားပြီဆိုတာ သိခဲ့ရတယ်။

သီဂီ ပေးလာတဲ့စာဟာ နွယ့်ဆီက စာမှန်းသိတော့ ပိုလို့အံ့ဩခဲ့ရတယ်။ သီဂီက ရူပဗေဒအဓိကနဲ့ မဟာသိပ္ပံ ကျမ်းပြုနေတယ်။ နွယ်က သမိုင်းအဓိကနဲ့ မဟာဝိဇ္ဇာ ကျမ်းပြုနေတယ်ဆိုတာ သိ ထားပေမဲ့ သီဂီနဲ့နွယ်ဟာ မူလတန်းကတည်းက ကျောင်းအတူတက်ခဲ့ကြတဲ့ သိပ်ချစ်တဲ့သူငယ်ချင်းတွေ ဆိုတာ မောင် မသိခဲ့ဘူး။ နွယ့်စာနဲ့အတူ ပါလာတာက ငယ်ငယ် မောင့်ဆီကို နောက် ဆုံးရေးလိုက်တဲ့စာမိတ္တူ။ မောင် မှင်တက်မိသွားခဲ့တယ် နွယ်။ သီဂီရဲ့အေးစက်တဲ့ အကြည့်၊ ဖော်ရွေမှုကင်းတဲ့ မျက်နှာဟာ မောင့်အတွက် စီ ရင်ချက် နိမိတ်ဆိုတာ မောင် သိဖို့ကောင်းတယ်။

နွယ် ရေးလိုက်တဲ့စာ ကို ကြေကွဲစိတ်နဲ့ အကြိမ်ကြိမ်ဖတ်ခဲ့တယ် နွယ်။

'မောင်လို့ နောက်ဆုံး ခေါ်ခြင်းအနေနဲ့ အားပါးတရ ခေါ်လိုက်ပါရစေ။ မောင့်မှာ အရင်တစ်ယောက်ရှိတယ်ဆို တာ သိလိုက်ရတော့ နွယ့် ဘဝ၊ နွယ့်မျှော်လင့်ချက်၊ နွယ့်အတွက် အရာအားလုံး ဆုံးရှုံးသွားတာပါ။ ဇာတ် သိမ်းမှာ ပေါင်းရမှ ဖတ်ချင် တဲ့နွယ်၊ မောင်နဲ့နွယ် ဇာတ် လမ်းကို အဆင့်အတန်းချင်း မတူလို့ မဆုံစည်းနိုင်မှန်း သိရက်နဲ့ ဘာလို့ဖတ်ချင်ရ တာလဲလို့ မောင် မေးခဲ့တယ် နော်။ ဘဝအဆင့်မတူတာ အကြောင်း မဟုတ်ဘူး မောင်။ နွယ် အားလုံးကို ရင် ဆိုင်ရဲတယ်။ ခု အဆင့်မတူ တာက နှလုံးသားပါ။ နွယ့် နှလုံးသားက မောင့်တစ် ယောက်ကိုပဲ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာ။ မောင့် နှလုံးသား ကျတော့…မောင်ရယ် ဇာတ် သိမ်းမှာ မပေါင်းရပေမဲ့ ဒီ ဇာတ်လမ်းကို ဖတ်မိခဲ့တဲ့ နွယ် တစ်သက်လုံးနောင်တ မရဘူးဆိုတာ ယုံပါ မောင်' တဲ့။

မောင်တို့ အင်္ဂလိပ်စာ သင်တန်းတက်တုန်းက မီး မလာလို့ ဆရာက စာဆက် မသင်ဘဲ Henry Wodsworth Longfellow ရဲ့ The Arrow And The Song ကဗျာရွတ်ပြီး ရှင်းပြတာမှတ် မိသေးလား နွယ်။ 'လေထဲ ကို မြားတစ်စင်းပစ်လိုက် တယ်။ နှစ်ပေါင်းများစွာကြာ တဲ့အခါ မြားက ဝက်သစ်ချ ပင်မှာ မကျိုးမပျက် စိုက် လျက်သားတွေ့ရတယ်' တဲ့။ မောင်လည်း မြားတစ်စင်း ပစ်ခဲ့ဖူးပါတယ် နွယ်။ မောင် ပစ်လိုက်တဲ့မြားက ဘယ်ဝက် သစ်ချပင်ကိုမှ စိုက်ဝင်နေတာ မဟုတ်ဘူး။ မောင့်နှလုံးသား ကို ပြန်ပြီးစိုက်ဝင်နေတာ လေ။

မောင်နဲ့နွယ်ရဲ့ ကတ္တီပါ လမ်းခွဲကို စီးပွားရေးတက္ကသိုလ် လာတက်နေတဲ့ လယ်လယ် က တစ်ဆင့် သိသွားတဲ့ သွယ်သွယ်က အတန်တန် ဖုန်းဆက်လွန်းလို့ သွယ်သွယ် ကိုယ်တိုင်အကြောင်းစုံရေး ထားတဲ့ စာကိုယူပြီးသီဂီနဲ့ ဆုံဖို့ကြိုးစားခဲ့တယ်။ တွေ့ တွေ့ချင်းသီဂီပြောလာတဲ့ စကားက 'နွယ် ကိုမျိုးကျော် နဲ့လက်ထပ်တော့မယ်' တဲ့။ မောင် ဘာလုပ်ရမလဲ နွယ်။ တကယ်တော့ မောင်နဲ့နွယ်တို့ အဖြစ်က ဇာတ်ကွက်လှလှ လေးတွေနဲ့ ဖန်တီးပြီးတော့ တော့လွဲလွဲသွားတတ်တဲ့ ကိုရီးယားဇာတ်လမ်းတစ်ပုဒ် မဟုတ်ပါဘူး။ ကံဇာတ်ဆရာ ရဲ့ ပြောင်းလဲပိုင်ခွင့်မရှိတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။

နွယ်တို့ရဲ့ မင်္ဂလာ ဖိတ်စာကို သီဂီက တစ်ဆင့် ရခဲ့ပေမဲ့ ဂုဏ်ဓနအသိုင်း အဝိုင်းနှစ်ခုဆုံတဲ့ ဆီဒိုးနားဟို တယ်က မင်္ဂလာပွဲကိုတော့ မောင်လာဖို့ သတ္တိမရှိခဲ့ပါဘူး။ သီဂီကိုပဲ လက်ဖွဲ့ပေးလိုက် တယ်။ ဖြူလွလွ မွေးပွ တဘက်တစ်ထည်ဟာ အလံ ဖြူထူတဲ့ အရှုံးပေးခြင်းသင်္ကေတ ဆိုတာ နွယ် နားမလည်မှာစိုး လို့၊ ပြီးတော့ ဒီကမ္ဘာမှာ နွယ့် ကို မောင့်ထက်ချစ်တတ်တဲ့ သူမပြောနဲ့ မောင့်လောက်ချစ် တတ်တဲ့ သူတောင် မရှိနိုင် ဘူးလို့ ယုံကြည်ထားတာ ကြောင့် ဆရာမြင့်မောင်မောင် ရဲ့ 'အချစ်ချင်းတူရင် မောင် မောင်တို့ အရှုံးပေးလိုက်မယ်' စာအုပ်ကိုပါ လက်ဖွဲ့လိုက် တယ် နွယ်။

❑

မောင် PSC စာမေးပွဲ အောင်လို့ ဌာနတစ်ခုမှာ မြို့ နယ်ဦးစီးမှူးရာထူးရပြီး တစ် နှစ်အကြာမှာ မောင် သွယ်နဲ့ လက်ထပ်ခဲ့တယ်။ သွယ်ဟာ မောင်နဲ့နွယ်ရဲ့ ဝေးကွာခြင်း ဇာတ်လမ်းမှာ လူကြမ်းဖြစ်ခဲ့ တာကြောင့် မောင့်အပေါ် ကရုဏာပိုခဲ့သလို ငယ် သံယောဇဉ်လည်းရှိတာကြောင့် ဇနီးကောင်းဖြစ်ခဲ့ပါတယ်။ သမီးလေးနွယ်ခက်ဝေ အတွက်လည်း မိခင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ပါတယ်။ ပြောရဦးမယ် နွယ်။ သမီးလေးရက်တစ်ရာပြည့်လို့ ကင်ပွန်းတပ်တုန်းက သွယ်ခက်ဝေလို့ မပေးဘဲ နွယ်ခက်ဝေလို့ ဘာလို့ပေးတာလဲဆိုတဲ့ သွယ့်အမေးကို စနေသမီးမို့ မောင်ဖြေခဲ့ပေမဲ့ မောင် လိပ်ပြာမလုံခဲ့ပါဘူး။ သမီးလေးငယ်ငယ်ကတည်းက ရင်ဘတ်က နိမ့်လိုက်မြင့်လိုက် တရှူးရှူးမြည်နေလို့ အင်္ဂလိပ်၊ ဗမာဆရာပေါင်းစုံ ဆေးပေါင်းစုံနဲ့ ကုပေမဲ့ မပျောက်တာကြောင့် အာရှတော်ဝင်ဆေးရုံ၊ အဆုတ်နဲ့ ရင်ခေါင်းရောဂါအထူးကုဆရာဝန်ကြီးဆီမှာ ပြနေရတယ်။ သမီးလေး အလှည့်မရောက်သေးလို့ ECG ဓာတ်မှန်၊ သွေးစစ်ချက်တွေကို ကိုင်ပြီး တီဗွီကြည့်ရင်းနဲ့ ထိုင်စောင့်နေကြတယ်။

'နွယ်ခက်ဝေရှိသလား နွယ်ခက်ဝေ'

သူနာပြုဆရာမခေါ်သံကြားလို့ ဘေးမှာထိုင်တဲ့သမီးလေးကို လှည့်ကြည့်လိုက်တော့ မရှိတော့ဘူး။ 'သမီးကော ကိုကို'ဆိုတဲ့ သွယ်ရဲ့ စိုးရိမ်တကြီး အမေးကို မဖြေနိုင်ဘဲ သမီးလေးကိုရှာရတယ်။ နောက်တော့ သမီးလေးကို ပေါင်ချိန်စက်ပေါ်တက်နေတာ တွေ့လိုက်ရတယ်။

'နွယ်…နွယ်ရေ… သမီး'

မောင် သမီးကို လှမ်းခေါ်လိုက်တဲ့အချိန်မှာ ၆ နှစ်အရွယ်သားကို လက်တွဲထားတဲ့ အမျိုးသမီးတစ်ဦးက ရုတ်တရက်လှည့်ကြည့်လိုက်တာ မောင် သတိပြုမိလိုက်တယ်။ မောင် အသေအချာကြည့်လိုက်တော့ နွယ်… နွယ်ဦးမွန်ပါလား။ သွယ်ကလည်း အမြန်ခေါ်နေပြီမို့ နွယ့်ကို အာရုံမစိုက်နိုင်တော့ဘဲ သမီးလက်ကိုဆွဲပြီး ဆရာဝန်ကြီးအခန်းကို အမြန်လာခဲ့ရတယ်။ ဆရာဝန်ကြီးက သမီးလေးကို နားကြပ်နဲ့စမ်းသပ်၊ ဓာတ်မှန်ကိုကြည့်၊ သွေးစစ်ချက်တွေကို တစ်ရွက်ချင်းစစ်ဆေးနေချိန်မှာ မောင်နဲ့သွယ် ရင်တမမနဲ့စောင့်နေခဲ့ရတယ်။ 'နှလုံးရော အဆုတ်ရော ကောင်းပါတယ်။ သွေးစစ်ဆေးချက်ရလဒ်တွေလည်း ကောင်းတယ်။ ငယ်တုန်းမို့ ရောဂါကြီးလို့ ထင်ကြတာပါ။ ဘာမှ မစိုးရိမ်ပါနဲ့။ ပျောက်သွားမှာပါ'ဆိုတဲ့ ဆရာဝန်ကြီး စကားကြားရတော့မှ စိတ်အေးရတယ်။

အခန်းအပြင်ရောက်တဲ့အချိန်မှာ နွယ်တို့သားအမိကို မတွေ့တော့ဘူး။ သူ့သားလေးနေမကောင်းတာလား။ နွယ် နေမကောင်းတာလား။ ဘာရောဂါလဲ။ ဦးမျိုးကျော် ဘာလို့လိုက်မပို့တာလဲ။ မေးခွန်းတွေ တစ်သီကြီးမေးနေမိတယ်။ ဆေးကောင်တာက ဆေးယူပြီး ပြန်အလှည့်မှာ နှလုံးရောဂါအထူးကုဆရာဝန်ကြီး အခန်းထဲက ထွက်လာတဲ့ နွယ်တို့သားအမိ၊ ဣန္ဒြေရရလျှောက်လာတဲ့ နွယ့်ကို ငေးကြည့်နေမိတယ်။ ဖြူစင်ဝင်းပတဲ့မျက်နှာ၊ မထူမပါးမျက်ခုံး၊ နှာတံပေါ်ပေါ်၊ နက်မှောင်သွယ်ပျောင်းတဲ့ဆံကေသာနဲ့ တစ်ချိန်က ကဗျာတစ်ပုဒ်လို လှပတယ်လို့ မောင်ပြောဖူးတဲ့ နားသယ်စပ်ပေါ် ဝဲကျနေတဲ့ ဆံနွယ်တွေကို နွယ် ပိုင်ဆိုင်ဆဲပါ။ အချိန်ကာလဟာ နွယ့်အလှကို နည်းနည်းရင့်ကျက်စေတာကလွဲလို့ အလုံးစုံပြောင်း လဲပေးနိုင်ခြင်းတော့ မရှိပါဘူး။ နွယ်နဲ့နီးကပ်လာချိန်မှာ နှုတ်ဆက်ဖို့ ပြင်လိုက်ပေမဲ့ နွယ်ရဲ့လျော့ရဲရဲနှုတ်ခမ်း၊ ကန္တာရတစ်ခုလို ခြောက်သွေ့မှေးမှိန်နေတဲ့ မျက်ဝန်း၊ သံယောဇဉ်လက်ကျန် တစ်မျှင်တစ်စမှ မရှိတဲ့အကြည့်။ အချစ် အမုန်းမရှိတဲ့ ဥပေက္ခာရပ်ဝန်းကို တွေ့လိုက်ရတာကြောင့် ပြုံးလုလု နှုတ်ခမ်းပြေလျော့လို့ နှုတ်ဆက်စကားပွင့်တွေ ကြွေပျက်ခဲ့ရပြီ နွယ်။

နွယ်နဲ့ ဘေးချင်းယှဉ်ပြီး ဖြတ်ကျော်လိုက်တဲ့အချိန်မှာ ဝေ့ဝဲတိုးဝှေ့လာတဲ့ ကိုယ်သင်းနံ့ကတော့ အင်္ဂလိပ်စာသင်တန်းမှာ အတူယှဉ်ထိုင်တုန်းက မွှေးပျံ့ခဲ့တဲ့ ရနံ့အတိုင်း ပြောင်းလဲမသွားပါလား။ နွယ်ရယ် ခုချိန်မှာ နွယ့်ကို ဝတ္ထုတစ်ပုဒ် ပေးဖတ်ခွင့်ရှိဦးမယ်ဆိုရင် ဆရာငြိမ်းကျော်ရဲ့'ခုတော့လဲ သူစိမ်းတွေလိုပါပဲလား'ဆိုတဲ့ စာအုပ်ပေးလိုက်ချင်ပါတယ်ကွယ်။

❑

*(ခေတ်လမ်းအခြေတည်ရာ စာအုပ်အငှားဆိုင်ဖွင့်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည့်အပြင် ဆရာ၊ ဆရာမတို့၏ အချို့စာအုပ်များကို ရှာဖွေ၍လည်းမရတော့သဖြင့် စာအုပ်အမည်များ လွဲမှားမှုရှိခဲ့ပါက ကျွန်တော့်၏ အမှတ်မှားမှုသာဖြစ်ကြောင်း ဝန်ခံပါသည်)*

■ မိုးရည်နိုင်

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁
E-mail:
nyeinfamily@gmail



www.burmeseclassic.com

www.burmeseclassic.com





### ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

### မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမစြဝါဒများကို ပေးလိုသည့်အခါ ဒိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



### ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဓါတ်ငွေ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

### အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့



ညီညွှန် သရုပ်ပြများ၊ ဗိုလ်သင်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



### ထေရဝါဒရှုထောင့် - မင်းနန္ဒ(မော်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

### မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ



အရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက်ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ သောဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃဇာသီ၊ ...နှင့် သီရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။



Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com



သူသည်
ပြိုင်မြင်းပျိုလေး
တစ်ကောင်လို
ကဆုန်ပေါက်ပြီး
ပြေးလာတတ်သည်။
သူ့ရင်ဘတ်က
နိမ့်ချည်မြင့်ချည် ဖြစ်နေ၏။
ထို့နောက် သူ
သိချင်နေတာတွေကို
တရစပ်မေးလေတော့သည်။
မေးခွန်းဆိုသော်လည်း
အများစုမှာ
အဖြေတွဲလျက်ပါပြီးသား
ဖြစ်၏။
'ဒီကိစ္စနဲ့ပတ်သက်ပြီး
ဒီလိုထင်တယ်၊
ဟုတ်သလား' ဆိုတာမျိုး။
ကျွန်တော်က
ဟုတ်ပါတယ်ဟု
အတည်ပြုပေးရုံသာ ရှိ၏။
ထိုအခါ ကျေနပ်သွားဟန်ဖြင့်
ပြုံးစေ့စေ့လုပ်ပြီး
လှစ်ခနဲပြေးထွက်သွားသည်။
တစ်ခါတလေ
သူ ပြောသည်ကို
သဘောမတူလို့
ငြင်းချက်ထုတ်မိသောအခါ
စိတ်ကောက်သွားသော
ကလေးငယ်တစ်ယောက်လို
မှုန်တေတေ
ပေစောင်းစောင်း
ကြည့်နေပြီးမှ ချာခနဲ
လှည့်ထွက်သွားတတ်သည်။
တချို့မေးခွန်းတွေကျတော့
တစ်ခါမှ မကြားဖူးသော
ထူးထူးဆန်းဆန်းတွေ။
ကြောင်တောင်တောင်
နိုင်တယ်လို့လည်း
ပြောနိုင်သည်။
ပေါက်ပေါက်ရှာရှာ
ကတ်သီးကတ်သတ်
လျှောက်တွေးလေ့ရှိသော
ကျွန်တော့်လို
ကောင်မျိုးတောင်
မစဉ်းစားမိသောကိစ္စတွေ။
ထို့ကြောင့်
ချက်ချင်းမဖြေနိုင်သေးဘူး
ဆိုပြီး နောက်ရက်ကို
ချိန်းရသည်။
သူ မေးထားတာကို
စေ့စေ့စပ်စပ်

# ကြယ်တာရာ

အမှတ် ၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄
ရုပ်စုံမဂ္ဂဇင်း
အမှတ်တရစာစု



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ နိုဝင်ဘာ ရွှေအမြုတေ ချပ်စုံမဂ္ဂဇင်း အဖုံး

www.burmeseclassic.com

www.burmeseclassic.com

သုံးသပ်ကြည့်လိုက်တော့ ကျွန်တော်ကိုယ်တိုင်လည်း သိချင်နေသောမေးခွန်းမျိုးဖြစ်နေကြောင်း တွေ့ရှိလာရတတ်ပြန်လေသည်။

နောက်တစ်နေ့ကျတော့ ကျွန်တော် ဉာဏ်မီသလောက် အဖြေထုတ်ပေးလိုက်သည်။ သူ သိပ်ကျေနပ်ပုံမရ။ ဒါဖြင့် ခင်ဗျားကကော ဘယ်လိုထင်လို့လဲဟု ပြန်မေးတော့ သူ့အမြင်ကို ပြောသည်။ သူ့ဟာသူလည်း သိပ်ဘဝင်ကျဟန်မတူ။ တစ်ခါတလေ နှစ်ယောက်ပေါင်းလိုက်မှ အဆင်ပြေသွားသည်။ တစ်ခါတစ်ရံမှာတော့ အဖြေချင်းဆန့်ကျင်ဘက်ဖြစ်ပြီး ညှိလို့မရသည့်ရက်ပေါင်းများစွာ မျောနေတတ်ပြန်သည်။ မေ့သလောက် ရှိတော့မှ အလစ်အငိုက်မှာ ရုတ်တရက်ပေါ်လာပြီး သူ စဉ်းစားထားသော အဖြေကို ပြောပြသည်။ ကျွန်တော် ပြန်မငြင်းနိုင်ခင်မှာပင် အနိုင်နှင့်ပိုင်းပြီး လှစ်ခနဲ ထွက်ပြေးသွားလေသည်။

❑

ထို့နောက် လပေါင်းအတော်ကြာအောင် သူနှင့် မတွေ့ဖြစ်ဘဲရှိခဲ့သည်။ နောက်တော့ သူ စာတွေပြန်ရေးနေကြောင်း သိရ၏။ အရင်ကလောင်အမည် (ရွှေဘုန်းလူ) မဟုတ်တော့။ 'တာရာမင်းဝေ' ဖြစ်သွားပြီ။ တစ်ရက်မှာ (မူလ) သရဖူမဂ္ဂဇင်းကို ဦးစီးတည်းဖြတ်နေသော ဆရာ မောင်မြင့်မြတ်နှင့်ဆုံသည်။ ဆရာက မေးသည်။

'တာရာမင်းဝေဆိုတာ သိလား'

'သိတာပေါ့ အစ်ကိုရ၊ ပေကတ်ကတ်နဲ့လေ'

'အံမယ်၊ မင်းကပဲ ပြောရတယ်ရှိသေး'

'ဒီကောင်က ပိုဆိုးတယ်ဗျ'

'အေးလေ ငါတို့ငယ်ငယ်ကလည်း ဒီလိုပါပဲ။ ဒါနဲ့ သူ့စာတွေ မင်းဖတ်ဖူးသလား'

'ကဗျာတွေတော့ ဖတ်ဖူးတယ်'

'ဒီကောင် တော်တယ်ကွ၊ သူ့ကို ငါ ဖြစ်အောင်တင်မယ်'

တကယ်တော့
သူသည်
ပို့စ်မော်ဒန်သမား
သက်သက်မဟုတ်
သူက
ဝါဒတစ်ခုခု၏
လောင်းရိပ်အောက်မှာ
ခိုလှုံနေချင်သူ
မဟုတ်
ကိုယ်ပိုင်
အတွေးအမြင်
အယူအဆ
တစ်ခုကို
တည်ဆောက်လိုသူသာ
ဖြစ်၏
တစ်ခုခုကိုများ
သူ
တွေ့သွားသေးသလား
ဒါကြောင့်ပဲ
သူ့ဝသီအတိုင်း
အနိုင်နဲ့ပိုင်းပြီး
ထွက်သွားခဲ့တာလား

ချွန်ချွန်ထက်ထက် ကလောင်သစ်တစ်ချောင်းကို တွေ့လိုက်ရသောအခါ ဝမ်းသာအားရဖြစ်သွားတတ်သော အယ်ဒီတာတစ်ယောက်လေသံဖြင့် ပြောသည်။

ဆရာ မောင်မြင့်မြတ်ဆိုတာ မြန်မာစာပေလောကတွင် အအောင်မြင်ဆုံးနံပါတ်တစ်ဖြစ်ခဲ့သော ရှုမဝမဂ္ဂဇင်းကြီးကို တာဝန်ခံအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ ကိုင်တွယ်လာခဲ့သူ ဖြစ်၏။ သူ စင်တင်ပေးခဲ့၍ နာမည်ကြီး စာရေးဆရာဖြစ်လာသူတွေ အမြောက်အမြားရှိသည်။ ကျွန်တော်တို့တုန်းကဆိုလျှင် 'မဆိုးဘူး' ဟု မှတ်ချက်ပေးခံရတာလောက်ကိုပင် စာပေဆုရသလောက် ဝမ်းသာကျေနပ်ခဲ့ရတာ။ ဆရာ့နှုတ်က 'တော်တယ်' ဟု ထုတ်ပြောခံရခြင်းမှာ နှယ်နှယ်ရရ မဟုတ်။

မကြာခင်မှာပင် သရဖူ၊ စာ[illegible] ဂျာနယ် အပါအဝင် မဂ္ဂဇင်းများတွင် သူ့ဝတ္ထု၊ ကဗျာ၊ အက်ဆေးတွေ ဆ[illegible] တိုက်ပါဝင်လာသည်။ **အာလူးစားသူ[illegible] များ** ဝတ္ထုတိုဖြင့် 'ဖြူးမိတ်ဆွေမျ[illegible] စာကြည့်အသင်း' ၏ စာပေဆုကို [illegible] သည်။ **ပန်းခေတ်က လမင်း** လုံးချ[illegible] ဝတ္ထုထွက်လာသည်။

သူသည် တစ်နှစ်အတွင်းမှာပ[illegible] ထိပ်ဆုံးသို့ ထိုးထွက်လာသည်။ စာ[illegible] နယ်ထဲမှာ အချိန်တိုတိုအတွင်း ခုလို[illegible] လာဖို့မလွယ်လှ။ အထူးသဖြင့် အ[illegible] ပညာအပိုင်းမှာရော ဈေးကွက်အ[illegible] တစ်ပြိုင်တည်း အောင်မြင်ဖြစ်ထွန်း[illegible] အလွန်ခက်သည်။

ဒါမျိုးက ရိုးရိုးစရာလည်[illegible] ကောင်းသည်။ အနုပညာလောက[illegible] ရုတ်တရက် 'ဟုန်းခနဲ' ထတောက်[illegible] သိပ်မကြာခင်မှာ 'ဟုတ်ခနဲ' ပြန်ငြိ[illegible] သွားတာမျိုးဖြစ်တတ်၏။ မီးငြိမ်း[illegible] အမျိုးမျိုးရှိသည်။ ဖယောင်းတိုင်မီး[illegible] မှုတ်လိုက်သလို ချက်ချင်းငြိမ်းသ[illegible] တာ၊ ဖွဲမီးလို တငွေ့ငွေ့ တဖြည်းဖြ[illegible] ငြိမ်းသွားတာ။

သူကတော့ ဓာတ်ငွေ့အိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သလို 'ဝုန်းခနဲ' ငြိမ်းသွားခြင်းသာ ဖြစ်လေ၏။

❑

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပြုံးတုံးတုံးလုပ်နေပြီ ဆိုလျှင် သူ လိုချင်တာ တစ်ခုခုရရှိထားလို့ ဖြစ်ကြောင်း သိနိုင်သည်။ တစ်ရက်မှာတော့ သူသည် ကျွန်တော့်ဆီသို့ ထိုအပြုံးမျိုးနှင့် ရောက်ရှိလာ၏။ တစ်ယောက်တည်း မဟုတ်။ ကောင်မလေးတစ်ယောက်လည်း ပါလာသည်။

ကောင်မလေးက ဖြူဖြူ၊ သွယ်သွယ်၊ ချောချောလေး။ မျက်နှာက ကြောင် ပေါက်စလေးနှင့် တူသည်။ အသံကလည်း ကြောင်လေးတစ်ကောင် လိုပါပဲ။

တာရာမင်းဝေက–

'သူက မနော်ဟရီတဲ့၊ ဟင်းဟင်း'

ဟု မပွင့်တပွင့်ရယ်ရင်း မိတ်ဆက်ပေးသည်။ (သူ့ရယ်သံက ထူးခြားသည်။ 'ဟဲဟဲ'ဟု အသံမထွက်ဘဲ 'ဟင်းဟင်း'ဟု မြည်တတ်၏။)

ထို့နောက် ကောင်မလေး၏ အိတ်ထဲ ပိုင်စိုးပိုင်နင်း လှမ်းယူလိုက်ပြီး မှတ်စုအုပ်လေးတစ်အုပ်ကို ဆွဲထုတ်သည်။ ကျွန်တော့်ကို ကမ်းပေးပြီး–

'တစ်ခုခု ရေးပေးလိုက်ပါ'

ဟုပြောသည်။ အော်တိုစာအုပ်ထဲမှာ သူများတွေ ရေးထားတာ လှှောက်လှန်ကြည့်သည်။ တစ်နေရာတွင် ကဗျာတိုလေးတစ်ပုဒ်ရေးပြီး အောက်မှာ တာရာမင်းဝေ ဟု လက်မှတ်ထိုးထားတာတွေ့ရ၏။ ဘေးမှာ စာတစ်မျက်နှာလွတ်နေသည်။ ကျွန်တော်က တစ်ဖက်စာမျက်နှာဆီ မြားထိုးညွှန်ပြပြီး 'အဲဒီအတိုင်းပဲ'ဟု ရေးပေးလိုက်သည်။

ကာယကံရှင်ဖြစ်သော မနော်ဟရီက ဖတ်ကြည့်ပြီး ရယ်မောနေပါလျက် သူကတော့ နှုတ်ခမ်းစူလိုက်ပြီး–

'ကောင်းကောင်းလည်း ရေးမပေးဘူး'

ဟု မကျေမနပ်လေသံဖြင့် ပြောလေ၏။

နောက်လအနည်းငယ် ကြာသော အခါ သူတို့နှစ်ယောက် ရောက်လာပြန်သည်။ မင်္ဂလာဆောင်ဖိတ်စာလာ ပေးခြင်းဖြစ်၏။ 'ဖိတ်စာထဲမှာ မင်္ဂလာဆောင် ကျင်းပမယ့် အိမ်လိပ်စာမြေပုံအညွှန်း ပါတယ်'ဆိုသဖြင့် အသေးစိတ် မမေးတော့ဘဲ အမှတ်တမဲ့ နေလိုက်မိသည်။

မင်္ဂလာဆောင်နေ့ရောက်၍ လိပ်စာကို ကြည့်တော့ ဘုရင့်နောင်(လမ်းသွယ်ဆိုလား၊ (၁)လမ်းဆိုလား မမှတ်မိတော့)ဟု ရေးထားသည်။ မြေပုံအညွှန်းကို ကြည့်တော့လည်း ပြည့်ပြည့်စုံစုံ မပါ။ ထုံးစံအတိုင်း ရန်ကုန်ဘက်မှ လာသော လမ်းကြောင်း(တောင်မှ မြောက်သို့) ပြမထားဘဲ မြောက်မှ တောင်သို့သာ ဦးစားပေးဆွဲထားသည်။ ဘယ်လိုစိတ်ကူးလဲတော့ မသိ။ ဘယ်ကားလိုင်းကို စီးပြီး ဘယ်မှတ်တိုင်မှာ ဆင်းပါဆိုတာမျိုးလည်း မပါ။

ကျွန်တော်လည်း ကိုယ့်စိတ်ကူးနှင့် ကိုယ်လမ်းကြောင်း ဆွဲရသည်။ စျေးဆိုလျှင်တော့ အကြားအမြင်များမှာပဲဆိုပြီး ဘုရင့်နောင်စျေးအထိ သွားလိုက်၏။ ဆိုင်တွေ၊ ဆိုက်ကားဆရာတွေ၊ ကားသမားတွေမေးကြည့်တော့ 'ဘုရင့်နောင်လမ်းသွယ်တို့၊ ၁-လမ်းတို့ဆိုတာ တစ်ခါမှ မကြားဖူးပါ'ဟု ဆိုသည်။ 'ချောင်းဝနားမှာ ထင်တယ်'ဟု မရေမရာပြောသည့်လူလည်း ရှိသည်။

ဘုရင့်နောင်လမ်းဆိုတာက အရှည်ကြီး။ လိပ်စာထဲမှာ သဲလွန်စတစ်ခုပဲ တွေ့သည်။ မရမ်းကုန်းမြို့နယ်။ ထို့ကြောင့် ကျွမ်းကျင်နှံ့စပ်သူတစ်ဦးကို မေးမြန်းပြီး ဘုရင့်နောင်လမ်းမကြီး၏ မရမ်းကုန်းအပိုင်းအတွင်းမှာ ရှာရသည်။ တောင်ဘက်ခြမ်းမှစပြီး မြောက်ဘက်သို့ ဘတ်စ်ကားစီးသည်။ နှစ်မှတ်တိုင်တစ်ခါလောက် ဆင်းပြီး စုံစမ်းသည်။ ဘုရင့်နောင်လမ်းနှင့်ထိစပ်နေသော မရမ်းကုန်း မြို့နယ်အပိုင်းက သိပ်မရှည်၍ တော်တော့သည်။ ဒါတောင် ဟိုလျှောက် ဒီလျှောက်မေးရတာနှင့် လူက အတော်ထိနေပြီ။ ဘယ်မှာမှလည်း စုံစမ်းလို့မရ။

နောက်ဆုံးတော့ ဘုရင့်နောင်တံတားထိပ်နားရှိ အငှားယာဉ်ဂိတ်တစ်ခုမှ လည်လည်ဝယ်ဝယ်ရှိပုံရသော ကားဆရာတစ်ယောက်ကို အကူအညီတောင်းရသည်။

'ဒီလိပ်စာကို ရအောင် ရှာပြီး ပို့ပေးပါ။ ကျသလောက် ပေးပါ့မယ်'

ကားဆရာက–

'ကျွန်တော် ဒီလမ်းကြောမှာ ဆွဲနေတာ ကြာပါပြီဗျာ၊ ခင်ဗျား လိပ်စာက အမှားကြီးထင်ပါတယ်'

'မမှားပါဘူးဗျ၊ ဒီမှာ လမ်းညွှန်မြေပုံတောင် ပါသေးတာပဲ'

'ဟင်း၊ မြေပုံကလည်း ဘာသဘောနဲ့ ဒီလိုဆွဲထားမှန်း မသိဘူး။ သူ့အိမ်ကို ရှာဖို့ထက် သူ့အိမ်ကနေ အပြင်ကို ပြန်ထွက်ဖို့ လမ်းညွှန်ထားသလို ဖြစ်နေတယ်'

ဟု ပြောရင်း ဖိတ်စာပေါ်က နာမည်ကို တွေ့သွားတော့မှ–

'ဩော် . . . တာရာမင်းဝေရဲ့ မင်္ဂလာဆောင်လား၊ ဒါကြောင့်ကိုး'

ဟု မှတ်ချက်ပေးရင်း ရယ်မောနေလေ၏။

မင်္ဂလာဆောင်ကို မရောက်ရောက်အောင် သွားမယ်ဆိုသောစိတ်ကူးကို လက်လျှော့လိုက်ရသည်။ မင်္ဂလာအချိန်က ညနေပိုင်း။ အခု နေတောင် ဝင်စပြုပြီ။ လူကလည်း တော်တော်ပင်ပန်းနေပြီ။

တကယ်တော့ သူတို့ညွှန်းသည့် ဘုရင့်နောင်လမ်းဆိုတာက မြောက်ဥက္ကလာအစပ်နားမှာ။ ကျွန်တော် သွားရှာသည့်နေရာနှင့်ဆို အရှေ့နှင့်အနောက် တခြားစီပဲ။ ဘုရင့်နောင်ဆိုတာကလည်း လူကသာ တစ်ယောက်တည်း၊ လမ်းတွေက အများသားကလား။ (နောက်မှ သိရတာက ကျွန်တော့်လိုပဲ အိမ်လိပ်စာ ရှာမတွေ့တဲ့လူ လေး၊ ငါး၊ ဆယ်ယောက်လောက် ရှိသတဲ့။)

❑



www.burmeseclassic.com

www.burmeseclassic.com

'တာရာမင်းဝေက ဆောင့်ကြွားကြွားနိုင်တယ်'

ဟု တချို့က ပြောသည်။ အင်းဟုတ်သင့်သလောက်လည်း ဟုတ်တာပဲဟု ဝန်ခံရမည်။ ကျွန်တော်တို့အချင်းချင်းကြားမှာတောင် 'ခုတလောရွှေဘုန်းတစ်ကောင် ကြွစောင်းစောင်းဖြစ်နေတယ်။ ကြည့်ပြောထားဦး'ဟု တစ်ခါတစ်ခါ သတိပေးခံရတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က 'မန်ယူဘောလုံးအသင်းက ရွန်နီတို့၊ စီရော်နယ်ဒိုတို့လိုပေါ့ဗျာ'ဟု ကာပြောပြောပေးရ၏။

သူကလည်း သူပဲ။ ဝတ္ထုတွေ၊ ကဗျာတွေသာမက စာပေသဘောတရားဆောင်းပါးတွေလည်း ရေးသည်။ ဝေဖန်ရေးလည်း လုပ်သည်။ သဘောထားမတိုက်ဆိုင်သူတွေနှင့် တိုက်ပွဲဆင်သည်။ သူက အငြင်းလည်း သန်သည်။ သူတို့၏မော်ဒန်၊ ပို့စ်မော်ဒန်ဆိုတာတွေကလည်း တစ်ယောက်တည်းနှင့်တောင် ကိုယ့်ဘာသာကိုယ် ပြန်ငြင်းရတတ်တာ မျိုးပဲကိုး။

'သူ့ သဘောကျတဲ့စာရင်းထဲမှာ ပါတယ်'ဆိုသော ကျွန်တော့်ကိုတောင် အလွတ်ပေးသည် မဟုတ်။ ကျွန်တော့် ဝတ္ထုတွေထဲက သူ မကြိုက်သည့်အချက်တွေကို ထောက်ပြပြီး 'ဒီလိုမရေးသင့်ဘူး၊ ဟိုလိုရေးရမှာ'စသဖြင့် ဝေဖန်ရင်း ဆရာလုပ်ချင်သေးသည်။ ထိုအခါ -

'ခင်ဗျားကတော့ အတတ်ကြူးနေပြီ'

ဟု ကျွန်တော်က သာသာနှင့်နာနာ ပြန်နှက်ရသည်။ (ခုလို စေ့စေ့စပ်စပ် ဖတ်တယ်ဆိုကတည်းက ကျွန်တော့်စာတွေအပေါ်မှာ သူ အလေးအနက်ထားကြောင်းတော့ သိသာပါသည်။)

သူ့စာဖတ်အားကလည်း လန့်စရာတောင် ကောင်းသည်။ တချို့တွေလို ကိုယ် သန်ရာသန်ရာ ရွေးဖတ်တာမျိုး မဟုတ်။ အကြောင်းအရာမျိုးစုံ၊ ဘာသာရပ်ပေါင်းစုံကို မွှေနှောက်ဖတ်ထားခဲ့တာ။ တဲရော့ကတ်နှင့် ဗေဒင်ဟောနည်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ပြီး မြန်မာလို ပြန်ရှင်းပြနိုင်သည်။ အင်္ဂလိပ်ကျမ်းတွေ၊ သိုက်စာပေါင်းချုပ်စာအုပ်တွေကော ဖတ်ခဲ့သေးသလား မသိ။ ကမ္ဘာနှင့် မြန်မာ့ဂန္ထဝင်စာကြီးပေကြီးတွေ ဘယ်လောက်လေ့လာဖတ်ရှုခဲ့ပြီးပြီလဲ။ မဟာလေးချိုးကြီးတွေ၊ ရတုတွေ၊ တေးထပ်တွေ ဘယ်နှပုဒ်အာဂုံဆောင်ထားခဲ့သလဲ။ သူ မရှိတော့သဖြင့် သက်သေမပြနိုင်တော့ပါ။

တကယ်တော့ သူသည် ပို့စ်မော်ဒန်သမားသက်သက်မဟုတ်။ သူက ဝါဒတစ်ခုခု၏လောင်းရိပ်အောက်မှာ ခိုလှုံနေချင်သူ မဟုတ်။ ကိုယ်ပိုင်အတွေးအမြင်၊ အယူအဆတစ်ခုကို တည်ဆောက်လိုသူသာ ဖြစ်၏။ တစ်ခုခုကို များ သူ တွေ့သွားသေးသလား။ ဒါကြောင့်ပဲ သူ့ဝသီအတိုင်း အနိုင်နဲ့ပိုင်းပြီး ထွက်သွားခဲ့တာလား။ ဒါမှမဟုတ်... သိုင်းဇာတ်လမ်းတွဲတွေ၊ စုံထောက်ဇာတ်ကားတွေ၊ စပိုင်ဝတ္ထုတွေထဲမှာ ကြားရ၊ ဖတ်ရလေ့ရှိသော စကားတစ်ခွန်းကို သွားသတိရမိ၏။

'မင်း သိတာ သိပ်များနေပြီ'

❑

ဖနီးမောင်နှံဆိုသည်မှာ သဘောထားချင်း အမြဲတမ်းတစ်ထပ်တည်း ကျနေတာမဟုတ်။ နှစ်ယောက်စလုံးက ရုပ်ရည်ချောမောလှပကြ၍ စိတ်ချင်းလည်း အကြိုက်ညီကြလိမ့်မည် ပြောလို့မရ။ တစ်ချိန်မဟုတ်တစ်ချိန်တော့ ငြိစရာလေးတွေ ရှိကြမှာပဲ။ တစ်ခါမဟုတ်တစ်ခါတော့ သည်းညည်းမခံနိုင်ဘဲ ကတောက်ကဆတ် ဖြစ်ကြတာ ဓမ္မတာပါပဲ။ သူတို့လင်မယား စိတ်ကောက်ကြပြီဆိုလျှင် ကျွန်တော် တယ်လီဖုန်းအကြာကြီး ပြောရလေ့ရှိ၏။ နှစ်ယောက်စလုံးအပေါ်မှာ သံယောဇဉ်ရှိသောကြောင့် ကျွန်တော် ဘယ်သူ့ကိုမှ ဘက်မလိုက်။ ချော့ချော့မော့မော့ပြောလျှင်လည်း ရောင့်တက်တတ်ကြသဖြင့် -

'တစ်ယောက်ကလည်း မိန်းမကို အနိုင်ကျင့်တယ်၊ တစ်ယောက်ကလည်း ဇွာကျယ်ကျယ်နဲ့၊ နှစ်ယောက်စလုံး အချိုးကို မပြေဘူး'

ဟု အရင်ဦးအောင် ငေါက်ပစ် လိုက်ရသည်။ တစ်ခါတစ်ခါတော့ စိတ် ပေါက်ပေါက်ရှိသဖြင့် -

'ဒီမှာ ဒါဟာ တကယ့်လက်တွေ့ ဘဝဗျ၊ ဝတ္ထုရေးနေတာ မဟုတ်ဘူး။ ကိုယ် ကြိုက်သလို ဇာတ်လမ်းဆင်၊ ကိုယ် လိုချင်သလို ဇာတ်ကွက်ချလို့ရ တာ မဟုတ်ဘူး။ ဝတ္ထုရေးတဲ့အခါမှာ တောင် တစ်ခါတလေကျရင် ဇာတ် ကောင်တွေက ကိုယ့်ကို ပြန်ပြီး အာခံ တာမျိုး ကြုံရသေးတာပဲ'

ဟု ပြောမိ၏။

တကယ်တော့ ကံကြမ္မာဆိုတာ လောကမှာ အတော်ဆုံး ပို့စ်မော်ဒန် ဆရာကြီးတစ်ဆူဖြစ်ကြောင်း ကျွန်တော် တို့ မရိပ်မိခဲ့ကြ။ 'ရှိမှုမသေချာခြင်း' အကြောင်းကို သူ့လောက် ကျွမ်းသည့် လူ ဘယ်မှာ ရှိပါ့မလဲ။

❑

မိုးတစိမ့်စိမ့်အေးနေသော ညဦး ပိုင်းတစ်ခုမှာ တယ်လီဖုန်းလာသည်။ ငါတို့စာပေမှ စန်းမွန်အောင် ဆက်ခြင်း ဖြစ်၏။

'ကိုရွှေဘုန်း ဆုံးပြီ'

သူ့အသံက တိမ်ဝင်နေသည်။ သူ့ စကားကို သူ့ဘာသာလည်း စိတ်ချ မတူ။ နောက်တစ်ကြိမ် ထပ်ပြောသည်။ ကျွန်တော်သည် ရုတ်တရက် တုန်လှု ချောက်ချားသွားတာ မှန်သော်လည်း တအံ့တဩတော့ မဖြစ်မိ။ ဒီအကြောင်း ကို စောစောကတည်းက ကြိုတင်သိ ခဲ့ပြီးသားဟု ထင်နေမိတာ ထူးဆ သည်။ ပြီးမှ တစ်ခုသွားသတိရ၏။

လွန်ခဲ့သော ရက်အနည်းငယ်က တာရာမင်းဝေနှင့် ကျွန်တော် တယ်လီ ဖုန်းပြောဖြစ်သည်။ သူသည် ကျွန်တော် ပြောသမျှကို ခါတိုင်းလို ဇောဒကမတက် ဘဲ 'ဟုတ်ကဲ့၊ ဟုတ်ကဲ့'ဟု ရိုသေလေး စားစွာ တုံ့ပြန်သည်။ 'ဒီကောင် ထူး ဆန်းဆန်း အတော်အပိုးကျိုးနေပါလာ ဟု ထင်မိသည်။ တစ်ပြိုင်နက်တည်း



www.burmeseclassic.com

www.burmeseclassic.com

ဘာပင် ခု ပြောနေတာ သူ မဟုတ်သလို တစ်မျိုးကြီး ခံစားရသည်။ အမှန်တော့ သူသည် ကျွန်တော့်ကို နောက်ဆုံးနှုတ်ဆက်စကားပြောနေခဲ့ခြင်းပင်ဖြစ်လေသည်။ တယ်လီဖုန်း မြည်လာပြန်သည်။

'ကျွန်တော် အကြည်တော်ပါ'

ဟု တစ်ဖက်က ပြောသည်။ ကျွန်တော်က-

'ခင်ဗျားလည်း သိပြီးပြီပေါ့'

'ဟုတ်ကဲ့၊ အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ'

'ခင်ဗျားက အရင်ဦးအောင် မေးတော့ ကျွန်တော် ဘယ်လိုဖြေရမလဲ'

'ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်းမသိဘူး အစ်ကို၊ ထိုင်ရမလို ထရမလို၊ အိမ်မှာလည်း နေလို့မရဘူး။ ဒါကြောင့် လမ်းပေါ်မှာ လျှောက်သွားနေမိတယ်'

'ဘာ၊ ဒီလောက်မိုးအေးနေတဲ့အချိန် လမ်းပေါ်မှာ လျှောက်သွားနေတယ် ဟုတ်လား။ ကျုပ်တို့မှာ လူနည်းနေရတဲ့ကြားထဲ ခင်ဗျားပါ လိုက်သွားချင်သေးလို့လား'

ကျွန်တော် တစ်ယောက်ယောက်ကို တစ်ခုခုပြောချင်နေတုန်းမှာ သူ့ဖုန်းက ကွက်တိဝင်လာခြင်းဖြစ်၏။ သူကလည်း ဒါမျိုး အပြောခံချင်သောကြောင့် အခင်တကာ ဆက်ခြင်းဖြစ်လိမ့်မည်။ ထို့ကြောင့်-

'ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ အိမ်ပြန်ပါတော့မယ် အစ်ကို'

ဟု ပြန်ပြောသည်။

'ဒါနဲ့ ခင်ဗျားက အခု ဘယ်ရောက်နေတာလဲ'

ဟု မေးလိုက်တော့-

'အစ်ကို့အိမ်ရှေ့မှာ'

ကျွန်တော် ဖုန်းချပြီး အိမ်ပေါ်မှဆင်းသည်။ ခြံဝင်းအဝကို သွားသည်။ မီးလုံးတွေ ကျဆင်းနေသော လမ်းပေါ်မှာ ရှင်းနေသည်။ လူတစ်ယောက်မျှမရှိ။ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့ ဆိုက်ကားတစ်စင်းကို မြင်သည်။ ကျွန်တော့်ဘက်ကို ကျောပေးပြီး သွားနေသည်။ ခရီးသည်တစ်ယောက်ပါသည်။ အဲဒါ အကြည်တော်ပဲလား။ စောစောက ဖုန်းထဲမှာ သူ ပြောတာ တကယ်ပဲလား။ အစ်ကို့အိမ်ရှေ့မှာလို့ ပြောတာလား၊ အစ်ကို့အိမ်ရှေ့တောင် ရောက်ခဲ့သေးတယ်လို့ ပြောတာလား။ မသေချာ။ ကိုနိုးသေတာတစ်ခုကတော့ နောက်ထပ် လူဘယ်နှယောက်လောက်က ဘယ်နှစ်ခါလောက် ဖုန်းဆက်အကြောင်းကြားသည်ဖြစ်စေ အဖြေက ပြောင်းလဲမှာ မဟုတ်။ ပြီးတော့ တာရာမင်းဝေဆိုတာကလည်း တစ်ခါထက်ပိုပြီး အသေခံမှာ မဟုတ်။

❑

သူသည် လဲလျောင်းနေရင်းက နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ တစ်ခုခုအလိုမကျလို့ နှုတ်ခမ်းစူထားတာလား။ သူ လိုချင်တာကို ရလိုက်လို့ ပြုံးစေ့စေ့လုပ်နေတာလား။ ဝေခွဲမရ။

သူ့နောက်ဆုံးခရီးသည် စည်ကားလှသည်။ သူ့သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ စာပေလောကသားတွေ၊ ပရိသတ်တွေ အစုံအလင် ရောက်ရှိလာကြသည်။ ဒီထဲမှာ မော်ဒန်၊ ပို့စ်မော်ဒန်သမားတွေလည်းပါသည်။ ဂန္ထဝင်တွေ၊ ရှေးရိုးစွဲတွေ၊ သရုပ်မှန်တွေ၊ သရုပ်ဖော်တွေ၊ မတူကွဲပြားသော အရောင်အသွေးမျိုးစုံ ပါဝင်သည်။ သို့ရာတွင် ဝမ်းနည်းခြင်းဆိုသည်မှာ အယူဝါဒတစ်ခုမဟုတ်။

ကျွန်တော်ကတော့ ထိုမြင်ကွင်းကို ကမ္ဘာပေါ်မှာ ကြေကွဲစရာအကောင်းဆုံး၊ အလှပဆုံး၊ အနုပညာအမြောက်ဆုံး 'ပါဖောမင့်'ပြကွက်တစ်ခုဟု ထင်မြင်နေမိလေသည်။

(ဒီစာကို ရေး၍ပြီးတော့ ညသန်းခေါင်ကျော်နေပြီ။ ကျွန်တော်သည် ပြတင်းပေါက်မှာ သွားရပ်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ဒီညကျမှ ကြယ်တွေကလည်း များလိုက်တာ။ တိတိကျကျ သိရှိပြီးဖြစ်ပါလျက် ခုနစ်စဉ်ကြယ်ကို တစ်လုံးချင်း ရေတွက်ကြည့်နေမိပြန်လေ၏။) ■

မင်းလူ

*(၈-၃-၂၀၀၈)*

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀

www.burmeseclassic.com



မိုးကလေး
တစ်ဖြိုက်နှစ်ဖြိုက်လောက်
ရွာလျှင်ပင်
မြောင်းရေတွေက
အလျင်လှျံနှင့်ပြီဖြစ်သည်။
မြောင်းရေလှျံသည်ဟု
ပြောရသော်လည်း
သူတို့လျှောက်လှမ်းရာ
မြေသားလမ်းကလေး၏
ဘေးတွင် မြောင်းဟူ၍
မည်မည်ရရရှိသည်တော့
မဟုတ်ပါ။
တစ်ယောက်တစ်လက်
ပေါက်တူးနှင့်
ခြစ်ဆွဲထားသော
မြေသားမြောင်း
တိမ်တိမ်ကလေးထဲတွင်လည်း
ကြွပ်ကြွပ်အိတ်စုတ်များနှင့်
ဖော့ဘူးအပုံအရှုံ့များက
အုပ်စိုးမင်းမူနေလေသည်။
'စိတ်ညစ်လို့
မြောင်းကို ဖောက်တယ်
မြောင်းဖောက်တော့
စိတ်ပိုညစ်တယ်
အကြောင်းရှာတော့
အမှိုက်တွေ ချာချာလည်
တစ်ခုပဲ သိတယ်
လောကကြီးမှာလေ
အမှိုက်တွေမရှိ
တာကယ့်ကို အိုကေပေ
ဘကြီးသာဖြ
အသက်ခြောက်ဆယ် ကျော်
နေပြီဖြစ်သော်လည်း
သန်ဆဲ၊ ဖြ
လက်သ
အလုပ်ကိုလေး
လုပ်နိုင်ဆဲဖြစ်လေသ
ထို့အပြင် နေညိ
လေဖြိုးတတ်သည့်အ

အမှတ် ၃၀၀၊ နိုဝင်ဘာ
ရုပ်ဝ
ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်တစ်ဖလားလည်း မော့နေဆဲဖြစ်သည်။ ညနေမှောင်ရီပျိုးပြီဆိုလျှင် ရွံ့တွေတင်ကာ ချော်ကျိုကျိုဖြစ်နေသော လမ်းပေါ်တွင် ခပ်ယိုင်ယိုင်လျှောက်ရင်း ထိုသီချင်းကို ဆိုလာလေ့ရှိသည်။ ထို့အပြင် သုံးရက်တစ်ခါ၊ လေးရက်တစ်ခါလောက်လည်း ချော်လဲတတ်လေသည်။ အသက်ကြီးလာလျှင် အရိုးတွေပွပြီး ကြွပ်ဆတ်လာသည်။ ကျိုးလွယ်၊ ပဲ့လွယ်သည်ဟု ပြောကြသော်လည်း ဒါလောက် တဗိုင်းဗိုင်းလဲနေသော ဘကြီးသာဖြိုးတစ်ယောက်ကတော့ တစ်ခါမျှ မကျိုးဖူးသေးချေ။

*'မိုးရွာလို့ ရေလျှံသဟေ့၊ ရေလျှံလို့ ရွံ့ထူသဟေ့…၊ ရွံ့ထူလို့ ချော်လဲသဟေ့… အခုတော့ မကျိုးသေးဘူးဟေ့၊ မကြာခင်ကျိုးတော့မှာပဲဟေ့… အဲဒါသေချာတယ်ဟေ့'*

တစ်ခါတစ်ရံတော့လည်း မကျေမနပ်နှင့် တဖျစ်တောက်တောက် ပြောလာသည်မှာ ဟစ်ဟော့ပ်သီချင်းဆိုနေတာနှင့်ပင် တူနေသဖြင့် ကြားရသူများက ကျိတ်ပြီး ပြုံးကြရသည်။ စိတ်ပေါက်လာလျှင်တော့ သူ့ခြေထောက်အောက်ကရေကို တဖွမ်းဖွမ်းမြည်အောင် ခြေနင့်ခတ်ကာ 'ငါရိုးမသားရေ၊ သောက်သုံးမကျတဲ့ရေ' ဟု ဆဲနေတတ်သည်။

ရေလျှံလျှင် သွားရလာရ ခက်ခဲလှသဖြင့် အနီးအနားပတ်လည်ရှိ ကျူးကျော်ရပ်ကွက်သူ ရပ်ကွက်သားများက စိတ်ညစ်ကြသော်လည်း 'အဘ' တစ်ယောက်ကတော့ အလွန်ပျော်လေသည်။ ရေချိုးသော ဒန်ဖလားပိန်လေးကို ပြေးဆွဲပြီး၊ ရွံ့ထဲသို့ ဆင်းတတ်သည်။

အဘဟု ဆိုသော ကြောင့် အဘဝန်ကြီးတို့၊ အဘဗိုလ်ချုပ်တို့၊ အဘညွှန်ချုပ်တို့နှင့်တော့ မမှားစေလိုပါ။ ဘကြီးသာဖြိုးလို အသက် ခုနစ်ဆယ်နီးပါး အဘိုးကြီး လည်း မဟုတ်ပါ။ အသက် ငါးနှစ်ပင် မပြည့်တတ်သေးသော ပေစုတ်စုတ်ကောင်ကလေးဖြစ်ပါသည်။ ဘကြီးသာဖြိုးနှင့် အမျိုးစပ်ရလျှင်ကား သမီးအရင်းခေါက်ခေါက်က မွေးထားသော မြေးအရင်းခေါက်ခေါက် ဖြစ်လေသည်။

ဒီအရွယ်ကလေးကို 'အဘ' ခေါ်နေတော့ ကြားရသူတိုင်းက အထူးအဆန်းဖြစ်ရသည်။ ထိုအခေါ်အဝေါ်နှင့် ပတ်သက်ပြီး သူ့အမေ 'ဒေါ်စပွန်ဆာ' ကို ဗျူးကြသူတွေလည်း အတော်ပင် များလေသည်။ 'ဖြစ်ချင်တာကတော့ အဘကတော် ပေါ့နော်' ဒေါ်စပွန်ဆာက ပြုံးစစနှင့် ဖြေသည်။ သူ၏ အိမ်ဦးနတ်ကို ကျောက်ဒိုးကလည်း ပြောဖူးသည်။ 'လောကကြီးမှာ အဘ ဘယ်နှယောက်ရှိလဲတော့ ငါ မသိဘူး။ ဒါပေမဲ့ ဘာကိစ္စဖြစ်ဖြစ် 'အဘက လွှတ်လိုက်တာပါ' ဆိုရင် မီးသေသွားတာပဲ' တဲ့လေ။

'ကုသိုလ်ကံက မကြီးတော့လည်း အဘလောင်းလျာနဲ့ မနီးခဲ့ရဘူးပေါ့နော်၊ ဒီတော့ တွေးမိတာက အဘကတော်မဖြစ်ရင်လဲ အဘအမေဖြစ်ရရင် မဆိုးပါဘူးပေါ့နော်။ ဒါကြောင့်မိုလို့ သားလေးမွေးလာတော့ 'အဘ' လို့ တန်းပြီး ခေါ်လိုက်တာ၊ တစ်ခါတည်း တန်းပြီး အဘရဲ့ အမေဖြစ်သွားတာပေါ့နော်။ ကျွန်မ ပိုင်တယ် မဟုတ်လားဟင်'

ဗျူးဆရာ၊ ဆရာမများခမျာ 'ပိုင်ချက်ကတော့ ပြောင်မြောက်လှပါပေတယ်' ဟု ထောမနာပြုရင်း နှုတ်ပိတ်သွားကြလေသည်။

သူ၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်သည်ကတော့ အတိုင်းထက်အလွန်ပင်။ သူတို့၏တဲရှေ့ ခုနစ်တဲ၊ တဲနောက် ခုနစ်တဲသာမက လက်ဝဲ၊ လက်ယာတဲနီးချင်းများကပါ ထိုကလေးကို ပိစိကွေးလေးဘဝကတည်းက သူ့အမေခေါ်သလို 'အဘ' ဟူ၍ လိုက်ခေါ်ကြသောကြောင့် ဖြစ်သည်။ 'ရွှေကိုယ်တော်ဘကလေး' ကလည်း သူ့ကိုများ 'သားလေးရေ' ဟု ခေါ်လေလျှင် တုတ်တုတ်ပင် မလှုပ်၊ မော်၍ပင် မကြည့်ချေ။ 'အဘရေ' ဟု ခေါ်မှ သိတော်မူတော့သည်။ သူ၏ မိဘနှစ်ပါးကလည်း တစ်ဦးကိုတစ်ဦး 'အဘတို့အဖေ'၊ 'အဘတို့အမေ' ဟု ပြောင်ချော်ချော်ခေါ်ကြရင်းမှ တကယ်နှုတ်ကျိုးနေကြပြီဖြစ်သည်။ ဘကြီးသာဖြိုးကတော့ 'အဘတို့အဘိုး' ဟူသော နာမ်စားကို ရရှိထားလေသည်။ ဒီတော့လည်း အဘခမျာ ကျောင်းအပ်လျှင်ပင် ဘာနာမည်နှင့် အအပ်ခံရမည်နည်း၊ သူ့ကိုယ်သူလည်း မသိရှာသေးပေ။

အဘလိုပင် ကျောင်းအပ်နာမည်မရှိသေးသူ နောက်တစ်ယောက်ကတော့ သူ၏ ချစ်လှစွာသောသူငယ်ချင်း ဗိုလ်ရှုံဖြစ်သည်။ ဗိုလ်ရှုံ၏အမေက အဘ၏ အမေကို အားကျသူဖြစ်သည်။ ထို့ကြောင့် သူ့သားကို ဗိုလ်ချုပ် ဟု အမည်တွင်ရန် ကြိုးစားခဲ့လေသည်။ သို့သော် သူ့ကျ တော့ ကံက ခေရှာသည်။ အစဥ်အမြဲ နှာစေးကာ နှပ်ချေး တရှုပ်ရှုပ်လုပ်နေ တတ်သော 'နှပ်ချေးသေး ထူ' ကလေးကို မည်သူကမှ 'ဗိုလ်ချုပ်' ဟု မခေါ်ခဲ့ကြ တစ်ယောက်ကအစ၊ အများ ကပါ 'ဗိုလ်ရှုံ့' ဟု တည် တည့်တည်း ခေါ်ခဲ့ကြ သည်။ စကား မပီသေးသော အဘကတော့ သူ၏ သူငယ် ချင်းကို ဗိုလ်ချုံ့ ဟု ခေါ် သည်။ ဗိုလ်ချုံ့ ဟူသောအသံ ထွက်မှာ ဗိုလ်ချုပ်နှင့် ခပ်ဆင် ဆင်မို့ ဗိုလ်ရှုံ့ကတော့ ကျေနပ် ဟန် ရှိလေသည်။

'အဘရေ…. မရော တေးဘူးရား'

ရေလျှံပြီဆိုလျှင် သူ လည်း ဒန်ဖလားရ ကလေး တစ်လုံးကိုင် တဲအောက်သို့ ရောက်နေ ဖြစ်သည်။ အဘ ဆင်းမ သေးလျှင်လည်း တကြော ကြော် အော်ခေါ်နေတ သည်။

တဲနားပတ်လည်တွင် တဖြည်းဖြည်း ပြည့်ပြီး တက်လာသော မြောင်း ပုပ်ပုပ်ထဲတွင် မြူးခုန် ပါလာတတ်သော ငါး ငါးမွှားလေးများကိုတွေ့ သူတို့နှစ်ယောက်လည်



www.burmeseclassic.com

www.burmeseclassic.com

နေတတ်လေသည်။

‘ဟာ… ရွတ်တွားရယ်ကွာ’

‘ဟ… ဘယ်ရောက်သွားတာရဲ’

‘ဗိုလ်ချုပ်ရ… မမင်ဘူးဘား၊ မင်းခြေထောက်နားမှာ ရှက္ကာ…’

‘မိပီ…မိပီ… တုံးတောင်တောင် မိပီ’

သူတို့နှစ်ယောက်မို့ခေါင်းမိလျှင် အာမေဋိတ်အမျိုးမျိုးနှင့် ဆူညံနေတတ်ကြသည်။ တစ်ခါတစ်ရံသည်း တစ်ယောက်ကိုတစ်ယောက် ‘တော်တော်ကန်းတဲ့ ထောက်ကန်း’ဟု ဆဲကြသေးသည်။ သူတို့၏ ဘာသာစကားနှင့်မူ ‘သော်ရော်ကန်းရဲ့ တောက်ကန်း’ဟူ၍ ဖြစ်လေသည်။

ထို မစားလောက်၊ သောက်လောက် ငါးပေါက်စလေးများကို သူတို့က အလှမွေးရန် ဖမ်းဆီးနေကြခြင်း ဖြစ်လေသည်။ တစ်ခါကတော့ ပုစွန်ဆိတ်ကလေးတစ်ကောင်ပင် ရခဲ့ဖူးသည်ဟုဆိုသည်။ ငါးလှလှလေးများကို မွေးထားပြီး၊ တစိမ့်စိမ့်ကြည့်နေချင်သော အာသီက သူတို့နှစ်ယောက်လုံးတွင် အတော်ပြင်းပြင်းပြပြ ဖြစ်နေကြလေသည်။

အာဖမ်းလာသော ငါးကလေးများကို အဖေဖြစ်သူကျောက်ဒိုးက ‘ဒါက သလဲထိုးကလေး ထင်တယ်၊ ဒါကတော့ ဒေါင်းငါးလေးများလား မသိ။ အမြီးပြာလေးနဲ့ လှတယ်ကွ။ ဒီငါးလေးကတော့ ပြားပြားလေး၊ ဘာငါးလဲဆိုတာ ငါလည်း မသိ။ ဒါကတော့ ငါးမှ မဟုတ်တာ အာဘရာ၊ ဖားလောင်းလေးဟ၊ ဖားလောင်းဆိုတာ ဖားဖြစ်မယ့် အကောင် ကို ပြောတာ’ စသည် စသည်ဖြင့် အမျိုးအမည်ခွဲခြားပြတတ်သည်။

မြောင်းထဲက ငါးကို ဖမ်းမယ့်သာ ဖမ်းနေရသော်လည်း တကယ့် တကယ် အာဘလိုချင်သည်က ရွှေရောင်တောက်နေသော အမြီးဖွားဖွားနှင့် ရွှေငါးလေးများ ဖြစ်သည်။

အာဘရော၊ ဗိုလ်ရှုံ့ပါ ဗဟိုဈေးကြီးရှေ့က ရွှေငါးရောင်းသောဆိုင်ကို ရောက်ဖူးကြသည်။ အဆင့်ဆင့်စီထားသော မှန်ကန်များကို ရေတွက်၍ပင် မနိုင်။ ကန်ထဲမှ ရေများကလည်း ကြည်ပြီးသန့်နေသည်။ ထိုအထဲတွင် ရွှေရောင်၊ ငွေရောင် တောက်နေသော ငါးကလေးများကို တွေ့သောအခါ ပါးစပ်အဟောင်းသားနှင့် မျက်စိပင် မလွှဲနိုင်။ အမြီးဖွား ဖွားလေးများကို လှုပ်ခါရင်း ဝှေ့ခနဲ ဝိုက်ခနဲ ကူးနေကြသော ငါးကလေးများသည် သူတို့၏ အာရုံတွင် ငြိပြီးပါ လာလိုက်သည်မှာ အိပ်မက်ထဲအထိ ရောက်လာကြလေသည်။

‘အမေရာ၊ ရွှေငါးရေးသွေ ရှိချင်ရှိက်တာ’

အာဘက ပူဆာသောအခါ သူ့အမေက နားလေးသောရောဂါကို ကောက်ကာငင်ကာ ရသွားသည်။

‘နော်… အမေ နော်၊ ရွှေငါးရေး ဝယ်ပေးနော်’

ထိုသို့များ ဆက်တိုက်ပူဆာလာလျှင်တော့ ‘အောင်မလေး အာဘရယ်၊ နင်က ရွှေငါးမွေးချင်ရအောင် နင့်မှာ စပွန်ဆာရှိလို့လား’ဟု တဲရှေ့ခုနစ်တဲ၊ တဲနောက် ခုနစ်တဲကြားအောင် ခပ်ကျယ်ကျယ်အော်တတ်လေသည်။

‘ရွှေငါး၊ ရွှေငါးနဲ့၊ ရွှေငါးနဲ့တင်ပြီးမှာမှ မဟုတ်’ဟူ၍လည်း စိတ်ထဲမှ ဆက်၍ တွေးတတ်သည်။ ငါးရလျှင် ကန်လိုဦးမည်။ ကန်ရလျှင် ကန်ထဲထည့်ရန် ရေညှိရေမှော်လိုဦးမည်။ ပလုံစီလေးတွေ ထနေအောင် အောက်ဆီဂျင်ပိုက်ဝယ်ရမည်။ ပိုက်နှင့်ဆက်လျက်ရှိရမည်က စက်၊ ထိုစက်နှင့် ဆက်ရမည်က မီးခလုတ်၊ မီးခလုတ်နှင့် အတူ လှုပ်လာမည်က မီတာခ၊ သို့သော် မီတာခကိုတော့ ပူစရာမလိုပါ။ သူတို့က လမ်းဓာတ်ကြိုးမှ လျှပ်စစ်မီးကို ခိုး၍သွယ်ယူထားခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ ငါးနှင့်မှန်ကန်၊ မှန်ကန်နှင့် ရေညှိ၊ ရေညှိနှင့် ပလုံစီ၊ ပလုံစီနှင့် အောက်ဆီဂျင်၊ အောက်ဆီဂျင်နှင့်စက် စသော ကရိကထများကား နည်းနည်းနောနော မဟုတ်။ ထိုအတွက် လူလည်း မစိုက်နိုင်၊ ငွေလည်း မစိုက်နိုင်။ ကြားမှနေပြီး စိုက်ထုတ်အကုန်ကျခံပေးမည့် စပွန်ဆာလည်း မရှိ။ ဒေါ်စပွန်ဆာက ခြောက်တန်းအထိ ကျောင်းနေဖူး၍ အင်္ဂလိပ်စာသင်ခဲ့ဖူးသော်လည်း အခုတော့ အေ၊ ဘီ၊ စီ၊ ဒီကိုပင် သိပ်ပြီး မမှတ်မိချင်တော့ပေ။ သို့ပါသော်လည်း စပွန်ဆာဟူသော စကားကတော့ သူနှင့် အကျွမ်းတဝင်ရှိလှသည်။ စပွန်ဆာဟူသည်မှာ ငွေကြေးစိုက်ထုတ် အကုန်ကျခံသူဟူ၍လည်း အကြမ်းအားဖြင့် သဘောပေါက်ထားသည်။

‘ဟိုမင်းသမီး မှာလည်း စပွန်ဆာနဲ့တဲ့’၊ ‘ဒီမော်ဒယ်လ်လေးမှာလည်း စပွန်ဆာရှိတယ်တဲ့’၊ ‘ဟိုဘက်လမ်းက လှတ၊ ပတာကောင်မလေးကလည်း စပွန်ဆာကောင်းကောင်း ရသွားလို့ ဒီမှာပင် မနေတော့၊ မြို့ထဲ တိုက်ခန်းကို ပြောင်းသွားပြီတဲ့’၊ ‘သမီးတွေရဲ့ စပွန်ဆာချင်း အပြိုင်ကြွားကြရင်း အမေနှစ်

‘စိတ်ညစ်ရလို့
မြောင်းကို
ဖောက်တယ်
မြောင်းဖောက်တော့
စိတ်ပိုညစ်တယ်
အကြောင်း
ရှာတော့
အမှိုက်တွေ
ချာချာလည်…
တစ်ခုပဲ
သိတယ်
လောကကြီး
မှာလေ…
အမှိုက်တွေ
မရှိရင်
တကယ့်ကို
အိုကေမယ်



www.burmeseclassic.com

www.burmeseclassic.com

ယောက် ဖက်သတ်ကြတယ်တဲ့'စသော စသော စပွန်ဆာဇာတ်လမ်းတွေက နားနှင့်ပင် မဆံ့။ ဒီလောက် ရေပန်းစားနေသော ထိုစကားလုံးကို သူလည်း သုံးချင်ရှာသည်။

ရပ်ကွက်ဘုံကထိန် လှည့်သောနေ့ကတော့ ပြောခွင့်ကြုံခဲ့သည်။ သူဝတ်ထားသော ပါတိတ်လုံချည်အသစ်ကလေးက တောက်တောက်ပပ၊ အဆင်လှလှလေးမို့ ကိုယ်ရောင်ကိုယ်ဝါတွေထွက်ကာ လှလှပပ ဖြစ်နေသည်။ ဈေးထဲတွင် အာလူး၊ ကြက်သွန်ရောင်းသော 'ပျာကလတ်စိန်'က ထဘီလေးကို လာကိုင်ကြည့်ရင်း 'အဆင်လေးက လှလိုက်တာဟယ်'ဟု ပြောသည်။ သူကလည်း ပြောခွင့်ရပြီမို့ 'ကျွန်မရဲ့စပွန်ဆာ ဝယ်ပေးထားတာလေ'ဟု အားလုံးကြားရအောင် ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ကြားအောင်ပြောသည့်အတွက် အားလုံးကြားလိုက်ကြသည်။ ကြားလိုက်ရသူများကလည်း တအံ့တသြ ဖြစ်သွားကြပုံရသည်။ ရုတ်တရက်လည်း ငြိမ်ကာ တိတ်သွား

သူ့ကိုကားက တိုက်တာလား သူက ကားကိုတိုက်တာလား
အသေအချာပင် မသိလိုက် သူ့တစ်ကိုယ်လုံး
မြောက်တက်သွားသည်ကိုသာ
သတိရတော့သည်



သည်။ ခဏနေတော့မှ ဗိုလ်ရုံ့၏အဘွားက 'နေပါဦး၊ နင့်စပွန်ဆာက ဘယ်သူလဲ'ဟု မျက်လုံးကြီး အပြူးသားနှင့် အထိတ်တလန့် မေးသည်။

'ဘယ်သူရှိရမှာလဲ၊ ကျွန်မယောက်ျားလေ၊ ဆိုက်ကားနင်းတဲ့ ကိုကျော်ကြိုးရယ်လေ'ဟု ဖြေလိုက်သော အဖြေထဲတွင် အမှားတစ်စုံတစ်ရာပါသည်ဟု မထင်သော်လည်း ရယ်သူများက အူတက်အောင် ရယ်ကြသည်။ 'သူပြောတာ ဟုတ်တော့ဟုတ်သားဟဲ့'ဟု ပြောကြသော်လည်း သူ့ခမျာ မူလအမည်ပျောက်ပြီး အမည်သစ်တစ်ခုရခဲ့သည်။ 'ဒေါ်စပွန်ဆာ'တဲ့။

ဒေါ်စပွန်ဆာတွင် ရေတစိမ့်စိမ့်ယိုနေသော ဒန်အိုးပေါက်တစ်လုံးရှိသည်။ ရေယိုနေတော့ ထမင်း၊ ဟင်းချက်၍မရ၊ ဟင်းရွက်ဆေးရန်၊ သားငါးဆေးရန်အတွက် အသုံးတည့်နေသေးသော်လည်း သူ့တွင် နောက်ထပ် ဇလုံပေါက်တစ်လုံး ရှိနေသေးသည်။ ထို့ကြောင့် ထိုဒန်အိုးပေါက်ကို သားတော်မောင် 'အဘ'ငါးမွေးရန်အတွက် စေတနာသုံးတန် ပြဋ္ဌာန်းပြီး သဒ္ဓါကြည်ဖြူစွာ ပေးအပ်ခဲ့လေသည်။

အဘ ကြိုးစားပမ်းစား ဖမ်းယူထားခဲ့သော ငါးသေး ငါးမွှားလေးများက ဒန်အိုးပေါက်ထဲတွင် တဖျပ်ဖျပ် ကူးနေကြ သည်။ ရွှေရောင်မလက်သော်လည်း ငွေရောင်လက်နေကြ သည်။ အဘက ကြည့်၍မဝနိုင်၊ ဆာမည်စိုး၍ ထမင်းလုံးလေးတွေ ချကျွေးရသည်မှာလည်း အမောပင်။ ရေလျော့လေတိုင်း နာရီဝက်တစ်ခါလောက် ရေဖြည့်ပေးနေရသော ဒုက္ခကတော့ မသေးလှပေ။ သို့သော် အဘက သည်းခံရှာပါသည်။ သူ့ခမျာ အီးအီးကိုပင် ဖြောင့်အောင် မပါနိုင်ဘဲ ပြေး၍ပြေး၍ ရေဖြည့်နေရရှာသည်။

သို့သော် ညကျတော့ မအိပ်ဘဲ မနေနိုင်၊ တကြိုးတည်း အိပ်ပျော်သွားလိုက်သည်မှာ မိုးလင်းသည်အထိပင်။ နိုး လျှင်နိုးချင်း ငါးကလေးတွေ ကို ပြေးကြည့်တော့ ရေ သော အိုးထဲတွင် ပိုးလိုး လက်လန် နေကြရှာသည်။ အဘခမျာ သူ၏ ငါးအသေ ကောင်လေးတွေကို ကြည့် ရင်း တဟီးဟီးနှင့် ငိုလို သည်မှာ တော်တော်နှင့် မတိတ်တော့ပေ။

'တိတ်ပါကွာ အဘ မင်းအိုးက အပေါက်ကို အ ဖာပေးပါ့မယ်'

ကိုကျော်ဒိုးက စက္ကူလေး ဝယ်လာကာ အိုးပေါက်ကို ဖာပေးသည် သိပ်မလုံသော်လည်း ရေစိမ့်နှုန်းနည်းသွားသည်။ တစ်ည ပစ်ထားလို့တော့ မရ။ တစ်ရေးနိုးလျှင် ကြုံရာ လူက ရေ ထည့်ပေးရသည်။ အဘ၏ငါးကလေးများခမျာ ထိုနည်း အသက်ဆက်ခဲ့ကြရရှာလေသည်။

ဗိုလ်ရုံ့ကတော့ အဘထက် သာသည်။ အဝကျယ်ကျ ဖန်ပုလင်းကြီးတစ်လုံး ရထားသည်။ ထို့ကြောင့် အဘ ဒန်အိုးပေါက်လို ရေ ခဏခဏ ထည့်ပေးရန် မလိုပေ။ ဖန်ပု ကို အမြင့်တွင် တင်ထားတော့ ငါးကလေးတွေကို ဘေး မြင်ရသည်။ အမြီးမဖွားသော်လည်း ရှေ့တိုးလိုက်၊ နောက် လိုက်နှင့် ဖျတ်ခနဲဖျတ်ခနဲ ကူးနေပုံလေးများကလည်း ချစ် ကောင်းလှသည်။

'ငါးကန်ရေး တစ်ကန်ရောက် ဝယ်ပေးပါရား အဖိ



www.burmeseclassic.com

www.burmeseclassic.com

အဘက ပူဆာလျှင် ဘကြီးသာဖြိုးက ဘာပြန်ပြောရမည်မသိ၊ သူ့ခမျာ သူ့အတွက် ယမကာဖိုးလေးကိုပင် အလျဉ်မီအောင် မနည်းကြိုးစားနေရသူဖြစ်သည်။

'အဖိုး ရေလျှံတော့ ဘယ်ပေးပါ့မယ်ကွာ'

အဖိုးပြောသောရေက အောက်တွင် ပြည့်နေသော ရေမဟုတ်ကြောင်းကိုတော့ အဘ နားလည်ပါသည်။

'အဖိုးက ဘယ်ရေ့ရေစနိမှာရဲ'

အဘက ထပ်မေးလေတော့ ဘကြီးသာဖြိုး အတော်ပင် စိတ်ညစ်သွားသည်။

'အဘိုးက ဘယ်တော့ ရေလျှံမှာလဲ'တဲ့။

သူ ဘယ်လိုဖြေရမည်မသိ။ သူ့မှာ အဖြေ မရှိ။

❑

ဒီနေ့ ရေလျှံသည်ကတော့ လွှန်လွှန်းသည်။ တဲကြမ်းပြင်ကို ထိရန်ပင် တစ်ထွာလောက်သာ လိုတော့သည်။ အပြင်ကိုကြည့်လိုက်လျှင်လည်း ရေတွေဖွေးနေသည်မှာ လမ်းကလေးပင် ပျောက်နေပြီ ဖြစ်သည်။

ကိုကျောက်ဒိုးလည်း ဆိုက်ကား မနင်းနိုင်၊ ဘကြီးသာဖြိုးလည်း အလုပ်မဆင်းနိုင်။ တဲပေါ်တွင် အတူထိုင်ရင်း ငေါင်တောင်တောင် ဖြစ်နေကြသည်။ အဘခမျာလည်း တဲအောက်မဆင်းနိုင်၊ ဆင်းပါသော်လည်း အောက်ဆင်းစရာမလို၊ ရေတက်ပြီး ငါးတွေက လက်တစ်ကမ်းလောက် ရောက်လာတော့ အပျော်ကြီး ပျော်နေသည်။ ဒါတိုင်းလို ငါးသေးငါးမွှား လေးများ မဟုတ်တော့။ လက်တစ်ဝါးလောက်၊ တစ်ထွာလောက်ရှိသော ငါးများဖြစ်သည်မို့ အဘသည် လက်ညှိုး တထိုးထိုးနှင့် အမျိုးစုံ အော်ဟစ်နေလေသည်။

'သမီးရေ အကောင်ရှည်တွေ တက်လာတတ်တယ်နော်၊ သတိထား'

ဒေါ်စပွန်ဆာခမျာကတော့ သူ့အပူနှင့်သူဖြစ်သည်။ ဆန်အိုးထဲတွင် ဆန်နည်းလှပြီ။ ထို့ပြင် ညနေစာဟင်းလည်း မရှိ၊ ကံကောင်းထောက်မ၍ ဘဲဥလေးနှစ်လုံး ရှိနေသည်။ နာနာခေါက်ပြီး ကြော်လိုက်မည်ဆိုလျှင် သားအဖလေးယောက်မျှတ၍ စားလောက်ပါသည်။ သို့ပါသော်လည်း ခက်သည်က ဆီပုလင်းထဲမှာ ဆီကလည်း ဖင်ကပ်ကလေးသာရှိသည်။ ထို့ထက် ခက်သည်က လက်ကျန်မီးသွေးကလေးများ ရေစိုနေခြင်းပင်။

မွန်းလွဲပိုင်းရောက်လာတော့ ဘကြီးသာဖြိုး လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဝါးခမောက်ကြီးကို ဆောင်းကာ အိမ်ပေါ်မှ ဆင်းရန် ဟန်ပြင်သည်။

'မိုးနဲ့လေနဲ့ အဖေရယ် ရေတွေကလည်း လျှံလို့၊ တစ်နေ့တလေ ဒီအတိုင်းနေလိုက်ပါလား'

ဒေါ်စပွန်ဆာက ပြောသည်။ သူ့အဖေ ဘယ်ကိုသွားမလဲသိနေတော့ စိတ်များလည်း ညစ်ရသည်။ 'ဒီအတိုင်းနေလိုက်ပါလား'ဟူသည်မှာ အဖြူဆိုင်ကို မသွားဘဲ၊ မသောက်ဘဲ နေလိုက်ပါလားဟု အဓိပ္ပာယ်ရသည်ကို ဘကြီးသာဖြိုး သိပါသည်။

'ဒီအတိုင်း ငုတ်တုတ်ကြီးထိုင်ပြီး ဒီရေတွေကို ဒီအတိုင်းကြည့်နေရမှာလားဟ'

'ကျွန်မတို့လည်း ဒီလိုပဲ ထိုင်နေကြရတာပဲ အဖေရဲ့'

'အေး…နင်တို့ ထိုင်၊ ငါ မထိုင်ဘူး'

ဘကြီးသာဖြိုးက မိုးရေထဲသို့ ဖွတ်ဆင်းသွားသည်။ ဒူးလောက်ရှိသော ရေထဲတွင် တဖွမ်းဖွမ်းနှင့် လျှောက်သွားသည်။ မသောက်ရမနေနိုင်လို့သာ ထွက်လာရသော်လည်း နောက်ကျောတော့ မလုံလှပေ။ သူ၏သမက်က အထင်သေးသော မျက်လုံးများနှင့် လှမ်းကြည့်နေမည်ကို သိနေသည်။

ဒီအသက်၊ ဒီအရွယ်အထိ တစ်ခွက်တစ်ဖလားပင်မက၊ နှစ်ခွက်နှစ်ဖလားလောက် မှန်မှန်မော့နေတော့ ကိုကျောက်ဒိုးက ဘကြီးသာဖြိုးကို သိပ်မလေးစားချင်သည်မှာ အမှန်ပင်။ အရှေ့တွင် ဘာမှမပြောသော်လည်း နောက်ကွယ်ကျလျှင်တော့ လှောင်သလို၊ ပြောင်သလိုနှင့် ရယ်သွမ်းသွေးတတ်သည်။ ဒေါ်စပွန်ဆာက မခံချင်သော်လည်း အဖေကလည်း အဖေမို့ ပြောရခက်လှသည်။

ယခုလည်း ကြည့်လေ။ ဘကြီးသာဖြိုး ခပ်လှမ်းလှမ်းရောက်သွားသည်နှင့် ကိုကျောက်ဒိုးက ဟဲဟဲဟတ်ဟတ်ရယ်သည်။

'အဘရေ…လာစမ်းပါဦးကွ။ မင်းကို အဖေ သီချင်းတစ်ပုဒ်သင်ပေးမလို့'

အိမ်ကပြင်တွင် လေးဖက်ထောက်ရင်း ငါးကြည့်နေသော အဘလည်း သူ့အဖေနားရောက်သွားသည်။ ကိုကျောက်ဒိုးက အဘ၏နီကြောင်ကြောင် ဆံပင်လေးများကို ဆွဲဖွရင်း 'အဖေဆိုတာ လိုက်ဆိုနော်'ဟု ပြောသည်။

*'မိုးရွာလို့ရေလျှံ*
မိုးရွာရို့ ရေစန်
*ရေလျှံလို့ ရွှံ့ထူ*
ရေစန်ရို့ စွန့်ထူ
*ရွှံ့ထူလို့ ချော်လဲ*
စွန့်ထူရို့ ချော်ရဲ
*ချော်လဲလို့ ဒူးပြဲ*
ချော်ရဲရို့ ဒူးပဲ
*ဒူးတင်မက*
*ခေါင်းပါကွဲ*
ဒူးသင်မက
ခေါင်းပါကဲ
*အဲဒါ အဘိုးပဲ*
အဲသာ အဘိုပဲ…ဟော့
ဟော့…အဲသာ အဘိုးပဲ'

အဘက သူ့အဖေထက်ပင် ကဲလိုက်ပုံက လက်ကွေး၊ ခြေကောက်နှင့် ပုံမကျပန်းမကျ ထ၍ပင် က,လိုက်သေးသည်။

'အဘနော် အဘ၊ နင်သေချင်လား'

ဒေါ်စပွန်ဆာက စိတ်ဆိုးမာန်ဆိုးအော်သည်။ သားအဖနှစ်ယောက်လုံးကို တအုန်းအုန်းနှင့် ထုပစ်ရန် ရည်ရွယ်ပြီး နေရာမှာ ကုန်းထသည်။ သို့သော် လမ်းပေါ်မှ ကိုချစ်တီးက 'ဗျို့…ဒေါ်စပွန်ဆာ…'ဟု လှမ်းခေါ်လိုက်သောကြောင့် အာရုံပြောင်းသွားသည်။

ကိုချစ်တီးက တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ သူ၏ လက်ထဲတွင် ဝါးခ



www.burmeseclassic.com

www.burmeseclassic.com

မောက်ကြီးကို ပက်လက်လှန်ပြီး ကိုင်ထားသည်။ ခမောက်ထဲတွင်တော့ ငွေရောင်ဖွေးဖွေးလက်နေသော ကတ်သပေါင်းကြီးနှစ်ကောင် ရှိနေလေသည်။

ကိုချစ်တီးဟူသည့်လူက ငါးရှာဖားရှာ အလွန်တော်သောသူဖြစ်သည်။ သူတို့ ကျူးကျော်ရပ်ကွက်လေးကိုပတ်ပြီး စီးဆင်းနေသည့် ငမိုးရိပ်ချောင်းကြီးသည် သူ၏ ငွေတွင်းကြီးဖြစ်လေသည်။ အသက် လေးဆယ်ကျော်ပြီဖြစ်သော်လည်း မိန်းမ မယူသေးပေ။ အသက်ခုနစ်ဆယ်ကျော်နေပြီဖြစ်သော ဖခင်ကြီးနှင့်အတူနေသည်။ ဖခင်ကြီးက ပန်းနာရင်ကျပ်ရှိတော့ သူ့ခမျာ ဆေးဖိုးအလျဉ်မီအောင် ကြိုးစားပြီး ရှာနေရလေသည်။

'ဒီ ငါးနှစ်ကောင်ကို ပိုက်ဆံဖြစ်အောင် လုပ်ပေးပါဦးဗျ'

သူက သားရှာ၊ ငါးရှာ ကျွမ်းကျင်သော်လည်း ဈေးရောင်းတတ်သူ မဟုတ်ပေ။ ဒေါ်စပွန်ဆာတို့ မိန်းမတစ်သိုက်ကတော့ 'ဘာရောင်းရမလဲ၊ လာခဲ့စမ်း၊ အကုန်ရောင်းပစ်လိုက်မယ်'ဟူသောသူများဖြစ်သည်။ ထို့ကြောင့် ကိုချစ်တီး ရှာလာသမျှ ငါးများကို ကြုံသူက ကြုံသလို ရောင်းချပေးနေကျဖြစ်သည်။ ရောင်းပေးသည့် လုပ်အားခကိုလည်း ကိုချစ်တီးက ထိုက်သင့်သလို ပေးတတ်မြဲဖြစ်လေသည်။

ဒေါ်စပွန်ဆာက ရေထဲသို့ ချက်ချင်းခုန်ချလိုက်သည်။ ငါးနှစ်ကောင်ကို တစ်ချက်မျှသာ ခပ်လျှမ်းလျှမ်းကြည့်လိုက်သော်လည်း တစ်ကောင်လျှင် တစ်ပိဿာကျော်မည်ကို ဒက်ခနဲ မှန်းမိပြီးသားဖြစ်လေသည်။

'တစ်ပိဿာခွဲ အထိတော့ မရှိလောက်ဘူး။ အစိတ်သား၊ သုံးဆယ်သားလောက်တော့ ကျော်မယ်။ ငါးကြီးတွေကလည်း ကောင်းလိုက်တာဟယ်။ လတ်ပျံ့ပြီး ဖွေးလက်နေတာပဲ'ဟု စိတ်ထဲမှ တွေးရင်း 'ရှင်က ဘယ်ဈေးဖြတ်မှာလဲ'ဟု မေးလိုက်သည်။ ကိုချစ်တီးကလည်း ပြတ်သားပါသည်။

'တစ်ကောင်ကို ငါးထောင်ထား၊ နှစ်ကောင်ကို တစ်သောင်း။ ခင်ဗျားဟာ ခင်ဗျား ဆိုချင်သလောက်ဆို၊ ရောင်းချင်သလောက်ရောင်း၊ ညကျရင် တစ်သောင်းလာယူမယ်။ ဒါပဲ'

ကိုချစ်တီးက ဝါးခမောက်ကို ထိုးပေးသွားသည်။ ဒေါ်စပွန်ဆာလည်း လက်ထဲတွင် နင့်ကျသွားသော ဝါးခမောက်ကိုငုံ့ကြည့်ရင်း 'တော်ပါသေးရဲ့။ ကိုချစ်တီးက ငါ့အိမ်အရင်ရောက်လာပေလို့'ဟု တွေးသည်။ ဒီလိုမြတ်မြတ်စွန်းစွန်းလေး ရမည့် ငါးဆိုလျှင် ရောင်းပေးချင်သည့်သူတွေ ဝိုင်းနေနိုင်သည်။

'တစ်ကောင်ကို ရှစ်ထောင်လောက်တော့ အသာလေးရနိုင်တယ်။ နှစ်ကောင်ဆိုရင် သောင်းခြောက်ထောင်၊ သူ့ကို တစ်သောင်းပေးရင် ခြောက်ထောင်ကျန်…ဟား…ဟ ဒါဆိုရင် ဆန်နဲ့ဆီ ဝယ်လို့ရပြီ'

ဒေါ်စပွန်ဆာက တဲပေါ်ကို ခပ်သွက်သွက် ပြန်တက်သည်။ ခမောက်ထဲမှ ငါးကို ဇလုံပေါက်ထဲထည့်သည်။ ဇလုံပေါက်ကို ဆန်ကောအပေါက်နှင့်အုပ်လိုက်သည်။ ထို့နောက် ခုနတုန်းက ငါးထည့်ထားသောခမောက်ကို ခေါင်းပေါ်ဆောင်းလိုက်သည်။ လုပ်ရင်းကိုင်ရင်း 'ဘယ်ဈေးကို သွားရပါ့မလဲ'ဟု စဉ်းစားသည်။ သူတို့နှင့်နီးသော ပျံကျဈေးကလေးတွင်လည်း ရေလျှံနေလောက်ပြီမို့ စည်စည်ကားကား မရှိနိုင်။

'ဟိုဘက် ရပ်ကွက်က သူဌေးဈေးကိုပြေးမှဖြစ်မယ်။ သူတို့က ပစ္စည်းကောင်းရင်း ဈေးမရှောင်ဘူး'

ဒေါ်စပွန်ဆာက ပျာယီးပျာယာဖြစ်နေသည်။ ရေစိုပြီးဖြစ်သော ထဘီကို တိုတိုပြင်ဝတ်သည်။ ငါးဇလုံကို ခါးစောင်းတင်ရင်း ရေထဲပြန်ဆင်းသည်။ လမ်းပေါ်ရောက်သောအခါမှ 'ညနေကျရင် မီးသွေးမီးလေး ပျိုးထားလိုက်လေ၊ ဟင်းစားတစ်ခုခု ဝယ်လာခဲ့မယ်'ဟု အော်ပြောသွားသည်။

'မင်းအမေကတော့ ငွေနံ့ကလေးများရရင် ပျာနေတာပဲ'

ကိုကျောက်ဒိုးက ပြောတော့ အသာ၏ ရင်ခုန်သံနည်းနည်းမြန်သွားလေသည်။

'ဟာ…အမေ ရေစန်ပီရား'

'ဒီလောက်နဲ့ မလျှံပါဘူးကွာ။ ဆန်အိုးတောင် မပြည့်ပါဘူး'

ဆန်အိုးတောင် မပြည့်သော်လည်း ဒီနေ့ညနေစာကို ဟင်းကောင်းလေးနှင့် စား[illegible] မည်ဆိုတော့ ကိုကျောက်[illegible] ကျေနပ်သည်။ သူဆိုက်[illegible] မထွက်နိုင်သော နေ့တွင် [illegible] လို ဘေးပန်းဝင်ငွေက[illegible] ဝင်လာသည့်အတွက် ကိုချ[illegible] တီးကိုလည်း ကျေးဇူးတင်[illegible] မိသည်။

မိုးကလည်း မစဲနိုင်[illegible] တစ်နေ့လုံး တဖွဲဖွဲရွာ[illegible] သည်။ ဘယ်နေရာမှာ ထွ[illegible] ပေါက်ရှိနေသည်မသိ။ ရေ[illegible] တော့ ထပ်တက်မလာသေး[illegible] ဘဲ အီနေလေသည်။

'ညနေကျရင် မီး[illegible] ကလေး ပျိုးထားလိုက်'[illegible] ပြောသွားသောကြောင့် [illegible] ကျောက်ဒိုးခမျာ မီးသွေး[illegible] များကို မီးတောက်လာအောင် သေလုမြောပါးကြိုးစားခဲ့[illegible] သည်။

မီးတောက်လာတော့[illegible] ထမင်းအိုးတစ်လုံး တည်[illegible] သည်။ ထမင်းအိုးထဲသို့ [illegible] နှစ်လုံးကို တစ်ခါတည်း[illegible] ထည့် ပြုတ်လိုက်သည်[illegible] ထမင်းအိုးရတော့ ရေနွေး[illegible] တည်သည်။ ရေနွေးအိုး[illegible] သွားတော့ ဘာမှတည်[illegible] မရှိတော့ပေ။ ငါးပိလေး [illegible] မည်ကြံတော့ ငါးပိမရှိ၊ ဟင်[illegible] ရွက်လေးပြုတ်မည် စဉ်း[illegible] တော့လည်း ဘာဟင်းရွက်မျှ မရှိ။

ဒီတော့လည်း ဘာ[illegible] ရမည်နည်း။ သားအ[illegible] ယောက်သား တဲရှေ့တွင်[illegible] နေရုံသာရှိတော့သည်။ ဟင်[illegible] စားလေးနှင့်အတူ ပြန်[illegible] မည့် ဒေါ်စပွန်ဆာကို [illegible] နေကြရုံသာရှိတော့သည်။

'မျှော်နေတဲ့သူက [illegible] မလာဘဲ မမျှော်တဲ့သူက [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြီး ထမင်းစားမယ်ဆိုရင် တော့ ဘဲဥပြုတ်ပဲရှိတယ်'

ကိုကျောက်ဒိုးက သူ့ မပြန်မလာမီ ဘကြီးသာ ဖြိုး အလျင်ပြန်လာမည်ကို ရှိမ်နေသည်။ သို့သော် ဘကြီးသာဖြိုးက မှောင်ရီ န်းမှ ပြန်လာတတ်သည်မို့ ဒေါ်စပွန်ဆာက အလျင် ရောက်နေမည်မှာ သေချာပါ သည်။

သို့သော်သေချာပါ သည်ဆိုသော ကိစ္စများသည် ည်း မသေမချာဖြစ်တတ် ပါသည်။ သူ့မိန်းမဒေါ်စပွန် ဆာ မှောင်ရီသန်းသည်အထိ ပေါ်မလာပေ။

'ငါးလေးနှစ်ကောင် သွားရောင်းတာ ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲကွာ'

ကိုကျောက်ဒိုး စိတ်တို လာသည်။ ထို့နောက် စိတ်ပူ လာသည်။ ဒီလောက်ကြာနေ ရန်အကြောင်း မရှိ။

မှောင်ရီပျိုးနေပြီဆိုကာ မိုးတွေကလည်းမှောင်လာ ပြီး လျှပ်စီးတွေလည်း ဝင်းဝင်းလက်နေသည်။ အဖွဲဖွဲရွာနေသောမိုးက ခပ် သည်းသည်း ရွာချလာသည်။ မိုးသည်းလာလျှင် ရေတက် လာတော့မည်။

'အမေကရဲ ကြာရိုက် သာ'

အဘက ငိုမဲ့မဲ့ဖြစ်နေ သည်။

'အေးကွာ၊ မိုးထဲလေ ထဲမှာ ဘယ်များရောက်နေ တာလဲ'

ကိုကျောက်ဒိုးခမျာ လည်း ထိုင်ရမလို၊ ထရမလို ဖြစ်နေသည်။ သူ့မှာသာ သက်ကိုင်ဖုန်းလေးတစ်လုံး

နာရ၊ ကျင်ရသည့်
အထဲတွင်
သူ၏အသက်နှင့်
သူ၏အရက်ကို
ယှဉ်တွဲ
ပြောလာတော့
ဘကြီးသာဖြိုးက
မျက်နှာကြီး
ပုပ်သွားသည်
သူက
သောက်မည့်သာ
သောက်နေသော်
လည်း
သူ့ကိုများ
'မူးလာပြီ'ဟု ပြောလျှင်
နည်းနည်းမှ မခံနိုင်
သူ ဘယ်လောက်
သောက်သောက်
သူတို့အိမ်က
လက်ရန်းမပါသည့်
ခနော်ခနဲ့
လှေကားကိုပင်
လိမ့်ကျဖူးသူ
မဟုတ်

လောက်ရှိလျှင်၊ သူ့မိန်းမမှာ လည်း နောက်ထပ်တစ်လုံး လောက်ရှိလျှင် မည်မျှကောင်း လေမည်နည်း။ အခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက် ပြီး ဘာလုပ်လို့ လုပ်နေရမှန်း ဘယ်လိုမှ မသိနိုင်။

'ခက်တာက မင်း အဘိုးလည်း မလာသေးဘူး ကွ။ သူလည်း ဘယ်နေရာမှာ ချော်လဲနေပြန်လဲ မသိဘူး။ ချော်လဲလို့ မထနိုင်ရင်တော့ ရေနစ်တော့မှာပဲ'

မိန်းမကို အလျင်ပူပန် ပြီးသောအခါ ယောက္ခမကို သတိရသည်။ သူလည်း ပြန် ရောက်ဖို့ကောင်းနေပြီဖြစ် သည်။ ထို့နောက် မနက်တုန်း ကပင် အဘကို 'ချော်လဲလို့ ဒူးပြဲ၊ ဒူးတင်မက ခေါင်းပါ ကွဲ…အဲဒါအဘိုးပဲ'ဟု သင် ပေးနေမိသေးသည်ကို သတိ ရမိပြီး စိတ်မကောင်းဖြစ်သွား သည်။

'ဘုရား…ဘုရား… နိမိတ်ဖတ်သလိုများ ဖြစ်သွား လားမသိ။ အပြောင်အပြက် ပြောမိတာပါဘုရား။ တကယ်မဖြစ်ပါစေနဲ့ ဘုရား…'

ကိုကျောက်ဒိုးက ဆု တောင်းနေမိသည်။

သူ့ရင်ထဲတွင် ပူနေ သည်။

မိန်းမကိုလည်း ပူ သည်။

ယောက္ခမကိုလည်း ပူ သည်။

ထို့ပြင် အိမ်ထဲကို ရေ ဝင်လာမည်ကိုလည်း ပူနေမိ လေသည်။

❑

နိမိတ်ဖတ်သလို ဖြစ် လား၊ မဖြစ်လားတော့မသိ။ ဘကြီးသာဖြိုးခမျာ ဒူးပြဲပြီး ခေါင်းပါကွဲသွားသည်က တော့ အမှန်ပင်။ တစ်ခါမျှ မကျိုးဖူးသေးသော်လည်း ဒီ တစ်ခါတော့ ညာဘက်လက် ကောက်ဝတ်ကျိုးသွားသည်။

ကတ္တရာလမ်းပေါ်တွင် ယိုင်ထိုး၊ ယိုင်ထိုးနှင့် လျှောက်လာစဉ် သူ့ကိုကား က တိုက်တာလား၊ သူက ကားကို တိုက်တာလား အသေအချာပင် မသိလိုက်။ သူ့တစ်ကိုယ်လုံး မြောက် တက်သွားသည်ကိုသာ သတိ ရတော့သည်။ မြောက်တက် သွားပြီး ပြန်အကျတွင်တော့ မျက်လုံးထဲတွင် မီးပွင့်သွား သည်။

တိုက်တိုက်ဆိုင်ဆိုင် ကံ ကောင်းသည်က အမြတ် ကလေးမြိုးမြိုးမြက်မြက်ရ၍ ပီတိတွေ တဝေဝေနှင့်ပြန်လာ သော သူ့သမီး ဒေါ်စပွန်ဆာ က အခင်းဖြစ်ပွားရာနေရာ သူနှင့်မလှမ်းမကမ်းမှာ ရောက်နေခြင်းဖြစ်လေသည်။

ဒေါ်စပွန်ဆာက စီးတီး မတ်ရှေ့က ကြက်ကင်တစ် ခြမ်းဝယ်လာသည်။ အရသာ တော့ ဘယ်လိုနေမည်မသိ၊ ခပ်လှမ်းလှမ်းက ဖြတ်သွား လျှင်ပင် အနံ့ကမွှေးလွန်း တော့ ကိုယ်တိုင်လည်း စား ချင်၊ အဘတို့သားအဖနှင့် အဖေ့ကိုပါ ကျွေးချင်နေသည့် မှာလည်း ကြာလှပေပြီ။ ဒီနေ့ တော့ ငွေယားကလေးလည်း ရလာတော့ ကြက်ကင်တစ် ခြမ်းသာမက တုတ်ကလေး နှင့်ထိုးကာရောင်းသောကြက် ကြော်လုံး နှစ်ချောင်းလည်း ဝယ်လာသည်။ မိုးကရွာနေ တော့ ထားစရာမရှိ၊ လူကို မိုး အစိုခံနိုင်သည်။ တမြတ် တနိုးဝယ်လာသော ကြက် ကင်လေးတစ်ခြမ်းကို မိုးအစို မခံနိုင်။ ဒီတော့ သိပ်တော့ မခက်လှပါ၊ ကြက်ကင်ထည့် ထားသော ဖော့ဘူးကို ခေါင်း ပေါ်မှာရွက်ပြီး အပေါ်က ဇလုံပေါက်ကို ထပ်ဆောင်း ထားလိုက်သည်။ ခမောက်ကို လက်ထဲမှာကိုင်ပြီး ဇလုံကြီး ဆောင်းထားသည်မှာ ကိုးရိုး ကားရားနိုင်လှသော်လည်း မတတ်နိုင်။

ဒီကတ္တရာလမ်းလေး တွင် ကားမောင်းသင်သူတွေ

*စာမျက်နှာ(၁၁၆)သို့…*

www.burmeseclassic.com



# စာဖတ်သော လူသုံးမျိုး

မြနိုင်လတ်

ညီငယ်တစ်ယောက်လို
ချစ်ခင်ရသော
စာရေးဆရာတစ်ယောက်က
မဂ္ဂဇင်းတစ်စောင်တွင်
ဆောင်းပါးတစ်ပုဒ်
ဖော်ပြခံရသောလတွင် ကျွန်တော့်ထံ
လာရောက်ပြီး မဂ္ဂဇင်းစာအုပ်ကို
မေတ္တာလက်ဆောင် ပေးလေသည်။
သူ့ဆောင်းပါးခေါင်းစဉ်က
**မည့်ချင်လျှင် စာဖတ်ပါ** ဟူ၏။
အဓိပ္ပာယ်က ရှင်းပါသည်။
လူတိုင်းလည်း လွယ်လင့်တကူ
ခေါင်းညိတ်ကြရမည့်
ခေါင်းစီး ဖြစ်ပါသည်။
ယေဘုယျ လက္ခဏာဆောင်သော
ခေါင်းစီးမျိုးဖြစ်ပါသည်။
သူ့ခေါင်းစဉ်ကိုသရုပ်ခွဲကြည့်လျှင်
'စာဖတ်သူတိုင်း မည့်ကြ။
ညံ့သောသူတွေ စာမဖတ်ကြ' ဟူသော
ဂယက်အနက်လည်း ဒွန်တွဲလျက်
ရှိသည်။ ပညတ်အနက်ကတော့
'မည့်အောင် စာဖတ်ကြ' ဟူ၍
ဖြစ်လေသည်။ ကျွန်တော်လည်း
သဘောတူပါသည်။
ငြင်းခုံစရာ အကြောင်းမရှိပါ။
သို့သော် မပြည့်မစုံတော့ ရှိသည်။
စာဖတ်ခြင်း သရုပ်သကန်ကိုတော့

နည်းနည်းလောက်ဖြစ်ဖြစ် စိတ်ဖြာမြှဲ့ ကောင်းသည်။

တော်သူတိုင်း စာဖတ်ကြသည်ဆိုသော်လည်း စာဖတ်သူတိုင်း တော်သည်တော့ မဟုတ်။ ဘာကြောင့်နည်း။

ပထမဆုံးအချက်က စာကို ရွေးချယ်ဖတ်တတ်ဖို့တော့ လိုသည်။

**စာပေဆိုတာ ဘာလဲ**

စာကို ဖတ်ကို ဖတ်ရမည်ဟူသည့် ယေဘုယျသဘောတူညီချက်ရပြီးနောက်မှာ ဘယ်လိုစာပေမျိုးကို ဖတ်ကြမလဲ။ စာပေဆိုတာ ဘာလဲ။ ကိုယ့်ကိုယ်ကို မေးမြန်းစိစ ကြည့်ပါ။ ပညာရှိတစ်ယောက် သို့မဟုတ် အသိဉာဏ်ပညာ ဗဟုသုတရင့်ကျက် ပြည့်စုံသူတစ်ယောက်က ရိုးသားစွာ စေတနာကောင်းနှင့် ရေးသားသော စာတစ်ပုဒ် သည်စာပေဖြစ်သည်။ ထိုစာပေသည် စာရေးသူ၏အနုပညာ အစိတ်အပိုင်းတစ်ရပ် လည်း ဖြစ်သည်။ ထိုစာပေကို အရသာခံတတ်ဖို့ စကားလုံးတိုင်းကို တိတိကျကျ နားလည်သဘောပေါက်ရန် ပထမဆုံးကြိုးပမ်းရမည်ဖြစ်သည်။ သို့မှသာ စာရေးဆရာ ၏အတွေးအခေါ်၊ စာရေးဆရာ၏အရွတ္တကို နက်နက်ရှိုင်းရှိုင်း တူးဆွနိုင်မှာ ဖြစ်သည်။

စာရေးဆရာဘက်ကလည်း ဟန်လုပ်ရေးထားတာမျိုး၊ သမားဂုဏ်ပြရေးတာ မျိုး၊ လူအများစု၏ ချီးကျူးထောမနာမှုကို မျှော်လင့်ရေးထားတာမျိုးတွေလည်း ရှိကောင်းရှိနိုင်ပါသည်။ သို့သော် စာဖတ်သူဘက်က မှန်ကန်စွာ ရွေးချယ်ဖတ်တတ်ဖို့ စာလုံးတိုင်းကို ဝေဖန်စိစစ်သောအမြင်နှင့်ဖတ်တတ်ပြီး စဉ်းစားဆင်ခြင်တတ်ဖို့ လိုပါသည်။ တချို့က အက္ခရာစာလုံးတွေကို ပုံနှိပ်ပြီး သီချုပ်ထားသော စက္ကူတွေသာ ဖြစ်ပြီး စာအုပ်မဟုတ်ပေ။ စာပေအရာလည်း မမြောက်ပေ။ ထိုထိုသော စာအုပ် အရာမမြောက်သောပုံနှိပ်စာလုံးတွေနှင့် အချိန်ဖြုန်းနေခြင်းသည် စာဖတ်ခြင်းဟု မခေါ်နိုင်ပေ။

ရေးသူကိုယ်တိုင်က သူ့ရင်ထဲက ခံစားမှု၊ အတွေးအမြင်တွေကို သူရေး ဖြစ်မည်။ အခြားသူတွေ ရေးနိုင်မှာ မဟုတ်ဘူးဆိုသော ယုံကြည်စိတ်ချမှုမျိုးနှင့် ရေးသော၊ စကားလုံးကအစ တိတိကျကျ ရွေးချယ်သုံးနှုန်းထားသော စာတစ်ပုဒ်သည် သာလျှင် 'စာအုပ်' ဖြစ်လေသည်။ 'စာပေ' ဖြစ်လေသည်။

စာရေးသူတစ်ယောက်သည် သူ၏ခံစားချက်၊ သူ၏အတွေးအမြင်တို့ကို လူထောင်ပေါင်းများစွာထံ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရောက်ရှိကြားသိစေ



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပြီး စာမကျေသူတိုင်း
စာဖတ်ပြီး ငါတော်လှချည့်၊ တတ်လှချည့်ဟု
ထင်တစ်လုံး ရှိနေသူတိုင်းသည်
မတော်ရုံမက လူ့အော့ကြောလန်များ၊ နေရာဌာနမသိ
ဟောင်ဖွာဟောင်ဖွာ ပြောကျင့်ရှိသည့် လူပေါ်ကြီးများအဖြစ်
ပတ်ဝန်းကျင်က သတ်မှတ်ကြလေ့ ရှိပါသည်

BURMESE CLASSIC

သူ၏အသံ၊ သူ၏ အတွေးတို့ကို ပို့လွှတ်ခြင်းဖြစ်သည်။ ထိုအသံတို့ကို စာရေးသူနှင့် ထပ်တူ ခံစား၊ သိမြင်၊ နာကြားနိုင်ရန် စာလုံးတိုင်း(အသံတိုင်း)ကို တိတိပပ နားလည်နိုင်စွမ်းရှိဖို့ လိုသည်။ စဉ်းစားဆင်ခြင်ဉာဏ်နှင့် လက်ခံနိုင်စွမ်းရှိဖို့ လိုသည်။ စာလုံးတိုင်း(အသံတိုင်း)သည် သင်္ကေတတွေဖြစ်သည်။ အစီအစဉ်တကျ သီစပ်ချုပ်တွဲထားသော မမြင်ရသည့်ကြိုးတစ်ချောင်းလည်း ဖြစ်သည်။

စာလုံးတွေ၏အဓိပ္ပာယ်ကို သေသေချာချာမသိဘဲ အပြေးအဖြန်း ဖတ်နေသူတွေသည် ဂျွန်ရပ်စကင်း(John Ruskin) စကားနှင့်ပြောရလျှင် (ရက်စက်ရာတော့ ကျသည်…) **ခင်ဗျား အသက်ရှည်လို့ ဗြိတိသျှပြတိုက်ထဲက စာအုပ်တွေ အားလုံးကို ဖတ်ပြီးသည့်တိုင် ခင်ဗျားဟာ စာမတတ်ပေမတတ် လူတစ်ယောက်ပဲ ဖြစ်နေဦးမှာပဲ** ဟူ၏။

**စာအုပ် ဘယ်နှမျိုးရှိသလဲ**

စာအုပ်အမျိုးအစား အကြောင်းအရာမျိုးစုံ နှစ်စဉ်သန်းနှင့်ချီပြီး ထွက်လေ့ရှိသည်။ အမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ဝီပို(WIPO)အနုပညာပိုင်ဆိုင်မှုအဖွဲ့၏ အစီရင်ခံစာတွင် နှစ်စဉ် စာအုပ်အမျိုးအစားပေါင်း တစ်သန်းကျော်၊ ဓာတ်လမ်းရုပ်ရှင်ပေါင်းထောင်ခန့်နှင့် ဓာတ်ပြားနှင့် တိပ်ခွေ သုံးဘီလီယံကျော် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကွဲပြားသော အမျိုးအစားပေါင်းအားလုံး၏ အရေအတွက်သာ ဖြစ်ပါသည်။ စာအုပ်တစ်အုပ်ချင်းစီ၏အရေအတွက် မဟုတ်ပေ။ အချို့က စာအုပ်ဖြစ်၍၊ တချို့က စာအုပ်မဟုတ်ပေ။ အမျိုးအစားအားလုံးကို ပေါင်းရုံးခေါ်ဆိုခြင်း ဖြစ်သည်။ ဆိုပါတော့… ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ သမိုင်းစာအုပ်၊ နိုင်ငံရေးစာအုပ်၊ ဘောဂဗေဒစာအုပ်၊ အတ္ထုပ္ပတ္တိစာအုပ် စသည်တို့နှင့်အတူ စစ်တုရင်ထိုးနည်း၊ ကွန်ပျူတာပြင်နည်း၊ ကားစက်ပြင်နည်း၊ မုန့်ဖုတ်နည်း၊ ခြေအိတ်ထိုးနည်း၊ ပန်းအလှပြုပြင်နည်းစာအုပ်တို့လည်း ရောပွမ်းထွက်ရှိလာကြပြီး အလွယ်တကူ စာအုပ်ဟူ၍ပဲ ခေါ်ဝေါ်သုံးနှုန်းနေကြတော့သည်။

ခုဆောင်းပါးတွင် အဓိက ပြောလိုသည်မှာ စာပေအရာမြောက်သည့် စာအုပ်အကြောင်းပင် ဖြစ်သည်။ သူ့ကိုလည်း အမျိုးအစား ခွဲခြားလျှင် အမျိုးအမည်များစွာ ရှိနိုင်ပါသည်။ သမိုင်းရေးရာ၊ အနုပညာရေးရာ၊ ဝတ္ထု၊ ကဗျာ၊ ခရီးသွားအက်ဆေး၊ အင်တာဗျူးစသဖြင့် အမျိုးအစားပေါင်းများစွာ ရှိနိုင်သော်လည်း အဓိက အုပ်စုကြီးအဖြစ် ခွဲခြားလိုက်လျှင် အုပ်စုကြီးနှစ်စု၊ စာအုပ်အမျိုးအစားနှစ်မျိုးသာ ရှိပါသည်။

**သုတစာပေ၊ ရသစာပေနှင့် အတွေးအခေါ်စာပေ** ဟူ၍ ဖြစ်လေသည်။ စာပေပညာရှင် အများစုကမူ သုတစာပေကို အချိန်ပိုင်းမျှသာ ခံနိုင်စွမ်းရှိပြီး ရသ သို့မဟုတ် အတွေးအခေါ်စာပေမှာ ခေတ်အဆက်ဆက် တာရှည်ခံနိုင်စွမ်းရှိပြီး လေးနက်သော သို့မဟုတ် တပ်မက်သော လူနည်းစုအတွက် မရှိမဖြစ်သော၊ အကြိမ်ကြိမ်အခါခါ ပြန်လည်ရိုက်နှိပ်ရသော၊ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားမည့် အဖိုးအနဂ္ဃထိုက်တန်သော ရတနာပစ္စည်းများဟု ခေါ်ဆိုကြလေသည်။

သုတ သို့မဟုတ် အသိပေးစာပေဆိုသည်မှာ မိမိသိလိုသော အကြောင်းအရာကို ရှာဖွေကြည့်ရှုပြီး မိမိသိရှိပြီးနောက်တွင် ထိုစာပေ၏ စွမ်းဆောင်နိုင်မှုမှာ ပြီးဆုံးသွားပြီ ဖြစ်သည်။ ဆက်လက်ပြီး စဉ်းစားတွေးခေါ်ရန် ဦးနှောက်ကို အလုပ်ပေးရန် မလိုအပ်တော့ပေ။ သိလို၍ ဖတ်သည်။ ဖတ်၍ သိရှိပြီးနောက်တွင် ထိုအကြောင်းအရာနှင့် ပတ်သက်၍ ပြီးပြည့်စုံသွားသည့်သဘော။ သိမှု ကုန်ဆုံးသွားပြီဆိုသည့် သဘော

www.burmeseclassic.com

ဖြစ်သည်။

ရသစာပေ သို့မဟုတ် အတွေး အခေါ်စာပေကား ဤသို့ မဟုတ်။ သိမှု ထက် ခံစားမှုကို နှီးနွှောသည်။ သိလို ခြင်းထက် ခံစားခြင်း၊ စာအုပ်အပေါ် ကျေနပ်နှစ်သက်ပျော်ရွှင်ခြင်းက ပိုသည်။ စာဖတ်ပြီးနောက်မှ စဉ်းစားတွေးခေါ် ခြင်း အလုပ်ကို စတင်သည်။ စဉ်းစား လေလေ၊ စဉ်းစားချင်စရာ ကောင်းလေ လေ စာပေအမျိုးအစား ဖြစ်သည်။ ခံစား ခြင်း၊ ဦးနှောက်ကို ဆွခြင်း အလုပ်ကို စွမ်းဆောင်နိုင်စေသော အမျိုးအစားဖြစ် သည်။

ထိုအခါ စာဖတ်သူအပိုင်းက မည် သို့ ဖတ်ကြသနည်း။

**စာဖတ်သူ နှစ်မျိုး**

အမှန်တကယ် ခွဲခြမ်းစိတ်ဖြာလျှင် စာဖတ်သူအမျိုးအစား အများအပြား ရှိ နိုင်ပါသည်။ မျိုးတူရာ စုပေါင်းကြည့် လျှင်တော့ အဓိကအုပ်စု နှစ်ခုဖြစ်နိုင်ပါ သည်။

ပထမတစ်မျိုးမှာ လေးနက်သော၊ တပ်မက်သော၊ စာအုပ်ကို မဖတ်ရ မနေ နိုင်သော အဆင့်မြင့် စာဖတ်သမားအုပ် စု ဖြစ်သည်။ စာကိုဖတ်ပြီး စဉ်းစားဆင် ခြင်လေ့ရှိသော၊ စာရေးသူ၏ စကား လုံးတိုင်းကို တိတိကျကျ နားလည် သဘောပေါက်စေရန် ကြိုးပမ်းအား ထုတ်သည့် အလေ့အထလည်း စွဲမြဲ သော စာဖတ်သမားမျိုး ဖြစ်သည်။ အများအားဖြင့်တော့ ထိုအမျိုးအစားကို **စာကြမ်းပိုး**(Bookish)ဟု ခေါ်လေ့ရှိကြ သည်။ စာဖတ်ကျင့်ကို အခိုင်အမာ ထူ ထောင်ထားရှိနိုင်ပြီးသူများ ဖြစ်ကြ သည်။ ထို့ပြင် စာအုပ်ကို ရွေးချယ်ဖတ် တတ်သူများ ဖြစ်သည်။

စာပေအရာမြောက်သော စာအုပ် ဆိုသည်မှာ သမိုင်း၏ ထာဝရရှင်သန် စီးဆင်းနေသည့် အမေတအဖြစ် ရှုမြင်ယုံ ကြည်မှုရှိပြီး စာအုပ်ကပေးသော ပျော် ရွှင်ကြည်နူးမှုကို အပြည့်အဝ ခံစားနိုင် စွမ်းရှိသူမျိုး ဖြစ်သည်။ စာအုပ်ကို စနစ် တကျ လေးလေးနက်နက် ဖတ်ရှုပြီး ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသူ၊ စဉ်းစား တွေးခေါ်တတ်သူမျိုး ဖြစ်သည်။ စာဖတ်သော လူတော်အမျိုးအစားထဲ ပါဝင်သူများ ဖြစ်ကြသည်။

> တွေ့ကရာစာကို
> ရွေးချယ်ခြင်း
> မရှိဘဲ
> နွားငတ်ရေကျ
> ဖတ်ပြီး
> စဉ်းစား
> ဆင်ခြင်ခြင်း
> မရှိလျှင်
> ဗဟုသုတ
> များသည့်
> လူညံ့တစ်ယောက်
> ဖြစ်စေနိုင်သည်

နောက် တစ်မျိုးမှာ စာတော့ ဖတ် ကြသည်။ သူ့စိတ်အခံကိုက စာကို လေးစားလေးနက်စွာ ဖတ်သောအကျင့် မရှိသူများ ဖြစ်ကြသည်။ တခြားသူများ အထင်အမြင်ကြီးမှု ရရှိစေရန်၊ ထင်ပေါ် မှု၊ ဗဟုသုတကြွယ်ဝသူအဖြစ် အသိ အမှတ်ပြုခံရမှုကို ငမ်းငမ်းတက် လိုချင် တပ်မက်သူများ ဖြစ်ကြသည်။ သူတို့ ကိုတော့ **စာဘဝင်**(Snobbig)သမားများ ဟု ကင်ပွန်းတပ်လေ့ ရှိသည်။ သူတို့ အတ္တအတွက်၊ မာနအတွက်၊ ထင်ပေါ် လိုမှုအတွက် စာအုပ်များသည် ကြားခံ ပစ္စည်းတစ်ခုသဖွယ် အသုံးပြုကြသူများ ဖြစ်သည်။

**အကာန်းနှင့်အမြဲ့ဟူ၍ နှစ်မျိုးခွဲခြား** ပြီး ပြောတတ်ကြသည်။ စာမဖတ်ခြင်း ကို **အကာန်း**ဟုဆိုပြီး ဖတ်ပြီးသော စာပေ ဗဟုသုတ၊ တွေးခေါ်မြော်မြင်မှုကို ပြန် လည်မျှဝေ အသုံးမပြုနိုင်ခြင်းကို **အမြဲ့** ဟုဆိုကြသည်။ **အကာန်း**သည် မကောင်း သလို **အမြဲ့**သည်လည်း ကြိုဆိုသင့် သည့် လူမျိုးမဟုတ်ပေ။

**စာဖတ်သော လူညံ့များ**

ထူးချွန်ထက်မြက်သူတိုင်း တစ် နည်းပြောရလျှင် တော်သူတိုင်း စာဖတ် ကြသည်တော့ မှန်သည်။ စာဖတ်တိုင်း မတော်သည်ကိုလည်း သတိပြုစေချင်ပါ သည်။

စာဖတ်ပြီး စာမကျေသူတိုင်း၊ စာဖတ်ပြီး ငါတော်လှချည့်၊ တတ်လှ ချည့်ဟု ထင်တစ်လုံး ရှိနေသူတိုင်း သည် မတော်ရုံမက လူ့အော့ကြောလန် များ၊ နေရာဌာနမသိ၊ ဟောင်ဖွာ ဟောင် ဖွာ ပြောကျင့်ရှိသည့် လူပေါကြီးများ အဖြစ် ပတ်ဝန်းကျင်က သတ်မှတ်ကြ လေ့ ရှိပါသည်။

တွေ့ကရာစာကို ရွေးချယ်ခြင်း မရှိဘဲ နွားငတ်ရေကျဖတ်ပြီး စဉ်းစား ဆင်ခြင်ခြင်း မရှိလျှင် ဗဟုသုတများ သည့် လူညံ့တစ်ယောက် ဖြစ်စေနိုင် သည်။ စာအုပ်များမှ ပေးစွမ်းသော တွေးခေါ်မြော်မြင်မှု၊ ဆင်ခြင်တုံတရား ရှိမှု၊ မှန်ကန်မှု၊ တရားမျှတမှုကို ကောင်း မွန်မှန်ကန်စွာ လက်ခံရယူနိုင်ခြင်း မရှိ တော့သဖြင့် ဘယ်ရည်ရွယ်ရာ ပန်းတိုင် ကိုမှလည်း မရောက်၊ ဘယ်သူ့ကိုမှ လည်း အကျိုးမပြုတော့သည့် လူဘွား တောင်းများအဖြစ် ကမ္ဘည်းတင်ခံရမည် သာ ဖြစ်လေသည်။

**စာဖတ်သော လူညံ့များသည်** စာ **မဖတ်သော လူညံ့များ**ထက် ပို၍ပို၍ မိုက်ကန်းတတ်ပါသည်။ သူ့မှာ ငါ စာဖတ်သည်ဟူသော **စာဘဝင်**ကလည်း မီးလောင်ရာ လေပင့်သကဲ့သို့ တညီးညီး တောက်လောင်နေတတ်၍ ဖြစ်သည်။ ။

**မောင်ခိုင်က**



www.burmeseclassic.com

www.burmeseclassic.com

RIVER HOUSE

# စာနဒီစာအုပ်တိုက်

## ...စာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

- ...အရှင်ဝီရိယ(တောင်စွန်း)
  ...သွားစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း / ၉၀၀ိ -
  ...ဘဝခြမ်းကိုပြောင်းလဲစေခဲ့သောသာမဏေနှင့်
  ...ကျေးဇူး / ၂၀၀ိ -
- ...)
  ...ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
  ...etics and Philosophy of Art Criticism
  ...me Stolnitz / ၂၂၀ိ -
- ...
  ...တ်ကာလ မပွင့်သေးသောဘုရားများအား
  ...သင့်မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ / ၁၂၀ိ -
  ...နှင့် သီဟိုဠ်မွေဝတ္ထုတိုများ / ၁၅၀ိ -
- ...(ဝန်ကြီးဟောင်း)
  ...အပျောက်စေဆရာကြီး ရုပ်စပြုတင် / ၂၀၀ိ -
- ...ကြီးဦးတင့်ဆွေ
  ...ရေစီစိတ်ထား / ၇၀ိ -
- ...(စမ်းချောင်း)
  ...လက်ဆင့်ကမ်း Message to Teen / ၂၀၀ိ -
  ...ကျော်တို့ ရုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀ိ -
- ...ဇော်
  ...နက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ / ၁၆၀ိ -
- ...ခွန်းခြံကုန်း
  ...ကြီးကတောင်ကန်မြောက်ကန် / ၁၂၀ိ -
  ...စက်မယ် / ၁၅၀ိ -
- ...ဆည်မောင်မောင်
  ...တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်စရီးကြမ်းနှင့်
  ...တွေ့မှတ်တမ်း / ၂၅၀ိ -
- ...
  ...လေးနဲ့ မနီ / ၃၀၀ိ -
  ...တ်မှ သရဖီသို့ / ၁၂၀ိ -
  ...ဝ ကဗျာ ၈၀ / ၂၀၀ိ -
- ...(ဟသ်ာတ)
  ...တို့စကား အရှင်တို့တရား / ၁၅၀ိ -
- ...
  ...ကြောင်းရေးတစ်ကြောင်းခြစ် / ၃၅၀ိ -
- ...တာအရှင်သာမိန
  ...ပုဒ္ဓ၏ ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀ိ -
  ...ရည်တွေဘယ်ကိုရောက်နှင့်
  ...သာရေးအတွေးဆောင်းပါးများ / ၂၀၀ိ -

- ဂမ်ထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ / ၂၅၀ိ -
- နတ်စည် (ဂမ်ထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြပွဲ / ၂၅၀ိ -
- သာထက်အောင်
  တွေးမိသမျှ ပေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေ့အကြုံ
  (ပြဇာတေးလူ့အတွေ့အကြုံဆောင်းပါးများ) / ၃၅၀ိ -
- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံအတ္ထုပ္ပတ္တိ၊ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀ိ -
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန် NLD နှင့် သမ္မတဇာတ်လမ်း / ၂၅၀ိ -
- မောင်သိင်္ခ
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀ိ -
- ဝဏ္ဏသီရိ
  ချုပ်ရာငြိမ်းရာ / ၁၀၀ိ -
- နှစ်ဖက်လှ ဦးကျော်လွင်
  ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀ိ -
  နှစ်ဘက်လှ တက္ကသိုလ်တရားများ / ၄၀၀ိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀ိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀ိ -
- **ပေလေးပင်နတ်မီးတောရ အရှင်ဆန္ဒာဓိက**
  မေတ္တာစစ်သည်တော် / ၁၅၀ိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့်စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀ိ -







...ရေး-စာနဒီစာအုပ်တိုက်၊ အမှတ်-၉၇၃၊ ပျဉ်းမပြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၇ ၁၃၉၆၊ ၀၉ ၅၀၇ ၁၃၉၇။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အမေ အသက် ၈၃ နှစ် ရှိပြီ။
ကြာဖြူကြာနီကျေးလက်၊
မြစ်ဝကျွန်းပေါ်ရွာကလေးမှာ နေသည်။
'အမေက တို့လင်မယားကို နှင်ချနေတာများပြီ။
ဒီတစ်ခေါက်ပြန်လာရင် အမေ့ကို
သေချာပြောမှဖြစ်မယ် အစ်ကိုကြီး'
အမေနှင့် အတူတကွနေထိုင်သော ကျွန်တော့်ညီ
ကျောင်းဆရာက လှမ်း၍ တိုင်တန်းသောကြောင့်
မဟုတ်စေကာမူလည်း ကျွန်တော်သည်
နွေရက်ရောက်လျှင်ဖြင့် ရွာသို့ပြန်ခဲ့ရမြဲပင် ဖြစ်သည်။
ကျွန်တော်က ဟိုဟိုသည်သည်
ပြောင်းရွှေ့ရသောဝန်ထမ်းဖြစ်သဖြင့်
အမေနှင့်အတူမနေနိုင်။ ရွာကိုခင်တွယ်သော
အမေကလည်း ကျွန်တော်တို့နှင့် လိုက်မနေနိုင်။
ကျွန်တော့်ညီနှင့် ခယ်မကပဲ အမေ့အနားအတာခံ၍
အမေနှင့်အတူ ရွာမှာ နေရသည်။ သို့သော်
'နီးတကျက်ကျက် ဝေးတသက်သက်'ဆိုသော
သဘောသည် သားအမိများကြားမှာလည်း
ရှိတတ်စမြဲ ဖြစ်သည်။
သားအကြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊
ဆယ်နှစ်သားကတည်းက သူနှင့်ခွဲ၍
နေခဲ့ရခြင်းကြောင့်လည်းကောင်း၊
ကျွန်တော့်ကို အချစ်ဆုံးဖြစ်ကြောင်း၊
အတိမ္ဗာတွေဖြစ်ကြောင်း၊ ပြောင်ပြောင်တင်းတင်းပင်

# အမေကတစ်ဖက် ကမ္ဘာကြီးကတစ်ဖက်

## မောင်ရှင်မဟာ ကျောင်းကုန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမေက ကြေညာထားသည်။

စင်စစ် ကျွန်တော်သည်အဝေးမှနေ၍ အမေ့ကို တတ်နိုင်သမျှ ငွေစကြေးစလေး ကန်တော့ရုံ၊ 'ဘားပလက် တစ်ဘူး၊ နှစ်ဘူး၊ ဂလူးကို့(စ်)တစ်ထုပ်စ နှစ်ထုပ်စ' (ဆရာစွမ်းကဗျာထဲဆိုသလို) ပေးပို့ရုံကလွဲ၍ အမေ့ကို အနီးကပ်ပြုစုခြင်း၊ မွေးမြူခြင်း ပြုနိုင်သူ မဟုတ်ပါ။ ကျွန်တော့်ညီမအငယ်ဆုံးကလည်း သူ့အိုးအိမ်နှင့်သူ၊ သျှောင်နောက်ဆံထုံးပါလိုက်ပါနေထိုင်ရသဖြင့် အမေ့အနားမှာ မနေနိုင်ပါ။ ကျွန်တော့်ညီ ကျောင်းဆရာနှင့် ကျွန်တော့်ခယ်မ ကျောင်းဆရာမတို့ကပဲ အမေနှင့်အတူတကွ နေထိုင်၍ အမေ့အနွံအတာခံရသည်။ အမေ့ကို သည်းခံရသည်။ ပြုစုရ၊ စောင့်ရှောက်ရသည်။ သို့သော်…

ကျွန်တော့်ညီလင်မယားမှာ သားသမီးမထွန်းကားတာလည်း အကြောင်းရင်းတစ်ချက် ဖြစ်မည်။ နှစ်ဦးသား မှိန့်နေလျှင် အမေက ကြည့်မရ။ တီဗွီရှေ့ အတူထိုင်၍ တွတ်ထိုးနေလျှင်လည်း အမေက နားကြားပြင်းကတ်သည်။အပ်ကြောင်းထပ်အောင် ထပ်ခါတလဲလဲပြောသော စကားသံများကို အမေ သည်းမခံတတ်။ အမေသည် ကျွန်တော့်ကိုဖြစ်စေ၊ သူ့မြေးတွေကိုဖြစ်စေ အောက်မေ့လာလျှင် အတူနေ ကျွန်တော့်ညီလင်မယားကို ရမ်းတော့သည်။ စင်စစ် အမေနှင့်အတူ သူတို့နေကြ၍သာပဲ အဝေးက ကျွန်တော်တို့ စိတ်ဝမ်းဖြောင့်ဖြောင့် ဝမ်းကျောင်းနိုင်ခြင်း ဖြစ်သည်။

'နင်တို့တွေ ငါ့အိမ်ပေါ် မနေကြနဲ့' ဟု မကြာခဏ နှင်ချနေသည်တဲ့။ အသက်အရွယ်ကြောင့်ပဲ ထင်သည်။ အမေက တစ်ခုခုကို အလိုမကျ ဖြစ်တာများလာသည်။ မည်သို့ပင်ဖြစ်စေ သားနှင့် ချွေးမကလွဲ၍ အမေနှင့်အတူနေဖို့ ဘယ်သူမှ အခွင့်အရေးမရနိုင်သည်ကို အမေ မသိရန်အကြောင်း မရှိ။

သို့သော် သည်တစ်ခါပြန်လျှင် တစ်စုံတစ်ခု ဆုံးဖြတ်ပေးမှဖြစ်တော့မည်။ တစ်ဦးဦးကို 'ဗိုလ်'ပေးမှ ဖြစ်

'နင်တို့တွေ
ငါ့အိမ်ပေါ်
မနေကြနဲ့' ဟု
မကြာခဏ
နှင်ချနေသည်တဲ့
အသက်အရွယ်ကြောင့်ပဲ
ထင်သည်
အမေက တစ်ခုခုကို
အလိုမကျ ဖြစ်တာ
များလာသည်
မည်သို့ပင်ဖြစ်စေ
သားနှင့်ချွေးမကလွဲ၍
အမေနှင့်အတူနေဖို့
ဘယ်သူမှ အခွင့်အရေး
မရနိုင်သည်ကို
အမေ မသိရန်
အကြောင်း မရှိ
သို့သော်
သည်တစ်ခါပြန်လျှင်
တစ်စုံတစ်ခု ဆုံးဖြတ်ပေးမှ
ဖြစ်တော့မည်
တစ်ဦးဦးကို
'ဗိုလ်'ပေးမှ ဖြစ်တော့မည်

တော့မည်။

❑

ပိတောက်ဝါပွင့်ဖူးသည့် တန်ခူးနွေရက်များရောက်လျှင် ဘယ်ရပ်မြေ၊ ဘယ်ဒေသ၊ ဘယ်နေရာ၊ ဘယ်ဌာနသို့ ရောက်ရှိနေသည်ပဲဖြစ်စေ ကျွန်တော်တို့သည် အမေ့ရွာကလေးသို့ အရောက်ပြန်လာခဲ့ရစမြဲဖြစ်သည်။ တန်ခူးနွေရက်များသည် ကွဲကွာနေသောမိသားစုများကို ပြန်လည်စုစည်းပေးတတ်သကဲ့သို့ သံယောဇဉ်မိခင်ကြီး၏ သံယောဇနအာလယကိုလည်း ဖြည့်ဆည်းပေးတတ်စမြဲ ဖြစ်သည်။

အတာရက်နီးသည်နှင့် 'အမေ့ခေါ်သံ'ကြားရပြီ။ ဆန်ဗန်းတပြာပြာ၊ အိမ်ကြမ်းတခါခါနှင့် သား၊ သမီး၊ မြေးထီး၊ မြေးမ အစုံအညီတွေ့ရမှ အမေ ကျေနပ်သည်။ တစ်ယောက်ယော မလာရောက်ဖြစ်လျှင် တဖျစ်တော တောက်ပြောနေတတ်သည်။ရောက်လာ သူကိုထား၍ ရောက်မလာသူကို လွမ်း နေတတ်သည်။ သည်တော့ နွေရက်နီး ဆိုလျှင် အမေ့ထံပြန်ဖို့ စိုင်းပြင်းရသည် ကလေးတွေကို အမေ့ဆီသို့ ပြန်ကြ စည်းရုံးရ၊ ချော့မော့ရ၊ ဖျောင်းဖျ သည်။

ပြည်မြို့မှာ ခိုနားခဲ့စဉ် အကြိ ကောင် ဆယ်ကျော်သက်က ပြည် သင်္ကြန်ကို သူ၏သူငယ်ချင်းများနှင့် ချင်သည်ဟု အရေးဆိုသည်။ ကျွန်တော် က အမေ့ရွာကိုပဲ ပြန်လိုက်ဖို့ တွန်းတွ တိုက်တိုက်ပြောရသည်။ ပထမနှစ် လိုက်လျော၍ သူ ပြန်ခဲ့သည်။ နောက် တစ်နှစ်မှာတော့ဖြင့် သင်္ကြန်ရက်နီး သည်နှင့် ရာဇသံပေးလေတော့သည်

'ဒီသင်္ကြန် ဘွားဘွားဆီပဲပြန် မယ်ဆို ကျွန်တော် အိမ်က ထွက်ပြေး မယ်'

အဲသည်တစ်နှစ်ပဲ အမေက ခွင့် ပေးခဲ့သည်။ ပြည်သင်္ကြန်မှာ သူ လည်မည်ကို စိတ်မချ၍ ကျွန်တော် ကိုပါ မပြန်ခိုင်းတော့ဘဲ 'မြေးနဲ့အတူ လည်စေ' ဟူ၍ အမေက အမိန့်ချ တော်မူသည်။

ကျွန်တော် ပူတာအိုပြောင်းတ က 'ပူတာအို'ကို 'ရွှေဘို' ဟုပြော ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။ တ ယောက်ယောက်က လျှာချော် သတင်းပေါက်သွားလျှင် အမေက ဘိုကို ပူတာအိုနဲ့ နားကြားလွဲတာ မှာပါဟု ဖွတ်ငြင်းနိုင်စေရန် 'အို' ကာရန်ညီသောမြို့ကို တမင်ရှာ၍ လည်ထားခဲ့ရသည်။ ထိုနှစ် သင် မတိုင်မီ ကျွန်တော့်ညီ ရေးလိုက်သော စာက 'ဒီနှစ်တော့ အမေ့ကို လိုက် တဲ့အနေနဲ့ ဘုန်းကြီးဝတ်ပေးမှဖြစ် အစ်ကိုကြီး'ဆိုသဖြင့် မဖြစ်မနေ ရွာ ပြီး ဘုန်းကြီးဝတ်သည်။ အမေ့ ရောက်ခါမှ ဒုလ္လဘဘုန်းကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com

ခု ဘယ်မှာ တာဝန်ကျသလဲ' မေး ဖြင့် ကတုံးကြီးနှင့် ဖြောင်လိမ်ခဲ့ရ သေးသည်။

ဖေဖော်ဝါရီလက ဆိုးလ်မြို့က ရီးယား အကယ်ဒမီတစ်ခုမှာ ပညာ င်ကြားဖို့ သမီးငယ် Scholar ရသည်။ မြေးမ ထွက်သွားပြီးနောက် အမေ့ကို မ်နေရတာ ပင်ပန်းသည်ဆိုပြီး ဖွင့် ပြောလိုက်သည်။ 'ဟဲ့ ငါ့မြေးကို ဒီ ောက်ဝေးတဲ့ နေရာကြီး လွှတ်ရ လား၊ နင့်မိန်းမကို လွှတ်ပါလား' ျက်ရည်စမ်းစမ်းနှင့် ဆူပါလေတော့ ည်။ 'အမေရာ ပညာသင်သွားတာ ါ၊ ယောက်ျားနောက် လိုက်သွားတာမှ ဟုတ်ဘဲ' ပြောတော့မှ အမေ အသံ တ်သည်။

ကျွန်တော်တို့ရွာမှာ ဟိုစဉ်က ာတန်းပဲရှိသည်။ လေးတန်းအောင်က ောင်သူလယ်လုပ် ဓားမခုတ်' လျှင် တ်၊ မခုတ်လို၍ ကျောင်းဆက်တက် ည်ဆိုလျှင် ပုသိမ်၊ ဟင်္သာတ သွားရ ည်။ ကျွန်တော် လေးတန်းအောင် ာအခါ တတ်နိုင်လှသည်မဟုတ် ော်လည်း အဖေက ပုသိမ်ကျောင်းပို့ ည်ပြောသည်။ အမေက 'ရှင်တတ်နိုင် လား' မေးသည်။ မင်္ဂလသုတ်၊ နသုတ်နှင့် ရတနာရွှေချိုင့်လောက် ာ အာဂုံရသောအဖေ၊ ကျွန်တော် ်မိသရွေ့ဆိုလျှင် အမေ့ကို ဘယ်တစ် မှ မလွန်ဆန်ခဲ့ဖူးသော အဖေက အဲ ည့်တစ်ကြိမ်ပဲ ဝံ့ဝံ့စားစား တော်လှန်ခဲ့ သည်။ 'ငါ ခါးတောင်းကျိုက် ြတ်ရရင် နေပါစေ'တဲ့လေ။

တစ်နေ့။ တစ်ခုတည်းသော နာပစ္စည်းအဖြစ် ပိုင်ဆိုင်သည့် ရွှေဆွဲ ာလေးကို အမေက သူ့လည်တိုင်မှ ်ကာ ကျွန်တော့်လည်ပင်းတွင် ဆင် ပေးလိုက်ခြင်းသည် အဖေ၏ တော် ်ရေးအပေါ် အမေ၏ နောက်ဆုံး စ်ဖြစ်သည်။

'ပုသိမ်မှာ ကျောင်းသွားမနေနဲ့နော်၊ ကို ဒီဆွဲကြိုးလေးပေးမယ်'

**သည်မြေကမ္ဘာတွင် ကျွန်တော့်အမေက တစ်ယောက်သော သူ၏စကားကိုပဲ လက်ခံ စဉ်းစားပေးမည် ဆိုလျှင် ထိုတစ်ယောက်သည် ကျွန်တော် မှတစ်ပါး အခြားသူ မဖြစ်တန်ရာချေ**

အဲသည်တုန်းက ပုသိမ်ကျောင်းသို့ သွားတက်သော ရွာမှ အင်းသူကြီးသား (သူငယ်ချင်း)များကို အားကျစိတ်ဖြင့် အမေ့ရွှေဆွဲကြိုးလေးကို ဘုမသိ ဘမသိ ငြင်းပယ်ခဲ့သော ကျွန်တော့်အား ရွှေမလို ငွေမလို၊ ပညာကိုသာလိုသောအကောင်း စားသားတစ်ယောက်သဖွယ် အမေ သည် တစ်သက်ပန်လုံး ချီးမွမ်းမဆုံးရှိ သကဲ့သို့ ဆယ်နှစ်သားကတည်းက ခွဲခွာ နေထိုင်ရသောသားအဖြစ် ဦးစားပေးခဲ့၊ အချစ်ပိုခဲ့သည်။ သည်မြေကမ္ဘာတွင် ကျွန်တော့်အမေက တစ်ယောက်သော သူ၏စကားကိုပဲ လက်ခံစဉ်းစားပေး မည်ဆိုလျှင် ထိုတစ်ယောက်သည် ကျွန်တော်မှတစ်ပါး အခြားသူ မဖြစ် တန်ရာချေ။

သားသမီးကို အပြစ်တင်ရန်ဝန် လေးသော၊ အပြစ်မမြင်ရက်သော အမေ များထဲတွင် ကျွန်တော်တို့အမေ ထိပ်ဆုံး ကပါမည်။ ငယ်တုန်းက ကျွန်တော်တို့ သူငယ်ချင်းတစ်စု ကစားကြူး ကျောင်း နောက်ကျ၍ အရိုက်ခံရသောအခါဖြစ် စေ၊ သူငယ်ချင်းများနှင့် အပြစ်တစ်ခုခု ကို အတူကျူးလွန်မိသောအခါဖြစ်စေ အမေသည် အပြစ်ကိုအပြစ်ဟု မဖြစ်မနေ လက်ခံလိုက်ရစေကာမူ ကျွန်တော့်ကို ပြစ်တင်မောင်းမဲဖို့ထက် တစ်ယောက် ယောက်ကို သူ့သားအစား တရားခံရှာဖို့ အသင့်ဖြစ်နေတတ်သည်။

'ငါ့သားလေးက ဒီလောက်ဆိုး တာ မဟုတ်ဘူး၊ ဒေါ်ပူတူးသားတွေနဲ့ ပေါင်းလို့ ဖြစ်ရတာ'

'မဟုတ်ပါဘူးအမေရယ်၊ အဲဒါကို ကျွန်တော်က စ,လုပ်တာ၊ ဟိုကောင်တွေ မဟုတ်ဘူး' အဖော်မင်သော ကျွန်တော် က သူငယ်ချင်းများနှင့် ဆော့ကစားမှုကို ပိတ်ပင်ခံရမည်စိုး၍ပြောလျှင် အမေက 'ဟဲ့ကောင်လေး တိတ်တိတ်နေ'ဟု 'ဟန့်'တတ်သည်။ သားနှင့်ပတ်သက် ပါက တရားမျှတမှုနှင့် ယုတ္တိဗေဒကို ပစ်ပယ်ရန်ဝန်မလေးခဲ့ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ကျွန်တော် ဆယ်တန်းကျသည့်နှစ် ကအကြောင်းကို ပြန်ပြောရဦးမည်။

အမေတို့ စီးပွားရေးမချောင်လည် ၍ ခက်ခဲချို့တဲ့စွာ ကျောင်းထားရသည် ကို ကောင်းစွာသိနားလည်ပါလျက် ကျွန်တော်က စာယောင်ယောင် ပေ ယောင်ယောင်လုပ်နေခဲ့သည်။ ကျောင်း စာနှင့်မဆိုင်သော စာအုပ်ပုံတွေထဲမှာ ခေါင်းစိုက်နေခဲ့သည်။ စာမေးပွဲဖြေဖို့ ၆ ရက်အလိုတွင် 'နတ်ရှင်နောင်ရတု ပေါင်းချုပ်' ကို သူငယ်ချင်းထံမှ ငှား ရမ်းရရှိသဖြင့် တစ်အုပ်လုံး ရေးကူး လိုက်၊ ကျက်မှတ်လိုက်လုပ်နေခဲ့ပါ သည်။ စာမေးပွဲခန်းထဲသို့ ရောက်သော အခါ ကျွန်တော် အကျွမ်းတဝင်ရှိလှပါ သည်ဆိုသော ရူပဗေဒပုစ္ဆာများကို မဖြေ နိုင်ခဲ့ပါ။ အဘယ်မျှ သေချာခဲ့သလဲ ဆိုလျှင် အောင်စာရင်းကိုပင် သွား မကြည့်ခဲ့ပါ။ ကိုယ့်အပြစ် ကိုယ်သိပြီး ဖြစ်ပါသည်။ ကိုယ့်ရလဒ် ကိုယ်လက်ခံ

www.burmeseclassic.com

ပြီးဖြစ်ပါသည်။ ကြီးစွာ မျှော်လင့်အားခဲခဲ့သော အဖေနှင့်အမေကိုမူ အားနာလှပါသည်။ သို့သော် အဖေနှင့်အမေက ကျွန်တော့်ကို စိုးစဉ်းမျှ အပြစ်မတင်ခဲ့ပါ။ အပြစ်မတင်၊ အပြစ်မမြင်ခဲ့ရုံမက အမေပြောလိုက်သော စကားတစ်ခွန်းက ကျွန်တော့်ရင်ထဲ စစ်ခနဲ ကျည်သွားခဲ့ပါသည်။

'ငါ့သားက အင်မတန် စာတော်တာ၊ တစ်နှစ်မှ ရှုံးဖူးတာမဟုတ်ဘူး။ စာဖျက်တဲ့ဆရာတွေက အောင်စာရင်းမှားသလားမှ မသိတာ'

စာမေးပွဲကျ၍ မျက်ရည်မဝဲခဲ့သော ကျွန်တော်သည် အမေ့မေတ္တာတရားကို နင့်နင့်နဲနဲခံစားသိခဲ့ဖူးပါသည်။

❑

ကျွန်တော့်အမေ ၈၃ နှစ်ရှိပြီ။ ကြာဖြူကြာနီကျေးလက်၊ မြစ်ဝကျွန်းပေါ်ရွာကလေးမှာ နေသည်။

'ဒေါ်လေးကိုလည်း ပြောခဲ့ဦး' ဟု အစ်ကိုဝမ်းကွဲက ပြောသည်။ 'ပြောခဲ့မှ ဖြစ်မယ်'ဟု ညီဝမ်းကွဲကလည်း ပြောသည်။ တူသားနောင်မယ်တွေက အမေ ဗိုလ်ကျပုံတွေကို ဝိုင်း၍တိုင်ကြသည်။ အမေလွန်ကြောင်း သူတို့ပြောတာတွေက မှားယွင်းခြင်း မရှိပါ။

အမေသည် ခု အသက်အရွယ်အထိတိုင် သားသမီးမြေးမြစ်တို့နှင့် စိတ်ရှိတိုင်း သိုက်သိုက်ဝန်းဝန်း နေခွင့်မရနိုင်သေးသည်ကိုအကြောင်းပြု၍ အတူနေသော သားနှင့်ချွေးမကို 'ရမ်း'နေခဲ့တာအမှန်ပဲ ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ရွာပြန်ရောက်သည့်နေ့မှစ၍ အမေပြုံးနေသည်။ နှစ်ရက်အကြာမှာ ညီမတို့မိသားစုလည်း ရောက်လာသည်။ ကျွန်တော်တို့ အင်မတန်ကြိုက်သော မုန့်ဟင်းခါးကို မနက်တိုင်းချက်ကျွေးသည်။ ရွာနှင့် ၆ မိုင်ဝေးသော ဒါးကသို့ ဟင်းကျွေးဟင်းရံများ တခုတ်တရမှာလျက် အလျှံပယ်ချက်ပြုတ်ကျွေးမွေးနေခဲ့သည်။ အမေ့မျက်နှာက ပြုံးလက်နေသည်။

အသားအရေတွေ လျော့ရဲရဲ၊ သွားတွေကျိုးတိုးကျဲတဲ၊ မျက်ခွံက အိတွဲတွဲ၊ သို့သော် မြေးတွေကြားမှာ အမေ့အပြုံးက ပို၍တောက်ပနေသည်။ အမေအိုကြည်သာနေတုန်း 'အစ်ကိုကြီး မပြန်ခင် အမေ့ကို ပြောခဲ့ဦး' ဟု ညီမ အငယ်ဆုံးက ပြောသည်။

အမေ တစ်ချက်ငဲ့ကြည့်သည်။ သမီးငယ်က ဘာဆိုလိုသည်ကို ရိပ်စားမိပုံရသည်။ 'ငါ့သားကြီး တစ်ခါတလေလာတာ စိတ်ရှုပ်စရာတွေ မပြောနဲ့' ဟု ကျွန်တော့်ဘက်ကို မကြည့်ဘဲ ပြောသည်။ သို့သော် ညီမက မလျှော့။

'အမေ့ကို အတူနေတဲ့သူတွေနဲ့ တည့်အောင်နေဖို့ အစ်ကိုကြီး မပြန်ခင်ပြောခဲ့ဦးမှပေါ့'

တစ်အိမ်လုံး တိတ်သွားသည်။ တုတ်တုတ်မျှမလှုပ်။ ညီနှင့် ခယ်မသာမက အစ်ကိုဝမ်းကွဲ၊ ညီဝမ်းကွဲများပါ ကျွန်တော့်ဆုံးဖြတ်ချက်ကို ငံ့လင့်နေကြသည်။ မရှောင်လွှဲသာပြီ။ကျွန်တော်တစ်ခုခုပြောဖို့ လိုအပ်နေပါပြီ။ အမေနှင့်သူ၏ တူသားနောင်မယ်များအကြား ပြတ်ပြတ်သားသားပြောမှ ဖြစ်ချေတော့မည်။ ကျွန်တော် သက်ပြင်းရှိုက် အားတင်းပြီး ပြောချလိုက်သည်။

'ဟော့ အမေ တရားတာ မတရားတာ၊ မှားတာ မမှားတာတွေ မပြောကြနဲ့တော့။ ဒီတစ်မိသားစုလုံးမှာ အမေအရေးကြီးဆုံးပဲ။ ငါတို့အမေ စိတ်ချမ်းသာဖို့လိုတယ်။ ဘယ်သူမဆို အမေနဲ့တည့်အောင်နေရမယ် ဒါပဲ'

မည်သို့သောအရာသည် အမေနှင့်ဘက်ပြိုင်လောက်အောင် အရေးပါခဲ့ပါသနည်း။ ကျွန်တော်တို့ တရားသူကြီးလုပ်တမ်း ကစားနေခြင်း မဟုတ်ပါ။ အမေ့ကို တစ်ဖက်၊ ကမ္ဘာကြီးကိုတစ်ဖက် ချိန်တွယ်၍ရသောချိန်ခွင်မျိုးရှိသည်ဟု ကျွန်တော် မယုံပါ။

ကျွန်တော်တို့သည် အမေ့ကို ရွေးချယ်လိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် အမေဖြစ်သောကြောင့် ဖြစ်သည်။ ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ ဇာတ်သဘင်နှင့် ပြင်ပပွဲများတွင် ကပြနေသော နတ်ကတော် ကခန်းများ မှားယွင်းနေသည်ကို တွေ့ရသဖြင့် ဤဆောင်းပါးကို ရေးရခြင်း ဖြစ်ပါသည်။ နတ်ကတော်က,သည် တစ်ပင်တိုင်(တစ်ဦးတည်းသာ) ကရသော အကဖြစ်သည်။ နတ်ကတော် ယိမ်းဟူ၍ မရှိပါ။ ယခုအခါ နတ်ကတော်က,ကို ယိမ်းအသွင် ကပြလာကြသည်ကို တွေ့ရသည်။ ပိုဆိုးသည်က နတ်ကတော်ယိမ်းကရာ၌ နတ်ချင်းများနှင့် ကရသောအခါ မင်းကျော်စွာ နတ်ချင်းများ ပါလာသဖြင့် ကိုကြီးကျော် (ပခန်းမင်း ဦးမင်းကျော်) ဇာတ်ရုပ်က မြင်းစီးဟန်ဖြင့် ထွက်လာသောကြောင့် နတ်ကတော်ယိမ်းမှာ အော်ပရာဆန်ဆန် ဖြစ်သွား ရလေသည်။ အမှန်မှာ နတ်ကတော်က,သည် ဇာတ်ပွဲ၊ အရပ်ပွဲ ပထမဆုံးညတွင်သာ တစ်ဦးတည်း ကပြရသော အကဖြစ်သည်။ နတ်ကတော် ဆိုသည့်ဝေါဟာရကို အရင်ရှင်းရပါလိမ့်မည်။ နတ်ကတော် ဆိုသည်မှာ အမှန်တကယ် မရှိပါ။ အချို့က ကတော် ၁၀ ပါး တစ်ပါး ပါဝင်သည်ဟု ဟာသနှော၍ ပြောကြသည်။ မင်းကတော် စိုးကတော်ဆိုသည်မှာ မင်းစိုးရာဇာနှင့် အိမ်ထောင်ဖက်သော ဇနီးမယားကို ဆိုလိုသည်။ သို့ဆိုက နတ်ကတော်ဆိုသည်မှာ





www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သဘင်မှ နတ်ကတော်

မောင်သန်းဆွေ၊ ထားဝယ်၊




ထမင်းအိုးတန်း၊ ဟင်းအိုးတန်း အပ်သည်ဟုဆိုကာ နတ်နှင့်လက်ထပ်သည့်သဘောဖြင့် လင်အရာ၊ မယားအရာ အပ်သည်လည်း ရှိပါသည်။ အလွန်ရှား၏။ နတ်အပ်သည် ဆိုသည်မှာ ထိုနတ်နှင့်အပ်၍ ထိုနတ်၏ အစောင့်အရှောက်ခံ သဘောသာဟုယူဆပါသည်။ ခရစ်ယာန်အယူဘာသာသို့ သွင်းရာတွင် ရေဖျန်းခြင်း၊ ရေနှစ်ခြင်းပြုရာ၌ ဂေါ့ဖားသား၊ ဂေါ့မားသားဟူ၍ ထားရသကဲ့သို့ ခေါင်းကိုင်အဖေ၊ ခေါင်းကိုင်အမေဟု ထားခြင်းနှင့် သဏ္ဍာန်တူသည်ဟု စာရေးသူထင်ပါသည်။ ဤသို့ဖြင့် နတ်နှင့်အပ်ပြီး နတ်ဟောပြောစားသူ အမျိုးသမီးတို့အား နတ်ကတော်ဟု ခေါ်ကြသည်။ အမျိုးသားတို့ကိုမူ

နတ်နှင့် အိမ်ထောင်ဖက်ထားသော မိန်းမယားကို ဆိုလိုခြင်းပေလောဟု မေးစရာရှိသည်။ နတ်ကိုးကွယ်ပသသည့်သူများ လောကတွင် နတ်နှင့်အပ်ထားသူဟူ၍ ရှိသည်။ နတ်ကိုးကွယ်သူသည် နတ်ဆရာထံမှ ပထမအဆင့်အနေဖြင့် 'ရေစင်'ဟူ၍ သောက်ရသည်။ နတ်ဇာတ်သွင်းလိုက်ခြင်း ဖြစ်၏။ ထိုမှ ဝါရလာသောအခါ နတ်အပ်ရသည်။ နတ်အပ်သည် ဆိုရာ၌ ထိုသူ၏ခေါင်းစွဲကို

နတ်ဆရာက တိုင်တည် ဖော်ထုတ်ပြီး ထိုခေါင်းစွဲနတ်နှင့် အပ်ရ၏။ အမျိုးသားဖြစ်ပါက လိင်ကွဲ အမျိုးသမီးနတ်နှင့်သာ အပ်ရသည်။ အမျိုးသမီးဖြစ်ပါက လိင်ကွဲ အမျိုးသားနတ်နှင့်သာ အပ်ရသည်။ အချို့ထူးထူးခြားခြား လိင်တူချင်း အပ်သည်လည်း ရှိပါသည်။ အလွန်ရှားသည်။ ဥပမာ နတ်အပ်သူသည် အမျိုးသမီးဖြစ်ပါက ပခန်းဦးမင်းကျော်၊

တောင်ပြုန်းမင်းကြီး၊ မင်းလေး စသည့် အမျိုးသားနတ်များနှင့်သာ သမီးအရာ၊ နှမအရာသာ အပ်ရသည်။ အမျိုးသားချင်း ညီအရာ၊ သားအရာ အပ်သည်လည်း ရှိ၏။ နတ်ကနားပေး၍ အပ်ရသည်။ အမျိုးသားဖြစ်ပါက သုံးပန်လှနတ်၊ မနဲ့လေးနတ်၊ မငွေတောင်နတ်၊ ပုပ္ပားမယ်တော် စသည်တို့နှင့် သားအရာ၊ မောင်အရာသာ အပ်ကြရသည်။ သို့သော် အချို့က နတ်အပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

နတ်ဆရာဟူ၍ ခေါ်ကြပါသည်။ သို့ဆိုက နတ်ကတော်ဆိုသည့်စကားနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလောက်ပြီဟု ထင်ပါသည်။ ဇာတ်သဘင်ပွဲများမှ နတ်ကတော်အကြောင်းကိုဆက်ရေးပါမည်။

ဇာတ်ပွဲများတွင် ပွဲဦး၊ နတ်ကတော်မထွက်မီကပင် ကန်တော့ပွဲများနှင့် တင်မြှောက်ပသခဲ့သည့် ရှေးဟောင်း အစဉ်အလာတစ်ရပ် ရှိသည်။ ထိုအစဉ်အလာကို ဆိုင်းဝေါဟာရအရ 'စားတော်တိုက်သည်'ဟုလည်းကောင်း၊ ဇာတ်ပွဲဝေါဟာရအရ 'စားတော်ဆက်သည်'ဟုလည်းကောင်း နှစ်မျိုးနှစ်စား ခွဲခြားထားသည်။

(ထို့ကြောင့် ဇာတ်သဘင်ပညာရှင်တို့သည် နတ်နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေကြရာ တောင်ပြုန်းနတ်ကြောင့် ဝက်သားမစားသည်ကများခြင်းဖြစ်၏။)

ရှေးက ယခုကဲ့သို့ ရုံသွင်းကပြသည့်ဇာတ်သဘင်များ မရှိချေ။ စင်တင်၍ တစ်ည သို့မဟုတ် တစ်ညမက ကပြသော ဗလာပွဲများသာ ရှိသည်။ ဇာတ်သဘင်တွင် ပထမဆုံးညဉ့်သာ နတ်ကတော်အကနှင့် ထွက်က,ရသည်။ နတ်ကတော်အကတွင်လည်း အပျိုတော်အကကဲ့သို့ ဆိုင်းနှင့် ခုနစ်သံချီ တီးမှုတ်ရသည်။ တူညီသော ဝတ်စားဆင်ယင်မှုဖြင့် ရှိသောကြောင့် အပျိုတော်နှင့် နတ်ကတော်ကို ရောထွေးသွားကြခြင်း ဖြစ်သည်။ နတ်ကတော်သည် ခေါင်းစည်းနှင့် က,ရသည် (အပျိုတော်မှာ ခေါင်းစည်းမပါ)။ နတ်ကတော်အကတွင် ခပ်ကြမ်းကြမ်း ကပြရသော ကကြိုးကွက်များ ပါရှိနေသည်မှာ နတ်ချင်း တီးချက်များကြောင့် ဖြစ်သည်။ နတ်ကတော်က,တွင် ကိုယ်တိုင် သီဆိုရခြင်းမျိုး ရှိ၏။

ဇာတ်သဘင်ပွဲများတွင် ပထမည ပွဲဦးထွက် ကပြသူကို 'နတ်ကတော်က က,သည်'ဟု ခေါ်သည်။ ထိုနတ်ကတော်က ကရသူသည် ထိုဇာတ်သဘင်ပွဲမှ ဝါအကြီးဆုံး မင်းသမီးကြီးဖြစ်သည်။ သူသည် နတ်ကတော်အစစ်မဟုတ်ပါ။ **ဇာတ်ပွဲများမှ နတ်ကတော်အကသည် ရှေးခေတ်က 'နတ်ကန်တော့' အကဟူသော စကားမှ ဆင်းသက်လာခြင်း ဖြစ်သည်။**

နတ်ကတော်ကနှင့် ပတ်သက်၍ ဆိုလိုခြင်းတစ်မျိုး ရှိသေးသည်။ ရုပ်သေးရုပ်များကို သစ်ဝါးဖြင့် ပြုလုပ်ထားသဖြင့် သစ်ဝါးဆိုင်ရာ လမိုင်းနတ်အမျိုးသမီးက ပိုင်ဆိုင်သည်ဟု ရှေးလူတို့ ယုံကြည်စွဲလမ်းကြသည်။ ကဝါလမိုင်းနတ်၏သမီးဖြစ်သော ထိုလမိုင်းနတ်အမျိုးသမီးလေး၏ အနှောင့်အယှက်မှ ကင်းလွတ်စေရန် ပသတင်မြှောက်ကြသည်ဆို၏။ ထိုသို့ ကန်တော့၊ ပသရသည်ကို အစွဲပြုလျက် အချို့က နတ်ကတော်ဟု ခေါ်ဆိုကြပြန်သည် ဆိုပါသည်။

ဇာတ်သဘင်တွင် ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ခေတ် ရောက်သောအခါ နတ်ကတော်အဖြစ် ကပြသူသည် ခေါင်း၌ယခုခေတ်ကဲ့သို့ အနီစကို စည်း၍မထားပါ။ အနက်စကိုသာ စည်းပတ်ထားသည်ဟု ဆိုသည်။ ထိုအနက်စခေါင်းစည်း၌ လခြမ်းနှင့် ကြယ်ဖြူကလေးများ ဖောက်ထားသည်။ လခြမ်းအဓိပ္ပာယ်မှာ 'လ,မကလေး'ဟု ခေါ်သော လမိုင်းနတ်မကလေး သို့မဟုတ် လမိုင်းနတ်ကတော်ဖြစ်ကြောင်း ရှေးသဘင်ပညာရှင်များက မှတ်သားခဲ့ကြသည်။

ယခုခေတ် နတ်ကတော် က,သူများတွင် ထိုသို့ မဟုတ်တော့ဘဲ ရှာပန်းထည်အနီကို ခေါင်း၌စည်း၍ နယ်ရှင်ပယ်ရှင်များကိုသာ တိုင်တည်ကာ ကပြကြသည့် သဘောဖြစ်လေသည်။ ဤသည်မှာ အရပ်ထဲမှ နတ်ကနားပေးသည့်အကမှ ကူးပြောင်းရောက်ရှိလာခြင်းလော ဟူ၍ တွေးစရာ ဖြစ်ပြန်သည်။

**ဇာတ်သဘင်မှ နတ်ကတော်ကပြပုံ**

ပထမည နတ်ကတော် မထွက်မီဆိုင်းမှ ခုနစ်သံချီကို တီးကြရ၏။ နတ်ကတော်ထွက်ရန် ဇာတ်ခုံပေါ်မှ လင်းကွင်းနှင့် မောင်းက အချက်ပေးကာ တီး[illegible]ရသည်။ ယင်းကို 'စင်တိုင်သည်'ဟု ခေါ်၏။ ထိုနောက် ဆိုင်းက 'ဗိန်းဖောင်း'တိုက်ပေးသည်။ လင်းကွင်းနှင့်မောင်းက သုံးကြိမ်တိုင်တိုင် တီးခေါ်[illegible] သကဲ့သို့ ဆိုင်းကလည်း သုံးကြိမ်တိုင်တိုင် 'ဗိန်းဖောင်း'တီးပေးရသည်။

ဆက်လက်၍-

*'(ပျိုလေးကြိုလှဲ့လို့၊ ညိုနွဲ့ရဲ့လေး[illegible] ခိုးလှဲ့ပါ ရောင်ကြီးဇွေ၊ ဆီးကြို[illegible] လေး။ ။) (ရွှေနန်းသာမြစ်ကိုလ၊ [illegible] လောက်အောင်သွေး၊ လိမ်းမယ်လို့[illegible] မှန်ယူခဲ့ ဆံတိုလေးရယ်၊ ပိန်းရှိ[illegible] လေး။ ။)*

*ဆံထုံးကြီးအောင်လို့ မြင်းမြီး[illegible] ပေါင်း၊ လရောင်ကို ပျိုမမုန်းတယ်၊ [illegible] က မုန်းတယ်လေးလေ။ ရွှေဘုန်း[illegible] တိုးပါလို့၊ ငွေမိုးတွေရွာ၊ နိုင်ငံ[illegible] ပြည်အရေးက၊ သာလှတယ်လေး။'*

ထိုသီချင်းစ၍ ဆိုသည်နှင့် န[illegible] ကတော် ထွက်လာရ၏။ ခြေကို[illegible] မလှမ်းဘဲ ပွတ်တိုက်ကာ တရွေ့ရွေ့[illegible] ပြီး ဣန္ဒြေရရပင် ဆိုင်းနှင့်အလိုက် က[illegible] သည်။

ထိုသို့ပြီးလျှင် ဆိုင်းက ဘွဲ့ခံ[illegible] ပြီးသည်နှင့် *ဆဒ္ဒန်အိုင်သာ သီချင်း*[illegible] *ရင်လွန်းငှက်ကယ်* အပိုဒ်ကို *လ*[illegible] *ဝတ်မှုန် သုတ်သည်နှင့်သာအထိ* [illegible] ပေးရသည်။ ပြီးလျှင် *သပြေခံ* တီး[illegible] ကို တီးရသည်။

နတ်ကတော် ကပြသူ၏ [illegible] သည် တဖြည်းဖြည်း သွက်လာ[illegible] ကိုယ်ကို ချာချာလည် လှည့်ပတ်[illegible] ကပြရသည်။ ထိုနောက် ဆိုင်းက[illegible]

*'ချောပေတဲ့၊ ယဉ်ပေ၊ ယဉ်[illegible] ပြောင်းပြောင်း၊ လုံမလေးတို့ ရင်ခွင်[illegible] အိပ်လို့ပျော်တဲ့ ဝိုင်းတော်သား၊ နှ[illegible] ပါလား။*

*တစ်သွယ်တဲ့နှစ်သွယ်၊ လုံ[illegible] ပန်းတဲ့ပန်း၊ ဆန်းပါလှတယ်၊ [illegible] နွယ် ပွဲလယ်မှာပန်သူများ၊ ရွှေ[illegible] လား'*ကို တီးကြသည်။ ပြီးနောက် [illegible] *ဖန်ချီ၊ သုံးဖန်ချ*'တီးလုံးကို ဆက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တီးပေးရ၏။ *'လေးကျွန်းစကြာ၊ လူပျို လေ၊ လူပျိုမောင်ထွေး'* ဟု ထပ်ကာထပ်ကာ သီဆို၍ တီးပေးရသည်။ ထိုတီးလုံးဖြင့် နတ်ကတော်ကပြသူသည် ဇာတ်ခုံပေါ်တွင် အမြင့်၌ တင်ထားသည့် ကန်တော့ပွဲကို တင်မြှောက်ရလေသည်။ ယင်းကို 'စားတော်ဆက်' သည်ဟု ခေါ်၏။('လေးကျွန်းမောင်မောင်' ဟုခေါ်သော နတ်ကလေးအား ပသသည်ဟု အချို့က ဆိုကြသည်။)

ထို့နောက် ဆိုင်းက ဆက်သီဆိုတီးရပြန်သည်မှာ...

*'တူမပြိုင်လို့၊ ငါမဖြုန်လို့၊ အပျိုမိမလေး×××၊ လုံမလေး မလေးမောင်ရေ×××'*

ဟူ၍ ဖြစ်၏။ ဤသည်ကား ရှေးကဆိုခြင်း ဖြစ်သည်။ ယခုခေတ်တွင်မူ...

*'ဘုန်း ဘုန်းတန်း၊ ဘုန်းတန်းတောဇာ၊ ဖြာဖြာရောင်လင်းပါလို့၊ မင်းမင်းမြတ်ထွဋ်ခေါင်ဖွေ×××'*

ဟူ၍ ဖြစ်၏

ထိုသီချင်းသည် ဘိုးတော်သိကြားကို တိုင်တည်သီဆိုခြင်းဖြစ်၍ နတ်ကတော် က,သူက လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်နိုင်သမျှ မြှောက်၍ ကပြရသည်။ မြှောက်၍ပြီးတိုင်းလည်း အောက်သို့ ပြန်၍ ပြန်၍ ချသည်။ ခါးကိုလည်း ဘယ်ညာယိမ်းနွဲ့ကာ က,ရသည်။

ဆိုင်းက အောက်ပါနတ်ချင်းကို သီဆို၍ တီးရသည်။ ယင်းနတ်ချင်းမှာ တာဝတိံသာနတ်ပြည်မှ အထက်နတ်များကို တိုင်တည်ခြင်းဖြစ်သည်။

*'အထက်ကယ်လေမြင့်စွာ၊ သာမောတာဝတိံသာ၊ တာဝတိံသာသာမော၊ နတ်မင်းနတ်တို့တော၊ သာမောတာဝတိံသာ၊ သာယင်သာစွလေး×××'*

ဟု ဆိုပြီးလျှင် ဆိုင်းက ဆက်၍ တီးရ၏။ အချီးတွင်...

*'နတ်မင်း၊ နတ်မင်းဒေဝါ၊ မှိုင်းလေ၊ မှိုင်းစောင်မ၊ နတ်မင်း၊ နတ်မင်းဒေဝါ'*

ဟု အပြန်ပြန် အလှန်လှန် သီဆိုပေးရပြန်သည်။ ယခုအခါ ယင်းသီချင်းအစား သီဆိုကြသည်မှာ...

*'တောင်ပြုန်း၊ တောင်ပြုန်းညီနောင်၊ ပွဲတိုင်း ပွဲတိုင်းအောင်လို့၊ တောင်ပြုန်းညီနောင်'*

ဟူ၍ဖြစ်၏။(ထိုသို့ဆိုလျှင် အထက်တာဝတိံသာမှ နတ်များအား ပသခြင်းမဟုတ်ဘဲ တောင်ပြုန်းညီနောင်နတ်အား ပသ,သကဲ့သို့ ဖြစ်သွားမည်။)

ထို့နောက် ဆိုင်းက ဖိန်းဖောင်းရိုက်ကာ တေ၊ တျာ သတ်လိုက်သည်။

(ရှင်းလင်းချက်။ ။ တေ၊ တျာသတ်သည်ဆိုသည်မှာ တစ်ကဏ္ဍပြီးဆုံးကြောင်း အချက်ပေးသည့် အဓိပ္ပာယ်ပင် ဖြစ်၏။)

ထို့နောက် 'သိကြားတိုင်' ကို နတ်ကတော်က သူကိုယ်တိုင် အောက်ပါအတိုင်း သီဆိုရသည်။

*'မဂ်လာရယ်မှ မဏ္ဍိုင်လေ×××၊ ရောင်ဆိုင်ရယ်မှလေးသီ၊ သာမောငယ်စီ၊ နတ်ပြည်ထိလှ၊ ပျော်ဖွယ်ငယ်ကောင်း၊ နတ်အပေါင်းစုံ၏။*

*မေယုဇပို၊ မြင့်မိုရ်ထိပ်မှာ၊ ဝေယန္တာက၊ သုဓာနန္ဒ၊ စိတြနှင့်စိတ္တမှော၊ ကြင်ရာအများ၊ မိဖုရားပေါင်း၊ တောင်သောင်းမက၊ ငါသိကြားမှန်၊ ခက်ဖြာငယ်စံ၊ ဝန်းရံခံ၏။*

*နတ်များအမျူး၊ လူတို့ပြည်တွင်၊ ငါအရှင်သည် ပျော်ရွှင်မြူးမည်၊ လာသည်တကား။*

*မင်္ဂလာစံခင်း၊ ပွဲတော်ဘောင်၊ ဂုဏ်ရောင်လင်းပါတဲ့၊ မင်း မင်းအများတို့'*

သို့ဆိုပြီးသည်နှင့် ဆိုင်းက နတ်ယိုင်တီးရသည်။ ဆိုင်းဖြစ်၍ တီးသည့်သီချင်းမှာ *'ဘုန်းဘုန်းတန်း၊ ဘုန်းတန်းတောဇာ'* အပိုဒ်ဖြစ်၏။ ဆိုင်းရပ်လျှင် နတ်ကတော်က,သူက နတ်သံပစ်လေသည်။

*'တစ်ကြိမ်ရယ်မှ နှစ်ကြိမ်၊ သုံးကြိမ်ရယ်မှ တင်တင်၊ မြို့တော်အရှင်၊ မယ်လျှင်ကန်တော့ပါ၏။*

*စုံလင်ငယ်မှမယွင်း၊ ပွဲစုံကျင်းပါလို့၊ ထမင်းမနှော၊ အုန်းငှက်ပျောနှင့် သဘောဖြူစင်၊ ကျွန်ုပ်ကယ်တင် စည်ပင်ထွန်းကား၊ မ,ပါဘုရား၊ သနားငယ်ခံ၊ နန်းစံတဲ့သခင်၊ မြို့တော်ကို ပိုင်အုပ်စိုးပါတဲ့၊ မြတ်မျိုးရှင်။ မြို့တော်ပိုင်အုပ်စိုးပါတဲ့၊ နတ်မျိုးညီလာခွင်၊ နန်းတောင်ကြီးရှင်၊ ဦးသုံးကြိမ်တင်၊ မယ်လျှင်ကန်တော့ပါ၏။*

*နတ်နန်းရယ် ကွန်းစင်က ကျေးတော်ရှင် ကျွန်တော်မျိုးတို့ကို တိုးလို့ မ,ပါဘုရား'*

(ဤသည်ကား ဘိုးတော်သိကြားကို ကန်တော့ပြီး၍ က,သည့်ဒေသမှ မြို့တော်ရှင်၊ ရွာတော်ရှင်ကို ကန်တော့ခြင်းဖြစ်သည်။)

ထို့နောက် ဆိုင်းက နတ်ချင်းကို ဆက်လက် သီဆိုစေရန် ချီးပေးရသည်။ နတ်ကတော် က,နေသူကလည်း အောက်ပါနတ်ချင်းများကို တစ်ပိုဒ်ဆို တစ်ပိုဒ်ကနှင့် ဆက်လက်သီဆို ကပြရသည်။

*(အတူလေးရယ်တဲ့ ယှဉ်ကာပြိုင်၊ ယှဉ်ကာပြိုင်)၊ ဖဲမွေ့ရာ ရွှေကော်ဇော၊ ရောနှောလို့(မ)ထိုင်။*

*(ပျိုတိုင်းကြိုက်ပါတဲ့၊ နှင်းဆီနိုင်၊ နှင်းဆီနိုင်)၊ တစ်ခွင်လုံးပိုင်ပါတဲ့ အဖွဲ့တော်သား၊ ဝေးရာကရှား။*

*(သောက်တော်ဘူးရယ်နဲ့၊ ကိုယ်မကွာ၊ ကိုယ်မကွာ)၊ မင်းကျော်စွာရယ်လို့ မကျော်လား၊ မိုးကျနတ်သား။*

*သန်းခေါင်ကို နေ့မှတ်ပါလို့ (သန်းခေါင်ကို)၊ သန်းခေါင်ကို နေ့မှတ်ပါလို့၊ အရပ်ကလေးကိုတဲ့ အားမနာ ပါးမနာ၊ အိမ်နီးချင်းကိုတဲ့ အားမနာ ပါးမနာ၊ မသောက်ရရင် သီလစောင့်တယ်၊ ကိုးကျောင်းတကာ။*

*လောင်းစရာ ငွေမရှားပါဘူး၊ ကစားစရာ ငွေမရှားပါဘူး၊ ကြက်ကြားကိုတဲ့ တိုက်မယ့်ပြင်၊ မြင်းစိုင်းကြော့ရှင်။*

*ချစ်လို့ရယ်ခင် ယဉ်ရှာရော့သလား။(ကိုကြီးကျော်ရေ့ ဗျိုဗျိုဗျို၊ မောင်ကြီးကျော်ရေ ဗျိုဗျိုဗျို)၊ ဤဇမ္ဗူ*



www.burmeseclassic.com

www.burmeseclassic.com

*မှာ ပြိုင်ဘက်ရှား၊ မိုးကျနတ်သား။*

*(ပုဆိုးကွက်ဝါ၊ ကြက်ပြာပိုက်ပါ လို့)၊ အလိုက်ကလေးရယ်မှ ရွှေကူနီ၊ ဝေးကွာခဲ့ပြီ။*

*(ရွှေခန်းသူ ယဉ်လေးနဲ့ရယ်)၊ ဘိန်းလေးလေး၊ ဘိန်းလေး-မော့်ပွင့်ကြဲ။*

*မြောင်းတူကို လျှောက်ပါလို့၊ အနောက်ကလေးရယ်တဲ့ ရွှေကူနီ၊ ဝေးကွာခဲ့ပြီ။ ညနေ၊ ညနေဆီ၊ စီတယ်လေ၊ စီတယ်လေ၊ ကူနီကျော့စံကွန်း၊ ကိုကြီးကျော် ပလီလွှန်းတယ်၊ မောင်ကြီးကျော် ပလီလွှန်းတယ်၊ ဆေးစိုက်တဲ့ကျွန်း။*

(ရှင်းလင်းချက်။ ။ အချို့က ဤနေရာတွင် နှစ်ကျော့ဆို၍၊ ဒုတိယပိုဒ်၌ ဆေးစိုက်တဲ့ကျွန်းအစား ဆေးရှိုက်တဲ့ ကျွန်းဟူ၍ ဆိုသည်။ ယခုအခါ သီဆိုသူများက ဆေးရှိုက်တဲ့ ကျွန်းအစား ဆေးလုပ်တဲ့ကျွန်းဟု ဆိုနေကြသည်။ အမှန်မှာ စိုက်နှင့်ရှိုက်ကို ကာရန်ယူထားခြင်း ဖြစ်သည်။ ဆေးရှိုက်သည်ဆိုသည်မှာ ကိုကြီးကျော်က ဆေးရွက်ကြီးကို ရှူရှိုက်ခြင်းကို ဆိုလိုသည်။ ဆေးလုပ်သည့်ကျွန်းဟု ဆိုသောကြောင့် ကိုကြီးကျော်က No.4 ဆေးပြားများ လုပ်သည့်ကျွန်းဟု အဓိပ္ပာယ် သက်ရောက်နေပါသည်။ စာရေးသူအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရောက်နေ၍ ပြင်ရန်ပြောသော်လည်း မရပါ။ သူတို့ ကိုယ်သူတို့ အနုတောတွင်တော့ လူချောလုပ်နေကြပါသည်။)

ဖော်ပြပါ နတ်ချင်းများကို နတ်ကတော်က၊သူက ကိုယ်တိုင်သီဆိုကရာ၌ ခပ်ကြမ်းကြမ်း ကပြရသည်။ တီးချက်ပေါင်းစုံသကဲ့သို့ ကကြိုးလည်း စုံရသည်။ ရှေ့ပိုင်း၌ လေးလေးမှန်မှန် သီဆိုကပြသော်လည်း နောက်ပိုင်းတွင် မြန်မြန်သီဆို ကရသဖြင့် ကပြသူပင် မောလောက်သည်။

နတ်ချင်းများ သီဆိုကပြီးနောက် ဆိုင်းက *'တလိုင်းသံ၊ နှိုင်းစံပယ်ကွာ'* အစချီသော မွန်သီချင်းတစ်ပိုဒ်ကို တီးသည်။ ထို့နောက် *'မြမြမောင်းမောင်း'* အစချီသော သီချင်းနှစ်ပိုဒ်ကို ဆက်၍ တီးရသည်။ ဤသည်ကို 'လောကနတ်'ဟုလည်း ခေါ်သည်ဆို၏။ နတ်ကတော်က၊သူက ပတ်မချက်များနှင့် ပလို့ကကို ကပြရသည်။

လောကနတ်ပြီးလျှင် အဆိုမပါဘဲ ဆိုင်းက တီးလုံးတီးကွက်များဖြင့် တဘောင်တိုင်ရသည်။ အတိုင်အဖောက် သံချပ်ထိုးသကဲ့သို့ သီဆိုရခြင်းဖြစ်သည်။

**တိုင်-** ရွှေပြန်းကိုသွားမယ်လို့၊ နှပ်ခါးရယ်သုံးထောင်၊ ပြောင်လောက်အောင်သွေး။

**ဖောက်-** ကျောက်ပျဉ်ကြီးရယ်နဲ့၊ မှန်ဘီးကို ယူခဲ့ပ၊ ညိုနွဲ့ရယ်လေး။

ဦးစွာ တဖြည်းဖြည်းတိုင်၍ တဖြည်းဖြည်းအဖောက်နှင့် သီဆိုသည်။ သုံးကြိမ်ဆိုကြရာ မြန်၍မြန်၍ သီဆိုလာကြသည်။ နတ်ကတော်က၊သူကလည်း ဟန်လောက်သာ က၊ရ၏။ ဆက်၍ တဖြည်းဖြည်း သွက်လာသည်။

**တိုင်-** ရွှေပြန်းက ပန်းခွာညို၊ မွှေးလှတယ်ဆို။

**ဖောက်-** ပန်စေလို၊ လောင်းညိုလေ့လေးနဲ့၊ ချိုးယူခဲ့လေ။

**တိုင်-** မရှက်ဘူးလား၊ မကြောက်ဘူးလား၊ သောက်ခေါင်ကြူးတဲ့ မင်းညီနောင်၊ ရွှေပြန်းသူများမောင်။

**ဖောက်-** ရှက်တတ်ရင် သောက်ပါရိုးလား၊ ကြောက်တတ်ရင် သောက်ပါရိုးလား၊ ပုဆိုးစွန်တောင် သက်တံသွေးနဲ့၊ ဘိုးတော်ရဲ့မြေး။

(မှတ်ချက်။ ။ ဤနေရာတွင် ဘိုးတော်ရဲ့မြေးဟု ဆိုသည်မှာ ဘိုးတော်အနော်ရထာမင်းကြီး၏ မြေးဟု ဆိုလိုပါသည်)

သီချင်းသီဆိုရာ၌ တဖြည်းဖြည်း မြန်ရာမှ သွက်လာရ၏။ စည်းချက်ဝါးချက်လည်း သုတ်လာသည်။ နတ်ကတော်က၊သူမှာ ဘယ်ခြေနှင့်ညာလက်၊ ညာခြေနှင့်ဘယ်လက်တို့ကို ကူးပြောင်းကာ ဘယ်ညာအမြန်လုပ်၍ ကပြရလေသည်။

နောက်ဆုံး...

*'ကျွန်တော်လေ×××တောင်ပြန်*
*သား'*

ဟူသော စာသားကို ခုံညားစွာ
အထပ်ထပ် အခါခါ ၆ ကြိမ် သီ
တီးမှုတ်ရပေရာ က၊သူကလည်း
ရရပင် ဝေ့ကာဝိုက်ကာ အခန့်က
ဇာတ်စင်နောက်သို့ ဝင်သွားခြင်း
အဆုံးသတ်သည်။

ဩဂုတ်လ ၇ ရက်နေ့၊ မွန်းလွဲ
နာရီမှ ၅ နာရီထိ Tawwin Garden
ဟိုတယ် Grand Ballroom မှာ Miss
Golden Land Myanmar 2014
Talent Competition ပွဲတွင် မကြာ
ကျင်းပရွေးချယ်တော့မည့် Miss Grand
International. Miss Supranational
Miss Earth, Miss Inter Continental
Face of Beauty စသော ပြိုင်ပွဲကြီး
ပွဲ ပြည်ပတွင် သွားရောက်ယှဉ်ပြိုင်
ပဏာမ ရွေးချယ်ထားသော ပြိုင်ပွဲ
၂၅ ဦးအား Talent အနေဖြင့် ဆန်ခါ
ဆိုရလောက်အောင် ဆီမီးခွက်အ
နတ်ကတော်အက၊ ဂျပန်ဝတ်စုံ
အစဖြင့် ကပြယှဉ်ပြိုင်စေခဲ့ပါသည်
ထိုပွဲမှ နတ်ကတော်အက ကသူသည်
အပေါ်ပိုင်း ထိုင်မသိမ်းအင်္ကျီမှာ
လွန်း၍ ဗလာကျင်းသလောက် ဖြစ်
ပြီး၊ ဆံပင်ကိုလည်း နှစ်ဖက်ချ
သည်။ ထဘီကွဲမှ ဒူးပေါ်၊ ခြေသ
ပေါ်အောင် ကပြသွားသည်။ သ
ပျက်လှပါသည်။ ဤကဲ့သို့ မြန်
ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်နေသ
အကမျိုးကို ရှောင်ရှားသင့် လှပါသည်

**မောင်သန်းဆွေ၊ထားဝယ်**

**ကိုးကားချက်** ။ ။

၁။ မင်းသားကျော်မြသောင်း-
ယဉ်ကျေးမှုစာစောင်၊ အတွဲ(၄)
၂။ မြန်မာ့သဘင်လောက
၃။ ပန်တျာမြင့်အောင်-
**'မြန်မာ့အကသမိုင်း'**။
၄။ မောင်သန်းဆွေ(ထားဝယ်)
**'မြန်မာ့ရိုးရာ**
**နတ်ယုံကြည်မှုဓလေ့'**။



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်




ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁၂

www.burmeseclassic.com

www.burmeseclassic.com

သည်မြို့လေးသို့
ရောက်ခါစက
မြို့ကလေးနှင့်အတူ
ကျွန်တော့်စိတ်တို့သည်လည်း
မှုန်မှုန်မှိုင်းမှိုင်း။
မေးခွန်းများအား
မနှစ်သက်တတ်သော
ကျွန်တော်နှင့် မကြာခဏ
မေးခွန်းများ မေးလေ့ရှိသည့်
ထိုသူတို့သည်
မိတ်ဆွေတစ်ယောက်၏
မိတ်ဆက်ပေးမှုဖြင့်
မြို့ကလေး၌ပင်
သိကျွမ်းခဲ့ကြသည်။
မြို့ကလေးလိုပင်
အေးဆေးငြိမ်သက်၍
အနည်းငယ်မှုန်မှိုင်းသော
ထိုသူသည် ဆိတ်ငြိမ်ရာ
ရပ်ကွက်တစ်ခု၌
တစ်ယောက်တည်း
နေထိုင်သည်။
သူ၏အိမ်သို့
စတင်ရောက်ဖူးခဲ့သော
နေ့သည်
ကျွန်တော့်မှတ်ဉာဏ်များ
အတွင်း၌ အမြဲလို
အမှတ်ထင်ထင်
ရှိနေစေခဲ့သောနေ့တစ်နေ့
ဖြစ်သည်။
နံရံများ၌ နေရာလွတ်
မရှိသလောက်နီးပါး
ချိတ်ဆွဲထားသည့်
ကားချပ်များ၊
ကြမ်းပြင်များပေါ်၌
စုပုံ၍ ထောင်ထားသည့်
ကားချပ်များ၊
Stand များဖြင့်
ရှိနေသည့်ကားချပ်များ၊
များပြားသောကားချပ်များဖြင့်
ပြည့်နေသည့်
နေရာတစ်ခုဖြစ်သည်။
ခုသည်
ဝန်းချိုဆရာလား။

ရွှေသင်
ပန်းချီညီချင်မှ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မသိပါ။ သူ၏ ကားချပ်များသည် လူနှင့်နီး စပ်သောဟန်၊ သတ္တဝါတစ် ကောင်ကောင်နှင့် နီးစပ်သော ဟန်၊ ရှခင်းတစ်ခုခုနှင့်နီးစပ် သောဟန်များ မပါဝင်သော မော်ဒန်ဟုလည်း ဆိုရခက် သည့် အရောင်ချည်းသက် သက်ကားချပ်များဖြစ်သည်။ ကားချပ်တစ်ခုလုံး၌ အရောင် တစ်မျိုးတည်းကိုသာ နေရာ လွတ်မရှိ အပြည့်အဝ ရေး ခြယ်ထားခြင်းမျိုးဖြစ်သည်။ အစိမ်းရောင်ချည်းသက်သက် တစ်ပြင်လုံးပြည့်နေသည့်ကား ချပ်၊ အပြာရောင်ချည်းသက် သက် စုတ်ချက်များပြည့်နေ သည့် ကားချပ်၊ အနီ၊ အဝါ၊ ခရမ်းစသည်ဖြင့် မတူညီ သော အရောင်များစွာအား ကားချပ်ပေါင်းများစွာပေါ်၌ မြင်တွေ့ရသည်။ ဘာတွေ လဲ။ ဘာအဓိပ္ပာယ်လဲ။ ကျွန်တော်မသိပါ။ ကျွန်တော် မသိသော ထိုသူနှင့် ထိုနေ့က စတင် သိကျွမ်းခဲ့ရသည်။

'ခင်ဗျား အရောင်တွေ ကို စိတ်ဝင်စားသလား'

ဘာမှန်းမသိသော ရောင်စုံ ကားချပ်များအား ကြောင်ငေးနေသည့်ကျွန်တော့် အား သူက ထိုသို့ ဆိုသည်။

အရောင်တွေဟု ဆိုပါ သည်။ ထိုလူ့ မေးခွန်းအား ပြန်ဖြေရန်မှာ အနည်းငယ် တော့ ခက်လှသည်။ ကျွန်တော် အရောင်တွေ စိတ် ဝင်စားသလား။ မပြောတတ် ပါ။ တစ်ခါမှ ယောင်မှား မတွေးဖူးသောကြောင့် ဖြစ် သည်။ သူ ပြောသော အရောင်ဆိုသည်ထက် ကျွန်တော် မကြာခဏ တွေး

> သူ၏သခင်းပုံ
> ဆိုသည်မှာ
> အဝါရောင်
> ကားချပ်တစ်ခု
> ဖြစ်နေခဲ့သည်
> အမြဲတမ်း
> ပျော်ပါး
> ပျော်ရွှင်
> နေတတ်တယ်
> အကောင်း
> မြင်တတ်တယ်
> စူးစမ်းလိုစိတ်
> အပြည့်
> ရှိတယ်

ဖြစ်ခဲ့သည်တွေက စားဝတ် နေရေး၊ လူမှုပတ်ဝန်းကျင်၊ ဂုဏ်သိက္ခာ၊ နေရာ၊ တင့် တယ်မှု စသည်မျိုးတွေ ဖြစ် သည်။ သူ ပြောသော အရောင်ဆိုသည်မှာ ကျွန်တော့် ဘဝ နေထိုင်မှုအတွင်း၌ မည် သည့် အခန်းကဏ္ဍတွင်မှ ထူးခြားစွာ ပါဝင်ပတ်သက် နိုင်ခြင်းမျိုးမှ မရှိသည်ဘဲ။

'မသိဘူးဗျ'

သူ့အား အားနာ၍ ထိုသို့ ဖြေလိုက်ရသော်လည်း အမှန် တော့ ကျွန်တော် စိတ်မဝင် စားခဲ့ဖူးပါ။

'အေးပေါ့၊ ခင်ဗျားက မသိတော့ ဘယ်စိတ်ဝင်စား မလဲ၊ သေချာသိလာရင်တော့ ခင်ဗျား စိတ်ဝင်စားလာမှာ ပါ'

ပြောဟန်က ပိုင်နိုင်လှ သည်။

သည့်နောက်တော့ အရောင်စက်ဝိုင်းအကြောင်း သူ ရှင်းပြတော့သည်။ မူလ အရောင်၊ ဒုတိယအရောင်၊ တတိယအရောင်နှင့် ထို အရောင်တို့၏ အရောင်နုနှင့် အရောင်ရင့်များအကြောင်း။ အနီ၊ အပြာနှင့် အဝါတို့သည် မူလအရောင်များဖြစ်၍ ထို မူလအရောင်များအတွင်းမှ အနီနှင့်အပြာပေါင်းစပ်လျှင် ခရမ်း၊ အနီနှင့်အဝါ ပေါင်း စပ်လျှင် လိမ္မော်၊ အပြာနှင့် အဝါပေါင်းစပ်ပါက အစိမ်း စသည်ဖြင့် ဒုတိယ အရောင် များ ဖြစ်ပေါ်လာကြောင်း။ နောက်ထပ်တစ်ဖန် တတိယ အရောင် ၆ မျိုးဖြစ်ပေါ်ပုံ အကြောင်း။ ထိုအခြေခံ အရောင် ၁၂ ရောင်မှ ဆင့်ပွား ကွဲထွက်လာသည့် အရောင် များ။ အရောင်စက်ဝိုင်း အတွင်းမှ အရောင် ၉၆ ခု။ အရောင်များအကြောင်းတော့ အတော်လေးကို နားလည်သူ ဖြစ်ဟန်တူသည်။

'အရောင်တွေက လူ တွေကို သောကကင်းစေနိုင် သလို ပူပန်မှုတွေလည်း တိုး စေနိုင်တယ်။ အဲဒါတွေအပြင် စိတ်ခွန်အားကိုလည်း တက် ကြွစေနိုင်ပြန်သေးတယ်ဗျ။ အရောင်တစ်ရောင်က ပေးတဲ့ စိတ်ခံစားမှုတစ်ခုကို ခင်ဗျား သေချာ ခံစားမိဖူးသလား'

သူ ပြောခဲ့သလို ခံစား နိုင်ဖို့ ကျွန်တော့်တွင် အချိန် မရှိခဲ့ဘူး ထင်သည်။ ထိုသို့ သော သေးသေးမွှားမွှား ခံစားသည်ဟူသည့် အလုပ် သည်လည်း ယောကျ်ားတစ် ယောက်၏ အလုပ်မဟုတ်ဟု ကျွန်တော် သတ်မှတ်သည်ပဲ။ ကျွန်တော် ခေါင်းယမ်းပြ တော့ သူက ကျွန်တော့်အား သနားစရာ သတ္တဝါတစ် ကောင်လို ကြည့်သည်။ ထို့ နောက်တော့ ရှိပါစေတော့လေ ဟူသော အပြုံးမျိုး ပြုံးသည်။

'ကွန်ဖြူးရှပ်ရဲ့အကြိုက် ဆုံးအရောင်က အဝါရောင်လို့ ဆိုကြတယ်။ ခင်ဗျားရော အရောင်တွေထဲမှာ ဘယ် အရောင်ကို သဘောအကျ ဆုံးလဲ'

သူ၏ နောက်ထပ်မေး ခွန်းသစ်တစ်ခုအား သူ၏ ခြံဝင်းအတွင်းရှိ မြက်ပင်များ ကို ငေးရင်းက 'အစိမ်း' ဟု ဖြေဖြစ်လိုက်သည်။ သေချာ ရေရာစွာ တစ်ခါမှ မစဉ်းစား ခဲ့ဖူးသော်လည်း မြက်ခင်း စိမ်းများကိုတော့ ကျွန်တော် သဘောကျတတ်ပါသည်။

'ကောင်းသားပဲဗျ အစိမ်းရောင်က အရောင်တွေ အားလုံးထဲမှာ အပန်းဖြေမှု ဆိတ်ငြိမ်အေးချမ်းမှုကို အပေး နိုင်ဆုံးအရောင်ပဲ။ တခြား အရောင်တွေနဲ့ မတူတာက မျက်လုံးထဲကို ဝင်ရောက်တဲ့ အခါမှာ အလင်းယိုင်ခြင်း မရှိ ဘဲ ရက်တီနာတစ်ရှုးပေါ် တိုက်ရိုက်ကျရောက်တဲ့အရောင် တစ်ခုဗျ။ ဒါကြောင့် မျက်စိ ကို သက်သောင့်သက်သာ ဖြစ်စေတယ်။ အရောင်နဲ့ ပတ် သက်တဲ့ အကြံပေးပညာ



www.burmeseclassic.com

www.burmeseclassic.com

ကျေအယ်လ်မော်တန်ကလည်း စိမ်းလန်းတဲ့ ပတ်ဝန်းကျင်မှာ အလုပ်လုပ်တဲ့ သူတွေဟာ ပိုက်အောင့်ခြင်းဝေဒနာ ခံစားရမှုလျော့ပါးစေတယ်လို့ ဆိုတယ်။ အစိမ်းတွေထဲကမှ မြက်ခင်းစိမ်းအရောင်ကိုဆိုရင် ရီနေးဆန်းခေတ်ရဲ့မင်္ဂလာဆောင် အခမ်းအနားတွေမှာ ခွဲခွဲလမ်းလမ်း သုံးလေ့ ရှိကြတယ်ဗျ'

မြက်ပင်များကို ကြည့်၍ ရုတ်တရက် ဖြစ်ပေါ်သွားသည့် ကျွန်တော့်အဖြေနှင့်ပတ်သက်၍ သူက ရှည်လျားသောစကားများ ဆိုပြန်သည်။

'ခင်ဗျားကြိုက်တဲ့ အရောင်အရဆိုရင် ခင်ဗျားက စိတ်ချလုံခြုံမှုကို အမြဲလိုလားတောင့်တနေတတ်သူပဲ'

နောက်ဆုံးစကားတစ်ခွန်းက ကျွန်တော့်အား ဆတ်ခနဲ ဖြစ်သွားစေသည်။ သူကတော့ ပြောချင်ရာပြော၍ ကျွန်တော့်အား ဂရုစိုက်ဟန်တော့ပါ။ လေ့ကားတစ်ခုဖြင့် ခရမ်းရောင်ကားချပ်တစ်ခုအား ထုတ်၍ဖြုတ်သည်။ ထို့နောက်တော့ ကျွန်တော့်လက်ထဲသို့ ထည့်ရင်းက မိတ်ဆွေဖြစ်သည့် အထိမ်းအမှတ်လက်ဆောင်ဟု ဆိုသည်။

'ရှေးတုန်းကဆို ခရမ်းရောင်ကို ထုတ်လုပ်ဖို့ အရမ်းခက်ခဲပြီး ဈေးနှုန်းလည်းမြင့်တာကြောင့် အထက်တန်းစားလူသာ သုံးစွဲနိုင်တဲ့ အရောင်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြတာ။ ဆိုင်မွန်ဂါးဖီးလ်ရဲ့ ... စာအုပ်ထဲမှာ ခရမ်းရောင်ကြိုးတစ်ချောင်းကို ...အတွက် လုံလောက်တဲ့ ခရမ်းရောင်ဆေးရဖို့ကို ခရုလိုအကောင် တစ်ထောင်နီးပါး အမှုန့်ခြေ၊ သုံးရက်လောက်ဆားသိပ်ပြီး ဆယ်ရက်လောက် အရည်ကျိုယူရတယ်လို့ ရေးထားတာဗျ။ ဒီအရောင်က ကျွန်တော် အကြိုက်ဆုံးအရောင်လေဗျာ'

ထိုနေ့က သူပေးသော ကားချပ်ကြီးအားကိုင်၍ ယောင်နနနှင့်ပင် ကျွန်တော် တည်းခိုရာနေအိမ်သို့ ပြန်ရောက်ခဲ့ပါသည်။

❑

၂။

'ခင်ဗျားကို ကျွန်တော့် သမီးလေးပုံ ပြရဦးမယ်'

သူ့ထံမှ ထိုစကားကို ကြားရမှပင် သူသည် လူလွတ်တစ်ယောက် မဟုတ်မှန်း ကျွန်တော် သိလာရသည်။

သူ ပြခဲ့သည့် သူ၏ သမီးပုံဆိုသည်မှာ အဝါရောင်ကားချပ်တစ်ခုဖြစ်နေခဲ့သည်။

'အမြဲတမ်း ပေါ့ပါးပျော်ရွှင်နေတတ်တယ်၊ အကောင်းမြင်တတ်တယ်၊ စူးစမ်းလိုစိတ် အပြည့်ရှိတယ်'

ပြောပြနေသော သူ၏ မျက်လုံးများက တောက်ပရွှန်းလဲ့မှုတွေနှင့် အပြည့်။

'ခင်ဗျား အမျိုးသမီးကရော'

ကျွန်တော် စကားမှားခဲ့သည် ထင်သည်။ ချက်ချင်းပင် သူ၏မျက်ဝန်းများ မှုန်မှိုင်းသွားခဲ့သည်။

'သူလား၊ သူက ဟိုမှာ'

သူ၏ လက်ညှိုးညွှန်ရာ၌ ရှိနေသည်က အနီရောင်ကားချပ်တစ်ခု။

'စိတ်လှုပ်ရှားမှုကို ခုံမင်တပ်မက်တယ်၊ အလွယ်တကူ ငြီးငွေ့လွယ်တယ်။ အရောင်ရွေးမှားမိတဲ့ ကုန်ပစ္စည်းတောင်မှ အရောင်းထိုင်းသေးတာပဲဗျာ။ အမေရိကန်နိုင်ငံမှာရှိတဲ့ မက်စ်ဆေးမှုန့်ဖုတ်သူတွေက အရောင်အမျိုးမျိုးရှိတဲ့ ပေါင်မုန့်တွေကို ထုတ်လုပ်ဖို့ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမဲ့လည်း စားသုံးသူတွေက အညိုရောင်ပေါင်မုန့်တွေကိုပဲ နှစ်သက်ကြတာကို တွေ့ရှိခဲ့ရတယ်။ အဲဒီလိုပဲ၊ သူနဲ့ကျွန်တော် အပြန်အလှန် အရောင်ရွေးမှားခဲ့တယ်ပေါ့ဗျာ'

ကျွန်တော့် မိတ်ဆွေကို မေးမြန်းကြည့်မှပင် ထိုသူသည် အိမ်ထောင်ကွဲတစ်ယောက်မှန်း သိရသည်။ သမီးကလေး မွေးပြီးချိန်တွင် အမျိုးသမီးဖြစ်သူ၏ ဆန္ဒအတိုင်း သူ၏ အမျိုးသမီးအား နိုင်ငံရပ်ခြား၌ ကျောင်းဆက်တက်စေ၍ သူကတော့ သမီးလေးကို ထိန်းကျောင်းရင်း အချိန်တွေ ကုန်ဆုံးခဲ့သည်ဟု ဆိုသည်။ သည့်နောက်တွင်မှ အိမ်ထောင်ပြိုကွဲခဲ့ခြင်းဖြစ်သည်။

'အရင်ကဆို ကျွန်တော့် အမျိုးသမီးက ကျွန်တော့်ကို ချစ်ရှာပါတယ်။ အရောင်တွေကိုလည်း ကျွန်တော်နဲ့အတူ ခံစားတတ်တယ်။ သူ စာတွေ အများကြီး သင်ပြီးတဲ့နောက်မှာမှ ကျွန်တော့်အပေါ် ခံစားချက်တွေ ပြောင်းလဲလာသလို အရောင်တွေကိုလည်း မမြင်တတ်တော့ဘူးဗျ။ ဒါကြောင့်လည်း ကျွန်တော့်သမီးလေးကို အရောင် မကန်းစေချင်တာပေါ့ဗျာ'

သူ၏ စကားတွေက ထပ်တလဲလဲ အရောင်။ အရောင်ပြီး အရောင်တွေပဲ ဖြစ်သည်။

'ကျွန်တော့် အမေက ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ရင်းနဲ့ ဘွဲ့ရအောင်ယူခဲ့တာ။ ကျွန်တော့်ကို အရောင်တွေအကြောင်း စပြီး သင်ပေးခဲ့တာလည်း ကျွန်တော့်အမေပဲ။ ဒါပေမဲ့ အမေကိုယ်တိုင်လည်း စာတွေ ပိုတတ်လာတဲ့အချိန်မှာ အရောင်ကန်းသွားခဲ့တာပါပဲ။ ကျွန်တော့်ကို မွေးစားမယ့်သူတွေဆီ ပေးပစ်ခဲ့ပြီး နောက်အိမ်ထောင်ပြုသွားခဲ့တယ်'

ထိုသို့သော စကားမျိုး ပြောနေချိန်များ၌ သူသည် ပုံမှန်ထက် ပို၍ မှုန်မှိုင်းလေ့ရှိသည်။ စိတ်လိုလျှင် မေးခွန်းများစွာမေး၍ စကားများစွာ ပြောလေ့ရှိသော ထိုသူသည် စိတ်မလိုလျှင်တော့ ငြိမ်သက်စွာဖြင့် မှုန်မှိုင်းနေလေ့ရှိသည်။ တစ်ခါတစ်ရံတွေ့၌ ကျွန်တော့်၏မိတ်ဆွေသည်လည်း ထိုသူ၏ အိမ်သို့ ရောက်လာလေ့ ရှိ၏။ ကျွန်တော့်မိတ်ဆွေကတော့ ချိန်သီးနာရီလေးတစ်လုံးအား အသုံးပြု၍ ထိုသူနှင့် စကားများ ပြောလေ့ ရှိသည်။ ကွာခြားသည်က ကျွန်တော့်မိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆွေနှင့်စကားပြောချိန်တွင် ထိုသူသည် မေးခွန်းများဖြေရသူဖြစ်၍ ကျွန်တော်နှင့် စကားပြောချိန်တွင်တော့ ကျွန်တော်က မေးခွန်းများ ဖြေရသူ ဖြစ်သည်။

သည်လိုနှင့် ရာသီဥတု သာယာသည့် တစ်နေ့တွင် ကျွန်တော့်ထံသို့ မေးခွန်းတစ်ခု ရောက်ရှိလာခဲ့ပြန်သည်။

❑

၃။

'စာပေတတ်မြောက်မှုက အသိဉာဏ်ကို ပွံ့ပိုးသလို အရောင်ဆိုတာကလည်း စိတ်ခံစားချက်တွေကို ကိုယ်စားပြု ဖော်ပြပေးနိုင်တဲ့ အရာပဲ။ ဒီတော့ ခင်ဗျားကို ကျွန်တော် တစ်ခုမေးကြည့်မယ်။ စာတတ်တဲ့ လူတစ်ယောက်မှာ စာပေသိစိတ်နဲ့ အရောင်သိစိတ် ဘယ်သိစိတ်က အရှေ့ကို ပိုရောက်မယ်လို့ ခင်ဗျားထင်သလဲ။ ဆိုပါတော့ဗျာ အရောင်နဲ့ စာလုံးတစ်လုံးဆိုရင် ခင်ဗျား ဘယ်ဟာကို အရင်မြင်မယ်လို့ ထင်သလဲ' ဟု ဆိုသည်။

'ဒါများဗျာ အလွယ်လေးပဲ၊ အရောင်ကို အရင်မြင်မှာပေါ့ဗျ'

အလွယ်တကူ ဖြေလိုက်ပြီးခါမှ တစ်စုံတစ်ရာကို သတိရသွားမိရင်း ကျွန်တော် အနည်းငယ် တန့်သွားခဲ့သည်။ သို့သော်လည်း မရတော့ပါ။ ကျွန်တော် အဖြေပေးခဲ့ပြီး ဖြစ်သည်။ သူကတော့ ပြုံးသည်။

'ခင်ဗျားက အရောင်ကို နောက်ခံ Background တစ်ခုအနေနဲ့ သွားမြင်တာကိုး။ လာ ကျွန်တော် ပြမယ်'

> အိမ်မှာ အရောင်ကားချပ်တွေ တဖြည်းဖြည်းများ လာချိန်ကစပြီး ကျွန်တော့် အမျိုးသမီးက ကျွန်တော့်ကို ရူးနေပြီလို့ စွပ်စွဲတော့တာပဲ သူက သူ ပညာတွေ သင်ခဲ့တဲ့နိုင်ငံမှာပဲ နေချင်တဲ့သူလေ ဒီနံရံပေါ်မှာ စာလုံးတွေ စရေးတဲ့နေ့မှာ သူ့အိမ်ကနေ အပြီးထွက်သွားတော့တာပဲ

သူ ခေါ်ဆောင်ရာ နောက်သို့ လိုက်သွားရင်းက အခန်းငယ်တစ်ခုအတွင်း ရောက်ခဲ့သည်။ ကလေးတစ်ယောက်၏အခန်းမှန်း သိသာစေသော အခန်းတစ်ခုဖြစ်သည်။ သူက အခန်း၏ အဆုံး နံရံအနားသို့ရောက်အောင် လျှောက်သွားခဲ့သည်။ အခန်း အဆုံးနေရာ၌ အဝါရောင်လိုက်ကာကြီးတစ်ခုဖြင့် အခန်းနံရံအပြည့် ကာထားသည်ကို တွေ့ရ၏။ သူက ထိုလိုက်ကာကြီးအား ဘေးသို့ဆွဲသိမ်းလိုက်ပါသည်။ နံရံပေါ်တွင်တော့ အရောင်များဖြင့် ရေးထားသည့် စာလုံးများ။ နံရံတစ်ပြင်လုံးနှင့် အပြည့်။

ကြော်ငြာတစ်ခု ကျွန်တော် ဖတ်ခဲ့ဖူးသည်။ ကြည့်ခဲ့ဖူးသည်ဟု မပြောရသည့်အကြောင်းက ထိုကြော်ငြာသည် ကြည့်ရုံကြည့်ရခြင်း မဟုတ်ဘဲ ဖတ်ရသောကြောင့် ဖြစ်သည်။ မှတ်မှတ်ထင်ထင် ဖတ်ခဲ့ရသည်က ကျွန်တော်တို့မြို့၏ ကားမှတ်တိုင်များ၌ ဖြစ်သည်။ ဘုတ်တစ်ခုပေါ်၌ အနီ၊ အပြာ၊ အစိမ်း၊ အဝါ စသည့် စာလုံးများအား အလျားလိုက် စီတန်း၍ ဘုတ်တစ်ခုလုံးအပြည့် အများကြီး ချရေးထား၏။ ထိုစာလုံးများအား အရောင်များနှင့် ရေးထားခြင်းလည်း ဖြစ်သည်။ ထူးခြားသည်က အပြာဟူသော စာလုံးအား အနီရောင်ဖြင့် ရေးထားခြင်းမျိုးဖြစ်သလို၊ အနီ ဟူသော စာလုံးအား အစိမ်းရောင်ဖြင့် ရေးထားခြင်းမျိုးဖြစ်သည်။ ထိုကြော်ငြာဘုတ်၌ ညွှန်ကြားချက်တစ်ခုအားလည်း ရေးထားသေးသည်။ မြင်ရသည့် အရောင်အတိုင်း ဖတ်ပါဟူ၍ ဖြစ်သည်။ စာက အပြာ ရေးထားသော်လည်း ထိုအပြာဟူသောစာကို ရေးထားသည့် အရောင်က အနီရောင်ဖြစ်ခဲ့လျှင် အနီဟု ဖတ်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။ စိတ်ဝင်စားစွာဖြင့် မှန်ကန်စွာဖတ်နိုင်ဖို့ ကျွန်တော် ကြိုးစားကြည့်ခဲ့ဖူးသည်။ မထင်မှတ်ဘဲ အတော်လေးကို အားထုတ်ရသော ကြိုးပမ်းမှုတစ်ခုမှန်း ကျွန်တော် သိခဲ့ရသည်။ စာလုံးကို ရေးထားသည့် အရောင်အား မှတ်ဉာဏ်မှ မဆုံးဖြတ်မီမှာပင် ထိုစာလုံး ပေါင်းအား မျက်လုံးက ပေါင်းဖတ်မိလျက်သား ဖြစ် နေခဲ့သည်။

အရောင်အတိုင်း ဖတ်ရ မည်ဆိုလျှင် အပြာရောင်ဖြင့် ရေးထားသော အနီ ဟူသည့် စာကို အပြာဟု ဖတ်မှသာ လျှင် မှန်လိမ့်မည်ဖြစ်သော် လည်း အရောင်ခွဲခြားနေ သည့် စက္ကန့်ပိုင်းလေးအတွင်း မှာပင် မျက်လုံးက အနီ ဟူ သောစာအား ဖတ်ပြီးနှင့်နေ သည်။

ယခု နံရံပေါ်၌ မြင်တွေ့ နေရသော စာလုံးများသည် ထိုကြော်ငြာဘုတ်ပုံစံအတိုင်း ပင် ဖြစ်သည်။

'အဲဒါမျိုး ကျွန်တော် ဖတ်ကြည့်ခဲ့ဖူးတယ်'

ကျွန်တော့် စကားဆုံး ဆုံးချင်းပင် သူက-

'ကျွန်တော် ပြောချင် တာ အဲဒါပဲ။ ကလေးတစ် ယောက်ကိုခေါ်ပြီး ခင်ဗျား ဖတ်ခိုင်းကြည့်၊ ဘယ်[illegible] ခက်ခဲမှုမျိုးမှ မရှိဘဲ အသာ လေး ဖတ်ပြနိုင်လိမ့်မယ်။ အဲဒါ ဘာကိုပြနေသလဲ[illegible] ရင် ကလေးဘဝမှာ စာ[illegible] တွေရဲ့လွှမ်းမိုးမှုကို မခံရသေး တာမို့ အရောင်တွေကို [illegible] ခံစားနိုင်ကြတယ်။ ကလေး ဘဝမှာ အရောင်တွေက [illegible] ထင်ရှားကြတယ်။ တဖြည်း ဖြည်းနဲ့ အရွယ်ရောက်[illegible] စာပိုတတ်လာချိန်မှာ အရောင် တွေက တဖြည်းဖြည်း[illegible] လာပြီး စာလုံးတွေက [illegible] ထင်ရှားလာတယ်။ ဒီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကြာလာတာနဲ့အမျှ အရောင်ကန်းပြီး ခံစားချက် နှလုံးသားမဲ့တော့တာပဲ’

သူ ပြောချင်ရာကို အား ရွာ ပြောပြီးသည့်နောက် ွင်တော့ နံရံဆီသို့သာ ငေး နေခဲ့သည်။ ကျွန်တော်ပါ ရာယောင်၍ နံရံပေါ်မှ စာလုံးများအား ငေးမိသည်။ အနေအထားဖြင့် လစ်ဟာ နေသော ကွက်လပ်မျိုးသည် လွယ်တကူ ဖြည့်ယူ၍ ရ ိုင်ပါသည်။ ထိုသူကတော့ အပ်နေသည်မှာ မှန်သော ည်း ကွက်လပ်ဖြစ်နေ သော နေရာ၌ သူကိုယ်တိုင် အားထိုး၍ ထည့်သွင်းထား ည့်အရာများ ရှိနေခြင်း ကြောင့် လစ်လပ်မှု ရှိမနေ သော လိုအပ်သူ ဖြစ်သည်။ သူ့အတွက်ဆိုလျှင် ပိုနေသော ရာများအား ဦးဆုံး ဖယ် ုတ်၍ မူလအတိုင်း ကွက် လပ်ဖြစ်အောင် လုပ်ယူပြီးမှ သာလျှင် ထိုကွက်လပ်အား ဖြည့်ယူရမည် ထင်သည်။

‘အိမ်မှာ အရောင်ကား ချပ်တွေ တဖြည်းဖြည်း များ လာချိန်ကစပြီး ကျွန်တော့် အမျိုးသမီးက ကျွန်တော့်ကို ရှုးနေပြီလို့ စွပ်စွဲတော့တာပဲ။ သူက သူ ပညာတွေ သင်ခဲ့ တဲ့နိုင်ငံမှာပဲ နေချင်တဲ့သူ လေ။ ဒီနံရံပေါ်မှာ စာလုံးတွေ စ,ရေးတဲ့နေ့မှာ သူ အိမ်ကနေ အပြီးထွက်သွားတော့တာပဲ’ သူ့အမျိုးသမီး၏အမြင်နှင့် ပတ်ဝန်းကျင်မှ လူများ၏ သူ့အပေါ်၌ ရှိနေသည့်အမြင် သည် တစ်ထပ်တည်း ကျနေ ခဲ့သည်။

‘အရင်ကတော့ ကျွန်တော့်သမီးလေးက သူ့ အမေနဲ့ လိုက်မသွားဘဲ ကျွန်တော်နဲ့အတူ နေခဲ့တာ။ ကျွန်တော် သူ့ကို နေ့တိုင်း အဲဒီ စာလုံးတွေကို အရောင် တွေအတိုင်း ဖတ်ခိုင်းတယ်။ အိပ်ချင်ပြီပြောလည်း ဖတ် ခိုင်းတာပဲ။ ကျောင်းနောက် ကျပြီပြောလည်း ဖတ်ခိုင်း တာပဲ။ ပြောမရရင်လည်း လက်ပါမိတယ်ပေါ့ဗျာ။ ဒီလို နဲ့ သမီးလေးက တဖြည်း ဖြည်းနဲ့ ကျွန်တော့်ကို ကြောက်လာတယ်။ နောက် ဆုံးတော့လည်း သူ့အမေလိုပဲ ကျွန်တော့်ကို အရူးတစ် ယောက်လို့ သတ်မှတ်ပြီး သူ့ အမေနောက် လိုက်သွားတော့ တာပဲ။ တကယ်တမ်းက ကျွန်တော် သူ့ကို သူ့အမေ လို၊ ကျွန်တော့်အမေလို အရောင် မကန်းစေချင်တာ လေဗျာ’

အရောင်၊ အရောင်၊ အရောင်။ သူ ပြောခဲ့သော အရောင်စကားဝိုင်းအတွင်း၌ ချာချာလည် ကျွန်တော် မူး နောက်ခဲ့သည်။

သည်လိုနှင့်ပင် အချိန် တန်ခဲ့သည်။ တာဝန်ချိန် ကုန် ဆုံး၍ ကျွန်တော်၏မြို့လေးသို့ ပြန်လာခဲ့ရသည်။ အပြန် ခရီးတွင်တော့ ထိုသူနှင့်ပတ် သက်သည့် ပုစ္ဆာတစ်ပုဒ်က ခရမ်းရောင်ကားချပ်ကြီးနှင့် အတူ ကျွန်တော်နှင့် ပါလာ ခဲ့သည်။ အရောင်များ၊ ခံစား ချက်များ။ ထို့နောက်တော့ အတွေးများ။ ထိုသူမှ မေး လိုက်သည့် နောက်ထပ် နောက်ဆုံးသော မေးခွန်းတစ် ခုလည်း ရှိနေပါသေးသည်။ ပညာတတ်များဖြစ်ကြလျက် စာနာစိတ်မဲ့၊ နှလုံးသားမဲ့ကြ သူတို့အား မည်သို့များ ဟန် ချက်ညီအောင် ညှိယူရမည် နည်း ဟု ဆိုပါသည်။

မေးခွန်းတစ်ခု ဖြစ်ပါ သည်။ ။ ■

ရွှေသင်




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် “မူလပထမ”

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဗြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျွမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၀၀၊ နိုဝင်ဘာ၊

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်


စာရေးဆရာ ရန်ကုန်ဘဆွေ ရေးသားပြီး ၁၉၅၈
ခုနှစ်လထုတ် မြဝတီမဂ္ဂဇင်း
ဖော်ပြပါရှိခဲ့သည့် 'ဖားနန်းကျိုး' ဝတ္ထု
ပြန်လည်ဖော်ပြပါသည်

(အမှာ။ ။ အောက်တွင် ရေးသားမည်ဖြစ်သော ဝတ္ထုနှင့်ပတ်သက်
စာရေးသူသည် ဓလေ့ထုံးတမ်းနှင့် အသုံးအနှုန်းများကိုပါ ထည့်သွင်းထားသည်
ရှမ်းတိုင်းရင်းသားများသည် လူပျိုလှည့်ရာ၌ဖြစ်စေ၊ လူပျိုစကားပြောရာ၌ဖြစ်စေ
အလှူအတန်းပြုလုပ်ရာ ပျော်ရွှင်ရာ၌ဖြစ်စေ၊ လွမ်းဆွတ်ရာ၊ ငိုယိုရာ၊ ပူပင်ရာ၌ဖြစ်စေ
တေးနှင့် ပြောတတ်၊ တေးနှင့် ပျော်တတ်၊ တေးနှင့် လွမ်းတတ်ကြသည်
ထိုသို့ တေးသုံးသောနေရာမျိုးတွင် စာရေးသူက သဘင်ဆန်ဆန်၊ စာဆန်
ယင်းတို့၏ တေးမှုနှင့်အနီးစပ်ဆုံးဖြစ်အောင် ရေးထားသည်
ထို့ကြောင့် စာဆန်ဆန်နှင့်ပြောသော စကားလုံးများကို တွေ့
တေးဆို၍ ပြောနေ၊ ငိုနေ၊ လွမ်းနေခြင်းဖြစ်သည်ဟု မှတ်ယူကြပါကုန်။ ။ စာရေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချင်းတွင်းမြစ်ဖျားတစ်လျှောက်သို့ ရောက်လာရသည်နှင့် တစ်ပြိုင်နက် မတ်စောက်သော ကျောက်ကမ်းပါးကြီးများနှင့် အတူ ချစ်ခြင်းမေတ္တာတို့ဖြင့် တိမ်းမူးဟန်ရှိသော ခပ်မှိန်းမှိန်း မျက်လုံးပိုင်ရှင်များကို တွေ့လာရတတ်သည်။

သူတို့သည် မျက်မှေးများ၊ မျက်ခမ်းစပ်များ မဟုတ်ကြ။ သူတို့၏ မျက်ပေါက်ကလေးများသည် အနည်းငယ်လျှား၍ နားထင်၏ ထောင့်စွန်းဘက်သို့ မသိမသာ ကော့တက်လျက် ခပ်မှိန်းမှိန်းကလေး ကြည့်တတ်ကြသောကြောင့် အရှေ့တိုင်း ဆန်ဆန်နှင့် တစ်မျိုးတစ်ဖုံ လှနေကြသည်။

နှင်းမှုန်ကလေးများ အမြဲတစေ ဝေ့နေသော ပြာလဲ့လဲ့ တောင်ကြီးတွေ ဝိုင်းရံလျက်ရှိနေသည့် အရပ်သူ၊ အရပ်သား များ ဖြစ်သဖြင့်လည်း စိတ်ကူးယဉ်ကြဟန်ရှိသည်။

သူတို့၏ လုပ်ကိုင်လှုပ်ရှားမှုများသည် သဘင်ဆန်သော ဟန်ပန်အသွင် ရှိကြသည်။

သူတို့၏ ဒေသအလိုက် ရေးဖြစ်ကြောင်းကလေးများ သည် အချစ်ဖြင့်၊ မေတ္တာဖြင့်၊ ကြင်နာခြင်းဖြင့် ပြွမ်းသိပ်သော အကြောင်းများသာ ဖြစ်ကြသည်။

သူတို့၏ တေးကလေးများသည် လှပသော အဖွဲ့အနွဲ့ ကလေးများဖြင့် -

*'ဆန်းပင်းတိုးနန်း ဟိုးပင်းပါး ဆန်ထုံတုံ့ လုံးပန်ဆဝါး နယ်××× ဟွန်မ်ခစားမွန်း××× မျယ်'*

'နှမငယ်သည် ရွှေ၌ ပျော်ပါးသော ငါးသတ္တဝါဖြစ်၍ ဖျံမကြီး၏ရှေ့မှောက်တွင် သွားရောက် ခစားရမည်ဆိုလျှင် လည်း မောင်သည် နှမငယ်နဲ့အတူ ပျော်ရွှင်စွာ လိုက်ပါခစား

သူတို့သည် ဥသြငှက်ကလေးများ၏
အော်မြည်သံကို ကြားရလျှင် 'ပေါ်ရေး.. ပေါ်ရေး'ဟု
ကြားတတ်ကြလျက် သနားကြင်နာသောစိတ်ဖြင့်
မျက်ရည်ကလေးများပင် လည် လာတတ်ကြသည်
'ပေါ်ရေး.. ပေါ်ရေး..' ဟူသော အသံကား
'အဖေရေး.. အဖေရေး..'ဟု ခေါ်မြည်နေခြင်းဖြစ်သည်

ပါအုံး…'ဟု။

ဤသို့ ဤနှယ် ဤအတူ တန်ဆာဆင်တတ်လွန်းကြ သည်။

သူတို့၏ ကြားပုံ မြင်ပုံကလေးများကလည်း တေးဆန် လွန်းလှသည်။

သူတို့သည် ဥသြငှက်ကလေးများ၏ အော်မြည်သံကို ကြားရလျှင် 'ပေါ်ရေး… ပေါ်ရေး'ဟု ကြားတတ်ကြလျက် သနားကြင်နာသောစိတ်ဖြင့် မျက်ရည်ကလေးများပင် လည် လာတတ်ကြသည်။

'ပေါ်ရေး… ပေါ်ရေး…' ဟူသော အသံကား 'အဖေ ရေး… အဖေရေး…'ဟု ခေါ်မြည်နေခြင်းဖြစ်သည်။

'အဖေရေး… အဖေရေး…'ဟု သနားစဖွယ် လ… လည်တမ်းတရင်း အဖေပျောက်ကို ရှာဖွေနေသော ငှက်က… ၏ အသံကိုကြားရလျှင် သူတို့သည် မကြင်နာဘဲ မနေနိုင်… ချေ။

အကြားသာလျှင် မဟုတ်။ အမြင်၌လည်း အုတ်နံရံကြီး… ကဲ့သို့ တစ်ပြင်တည်း ဖြစ်လျက် မြင့်မားလှစွာသော တော… နံရံကြီးများ၊ ကမ်းပါးစောက်ကြီးများကို တွေ့မြင်ရလျှင် စိတ်… ကူးယဉ်လှစွာဖြင့် ဖားနန်းကျိန့်ဟု ခေါ်တတ်ကြသည်။

ဖား ဟူသည်ကား - ကမ်းပါးစောက်၊

နန်း ဟူသည်ကား - မိန်းမပျိုကလေး၊

ကျိန့် ဟူသည်ကား - လိမ့်ချသည်။

ဖားနန်းကျိန့်- မိန်းမပျိုကလေး လိမ့်ချသည့် ကမ်း… စောက်၊ မိန်းမပျိုကလေး လိမ့်ချသည့်နေရာ ဖြစ်သတည်…

သူတို့သည် ဤလို ကမ်းပါးစောက်ကြီးများကို မြင်လို… ရလျှင် မျက်ရည်ကလေးများ ရစ်ဝဲတော့မယောင်နှင့် ေ… ကြလျက် ဖားနန်းကျိန့်၊ ဖားနန်းကျိန့် ဟု ပြောတတ်ကြသည်…

အကယ်လည်း သူတို့အရပ်ရှိ မိန်းမပျိုကလေးများသ… ချစ်ရေးကြိုက်ရေးကိစ္စကြောင့် ကမ်းပါးစောက်ကြီးမျ… လိမ့်ချ သေဆုံးသွားတတ်ကြသည်ဟု ဆိုသည်။

ဤကဲ့သို့ ချစ်ရေးကြိုက်ရေးကိစ္စများကြောင့် မိန်း… ကလေးများ လိမ့်ချသေဆုံးသွားကြသော တောင်ကမ်… စောက်ကြီးများအနက် ရွှေပလ္လင် အမည်ရှိသော ကျေ… တောင်ကမ်းပါးစောက်ကြီးသည် အထင်ရှားဆုံး ဖြစ်သည်…

ချင်းတွင်းမြစ်အတိ… ဆန်တက်လာလျှင် ထိုက… စောက်ကြီးသည် 'ဟဲနင်' ရွာ… 'အင်းပေါက်' ရွာအကြား… တည်ရှိ၍ ထိုနေရာသို့ မရော… တစ်မိုင်ခန့်က မြင်နိုင်… သည်။

ကမ်းပါးစောက်… နေရာ၌ မြစ်သည် အနည်း… ကွေ့ကောက်လျက်ရှိရာ အနီးသို့ မရောက်မီ မြစ်၏သော… အလျားလိုက် လျှောင်းစက်နေသော တောင်နံရံကြီးအ… မြင်ကြရလိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။

မြစ်ကို တစ်ချိုးခန့်ကွေ့လိုက်ပြီး တောင်ကြီးကို … လိုက်ရသောအခါ တောင်ကမ်းပါးစောက်ကြီးသည် … ခေါင်းအုံးကာ တုံးလုံးအိပ်လျက် ရှိနေသည်။

အဝေးမှ မြင်ရစဉ်က တောင်ကမ်းပါးယံကြီးသည် … ခုတည်း တစ်ဆက်တည်းကဲ့သို့ မြင်ကြရသော်လည်း … ကြီး၏ ရှေ့မှောက်သို့ ရောက်သွားသောအခါ တောင်တ… ၏ထိပ်တွင် တောင်ပြတ်ကြီးတစ်ခု ယှဉ်လျက်ရှိသည်…



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးသည်။ တောင်တန်းကြီးထိပ်၌လည်းကောင်း၊ သီးခြား တောင်ပြတ်ကြီးအပေါ်၌လည်းကောင်း ငယ်သော စေတီကလေးများ ရှိကြသည်။

ကြီးမားမတ်စောက်သော တောင်ကြီးများနှင့် ကမ်းပါးပြတ်ကြီးပေါ်တွင် ကပ်လျက်တည်ရှိနေသော စေတီငယ်ကလေးများသည် မြင်သူတို့၏ စိတ်ကို လှုပ်ရှားစေသည်။

မြင့်မားမတ်စောက်သော ကျောက်နံရံကြီးသည် မြင်သူတိုင်း၏ စိတ်ကို အားငယ်ကြောက်ရွံ့လာစေနိုင်သကဲ့သို့ ကြည်ညိုဖွယ် အသွင်ဆောင်သော သေးသွယ်သည့် စေတီကလေးများသည် မြင်ရသူတို့၏ စိတ်ကို ကြည်နူးနှစ်သိမ့်စေနိုင်သည်။

အားလုံး ခြုံလိုက်လျှင် မတ်စောက်သော ကျောက်ကမ်းပါးကြီးနှင့် ကြည်ညိုဖွယ်သော စေတီငယ်သည် ကြည်လင်သော ချင်းတွင်းကျောက်စက်ရေ၊ ပြာလဲ့သော ကောင်းကင်၊ ဖြူဆွတ်သော တိမ်ဆုပ်ကြီးများဖြင့် ပူးပေါင်းကာ ကြည့်လာမြင်လာသူ လူအပေါင်းတို့အား တစိမ့်စိမ့် လွမ်းဆွတ်ကြည်နူးလာအောင် ဖမ်းစားလျက် ရှိသည်။

ချောက်ကမ်းပါး ခြားနေရရှာသော စေတီငယ်နှစ်ဆူကမြင်လျှင် တစ်ဆူနှင့် တစ်ဆူ လှမ်းမျှော်တမ်းတရင်း လွမ်းဆွတ်နေမောနေသယောင်ယောင် ဖူးတွေ့ရသည်။

အမှန်အားဖြင့်လည်း ထိုစေတီငယ်ကလေး နှစ်ဆူလုံးပင်လျှင် လွမ်းစေတီကလေးများ ဖြစ်ကြရှာသည်။

တစ်ဆူသော စေတီငယ်သည် နန်းခမ်းဆိုသူ ရှမ်းလုံမပျိုကလေးအတွက် ရည်စူး၍ တည်ထားကိုးကွယ်သော စေတီဖြစ်လျက် တောင်တန်းကြီး၏ ထိပ်ပေါ်၌ တည်ရှိသည်။

ကျန်စေတီငယ်တစ်ဆူသည် မောင်းကန်ဆိုသူ ရှမ်းလူလင်ပျိုအတွက် ရည်မှန်းတည်ထားကိုးကွယ်ကြသည်ဖြစ်လျက် တောင်ပြတ်ကြီးအပေါ်တွင် ခြောက်ကပ်ညှိုးရော်စွာ သီတင်းသုံးနေဟန် ရှိသည်။

စေတီငယ် နှစ်ဆူ၏ကြားတွင် ချောက်ကမ်းပါးကြီးခြားလျက်ရှိနေရာ တစ်ဆူမှ တစ်ဆူသို့ လှမ်းမျှော်လိုက်တိုင်း လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် ရင်ထဲတွင် ဟာတာတာချည်း ဖြစ်တတ်ရသည်။

ထိုသို့ ဖြစ်တတ်ရသည်မှာ ရှေးယခင်က အချစ်မီးတောက်လောင်လျက် အသည်းကျွမ်းလေပြီး ဖြစ်ကြသော မယ်နန်းခမ်းနှင့် မောင်းကန်တို့၏ အရိပ်အငွေ့ အကြွင်းအကျန်တို့ လာဟပ်သောကြောင့်ပေလားဟု တွေးကြရသည်။

မယ်နန်းခမ်းနှင့် မောင်းကန်တို့သည် အောက်တောင်းရွာမှ လူလင်ငယ်၊ လုံမငယ်တို့ဖြစ်ကြသည်။ ရွှေပလ္လင်တောင်ထိပ်မှနေ ကြည့်လျှင် မြူခြည်များ ရစ်သွဲ့လျက် လဲ့လဲ့ကလေးမြင်ရသော အောက်တောင်းရွာကလေးကို တွေ့နိုင်ကြသည်။

အောက်တောင်းဟူသော အမည်သည် ကြေးဝါထွက်သည်ဟူသော အဓိပ္ပာယ်ရသည်။ ရှေးယခင်က အောက်တောင်းရွာကလေး၌ ကြေးဝါထွက်သည်ဟု အဆိုရှိသည်။

အောက်တောင်းရွာ၏ 'ပေါ်မိန်း'ကြီးသည် ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်လျက် ရွာပေါ်၌လည်း အလွန် သြဇာရှိသည်။

ပေါ် ဟူသည်ကား အဖေ၊

မိန်း ဟူသည်ကား မြို့။

ပေါ်+မိန်း=မြို့အဖေ၊ ရွာအဖေ=ရွာသူကြီး ဟု အဓိပ္ပာယ်ရသည်။ အဆိုပါ ပေါ်မိန်းကြီးသည် အလှူအတန်း အကျွေးအမွေး ဝါသနာပါသူလည်း ဖြစ်သည်။

သူသည် နှစ်စဉ် ပြုလုပ်နေကျဖြစ်သော ကောက်သစ်စားပွဲပြုလုပ်ရန်အတွက် သူ့ရွာသူ့ရွာသားများကို ဖိတ်ခေါ်ထားပြီး ဖြစ်သည်။

သူတို့ဒေသ၌ 'စပါးနပ်ပွဲ'၊ 'ကောက်သစ်စားပွဲ' စသောပွဲများသည် သူတို့ဒေသရှိ ယောကျ်ားပျို၊ မိန်းမပျိုကလေးများတို့ အလွန် ပျော်မြူးကြသော ချစ်ရေးဆိုပွဲကြီးများ ဖြစ်သည်။

ရွာ၌ အကြီးအကဲလုပ်သူများသည် သူတို့၏ တောင်ယာစပါးများကို ရိတ်သိမ်းကြပြီးနောက် စပါးများကို အောက်ပြည်အောက်ရွာမှာကဲ့သို့ လှေ့စင်နှင့် လှေ့လှေ့မရှိကြဘဲ ကောက်ညှင်းများ ကျွေးမွေးကာ တစ်ရွာလုံးရှိ လူပျို၊ အပျိုများကို ဖိတ်ခေါ်၍ စပါးမှော်များ၊ အဖျင်းများကို ဆန်ကောနှင့် ယပ်ပစ်စေလေသည်။

ထိုအချိန်၌ တစ်ရွာလုံးရှိ လူပျို၊ အပျိုများနှင့်တကွ လူကြီး၊ လူငယ်တို့သည် စုရုံးရောက်ရှိလာကြပြီးလျှင် ကောက်ညှင်းများ စားကြပြီးနောက် စပါးယပ်ရင်း၊ စပါးပြာရင်း တစ်ဦးနှင့်တစ်ဦး စ,ကြသည်။ နောက်ကြ ပြောင်ကြသည်။ စောင်းကြ မြောင်းကြသည်။ တေးသီကြသည်။ ချစ်ရေးဆိုကြသည်။ စကားနိုင်လုကြသည်။ စကားထာဝှက်ကြသည်။ သူတို့၏ ချစ်ရေးဆိုသော ပျော်ပွဲကြီးပင် ဖြစ်တော့သည်။

ထို့နောက် အဆိုပါ ပေါ်ဦးပေါ်ဖျား ကောက်သစ်များကို နေလှန်းပြီးလျှင် နေ့ကောင်းရက်သာများကို ရွေးချယ်ပြီး ကောက်သစ်စားပွဲ လုပ်ကြပြန်သည်။

ကောက်သစ်စားပွဲလုပ်သည်ဆိုရာ၌ 'စပါးယပ်ပွဲ'ကဲ့သို့ပင် တစ်ရွာလုံးကို ဖိတ်ခေါ်ပြီးနောက်-

လက်ဆုံပေါင်း ၁၀၀ ကျော်ခန့် စီတန်းထားလျက် လက်ဆုံတစ်ဆုံလျှင် လူ နှစ်ယောက်ကျ မျက်နှာချင်းဆိုင်၍ စည်းချက်ဝါးချက်ညီညီ ရှမ်းတေးကို သီရင်း ထောင်းကြရသည်။

ထိုအချိန်၌ ရှမ်းတေးတတ်သူများက စပါးထောင်းသူများ၏နောက်မှထိုင်၍လည်းကောင်း၊ ကိုယ်တိုင် ဝင်ထောင်း၍လည်းကောင်း တိုင်ပေးကြရသည်။ စပါးထောင်းသူများက သံချပ်ထိုးသကဲ့သို့လည်းကောင်း၊ လှေတိုင်သကဲ့သို့လည်းကောင်း စပါးထောင်းရင်း လက်ဆုံချက်ကို စည်းလုပ်၍ လိုက်ဆိုသည်။

ရှမ်းတေး တိုင်ပေးသူများသည် မိန်းမများဘက်မှလည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ယောက်ျားများဘက်မှလည်းကောင်း၊ တစ်ဦးစီဖြစ်စေ၊ နှစ်ဦးစီဖြစ်စေ၊ တစ်ဖက်မှ တစ်ဦးတည်း၊ တစ်ဖက်မှ နှစ်ဦး၊ သုံးဦးဖြစ်စေ ရှိကြရသည်။

တေးတိုင်ရာ၌ ယောက်ျားဘက်မှ တစ်လှည့်၊ မိန်းမဘက်မှ တစ်လှည့် တစ်လဲစီ တိုင်ကြရသည်။

တစ်လှည့် တစ်လှည့်လျှင် ၁၅ ပုဒ်မှ အပုဒ် ၅၀ ကျော်အထိ ရှိတတ်ကြသည်။

အဆိုပါ ရှမ်းတေးများ သီဆိုကြရာ၌ တစ်ခါတစ်ရံတွင် ဝတ္ထုကြောင်းကြီးများဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံတွင် ချစ်ရေးဆိုသော စကားနိုင်လု၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် စကားထာဝှက်၍လည်းကောင်း တိုင်တတ်ကြသည်။

ဝတ္ထုကြောင်းကြီးများကို တိုင်သောအခါမျိုးတို့တွင် ဝတ္ထုတွင်းမှ မင်းသားသည် ဝတ္ထုတွင်းမှ မင်းသမီးကို အဖွဲ့အနွဲ့များဖြင့် ချစ်ရေးဆိုသော စကားလုံးများသို့ ရောက်သောအခါ-

စပါးထောင်းနေသော ရှမ်းလူပျိုသည် မျက်နှာချင်းဆိုင်တွင် အတူထောင်းနေသော ရှမ်းအပျိုမကလေးကို ညှို့မျက်လုံးဖြင့် စိန်းစိန်းကြည့်လျက် အသံကျယ်ကျယ်နှင့် လိုက်ဆိုတတ်သည်။

ဝတ္ထုကြောင်းထဲမှ မင်းသမီးသည် ဝတ္ထုကြောင်းထဲမှ မင်းသားအား 'တန်သလား၊ ရာသလား၊ ဒီလို အသွင်ရုပ်မျိုးတော့ လင်လုပ်ဖို့ စိတ်မကူးသေးပေါင်' စသော စကားလုံးမျိုးဖြင့် ပြောလိုက်သောအခါ-

တစ်ဖက်မှ ရှမ်းအပျိုမကလေးသည် နှုတ်ခမ်းတစ်လန်ပန်းတစ်လန်နှင့် လျှာသံ အာသံကလေးများပါအောင် မျက်စောင်းကလေးထိုးကာ နှုတ်ခမ်းကလေး မဲ့ကာနှင့် ရှမ်းလူပျိုကို ကြည့်၍ အသံကျယ်ကျယ်နှင့် လိုက်ဆိုတတ်သည်။

ဤသို့ ဝတ္ထုကြောင်းကြီးများကို တိုင်ကြ၊ သီကြသော အခါများတွင် ရှမ်းအဘိုးကြီး၊ အမယ်ကြီးများနှင့်တကွ ရွာနီးချုပ်စပ်တို့မှ လာရောက် နားထောင်တတ်ကြသည်။

လွမ်းခန်းသို့ ရောက်သောအခါများတွင် ဆေးလိပ်ဖွာရန်နှင့် မီးပုံသို့ ထင်းထိုးရန်ပင် မေ့နေကြလျက် မျက်ရည်ကလေးစမ်းစမ်းနှင့် တရှုပ်ရှုပ်ငိုကြကုန်သည်။

ထောင်းပြီး ဆန်များကို ပြာတီး၍ နံနက်စောစော ဆွမ်းလုပ်ကျွေးရန်နှင့် စပါးထောင်းသူများပါ တစ်ရွာလုံး တပျော်

**သူတို့သည် ဤလို ကမ်းပါးစောက်ကြီးများကို မြင်လိုက်ရလျှင် မျက်ရည်ကလေးများ ရစ်ဝဲတော့မယောင်နှင့်ငေးမောကြလျက် ဖားနန်းကျိန့်၊ ဖားနန်းကျိန့် ဟု ပြောတတ်ကြသည် အကယ်လည်း သူတို့အရပ်ရှိ မိန်းမပျိုကလေးများသည် ချစ်ရေးကြိုက်ရေးကိစ္စကြောင့် ကမ်းပါးစောက်ကြီးများမှ လိမ့်ချသေခုံးသွားတတ်ကြသည်ဟု ဆိုသည်**

တပါး ကောက်သစ်တွေ စားကြရန် ချက်ပြုတ်နေကြ…
သော…

မီးဖိုဘက်ရှိ ဦးရှမ်းကြီး၊ ဒေါ်ရှမ်းကြီးတို့သည်လည်း… ယိုစီးသော မျက်ရည်နှင့် ငေးငိုင်နေတတ်ကြသောကြောင်း… ဆွမ်းအိုးများ ပျော့ကုန်ကြရသည်။

မျက်နှာချင်းဆိုင်၍ စပါးထောင်းနေကြသော လူပျို… အပျိုတို့သည်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ရေးမဆွယ်နိုင်… တော့ဘဲ မျက်ရည်ကလေးများ လည်လျက် ဝတ္ထုကြောင်းတွင်… နစ်မျောကာ ငေးငိုင်ရင်း ထောင်းနေကြကုန်သည်။

သို့ရာတွင် လူပျို၊ အပျို စသည့် လူငယ်တို့သည် ဝတ္ထု… ကြောင်းကြီးများထက် ချစ်ရေး စကားနိုင်လုခြင်း၊ စကား… ဝှက်ခြင်းတို့ကို ပို၍ ကြိုက်နှစ်သက်ကြကုန်သည်။

ယခုလည်း 'စပါးယပ်ပွဲ'ပြုလုပ်စဉ်က ချစ်ရေးဆို… ကြွေးတင်ခဲ့ကြသော အောက်တောင်းရွာသူ ရှမ်းလုံမငယ်… သည် မျောက်အော်သံ မတိတ်မီ နေချိုစ အချိန်မှစ၍ ဟို… သည်အိမ်သို့ ကူးလူးကြကာ ရုံးစုရုံးစုနှင့် အလှပြင်ဆင်နေ… ကုန်သည်။

ရှမ်းလုလင်ပျိုတို့ကလည်း အိမ်တွေပေါ်မှ ဆူဆူညံ… အသံစာစာနှင့် ပြုလုပ်နေကြကုန်သော ရှမ်းအပျိုမတို့ကို … ကျမခံ လမ်းပေါ်မှနေ၍ ဟာစ်အော် နောက်ပြောင်ကြရင်း … ထိပ်ရှိ ဦးအိုက်မောင်း၏ အိမ်သို့ သွားရောက်စုကြကုန်သည်။

ဦးအိုက်မောင်းကား ရှမ်းတေးဆရာတည်း။

ထိုညနေအဖို့ ဦးအိုက်မောင်းသည် ကာလသားတို့ … ရောက် ပူဇော်ကြကုန်သော 'ဘိန်းပိတ်စ'ကလေးများ … ဆယ်သားခန့် ရသောဟူ… (ဘိန်းပိတ်စ။ ။ မိမိတို့ကိုယ်တိုင်… စိုက်ပျိုးထားသော ဘိန်းခင်း… မှ ဘိန်းစေးများကိုခံယူ၍ ပိတ်… သန့်သန့်ပေါ်တွင် သုတ်လိမ်း… အခြောက်လှန်း၍ ခေါက်ထား… သော ပိတ်စ၊ ၎င်းကို အသုံး… လိုသောအခါ ရေနှင့်ဖျော်၍ … ယူပြီးလျှင် ထိုအရည်ကို … လိုက်သော် ဘိန်းအဆီ ရလာသည်။)

နေဝင်ကျော်၍ ဒေါင်းအော်သံတိတ်သော အချိန်… ရောက်သောအခါ ပေါ်မိန်းကြီး၏ အိမ်ဝင်းအတွင်း၌ လက်… တွေ အတန်းတန်းစီလျက် ရှိကြသည်။

မလေ့ထုံးစံအရ စိတ်ပလီတိုင်း ခြယ်လှယ်ဆင်သလာ… သော ရှမ်းအပျိုကလေးများသည် ဟိုတစ်စု သည်တစ်စု… အလျဉ်းသင့်ရာ သင့်ရာ စုကြကာ ရှမ်းလူပျိုများ ရှိ… ကွက်ကြည့်ကွက်ကြည့်နှင့် လုပ်လိုက်၊ တွတ်တွတ် တွတ်… စကားပြောလိုက်၊ ခစ်ခစ် ခစ်ခစ် မြည်အောင်ရယ်လိုက်… ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းလူပျိုတို့ကလည်း ထင်းများကို ပွေ့ပိုက် သယ်ယူကြ ကာ မီးအပုံပုံပြုလျက် ဖိုရင်း ရှမ်းအပျိုမကလေးများရှိရာသို့ ကြည့်လိုက်၊ အချင်းချင်း ခေါင်းချင်းကပ် တိုးတိုးပြောလိုက်၊ ဆင်ကြောင်များ ပေါ်အောင် ဘောင်းဘီတစ်ဖက်ကို ပင့်လိပ်၍ ထင်လိုက်နှင့် ရှိနေကြသည်။

နေရောင်များ ပျောက်လေရာ မီးပုံများမှ မီးရောင်တို့သည် ရှမ်းအပျိုမကလေးတို့၏ နီသော ပါးအို့ကို ရဲရဲတွတ်သော အရောင်ဖြင့် ခြယ်လှယ်ပေးလေသည်။

ရှမ်းလူပျိုတို့သည် တစ်ကိုယ်လုံး ထိုးခြယ်ထားသော ဆေးမင်များကို ပေါ်စေလျက် ရင်ကွဲအင်္ကျီကိုဝတ်ကာ ဘိန်း ရူးသော ခပ်မှိန်းမှိန်း မျက်လုံးဖြင့် ခပ်ပြုံးပြုံး ဝင်လာပါသော ရှမ်းတေးဆရာ ဦးအိုက်မောင်းကြီးအား ဆီးကြိုကြသကဲ့သို့-

ရှမ်းအပျိုမကလေးများလည်း ပုပုဝဝ၊ မျက်နှာပြပြ၊ သွား ညီးမည်းနှင့် ရှမ်းတေးအကျော် ဒေါ်နန်းရေကြီးကို အားကျ ခံ ပြေး၍ ကြိုဆိုကြကုန်သည်။

မကြာမီအတွင်း လက်ဆုံတို့နှင့် စပါးများသည်လည်း ကောင်း၊ လူပျို အပျိုတို့သည်လည်းကောင်း၊ လူအိုယောက်ျား၊ မိန်းမတို့သည်လည်းကောင်း အသင့်ရှိနေကြကုန်သည်။

ဦးအိုက်မောင်းသည် စပါးတစ်ဆုပ်ကို ကိုင်ကာ နှုတ်မှ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် ထိပ်ဆုံးရှိ ဆုံဦးထဲသို့ ထည့် လိုက်ကာ ကျည်ပွေ့ကိုကိုင်လျက် စောင့်လင့်၍နေသည်။ လက်ဆုံ၏ ဝဲယာတို့၌ ကျည်ပွေ့ကိုကိုင်ကာ အသင့်စောင့်နေ ကြသော လူပျို၊ အပျို၊ ယောက်ျားကြီး၊ မိန်းမကြီးတို့သည် ဦးအိုက်မောင်းကို တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေကြသည်။

ရွာအနောက်ဘက်ရှိတောတန်းမှ တောကြက်ဖတစ်ကောင် သည် သာယာစွာသောအသံဖြင့် သံရှည်ဆွဲကာ တွန်ကျူးလိုက် လေသည်။ ဦးအိုက်မောင်းသည် ကျည်ပွေ့ကိုမြှောက်ကာ လက်ဆုံတွင်းသို့ ချလိုက်သည်။ အသင့်စောင့်နေကြသော သူတို့ သည် ဦးအိုက်မောင်းနှင့်အတူ တညီတညွတ်တည်း ကျည်ပွေ့ များကိုမြှောက်ယူလိုက်ကာ လက်ဆုံအတွင်းသို့ ချလိုက်ကြလေ သည်။

ထို့နောက် ဦးအိုက်မောင်းသည် ရှမ်းတေးကို အစပျိုးရင်း အနီးရှိ လူငယ်အား လက်ဆုံကျည်ပွေ့ကို လှမ်းလိုက်သည်။

*'ဆွိုင် ယွိုင်...'*

*'ဆွိုင် ယွိုင်...'*

*'ညီစေxxx ညီစေxxx'*

အစချီသော ရှမ်းတေးသံပြိုင်သည် စပါးထောင်းသံများ နှင့် စည်းချက်ပြုကာ အောက်တောင်းရွာကလေး၏ ကောင်း ကင်ယံထက်သို့ ပျံတက်လာတော့သည်။

တေးအပျိုးသည် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့ အပါအဝင် ရွာစောင့်နတ်၊ ရှမ်းတေးနှင့်ဆိုင်သော ပိဋကတ်သုံးပုံ ကို စောင့်သည့် သူရဿတီနတ်သမီး စသည်တို့ကို ကန်တော့ သော တေးအပျိုးဖြစ်သည်။

ထို့နောက်-

*'သစ်ပင်ထက်တွင် မျောက်ကဲ့သို့လည်းကောင်း၊ ရေ အလျဉ်တွင် ဖျံကဲ့သို့လည်းကောင်း၊ တောအသွားတွင် ကျား ကဲ့သို့လည်းကောင်း စွမ်းအင်နှင့်ပြည့်စုံလျက် မိန်းမအပေါင်း တို့၏ သခင်၊ လင်ယောက်ျား အလောင်းများဖြစ်ကြသော ကျွန်ုပ်တို့ အောက်တောင်းသားများကား ရှမ်းတေးကိုသီဆို ရန်အတွက် ရတနာသုံးပါးနှင့်တကွ ဆရာ၊ မိဘ၊ အရှင်သခင် နတ်များကို ကန်တော့ရန် ပြီးပါပြီ။ ကံမကောင်း အကြောင်း မလှသဖြင့် ယုတ်ညံ့သော မိန်းမဘဝကို ရရှိနေကြရရှာသော နှမငယ်တို့က ကျွန်ုပ်တို့နှင့်အတူ ရှမ်းတေးကို သီဆိုကြရန် အတွက် တစ်လှည့်ကန်တော့ပါဦး'* ဟူသော စကားချိတ် ကလေးနှင့် အဆုံးသတ်လိုက်သည်။ ရှမ်းလူပျိုများကား တပြုံးပြုံးနှင့်။

ရှမ်းအပျိုမကလေးများသည် ရှမ်းလူပျိုကလေးတို့၏ မျက်နှာကို မခံချိသော အမူအရာဖြင့် မျက်စောင်းထိုးလိုက်ကြ ကာ ဒေါ်နန်းရေ ရှိရာဘက်သို့ လှည့်၍ လှည့်၍ ကြည့်ကြကုန် သည်။ ဒေါ်နန်းရေသည် *'ဆွိုင်ယွိုင် ဆွိုင်ယွိုင်...'*

*'ဆွိုင်... ယွိုင်...'*

*'ဆွိုင်... ယွိုင်...'*နှင့် အစချီလျက် ဦးအိုက်မောင်း ကဲ့သို့ပင် ဘုရားတရားတို့ကို ကန်တော့သည်။ ထို့နောက်-

*'ရှမ်းတေးဆိုကြသည့် အောက်တောင်းသားများ၏ ကန်တော့ခြင်းကို ခံရသော သူရဿတီမယ်ဒေဝီကဲ့သို့ မိန်းမ မျိုးလည်းဖြစ်သော၊ သစ်ပင်ထက်တွင် မျောက်ကဲ့သို့၊ ရေ အောက်သွားလျက် ဖျံကဲ့သို့၊ တောကိုသွားလျှင် ကျားကဲ့သို့ စွမ်းအားရှိသူများကို မွေးထုတ်တတ်သဖြင့် အမေလည်းဖြစ် သော အကျွန်မတို့သည် ရှမ်းတေးသီဆိုရန်အတွက် ရတနာသုံး ပါးနှင့်တကွ ဆရာ၊ မိဘ၊ သက်ဆိုင်ရာ အရှင်သခင်များကို ရှိခိုးကန်တော့ပြီးပါပြီ။ ထို့ကြောင့် ယခု မလိမ်မိုး၊ မလိမ္မာနှင့် မိုက်မဲစွာသော သားငယ်တို့အလှည့်သို့ ရောက်ပါပြီ။ သစ်ပင် ထက်တွင် မျောက်ကဲ့သို့ဆော့သော သားငယ်တို့သည် ဤတေး သီပွဲတွင် မျောက်ကဲ့သို့ နှုတ်လျှာဆော့မည်ဆိုလျှင် အမြီးပြတ် အောင် ရိုက်၍ဆုံးမရမည်မှာ အမေတို့တာဝန် ဖြစ်သဖြင့် သတိ ထား၍သာ ယဉ်ကျေးလိမ္မာစွာ မောင်တို့အလှည့် ယူပါတော့'* ဟူသတည်း။

ရှမ်းအပျိုမကလေးများ၏ အသံသည် ကျယ်၍ ကျယ်၍ လာကြသည်။ ရှမ်းအပျိုမကလေးများ၏ မျက်နှာသည် ပြုံး၍ ပြုံး၍ လာကြသည်။ ရှမ်းအပျိုမကလေးများ၏ မျက်လုံးအစုံ တို့သည် တောက်ပြောင်စွာဖြင့် ရှမ်းလူပျိုတို့၏ မျက်နှာများသို့ ကြည့်လိုက်ကြကုန်သည်။

လက်ဆုံထဲသို့ ကျည်ပွေ့ချသံတို့သည် တဖြည်းဖြည်း ပို၍ ပို၍ ပြင်းထန်လာကြကုန်သည်။ မီးဖိုမှ ထင်းမီးတောက် တို့သည် မီးကျီးကျလျက် တဖြည်းဖြည်း မှေးမှိန်၍ လာခဲ့ရ သလောက် ဦးအိုက်မောင်း၏ ရှမ်းတေးသံသည် ပို၍ အောင်



www.burmeseclassic.com

www.burmeseclassic.com

မြင်ပီသ လာခဲ့သည်။

*'ယနေ့ညအဖို့မှာ ယဉ်ကျေးသိမ်မွေ့စွာနဲ့ အခုလို ရှမ်းတေးများကို သီဆိုနေကြပေမဲ့ ကဲ... လုံမတို့ရေ၊ မင်းတို့မှာ ကာမပိုင်ယောကျ်ားရှိရင်လည်း ငါ့မှာ ကာမပိုင်ကြီးနဲ့ပါလား ဆိုတဲ့ စိတ်ကို မင်းတို့အိမ်မှာပဲ ထားခဲ့ပြီး၊ အချစ်ရည်းစားများရှိရင်လည်း မင်းတို့ရဲ့ အချစ်ရည်းစားစိတ်ကို အိမ်မှာပဲ ထားခဲ့ပြီး ဒီတစ်ညအဖို့တော့ မင်းတို့နဲ့ ငါတို့ဟာ မညည်းမညူတမ်း၊ မပျင်းတမ်း၊ မနားတမ်း ပျော်ပျော်ကြီး နွှဲလိုက်ကြစို့ရဲ့...'*

*'အဲ... အချစ်မတူဘဲ မင်းတို့က ချော့ပြီး ကြိုက်တာယူထားရလို့ ကြောက်တဲ့လူများရှိရင်တော့ အရိုက်မခံရအောင်၊ မင်းတို့ ချော့ထားရတဲ့လူက မင်းတို့ကို ပစ်ပြေးမသွားရလေအောင် အခုကတည်းက ပြန်ခွင့်ပြုပါတယ်'* စသဖြင့် ချစ်ရေးစကားနိုင်လုပွဲကြီးကို တပ်ဦး ကြွေးကြော်သံကို စတင် ဟစ်ကြွေးလိုက်လေသည်။ နှင်းမှုန်တို့သည် လက်ဆုံထောင်းနေကြသော ရှမ်းအပျို၊ လူပျိုတို့၏ ဦးရစ် ခေါင်းပေါင်းများကို ရွဲစိုစ ပြုလေပြီ။

ဦးရစ်ခေါင်းပေါင်းများ၏ အနားစပ်ဆီမှ ထွက်ပေါ်နေကြသော ရှမ်းပျိုမကလေးများ၏ ဆံနုတို့တွင် နှင်းဥကလေးများသည် သီး၍ သီး၍ ကျလာလေကြပြီ။

ရှမ်းတေးကို နားထောင်ရင်း ကူညီညာ ချက်ပြုတ်ပြာတီးနေကြသော ရှမ်းအဘိုးအို၊ အဘွားအိုတို့သည် သူတို့၏ ခြုံစောင်အိုကြီးများကို ပို၍လုံအောင် ပြုပြင်ကြရာမှ ထင်းမီးများကို ထပ်ဖြည့်နေကြလေပြီ။

**ထိုစေတီငယ်ကလေး နှစ်ဆူလုံးပင်လျှင် လွှမ်းစေတီကလေးများ ဖြစ်ကြရာသည် တစ်ဆူသော စေတီငယ်သည် နန်းခမ်းဆိုသူ ရှမ်းလုံမပျိုကလေးအတွက် ရည်စူး၍ တည်ထားကိုးကွယ်သော စေတီဖြစ်လျက် တောင်တန်းကြီး၏ ထိပ်ပေါ်၌ တည်ရှိသည်**

သို့သော် ရှမ်းအပျိုမကလေးတို့၏ မျက်နှာ၌လည်းကောင်း၊ ရှမ်းလူငယ်ပျိုတို့၏ မျက်နှာ၌လည်းကောင်း အချစ်သွေးများဖြင့် ဆူဝေလျက် နီမြန်း၍ နေကြလေသည်။

အိမ်ထောင်ရှိကြပြီး ဖြစ်ကုန်သော ရှမ်းလူရွယ်၊ မိန်းမရွယ်တို့သည် မိမိတို့၏အိမ်ထောင်သည်ဘဝကို မေ့လျော့ကြကာ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်လျက် စိန်းစိန်းကြည့်ကြကုန်သည်။

နှင်းပေါက်ကြီးများသည် ဖိုထားသော မီးပုံများထဲသို့ ကျဆင်းကာ မီးကျီးခဲများကို တရှဲရှဲ ငြိမ်းစ,ပြုစေသည်။

ဤမျှ အေးစပြုနေပြီဖြစ်သောအချိန်တွင် မျက်နှာချင်းဆိုင်
၍ ဆန့်ဖွပ်လျက်ရှိကြသော မောင်မယ်အစုံတို့သည် အေး
လည်း မသိကြ၊ မောမှန်းလည်း မသိကြ၊ ညောင်းညာ
လည်း မသိကြ၊ မိမိတို့၏ နဖူးဆံစတို့တွင် နှင်းပေါက်က
များနှင့် ရောနှောလျက်ရှိသော ချွေးဥကလေးများကိုပင် သု
လိမ်းရန် သတိမရကြတော့ဘဲ၊ မိမိတို့ သီဆိုနေကြကုန်သော
ရှမ်းတေးဆရာ၏ ချစ်ရေးငင် တေးတို့ကိုလည်း တေးအ
နှင့် သီဆိုနေကြသည်ဟု သတိမရကြတော့ဘဲ အကယ်
တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ကာ တကယ်ပြောနေရသ
သို့ မေ့မောထင်မှတ်လာကြကုန်သည်။

ချွေးပေါက်များဖြင့် ရော၍ ထွက်လာကြကုန်သော
ကိုယ်နံ့တို့သည် တစ်ဦးနှင့်တစ်ဦး ကူးလူးကာ တစ်အိမ်
တည်းတွင် အတူ လျှောင်းစက်နေသကဲ့သို့ ရရှိနေကြသည်
လှုပ်ရှားမှုကြောင့်လည်းကောင်း၊ နီးစပ်မှုကြောင့်လည်း
ကောင်း၊ ချစ်ရေးဖွဲ့ဆိုနေရမှုကြောင့်လည်းကောင်း ဆူကြွလျ
ရှိသော သွေးတို့သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့ကာ တိမ်းမူးသော
မျက်လုံး၊ ပြုံးသောမျက်နှာတို့ဖြင့် တစ်ဦးနှင့်တစ်ဦး စိန်း
ကြည့်ကြသည်။

ပေါ်မိန်းကြီး၏ တစ်ဦးတည်းသော သမီးပျိုဖြစ်သည်
နမ်းခမ်းရေသည် မိမိရှေ့တွင်ရှိသော မောင်းကန်ညီ၏ မျက်
အစုံကို တောက်ပြောင်သော မျက်စိအစုံဖြင့် တမေ့တ
ကြည့်မိရင်း မျက်နှာတွင် ရှက်သွေးကလေးများ ဖြန်းလျ
ပြုံးမလိုလို မဲ့မလိုလို ဖြစ်နေရှာသည်။

ဆင်းရဲသားတစ်ယောက်မျှသာဖြစ်သော မောင်းကန်ညီ
သည် မိမိထက် အဆပေါင်းများစွာ တန်ခိုးဂုဏ်သိန် စည်း
ဥစ္စာနှင့်ပြည့်စုံသော နမ်းခ
လို ရှမ်းအပျိုမ လှလှက
ကို ဝံ့စားရဲဟန် မရှိသော်လည်း
ဘို့ထစ,ကျဲပေါက်ကလေး
သို့ ဆူဖြိုးသွေးကြွသည့် အရွယ်
ဖြစ်သည့်အလျောက် အနီးတွင်
ကပ်လျက် မျက်နှာချင်းဆိုင်
ရပြီဖြစ်သော ရှမ်းအပျိုမက
၏ ၃၂ ကောဋ္ဌာသအစုံကို စိ
မလုံမလဲနှင့် သုံးသပ် မိရင်း အတင်းအကျပ် ဟန်ဆောင်
ရသော်လည်း မိမိကိုယ်တိုင် မသိလိုက်ပါဘဲနှင့်-

'ချစ်ဆေးချစ်၊ ကြိုက်ဆေးကြိုက်၊ သဘောမကုန်
မိုင်းစစ်ရူးမီးဖုံ၊ စိတ်မကုန် တီးမားနန်းရေ'ဟု ရှမ်းတေးအ
လိုက်ကာ ပြောမိလေသည်။

စင်စစ် မောင်းကန်ညီသည် တေးဆရာ တိုင်သော ရှမ်း
တေးကို လိုက်ဆိုခြင်း ဖြစ်၏။

သို့ရာတွင် မောင်းကန်ညီသည်လည်းကောင်း၊ နန်း
ရေသည်လည်းကောင်း တေးဆရာတိုင်ပေးသောတေးကို လိုက်
ဆိုမိကြခြင်း မဟုတ်ဘဲ မောင်းကန်ညီကလည်း မိမိ တ



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်မိသည်ဟု စိတ်တွင်းမှ သိလိုက်သည်။

နန်းခမ်းရေကလည်း မိမိကို မောင်းကန်ညီက တကယ် ပြောလိုက်သည်ဟု စိတ်တွင်းမှ သိလိုက်သည်။

ထို့နောက် နှစ်ယောက်သား တစ်ယောက်မျက်နှာသို့ တစ်ယောက် ပြုံးပြုံးပျာပျာနှင့် တစ်ပြိုင်နက်တည်း ကြည့်လိုက်ကြသည်။

ထို့နောက် တစ်ပြိုင်နက်တည်း အပြေးအလွှား မျက်လွှာချပစ်လိုက်ကြသည်။

ထို့နောက် ကမန်းကတန်း ပြန်ကြည့်လိုက်ကြပြန်သည်။

ထို့နောက် မျက်လုံးချင်းဆုံမိကြသဖြင့် ချက်ချင်း မျက်လွှာပြန်ချလိုက်ကြသည်။

မောင်းကန်ညီနှင့် နန်းခမ်းရေတို့ နှစ်ယောက်သားလုံး ရင်ထဲ၌ မောသွားကြသည်။

အသက်ရှူသံများ ပြင်းနေကြသည်။ သူတို့ ထောင်းနေကြသော လက်ဆုံသံသည် သူတို့၏ နားထဲတွင် စည်းချက်နှမ်းနှင့် ယခုမှ ကြားနေကြရသည်။ ချစ်ဆေးချစ် ဟူသော တေး၏ အဓိပ္ပာယ်ကား မောင်သည် မယ့်ကို မည်မျှ အချစ်ကြီး ချစ်၊ အကြိုက်ကြီး ကြိုက်ခဲ့ပါသနည်းဆိုသော် သေဆုံး၍ မီးပုံပေါ်သို့ ရောက်သည့်တိုင်အောင် မပျက်မပြယ်ဘဲ ချစ်ကြိုက်နေပါမည် ဟူသတည်း။

နန်းခမ်းရေသည် သူ ထောင်းနေသော လက်ဆုံသံကို မျက်လွှာချကာ ဂရုစိုက်၍ နားထောင်ရင်း ခုကလေးမှ သူ သတိထားလိုက်မိသော မောင်းကန်ညီတွင် နှုတ်ခမ်းမွေးကလေး နန ရှိကြောင်းကို စဉ်းစားမိနေသည်။

ထို့အတူ မောင်းကန်ညီကလည်း ယခုမှ သူ သတိထားလိုက်မိသော နန်းခမ်းရေ၏ နီသော ပါးအို့ပေါ်တွင် ယင်ချေးပြောက် အမည်းစက်ကလေးများ ရှိသည်ကို တွေးတောနေမိပြန်သည်။

*'သခင်ရယ် ကျွန်တော်မတို့ ယုံရန် ခက်လှပါတယ်၊ ဥမာဆောင်ရလျှင် ရေကြည်တဲ့ နေရာသိရောက်ပြီဆိုမှဖြင့် ကျွန်ရွက်ကြီးကို အသင့်ကိုင်ဆောင်ထားတဲ့ ကိုတင်ါဟာ ကျောက်ခဲဖြူဖြူကလေးကို ရေထဲ ပစ်ချလိုက်တော့ အစာမှတ်ပြီး စုပြေးလာကြတဲ့ ငါးကလေးတွေကို အသင့်ပြင်ထားတဲ့ ကျွန်ရွက်နဲ့ အုပ်ယူလိုက်သလို သခင်တို့စကားကို ယုံစားလိုက်ရမိတဲ့ ကျွန်တော်မတို့မှာလည်း ဤအတူ စိုးရိမ်စရာ မရှိပါဘူး... သခင်ရယ်'*

နန်းခမ်းရေသည် တေးကို လိုက်နေရာမှ မောင်းကန်ညီအား မျက်လုံးကိုပင့်၍ ကြည့်လိုက်မိသည်။

မောင်းကန်ညီ၏ အကြည့်နှင့် အကြည့်ချင်း ဆုံမိကြသောအခါ မသိမသာ ပြုံးပြလိုက်မိသည်။

ထို့နောက် တွဲ့တွဲ့နွဲ့နွဲ့နှင့် မပွင့်တပွင့် တေးကို ဆိုသည်။ ယင်းဆိုခြင်းသည် မောင်းကန်ညီ တစ်ဦးတည်းအတွက် ရည်ရွယ်၍ ဆိုလိုက်ကြောင်းကို ထိုရှမ်းအပျို လူပျိုကလေးနှစ်ဦးလုံး၏ စိတ်ထဲ၌ အလိုလို သိကြသည်။

ရှမ်းတေး မဆုံးမီ အတွင်း၌ပင် မောင်းကန်ညီက မကျေမနပ်နှင့် ပင့်သက်ကလေးချလိုက်သောအခါ ရှမ်းအပျိုမကလေးက သဘောကျ၍ ပြုံးသွားသည်။

ထိုသည်နောက်ကား ချမ်းသာကြွယ်ဝသော ပေါမိန်းကြီး၏သမီး နန်းခမ်းရေနှင့် မိမဲ့ ဘမဲ့ ဆင်းရဲလှသော ဘိန်းစားကြီး မောင်းကန်အိုက်၏ တစ်ယောက်တည်းသော ညီငယ် မောင်းကန်ညီတို့သည် မတူသော အဆင့်အတန်း၊ ကွာလှမ်းသော ဘဝပေး၏ အကြားမှာပင် တစ်ဦးနှင့်တစ်ဦး ချစ်တို့ ဖလှယ်ကြကာ အချစ်နယ်တောင်တစ်ကြောတွင် ချစ်ယာတောတီထွင်လျက် အချစ်ပင်ပျိုးကြ၍ တိတ်တိတ်ခိုး ချစ်မိုးရွေ ခဲ့ကြလေသည်။

'တောလုံငှက်ကလေး လာရောက်မြည်ကြွေးတဲ့ သန်းခေါင်ယံအချိန်မှာ နဖူးပြင်တွင် လက်တင်ပြီး သခင့်ကို စိတ်ကူးရင်း အလုပ်အကျွေးပြုမည့် ကျွန်တော်မက မနေနိုင်လို့ လာခဲ့ရပါပြီသခင်'ဟု အဓိပ္ပာယ်ရသော-

*'တိန့်ခွန်းတဲ့တဲ့- ကွတ်ကောင်း ခမ်းမ်ခန်း ဆူးစိုင်မောင်- မိခွာ တန်နဖူးနယ်...'*

စသည့် ရှမ်းပျိုမကလေး၏ သီချင်းသံသည် မောင်းကန်ညီ၏ တောင်ယာဆီသို့ ပျံ့လွင့်လာခဲ့သည်။

မောင်းကန်ညီသည် တောင်ယာတဲ၏အဝမှ ထွက်လာ၍ ရပ်ကြည့်နေသည်။

ရှမ်းပျိုမကလေးသည် နဖူးပေါ်တွင် ရှမ်းလွယ်တောင်းကို ချိတ်ကာ တောင်ပေါ်သို့ မော့ကြည့်ရင်း နေရာတွင် ရပ်လိုက်သည်။

ရှမ်းပျိုမကလေးသည် မောင်းကန်ညီ၏ လာရောက် ကြိုဆိုခြင်းကို စောင့်နေဟန် တူသည်။

မောင်းကန်ညီသည် နေရာတွင် ရပ်လျက် ငြိမ်မြဲ ငြိမ်နေသည်။ ရှမ်းပျိုမကလေးသည် ခေတ္တမျှ ရပ်၍ ကြည့်ပြီးနောက် ချာခနဲလှည့်ကာ တောင်အောက်သို့ ဆင်းပြေးသွားသည်။

ယောက်ျားပျိုသည် ခေတ္တမျှ ငေး၍ ကြည့်နေပြီးမှ-

'နန်းခမ်းရေ... နန်းခမ်း'ဟု လှမ်း၍ ဟစ်လိုက်သည်။

ရှမ်းပျိုမကလေးသည် လှည့်၍မျှ မကြည့်တော့ချေ။

ယောက်ျားပျိုသည် အပြေးဆင်းလိုက်သွားကာ နန်းခမ်း၏ ပခုံးနှစ်ဖက်ကို ဆွဲယူ၍ မိမိဘက်သို့ လှည့်လိုက်သည်။

ရှမ်းပျိုမကလေးသည် ယောက်ျားပျို၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် အားရအောင်ထုပြီးနောက် ယောက်ျားပျို၏ ရင်ခွင်သို့ ခေါင်းအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

ယောက်ျားပျိုသည် ရှမ်းပျိုမကလေး၏ မျက်ရည်ယိုစီးနေသောမျက်နှာကို သန်မာသောလက်နှစ်ဖက်ဖြင့် မ,ယူကာ မျက်လုံးချင်းဆိုင်၍ အတန်ကြာအောင် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက်...

'ဒါလောက်လှတဲ့ မိန်းမမျိုးကို ကျုပ် ဘယ်လိုများရ



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၃၁၀၀၀/ –)နှ[illegible]
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါကအောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၃၄)
ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျီးပြူရိပ်သာ၊ ဂျီးပြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၀[illegible]
ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၃၀၀၄၂၇၊၀၁-၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ရုံးခွဲ)(အမှတ် ၁၆-၀ထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## Australia နိုင်ငံမှလှူဒါန်းကြသောထာဝရငွေပဒေသာပင်အလှူရှင်များစာရင်း(၂၁-၉-၂၀၁၄အထိ)

| | | |
|---|---|---|
| ၁။ ဆရာတော် ဦးပညာစက္က၊ မင်္ဂလသုခဝိဟာရ၊ Perth, Australia | A$ | 650 |
| ၂။ ဒေါ်စိန်ညွန့်(သမီး) ဒေါ်တင်တင်လှ | A$ | 750 |
| ၃။ လီလီချမ်း | A$ | 650 |
| ၄။ Joseph & Angela သန်းသန်း Anthony | A$ | 850 |
| ၅။ ဒေါက်တာ ခင်သန်းနွဲ့ချမ်း | A$ | 600 |
| ၆။ ဒေါ်ကျင်ဝမ်း | A$ | 600 |
| ၇။ ဒေါ်မြစိန် (Matron) | A$ | 1300 |
| ၈။ ဦးသာကျော်အောင်+ဒေါ်အေးမြင့် | A$ | [illegible] |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၉။ | ဦးကျော်သက်ထွန်း+ဒေါ်သန်းသန်းငွေး | A$ | 418 |
| ၁၀။ | ဦးကျော်ကျော်+ဒေါ်ဝါဝါ | A$ | 295.5 |
| ၁၁။ | ဦးဝင်းစိုး+ဒေါ်ခင်ဆွေ မိသားစု | A$ | 350 |
| ၁၂။ | U Patrick Lee + ဒေါ်ကြည်ကြည်ဝင်း | A$ | 200 |
| ၁၃။ | မင်္ဂလာသုခဝိဟာရ ဝေယျာဝစ္စအဖွဲ့ဝမ္မမိသားစု(အများကောင်းမှု) | A$ | 3070.5 |
| ၁၄။ | ဦးမောင်ကြီး+ဒေါ်မြင့်မြင့်စန်း၊(သမီး) မသီရိ(ခ)မဝင်းမြင့်၊ (သမီး)မအိအိ(ခ)မကေခိုင်မိသားစု | A$ | 1500 |
| ၁၅။ | ဒေါက်တာ လှယဉ်ချောမိသားစု၊ Sydney,Australia | A$ | 500 |
| ၁၆။ | ဒေါ်စောမိမိလှိုင်၊ Camberra,Australia | A$ | 500 |
| ၁၇။ | ဒေါ်သိန်းခင်နှင့်သမီးများ သန်းသန်းငွေး၊ သန်းသန်းအေး၊ စောမြသွေးမိသားစု | A$ | 1000 |
| ၁၈။ | ဒေါ်သန်းရီ | A$ | 750 |
| ၁၉။ | ဒေါ်သန်းသန်းမြင့် | A$ | 600 |
| ၂၀။ | ရီဖြူအိဖော် | A$ | 600 |
| ၂၁။ | စုတင် | A$ | 600 |
| ၂၂။ | ဦးဉာဏ်လင်း+ဒေါ်တင်တင်ဝင်း | A$ | 1000 |
| ၂၃။ | ဦးအယ်လင်ချူ+ဒေါ်မြမြအေး | A$ | 550 |
| ၂၄။ | မောင်သိုက်မင်း+မအေးမြမွန် | A$ | 600 |
| ၂၅။ | ဒေါ်ခင်နု | A$ | 600 |
| ၂၆။ | ဦးရစ်ချတ်+ဒေါ်ဟယ်လင် | A$ | 600 |
| ၂၇။ | ဒေါ်ကျင်အောင် | A$ | 600 |
| ၂၈။ | ဦးမြင့်လွင်+ဒေါ်ရီရီမြင့် | A$ | 600 |
| ၂၉။ | Brenda Myat | A$ | 600 |
| ၃၀။ | ဒေါက်တာ ဘညွန့်+ ဒေါ်ဝေဝေ | A$ | 600 |
| ၃၁။ | ဦးအောင်ကြည်+ဒေါ်အုန်းကြည် | A$ | 600 |
| ၃၂။ | ဒေါ်မေဘယ်လ်ချမ်း+ဒေါ်မေရီချမ်း | A$ | 600 |
| ၃၃။ | ဒေါ်ရှုစွမ် | A$ | 600 |
| ၃၄။ | မေတ္တာရှင်တစ်ဦး(ထိုင်ဝမ်) | A$ | 550 |
| ၃၅။ | ဒေါ်တင်တင်ဆွေ (W.A) | A$ | 550 |
| ၃၆။ | Neilo & Fidelia Martino | A$ | 550 |
| ၃၇။ | ဒေါက်တာစင်အောင်ချမ်းမိသားစု | A$ | 550 |
| ၃၈။ | Victor Edna Duroselle | A$ | 550 |

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

အောင် ယူရပါ့မလဲ နန်းခမ်းရယ်'ဟု ပြောလိုက်သည်။

နန်းခမ်းသည် မောင်းကန်အား မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ပြီးနောက် ဆတ်ခနဲ တစ်ဖက်သို့ လှည့်သွားရင်း…

'လှတဲ့မိန်းကလေးက အလုပ်အကျွေးပြုရအောင် လာနေတာတောင် သခင်က သူစိမ်းသွင်သွင်နေပြီးတော့ အပိုတွေ ပြောမနေပါနဲ့'ဟု ဆိုလိုက်သည်။

မောင်းကန်သည် နီထွေးသော ပါးအို့၊ နှင်းဆီဖူးကဲ့သို့ ခပ်စူစူရှိသော နှုတ်ခမ်း၊ မျက်ရည်များယိုစီးကျထားသဖြင့် ကျောက်မျက်ရွဲကဲ့သို့ တောက်ပြောင်သောမျက်လုံးတို့ဖြင့် လှသောရုပ်အသွင်နှင့် စိတ်ဆိုးနေသော နန်းခမ်းကို စိမ့်စိမ့်စေ့စေ့ ကြည့်နေမိရာမှ ကျယ်သောရင်အုပ်အတွင်းသို့ ဆွဲသွင်းလိုက်ကာ အတန်ကြာအောင် ငြိမ်သက်စွာ ပွေ့ပိုက်ထားသည်။

ထို့နောက် ခေါင်းချင်းမှီကပ်ထားပြီးလျှင် တစ်ချက်တစ်ချက် ရှိုက်လိုက်သော နန်းခမ်းရေ၏ ရှိုက်သံကို စောင့်၍ နားထောင်လေသည်။

'နန်းခမ်းရယ် ကျုပ် နန်းခမ်းကိုချစ်တာဟာ နန်းခမ်းသာ ဂျီသူငယ်ကလေးဖြစ်လို့ ကျားမကြီးရဲ့ ရှေ့မှောက်ကို အစာသွားရောက်ရမယ်ဆိုရင်လည်း ကျုပ်ဟာ နန်းခမ်းနဲ့အတူ လိုက်မယ့်လူပါ။ နန်းခမ်းဟာ ငါးပိုက်ကတ်ကလေးဖြစ်လို့ ဖျံမကြီးရဲ့ ရှေ့မှောက်ကို သွားရောက်ခစားရမည်ဆိုရင်လည်း ကျုပ်ဟာ နန်းခမ်းနဲ့အတူ လိုက်မယ့်လူပါ။ ဒါပေမဲ့ နန်းခမ်းရယ် ယာခုတ်ယောက်ျားဟာ တောလုံးသာတဲ့ ဒေါင်းမကလေးကို အလှမွေးဖို့ ဖမ်းမယ့်ဆဲဆဲမှာ မတန်မရာ ပြုရပါ့မလားလို့ တောနတ်ကြီးက စိတ်ဆိုးပြီး မောင်းထုတ်လိုက်သလို နန်းခမ်းတို့အဖေ

ထိုသို့ ဖြစ်တတ်ရသည်မှာ
ရှေးယခင်က အချစ်မီးတောက်လောင်လျက်
အသည်းကျွမ်းလေပြီး ဖြစ်ကြသော
မယ်နန်းခမ်းနှင့် မောင်းကန်တို့၏
အရိပ်အငွေ့ အကြွင်းအကျန်တို့
လာဟပ်သောကြောင့်ပေလားဟု တွေးကြရသည်

ပေါ်မိန်းကြီးကလည်း နန်းခမ်းနဲ့ ကျုပ်ကို ခွဲပစ်လိမ့်မယ်လို့'

နန်းခမ်းသည် မောင်းကန်၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ကာ မောင်းကန်၏ မျက်နှာကို မော့ကြည့်ရင်း…

'အခု တောနတ်ကြီးက ခွဲပစ်ရုံ မဟုတ်ဘူး သခင်ရဲ့၊ ဒေါင်းမကလေးကိုပါဖမ်းပြီး ကျားဆိုးကြီးလက်ထဲ ပို့မလို့ လုပ်နေတာနဲ့ တိုင်ပင်ရအောင် လိုက်လာခဲ့တာကို သခင်က…'

ရှမ်းအပျိုမကလေးသည် တစ်ဖက်သို့လှည့်ကာ ငိုပြန်ပါလေသည်။ မောင်းကန်သည် ဘာမျှ မသိသဖြင့် ငေးတိငေးကြောင်ဖြစ်နေရာမှ နန်းခမ်း၏လက်ကို ဆွဲထူလိုက်ကာ ယိုစီးလျက်ရှိနေသော မျက်ရည်စတို့ကို တယုတယသုတ်ပေးရင်း…

'နန်းခမ်း ကျုပ် နမ်းခမ်းပြောတဲ့စကားကို နားထောင်
တာ ရှာဦးဆရာတော် ရွတ်တဲ့စာတွေကို နားထောင်ရသလို
လားကွယ်။ ကျုပ်ကို နားလည်အောင် ပြောစမ်းပါဦး'

'ဘာသိမလဲ သခင်က…'

နန်းခမ်းသည် ဖောင့်ခနဲ မျက်စောင်းထိုးလိုက်ကာ နှ
ခမ်းစူစူ၊ ပါးစူစူနှင့် ရန်တွေ့သံဖြင့် ဆက်၍ပြောသည်။

'မျောက်တွေအလယ်မှာ ယာတောမင်းသားကြီး
လုပ်နေတာကို တော်ရဲ့၊ ရွာမှာ ဘယ်သူတွေ ရှိပါသေး
ဆိုတာတောင် သတိမရလို့ သခင် ပြန်မလာတာ ဘယ်လော
ကြာသွားသလဲ၊ သိရဲ့လား။ ရွာမှာ လွှမ်းခဲ့တဲ့ သုံးရက်လော
က မိုးကောင်းစော်ဘွားကြီးဆိုတာ ဆန်တက်သွားရင်း
ကျွန်တော်မကို မြင်သွားပြီး ကောက်ယူတော်မူမလို့တဲ့။ အဲ
အဘက ပေးလိုက်သတော့။ ဒါကို သခင် လာရင် တိုင်ပင်
အတွက် ကျွန်တော်မ စောင့်နေတာ၊ သခင် မလာနိုင်လို့ လို
လာရတာတော့။ အဲဒီ မိုးကောင်းစော်ဘွားကြီးဆိုတာ နော
ငါးရက်အတွင်း ပြန်စုန်လာပြီး ဒီက ကျွန်တော်မကို ခေါ်သွား
တော့မယ်တဲ့'

မောင်းကန်သည် နန်းခမ်းရေအား နှစ်လိုစွာ စူးစိုက်ကြ
လိုက်သည်။ ထို့နောက် ဖြည်းညင်းစွာ ဒူးထောက်လျက် ခေါ
ကို ညွတ်လိုက်ပြီးလျှင်…

'မိန်းမတကာတို့ထက် မြင့်မြတ်လျက် လှသောအသွ
ကြန်အင်ရှိသည့် အို… သခင်မလေး နန်းခမ်းရေ သခ
ကလေးသည် မိုးကောင်းစော်ဘွားမင်းတရားကြီးကဲ့သို့
စိမ်ဘုန်းကံရှိသော ယောက်
တို့နှင့်သာထိုက်တန်သူ
ပါသည်။

'မိုးကောင်းမင်းတ
ကြီးသည် စော်ဘွား
တို့၏နေရာပြာသာဒ်တန်ဆော
အိမ်ကောင်းအိမ်ကြီးတို့
လည်း ပိုင်ဆိုင်သည်။

'မိုးကောင်းမင်းတ
ကြီး၏ ဟော်နန်းဆောင်အတွင်း၌ ဤသည်ကား ဆင်
မြင်းတော်၊ ရထားတော်ထားရာ၊ ဤအရပ်၌ ပွဲသဘင်ပြ
ရာ၊ ဤအရပ်၌ အမတ်ကြီးများ အဆောင်အယောင်နှင့်
ဝေးရာစသဖြင့် အပြေအပြစ် စီစဉ်ရွေးချယ် ရှုချင်ဖွယ်ဖြစ်
ပြုလုပ်ထားသည်ဖြစ်၍…

'ဟော်နန်း၏ပတ်လည်၌ မွှေးကြိုင်သင်းပျံ့သော
တောတို့မှ လေပြည်ဆော်သွေး၍ ချိုအေးသော၊ မွှေး
ပန်းရနံ့တို့ဖြင့် ဟော်နန်းတော်တစ်ခုလုံး တသင်းသင်း
သန့်စင်သော ရနံ့တို့ထုံလျက် အလွန်နှလုံးမွေ့ပျော်ဖွယ်
ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ရှေးဘုန်းကံ အချိန်သင့်သဖြင့် ပန်းကဲ့သို့ ပွင့်လာပြီ ဖြစ်သော အို… သခင်မကလေး၊ သခင်မလေးသည် မိုးကောင်းမင်းတရားကြီး၏ သက်ထားကြင်ဖော် မြောက်သားတော်ဖြစ်ခဲ့ပါမူ အသောင်းမကသော ရံရွှေတော်တို့၏အလယ်တွင် ရွှေချည်၊ ပိုးချည်၊ အင်းဝချည်တို့ဖြင့် ဆန်းကြယ်စွာ ရက်အပ်သော ပုဆိုးဝတ်လုံတို့ကို ဝတ်ဆင်၍ ရွှေလည်ဆွဲ၊ ရွှေလက်ကောက်၊ ရွှေနားတောင်း အစုံဆင်လျက် နေလုလင်မကဲ့သို့ အလွန်လှပသောအသွင်ကို ဆောင်နိုင်ပါလိမ့်မည်။

'အို… သခင်မ ဤတောင်ယာထက်တွင် လွယ်တောင်းကိုရွက်လျက် နေမည်ဖြစ်သော ယာခင်းရှင်မအဖြစ်ထက် ဆောင်နန်းတော်ပေါ်တွင် နေနတ်သူအသွင်ကို ဆောင်နေမည်ဖြစ်သောသခင်မကိုသာ အကျွန်သည် တွေ့လိုမြင်လိုလျက် ရှိပါသည်။ အကျွန်သည် သခင်မနှင့် နှိုင်းဆလိုက်လျှင် ရွှံ့စေးဖြင့် ပြုလုပ်ထားသော ဖွဲ့မှုန့်ကဲ့သို့ ငါးကွန်စာမျှသာ တန်ဖိုးရှိသူ ဖြစ်ပါသည်။ အကျွန်သည် သခင်မ၏ အစေအပါးမျှလောက်ပင် ထိုက်တန်သူ မဟုတ်ပါ။

' သခင်မသည် အကျွန်၏အတွက် သခင်မ၏ဘဝကို ဆုံးရှုံးပါစေလင့်။

'သခင်မသည် အစာစားပြီးသောအခါတွင် လက်ဆေးရေကို စွန့်ပစ်လိုက်ဘိသကဲ့သို့ အကျွန့်ကိုလည်း စွန့်ပစ်လိုက်ပါတော့'

နန်းခမ်းရေသည် မိမိ၏ ခြေရင်းတွင် ဒူးထောက်လျက် ဦးခေါင်းညွတ်ကာ တတွတ်တွတ်ပြောဆိုလျက်ရှိသော မောင်းကန်ညီအား ရှေးဦးတွင်မူ ပြုံးကြောင်သောမျက်လုံးများဖြင့် အားသင့်စွာ ကြည့်နေမိသည်။

သို့ကြည့်နေရင်း နန်းခမ်းရေ၏ မျက်ရည်တို့သည် မောင်းကန်ညီ၏ ကျောပြင်ပေါ်သို့ တပေါက်ပေါက် ကျဆင်းလာကြသည်။ ထို့နောက် ရတ်တရက် ကုန်းညွတ်ကာ မောင်းကန်ညီ၏ကျောပြင်ကြီးကို အားရပါးရ စိတ်ရှိတိုင်းထု ပစ်လိုက်သည်။ ထို့နောက် မောင်းကန်ညီ၏ ငုံ့နေသော ဦးခေါင်းကို ဆောင်းဆွဲယူလိုက်ပြီးလျှင် မောင်းကန်ညီ၏မျက်နှာကို စိတ်ရှိတိုင်း ကုတ်ဖွဲ့ပစ်လိုက်သည်။

ထို့နောက် မောင်းကန်ညီ၏ ရင်ဘတ်ကို ဆက်လက်ထုပြီးနောက် မောင်းကန်ညီ၏ ရင်ခွင်တွင်းသို့ ဦးခေါင်းကို ဆွဲဝင်ကာ အားရပါးရ ငိုရှာလေတော့သတည်း။

'သခင်… သခင်သည် ကျွန်တော်မ၏စိတ်နှလုံးကို ဆုံးရှုံးကြကွဲအောင် ပြုရက်နိုင်လှသည်။

'သခင်သည် ကျွန်တော်မ၏ အသည်းအအူ လှိုက်ဆူခြင်းကို မြင်လိုဟန်ရှိသည်။

'သခင်သည် ကျွန်တော်မ၏ နှလုံးသားကို ရဲလှစွာ ကြေမွ ဖြစ်ရမည်ဆိုသော်လည်း အသို့ပြုအံ့နည်း။

'ကျွန်တော်မ၏ရင်တွင်း၌ လောင်မြိုက်လျက်ရှိသော အပူကို ချစ်ခြင်းသည် ကျွန်တော်မ၌ ယခုအချိန်တွင် ဆောက်တည်ခြင်းငှာ မတတ်စွမ်းနိုင်အောင် ဖြစ်ရဘိသည်။

'အို… ကျွန်တော်မအပေါ်တွင် ရက်စက်လွန်းလှသော၊ ကျွန်တော်မ ချစ်ခဲ့ရသည့် သခင်ငယ်…။

'သခင်သည် ကျွန်တော်မအား ဘဝ၏ တံခါးဝကို တွေ့မြင်သိရှိလာအောင် ထွန်းလင်းပြသခဲ့သော မီးရှူးတန်ဆောင် ဖြစ်ခဲ့သော်လည်း ယခုမူ ထိုမီးရှူးတန်ဆောင်၏ လောင်မြိုက်ခြင်းကြောင့် ကျွန်တော်မ၏အသည်း ကျွမ်းရလေပြီ။

'ကျွန်တော်မသည် ကျွန်တော်မ၏ ပြာအတိဖြစ်ခဲ့ပြီးသော အသည်းနှလုံးကို သခင်၏ ခြေရင်းဝယ် စုပုံထားခဲ့ပြီးနောက် ကျွန်တော်မ၏ ရင်အတွင်း၌ လောင်မြိုက်လျက်ရှိသော အပူကို ငြိမ်းအေးစေခြင်းငှာ ကျွန်တော်မဘာသာ လွတ်ရာသို့ သွားရောက်ငြိမ်းသတ်ပါအံ့။

'အို သခင်… ကျွန်တော်မကို နောက်ဆုံး ပွေ့ပိုက်လိုက်ပါလော့။

'အို သခင်… ကျွန်တော်မကို နောက်ဆုံး ယုယလိုက်ပါလော့'

ရှမ်းမပျိုကလေး နန်းခမ်းရေသည် တရှိုက်ရှိုက်နှင့် ငိုကြွေးမြည်တမ်းနေရာမှ မောင်းကန်ညီ၏ ရင်ဘတ်လက်ရုံးတို့ကိုလည်းကောင်း၊ လည်ပင်း၊ မျက်နှာတို့ကိုလည်းကောင်း လက်အစုံတို့ဖြင့် တပ်မက်မောစွာ တယုတယ ပွတ်သပ်ဘိသည်။

မျက်ရည်လူးသောမျက်နှာဖြင့် မောင်းကန်ညီ၏ပခုံးထက်သို့လည်းကောင်း၊ လည်ပင်းသို့လည်းကောင်း၊ ပါးပြင်သို့လည်းကောင်း တွယ်တာစွာ ပွတ်သပ်ဖိကပ်သည်။

ပြင်းစွာ ရှူရှိုက်သောပင့်သက်ရှိသည်ဖြစ်၍ မျက်နှာချင်းအပ်၊ ပါးချင်းကပ်သည်ဖြစ်လျက် မောင်းကန်ညီ၏ တစ်ကိုယ်လုံးကို တင်းကျပ်စွာ ဖက်ထားဘိသည်။

ထိုသို့ တရှိုက်မက်မက် တသက်သက်နှင့် ဖက်ထားနေရင်းမှ စီးကျသောမျက်ရည်တို့ကို မသုတ်မသိမ်းနိုင်ဘဲ မပီမသ ရှိုက်ငင်သောအသံဖြင့် စကားဆိုပြန်သည်။

'သာယာတဲ့ ရာသီတွင် နေခြည်မှာ ရွှေရည်လူး၍ နေကြရသည့် ကောက်သစ်စားပွဲမှာ ကျွန်တော်မသည် သခင်၏ အချစ်အကျဉ်းသူ ဖြစ်ခဲ့ရပါသည်။

'ထိုသည်ကစ၍ ယခုအချိန်သို့တိုင် သခင့်အပေါ်တွင် မစင်ကြယ်သည့် စိတ်ထားနှင့် မှားယွင်းငြိငြင်မှုမျိုးတို့ ပြုခဲ့ဖူးခြင်းရှိပါက ကျွန်တော်မအား ခွင့်လွှတ်သနားပါရန် အကြောင်း နောက်ဆုံး ခွင့်တောင်းကန်တော့ပါရစေ သခင်'

နန်းခမ်းရေသည် ရှိုက်၍ရှိုက်၍နေရင်း မောင်းကန်ညီအား ဖျစ်ညှစ်၍ ဖက်လိုက်ပြီးလျှင် လျင်မြန်စွာ ခွဲခွာလျက် မောင်းကန်ညီ၏ မျက်နှာကို မကြည့်တော့ဘဲ ပုဆိန်ပေါက် ဦးချလိုက်ပြီး ဦးခေါင်းကိုငုံ့ကာ ချာခနဲ နောက်ခိုင်း၍ တောင်အောက်သို့ ဆင်းပြေးသွားလေသတည်း။

ငိုင်တိုင်တိုင် ထိုင်းတိုင်းတိုင်းနှင့် အချစ်မှိုင်းမိကာ ဖွတ်



www.burmeseclassic.com

www.burmeseclassic.com

မေ့ပုတတ်မေ့ မေ့လျက်ရှိသော မောင်းကန်ညီသည် နန်းခမ်းရေ ပျောက်ကွယ်သွားပြီးနောက် အတန်ကြာသည့်တိုင်အောင် ငေးမောနေမိရာမှ ရုတ်တရက် သတိဝင်လာကာ လန့်ပြေးသောမြင်းကဲ့သို့ တောင်ပေါ်မှ အပြေးဆင်းခဲ့လေသည်။

တကြော်ကြော်နှင့် ဟစ်အော်ခေါ်ငင်ရင်း တောင်ယာလုပ်သောတောင်ခြေရင်းသို့ ရောက်သော်လည်း နန်းခမ်းရေအား မတွေ့ရတော့ချေ။

မောင်းကန်ညီသည် လေ၏အဟုန်ဖြင့် အရှေ့ဘက်သို့ ပြေး၍ လိုက်၏။ မတွေ့။

နောက်သို့ပြန်လာကာ အနောက်ဘက်သို့ ပြေး၍ လိုက်ပြန်၏။ မတွေ့။ တောင်ဘက်သို့ ပြေး၍ လိုက်ပြန်၏။ မတွေ့။

မြောက်ဘက်ရှိ တောင်ကမူလေးပေါ်သို့ ပြေး၍ လိုက်ပြန်၏။ မတွေ့။

မောင်းကန်ညီသည် ကြီးစွာသော နောင်တကို ရရှိလာလျက် ရင်တွင်းရှိ အသည်းနှလုံးများ ပျောက်ဆုံးသွားသကဲ့သို့ မနေတတ်၊ မထိုင်တတ်ဖြစ်၍ လာလေသည်။

မျက်ရည်ဝိုင်းသော မျက်လုံးတို့ဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာကို မျှော်မှန်းရင်း မတည်ငြိမ်သောအသံနှင့် အတန်တန် အခါခါ ကြွေးကြော်ခေါ်ဟစ်ပြီး ပဲ့တင်သံများမှတစ်ပါး တောအားလုံးသည် တိတ်ဆိတ်နေသည်။

မောင်းကန်ညီသည် ယူကျုံးမရသောမျက်နှာဖြင့် ရင်တွင်း၌ ဆို့နစ်လာစဉ် အလွန်ဝေးကွာသော တောတန်းအတွင်း သစ်ပင်များ၏အောက်တွင် ပြေးသွားလျက် ရှိနေသေးသော နန်းခမ်းရေကို အမှတ်မထင် တွေ့လိုက်ရသည်။

'နန်းခမ်း… ကျုပ် နန်းခမ်းကို ဘယ်တော့မှ မခွဲတော့ ဘူး။ နန်းခမ်းဟာ အင်းဝမိဖုရားကြီး ဖြစ်မယ်ဆိုတောင် ကျုပ် နန်းခမ်းကို ခွဲမထည့်နိုင်ပါဘူး။ ကျုပ် နန်းခမ်းကို မခွဲနိုင်မှန်း အခု နန်းခမ်းထွက်သွားလို့ သိလာရပြီလေ။ အို… နန်းခမ်း ဒါလောက် မိုက်မဲဖျင်းအတဲ့ ယာတောသားကြီးကို ခ… လောက်ရပ်ပြီး ရန်တွေ့လိုက်စမ်းပါဦး။ တောဒရယ်လို ထုံထိုင်… လှတဲ့ ယောတောသားကြီးရဲ့ ကျောပြင်ကို စိတ်ရှိသလို … လိုက်စမ်းပါဦး'

နန်းခမ်းသည် မောင်းကန်ညီ၏စကားတို့ကို ကြားနေ… သည်။ ထိုစကားတို့သည် နန်းခမ်းရေ၏ နှလုံးသားကို အ… လူးမြားဖြင့် ဆင့်၍ဆင့်၍ ပစ်သကဲ့သို့ ထိခိုက်လှသည်။

သို့သော် နန်းခမ်းရေသည် မျက်ရည်ပြည့်သော မျက်… တို့ဖြင့် မကြားယောင်ပြုကာ ရှေ့သို့သာ အတွင်သွားလေသည်။

ထိုအတွင်း နန်းခမ်းရေနှင့် မောင်းကန်ညီတို့၏ … နောက် ဝဲယာတို့မှ မမျှော်လင့်သောအသံတို့သည် ထွက်ပေါ်… လာကြသည်။

'ဟေ့ နင်တို့ မမိုက်ကြနဲ့၊ ပြန်ခဲ့ကြ။ နန်းခမ်းရေ နင်… ဘဏ္ဍာတော်ဖြစ်နေတယ်နော်။ နင် ဒီလိုလုပ်ရင် နင့်အ… ပေါမိန်းကြီး ဘာဖြစ်သွားမလဲကွယ်။ မောင်းကန် မင်း… ဘဏ္ဍာတော်ကို ကျူးကျော်စော်ကားရဲတယ်လို့ကွယ်။ … တော့ ပေါမိန်းကြီး ရှေ့ရောက်ရင် သိရမပေါ့ကွယ့်'

ဟူသော အသံနှင့်အတူ ပေါမိန်းကြီး၏ လူယုံ… ဦးစောဖနှင့် ရွာသားအချို့တို့သည် နန်းခမ်းရေ၏ရှေ့မှ ပေါ်… လာကြသည်။

သာယာတဲ့ ရာသီတွင် နေခြည်မှာ ရွှေရည်လူး၍
နေကြရသည့် ကောက်သစ်စားပွဲမှာ ကျွန်တော်မသည်
သခင်၏အချစ်အကျဉ်းသူ ဖြစ်ခဲ့ရပါသည်
'ထိုသည်ကစ၍ ယခုအချိန်သို့တိုင် သခင့်အပေါ်တွင်
မစင်ကြယ်သည့် စိတ်ထားနှင့် မားယွင်းပြုပြင်မှုမျိုးတို့ ပြု
ခဲ့ဖူးခြင်းရှိပါက ကျွန်တော်မအား ခွင့်လွှတ်သနားပါရန်
အကြောင်း နောက်ဆုံး ခွင့်တောင်းကန်တော့ပါရစေ သခင်'

'ဝိုင်းမဒေ- ဝ…
ဒေ…'

စသဖြင့် 'ဝိုင်းကြ… ဝိုင်းကြ၊ မလွှတ်စေနဲ့၊ မ… စေနဲ့' ဟူသော အသံ… သည် ဘေးပတ်ဝန်းကျ… တောခြောက်သကဲ့သို့ … စွာ ပေါ်လာခဲ့သည်။

နန်းခမ်းရေသည် … တရက် ရပ်တန့်ကာ အနီးသို့ရောက်ရှိလာသော မောင်းကန်… ၏လက်ကို ဆတ်ခနဲ ဆွဲလျက် ဘေးတစ်ဖက်တွင်ရှိ… ကျောက်တောင်ကြီးပေါ်သို့ တက်၍ ပြေးခဲ့သည်။

စောဖကြီးနှင့် ရွာသားများသည် နန်းခမ်းတို့၏နော… ဝိုင်းအုံ၍ လိုက်လာကြသည်။

နန်းခမ်းသည် သမင်ပျိုမကလေး၏ လျင်မြန်ခြင်း… အလွန်လျင်မြန်စွာ ရှေ့မှပြေးသည်။

စောဖကြီးနှင့် ရွာသားတို့သည် တောင်၏တစ်ဖက်… ပြေးစရာလမ်း မရှိတော့ပြီကို သိကြသောကြောင့် တက်… ကို ဝိတ်ဆို့ကာ အေးဆေးစွာ လိုက်လာကြသည်။

မောင်းကန်ညီသည် တောအုပ်ရှိရာသို့ အသက်မရှုဘဲ အပြေးလိုက်ပြန်သည်။

နန်းခမ်းရေအား မီ၍ လာလေပြီ။

ထိုနေရာဒေသကား အောက်တောင်းရွာကလေးမှ အတော်အလှမ်းဝေးကွာလာပြီဖြစ်သော အထက် ချင်းတွင်းမြစ်၏ တစ်ခုသောကမ်းအနီးရှိ ကျောက်တောင်တန်းကြီး၏အစပ်၌ ဖြစ်လေသည်။

မောင်းကန်ညီသည် နောက်မှနေ၍ ခေါ်ရင်းအော်ရင်း လိုက်၏။ ရှမ်းမကလေးသည် ထူးလည်းမထူး၊ လှည့်၍လည်း မကြည့်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းနှင့် မောင်းကန်တို့သည် တောင်ကမ်းပါးစောက်ကြီး၏ထိပ်သို့ ရောက်ရှိ၍လာကြသည်။

မောင်းကန်သည် တောင်ကမ်းပါးစောက်ကြီး၏ အောက်ဆီသို့ ငုံ့ကြည့်လိုက်ပြီးနောက် ပတ်လည်ဝဲယာကို လှည့်ကြည့်ရင်း…

'ရှေ့မှာ ပြေးစရာလည်း မရှိဘူး။ ဆင်းစရာလည်း မရှိဘူး။ ကျုပ်တို့ ဘယ့်နှယ်လုပ်မလဲ၊ အမိခံကြမလား။ မိသွားရင်တော့ ကျုပ်နဲ့ နန်းခမ်းနဲ့ကွဲကြတော့မှာပဲ'ဟု ပြောလေသည်။

နန်းခမ်းသည် စိတ်ပူပင်နေဟန်ရှိသော မောင်းကန်ကို ခပ်ကြောင်ကြောင် ကြည့်လိုက်ရာမှ ပြုံးသည်။ ထို့နောက် အလွန်အေးဆေးငြိမ်သက်စွာဖြင့် ဆွေးဆွေးနွေးနွေး ပြောနေပြန်သည်။

'သခင် ကြည့်ပါဦး။ ဖန်စိမ်းလို ကြည်နေတဲ့ ချင်းတွင်းမြစ်ရေဟာ ဟောဒီကျောက်တောင်ကြီးကို ပတ်ပြီးတော့ ဟိုးအဝေးက တောမှုန်မှုန်ကလေးထဲ ဝင်သွားပြီး မြူချည်ဆို့နေတဲ့ တောမှုန်မှုန်ကလေးရဲ့ အပေါ်ကတော့ အပြာနုရောင် တောင်တန်းကြီးက ကာရံပိတ်ဆို့ပြီး နေလိုက်တာ ဒီလောကကြီးဟာ ကြည့်ရတာ မသာယာဘူးလား…ဟင်'

မောင်းကန်ညီသည် အလွန်အံ့ဩသောမျက်နှာဖြင့် နန်းခမ်းအား ပြုံးကြောင်စွာ ကြည့်လိုက်သည်။ နန်းခမ်းသည် မောင်းကန်ညီ၏ အသွင်ကို သတိထားမိပုံမရဘဲ ဆက်ပြောပြန်သည်။

'ဒါပေမဲ့ သခင်ရယ် နန်းခမ်းတို့အဖို့ ဒီလောကကြီးဟာ သာယာနိုင်ပါဘူးနော်။ သခင်… ဟိုအရင် သခင်ပြောခဲ့ဖူးတဲ့စကားလေးတွေကို အခုနေ နန်းခမ်းကို ပြန်ပြောစမ်းပါဦး။ ရေထဲမှာ ကျက်စားတဲ့ ငါးသတ္တဝါကလေးဖြစ်ပြီး ဖျံမကြီးရဲ့နောက်ကို အစစားသွားရမယ်ဆိုတောင် သခင်က နန်းခမ်းနဲ့အတူ လိုက်ပါ့မယ်ဆိုတာတွေလေ။ ဒါတွေဟာ သခင်အဟုတ်ပြောတာလား'

'နန်းခမ်း ဘယ်လိုဖြစ်နေတာလဲ ဟင်၊ အခု ကျုပ်တို့ ဘယ်ကိုပြေးကြမလဲ၊ ဘာကိုလုပ်ကြမလဲ'

'မဟုတ်ပါဘူး။ နန်းခမ်းမေးတာကို ပြောစမ်းပါ။ ပြေးစရာလမ်း ရှိပါတယ်။ နန်းခမ်းကို တကယ်ချစ်လို့ သခင့်စိတ်ထဲက တကယ်ပါလို့ အဲဒီစကားတွေ ပြောတာလား၊ စကားရှိလို့ စိတ်ထဲက မပါဘဲနဲ့ ပြောခဲ့တာလား။ အဲဒါ နန်းခမ်း သိချင်တယ်'

'ခက်လိုက်တာ နန်းခမ်းရယ်၊ ကျုပ် မလိမ်တတ်ဘူးဆိုတာ နန်းခမ်းသိသားပဲ။ ကျုပ် နန်းခမ်းကို တကယ် ချစ်တာပါတယ်။ သေသည်အထိ ကျုပ် ချစ်နေမှာပဲ။ ကဲပါ၊ ဒါတွေ ကျုပ်တို့ နောက်ပြောဖို့ အချိန်တွေ အများကြီးရှိပါတယ်။ ပြေးလမ်းရှိရင်လည်း ပြေးကြစို့'

'ရှိပါတယ် သခင်ရယ်၊ နန်းခမ်းတို့ ပြေးမယ့်လမ်းကို သူတို့ မလိုက်နိုင်ကြပါဘူး။ နန်းခမ်းတော့ ဘယ်တော့မှ ရွာကို ပြန်မလိုက်တော့ဘူး။ နန်းခမ်းတော့ ပြေးမှာပဲ။ သခင်လည်း နန်းခမ်းနဲ့အတူ ပြေးမှာ မဟုတ်လား'

'ဘယ့်နှယ်ပြောလိုက်တာလဲ နန်းခမ်းရယ်။ ကျုပ် နန်းခမ်းနဲ့ လိုက်မှာပေါ့။ နန်းခမ်းက တစ်ခါတစ်ခါ ကလေးလို ဆိုးချင်တတ်တယ်'

'အမယ်လေး နန်းခမ်း ဝမ်းသာလိုက်တာ သခင်ရယ်။ နန်းခမ်းကိုလေ ခဏလောက် ဖက်ထားစမ်းပါဦး'

'ခက်တာပဲ နန်းခမ်း၊ နန်းခမ်း ဘယ်လိုဖြစ်နေတာလဲ။ ကဲ သွားကြပါစို့'

'သွားတာပေါ့ သခင်ရယ်။ သူတို့ မလိုက်နိုင်ပါဘူး စိတ်ချပါ။ ကဲ၊ နန်းခမ်းကိုသာ ဖက်ထားလိုက်စမ်းပါဦး'

မောင်းကန်ညီသည် နန်းခမ်း၏ အလိုကိုလိုက်ကာ ဖက်ထားရရှာသည်။ မောင်းကန်ညီ၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် စိုးရိမ်လျက် ရှိနေသည်။ နန်းခမ်းကမူ မျက်စိကို ခပ်မှေးမှေးပြု၍ မောင်းကန်ညီ၏ ရင်ခွင်ထက်တွင် ငြိမ်သက်စွာ ရှိနေသည်။ နန်းခမ်း၏ လက်နှစ်ဖက်သည် မောင်းကန်ညီ၏ ပွေ့ပိုက်ထားသောလက်များကို ဖြေလိုက်မည်စိုးသကဲ့သို့ အပေါ်မှ တင်းကျပ်စွာ ထပ်၍ ဖိထားသည်။

နန်းခမ်း၏ နှုတ်ခမ်းအစုံတို့သည် နှစ်သိမ့်လှဟန်နှင့် ပြုံး၍ နေကြသော်လည်း နန်းခမ်း၏ မျက်လုံးအစုံတို့တွင် မျက်ရည်စကလေးများ စီးကျလျက်ရှိနေသည်။

မြင့်မားသော ကျောက်သားတောင်ထိပ်ပေါ်တွင် မလှုပ်မယှက် ရပ်၍နေကြသော ချစ်သူနှစ်ယောက်တို့၏ ပုံသဏ္ဌာန်သည် ကျောက်သားကို ထုထားသကဲ့သို့ ရှိသည်။

ကလူကစားတတ်သော လေသည် ချစ်သူနှစ်ယောက်၏ ဆံပင်ဖျားကို လွင့်ပါးအောင် ပြုလျက်ရှိရာ ထိုလွင့်ပါးသော ဆံစကလေးများကိုပင် နေခြည်သည် ရွှေရည်ဆိုးပေးလျက် ရှိသည်။ နောက်မှ လိုက်လာကြသော ရွာသားများ၏အသံသည် ချစ်သူနှစ်ယောက်ရှိရာသို့ ပျံ့လွင့်လာကြသည်။

'ကဲ နန်းခမ်း သွားကြစို့'

နန်းခမ်းသည် မောင်းကန်ညီကိုကြည့်၍ ပြုံးလိုက်သည်။ ထို့နောက် မောင်းကန်ညီ၏လည်ကိုဖက်ကာ ခြေဖျားထောက်၍ ပါးချင်းအပ်လိုက်သည်။ ထို့နောက် ပင့်သက်ကို မှုတ်ထုတ်ရင်း ပြုံးလိုက်ပြီးလျှင် မောင်းကန်ညီ၏လက်ကိုဆွဲကာ 'သွားမယ်'ဟု ပြောလိုက်သည်။ ထို့နောက် မတ်စောက်မြင့်မားလှသော ချောက်ကမ်းပါးကြီးအောက်ဆီသို့ မျက်နှာမူလိုက်သည်။

'နန်းခမ်း ဒါဘယ့်နှယ် လုပ်တာလဲ'

'သွားမယ်လေ၊ သူတို့ မလိုက်နိုင်ကြပါဘူး။ နန်းခမ်းနဲ့ သခင်နဲ့ အတူသွားကြမှာပေါ့'

ထိုအတွင်း နန်းခမ်းတို့၏ အပြုအမူကို တွေ့မြင်နေကြရသော ရွာသားများနှင့် ဦးစောဖသည် စိုးရိမ်တကြီးနှင့် ဟစ်အော်တားဆီးရင်း အတင်းပြေး၍ လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ၊ သခင်"ဟု ပြောပြောဆိုဆို နန်းခမ်းသည် မောင်းကန်ညီ၏လက်ကို ဆွဲကာ ချောက်ကမ်းပါးကြီး၏အောက်သို့ ခုန်ချလိုက်သည်။ လေးလံစွာ ကျလာသောအသံသည် ချောက်ကမ်းပါးကြီး၏အောက်မှ အထက်သို့ လွင့်ပျံ၍ တက်လာသည်။

မောင်းကန်ညီသည် ချောက်ကမ်းပါးကြီး၏ထိပ်၌ ဒူးထောက်ကာ မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ဆိုနှင့်စွာ ရှိုက်၍ ကျန်ရစ်ခဲ့ပါသတည်း။

(ပြီးပါပြီ)

❑

အထက်ပါ ပုံပြင်၏ နောက်ဆက်တွဲကား ဤသို့တည်း။

ဦးစောဖနှင့် ရွာသားတို့သည် နန်းခမ်းရေ၏ ပြေးရာနောက်သို့ မလိုက်နိုင်ကြပြီဖြစ်သဖြင့် မောင်းကန်ညီကိုသာလျှင် ကြိမ်နွယ်များဖြင့် တုပ်နှောင်ခေါ်ယူသွားကြကုန်သည်။

ရွာသို့ရောက်သောအခါ မောင်းကန်ညီ၏ သောကကို မြင်နေရသော ပေါ်မိန်းကြီးသည် ကိုယ်ချင်းစာနာကာ မောင်းကန်ညီကို အပြစ်မှ ခွင့်လွှတ်လိုက်သည်။

နောက်တစ်နေ့တွင် မောင်းကန်ညီသည် နန်းခမ်းအတွက် ရည်စူး၍ ဆွမ်းလုပ်ကျွေးပြီးနောက် အမျှဝေရန်အတွက် ကျောက်တောင်ကြီးပေါ်သို့ တစ်ယောက်တည်း တက်သွားခဲ့သည်။ ထိုသို့တက်သွားပြီးနောက် မောင်းကန်ညီသည် ကျောက်တောင်ကြီးပေါ်မှ ပြန်ဆင်းမလာတော့ချေ။

ရွာသားများ လိုက်လံရှာဖွေကြသောအခါ မောင်းကန်ညီ၏ ရုပ်အလောင်းကို ကျောက်ကမ်းပါးကြီး၏အောက်၌ တွေ့ကြရလေသည်။

ဤတွင် အချို့က မောင်းကန်ညီသည် နန်းခမ်းအား အမျှဝေပြီးနောက် နန်းခမ်း၏ရုပ်အလောင်းကို ငုံ့၍အကြည့် တွင် နန်းခမ်းက တွန်းချလိုက်သည်ဟု ဆိုကြသည်။

အချို့ကလည်း ထိုသို့ ငုံ့အကြည့်တွင် ဆောင်းဖား ရှမ်းဓားလွယ်က နောက်မှ ထောက်မိသဖြင့် ရှေ့သို့ အားလွန်၍ ကျသွားသည်ဟု ဆိုကြသည်။

ထိုမျှမကသေး။ မိုးကောင်းစော်ဘွားကြီး နန်းခမ်း ခေါ်ဆောင်ရန် လာသောအခါ၌ ဤသို့ သတင်းကြားရှိရသ ပရိသတ်ကို ကျွေးမွေးရန်ယူလာသော လက်ဖက် စသ စားသောက်ဖွယ်များကို စိတ်ဆိုးသဖြင့် သွန်ချပစ်ခဲ့ရာ အထိ ကျောက်ဖြစ်၍ ကျန်ရှိရစ်သေးသည်ဟုလည်း ဆို သည်။ ရှိလည်း ရှိသည်။

ထို့အပြင် နန်းခမ်း ခုန်ချသေဆုံးသွားသော ကျော တောင်ကြီး၏ အနီး၌ ဖောင်စုန်လာသူများသည် အမှတ် နတ်သံ စသည်တို့ကို ဆိုမိပါက မဆုံးမချင်း ဖောင်သ ဆက်လက်၍ မျောမသွားဟု ဆိုကြသည်။

ဤသည်မှ အစပြု၍ ရှမ်းတိုင်းရင်းသားတို့သည် ကမ်း ပါးစောက်ကြီးများကို တွေ့တိုင်း "ဖားနန်းကျိန့်"မိန်း ကလေးများ လိုမ့်ချသောနေရာဟု ဆိုစမှတ်ပြုကြလေ သတည်း။

■ ရန်ကုန်ဘ

*မြဝတီ မဂ္ဂဇင်း၊ ဇွန် ၁၉*


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classe**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ
ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက်
တရုတ်စာ 4 skills တတ်မြောက်စေရန်
သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ 01 245211, 01 251850, 09 49329071, 09 250280028




www.burmeseclassic.com

www.burmeseclassic.com

ဘိသိက်ကို အမေ
ကြည့်ရှုဦးမှာ
အမေ့သားသမီးတွေ
အမေ့အတိတ်နိမိတ်အတိုင်း
ရွှေတွေပြည့်၊ ငွေတွေပြည့်
သိန်းတွေစည်ကုန်ပြီလေ
မကြုံဖူးပါဘူး အမေရယ်
ကျုပ်တို့လယ်တွေကိုလေ
မြေတွေကိုလေ
စျေးကောင်းတွေပေးပြီး
လာဝယ်တာ အမေရဲ့
ကြားဖူးလား အမေရယ်
ဟိုတုန်းက

အမေရယ်
အသေစောလေခြင်း၊
တစ်နှစ်လောက်လေးများ
အောင့်လိုက်ပါတော့။
အမေ့သားသမီးတွေ
ငယ်ငယ်ရွယ်ရွယ်နဲ့
အစီအရီ ရှေ့ဆင့်နောက်ဆင့်
အလှူ့ဒကာ၊
အလှူ့အမတွေဖြစ်တာ
အမေ မြင်ရမှာ၊
သာဓုခေါ်ရမှာ။
အမေ ကြိုက်တဲ့
မန်းလေးဆိုင်းနဲ့

ရွှေပြည့်၊ ငွေပြည့်၊
ပုတ်ပြည့်၊ သိမ်းစည်ဆိုတဲ့
ငါ့သားသမီးတွေနာမည်ကို
ငါ ရမ်းမှည့်ခဲ့တာ
မှတ်ဘူးဟဲ့။ အတိတ်နဲ့
နိမိတ်နဲ့ မှည့်ခဲ့တာ
ဟဲ့…တဲ့။
အမေ စကားကြုံတိုင်း
ပြောတဲ့စကား။
မငွေပြည့်တို့
ငယ်ဘဝတစ်လျှောက်လုံး
မကြားချင်မှအဆုံး
ကြားနေရတဲ့စကား။

မနှစ်က ဟောဒီလို
တန်ခူး၊ ကဆုန်
တောင်လေ စသရမ်းတဲ့
အချိန်ပါပဲ။
လူသရမ်းတစ်စုနဲ့
မြေသရမ်းမှု၊
ငွေသရမ်းမှုတွေဟာ
တောင်လေသရမ်းလိုပါပဲ။
ခင်တန်းမြိုင်တစ်ရွာလုံးကို
ဖြတ်တိုက်သွားလိုက်တာ
တစ်ရွာလုံး
ပြောင်းကို ဆန်လို့…။
❑






www.burmeseclassic.com

www.burmeseclassic.com

သောင်းဂဏန်းတောင်
အနိုင်နိုင် ပေါက်တဲ့
လယ်တစ်ဧကကို ခု
သိန်းရာချီပေးတာ အမေရဲ့။
အမေရေ တစ်ဧက
သိန်း တစ်ရာ့ငါးဆယ်တဲ့၊
တစ်ရာ့ခြောက်ဆယ်တဲ့။
ကဲ..ကြည့်ဦး။ အမေပဲ
စဉ်းစားကြည့်ဦး။
တစ်နှစ်လုံး
နွားနဲ့ဖက်ရုန်းလို့မှ
ဘယ်လောက်ရလို့တုံး၊
မိသားစု
ပြောင်းရောင်ခဲ့လို့လား။
ရောင်းပြီအမေရေ၊
အမေ့ပြစမ်းချင်ပါ့…။
ကျုပ်တစ်သက်၊
အမေ့တစ်သက်
မမြင်ဖူးတဲ့ငွေတွေ၊
ကျုပ် ပိုင်သမျှ .
လယ်ငါးဧက ရောင်းရတဲ့
ငွေသိန်းခုနစ်ရာကျော်ကိုလေ
အမေ…၊ ငါးစပ်စောင်
အသစ်တွေ ထည့်တဲ့
ကျွန်းသေတ္တာကြီးထဲမှာ
စောင်တွေ ထုတ်ပစ်ပြီး
ထည့်ထားတာ အပြည့်
အမေ၊ အပြည့်။
'ငွေပြည့်
နင့် အလှည့်ကျတော့
မျက်စိမျက်နှာမပျက်နဲ့၊
ပြော…နင်က ဘာတုံး၊
နင်က ဘာထည့်မှာတုံး'
'ပျက်တာ မှတ်ပါဘူး
ကိုကြီးသိန်းစည်ရယ်၊
အမေ့ အောက်မေ့လို့ပါ။
ကျုပ်က ထွေထွေထူးထူး
ဘာထည့်ရမှာတုံး။
ကျုပ်အလှူတုန်းက
အစ်ကိုကြီး
ဘိသိက်ကူတော့
ခုအစ်ကိုကြီးအလှူ
ကျုပ်က ဘိသိက်ကူရုံပေါ့'
'အေး…ဟုတ်ပြီ၊ ငွေ
ပြည့်က ဘိသိက်။ အစ်မ
ရွှေပြည့်ကရော၊ ပြော…'
'ဟဲ့…ငါ့အလှူတုန်းက
နင်က ဆိုင်းဆိုတော့
ငါလည်း ဆိုင်းပေါ့ဟဲ့'
'မန်းလေးဆိုင်းနော်၊
စစ်ကိုင်းဆိုင်းတွေ
ဘာတွေမလုပ်နဲ့ဗျ'



# ဒါဒို့ပြေ…ဒါဒို့မြေ

နုနုရည်အင်းဝ



www.burmeseclassic.com

www.burmeseclassic.com

'အောင်မာ ခု မန်းလေး ဆိုင်း နောက်ဆုံးပေါ် ဈေး ကြီးပေမဲ့ဆိုတာ ငှားထည့်လိုက် စမ်းပါ။ ဘယ်လောက်ကျကျ ထည့်လိုက်စမ်း။ ငါ့ကျန်တဲ့ မြေနှစ်ဧက ရောင်းချင်ရောင်း ရပစေ'

'ကြိုက်ပြီဗျာ၊ ဟုတ်ပြီ၊ ဟဲ့ ဟို ကောင်မလေး ဒေါ်ပုတ်ပြည့် ငြိမ်မနေနဲ့လေ'

'ဟဲ့ ခဏလေး သိန်း စည်။ နင် ဘီသိက်ငှားရင်၊ ငွေပြည့်တို့အလှူတုန်းက ငှား တဲ့ ဘီသိက်ပဲ ရအောင်လုပ်၊ ဟို…ပေါ်…ပေါ့… ပေါ်… မလုံ…မလုံ…သီချင်းဆိုတဲ့ ဘီသိက်လေ။ ကောင်းတယ် ဟဲ့၊ ကြိုက်တယ်။ အဲဒါ ရ အောင်ငှား'

'ဟုတ်တယ်…ဟုတ် တယ်အစ်ကိုကြီး။ ပေါ်ပေါ့ ပေါ်ကို တစ်ရွာလုံးကြိုက် တာ…၊ သူက ပညာပေး လေးလည်း ပါတာကိုး'

'အေးပါဟာ၊ ငါလည်း ကြိုက်ပါတယ်ဟ။ ကဲ… အစ်မ ရွှေပြည့်ရေ မိပုတ် ပြည့်ကို အငယ်ဆုံးဆိုတော့ ညှာညှာတာတာလေးပေါ့။ ကျွန်တော့် သားမောင်ရှင် လောင်းလေးစီးဖို့ ဆင်လေး တစ်စီးပဲ ကူခိုင်းလိုက်ပါ့မယ်'

'အမလေး…ရပါ့ အစ်ကိုကြီးရယ်။ တစ်စီး တည်းမလုပ်ပါနဲ့ ရှင်လောင်း လှည့်တဲ့အချိန်၊ မောင်ရှင်လောင်း စီချလိုက်စမ်းပါ။ ရှင်လောင်း ဆယ်ပါး၊ ဆင်ဆယ်စီးပေါ့။ ကျောက်ဆည်နဲ့ ဒါလောက် နီးနေတာတော်၊ မိုးဇော်တို့ ဆင်အဖွဲ့ကြီးတစ်ဖွဲ့လုံး ရှိ တယ် မပူနဲ့'

'အေး…နင့်အလှူကျမှ ထည့်။ အဲဒီဆင်တွေကို ဆင်လေးတစ်စီးမှ ဆယ့်သုံး သိန်းပါဟဲ့…ကပ်စေးနဲ ကော်တရာမရဲ့…'

'လွန်းလွန်းလွန်းတော်၊ ဆယ့်သုံးသိန်းကြီးများတောင် ပြီးတော့ ကြီးကျယ်လိုက်တာ လဲ လွန်ရော။ အဲဒီဆင်ကို မောင်ရှင်လောင်းတစ်ပါးပဲ မူပိုင်။ ခါထဲ တခြားမောင် ရှင်လောင်းတွေက တက်စီးဖို့ နေနေသာသာ၊ ဓာတ်ပုံလေး တောင် တွဲရိုက်လို့မရဘူး။ အဲဒါကြောင့် အစ်မ ငွေပြည့် တို့အလှူတုန်းက တရား ဟောတဲ့ မမ္ဘကထိက ဆရာတော်မိန့်တာလေ။ ဆင် က ဆယ့်သုံးသိန်း၊ ငါ့ မမ္ဘကထိက ပူဇော်ကြေးက သုံးသိန်းဆိုတော့ ငါ့ပူဇော် ကြေးက ဆင်ရဲ့အစွန်းထွက်ပဲ ရှိပါလားတဲ့'

'စကားအိုးမ၊ ကပ်စေး နဲ့မ စကားများ မနေနဲ့။ နား ဖောက်သည် ငါးယောက် အတွက် ရွှေလှည်းငါးစီးပဲ နင် ထည့်လိုက်တော့၊ ဘာမှ မကျဘူး'

'ဘာမှမကျဘူး စကား တော့ မပြောနဲ့ကိုသိန်းစည် ရေ့။ ခု လှူတဲ့ လူတွေများ လွန်းလို့ ရွှေလှည်းတွေတောင် ဈေးတက်လို့တဲ့။ မနှစ်က ဈေးသုံးသောင်းခွဲရတော့ဘူး တဲ့။ ခု ရွှေလှည်းတစ်စီး ငါး သောင်းတဲ့'

'ဟင်…ဟုတ်လား။ အမလေး လှည်းယဉ်သမား တွေတော့ မျက်လုံးကို မပွင့် ဘူးရှိလိမ့်မယ်'

'မပွင့်ဘူး၊ မပွင့်ဘူး။ အစ်မငွေပြည့်ကလဲ၊ အဲဒီ ရွှေလှည်းထောင်စားတဲ့ လူကြီး စီးလာတဲ့ကား ကြည့် လိုက်ပါလား။ အကောင်းစား ကြီး၊ တော်တော်တန်မှာ။ ရွှေ လှည်းတွေသယ်တဲ့ ကား ကလည်း သူ့ ပိုင်ပဲတဲ့'

'အမလေး…ဟာ သူ့ကားလောက်များ စကား လုပ်ပြောလို့။ ငါတို့ရွာက ထွန်းအောင်ဝယ်ထားတဲ့ကား လောက်ကောင်းဦးမလား။ လင်ခရူဇာဆိုတာဟ၊ ဟိုတုန်း ကများ တော်ရုံလူအနားမကပ် နိုင်ဘူးတဲ့၊ သိန်းလေးထောင် လောက်ပေးရတာတဲ့။ ခုသာ ကားဈေးတွေကျလို့ ထွန်း အောင်ကပ်နိုင်တာ။ ဒီကောင် မြေတွေ ရောင်းပလိုက်တာလဲ မနည်းမနောကိုးဟ'

'တော်ပါပြီ အစ်ကြီး ရယ်။ သူ့လိုကားပိုင်မျိုးတော့ ဖြစ်ချင်ပါဘူး။ အရသာမ လိုက်တာ။ ဒီလောက်ကောင်း တဲ့၊ ဒီလောက်တန်တဲ့ကားကြီး ဝယ်ထားပြီး အိမ်အောက်ထဲ စောင်ခြုံသိပ်ထားတာ။ စီး မစီးတာ။ သူ့ဥစ္စာက…'

'ဟာ…စီးချင်တာ ပေါ့ဟ။ သူမှ မမောင်းတတ် တာ။ ဘယ့်နှယ်လုပ်မတုံး'

'ဟောတော် ဒါလည်း ဟုတ်တာပဲ။ ကျုပ်တို့အိမ် လူတောင် မော်တော်ဆိုင် ကယ်ကို မြေဖိုးလေးနဲ့ စီး တယ်ရှိအောင်ဟဲ့ဆိုပြီး လု တာလေ၊ ဒူးကွဲ၊ တံတောင် ဆစ်ပြဲ၊ ဆိုင်ကယ်မီးလုံး လုံးကွဲပြီးမှ စီးတတ်တော့ တယ်။ ဒါတောင် သင်းနောက် က ထိုင်လိုက်ရဲသေးဘူး'

'နင်တို့ အဲဒါခက် ပေါ့၊ တောကျဆိုကြ နေတာ၊ ဟိုမှာ သူများရွာ က မိန်းမတွေ မြေ ရောင်း၊ ဆိုင်ကယ်တွေ ဖုန်းနဲ့ ကိုယ့်ဟာကိုယ် စီးနေကြတာများ မြင်လို့ မကောင်းဘူး။ နင်တို့'

'အေးပါ သိန်း ရယ်၊ နင်သာ ကား တတ်အောင်လုပ်ပြီး တစ်စင်းလောက် ဝယ် ဟဲ့။ ပြီးတော့ ငါတို့ကို ပြည်လုံးအနှံ့ ဘုရားဖူး'

'ဝယ်မှာပါ အလှူမပြီးသေးလို့ တာ။ ကားဝယ်ချင်တာ ကိုယားနေတာ'

'ဒါဆိုလည်း ဝယ် တာမှုတ်ဘူး။ အလှူ တာပေါ့ ကိုသိန်း လည်း…'

အမေရယ်
အသေ
စောလေခြင်း
တစ်နှစ်လောက်
လေးများ
အောင့်လိုက်
ပါတော့
အမေ့
သားသမီးတွေ
ငယ်ငယ်ရွယ်ရွယ်နဲ့
အစီအရီ
ရှေ့ဆင့်နောက်ဆင့်
အလှူ့ဒကာ
အလှူ့အမတွေ
ဖြစ်တာ
အမေ
မြင်ရမှာ
သာဓုခေါ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com

'သိတယ်…ငါ သိတယ်၊ ဒါပေမဲ့ ငွေကချိန်ရသေးတယ်လေဟာ။ အလှူတာ နှစ်ရာလောက်မှန်းပေမဲ့ တက်ဈေးနဲ့ဘာနဲ့ သုံးရာပျော့ပျော့တော့သွားမှာ။ အလှူပြီးမှပဲ…'

'အမလေး အစ်ကိုကြီး'

အလှူဒကာလောင်းရဲ့ စကားမဆုံးခင်မှာဘဲ မငွေပြည့် အော်သံက အလန့်တကြား ထွက်ပေါ်လို့လာခဲ့ပါတယ်။

'ကား…ကား…'

မငွေပြည့် အော်တဲ့ အတိုင်းပါပဲ။ ပြင်းထန်လှတဲ့ ဆေါ်ခနဲ စက်သံကြီးနဲ့အတူ ကော်မှုဖုန်ထုတ် လိုက်ထရပ်ကားတစ်စင်းဟာ မငွေပြည့်တို့ အိမ်ဝင်းထရံကို ဝင်တိုက်ထိုးဆောက်လို့ ရွှေငွေပြည့်စည်ဆောင်နမလေးယောက်ရဲ့ သိန်းသုံးရာကုန် အလှူတော်ဓါလာဆွေးနွေးတိုင်ပင်ပွဲကြီးကို ရုပ်တန့်သွားစေခဲ့ပါတယ်။ ❑

အေးပါ
သိန်းစည်ရယ်
နင်သာ
ကားမောင်း
တတ်အောင်
လုပ်ပြီး
ကားတစ်စင်း
လောက်
ဝယ်စမ်းပါ
ဟဲ့
ပြီးတော့
ငါတို့ကို
တစ်ပြည်လုံး
အနှံ့
ဘုရားဖူးပို့

နှစ်ထောင့်ဆယ့်လေးနှစ်အတွက် ခင်တန်းမြိုင်ရွာရဲ့ အချောက်ချားဆုံးဖြစ်ရပ်ကို သရုပ်ဖော်တင်ဆက်ခဲ့တဲ့ ကော်မှုဖုန်ထုတ်လိုက်ထရပ်ကားမောင်းသူ ဇာတ်လိုက်မောင်ကတော့ တခြားသူဟုတ်ပါရိုးလား။ မြေရှစ်ဧကရောင်းပြီး အလှူကြီးလည်းလှူပြီး၊ ရေခဲသေတ္တာအကြီးကြီးလည်းဝယ်ပြီး၊ လောလောဆယ်မှာ တိုက်အသစ်ဆောက်လက်စတန်းလန်းဖြစ်နေသော ကိုလှူမောင်၊ မခင်တန်းတို့ရဲ့ သားလှရတနာမောင်ဖိုးခြို ဖြစ်ပေသကိုး။

ခင်တန်းမြိုင်ရွာထိပ်က ညောင်ညိုရိပ် လက်ဖက်ရည်ဆိုင်မှာတော့ ဖိုးခြို အကြောင်းက ပြောလို့မဆုံး။ အသက်နှစ်ဆယ်သားကို ဝါးခြမ်းပြားကြေမွထွက်သွားအောင် ရိုက်လာတဲ့ ကိုလှူမောင့်ဘေးမှာ လူတွေက ဝိုင်းလို့။

'ခင်ဗျားသား ဖိုးခြိုက ဘယ်တုန်းက ကားမောင်းတတ်သွားတာတုံး ကိုလှူမောင်'

'ဟ ဘယ်တုန်းကမှ မမောင်းတတ်လို့ ဒီလိုဖြစ်တာပေါ့ကွ။ မင်းနှယ် ငါ့စိတ်တိုအောင် မဆွစမ်းနဲ့ကွာ။ ဘာကောင်းကျိုးမှ မပေးတဲ့ သားသမီး၊ ကားဝယ်ချင်တယ်ဆိုပြီး ငါ့နားပူနားဆာတိုက်နေတာ မြေရောင်းပြီးကတည်းကကွ။ ငါက လှူပြီးမှ၊ တိုက်တည်ပြီးမှလို့ ပြောထားတာ။ မရဘူး။ အဲဒီနေ့က ဗွတ်ပိုက်ဆံ သိန်းတစ်ရာတောင်းပြီး မန်းလေးထွက်သွားတာ။ ငါက မှာလိုက်တယ်။ ဟော့ကောင် ဝယ်ပြီး တစ်ခါတည်း ဒရိုင်ဘာငှားလာခဲ့။ အိမ်တိုင်ယာရောက်မောင်းပို့ခိုင်း၊ မှာလိုက်တယ်။ ခွေးဖြစ်မယ့်ကောင်က ဒရိုင်ဘာတော့ ငှားလာပါရဲ့။ ပြီးတော့ ရွာထိပ်ကျရုပ်ခိုင်းပြီး ပြန်လွှတ်လိုက်သတဲ့လေ။သင်းက ဒရိုင်ဘာမောင်းလာတာကို တစ်လမ်းလုံးကြည့်လာပြီး သောက်ကြွားက ရွာထဲအဝင်ကျ တက်မောင်းချလာတာဟေ့။ ခြံစည်းရိုးတွေ ဒလစဉ်တန်းတိုက်လာတာပေါ့ကွ'

'ဟာ၊ လူမတိုက်မိတာ ကံကောင်းဗျာ…'

'ခွေးနှစ်ကောင်တော့ သေတယ်လေကွာ'

'အစ်မငွေပြည့်တို့ဝိုင်းထဲ ထိုးဝင်သွားပြီးမှ ရပ်သွားတာဗျ။ ဒေါ်ရွှေပြည့်ကြီးက လန့်ပြီး မေ့ကိုသွားတာတဲ့ဗျ'

'အေး အစ်မရွှေပြည့်လည်း ငါ ဆေးဖိုးဝါးခလေးစားစရာသောက်စရာလေး ကန်တော့ရမယ်။ သူတို့အိမ်ရှေ့က မျက်နှာစာပျက်စီးသွားတာ လျော်ရမယ်။ ရွာလမ်းဘေးက တိုက်လာတဲ့ခြံစည်းရိုးတွေ လျော်ရမယ်ကွာ။ ကားရှေ့ပိုင်းတွေ၊ မီးလုံးကွဲတာတွေ ပြင်ရမယ်ကွာ။ သားသမီးကောင်းကျိုးပေးပုံကတော့…'

'အဲလိုတော့ မပြောပါနဲ့ဗျာ၊ ခင်ဗျားသားက မိဘကျေးဇူးတော့ သိပါတယ်ဗျ။ ခင်ဗျားတို့ကားမှန်မှာ ဒီကောင်ရေးလာတာ မတွေ့ဖူးလား။ အမေချစ်တဲ့သားလေးတဲ့'

'ဟင် ဟုတ်လား။ တော် တော်။ အဲဒီစာ မြန်မြန်ဖျက်ပစ်ရမယ်။ ဟိုအိမ်ထောင်ခွဲ အကြီးကောင်မြင်ရင် ကျုပ်တို့ပြဿနာလာဦးမယ်။ အငယ်ကို သိန်းတစ်ရာပေးရင် အကြီးလည်း သိန်းတစ်ရာပေးလုပ်မှာ'

'ပေးလိုက်ပေါ့ဗျာ။ ခင်ဗျား ဒီသားနှစ်ယောက်ရှိတာ'

'ဟ ရှိမှ ပေးနိုင်တော့မပေါ့ဟ။ အလှူကြီးလှူတာနဲ့။ ဟိုပစ္စည်း၊ ဒီပစ္စည်းလေးဝယ်တာနဲ့ တိုက်က တည်လက်စကြီး ငွေက ပြတ်ချင်ပြီဟ။ မြေလေး ဆယ်ဧကပိုင်ပါတယ်ကွာ။ ရှိပူရသေး၊ သူကုန်မှ အေးကွာ…။ ချန်ထားတဲ့မြေလေး နှစ်ဧက ရောင်းတော့မဟေ့၊ မထူးဖူးဟ။ ကဲ ဘယ်မတုံး မြေပွဲစားတွေ'

ကိုလှူမောင် အသံပစ်လိုက်တာနဲ့ ညောင်ညိုရိပ်မှာရှိနေမြဲ ကားနောက်ခန်းမှာ ပီနန်အိတ်ငွေထုပ်ပေါင်းများစွာ ထည့်ထားတဲ့ ကားပိုင်ရှင်လူစိမ်းတွေက ကိုလှူမောင်နားရောက်လာခဲ့ပြီး…။

'ဟာ…ဟေ့ လူ၊ တကယ်လုပ်မလို့လား။ မလုပ်ပါနဲ့ဗျ၊ နေပါဦး'

တက်ညီလက်ညီ မြေရောင်းဖို့ ကြိုးစားနေကြတဲ့ ခင်တန်းမြိုင်ရွာသားတွေကြားမှာ ဖျတ်ဆို ဘေးဝိုင်းကနေ ပေါ်လာတဲ့အသံတစ်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကိုလူစိမ်းတွေ အံ့အားသင့်သွားကြပေမဲ့ ခင်တန်းမြိုင်ရွာသားတွေကတော့ တယ်မဖြုံလှပါဘူး။ လူမမြင်ရတောင် ဒီအသံကြားတာနဲ့ ထွန်းမြင့်ဆိုတာ အကုန်လုံးသိတယ်။ ဒီစကားမျိုး ပြောတတ်သူဟာ ထွန်းမြင့်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်တဲ့အပြင် သူ ဆက်ပြောမယ့်စကားကိုတောင် သူ့ငယ်သူငယ်ချင်း စိန်လုံးကတော့ ကောင်းကောင်းကြီးသိနေပြီ။

'ကိုလူမောင် ခင်ဗျား၊ အဲဒီမြေနေရာတွေက ရေရတယ်ဗျ။ နှမြောစရာကောင်းတာဗျာ'

ပြောပြောဆိုဆို ဝုန်းခနဲထ ဆိုင်ကယ်ဆွဲပြီး မျက်စိမျက်နှာပျက်နဲ့ ထွန်းမြင့်တစ်ယောက် ထွက်သွားခဲ့ပြီ။

'ဟေ့ကောင်…နေပါဦးဟ'

ဆိုင်ကယ်ကြုံလိုက်နေကျ သူငယ်ချင်းကိုတောင် ထားပစ်ခဲ့တဲ့ ထွန်းမြင့်စိတ်ကို စိန်လုံးကတော့ နားလည်သပေါ့။ ဒါပေမဲ့ တခြားလူတွေကတော့ နားမလည်ပေဘူး မောင်ထွန်းမြင့်။ မြေတွေရောင်းရတဲ့သိန်းထောင်ဂဏန်းပိုက်ပြီး တိုက်ဆောက်၊ ကားစီး၊ အလှူပေးနေကြတဲ့သူတွေကြားထဲမှာ ကိုယ်ပိုင်တဲ့မြေကလေးကို တစ်လက်မမှ အထိမခံဘဲ ထွန်ယက်စိုက်ပျိုးစားသောက်နေဆဲ မင်းလိုလူမျိုးကို ဟိုပုံပြင်လေးတော့ ပြောပြမှဖြစ်တော့မယ်။ တို့ငယ်ငယ်တုန်းက သင်ရတဲ့ မိုးခါးရေသောက်တဲ့ပုံပြင်ပေါ့။ မိုးခါးရေသောက်ပြီး ရူးနေကြတဲ့သူတွေက မသောက်တဲ့သူတွေကို အရူးလို့ထင်တာ

ဘာကောင်းကျိုးမှ
မပေးတဲ့
သားသမီး
ကား
ဝယ်ချင်တယ်
ဆိုပြီး
ငါ့နားပူနားဆာ
တိုက်နေတာ
မြေရောင်းပြီး
ကတည်းကကွ
ငါက
လှူပြီးမှ
တိုက်တည်ပြီးမှလို့
ပြောထားတာ
မရဘူး

လေ။ မင်းလည်း ခု ခင်တန်းမြိုင်ရွာရဲ့ အရူးဖြစ်နေတယ်ဆိုတာကို ပြောပြမှဖြစ်တော့မယ်။ မင်းရှိမယ့်နေရာကို ငါလိုက်ကိုပြောမယ်။ ရေမရှိတဲ့မြေကိုတောင် ရေသွင်းပြီး နွားနှစ်ကောင်၊ ထွန်တစ်စင်းနဲ့ မင်း လယ်ထွန်နေမယ့်နေရာကိုလေ။

❑

'စိန်လုံးရာ၊ အံမာ…အင်း။ မင်းက ငါ့ကိုမိုးခါးရေပုံခိုင်းတွေ ဘာတွေနဲ့။ ငါ သိပါတယ် သူငယ်ချင်းရာ၊ သိပါတယ်။ ခင်တန်းမြိုင်မှာ ထွန်းမြင့်တစ်ယောက်တည်း အရူးဖြစ်နေတယ်ဆိုတာ။ ဒါပေမဲ့ မင်း ငါ့ကို မိုးခါးရေတော့ မသောက်ခိုင်းပါနဲ့၊ ငါ မသောက်ဘူး။

'ကဲ…ငါမေးမယ် စိန်လုံး။ ငါ မြေယာမက်တာ ဘာကြောင့်လဲ။ ငါ့အဘိုး၊ ငါ့အဘကြောင့်ကွ။ မင်း သိသားပဲ။ အမေအမေ မရှိတော့ ငါ့အဘလက်ထဲ ငါက ကြီးရတာ။ ငါ့အဘ ဦးဘထွေးဟာ မြေယာကို သိပ်မက်တာကွ။ သူက ဓာတ်စက်တွေ၊ သိပ်နားထောင်တဲ့ လူကြီး။ မန္တလေးကထိကဦးလှသိန်းဆို အလွန်ကြိုက်။ ဦးလှသိန်းကြီးဟောထားတာ ရှိတယ်လေကွာ။ ဟိုတုန်းက တောင်သူဦးကြီးရဲ့ စည်းစိမ်က အမတ်မင်းနဲ့ မလဲနိုင်ဘူးပေါ့။ ဟိုပဲခင်းက ငါးရာ၊ ဒီပဲခင်းက ငါးရာ။ ဆေးလိပ်လေးဖွာ၊ ရေနွေးကြမ်းအိုးလေးနဲ့ တဲထဲမှာထိုင်လို့။ နွားလေးနှစ်ကောင်က လယ်ကွင်းထဲမှာ အေးအေးလူလူ အစာစားလို့။ ပျော်စရာကြီးပေါ့ဆိုတာ ငါ့အဘက သိပ်သဘောကျတာကွ။

'ဒါနဲ့ တစ်နှစ်ကျတော့ ငါ့အဘက ဟင်းချက်ခေါင်းဆောင်အနေနဲ့ ကျောက်ဆည်က အလှူတစ်လှူသွားချက်ရရောတဲ့ကွ။ အလှူ့ရှင်က ပွဲစားကြီး ဦးဘဟန်တဲ့။ ကျောက်ဆည်မှာတော့ ခရိုင်တန့်အောင် သိပါတယ်။ အဲဒီခေတ်ရဲ့ တအားကြီးချမ်းသာတဲ့ ခရိုင်မျက်နှာဖုံးပေါ့။ ဆီစက်၊ ဆန်စက်ကလည်း ရှိတယ်ဆိုတော့ ပြီးပြီပေါ့။ အဲဒီတုန်းက နှမ်းနဲ့စပါးပဲ ထွက်တာကိုး။ အလှူက အလှူကြီး။ စိန်ခေါင်းမြိုင်ဆိုင်းနဲ့ ဘိသိက်ကလည်း နာမည်ကြီး၊ မြို့မ

တီးဝိုင်းလည်း ပါသေး
ဝဲဆိုင်းယာဆိုင်းနဲ့ ဘယ်လော
ကြီးမယ့် အလှူဆိုတာ တွ
သာကြည့်တော့။ အဲတော့ ပွဲ
စားကလည်း ဘယ်လော
ပိုက်ဆံရှိမယ်ဆိုတာ တွ
သာကြည့်တော့။ မိုက်တီမို
ကန်းလှူနိုင်တယ်ပေါ့ကွာ
ပြီးတော့ အဲဒီအလှူက သုံး
မြောက်အလှူတဲ့ကွ။ ငါ့အဘ
ဟင်းချက်နောက်လိုက်ဘ
ကတည်းက ပွဲစားအလှူ
လိုက်ခဲ့ရတာတဲ့။ အဲဒီမှာ ပွဲ
စားကြီးက ငါ့အဘကို ဟင်း
ချက်ခေါင်းဆောင်အနေနဲ့
ဘယ့်နှယ်အလုပ်အကိုင်လေး
များ အဆင်ပြေကြလား
မေးတာပေါ့။ အဆင်ပြေ
ပေါ့ ခင်ဗျာ၊ ပွဲစားကြီးတို့
တော့ ဘယ်တူပါ့မတုံး
ဘယ်မီပါ့မတုံးပေါ့။

'ဩော် ကိုဘထွေး
ခင်ဗျားတို့ ကျုပ်ကို အဲ
မြင်သလား။ ခင်ဗျားတို့
တော့ အောက်မေ့မှာ၊ ဟ
ကျနော်။ သူတို့ တစ်နှစ်တ
ခါ လှူရပြုရတာ။ သုံးကြိ
သုံးခါတောင် ရှိပြီ အော
မေ့မှာ။ ကျုပ်က ခင်ဗျား
ကို အားကျနေတာဗျ သိ
လား။ ဒီမှာ ခင်ဗျားတို့
ညရေးညတာများ ဘ
လော်ကက်အိပ်ပျော်လိုက်
မတုံးဗျာ'ဆိုတော့ ငါ့အဘ
က 'ဟင်…ပွဲစားကြီး
ဘာကိုပြောတာတုံး'
ပွဲစားကြီးက ဩော် ခင်ဗျ
တို့ နေ့ကျ နွားနဲ့ တစ်နေ
ဖက်ရုန်းကြတယ်လေ။
ပူတာပေါ့။ ဒါပေမဲ့ ည
ရင်တော့ ခင်ဗျားတို့ကျော
တယ်ဗျ။ ကျောအေးအေး
အပူမရှိ၊ အပင်မရှိ အိပ်



www.burmeseclassic.com

www.burmeseclassic.com

တယ်လေဗျာ။ နေ့လယ်က ငါ့မြေလေး စိတ်တိုင်းကျ ထွန်ခဲ့ရပြီ၊ ထယ်ခဲ့ရပြီ၊ ငါ့ အလုပ်ပြီးပြီဆိုပြီး မိုးလေး တဖြောက်ဖြောက်နဲ့ အိပ်နိုင်တယ်ဗျ။ ကျုပ်တို့ပွဲစား အလုပ်ကတော့ တစ်နေကုန် အရိပ်ထဲမှာ ကျောအေးအေးနဲ့ လုပ်ရပေမဲ့ ညကျရင်တော့ ကျောပူတော့တာပဲဗျို့။ ညဘက်အိပ်ပျော်တော့မလို ရှိသေး၊ မိုးလေးများ ဖြောက်ဖြောက်ကျလာပြီဆို ရေတွေကြီးလို့ ကုန်များအဝင်နောက်ကျမလား၊ ကုန်ကားတွေ လမ်းများမြေပြိုတာနဲ့များ တိုးလေသလား။ ငါ လှန်းပေးထားတဲ့ ငရုတ်တွေများ မိုးများမိကုန်မှာလား၊ နှမ်းတွေများ ပျက်မှာလား၊ စပါးတွေများ ပျက်မှာလားဆိုပြီး ကျုပ် အိပ်မပျော်ဘူး။ ခင်ဗျားတို့ဘဝနဲ့ လဲရလို့ရှိရင် ကျုပ် လဲချင်တယ်။ ကျုပ်က ခင်ဗျားတို့ နေရာကို မက်တယ်ဆိုတာ အဲဒါ၊ အကုသိုလ်စိတ်တွေ ဘာတွေလဲ အကုန်ကင်းလွတ်ပြီး စိတ်ချမ်းသာရတယ်ဗျာ-တဲ့။

‘ငါ့အဘက အဲဒါကို ငါ့ ခေါင်းထဲ အသေရိုက်သွင်းခဲ့တာကွ။ ခရိုင်တုန်အောင် ချမ်းသာတဲ့ ပွဲစားကြီးက အချင်းလဲချင်တဲ့ လယ်သမားဘဝကွ ငါ့မြေးတဲ့။ အဘက ငါ့ကိုပြောတယ်။ ငါ့မြေးတဲ့ တောင်သူလယ်သမား အကုသိုလ်လည်း အလွန်ကင်းတယ်ကွ။ ကိုယ့်တောင်သူ ကိုယ့်မြေလေး ကိုယ် လုပ်တာကိုး ကွတဲ့။ ပြီးတော့ ကျေးဇူး သိတတ်တရားတဲ့ မောင်။ အဘက ငါ့သင်တာ။ လယ်သမား ဘဝက သိတာကွ ငါ့မြေးတဲ့။ မိုးဦးလေဦးကျ အနောက်ကများ မိုးတွေ အုန်းအုန်းတက်လာပလားဆို အိမ်ကနွားအိုကြီးကအစ ခွာယက်တယ်ကွတဲ့။ တိရစ္ဆာန်ကစ သိတာတဲ့။ သနပ်ထမ်းပိုး၊ ဖလံကြိုးနဲ့ ဒီတစ်မိုးတော့ ရုန်းလိုက်ရဦးမယ် ငါ့သခင်ကြီးဆိုပြီး ခွာတောင်ယက်ရှာတာတဲ့။ အဘ သနပ်ထမ်းပိုး ဆိုတာ ဘာတုံး၊ ဖလံကြိုးဆိုတာ ဘာတုံးလို့ ငါ မေးတော့ မှတ်ထားကွ ငါ့မြေးတဲ့။ သနပ်ပင်ရဲ့အသား၊ သနပ်သားဟာ ပေါ့သတဲ့။ မလေးဘူးတဲ့။ သနပ်သားနဲ့ ထမ်းပိုးလုပ်တော့ နွား မလေးဘူးတဲ့။ ဖလံပင်ကနေ ကျစ်တဲ့ နဖားကြိုးကျတော့လည်း အေးသတဲ့။ မပူဘူးတဲ့။ ကိုယ့်ကိုလုပ်ကျွေးတဲ့ ကိုယ့်နွားကို သခင်ကလည်း သက်သာပါစေတော့ဆိုတဲ့ စေတနာလေးနဲ့ကွ။ အဲတော့ နွားကလည်း နွားအိုကြီးဖြစ်နေတာတောင် ငါ့သခင်က ငါ့ တစ်နေ့လုံး ကျွေးမွေးလာတာ၊ မိုးကျလာရင်တော့ ငါ့သခင်အတွက် ငါ လုပ်ကျွေးရဦးမယ်ဆိုပြီး ခွာယက်တာ။ ကျေးဇူးတရား သိပြီး ခွာယက်တာကွ။ အလကားယက်တာ မဟုတ်ဘူးတဲ့။ စိန်လုံးရာ အဲလို စကားမျိုးတွေနဲ့ စိမ့်ဝင်ကြီးပြင်းလာရတဲ့ ငါ့လိုလူမျိုး တောင်သူဖြစ်တာ မဆန်းပါဘူးကွာ။ နွားတွေကိုလည်း ငါ ချစ်တယ်ကွ။ ကိုယ်နဲ့ဖက်ရုန်းရတဲ့နွားတွေကွာ၊ သို့ပေမဲ့ ငါ့အဘတို့တုန်းက ချစ်တာမျိုးတော့ ဘယ်မီပါ့မလဲ။

‘မင်း…လေးဖိုးတုတ်တော့ သိမှာပေါ့။ လေးဖိုးတုတ် ပြောပြတာ၊ သူက သူ့ရင်းငှားဘဝနဲ့ တောင်သူကြီး ဘိုးလေးလှဆီမှာ နွားခုနစ်ကောင်ကို ထိန်းကျောင်းကျွေးမွေးရသတဲ့။ ဘိုးလေးလှ နွားတွေကလည်း ကောင်းပေ့ဆိုတဲ့ နွားတွေတဲ့။ လှပေ့၊ ချောပေ့၊ သန်ပေ့ဆိုတဲ့ နွားတစ်ရှဉ်းကိုဆို မထယ်ခိုင်း မထွန်ခိုင်းဘဲနဲ့ကို ပွဲလမ်းသွားဖို့ သက်သက်ထားတာတဲ့။ ခုခေတ် ပါဂျဲရိုပေါ့ကွာ။ သူ့နွားတွေကို အရိပ်တကြည့်ကြည့်နဲ့တဲ့။ အဲဒါ တစ်နေ့ကျ နွားကျွေးတဲ့စားကျင်းထဲ ဘိုးလေးလှကြီးက လာကြည့်ပြီး အော်တော့တာတဲ့။ဟေ့ကောင် ဖိုးတုတ်ကြီး မင်းကွာ နွားစာတွေက ရှည်လိုက်တာ။ လေးသစ်တဝါးကြီး၊ ရှည်တာကွာ။ ငါ့နွားတွေ ဘယ်လိုလုပ်စားမတုံးကွလို့အော်တာတဲ့။ အဲလောက် အကဲပါလွန်းတော့ ဖိုးလေးတုတ်ကြီးက ဘိုးလေးလှကြီးကို ဩ… နွားစာတွေက ရှည်လို့ဟုတ်လား။ ကြည့်ဦး ခင်ဗျားနွားတွေက ခုနစ်ကောင်တောင်လေ။ နှစ်ကောင်တည်းထားလိုက်လေ။ တစ်ရှဉ်းတည်း သာထားလိုက်စမ်းပါ။ ဖိုးတုတ်တို့က ထောင်းကျွေးမှာ။ နွားစာကို အမှုန့်လေးတွေဖြစ်အောင် ထောင်းကျွေးမှာလို့ ပြန်ပြောချလိုက်မှ ဘိုးလေးလှကြီး ငြိမ်သွားတာတဲ့။

‘ငါ့အဘမှာ ခိုင်းနွားကြီးတစ်ရှဉ်း ရှိတယ်ကွ။ ကြာပွင့်တဲ့၊ ကြောင်နီတဲ့။ ကြာပွင့်ကြီးက အလွန်ကြွကြွရွရွရှိတာ။ အဲဒါတော်သလင်းလကြီးမှာ ကြာပွင့်ကြီးက ချော်လဲရော။ တင်ပါးခွက်ကြီး လျှောသွားရှာတာ။ ထော့နဲ့၊ ထော့နဲ့ပေါ့ကွာ။ ငါ့အဘမှာလေ ကြာပွင့်ကြီး ဘေးနားကနေ ငါ့သားကြီး နာသလား၊ နာမှာပေါ့ကွာ။ နောက်ဆို ဂရုစိုက်ပါကွာ ငါ့သားကြီးရာ။ ကောင်းကောင်းမွန်မွန်တော့နေကွာ။ မင်း အနာပျောက်မှ အဖေကြီး ထမင်းစားရမှာ၊ ငါ့အနေအထား လှမှာနဲ့ တတွတ်တွတ်နဲ့ကွာ။

‘နွားတွေကလည်း သခင့်အပေါ် ဘယ်လောက်များ သိတတ်သလဲဆိုရင်တဲ့ကွ။ ရာသီဆိုးနဲ့တွေ့တဲ့အချိန်မှာဆိုရင်တဲ့၊ ငါတို့ဒီနှစ်လိုပေါ့ကွာ မိုးခေါင်တဲ့နှစ်များကျရင်တဲ့ နွားတွေဟာ စားကျင်းကျန်ထဲက လွင့်သွားတဲ့ မှော်ကျန်မှော်ချွေးလေးတွေကိုပဲ ငုံ့စား၊ ယက်စားနေရှာတော့တာတဲ့။ ဩော်…ငါ့သခင် ဒီနှစ်တော့ ဆင်းရဲရှာပြီ။ တို့လည်း မထွန်ရ၊ မထယ်ရနဲ့ ဆိုပြီး မျက်ရည်ကျရှာသတဲ့။ အဲလိုဖြစ်လို့ရှိရင် သခင်ကလည်း မျက်ရည်ကျတယ်။ ခုခေတ်ကောင်တွေကတော့ ရယ်မှာပေါ့ကွာ။ ဘာ မျက်ရည်ကျမှာလဲ၊ ဘာသိမှာလဲ။ ဘာမှမသိဘူး။ ဟန်းဖုန်းခါးချိတ်၊ ဘီယာဆိုင်ထိုင်ပြီး မနက်ကျမှ ထထွန်မယ့်ကောင်တွေ ဘာသိမှာတုံး’

‘ငါ့အဘက ငါ့မြေးတဲ့ မင်း ပညာတတ်ချင်တယ်ဆိုတာ အဘ သိပါတယ်တဲ့။ ဒါပေမဲ့ ပွဲစားကြီးပြောသလို စိတ်အေးရတဲ့ဘဝမှာ မင်းကို နေစေချင်တယ်တဲ့။တောင်သူမျိုးဆက်ပြတ်မှာလည်း အဘ



www.burmeseclassic.com

www.burmeseclassic.com

ကြောက်တယ်ကွာ။ မင်းပြီးရင် နောက်လူ မျိုးစရာလည်း မရှိဘူးတဲ့။ မင်း လုပ်ကွာတဲ့။ ငါ အဲဒီမှာ တောင်သူဖက် ငွေ့သွားတာပဲ စိန်လုံး။ ငါ့အဘက ရှေးရိုးဆန်တော့ ငါက ခေတ်အမြင်နဲ့ တောင်သူလုပ်တယ်ကွာ။ မော်ဒန်တောင်သူပေါ့ကွ။ မင်းတို့ သမ္မတကြီးဦးသိန်းစိန်ကမှ ငါ့ထက် နောက်ကျနေသေးတယ် ဟော့ကောင်၊ သမ္မတကြီးက ပင်စင်ယူရင် သရက်နဲ့နဂါးမောက်စိုက်မလို့တဲ့ မောင်။ ငါ့သရက်ခြံက အပင်တွေကအောင်တောင် နေပြီ။ ဦးသိန်းစိန် သချာမတတ်ပုံကတော့ကွာ။ သရက်သီးက တစ်လုံးနှစ်ရာလောက်ပဲ၊ နဂါးမောက်က တစ်လုံးခုနစ်ရာ။ ဒီလိုတွက်မှာပေါ့။ ဦးသိန်းစိန် မသိတဲ့ သချာ္ဂင္တက၊ သရက်ပင်က တစ်ပင်ကောင်းကို၊ အလုံးလေးရာသီးတာ ထည့်မတွက်ဘူး။ နဂါးမောက်က တစ်ပင်ကောင်းမှ ငါးလုံးလောက်သီးတာ။

'စိန်လုံးရာ အဲလိုလေး၊ ငါ့ဟာငါ မြေယာလေးမက်ပြီး နေရတာ စိတ်ပျော်တယ်ကွာ။ သူများတွေမြေတွေ ရောင်းကြတာလဲ ငါအပြစ်မပြောချင်ပါဘူး။ ရောင်းကြမှာပေါ့ကွာ။ နောက်ဆုံးတော့ကွာ…လူကြီးတွေပြောသလို 'ကုလားရေ' ပေါ့လေ။ 'ကလရေ' ဖြစ်တာပါပဲ။ 'ကလရေ' ပါပဲ။

'အင်္ဂလိပ်တွေ၊ ဒီကောင်တွေ မန်းလေးသိမ်းမယ်ဆိုပြီး ဧရာဝတီမြစ်ကြောင်းကနေ စစ်သင်္ဘောတွေနဲ့ တက်လာတော့ ဧရာဝတီကို ငြောင့်

> ခင်ဗျားသားက
> မိဘကျေးဇူးတော့
> သိပါတယ်ဗျ
> ခင်ဗျားတို့
> ကားမှန်မှာ
> ဒီကောင်
> ရေးလာတာ
> မတွေ့ဖူးလား
> အမေ
> ချစ်တဲ့
> သားလေး
> တဲ့

တွေထောင်ကြတာပဲ။ ဒါပေမဲ့ ရေက တိုးပစ်လိုက်တော့ ပါတော်မူတာပါပဲ။ ခု ငါတို့လည်း မနှစ်ကတည်းက မိုးက ခေါင်လိုက်တာ၊ မိုးခေါင်မှတော့ တောင်သူက ဘာလုပ်ရမတုံး။ ဒီကြားထဲ မတန်တဆပေးဝယ်တဲ့သူတွေကလည်း ပေါ်လာတော့ မြေတွေအကုန်ရောင်းကြတော့တာပေါ့။ အဲဒါ ပါတော်မူတာပါပဲကွာ။

'ခုနှစ်လည်း ကြည့်ပါဦး။ ခုချိန်ထိ မိုးက မရွာ၊ မထွန်ရ၊ မထယ်ရသေးတော့ လူတွေက စိတ်ပျက်ကုန်ပြီ။ ဟိုဘက်ကျတ်တီးကုန်းက မြေက ထရောင်းပြီး တိုက်ဆောက်တော့၊ ဒီဘက်က မြေကောင်းကလည်း ထရောင်း၊ ငါ…တအားနှမြောတာ မြေကောင်းကွ၊ ရေရတဲ့မြေတွေ၊ ငါက မြေအောက်ရေကို သိပ်မက်တဲ့ကောင်။ အဲလိုမြေတွေ ငါ့ရှေ့ရောင်းရင် ငါ နေကို မနေနိုင်ဘူးကွာ။

'ရောင်းကြပေါ့ကွာ။ ပြီးတော့ အလှူလုပ်၊ ကားဝယ်၊ တိုက်တည်၊ တိုက်တက်တွေလုပ်ကြ။ အရင်လို တိုက်တက်လက်ဖွဲ့က သင်ဖြူးလေး၊ လက်သုတ်ပဝါလေးမျိုး မဟုတ်တော့ဘူး။ ပန်ကာတဲ့၊ ပန်ကာဖိုး တစ်သောင်းခွဲ၊ တစ်သောင်းစွဲနဲ့ မွဲတော့မယ်ကွ။ တိုက်တည်တာတွေ ဒုက္ခပေးပုံကတော့ကွာ။ ငါတို့ အခင်းထဲဆင်းတဲ့၊ လယ်လုပ်၊ ကိုင်းလုပ် အလုပ်သမားတွေ မရှိတော့ဘူးကွ။ အကုန်ပန်းရန်တွေ ဖြစ်ကုန်ပြီ။ အေးလေ၊ ငါတို့က ပေးနိုင်လှ လေးထောင်၊ ဟိုပန်းရန်က တစ်နေ့ ခုနစ်ထောင်နဲ့ခေါ်နေတာကိုး။ မော်တော်ဆိုင်ကယ်တောင် ငွေစိုက်ပြီး ဝယ်ပေးထားသတဲ့။ အမလေး မောင်၊ ခုခေတ် ပန်းရန်သမား၊ ပန်းရန်သမလေးတွေ ဆိုင်ကယ်လေးတွေ တဖုတ်ဖုတ်နဲ့ဟ။

'လုပ်လိုက်ကြပေါ့ကွာ။ ခုချိန်ကတော့ ပျော်စရာကြီးပါပဲ။ ဒါပေမဲ့ စိန်လုံး၊ ငါတို့ ဒီမြေရောင်းတဲ့ ပိုက်ဆံတွေကုန်ရင် ဘာလုပ်ကြမတုံးဟ။ အေး…မင်းလည်း ဉာဏ်မမီ၊ ငါလည်း ဉာဏ်မမီ။ တို့ရွာဘုန်းကြီးလေးကဖြင့် စာအုပ်တွေ သိပ်ဖတ်တဲ့ မော်ဒန်ဘုန်းကြီးလေးမို့ ပြောပြနိုင်လေမလား ဘုန်းကြီးလေးကို စပါယ်ရှယ် ဆွမ်းချိုင့် ပို့စရာရှိတယ်ကွ ကျေးဇူးကြီးလွန်းလို့ပါ။ စိန် လုံး မင်းရောကြားတယ် မဟုတ်လား၊ ဘုန်းကြီးလေး အမိန့်ထုတ်လိုက်တာလေ ခင်တန်းမြို့င်တစ်ရွာလုံး ဟောဒီနှစ်ကတော့ဖြင့် တစ် နှစ်လုံး ဘယ်သူမှ အလှူမလှူ ရ၊ တိုက်တက် မလုပ်ရတဲ့ ကောင်းပါပေ့ကွာ။ အလှူ လက်ဖွဲ့၊ တိုက်တက်လက် ဖွဲ့နဲ့တင် တစ်ရွာလုံး မွဲရချည် ရဲ့။

'ဟ…ဒါသာဖြစ် တယ် စိန်လုံးရေ၊ ဟိုလမ်း ပေါ်မှာ ကြည့်စမ်းဟ တန်းစီလာနေတဲ့ကားတွေ မန်းလေးက လာတဲ့ကုန်ကား တွေ။ ရေခဲသေတ္တာတွေ တင် လာတဲ့ကား၊ ပန်ကာတွေ တင်လာတဲ့ကား၊ လျှပ်စစ်မီး တွေ တင်လာတဲ့ကား၊ နောက်ဆုံးမှာတော့ ကိုလူမ တို့ရဲ့ ပီနန်အိတ်ငွေထုပ်တွေ အပြည့်နဲ့ အိပ္ပဲ၊ အိပ္ပဲ ပါ ကား။ မနှစ်ကလည်း ဟော ဒီလို တန်ခူး၊ ကဆုန် တော လေ စသရမ်းတဲ့အချိန် စိန်လုံးရာ'

☐

မနှစ်ကလည်း ဟော လို တန်ခူး၊ ကဆုန် တော လေ စသရမ်းတဲ့အချိန် လူသရမ်းတစ်စုနဲ့ မြေသ မှု၊ ငွေသရမ်းမှုတွေ တောင်လေ သရမ်းလို ခင်တန်းမြို့င်တစ်ရွာလုံး ဖြတ်တိုက်သွားလိုက် တစ်ရွာလုံး ပြောင်းကိုဆ

■

နုနုရည်အ



www.burmeseclassic.com

www.burmeseclassic.com

**ဘာသာစကား၏အသုံးများ**

ကျွန်တော်တို့လူသားများသည် စကားပြောသည့်အလုပ်ကို အမြဲလိုလိုလုပ်ကြသည်။ စကားဖြင့် အချက်အလက်ချင်း ဖလှယ်ကြသည်။ ထင်မြင်ချက်ချင်း ဖလှယ်ကြသည်။ ခံစားချက်ချင်း ဖလှယ်ကြသည်။ နောက်တော့ အချက်အလက်တွေ၊ ထင်မြင်ချက်တွေ၊ ခံစားချက်တွေကို စာဖြင့်ရေး၍လည်း ဖလှယ်ကြသည်။ ခြုံ၍ပြောရလျှင် လူတစ်ယောက်နှင့်တစ်ယော... ဘာသာစကားဖြင့် ပြောဆို ရေးသား ဆက်သွယ်ကြခြင်းဖြစ်သည်။ ဤသို့ ဘာသာစကားဖြ... ဆက်သွယ်၍ တစ်ယောက်နှ... တစ်ယောက် အသိအမြ... ဖလှယ်သောအလုပ်သည် အကျယ်ပြန့်ဆုံးအလု... ဖြစ်သည်။ ဘာသာစကား... အကျယ်ပြန့်ဆုံးအသုံး... ဖြစ်သည်။ ဤအသုံး... **'အသိပေးမှုအသုံး'** ဟု ခေါ်သည်... 'ဒီမနေ့... လျှောင်လှုပ်သွားတယ်' ဟူသကဲ့သို့... လောလောလတ်လတ်... ဖြစ်ရပ်မျိုး...




အသိပေးနိုင်သကဲ့သို့... 'ဒိုင်နိုဆောကြီးတစ်ကောင်... ကျောက်ဖြစ်ရုပ်ကြွင်း... တွေ့ပြန်ပြီတဲ့' ဟူသကဲ့သို့... သတင်းစာတို့၊ ရေဒီယိုတို့မှတစ်ဆင့်... သိရသည့်ဖြစ်ရပ်မျိုးကိုလည်း... အသိပေးနိုင်သည်... 'အိုဇုန်းလွှာပေါက်... ကမ္ဘာကြီးပိုပူလာတယ်' ဟူသကဲ့သို့... ပညာရပ်ဆိုင်ရာ... အသိအမြင်မျိုးကိုလည်း... အသိပေးနိုင်သည်...

အာဖရိကအလယ်ပိုင်း 'ဘူရန်ဒီ' မှ 'ရန်ဒီ' အမျိုးသမီးများ၏ပြန်ခါနီး နှုတ်ဆက်စကားမှာ 'ကျွန်မ အခု အိမ်ပြန်ရမယ်၊ မပြန်ရင် ကျွန်မ ယောက်ျားက ကျွန်မကို ရိုက်လိမ့်မယ်' ဟူ၍ ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်ပြောကြဆိုကြသော စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အင်တာဗျူးများ၊ သတင်းအချက်အလက် ဖော်ပြချက်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ စသည်တို့တွင် ဘာသာစကား၏ အသိပေးမှုအသုံးကို အထင်အရှား တွေ့နိုင်ပါသည်။ သို့သော် ဘာသာစကားကို အသိပေးမှု အသုံးတစ်မျိုးတည်းဖြင့်သာ အသုံးပြုသည် မဟုတ်။ အခြား အသုံးများလည်း ထွေထွေပြားပြားရှိသည်။ အသုံးတစ်မျိုးမှာ **ခံစားမှုကို ဖွင့်ထုတ်ဖော်ပြသည့်အသုံး** ဖြစ်သည်။ စိတ်ထဲမှာ တစ်ခုခု မကျေနပ်၍ တစ်ယောက်တည်း ဗျစ်တောက်ဗျစ်တောက်ပြောခြင်းကအစ တစ်ဖက်လူကို ဆဲဆိုခြင်း၊ ကျိန်ဆဲခြင်းတို့သည် စိတ်ဖိစီးမှုပြေလျော့ရန် ခံစားမှုကို ဖွင့်ထုတ်ခြင်းဖြစ်သည်။ လက်ထဲမှာ ကိုင်ထားသော ပစ္စည်းတစ်ခုခု လွတ်ကျသွားသည့်အခါ 'တယ်… ဒီလက်ဟာ အသုံးကို မကျဘူး' ဟု ကိုယ့်လက်ကို အပြစ်တင်သည့်အသုံးမျိုးလည်း ပါဝင်သည်။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းကြောင့် ပါးစပ်က ပွင့်ထွက်လာသော ဆဲကြိမ်းကြိမ်းစကားသံများနည်းတူ စိတ်ထဲမှာ နှစ်သက်ကျေနပ်၍ ပွင့်ထွက်လာသော 'အို… လှလိုက်တာ'၊ 'သိပ်တော်တာပဲကွယ်' စသည့် စကားများလည်း အကျုံးဝင်ပါသည်။ ဤစကားများတွင် 'အို'၊ 'ဟယ်'၊ 'ဟင်'၊ 'ဟိုက်'၊ 'အား'၊ 'အမယ်လေး' စသည့် အာမေဋိတ်များလည်း ပါလာတတ်သည်။ အသံအမျိုးမျိုးကို အသုံးပြုလျက် မိမိ၏သဘောထားကို ဖွင့်ဟဖော်ထုတ်ခြင်းဖြစ်သည်။ ကဗျာ၊ ဝတ္ထု စသည့် ရသစာပေအဖွဲ့များတွင် ခံစားမှုဖော်ပြသည့်အသုံးများကို အတွေ့ရများသည်။ အချို့နေရာတွင်မူ အသိပေးမှု အသုံးနှင့် ခံစားမှုဖော်ပြသည့်အသုံးကို ပြတ်ပြတ်သားသား ခွဲခြားရန် ခက်ခဲပါသည်။ ကျွန်တော်တို့ မြန်မာတွေ တစ်ယောက်နှင့်တစ်ယောက် လမ်းမှာတွေ့လျှင် တစ်ယောက်က 'နေကောင်းလား'၊ 'ထမင်းစားပြီးပြီလား'၊ 'ဘယ်က ပြန်လာသလဲ'၊ 'ဘယ်သွားလို့မလဲ' စသည်ဖြင့် နှုတ်ဆက်သည်။ နှုတ်ဆက်ခံရသူက 'ကောင်းပါတယ်'၊ 'ပြီးပါပြီ'၊ 'ဟိုနားကပါပဲ'၊ 'ဈေးသွားမလို့' စသည်ဖြင့် အလိုက်သင့်ပြန်ပြောလေ့ရှိသည်။ အင်္ဂလိပ်တွေကတော့ 'Good Morning' တို့၊ 'Nice to meet you' တို့၊ 'See you' တို့၊ 'Bye Bye' တို့ ကို နှုတ်ဆက်စကားများအဖြစ် သုံးလေ့ရှိသည်။ တစ်ယောက်က နှာချေလျှင် တစ်ယောက်က 'Bless You' ဟု ပြောသောအခါ နှာချေသူက 'Thank You' ဟု ပြန်ပြောသည်။ ထိုအသုံးများတွင် ပြောသည့်စကား၏ အဓိပ္ပာယ်က အဓိက မကျပါ။ တစ်ယောက်နှင့် တစ်ယောက် စကားပြောပြီး ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်သည့်သဘောက အဓိကကျပါသည်။ 'ဘယ်ကပြန်လာသလဲ' ဟု မေးခြင်းမှာ ပြန်လာသည့်နေရာကို တကယ်သိချင်၍ မေးခြင်းမဟုတ်ဘဲ၊ နှုတ်ဆက်ခြင်းသာဖြစ်သည့်အတွက် ပြန်ပြောသူကလည်း ဘယ်က ပြန်လာသည်ဟု အသေအချာ ပြောရန် မလိုဘဲ 'ဟိုနားကပါပဲ' ဟုပြောရုံနှင့် လုံလောက်သည်။ မေးသူ ကျေနပ်သွားသည်။ တယ်လီဖုန်းဆက်ရာတွင် 'ဟဲလို' ဆိုသည့် စကားသည် အဓိပ္ပာယ်အထူးအထွေမရှိဘဲ ဆက်သွယ်ရေးလမ်းကြောင်း စ,ဖွင့်သည့်စကား ဖြစ်သည်။ ထိုအသုံးကို **လောကဝတ်အသုံး** ဟုခေါ်ပါသည်။ လောကဝတ်အရ ပြောဆိုသည့်အသုံးများဖြစ်သည်။ လူတစ်ယောက်နှင့်တစ်ယောက် အနီးကပ်ရှိနေပါလျက် ဘာစကားမှမပြောဘဲ နှုတ်ဆိတ်နေလျှင် တစ်ယောက်နှင့်တစ်ယောက် ဝေးကွာအေးစက်နေသလို ခံစားရတတ်သည်။ သံသယပင် ဝင်တတ်သည်။

လောကဝတ်စကားပြောပုံမှာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ခြားနားချက်ရှိတတ်သည်။ အာဖရိက အလယ်ပိုင်း 'ဘူရန်ဒီ' မှ 'ရန်ဒီ' အမျိုးသမီးများ၏ ပြန်ခါနီး နှုတ်ဆက်စကားမှာ 'ကျွန်မ အခု အိမ်ပြန်ရမယ်၊ မပြန်ရင် ကျွန်မ ယောကျ်ားက ကျွန်မကို ရိုက်လိမ့်မယ်' ဟူ၍ ဖြစ်သည်။ အချို့ လူမျိုးများကမူ စကားနည်းနည်းသာ ပြောခြင်း၊ သို့မဟုတ် စကားမပြောဘဲ ဆိတ်ဆိတ်နေခြင်းဖြင့် လောကဝတ်အမူအရာကို ပြကြသည်။

ဘာသာစကား၏ **အသံအလှကို ဖော်ပြခြင်း**သည်လည်း ဘာသာစကားအသုံးတစ်ခုဖြစ်သည်။ ကလေးများ ကစားရာတွင် 'Shirley Oneple, Shirley Twople, Shirley Threeple' စသည်ဖြင့် သံပြိုင်ရွတ်ဆိုကစားပုံကို သာဓကအဖြစ် မှတ်တမ်းတင်ထားသည်။ ကလေးများ ကစားရင်း ရွတ်ဆိုသည့်စကားများတွင် 'ညောင်ပင်တချွေ ဝေလေလေ၊ ဂျက်ကလိမ်ကျောင်း မိဖျင်း အိမ်ကမောင်း၊ ဂျီးဂျက် ဂျီးဂျက်ဂျောက်



www.burmeseclassic.com

www.burmeseclassic.com

နာရီပေါ်ကြွက်ကလေးလျှောက်'၊ 'ရွှံ့ပေါ်ရှဉ့်ပြေး ရှဉ့်မွေး ရွှံ့မလူး' စသည်ဖြင့် အသံ၊ ကာရန်၊ နရီစည်းဝါးတို့ဖြင့် နိမ့်လိုက်မြင့်လိုက် ချီလိုက်ချလိုက်ရွတ်ဆိုရသည်မှာ ပျော်စရာကောင်းပါသည်။ အလားတူပင် 'ယီးလေလေ့ ယီးလေလေ့'၊ 'ရောယိမ်းလိုက် ဘသားယိမ်းလိုက်' စသည့် အချီအချ ရွတ်ဆိုပုံများက စ၍ နိုင်ငံရေးဟောပြောပွဲများတွင် ကြွေးကြော်သံများဖြင့် စည်းရုံးဟောပြောပုံများ၊ ဘာသာရေးပွဲများတွင် ဘုရားရှိခိုး ဂါထာတော်များကို သံပြိုင်ညီညီညာညာရွတ်ဆိုပုံများ၌ အသံ၏အာနိသင်ကို လှလှပပ အသုံးပြုပုံများကို တွေ့ရပါသည်။ အချို့သော ကစားနည်းများ၊ အလုပ်လုပ်စဉ် အားတက်အောင် အချီအချ ရွတ်ဆိုသောစကားများတွင် အဓိပ္ပာယ်အထင်အရှားမရှိသောစကားလုံးများပါဝင်သော်လည်း အသံအာနိသင်က အဓိကကျကြောင်း တွေ့ရပါသည်။

**လွှမ်းမိုးထိန်းချုပ်ခြင်း**သည်လည်း ဘာသာစကား၏ အလုပ်တစ်ခုဖြစ်သည်။ ဂါထာမန္တန်ရွတ်၍ တန်ခိုးရှင်များကို ပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ မန်းမှုတ်ခြင်း၊ ကျိန်ဆိုခြင်းတို့သည် မိမိဖြစ်လိုသည်ကို ဖြစ်လာစေရန် ဘာသာစကားဖြင့် လွှမ်းမိုးထိန်းချုပ်သည့် သာဓကများဖြစ်သည်။ ခရစ်ယာန်ဘုန်းတော်ကြီးက ကလေးငယ်၏ခေါင်းထက်တွင် ရေလောင်းပြီး 'I Baptize you...'ဟူ၍ ရေဖျန်းမင်္ဂလာပြုပေးခြင်း၊ တရားသူကြီးက တရားခံကို 'ပြစ်မှုထင်ရှားသည့်အတွက် အလုပ်ဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်'ဟု စီရင်ချက်ချခြင်း စသည်တို့သည်လည်း ဘာသာစကားကို အသုံးပြု၍ လွှမ်းမိုးထိန်းချုပ်ခြင်းဖြစ်သည်။ 'ဝင်ခွင့်ပြုပါ'ဟု ခွင့်တောင်းသည့် စကားမျိုးကအစ 'ဖိနပ်ချွတ်ပါ၊ တာဝန်မှအပ မဝင်ရ၊ တံတွေးထွေးခြင်းသည်းခံပါ၊ ဆေးလိပ်မသောက်ရ၊ ဟွန်းသံကင်းမဲ့ဇုန်၊ ဖြည်းဖြည်းမောင်းကျောင်း ရှိသည်၊ မိုင် ၃၀ ထက် ပိုမမောင်းရ၊ တန်းထ၊ သက်သာ၊ သတိ စသည့် လမ်းညွှန်စကားအမျိုးမျိုးမှသည် 'ခုချက်ချင်း ထွက်သွား'ဟူသော အမိန့်စကားမျိုးအထိ ဘာသာစကားဖြင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးထိန်းချုပ်သည့် အသုံးအမျိုးမျိုး ရှိပါသည်။

ဘာသာစကား အသုံးများတွင် **မှတ်တမ်းတင်မှုအသုံး**သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ရှေးသွားပုဂ္ဂိုလ်များက မိမိတို့၏ဆောင်ရွက်ချက်များကို ဘာသာစကားဖြင့် မှတ်တမ်းတင်သည့်အတွက် ပုဂံခေတ် အလှူမှတ်တမ်းကျောက်စာမျိုးကအစ သမိုင်းမှတ်တမ်းများ၊ ပထဝီဝင်ဆိုင်ရာ ကွင်းဆင်းလေ့လာချက်များ၊ စီးပွားရေးအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသန အစီရင်ခံစာများ၊ သိပ္ပံပညာဆိုင်ရာ မှတ်တမ်းများ၊ မှုခင်းမှတ်တမ်းများ၊ ဥပဒေများ၊ ဘာသာရပ်အမျိုးမျိုးအတွက် အချက်အလက်စုဆောင်းမှုများ စသည့် မှတ်တမ်းများ ပေါ်ပေါက်လာရသည်။ ထိုမှတ်တမ်းများကို နှောင်းလူများက လိုအပ်သလို ကိုးကားနိုင်သည့်အတွက် များစွာ အကျိုးရှိသည်။ မှတ်တမ်းတင်သူများသည် မိမိတို့၏ မှတ်တမ်းများကို နောင်အနာဂတ်တွင် မည်သူမည်ဝါတို့က အသုံးပြုလိမ့်မည်ဟု ကြိုတင်သိသည် မဟုတ်။ မိမိတို့လုပ်ဆောင်မှုကို မှတ်တမ်းတင်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုမှတ်တမ်းများကို တစ်နေရာရာတွင် ထိန်းသိမ်းထားပြီး မည်သူမျှ မကိုးကားရသေးသော မှတ်တမ်းများလည်း ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ ထိုမှတ်တမ်းများသည် မျိုးဆက်သစ်များအတွက် ကိုးကားစရာများဖြစ်သည်။ လူမှုဖွံ့ဖြိုးရေးအတွက် ကြိုတင် လိုအပ်ချက်ဖြစ်သော အသိပညာကိုယ်ခံကို မျိုးဆက်သစ်များအတွက် အမွေအဖြစ် ထားရစ်သော လက်ဆောင်များဖြစ်သည်။ မှတ်တမ်းတင်မှု အသုံးသည် အသိပေးမှုအသုံးအဖြစ် ပေါ်ပေါက်ခြင်း ဖြစ်သော်လည်း ရည်ရွယ်ချက်ချင်း၊ အခြေအနေချင်း များစွာကွာခြားသည်။

ဘာသာစကား အသုံးတစ်မျိုးမှာ **စိတ်ထဲက အတွေးကို ထုတ်ဖော်သည့်အသုံး**ဖြစ်သည်။ လူတို့သည် စိတ်ထဲမှာ ပေါ်လာသော အတွေးကို ပါးစပ်က ထုတ်ဖော်ပြောသည့်အလုပ်မျိုး လုပ်လေ့ရှိသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် စိတ်ထဲကအတွေးသည် ပို၍ ပီပီပြင်ပြင် ရှိလာသည်။ စိတ်ထဲမှာ သချ်ာပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ရာ၌ အသံတိတ် စကားပြောနေခြင်းမျိုး ရှိသည်။ အချို့ဆိုလျှင် စိတ်ထဲက အတွေးနှင့်အညီ နှုတ်ခမ်းလှုပ်နေတတ်သည်။ သို့သော် အသံထွက်လာခြင်း မရှိပေ။ အသံမထွက်ဘဲ စိတ်ထဲက စကားပြောနိုင်သည့်အတွက် ဘာသာစကားကို အတွေးထုတ်ဖော်သည့် ပစ္စည်းအဖြစ် မှတ်ယူခြင်း ဖြစ်သည်။

နောက်အသုံးတစ်မျိုးမှာ 'စကားထဲက ဇာတိပြ' ဆိုသော စကားကဲ့သို့ **ပြောသူတို့၏အကြောင်းကို ဖော်ပြခြင်း** ဖြစ်သည်။ လူတစ်ယောက်၏ ဇာတိ အရပ်၊ လူမှုနောက်ခံ၊ ပညာအဆင့် အတန်း၊ အလုပ်အကိုင်၊ အသက်အရွယ် ကျားမနှင့် ပုဂ္ဂလကိုယ်ရည်ကိုယ်သွေး တို့ကို သူ ပြောသောစကားအရ ဖော် ထုတ်နိုင်သည်။ ထို့အတူ ဘောလုံး စသည့် အားကစားပွဲများ၊ နိုင်ငံရေး အစည်းအဝေးများ စသည့် အစုအဝေး များတွင် စုပေါင်း ကြွေးကြော်သော ကြွေးကြော်သံများ၊ ဆောင်ပုဒ်များ ထိုသူများ၏ စည်းလုံးမှု၊ အစုအဖွဲ့ အဖြစ် ညီညွတ်စွာ ရပ်တည်နေမှု ဖော်ပြသည်။ တစ်ချိန်က ကြွေးကြော် ခဲ့သော 'ဗမာပြည်သည်တို့ပြည်၊ စာသည် တို့စာ၊ ဗမာစကားသည် စကား' ဟူသည့် တို့ဗမာအစည်းအရုံး ဆောင်ပုဒ်သည် မြန်မာတို့၏ တလုံးတည်းရှိသော ပုဂ္ဂလဝိသေသ ဖော်ညွှန်းလျက် ရှိသည်။


ဤသို့ဖြင့် ဘာသာစကား အသုံးများသည် ထွေထွေပြားပြား သည့်နည်းတူ လေးနက်သိမ်မွေ့ သဘောကို ဆောင်နေပါသည်။

**မောင်ခင်မင်**



www.burmeseclassic.com

www.burmeseclassic.com



ရတနာဂီရိတွင် ယခုထက်တိုင်ရှိနေသော
သီပေါမင်းအုတ်ဂူ(ဝဲဘက်)နှင့် ပထမသမီးတော် အုတ်ဂူ(ယာဘက်)

ရတနာဂီရိသည် လယ်သမားများ
တံငါသည်များသာ နေထိုင်သော မြို့ဖြစ်ခြင်းကြောင့်
ထူးခြားဖြစ်စဉ် နည်းပါးလှသော်လည်း
သီပေါမင်းနှင့်မိသားစု ဆိုက်ရောက်လာသည့်နေ့ကမူ . . .



သီပေါမင်းနှင့်မိသားစုတို့ စံမြန်းခဲ့သော အိမ်တော်အသစ်



www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်မင်းမြတ်နှင့် ကျွန်မ

ဝင်းငြိမ်း

(၂၀၁၃ ခုနှစ် ဖွန်လထုတ် National Geographic Traveller India တွင် ဖော်ပြခဲ့သော စာရေးဆရာမ ဆူဒါရှား၏ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။)

၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့နှင့် ဖြစ်ပွားခဲ့သော စစ်ပွဲရှုံးနိမ့်ခြင်းကြောင့် ဗမာဘုရင်ဖြစ်သူ သီပေါမင်းသည် မွမ်ဘိုင်းမြို့၏တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာ၌ရှိသော ရတနာဂီရိမြို့တွင် နှစ်ပေါင်း ၃၀ ကျော် နိုင်ငံတော် အကျဉ်းသားအဖြစ် နေထိုင်သွားခဲ့ရသည်။ သီပေါမင်း နတ်ရွာစံသွားသည်မှာ ရာစုနှစ်တစ်ခုကြာခဲ့ပြီဖြစ်သော်လည်း ရတနာဂီရိမြို့တွင် သူ နေထိုင်ခဲ့စဉ်က အကြောင်းအရာတို့မှာ ယခုထက်တိုင် ပြောမဆုံးနိုင်အောင် ရှိနေဆဲဖြစ်သည်။ လာရောက်လည်ပတ်သော ဧည့်သည်များအနေဖြင့် သူနှင့်ပတ်သက်သည်တို့ကို တွေ့မြင်နိုင်သည်မှာ နည်းပါးလှသည်။ အများစုမှာ မြေအောက်သို့ ရောက်ကုန်ကြပြီဖြစ်သည်ကို ကျွန်မ မကြာသေးမီက ထုတ်ဝေခဲ့သော **The King in Exile: The Fall of the Royal Family of Burma** စာအုပ်အတွက် သုတေသနပြုစဉ်က သဘောပေါက်ခဲ့ရသည်။

ဗမာမင်း၏ တော်ဝင်မိသားစုအကြောင်း ကျွန်မစိတ်ဝင်စားမိသည်မှာ စာရေးဆရာ Amitav Ghosh ရေးသားခဲ့သော **The Glass Palace** ကို ဖတ်ပြီးသည်မှ စတင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ စိတ်ဝင်စားမှုခရီးစဉ်ကို ၇ နှစ်ကြာသည်အထိ ဆန့်ထုတ်မိခဲ့၏။ သီပေါ၏အဆက်အနွယ်များရှိရာ ကလင်ပုံ၊ ကိုလ်ကတ္တား၊ မွမ်ဘိုင်း၊ မန္တလေး၊ ရန်ကုန်၊ ပြင်ဦးလွင်တို့အထိ ခရီးသွားခဲ့သည့်အပြင် ရတနာဂီရိသို့လည်း လေးကြိမ်တိုင်တိုင် သွားရောက်ခဲ့သည်။

မန္တလေးမြို့တွင် ထီးနန်းစိုက်သည့် သီပေါမင်း၏ စိုးစံမှုကာလမှာ ၇ နှစ်သာ ကြာခဲ့သည်။ ထိုကာလအတွင်း သူ၏ ဝန်ကြီးများက သူ့အား ရုပ်သေးရုပ်တစ်ရုပ်သဖွယ် ထားရှိကာ ထင်သလို ခြယ်လှယ်ခဲ့ကြသည်။ ၁၈၈၅ ခုနှစ်တွင် သည်။ လှပသော ပင်လယ်ကမ်းခြေ၊ လတ်ဆတ်သော အသီးအနှံများ၊ ခက်လက်ဝေဖြာသော အုန်းပင်များတို့မှာ ရတနာဂီရိ၏အလှပင် ဖြစ်သည်။ ဗြိတိသျှတို့က သီပေါမင်းအား ထားရှိရန် ရတနာဂီရိကို ရွေးချယ်ခဲ့ရခြင်းမှာ အထီးကျန်စေရန် အဓိကရည်ရွယ်ပြီး နေရေးထိုင်ရေးဘက်တွင်မူ သက်သောင့်သက်သာ ရှိစေရန်လည်း ရည်ရွယ်သည်။ လူသူကင်းဝေးသည့်နေရာတွင် သီပေါမင်းအား ထားရှိလိုက်ခြင်းဖြင့် ကမ္ဘာ့အရပ်ရပ်မှ မေ့သွားစေရန်လည်း ရည်ရွယ်ခြင်း ဖြစ်သည်။

သီပေါမင်း၊ သူ့မိဖုရားနှစ်ပါးနှင့် က ထုတ်ဝေခဲ့သော သတင်းစာများ ဖော်ပြချက်အရ သီပေါမင်းနှင့်မိသား တို့သည် သင်္ဘောပေါ်မှ ဆင်းသက် ချိန်တွင် ဝတ်ဆင်ထားသော ကျော မျက်ရတနာများ အရောင်တဖျပ်ဖျ လက်နေသည်ကို တွေ့မြင်ကြရသည် ရေးသားခဲ့သည်။ တော်ဝင်မိသားစု အတူ နောက်လိုက်နောက်ပါများအ သူနာပြု ၁ ဦး၊ လက်ထောက်သူနာ ၂ ဦး၊ အစေအပါး အမျိုးသမီး ၆ အမျိုးသား ၂ ဦး၊ ခြေမြန်တော် ၁ စကားပြန် ၁ ဦး၊ ဝမ်းဆွဲသည် ၁ စားဖိုမှူး ၁ ဦး၊ ကလေးထိန်း အ သမီး ၅ ဦး(ယင်းအမျိုးသမီး ၅ ဦး



ရတနာမျိုးစုံခြယ်ထားသည့်ဘူးနှင့် မြလက်စွပ်



ပဉ္စမသမီးတော်ကြီး၏သမီး

ဖြစ်ပွားသော အင်္ဂလိပ်-ဗမာ တတိယစစ်ပွဲဖြစ်ပွားခဲ့သည်မှာလည်း ဗြိတိသျှတို့၏ ကြိုတင်ကြံစည်မှုသာ ဖြစ်ပြီး ယင်းစစ်ပွဲ၌ ရှုံးနိမ့်သွားသော သီပေါမင်းကို ရတနာဂီရိသို့ ပို့ဆောင်ရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ရတနာဂီရိသည် မြို့ငယ်ကလေးတစ်ခုသာ ဖြစ်သော်လည်း ရတနာဂီရိ ဒီစတြိတ်၏ မြို့တော်ဖြစ်သည်။ ထို့ကြောင့် ရတနာဂီရိမြို့၌ အုပ်ချုပ်မှုအပိုင်းဆိုင်ရာ ရုံးချုပ်များ ထားရှိ၏။ ဗြိတိသျှတို့က ရတနာဂီရိတွင် သီပေါမင်းအား ထားရှိခြင်းမှာ မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ရန် အဓိကဖြစ်သည်။ ရတနာဂီရိမြို့ကလေးမှာ သဘာဝအလှများ ပေါကြွယ်လှ အလွန်ငယ်ရွယ်သေးသော သမီးတော်သုံးပါးတို့သည် ၁၈၈၆ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ ညနေခင်းတွင် ရတနာဂီရိသို့ သင်္ဘောဖြင့် ရောက်ရှိခဲ့ကြသည်။ ရတနာဂီရိသည် လယ်သမားများ၊ တံငါသည်များသာ နေထိုင်သော မြို့ဖြစ်ခြင်းကြောင့် ထူးခြားဖြစ်စဉ် နည်းပါးလှသော်လည်း သီပေါမင်းနှင့်မိသားစု ဆိုက်ရောက်လာသည့်နေ့ကမူ ရတနာဂီရိမှ ဌာနေများက လမ်းဘေးဝဲယာတွင် ဘုရင်နှင့်မိသားစုအား ကြည့်ရှုနိုင်ရန် စောင့်ဆိုင်းနေကြသည့်အပြင် ဂျာနယ်လစ်များကလည်း တစ်မြို့တစ်ရွာမှ ရောက်ရှိလာကာ မျက်နှာဖုံးသတင်းအတွက် ကြိုးပမ်းနေကြသည်။ ထိုခေတ် အိန္ဒိယအမျိုးသမီးများ ဖြစ်သည် ဖြစ်၏။ သူတို့အားလုံး ကုန်းပေါ် ရောက်ရှိလာချိန်တွင် မြင်းလှည်း ပေါ် တက်စေပြီး အောက်ထရမ် ရှိရာသို့ ခေါ်ဆောင်သွားကြသည်။ နေရာသည် သူတို့မိသားစုအ နောက် ၂၄ နှစ်လုံးလုံး နေထိုင် နေရာပင် ဖြစ်သည်။

ရတနာဂီရိ၊ အောက်ထ ဟောလ်နေရာတွင် ဘန်ဂလို ဆောက်လုပ်ထားပြီး ယင်းနေရာမှ ကြည့်လိုက်လျှင် ရင်သပ်ရှုမော သည့် အာရေဗီယားပင်လယ် ရှုခင်းကို တွေ့မြင်နိုင်သည်။ ဘ နှစ်လုံးအနက် ဘောကားစ်ဘန်ဂ



www.burmeseclassic.com

www.burmeseclassic.com

တော်ဝင်မိသားစုတို့ နေထိုင်ရမည့်နေရာပင်ဖြစ်သည်။ ယနေ့ခေတ်တွင်မူ အောက်ထရမ်ဟောလ်မှာ ဒီစတြိတ်ပုလိပ်မင်းကြီး၏ အိမ်အဖြစ် အသုံးပြုထားသည်ကို တွေ့ရသည်။ တော်ဝင်မိသားစုတို့နေထိုင်သွားသော ဘောကားစ်ဘန်ဂလိုမှာမူ ပိုမိုသားနားပြီး နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်၍ အိုမင်းနေပြီဖြစ်သည်။

ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသော သီပေါမင်းက ဘန်ဂလိုဝင်းအတွင်း၌ စေတီတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီမှာမူ ပြိုကျပျက်စီးလျက်ရှိပြီး ၂၀၀၄ ခုနှစ် ကျွန်ုပ်မ ရောက်စဉ်က ထိုစေတီပျက်၏ ခြေတော်ရင်းတွင် လတ်ဆတ်သော ပန်းများ တင်ထားသည်ကို တွေ့ရသဖြင့် အံ့သြခဲ့ရသည်။ ထိုပန်းများက ပတ်ဝန်းကျင်တွင် နေသူတို့သည် စေတီအား ကြည်ညိုမြတ်နိုးစွာ ရှိခိုးပူဇော်မြဲ ရှိနေသည်ကို ပြဆိုနေ၏။

စေတီ၏ အနီးတွင် ကွက်လပ်ဖြစ်နေသောနေရာမှာ ဘောကားစ်ဘန်ဂလိုတည်ရှိခဲ့သောနေရာပင် ဖြစ်သည်။ ထိုနေရာတွင် သီပေါမင်း၏တော်ဝင်မိသားစုတို့ ဘဝဇာတ်ခုံကို က,ပြခဲ့ကြရပြီး အကြီးဆုံးသမီးတော်မှာ အိမ်တော်အားစောင့်ကြပ်ရသည့် ဂိုပါးလ်နှင့် ချစ်ကျွမ်းဝင်ခဲ့ပြီး ရင်သွေးတစ်ဦး ထွန်းကားခဲ့သည်။ မန္တလေး နန်းတွင်း၌ ရှိစဉ်က ဘန်ခိုးထွားခဲ့သော စုဖုရားလတ်သည် ဤအရေးအခင်းတွင် စိတ်ဓာတ်ကျဆင်းခဲ့သည်။ သီပေါမင်းမှာလည်း ဗြိတိသျှတို့ သိမ်းပိုက်ယူငင်သွားသော မိမိပိုင်အနိုးတန်ကျောက်မျက်ရတနာများ ပြန်လည်ရရှိရေး လုံးပန်းနေခဲ့သည်။ သို့သော် ထောက်ပံ့ငွေသာ အနည်းငယ်ကိုမြှင့်ရရှိခဲ့၏။

ရတနာဂီရိ၌ ထင်ရှားသောနေရာမှာ သီပေါမင်း၏ နန်းတော်ဖြစ်သည်။ ထိုနေရာသို့ တော်ဝင်မိသားစုဝင်များသည် ၁၉၁၀ ပြည့်နှစ် နိုဝင်ဘာလမှ ပြောင်းရွှေ့စံနေကြသည်။ ၂၇ ဧကကျယ်ဝန်းသော မြေပေါ်တွင် ပင်မအဆောက်အဦကြီးမှာ ၂၅၀၀၀ စတုရန်း


အခမ်းအနားများ ကျင်းပသည့် အောက်ထရမ်ဟောလ်


အပေါ်စီးမှ တွေ့မြင်ရသည့် ရတနာဂီရိပင်လယ်ဝ


အိမ်တော်၏အတွင်းဘက်၌ တွေ့မြင်ရသည့် ဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com


သီပေါမင်းနှင့်စုဖုရားလတ်တို့၏ သမီးတော် ၄ ပါး


တူတူ၏သားနှင့်ချွေးမ

ပေ ကျယ်ဝန်းပြီး အခန်းပေါင်း ၁၆ ခန်း ပါဝင်သည်။ ဒီဇိုင်းမှာ အရှေ့နှင့် အနောက် ပေါင်းစပ်ထားသည့်ဟန်ရှိပြီး သီပေါမင်း၏ အကြံပြုချက်များအတိုင်း ဆောက်လုပ်ခဲ့ဟန် ရှိသည်။ ဤစံအိမ်သည်သာ သီပေါမင်းနှင့် တော်ဝင်မိသားစုတို့ ပျော်ရွှင်စွာ စံနေခဲ့ကြဟန် ရှိသည်။ အိမ်တက်မင်္ဂလာအဖြစ် ဗမာပြည်မှ ဂီတပညာရှင်များကို ခေါ်ယူကာ ကျင်းပခဲ့သည်။ သမီးတော်များ၏နားတွင်းမင်္ဂလာကို နှစ်ထပ်ဆောက်လုပ်ထားသော ဒါဘာဆောင်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့၏။ နားတွင်းမင်္ဂလာကျင်းပအပြီးတွင် မင်းသမီးများသည် မြင်းလှည်းများဖြင့် ရတနာဂီရိမြို့ကို လှည့်ပတ်ကြည့်ရှုခဲ့ကြသည်။ မင်းသမီးတို့ စီးနင်းလိုက်ပါလာသည့် ရထားများကို ထီးဖြူမိုးစေခဲ့ပြီး ရတနာဂီရိမြို့သူမြို့သားများအား လက်ဆောင်များ ပေးဝေခြင်း ပြုခဲ့သည်။

သို့ရာတွင် စံအိမ်တော်အသစ်၌ ကြာရှည်ပျော်ခွင့်မရခဲ့ကြပေ။ ၁၉၁၆ ခုနှစ် အောက်တိုဘာလတွင် ဒုတိယသမီးတော်သည် ဘုရင်မင်းမြတ်၏ အတွင်းရေးမှူးနှင့် လိုက်ပြေးခဲ့၏။ သမီးတော်နှင့်ချစ်သူတို့သည် စံအိမ်တော်မှ ရတနာဂီရိကလပ်သို့ ရောက်အောင် ထွက်ပြေးကြသည်။ သမီးတော်က စံအိမ်တော်သို့ ပြန်လိုက်ရန် ငြင်းဆို[...] ခဲ့သည်။ ထို့ကြောင့် အသက်အရွယ်[...] လာပြီး နာမကျန်းဖြစ်နေသော သီပေါ[...] မင်းသည် သမီးတော်အတွက် အသည်း[...] ကွဲမတတ် ခံစားခဲ့ရသည်။ သမီးတော်[...] ပြန်လာရန် မေတ္တာရပ်ခံချက်နှင့်အတူ[...] သီပေါမင်း စီးနင်းတော်မူသော မြင်း[...] လှည်းအား သမီးတော်ထံ စေလွှတ်[...] သည်။ သမီးတော် လိုက်ပါလာနိုးနိုး[...] နှင့် သီပေါမင်းနှင့် စုဖုရားလတ်တို့သည်[...] အိမ်တော်ရှေ့၌ ခေါက်တုံ့ခေါက်ပြန်လမ်း[...] လျှောက်ရင်း မျှော်နေခဲ့ကြသည်ဟု ဆို[...] သည်။

အိမ်တော်၏ ဆင်ဝင်မှာ မြင်ကွင်း[...] ကျယ်ဟု ဆိုရမည်။ ဆင်ဝင်ပေါ်[...] ကြည့်လျှင် စက်ဝိုင်းခြမ်းကဲ့သို့ ပတ်ဝန်း[...] ကျင်တစ်ခုလုံးကို လှမ်းမြင်နိုင်သည်[...] စံနန်းတော်သို့လာရာ လမ်းသွယ်ကလေး[...] တစ်ခုကိုလည်း တွေ့မြင်နိုင်သည်။ ယ[...] ထိုလမ်းကို သီပေါလမ်းဟု ခေါ်သည်[...] စာဖတ်သူအနေနှင့် စိတ်ကူးဖြင့်ကြ[...] ကြည့်လိုက်ပါက ပတ်ဝန်းကျင်[...] တိတ်ဆိတ်ငြိမ်သက်ပြီး မြင်းခွာ[...] တဖြောင်းဖြောင်းဖြင့် စံနန်းတော်သို့[...] တည်လာနေသော မြင်းလှည်းသံ[...] ကြားနိုင်မည့်အပြင် ပူပင်သောက[...] စောင့်မျှော်နေကြသော သီပေါမင်း[...] စုဖုရားလတ်တို့ကိုလည်း မြင်ယော[...] လာနိုင်ပါသည်။ သို့သော် ဒုတိယသ[...] တော်သည် ဖခမည်းတော်ရှိရာ စံ[...] တော်သို့ ပြန်လည်လိုက်ပါလာခြင်း[...] ခဲ့သဖြင့် သီပေါမင်းမှာ ပုံလဲခဲ့ရ[...] ထိုစိတ်ဖြင့်ပင် နှလုံးရောဂါရရှိပြီး ၁[...] ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့[...] နတ်ရွာစံခဲ့သည်။


၁၀ စုနှစ်ပေါင်းများစွာအ[...] သီပေါ၏နန်းတော်ကို အမျိုးမျိုး အ[...] ပြုခဲ့ကြသည်။ ကော်လိပ်တော်[...] အိမ်ဖြစ်ခဲ့ဖူးသကဲ့သို့ စက်မှုအ[...] ပညာသင်ကျောင်းလည်း ဖြစ်[...] သည်။ နှစ်ပေါင်းများစွာလည်း အ[...] အလေ့အခံ နေရာတစ်ခု ဖြစ်ခဲ့ဖူး[...] သော် ယခုအခါတွင် သီပေါမင်း[...]

www.burmeseclassic.com

www.burmeseclassic.com

တော်သည် အရေးတယူ ထားရှိသည့် နေရာဖြစ်လာပြီး ပြတိုက်တစ်ခုအဖြစ် ဖွင့်မထားသည်။ အခန်းတစ်ခန်းတွင် တော်ဝင်မိသားစုအား စူးစမ်းလိုသည့် ဧည့်သည်များအတွက် ပုံတူပန်းချီကားများ၊ ပရိဘောဂပစ္စည်းများ ပြသထားသည်။ အခြားအခန်းများတွင် ဒေသဆိုင်ရာ အချက်အလက်များကို ပြသထားပြီး ရှေးဟောင်းသုတေသန ရုံးအဖြစ်လည်း အသုံးပြုထားသည်။ ကျန်အခန်းများမှာမူ အလွတ်ဖြစ်သည်။

ယနေ့ခေတ်တွင် သီပေါမင်းအား တွေ့ခဲ့ဖူးသူ တစ်ယောက်မျှ မရှိတော့ပေ။ သို့သော် ရတနာဂီရိဌာနေတို့၏ အဘိုးများမှာ သီပေါမင်း၏ရှေ့နေဖြစ်ခဲ့သူ၊ ခဝါသည်ဖြစ်ခဲ့သူ၊ ငွေချေးသူ၊ သစ်သီးဝလံရောင်းချသူတို့ ဖြစ်ကြသည်။ သူတို့ပြောနေသည့် သီပေါမင်း၏ မိသားစုအကြောင်းအချို့မှာ အချက်အလက်အားဖြင့် တိကျသော်လည်း အချို့အချက်အလက်များမှာမူ ချစ်သူနောက် လိုက်ပြေးသော မင်းသမီးအပေါ် ကရုဏာသက်စေရန် လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းများ များစွာရှိသည်။ ထိုဇာတ်လမ်းများမှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပြောကြားလာခဲ့ကြသော ပုံပြင်များပင် ဖြစ်သည်။ ကျွန်ုပ်မအား ပြောပြသူတစ်ဦးက ဘုရင်မင်းမြတ်သည် ညနေခင်းတိုင်း သေသပ်စွာ ဝတ်စားဆင်ယင်ပြီး လမ်းလျှောက်ထွက်လေ့ရှိသည်ဟု ဆိုသည်။ သူသည် နန်းတော်ရာမှ လှမ်းကြည့်လိုက်လျှင် အလွန်လှပသော မြင်ကွင်းရှိရာ၌ ကြာမြင့်စွာ ရပ်နေလေ့ရှိသည်။ ရုံဖန်ရံခါတွင် ဘုရင်မင်းမြတ်သည် ထိုင်ကာ ငေးမောလေ့ရှိသည်။ ထို့ကြောင့်


သမ္မတကြီး ဦးသိန်းစိန် သီပေါမင်း၏စံအိမ်သို့ ရောက်ရှိခဲ့စဉ်က အမှတ်တရ


စံအိမ်တော်ရှေ့တွင် သမ္မတကြီးနှင့်အဖွဲ့ဝင်များ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာကို ယခု သီပေါပွိုင့် ဟု ခေါ်ဆိုကြသည်။ သူ ငေးမောနေသည်မှာ တရားထိုင်နေသည်နှင့် တူ၏ဟု ဆိုကြသည်။ရတနာဂီရိရွာနေတစ်ဦးက ကျွန်မအား ပြောကြားသည်မှာ 'သီပေါမင်းရဲ့ အဘိဓာန်မှာ ဝမ်းနည်းခြင်းဆိုတာ မရှိဘူး။ အမြဲတမ်းပြုံးနေတတ်တယ်'ဟူ၏။ အများစုက ပြောကြသည်မှာ သီပေါမင်းသည် အနုပညာမြောက်သူ၊ သူ့လက်နှင့် လုပ်ရသည်ကို ကျေနပ်သူ၊ သစ်သားများကို ထွင်းထုနိုင်သူ၊ သူ့မှန်ပြတင်းပေါက်များကို ရောင်စုံအီတာလျံမှန်များနှင့် အလှဆင်သူ၊ ပွဲလမ်းသဘင် ကျင်းပရာ၌ ကိုယ်တိုင်ပြင်ဆင်သူဟု ဆိုကြသည်။

သီပေါမင်းသည် တစ်ပြည်တစ်ရွာတွင် အခြေအနေနိမ့်ပါးသွားခဲ့သော်လည်း နေမှုထိုင်မှုကို လျှော့ချခြင်း မပြုခဲ့သူဟု ဆိုသည်။ ဗမာနိုင်ငံမှ သယ်လာသော ကျောက်မျက်ရတနာများကို ပေါပေါများများ ဖြုန်းပစ်ခဲ့သည်။ မိသားစုလူနေမှုဘဝမြှင့်တင်ရေးအတွက် အကြွေးတင်ခံကာ လုပ်ခဲ့သူလည်း ဖြစ်သည်။ အိမ်တော်တွင် လိုအပ်သည်ထက်ပိုပြီး အစေအပါးထားရှိခဲ့သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ပွဲတော်များနှင့် ဆင်တူသော ဟိန္ဒူပွဲတော်များကိုလည်း လိုက်လံကျင်းပလေ့ရှိသည်။ ဥပမာအားဖြင့် ဟိန္ဒူတို့၏ ဒေဝါလီပွဲ၊ ဟိုလီပွဲတို့မှာ ဗမာတို့၏ သီတင်းကျွတ်ပွဲ၊ သင်္ကြန်ပွဲတို့နှင့် ဆင်တူပြီး အချိန်ကာလအားဖြင့်လည်း နီးစပ်လှသည်။ သို့သော် သီပေါမင်းမိသားစုတို့သည် နှစ်ပွဲစလုံး ဆင်နွှဲလေ့ရှိသဖြင့် ရတနာဂီရိနေသူတို့မှာ ပျော်ရွှင်ကြရသည်။ စံနန်းတော်၌ ကျင်းပသည့် ပွဲတော်သို့ တက်ရောက်ရန် ဖိတ်စာများ ပုံနှိပ်ရာ၌ ဗမာဘုရင်၏ အမှတ်အသားဖြစ်သော က,ဒေါင်းကို ရွှေရောင်ဖြင့် ပုံနှိပ်ပြီး ဝေငှလေ့ရှိသည်။ မန္တလေးနန်းတွင်း၌ ရှိစဉ်က နှစ်စဉ်ကျင်းပလေ့ရှိသော အကန်တော့ခံပွဲကိုလည်း ရတနာဂီရိ၌ ကျင်းပရာ လူအများ လာရောက်ပြီး ဘုရင်မင်းမြတ်

**စာဖတ်သူ**
**အနေနှင့်**
**စိတ်ကူးဖြန့်ကြက်**
**ကြည့်လိုက်ပါက**
**ပတ်ဝန်းကျင်တွင်**
**တိတ်ဆိတ်ငြိမ်သက်ပြီး**
**မြင်းခွာသံ**
**တဖြောင်းဖြောင်းဖြင့်**
**စံနန်းတော်သို့**
**ဦးတည်လာနေသော**
**မြင်းလှည်းသံကို**
**ကြားနိုင်မည့်အပြင်**
**ပူပင်သောကဖြင့်**
**စောင့်မျှော်နေကြသော**
**သီပေါမင်းနှင့်**
**စုဖုရားလတ်**
**တို့ကိုလည်း**
**မြင်ယောင်**
**လာနိုင်ပါသည်**

အား အရိုအသေပြုကြသည်။ လာရောက်သူတို့အား အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးသည့်အပြင် အပြန်၌ လက်ဆောင်ပစ္စည်းများပေးလေ့ရှိသည်။

တစ်ကမ္ဘာလုံးအမြင်တွင် သီပေါအား ငွေချေးသူများနှင့် ကုန်သည်များက ဝိုင်းဝန်းလိမ်ညာကြသည်ဟု မြင်သည်။ သို့ရာတွင် ရတနာဂီရိရွာနေများကမူ ယင်းသို့ လိမ်ညာလှည့်ဖြားခဲ့ကြသောသူများလည်း နောက်ဆုံးတွင် မွဲသွားကြသည်သာ ဖြစ်သည်ဟု ယုံကြည်ကြသည်။

တော်ဝင်မိသားစုတို့သည် ပုံပြင်ပေါင်းများစွာကို ချန်ရစ်ခဲ့ကြသည်။ ရတနာဂီရိအိမ်များတွင် ဗမာနိုင်ငံထွက်

ကျွန်းသစ်ဖြင့် ပြုလုပ်ထားသော ပ
ဘောဂတစ်ခုခုကို တွေ့မြင်နိုင်သည်
ယင်းတို့မှာ တော်ဝင်မိသားစုများ ပိုင်
ဆိုင်ခဲ့သော ပစ္စည်းများသာ ဖြစ်သည်
ကောလာဟလများက ဆိုသည်မှာ
ပေါမင်းမိသားစုဝင်များ ပိုင်ဆိုင်ခဲ့
သည့် ကျောက်မျက်ရတနာအများစု
ဆုတော်လာဘ်တော်ပေးခြင်း၊ ပေါင်
ခြင်းတို့ကြောင်း ရတနာဂီရိရွာနေများ
လက်တွင်း၌ ယင်းကျောက်မျက်
ရောက်ရှိနေခြင်းဖြစ်သည်ဟု ဆိုသည်
ကျွန်မအား ရတနာဂီရိရွာနေတစ်ဦး
ဇရာမ နီလာလက်စွပ်တစ်ကွင်းကို
ခဲ့သည်။ ထို့အပြင် ရွှေသားဖြင့် ပြု
ထားသောသေတ္တာငယ်တစ်လုံး
ပတ္တမြား၊ စိန်၊ နီလာတို့ဖြင့် စီခြယ်
သည်ကို တွေ့ခဲ့ရသည်။ သေတ္တာ
တွင် က,ဒေါင်းနှစ်ရုပ်ကို ငွေဖြင့်
လုပ်ထားသည်။ ထိုသေတ္တာမှာ ၁၉
ခုနှစ်က အိမ်တက်မင်္ဂလာကျင်းပစဉ်
ပေါမင်းက ရှေ့နေတစ်ဦးအား ဆု
လာဘ်တော်အဖြစ် ချီးမြှင့်ခဲ့ခြင်း
သည်ဟု ဆိုသည်။

ငွေချေးယူရာ၌ ကတိလက်
ရေးထိုးကာ ချေးယူကြရသည်။ ဥ
အားဖြင့် စံနန်းတော်သို့ ဟင်းသီး
ရွက်များပေးသွင်းခဲ့ရသူ၏ မြေး
၁၉၀၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရ
နေ့စွဲဖြင့် ရူဘီ ၄၀၀၀ ချေးယူ
ကတိစာချုပ်ကို ကျွန်မ မြင်ခွင့်ရခဲ့
ပြတိုက်နှင့် များစွာမဝေးလှသည့်
မှာ ရတနာဂီရိ၏ ထင်ရှားသော
တစ်ဦးဖြစ်သည့် လုခ်မန်ရာ မွေး
နေရာဖြစ်သည်။ ထိုနေရာတွင်
မင်းအား အများဆုံးငွေချေးခဲ့သူ
ရာဖြစ်သည်။ အိမ်၏တစ်နေ
လျှို့ဝှက်စွာ ဆောက်လုပ်ထား
အခန်းငယ်တစ်ခုကို တွေ့ရသည်
အခန်းမှာ သီပေါမင်း ပေါင်ထား
အဖိုးတန်ပစ္စည်းများ ဝှက်ထား
ဖြစ်သည်ဟု ဆိုသည်။

ပထမသမီးတော်နှင့် သူ
ပွန်း ဂိုပါလ်တို့အား သိမီလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်တစ်ဦးကို တွေ့ခွင့်ရခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် တော်ဝင်မိသားစုတို့ ဗမာနိုင်ငံသို့ ပြန်သွားခဲ့ကြသော်လည်း ပထမသမီးတော်က မိမိနှင့် သမီးတော်တို့အား ရတနာဂီရိသို့ ပြန်ခွင့်ပြုပါရန် ဗြိတိသျှတို့ထံ လျှောက်ထားခဲ့သည်။ ဂိုပါလ်သည် ပထမသမီးတော်၏ရှေ့၌ အိမ်ထောင်ရှိသူဖြစ်သော်လည်း ပထမသမီးတော်အား ပြန်လာပါရန် တောင်းပန်ခဲ့သည်။ တောင်းပန်မှုကြောင့် ပထမသမီးတော်က ရတနာဂီရိသို့ ပြန်လာသောအခါတွင်မူ ဂိုပါလ်က သူ့ကတိကို မထိန်းခဲ့ပေ။ ပထမဇနီးသည်နှင့်သာ ပေါင်းသင်းနေခဲ့သည်။ ရတနာဂီရိမှ လူများက တစ်ပါးတည်းစံနေရသော ပထမ သမီးတော်ကို များစွာကရုဏာ သက်ခဲ့ကြသည်။ ပထမသမီးတော်သည် သည်းခံနိုင်စွမ်းရှိသူ၊ ရက်ရောသူဖြစ်ကြောင်းလည်း တဖွဖွပြောကြသည်။ ပထမသမီးတော်၏ အဆက်အနွယ်တို့သည် ယခုတိုင် ရတနာဂီရိတွင် ရှိနေဆဲဖြစ်သည်။ ပထမသမီးတော်၏ သမီးကလေး တုတုက အိမ်ထောင်ကျကာ အဆက်အနွယ်များ ပြန့်ပွားနေခြင်း ဖြစ်သည်။

ထိုခေတ်အခါက လူနေမှုစနစ်အရ ပထမသမီးတော်သည် အိမ်ထောင်ရှိသူနှင့် ပေါက်ပြန်ခဲ့ခြင်းကြောင့် လက်မခံကြသေး ထို့ကြောင့် တုတုကလေးမှာ ကလေးဘဝတွင် ပတ်ဝန်းကျင်၏ နှိမ့်ချမှုကို ခံခဲ့ရသည်။ ပထမသမီးတော်၏ သမီးမှာ တရားမဝင် အိမ်ထောင်ကျခဲ့ကြသော အမျိုးသမီးများအတွက် နားခိုရာနေရာဖြစ်ခဲ့သည်။ တုတုသည် အိမ်ထောင်ကျပြီးနောက် ကလေး ၁၈ ယောက် မွေးခဲ့သည်ဟု ဆိုသည်။ တုတုနှင့် သူ့ခင်ပွန်းတို့ မွေးဖွားခဲ့သော သားသမီးများအနက်မှာ ၇ ဦးသာရှိပြီး ကျန်ကလေးများမှာ စွန့်ပစ်ခံရသောကလေးများကို ကောက်ယူမွေးစားခဲ့ခြင်း ဖြစ်သည်။ အချို့ သားသမီးမထွန်းကားသော ဇနီးမောင်နှံတို့က မွေးစားလိုသည်ဆိုပါလျှင်လည်း တုတုက မွေးစားခွင့်ပေးခဲ့သည်။ တုတုသည် မယ်တော်နည်းတူ ဆင်းရဲခြင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အများအပေါ်တွင် မေတ္တာစေတနာရှိခြင်းကြောင့် ရတနာဂီရိမြို့သူမြို့သားများက တုတုအား ရတနာဂီရိ မာသာထရီဇာဟု တင်စားကြသည်။

ကျွန်မစာအုပ်အတွက် သုတေသနလုပ်ငန်းများ စတင်လုပ်ဆောင်ချိန်တွင် တုတုသည် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က ကွယ်လွန်ခြင်းဖြစ်၏။ ကျွန်မအနေနှင့် တုတု၏ သားသမီးများ၊ မြေးများ၊ သူမအား သိသောအခြားပုဂ္ဂိုလ်များကိုသာ တွေ့ဆုံမေးမြန်းခဲ့ရသည်။ ယနေ့ခေတ်တွင် တုတု၏မျိုးဆက်တို့သည် ယာဉ်မောင်းများ၊ စက်ပြင်ဆရာများ၊ အိမ်ဖော်များ၊ အချိန်ပိုင်းထမင်းချက်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ တုတု၏သားတစ်ဦးဖြစ်သည့် စက်ပြင်ဆရာ ဒီဂမ်ဟာပါဝါနှင့်ကျွန်မ တွေ့ဆုံရာတွင် 'ကျွန်တော်တို့က နာမည်ကြီးကောင်းကြီးပါလိမ့်မယ်။ ဒါပေမဲ့ ပိုက်ဆံတော့ တစ်ပြားမှမရှိဘူးဗျ'ဟု ဆိုခဲ့သည်။

ရတနာဂီရိတွင် ရှိနေသော အုတ်ဂူနှစ်ခုသည် ဗမာတော်ဝင်မိသားစုများ ဤနေရာတွင် နေထိုင်သွားခဲ့ကြောင်း နိုင်မာသည့်အထောက်အထားများပင် ဖြစ်သည်။ သို့သော် ယင်းအုတ်ဂူတို့သည် ကျန်ရစ်သည့် ဆွေတော်မျိုးတော်တို့အား အထောက်အကူမပြုနိုင်ပေ။ အကယ်၍ ခရီးသွားတစ်ဦးသည် ပြတိုက်သို့ ဝင်ရောက်လေ့လာပါက ပထမသမီးတော်၏ အုတ်ဂူတွင် လေးထောင့်စပ်စပ်ကျောက်ပြားတစ်ခုကို တွေ့ရမည်ဖြစ်သည်။ ယင်းနေရာသည် ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်ပြီးနောက် ကြွင်းကျန်ရစ်သည့် ပြာများထည့်ရန် နေရာဖြစ်သည်။ ထိုစဉ်က ပထမသမီးတော်၏ ရုပ်ကလာပ်ကို အိန္ဒိယတွင် သင်္ဂြိုဟ်ရမည်လား၊ ဗမာနိုင်ငံသို့ ပြန်လည်ပို့ဆောင် သင်္ဂြိုဟ်ရမည်လားဆိုသည်ကို ဝိဝါဒမကွဲပြားသေးခြင်းကြောင့် ဖြစ်သည်။ ပထမသမီးတော်သည် အိန္ဒိယနိုင်ငံနှင့် ဗမာနိုင်ငံတို့ လွတ်လပ်ရေးမရမီ အချိန်ကလေးတွင် နတ်ရွာစံသွားခြင်းဖြစ်သည်။ နှစ်နိုင်ငံစလုံးတွင် ဖိအားများရှိနေခြင်းကြောင့် ယင်းသို့ မသေမချာဖြစ်နေခဲ့ကြခြင်း ဖြစ်သည်။ ပထမသမီးတော်၏ ပြာများသည် အုတ်ဂူအတွင်း ထည့်သွင်းခြင်း မရှိသကဲ့သို့ ဗမာနိုင်ငံသို့လည်း ပြန်လည်ပို့ဆောင်ခြင်း မရှိခဲ့ပေ။ ထိုစဉ်က ပြာများကို ရတနာဂီရိ ဘဏ္ဍာတိုက်တွင် ထားရှိသိမ်းဆည်းထားခဲ့သော်လည်း မည်သည့်နေရာ၌ထားရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာ ယနေ့ထက်တိုင် ရှာဖွေတွေ့ရှိခြင်း မရှိပေ။ ပထမသမီးတော်၏ အရိုးပြာများ ရှာဖွေတွေ့ရှိရန် ကျွန်မ ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ယခု မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သတင်းစာ၊ မဂ္ဂဇင်းများ၌ သီပေါမင်း၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်သည် ရတနာဂီရိတွင် ရှိနေပြီး အိန္ဒိယနိုင်ငံ၏နောက်ဆုံးဘုရင် ဒုတိယမြောက် ဗဟာဒူးရှာဇဖား၏ ရုပ်ကလာပ်မှာ ရန်ကုန်မြို့တွင် ရှိနေသည်ကို မကြာခဏ ရေးသားဖော်ပြလေ့ရှိကြသည်။ ရှားဘုရင်မှာလည်း သီပေါမင်းကဲ့သို့ပင် ဗြိတိသျှတို့က နန်းချကာ ရန်ကုန်မြို့သို့ ပို့ဆောင်ထားခြင်း ဖြစ်သည်။ မြန်မာပြည်တွင် ရှိသော သီပေါမင်း၏အဆက်အနွယ်တို့က ကြွင်းကျန်ရစ်သည့် သီပေါမင်း၏ရုပ်ကလာပ်ကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ရေးကိစ္စအား မြန်မာအစိုးရနှင့် အိန္ဒိယအစိုးရတို့အား အရေးဆိုလေ့ရှိသည်။ သို့သော် ယနေ့အချိန်အထိ အောင်မြင်ခြင်း မရှိသေးပေ။ ပြန်လည်သယ်ဆောင်သွားသည်ဖြစ်စေ၊ ရတနာဂီရိ၌သာ ထားရှိသည်ဖြစ်စေ ဗမာဘုရင် သီပေါမင်း၏ အဆက်အနွယ်တို့ ရတနာဂီရိတွင် ရှိခဲ့ကြသည်ကိုကား ဖျောက်ဖျက်ရနိုင်မည် မဟုတ်ပေ။ ကမ္ဘာလှည့်ခရီးသွားများကလည်း ယင်းအချက်ကို လက်ခံထားကြပြီးဖြစ်၍ ရတနာဂီရိကို စိတ်ဝင်စားကြမည်သာ ဖြစ်သည်။ ■ ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# မောင်းကွဲ

ရွှေဝင်းမြင့်

၁။

သူကြီး ကိုဗျောက်အိုးရဲ့အကျင့်က မနက်စောစော မြောက်ကျောင်းက အုန်းမောင်းခေါက်သံကြားတာနဲ့ အိပ်ရာက ဖျတ်ခနဲ နိုးလေ့ရှိသည်။ ဘယ်လောက် အိပ်ရေးပျက်ပျက် တုံးမောင်းသံ တတုံတုံကြားတာနဲ့ ခေါက်ခနဲ ထတော့တာပဲ။ ရေကပြင် ဆင်း၊ ဖွဲပြာနဲ့ဆား ရောထားတဲ့အမှုန့်နဲ့ သွားတွေပွတ်၊ ပချိုးပချောင် စင်သွားအောင် နှစ်ခါလောက် ပလုတ်ကျင်း၊ ဖျင်တဘက်နဲ့ မျက်နှာသုတ်။ ကြာလှရင် တစ်မိနစ်ပဲ။ ပြီးရင် ဘုရား မရှိခိုးအားသေးဘူး။ အိမ်အောက်ဆင်းတယ်။

မန်ကျည်းပင်မှာ တန်းရိုက်ပြီး ချိတ်ထားတဲ့ မောင်းကြီးကို မောင်းတုတ်နဲ့ တစ်ချက်ပြင်း ပြင်းထုတယ်။ မောင်းက မောင်းကွဲ ။ ဒီမောင်းက တခြားမောင်းတွေလို ထုလိုက် ရင် ဒူဟူဟူလို့ မမြည်ဘူး 'ဂျန့်ဟန့်ဟန့် ဂလန့် ဂလန့် ဂျလပ်ဂျလပ်'လို့ မြည်တယ်။ မောင်းက မောင်းနရည် (မောင်းအနားစုတ်)ကိုး။



www.burmeseclassic.com

www.burmeseclassic.com

သူ့အဖေ သူကြီးလက်ထက်ကတည်းက
ဖြတ်ကျူဖူးလေတော့
ခေါင်းအနားတစ်နေရာမှာ လက်ညှိုးလောက်
အပေါက်ကြီးဖြစ်အောင် ကွဲခဲ့ဖူးတယ်။
နောက်မိုးတိ မှောင်တောင်မှာ ဒီခေါင်းကွဲကို
တစ်ချက်ကောင်း ခေါင်းထုပြီးရင်
အိမ်ပေါ်တက်ပြီး ဘုရားကန်တော့တယ်။
ဒါက နိစ္စဓူဝကိစ္စ။ မြောက်ကျောင်းက
တုံးခေါင်းသံနဲ့ မရှေးမနှောင်း သူကြီးအိမ်က
ခေါင်းကွဲသံတစ်ချက် ထွက်လို့တော့ ရွာက
ဘယ့်နှယ်မှ မနေပါဘူး။ မလှုပ်ပါဘူး။
သူကြီး ကိုဗျောက်အိုးတစ်ယောက်
လက်အငြိမ်မနေနိုင်၊ ခြေအငြိမ်မနေနိုင်
အာစောစီးစီး ဒီလိုထုနေကျဆိုတာ
ရွာက သိတာကိုး။
'ဂျွန်ဟန်ဟန် ဂလန်
ဂလန်...ဂျလပ်...ဂျလပ်...'
ဒါက တစ်ချက်ထုတဲ့ ကိစ္စ။
ဒီခေါင်းကွဲကိုပဲ သုံးချက်ဆက်ထုပြီဆိုရင်တော့
ကျွဲပိန် ရွာသူရွာသားမှန်သမျှ တစ်အိမ်တစ်တဲ
တစ်ယောက်ခွဲတမ်းနဲ့ သူကြီးဝိုင်းထဲ
ရောက်အောင် ပြေးကြရတယ်။
တစ်အိမ်ထောင် တစ်ယောက်တော့
ရောက်မရှိ မဖြစ်ရဘူး။
ခေါင်းသုံးချက်ဟာ
ကျွဲပိန်ရွာအတွက်တော့
အရေးပေါ်ရောင် လုံခြုံရေးအဆင့်ပဲ။
သူကြီးဝိုင်းတိုက်က အတန်အသင့်
ကျယ်လေတော့ ရောက်လာတဲ့ လူတွေကို
သူကြီးက စိတ်နဲ့ချင့်တယ်။
ဝိုင်းထဲ လူပြည့်ရင် ဟုတ်ပြီ။ မပြည့်ရင်
ဘယ်အိမ်ထောင်က ကျန်သလဲဆိုတာ
ရှေးကျားတဲ့လူမိုက်တွေက သိတယ်။
ရောက်တဲ့ အိမ်ထောင်စုက
ငွေကြေး နှစ်ကျပ်ပေးဖို့သာ ပြင်တော့။
သူကြီးကတော့ မလာလေ ကြိုက်လေပါပဲ။
အိမ်ထောင် မလာကြေး နှစ်ကျပ်ကလည်း
သူ့ရဲ့ ဝင်ငွေကိုး။ ဒါပေမဲ့ ကျွဲပိန်လို





www.burmeseclassic.com

www.burmeseclassic.com

ရွာမျိုးမှာ မလာဘူးကွာ ရော့ နှစ်ကျပ်ဆိုတာမျိုးက ခပ်ရှားရှားပါ။ ဘယ်သူမှ ငွေနှစ်ကျပ် ခါးပုံစထဲက ထုတ်မပေးနိုင်ဘူး၊ ချွေးခံအင်္ကျီထဲက ထုတ်မပေးနိုင်ဘူး။ ဒီတော့ မောင်းသုံးချက်သံကြားရင် ပြေးလာကြသူတွေချည်းပဲ။ လှည်းကောက်နေတဲ့ ထင်းလှည်းသမားကလည်း တပ်လက်စ နွားနှစ်ကောင်ပစ်ထားခဲ့တာပဲ။ မုန့်ပေါင်းသည်ကလည်း လုပ်လက်စမုန့် ထင်းမီးလျှော့ပြီး ပြေးရတာပဲ။ ပုတီးစိပ်နေသူကလည်း ဂုဏ်တော်ကွန်ချာကို ရပ်ခဲ့တော့ပဲ။ ပဲပြုတ်နေသူကလည်း ရေတစ်ခွက် ထပ်ဖြည့်ပြီး ရောက်အောင် လာရတာပဲ။ မောင်းက ဒူဟူဟူ အသံမထွက်ရင်သာ ရှိမယ်၊ ဒါ အရေးပေါ် အခြေအနေပဲ။ ဒါကတော့ ထားပါတော့၊ သုံးချက်ထုတဲ့ မောင်းကိုး။ နို့ဖြင့် မနက်စောစော ကျီးမှမနိုးခင် သူကြီးကိုယ်တိုင် အိပ်မှုန်စုံမွှား ထထုတဲ့ တစ်ချက်တည်းသော မောင်းက ဘာသဘောတုံး၊ ဘာကိစ္စ ထထုတာတုံး။ သူကြီးကတော် မစိန်ပုက တစ်ခါတော့ မေးဖူးတယ်။

'မောင်သူကြီးရဲ့၊ စောစောစီးစီး ဘာကိစ္စများ မောင်းနစုတ်ကြီး ထ ထ ထုသာတုံး၊ အလကား အိပ်ရေးပျက်အောင်။ ပြီးတော့ မောင်းသံက သာသာယာယာ မဟုတ်ဘဲနဲ့'

'ရော်…ခက်ပါ့ကောသူကြီးကတော်ရဲ့၊ ခက်ပါမင့်ကောဗျာ၊ ခင်ဗျား မသိပါဘူး'

**မောင်းကြီး**
**တစ်လုံးနဲ့**
**ကြေးပြားတစ်ချပ်**
**သူ့သား**
**ဦးဖိုးပျော့ကို**
**ပေးခဲ့တယ်**
**မောင်းက**
**ဆန်ပြာတဲ့**
**ဆန်ကောလောက်**
**ရှိပြီး**
**ကြေးပြားက**
**တစ်ထွာ**
**ပတ်လည်လောက်**
**ရှိမယ်**
**မောင်းကြီးမှာ**
**အင်းကွက်**
**သုံးကွက်နဲ့**
**စာတစ်ချိုး**
**ရေးထားတယ်**

သူကြီးကတော်က မောင်းနစုတ်လို့ သုံးတာကို သူကြီးက မကြိုက်လှေဘူး။ သာသာယာယာ မဟုတ်ဘဲနဲ့ ဆိုတာကိုလည်း သဘောမတွေ့ဘူး။ ရှင်းတော့ မပြပါဘူး။ ဘယ့်နှယ် မနက်စောစော အဓိပ္ပာယ်မရှိဘဲ ဘယ်သူက ထထုမှာတုံး။ အကျိုးအကြောင်းမရှိဘဲ ဘယ်သူက ထထုမှာတုံး။ ဒူဟူဟူ မမြည်ဘဲ ဂျန် ဟန်ဟန်… ဂလန်ဂလန် ဂျလပ်ဂျလပ်လို့ မြည်တော့ကော ဘာပြုလို့တုံး။ မောင်းဟာမောင်းပေါ့။ ဒါဖြင့်ရင် ဘာကိစ္စ ထုရတာတဲ့လဲ။

သူကြီးမှာ သူ့အကြောင်းနဲ့သူရှိတယ်။ နံပါတ်တစ်က သူကြီးကိုယ်တိုင်က မနက်ခင်း နေ့သစ်ကို သူ့မောင်းကွဲသံနဲ့ နိုးထချင်တယ်။ ဒါက တစ်ချက်။ ဒုတိယတစ်ချက်က ဒီမောင်းကွဲသံဟာ သူကြီးဖြစ်ခြင်းကို သက်သေခံတဲ့အသံ။ ဒီရာထူးမှာ သူမြဲနေတုန်းပဲဆိုတာကို အာမခံတဲ့အသံ။ သူကြီးအဆက်ဆက် ကိုင်စွဲခဲ့တဲ့ အာဏာသုံးရပ်ကို ကိုယ်စားပြုတဲ့အသံ။ သူကိုယ်တိုင်က စာမတောက်တစ်ခေါက် ဖတ်ဖူးသူဆိုတော့ လူထုရင် အာဏာသုံးရပ်အကြောင်း အင်မတန်ပြောတတ်တယ်။ ရွာသူရွာသားများ ခများတော့ ကိုယ်လုပ်မှ ကိုယ်စားရတာဆိုတော့ လောကမှာ အာဏာသုံးရပ်ရှိတာလည်း မသိဘူး။ လေးရပ်ရှိတာလည်း မသိဘူး။ သူကြီးက အဲဒီအာဏာသုံးရပ် အကြောင်းပြုပြီး ခိုင်းတာလုပ်ရတာများပေါ့၊ တောင်းသမျှ ပေးရတာများပေါ့၊ ခေါက်သမျှ ခံရတာများပေါ့။ အာဏာသုံးရပ်နဲ့ ပတ်သက်လို့ မြောက်ကျောင်းမှာ ဥပုသ်စောင့် ရောက်ရတဲ့အခါတိုင်း ဆရာတော်ကြီးကို တောင်အလွတ်မပေးဘူး။

'ဘုရားတပည့်တော်ကို ပြည်ပိုင်မင်းများက သူကြီးရယ်လို့ ခန့်အပ်ပါပြီဆိုကတည်းက ကြီးလေးသော ဝန်ထုပ်ဝန်ပိုးများ ကျောပေါ် တင်ထားရသလိုပါဘုရား၊ အဟမ်း… အဟွတ်…အဟွတ်…။သူကြီးဆိုသာက ရပ်မှာရွာမှာ ဘုရင်အသေးစား ဖြစ်လေတော့

အဟွတ်… အဟွတ်…
အဟမ်း…'

သူကြီး ကိုဗျောက်
က စကားပြောရင် ချောင်း
လာတတ်တယ်။ သူကြီး
စက မဖြစ်ပါဘူး။ ဟန်လု
ရင်း လုပ်ရင်းက တက
ဖြစ်လာတာ ထင်ပါရဲ့
နောက်တော့ စကားတစ်ခွ
ချောင်းတစ်ခွန်း ဖြစ်ကရော

'အဲသာ… အဟမ်း
အဟွတ်… အဟွတ်…'

'မင်းမလည်း အ
ရယ် အကြောင်းရယ် စ
ရောက်ရသယ် မရှိဘူ
ချောင်းဆိုးရသာနဲ့၊ သ
မကျေရသာနဲ့၊ ချွဲပုပ်ထရ
နဲ့ လချွေး။ ဆေးဆရာ မော
သိန်းနဲ့ ကုဦးကွ'

'အဟွတ်…အဟွတ်
အာဏာသုံးရပ် ရှိသာ
ဘုရား။ အုပ်ချုပ်ရေးအာ
တဲ့ဘုရား၊ ဥပဒေပြုရေး
ဏာတဲ့ဘုရား၊ တရားစီ
ရေး အာဏာတဲ့ဘုရား
အဟွတ်…အဟွတ်…သူ
ဆိုပြန်တော့ သူကြီးအာ
လက်တွင်း တစ်ဆုပ်လော
ရထားပေသော်လည်း
ကိစ္စ၊ ရွာ့ဝေယျာဝစ္စ ရှိ
တဲ့ အခါ အဟွတ်…အဟ
…ထွမ်…။ တပည့်တေ
လျှောက်ချင်တာက အ
ဘုရားတို့မှာတော့ မွှေနှ
လောက် အာရုံပြုရသာ
ဘုရား၊ တပည့်တော်မှာ
မမွှာနုဂ္ဂဟာရော ပစ္စယာနု
ပါ ပြည့်စုံရအောင်…'

'ဘာကွ၊ ဘာပ
နုဂ္ဂဟာတုံး၊ ရွာကလော
ဆွမ်းနဲ့ ကိုယ့်ဆွမ်းကိုယ်
နေသာကောကွ။ ဘ
များ မင်းအိမ်က



www.burmeseclassic.com

www.burmeseclassic.com

ချိုင့် ပိုဖူးလို့တုံး'

'အန္တိမစျာပနကျရင် ကြည့်ပါဘုရား၊ တလားကြီး အလားငယ် စင်ယှဉ်လောင် တိုက် သိုက်သိုက်မြိုက်မြိုက် ကြီးနဲ့…အဟွတ်…အဟွတ်'

'သယ်… ငါ ထ, ဆောင်းမိရော့မယ်'

သူကြီး ကိုဖျောက်အိုး ကသာ အာဏာသုံးရပ်တွေ ပြောနေတာပါ။ ရွာကတော့ သူကြီး ဆိုးနေကျ ချောင်းကို 'အာနာသုံးရပ်' ချောင်း ခေါ် ကြတယ်။ ကုတ်ဟီးနာ၊ ကြက်ညှာနာ၊ ဆုံဆို့နာ ချောင်းသုံးချောင်း ပေါင်းပြီး ဖြစ်တဲ့ ရောဂါဆိုတဲ့ သဘော ပေါ့။ အာတွေရော လျှာတွေ ရော နာအောင် ဆိုးတဲ့ချောင်း ကြီး။ ပြောချင်တာက စော စောစီးစီး မောင်းထုရခြင်းရဲ့ ဒုတိယအချက်က နရည်း တော်တီးပြီး မင်္ဂလာအခါ တော်ယူသလို အာဏာသုံးရပ် ချောင်းနဲ့ နေ့သစ်ကို ဖွင့်တယ် ဆိုတဲ့ သဘောလည်းပါရဲ့။ တတိယအချက်။ တတိယ အချက်က ပိုအရေးကြီး တယ်။

❑

၂။

သူကြီး ကိုဖျောက်အိုး က တေပါးသူကြီး မဟုတ် ဘူး။ မျိုးရိုးမရှိဘဲ သူကြီး ဖြစ်လာသူ မဟုတ်ဘူးပေါ့ ။ ကိုဖျောက်အိုးလို့ ခေါ် ခေါ်တာပါ၊ အသက်က ဆယ်ကျော်ပါပြီ။ လူက လို့ ခေါ်ကြတဲ့ ကျစ်ကျစ် သေးရယ်။ ကတုံးဆံ ကတ်နဲ့ မျက်တွင်းကျကြီး တော့ ရုပ်သေးထဲက မနဲ့တောင် တူသေး

စိတ်ကြံတိုင်း
ပြီးစေနိုင်သော
စိန္တာမယ
တန်ခိုးအားဖြင့်
ပထဝီကို
စိုးမိုးနိုင်သော
ပထဝီ
သိဒ္ဓိအင်း
ရေကို
စိုးမိုးနိုင်သော
ဥဒကသိဒ္ဓိအင်း
ကောင်းကင်ကို
စိုးမိုးနိုင်သော
အာကာသ
သိဒ္ဓိအင်း
တို့သည်
ဤမောင်း၌
ကောင်းစွာ
တည်ပါပေ၏

တော့။ ဖျင်တိုက်ပုံတော့ ဘယ် တုန်းကမှ မချွတ်ဘူး။ ရေ ရယ် မိုးရယ် ချိုးတယ်လို့ လည်း မရှိတော့ သူကြီးနား ကပ်ရင် သစ်ကြံပိုးခေါက်စော် နံတယ်လို့ချည်း ပြောကြ တယ်။ စကားပြောရင် သလိပ်ထ,တာနဲ့ ရင်ခေါင်း ထဲက တစီစီ ထွက်နေတဲ့အသံ က ကိုဖျောက်အိုးရဲ့ အမှတ် လက္ခဏာပဲ။ ပြောခဲ့သလိုပဲ သူကြီးမျိုးရိုးဆိုတော့ 'ဖအေ သူကြီးသေ၊ သားသူကြီးဖြစ်' ပေါ်လစီအရ ဖအေသူကြီး ဦးတိုက်မောင်းနောက် သူ သူကြီးဖြစ်လာတယ်။ မျိုးရိုး ကို ပြောရင် 'ခေါင်' ကစ ပြောရမယ်။ မြန်မာရှင်ဘုရင် များထဲက နောက်ဆုံးရှင် ဘုရင် သီပေါမင်းလက်ထက် ကတည်းက စ,ခဲ့တဲ့မျိုးရိုး။

သက္ကရာဇ် တစ်ထောင့် နှစ်ရာ လေးဆယ့်ခြောက်ခုနှစ် က ဦးလူကလေး သူကြီး ရာထူး စ,ရတယ်။ ရှင်ဘုရင် ပါတော်မမူခင် တစ်နှစ်ပေါ့။ ဦးလူကလေးက စ,လိုက်တာ ဦးလူကလေးရဲ့သား ဦးဖိုး ပျော့၊ ဦးဖိုးပျော့ရဲ့သား ဦး တိုက်မောင်း၊ ဦးတိုက်မောင်း ရဲ့သား ဦးဖျောက်အိုး။ လက် ရှိ သူကြီး ဦးဖျောက်အိုးရဲ့ ဘေးကြီး ဦးလူကလေး သူကြီးရတယ် ဆိုတာက လည်း သီပေါမင်းလက်မှတ် တော်ထိုး တံဆိပ်တော်ထိုး သူကြီးခန့်စာနဲ့ ရခဲ့တဲ့ ရာထူး မဟုတ်ဘူး။ အရှင်နှစ်ပါး ပါ တော်မူခါနီး တိုင်းပြည် ဗရုတ်ဗရက် ဖြစ်နေချိန်မှာ အဝေးမြို့ဝန်ကို ဒေါင်းဒင်္ဂါး ငါးရာပေးပြီး ရခဲ့တဲ့ ရာထူး။ အဲဒီအချိန်က မန္တလေး နန်း တွင်းမှာ တိုင်တားဂိုဏ်း၊ ကင်းဝန်ဂိုဏ်း၊ ဆင်ဖြူမရှင် ဂိုဏ်း၊ လေသင်းအတွင်းဝန် ဂိုဏ်း စသည်ဖြင့် သူ့လူကိုယ့် လူ၊ သူ့အုပ်စု ကိုယ့်အုပ်စု အားပြိုင်နေကြတဲ့အချိန်။ နန်း တွင်းမှာ ဂိုဏ်းတွေကွဲတာနဲ့ အမျှ တံစိုးစားကြ၊ လျှပ်စား ကြ၊ အချင်းချင်း ကုန်းတိုက် ကြ၊ ရာထူးလုကြ၊ရှင်ဘုရင်နဲ့ နီးစပ်သူတွေ ကောင်းစားကြ၊ အဝေးနယ်တွေက မားပြ သူခိုးတွေရဲ့ ဆက်ကြေးခွဲ တမ်းယူကြ၊ ဒင်္ဂါးများများ ပေးနိုင်သူ အရာရောက်ကြ ဆိုတော့ ရှင်ဘုရင့် အာဏာက

လည်း အဝေးကို မရောက်နိုင် တော့ဘူး။ ဘုရင်က ထန်းဖူး ညွန့်ရှည်ပေါ်မှာ သတ်စုံရေး ပြီး တစ်ကြောင်းစာချွန်နဲ့ ခန့်တဲ့ ရာထူးတွေက အဝေး မြို့ဝန်ဆီ ရောက်တဲ့အခါမှာ တော့ ထန်းပင်မြစ် တစ် ချောင်းလောက်တောင် အရာ မရောက်တော့ဘူး ပြောပါ တော့။ ဒီမှာတင် ဒေါင်းဒင်္ဂါး ငါးရာပေးပြီး ဦးလူကလေး သူကြီးဖြစ်လာရော။ တစ် ထောင့်နှစ်ရာ လေးဆယ့်ခုနစ် ခုနှစ် အရှင်နှစ်ပါး ပါတော်မူ တော့ ဦးလူကလေး ကျွဲပိန် ရွာမှာ သူကြီးပဲ။ ပါတော်မူစ အင်္ဂလိပ်အစိုးရက မြန်မာမှူး ကြီးမတ်ကြီးများပါတဲ့ ယာ ယီအကြံပေးအဖွဲ့ ဖွဲ့ထားလေ တော့ ရှိရင်းသူကြီးတွေ မူလ ရာထူးမှာ ထောက်ခံချက်နဲ့ သူကြီး ဆက်ဖြစ်ကြတယ်။ အင်္ဂလိပ်အုပ်ချုပ်ရေး ပီပီပြင် ပြင် ရှိလာတော့လည်း သစ္စာ ခံသူတွေကို သူကြီး ဆက်ခန့် ပြန်လို့ မပြုတ်ပြန်ဘူး။ ဒီလိုနဲ့ ဦးလူကလေး ကံကုန်တော့ သူ့သား ဖိုးပျော့က ဆက်ခံ တယ်။ ဦးဖိုးပျော့ ဘဝကူး တော့ သူ့သား တိုက်မောင်း က ဆက်ခံတယ်။ ဦးတိုက် မောင်းလွန်တော့ သူ့သား ဖျောက်အိုးဆက်ခံတယ်။ ကိုဖျောက်အိုး သူကြီးဖြစ် တော့ တိုင်းပြည်လွတ်လပ် ရေး ရပါပြီ။ လွတ်လပ်ရေး ခေတ် အစိုးရက သူကြီး ဆက်ခန့်လို့ တိုင်းပြည်ထိ ခိုက်တာ မထိခိုက်တာတော့ မပြောတတ်ဘူး၊ ကျွဲပိန်ရွာက တော့ ဒုက္ခလှလှကြီး ရောက် တော့တာပဲ။ သူကြီး ကိုဖျောက်အိုးလက်ထက် ရွာ



www.burmeseclassic.com

www.burmeseclassic.com

မှာ တဘောင် ပေါ်လာတာပဲ ကြည့်လေ။

*'သူကြီး ဖျောက်အိုး×× ×ငမျောက်သိုး×××ခောက် ထိုးဘယ်တော့လှန်ပဲ့မယ်××× နောက်မိုးဘယ်တော့ မှန်ပါ့ မယ်××× နောက်မိုးမမှန်တာ တောလုံ×××ရေကန်ဘယ်တော့ ပြည့်ပါ့မယ်'* တဲ့။

ရွာက ကလေးတွေက တော့ သီချင်းလုပ် ဆိုကြလေ ရဲ့။

❑

၃။

သီပေါမင်း လက်ထက် ကတည်းက သူကြီးရာထူး ဒေါင်းဒင်္ဂါး ငါးရာပေးပြီး ဝယ်ခဲ့တဲ့ ဦးလူကလေးက နောင်လာနောက်သား သူ့ သားသမီး၊ မြေးမြစ်တွေ အတွက်ရယ်လို့ ကျွဲပိန်မှာ ရှိသမျှ မြေတွေ သူကြီးမြေ အဖြစ် ထားခဲ့တာလည်းထား ခဲ့တာပေါ့လေ။ အထင်ကရ အားဖြင့် မောင်းကြီးတစ်လုံး နဲ့ ကြေးပြားတစ်ချပ် သူ့သား ဦးဖိုးပျော့ကို ပေးခဲ့တယ်။ မောင်းက ဆန်ပြာတဲ့ ဆန် ကောလောက်ရှိပြီး ကြေးပြား က တစ်ထွာပတ်လည်လောက် ရှိမယ်။ မောင်းကြီးမှာ အင်း ကွက်သုံးကွက်နဲ့ စာတစ်ချိုး ရေးထားတယ်။ ရေးရေး မန် ကျည်းစေ့လက်ရေးကလေးတွေ ပါ။ မန်ကျည်းသီးမှည့်နဲ့များ ပွတ်လိုက်ရင် ဖတ်လို့ ရပြီ။

'စိတ်ကြဲတိုင်း ပြီးစေ နိုင်သော စိန္တာမယ တန်ခိုး အားဖြင့် ပထဝီကို စိုးမိုးနိုင် သော ပထဝီသိဒ္ဓိအင်း၊ ရေကို စိုးမိုးနိုင်သော ဥဒကသိဒ္ဓိ အင်း၊ ကောင်းကင်ကို စိုးမိုး နိုင်သော အာကာသသိဒ္ဓိအင်း

ဥစ္စာစည်းစိမ်ကို
မြဲစေနိုင်သော
ဓနသိဒ္ဓိ
လက်နက်
အမျိုးမျိုး
မစူးရှစေနိုင်သော
ကာယသိဒ္ဓိ
အသက်ရှည်စွာ
ရာထူး
မြဲစေနိုင်သော
အာယုသိဒ္ဓိ
တို့သည်
ဆေးဝိဇ္ဇာ
အင်းဝိဇ္ဇာ
ပြဒါးဝိဇ္ဇာ
သံဝိဇ္ဇာတို့၏
အာနုဘော်ကြောင့်
မြဲစွာ
တည်ပါပေ၏

တို့သည် ဤမောင်း၌ ကောင်း စွာ တည်ပါပေ၏။

ဥစ္စာစည်းစိမ်ကို မြဲစေ နိုင်သော ဓနသိဒ္ဓိ၊ လက်နက် အမျိုးမျိုး မစူးရှစေနိုင်သော ကာယသိဒ္ဓိ၊ အသက်ရှည်စွာ ရာထူးမြဲစေနိုင်သော အာယု သိဒ္ဓိတို့သည် ဆေးဝိဇ္ဇာ၊ အင်း ဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတို့ ၏ အာနုဘော်ကြောင့် မြဲစွာ တည်ပါပေ၏။

ဤမောင်းကို မမေ့ မလျော့ သားမြေးစဉ်ဆက် မပြတ်နက်ကြလေ။'

ကြေးပြားမှာလည်း စာ တွေပါတယ်။ ကျွဲပိန်ရွာရဲ့ အရပ်လေးမျက်နှာ နယ်နိမိတ်နဲ့တကွ သူကြီး မြေ အတိုင်းအတာတွေ ရေးထား တဲ့ ဂရန့်ပေါက် ကြေးပြားဆို ပါစို့။ သူကြီးဦးလူလေးက ကြေးထိုးဆရာကို အပ်ပြီး ပေးခဲ့တဲ့ ကြေးပြား။

ပု၊ ဒိ၊ အာ။

'ငါ့သား မောင်ဖိုးပျော့ နှင့်တကွ နောင်အခါ ထွန်း ကားလာလတ္တံ့သော မြေးမြစ် များအဖို့ အလို့ငှာ ဘုန်းတော် ကြီးလှသော သီပေါမင်း တရားကြီးလက်ထက်တော် သူကြီးခန့်စာရ အဖေသူကြီး မောင်လူကလေး မှာခဲ့လို သည်မှာ ပိုင်ဆိုင်သော မြေ အတိုင်းအတာကား ရွာမြေကို ဗဟိုပြု၍ အရှေ့ကိုလားသော် အရှေ့ဘက်ရွာခြေမှ ဖိုးခေါင် တောင်ရိုးအထိ၊ အနောက်ကို လားသော် အနောက်ရွာခြေမှ ကုက္ကိုဝ ယမားချောင်းစပ် အထိ၊ တောင်ကိုလားသော် တောင်ဘက်ရွာခြေမှ တစ် ဖက်ဗန်းတောရွာနှင့် ကျော ခိုင်း ညောင်ပိန္နဲပင်အထိ၊ မြောက်ကိုလားသော် မြောက် ဘက် ရွာခြေမှ တစ်ဖက် သရက်ကန်ရွာနှင့်ကျောခိုင်း ထုံးစေတီအထိ။

ဤလယ်ယာကိုင်း ကျွန်း ထုံးအိုင်တို့ကို စုန်း တိုက်၊ နတ်တိုက်၊ မှော်တိုက်၊ ဇော်တိုက်၊ မိစ္ဆာတိုက်၊ အောက်လမ်းတိုက် အတိုက် အခိုက်တို့မှ ကင်းပစေခြင်း ငှာ ထောင့်လေးထောင့်၌ လွန် စွာ တန်ခိုးကြီးသော မဟာ သာဂလ အင်းလေးချက် မြှုပ် နှံထားချက်။'

သူကြီး ကိုဖျောက်အိုး က ဒီကြေးပြားကို ကြေးညှိ အတက်မခံဘူး။ သူကြီး ဗမာလဆန်း ၃ ရက်နေ့တိုင်း ရွာကို မောင်းသုံးချက်နှက်ပြီး လူစုတတ်လေတော့ ရွာ ရွာသားတွေရှေ့မှာ ဒီကြေး ပြားစာ ဖတ်ပြတတ်တယ် စာအပေါ် ဩဇာရှိအောင် လို့ သူကိုယ်တိုင် ချော တဟွတ်ဟွတ်၊ ချွဲတရွဲရွဲကြား က ဖတ်ပြလေ့ရှိတယ်။ ကြေး ပြားစာအရ ရွာမှာလုပ် စရာ မြေမကျန်တော့ ရွာသား တွေက စိတ်မဝင်စားပါဘူး လုပ်စားစရာ မြေမရှိတော့ ရွာသူရွာသားတွေက ဘာ စားကြတုံး မေးစရာ ရှိတယ် ပိုက်ဆံရှိသူ တချို့က အဆက်ဆက် သူကြီးပိုင် တွေထဲက ဖွဲ့ဝယ်ထားကြ နည်းနည်းပါးပါး စိုက် စားကြတာရှိတယ်။ တော်များများက သူကြီး တွေမှာ သီးစားချခံပြီး ပ ပန်းပန်း လုပ်ကိုင်စားကြ တယ်။ ကျန်တဲ့ ရွာသူရွာသား တွေကတော့ ကြွက်ထိုး လေ့လိုက်ပေါ့။ မြက်ရိုး ပေါ့။ ရက်ကန်းရက် နတ်ကတော်လုပ်ပေါ့။ ဆိုင်းတီးပေါ့။ သစ်ပင် ပေါ့။ မြေကျင်းတူးပေါ့။ ပင်ပြင်ပေါ့။ သက်ကယ် ပေါ့။ အကြော်ရောင်း မောင်းထောင်းပေါ့။ ကောက်ဝါကောက် အနင်းအနှိပ်လိုက် ထမင်းတစ်လုတ် ချွေး ကျအောင်လုပ်မှ စားရတဲ့ တွေ။

သူကြီး ကိုဖျော လူပါးဝတယ်ထင်လို့ က သူကြီး လူစုပွဲ ထအော်တတ်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com

'ဘယ့်နှယ်တုံး သူကြီးရဲ့၊ ဒီခေတ်ကြီးထဲ ကြေးတိုင်ဌာန၊ မြေတိုင်းဌာနက ထုတ်ပေးတဲ့ ဂရန်မြေမဟုတ်ဘဲနဲ့ သီပေါမင်းလက်ထက်က ခင်ဗျားဘေးကြီး ရေးခဲ့တဲ့ ကြေးပြားပေါ်က စာနဲ့ပဲ ကျုပ်တို့က တစ်သက်လုံး ကြွက်ထိုးရရောလား၊ တစ်သက်လုံး ကျင်းတူးရရောလား၊ တစ်သက်လုံး လှေလိုက်ရရောလား။ ကျုပ်တို့က ဒီကိစ္စ မြို့ပိုင်နယ်ပိုင်တွေနဲ့ စကားပြောချင်သယ်'

'ဟေ့...ဘယ်ကောင်လဲကွ၊ ထအော်သာ၊ အဟွတ်...အဟွတ်... ဟွတ်...ရွှတ်...ထွမ်...။ နယ်ပိုင်မြို့ပိုင်တောလို့ ကွင်းပိုင်အဖေကြီးပဲ ခွဲထိုးထိုးကွာ၊ ငါ့အဘေးသူကြီး ဦးလူကလေးကွာ၊ အဟွတ်...အဟွတ်...သူ့သား ဦးဒိုးပျော့ကွာ၊ အဟွတ်... ဦးဒိုးပျော့သား အဟွတ် အဟွတ်...ဘယ်သူတဲ့၊ ငါ့အဖေ၊ အဲ ဦးတိုက်မောင်းကွာ။ အဟွတ်ထွမ်...သူ့သား ငါလကွာ...ကိုင်း... သူကြီးလေးဆက်ကပေါက်တဲ့ အမျိုးတွေ ကလေးတွေက ဒီအမွေနဲ့ စားကြရသာကွာ။ မင်းတို့ကို ဘယ့်နှယ်လုပ် ဖွဲ့ပေးရမှာတုံး အဟွတ်အဟွတ် ကိုယ်သည်း ညာကြဦးလေကွာ'

'ကြွက်ထိုးစားနေရတဲ့ သူတွေက ဘယ့်နှယ်လုပ် မြေပိုင်ရှင်ကို သနားရမှာ တုံး သူကြီးရဲ့။ ရွာကို ညာရမှာက ခင်ဗျားရယ် ဖြစ်မှဖြစ်ရလေ'

'အံမာ၊ မင်းတို့က ငါ့ကို ကြေးတမ်းတိုက်လို့၊ အဟွတ်အဟွတ်။ အုပ်ချုပ်ရေးအာဏာ အဟွတ်... အဟွတ်၊ ဥပဒေပြုရေး အာဏာ အဟွတ် အဟွတ်၊ တရားစီရင်ရေး အာဏာ အဟွတ် အဟွတ်'

သူကြီးက မောင်းသုံးချက်တီးပြီး လူစုတိုင်း ဒီလိုနဲ့ ပြီးကြရတယ်။ မောင်းသုံးချက်နက်သံ ကြားရင် မလာချင်လို့လည်း မဖြစ်တော့ ပြောခဲ့သလိုပဲ မလာရင် နှစ်ကျပ်ပေးရမှာစိုးတော့ လာကြရတာပါပဲ။ သူကြီးက ရွာဆင်းရဲပေမဲ့ ရွာက ဘယ်လိုပိုက်ဆံကောက်ရမယ်ဆိုတာလောက် တွက်နေသူကိုး။ သီပေါမင်းလက်ထက် အခွန်ကောက်ပုံတွေကို ရှာဖတ်တယ်။ ရေးက ဆိပ်၊ တည်၊ ပွဲ၊ ကင်း၊ ကူးတို့ အခွန်ကောက်တာတွေ့လို့ အမိန့်ထုတ်ကြည့်တယ်။ ရွာသူရွာ သားတွေက ဘာမှန်းတောင် မသိကြဘူး။ ဘာလဲ ဆိပ်၊ တည်၊ ပွဲ၊ ကင်း၊ ကူးတို့။ ဆိပ်ဆိုတာက လှေဆိပ် လှည်းဆိပ်တွေမှာ ကောက်တဲ့ အခွန်၊ တည်ဆိုတာက အထိုင်တည်ပြီး ဈေးရောင်းသူတွေကို ကောက်တဲ့အခွန်၊ ကင်းက ကင်းစခန်းတွေမှာ ကောက်တဲ့အခွန်၊ ကူးတို့ ဆိုတာက ကူတို့လှေတွေကို ကောက်တဲ့အခွန်။ ခက်တာက ရွာမှာ လှေဆိပ် လှည်းဆိပ် မရှိဘူး။ ဈေးရောင်းတဲ့ ကုန်စုံဆိုင် မရှိဘူး။ ပွဲဆိုတဲ့ ပွဲစားပွဲညွှန့် စားသူ မရှိဘူး။ ကင်းမရှိဘူး။ ကူးတို့ မရှိဘူး။ ဒီတော့ သူကြီးလည်း သူ့အမိန့်သူ ပြန်ရုပ်သိမ်းရရော။

တစ်ခါ ဘာလုပ်ပြန်သလဲဆိုတော့ ဆယ့်နှစ်မှုမင်းတိုင်း ကောက်မယ်လို့ အမိန့်ထုတ်ပြန်တယ်။ ရွာက မေးတယ်။

'ဘာတုံးဗျ၊ ဆယ့်နှစ်မှု မင်းတိုင်းဆိုတာ'

'သီပေါမင်းလက်ထက်က အခွန်ကောက်တဲ့ ပစ္စည်း ဆယ့်နှစ်မျိုးပေါ့ကွ အဟွတ်အဟွတ်'

'ဘာတွေပါလိမ့်ဗျာ'

'တမာစေးကွာ၊ လျှော်ကွာ၊ ကော်ကွာ၊ အုံတုံကွာ၊ လဲမှို့ကွာ၊ တင်လဲကွာ၊ ဥသျှစ်ကွာ၊ မုရိုးစစ် မီးသွေးကွာ၊ ထန်းဖူးစည်းကွာ၊ မန်ကျည်းမှည့်ကွာ၊ ရေနံကွာ၊ ပွဲလျက်ကွာ'

သူကြီးချောင်းဆိုးနေလို့ ဆယ်အိမ်ခေါင်းက ဖတ်ပြတာပါ။

'ရွာမှာ ဒါတွေ ဘယ်သူက ရောင်းဝယ်နေကြလို့တုံး သူကြီးရဲ့၊ ခင်ဗျားထင်တိုင်း လုပ်မနေနဲ့၊ မရှုး မကောင်း ဗျာ'

'ဟေ၊ အဲသာ ဘယ်ကောင်လဲကွ၊ အဟွတ် အဟွတ် ခြောက်ပေါက်ထိတ်တုံးထဲ ထည့်စမ်းဟေ့'

တစ်ခါတော့ ဗမာလဆန်း သုံးရက်နေ့တစ်နေ့မှာ 'ဂျဟန်ဟန် ဂလန်ဂလန် ဂျလပ်ဂျလပ်'လို့ မြည်တဲ့ မောင်းကြီးကို သူကြီးကိုဗျောက်အိုးက သုံးချက်ထုတယ်။ ရွာသားတွေက တော့ ဒီတစ်ခါလည်း သူကြီး ဘာကြောင်ပြန်ဦးမလဲပေါ့လေ။ သူကြီးအိမ်ကို ပေါ့ပေါ့ပါးပါးပဲ လာခဲ့ကြတယ်။ လူစုံ လောက်ပြီဆိုတော့ သူကြီး မွေးထားတဲ့ လူမိုက်တွေထဲက တစ်ယောက်က သူကြီးရေးထားတဲ့ စာကို ဖတ်ပြတယ်။

'ရွာထဲမှာ ဒီကနေ့ကစပြီး ကောက်ခံမယ့် အခွန်စာရင်း ဖြစ်ပါသယ်။ အားလုံး နားထောင်ကြပါ။ နှစ်ခါ ဖတ်မပြဘူးနော်။ ရွာထဲက မည်သူမဆို ကြွက်ထိုးလိုက်သူ တစ်နေ့ နှစ်ကျပ်နှုန်း၊ သစ်ပင်ချိုင်သူ တစ်ပင် ငါးကျပ်နှုန်း၊ မြက်ရိတ်သူ မြက်တစ်ထုံး နှစ်ကျပ်မတ်တင်းနှုန်း၊ လှေလိုက်သူ လှေတစ်ခေါက် တစ်ဆယ်နှုန်း၊ မြေကျင်းတူးသူ တစ်ကျင်း ငါးကျပ်နှုန်း၊ ဆိုင်းတီးသူ တစ်ပွဲ နှစ်ဆယ်နှုန်း၊ ဗေဒင်ဟောသူ လူတစ်ယောက်မေး သုံးကျပ်နှုန်း၊ ရှင်ပြုသူ ရှင်တစ်ပါး တစ်ဆယ်နှုန်း၊ နတ်ဝင်သည် နတ်မေး နှစ်ကျပ်နှုန်း၊ မုန့်ပေါင်းသည်၊ မုန့်လက်ကောက်သည်၊ အကြော်စုံသည် ဖိုတစ်ခွင် နှစ်ကျပ်နှုန်း၊ ယုန်လိုက်သူ ယုန်တစ်ကောင် ယုန်ပေါင်တစ်ပေါင်နှုန်း၊ အမဲဝက်ပေါ်သူ ဝမ်းတွင်းသား တစ်တွဲနှုန်း'

ဒီတစ်ခါ ထုတ်ပြန်တဲ့ အခွန်စာရင်းက မပြီးနိုင်တော့ဘူး။ ရွာသားတွေက ဒီတစ်ခါ သူကြီးအမိန့်ကို လန့်သွားကြတယ်။ သူတို့ဘဝနဲ့ ဆိုင်ပြီကိုး။ သူတို့ အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်ပြီကိုး။ သူတို့ ဝင်ငွေနဲ့ ဆိုင်ပြီကိုး။ ဒီတော့ ကြွက်စီကြွက်စီ ဖြစ်ကုန်ကြတယ်။ ဆူဆူညံညံ ဖြစ်ကုန်ကြတယ်။ အချင်းချင်း လက်တို့ခြေတို့ ဖြစ်ကုန်ကြတယ်။ ဒါတော့ ကန့်ကွက်ရမယ်။ တစ်ယောက်က ထကန့်ကွက်


www.burmeseclassic.com

www.burmeseclassic.com

ရင် အားလုံးတစ်ပြိုင်နက် ထကန့်ကွက်ကြဖို့ ပြင်တယ်။ သူကြီးကလည်း ပါးတယ်။ ချက်ချင်း အမိန့်ထုတ်တယ်။ သူကိုယ်တိုင် ထ,တာပါ။

'ကန့်ကွက်တဲ့ကောင် အဟွတ် အဟွတ်၊ အစိတ်ကွ နော အဟွတ် ဖွမ်'

❑

၄။

ရွာသူရွာသားတွေက ခံရတာတွေ များလာတော့ မခံချင်ကြတော့ဘူး။ သူကြီး အလိုမရှိ လုပ်ချင်ကြပြီ။ ဘယ့်နယ် ရှေးဘိုးဘွား အဆက်ဆက် ပိုင်ခဲ့တဲ့ မြေတွေလည်း ကြေးပြားကြီး ပြပြပြီး သိမ်းထားသေးရဲ့။ ရှိတဲ့ အလုပ်ကလေး မဝရေစာ လုပ်စားပြန်တော့လည်း ခိုးစားခွေးဟောင် ဖြစ်ရပြန်တော့၊ ကိုယ့်ဝမ်းစာထဲက ဖဲ့မပေးချင်ကြဘူးပေါ့။ ဒါ အနိုင်ကျင့်တာပဲ။ ဒါ ညစ်တာပဲ။ ဒါ မတရားတာဘဲလို့ တွေးကြတယ်။ ခက်တာက သူကြီးက လူမိုက်တွေ မွေးထားတာရှိတော့ ကြောင်ကို ချူဆွဲရမယ့် ကြွက်တွေလို ဖြစ်နေကြတယ်။တစ်ယောက်က အကြံပေးတယ်။

'ငါတော့ စုန်းတိုက်နတ်တိုက် လုပ်ချင်သကွ၊ ရွာတော်ရှင် နယ်တော်ရှင်တွေကို ပသပြီး စားတော်တိုက်ချင်သကွ။ ခူကန်တောက နတ်ကြီးတဲ့ ထိမ်ပင်မှာ ကန်တော့ပွဲ ထိုးချင်သကွ'

တစ်ယောက်က ကန့်ကွက်တယ်။

'မဖြစ်နိုင်ဘူးနော၊ သူကြီးမောင်းက အင်းတွေက ကြားဖူးသလောက်တော့ စွမ်းလှချည့်မောင်ရာ၊ ဒီလိုဆိုရင်ကော...'

အဲဒီ ဒီလိုဆိုရင်ကော ဆိုတဲ့ အကြံကို အားလုံးက သဘောတူကြတယ်။ အဲဒီ မနက်စောစော မြောက်ကျောင်းက တုံးမောင်းခေါက်တဲ့အသံကြားတော့ သူကြီးက လူးလဲထတယ်။ မောင်းထုရမှာ ဆိုတော့ မျက်နှာ ကပျာကယာသစ်ပြီး မောင်းတုတ်ကို လှမ်းဆွဲပြီး မောင်းနစုတ်ကို ထုမယ်ပြင်တော့ မောင်းက မရှိတော့ဘူး။ မောင်း ဘယ်ရောက်ပါလိမ့်။ လူမိုက်နှစ်ယောက်နဲ့ ခွေးဆိုးနှစ်ကောင် လွှတ်ထားတဲ့ကြားက ပျောက်ရလေခြင်းပေါ့။ အိမ်ပေါ်တက် လက်နှိပ်ဓာတ်မီးယူပြီး ရှာတယ်။ မရှိတော့ပါဘူး။ ဒါနဲ့ မောင်းတုတ်ကြီးကိုင်လျက်က မန်ကျည်းပင်ကို လှမ်းထုတယ်။ ဒီအချိန်မှာ သူကြီးအိမ်က မောင်းကွဲကို ဖြုတ်ခိုးလာကြတဲ့ ရွာသားနှစ်ယောက်က ရွာနဲ့ တော်တော် ဝေးဝေးတော [...] ရောက်နေကြပါပြီ။ မော [...] ကြီးကို ထမ်းပိုးနဲ့ လျှို [...] လာကြတာပါ။ ခပ်ဝေး [...] က မြစ်ထဲသွားချကြဖို့ပေါ့ [...]

သူကြီး ကိုဗျောက် [...] မန်ကျည်းပင်ကို မော [...] တုတ်နဲ့ ထုလိုက်ချိန်နဲ့ တစ် [...] တည်းမှာ ထမ်းလာ [...] မောင်းကြီးက ဘယ်သူ [...] မထုရပါဘဲနဲ့ ထ,မြည်တ [...] လူက ထုလိုက်သလို အ [...] ထ,မြည်တာပါ။

'ဂျန် ဟန်ဟန် ဂ [...] ဂလန် ဂျလပ် ဂျလပ်'

ထမ်းလာတဲ့ လူ [...] ယောက်က လန့်သွာ [...] တယ်။ ဘယ့်နယ်ပါ [...] ပေါ့။ ဒါပေမဲ့ ဆက်ထမ်း [...] ကြတာပါပဲ။ ဒီမောင်း [...] မရှိမှ ဖြစ်မှာမဟုတ်လား [...]

■

နေဝင်း [...]

Dictionary for All

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၃၂၄၃၁၈၊ ၂၄၉၂ [...]

၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁။

လက်ညှိုးလေး
တထိုးထိုးဖြင့်
'ချ၊ ချ'ဟု အော်နေသည့်
ပန်းနုလေးကိုကြည့်ကာ
မေက သိသိကြီးနှင့်ပင်
'ချပေးရမှာလား'ဟု
မေးလိုက်သည့်အခါ
ခေါင်းကို
သွက်သွက်ညိတ်ပြလေသည်။
ဒီအိမ်ကိုရောက်သည်နှင့်
သူမလေး ပထမဦးဆုံး
လုပ်တတ်သည်က
အိပ်သည့်အချိန်သာ
အသုံးပြုသော
စပရင်မွေ့ရာထူကြီးကို
ချခင်းခိုင်းတတ်ခြင်းပင်။
အမှန်တကယ် မေက
ကိုယ့်အိပ်ခန်းကို
ရှင်းရှင်းလင်းလင်း
မြင်ချင်၍သာ
ခုတင်မသုံး၊
စပရင်မွေ့ရာထူကြီးကိုသုံးပြီး
မနက်ခင်းဆို နံရံမှာ
ကပ်ထောင်ထားတတ်
သော်ငြား ထိုလုပ်ရပ်က
လွယ်ကူလှသည်တော့
မဟုတ်ပါ။
ထူထဲလွန်းသည့်
ဒီမွေ့ရာကြီးက
အတော်လေး
အားစိုက်ထူမှသာ

မေကိုယ်တိုင်က
အမေ့ကို
ဘဝအသစ်မှာ
ချစ်သောသူ
အသစ်တွေနဲ့
ပျော်ရွှင်စရာ
အသစ်တွေကို
ကြုံဆုံစေချင်သူ
ဖြစ်လေသည်
ဒီစိတ်
တစ်ခုကြောင့်လည်း
ပန်းနုလေး
အပေါ်မှာ
ဘယ်လိုနိမိတ်ပြ
မေးခွန်းကိုမျှ
မမေးဖြစ်
မပြောပြဖြစ်ခဲ့ပါ
ဒီအတိုင်း
သူ့လုပ်ရပ်လေး
ကိုသာ
စောင့်ကြည့်ရင်း
မသိလိုက်
မသိဘာသာ
နေခဲ့မိတော့သည်



www.burmeseclassic.com

www.burmeseclassic.com

နံ့ရုံကပ်ထောင်၍ ရသည်မို့ မနက်ခင်းဆို ကပ်ထောင်ထား၊ ညဆို ပြန်ချ ဒီအလုပ်ကို ခက်ခက်ခဲခဲ လုပ်ယူရတာဖြစ်သည်။ သို့သော်လည်း ပန်းနုလေး အကြိုက်ကိုတော့ မငြင်းဆန်ချင် မငြင်းဆန်ရက်သမို့ သူမလေး တောင်းဆိုသည်နှင့် အမြဲလိုချခင်းပေးမိမြဲ။ မွေ့ရာကြီးချပြီးချိန်မှာ သူမ ဘာလုပ်မလဲ ဆိုတာ မေ အသာငေးကြည့်ဖြစ်သည်။

အိပ်ရာပေါ်သို့ ခုန်တက်ကာ ဟိုဘက်ဒီဘက် လူးလိမ့်လျက် အင်မတန်သဘောကျနှစ်ခြိုက်နေပုံရသည့် ပန်းနုလေးကိုကြည့်ရင်း မေ့ရင်ထဲဘာကို ဆို့နင့်လှိုက်မောလာမှန်းမသိ။ တကယ်ဆို ပန်းနုလေးတို့ အနေအထားဟာ ယခုလို မွေ့ရာမျိုးကို အထူးတလည် နှစ်ခြိုက်ခံစားရမည့် အနေအထားထဲက မဟုတ်ပါ။ သူတို့အိမ်ကြီးထဲတွင် ယခုထက်ကောင်းသော၊ ယခုထက် အဆင့်အတန်းရှိသော အဆင်တန်ဆာများနှင့် ပြည့်နှက်နေတာ မေ သိနေသည်ပဲ။ သို့သော်ငြား မေ့အခန်းထဲက မေ့မွေ့ရာကြီးကို သူမလေး မက်မက်မောမော ပျော်ရွှင်မြူးထူးတတ်ခြင်းဟာ ဘယ်သူ့ပုံရိပ်တွေ ထင်ဟပ်နေတာလဲကွယ်။ မေ ဝမ်းနည်း ငိုချင်သလို ဖြစ်လာပြီး အိအိထွေးထွေး သူမကိုယ်လုံးလေးကို အသာပွေ့ဖက်ထားမိသည်။ မေ ပွေ့ဖက်လိုက်ချိန်မှာ သူမလက်သေးသေးလေးနှင့် ပြန်လည်ပွေ့ဖက်ရင်း 'မေ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ'နှင့် တတွတ်တွတ်

**သားသမီး မြေးများနှင့် သိပ်အရင်းမသင့်သည့် ဒယ်ဒီဟာ ဒီကလေးကို သက်ကြီးပိုင်း ကာလတွေ၏ သံယောဇဉ် လစ်ဟာမှု အဖြည့်ခံ တစ်ရပ် အဖြစ် အသုံးချနေ တာလား**

မေးပြန်၏။ မေ ခေါင်းသာ ခါကာ သူမဗိုက်ပေါ် အတင်းမျက်နှာပြန်အပ်ရင်း ငြိမ်နေပြန်တော့ ဆက်မမေးတော့ပြန်။ ဘယ်သူမျှ သင်မပေးရဘဲ အန်တီအရွယ် အဒေါ်အရွယ် မေ့ကို သူမလေးက ဘာလို့ 'မေ'ဟု နာမ်စားသုံးနေရတာလဲ။ သူမလေး၏ အမေကိုယ်တိုင်က 'မသီရိမေရယ် တကယ်အားနာတယ်၊ အန်တီသီရိ ဒါမှမဟုတ် အန်တီမေလို့ ခေါ်ပါဆိုပြီး သင်ပေးတာ ဘယ်လိုမှ မရဘူး။ သူက မသီရိမေကို သူငယ်ချင်းပေါင်း ပေါင်းနေတာ'တဲ့လေ။ ပေါင်းပါစေတော့။ သူမလေး စိတ်ချမ်းသာတာပဲ မေ မြင်တွေ့ချင်တာလေ။ ဒါတင် မဟုတ် မေ မကြာခင် လက်ထပ်တော့မည့် မေ့ချစ်သူ နိုင်မြင့်ထွန်းကိုလည်း သူက 'နိုင်နိုင်'ဟု ခေါ်ချလိုက်ပြန်တော့ ကိုနိုင်ကိုယ်တိုင် မျက်လုံးပြူးကြက်သေသေသွားခဲ့ ဖြစ်သည်။

ဒီနေ့မှာ မေ့ရုံးအားရက်ဖြစ်ကာ ကိုနိုင်ကလည်း ခရီးထွက်နေရသည်မို့ လွတ်လွတ်လပ်လပ် အားလပ်နေချိန် ပန်းနုလေး အိမ်အလည်ရောက်လာသည်ကို ကျေနပ်နေမိသည်။ ကိုနိုင် ရန်ကုန်မှာရှိလျှင်တော့ မကြာခင်လက်ထပ်ကြတော့မည် သူတို့နှစ်ဦးကြားတွင် အိမ်ရာထူထောင်ဖို့ အရေးကိစ္စများဟာ ညှိနှိုင်းမဆုံး တိုင်ပင်မဆုံး ရှိတတ်သည်မို့ ပန်းနုအတွက် အချိန်သိပ်မပေးနိုင်။ အိမ်ရှေ့ခြံဝရန်တာကနေ လှမ်းကြည့်ပြီး မေ့အဝင်အထွက်ကို မြင်လျှင် 'မေ ဘာလုပ်နေလဲ'ဆိုသည့် မပီကလာ ပီကလာ အသံလေးကိုသာ တာတော့ ပြန်ပြလျက် လက်ဟန်ခြေဟန်နှင့် နှုတ်ဆက်မိမြဲ။ မေသာ အသံပြန်ပြုပြီး ကယုကယင် လုပ်မိမည်ဆိုလျှင် သူမလေးက တောက်တောက်တောက်တောက်နှင့် ခြံချင်းကူးလာတော့မည်ကို သေချာသိနေသည်လေ။ ဒါဆို သတို့သားလောင်း ကိုနိုင်အတွက် အနည်းနှင့်အများ စိတ်ရှုပ်မှာတော့ အသေအချာပေါ့။ ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးရမည်ဆိုတာ မေ မမေ့ပါ။

ပန်းနုလေးတို့ မိသားစု[illegible]
လည်း အလိုက်သိပါသည်[illegible]
ကိုနိုင့်ကားကို ခြံထဲမှာမြ[illegible]
လျှင် ပန်းနုကို ဒီဘက်ခြံ [illegible]
လာခွင့်မပေးကြ။ ဘာပဲဖြ[illegible]
ဖြစ် ဒီလိုအလိုက်သိတော့[illegible]
လည်း မေ အသက်ရှူ ချော[illegible]
ရသည်ပေါ့။ တစ်ခါတလေ[illegible]
တော့လည်း မေ စိတ်ပင်[illegible]
မှာစိုးကာ ကိုနိုင်က ကြို[illegible]
ပြောတတ်တာလေးတွေရှိ[illegible]
သည်။ ဘာတဲ့ စိတ်ကို ထား[illegible]
တတ်အောင်ထား၊ [illegible]
အဆက်ဆက်မှာ မတော်[illegible]
ဆွေမျိုးဆိုတာ ဘယ်သူမှ [illegible]
ဘူးတဲ့လေ။ ဟုတ်တာပေ[illegible]
ဘုရားဟောတရားအရဆို[illegible]
မေတို့ဝန်းကျင်မှာ ဆက်[illegible]
ပတ်သက်နေသမျှဟာ [illegible]
အဆက်ဆက်က ဆွေမျိုး[illegible]
ချည်းပဲ မဟုတ်ပေဘူးလား[illegible]

နယ်က လာလည်သော[illegible]
အစ်မလတ်ကတော့ ပန်း[illegible]
လေး မေ့အိပ်ရာကြီးပေါ် [illegible]
လိမ့်ပျော်ပါးနေတာကို [illegible]
သွားပြီး 'ဘုရားရေ နင့်[illegible]
လေးက ဟုတ်မှဟုတ်[illegible]
ရဲ့လား။ ငါတောင် ယုံ[illegible]
သလို ဖြစ်လာပြီ'တဲ့[illegible]
ဆုံးပါးသွားသော မေ့[illegible]
ကြီးဟာ ဒီအိမ်ကြီးထဲ[illegible]
အခန်းပေါင်းများစွာထဲက [illegible]
အခန်းကိုမှ အချိန်မရွေး [illegible]
ထွက်သွားလာခွင့်ကို [illegible]
ယူထားတတ်တာ၊ သား[illegible]
လေးယောက်၏ အိ[illegible]
အသီးသီးထဲကမှ မေ့[illegible]
ကို အနှစ်ခြိုက်ဆုံးဖြစ်[illegible]
တာ၊ မေနှင့်များ သ[illegible]
တွေ ကလူကျီစယ်နေ[illegible]
လျှင် အမေဟာ ခိုးခိုး[illegible]
အသံတွေထွက် ကြည်[illegible]
တတ်တာ၊ အိုး ဒါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အားလုံးသတိတရ မေ့ပျောက်မရသော အဖြစ်အပျက်များပေပဲ။ ပန်းနု အခုလို လာပျော်နေတာဟာ တိုက်ဆိုင်မှု သက်သက်ပါဆိုလည်း မေ့အတွက် ငြင်းဆန်လိုစိတ်မရှိပါ။ မေကိုယ်တိုင်က အမေ့ကို ဘဝအသစ်မှာ ချစ်သောသူ အသစ်တွေနဲ့ ပျော်ရွှင်စရာအသစ်တွေကို ကြုံဆုံစေချင်သူ ဖြစ်လေသည်။ ဒီစိတ်တစ်ခုကြောင့်လည်း ပန်းနုလေးအပေါ်မှာ ဘယ်လို နိမိတ်ပြ မေးခွန်းကိုမျှ မမေးဖြစ် မပြောပြဖြစ်ခဲ့ပါ။ ဒီအတိုင်း သူ့လုပ်ရပ်လေးကိုသာ စောင့်ကြည့်ရင်း မသိလိုက် မသိဘာသာ နေခဲ့မိတော့သည်။ သို့သော် အဝေးရောက် မောင်နှမအချင်းချင်းကြားမှာတော့ ဒီကိစ္စကို ဖုန်းစကားဖြင့် ရယ်မောစရာသဘောထားကာ ပြောပြဖြစ်ခဲ့သည်။ မေ့စကားသံ အနေအထားကိုလိုက်ကာ မောင်နှမတွေကလည်း ဒီအပေါ် အလေးအနက်ထား ဟန်မပြကြဘဲ ရယ်မောတုံ့ပြန်ရုံ သက်သက်ထက် မပိုကြ။ ပန်းနုလေးတို့ မိသားစုကတော့ မေတို့ခြံရှေ့ကို ပြောင်းလာတာပင် သိပ်မကြာသေးသဖြင့် မေ့ဘက်က ခံစားမှုများကို အရိပ်အယောင်ပင် မသိရှာကြပါ။

မေတို့ မောင်နှမများထဲတွင် အစ်ကိုကြီးသည် အမေ့အပေါ် စိတ်အနှောင့်အယှက်အပေးခဲ့ဆုံးသူဟု ပြောရမည်ဖြစ်သည်။ အမေဆုံးတော့ အတမ်းတဆုံး၊ အလွမ်းဆုံးသူမှာလည်း အစ်ကိုကြီးပင်။ [illegible] သူ့ခံစားမှုများကို ကဗျာမမည် စာမမည်လေး ရေးဖွဲ့ကာ သူ့အိမ်ရှိ အခန်းတစ်ခန်းနံရံမှာ ကပ်ထားဖူးသည်။ စာသားအတိအကျ မမှတ်မိသော်လည်း ဘဝအဆက်ဆက် အမေ့သားပဲ ဖြစ်ပါရစေဆိုသည့် အရေးအဖွဲ့မျိုးပေါ့။ ထိုကဗျာကို အစ်ကိုကြီးအိမ် သွားလည်ရင်း ကျန်မောင်နှမများ တစ်ယောက်မကျန် ဖတ်မိချိန် အချင်းချင်း တီးတိုးပြောမိကြသည်က 'အမေကရော ဘဝအဆက်ဆက် သူ့အမေ ဖြစ်ချင်ပါ့မလား' ဟူ၍ ရယ်သွမ်းသွေးဖြစ်ကြ၏။ ဘယ်က ဘယ်လို ဒီစကားသံတွေ အစ်ကိုကြီးဆီ ပြန်ရောက်သွားသည်မသိ။ ညီ၊ ညီမတွေကို စိတ်မဆိုးဘဲ ပြုံးတုံ့တုံ့ဖြင့် 'ဟုတ်တယ်၊ ဒီလိုတွေးဖို့ ငါမေ့သွားတယ်' ဟု ဝန်ခံကာ သူ့ကဗျာလေးသူ နံရံက ပြန်ခွာထားလေသည်။ ထိုဖြစ်ရပ်လေးက မေ့နှလုံးသားမှာ အမှတ်တရဖြစ်စေခဲ့တာ အမှန်။ တော်စပ်ခဲ့ကြသည့် မိသားစု ဘဝဖြစ်စဉ်မှာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း ဒါတွေကို အချိုးချကြည့်လျှင် လူတစ်ယောက် သူ့ဘဝသူ ကျေနပ်ခြင်း ရှိမရှိဆိုတာ ကာယကံရှင်သာ အသိဆုံး ဖြစ်တော့မည်။ သေချာသည်ကတော့ ဘဝကို အသာစီးနှင့် ပျော်ရွှင်မှုတွေကိုသာ သိမ်းပိုက်သွားသူတွေထဲမှာ အမေ မပါသည်ကတော့ အသေအချာမို့ အမေ့ကို ဆက်လက်နှောင်ဖွဲ့ထားဖို့ အားနာလှပါသည်။ ဒါကြောင့်လည်း ပန်းနုလေးကို မေ ဘယ်လို စကားမျိုးနှင့်မှ မချုပ်ကိုင်စဖူး၊ ဘယ်လို နိမိတ်စကားမျိုးနှင့်မှ မဖိတ်ခေါ်၊ တစ်ခါတစ်ရံ ဖြစ်ပေါ်လာသော မေ့ခံစားမှုတို့ကို ထိန်းချုပ်ရင်း ကလေးကို ကလေးလိုသာ ချစ်ခင်မှုမျိုး ပြဖြစ်ခဲ့သည်။ သူမလေး မေ့ဆီ လာလည်ချိန်မှာ ပျော်ရွှင်ကျေနပ်သွားလျှင် ပြီးပြီပေါ့။

သို့သော် မေပြောသော ပြီးပြီပေါ့ ဆိုသည့်စကားကို အဖေနှင့် တစ်မြို့တည်းအတူနေ နို့ညှာအစ်မက မထောက်ခံခဲ့ပါ။ 'မပြီးဘူး အငယ်မရေ မပြီးဘူး။ နင် ပြီးပေမဲ့ နင့်ဒယ်ဒီကတော့ အရှုပ်ထုပ်တွေ လုပ်နေတယ်။ သပွတ်အူတောထဲကို သူ့သဘောနဲ့သူ ဝင်မွှေနေတယ်။ နင့်ဆီ ဒယ်ဒီ မကြာခင် လာလိမ့်မယ်။ အဲဒီ ချေးထုပ်ပါ ပါလာလိမ့်မယ်။ ငါတော့ စိတ်ကုန်လို့ ဘာမှ မပြောချင်တော့ဘူး။ နင့်ဟာနင် ကြည့်သာဆက်ဆံတော့။ နင် အဲဒီဟာလေးနှစ်ကောင်ကို ထိပ်တိုက်တွေ့ပေးလိုက်စမ်း။ ဘာတွေဖြစ်မလဲ ငါ့ကို ပြန်ဖုန်းဆက်' ဟု ပြောလာချိန် မေဖြင့် အံ့သြလွန်း၍ စကားပင် မပြန်နိုင်ခဲ့ပါ။ မေ့မှာ ထိုကတည်းက အစ်မငယ်ပြောသော သူ့အပြောအရ ချေးထုပ်ဆိုသူလေးကို ဘယ်လိုပုံနှင့်များ မြင်ရမလဲ ရင်တခုန်ခုန် ဖြစ်နေမိတော့သည်။ အစ်မငယ် ပြောသလိုတော့ မေ့အမေ ဝင်စားသည်ဟု ထင်မြင်နေမိသည့် ပန်းနုလေးနှင့် ဒယ်ဒီ့အမေ မေ့အဘွား ဝင်စားသည်ဟု သတ်မှတ်ထားသည့် ထိုချေးထုပ်ကလေးကို ထိပ်တိုက်တွေ့ပေးဖို့ မေ နည်းနည်းမျှ စိတ်မကူးမိပါ။ အရင်ဘဝမှာတောင် ချွေးမနှင့် ယောက္ခမ ညီမရသည့် ပြဿနာများနှင့် သက်တမ်းလွန်ခဲ့ကြသူနှစ်ဦးကို ယခုဘဝတိုင်အောင် မေတို့ ထိပ်တိုက်တွေ့ပေးစရာ လိုလို့လား။ ဘာပဲဖြစ်ဖြစ် သူတို့ကို ကားကွင်းမှာ သွားကြုံရမည့် အဖြစ်ကိုတော့ မေ တကယ်ပင် စိတ်လှုပ်ရှားနေမိခဲ့တော့သည်။

❑

၂။

မေ ကားရပ်ပြီးချိန် ကားကွင်းထဲ မျက်စိဝေ့ဝဲကာ ရှာမိချိန်မှာတော့ အရင်ဆုံး မျက်စိထဲဝင်လာသူမှာ ဒယ်ဒီ့လေဒီကြီး ဖြစ်နေတော့သည်။ ကြီးမားတုတ်ခိုင်သော ရွှေဆွဲကြိုးနှင့် လက်ကောက်များကို မကြည့်ဘဲနှင့် မြင်လိုက်ရရင်း အစ်ကိုကြီး ဟာသနှောပြောသော စကားကို ဖျတ်ခနဲ သတိရလိုက်မိသေးတော့။ 'ဒယ်ဒီကလည်း မနိုင်ဘူးဟာ၊ အန်တီဒေစီ့ကို ဆင်ထားတာ ကြည့်တောင် မကောင်းဘူး။ ငါတော့ ဘွားတော်ကိုမြင်တိုင်း အဆိုတော် သားစိုးကို သတိရတယ်။ သိတယ်မလား၊ သားစိုးက ကြက်တောင်စည်းနဲ့ လည်ပင်းမှာ ရွှေရောင်ဒင်္ဂါးပြား အကြီးကြီးကို ဟာသလုပ်ဆွဲထားတာလေ' တဲ့။ မေ ကိုယ့်အတွေးနှင့်ကိုယ် အသံထွက်အောင် ရယ်မိတော့၏။ ဟော သားစိုး အဲ ယောင်လို့ အန်တီဒေစီဘေးမှာ လက်တွဲထားသူလေးမှာ ဒယ်ဒီ့ရဲ့ လူဝင်



www.burmeseclassic.com

www.burmeseclassic.com

စားလေးပေလား။ ဒယ်ဒီက မေ့ကိုမြင်သွားပြီး ကားကွေ့ခဲ့ဖို့ လက်ဟန်ခြေဟန်ပြနေသည်မို့ မေ လက်လှမ်းပြကာ ကားကွေ့လျက် အဆင်ပြေသော တစ်နေရာ ထိုးရပ်ထားလိုက်ရင်း လူကိုယ်တိုင် ဆင်းကြိုဖြစ်သည်။ ဒယ်ဒီကတော့ ထုံးစံအတိုင်း ကျန်းမာရွှင်လန်းစွာဖြင့် စကားတွေ အာပေါင်အာရင်း သန်သန် ပြောလို့ရယ်။ ဒီလောက် ခရီးဝေးကြီး စီးခဲ့တာတောင် တစ်ချက်ကလေး ပင်ပန်းဟန် မပြ။ ကလေးလေးကို ငုံ့ကြည့်ကာ 'သမီးလေး ဒါ သမီးမမ သိရဲ့မလေ၊ မှတ်ထားနော်' ဟုပင် မိတ်ဆက်ပေးလိုက်သေး၏။ မေကတော့ ကလေးသေးသေးလေးကို ကြည့်ကာ 'ဒယ်ဒီရေ၊ ဒါ အစ်မနဲ့ ညီမအရွယ် မဟုတ်ဘူးလေ။ အန်တီ သိရဲ့လို့ မိတ်ဆက်ပေးရမှာ' ဟု ပြောလိုက်ချင်သော် ငြားတွေ့တွေ့ချင်း ဝိရောဓိတွေ ဖြစ်နေမည်စိုးကာ ကလေးခေါင်းလေးကို ပုတ်လျက် အပြုံးဖြင့် နှုတ်ဆက်ဆီးကြိုမိတော့သည်။

လမ်းတစ်ဝက် အရောက်မှာတော့ မေမျက်ခုံးပင့်ရမည့် စကားတစ်ခွန်းကို နောက်ခန်းက ကလေးဆီက ကြားလိုက်ရသည်။ 'အရင်တုန်းက ဒီနေရာမှာ ဒါတွေ ရှိလို့လား' တဲ့လေ။ အဆောက်အဦတစ်ခုကို လက်ညှိုးထိုးကာ ဖျတ်ခနဲ ပြောလိုက်သည့် စကားကို အကြား ဒယ်ဒီကတော့ လှိုက်လှဲအူမြူးသော အသံဖြင့် မေ့ကိုကြည့်ပြီး 'တွေ့လားသမီး

**မေကတော့ မေ့ပန်းနုလေး အိမ်ရှေ့က လူတွေကို နည်းနည်းမှ အာရုံ မရှိတာကိုဘဲ အကျောနပ်ကြီး ကျေနပ်နေတာမို့ ပန်းနု ဗိုက်လေးကို ယားအောင် ခေါင်းနှင့် အတင်း တိုးဝှေ့ပစ် လိုက်မိသည်**

တွေ့လား၊ အရင်တုန်းက ဒီနေရာမှာ ဒီလိုတွေ မရှိဘူးဆိုတာ သူသိတယ်။ သူ မမ်မိုရီ ပြန်ဖော်နေပြီ' တဲ့လေ။ အန်တီဒေစီကလည်း အယ်ဒီ့အသံနှင့်မခြား ကျေနပ်နှစ်ခြိုက်သောအသံဖြင့် 'သမီးလေး ဘာတွေမှတ်မိသေးလဲ ပြောကြည့်ပါဦး၊ သေချာကြည့်ပါဦးသမီးရဲ့' ဟု အားပေးအားမြှောက်ပြုလို့ရယ်။

မေကတော့ အစ်မငယ်၏ တုတ်ထိုးအိုးပေါက် အပြောကိုပဲ နားထဲ ပြန်ကြားယောင်နေမိတော့သည်။ 'နှင်စဉ်းစားကြည့်စမ်း မငယ်မ ရယ်၊ ငါတို့အဘွားသေတာကဖြင့် ကြာ ကြာလှပြီ။ အခုမှ ဒီကလေးက ငါတို့အဘွား ဝင်စားတယ်ဖြစ်ရအောင် ဟိုအချိန်တွေက အဘွားက ဘယ်အနား ရောက်နေလို့တုံး။ ပြီးတော့ ရန်ကုန်မှာ သေတဲ့အဘွားက အခုမှ နယ်ကျော်ရပ်ကျော် ဒီကိုလာဝင်စားတယ်ပဲ ဖြစ်ရသေးတယ်။ အရေးကြီးဆုံးအချက်က ဝင်စားခြင်းဝင်စား ငါတို့မျိုးရိုးမှာ ဝင်စားမှာပေါ့။ အန်တီဒေစီကိုတောင် ဒယ်ဒီ့မျက်နှာနဲ့ အဘွားက လက်ခံလိုက်ရတဲ့ဟာကို။ အခု သူသေပြီးမှ ဒေါ်ဒေစီကြီးတူမဗိုက်မှာ သွားဝင်စားပါ့မလား၊ နှင်တွက်ကြည့်လေ။ အဲဒါ လုပ်ကြံမှုသက်သက်ကြီးဟာ။ အမယ်လေး ကလေးကို ဗန်းပြပြီး အိမ်ကို အဝင်အထွက်လုပ်၊ ရသမျှအကုန် ချူစားနေတာနော်။ ငါက အနီးကပ်မြင်နေကြားနေရတော့ တကယ် အကုသိုလ်များတယ်ဟယ်။ ကိုယ့်မြေးအရင်းတွေကိုတောင် အဲလောက် ပစားမပေးဘဲနဲ့ အဲဒီချေးထုပ်လေးကိုပဲ သမီးလေး သမီးလေး လုပ်နေတာ။ အမယ် အဲဒီချေးထုပ်လေးကလည်း အလာကြီးနော်။ လက်ပူတိုက် သင်ပေးထားတဲ့ အမူအရာ အပြောအဆိုတွေကို ကွက်တိ ပြောတတ်၊ လုပ်တတ်တယ်ဟယ်။ ငါကတော့ စိတ်ထဲချစ်လို့ကိုမရဘူး။ ဒယ်ဒီကတော့ သူ့အမေ ဝင်စားပါတယ်ဆိုပြီး သားသမီးတွေကိုရှာလှည့် မိတ်ဆက်ပေးနေတာဟော့၊ တကယ် အာရုံနောက်တယ်' တဲ့လေ။ မေ

သက်ပြင်းချကာ ကားကို

အာရုံစိုက်မောင်းမိနေရင်း မှ

ထဲကတစ်ဆင့် နောက်ခန်းက

ကလေးလေးကို တစ်ချက်

ကြည့်လိုက်တော့ နက်မှောင်

တန်းကြုတ် နေသည့် မျက်ခုံး

မွေးလေးက တန်းထင်းနေ

တာ သိသိသာသာ။ ပြော

ဒါလည်းပဲ ဘွားဘွားကို

တူတာဟု ဒယ်ဒီပြောဦးမည်

ထင်ပါရဲ့ လေ။

❑

၃။

မြင်လိုက်ရသော မြင်

ကွင်းအတွက် မေ နည်းနည်း

တော့ ကြက်သေသေ သွား

သည်။ မေ ရှိနေမယ်ထင်ပြီး

ပန်းနုလေးက ဒီဘက်ခြမ်း

ကူးလာသည်ထင်ပါရဲ့။ ...

ခန်းထဲမှာ သူ မမြင်ဖူးသော

သူစိမ်းများကို ကြည့်ကာ ...

ကြောင်ကြောင်လေး ဖြစ်နေ

သည်။ ဒယ်ဒီ့ သမီးလေး

လည်း သွေးတိုးစမ်းသည့် ...

နှင့် ကလေးအချင်းချင်း ပြုံး

စိပြုံးစိကြည့်လို့ရယ်။ အန်တီ

ဒေစီကတော့ နောက်ဖေး

ရောက်နေရှာသလား မသိ

မတွေ့။ ဒယ်ဒီကတော့ ...

အရေး မဟုတ်သလို ကော်ဖီ

သောက်လိုက်၊ ဂျာနယ်ဖတ်

လိုက် လုပ်နေလေသည်။

ဒယ်ဒီ ပန်းနုကို စိတ်ဝင်

တစား ရှိမနေသည်ကိုဘဲ မေ

စိတ်ထဲ နေသာသလိုဖြစ်

သွားမိရင်း ပန်းနုကို နှုတ်

ဆက်ဖြစ်သည်။

'ဟယ် ပန်းနုလေး

ရောက်နေတယ်။ အစောကြီး

ရောက်နေတယ်ပေါ့လေ'

'ဟုတ် မေ၊ ဘယ်သွား

တာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'မေက ဈေးသွားနေဘာ ပန်းနုလေးရဲ့၊ ပန်းနု မုန့်စားပြီးပြီလား။ မေ ကျွေးယ်လေ ခဏစောင့်နော်'

'ဟင့်အင်း ပန်းနုပြန်တော့မယ်'

မေ့အပြင် သူစိမ်းများကို မြင်လိုက်ရသည့်အတွက်နေတတ်မထိုင်တတ်ပုံလေးနှင့် ထိုင်ခုံပေါ်မှ အသာဆင်းဘာ ထွက်သွားဖို့ပြင်လေသည်။ မေ သူမခေါင်းလေးကို အသာပွတ်ပေးပြီး-

'နေပါဦး ပန်းနုရဲ့။ မေမိတ်ဆက်ပေးဦးမယ်လေ ဒီဘိုးဘိုးကြီးက မေ့ရဲ့ဖေဖေဆော မင်္ဂလာပါလို့ နှုတ်ဆက်ပါဦး'

ပန်းနုက တွန့်ဆုတ်စွာကြည့်ကာ မင်္ဂလာပါဟု မရဲ့ဆိုလေသည်။ မေ ဘာယ် မပြောတ်သော်လည်း အင်ပင် ဒယ်ဒီ့သမီးလေးနှင့်တော့ မိတ်ဆက်မပေးလိုက်။ ယ်ဒီက မျက်မှန်ပေါ်မှ ကြည့်ကာ ပြုံးပြုံးရယ်ယ်နှင့် မင်္ဂလာပါဗျာဟု ပြန်ပြောပြီးချိန် ပန်းနုက မေ့က်နှာကို မော့ကြည့်ကာတော့မယ်ဟု နှုတ်ဆက်က် အပြေးတစ်ပိုင်းထွက်တော့သည်။ မေ့ ရင်ထဲလပ်ပေ့ါပါးသလိုဖြစ်ကာနပ်မိသည်မှာ အတိုင်းအလွန်။ ပန်းနုလေး၏ခန်းထဲမှာ ဒယ်ဒီ့ကိုကြည့်ည့် အကြည့် များသည်သူစိမ်းတစ်ယောက်ကိုည့်သည့် အကြည့်သက်သာ။ ပြောသည့်အပြော ကလေးတစ်ယောက်ရဲ့ပြောတာကလွဲပြီးစားမှုမျှ မရှိ။ ကောင်းလိုက်တာ ကောင်းလိုက်တာလို့ မေ့စိတ်ထဲဖြစ်နေမိသော်လည်း ဘာကောင်းတာလဲ မေးလျှင် မေ တိတိကျကျ မဖြေတတ်ပြန်။ သေချာတာကတော့ အစ်မငယ်ပြောသလို လုပ်ကြံမှု မမည်လို့လည်း မေ ကျေနပ်မိသည်ထင်ပါရဲ့။ မနေ့ညက ဒယ်ဒီနှင့်မေ တော်တော်ကြာကြာ စကားပြောဖြစ်ခဲ့ကြသည်။ စကားပြောနေစဉ်တစ်လျှောက်လုံး ဒယ်ဒီ့အပေါ် ဆန့်ကျင်စကားများ မဆိုမိစေဖို့ ထိုင်နေသော ဆိုဖာကို မေခပ်တင်းတင်း ဆုပ်ကိုင်ထားရသည်မှာ လက်အန်များတောင် သေ၏။ ဒယ်ဒီ့၏ လူဝင်စားလေးဟာ ဒယ်ဒီ့ အပြောအရဆို အတော်ကိုစွမ်းပေတာပဲ။ ဘွားဘွားရှိစဉ်က လက်ဝတ်လက်စားများကိုလည်း ယခုဘဝမှာ သေသေချာချာ မှတ်မိပြောပြနိုင်ပါသတဲ့။ ထိုင်လျှင်လည်း ဘွားဘွားထိုင်သလို ခြေဆင်းပြီး ခြေမလေးနှစ်ခု ပြန်ချိတ်ကာ ထိုင်တတ်ပါသတဲ့။ ဒယ့်ဒီကိုလည်း မျက်စိအောက်က အပျောက်မခံဘဲ အိပ်လျှင်တောင် တစ်ခြင်ထောင်တည်းအိပ်ကာ ညည ထထစမ်းပြီး စိုးရိမ်စိတ်ကြီးသူ ဖြစ်ပါသတဲ့။ ဒယ်ဒီတစ်နေရာသွားလျှင်တောင် လွမ်းလို့ဆိုပြီး ဖုန်းနှင့်တကျည်ကျည်လုပ်ကာ ပြန်ခေါ်တတ်ပါသတဲ့။

မေကတော့ ဒယ့်ဒီ စကားများကို မလှုပ်မယှက် နားထောင်ရင်း စိတ်တွင်း အမေးတစ်ခွန်း အဖြေတစ်ခွန်းတွေ လုပ်နေမိတော့သည်။ 'ဘွားဘွား လက်ဝတ်လက်စားတွေကို အန်တီဒေစီ မြင်ဖူးနေတာပဲ၊ သူ ကျိတ်သင်ထားတာ မဖြစ်နိုင်ဘူးလား ဒယ်ဒီ။ ဘွားဘွားထိုင်သလို ခြေဆင်း၊ ခြေမချိတ်ထိုင်ဖို့ဟာ ဉာဏ်ကောင်းတဲ့ကလေးအတွက် အန်တီဒေစီတစ်ချက်သင်ပေးရုံနဲ့ မဖြစ်ဘူးလား။ ကလေးဆိုတာကတော့ အိပ်ရင်ယောင်တတ်ကြတာ ဒယ်ဒီက ဘယ်မြေးနဲ့မှ အတူမအိပ်ဖူးတာ ဘယ်သိမလဲ။ အိုး ဘုရင်ကြီးဖွဲ့စားတယ်ဖြစ်နေပါပေ့ါလား'

သို့သော် မေ ထိန်းချုပ်နိုင်ခဲ့သည်။ ဒယ်ဒီကတော့ သူ့အပြောများကို မေ နားစိုက်ထောင်ကာ ပစ်ကျသွားပြီဟု ယူဆလျက် 'ဒယ်ဒီမရှိလည်း စောင့်ရှောက်ပါသမီးရယ်' ဟု ဆိုကာ စိတ်ချလက်ချကြီးကိုမှာ ကြားပြီး အခန်းတွင်းဝင် အိပ်စက်သွားတော့သည်။ မအိပ်နိုင်သူက မေတစ်ဦးတည်းသာ။ ဘာပဲပြောပြော ဒယ့်ဒီသမီးလေးကို မေ သေသေချာချာ စကားပြောကြည့်ချင်လာတာတော့ အမှန်ပင်။ ❑

၄။

မေ အခွင့်အရေး ရခဲ့ပါသည်။ အန်တီဒေစီနှင့် ဒယ်ဒီ ဘုရားသွားမည်ဆိုတော့ ဒယ့်ဒီသမီးလေးက မလိုက်ချင်ဟုဆိုသည်။ ဒီတော့လည်း မမသီရိမေနှင့် နေခဲ့ပေတော့ပေ့ါ။ မေ မေ့အဘွားဝင်စားသည်ဆိုသည့် ပေါက်စနီ ပေါက်စနလေးကို ရေမိုးချိုး သနပ်ခါးလိမ်းစေပြီး ထမင်း ဆာမဆာ မေးတော့ သူမလေးက ဆာပြီ၊ စားမယ်တဲ့လေ။ သူမလေးနှင့် မေ နှစ်ဦးတည်းသာရှိသော ထမင်းဝိုင်းမှာ မေ အေးဆေးစွာပင် စိတ်ကြိုက်အကဲခတ်ခွင့်ရခဲ့ပြီ။

ရှူး ရှဲ ရူး ဟူး…
အနားကပ်ကြားနေရသော အသံများကိုကြားကာ မေ အံ့သြစွာမိန်းမောသွားသည်။ စိတ်သက်သာစရာမကောင်းသော ဒီအသံများဟာ ကလေး ထမင်းစားနေရင်းနှင့် ထွက်နေခဲ့တာ။ ရှူးရှဲဟူသော ရင်ဘတ်ထဲမှ ချွဲသံများပေါက်နေသည့် ထိုကလေး၏ အသက်ရှူသံကို ကြားရသည်မှာ မေပင် ရင်ကျပ်ချင်လာသလိုလို။

ကလေးတစ်ယောက် ထိုအသံများထွက်နေခြင်းမှာ ကိုယ်တွင်းထဲမှာ ချောင်းဆိုး ရင်ကျပ်ဝေဒနာအခံ တစ်ခုခု ဖြစ်နေ ရှိနေ၍သာ အသံထွက်နေခြင်းဆိုတာ ကလေးအမေ မဟုတ်သော်ငြား နှလုံးသားနှင့် ခံစားနားလည်နေမိသည်။ ဒီကလေးဟာ မိဘရင်းများနှင့် ဒယ်ဒီတို့လင်မယားကြားမှာ ဟိုလိုလို ဒီလိုလိုနှင့် သေချာဂရုစိုက်မည့်သူမရှိ ဖြစ်နေရှာရော့သလားဆိုသည့် ကရုဏာစိတ်က ချက်ချင်းဝင်လာသည်။ မိဘရင်းတွေကရော ကလေး၏ ဒီအသံကိုတောင် မဆန်းစစ်၊ ရောဂါမရှာဖွေနိုင်လောက်အောင် အသိပညာနိမ့်ပါးသူများပေလား။ ငွေကြေးမပြည့်စုံကြတာလား။ သို့တည်းမဟုတ် ဒယ်ဒီတို့ တာဝန်ဟုယူဆနေကြသည်လား။ ဒယ်ဒီတို့ကကော အမေဖြစ်သူ ဝင်စားပါသည်ဟု ကဲကဲဆတ်နေကြပြီး ဒီအသံ ဒီအခြေအနေကို ဂရုမပြုမိကြ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှာ ချစ်ခြင်းအစစ်မည်ရဲ့လား။ သားသမီးမြေးများနှင့် သိပ်အလျဉ်းမသင့်သည့် ဒယ်ဒီဟာ ဒီကလေးကို သက်ကြီးပိုင်းကာလတွေ၏ သံယောဇဉ်လစ်ဟာမှု အဖြည့်ခံတစ်ရပ်အဖြစ် အသုံးချနေတာလား။ မေ အတွေးများနှင့် မှုန်းကျပ်လာသည်မို့ သူမလေး ပန်းကန်ထဲ ဟင်းများထည့်ပေးရင်း စကားစမိသည်။

'သမီးလေး…သမီးလေး ဒီကိုလိုက်လာတော့ မေမေတို့ ဖေဖေတို့က မတားဘူးလား'

'ဟင့်အင်း မတားဘူး'

'သမီး ဖေဖေနဲ့မေမေရယ် ဒယ်ဒီကြီးရယ် ဘယ်သူ့ပိုချစ်လဲ'

'ဒယ်ဒီကြီး'

'ဘာလို့ချစ်တာလဲ'

'ဟင်'ဟုဆိုကာ မဖြေတတ်ဟန် ကလေးက မေ့ကို ပြန်ကြည့်နေသည်။ မေ မေးသလို သူမလေးတစ်ခါမှ တွေးကြည့်ဖူးပုံမရ။ အင်းလေ တွေးတတ်သည့်အရွယ်လည်း ဟုတ်မှမဟုတ်သေးဘဲ။

'ကိုယ့်အဖေအမေ မဟုတ်ဘဲနဲ့ ဘာလို့အတူတူလိုက်လာတာလဲ သမီးရယ်၊ ဖေဖေတို့ မေမေတို့က သမီးကို လွမ်းနေမှာပေါ့'

'မလွမ်းပါဘူး။ ဟိုကောင်တွေ သူတို့နားမှာရှိပါတယ်'

'အမ် ဘယ်ကောင်တွေလဲ'

'ကျော်ကြီးရယ်၊ ဖိုးလုံးရယ်၊ ဘောဖြူရယ်လေ သမီးအစ်ကိုတွေပေါ့'

ကလေးထံမှ မထင်မှတ်သော အသုံးအနှုန်းနှင့် ဆွေမျိုးစပ်ပြပုံကိုကြည့်ကာ မေ ဖျားသွားသည်။ ကလေးကတော့ ထမင်းကို ပလုတ်ပလောင်း ဆိုးဆိုးဆတ်ဆတ်စားရင်းက ဖိုးလုံးက အမေ့ပိုက်ဆံတွေ မသိအောင်ခိုးသွားတာ အဖေက လိုက်ရိုက်တာ အသေပဲ စသဖြင့် ပြုံးစိပြုံးစိလေးလုပ်ကာ သူ့အာရုံကျရာ ပြောပြလို့ရယ်။ မေ့မှာ နားလည်တစ်ဝက် နားမလည်တစ်ဝက် မနည်းနားစိုက်ထောင်ယူရသည်။ သူ့မိခင် နှစ်လုံး၊ သုံးလုံးထိုးတာ ဘယ်လောက်တောင် ရှုံးသည်ဆိုတာများကလည်း ပါသေး။ သူပြောပြနေသည့် အကြောင်းများသည် မေ့ဝန်းကျင်မှာ အကျွမ်းတဝင်မရှိသော အရာများပင်။ တကယ်ဆို မေနှင့်သူ နှစ်ယောက်တည်းရှိချိန်မှာ ဒယ့်ဒီကို ပြောပြသည် လုပ်ပြသည်ဆိုသော အပြောများ လုပ်ရပ်များ လုပ်ပြလိုက်လို့က မေ တော်တော့်ကို ကြွေသွားမိမည်ထင်သည်။ ကလေးရယ် လုပ်ပြဖို့များ မေ့လျော့နေသလား။ ဘယ်အချိန် ဘယ်ကာလမှာ လုပ်ပြပြောပြလို့ ညွှန်ကြားသူမဲ့နေပေလို့လား။ ကလေးကတော့ တကယ့်ပီဘိကလေးပီသစွာ ဘာအရိပ်အယောင်မျှ မပြခဲ့ပါချေ။ မေ သူမလေး ခေါင်းကိုပွတ်ရင်း 'သမီးလေး ခေါင်းထဲမှာ အမြဲမှတ်ထား၊ ကိုယ့်အဖေအမေအရင်းလောက် ချစ်နိုင်တဲ့သူ ကောင်းတဲ့သူ မရှိဘူး။ ဘယ်သူဘာပြောပြော မယုံရဘူးနော်'လို့ဆိုတော့ မျက်လုံးဝိုင်းကြီးဖြင့် မော့ကြည့်ကာ ခေါင်းညိတ်ပြလေသည်။

မေတို့ စားကောင်း၊ စကားကောင်းနေဆဲအချိန်မှာပင် ဒယ်ဒီနှင့်အန်ဒီဒေစီတို့ ပြန်ရောက်လာကြ၏။ လက်ထဲမှာလည်း ဒယ်ဒီ့သမီးလေးအတွက် လိုအပ်သော အသုံးအဆောင်များဝယ်ခြမ်းလာတာအပြည့်။

'သမီးလေး၊ သမီးလေးအားရှိဖို့ ဒယ်ဒီကြီး အိုဗာတင်းတွေ ဝယ်လာတယ်သိလား၊ ဟိုတီဗွီ ကြော်ငြာထဲကလို ချက်ချင်းသောက် ချက်ချင်းဉာဏ်တွေ ကောင်းသွားမယ်နော် ဟုတ်တယ်ဟုတ်'

'မာမီကြီးကလည်း သမီးအတွက် ဂါဝန်လေးတွေ ဝယ်လာပါတယ်တော်။ သမီးလေးက ဟိုဘဝကတည်းက အဖြူရောင်ပဲ ကြိုက်တာဆိုတော့ အခုလည်း အဖြူရောင်လေးတွေ ဝယ်လာတယ်။ ပုံစံတွေပဲ ကွာတာ သမီးရဲ့ ကြိုက်တယ်မလား'

'ဟုတ်ကဲ့၊ သမီးက အဖြူကလွဲရင် တခြားအရောင်တွေ မကြိုက်ဘူး'


ကလေး၏စကားသံ ကြားချိန်မှာတော့ ဒယ်ဒီရော အန်တီဒေစီရော မြူးထူးရွှင်ပျသွားသည့်အကြည့်များနှင့် အကြည့်တွေ ဆုံသွားကြပြီး ကလေးကို ရင်ခွင်ထဲထည့်ကာ ဘယ်ပြန်ညာပြန် အနမ်းပေးကြပြန်လေသည်။ မေတို့ရဲ့ဘွားဘွားဟာ အဖြူရောင် ပိတ်စလေးတွေကိုပဲ သေသည်အထိ နှစ်ခြိုက်စွာဝတ်တတ်တာလည်း သိနေပြန်တော့တာပါလား။ ထိုအချိန်မှာပဲ အိမ်ထဲကို ဝင်လာသူက

အိမ်ရှေ့ခြံက ပန်းနုလေး။ …
ပန်းနုလေးကို ကြင်နာစွာ…
ဆီးကြိုမိသည်။ ဟုတ်…
ပေါ့။ အိမ်မှာ ဒယ်ဒီ…
ရောက်နေသည်မို့ ပန်းနု…
အပေါ် စိမ်းကားမိသလို…
နေခဲ့သည်လေ။ ပန်းနု…
ကတော့ ပူးကပ်ကာ အ…
တွေ ဝေနေကြသည့် ဒယ်…
အန်တီဒေစီနှင့် ကလေး…
ကိုတစ်ချက်ကြည့်ကာ သူ…
လိုချင်တာကိုပဲ မိမိရရတော…
ဆိုလာသည်။'မေ မွေ့…
ပေးပါ။ အခန်းထဲသွား…
အောင်'တဲ့လေ။ မေ နှစ်…
စွာပြုံးလိုက်ရင်း ပန်းနု…
လက်ကိုတွဲကာ အိပ်ခန်း…
ဘက် ထွက်လာမိသည်။ …
အခန်းထဲရောက်လို့ မွေ့…
ချခင်းပေးလိုက်ချိန်မှာ သူ…
ထုံးစံအတိုင်းမွေ့ရာထဲ …
လိမ့်ကျေနပ်လို့ရယ်။ …
တော့ မေ့ပန်းနုလေး အိမ်…
က လူတွေကို နည်းနည်း…
အာရုံမရှိတာကိုဘဲ အကျေ…
ကြီး ကျေနပ်နေတာမို့ ပန်း…
ဗိုက်လေးကို ယားအောင်…
ခေါင်းနှင့် အတင်းတိုးဝှေ…
လိုက်မိသည်။ ခိုးခိုးခစ်ခစ်…
ပန်းနုလေး၏ သဘောတ…
ရယ်မောသံက အခန်းထဲ…
ထွက်သွားသည်။ ထို့အ…
အိမ်ရှေ့ခန်းက ကြည်…
နူးနူး ရယ်မောသံများ…
လည်း အပြိုင်ထွက်နေသ…
ပဲ။ သို့သော် မေ့ပန်းနု…
ရယ်သံလေးက အိမ်ရှေ့ခ…
ရယ်မောသံများထက် …
အပြစ်ကင်းတယ် ထင်မိ…
မေ့အတွက်များပေလား။



www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်လက်ထက်တော်က
ဘုန်းကြီးခရိုနီပဲဖြစ်ဖြစ်
ယနေ့ခေတ်
ဘုန်းကြီးခရိုနီပဲဖြစ်ဖြစ်
တူညီတဲ့အချက်တွေ ရှိပါတယ်။
သူတို့တွေဟာ
သူတို့တွေရဲ့
အလိုလောဘအတွက်ဆိုရင်
ဘုရားရှင်ကို
လုပ်ကြံသတ်ဖြတ်ခြင်းအပါအဝင်
ဘာကိုမဆို ပြုလုပ်ဝံ့ကြပါတယ်။
ဘုရားရှင်
တည်ထောင်ထားခဲ့တဲ့
သာသနာတော်ကြီးကိုလည်း
သူတို့ကိုယ်ပိုင်ပစ္စည်းသဖွယ်
သွန်လိုသွန်
မှောက်လိုမှောက်
ပြုလုပ်ဖို့
ဝန်မလေးကြပါဘူး။
ကျေးဇူးရှင်တွေ
တပည့်တွေကိုလည်း
ထိုးကျွေးဖို့
လက်မတွန့်ပါဘူး။

ဖြန့်ချိရေး – ပါရမီစာပေ

အမှတ်(၂၃၀)၊ ၂၉ လမ်း၊
န်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၂/၄)၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊
န်ကုန်မြို့။
ဖုန်း - ၂၅၃၂၄၆
E-mail:paramibk@myanmar.com.mm

ဝယ်မရလိုက်သူများအတွက်
ထပ်မံစီစဉ်ထုတ်ဝေလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရသစာတမ်းဟူသည်

ရဲမောနီ၊ မြန်မာစာ-ပဌမနှစ်

ရသစာတမ်းဟူသည် မျက်မှောက်ခေတ်စာပေလောက၌ ရသစာပေအဖွဲ့ ပုံသဏ္ဍာန်တစ်ခုအဖြစ် အခိုင်အမာ ရပ်တည်နေပြီ ဖြစ်ပါသည်။ ရသစာတမ်းကို ယခင်က 'အစမ်းစာ၊ စာတမ်း၊ စာမွန်၊ စာတန်း၊ စာတမ်းငယ်၊ ရသစာတမ်းငယ်၊ အက်ဆေးနှင့် ရသစာတမ်း' စသည်ဖြင့် အမည်အမျိုးမျိုး သတ်မှတ်ကြပါသည်။ မြန်မာစာပေ၌မူ ယခုအခါ အက်ဆေးနှင့် ရသစာတမ်း ဟူသော အမည်နှစ်မျိုးကို လက်ခံ အသုံးပြုကြပါသည်။

**ရသစာတမ်း ဝေါဟာရအဖွင့်**

ရသစာတမ်းသည် အင်္ဂလိပ်ဝေါဟာရ (Essay)ကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ အက်ဆေးကမူ တိုက်ရိုက် မွေးစားထားခြင်းဖြစ်သည်။ ဤဝေါဟာရနှင့်ဤစာပေပုံသဏ္ဍာန်ကို ပြင်သစ်ပညာရှင် မီရှဲအီကွပ်ဒီမွန်တိန်း (Michel Eguen de Montaisre 1533-1592)က စတင်အသုံးပြုခဲ့သည်ဟု သိရသည်။ အဆိုပါ ပုဂ္ဂိုလ်က ပြင်သစ်ဝေါဟာရ(Essais) အမည်ကို ဆက်ခံကာ အင်္ဂလန်နိုင်ငံတွင် စာရေးဆရာ ဖရန်စစ်ဘေကွန် (Francis Bacon 1561-1626)က ၁၅၉၇ ခုနှစ်တွင် Essay အမည်ဖြင့် သူ့အတွေးအမြင်များကို စတင်ရေးသားပါသည်။

**ရသစာတမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ရသစာတမ်း၏ အဓိပ္ပာယ်ကို ပညာရှင်တို့က အသီးသီး ဖွင့်ဆိုကြသည်။ အနောက်တိုင်း ပညာရှင်တို့က *'ရသစာတမ်းမှာ များသောအားဖြင့် ခပ်တိုတိုရေးသောစာမျိုး ဖြစ်သည်။ စာရေးသူ၏ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ရှုထောင့်ဖြင့် တင်ပြရေးသားလေ့ရှိသည်'* ဟု ဖွင့်ဆိုပါသည်။

ဆရာကြီး တက္ကသိုလ်ဝင်းမွန်က ဤသို့ ဖွင့်ဆိုပါသည်။ *'တစ်စုံတစ်ခုသော အကြောင်းအရာ အဖြစ်အပျက်ကို ဖော်ပြ၍ ထိုအရေးကိစ္စ၌ စာရေးသူ တွေ့မြင်ခံစားချက်ရသများကို ပေါ်လွင်အောင် ဖတ်ချင်စဖွယ် ရေးသားထားသည့်စာ'* ဟူ၍ ဖြစ်ပါသည်။

ဤဖွင့်ဆိုချက်အရ 'ရသစာတမ်းဟူသည် အကြောင်းအရာတစ်ရပ်ကို စာရေးသူ၏ ကျွမ်းကျင်သော စကားပြေအဖွဲ့ဖြင့် အတွေးအမြင်တစ်ခုရရှိစေရန် တိုတိုနှင့် ထိထိမိမိ တစ်ကွက်ကောင်း တင်ပြရသော စကားပြေအရေးအသား' ဟု ဆိုနိုင်ပါသည်။

**မြန်မာရသစာတမ်းများ ပေါ်ပေါက်လာပုံ**

ရသစာတမ်းကို ဦးစွာရေးဖွဲ့ခဲ့သူမှာ ပြင်သစ်နိုင်ငံမှ စာရေးဆရာကြီး မီရှဲအီကွပ်ဒီမွန်တိန်း ဖြစ်ပါသည်။ သူ၏အက်ဆေးစာအုပ်ကို ၁၅၈၀ ပြည့်နှစ်တွင် စတင်ထုတ်ဝေပါသည်။ ထို့နောက် ၁၇ နှစ်ကြာသောအခါ အင်္ဂလိပ်စာရေးဆရာကြီး ဖရန်စစ်ဘေကွန်က ၁၅၉၇ တွင် အက်ဆေးစာအုပ် ထုတ်ဝေခဲ့သည်။ ထိုစာရေးဆရာကြီးနှစ်ဦး လမ်းဖွင့်ခဲ့သော ရသစာတမ်းများ ထွန်းကားချိန်တွင် မြန်မာနိုင်ငံ၌ နန္ဒဘုရင် (၁၅၈၁-၁၅၉၉) လက်ထက် ဖြစ်ပါသည်။ ထိုကာလက မြန်မာစာပေ၌ ရသစာတမ်း ထွန်းကားခဲ့သော အထောက်အထား မတွေ့ရှိကြောင်း သုတေသီတို့ ဆိုပါသည်။ မြန်မာရသစာတမ်းသည် ကိုလိုနီခေတ်တွင် စတင် အခြေတည် ထွန်းကားလာကြေ



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထား တွေ့ရှိရပါသည်။
၁၉၂၈ ခုနှစ် ဩဂုတ်လထုတ်
ဂန္ထလောကမဂ္ဂဇင်းတွင်
အင်္ဂလိပ်အက်ဆေးဆရာကြီး
အက်ဒီဆင်၏ အက်ဆေးတစ်ပုဒ်ကို
စာရေးဆရာ ဇေယျ
မြန်မာပြန်ထားသော
ချစ်ရေးကြိုက်ရေးတွင်
အကြံညဏ်ကောင်းဆိုခြင်း
**အစမ်းစာ** ပါရှိလာသည်ဟု
မှတ်သားရပါသည်။ ထို့နောက်
၁၉၂၈ ခုနှစ် အောက်တိုဘာလတွင်
အင်္ဂလိပ်စာရေးဆရာကြီး
...တီးရေးသားသော
အက်ဆေးတစ်ပုဒ်ကို
...ဒီလျော်အောင် မြန်မာပြန်ထားသော
...ောင်တက်လူ **အစမ်းစာ**
...ပါရှိလာသည်ကို တွေ့ရသည်။
၁၉၃၁ ခုနှစ် ဇန်နဝါရီလတွင်
အင်္ဂလိပ် စာရေးဆရာကြီး
...ာကွန်၏ အက်ဆေးတစ်ပုဒ်ကို
**...အတတ်ပညာ သင်ကြားရခြင်း၏**
**...အကျိုးကျေးဇူးအကြောင်း အစမ်းစာ**
...သော အမည်ဖြင့်
...က်ပြပါရှိသည်။
...ဤသို့ဖြင့် ဂန္ထလောကမဂ္ဂဇင်းတွင်
...သစာတမ်းများကို
...မြန်မာစာပေလောကနှင့် ပထမဦးဆုံး
...တွေ့ပေးခဲ့ရာမှ ရသစာတမ်း
...ရေးအသားလည်း အခြေတည်
...ထွန်းလာခဲ့သည်ဟု
...နိုင်ပါသည်။ သို့သော်
...သစာတမ်းများသည်
...ချင်းစာအုပ်အဖြစ်
...ထွက်ရှိလာခြင်း မဟုတ်ဘဲ
...ဂ္ဂဇင်းများ၌ ဝတ္ထု၊ ကဗျာ၊
...ဆောင်းပါးတို့ကဲ့သို့ ရသစာတမ်းကို
...စာတစ်ခုဖွင့်ကာ
...ော်ပြကြခြင်းသာ ဖြစ်ပါသည်။
...နောက်ခေတ်တွင်
...သစာတမ်း(ခ) အက်ဆေးများကို
...ဂ္ဂဇင်း၊ ဂျာနယ်များတွင်
...ော်ပြ၍လည်းကောင်း၊

သီးခြားလုံးချင်းစာအုပ်အဖြစ်
လည်းကောင်း
ရေးသားထုတ်ဝေလျက် ရှိပါသည်။
**ကုံကော်မြိုင်စာတန်း** (၁၉၆၄)၊
**ပိတောက်မြိုင်စာတန်း၊**
**ရွှေစင်နှင်းဆီနှင့်**
**အခြားအက်ဆေးများ** (၁၉၆၇)၊
**တိုက်စိုးစာတိုနန်းနန်း**(၁၉၇၅)၊
**နိုင်ငံတကာ**
**ရသစာတမ်းငယ်များ** (၁၉၉၀)၊
**အက်ဆေးချစ်သူ**(၂၀၀၁)၊
**မြန်မာအက်ဆေး ၁၀၀**(၂၀၀၈)
စသည့် လုံးချင်းစာအုပ်များ
ထွက်ရှိလာကာ
ရသစာတမ်းများသည်
မြန်မာစာပေ၌
နေရာတစ်ခုရရှိနေပြီဖြစ်ကြောင်း
တွေ့ရှိရသည်။
**ရသစာတမ်းများ၏**
**သဘောသဘာဝ**
ရသစာတမ်းများ၏
သဘောသဘာဝသည်
အခြားရသစာပေများနှင့်
မတူခြားနားချက် ရှိပါသည်။
ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က-
*"စာတမ်းငယ်ကို*
*ရောထွေးဖွယ်ရှိသော*
*အခြားအရေးအဖွဲ့များနှင့်လည်း*
*ခွဲခြားကြည့်ရန် လိုအပ်ပါသည်။*
*ရောထွေးဖွယ်ရှိသည်ဆိုရာ၌*
*အမည်အရသော်လည်းကောင်း၊*
*သွင်ပြင်လက္ခဏာအရသော်*
*လည်းကောင်း ရောထွေးဖွယ်*
*ရှိသည့်သဘောကို ဆိုလိုခြင်း*
*ဖြစ်ပါသည်"* ဟု ရသစာတမ်း၏
သဘောသဘာဝ အနေအထားကို
ပြခဲ့ပါသည်။
ဆရာကြီး တက္ကသိုလ်ဝင်းမွန်က
ရသစာတမ်း၏သဘောသဘာဝကို
ဤသို့ မြင်ပါသည်။
*"အက်ဆေး(ခ)ရသစာတမ်းများသည်*
*အချို့မှာ စာတမ်းငယ်သဘော*
*အပြည့်အဝဆောင်ပြီး၊ အချို့မှာမူ*
*အက်ဆေးနှင့် ဆောင်းပါးကြားတွင်*
*ဟိုယိမ်းသည်ယိမ်းရှိနေသည်ကို*
*တွေ့ရပါသည်"* ဟူ၍ ဖြစ်ပါသည်။
ဤသို့သော အဆိုအမိန့်များအရ
ရသစာတမ်းသည် စာစီစာကုံး၊
ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတို
ဟူသော စာပေပုံသဏ္ဌာန်များနှင့်
မတူဘဲ ပါးလွှာသော
ခြားနားချက်ရှိသည်ကို တွေ့ရသည်။
ရသစာတမ်းသည်
စာစီစာကုံးနှင့်ကွဲပြားသော
သဘောသဘာဝရှိသည်။
ကျောင်းစာစီစာကုံးသည်
သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းစာဖြစ်ပြီး၊
ရသစာတမ်းကမူ
အကြောင်းအရာတစ်ရပ်မှ
ဘဝအမြင်၊ အတွေးအခေါ်တစ်ခုအထိ
ဆွဲဆောင်ရေးသားနိုင်သည့်စာ
ဖြစ်ပါသည်။ ကျောင်းစာစီစာကုံး
အရေးကောင်းသူသည် တစ်ချိန်တွင်
ရသစာတမ်းအရေးကောင်းသူတစ်ဦး
ဖြစ်လာနိုင်သည့်
အလားအလာရှိကြောင်း
စာရေးဆရာ သိန်းဖေမြင့်က
မှတ်ချက်ပြုပါသည်။
ရသစာတမ်းနှင့် ဆောင်းပါး
သဘောသဘာဝကွဲပြားစေရန်
"ရသ"က ခွဲခြားပေးကြောင်း
တွေ့ရှိရပါသည်။ ဆောင်းပါးသည်
ဗဟုသုတသက်သက်
ပေးသောစာဖြစ်ပြီး၊ ရသစာတမ်းကမူ
သုတအပြင် ရသပါ တစ်ပါတည်း
ခံစားနိုင်အောင်
ဆွဲဆောင်ရေးသားခြင်း ဖြစ်သည်။
ရသစာတမ်းနှင့် စာတမ်း
ကွာခြားသည့် သဘောသဘာဝမှာ
စာတမ်းသည်
မိမိလေ့လာတွေ့ရှိရသည့်
အချက်အလက်များကို စီစဉ်တကျ



www.burmeseclassic.com

www.burmeseclassic.com

တင်ပြထားခြင်းဖြစ်သည်။ ရသစာတမ်းမှာမူ အကြောင်းအရာ အချက်အလက်များကို မိမိကိုယ်ပိုင်ထင်မြင်ချက်အတွေးနှင့်ရသပါအောင် ရေးထားခြင်းဖြစ်သည်။ ဆောင်းပါးကဲ့သို့ပင် စာတမ်းနှင့် ရသစာတမ်း အဓိကကွာခြားချက်မှာ ရသပါဝင်မှု၊ မပါဝင်မှုသာဖြစ်သည်။ ရသစာတမ်းနှင့် ဝတ္ထုတို့၏ သဘောသဘာဝကမူ စိတ်ကူးဉာဏ်ကွန့်မြူးခြင်း၊ အတွေးရသပေးခြင်းစသည့် ယေဘုယျအချက်များ တူနေသည့်အတွက် ရောထွေးဖွယ်ရှိပါသည်။ သို့သော် ရသစာတမ်းတွင် စာရေးသူကိုယ်တိုင် မိမိအတွေးအမြင်၊ အတွေ့အကြုံများကို စာဖတ်သူအား တိုက်ရိုက်ပြောပြဟန်ရှိသည်။ စာရေးသူက အဓိကဖြစ်၍ ထင်ရှားနေပါသည်။ ဝတ္ထုတို့နှင့် ရသစာတမ်း အဓိက ခြားနားမှုပင် ဖြစ်ပါသည်။

**ရသစာတမ်း၏ သွင်ပြင်လက္ခဏာများ**

ရသစာတမ်းများတွင် တွေ့ရတတ်သော သွင်ပြင်လက္ခဏာများကို ပညာရှင်တို့က ဤသို့ သတ်မှတ်ပါသည်။

၁။ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်လွင်ခြင်း၊

၂။ အကြောင်းအရာထက် အတွေးအမြင် အဓိကဖြစ်ခြင်း၊

၃။ စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း၊

၄။ တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ခြင်း၊

၅။ စာဖတ်သူကို နှစ်သက်မှုရသပေးခြင်း ဟူ၍ ဖြစ်ပါသည်။

ဤသွင်ပြင်လက္ခဏာများသည် ရသစာတမ်းများတွင် တစ်ခုမဟုတ်တစ်ခု မလွဲမသွေ တွေ့ရှိရသော သွင်ပြင်လက္ခဏာများ ဖြစ်ပါသည်။

**ရသစာတမ်းများ အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း**

ရသစာတမ်းများကို အကြောင်းအရာအရသော်လည်းကောင်း၊ အရေး

ရသစာတမ်းနှင့်
ဆောင်းပါး
သဘောသဘာဝ
ကွဲပြားစေရန်
'ရသ'က
ခွဲခြားပေးကြောင်း
တွေ့ရှိရပါသည်
ဆောင်းပါးသည်
ဗဟုသုတသက်သက်
ပေးသောစာဖြစ်ပြီး
ရသစာတမ်းကမူ
သုတအပြင်
ရသပါ
တစ်ပါတည်း
ခံစားနိုင်အောင်
ဆွဲဆောင်
ရေးသားခြင်း
ဖြစ်သည်

အသားပုံသဏ္ဌာန်အရသော်လည်းကောင်း အမျိုးအစား ခွဲခြားနိုင်ပါသည်။

အကြောင်းအရာအရ ခွဲခြားသတ်မှတ်ရာတွင်-

၁။ ပုံစံအသေ ရသစာတမ်း

၂။ ပုံစံအရှင် ရသစာတမ်း ဟူ၍ နှစ်မျိုး ခွဲခြားလေ့ရှိကြသည်။

ပုံစံအသေရသစာတမ်းဟူသည်မှာ ဖွဲ့နည်းပုံစံ မူသေထားပြီး ယုတ္တိနည်းကျ ကြောင်းကျိုး ဆက်စပ်ဖွဲ့စည်းထားသော ရသစာတမ်းများကို ဆိုလိုသည်။ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်နေသော်လည်း ပုဂ္ဂလသဘောထက် ဓမ္မဓိဋ္ဌာန်သဘောသို့ အားပြုသည်ကို တွေ့ရသည်။

ပုံစံအရှင် ရသစာတမ်းဟူသည်မှာ ဖွဲ့နည်းပုံစံ မူသေမထားဘဲ မိမိ အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်း ပြောပြဟန်၊ ဆွေးနွေးဟန် ရင်းနှီးသောလေသံ

ဖြင့် ရေးသားလေ့ ရှိသည်။ စာရေးသူ[...] အတွေးသည် လင်းခနဲ လက်ခနဲ ထွ[...] ပေါ်လာနိုင်သည်။ ပုံသေကား[...] သဘောမဆောင်ဘဲ အတွေးအမြင် ခံ[...] မှုများကို လွတ်လပ်စွာ ဖော်ထုတ်[...] သားနိုင်သည့် ရသစာတမ်းများကို [...] အရှင်ရသစာတမ်းဟု သတ်မှတ်ပါသည်[...]

တစ်ဖန် အရေးအသား ပုံသဏ္ဌာ[...] အရ ရသစာတမ်း အမျိုးအစားကို-

၁။ သရုပ်ဖော် ရသစာတမ်း

၂။ ဖြစ်စဉ်ပြ ရသစာတမ်း

၃။ ဖွင့်ဆိုရှင်းပြ ရသစာတမ်း

၄။ ကျိုးကြောင်းပြရသစာတမ်း

ဟူ၍ ခွဲခြားသတ်မှတ်ကြောင်း သု[...] သီတို့က ဆိုပါသည်။

**ရသစာတမ်းများ အကြောင်းအ[...] ရွေးချယ်မှု**

ရသစာတမ်းများသည် အကြော[...] အရာအားဖြင့် ခမ်းနားထည်ဝါစရာ [...] ဘဲ သမားရိုးကျ အကြောင်းအရာတ[...] ကိုပင် အတွေးနှင့်ရသပါအောင် [...] သားတင်ပြကြသည်။ ရသစာတမ်း[...] ၏ အကြောင်းအရာ ရွေးချယ်မှုနှင့် [...] လျဉ်း၍ ပညာရှင်တို့က-

'*မည်မည်ရရ မရှိသော* [...] *အကြောင်းအရာလေးတစ်ခုကို* [...] *စဖွယ်ဖြစ်အောင် စာတမ်းငယ်ရေး*[...] *ပါရမီဉာဏ်ခံရှိသူမှသာ စွမ်းဆော*[...] *သောအလုပ် ဖြစ်သည်*' ဟူ၍ [...] သည်။ သာမည အကြောင်းအရာ [...] ခုကိုပင် ရသမြောက်အောင် [...] တင်ပြနိုင်ခြင်းသည် ရသစာတမ်း[...] ၏ ဂုဏ်ရည်ပင် ဖြစ်သည်။ ဤသို့ [...] စာတမ်းရေးသူတို့၏ အတွေ့အ[...] အသိအမြင်၊ အတွေးအခေါ် [...] သလို အကြောင်းအရာ ရွေးချ[...] လည်း များပြားသည်ကို တွေ့[...] သည်။ အကြောင်းအရာ ရွေးချ[...] တွင် များသောအားဖြင့် ဤအချက်[...] ကို အခြေခံပြီး ရွေးချယ်လေ့ ရှိ[...]

၁။ နေ့စဉ်ကြုံတွေ့ရသော [...] ကိစ္စများ၊

၂။ လူ့သဘောစရိုက် [...]



www.burmeseclassic.com

www.burmeseclassic.com

အရာများ၊

၃။ ကိုယ်ရေးကိုယ်တာ ခံစားချက်များ၊

၄။ မိမိဘဝ အတွေ့အကြုံများ၊

၅။ စာပေ၏ အာနိသင်ရသများ၊

၆။ အတ္တုပ္ပတ္တိ ဘဝပုံရိပ်ဆိုင်ရာ မှတ်တမ်းများ၊

၇။ ဘာသာရေးဆိုင်ရာ ခံယူချက်များ၊

၈။ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊

၉။ သမိုင်းမှတ်တမ်းဖြစ်ရပ်များ၊

၁၀။ ခေတ်တစ်ခေတ်၏ ပုံရိပ်များ

သည့်အကြောင်းအရာများကို မူတည်ပြီး ရသစာတမ်းများ ဖန်တီးကြပါသည်။

**ရသစာတမ်းများ၏ အတွေးနှင့်အရေး**

အဆိုပါ အကြောင်းအရာများကို ရွေးချယ်ပြီး အတွေးအမြင်တစ်ခု ရရှိအောင် ရေးသားလေ့ရှိသည်။ ထိုအတွေးအမြင်. ည် ဘဝအတွက် သင်ခန်းစာရယူစရာ၊ နည်းနာယူစရာ၊ အတုယူအားကျစရာများ ပါဝင်နိုင်သလို လူမှုရေး၊ စီးပွားရေး၊ အကျင့်စာရိတ္တ၊ ကိုယ့်ကျင့်သိက္ခာနှင့် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု စသည့် ဘဝနေနည်း၊ အတွေးအခေါ်၊ အသိအမြင်၊ ဆင်ခြင်ဉာဏ်များလည်း ရယူနိုင်ပါသည်။ ထိုအတွေးအမြင်တစ်ခုရရှိအောင် ရေးသားတင်ပြရသည့် စကားပြေ အရေးအသားကောင်းရန်လည်း လိုအပ်ပါသည်။ အတွေးတစ်ခုကို လင်းခနဲ မြင်လာအောင် ကျွမ်းကျင်တတ်မြောက်သော အရေးအသား အတတ်ပညာ ပံ့ပိုးမှုများလှာ လိုအပ်ပါသည်။ စာဖတ်သူ စိတ်ဝင်စားဖွယ်ဖြစ်မည့် အဆီလျော်ဆုံး အချက်များကို ရွေးချယ်ပြီး ဆက်စပ်စီစဉ်ရေးဖွဲ့ရသည့်အတွက် အစ၊ အလယ်၊ အဆုံး အံဝင်ခွင်ကျဖြစ်နေရန် လိုအပ်ပါသည်။

ရသစာတမ်းသည် တစ်ကွက်ကောင်း၊ နှစ်ကွက်ကောင်း ပြရသည့်အတွက် ပြသူ၏ ကျွမ်းကျင်မှု၊ ပြသူ၏ အတတ်ပညာသည် အလွန် အရေးပါ ပါသည်။ ရသစာတမ်းတွင် အတွေးနှင့်အရေး အရေးပါပုံ၊ တစ်ခုနှင့်တစ်ခု ဆက် စပ်နေပုံကို ပညာရှင်တို့က–

*'အတွေးနှင့်အရေး တစ်ထပ်တည်းကျသော စာပေဆိုသည်မှာ ထိုစာပေ၏ စာသားနှင့် အတွေးတို့သည် တစ်ခုနှင့်တစ်ခု လူ့စိတ်နှင့် ခန္ဓာကိုယ်တို့ ပေါင်းစပ်နေသည့်အသွင် တည်ဆောက်ထားသောစာပေကို ဆိုလိုသည်'* ဟု မိန့်ဆိုပါသည်။

ဤသို့ဖြင့် ရသစာတမ်းများသည် အကြောင်းအရာ နယ်ပယ်အသီးသီးမှ အတွေးအမြင် အမျိုးမျိုးကို ရယူနိုင်သဖြင့် စာပေသက်တံရောင်စုံ ဟု ဆိုကြပါသည်။ မျက်မှောက်ခေတ် မြန်မာစာပေတွင် ရသစာတမ်း(ခ)အက်ဆေးများသည် နေရာတစ်ခု ရရှိနေပြီဖြစ်သည်။ တိုတိုနှင့် ထိထိမိမိ တစ်ထိုင်တည်း ဖတ်ကာ နှစ်သက်မှုရသနှင့် အသိအမြင်ကို တစ်ပြိုင်နက် ရရှိစေသဖြင့် ရေးသူရော၊ ဖတ်သူပါ အကျိုးရှိသည့်အတွက် ရသစာတမ်း စာပေပုံသဏ္ဌာန်သည် လူအများ နှစ်သက်လက်ခံပြီဖြစ်သဖြင့် မြန်မာစာပေတွင် ဝတ္ထု၊ ကဗျာတို့ကဲ့သို့ အခိုင်အမာ တည်ရှိနေပြီ ဖြစ်ပါသည်။ ■

**ရဲမာန်၊မြန်မာစာ–ပခုက္ကူ**

***ကိုးကားသော စာအုပ်စာတမ်းများ***


*၁။ ခင်မင်၊ မောင်(ဓနုဖြူ)နှင့် အခြား(၁၉၈၇)။ စာတမ်းငယ် စာပေစာတမ်းများ၊ ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်။*

*၂။ ဝင်းမွန်၊ တက္ကသိုလ်နှင့် အခြား။(၁၉၈၇)။ စာတမ်းငယ် စာပေစာတမ်းများ၊ ဒုတိယတွဲ၊ ရန်ကုန်၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်။*

*၃။ အောင်မျိုးဝင်း–မ။ (၂၀၀၄) မြန်မာစာ၊ တတိယနှစ်၊ ပခုက္ကူတက္ကသိုလ်။*



ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀
၀၉၅၁၃၃၀၄၀




www.burmeseclassic.com


www.burmeseclassic.com

# မရှိန်းတောဆီက အရမ်းဝေးကွာတဲ့ ဗမာဂျပ်လေး

မြို့သန်း

ကျုပ်တို့
သာမောင် ...။
သင်းကိုတော့ဖြင့်
မအေနှမ
အကုန်တပ်ပြီး
ဆဲချင်တာ။
ဆဲခဲ့တာလည်း
အကြိမ်ကြိမ်ပါပဲ။
ခုလည်း မနက်စောစော
အိမ်နံရံ ခဲနဲ့လာပေါက်လို့
ထကြည့်မိတယ်။

သင်း
စည်းရိုးဟိုဘက်ကနေ
ပြုံးဖြဲဖြဲနဲ့။
အသက်ရှိကြသေးလားလို့
လာကြည့်တာလို့ပြောပြီး
ထွက်သွားတယ်။
ထွက်သွားတယ်
ဆိုတာကလည်း
အောက်ဘက်ဆီကနေ
ကိုကြီးသောင်းစိန်က
လှမ်းအော်လိုက်လို့။
'ဟိုခွေးကောင်
သူများအိမ်နောက်ဘက်ထဲ
ဘာလုပ်နေတာတုံး' လို့





www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄
ရုပ်စုံမဂ္ဂဇင်း
အခန်းဆက် ဝတ္ထုရှည်

မင်းမိန်းမက ကြက်တူရွေး စာအံသလို
အံတတ်တာကို တတ်တယ်လို့ ထင်နေကြတာ
ကြက်တူရွေးစာအံတာဟာ စာအံတတ်တာပဲ
ဘာမှမသိဘူး။ သိတာနဲ့ နားလည်တာက တခြား
ဝါစင္ဂတာ နှုတ်ကလည်းရ
အနက်မပေါ် သရုပ်မကွဲလို့ကတော့ဖြင့်
အဟုတ်လွဲကရော့ပဲလို့
ရှေးပညာရှိမင်းများက
ဆိုခဲ့တာကွ





www.burmeseclassic.com

www.burmeseclassic.com

အော်သံကြားလိုက်ရတယ်။ သင်းကို အဲဒီလိုငေါက်ပေးတဲ့လူရှိမှ။ သင်းရဲ့ ပြုံးဖြဲဖြဲ မျက်နှာကို ကျုပ် တစ်စက်မှ မကြိုက်ဘူး။ မကြိုက်လို့လည်း ကျုပ် ဆွဲထိုးပြီးပြီ။ ထိုးလည်း ထိုးထိုးပဲ။ တစ်ခါကတော့ ကံကောင်းလို့ ကျုပ်တောင် အချုပ်မခံရတယ်။ ဘထွေး ကြီးမောင်ကတော့ ပြောတယ်။ လက်အနာခံပြီး ထိုးမနေနဲ့။ နှစ်တစ်လက်မနဲ့သာ မှတ်လောက်သားလောက်အောင် လုပ်ထည့်လိုက်စမ်းပါတဲ့။ ခက်နေတာတစ်ခုက သင်းနဲ့မှသွားပြီး အမျိုးတော်နေရသေးလို့။ ကျုပ်အဖေတို့အမေတို့က သင်းအဖေတို့အမေတို့နဲ့ မောင်လည်နှမလည် ယူကြတာ။ ဒီတော့ ဘယ်လိုစပ်စပ် သင်းနဲ့က အမျိုးကို တော်နေရတယ်။ သင်းက ကျုပ်ထက် သုံးလလောက်ကြီးပေတဲ့ လူကောင်က ညှက်တယ်။ ကျုပ်ကို အကြီးလို့ထင်ကြတာ။ အဲဒါတစ်ခု သင်းက အတော်မခံချင်တာ။ ဖြစ်သမျှ ငယ်ကတည်းက ကျောင်းအတူသွားရတော့ ကျောင်းက ဆရာတွေ၊ ဆရာမတွေက ကျုပ်ကို အကြီးထင်ရင် သင်းက 'ကျွန်တော်ကအကြီး၊ ကျွန်တော်က အကြီး' ဆိုပြီး အတင်းဖြဲအော်တတ်တယ်။

ခုလည်း 'ငါ့ညီကလေး အသက်နဲ့ကိုယ်နဲ့ တွဲနေသေးရဲ့လားလို့လာကြည့်တာ' လို့ အော်ပြောပြီး ထွက်သွားတယ်။

'ဘယ်သူတွေလဲ အစ်ကို။ ကိုကြီးသာမောင် အသံမဟုတ်လား' လို့ လုံးတင်မက အခန်းထဲဆီက မေးတယ်။

'အလကားပါဟာ ထုံးစံအတိုင်း လာရစ်နေတာ' လို့ ကျုပ်က ဖြေလိုက်ရင်း အိမ်ထဲပြန်ဝင်လာလိုက်တယ်။

'အစ်ကို လှဲနေဦးလေ။ ကျွန်မ စားစရာတစ်ခုခု လုပ်လိုက်မယ်'

'ကောင်းသား'

ကျုပ်လည်း လုံးတင်မကို အသာပြုံးပြပြီး အိပ်ရာထဲပြန်ဝင်ပြီး လှဲနေလိုက်မိတယ်။

သာမောင်နဲ့ ကျုပ်က ကျောင်းအတူသွားဖက်။ တာလမ်းကြီး ဟိုဘက်ထဲဆီက ဆရာ မြကြီးကျောင်းကို သွားရတာ။ ကျုပ်တို့ဘက်ခြမ်းမှာ ကျောင်းမရှိဘူး။ ကျောင်းသွားရတာက သွားရတာပဲ။ မသွားချင်လည်း သွားရမှာပဲ။ သွားရတဲ့ အကြောင်းတွေထဲမှာ ဒီအကောင် သာမောင့်ကြောင့်လည်းပါတယ်။ ကျုပ်တို့ဘက်တွေဆီကို အတန်းပညာရေးစနစ် ရောက်လာပြီး အတန်းကျောင်းတွေဖွင့်တော့ တာလမ်းကြီး ဟိုဘက်ထဲက သူကြီး ဦးထွန်းခင်အပိုင်ထဲမှာ ကျောင်းဖွင့်တယ်။ ဦးထွန်းခင်ကြီးတစ်ယောက် သူကြီး မဖြစ်ခင်က တော်လှန်ရေးတွေ ဘာတွေထဲ ပါတယ်လို့ပြောတယ်။ လွတ်လပ်ရေးကြီး ရပြီးတော့ ရဲဘော်ဖြူဆိုလား၊ ရဲဘော်နီဆိုလား၊ ကွန်မြူနစ်ဆိုလား ဖြစ်သွားရာက အလင်းဝင်လာတာလို့ အဖေတို့၊ ဘထွေး ကြီးမောင်တို့ ပြောသံ ကြားဖူးတယ်။ သူ့ကြောင့်ပဲ ကျုပ်တို့ အဲဒီဆီသွားပြီး ကျောင်းတက်ကြရတာ။ ကျောင်းစဖွင့်တော့ ကျုပ်တို့က ငယ်သေးတယ်။ မကြီးဂျမ်းတို့က အရင်ကျောင်းတက်ကြရတာ။ ကျုပ်တို့ ကျောင်းတက်ရမယ့် အရွယ်ရောက်တော့ ဦးထွန်းခင်ကြီး ကိုယ်တိုင် အိမ်လာတယ်။

'မောင်ငြိမ်းတို့၊ ကြီးမယ်တို့ ကလေးကို ကျောင်းပို့။ ကျောင်းပို့မှ ပညာတတ်မှာ' လို့ လာပြောတယ်။

အဖေကတော့ ပို့ချင်ချင်၊ အမေကတော့ ကျုပ်သားကလေး ငယ်ပါသေးသတော်ဆိုတာနဲ့ စပြီး ဆင်ခြေမျိုးစုံပေးတာ။ ဦးထွန်းခင်ကြီးကတော့ စိတ်ရှည်တယ်။ သူပုန်လူထွက်ဆိုပေတဲ့ စိတ်ကြမ်းလူကြမ်း မဟုတ်ဘူး။ ဘထွေးကြီးမောင် အပြောကတော့ စိတ်ဓာတ်ကြောင့် သူပုန်ဖြစ်တာတဲ့။ ခုခေတ်အခေါ်တော့ ယုံကြည်ချက်ဆိုသလားပဲ။ စာကလည်း အတော်ဖတ်သတဲ့။ ဒါကြောင့်ပဲ သူကိုယ်တိုင် မြို့တက်ပြီး ဒီဘက်မှာ မူလတန်းကျောင်းကလေး ဖြစ်လာအောင် တောင်းတာဆိုပဲ။ သူက သူပုန်လည်းဖြစ်ဖူးတော့ အဆက်အသွယ်ကောင်းလို့ ကျောင်းရတာတဲ့။

အမေက 'ကျုပ်တို့ ဒီဘက်ထဲက ဘုန်းကြီးကျောင်း ပို့လည်း ရေးတတ်ဖတ်တတ်ရှိမှာပါတော်။ အိမ်နဲ့ဝေးတာ မှမဟုတ်တဲ့' လို့ပြောပြီး နောက်ဆုံးပိတ် ဆင်ခြေပေးတယ်။

'ဟဲ့ ကြီးမယ်၊ ခုခေတ်က သေစာရှင်စာကလေး တတ်ရုံနဲ့ လုံလောက်တော့တာ မဟုတ်ဘူးဆိုတာ နင်လည်း ကြားမိမှာပါ' လို့ ပြောရင်း ဦးထွန်းခင်ကြီးက အစချီလိုက်တယ်။ 'ဓဝံမေသုတံနဲ့ မလုံလောက်တော့ဘူးဟ။ ဒီလိုဒီပုံ ကြားနာခဲ့ရပါသော် ... ကော ဆိုတာကလေး ရွတ်... နိုင်ရုံနဲ့ အသိဉာဏ်ရှိလာမှာ... မဟုတ်ဘူး။ ထမင်းဝတော့... တာ မဟုတ်ဘူး' အစချီပြီး... အမေ့ကို ရှင်းတော့တာ... အဖေကတော့ ပြုံးတုံးတုံး... ချည်းလုပ်နေတယ်။ အမေတို့... မောင်နှမနှစ်ယောက်စလုံး... အတော် ခေါင်းမာတာရယ်... ဒီဘက်တစ်ကြောလုံး... လက်ခံထားကြတာ။ အ... ကတော့ အီမလုပ်၊ အ... မလုပ်ဘဲ။ ပထမတစ်ကြိမ်... တော့ ဦးထွန်းခင်ကြီး ဘ... ကျမသွားရဘူး။ ဒါပေ... သူက လွယ်လွယ်နဲ့ လ... လျှော့တာ မဟုတ်ဘူး။ အ... နဲ့ ဦးပညာသာမိကျောင်း... မှာတွေ့တော့ အတော်... ပြောသေးတာတဲ့။

'မောင်ငြိမ်း၊ မင်းမိန်း... ကို နားချစမ်းပါ။ ငါပြော... ကလေးအတွက်တင်မ... ငါတို့ရပ်၊ ငါတို့ရွာ၊ ငါတို့... မျိုးတစ်ခုလုံးအတွက်ပါ။ ... မိန်းမက ကြက်တူရွေး ... သလို အံတတ်တာကို ... တယ်လို့ ထင်နေကြ... ကြက်တူရွေးစာအံတာ... စာအံတတ်တာပဲ။ ... မသိဘူး။ သိတာနဲ့ နား... တာက တခြား။ ဝါ... နှုတ်ကလည်းရ၊ အ... မပေါ် သရုပ်မကွဲလို့က... ဖြင့် အဟုတ်လွဲကရော... ရေးပညာရှိ မင်းများက ... တာကွ။ မင်းသားက... ကြီးပြင်းလာမယ့် ... ကာလက တို့လူမျိုး၊ ... ဘာသာ ရပ်တည်လာ... မယ့်ခေတ်ကွ။ က... အတန်းကျောင်းပို့တဲ့...



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးမလွဲစမ်းပါနဲ့’လို့ ဦးထွန်းခင်ကြီးက ပြောသတဲ့။

အဖေကိုယ်တိုင်က လိုလိုလားလား ရှိပေတဲ့ အမေ့ကို မလွန်ဆန်နိုင်ဘူး။ ဒီတော့ အဖေက ဦးထွန်းခင်ကြီးကို အကြံပေးလိုက်တယ်။

နောက်တစ်ကြိမ် ဦးထွန်းခင်ကြီး အကြမ်းသောက်လာတော့ သူ့မှာ အမေ့ကို နိုင်လောက်တဲ့ ထုံးမန်း၊ ကွမ်းမန်းပါလာပုံရတယ်။ အိမ်ရှေ့ဘက်ဆီမှာ ထိုင်ကြရင် စကားပြောတော့ အမေ့ကိုဦးတည်ပြီး သိပ်မပြောဘူး။ အဖေ့ကိုပဲပြောတယ်။ ပြောရင်းနဲ့ ‘ငါက မင်းနှမငယ်ကိုတော့ဖြင့် သိပ်ချီးမွမ်းတာ’လို့ စကားစလိုက်တယ်။

အဖေက အံ့သြတဲ့ မျက်နှာနဲ့ ဦးထွန်းခင်ကြီးကို ကြည့်လိုက်ရင်း ပြန်ပေးလိုက်တယ်။

‘ဆိုပါဦး ကိုကြီးထွန်း’

အမေ့မျက်စိတွေဟာ လမိုက်ညရဲ့ အမှောင်ထဲဆီ မြင်နိုင်တဲ့ ဖောက်ထွင်းကြည့်တဲ့အကြည့်မျိုးဖြစ်လာတယ်။

ဦးထွန်းခင်ကြီးက အမေ့ကို မသိမသာ ငဲ့ကြည့်ရင်း…

‘နင့် အစ်ကို ကြီးမောင်ကတော့လည်း အမြင်ရှိတယ်ကွဲ့ ကြီးမယ်’လို့ ပြောပြီး အကြမ်းသောက်နေတယ်။

အဖေက ကြက်ဥကြော်ပန်းကန်ကို ဦးထွန်းခင်ကြီးရှေ့ တွန်းပေးလိုက်ရင်း ‘ဆိုပါဦး ကိုကြီးထွန်း’လို့ ဟိုလိုလို ဒီလိုလိုနဲ့ မေးလိုက်တယ်။ ဦးထွန်းခင်ကြီးက အကြမ်းကိုပဲ အရသာခံသောက်ပြီးမှ အကြမ်းခွက်ကို ချမယ်လို လုပ်လိုက်တယ်။ မချသေးဘဲ…

‘ကြီးမယ်၊ နင့်ဟာက ရှမ်းခြောက်လား’လို့ မေးရင်း အကြမ်းပန်းကန်ကို မြှောက်ပြပြီးမှ ချလိုက်တယ်။ အမေကတော့ ခေါင်းပဲညိတ်ပြတယ်။ ဦးထွန်းခင်ကြီးက ခေါင်းတညိတ်ညိတ်လုပ်နေရင်းနဲ့ စကားပြန်စလိုက်တယ်။

‘ဒီလို။ ပြီးခဲ့တဲ့ တောဖိတ်နေ့ဆီက ငါ ကြီးမောင်တို့အိမ်ဘက် ရောက်တယ်။ သွားရတာက သူ့ဆီက လက်သမား အောင်ငွေကို ငါ ခေါ်သုံးချင်လို့။ ခု နွေမှာ ကလေးတွေ ကျောင်းပိတ်တဲ့အခါ ကျောင်းကလေးမှာ အဖီကလေး ထည့်မလားရယ်လို့ပဲ။ ဆရာ မြကြီးကို ဟိုဘက်က စာသင်တိုက်ကြီးက တိုက်အုပ်က သူတို့ ဆွမ်းချက်ဆောင်ကလေး ပြန်ဆောက်တုန်းက ပိုနေတဲ့ သစ်တိုသစ်စတွေကို ခင်ဗျားကျောင်းကလေးအတွက် လိုချင်ရင် ယူသွားချေလို့ ပေးသတဲ့’

ဦးထွန်းခင်ကြီးက စကားပြောနေတာကို ခဏရပ်လိုက်တယ်။ အမေကတော့ ခိုးလိုးခုလု ဖြစ်နေပုံပဲ။ ဦးထွန်းခင်ကြီး စကားပြန်ဆက်မှာကို အတော် စိတ်ရှည်ရှည်နဲ့ စောင့်နေရရှာတယ်။

‘ဩော်၊ အေး။ ငါလည်း လိုရင်းမရောက်နိုင်ဘူး’လို့ ပြောပြီး ဦးထွန်းခင်ကြီးက စကားဆက်ပြန်တယ်။

‘ဒီလို၊ ဒီလို။ မဆီမဆိုင် ငါ့ကို မငယ်က ပြောတယ်။ ကိုကြီးထွန်းရယ်၊ ကျုပ်တို့သားကလေးလည်း ခုဆောင်းကုန်ဆို ငါးနှစ်ပြည့်မှာ။ အဲဒါ ကိုကြီးထွန်းတို့ ကျောင်းကလေးဆီများ ကျောင်းပို့လို့ ရမလားရယ်လို့ပါလို့ ပြောတယ်။ ငါလည်း အတော်တောင် အံ့သြသွားတယ်။ အဲဒါပဲကွ မောင်ငြိမ်း။ မင်းနှမကို ငါ ချီးမွမ်းမိတာ’

ဦးထွန်းခင်ကြီးက စကားပြောတာ ရပ်လိုက်ပြီး ကြက်ဥကြော်ပန်းကန်လှမ်းယူလိုက်တယ်။ သံဖွန်းနဲ့ အသာဖဲ့လိုက်ပြီး ပါးစပ်ထဲ ထည့်မြုံ့ရင်း အရသာခံနေပြန်တယ်။

‘မတမ်းဥကွ၊ အရသာကိုက မတူဘူး’လို့ ဦးထွန်းခင်ကြီးက ပြောတော့ အမေ စိတ်ရှည်ပုံမပေါ်ဘူး။

‘ဟိုဘက်ထဲက ရတာပဲ၊ ဘာကောင်မက ဥတာရယ်တော့ မသိဘူး’

‘အေး၊ အေး’လို့ ဆိုရင်း ဦးထွန်းခင်ကြီးက အကြမ်းသောက်လိုက်ပြန်တယ်။

‘အေး၊ အေး။ ဒီတော့ ငါက ပြောရတယ်။ ဟဲ့၊ နင်တို့သားသာ ငါတို့ကျောင်းကလေးဆီပို့ရင် မနက်တိုင် ငါကိုယ်တိုင်လာပြီး ကုန်းပိုးခေါ်မှာပေါ့ဟာလို့။ ပြီးတော့ ပြောရသေးတယ်။ ငါးနှစ်မပြည့်လည်း ဆရာ မြကြီးကို ငါပြောလို့ ဖြစ်ပါသော်ကော။ ဒီတော့ မငယ်မကပြောတယ်။ ကိုကြီးထွန်းရယ်၊ ကျွန်မက သားကလေးကို ပညာတတ်စေချင်တာ။ ငသိန်းကြီး သမီးတွေလို အာကာမှိုင်းဝေ အလွတ်ရွတ်ပြနေတာမျိုး ငါးရာ့ငါးဆယ် ဘယ်နှပုဒ် အလွတ်ရတယ်ဆိုတာမျိုးတွေ အားမကျဘူး။ ခေါင်းထဲမှာ ဘာမှ မသိဘဲ၊ သူများသင်ပေးလို့ အလွတ်ရွတ်ပြနေတာမျိုးတွေ မကြိုက်ဘူး။ ကျွန်မသားကလေးကို သိစေချင်တယ်။ တတ်စေချင်တယ်။ မသိဘဲ၊ မတတ်ဘဲ လေသံဖမ်း တရားနာဆိုတာမျိုးတွေ မဖြစ်စေချင်ဘူး’တဲ့။

ဒီတော့ ‘ဟုတ်ပေါ့၊ ဟုတ်တာပေါ့’ရယ်လို့ အဖေ့ဆီကအသံ နည်းနည်းထွက်လာတယ်။

‘သူတို့ကောင်ကလေးကို ရှင့်ကျောင်းပို့မယ်တဲ့လား’လို့ အမေက မေးတယ်။

‘စရန်သတ်ပြီးသွားပြီဟဲ့၊ ကြီးမေရဲ့’လို့ ဦးထွန်းခင်ကြီးက ပြန်ဖြေတယ်။ ‘ဒါတင် ဘာဟုတ်သေးလဲ။ ကြီးမောင်က ကျောင်းအတွက် လစဉ် ငါးကျပ် လှူဦးမှာတဲ့။ ငါကတော့ ပြောပါတယ်။ ပေးစရာ မလိုပါဘူး။ ပေးတဲ့အတွက်တော့ ကျေးဇူးတင်ရတာပေါ့။ တို့ကျောင်းကလေးက ကျောင်းဆရာသာ အစိုးရကပေးတာ။ ကျန်တာ အရပ်က အိတ်စိုက်ကြီးပဲ။ အိတ်စိုက်ဆိုပေသိ လုံလောက်တယ်တော့လည်း ဘယ်ရှိဦးမလဲ။ မြစ်ဟိုဘက်ခြမ်းက ကုလားကြီး အီစမံ အင်မောင်ခင်ကအစ တံတားထိပ်ကားဆိပ်က ခေါက်ဆွဲဆိုင်က အာ့စိန်တို့အထိ ပါကြတယ်။ လစဉ် ငါးကျပ်၊ တစ်ဆယ် ထောက်ကြတယ်။ ဒီနှစ် ကျောင်းပြန်ဖွင့်ရင် ကျောင်းကလေးဖြစ်လာတာ သုံးနှစ်ရှိသွားပြီ။ အဆင်ပြေရင် နောက်ထပ် ဆရာ၊ ဆရာမ တစ်ယောက်များ ရလေ



www.burmeseclassic.com

www.burmeseclassic.com

မလားဘဲ'

အမေက ဘာမှ မပြောဘူး။ ဦးထွန်းခင်ကြီးက ပန်းကန်ပြားထဲ ထည့်ထားတဲ့ သနပ်ဖက်လိပ်တွေကို ကြည့်နေရင်း ဆေးလိပ်တွေကို လက်နဲ့အသာ လိမ့်ကစားနေတယ်။ တကယ်တော့ ဦးထွန်းခင်ကြီးက ဖြင်းပဲသောက်တာ။ အားလုံးခဏလောက် ငြိမ်နေကြတယ်။ အမေ့မျက်စိက ဦးထွန်းခင်ကြီးလက်ဆီရောက်သွားတော့ အဖေ့ကို လှမ်းပြောလိုက်တယ်။

'ကိုငြိမ်း၊ နင့်ဆီ ကြောင်နက်ကလေးများ ရှိနေသေးရင် ချတည်လိုက်လေ' တဲ့။

အဖေက အမေ့ကို ကျောပေးထိုင်နေရာက မသိမသာ လှမ်းကြည့်လိုက်တယ်။ ခေါင်းပြန်အလှည့်မှာ အမေ့ကို လှမ်းကြည့်လိုက်တဲ့ ဦးထွန်းခင်ကြီးနဲ့ အကြည့်ချင်း ဆုံသွားတော့ သူ့ပါးစပ်ကို ပြုံးသလိုလို၊ မဲ့သလိုလို လုပ်ပြလိုက်ရင်း မျက်ခုံးကိုလည်း ပင့်လိုက်သေးတယ်။ အမေကတော့ မတွေ့လိုက်ဘူး။ ဦးထွန်းခင်ကြီးကတော့ မြင်လိုက်ပေတဲ့ မမြင်ချင်ယောင်ဆောင်လိုက်ပုံရတယ်။ နောက်တော့ အဖေက 'အေး၊ အေး' လို့ပြောပြီး ထသွားရော။

'မင်းတူ သာမောင်ကတော့ ထက်ပုံရသကွယ့် မောင်ငြိမ်း' လို့ ဦးထွန်းခင်ကြီးက အမေ့ကို ဦးတည်ပြီး လှမ်းပြောလိုက်တယ်။ အဖေကတော့ ခေါင်းပဲ ညိတ်ပြပြီး အတွင်းခန်းထဲ ဝင်သွားတယ်။ ထိုင်ကျန်ရစ်တဲ့ အမေ့ကို ကြည့်လိုက်ရင်း ဦးထွန်း

> ဒါကြောင့်
> ရှင့်ကို
> အရီးမယ်တင်က
> ဘာပြောတယ်
> ထင်သတုံး
> ဒီသောက်
> ကွန်မြူနစ်တွေများ
> စကားပြောရတာ
> လက်ပေါက်
> ကတ်တယ်
> လျှာတောင်
> လေးစိတ်
> ကွဲချင်တယ်
> စကားတစ်လုံးကို
> နှစ်မြွာရအောင်ခွဲ
> တစ်မြွာကို
> လေးစိတ်ရအောင်
> ပြန်စိတ်
> ရတဲ့တစ်စိတ်ကို
> ခြောက်ခါဖွဲ့
> အဲဒီတစ်ဖွဲ့ကို
> အဓိပ္ပာယ်နှစ်မျိုးနဲ့
> ပြောသတဲ့

ခင်ကြီးက စကားဆက်တယ်။

'စပ်မိတာနဲ့၊ နင်တို့ကိုတောင် နင်တို့သားကလေး ကျောင်းပို့ချင် ပို့ပါလားလို့ ငါ ပြောပြဖူးသေးတယ်လို့ ကြီးမောင်တို့ လင်မယားကို ပြောပြလိုက်ရသေးတယ်'

အဖေပြန်ရောက်လာပြီး သူထိုင်နေတဲ့ နေရာမှာ ပြန်ထိုင်ရင်း ကြောက်နက်ဘူး အနီကလေးကို ဖွင့်လိုက်တယ်။ အမေကတော့ ဦးထွန်းခင်ကြီးဆက်မယ့် စကားကို မျှော်နေပုံရတယ်။ ဦးထွန်းခင်ကြီးကတော့ အဖေ ဖွင့်နေတဲ့ ကြောင်နက်ဘူးကို ပဲ ကြည့်နေတယ်။

'သူတို့က ဘာပြောသလဲ' လို့ အမေက မေးတယ်။ သိပ်စိတ်ရှည်လှပုံ မရဘူး။

'ဩော်၊ အေ' ဦးထွန်းခင်ကြီးက ခေါင်းထောင်ကြည့်လိုက်ရင်း မမျှော်လင့်တာ ကြားလိုက်ရလို့ အံ့ဩသင့်သလို ဖြစ်သွားတယ်။ ပါးစပ်ကလည်း ဘာမှ အဓိပ္ပာယ်မရှိတဲ့အသံ ထွက်လာတယ်။ နောက်တော့မှ…

'အေ၊ အေ။ ကြီးမောင်ကတော့ ဟုတ်လားလို့ပဲ ပြောတယ်။ မငယ်ကတော့ သူတို့က ပိုက်ဆံပေါတယ်။ စာမတတ်လည်း သူ့သားကတော့ ငတ်မှာမဟုတ်ဘူး။ ကျောင်းဆိုတာ ဘာလုပ်ရမှာလဲလို့ မြင်နေကြမှာလို့ပဲ ပြောတယ်။ အေ။ အဟုတ်သားရယ်လို့ ငါက ပြန်ပြောလိုက်မိတယ်။ နင်တို့ကို ငါပြောတုန်းက ငါက အဲသလိုမှ မတွေးမိဘဲကိုး'

'ရှင်က သူတို့နဲ့ တစ်ကြိတ်တည်း၊ တစ်ဉာဏ်တည်းဆိုတဲ့ သဘောပေါ့' လို့ အမေက ဝင်ပြောတယ်။

အဖေကတော့ ဟိုးအဝေးကြီးကို လှမ်းကြည့်နေတယ်။

'ဟဲ့၊ ငါက သူတို့နဲ့ ကင်းတာမဟုတ်ဘူး။ ဟုတ်များဟုတ်နေသလားလို့ပါ။ နင်တို့က ဒီဘက်ထဲမှာ ကြေးရေတတ်တွေကိုး။ ကလေးအတွက်က ပူစရာမှမရှိဘဲ' လို့ ပြောရင်း ဦးထွန်းခင်ကြီးက အဖေ့ကို လှည့်ကြည့်လိုက်တယ်။

'မဟုတ်ဘူးလား၊ မောင်ငြိမ်း' လို့လည်း မေးလိုက်တယ်။

'ဒီလိုတော့လည်း မဟုတ်ပါဘူး ကိုကြီးထွန်း ရယ်' လို့ ပြောပြီး 'မဟုတ်ဘူးလား ကြီးမယ်' လို့ အမေ့ကို ကြည့်ရင်း စစ်ကူတောင်းလိုက်တယ်။ အမေ့ မျက်နှာက ပြန်ပြီး ပျော့လာတယ်။

'ကလေးက ကျောင်းပို့ဖို့ ငယ်များငယ်နေသလားလို့ ကျွန်မ တွေးမိလို့ပါ' လို့ အမေ က ပြောတယ်။ နောက်တော့ မျက်နှာက နည်းနည်းပြန် တင်းသွားပြီး 'တော့် နမဟာ လေ ပြောလိုက်ရင် ကျွန်မ တို့ ပိုက်ဆံရှိတာလို့ပါဆိုတာနဲ့ အမြဲလို စတုပ်တိုက် ပြော တတ်တယ်။ သူတို့လည်း ရှိ တာပဲ။ ခုဟာက မဆီမဆိုင် ကလေးကျောင်းပို့တာနဲ့ ပိုက် ဆံရှိတာနဲ့ ဘာဆိုင်လို့လဲ' လို့ ထပ်ပြောပြန်တယ်။

'တွေ့တဲ့အခါ ငါပြော ပါ့မယ်' လို့ အဖေက ပြန်ပြော လိုက်တယ်။ ဦးထွန်းခင်ကြီး ကတော့ အဖေကမ်းထား ကြောင်နက်အဖြူလိပ်က ကို လက်ညှိုးနဲ့ လက်ခလယ် အကြားမှာ ညှပ်ရင်း ရှူ တယ်။ အဖေတို့ အမေတို့ပြော နေတာတွေကို စိတ်ဝင်စား မရဘူး။

'ပြောမှာဖြင့် ရှင့်နမ ပြော၊ ရှင့်ယောက်ဖကို မနေနဲ့။ ရှင်တို့သမီးယောက် တစ်ကြိတ်တည်း၊ တစ်ဉာဏ် တည်း'

အမေပြောတာက ဟုတ်လောက်တယ်။ ထဲမှာလည်း လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com

သလိုပဲ ပြောတယ်။ မောင်ငြိမ်းတို့ သမီးယောက်ဖများ တစ်လေတည်း တဲ့။ ကျောင်းက ဘုန်းကြီးကတောင် စကားပါးရင် မောင်ငြိမ်းဖြစ်ဖြစ်၊ ကြီးမောင်ဖြစ်ဖြစ် အရင်တွေ့တဲ့ကောင်ကိုသာ ပြောခဲ့။ တစ်ယောက်ပြီးရင် ပြီးတယ်တဲ့။ ဦးထွန်းခင်ကြီးကတော့ ကြောင်နက်လိပ်ကလေးကို မီးတို့တော့မယ်လို့ ဆုံးဖြတ်ပြီး မီးခြစ်လှမ်းယူလိုက်တယ်။

'ကျွန်မတို့သားကလေးလည်း ကျောင်းပို့မှာ မဟုတ်လား ကိုငြိမ်း' လို့ အမေ့ဆီက အသံထွက်လာတယ်။

'ပို့နိုင်ရင် ကောင်းသပေါ့ဟာ။ သူတို့က သာမောင်ကိုတောင် ပို့မှာမဟုတ်လား' လို့ အဖေက ဖြေတယ်။ အမေ့ကိုမတွန်းတော့ဘူး။ ဒီတော့ ဦးထွန်းခင်ကြီးက မီးခြစ်ကို လက်က ကိုင်ထားရင်း…

'နှင့်ကောင်က သာမောင်ထက် ငယ်တယ်မဟုတ်လား' လို့ အမေ့ကို မေးတယ်။

'လပိုင်းကလေးပါတော်။ ဆရာ မြကြီးကို ကိုကြီးထွန်း ပြောဆိုပေးရင် ရမှာပါ။ ကလေးကျောင်းတက်ရတဲ့အခါ ကျွန်မတို့ကလည်း ကျောင်းကို လစဉ် ငွေငါးကျပ်၊ တစ်ဆယ်လောက်တော့ ကန်တော့ပါ့မယ်။ မဟုတ်ဘူးလား ကိုငြိမ်း'

ဦးထွန်းခင်ကြီးက ကြောင်နက်ကို တစ်ချက်ဖွာလိုက်ရင်း…

'ငါက ဖြင်းသမားဆိုတော့ ကုလားအုတ်ကို ပိုကြိုက်တယ်။ ဒါ မြို့က စက်ကြီးဆိုင်က မင်းဝယ်တာ မဟုတ်လား။ သူ့ဆိုင်မှာရတယ်။ သောက်တဲ့လူ သိပ်မရှိတော့ နောက်ဘက်ထဲမှာ ထားတတ်တယ်။ နောက်တစ်ခါ မင်းကြုံရင် မေးကြည့်' လို့ အဖေ့ကို ပြောနေရင်း အမေ့ကို ကြည့်လိုက်ပြီး 'ဘာတဲ့ ကြီးမေ။ ငွေတစ်ဆယ် လောက် ကျောင်းကိုလှူမယ်ဆိုတာ။ တစ်ဆယ်လောက်ဆိုတော့ ကိုးကျပ်ခွဲလား။ တစ်ဆယ့်တစ်မတ်လား' လို့ မေးလိုက်တယ်။

အမေက အူကြောင်ကြောင်ဖြစ်သွားတယ်။

'ဟုတ်သားပဲ၊ မင်းကလည်း တစ်ဆယ် တစ်ဆယ်ပေါ့။ 'လောက်' ဆိုတော့ ဟိုလိုလို၊ ဒီလိုလိုရယ်'

အမေကတော့ အဖေ့ကို မကြည့်ဘူး။ ဦးထွန်းခင်ကြီးကိုကြည့်ရင်း ပြောလိုက်တယ်။

'ဒါကြောင့် ရှင့်ကို အရီးမယ်တင်က ဘာပြောတယ်ထင်သတုံး။ ဒီ သောက်ကွန်မြူနစ်တွေများ စကားပြောရတာ လက်ပေါက်ကတ်တယ်။ လျှာတောင် လေးစိတ်ကွဲချင်တယ်။ စကားတစ်လုံးကို နှစ်မြွာရအောင်ခွဲ။ တစ်မြွာကို လေးစိတ်ရအောင်ပြန်စိတ်။ ရတဲ့တစ်စိတ်ကို ခြောက်ခါဖွဲ့။ အဲဒီတစ်ဖွဲ့ကို အဓိပ္ပာယ်နှစ်မျိုးနဲ့ ပြောသတဲ့'

ပြီးတော့မှ အဖေ့ကို လှည့်ကြည့်ရင်း ပြန်ပြောတယ်။

'လောက်,ဆိုတာ ဘယ်လောက်လဲလို့ ရှင်သိတယ်။ ကျွန်မပြောတာ 'ဘာ' ဆိုတာ ရှင်သိတယ်။ ရှင် 'ဘာ' ပြောတယ်ဆိုတာလည်း ကျွန်မသိတယ်။ သိလို့ပဲ ကလေးတစ်ယောက် ရပြီးပြီ။ လျှာရှည်မနေနဲ့။ နောက်အပတ်ထဲမှာ ကိုကြီးထွန်းနဲ့ချိန်းပြီး ဆရာမြကို သွားတွေ့။ မြို့ကဝယ်လာတဲ့ မုန့်ကြွပ်ခြောက်တစ်ထုပ်ယူသွား။ ဆရာ မြကို ကန်တော့ခဲ့။ ကလေးကို လာမယ့် ကျောင်းအဖွင့်မှာ ကျောင်းတက်ရအောင်လုပ်ချေ' လို့ ပြောရင်း ထိုင်ရာက ထတယ်။ ဦးထွန်းခင်ကြီးနဲ့ အဖေ့ကို ကျောပေးပြီး လျှောက်သွားရင်း တောက်တစ်ချက် ခေါက်လိုက်ပြီး 'ယောကျ်ားများ မလိုအပ်တဲ့ နေရာမှာတော့ တယ်တော်' လို့ အဆုံးမရှိ အစမရှိ သူ့ဘာသာ စကားပြောပြီး ထွက်သွားတော့တယ်။ အဖေကတော့ ရယ်ချင်လို့ ပါးစပ်ကို အတင်းပိတ်ထားရတဲ့ပုံစံမျိုးနဲ့ ဦးထွန်းခင်ကြီးကို ကြည့်လိုက်တယ်။ ဦးထွန်းခင်ကြီးကတော့ ကြောင်နက်ကို ပါးစပ်ထဲ ခဲထားရင်း ပြုံးနေတယ်။

ဒီလိုနဲ့ပဲ သေချင်းဆိုး သာမောင် ကျောင်းတက်လို့ ကျုပ်လည်း ကျောင်းတက်ခဲ့ရတော့တာပဲ။ ကျုပ်ဘဝထဲမှာတော့ သာမောင်တစ်ကောင် ကန့်လန့်ပါနေတတ်တာ အဲဒီကတည်းကပဲ။

❑

**မကြီးဂျမ်း**

ကျုပ်တို့ ကျောင်းစတက်တော့ မကြီးဂျမ်းက နှစ်တန်းတောင် ရောက်နေပြီ။ သူက မရန်းတောက။ မရန်းတောဆိုတာ ရေတိမ်ချောင်းဖျား နားဆီမှာ။ တာလမ်းကနေဆိုရင် ကျုပ်တို့နဲ့ တစ်ဖက်တည်း။ ဒါပေတဲ့ သူတို့က တောင်ဘက်ထဲမှာ။ ကျုပ်တို့က မြောက်ဘက်မှာ။ သူတို့ဆီကလာတဲ့ လူသွားလမ်းက ကျုပ်တို့ဆီက လူသွားလမ်းနဲ့ ထုံးဘုရားနားဆီမှာ ဆုံတယ်။ ထုံးဘုရားဆိုတာကတော့ ထုံးသုတ်ထားတဲ့ ဘုရားပျက်ကလေးတစ်ခုပဲ။ လူတိုင်း အဲသလိုခေါ်တော့ အဲသလိုသာ မှတ်ထားပေတော့။ တာလမ်းကနေဆိုရင်တော့ ခရီးက အတူတူလောက်ပဲ။ ခြေလှမ်းစိပ်စိပ်နဲ့ လျှောက်တောင် ပေါက်စေးကျလောက်အောင် ချွေးမထွက်သာဘူး။

ကျုပ်တို့ ကျောင်းစတက်ကြလို့ နှစ်ပတ်လောက်ကြာတော့ ပြဿနာတစ်ခုပေါ်တယ်။ အဲဒါက တံတားထိပ် ကားဆိပ်ဆီမှာ။ ကျောင်းကပြန်လာတဲ့ ကလေးတစ်ယောက် ကားတိုးခံရလို့တဲ့။ ဒီတော့ ဆရာမြကြီးက မကြီးဂျမ်းကို တာဝန်ပေးတယ်။ 'ဂျမ်းတောမ တာလမ်းဟိုဘက်ကလာတဲ့ ကလေးတွေကို နင်ကဦးဆောင်။ အသွားရော အပြန်ရော နင့်တာဝန်' လို့ ပြောပြီး ကလေးတွေကိုလည်း အသွားအပြန် မကြီးဂျမ်းနဲ့ အတူ လမ်းဖြတ် ပြန်ရမယ်တဲ့။ ဆရာ မြကြီးက ပူလို့သာ ပူတာပါ။ ကျုပ်တို့ဆီက တာလမ်းပေါ် တစ်မနက် ကားဆယ်စင်း မပြည့်ဘူး။ ဒါတောင် တောင်ရွာက ကိုထွန်းမောင်ကြီး ဒေါ့ဂျစ်ပါမှ။ ကျုပ်တို့ကတော့ တာလမ်းပေါ် ဟိုဘက်ဒီဘက် ဖြတ်ပြေးရတာကို ပျော်တာ။ မကြီးဂျမ်းကတော့ တာလမ်းပေါ်မဖြတ်ခင် ကျုပ်တို့တွေကို စောင့်ပြီး လက်ကတွဲ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ 'မောင်ငယ် ဒီလာ'။
'မကြီးလက်ကိုတွဲ'လို့ ပြော
တတ်တယ်။ အဲဒါဆို သေ
ချင်းဆိုး သာမောင်က အရင်
ဆုံးပြေးပြီး မကြီးဂျမ်းလက်
ကို ကိုင်ထားတော့တာပဲ။ ပြီး
တော့ ကျုပ်ကို ပြုံးဖြိဖြိလုပ်
ပြသေးတယ်။ ဒါပေတဲ့၊
မကြီးဂျမ်းက သူ့လက်ကို
ကျော်ပြီး ကျုပ်လက်ကိုတွဲ
တယ်။ ပြုံးပြတယ်။ အဲဒီ
အပြုံးတော့ ကျုပ် မေ့လို့ရမှာ
မဟုတ်ဘူး။

အရပ်ထဲက လူတွေက
တော့ မကြီးဂျမ်းကို ဂျမ်း
တောမလို့ပဲ ခေါ်ကြတယ်။
ဘာလို့လဲတော့ မသိဘူး။
သူက သူ့ကိုယ်သူ အစ်မကြီး
လို သဘောထားပြီး 'မကြီး'
လို့ ပြောတာနဲ့ပဲ ကျုပ်တို့က
လည်း မကြီးဂျမ်းလို့ ခေါ်
ကြတာ။ ဦးထွန်းခင်ကြီးက
လည်း ကားလမ်းဖြတ်ပြီး
ကျုပ်တို့ရွာဘက် ပြန်ကြတာ
ကို ကြည့်ရင်း 'ဟကောင်
တွေ။ မင်းတို့အစ်မကြီး
လက်ကို တွဲကြ'လို့ ပြော
တယ်။ ဒါနဲ့ပဲ ကျုပ်တို့အခေါ်
မကြီးဂျမ်းရယ်လို့ တွင်သွား
တာပဲ။ မကြီးဂျမ်းတို့ အဖေ
အမေနဲ့ ကျုပ်တို့ အဖေအမေ
တွေလည်း ရင်းကြတယ်။
လုပ်ငန်းချင်း ဆက်ကြတယ်
ဆို သလားပဲ။ ကျုပ်တို့အိမ်
ကိုလည်း မကြီးဂျမ်းတို့ လာ
ဖူးတယ်။ ဂျမ်းတောမလို့
အရပ်ထဲမှာ တွင်နေပေမဲ့
မကြီးဂျမ်းက ကြမ်းကြမ်း
တမ်းတမ်း မဟုတ်ဘူး။
တခြားကောင်မကလေးတွေ
နဲ့ ယှဉ်ရင် သိပ်နူးညံ့တာပဲ။
အသားရေကလည်း အညာ
ခွင်ကျ မည်းစပ်စပ်ဆိုတာမျိုး
မဟုတ်ဘူး။ ဖြူတူတူရယ်။
ဖြူဆို အရီး မမယ်တင်
အပြောကတော့ မကြီးဂျမ်းရဲ့
အမေက စုရတီ အဖြူမတဲ့။
စုရတီအမည်းမ ရှိမရှိတော့
မသိဘူး။ သူ့အဖေက ဦးလေး
ကြီး ပေါ်ထင်ပဲ။

ဦးလေးကြီး ပေါ်ထင်
က အဲဒီ စုရတီအဖြူမ ဆိုတာ
နဲ့ ယူတော့ သူတို့အိမ်က
သဘောမတူကြဘူးတဲ့။
သဘောမတူတာမှ နှစ်ဖက်
စလုံးက သဘောမတူဘူး။
ဦးလေးကြီးပေါ်ထင်တို့ဘက်
က ပရိက္ခရာကုန်သည်တွေ။
ချမ်းသာတယ်။ ဟို၊ မန္တလေး
ဘက်ဆီက ဆိုသလားပဲ။ စုရ
တီအဖြူမတို့ကလည်း ချမ်း
သာသတဲ့။ ဦးလေးကြီးပေါ်
ထင်က ပျဉ်းမနားဘက်ဆီက
အထက်တန်းကျောင်းမှာ
ကျောင်းဆရာဖြစ်လာပြီး စုရ
တီအဖြူမနဲ့ တွေ့ကြတာပဲ။
တိုတိုပြောရရင်တော့ နှစ်ဖက်
စလုံးက သဘောမတူတော့
ခိုးပြေး။ ဒီဘက်မှာ လာနေ
ရင်း ကျောင်းဆရာ ဆက်လုပ်
တယ်။ မကြီးဂျမ်းကိုမွေးပြီး
တော့ စုရတီအဖြူမ သေ
တယ်။ ဒီတော့ ကလေးကို
အိမ်နီးနားချင်းတွေနဲ့ အထက်
တန်းကျောင်းသူတွေက ဝိုင်း
စောင့်ရှောက်ပေးကြတယ်။
အဲဒီအထဲမှာ မရန်းတောက
မမွေးလည်းပါတယ်။ မကြီး
ဂျမ်း သုံးနှစ်သမီးလောက်မှာ
လူကြီးတွေက ဝိုင်းပြီး နားချ
ပြီး ဦးလေးပေါ်ထင်နဲ့ မမွေး
ကို ပေးစားလိုက်တယ်။
မမွေး၊ ခုတော့ ဒေါ်မွေးပေါ့
လေ။ ဒေါ်မွေးကလည်း
မကြီးဂျမ်းကို သူ့သမီးရင်းလို
ပဲ ချစ်ရှာတာ။ ဦးလေးကြီး
ပေါ်ထင်ကတော့ မမွေးနဲ့ အိမ်
ထောင်ကျပြီးကတည်းက
ကျောင်းဆရာ မလုပ်တော့ဘဲ
မရန်းတောမှာ လိုက်နေရင်း
သူ့ယောက္ခမတွေ အလုပ်ကို
ဝင်စီးပေးတယ်။ သူတို့လုပ်
ငန်းတွေက ဒေါ်မွေးအစ်ကို
ဆုံးပြီးကတည်းက မွေး
ကျွတ်နေတာ ခုခါမှပဲ ပြန်
ထောင်လာတယ်တဲ့။ ဦးလေး
ကြီးပေါ်ထင်က အလုပ်
ကောင်းဆိုပဲ။

ကနဦးကတော့ မကြီး
ဂျမ်းကို တံတားထိပ်ကားဆိပ်
ဆီက ကျောင်းမှာ ကျောင်း
အပ်ထားတာ။ ဒီဘက်မှာ
မူလတန်းကျောင်းကလေး
ဖြစ်လာတာနဲ့ပဲ ဆရာ မြကြီး
ကျောင်းမှာ နေဖြစ်သွားတော့
တာ။ ကျုပ်ကတော့ ကျောင်း
သွားရရင် ပျော်တာပဲ။ တာ
လမ်းအကူးမှာ မကြီးဂျမ်းက
'မောင်ငယ်တို့ လာကြ'လို့
ခေါ်ပြီး လက်တွဲတာကို ကျုပ်
ကြိုက်တယ်။ မကြီးဂျမ်း
လက်ကလေးကို ကိုင်ထားရ
တာကိုက တစ်မျိုးပဲ။ နူးညံ့
တယ်လို့ ပြောရမလားပဲ။
ကျုပ်တို့ နှစ်တန်းရောက်တဲ့
အထိ မကြီးဂျမ်းလက်ကို တွဲ
ပြီး လမ်းဖြတ်ရတုန်းပဲ။ အဲဒီ
ကျတော့ သာမောင်က ငါတို့
က ယောကျ်ားကလေးတွေပဲ၊
ဘာလို့ မိန်းကလေးလက်
တွဲရမှာလဲလို့ ဖြစ်လာတယ်။
ကျုပ်ကတော့ ဝမ်းတောင်သာ
သေး။ သင်းက လက်မတွဲ
တော့ ကျုပ်တစ်ယောက်
တည်း လက်တွဲရတာ။ တစ်
ခါတလေ မြောက်ဘက်ထဲ
ဆီက ခင်ဥတို့ညီအစ်မပါ
တယ်။ မကြီးဂျမ်းက ကျုပ်
ကို လက်တစ်ဖက်ကတွဲရင်း
တခြားဘက်က ခင်ဥတို့ ညီ
အစ်မကို တွဲတယ်။ သာမောင်
ကတော့ ကော့တော့၊ ကော့
တော့နဲ့ သူ့ဘာသာ ကားလမ်း
ဖြတ်တယ်။ မကြီးက ဟဲ့
သာမောင် ဘယ်ညာကြည့်
နော်လို့ လှမ်းအော်တတ်
တယ်။ သာမောင်ကတော့
ပြောဖူးတယ်၊ မကြီးဂျမ်းက
ငါ့တော့ သာမောင်လို့ပဲ ခေါ်
တယ်။ မင်းကိုသာ မောင်
ငယ်လို့ ခေါ်တာတဲ့။ မင်း
က ခေါ်ချင်စရာကို
သောက်ကျည်းက တန်
ကိုး။ ငါ့နာမည်က မောင်
မို့ မောင်ငယ်လို့ ခေါ်
မဟုတ်ဘူး။ သူ့မောင်လေး
သဘောထားပြီး ငါ့ကို မောင်
ငယ်လို့ ခေါ်တာလို့ ကျုပ်
အသားယူ ပြောလိုက်
သင်းက မကျေနပ်ဘူး။
မယ် ကြိတ်မယ် လုပ်
သေးတာ။ မင်း ငါ့အသား
ထိကြည့်စမ်း။ မင်းခေါင်း
အုတ်နီခဲနဲ့ ထုပစ်မှာလို့
တော့မှ ငြိမ်တယ်။ ကျုပ်
ဦးထွန်းခင်ကြီး ပြော
ကြားဖူးထားတယ်။ နိုင်
ဟာ တရားတာပဲ တဲ့။
ကိုတော့လည်း ကျုပ်
ဘယ်လိုဖြစ်ဖြစ် နိုင်

လေးတန်းအောင်
မကြီးက တံတားထိပ်
ဆိပ်ဆီက အလယ်
ကျောင်းကို ပြောင်းရ
ဒီတော့လည်း ကျုပ်က
ကို စာမေးပွဲ ကျစေချင်
တစ်နှစ် နှစ်နှစ်လောက်
ပြီး စာမေးပွဲကျနေရင်
တို့နဲ့အတူတူ အလယ်
ကျောင်း ပြောင်းကြ
အလယ်တန်းကျောင်း
ဘယ်သို့ဘယ်ပုံဆို



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးသောင်းစိန်ကို မေးကြည့်ရတယ်။သူက အလယ်တန်းကျောင်း ရောက်နှင့်နေပြီ။ ကိုကြီးသောင်းစိန်က ကျောင်းမပျော်ဘူး။ ကျောင်းသွားတာက ကျောင်းမှာ ရန်ဖြစ်ပြီး ထိုးချင်ကြိတ်ချင်လို့တဲ့။ သူ့အဖေက ကျုပ်တို့အဖေဆီမှာလုပ်တော့ အဖေကပဲ သူ့ကို ကျောင်းထားပေးတာ။ ချောင်းရဲ့ အရှေ့ဘက်ခြမ်းကကောင်တွေကို ထိုးကြိတ်လာခဲ့ရရင် ကိုကြီးသောင်းစိန်က သိပ်ပျော်တာ။ ကျုပ်တို့ကို ပြန်ပြောပြတတ်တယ်။ ရုပ်ရှင်ထဲကလိုပဲ။ ဘယ်လိုထိုးလိုက်တာ။ လဲသွားတော့ ဘယ်လို ကန်ကျောက် ထည့်လိုက်တာ။ အဲသလို ဖြစ်ပြီးရင်လည်း ကျောင်းအုပ်ကရိုက်လို့ သူ့ကျောမှာ ကြိမ်ရာနဲ့။ ဒါပေတဲ့ အရိုက်ခံရလို့ နာပုံမရဘူး။ ချောင်းဟိုဘက်ခြမ်းကကောင်တွေကို နှိပ်ထည့်လိုက်ရတာကိုပဲ သူက ကျေနပ်နေတာ။ ကျုပ်ကတော့ ချောင်းရဲ့ ဟိုဘက်ခြမ်းကကောင်တွေအကြောင်း တွေးကြည့်ပြီး ချီတယ်။ မကြီးတစ်ယောက်အဲဒီမှာ ကျောင်းသွားတက်ရင် စလား၊ ပြုလား လုပ်ကြရင် ဘယ်လိုလုပ်မှာတုံး။ မကြီးနဲ့ တစ်ရွယ်တည်း၊ တစ်တန်းတည်း မိညွှက်ဆိုတာကလည်း နာမည်အတိုင်း ညွှက်ညွှက်ကလေးရယ်။ မိညွှက်က ကျုပ်တို့ဘက်ဆီ ... မကြီးတို့နဲ့ လေးတန်းအတူဖြေမယ့် အထဲမှာလည်း ကျောင်းသားမပါဘူး။ မကြီးဘယ်သူ့ကို အားကိုးမှာလဲ။

‘မကြီးတို့ နောင်နှစ်ထဲ ကိုကြီးသောင်းစိန်တို့ကျောင်းပြောင်းလာရင်၊ အဲဒီချောင်းဟိုဘက်က အကောင်တွေက စလား ပြုလားလုပ်ရင် ဘယ်လိုလုပ်မလဲ’

ကိုကြီးသောင်းစိန်က ကျုပ်ကို အူကြောင်ကြောင်နဲ့ ကြည့်တယ်။

‘ဘာလို့ စရမှာလဲ’လို့ သူက ပြန်မေးတယ်။

‘ပြောတတ်ဘူးလေ’

‘ငါရှိပါတယ် ကောင်လေးရာ’လို့ ကိုကြီးသောင်းစိန်က ပြောတယ်။ ‘ငါတစ်ယောက်လုံး ရှိနေမှ ငါတို့ဘက်အပိုင်းက ကျောင်းသွားတက်တဲ့ လူတွေကို ငါက စောင့်ရှောက်ရမှာပဲ’တဲ့။

ကျုပ်အတွက်တော့ ကိုကြီးသောင်းစိန် လူစွမ်းကောင်းပဲ။ လူစွမ်းကောင်းဆိုတာ ဘာမှန်းတော့မသိဘူး။ ဒါပေတဲ့ လူစွမ်းကောင်းဆိုတာ အဲဒီလိုလူမျိုးပဲ ဖြစ်မယ်ထင်တယ်။ ကျုပ်တို့ တတိယတန်း တက်ရတဲ့နှစ်မှာ ကျုပ်မပျော်ဘူး။ မကြီးနဲ့ နေ့တိုင်းကျောင်းမသွားကြရတော့လို့။ ဒါပေတဲ့ တနင်္လာနေ့မနက်တိုင်း ကျောင်းဘက်ကို အစောချည်း ထွက်ခဲ့တယ်။ တနင်္လာနေ့ဆိုရင် မကြီးတို့ အလယ်တန်းကျောင်းသွားမယ့်တစ်သိုက်က ကိုထွန်းမောင်ကြီးကားကို စောင့်စီးကြရတာကိုး။ ကိုထွန်းမောင်ကြီးက ရှစ်နာရီထိုးဆိုတာ လမ်းပေါ်က ရပ်စောင့်တယ်။ သူ့ကားမလာခင် မကြီးတို့လူသိုက် သစ်ပင်တန်းအောက်ဆီမှာ စုကြတယ်။ ကျုပ်က အဲဒီအချိန်မီအောင် သွားပြီး မကြီးတို့နဲ့ စကားရောဖောရော လုပ်ရတယ်။ အဲသလို လုပ်လိုက်ရရင် ဘာလို့မှန်းတော့ မသိဘူး၊ တစ်နေ့လုံး ကျုပ်ရွှင်တယ်။ သောကြာနေ့ဆိုရင်လည်း ကျောင်းကပြီးလို့ အိမ်အပြန်မှာ တန်းပြီး အိမ်မပြန်ဘူး။ တာလမ်းပေါ်မှာပဲ မကြီးတို့ပြန်အလာစောင့် နေမိတတ်တယ်။ တစ်ခါတလေ သာမောင်ပါ ကျုပ်နဲ့အတူ စောင့်နေတတ်တယ်။ သူကတော့ ကိုကြီးသောင်းစိန်နဲ့ လေပစ်ချင်တာ။ သောကြာနေ့ ညနေဘက်ဆိုရင် သူတို့က ရွာနှစ်ရွာစပ်က လှိုိထိပ်မှာနေတဲ့ စံထားတို့ ညီအစ်ကိုဆီ သွားတတ်ကြတယ်။ စံထားတို့က ဝက်ဖောက်တယ်။ တောလိုက်တယ်။ ကိုကြီးသောင်းစိန်က သူတို့ညီအစ်ကိုတဲဆီသွားရင်း လင်းလေးအပစ်သင်နေတာ။ ကျုပ်ကတော့ မကြီးတို့နဲ့ စကားပြောရင်း တစ်ခါတလေ မကြီးတို့ရွာဘက်အထိ လိုက်သွားတယ်။ ဒါတောင် ထုံးဘုရားနားဆီရောက်ရင် မိညွှက်က ငါတို့က ဒီဘက်ထဲသွားမှာမှ မဟုတ်ဘဲဆိုပြီး ဝင်ပြောတတ်သေးတယ်။ ဒီကောင်မကတော့ ခက်တယ်။ အလယ်တန်းကျောင်း ရောက်နေပေမဲ့ အဖေတို့ပြောသလိုပြောရရင် လူရေးလူရာ နားမလည်တဲ့ကောင်မ။ ကျုပ်ကတော့ မုန်းတယ်။ တစ်ခါတုန်းက ကျောင်းကအပြန် မကြီးတို့ရွာဘက်ဆီ ကျုပ်က လိုက်သွားတာကို ဒီကောင်မက အိမ်ဝင်ပြီး အရီးရေ၊ အရီးသားတော့ ချောတောငေါ့ပြီး တောင်ဘက်ထဲ လိုက်သွားလေရဲ့လို့ ခလောက်ဆန်သွားသေးတာ။ အမေကတော့ ဘာမှ မပြောပါဘူး။ အဖေကသာ ငါ့ကောင်ကြီး ဂျမ်းတောမကို ကြိုက်နေသလားဟလို့ ပြောတယ်။

အဲဒီတုန်းကတော့ မသိဘူး။ ကြိုက်တာတို့၊ ဘာတို့ဆိုတာတွေ။ အဲဒါတွေက လူကြီးတွေနဲ့ ဆိုင်တာတွေလို့ ကျုပ်ထင်တယ်။ ကျုပ်သိတာကတော့ မကြီးဂျမ်းရဲ့ မျက်နှာကို မြင်ရရင်...၊ မကြီးနားမှာ နေနေရရင် ကျုပ်ပျော်တာပဲ။ ပျော်တာဆိုပေတဲ့ ကစားရလို့ ပျော်တာမျိုးလည်း မဟုတ်ဘူး။ မကြီးက မောင်ငယ်လို့ ခေါ်လိုက်တာကို ကြားရတာကိုက တစ်မျိုးပဲ။ ကျုပ် နှစ်တန်းတက်တဲ့နှစ်ဟာ ပျော်ဖို့လည်းကောင်းတယ်။ ပျော်လည်း မပျော်ဘူး။ မပျော်တာက မကြီးဂျမ်းတစ်ယောက် အလယ်တန်းပြောင်းသွားလို့။ ပျော်ရတာက ကျုပ်တို့ နှစ်တန်းတွေကို ဆရာမြကြီးက အတွက်ကောင်းကောင်းသင်လို့ပဲ။ အတွက်သင်တာက ပျော်စရာမကောင်းဘူး။ သာမောင်ဆို မျက်ရည်တစမ်းစမ်း၊ နှပ်ချေးတရှုံ့ရှုံ့နဲ့။ ကျုပ်က ပျော်ရတာ၊ မကြီးဂျမ်းဆီ မကြာမကြာ သွားတွေ့ရလို့ပဲ။ ဆရာမြကြီးက အိမ်စာအတွက်တွေ ပေးလိုက်ရင် ကျုပ်က မတွက်တတ်လို့၊ မကြီးကို အတွက်ပြခိုင်းဦးမယ်လို့ အဖေတို့ အမေတို့ကို ပြောပြီး မကြီးတို့အိမ်ဘက်



www.burmeseclassic.com

www.burmeseclassic.com

သွားရော။ နောက်ပိုင်းတော့ အမေကို ပြောရတယ်။

'အမေရာ၊ ကျုပ်က အတွက်ညံ့တော့ မကြီးဂျမ်းကို အပြခိုင်းပေးစမ်းပါ။ စနေနေ့မနက်လိုဟာမျိုးပေါ့'

အမေက 'အေးအေး'လို့ ပြောပြီး အဖေ့ကို လှမ်းပြောလိုက်တယ်။

အဖေက လှမ်းမေးတယ်။

'တို့ဘက်ထဲက မိညွက်ရော။ သူလည်း အလယ်တန်းကျောင်း တက်နေတာပဲ။ နီးနီးနားနားရယ်'တဲ့။

မိုးထဲလေထဲ ဒီကောင်မကိစ္စက ဝင်လာတယ်။ ကျုပ်ကလည်း ထည့်မတွက်မိဘူး။ ဒီတော့လည်း သာမောင်ပြောထားဖူးတဲ့စကား သတိရလိုက်မိတယ်။ ကူလီကူမာ လုပ်တတ်မှ ဉာဏ်ကောင်းတယ် ခေါ်တာတဲ့။ ထိုတဲ့ကောင်တွေ တုံးကြတာ ကူလီကူမာ မလုပ်တတ်လို့တဲ့။ လူတွေ နိုင်ငံရေးသမားဖြစ်သွားတာ ကူလီကူမာ လုပ်တတ်သွားလို့တဲ့။ ဒီတော့ ကျုပ်က အဖေ့ကို လှမ်းပြောလိုက်ရတယ်။

'မိညွက်ကိုယ်တိုင်ကလည်း အတွက်ညံ့ညံ့ရယ်ပါလို့ ကျုပ်ကြားတယ်။ မကြီးဂျမ်းကတော့ ဦးလေးကြီးပေါ်ထင် ကိုယ်တိုင်ကလည်း ကျောင်းဆရာလူထွက်ဆိုတော့ သူကိုယ်တိုင်က ညစဉ် မကြီးဂျမ်းကို အတွက်သင်ပေးတာတဲ့'

'ဟုတ်မယ်'လို့ အဖေက ကျေနပ်သွားပုံပဲ။ 'ပေါ်ထင်က သူ့သမီးကို စာအင်မတန် တော်စေချင်တာ။ အဖေစီစဉ်လိုက်မယ်။ ဂျမ်းတောမလည်း စာပြခ မုန့်ဖိုးတစ်မတ်၊ ငါးမူးပေးတာပေ့။ ဒါဆို သူလည်း သဘောကျမှာပါ'

မကြီးဂျမ်းတစ်ယောက် သဘောကျ မကျတော့ ကျုပ်မသိဘူး။ ကျုပ်ကတော့ သဘောကျတယ်။ ဒီပြင်ကျုပ်ခေါင်းထဲ ဝင်လာတာ တစ်ခုက ပိုက်ဆံဆိုတာဟာ အရာရာအပေါ် အောင်မြင်နိုင်တယ်ဆိုတာတော့ အာမမခံနိုင်ဘူး။ ပိုက်ဆံရှိရင် တစ်ခုခုတော့ လုပ်နိုင်ကိုင်နိုင်တာပဲ။ ကျုပ် နှစ်တန်းတက်တဲ့နှစ် နှစ်ဝက်လောက်ကတည်းက စနေနေ့ဆို မကြီးက အိမ်လာပြီး အတွက်သင်ပေးတယ်။ နောက်တော့ သာမောင်ကပါ သင်ချင်တယ်ဆိုလို့ မကြီးက သင်ပေးရတယ်။ အဲဒါ ကျုပ်တို့လေးတန်းတက်တဲ့အထိပဲ။ ကျုပ်တို့ လေးတန်းနှစ်မှာ မကြီးက ခုနစ်တန်းဖြေရမှာမို့ စာတွေများလာလို့ ပုံမှန် မသင်ပေးနိုင်တော့ဘူးတဲ့။ ဒါပေတဲ့ ကျုပ်ကတော့ အချိန်ရတိုင်း မကြီးတို့ဘက်ဆီ သွားသွားပြီး စာမေးတယ်။ အတွက်မှ မဟုတ်တော့ဘူး။ ပထဝီတို့ ရာဇဝင်တို့တွေ ပါလာတယ်။ ကျုပ်အတွက်ကတော့ အတန်းတက်လာရလေ မကြီးနဲ့တွေ့ဖို့ လမ်းစတွေ ရလာလေပဲ။ အဲဒီနှစ်က လေးတန်းဖြေပြီးလို့ နွေကျောင်းပိတ်တော့ ကျုပ်တို့ ကိုရင်ဝတ်ကြရတယ်။ အဖေတို့ အမေတို့ မောင်နှမတွေစီစဉ်တာ။ ဒီတော့ သာမောင်ရော ကျုပ်ပါ ကိုရင်ဝတ်ကြရတယ်။ ကျုပ်တို့ကို ထိန်းဖို့ဆိုပြီး ကိုကြီးသောင်းစိန်ကိုပါ အဖေတို့က ကိုတွတ်မသားအနေနဲ့ ကိုရင်ဝတ်ပေးတယ်။

သာမောင်က ပြောတယ်။ ကိုရင်ဝတ်ပြီးလို့ လူထွက်ရင် ငါတို့ လူပျိုဖြစ်မှာတဲ့။

'ဘယ်လိုဖြစ်မှာလဲ' လို့ မေးတော့…

'ငါလည်း မသိဘူး။ ကိုကြီးသောင်းစိန်တို့ ပြောတာကြားဖူးတာပဲ'တဲ့။

'မဟုတ်သေးပါဘူးကွာ'လို့ ကျုပ်က ပြောမိတယ်။

'ဟုတ် ဟုတ် မဟုတ်ဟုတ်။ ငါကတော့ အကန်တော့ခံရမှာကို ပျော်တယ်' လို့ သူကပြောတယ်။

အဲဒါ သာမောင်ပဲ။ စီးစီးပိုးပိုးကလေးနေရမှ။ အဲသလိုကလေး နေလိုက်ရရင် သိပ်ပျော်တာ။ ကျုပ်ကတော့ ညနေတိုင်း ဘီလပ်ရည်လာကပ်ကြတာကို ပိုပျော်တယ်။ အဲဒီထဲ မကြီးဂျမ်းလည်းပါတယ်။ မကြီးက ညဘက်ဆာခဲ့ရင် အချိန်မရွေး ဖျော်သောက်လို့ရအောင် သစ်ခွရည်ဆိုတဲ့ ပုလင်းပေးထားခဲ့တယ်။ ကျုပ် ကြိုက်တယ်ဆိုတဲ့ ကရင်ဆိုဒါလို စိမ်းစိမ်းအရည်ပဲ။ အဲဒီပုလင်းကိုလည်း သာမောင်တို့မသိအောင် ဝှက်ရသေးတယ်။ သာမောင်က သိပ်မကျေနပ်လှဘူး။ မကျေနပ်တဲ့အထဲမှာ သူ့ကို ကိုရင်သာမောင် လို့ ခေါ်တာ။ မင်းကိုတော့ ကိုရင်မောင်ငယ် လို့ခေါ်တယ်၊ ငါ့တော့ ကိုရင်သာမောင် လို့ ခေါ်တယ်။ မတရားဘူးလို့ ပြောနေသေးတယ်။ ကိုကြီး သောင်းစိန်က မင်း ကိုရင်သာမောင်လို့ ခေါ် မင်းက ဘာနာစရာရှိ တုံးလို့ ငေါက်လိုက်ကာ အတော်ငြိမ်သွားတယ်။ မ လို့လည်း မဖြစ်ဘူး။ ကိုကြီး သောင်းစိန်က ညဘက်ဆာ ရင် ထမင်းခိုးကျွေးတာ။ သူ ဆွမ်းချက်တဲ့ဦးကြီးနဲ့က တယ်။ ဒီတော့ ဦးကြီး ထမင်းကျန်ဟင်းကျန်က တွေကို တစ်နေရာမှာ အ ချပေးထားတယ်။ ကျုပ် နှစ်ပတ်လုံးလုံး ကိုရင်ဝတ် တာမှာ ညဘက်မှာ ထမင်း သာ ခိုးမစားရင် သာမောင် တစ်ယောက် တစ်ရက်တည် နဲ့ ထွက်ပြေးမှာ။ ပြော တော့ ထွေးကြီး ကြီးမောင် ကြိမ်နဲ့ နှက်မှာ သေချာတယ် ကျုပ်ကတော့ လိမ့်ပိမ့် တယ်။ သာမောင့် လို အကန်တော့ခံရတာကို လည်း ကြိုက်တယ်။ ဒီ ညဘက် ထမင်းခိုးမစား အကန်တော့ခံရတာဟာ ဂုဏ်ယူစရာကောင်းတယ် ကျုပ်ထင်တယ်။ ညစာ မစားဘူး။ မကြီးဂျမ်း ထားတဲ့ သစ်ခွရည်ကို လူအလစ်မှာသောက်တယ် ဒါပေတဲ့ နှမြောလည်း တယ်။ အစိမ်းရည်က တွေ ကုန်သွားမှာလည်း တယ်။ အစိမ်းရည်ကို ရောလိုက်တိုင်း ကလေးတွေ တက်လာ ဟာ မကြီးတစ်ယော စကားပြောရင် ပြီးသ ပဲ။

*(ဆက်လက်ဖော်ပြပါ*

■ မြင်



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်၊ တစ်ခါတလေ
ရောက်တတ်ရာရာ အတွေးတွေကို
ဖြန့်ကြက်မိတာပါ။ လွတ်လွတ်လပ်လပ်
ဘောင်စည်းမကန့်ဘဲ ဖြန့်ထွင်တာဆိုတော့
ဟိုရောက်လိုက်၊ ဒီရောက်လိုက်ပေါ့။
ဦးဆုံးဝင်လာတဲ့အတွေးက
မကြာသေးခင်ကမှ ဖတ်ပြီးလိုက်တဲ့
'စိန့်ဂျွန်းယောက်ျားကလေးများကျောင်း'ရဲ့
နှစ် ၁၅၀ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း။
အဲဒီကျောင်းကို အခုတော့
အထက ၁ လမ်းမတော်လို့ပဲ လူတွေ
သိကြတော့တယ်။ အချိန်ရဲ့ဖြတ်သန်းမှုက
အတော်မြန်လှပါလား…။ ကျောင်းကြီး
တည်ထောင်ခဲ့တာ နှစ်ပေါင်း ၁၅၀ လို့
မတွေးမိခဲ့ဖူးဘူး။ အေးလေ…ဘမောင်တို့
အဲဒီကျောင်းကြီးက ထွက်ခဲ့တာတောင်
နှစ် ၅၀ ရှိခဲ့ပြီပဲကိုး…။
မဂ္ဂဇင်းမျက်နှာဖုံးမှာ အသားပေး
ဖော်ပြထားတဲ့ မျက်နှာစာအဆောက်အဦရဲ့
အပေါ်ထပ်က ဘမောင်တို့တုန်းကဆိုရင်
'သေတ္တာခန်း'လို့ ခေါ်တယ်။ ဘော်ဒါနေတဲ့
ကျောင်းသားတွေရဲ့အဝတ်သေတ္တာထားတဲ့
အခန်းပါ။ အဲဒီတုန်းက သံသေတ္တာ၊
ထင်းရှူးသေတ္တာတွေ အသုံးများတယ်။
မျက်နှာစာရှည်လျားတဲ့ အပေါ်ထပ်ကတော့
ဘမောင်တို့ နေစဉ်က ခုတင်တွေကို
တစ်ဖက်တစ်ချက်စီ ခေါင်းချင်းဆိုင်အတန်းနှစ်တန်း

ထားခဲ့တဲ့နေရာ။
လေဝင်လေထွက်ကောင်းအောင်
အပေါ်က ပြတင်းပေါက်နဲ့
ပြတင်းပေါက်အောက်မှာ
တရုတ်ကပ်တွေရှိတယ်။
မဂ္ဂဇင်းပုံထဲမှာ တရုတ်ကပ်တွေ
အကောင်းအတိုင်း ရှိနေသေးတာ
တွေ့ရတယ်။ ဟိုတုန်းက လက်
ပစ္စည်းတွေရဲ့အရည်အသွေးကို
အမှတ်ရလိုက်ရပြန်သေးတယ်။
ပင်မအဆောက်အဦးကြီးကို
မျက်နှာမူလိုက်ရင်
ဘယ်ဘက်အခြမ်း အပေါ်ထပ်မှာ
အဆောင်မှူးလုပ်တဲ့ မစ္စစ်မေရီ
နေတာ။ ကျောင်းသားတွေအပေါ်
မိခင်တစ်ဦးလို သိပ်ကြင်နာတဲ့
ဆရာမကြီး။ အဲဒီကပ်လျက်က
ကျောင်းသားတစ်ဦးဦး ဖျားနာခဲ့
တခြားသူတွေကို ကူးစက်မှာစိုး
ခွဲထားပေးတဲ့အခန်း၊
အင်္ဂလိပ်တွေများ
အဲသလို စနစ်ကျတာ။ ဖျတ်ခနဲ
မှတ်မိလိုက်တာတစ်ခု ရှိသေးတာ
မိုးဦးကျ ဖျားနာသူ
သုံး၊ လေးယောက် အဲဒီအခန်းမှာ
၂ ရက်လောက်
နေရလိုက်သေးတာမှာတောင်



www.burmeseclassic.com

www.burmeseclassic.com

ဘဝက အချိန်ကို အကန့်အသတ်နဲ့ သုံးနေရတဲ့
အကျပ်အတည်းထဲမှာ ရှင်သန်နေရတော့
ရေးချင်တာတွေလည်း အားလုံးချပြီး မရေးဖြစ်ခဲ့ပြန်ဘူး
တွေးမိတာတွေလည်း ရေးခွင့် မကြုံခဲ့ပြန်ဘူး
နောက်ဆုံးတော့ ရိုးစင်းစွာနဲ့ ဆန်းကြယ်တာကိုက
ဘဝတစ်ခုပဲလားလို့တောင် တွေးမိလိုက်ပါတယ်

မောင် ပါခဲ့လိုက်သေးတယ်။
ဒီတုန်းက ဆရာကြီး ဦးအောင်ရှိန်ရဲ့
ကာတွန်းတွေက ဘမောင်တို့အတွက်
သည်းစွဲပဲ။ **ရှုံစား၊ ဒိန်းဒေါင်၊**
**လူပေါ၊ မောင်ကမ္ဘာ၊ ဒီလုံး** စတဲ့
ကောင်တွေရဲ့
န်းသဏ္ဌာန်ရော၊
ကာတွန်းတွေရဲ့စရိုက်ကိုပါ အခု
သက်ခြောက်ဆယ်ကျော်အထိ
မိနေဆဲပဲ။
က်တစ်ဝါးစာ
ကာတွန်းတစ်အုပ်ကို ဆယ်ပြား၊
ကြီးက ပြားခြောက်ဆယ်။
မောင်တို့ ကျောင်းနေစဉ်က
တန်းအဆင့်မှာ
နေ့ ဆယ်ပြားပဲ ရတယ်။
နေ့ ငါးပြားစား၊
ပြားစုရင် နှစ်ရက်မှာ
က်တစ်ဝါးစာ ကာတွန်းစာအုပ်
ယ်။ ဆိုက်ကြီး
ချင်ရင်တော့ ဆယ့်နှစ်ရက် စုပေါ့။
တုန်းက ထွက်ခဲ့တဲ့
ကာတွန်းတွေက အများကြီးပဲ။
ယ်တွေ သိပ်ကြိုက်ကြတဲ့
**ခေါင်းနဲ့**
**ဖက်ဆာဆိတ်ဖွား** ဆိုရင်
င်သူအဖြစ် အခုထက်ထိတောင်

# နေဝင်လတ်

## ရိုးစင်းစွာနဲ့ ဆန်းကြယ်တာကို
## ဘဝလို့ဆိုရင်...



www.burmeseclassic.com

www.burmeseclassic.com

စွဲနေတုန်းပဲ။ နောက်ပြီး ဆရာကြီး ဦးအောင်ရှိန်က သရဲပုံတွေကိုလည်း သိပ်ပြီးဆွဲတတ်တယ်။ ပုံစံအမျိုးမျိုးနဲ့။ တချို့ဆို ဗိုက်ကွဲကြီး၊ ချုပ်ရိုးတွေနဲ့၊ သရဲတွေအချင်းချင်း သင်္ချိုင်းကုန်းမှာ ညဘက်စကားပြောနေကြတဲ့ ပုံတွေကို အခုထက်ထိ မျက်စိထဲက မထွက်သေးဘူး။

မှတ်မှတ်ရရရှိတာ တစ်ခုရှိတယ်။ ဘမောင်က နေမကောင်းဘူး။ အဲဒီတော့ သီးသန့်အခန်းလေးမှာ နှစ်ရက်လောက် ခဏနေရတယ်။ ကာတွန်းတွေ ဖတ်တယ်ပေါ့။ သရဲရုပ်ဆိုးဆိုးပုံကိုကြည့်ပြီး ညဘက် ရှူးရှူး မပေါက်ရဲဘဲ တစ်ညလုံး အောင့်ထားခဲ့ရတာကို ပြန်တွေးမိလိုက်ရသေးတယ်။

❑

၁၉၆၂ မှာ တော်လှန်ရေးကောင်စီ တက်လာတယ်။ မကြာခင်မှာဘဲ ပြည်သူပိုင်သိမ်းတယ်။ စိန့်ပြွန်းကျောင်းကြီးလည်း ပါသွားတာပေါ့။ အဲဒီတော့ ဘမောင်တို့ ကျောင်းပြောင်းခဲ့ကြရတယ်။ တောင်ဥက္ကလာ အမက ၈ ကို ရောက်တယ်။ ကျောင်းနှစ်ခုရဲ့ ကွာဟချက်က အကြီးကြီးပဲလေ။ ပြောင်းပြောင်းချင်း မနေတတ်၊ မထိုင်တတ်ဖြစ်ခဲ့ရသေးတယ်။ စိန့်ပြွန်းက ဘိုကျောင်း။ အင်္ဂလိပ်လိုပဲ ပြောရတာ။ အမက ၈ က မြန်မာစစ်စစ်ကျောင်း။ ဗုဒ္ဓဘာသာ သင်ရတယ်။ ဘမောင်ရဲ့ဘဝမှာ ဗုဒ္ဓဘာသာရဲ့ ၃၈ ဖြာ မင်္ဂလာကို အဲဒီ တောင်ဥက္ကလာကျောင်းမှာ စပြီး သင်ခွင့်ရခဲ့တာ။ ကြားကြားချင်း ကြက်သီးတွေက ဖြန်းဖြန်းထခဲ့တယ်။ ပြောမပြတတ်ဘူး။ ရင်ထဲမှာ အရမ်းကြီး ကြည်နူးခဲ့တာပဲ။ ဗုဒ္ဓဘာသာဟာ ပိစိကွေး ဘမောင်ရဲ့ စိတ်အဝင်စားဆုံး ဘာသာဖြစ်လာခဲ့တယ်။ ဒါပေမဲ့ စိတ်ညစ်တာ တစ်ခုရှိတယ်။ စာမေးပွဲဖြေလိုက်တိုင်း အမှတ် ၅၀ ရဖို့ မနည်း ကျက်မှတ်ခဲ့ရတာတွေ။ အဲဒီရဲ့အကျိုးကျေးဇူးကြောင့်လား မသိဘူး။ ဒီအရွယ်အထိ မိဘ၊ ဆရာသမားတွေကို လေးလေးစားစား ချစ်ခင် အရိုအသေပေးတတ်တဲ့ အကျင့်စွဲမြဲသွားတယ်၊ ဘုရား၊ တရား၊ သံဃာကတော့ ပြောမနေနဲ့တော့။

အရွယ်လေးရလာတော့ မြန်မာတွေရဲ့တန်ဖိုး၊ ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့တန်ဖိုးဆိုတာ ဒါပါလားလို့ သိလိုက်ရတယ်။ အဓိပ္ပာယ် ဖော်တတ်လာတာ။ ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့စာတွေ အတော်များများ ဖတ်ရှုမိတယ်။ ဆရာကြီး ဦးရွှေအောင်ရဲ့စာတွေဆိုရင် အကြိုက်ဆုံးပဲ။ ဆရာကြီး စေ့စေ့စီးစီး ကွယ်လွန်သွားတာ အရမ်းနှမြောဖို့ကောင်းတယ်။ ဘုရားဟောတဲ့ **ကာလာမသုတ်** ကို ဆရာကြီး ဦးရွှေအောင် တကယ်လိုက်နာပြီး စာတွေ ရေးသွားတယ်လို့ ယူဆတယ်။ အစဉ်အလာကိုဖောက်ထွက်ပြီး ရေးတယ်။ သူ့ သုံးသပ်ချက်တွေ၊ အယူအဆတွေကို သိပ္ပံနည်းကျကျ၊ စနစ်ကျကျ ရဲရဲကြီး ထုတ်ဖော်ရေးခဲ့တယ်။ အရင်က ဘာသာရေးဆိုရင် မထိရဲ၊ မတို့ရဲ။ အဋ္ဌကထာတွေရဲ့ ပြုပြင်မှုတွေနဲ့ တချို့နေရာတွေမှာ ဗုဒ္ဓဘာသာအပေါ် မေးခွန်းမေးစရာဖြစ်နေတာကို ဆရာကြီး ဦးရွှေအောင်က ဖြေရှင်းထားတဲ့ပုံစံနဲ့ 'အနှစ်' တွေကိုကျစ်ကျစ်လျစ်လျစ် ရေးသွားခဲ့တာ အင်မတန်မှ တန်ဖိုးကြီးမားတယ်လို့ ဘမောင် ယူဆတယ်။

အခုတစ်လော ဖြစ်နေတဲ့စိတ်က အလုပ်က အနားယူပြီးရင် အေးအေးချမ်းချမ်း မိသားစုနဲ့နေမယ်။ စီးပွားရေးကို သင့်တင့်ပဲလုပ်တော့မယ်။ ဘဝရဲ့ နောက်ဆုံးအချိန်တွေမှာ အဘိဓမ္မာကို သေသေချာချာသင်ယူလေ့လာပြီး ကိုယ်တတ်သလောက်၊ မှတ်သလောက်နဲ့ လူငယ်တွေ၊ မျိုးဆက်သစ်တွေ အကျိုးရှိမယ့်စာလေး ကြိုးကြားကြိုးကြားရေးပြီး ဒီဘဝကို အဆုံးသတ်သွားမယ် ဆိုတာပဲ။

သံသရာကြီးကို ဘယ်လောက် ဘဝတွေ ပေးဆပ်ပြီး ဖြတ်သန်းရဦးမယ်ဆိုတာ မသိသေးဘူး။ အတိတ်မှာ ဘဝတွေ အထပ်ထပ် ဘယ်လောက် သေခဲ့ပြီးပြီလဲဆိုတာလည်း မသိသလို၊ အနာ
ဂတ်မှာလည်း မရေမတွက်နိုင်အောင်
ဘယ်လောက်သေရဦးမလဲဆိုတာ မ
နိုင်ပြန်ဘူး။ ဒီတစ်ဘဝတည်းမှာတောင်
အသက်က ခြောက်ဆယ်ကျော်လာပြီ
တော့ သေဖို့တောင် တစ်ရက်ထက်တ
ရက် ပိုပိုပြီး နီးလာနေပြီ။

ဗုဒ္ဓဘာသာဖြစ်ရတာ ဂုဏ်ယူ
တယ်၊ ကျေနပ်တယ်၊ တန်ဖိုး သိပ်ထား
တယ်။

❑

ဟိုရောက်ဒီရောက်နဲ့ သွားငေ
စားမိတာ တစ်ခု ရှိသေးတယ်။

စက်မှုတက္ကသိုလ်ကျောင်း ရော
ခါစ 'နွေးအေး' ဆိုင်မှာ ထိုင်ခဲ့ရ
အရသာလေးတွေ၊ ဝိဇ္ဇာသိပ္ပံမှာတေ
အဲဒီတုန်းက 'ဦးချစ်' ဆိုင်က နာ
ကြီး။ ဘမောင်တို့ စွယ်တော်ရိပ်မှာတေ
ကိုအောင်ရဲ့ 'နွေးအေး' ဆိုင်လေ
မထိုင်ဖူးသူ မရှိတဲ့ နေရာ။ အဲဒီတုန်
လူတွေက အခုခေတ်လို မဟုတ်
ကျောင်းသားတွေနဲ့ အရမ်းသံယော
ကြတဲ့သူတွေ။ အိတ်ကပ်ထဲ ဆယ့်
ငါးကျပ်ပါရင် သူငယ်ချင်း သုံး၊
ယောက်ကို ဆိုင်ထဲ ခေါ်ရဲတ
ကော်ဖီစေ့ကို မေမြို့ကမှာပြီး ကိုယ်
ကြိတ်ပြီးမှ ဖျော်ပေးတဲ့ နွေးအေး
'ကော်ဖီ' ဟာ ဘမောင်တို့ရဲ့ အသည်
ပဲ။ နောက်ဆုံးနှစ် ကျမ်းပြုစုကြတဲ့အ
မှာ ကျောင်းကြီးက ခြောက်ကပ်
ပြီ။ ပုံမှန် စာသင်ချိန် မရှိတော့
ဈေးတန်းကဆိုင်တွေ ခဏ ပိတ်ကြ
အချိန်ပေါ့။

'ကိုအောင်ရေ… ည ဆယ့်
နာရီလောက် ဆင်းလာခဲ့မယ်နော်'

ဘမောင်တို့ ဗိသုကာကျောင်း
သုံး၊ လေးဦးလောက်က စာသင်ခ
မှာ အိပ်ပြီး ကျမ်းရေးတယ်၊ ပုံဆွဲတ
စာဖတ်တယ်။ ခေါင်းတွေပူလာ
အချိန်၊ ညဆယ့်နှစ်နာရီ တစ်
လောက်ဆိုရင် ကင်တင်းကို ဆင်း
ကြတယ်။ လက်ဖက်သုပ်၊ ချင်
လေးတစ်ပွဲနဲ့ ကော်ဖီ နှစ်ခွက်သုံး
လောက်အတွက် 'နွေးအေး' ကို



www.burmeseclassic.com

www.burmeseclassic.com

နက်သန်းခေါင်အထိ ဖွင့်ပေးရှာတယ်။ စီးပွားရေးတွက်ခြေ ဘယ်ကိုက်မှာတုံး။ ကျောင်းသားတွေအတွက် သံယောဇဉ်နဲ့ ဖွင့်ပေးရှာတာသက်သက်၊ ချစ်စရာ ကောင်းလိုက်တဲ့ခလေ့။ ပြီးတော့ ရှိသေးတယ်။ ဆိုင်ရှင် ကိုအောင်ကိုယ်တိုင် ဘမောင်တို့နဲ့လာပြီး စကားပြောရှာပေးသေးတယ်။ အဲဒီတုန်းက အဲသလို။ တစ်လောတုန်းက ကျောင်းသားဟောင်းတွေစုပြီး ဆရာကန်တော့ပွဲအတွက် အစည်းအဝေးလေးကို ကျောင်းမှာ ပြန်လုပ်ဖြစ်လို့ ခဏ သွားလိုက်သေးတယ်။ 'နွေးအေး' ကတော့ မရှိရှာတော့ဘူး။ အစည်းအဝေးပြီးလို့ ငယ်မူပြန်ချင်တာနဲ့ သူငယ်ချင်းတွေနဲ့ ကင်တင်းဘက် ခဏဆင်းပြီး တစ်ခုခု စားဖြစ်တယ်။ အရင်က ဆက်ဆံရေးမျိုးတွေ၊ ပျူငှာမှုတွေ တွေ့ရတော့ဘူး။ ရင်ထဲ တစ်မျိုး ခံစားလိုက်ရသလိုပဲ။ နှစ်ပေါင်း သုံးဆယ်ကျော်ဆိုတော့လည်း ဒီလောက်တော့ ပြောင်းလဲသွားမှာပေါ့လေဆိုပြီး တံတွေးကို 'ဂလု' ခနဲပဲ မျိုချလိုက်ရပါတယ်။

ကျောင်းကြီးက ခံ့ညားမှုပဲရှိတော့သလိုပဲ။ အဲဒီ ခံ့ညားမှုတွေတောင် ဟောင်းနွမ်းမှု၊ ပျက်စီးမှုတွေက ဖုံးအုပ်သွားသလို ခံစားလိုက်တယ်။

❑

မှန်မှန်ကန်ကန်ပဲ ပြောချင်တယ်။

ဘမောင် အသက် အစိတ်လောက်အထိ 'နောက်မျိုးဆက်တွေ'ဆိုတဲ့ စကားလုံး မပြောတတ်ခဲ့သေးဘူး။ နိုင်ငံချစ်တယ်ဆိုတာလည်း ထဲထဲဝင်ဝင် မတွေ့တတ်ခဲ့သေးဘူး။ 'သံယောဇဉ်' ရှိတယ်ဆိုတဲ့ အဆင့်အထိလောက်ပဲ ရှိသေးတယ်နဲ့ တူတယ်။ ငယ်ငယ်တုန်းက ကျောင်းအပြောင်းအရွှေ့ များခဲ့ရလို့ အတန်းတူတွေထက် ဘမောင်က အသက် နှစ်နှစ်၊ သုံးနှစ်လောက် ပိုကြီးနေတယ်။ ဒါကြောင့် စစ်မှုထမ်းဖို့အတွက် အသက်က မသေချာခဲ့ဘူး။ အခုင်နှစ်တွေကို လေ့လာကြည့်လိုက်တော့ ဘမောင်အသက်က 'လ' ပိုင်းလောက် ပိုကြီးနေတာနဲ့ စီးပွားရေး လုပ်မယ်ဆိုပြီးပဲ အစပျိုးခဲ့တယ်၊ စာလေး၊ ပေလေး ဝါသနာရှိတော့ စာအုပ်ထုတ်ဝေရေးကို စပြီး လုပ်ဖြစ်ခဲ့တယ်။ ဒီနေ့ ဒါရိုက်တာ မီးပွားဖြစ်လာမယ့် ကိုခင်ဇော်က ဘမောင်ကို အကူအညီ အများကြီးပေးခဲ့ပါတယ်။ အဲဒီမှာ စာတွေ အများကြီး ဖတ်ဖြစ်သွားတယ်။ နိုင်ငံချစ်စိတ်၊ အမျိုးသားချစ်စိတ် စပြီး လှုပ်နှိုးခံရတယ်လို့ ပြောလို့ရမလားဘဲ။ ကိုယ်တွေ ကျောင်းပြီးလာတော့ ကိုယ့်အရည်အသွေးကို ခန့်မှန်းကြည့်ဖြစ်တယ်။ စာတွေဖတ်ရင်းကပါ။ အဲဒီမှာ တုန်လှုပ်မှုတစ်ခု ဖြစ်သွားရပြန်တယ်။ B.Arch ဆိုတဲ့ဘွဲ့ကို တကယ် အရည်အချင်းပြည့်ပြည့်နဲ့ ရခဲ့တာ ဟုတ်ရဲ့လားလို့လည်း ပြန်ပြီး စဉ်းစားမိတယ်။ စာများများဖတ်ဖြစ်တော့ နိုင်ငံတကာရဲ့ စံနှုန်းကို သွားတွေ့လိုက်ရ တယ်လေ။ ကိုယ့်စံနှုန်းနဲ့ ယှဉ်ကြည့်တော့ တော်တော်ကွာသွားတာ တွေ့လိုက်ရလို့။ ဒါကြောင့် နောက်မျိုးဆက်တွေကို ပြောလိုက်ချင်သေးတယ်။ 'မင်းတို့ ခေတ်မှ မဟုတ်ဘူး။ ငါတို့ခေတ်မှာကတည်းက ပညာရေး နောက်ကျလာခဲ့ရတာ' ဆိုပြီး…။

အဲဒီမှာ ဘမောင်ရင်ထဲ 'နောက်မျိုးဆက်သစ်' ဆိုတဲ့ အတွေးလည်း ဝင်လာခဲ့တော့တယ်။ ဒါကြောင့် ဒီနေ့ စာတွေ ရေးခွင့်ရလာတဲ့အခါမှာ 'မျိုးဆက်သစ်'တွေနဲ့ အနည်းအများ ဆက်စပ်နေရတော့တာပဲ။ စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်တွေကို သင်ယူဖြစ်တဲ့အခါမှာ 'ပညာ' ဆိုတာ ဘယ်လောက်အရေးပါပြီး၊ စီမံခန့်ခွဲမှုဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပိုပြီး သိလာတယ်။ ဒါကြောင့် ထဲထဲဝင်ဝင် မဟုတ်ပေမဲ့လည်း အားလုံး အမြည်းအစမ်း သဘောဖတ်နိုင်အောင် **'10-Day MBA'** ကို အစိမ်းသက်သက်သူတွေအတွက် ရေးဖြစ်ခဲ့ရတာ။

မျိုးဆက်တွေအဆင့်ဆင့် ညံ့ဖျင်းသွားခဲ့ရင် နောက်ဆုံး လူမျိုးတစ်ခုလုံး အောက်တန်းနောက်တန်း ရောက်သွားမယ်။ လူမျိုး နိမ့်ကျသွားရင် နိုင်ငံလည်း နိမ့်ကျသွားမယ်။ ဒါကြောင့် 'မျိုးဆက်မပြတ်' တစ်ဆင့်ပြီး တစ်ဆင့် မြင့်နေဖို့ လိုတယ်။

ပြန်ကောက်ရရင် စစ်မှုထမ်းဖို့ အသက် 'လ' ပိုင်းလောက်ကြီးနေတဲ့ ဘမောင်ဟာ စီးပွားရေးပဲ လုပ်တော့မယ် ဆုံးဖြတ်ပြီး စီးပွားရေး အခင်းအကျင်းကိုပဲ စ,လိုက်ခဲ့တယ်။ ဒါပေမဲ့ ရုတ်တရက် ဘမောင်တို့ တက်မယ့် အပတ်စဉ်မှာ လိုအပ်ချက်ကြောင့်လားတော့ မသိဘူး။ အသက်ကို 'လ'ပိုင်း နောက်ဆုတ်ပေးလိုက်တာနဲ့ စစ်မှုထမ်းခွင့် ရသွားတယ်။ အဲဒီဖြစ်စဉ်အပေါ်မှာ ဘမောင် အံ့သြသွားရတာတစ်ခု ရေးချင်လာတယ်။ ဘမောင်ရဲ့မိတ်ဆွေ တစ်ဦး ခေါ်သွားတာနဲ့ နက္ခတ်ဆရာ တစ်ဦးဆီကို ရောက်သွားတယ်။ သူက ဘမောင်ကို စစ်ဘက်တာဝန်ထမ်းဆောင်ရမယ်လို့ ဟောတယ်။ ဘမောင်က မဖြစ်နိုင်ဘူးလို့ ပြန်ပြောတယ်။ ဘာကြောင့်လဲဆိုတော့ 'အသက် စည်းတားရက်' ရှိနေလို့။ ဒါပေမဲ့ သူက သူ့အဟောကို မပြင်ဘူးတဲ့။ ဘမောင်ကလည်း ရဲဘော်အနေနဲ့ ဝင်ရင်တော့ရမှာပေါ့လို့ ပြန်ပြီး နောက်ပြောင်ခဲ့တယ်။ မထင်မှတ်ဘဲ အသက်လျှော့ပေါ့စဉ်းစားမှုနဲ့ ဘမောင်တို့ မလွန်ဆန်နိုင်ကြတဲ့ သဘောကို သွားတွေ့ရတာပဲ။ 'ကံ'ဆိုတာကလည်း သံသရာအတွင်း ဖြတ်သန်းလာခဲ့ရတဲ့ ဘဝပေါင်းများစွာမှာ ဘမောင်တို့ ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေကနေ စုတည်ဖြစ်ပေါ်လာတဲ့ အကျိုးတရားတစ်ခုပဲ။

ထပ်ပြီး တိုက်ဆိုင်တာ ရှိသေးတယ်။ အဲဒီအချိန်တုန်းက ဘမောင်အနေနဲ့ အမှတ် ၉၁၀ စစ်မြေပြင်တပ်ခွဲကနေပြီး စစ်ရုံးဗိုလ်ကာဌာနကို ရောက်နေပြီ။ တပ်ထဲ မဝင်ခင်က ရောက်သွားခဲ့ဖူးတဲ့ နက္ခတ်ဆရာဆီ တစ်ခေါက်ရောက်ဖြစ်ပြန်တယ်။

'ခင်ဗျား နောက် လေး၊ ငါးနှစ်ကြာရင် စစ်မှုထမ်းသက် ကုန်ပြီ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘမောင်က ပြန်ပြောတယ်။

'ဟာ မဖြစ်နိုင်ဘူး။ အသက်ခြောက်ဆယ်အထိ နေသွားမှာပါဗျ'

'စောင့်ကြည့်ပါဦးဗျာ'

အမှန်ပဲ ဖြစ်လာခဲ့ပြန်ပါတယ်။ ၁၉၈၈ အပြီး မြန်မာနိုင်ငံကြီး ဈေးကွက်စီးပွားရေး ကျင့်သုံးခဲ့တယ်။ ဒါနဲ့ပဲ ရာထူးတိုးလေးတောင် မယူတော့ဘဲ ၁၉၉၁ မှာ ဘမောင် အငြိမ်းစားယူပြီး စီးပွားရေးလုပ်ဖို့ ကုမ္ပဏီထောင်ခဲ့ရပြန်တယ်။ ဘာ သွားတွေးမိသလဲဆိုတော့…။

ဘာဖြစ်လို့ ဗေဒင်တွေ၊ လက္ခဏာတွေ၊ နက္ခတ်တွေ စတဲ့ အနာဂတ်အဟောပညာတွေ ရှိနေရတာလဲ။ ဘာဖြစ်လို့ရော ဟောတဲ့အတိုင်း ဖြစ်နေကြရတာလဲ။ တွေးရင်းနဲ့ သဘောပေါက်လာတယ်။ အတိတ်ရဲ့ ကံတရားအကျိုးပေးမှု ရှိနေလို့ပေါ့။ ဒါဆိုရင်…။

ဘာသွားပြီး စဉ်းစားမိသလဲဆိုတော့ သိပ္ပံပညာတွေသင်ပြီး လက်တွေ့အသုံးချနေကြပါတယ်။ ဒါပေမဲ့ မမြင်နိုင်တဲ့ကိစ္စတွေလည်း လောကကြီးမှာ ရှိနေပါသေးလား။ အဲဒါတွေကိုလည်း မေ့ထားလို့ မရပါလားဆိုတာ သွားပြီး ဆင်ခြင်မိတယ်။ ဒါကြောင့်မို့ သင်တန်းမှာ ဘမောင် ဘာပြောတတ်သလဲဆိုရင် Balanced Perspective ကို ကြည့်တတ်ဖို့ လိုမယ်ဆိုပြီး အသိမျှဝေ ပေးတတ်တယ်။ ခြုံငုံစဉ်းစား၊ ရှုမြင်နိုင်မှု၊ မျှမျှတတဖြစ်ရမယ်ဆိုတဲ့သဘော၊ ဘက်စုံက ခြုံငုံစဉ်းစားနိုင်ရမယ်ဆိုတဲ့ သဘောပါ။ အရွယ်နုပျိုစဉ်ကာလကို ဘမောင်တို့ ဖြတ်သန်းခဲ့ကြပြီး ဖြစ်တယ်။ ငယ်တဲ့အချိန်မှာ အနည်းနဲ့အများ တစ်ဖွတ်ထိုးလေးတွေ၊ စိတ်မြန်တာလေးတွေ ရှိတတ်ကြစမြဲပါ။ တချို့က သူ့ အရွယ်ထက် ရင့်ကျက်မှု ပိုရပြီးနေတဲ့သူတွေကို တွေ့ကြပါလိမ့်မယ်။ ရင့်ကျက်မှုကို အတွေ့အကြုံက ဖြစ်စေတယ်လေ။

ဟုတ်တယ်၊ ဘဝတစ်ခုရဲ့ ဖြစ်စဉ်မှာ ကံ၊ ဉာဏ်၊ ဝီရိယလို့ ဘုရားက ဒါကြောင့် ဟောထားပေးခဲ့တာ။ ဘမောင်တို့က ခပ်လွယ်လွယ်လေးပဲ တွေးဖြစ်ကြလို့ 'ကံ'မှာတောင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံဆိုပြီး ထပ်ခွဲလိုက်ရင် ရသေးတယ်။ ကံကို ပြန်ပြီး မွေးယူတတ်ဖို့ အတွေးအခေါ်တစ်ခု ရနိုင်လိုက်နိုင်သေးတယ်။ ရောက်တတ်ရာရာတွေးရင်း ရောက်သွားရတဲ့ အတွေးတစ်ခုပါ။ ဘဝဟာ ရိုးစင်းစွာနဲ့ အတော် ဆန်းကြယ်ပါလားလို့ ပြုံးမိရပြန်ပါသေးတယ်။

❑

တစ်လောတုန်းက ဆရာ ဦးမိုးအောင် ပြန်ရောက်လာတယ်။ ဆရာကိုကို(စက်မှုတက္ကသိုလ်) စီစဉ်ပေးမှုနဲ့ တွေ့ကြတယ်ပေါ့။ ဆရာနဲ့ မတွေ့ဖြစ်တာ နှစ်ပေါင်း ၃၀ ကျော်ကြာသွားပြီ။ အရွယ်တွေရလာကြတော့ ဆရာက မြန်မာနိုင်ငံကို အပြီးပြန်လာတာ။ ဘမောင်တောင် ခြောက်ဆယ်စွန်းပြီဆိုတော့ ဆရာက ခုနစ်ဆယ်ကျော်ပြီလေ။ စကားတွေကို ဟိုပြောဒီပြောနဲ့ ရောက်တတ်ရာရာပြောကြရင်း ဆရာက သူ့လက်ကိုင်ဖုန်းထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြတယ်။

'ခင်ဗျား အဲဒီပုံကို မှတ်မိသေးလား'

'ဟာ… ဆရာ့မှာ ဒါရှိသေးတယ်နော်'

မမှတ်မိစရာ ဘယ်ရှိပါ့မလဲလေ။ ၁၉၇၄ လား၊ ၁၉၇၅ ခုနှစ်ထုတ် စက်မှုမဂ္ဂဇင်းလားပဲ။ နောက်ခံက လိမ္မော်ရောင်။ ကောင်ကလေးက ပုံးကလေးနဲ့။ သံပုံးတွေကို ပုံးသဏ္ဍာန် အစီအရီ ဖန်တီးထားတဲ့ပုံ၊ အင်ဂျင်နီယာ ကျောင်းသားတွေရဲ့ကိုယ်စားပြု၊ ရိုးရိုးစင်းစင်းနဲ့ ကျောင်းတော်ကြီးရဲ့သရုပ်ကို ဖော်ထားတာ အိမ်အပြောင်းအရွှေ့ သုံးကြိမ်လောက်မှာ ဘမောင်စာအုပ်တွေ တော်တော်ပျောက်သွားတယ်။ အဲဒီ အထဲမှာ အဲဒီမဂ္ဂဇင်းလည်း ပါသွားတယ်နဲ့ တူတယ်။

'ခင်ဗျားရေးခဲ့တဲ့ ဝတ္ထုတိုလေး မှတ်မိသေးလား'

'မှတ်မိတယ်ဆရာ၊ ခေါင်း… တော့ မေ့သွားပြီ။ မင်းသမီးတစ်လ… ကို သတ်တာ မြန်သွားတာနဲ့ ကျွန်တော်… ကို သူငယ်ချင်းတွေ ဝိုင်းပြီးထုကြ… မှတ်မိနေတာ'

လွန်ခဲ့သော နှစ်ပေါင်း ၄၀ … ဖြစ်လို့ ခေါင်းစဉ်ကို ဘမောင် မမှတ်… တော့ပါ။

'ကျွန်တော် ပြောပြရင် ခင်ဗျား… အံ့သြသွားမလား'

'အံ့သြမှာ အသေအချာပဲ ဆ… ပြောပြပါဦး။ ကျွန်တော် ဒီကြာ… စဉ်းစားကြည့်မိသေးတယ်။ ဘယ်လို… အမှတ်မရတော့ဘူး'

'ကဲ… ကဲ… အဖြူရောင်… မဟုတ်ရာတဲ့ဗျာ'

'ဟာ ဆရာ အတော်သတိရ… တာပဲ။ ဆရာ့လို ကျွန်တော် မှတ်ဉာဏ်… မကောင်းတော့ဘူး'

ဆရာပြောမှ ဘမောင် ပြန်မှတ်… လိုက်တယ်။ ဆရာက အဲဒီတုန်း… စက်မှုတက္ကသိုလ်မဂ္ဂဇင်း ဖြစ်မြော… ရေးမှာ အတွင်းရေးမှူးလား မသိ… နောက်တစ်နှစ်ကြာတော့ ဘမောင်… အဖွဲ့ဝင်ဖြစ်လာတယ်။ အဲဒီတုန်း… တော့ ဘမောင် စာပေပိုးတွေ သိပ်ဝင်… တဲ့ အချိန်ပေါ့။ တံခွန်တို့၊ သပြေ… ရေးဖြစ်တယ်။ ကျောင်းနံရံကပ်စာ… တွေမှာ ရေးဖြစ်တယ်။ စာကူး… ကဗျာလေးတွေ ထုတ်ဖြစ်ခဲ့တယ်၊ … ခဲ့တဲ့ လေး၊ ငါးနှစ်ကတောင် … ဝါသနာကြီးတဲ့၊ သူကိုယ်တိုင်လည်း … တွေရေးနေတဲ့သူတစ်ဦးက ဘမောင်… ထားတဲ့ ကဗျာစာအုပ်လေးကို အ… တရဆိုပြီး လာပို့ပေးသွားသေးတ… ကျေးဇူးတင်လိုက်တာလေ။ ကိုယ့်… တောင် စာအုပ် မရှိတော့ဘူး။ … အမှတ်တရ သိမ်းထားလို့ ပြန်ရ… တာ။

အဲဒီကာလတုန်းကတော့ ဘ… တို့က ဆယ်ကျော်သက်တွေပေါ့။ … တက္ကသိုလ်ကျောင်းသားဘဝ၊ အ… ပေါင်းလေးဆယ်ကျော်ခရီးကို …



www.burmeseclassic.com

www.burmeseclassic.com

ကြပြီးပြီ။ အဲဒီအချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ဘူး။ အချိန်ရဲ့ ဖြတ်သန်းမှုဟာ မြန်ဆန်လွန်းလှတာ သတိထားမိလိုက်သေးတယ်။ လက်ကျန်အချိန် တစ်စတစ်စ နည်းပါးလာတာကိုလည်း ကောင်းကောင်း ဆင်ခြင်မိတယ်။ လက်ကျန် အချိန်လေးမှာလည်း ဘယ်လိုနေထိုင်သင့်တယ်ဆိုတာကိုလည်း တွေးမိရပြန်တယ်။ ဒါပေမဲ့ ဖြစ်ချင်သလိုတော့ ဖြစ်မလာသေးဘူး။ အေးအေးချမ်းချမ်း စာလေးဖတ်၊ ဘာသာရေးစာပေလေး လေ့လာပြီး နေချင်တဲ့စိတ်ဆန္ဒတွေ မပြည့်ဝလာသေးဘူး။ အခုထက်ထိ အလုပ်ထဲမှာ မွန်းကျပ်စွာ ပိတ်လှောင်မိနေဆဲပဲ။

❑

မြန်မာနိုင်ငံရဲ့ ဒီဘက်ခေတ် အပြောင်းမှာ ဘမောင် တာဝန်တစ်ခု ယူလိုက်ရတယ်။ တော်တော် လုပ်ရကိုင်ရတဲ့ တာဝန်မျိုးပေါ့။ အဲဒီ အထဲမှာ သင်တန်းတစ်ခုဖွင့်ဖို့ ပါလာတယ်။ ပြောရရင် နိုင်ငံရေးနဲ့ နှစ်ငါးဆယ်လောက် အဆက်ပြတ်သွားခဲ့တဲ့ ဘမောင်တို့ လူမျိုးတွေအတွက် နိုင်ငံရေး အသိအမြင်တွေ ပြန်ရဖို့ နိုင်ငံရေးသင်တန်းပါ။ အခြေခံနိုင်ငံရေးသင်တန်းကို Peace, Democracy, Development ဆို ပြီး ဘာသာကြီး ၃ ခုခွဲပြီး သင်ပေးတယ်။ ဘာသာတစ်ခုချင်းစီမှာ ငါးဘာသာပါတော့ စုစုပေါင်း ၁၅ ဘာသာပေါ့။ အခုဆိုရင် ၂ နှစ်ကျော်ကာလအတွင်းမှာ သင်တန်းအပတ်စဉ် ၉ ကျောင်းဆင်းသွားပြီ။ ဒီပလိုမာသင်တန်း ထပ်ဖွင့်ထားတယ်။ ၈ လသင်တန်းပေါ့။ အဲဒီ သင်တန်းကတော့ အဆင့်မြင့်လာတယ်။ လူမျိုးမခွဲဘူး၊ ဘာသာမခွဲဘူး၊ နိုင်ငံရေးပါတီအားလုံးကို လမ်းဖွင့်ပေးထားလို့ အခုဆိုရင် နိုင်ငံရေးပါတီပေါင်း ၂၀ ကျော်က မျိုးဆက်သစ်တွေရော၊ မျိုးဆက်ဟောင်းတွေရော တပျော်ကြီး လာတက်နေကြလေရဲ့။

အခုဆိုရင် Master အဆင့်တောင် သင်နေပြီ။ M.PM ဆိုတဲ့ Master of Professional Studies on Political Management ကို ဖွင့်ပေးတာ ၂ လလောက်တောင် ရှိနေပြီ။ နိုင်ငံရေးဘက် အလေးသာတဲ့ သင်တန်းပေါ့။ ဒီရက်ပိုင်းအတွင်း ဖွင့်မယ့် M. PA ဆိုတဲ့ Master of Professional Public Administration ဆိုတဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမှာ လူ ၂၀၀ ကျော် လာလျှောက်ကြတယ်။ အခန်းဆုံ့တာက ၁၆၀၊ ဝင်ခွင့်စာမေးပွဲနဲ့ လူခေါ်ရဦးမယ်။

နိုင်ငံရေးအကြောင်းသိပြီးလို့ နိုင်ငံတာဝန်ထမ်းဆောင်ရတဲ့အခါမှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုက မဖြစ်မနေ ပါလာရပြီ။ ဒါကြောင့် ဒီသင်တန်းကို ဖွင့်ရတာ။ သင်တန်းကလည်း ရုတ်တရက် အဆမတန် ကြီးထွားလာခဲ့တာမို့ မရှိတဲ့အချိန်ထဲက ဖဲ့ပြီးပေးနေရပြန်တယ်။ အဲဒီ မျိုးဆက်တွေခေတ် ရောက်လာရင် အစိုးရတိုင်း အမြဲတမ်း စိန်ခေါ်ခံရမှာက စီးပွားရေးပဲ။ အဲဒီတော့ MBA ကို ဖွင့်ပေးဖို့လည်း လိုပါလားဆိုတာ အတွေးထဲ ရောက်လာပြန်ရော။ စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်ပေါ့။ အလုပ်ကတော့ ရှုပ်ဦးမယ်။ အချိန်ကို ဘယ်လိုရှာရဦးမယ် မသိဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူး။ အကူးအပြောင်းရဲ့ခေတ်ဦးမှာ ကိုယ်လုပ်ပေးနိုင်တာကိုတော့ မျိုးဆက်သစ်တွေအတွက် မဖြစ်,ဖြစ်အောင် လုပ်ပေးခဲ့မယ်လို့ စိတ်ထဲမှာ ခံယူထားတယ်။ ဒီလောက်ဆိုရင်တော့ အုတ်တစ်ချပ် မဟုတ်တာတောင် သဲတစ်ပွင့်လောက်ကိုတော့ နိုင်ငံသားကောင်းတစ်ဦးအနေနဲ့ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီလို့ စိတ်ဖြောင့်ဖြောင့်လေး ဖြစ်မိလိမ့်မယ်လို့ ယူဆရတာပဲ။

ဆရာတွေ ပီတိစားရတာ အရသာရှိတယ်ဆိုတာတော့ ဟုတ်သလိုလိုပါပဲဗျ။

❑

ရောက်တတ်ရာရာ တွေးမိရသေးတယ်။ အများကြီးပဲ။ ဒါပေမဲ့ ဘဝက အချိန်ကို အကန့်အသတ်နဲ့ သုံးနေရတဲ့ အကျပ်အတည်းထဲမှာ ရှင်သန်နေရတော့ ရေးချင်တာတွေလည်း အားလုံးချပြီး မရေးဖြစ်ခဲ့ပြန်ဘူး။ တွေးမိတာတွေလည်း ရေးခွင့် မကြုံခဲ့ပြန်ဘူး။ နောက်ဆုံးတော့ ရိုးစင်းစွာနဲ့ ဆန်းကြယ်တာကိုက ဘဝတစ်ခုပဲလားလို့တောင် တွေးမိလိုက်ပါတယ်။

စာတွေရေးနေပေမဲ့ စာရေးဆရာများများစားစားနဲ့ မတွေ့ဖြစ်တာကိုလည်း အံ့ဩမိရသေးတယ်။ တစ်နေ့တစ်နေ့ အချိန်ဘယ်လိုကုန်သွားမှန်းကို မသိဘူး။ ရသစာပေနဲ့ စခဲ့ပေမဲ့ သုတစာပေတွေကိုပဲ လိုမ့်ရေးနေရတာလည်း ဘမောင်အတွက် ခပ်နည်းနည်း အံ့ဩရတာတစ်ခု ဖြစ်လာတယ်။ နိုင်ငံရေးစာပေတွေဖတ်ပြီး နိုင်ငံရေးနဲ့ ခပ်ခွာခွာနေချင်တဲ့စိတ်ကို ဆန့်ကျင်စွာနဲ့ နိုင်ငံရေးထဲတွန်းပို့ခံလိုက်ရတဲ့ ကံတရားကိုလည်း ရိုးစင်းစွာနဲ့ ဆန်းကြယ်တယ်လို့ အပြစ်တင်ရမလား။

ဆောင်းပါးတွေ အရေးများတော့ နောက်ပိုင်း အရေးအသားတွေမှာ ဆောင်းပါးဟန်ပေါက်နေတာ သတိထားမိတယ်။ အရင်က ရေးခဲ့ဖူးတဲ့ ရသဟန်ကို ရေးလို့ မရတော့ဘူး။ တစ်ဖက်မှာလည်း အချိန်က တွန်းအားတစ်ခုဖြစ်နေပြန်တာကြောင့် စကားလုံးရွေးချယ်မှုကအစ အချိန်ပေးဖို့ အကန့်အသတ်က ဖြစ်လာပြန်တယ်။ ငယ်ငယ်တုန်းက စာတွေရေးချင်တယ်။ ဆန္ဒတော့ ပြည့်လာပါတယ်။ ဒါပေမဲ့ ရေးချင်သလောက်ထက် ပိုရေးနေရပြန်တယ်။ ရေးနေကျ စာစောင်တွေ၊ မဂ္ဂဇင်းတွေကိုလည်း မျက်နှာ မပူချင်ပြန်ဘူး။ အပတ်စဉ် စာစောင်တွေ၊ လစဉ် မဂ္ဂဇင်းတွေအတွက် သူ့အချိန်နဲ့သူ တန်းစီရေးနေရဆဲပဲ။ မရေးချင်လည်းရေး၊ ရေးချင်လည်းရေး။ ဈာန်မဝင်လည်း ရေး၊ ဈာန်ဝင်လည်း ရေး။ အဲဒီအခြေအနေကိုက ရိုးစင်းစွာနဲ့ ဆန်းကြယ်တယ်လို့ ပြောရမှာလား။


ဟုတ်ပါတယ်၊ လူတွေဟာ ရိုးစင်းစွာနဲ့ ဆန်းကြယ်ကြပါတယ်။

ဘာကြောင့်လဲဆိုတော့ ဘဝတွေဟာ ရိုးစင်းစွာနဲ့ ဆန်းကြယ်ကြလို့ပဲ ထင်ပါတယ်။ ■ **နေဇင်လတ်**



www.burmeseclassic.com

www.burmeseclassic.com



# အတိတ်လမ်းသို့ အလွမ်းမြေ
# မြို့မကိုပေါ

*(ယခင်လမှအဆက်...)*

ကိုမြတ်လေးက
ကန်သင်းရိုးပေါ်မှာ
လမ်းလျှောက်သွားရင်း
ဇာတ်ဝင်ခန်းစကားပြော
ပြောပါတယ်။ ရန်ကုန်လို
မြို့ကြီးပြကြီးမှာ
သွားလာလှုပ်ရှားနေကြတဲ့
လူတွေဟာ တောမှာလို
စိတ်ချမ်းသာမှု မရှိကြဘူးပေါ့။
မြို့ကလူတွေဟာဖြင့်
စားသုတ်သုတ်၊ သွားသုတ်သုတ်၊
ဘာပဲလုပ်လုပ်

ယောက်ယက်
ခတ်နေကြပုံများ
စသည်ဖြင့် ပြောသွားတာ
စကားတွေကတော့
အရှည်ကြီးပေါ့လေ။
ကျွန်တော်ကလည်း
ရိုက်နေရင်း အတော်
ကြည့်လို့ကောင်းနေတုန်း
ကိုမြတ်လေးရဲ့စကားသံ
ထွက်မလာတော့ဘဲ
"ဟိုး" ဆိုပြီး
ကိုမြတ်လေးက
အရပ်ခိုင်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူက ကျွန်တော့်ကိုလှမ်းကြည့်ပြီး-

'ခုရိုက်ထားတာ ပေဘယ်လောက်ရှိလဲ'

'၂၄၅ ပေရှိတယ်'လို့ ကျွန်တော် ဖြေလိုက်တော့-

'စကားတွေ အများကြီးကျန်သေးတယ်ကွာ'လို့ ညည်းညူလိုက်ပြီး-

'ကိုပေါရေ၊ နောက်ထပ်ဖလင်အသစ်တစ်ဘူး ထည့်ကွာ' လို့ ပြောတော့ ထုတ်လုပ်သူက-

'နောက်ထပ်ပြောစရာကျန်တဲ့ စကားတွေကို'လို့ စကားစခါရှိသေးတယ် ကိုမြတ်လေးက-

'ကင်မရာနေရာ ပြောင်းရိုက်ဖို့ ပြောချင်တာ မဟုတ်လား'လို့ ဖြတ်ပြောလိုက်တယ်။ ပြီးမှဆက်ပြီး-

'ကင်မရာနေရာ ပြောင်းပြီး ရိုက်တာဟာ ရိုက်ချင်သလောက် ပြောင်းရိုက်လို့ ရတယ်။ ကျွန်တော်ရေးထားတဲ့စကားလုံးများက အားလုံးတစ်ရှော့တည်း ရိုက်ချင်တာ။ ခင်ဗျားတို့ဘက်က ဖြစ်ချင်တာလည်း ကျွန်တော် နားလည်ပါတယ်။ ဒီတစ်ခါ ရိုက်လို့မှားသွားရင် ကျွန်တော် အလျော်ပေးမယ်ဗျာ' လို့ ကိုမြတ်လေးက ထုတ်လုပ်သူကို ပြောလိုက်တယ်။

ဒီတော့မှ ဖလင်အသစ်တစ်ဘူးထပ်ထည့်နေတုန်း ထုတ်လုပ်သူက ကျွန်တော့်အနားလာပြီး-

'ကိုပေါရေ ဖလင်ထည့်တာတို့ဘာတို့ သေချာအောင်လုပ်နော်၊ ကင်မရာ ဂျမ်ဖြစ်မှာတို့ ဘာတို့လည်း ဂရုစိုက်ဦးကွ' လို့ စိုးရိမ်တကြီး မှာကြားနေတာကို ကိုမြတ်လေးက ပြုံးပြီးကြည့်နေတယ်။ နောက်ပြီး ထုတ်လုပ်သူက ကျွန်တော့်ကို တိုးတိုးတိတ်တိတ် လာပြောနေပြန်သေးတယ်။

**သကြံန်မိုး ဇာတ်ကားရိုက်တော့ အဖွင့်အနေနဲ့ ကျွန်တော် ဒီသီချင်းကိုသုံးဖို့ စိတ်ပြင်းပြမိတယ်။ အကြောင်းကတော့ ဒီသီချင်းက မြို့မအသင်းရဲ့သကြံန်နိမိတ်ပုံ၊ ပြီးတော့ တစ်ခေတ်တစ်ခါက မန္တလေးသကြံန်ရဲ့အောက်မေ့ဖွယ် ပုံရိပ်တွေကို ဖော်ညွှန်းနေတယ်လို့ ယူဆမိတာကြောင့် ဖြစ်ပါတယ်။ နောက်တစ်ကြောင်းကတော့ ကျွန်တော့်ရဲ့ ဆရာသမားများကို ပူဇော်ဂါရဝပြုတဲ့အနေနဲ့ ဖြစ်ပါတယ်**

'ကိုပေါရေ မင်း ရိုက်တော့မယ်ဆိုရင် ကင်မရာကို ကန်တော့လိုက်ဦးနော်'

'ဇာတ်ကားကန်တော့ပွဲ ပေးတုန်းကတည်းက ကျွန်တော် ကန်တော့ခဲ့ပြီးသား'လို့ ပြန်ပြောလိုက်တော့-

'အခုလည်း ထပ်ပြီးကန်တော့လိုက်ပါဦးကွာ'ဆိုပြီး တတွတ်တွတ်နဲ့ ကပ်ပြီးမှာကြားနေတော့ ကိုမြတ်လေးက ထုတ်လုပ်သူကို လှမ်းပြောတယ်။

'ဟော့လူကြီး ရိုက်မယ်၊ ရိုက်မယ်။ ခင်ဗျား ကိုပေါကို ဘာတွေမှာနေတာလဲ။ ကိုပေါက ဒီလိုရိုက်ချက်မျိုးတွေကို ထမင်းစား ရေသောက်လောက် သဘောထားတာ။ ဘာမှစိတ်မပူနဲ့၊ ကဲ ရိုက်မယ်'ဆိုပြီး ရိုက်လိုက်ကြတာ။ အားလုံးရင်တထိတ်ထိတ်နဲ့ တက်ညီလက်ညီ လုပ်လိုက်ကြတော့ ကိုမြတ်လေး စကားပြောခန်းလည်း ဆုံးသွားရော 'ကပ်'ဆိုတဲ့ အသံနဲ့ အတူ ဝမ်းသာတဲ့အသံများ ထွက်ပေါ်လာပါတယ်။ ကိုမြတ်လေးက ကျွန်တော့်ကိုကြည့်ကာ လက်မထောင်ပြလိုက်ပြီးတဲ့နောက် တောင်ကြီးမြို့သို့ ဆက်လက်ချီတက်ခဲ့ကြပါတော့တယ်။

တောင်ကြီးမရောက်ခင် တောလမ်းတစ်နေရာမှာရိုက်မယ့်အခန်းက လူကြမ်းကိုစံတင်နဲ့ ဌေးဝင်းတို့က ကိုမြတ်လေးကို ဖမ်းခေါ်လာပြီး တစ်နေရာမှာ ပေ ၂၀ လောက် အကျယ် အဝန်းရှိတဲ့ ရေအိုင်ကြီးတစ်ခု တွေ့တယ်။ ရေအိုင်ကြီးရဲ့တစ် ဖက်တစ်ချက်မှာ စိုက်ထားတဲ့ တိုင်နှစ်တိုင်ရဲ့အပေါ်မှာ တန်း ပစ်ထားတာလည်းရှိတယ်။ ဇာတ်လမ်းအရ စံတင်က အကြ ပြီး ကိုမြတ်လေးရဲ့ခြေထောက်ကို ကြိုးချည်ပြီး ရေအိုင်အလယ် တည့်တည့်အပေါ်က ထုပ်တန်းမှာဇောက်ထိုး တန်းလန်းချည် ထားလိုက်ပြီး တစ်ဖက်က ဌေးဝင်းက တွန်းလိုက်၊ တစ်ဖက်က စံတင်က လက်သီးနဲ့ထိုးလိုက်၊ ဌေးဝင်းဘက်ရောက်လာတော့ ဌေးဝင်းက လက်သီးနဲ့ ထိုးလိုက်၊ နှိပ်စက်နေကြပုံတွေ ရိုက်ပြီး ခဏနားလိုက်ကြတဲ့အချိန်။ နောက်ရိုက်ချက်များ အတွက် ကိုမြတ်လေးက ကျွန်တော့်ကို ခေါ်ပြောတယ်။

'ကိုပေါရေ ငါတော့ တော်တော့်ကို အီသွားတာပဲ။ တစ်ခါတော့ မင်းအလှည့်ပဲ'

'ဗျာ…ကျွန်တော် ဘာလုပ်ပေးရမှာလဲ'လို့ မေးတော့-

'ဒီလိုကွာ၊ ငါဇောက်ထိုးဖြစ်နေတဲ့အချိန် စံတင် ဌေးဝင်းတို့ကို ငါ့နေရာက ရတဲ့အမြင်မျိုး မင်း ရိုက် တော့ မင်းကိုလည်း ဇောက်ထိုးထားပြီး ငါတို့ လွှဲပေးမယ်။ မင်းက ရိုက်

'ရပါတယ်ဗျာ။ ကျွန်တော် ကို ဇောက်ထိုးထားဖို့ မ ဘူး'လို့ ကျွန်တော် ပြော တော့ ကိုမြတ်လေးက-

'ဟ ကိုပေါရ။ မင်း သဘောမပေါက်ဘူး ထင်တယ်'

'ကျွန်တော် သဘောပေါက်ပါတယ်။ စံတင်နဲ့ ဌေးဝင်း ကို ကိုမြတ်လေးဘက်က ဇောက်ထိုးအနေအထားနဲ့ မြင် အမြင်မျိုးကိုပြောတာ မဟုတ်လား'

'အေး၊ ဟုတ်တယ်'

ဒါနဲ့ကျွန်တော် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက် အနီးနားမှာ ဝါးပင်တွေပေါ်မှပေါ်ဗျာ။ ဒါနဲ့ စံတင်ဆီက ယူပြီး စိတ်ကြိုက် ဝါးတစ်လုံး ခုတ်ယူလာခဲ့တယ်။ ကိုမြတ် လေးက- 'ကိုပေါရေ ဇောက်ထိုးအမြင်နော်'လို့ ထပ် ပေးနေသေးတယ်။ ကျွန်တော်က ကြိုးအရှည်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

တန်းအလယ်မှာချည်လိုက်ပြီး တန်းလန်းကျနေတဲ့ကြိုးနဲ့ ကင်မရာကို ဖောက်ထိုးထားပြီး ဝါးလုံးနဲ့ကပ်ချည်လိုက်တယ်။ ဒီတော့မှ ကိုမြတ်လေးက ကျွန်တော်လုပ်နေတာကို သဘောပေါက်သွားပုံရတယ်။ ဒါပေမဲ့ သူက လှမ်းပြီးမေးလိုက်သေးတယ်။

'ကိုပေါရေ Focus ဘယ်လိုလုပ်မှာလဲ ဝေဝါးမကုန်ဘူးလား' လို့ မေးတော့ ကျွန်တော်လည်း-

'စိတ်ချပါဗျာ။ အရုပ်တွေ ဝါးကုန်ရင်လည်း ကျွန်တော် ဒီရုပ်ရှင်လောကက တစ်ခါတည်း ထွက်သွားလိုက်မယ်ဗျာ' လို့ပြောတော့ ကိုမြတ်လေးက ရယ်လိုက်ပြီး-

'လုပ်ပါ လုပ်ပါ မင်းကို ယုံပါတယ်ကွာ' လို့ ပြောပါတယ်။ ကျွန်တော်တို့ ဒီအခန်းရိုက်ပြီး တောင်ကြီးကိုဆက်လက်ထွက်ခွာခဲ့ကြပါတယ်။

တောင်ကြီးကိုရောက်တော့ ကားမောင်းသွားရင်းနဲ့ ကားပြောသွားတဲ့အခန်းကို အခြားကားတစ်စီးနဲ့ နံဘေးက လိုက်ရိုက်ဖို့ စီစဉ်ကြပါတယ်။ အဲဒီအခန်း ရိုက်ပြီးတော့ ကျွန်တော်တို့အဖွဲ့ ရန်ကုန်ကို ပြန်ခဲ့ကြပါတယ်။ ရန်ကုန်ကို ပြန်ရောက်တော့ **မမုန်းလေနဲ့ပလီ** ဇာတ်ကားနဲ့ **ကလောအလွန်တစ်ဘူတာ** ဇာတ်ကားတွေဆက်ရိုက်ပြီး ကျွန်တော် မန္တလေးကို ပြန်လာခဲ့ပါတယ်။

အခု ကျွန်တော်ပြောပြခဲ့တဲ့ ရုပ်ရှင်အတွေ့အကြုံတွေဟာ တကယ်တော့ ဘာမှထူးထူးခြားခြားရယ်တော့ မဟုတ်ပါဘူး။ သူ့ခေတ်သူ့အခါအနေနဲ့ပြောတာပါ။ ကိုမြတ်လေးရဲ့ဇာတ်ကားများ ရိုက်ပေးရတာတွေဟာ ကျွန်တော့်အဖို့ ပညာဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ ကျွန်တော် မရေးခဲ့တဲ့ တချို့အကြောင်းတွေ အများကြီးကျန်ပါသေးတယ်။ တောင်ပေါ်သရော်လီတို့၊ မြင်းကို နောက်ပြန်စီးပြီး ရိုက်ပေးခဲ့ရတာတို့၊ အဲဒီအချိန်၊ အဲဒီအခါကတော့ ခေတ်မီ စက်ကိရိယာတွေလည်း ဒီခေတ်လောက် မလွယ်ကူတဲ့အခါ လူရဲ့ပင်ကိုဉာဏ်တွေ အများကြီး စိုက်ထုတ်ကြံစည်ပြီး၊ တီထွင်စိတ်ကူးပြီး လုပ်ခဲ့ရတာတွေပေါ့ဗျာ။ ဒီဘက်ခေတ်အနေနဲ့ကြည့်ရင်တော့ ရယ်စရာတွေချည်းပဲပေါ့။ အခုခေတ်ကတော့ နည်းပညာထွန်းကားတဲ့ ဒစ်ဂျစ်တယ်(လ်)ခေတ်လေ၊ 'စိတ်သွားတိုင်း ကိုယ်ပါ' ဆိုသလိုပါပဲ၊ ဘာကိုမဆို လွယ်လွယ်ကူကူနဲ့ ကြံစည်တိုင်းပြီးမြောက်နိုင်ကြပြီ မဟုတ်ပါလား။

ဒီတော့ ကျွန်တော့်ရဲ့ရုပ်ရှင်အတွေ့အကြုံလေးကို ဤမျှသောက်ပဲလို့ပြောရင်း ဂီတနဲ့ပတ်သက်တဲ့အကြောင်းအရာဘက်ကို လှည့်ပါဦးမယ်။

၁၉၇၄-ခုနှစ်၊ နှစ်ဆန်းပိုင်းလောက်မှာ ကျွန်တော် မန္တလေးကို ပြန်ရောက်ပါတယ်။ အိမ်ကိုဝင်ပြီး မြို့မအသင်းတိုက်ဘက်ကို သွားလိုက်တော့ အသင်းတိုက်မှာ ဘယ်သူမှမရှိကြပါလား။ ဒါနဲ့ ဥက္ကဋ္ဌဦးဘငွေအိမ်ကို လှမ်းကြည့်လိုက်တော့ ဦးဘငွေအိမ်က ဖျက်ထားတယ်။ ဟ…ဘယ်လိုဖြစ်ကုန်ကြတာလဲဆိုပြီး ကျွန်တော်လည်း ကလာရီနက် ကိုကောင်းညွန့် ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်ကိုသွားတယ်။ လက်ဖက်ရည်ဆိုင်မှာ ကိုကျော်ဇော(အဲဒီအချိန်မှာ သူက မြို့မအတွင်းရေးမှူး) နဲ့တွေ့တော့ ကျွန်တော်က-

'ငါ ရန်ကုန်က ပြန်ရောက်ရောက်ချင်း အသင်းတိုက်သွားတော့ ဘယ်သူမှလည်း မရှိကြဘူး။ ဦးဘငွေအိမ်ကို ကြည့်လိုက်တော့လည်း ဦးဘငွေအိမ်က ဖျက်ထားတယ်။ အဲဒါဘယ်လိုဖြစ်ကြတာလဲ မင်း သိလား' လို့မေးလိုက်တော့ ကိုကျော်ဇောက-

'ဒီလိုပါဗျာ၊ ဆင်နှစ်ကောင်ဦးထွန်းရှင်က ဦးဘငွေအိမ်နေရာရယ်၊ မြို့မအသင်းနေရာရယ်ကို လိုချင်တော့ ဦးသန့်သမီး မအယ်တီ(ဒေါ်ညွန့်ညွန့်)ကို ပြောတယ်။ သူ ဝယ်မယ်ပေါ့ ဦးဘငွေအိမ်နေရာကတော့ ရောင်းလိုက်ပြီ၊ မြို့မအသင်းတိုက်နေရာကိုတော့ ဖေဖေက မြို့မကို ဒီနေရာလေး ချပေးထားတာ နှစ်ပေါင်းသုံးဆယ်ကျော်လောက် ရှိပြီဆိုတော့ ရချင်းရရင် မြို့မ ရစေချင်တဲ့ စေတနာနဲ့ ဒီနေရာလေးကို မြို့မက ယူမယ်ဆိုရင်(---)နဲ့ပေးမယ့်အကြောင်း၊ အကယ်၍ မြို့မက မယူတော့ဘူးဆိုရင် ဦးထွန်းရှင်ကို ပေးရတော့မှာပေါ့လို့ မအယ်တီက ကျွန်တော့်ကို ပြောလိုက်တယ်။ ဒီတော့ ကျွန်တော်က အသင်းမှာ တာဝန်ရှိတဲ့ အသင်းသားတွေနဲ့တွေ့ဆုံပြီး ပြောပြတယ်'

'ငါတို့အခု ဒါးတန်းဝင်း ပိုင်ရှင်က ဦးဘငွေနေတဲ့ နေရာလေးကိုရောင်းလိုက်ပြီး အခုမြို့မ အသင်းနေတဲ့နေရာလေးကိုလည်း ရောင်းမှာဖြစ်လို့ မြို့မက ယူမယ်ဆိုရင်(---)နဲ့ ပေးမယ်တဲ့။ ဒီတော့ ငါစိတ်ကူးရှိတာ ပြောရမယ်ဆိုရင် ရေချိုဦးအေးမောင်ကို ငါသွားပြောပြမယ်။ ရရင်လည်း ကောင်းတာပေါ့၊ မရရင်တော့လည်း ဘယ်တတ်နိုင်မှာလဲ။ ဒါကတစ်ချက်။ နောက်တစ်ချက်က ရနိုင်မယ်လို့ ငါထင်တယ်။ ရွှေပန်းထိမ်ဆရာကြီးဦးအောကို ငါသွားပြောပေးမယ်။ ငါတို့အသင်းမှာရှိတဲ့ငွေက(---)ပဲရှိတာ လိုအပ်တဲ့ငွေကို လောလောဆယ် ဦးလေးအောက စိုက်ဝယ်ပေးနိုင်မယ်ဆိုရင် ဝယ်ပေးဖို့ ပြောရမှာပေါ့ကွာလို့ ကျွန်တော်ပြောတော့ တစ်ဖက်ကလည်းအသင်းရဲ့ အခမ်းအနားအပြင်အဆင် Decoration လုပ်နေတဲ့ ကိစ္စတန်းလန်းကလည်း ငွေတွေ သုံးထားတာတွေရှိလို့ ငွေရေးကြေးရေးကိစ္စအတွက် အကြိတ်အနယ်ဆွေးနွေး ငြင်းခုံကြရင်း သုံးလေးရက်လောက်ကြာတဲ့အထိ အကြောင်းမပြန်နိုင်သေးတော့ မအယ်တီက မြို့မအသင်းယူနိုင်မယ့်ပုံ မပေါ်ဘူးလို့ ယူဆလိုက်ပြီး ဦးထွန်းရှင်ကို ပေးလိုက်ရပါတယ်။ အဲဒီအချိန်ကျမှ ကျွန်တော်လည်း ဦးအောနဲ့တွေ့လို့ အသင်းကိစ္စတွေ ပြောပြဖြစ်တော့မှ ဦးအောက ချက်ချင်းထလိုက်လာပြီး မအယ်တီကို မေးကြည့်တဲ့အခါ ဦးထွန်းရှင်ကို ပေးလိုက်တဲ့အကြောင်း သိရတယ်။ ဒါနဲ့ဦးထွန်းရှင်ဆီ သွားတွေ့ပြီး မြို့မအသင်းမြေနေရာလေးအတွက် ဘယ်လောက်အမြတ်ပေး(ပြီးဝယ်)ရမလဲဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

စကားမျိုးနဲ့ ဦးအောက ပြောပေမဲ့ ဦးထွန်းရှင်က ပြန်မရောင်းတော့လို့ ကျွန်တော်တို့ လက်လျှော့ပြီး ပြန်ခဲ့ကြရတယ်'လို့ ကိုကျော်ဇောက ပြောပြပါတယ်။

ကျွန်တော် မြို့မအတွင်းရေးမှူး တာဝန်မှလွှဲပြောင်းပေးထားခဲ့ပြီး ရန်ကုန်ကို ရုပ်ရှင်လုပ်ငန်းသွားရောက်လုပ်ကိုင်နေခဲ့ရာမှာ နေရာပေါင်းစုံကိုသွားရောက်ပြီး ရုပ်ရှင်ရိုက်ကူးရေးကိစ္စများနဲ့ အလုပ်များနေခဲ့တဲ့အတွက် ၃ နှစ်တာမျှ မြို့မအသင်းနဲ့ကင်းကွာနေချိန်အတွင်း အစစအရာရာအဆက်ပြတ်နေခဲ့ပါတယ်။

မန္တလေးပြန်ရောက်ပြီး ရက်များမကြာမီ မိုးကုတ်မြို့ ဈေးပဟောင်းရပ်က ဈေးပဟောင်းတေးဂီတအမည်နဲ့ တည်ထောင်ထားတဲ့အသင်းက လေမှုတ်တူရိယာပစ္စည်းများ သင်တန်းပေးဖို့ခေါ်တာနဲ့လိုက်သွားခဲ့ပါတယ်။ ဒီဈေးပဟောင်း တူရိယာအသင်းကို တစ်နှစ်လောက် သင်တန်းပေးလိုက်တာ မင်္ဂလာပွဲ၊ အလှူပွဲတွေမှာ လိုက်တီးနိုင်တဲ့အဆင့် ရောက်နေပါပြီ။ မိုးကုတ်အဖွဲ့က ကျွန်တော့်ကို မိုးကုတ်မှာပဲ နေပါ၊ မန္တလေးကို မပြန်ပါနဲ့။ ဒီမှာပဲ တစ်သက်လုံးနေပါလို့ ပြောကြပါတယ်။ ကျွန်တော်လည်း မန္တလေးကို ခဏသွားစရာ ရှိပါတယ်၊ ပြီးတော့ ပြန်လာမှာပါလို့ ပြောပြီး ပြန်လာခဲ့ပါတယ်။

မန္တလေးရောက်တော့ မြို့မက ဒါးတန်းဝင်းထဲမှာ မရှိတော့ပါ။ မန္တလေး ရုပ်ရှင်ခြံထဲကို ပြောင်းရွှေ့သွားကြပြီဖြစ်ပါတယ်။ အဲဒီအချိန်(၁၉၇၅ ခုနှစ်)မှာ ကိုကျော်ဇောနဲ့တွေ့လို့ အကျိုးအကြောင်း သိရတာက မြို့မနှစ် ၅၀ ရွှေရတု သဘင်ကြီးလုပ်ဖို့ စီစဉ်နေကြတဲ့အကြောင်းသိရတယ်။ မြို့မအတွင်းရေးမှူး ကိုကျော်ဇောက နှစ်ငါးဆယ်ရွှေရတုသဘင်ဖြစ်မြောက်ရေးကို ကမကထကြိုးစားလုပ်ကိုင်ပေးနေပါတယ်။ အစီအစဉ်တွေလည်း ပြီးသလောက်ဖြစ်နေတာ တွေ့ရပါတယ်။ မြို့မ နှစ် ၅၀ ရွှေရတုသဘင်ဖြစ်မြောက်ရေးကို ဆွေးနွေးတိုင်ပင်ကြတာကိုက သုံးလေးခါလောက် ရှိတယ်လို့ ပြောပါတယ်။ ခုတော့ မင်းသားကြီး ကိုဝင်းဦးကို အားလုံးပုံအပ်လိုက်ကြကြောင်း သိရပါတယ်။ နောက်ပြီး နှစ် ၅၀ ပဏာမသီချင်းကို ဦးဘသိန်းက တစ်ပုဒ်၊ ရွှေပြည်အေးက တစ်ပုဒ်၊ ကိုဘိုခင်က တစ်ပုဒ် ရေးပေးကြပါတယ်။ ဒီသီချင်းတွေကို တီးလုံးတိုက်မယ့်သူမရှိလို့တဲ့ ဥက္ကဋ္ဌက ပြောပါတယ်။ မြို့မမှာ ဂီတမှူးတွေ

ဆရာညိန်းနဲ့ ဦးရင်လေးတို့ ဆုံးပါးသွားကြပြီးတဲ့နောက်
ကိုဘိုခင်က ဆက်လက်ထိန်းသိမ်းရာမှာ
ကောင်းမလိုလိုနဲ့ စုံးစုံးမြုပ်မသွားတာ ကံကောင်းတယ်
ဒီနောက် ကိုအေးဖေ ဆက်လက်ထိန်းသိမ်းရာမှာလည်း
မြုပ်နေသော သူကို နှစ်သွားတယ်

မရှိဘူးလားလို့ ကျွန်တော် မေးတော့-

'မပြောပါနဲ့တော့ကွာ၊ နှစ် ၅၀ ဖြစ်မြောက်ရေးဆွေးနွေးတုန်းကလည်း မလာဘူးကွာ။ သွားခေါ်တော့လည်း မလာဘူး။ ဒီကိစ္စကို မင်း လုပ်ပေးနိုင်ရင် လုပ်ပေးပါဦးကွာ'လို့ ပြောတော့ ကျွန်တော်လည်း စောဒကမတက်တော့ပါဘူး၊ ရပါတယ်ဗျာဆိုပြီး တိုက်ပေးလိုက်ပါတယ်။

ဒီနောက် မိုးကုတ်ကို တက်သွားပြီး မြို့မနှစ် ၅၀ သီချင်းကို မိုးကုတ်က ဈေးပဟောင်းအဖွဲ့နဲ့ တီးလုံးတိုက်ထားပြီး နှစ် ၅၀ ပွဲနေ့မတိုင်မီ တစ်ပတ်အလိုမှာ မိုးကုတ်ကအဖွဲ့တွေကိုခေါ်ပြီးတော့ မန္တလေးကို ဆင်းလာခဲ့ကြတယ်။ မိုးကုတ်ဈေးပဟောင်းအဖွဲ့က အုပ်ချုပ်သူလူကြီးတွေဟာ ဈေးပဟောင်းတစ်ဖွဲ့သားလုံးရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေးမှ အစ အားလုံးကုန်ကျစရိတ်များကို သူတို့ ဈေးပဟောင်းအသင်းက တာဝန်ယူကြပြီး မြို့မရွှေရတုသဘင်ပြီးမှ မိုးကုတ်ကို ပြန်သွားကြပါတယ်။ ကျွန်တော့်အနေနဲ့ မိုးကုတ်ဈေးပဟောင်းအသင်းကို ကျေးဇူးတင်မိပါတယ်ဗျာ။

၁၉၇၆-ဇန်နဝါရီလမှာ မြို့မနှစ် ၅၀ ရွှေရတုသဘင်ကြီး ပြီးသွားတော့ ပါဝင်ကပြခဲ့ကြတဲ့ ရန်ကုန်မှသရုပ်ဆောင်များ ဂီတဘက်မှ ကိုတင်ဝင်းလှိုင်၊ ကိုလှထွတ်၊ ထရန်းပက်ဝင်း... တို့နဲ့အတူ ခေါင်းဆောင် ကိုဝင်းဦးမှစလို့ အားလုံးသော အမျိုးသမီးဇာတ်ဆောင်များ၊ လူရွှင်တော်ကြီး လေးဦး... အားလုံးရန်ကုန်ကို ပြန်သွားကြတော့ မြို့မအသင်း နှစ် ၅၀ ဖြစ်မြောက်ရေးအုပ်ချုပ်သူ လူကြီးများလည်း ကြက်ပျောက် ငှက်ပျောက် ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။

မြို့မအသင်းတိုက်တည်ရာ မန္တလေးရုပ်ရှင်ခြံထဲက ... ခန်းအဆောက်အဦ လေး... ကျွန်တော် ရောက်သွားတော့ တူရိယာပစ္စည်းများ အိပ်... အိပ်နေကြတဲ့ ထိပ်တင်ဆ... ကိုလှထွန်း၊ ကိုစိန်ဝင်းနဲ့ ... မောင်မြင့်(ယခု ဦးဇင်း ဦးကု...ရ)တို့ကို ကျွန်တော် တွေ့... တယ်။ အဲဒီအချိန်မှာ ကရဝိက်တေးသံသွင်းပိုင်ရှင် ကိုကျော်သိန်း ရောက်လာတော့ ကိုကျော်သိန်းက ကျွန်တော့်ကို ပြော... နေတယ်။

'ခုပြီးခဲ့တဲ့ နှစ် ၅၀ ရွှေရတုပွဲမှာ ကျွန်တော်အသံသွင်း... ပေးရတာ၊ ကူးပေးရတာ၊ ပစ္စည်းငှားရတာတွေရောပေါ့... အဲဒါ တစ်သောင်းနှစ်ထောင် ကျွန်တော်ကစိုက်ပေးထားရ... ပွဲပြီးတော့ ဘယ်သူက တာဝန်ယူတာလဲဆိုတာ၊ မပေါ်လာ... ဘူးလေ'လို့ ပြောလာပါတယ်။

'ပြောတော့ရန်ပုံငွေ၊ လုပ်တော့ စီးပွားရေး၊ ခုလိုပိုက်ဆံ... တော့ကြွေးတင်၊ ကြွေးတင် ရှင်ဘုရင် ဆပ်ရမလို၊ မြို့...



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ဒါလားလို့ ပြောရမလိုဖြစ်နေပြီ။ ကျွန်တော်ကတော့ မရရင် သတင်းစာကနေ တောင်းမှာပဲ'လို့ ကိုကျော်သိန်းက ပြောနေတော့ ကျွန်တော်က–

'ကဲပါဗျာ ဒီလိုလုပ်ပါ ငွေကြေးကိစ္စကို ထပ်ပြောမနေပါနဲ့တော့၊ သူတို့လည်း ကြွေးတင်မှတော့ ဘာမှတတ်နိုင်မှာမဟုတ်တော့ဘူး။ တစ်နည်းတော့ရှိတယ်။ ခင်ဗျားကျေနပ်မယ်ဆိုရင် ဆရာညိန်းသီချင်း စီးရီးတစ်ခွေစာ ကျွန်တော်အသံသွင်းပေးမယ်။ ဒါကျွန်တော်နဲ့တော့ မဆိုင်ဘူးနော်။ ကျွန်တော်က တခြားနည်းနဲ့ အဆင်ပြေနိုင်တာ ပြောပြတာ။ အဲဒီလိုဆိုရင်ရော ကျေနပ်မလား'လို့မေးလိုက်တော့ ကိုကျော်သိန်းက– 'ဒီလိုဆိုလည်း လုပ်ဗျာ'လို့ ပြောပြီးပြန်သွားတယ်။

ကျွန်တော်လည်း အားချင်းပဲ အရဏ်လှည့်တဲ့ထဲမှာ လိုက်ပြီးတီးနေတဲ့ ဒိုးအုပ်စုံအောင်ဆွေကိုခေါ်ပြီး အသင်းက လှကျော်၊ လှထွန်း၊ အောင်သန်းတို့ကိုခေါ်ကာ အသံသွင်း ပေးလိုက်ရပါတယ်။

အဲဒီနောက် ကျွန်တော်လည်း မိုးကုတ်ကို ပြန်သွားတယ်။ ကျွန်တော် မိုးကုတ်ကိုရောက်နေတဲ့ကာလကျမှ မိုးကုတ်မှာ ဘုရားပွဲတွေ၊ ကထိန်ပွဲတွေ၊ တန်ဆောင်တိုင်ပွဲတွေ ဆိုရင် တစ်မြို့လုံး ရပ်ကွက်တိုင်းလိုလိုပဲ၊ အငြိမ့်တွေ ဇာတ်တွေ ငှားကြတော့ဘဲ ကိုယ့်အရပ်မှပွဲတွေကို ကိုယ်တိုင်ရှမ်းအိုးစည်၊ ဒိုးပတ်၊ ဗုံမောင်းများနဲ့ ခြည့်ခံဖျော်ဖြေကြပါတယ်။

အဲဒီနှစ်ကတော့ ဈေးဟောင်းတန်ဆောင်တိုင်ပွဲမှာ ရပ်ကွက်က ပြဇာတ်ခင်းပြီး ကပြရန် ရှိလာပါတယ်။ ကျွန်တော်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဇာတ်လမ်းကို ဇာတ်ညွှန်းရေးပြီး ပြဇာတ်အဖြစ် ခြည့်ခံကပြမယ့်အကြောင်း ကြေညာလိုက်ပြီး ဈေးဟောင်းတီးဝိုင်းအသင်းမှ အသင်းသားအသင်းသူတွေကို မင်းသားမင်းသမီး၊ ဇာတ်ပို့ဇာတ်ရံများအဖြစ် ပါဝင်စေတာ ပြဇာတ်ကို တစ်ပတ်လောက်တိုက်လိုက်ပြီး တန်ဆောင်တိုင်ပွဲမှာဖျော်ဖြေပါတယ်။ ပြဇာတ်ကို **ဂျင်ပေါ်ကထုံး** အမည်ဖြင့် ကပြညွှန်ခံရာမှာ မင်းသားလုပ်သူ၊ မင်းသမီးလုပ်သူနဲ့ ဇာတ်ပို့၊ ဇာတ်ရံသရုပ်ဆောင်များကလည်း ထူးထူးခြားခြားကို သရုပ်ဆောင်သွားနိုင်ကြတော့ မိုးကုတ်တစ်မြို့လုံးလာရောက်အားပေးကြတာဟာဖြင့် အုံသြဖွယ်ကောင်းလောက်အောင်ပါပဲ။ ထူးခြားတာက မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး အကျဉ်းကျနေတဲ့အကျဉ်းသားတွေကို အာဏာပိုင်များက အချုပ်ထောင်ထဲမှ ထုတ်လာပြီး အကြည့်ခိုင်းတာဆိုတော့ အတော့်ကို အောင်မြင်တယ်လို့ပြောရမှာ။ ကျွန်တော်တို့ မိုးကုတ်က ပွဲပြီးသွားပြီးတဲ့နောက် မန္တလေးမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပြပွဲကြီး နိုင်ငံတော်ကပြုလုပ်တော့ ကျွန်တော်တို့ ဈေးဟောင်းတေးဂီတအသင်းကို လာရောက်ဖျော်ဖြေပေးဖို့ ခေါ်ကြားတာနဲ့ ကျွန်တော်တို့ သွားရောက်ဖျော်ဖြေကြရပါသေးတယ်။ ပွဲပြီးတော့ ကျွန်တော် မိုးကုတ်ကို ပြန်လိုက်မသွားသေးဘဲ မြို့မအသင်းရှိရာကို လာခဲ့ပါတယ်။ အသင်းရောက်တော့ စန္ဒရားမောင်မြင့်နဲ့တွေ့တယ်။ မောင်မြင့်ပြောပြပုံအရတော့ အသင်းက အခြေအနေ မကောင်းတဲ့အကြောင်း။ 'ပွဲတီးလည်း မရှိ၊ လာငှားတဲ့ပွဲတွေကျတော့လည်း တီးတဲ့လူက မစုံတော့ ကျွန်တော်တို့က လက်ခံမတီးနိုင်။ ဒီတော့ ကျွန်တော်တို့လည်း ယောင်ခြောက်ဆယ်ပေါ့ဗျာ' တဲ့။

ပြန်တွေးကြည့်ရင် ကျွန်တော်တို့ခေတ်က မြို့မအသင်းသားတွေရဲ့ဘဝဟာ ဂီတပညာအတွက်ရော စားသောက်ရေးအတွက်ပါ ဒီဘက်ခေတ်ကလို ပူပင်နေစရာမလိုပါ။ လိုတဲ့ဂီတပညာတွေသင်ပေးမယ့်လူ၊ လိုတဲ့စားရေးသောက်ရေး စီစဉ်ပေးမယ့်လူကြီးတွေကလည်း အဆင်သင့်ဆိုတော့ မြို့မအသင်းဟာ မြို့မအပျော်တမ်း တူရိယာအသင်းကြီးပါပဲပေါ့ဗျာ။

မောင်မြင့်လေး စကားကြားရတော့ ကျွန်တော့်စိတ်ထဲမကောင်းဘူး။ စိတ်မကောင်းဖြစ်မိရာက အတွေးတစ်မျိုး ပေါ်လာတယ်။ ခေတ်အခြေအနေက စားဝတ်နေရေး ကျပ်တည်းနေကြတဲ့အချိန်ကာလဆိုတော့ ဘယ်သူမှ အပျော်တမ်းလိုက်ပြီး မတီးနိုင်ကြဘူးပေါ့။ ဒီတော့ ကြေးယူပြီး တီးမှဖြစ်မှာ ဆိုပြီး မောင်မြင့်ကိုပြောကြည့်တော့ မောင်မြင့်က ကောင်းတာပေါ့ဗျာလို့ပြောတယ်။ ဒါနဲ့ ကျွန်တော် တီးတဲ့မှတ်တဲ့သူတွေနဲ့ တေးဆိုတွေကိုလိုက်မေးကြည့်တော့ အားလုံးက သဘောတူကြတယ်။ သဘောမတူတာက ကိုတင်အေး၊ မောင်အောင်၊ ထွန်းရင်၊ ဒေါက်တာညွန့်လွင်။ လိုက်တော့တီးမယ် ပိုက်ဆံ မယူဘူးတဲ့။ ဘာပဲဖြစ်ဖြစ် ငါလုပ်တယ်ကွာဆိုပြီး အပျော်တမ်းမက ကြေးစားမကျပေါ့၊ ကျွန်တော်ပွဲတွေကို လက်ခံပြီးတီးတာ အတော်လေးကို အဆင်ပြေလာပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ အဆင်ပြေနေတုန်း ရုတ်တရက်ဆိုသလို ပါရမီဆိုတဲ့ တေးဂီတဝိုင်းတစ်ဝိုင်းပေါ်လာတယ်။ မြို့မမှာ တီးနေတဲ့ဒရမ်တီးတဲ့ ဝင်းမြင့်ကို ခေါ်သွားပါတယ်။ ဝင်းမြင့်ကလည်း လိုက်သွားပါတယ်။ ကျွန်တော်ကတော့ ဂရုမစိုက်ပါဘူး။ အားလုံးကိုပဲ ခေါ်လို့ရရင်ခေါ်သွားပါစေ။ ဆရာညိန်းပြောခဲ့တဲ့စကား ကျွန်တော့်ခေါင်းထဲမှာ ရှိပါတယ်။ ဘာလဲဆိုတော့ 'တီးနေတဲ့သူတွေသာ သေသွားမယ်၊ မြို့မနာမည်က မသေဘူးကွ' တဲ့။

အဲဒီအချိန်မှာ ဥက္ကဋ္ဌလည်း မရှိ၊ အတွင်းရေးမှူးလည်း မရှိ၊ ဘယ်သူတွေ အုပ်ချုပ်နေကြမှန်းလဲ မသိ။ ဒီတော့ ကျွန်တော်အော်တို(Alto)မှုတ်တဲ့ ခင်မောင်အေးကိုပြောပြီး မိုးကုတ်ကို ပြန်သွားပါတယ်။ ဒီနောက် သင်္ကြန်နားနီးတော့ မန္တလေးကို ပြန်ဆင်းလာပါတယ်။ ထုံးစံအတိုင်း ကျွန်တော် အသင်းတိုက်ရှိရာကို သွားကြည့်ပါတယ်။

အသင်းမှာ ဘာတွေလုပ်နေကြလဲဆိုတော့ သင်္ကြန်စီးရီးတစ်ခွေသွင်းဖို့ရာ ထုတ်လုပ်သူတစ်ယောက်က ကိုလှထွန်းကို ဂီတမှူးအဖြစ်နဲ့သီချင်းကိစ္စ ဆွေးနွေးနေကြတာ တွေ့ရပါတယ်။ တေးဆိုသူများကတော့ ဇော်ဝမ်း၊ မြတ်ဝတ်ရည်၊ ကိုဖူးအံ့တို့ပဲ ဖြစ်ကြပါတယ်။ သီချင်းတွေကတော့ ထုံးစံ


www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဆရာညိန်း၊ ဦးဘာသိန်းနဲ့ ကိုဘိုခင်တို့ သီချင်းတွေပါပဲ။ တီးဝိုင်းကတော့ မြို့မ မဟုတ်ဘူး၊ မြို့မကပစ္စည်းများကို ငှားပြီးတီးမှုတ်သူတွေကို ဈေးပေါပေါပေးခေါ်ပြီး တီးမှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်က လှထွန်းကို သတိပေးလိုက်ပါတယ်။

'ဂီတမှူးက လှထွန်းနော်၊ တီးဝိုင်းက မြို့မနဲ့ မဆိုင်ဘူးနော်၊ မြို့မ နာမည်မပါစေနဲ့'လို့ သတိပေးထားလိုက်တယ်။

အားလုံး အသံသွင်းပြီးတဲ့နောက် စီးရီးခွေထွက်လာတော့ ဇော်ဝမ်း၊ မြတ်ဝတ်ရည်၊ ကိုဖူးအုံတို့ သီဆိုထားပြီး 'အဝေးရောက် မြို့မအဖွဲ့'ဖြင့် အသံသွင်းကြောင်း ကြော်ငြာမှာပါလာတော့ ကျွန်တော့်စိတ်ထဲ မခံချင်ဖြစ်သွားတာပေါ့ဗျာ။ ဒါနဲ့ကျွန်တော်လည်း အသင်းသားတချို့ကို အကြောင်းကြားပြီး မြို့မနာယကကြီး ဗိုလ်မှူးဘတင်ကို ဖုန်းဆက်ပြောတော့ ခဏနေတော့ ဗိုလ်မှူးဘတင်ရောက်လာတယ်။ ဒါနဲ့ ထုတ်လုပ်တဲ့ဆိုင်ကိုသွားကြပြီး တိုက်တန်းမှာကပ်ထားတဲ့ 'အဝေးရောက်မြို့မ'ဆိုတဲ့ကြော်ငြာတွေကို အခွာခိုင်းပြီး စီးရီးခွေကာဗာကတ်တွေကို သိမ်းယူရပါတယ်။

အဲဒီလို သကြံန်သီချင်း ဖြစ်မြောက်အောင်လုပ်ပြီးမှ ဖျက်ပစ်လိုက်သလိုဖြစ်သွားတော့ ကျွန်တော်လည်း စိတ်မကောင်းပါဘူးဗျာ။ သူတို့ကလည်း သူတို့ပဲ၊ ရိုးရိုးသားသားလုပ်ရင်ပြီးသားနဲ့ 'အဝေးရောက်မြို့မ'တို့ ဘာတို့လုပ်လာတော့ ပြဿနာက ရှုပ်လာတာပေါ့။ ကျွန်တော်လည်းစိတ်ပျက်ပြီး မိုးကုတ်ကို ပြန်သွားတယ်။ ဟိုရောက်တော့ ကျွန်တော်တို့ ပွဲရှိရင် မြို့မက လူတွေကို ခေါ်ပါတယ်။ တေးဆိုသူလည်းခေါ်တယ်။ ဒိုးတီး၊ အုပ်စုံတီးတဲ့သူတွေ၊ စန္ဒရားမောင်မြင့်တို့ကိုလည်း ခေါ်ပါတယ်။ ကျွန်တော်မပြန်ခင် မြို့မတစ်သင်းလုံးကို ခေါ်ပါတယ်။

၁၉၈၁-ခုနှစ်မှာ ဆိုင်းတန်းကစလို့ လောင်လိုက်တဲ့မီးကြီးက မန္တလေးမြို့ အနောက်မြောက်ဘက်ခြမ်း တော်တော်များများကို ဝါးမျိုသွားခဲ့ပါတယ်။ မန္တလေးရုပ်ရှင်ခြံကြီးလည်း မီးလောင်တဲ့အထဲ ပါသွားပါတော့တယ်။ မီးလောင်အပြီး နောက်တစ်နေ့မှာ မန္တလေးရုပ်ရှင်မှ လူကြီးသုံးဦး ကျွန်တော့်အိမ်ကို ရောက်လာကြပါတယ်။

'မောင်ပေါရေ ဦးသန့် ဘယ်ကျောင်းသွားလဲကွ'

ဒီနောက်တစ်ဖန် မောင်ပေါက ဆက်လက်
ထိန်းသိမ်းတော့လည်း နစ်မယ့်သူကိုဆွဲတင်ခဲ့သော်လည်း
အိမ်ကြက်အချင်းချင်း သဟာဇာတမဖြစ်ကြဘဲ
အကွဲကွဲအပြားပြား ဖြစ်လာတဲ့ကိစ္စတွေကို
လိုက်လံထိန်းသိမ်းနေရတာနဲ့ပဲ အချိန်တွေ ကုန်ဆုံးခဲ့ရတာ
အဖတ်တင်တယ်၊ အသင်းအနေနဲ့ တိုးတက်မှု မရှိပါဘူး

'ကျောင်း မဟုတ်ပါဘူး။ ပြည့်ဝတောင်သွားတာပါ'

'ငါတို့ ဦးသန့်နဲ့တွေ့ချင်လို့ကွ။ မင်းသိရင် ငါတို့ကို လိုက်ပို့ပေးပါလား'လို့ ပြောတော့ ကျွန်တော် မန္တလေးမ… လမ်းပေါ်မှာရှိတဲ့ ပြည့်ဝတောင်ကို လိုက်ပို့ပေးရပါတယ်… ပြည့်ဝတောင်က မန္တလေးတောင်ရဲ့မြောက်၊ မယ်ဥတောင်… သခင်မတောင်တွေနဲ့ နီးပါတယ်။ ဟိုရောက်လို့ ဦးသန့်နဲ့တွေ့ကြတော့ လူကြီးတွေက-

'ဦးသန့်လည်း ကြားမှာပါ၊ ကျွန်တော်တို့ ဆိုင်းတန်း… စပြီးမီးလောင်တာ ကျွန်တော်တို့ မန္တလေးရုပ်ရှင်ခြံပါ လော… ပြီးတောက်လျှောက် မြောက်ပြင် ၁၁-လမ်းကျော်ထိလော… သွားလိုက်တာ ကုန်ရောပဲ။ ကျွန်တော်တို့ မန္တလေး ရုပ်ရှင်… တော့ အသံဖမ်းတဲ့တိုက် စတူဒီယို ၂ လုံး၊ ရုံးခန်း၊ ဖလင်… ခန်း၊ ဖလင်ကူးတဲ့အခန်း၊ ကားဆက်တဲ့တိုက်၊ ပြီးတော့ရိုက်… Original Negative ဖလင်စတိုခန်း၊ စီနီမာစကုတ်ကင်… ကြီး၊ Silent Camera တစ်လုံးရော ပါသွားတာကုန်ပါရော… ARRI ကင်မရာနဲ့ မီးတိုင်တွေပဲ ကျန်ခဲ့တာ။

'ဒီတော့ ကျွန်တော်တို့လည်း ဆက်မလုပ်နိုင်တော့… ဘူး။ ဒီတော့ လခစား အလုပ်သမားတွေကို ကျွန်တော်တို့… သုံးထောင်စီ ပေးပြီးအနားပေးရတော့မှာပဲ၊ ဒါ့ကြောင့်ပြီးပြ… အောင်လုပ်မှ ဖြစ်မှာမို့လို့ ဦးသန့်ကို အသိပေးချင်တာ… ကြောင်း၊ တွေ့ချင်တာလည်း တစ်ကြောင်းပေါ့'လို့ ပြော… ဦးသန့်က-

'ဒါတော့ ခင်ဗျားတို့ပြောတာ မှန်ပါတယ်။ ကိုယ်က… မလုပ်နိုင်တာ၊ လခ ဘယ်လိုလုပ်ပေးနိုင်မှာလဲ'

'နောက်ပြီး ကျန်ခဲ့… ကင်မရာနဲ့ မီးတိုင်တွေကိုလည်း… ရောင်းပစ်ရမှာပဲ'

'အဖိုးတန် ပစ္စည်း… အားလုံး ပါသွားပြီးမှတော့… ကျန်တဲ့ဟာလေး ရောင်း… တော့ ဒုက္ခအေးသွားတာ… ကျွန်တော် ပြောလိုတာ… တရားသဘောအရ ပြော… တော့ မက်မောစရာ မရှိပါဘူးဗျာ။ ဖြစ်ရင်ပျက်ရမှာပဲဆို… ကိုယ်က သိထားရင်ပြီးတာပါပဲ။ တိုတိုပြောကြပါစို့၊ အ… လောင်တဲ့အထဲ ကျွန်တော်တို့ ပစ္စည်းတွေပါသွားတဲ့အ… ကျွန်တော်တို့မှာ စိတ်ချမ်းသာမှုရတာပဲဗျ။ ဒုက္ခ၊ သုက္ခပြီ… ပေါ့ဗျာ'

ဒီနောက် ၁၉၈၃-၈၄ ခုနှစ်လောက်ဖြစ်မယ်ထ… တယ်။ ကိုဇော်မြင့်ရဲ့မိခင်ကြီး မမရီ(ဒေါ်ရီရီမြင့်)က ဆ… ရဲ့တေးသီချင်းများကို မာမာအေးနဲ့အသံသွင်းလိုကြော… ကျွန်တော့်ကိုခိုင်းတော့ ကျွန်တော် ပြောမပြတတ်အောင်… သာရပါတယ်။ မမရီစိတ်ကြိုက် သီချင်းတွေကို ကျွန်တော်…

www.burmeseclassic.com

www.burmeseclassic.com

မှတ်ပြီး အသံသွင်းဖို့အစီအစဉ်(Music Arrangements ပိုင်း) တွေ လုပ်ထားလိုက်ပါတယ်။ ကိုဇော်မြင့်က 'လင်း' စတူဒီယို၊ တီးမှုတ်မယ့်သူများနဲ့ မာမာအေးတို့ကို ကြိုတင်ချိတ်ဆက် ပြောဆိုထားပြီး ကျွန်တော်က အသံသွင်းမယ့်ရက်မတိုင်မီ တစ်ရက် ကြိုတင်သွားလိုက်ပါတယ်။

ရန်ကုန်ကိုရောက်တော့ ဇော်မျိုးထွဋ်ကို ဖုန်းဆက်ပြီး စကားပြောကြရာမှာ ဇော်မျိုးထွဋ်က မြို့မငြိမ်းသီချင်းတွေမို့ မလုပ်ရဲဘူးဗျာ။ ကျွန်တော့်အဖေ(စန္ဒရားကိုလှထွတ်)နဲ့ လုပ်ပါဗျာလို့ ပြောလာတယ်။ ဒီတော့ ကျွန်တော် သူ့ကို-

'ခင်ဗျား အဖေလုပ်လည်း ဒီတေးသွားအတိုင်းပဲ ဒီစန္ဒရားနဲ့ လေမှုတ်တူရိယာ ၄ လက်လောက်နဲ့ လုပ်မယ်ဆိုပါတော့၊ ခင်ဗျား လုပ်လည်း ဒီလိုပဲ လုပ်မှာပဲ မဟုတ်လား၊ ခင်ဗျားကျတော့ ဂစ်တာတွေတောင် ပါလာဦးမှာ ဘာမှမလုပ်ရဲစရာ အကြောင်းမရှိပါဘူးဗျာ၊ လုပ်စမ်းပါ ကျွန်တော် တာဝန်ယူပါတယ်'လို့ ပြောပြရတယ်။

'ခင်ဗျားအဖေကို ပစ်ပယ်တာ မဟုတ်ပါဘူး။ ခင်ဗျားအဖေက ကျွန်တော်တို့ထက် အများကြီးကျွမ်းကျင်ပါတယ်။ သူက ဟိုဟာလေး လုပ်ချင်တယ်၊ ဒီဟာလေး လုပ်ချင်တယ်ဆိုရင် ကျွန်တော်တို့က မကြိုက်ရင်ပြောဖို့ပြုဖို့ အားနာရတယ်။ ခင်ဗျားတို့နဲ့ကျတော့ လွတ်လွတ်လပ်လပ် ကိုယ်ကောင်းတယ်ထင်တာကို ကိုယ်လုပ်လို့လည်းရတယ်၊ စန္ဒရား ကိုမျိုးခင်ကျတော့လည်း သူကောင်းတယ်ထင်တာ သူလုပ်တယ်ဆိုပါတော့ ဘာမှလည်း ငြင်းခုံနေစရာလည်း မလိုဘူး။ မကောင်းစရာမရှိပါဘူး။ ကောင်းနေတာပဲ။ တစ်လောကလုံး ကိုယ်ကောင်းတယ်ထင်တာ ကိုယ် လုပ်နေကြတာပဲဟာ၊ ကျွန်တော်တို့ မနက်ဖြန်သွင်းမယ့် စာသားနဲ့ မြူးဇစ်နုတ်(စ်) စာရွက်တွေ ခင်ဗျား ယူထားလိုက်ပါ။ ဒီသီချင်းတွေကို အသံသွင်းတဲ့အခါ ဒါရိုက်(အတီးရောအဆိုပါ တစ်ပြိုင်တည်း)သွင်းချင်တယ်' ပြောတော့ ဇော်မျိုးထွဋ်က-

'ဒီလိုဆို ဦးလေးပေါ ပြောတာ ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ မှားသွားရင်တော့ အစက ပြန်ဆိုပြန်တီးပြီး ပြန်သွင်းရမှာ'လို့ပြောတယ်။

'အဲဒါသိပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒီအတွက်လည်း မပူပါနဲ့ အဆိုနဲ့အတီးမှာ ကျွန်တော် ဘာမှအကျယ်ချဲ့ပြီး မပြောပါဘူး။ ကျွန်တော့်စိတ်ထဲမှာ အတီးရောအဆိုရော စိတ်ချယုံကြည်ပြီးသားပါလို့ပဲ ပြောပါရစေတော့'

နောက်နေ့ အသံသွင်းကြတယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာပါပဲဗျာ။ ထင်တာထက်တောင် ကောင်းနေပါသေးတယ်။ ကျွန်တော်တို့သွင်းတာလည်း တစ်နေ့မှ ၂ ပုဒ်ပဲ သွင်းတာ၊ အေးအေးဆေးဆေးပါပဲ။ အားလုံး ကိုးပုဒ်တစ်ခွေစာကို ၄ ရက်နဲ့သွင်းတယ်။ ကျွန်တော်တို့ ၃ ရက်နားပြီး နောက်တစ်ခွေသွင်းတယ်။ နောက်ထပ် ၃ ရက်နားပြီး နောက်တစ်ခွေသွင်းကြတော့ သီချင်းပိုင်ရှင်က တားလို့ ရပ်ထားလိုက်ရပါတယ်။

သီချင်းပိုင်ရှင်နဲ့ထုတ်လုပ်သူတို့ ဘာဖြစ်တယ်ဆိုတာ ကျွန်တော် မသိပါဘူး။ နောက်တစ်ပတ် ဆယ်ရက်လောက်နေတော့ကျမှ ပြန်သွင်းခွင့်ရတော့ ကျွန်တော်က 'နန်းတော်ရှေ့ ဆရာတင်'၊ 'ဆရာညွှာ'၊ 'ဦးဘသိန်း'နဲ့ 'ကိုဘိုခင်'တို့ရဲ့သီချင်းတွေ သွင်းနေတယ်။

ဒီလိုနဲ့ ၁၉၈၄ခုနှစ်၊ နှစ်ဆန်းပိုင်းလောက်မှာ ကိုဇော်မြင့်က **သကြာန်မိုး** ရုပ်ရှင်ဇာတ်ကားရိုက်ဖို့အတွက် ကျွန်တော်နဲ့ ကိုမောင်မောင်(မဈ္ဈိမလှိုင်း)တို့ကို လိုအပ်တဲ့ ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများနဲ့နောက်ခံ တီးလုံးတီးကွက်များ စီစဉ်ပေးရန် အလုပ် တာဝန်ပေးအပ်လာပါတယ်။ တီးဝိုင်း အတီးပိုင်းကတော့ မဈ္ဈိမလှိုင်းက ဇော်မျိုးထွဋ်၊ မောင်မျိုးခင်တို့အဖွဲ့ပါပဲ။

**သကြာန်မိုး** ဇာတ်ကားဟာ လက်ရှိအချိန်မှာတော့ ဂန္ထဝင်ဇာတ်ကားတစ်ကားအနေနဲ့ သကြာန်ချိန်ရောက်ရင် ပြသလေ့ရှိတဲ့ ဇာတ်ကားတစ်ကား ဖြစ်နေပါပြီ။ ဒါပေမဲ့ အဲဒီဇာတ်ကားကို ရိုက်တုန်းကတော့ ကမန်းကတန်းမှ တကယ့်ကမန်းကတန်း လုပ်ခဲ့ရပါတယ်။ ဇာတ်ဝင်သီချင်းတချို့က (*နှစ်ကိုယ်တူချစ်သမျှ* ကလွဲလို့) ဇာတ်ကားရိုက်နေရင်းနဲ့ အရေးပေါ်ရေးခဲ့ရတာတွေဖြစ်ပါတယ်။ ခင်သန်းနု ဇာတ်ပြားဖွင့်ပြီးနားထောင်နေတဲ့အခန်းမှာ သန်းမြတ်စိုးဆိုထားတဲ့ *ချစ်အာရုံ* သီချင်းဆိုရင် ရိုက်နေရင်းကျမှ ဒါရိုက်တာက ဒီအခန်းနဲ့ လိုက်ဖက်တဲ့ သီချင်းရေးလိုက်ပါဦးဆိုပြီးပြောလို့ ရေးရတာ။ ရေးတော့လည်း အနီးနားမှာ တီးစရာစန္ဒရားလည်းမရှိဘူး။ ဒါနဲ့ ကိုမောင်မောင်(အဒ္ဓလီ)တီးတဲ့ ပိုးကြိုးတပ် ကလပ်စီကယ် ဂစ်တာကြီးကို တယောကြိုးတွေလို ပြန်ညှိပြီး အသံရှာရေးရတာ။ နောက်ပြီး ဇာတ်ကားနောက်ပိုင်းနားလောက်မှာ (သန်းမြတ်စိုး၊ မြတ်ဝတ်ရည်တို့ စုံတွဲဆိုထားတဲ့) *နှုတ်ခွန်းဆက်* သီချင်းလည်း ဒီလိုပဲ၊ စတူဒီယိုကန်တင်းမှာ ကျွန်တော် လက်ဖက်ရည်သောက်နေတုန်း ကိုဇော်မြင့် ရောက်လာပြီး-

'ဦးလေးပေါ၊ ဒါရိုက်တာက ဒီနေရာလေးမှာ နှုတ်ခွန်းဆက်တဲ့ သီချင်းလေးတစ်ပုဒ်လောက် ရေးပေးပါဦးတဲ့' ဆိုတော့ ကပျာကယာနဲ့ စာသားနဲ့သင်္ကေတ တွဲရေးပေးလိုက်ရတယ်။ ပြီးတော့ ဒီသီချင်းကို တန်းပြီးအသံသွင်းကြတယ်။

အဆိုးဆုံးကတော့ ဇာတ်ကားရှေ့ပိုင်းတစ်နေရာမှာ နေအောင်က ခင်စိုးပိုင်ကို သီချင်းချပေးတဲ့အခန်းက သီချင်းလေး။ ဒီသီချင်းလေးက-

'ရင်မှာငြိမ့်ငြိမ့်သိမ့်သိမ့်လှိုက်ဖို၊ ဘယ်ဆီမှန်းလို့ လွမ်းရမလိုလို'

'ဆွေးရမလိုလို၊ မိုးကညို၊ တောင်ဆီမှာ တိမ်…ရိပ်တွေပြို'

ဒီသီချင်းက ဇာတ်ဝင်တေးအဖြစ်နဲ့ တစ်ပိုဒ်တည်းဆိုတော့ သကြာန်မိုးသီချင်း တိပ်ခွေထုတ်တော့လည်း မပါဘူး။ အဲဒီသီချင်းကို ကျွန်တော်လည်း သတိမရတော့ပါဘူး။ တစ်နေ့တော့ ကိုဇော်မြင့်တို့ခြံကို သွားချင်စိတ်ပေါ်လာတာနဲ့ မြို့မ



www.burmeseclassic.com

www.burmeseclassic.com

အသင်းက အောင်ကျော်မိုးနဲ့ သွားကြတော့ ဟိုရောက်တော့ စပ်မိစပ်ရာပြောကြရင်းနဲ့ သကြန်မိုးဇာတ်ကားရိုက်တုန်းက အကြောင်းတွေရောက်သွားတယ်။ အဲဒီမှာ အောင်ကျော်မိုးက စောစောက ပြောတဲ့သီချင်းကိုဘယ်သူ ရေးခဲ့တာလဲလို့ ကိုဇော်မြင့်ကို မေးလိုက်တော့ ကိုဇော်မြင့်က-

'အဲဒီသီချင်းက ဦးလေးပေါ ရေးတာလေ'တဲ့ ဆိုပြီး ဒါရိုက်တာက အကြောင်းအရာကို ပြောပြပြီး ဇာတ်ဝင်သီချင်း ရေးခိုင်းပုံတွေပါ ပြောပြပါတယ်။ ကျွန်တော်ကလည်း မှတ်ဉာဏ်တွေက အားနည်းလာတော့ ဟုတ်လားလို့ပဲ ပြောခဲ့ရပါတယ်။

သကြန်မိုးဇာတ်ကားမှာ နောက်ထပ် အမှတ်ရစရာ တစ်ခုကတော့ *မြို့မှော်ဝေကင်း* သီချင်း အကြောင်းပါပဲ။ ရုပ်ရှင်ဇာတ်ဝင်သီချင်းတွေအနေနဲ့ ဆရာညိန်း၊ ဦးရင်လေး၊ ကိုဘိုခင်တို့ သီချင်းတွေက ပထမခေတ်။ ပြီးတော့ ကျွန်တော်နဲ့ကိုမောင်မောင်တို့ သီချင်းတွေနဲ့နောက် ရန်ကုန်ကသီချင်း တချို့လည်း ပါပါတယ်။ အဲဒါတွေက ဒုတိယခေတ်။ ရုပ်ရှင်အဖွင့် သီချင်းမှာ သုံးထားတဲ့ *မြို့မှော်ဝေကင်း* သီချင်းဟာ *စံရာတောင်ကျွန်း* ဆိုတဲ့ ကြိုးသီချင်းတစ်ပုဒ်ရဲ့ ကျောရိုးကို ယူပြီးရေးဖွဲ့ထားတဲ့ သီချင်းပါ။ ဆရာညိန်းနဲ့ ဦးရင်လေးတို့ရှိစဉ်က မြို့မအသင်းတိုက်ကို ဝန်ကြီးဦးထွန်းဖေ လာရောက်ပြီး မြန်မာသီချင်းကြီးများကို ကမ္ဘာ့စနစ်နဲ့ တီးမှုတ်လို့ ရမရ မေးမြန်းစဉ်က တီးမှုတ်ပြခဲ့တဲ့သီချင်းဖြစ်ကြောင်း ရှေ့ပိုင်း တစ်နေရာမှာ ကျွန်တော် ဆိုခဲ့ပါပြီ။

**သကြန်မိုး** ဇာတ်ကားရိုက်တော့ အဖွင့်အနေနဲ့ ကျွန်တော် ဒီသီချင်းကိုသုံးဖို့ စိတ်ပြင်းပြမိတယ်။ အကြောင်းကတော့ ဒီသီချင်းက မြို့မအသင်းရဲ့သကြန်နှိမိတ်ပုံ၊ ပြီးတော့ တစ်ခေတ်တစ်ခါက မန္တလေးသကြန်ရဲ့အောက်မေ့ဖွယ်ပုံရိပ်တွေကို ဖော်ညွှန်းနေတယ်လို့ ယူဆမိတာကြောင့် ဖြစ်ပါတယ်။ နောက်တစ်ကြောင်းကတော့ ကျွန်တော့်ရဲ့ ဆရာသမားများကို ပူဇော်ဂါရဝပြုတဲ့အနေနဲ့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီသီချင်းကို အဖွင့်သီချင်းအနေနဲ့ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဒီသီချင်းသီဆိုဖို့အတွက်လည်း ကျွန်တော်တို့နဲ့ ဒါးတန်းဝင်းမှာအတူနေခဲ့တဲ့ ကိုသန်းမြတ်စိုးကိုပဲ ရွေးချယ်ဖြစ်ခဲ့ပါတယ်။ ဒီသီချင်းနဲ့ပတ်သက်ရင် မြို့မအသင်းရဲ့ အသင်းသား

> ကိုအေးချွန်၊ ကိုကျော်ဇောတို့
> ဆက်လက်ထိန်းသိမ်းရာမှာလည်း
> တတ်နိုင်သလောက် ဝိုင်းဝန်းကြိုးစားကူညီ
> လုပ်ကိုင်ပေးကြပါတယ်
> ဒါပေမဲ့'ကြေးတင် ရှင်ဘုရင် ဆပ်ရမယ့်ကိန်း'
> ဆိုက်သွားပါတယ်

ဟောင်းဖြစ်တဲ့ ကိုသန်းမြတ်စိုးက ပိုပြီးအသက်ဝင်စေလိမ့်မယ် ဆိုတာ ကျွန်တော်ယုံကြည်မိပါတယ်။ သူက မြို့မသန္တေတည်ရာ ဘူမိနက်သန် ဒါးတန်းအသင်းတိုက်က မြို့မအသင်းသား တစ်ဦးမို့ပါပဲ။

ဒါးတန်းဝင်းထဲမှာရှိတဲ့ ဆရာခန့်ပန်းထိမ်ဖိုမှာ ကျွန်တော် ပန်းထိမ်ပညာသင်ကြားနေစဉ်က ဒါးတန်းအနောက်ဝင်း ကျွန်တော်တို့နေတဲ့ အရှေ့ဝင်းကို ဖြတ်ပြီး ကျောင်းသွားလေ့ရှိတဲ့ သန်းမြတ်စိုးကို နေ့စဉ်မြင်တွေ့နေကျပါ။ သူကလည်း ကျွန်တော် ပန်းထိမ်လုပ်နေတာ သိပါတယ်။ မြို့မအသင်းထဲမှာ တီးမှုတ်နေတာကိုလည်း သိပါတယ်။ တစ်နေ့တော့ ကျွန်တော် ရှိတဲ့ ပန်းထိမ်ဖိုထဲ ဝင်လာပြီး မြို့မအသင်းထဲ ပါဝင်ချင်ကြောင်းပြောပါတယ်။ ဒါနဲ့ ရပါတယ်ကွာလို့ ပြောပြီး မြို့မအသင်းထဲခေါ်သွားပြီး လူကြီးများစုံရာမှာ ကျွန်တော် သူ့ကို မိတ်ဆက်ပေးပါတယ်။ ကျွန်တော်ရဲ့ညီလေးလိုနေတဲ့ မောင်သန်းမြတ်စိုး ဖြစ်တဲ့အကြောင်း၊ အသင်းသားအဖြစ် ပါဝင်လိုကြောင်း၊ ဂီတပညာ ဝါသနာပါကြောင်း ပြောပြတော့ လူကြီးတွေက-

'ခုလို ဝါသနာရှင်တစ်ယောက်တိုးလာတော့ ဝမ်းသာပါတယ်ကွာ။ မြို့မအသင်းမှာ အသင်းသားအဖြစ် ခံယူမယ်ဆိုရင်တော့ လိုအပ်တဲ့နေရာတွေမှာ ဝင်ပြီးလုပ်အားပေးဖို့တော့ ရှိလိမ့်မယ်။ ဒီလိုကျရာနေရာတွေမှာ တာဝန်ကျေပြီးမှ တခြား ကိုယ်လုပ်ချင်၊ ဖြစ်ချင်တဲ့နေရာကိုပြောင်းပေါ့။ ခုလောလော ဆယ်တို့က ထရမ်းပက်ပညာကိုလည်း သင်စေချင်ပါတယ်' လို့ ပြောတော့ သန်းမြတ်စိုးက 'ဘာပဲဖြစ်ဖြစ် ကျွန်တော် အသင်းက ချမှတ်ထားတဲ့နေရာ မှာ လုပ်အားပေးဖို့ အဆင်သင့် ပါပဲ'လို့ ပြောပါတယ်။ ကျွန်တော် သူ့ကို ထောက်ခံပေး လိုက်ပါတယ်။

အဲဒီလို သန်းမြတ်စိုးဟာ အသင်းသားဖြစ်သွားပြီးတဲ့ နောက် နေ့စဉ် ဝင်းထဲကနေ ဖြတ်ပြီး ကျောင်းသွားရင်းနဲ့ နေ့လယ်ထမင်းစားဆင်းချိန် အသင်းတိုက်မှာ ထရမ်းပက်ဝင်မှုတ်၊ ညနေကျောင်းဆင်းချိန်မှာလည်း ထရမ်းပက် ဝင်မှုတ်နေတာကို ကျွန်တော် နေ့စဉ်မြင်တွေ့ရပါတယ်။ ဒီတော့ ကျွန်တော် သူ့ကို ဂရုစိုက်ကြည့်မိပါတယ်။

သန်းမြတ်စိုးဟာ ထရမ်းပက်မှုတ်ဖို့ ထိုင်တာကအစ စမတ်ကျပြီး မှုတ်တဲ့နေရာမှာလည်း ပြုံးယောင်လေးနဲ့ သိပ်အားမစိုက်ရဘဲ သက်သောင့်သက်သာလေးနဲ့ အသံထွက် ကြည်လင်လှပတယ်။ ကျွန်တော်တို့ပွဲတီးတဲ့အခါ သန်းမြတ်စိုးက သူများတွေ သီချင်းဆိုရင် သူက နောက်ကနေ (မိုက်ခေါ် ဘဲ အလွတ်) လိုက်ဆိုနေတတ်တယ်။ ဒီလိုလိုက်ဆိုတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

စင်ရှေ့မှာ ဆိုတဲ့သူထက် သူက ပိုကောင်းနေတာတွေ့ရတော့ ကျွန်တော် သူ့ကို အမှတ်ပေးထားလိုက်တယ်။ နောက်ပိုင်း အသင်းပွဲတီးတွေမှာ သီချင်းသီဆိုစေပါတယ်။ နောက်တစ်ခါ သင်္ကြန်လှည့်တော့ ကိုဝင်းဦးက တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေတယ်။ ကိုဝင်းဦး ဆိုပြီးတဲ့နောက် သန်းမြတ်စိုးအလှည့် ဆိုတဲ့ အခါကျတော့ သန်း မြတ်စိုးက ကိုဝင်းဦးအသံနဲ့ ခပ်ဆင်ဆင်။ သို့သော်လည်း သောတရှင်များက သန်းမြတ်စိုးကိုလည်း နောက်ပြောင်ခြင်းမရှိဘဲ တော်တော်လေးကို အားပေးကြတာ တွေ့ရတယ်။ ကိုဝင်းဦး လေးငါးပုဒ်ဆက်တိုက် ဆိုပြီးသွားတဲ့အခါ သန်းမြတ်စိုးကိုလည်း ဆိုပေးပါဦးလို့ တောင်းဆိုကြတယ်။ ဒါ အောင်မြင်တာပဲ။ နောက်ပိုင်း သူ ရန်ကုန်ကို ဆင်းသွားပြီးတဲ့နောက် အောင်မြင်မှုလမ်းကြောင်းပေါ်ကို ရောက်သွားပါတယ်။ ဒါ **သင်္ကြန်မိုး** ဇာတ်ကားနဲ့ဆက်စပ်မိလို့ ပြန်သတိရမိတဲ့ ကိုသန်းမြတ်စိုးရဲ့ပုံရိပ်တွေပါပဲ။

ကျွန်တော် မိုးကုတ်ကနေ ၁၉၈၈ခုနှစ်မှ မန္တလေးကို အပြီးပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကျေးဇူးရှင်ကြီး ဦးသန့်ကွယ်လွန်သွားခဲ့ပါပြီ။ ဒါးတန်းဝင်းကတော့ ယနေ့အချိန်ထိ ဒါးတန်းရပ်မှာ'မြို့မဝင်း'လို့ ခေါ်ဝေါ်သုံးနှုန်းနေကြဆဲပါ။

မန္တလေးမှာ ကျွန်တော် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းနဲ့ ရုပ်ရှင်လုပ်ငန်း ဆက်လက်လုပ်ကိုင်နေပါတယ်။ တစ်နေ့တော့ ကျွန်တော်အိမ်မှာ အနားယူနေစဉ် ကျွန်တော့်ကို'စံပြဗီဒီယို' က လာခေါ်လို့ မန္တလေးမြို့ရပ်ကိုင်းဈေးအနီးက အလှူပွဲတစ်ခုမှာ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးနေတုန်း အလှူကိုဝင်လာတဲ့ မြို့မက ဒေါက်တာလှခိုင်နဲ့ တွေ့တယ်။ အသင်းအတွက် မင်္ဂလာသီချင်း ၂ ပုဒ်လောက်ရေးပေးပါလို့ တောင်းဆိုလို့ နောက် နှစ်ရက်သုံးရက်လောက်နေတော့ ကျွန်တော် *အောင်သေမင်္ဂလာ* နဲ့ *ပန်းခင်းသောလမ်း* ဆိုပြီး မင်္ဂလာသီချင်း နှစ်ပုဒ် ကိုလှခိုင်ရဲ့အိမ်ကို သွားပို့ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ မြို့မအသင်းက ဒေါက်တာလှခိုင်ရဲ့အိမ်ကို ရောက်နေပါပြီ။ နွှေလေး ရုပ်ရှင်ပျက်သွားပြီးတဲ့နောက် တာရဲတန်း ကိုရဲထွေး တို့နေအိမ်အနီးက သခင်တင်ရွှေအိမ်ကို ပထမပြောင်းပါသေးတယ်။ နောက်မှ ဒေါက်တာလှခိုင်တို့ အိမ်ကို ရောက်သွားကြပြီး (ယခုလက်ရှိ အသင်းတိုက်နေရာကို မရောက်ခင်အထိ) အဲဒီမှာ ဆက်လက်လုပ်ကိုင်ကြပါတယ်။ အဲဒီသီချင်း နှစ်ပုဒ်ကို မြို့မ မင်္ဂလာပွဲတီးတွေမှာ တီးမှုတ်သံမကြားရသေးခင် ဒီကြားထဲ ကိုဇော်မြင့်ကို စီးရီးတစ်ခုလုပ်ပေးစရာရှိတဲ့အတွက် ကိုလှခိုင်ဆီက ခဏပြန်ယူပြီး အဆိုတော် တင်တင်မြနဲ့ လင်းစတူဒီယိုမှာ အသံသွင်းဖြစ်ခဲ့ပါသေးတယ်။

အဲဒီနောက် စံပြဗီဒီယိုက လာခေါ်ပြန်တယ်။ မိုးကုတ်မြို့က ဘုန်းကြီးပျံမှာသွားပြီး ဗီဒီယိုရိုက်ကူးရန် ဖြစ်ပါတယ်။ ဒီပွဲကတော့ ကျွန်တော့်အတွက် အဆင်အပြေဆုံးပါပဲ။ မိုးကုတ်ကို ကျွန်တော် ၂ ရက်ကြိုတင်ပြီး သွားလိုက်ပါတယ်။ ဟိုရောက်တော့ ကျွန်တော့်ကို မျှော်နေကြတဲ့ ဈေးဟောင်း တေးဂီတအသင်းသားတွေကို တွေ့ပါတယ်။ ရောက်ရောက်ချင်းပဲ ကျွန်တော် ဘုန်းကြီးရဲ့ထေရုပ္ပတ္တိပူဇာတေးသီချင်းနဲ့ လေ့လော့သီချင်းနှစ်ပုဒ်ရေးပြီး အန္တိမဈာပနပူဇာ အခမ်းအနားမှာ တီးကြ ဖျော်ဖြေကြပါတယ်။ ဒီဘုန်းကြီးပျံပွဲမှာ ကျွန်တော့်အနေနဲ့ တေးဂီတမှာရော၊ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးရေးမှာပါ စိတ်တိုင်းကျဖြစ်ခဲ့ပါတယ်။

အဲဒီကာလတွေပြီးတဲ့နောက် ကျွန်တော်လည်း ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းလေးတွေမှာ လုပ်ကိုင်နေတဲ့လူငယ် မိတ်ဆွေလေးတွေကို ကြီးကြပ်ကူညီပေးရင်းနဲ့ အနားယူနေပါပြီ။

တစ်နေ့မှာတော့ ကျွန်တော့်ဆီကို မြို့မ ကိုကျော်ဇောနဲ့ ကိုသန်းမောင်(ဆေး)တို့ရောက်လာကြပြီး ကိုရွှန်းမြိုင်နဲ့ စကားများခဲ့ကြကြောင်း၊ မကျေနပ်ပြီးထွက်လာခဲ့ကြကြောင်း၊ နောက်ပြီး ငွေကြေးကိစ္စနဲ့ပတ်သက်တဲ့အကြောင်းများ ပြောကြပါတယ်။ ဒါနဲ့-

'နေစမ်းပါဦး။ ခုဘယ်သူတွေ အုပ်ချုပ်နေကြတာလဲ' လို့ ကျွန်တော် မေးလိုက်တော့ ကိုကျော်ဇောက-

'ကိုလှခိုင်၊ ကိုရွှန်းမြိုင်၊ ကျော်စိုးဝင်း၊ ဦးကိုလေး၊ ဦးစံထွန်း၊ ကိုအေးဖေ၊ ထိပ်တင်ဆန်း၊ ကိုစိန်ဝင်း၊ ကိုအေပေါ်၊ ဒိုးတီးကိုသန်းမောင်၊ ကိုရဲထွေး၊ ကိုတင်အေး၊ ကိုထွန်းမြင့်တို့ ပေါ့ဗျာ၊ ကျန်တဲ့လူတွေကတော့ လူသစ်တွေမို့ မသိပါဘူး' လို့ ပြောပြီးပြန်သွားကြတယ်။

ညနေအချိန်လောက်မှာ မြို့မမှ ကိုအေပေါ် ကျွန်တော့်ဆီ ရောက်လာပြီး-

'မနက်ဖြန် မနက်မှာ မြို့မရဲ့ မျိုးဆက်သစ်လူငယ်လေးများကို လေမှုတ်တူရိယာ သင်ကြားပြသရေးသင်တန်း ဖွင့်ပွဲ ဆက်ဆက်လာပါ'ဆိုပြီး ဖိတ်ကြားလွှာပေးသွားပါတယ်။ ဖွင့်ပွဲကို ကျွန်တော် သွားလိုက်ပါတယ်။ မြို့နယ်လူကြီးတစ်ယောက်က မိတ်ဆက်စကားများ ပြောကြားပြီးတဲ့နောက် ကိုလှခိုင်ကလည်း လာရောက်အားပေးကြတဲ့ မျိုးဆက်သစ်လူငယ်လေးများကို မြို့မဆရာကြီး ဦးပေါ်မှ သင်ကြားပြသပေးမည့်အကြောင်း ပြောကြားပြီး ကျွန်တော်နဲ့လူငယ်လေးများကို မိတ်ဆက်ပေးပါတယ်။ နောက်နေ့ကစပြီး သင်တန်းဆရာတစ်ယောက်အနေနဲ့ နေ့စဉ်သွားရောက်ပြီး စနစ်တကျ သင်ကြားပေးနေပါတယ်။

ဒီလိုနဲ့ပဲ သင်္ကြန်နားနီးလာတော့ နှစ်ပတ်လည် အစည်းအဝေးပြုလုပ်ကြပါတယ်။ မန်နေဂျာက လယ်ဂျာစာအုပ်ကြီးကိုဖွင့်ပြီး ဖတ်ပြသွားပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဘာမှမပြောကြပါဘူး။ လက်ဖက်ရည်၊ မုန့်များစားသောက်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါတယ်။

နောက်တစ်နှစ်၊ နှစ်ပတ်လည်အစည်းအဝေးကို ရေချိုဦးအေးမောင်ရဲ့တိုက်မှာသွားပြီး လုပ်ပါတယ်။ ကျွန်တော်က မန်နေဂျာကို မေးကြည့်တယ်။ အခုလို အစည်းအဝေး လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com

မြို့မအသင်းတိုက်မရှိလို့လားလို့ မေးလိုက်တော့ မန်နေဂျာလည်း အူကြောင်ကြောင်ဖြစ်သွားပြီး သြော်…ဒီမှာ လာလုပ်ရတဲ့ အကြောင်းအရင်းက ဘာညာပေါ့၊ ခဏနော်ထိုင်ဦး ဆိုပြီး ထွက်သွားတယ်။ လူစုံမှ မန်နေဂျာ ပြန်ရောက်လာတယ်။ ထုံးစံအတိုင်း စာအုပ်ကြီးဖတ်ပြပြီး လက်ဖက်ရည်နဲ့မုန့်များ စားသောက်ကြတာပါပဲ။ အစည်းအဝေးမသိမ်းခင်လေးမှာ ထူးခြားတာလေးတစ်ခု ကြားသိလိုက်ရပါတယ်။ အသင်းမှာ အော်ဂင်နဲ့ပဲ တီးနေရတော့ စန္ဒရားကို ရောင်းလိုက်တာ ကောင်းတဲ့အကြောင်း၊ နောက်ပြီး တခြားမှာ ရောင်းမယ့် အတူတူ ဥက္ကဋ္ဌ ကိုရွှန်းမြိုင်က သူ ဝယ်မယ်ပေါ့၊ ဦးကိုလေးက ထောက်ခံကြောင်း ပြောပါတယ်။

အသင်းမှာ စန္ဒရားမရှိလို့ ဦးစိန်(စန္ဒရားပြုပြင်/ငှားရမ်းသူ)ထံမှ စန္ဒရားကို ငှားတီးခဲ့ရတဲ့ဘဝ၊ ဒုက္ခရောက်တုန်းက ရီမြင့်ရုပ်ရှင်ဦးတင်မြင့်+ဒေါ်ရီရီမြင့်တို့ လှူထားတဲ့ စန္ဒရားကို ရောင်းပစ်ဖို့လုပ်နေကြတာ မည်သူတစ်ဦးတစ်ယောက်ကမှ မတားမြစ်ကြပါဘူး။ ဘယ်သူတွေ ဘာပြောနေကြပြောနေကြ ကိုရွှန်းမြိုင်ကတော့ စန္ဒရားကို ယူသွားတာပါပဲ။ အဲဒီလိုနဲ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်တာနဲ့ ကျွန်တော် အိမ်ပြန်ပြီး အသင်းမှအနားယူမယ့်အကြောင်း စာရေးပြီး အုပ်ချုပ်သူလူကြီးများအား စာအိတ်နဲ့ထည့်ပြီး တင်ပြလိုက်ပါတယ်။

ကျွန်တော်နဲ့ မြို့မအုပ်ချုပ်တဲ့လူများနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ အနားယူလိုက်ပြီး ကျွန်တော်စဉ်းစားကြည့်မိတယ်။ ဆရာညိန်းတို့ ဦးဘကြင်၊ ဦးဘသိန်းတို့လက်ထက်က **'မြို့မအပျော်တမ်းတူရိယာအသင်း'** အမည်နဲ့ အုပ်ချုပ်လုပ်ကိုင်လာခဲ့ကြတာဆိုရင်-

**အသင်းနာယကလူကြီး**- ဦးသန့်၊ ရတနာပုံဆီစက်ပိုင်ရှင်ဦးအေးမောင်။

**အသင်းဥက္ကဋ္ဌ**- ရှမဝပန်းချီဆရာကြီး ဦးဘငွေ

**အတွင်းရေးမှူး**- မန္တလေးမြို့ ရွှေဆိုင်ဦးဘကြင်၊ ဦးဘသိန်း။

**စာရင်းစစ်**- ကိုမြမောင်။

**အသင်းပစ္စည်းများထိန်းသိမ်းစောင့်ရှောက်ရေး**- ကိုညွှန့်ဝေ၊ ကိုစိန်ဝင်း။

**တီးဝိုင်းအုပ်**- ဆရာညိန်း(မြို့မငြိမ်း)၊ ဦးရင်လေး၊ ဦးဘသိန်း။

**ဘဏ္ဍာရေးမှူး**- ဦးသန့်။

**အမှုဆောင်အဖွဲ့**- ဦးသောင်း၊ ကိုသန်းမောင်(ရွှေ... ကိုကောင်းညွှန့်၊ ကိုဗစိန် ဆိုပြီး ဖွဲ့စည်းထားပါတယ်။

မြို့မအသင်းတိုက်ကို နေ့စဉ်လိုလိုလာရောက်ပြီး အား... ကူညီနေကြတဲ့ မြို့မချစ်သူများကတော့ ရွှေတောင် ဦးလှမြ... (ဒါရိုက်တာကိုလှမြင့်)၊ ဗမာ့ခေတ်ကိုကျော်၊ စောင်းကော... ကိုချစ်ဆွေ၊ ရှမဝကိုတင်မောင်၊ မန္တလေးတက္ကသိုလ်မှ ကိုတ... ညွှန့်တို့ကိုလည်း သတိရမိပါတယ်။

ကျွန်တော့်ရဲ့ဂီတရုပ်ရှင်လုပ်ငန်းစဉ်အတွေ့အကြုံ မှ... တမ်းလေးကို ဖတ်ကြည့်လိုက်တော့-

- ဆရာညိန်းနဲ့ ဦးရင်လေးတို့ ဆုံးပါးသွားကြပြီး... နောက် ကိုဘိုခင်က ဆက်လက်ထိန်းသိမ်းရာမှာ ကောင်း... လို့နဲ့ စုံးစုံးမြုပ်မသွားတာ ကံကောင်းတယ်။

- ဒီနောက် ကိုအေးဖေ ဆက်လက်ထိန်းသိမ်းရာမှာ... လည်း မြုပ်နေသော သူကို နှစ်သွားတယ်။

- ဒီနောက်တစ်ဖန် မောင်ပေါက ဆက်လက်ထိန်း သိမ်း... တော့လည်း နစ်မယ့်သူကိုဆွဲတင်ခဲ့သော်လည်း အိမ်ကြ... အချင်းချင်း သဟဇာတမဖြစ်ကြဘဲ အကွဲကွဲအပြားပြား ဖြ... လာတဲ့ကိစ္စတွေကို လိုက်လံထိန်းသိမ်းနေရတာနဲ့ပဲ အချိန်... ကုန်ဆုံးခဲ့ရတာ အဖတ်တင်တယ်၊ အသင်းအနေနဲ့ တိုးတ... မရှိပါဘူး။

- ကိုအေးချွန်၊ ကိုကျော်... ဇော်တို့ ဆက်လက်ထိန်းသိမ်း... ရာမှာလည်း တတ်နိုင်သလော... ဝိုင်းဝန်းကြိုးစားကူညီ လုပ်ကိုင်... ပေးကြပါတယ်။ ဒါပေမဲ့ ရွှေ... တင် ရှင်ဘုရင် ဆပ်ရမယ့်ကိ... ဆိုက်သွားပါတယ်။

- ဒီနောက် အကွပ်မရှိတဲ့... တောင်း ဖွာလန်ကြဲ အုပ်ချုပ်... လုပ်ကိုင်မယ့်သူ မရှိ၊ ဘုံဆိုင်... လိုဖြစ်နေရာ၊ ကြုံရာလူ ဝင်လုပ်ကြတော့မှ ဖွတ်သထက်... ညစ်လာခဲ့ရာ-

- **သကြိန်မိုး** ဇာတ်ကားပေါ်ထွက်လာတော့မှ ရေမှာ... ပျော်သောင်း လာပါပြီ၊ မြို့မမောင်တို့ဆီ၊ မြို့မမောင်တို့ဆီ... ဟူ၍ ဒေါက်တာလှခိုင်က ထိန်းသိမ်းစောင့်ရှောက်နေဆဲပါ...

တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေသော... ကိုလှခိုင်ကို ကျေးဇူးတင်မိပါတယ်။

***မြို့မချစ်မိတ်ဆွေများအား လေးစားစွာ...***

**မြို့မကိ...**

အကွပ်မရှိတဲ့တောင်း ဖွာလန်ကြဲ
အုပ်ချုပ် လုပ်ကိုင်မယ့်သူ မရှိ၊ ဘုံဆိုင်လိုဖြစ်နေရာ
ကြုံရာလူ ဝင်လုပ်ကြတော့မှ ဖွတ်သထက် ညစ်လာခဲ့ရာ
**သကြိန်မိုး** ဇာတ်ကားပေါ်ထွက်လာတော့မှ
ရေမှာ ပျော်သောင်း လာပါပြီ
မြို့မမောင်တို့ဆီ မြို့မမောင်တို့ဆီ ဟူ၍
ဒေါက်တာလှခိုင်က ထိန်းသိမ်းစောင့်ရှောက်နေဆဲပါ



www.burmeseclassic.com

www.burmeseclassic.com

**ကိုဝင်းငြိမ်းရေ…**

တချိန်က ဘဝသရုပ်ဖော် *Realism* ဆိုတာ
ဆင်းရဲတဲ့လူတွေအကြောင်းရေးမှ *Realism* လား
ဆိုခဲ့ကြလို့ *America* က ချမ်းသာကြွယ်ဝတဲ့
ဆေးကျောင်းသူကလေးတွေအကြောင်း
ရေးကြည့်လိုက်တယ်။ အေး တခုတော့ ရှိတယ်။
ချမ်းသာတဲ့လူတွေမှာကတော့ လူ့ဘဝမှာ
အဓိကအကျဆုံးဖြစ်တဲ့ စားဝတ်နေရေးအတွက်
မပူပန်၊ မကြောင့်ကြ၊ မရုန်းကန်၊
မလှုပ်ရှားကြရဘူးပေ့ါ။ ဒါပေမယ့်
သူတို့မှာလဲ တခြားမပြည့်စုံမှုတွေ ရှိတာပဲ။
သိရမှာက လူဆိုတာ လူပါပဲ။ မပြည့်စုံမှုကို
လူမှန်ရင် ရှောင်လို့ မလွတ်ပါဘူး။ ဇာတိ၊
ဇရာ၊ ဗျာဓိ၊ မရဏာကို ဘယ်သူမှ
မလွန်ဆန်နိုင်သလို အနာဂတ်ကိုလဲ
ဘယ်ချမ်းသာဆင်းရဲမှ ကြိုမသိနိုင်ပါဘူး။
ဒါ့ကြောင့် ငါ့ရဲ့ သည်ဝတ္ထုတိုကလေးကိုလဲ
*Que Sera Sera* လို့ပဲ နာမည်ပေးလိုက်မယ်။
သည် *Que Sera Sera* ဆိုတဲ့ ကမ္ဘာကျော်
ဂန္ထဝင်သီချင်းကိုတော့ မင်းလဲ မှတ်မိမှာပါ။
၁၉၆၀ခုနှစ်လွန်ကာလက *American* အဆိုတော်
ရုပ်ရှင်မင်းသမီးကြီး *Doris Day* စဆိုခဲ့တဲ့သီချင်းပဲ။
ကနေ့ထက်ထိလဲ လူတိုင်းရဲ့ နှုတ်ဖျားမှာ သီဆိုနေကြဆဲ
ဖြစ်တယ်။ အလျဉ်းသင့်တိုင်း ကြုံကြိုက်တိုင်းလဲ



# မေသာရ
# Que Sera Sera...

အမှတ်-၃၀၀၊ နိုဝင်ဘာ၊ ၂၀၁၄

ရုပ်ရှင်တွေ ပြဇာတ်တွေထဲမှာ
နောက်ခံတေးဂီတအဖြစ် တီးမှုတ်သီဆိုနေကြဆဲ
ဖြစ်တယ်။ မူရင်း ၄ ပိုဒ်ရှိတဲ့အထဲက
ငါမှတ်မိနေတဲ့ ၂ ပိုဒ်ကို ရေးပေးလိုက်တယ်။
မူလကတည်းက သီချင်းရဲ့နာမည်က
*Espanol*ဘာသာနဲ့ *'Que Sera Sera'* ပဲ။
စပိန်လိုတော့ 'ကေ စေရာ စေရာ' လို့ အသံထွက်တယ်။


**ပထမပိုဒ်**

***When I was... Just a little girl***



www.burmeseclassic.com

www.burmeseclassic.com



I asked my mother
What will I be
Will I be pretty
Will I be rich
Here's what she said to me
Que Sera Sera
What ever will be will be
The Future's not ours to see
Que Sera Sera

What will be will be
တတိယပိုဒ်
(ဒုတိယပိုဒ်နဲ့
စတုတ္ထပိုဒ် မမှတ်မိ)
When I grew up...
and fell in love
I asked my sweet-heart
What lies ahead
Will we have rainbow

Day after day
That's what my sweet-
heart said
Que Sera Sera
Whatever will be will be
The future's not ours to see
Que Sera Sera
What will be will be
အရေးအကြီးဆုံးက

မင်းရော ငါရောလဲ
ဘာမှ ကြိုမပြောနိုင်ဘူး။
မင်းလဲနေကောင်းအောင်နေ။
ကျန်းမာရေး ဂရုစိုက်။
ငါ့မြေးမ တက္ကသိုလ်
တတိယနှစ်ကျောင်းသူ
အင်ကြင်းခိုင် Decလထဲမှာ
လာလိမ့်မယ်။ စာမျက်နှာ
တထောင်ကျော် ဝတ္ထုကြီး



www.burmeseclassic.com

www.burmeseclassic.com

*ပေးလိုက်မယ်။ ငါမသေခင် စာအုပ်ဖြစ်အောင်လုပ်ပေး။ မင်းအတွက် သွေးတိုးတိုင်း၊ Oxygenတိုင်း၊ အဖျားတိုင်း နောက်ဆုံးပေါ်တွေလဲ ဝယ်ပေးလိုက်မယ်။ မဝယ်နှင့်နဲ့ အုံး။*

■

***မောင်သာရ***

Chloe Celeste နဲ့ Leah Lohan တို့ College မှာ တွဲမိနေကြတယ် ဆိုတာက Entrance Exam မှာ Position တွေ 1st နဲ့ 2nd ဖြစ်နေကြလို့၊ Credit ကောင်းနေကြလို့ချည့် မဟုတ်ဘူး။ ဒါဖြင့် သူတို့က ကျောင်းသူတွေ တောထဲမှာ အများတကာထက် သိသိသာသာ ပိုချောပိုလှ ပိုSexy ဖြစ်နေကြလို့လား ဆိုပြန်တော့လဲ မိတ်မပျက်ချင်ရင် သူများရဲ့ အားနည်းချက်ကို မထိပါးမခနဲ့စတမ်းလေ။

မပြောချင်ပဲ ပြောရအုံးမယ်ဆိုရင် Chloe ရော Leah ရောက ၁၉နှစ်၊ ၂၀တွေသာ ဆိုတယ်၊ သူတို့ဗလတွေက မြောက်ဝင်ရိုးစွန်းက ဝက်ဝံဖြူကြီးတွေလား အောက်မေ့ရတယ်။ ၅ပေ ၁၀လက္ခအရပ်တွေနဲ့ ပေါင်ချိန် ၂၀၀ကျော် အကောင်ကြီးတွေချည့်ပဲ။ ခါးပျောက်လို ရင်မောက်တဲ့ America Up-States အညာသူတွေ ဆိုပါတော့။ မျက်ခုံးရွှေနီရောင်က ပါး၊ မျက်လုံးစိမ်းပြာရောင်က ကြည်၊ မျက်တောင် နက်ပြာရောင်က ကော့၊ ဆံပင် Blande က Pony Tail ။

Leah က သည်အနား Philadelphia ကတွင် လာကျောင်းတက်တာပါ။ Chloe ကသာ နည်းနည်းလှမ်းတယ်ဆိုရမယ့် Minneapolis က လာနေတာရယ်။ ပြောစမှတ်ဖြစ်တာက သည်Bostonမှာဖြင့် နှင်းပျောက်လို့ နေနကလေး ရက်ဆက်ပွင့်လာတာမှ တပတ်မပြည့်တတ်သေးဘူး။ သူတို့က ပူအိုက်ကုန်ကြပြီ။

> ကျောင်းဖွင့်ခါစ
> တမနက်မှာ
> Freshman Welcome
> ကျောင်းသား
> သစ်တွေ
> အားလုံး
> တက်ကြရမယ့်
> Assembly
> Theatre ကို
> လာကြည့်ရင်း
> Parking Lot
> ၂ယောက်သား
> ကံအားလျော်စွာ
> ကား၂စင်း
> ကားချင်း
> ဘေးချင်းယှဉ်ရပ်
> လိုက်မိရက်သား
> ဖြစ်သွားကြတယ်

သည် ကနေ့ Chloe က အရောင်မျိုးစုံ၊ အရွယ်ပေါင်းစုံ၊ ၃ ထောင့်တြိဂံပုံတွေ ပုံနှိပ်ထားတဲ့ ယောကျ်ားဝတ် စွပ်ကျယ်လိုမျိုး ဂျိုင်းပြတ်လည်ဟိုက် Tankအပါးကလေးကို အောက်က Brassiereကလေး သာခံပြီး ဝတ်လာတယ်။ အောက်ပိုင်းကလဲ ခွကြားညပ်တဲ့အထိတိုပြီး၊ ပေါင်၂ဖက်မှာ အနားတွေ ဖွာထားတဲ့ Fringe Jean Short အဖြူကလေးနဲ့။ ခြေအိတ်ဗလာ ခြေညှပ်Sandle ဖိနပ်သာ စီးလို့။ Sleeveတွေ Fleeceတွေ တခန်းရပ် ချောင်ထိုးခဲ့ပြီပေါ့။

Leahကလဲ အလံရဲ့ Designအပြာခံမှာ ကြယ်ဖြူပွင့်တွေ ဖေါ်ထားတဲ့ ပိုးသား Drapey Tee Shirt ပခုံး တဖက်ဖွင့်ကို အင်္ကျီအဖြစ် စွပ်လာတယ်။ စလွယ်သိုင်း အဖေါ်ပေါ့။ အောက်ကလဲ ဒူးဆစ်ဖုံး Yoga Pant အတိုအကြပ် အသားကပ် နီညိုရောင် ဘောင်းဘီကလေးနဲ့။ Leah က Ok ပါတယ်။

အကြည့်ရ ဆိုးတာက Chloe။ Chloe ဝတ်ထားတာက Tank ဆိုတော့ ရင်ညွန့်ရယ်၊ လည်တိုင်ပတ်လည်ရယ်၊ ပခုံးတွေရယ်က Wide Open ပေါ့။ သူကသာ ဖုံးကွယ် အလှခြယ်တဲ့အနေနဲ့ Lotionတွေ၊ Creamတွေ၊ Powder Puffတွေ သုံးပြီး လိမ်းကောင်းလိမ်းထားမယ်။ ဒါပေမယ့် နှင်းစားထားတဲ့ Frostbitten ရင်ညွန့်တပြင်မှာက ပွေးညှင်းကွက်တွေလို အရေခွံ အနာရွတ်တွေက အရုပ်ဆိုးနေတယ်။ အသားကလေးကတော့ ဖွေးဥနေအောင် ဖြူပါရဲ့။ ကိုယ်သင်းနံ့ကလဲ မူးလဲရလုမတတ် မွှေးလှကြိုင်လှပါရဲ့။ ဒါပေမယ့် ယောင်မှား ချစ်မိမယ့်ရည်းစားတောင် ပါးအပ်ချင်စရာနေရာ မရှိတတ်ဘူးရယ်။

Leahကတော့ ဒေသရာသီဥတုရဲ့ သဘာဝဒဏ်ကြောင့် အသားအရေကသေ... သာ အနည်းငယ် ကြမ်း... ကောင်းကြမ်းမယ်။ လည်... တိုင်ကြော့ကလေး၊ ရင်သား... ကလေး ဖေါ်ထားတဲ့ ဖုံး... ကလေးက ဖြူဖြူဖွေး။ ငယ်... လက်ကျန် Frecklesကလေး... တပြောက်၂ပြောက်သာ ... ဖျားမှာ ရှိတော့ရဲ့။

အမှန်ဆိုရရင် သည်... ကောင်က ခါးတုတ်ကလေး... တွေနဲ့ ဘုတ်ဆုံမကလေး... သာ ဖြစ်နေကြတာနော်။ ... တို့ရဲ့ မျက်နှာလန်းလန်း... ကလေးတွေကတော့ ... ပတ်ရယ်၊ နို့ဆီရယ်၊ သ... ရယ်၊ Chocolateအနံ့အ... ရယ်ကို ၃ခွက်တခွက်... ကျိုထားတဲ့ Caramelလို ... ချိုမွှေး။

ပြီးတော့လဲ သူ... ကောင်ရဲ့ ငွေကြေး... ထောက်နောက်ခံက သံ... တံတိုင်း။ ဥရောပတ... အရှေ့အလယ်ပိုင်း ... စော်ဘွားနိုင်ငံတွေက ... မင်းနွယ် သားသမီး... တန်းတူ လာရောက်နေ... ပညာသင်ယူနေနိုင်တာ... ဆင်ခြင်ကြည့် ။ သူ... ကောင်စလုံးရဲ့မိဘတွေ... Americaမှာ အချမ်းသာ... စာရင်းဝင်တွေ ဖြစ်တယ်...

ပမာတခုပဲ ပြ... Leahဆိုပါတော့။ ကျောင်း... သာ ဖြစ်တယ်နော်။ သ... ကျောင်းသွားကျောင်းပြန်... မှာ စီးဖို့ ဝယ်ပေးထား... ကားကိုကြည့်။ အများ... လို တန်ရာတန်ရာ အ... ထဲကအကောင်း Best ... Used မဟုတ်ဘူး။ ... Bodyကိုက သံမဏိ...



www.burmeseclassic.com

www.burmeseclassic.com

စိမ်းတွေနဲ့မဟုတ်ရပဲ အပူသက်သာ၊ အပူကူးမမြန်တဲ့ တခြား မျိုးတူရွယ်တူကားတွေထက်လဲ အလေးချိန်ပေါင်း၃၀၀ပိုပေါ့စေတဲ့ Aluminumသတ္တု ဇဝရာခိုင်နှန်းနဲ့ချည့် သီးသန့်အထူးတည်ဆောက်ထားတဲ့ စံပြကား။ ပြီး Bi-Turbo Engine စလုံးထိုး V8...hp မြင်းကောင်ရေ ၄၂၇ကောင် ဆွဲအားရှိတဲ့ Sportsကား။ ၄ဘီးလွတ် လမ်းပေါ်မြောက်ခုန်လဲ မမှောက်နိုင်တဲ့ကား။ အမျိုးအစားကလဲ German Engineering ကမ္ဘာကျော် Mercedes Benz မှ သည်နှစ်နောက်ဆုံး model ။ ပြီး တမိနစ် တမိုင်နှုန်း Mile-a-minute မောင်းနေရင်းနဲ့ ဆောင်းတွင်းမှာ နှင်းတင်နေတဲ့ Fibreglass အမိုးဖွင့်အမိုးပိတ်လို့ရတဲ့Convertible အခါး၂ပေါက် ဇိမ်ခံLuxury။ Leah က Catalogue ကြော်ငြာကို တွေ့တွေ့ချင်း အဖေကို မရအရ မှာဝယ်ခိုင်းထားတဲ့ကား။ သူ့ ရည်ရွယ်ချက်က သူ့ Philadelphia အိမ်နဲ့ သည် Boston ဆေးကျောင်းက ကြားထဲမှာ ပြည်နယ် ပြည်နယ် ခြားနေပေမယ့် ရပေါင်းမှ ၃၁၁မိုင်သာ ဝေးတာရယ်။ စိတ်ကူးပေါက်လို့ ဟိုခြည်းကောက်ထပြန်ချင်ရင် နေ့နေ့ညည အချိန်မရွေး ကိုယ့်ကားနဲ့ကိုယ် မောင်းပြန်လို့ ရသတဲ့။ သည်ကားက ဘဲ စက်နှိုးပြီး စ,နင်းထွက်လိုက်တာနဲ့တပြိုင်နက် ၄ စက္ကန့်အတွင်း တနာရီမိုင်၆၀ ပြေးပြီတဲ့။ ဘာ ပူစရာလိုသလဲ။ သည်ဘက်ခြမ်း East Coastပြည်နယ်ကူးHwy တွေမှာကတော့ Trafficနဲ့ နေ့ရောညပါ ကြုံရတတ်လို့ ကြာကောင်းကြာနိုင်တယ်။ မဟုတ်ရင် သည်ခရီးအကွာအဝေးလောက်ကတော့ နေ့ချင်းပြန်နိုင်တယ် တဲ့။ ပြောရရင် သည်ကနေ့ ကောင်မလေးတွေက ကားမောင်းပိုကျွမ်းကြတယ်။ Leah ရဲ့ ယာဉ်မောင်း Licence ဆိုတခါမှ Ticket မထိဖူးဘူး။ ၁၆နှစ်ကတည်းက Hwyတွေတက်မောင်းလာတာရယ်။ Expert ။ ပြီး Leah မှာ Vertigo ရှိတယ်။ လေယာဉ်နဲ့ ခရီးသွားလို့ မရဘူး။ အမြင့်ကနေ အောက်ကိုကြည့်လို့ မရဘူး။ မူးတယ်။

နောက် တကောင် Chloe ကလဲ Leah နည်းတူ Sports Car Crazyပဲ။ သူတို့ချင်းပေါင်းမိကြတာကလဲ သည် Sports Car Craziness အရင်းခံပဲ။ ပြီး Amercian မကလေးတွေသာ ဖြစ်တယ်နော်၊ ကြိုက်လိုက်ကြမှဖြင့် German ကားတွေချည့်ပဲ။ သည်နှစ် Chloe အသစ်လဲစီးလာတဲ့ကားကလဲ BMW i8 Concept Spyder...။ Leah ရဲ့ Mercedes-benz နဲ့ Twin Turbo...Engine အားချင်းတူပေမယ့် သူက Electric ဖြစ်တဲ့အတွက် Fuel ဆီစားမှာ သက်သာတယ်။ 78mpg ရတယ်။ သူလဲ 2door Convertible Luxuryပဲ။တန်ဖိုးလဲ ဂဏန်း၆လုံးတွေ ချည့်ရယ်။ အရောင်ချင်းတော့ မတူဘူး။ Chloe ရဲ့ BMW ကmetallic မီးခိုးပြာနု၊ နုနုကလေး။ Leah ရဲ့ Mercedes-benzက Scarlet redရဲရဲတောက် အနီ။

ကျောင်းဖွင့်ခါစ တမနက်မှာ Freshman Welcome ကျောင်းသားသစ်တွေအားလုံး တက်ကြရမယ့် Assembly Theatre ကို လာကြည့်ရင်း Parking Lot ၂ယောက်သားကံအားလျော်စွာ ကား၂စင်း ကားချင်းဘေးချင်းယှဉ် ရပ်လိုက်မိရက်သား ဖြစ်သွားကြတယ်။ Convertible တွေဆိုတော့ကာ Lockလုပ်ဖို့ အမိုးတွေ ပြန်အုပ်နေကြရသေးတာကို။ အဲသည်မှာ အချိန်ရသခိုက် သူ့ကားကိုယ့်ကား ငမ်းကြရင်းနဲ့ Hiနှုတ်ဆက်ဖြစ်ကြ၊ ကားချင်းရဲ့ Advantagesတွေကို စပ်စုကြနဲ့ ကားရူးကားရူးချင်း ပေါင်းမိပြီး တမနက်တည်းနဲ့ မိတ်ဆွေရင်းချာတွေ ဖြစ်သွားကြတာပဲ။ လူချင်းကလဲ ပေါင်းမိချင်စရာ အိအိဖြိုးဖြိုး ဆင်တူလေ။ ဒါပေမယ့် အဲသည် Freshman Year တုန်းကတော့ တယောက်တနေရာ လုံးချင်းCottage တထပ်တိုက်ကလေးတွေ ငှားနေခဲ့ကြတာပါ။ ခုလိုလဲ မရင်းနှီး၊ ခုလိုလဲ စိတ်ကူး မရှိခဲ့ကြဘူး ပြောပါတော့။

အမှန်တော့ တက္ကသိုလ်ပရဝဏ်ထဲမှာတွင် ကျောင်းသူကျောင်းသားအများ နေကြဖို့ Hostelသဘောမျိုး ခေတ်ဟောင်းကတည်းက ရည်ရွယ်တည်ဆောက်ထားတဲ့ Condoapartments ၄ထပ်အဆောက်အဦကြီးတွေမှ ၁၀ တိုက်တောင် ရှိနေတာပဲ။ America ရဲ့ စံနှုန်းနဲ့အညီ အဆင့်မြင့် Furniture တွေ Appliancesတွေလဲ Aptတိုင်းမှာ အပြည့်အစုံ ထည့်ပေးထားတာပဲ။ Coin Operated Laundromat တွေလဲ အထပ်တိုင်းမှာ ရှိတာပဲ။ လိုလေသေးမရှိ။ အဆင်သင့်တက်လခပေးနေကြရုံပါပဲ။ ဒါပေမယ့် သူတို့လုံးဝ မစဉ်းစားခဲ့ကြဘူး။

ဒါ့ကြောင့် လူနေလဲ သန့်တဲ့၊ Privateလဲ ဖြစ်တဲ့၊ လုံခြုံမှုလဲ ရှိတဲ့ လုံးချင်းအိမ်ရာ အဆင့်မြင့် ခြံနဲ့ဝင်းနဲ့ Car Garage တွဲရက် Cottage ကလေးတွေမှာသာ ငှားနေခဲ့ကြတယ်။ တချို့ မိန်းကလေးတွေလဲ သူတို့လိုပဲ အပြင်မှာ ၂ယောက်တွဲ၊ ၄ယောက်တွဲ တအိမ်ငှားနေကြတာပါပဲ။ သူတို့ကတော့ တကိုယ်တော်တွေပေါ့။ Leah ဆိုရင် သူ့အိမ်မှာ သူက ဘုရင်မလေ။ အဖိုးအဖွားတွေကအစ 'Crown'လို့ ထားတာရယ်။ ဘယ် ခုလို စိတ်ချလက်ချ တယောက်တည်း ပစ်ထားရက်ပါ့မလဲ။ စားရေးသောက်ရေးက အစ၊ အိမ်ထောင်ထိန်းသိမ်းမှုအဆုံး တာဝန်ယူပြုစုလုပ်ကိုင်ပေးဖို့ Leahစိတ်ကြိုက် Maid တယောက်ပါ ပို့ပေးထားလေရဲ့။ ဒါ့ကို အဖေလုပ်တဲ့လူက သမီးနေတဲ့ခြံနဲ့တိုက် လုံခြုံရေးအတွက် Adt ကုမ္ပဏီနဲ့ အာမခံထားပေးလိုက်သေးတယ်။ ခြံရှေ့နဲ့ခြံပတ်လည် လူကပ်လို့ မရစေဘူး။ Surveillance Camera တွေ ဆင်ထားလို့။ ခြံထဲတိုက်ပတ်လည်မှာလဲ infrared motion detector တွေနဲ့။ တစုံတယောက် ကျူးကျော်ဝင်လာလို့ကတော့ Digital Key Pad တွေက Siren ဆွဲပြီး 911 ရဲကို Automatic ခေါ်ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

သည် Adt အာမခံစနစ်နဲ့ လုံခြုံရေးလုပ်ထားတဲ့ စရိတ်ကိုက တလ တထောင်နီးပါး Bill ဆောင်ရသတဲ့။

ပြောရရင် Leahနဲ့ သူ့ maid mariana ၂ယောက်တည်းနေတဲ့တိုက်မှာ master bdrm ၂ခန်းနဲ့ single တခန်း၊ ပေါင်း အိပ်ခန်း၃ခန်း ရှိတယ်။ တယောက်အိပ်ခန်းမှာသာ mariana ကို အိပ်စေပြီး leahက queen bed အပြာနု one setနဲ့ queen bed အစိမ်းနု one set တခမ်းတနား အရောင်ခွဲခြား ခင်းကျင်းပြင်ဆင်ထားရတဲ့ အိပ်ခန်းကျယ် ၂ခန်းကို ညလယ်ကောင်မှာ ကူးပြီး ခွအိပ်တယ်။ သူ့ complaint အရကတော့ သူ အိပ်နေရင်းက ကျောပူခေါင်းပူလာရင် သူ့ Clavicle ပခုံးကြောဇက်ကြောတွေနဲ့ ရင်ညွှန့်ပြင် Scapula တွေက Cramp ရသလို ထုံကျင်ကိုက်ခဲလာတယ်တဲ့။ လန့်ပြီး နိုးရတဲ့။ ဒါ့ကြောင့် ဆောင်းတွင်းကြီးလဲ ac ထဖွင့်ပြီး အခန်းပြောင်း အိပ်ရာပြောင်း ၂ခန်း ခွအိပ်တော့တာပါပဲ။ Maid လုပ်တဲ့ Mariana ကတော့ အကြောင်းရင်းကို သိတာပေါ့။ Leah ရဲ့အကျင့်က မျက်လုံးတွေကို အလင်းရောင် မရအောင် နဖူးပေါ် ခေါင်းအုံးတလုံးတင်ပြီး လက်၂ဖက်စုံ လိုက်မြှောက် ဖိအိပ်တတ်တာရယ်။ ငယ်ကတည်းက သမီးကြောက်မှာစိုးလို့တဲ့။ မိဘတွေက အိပ်ခန်းထဲကမီးကို အမြဲဖွင့်ထားရတယ်။ ခုအထိလဲ မီးပိတ်မအိပ်တတ်တော့ဘူး။ အဲသည်လို လက်၂ဖက် စုံ

**Chloe ကတော့ ရောဂါတမျိုး တမြို့တနယ်မှာ လာကျောင်းတက်နေတယ်သာ ဆိုတယ်နော် တသိန်းခွဲကျော် ပေးရတဲ့ BMW i8 electric ကို စီးနေရရုံနဲ့ အားမရဘူး**

မြှောက်ပြီး ခေါင်းအုံးပေါ် ဖိအိပ်တာကြာမှတော့ ပခုံးတွေ ရင်ဘတ်တွေ နာမှာကျင်မှာပေါ့။ ဒါပေမယ့် Mariana လဲ ဘယ်ဆန့်ကျင်ပြောရဲမလဲ။ မီးတွေလဲ မပိတ်ရဲ။ Acလဲ ဘယ်ပိတ်ရဲပါ့မလဲ။ စောင် ခေါင်းမြီးခြုံ အိပ်ပေါ့။

အဲ Chloe ကတော့ ရောဂါတမျိုး။ တမြို့တနယ်မှာ လာကျောင်းတက်နေတယ်သာ ဆိုတယ်နော်။ တသိန်းခွဲ ကျော်ပေးရတဲ့ BMW i8 electric ကို စီးနေရရုံနဲ့အားမရဘူး။ သူ့ရဲ့ဝါသနာ Equestrian ပြိုင်ပွဲအတွက် Pratice မပြတ် လေ့ကျင့်နေဖို့ လိုလို့တဲ့။ ၄သောင်းကျော် ပေးပြီး မြင်းတကောင်ကလဲ ဝယ်ထားလိုက်သေးတယ်။ မြင်းဆိုမှတော့ ကြောင်တို့ခွေးတို့လို Pet မှ မဟုတ်ပဲ။ လူနဲ့အတူ ဘယ်နေလို့ရမလဲ။ သူနေတဲ့ ရပ်ကွက်နဲ့ တနာရီကျော်မောင်းရတဲ့ မြို့ရဲ့ အနောက်မြောက်ဖက် hwy 95 အနား ရပ်ကွက်တခုက သူ့လိုပဲ အပျော်အလှစီး ပုဂ္ဂလိကပိုင် မြင်းတွေ လာထားကြတဲ့ မြင်းဇောင်းကြီး တခုမှာ သွားအခန်းငှား အပ်ထားရတာပေါ့။ အဲသည် ဇောင်းကတော့ သည်မြင်းထိန်းအလုပ် လုပ်စားတာလေ။ မြင်းလဲ သူ့အခန်းနဲ့သူ။ သူ့မြင်းထိန်းနဲ့သူ။ သူ့အစာနဲ့သူ။ သန့်ရှင်းရေး၊ ကျန်းမာရေး၊ လေ့ကျင့်ရေး အစခပ်သိမ်း တာဝန်ယူ ကြည့်ရှုစောင့်ရှောက်ပေးတာပေါ့။ သည် မြင်းအတွက် ကလဲ တလ ၂၀၀၀ကျော် ကုန်ကျစရိတ်ရှိတာပဲ။ Chloe ကတော့ စနေ သို့မဟုတ် တနင်္ဂနွေ တရက်သွားပြီး သူ့မြင်းနဲ့သူ လေ့ကျင့်တာပေါ့။ သူ့မှာ Equestrian ပြိုင်ပွဲမဂ္ဂဇင်းတွေ ဖတ်ရတာနဲ့ စနေတနင်္ဂနွေတွေမှာလဲ နားလိုက်ရတယ်ကို မရှိဘူး။ တော်တော့ တော်ပါသေးရဲ့။ ကံအားလျော်စွာ မြင်းကို မနာလိုမယ့် Boyfriend ကလေးတယောက်မှ မရှိပေလို့။

Minneapolisမှ ၁ ကတော့ သူ့အဖေက Apollo ဆိုတဲ့ မြင်းဖြူလှလှကြီး တကောင်နဲ့ သူ့ ဦးငယ်က Hercules ဆိုတဲ့ မြင်းညိုဗလ တကောင် ရယ်။ နော… Chloe ၁၆နှစ်ပြည့်မွေးနေ့… လက်ဆောင်ရထားတဲ့ Bravuraဆိုတဲ့ Pony က… ရယ်၊ ၃ကောင်တောင် သူ့ ကိုယ်ပိုင် ရှိပါ့။ သူတို့ခြံ… မှာ မြင်းတွေကို Supervi… လုပ်တဲ့ Equerry မြင်းထိန်း ချုပ်ကြီးတယောက်နဲ့ အနေ… ခတ်လွတ်ထားတဲ့ လေ… နှင်းလုံ Barnကြီးလဲ ရှိပါ… ဒါပေမယ့် သည် Bosun… ရောက်မှ ခါတော်မီ ဝယ်ထား… ပြီး Chloe ကိုယ်တိုင် … ကိုင် ဖနောင့်ပေါက် လေ့ကျင့် နေတဲ့ကောင်ကတော့ ဟိုက… ကောင်တွေလို မတတ်သေး… သင်ပေး လေ့ကျင့်ပေးမယ့် Trainer လဲ မရှိဘူး။ ခုထ… ထိ နာမည်လဲ မရှိဘူး။ … တယ်နော်။ Apolloဆိုတာ ကဗျာဂီတကို အစိုးရတဲ့ Greek နတ်သား။ ခုခေတ်… တော့ ဥစ္စာပေါရုပ်ချော… ယောက်ျားပျိုတဲ့။ Hercules ဆိုတာကတော့ အများသိ… တယ်။ ခွန်အားနဲ့သည်… အပြည့်ရှိတဲ့ သူရဲကောင်း။ … Chloe ရဲ့ Bravura Pony ကလေးကတော့ Brave… Bravoပေါ့။ ရဲရင့်တယ်… အောင်မြင်တယ် ပေါ့။ … သည်ကောင်ကိုတော့ Chlo… နာမည်မပေးတတ်ဘူး။ … တော့ဆိုးမှာ မဟုတ်ပါဘူး… အကိုင် ရလွယ်ပါတယ်… Chloe ရဲ့ Weightနဲ့ အသင့်… လဲ သူမှတ်မိနေပြီ။ ဒါပေမယ့်… Equestrianပွဲ ဝင်ခွဲဖို့ကော… ဘယ်ရအုံးမှာလဲ။

Chloeနဲ့တွဲ ပြိုင်ပွဲဝင်… တယ်ဆိုတဲ့ Pony Bra… ကတော့ တသွေးတမွေး…



www.burmeseclassic.com

www.burmeseclassic.com

လာကတည်းက တခြံထဲမှာ Chloeနဲ့အတူ ကြီးပြင်းလာခဲ့တာ။ Chloe ရဲ့အသံ၊ Chloe ရဲ့wt ကိုသာမက ခဏခဏ လည်ပင်းဖက် ပါးအပ်နေတော့ အနံ့ကိုပါ သိနေပြီ။ သူကလဲ Chloeရဲ့မျက်နှာကို နမ်းတာပဲ။

Chloe တို့ ပြိုင်ရတယ်ဆိုတဲ့ ပြိုင်ပွဲ Equestrian က Race Course Derby လောင်းကစား မြင်းပြိုင်ပွဲ မဟုတ်ဘူး။ အပြေးပြိုင်ရတာ၊ ယှဉ်ပြေးကြရတာ မဟုတ်ဘူး။ Soccer ဘောလုံးကွင်းတကွင်းစာလောက်သာကျယ်တဲ့ ကွင်းထဲမှာ လက်မောင်းလောက်တုတ်တဲ့ မျောတိုင်လုံးတွေကို ၃ပေ၊၄ပေ၊၅ပေ၊၆ပေ စသဖြင့် တန်းမြင့်တွေ ပစ်ထားပြီး Hurdle တန်းကျော်ခုန်ပြေးရတာရယ်။ အားကစားပြိုင်ပွဲတွေမှာ လူတွေ တန်းကျော်ခုန်ပြေး ယှဉ်ပြိုင်ရတာမျိုးလဲ မဟုတ်ဘူး။ Hurdle တန်းတွေက တခုနဲ့တခု နီးထားချင်လဲထားမယ်။ ဝေးထားချင်လဲထားမယ်။ တချို့က ၇ပေ၊ ၈ပေအထိ မြင့်ထားတာလဲ ရှိတယ်။ တချို့က ၅ပေ၊ ၆ပေလောက်သာ မြင့်ပေမယ့် တန်းတွေကို မမြင်ရအောင် ခြံစည်းရိုးလို သစ်ကိုင်းဆူးခက်တွေ အုပ်ထားချင်လဲထားမယ်။ တချို့ Hurdle တွေကတော့ ခြံစည်းနဲ့အလွန် ကွယ်ရာမှာ ရေကန်ကလေးလုပ်ထားတယ်။ အမှတ်တမဲ့ ခုန်လိုက်လို့ ရေကန်ထဲ ရှေ့ခြေကျရင် ခေါက်မယ်ပေါ့။ အမှတ် လျော့မယ်ပေါ့။ အမှန်ကတော့ မြင့်ခုန်နဲ့ အလျားခုန်ကို တွဲခုန်ခိုင်းတာပဲ။ ဒါပေမယ့် အဲသည်လို Obstacle ရှိတဲ့ Jumpတွေမျိုး ခုန်ရတော့မယ်ဆိုရင် အရှိန်ယူနိုင်ဖို့ ပြေးလမ်းကိုလဲ ရှည်ပေးထားတတ်ပါတယ်။ ကိုယ်က ကြိုသတိရှိရမှာပေါ့။ တချို့နေရာတွေမှာကျတော့လဲ အရှိန်ယူပြေးစရာ နေရာမပေးပဲ hurdleတန်းတွေကို ခပ်စိပ်စိပ်ထား ခုန်ခိုင်းတာ ရှိတယ်။ အမျိုးမျိုးပေါ့။ အရေးအကြီးဆုံးကတော့ Hurdle သစ်လုံးတန်းတွေ လုံးဝ ပြုတ်မကျဖို့ပဲ။ တချို့ ပြိုင်ပွဲဝင်တွေဆို ၇ပေအမြင့် Hurdleမှာ ၇ပေတန်းရော ၆ ပေတန်းပါ ဆင့်ကဲဆင့်ကဲ ပြုတ်ကျကြတာတွေ တွေ့ရတယ်။ ခုန်ကျော်ပြီး ပြန်အကျမှာ မြင်းခြေခေါက်လဲပြီး လူပါကျွမ်းထိုးကျတာမျိုးလဲ ရှိတော့ ရှိတာပေါ့။ ဒါပေမယ့် နည်းပါတယ်။

အဲသည်လို မျောတိုင်တန်းHurdle တွေ အားလုံးပေါင်း ၁၀နေရာက ၁၀တန်းကို အစကနေ ပန်းတိုင်အထိ Chloeတို့က ကိုယ့်မြင်းနဲ့ကိုယ် သူ့အစီအစဉ်အတိုင်း တယောက်ချင်း ပြေးခုန်ပြကြရတာပဲ။ အဲဒါကိုမှ အမှတ်ပေးဒိုင်လူကြီးတွေက တနေရာစီမှာ ထိုင်ကြည့်နေကြပြီး အမှတ်ပေးကြတာပဲ။ တာထွက်က ပန်းဝင်စည်းအထိ မိနစ်စက္ကန့် အချိန်ဘယ်လောက်ကြာတယ်ဆိုတဲ့ အပေါ်မှာလဲ အမှတ်ပေးတယ်။ ဘယ်Hurdle တန်းအမျိုးအစားမှာ မြင်းရဲ့နောက်ခြေနဲ့ မလွတ်ပဲ ဘားတန်းအမြင့် ပြုတ်ကျတယ် မကျဘူး၊ ခြံစည်းရိုးနဲ့ ရေကန်မှာ ကျတော့လဲ ရေစပ်ထဲ နင်းမိတယ် မနင်းမိဘူး ဆိုတဲ့ အပေါ်မှာ ဆုံးဖြတ်အမှတ်ပေးတာပဲ။ ပြီး မြင်းရော jockey ရော အခုန်မှာ အလွှားမှာ လှမလှ၊ ပြန်အကျမှာ ယိုင်မယိုင် ဆိုတာတွေကိုလဲ အကုန်ကြည့်၊ ဓာတ်ပုံတွေ Videoတွေ ရိုက်ထားပြီး တိုင်ပင်ဆုံးဖြတ် အမှတ်ပေးကြတာပဲ။ သည်ပြိုင်ပွဲကို Equestrian(horsemanship) hurdles လို့ ခေါ်တယ်။

Chloe တို့Minneapolis မှာတော့ သည်ပြိုင်ပွဲမျိုး ကျင်းပလေ့ မရှိဘူး။ ဒါပေမယ့် Chloeတို့ရဲ့ minnesota ပြည်နယ်ထဲကပဲ St. Paulဆိုတဲ့ မြို့ကြီးမှာတော့ ရှိတယ်။ နှစ်တိုင်းလိုလို မဟုတ်ပေမယ့် လုပ်ဖြစ်ရင် Juneလ ပထမပတ်ထဲမှာ လုပ်လေ့ရှိတယ်။ အဖေတို့ ဦးငယ်တို့သွားရင် Chloeအမြဲပါတာပဲ။ သည်ပွဲကလဲ တမျိုး။ Nation Wide မဟုတ်ဘူး။ ဦးဆောင်ကျင်းပတဲ့ လူကြီးတွေက ထင်ပါရဲ့။ အချင်းချင်း တိုင်ပင်စီစဉ်ကြပြီး သူတို့ပွဲကို ဖိတ်ခေါ်ကြိုဆိုတဲ့မြို့မှာ လုပ်တတ်ကြတယ်လို့ ပြောတာပဲ။ Chloe အထင်တော့ မြင်းတွေ ရာထောင်ချီ မွေးထားကြတဲ့ Ranchပိုင်ရှင်ကြီးတွေက သူတို့ချင်း ချိန်းဆိုကြပြီး လောင်းကစားကြတယ် ထင်တာပဲ။ ကား အမြန်မောင်းပြိုင်ပွဲ nascar ပွဲလို နေမှာပေါ့။ Chloe အတိအကျ မသိပါဘူး။ အဖေတို့ ဦးငယ်တို့ မြင်းတွေမွေးတယ်ဆိုတာက အလှမွေးတာ သက်သက်ပဲ။ အလွန်ဆုံး ရှိလှ ၅၀/၆၀ရှိမှာပေါ့။ အဖေတို့လဲ ပွဲစောင့်ပြီး ဝင်ပြိုင်ရင်း လောင်းကြတာပဲ။ ဒါပေမယ့် အဖေတို့က Derby မသွားဘူး။ သည် Equestrian ပွဲမျိုးပဲ ဝါသနာပါတယ်။ မွေး/လေ့ကျင့်ပြီး ဝင်ပြိုင်တာပဲ။ အဲ စရိတ်ကျေအောင်တော့ လောင်းကြတာပေါ့။

St.paul ပွဲကလဲ U.S Up States တွေမှာတော့ ကြီးကျယ်ပါတယ်။ Ranchers ကြီးတွေ အများကြီးလာကြတာ တွေ့ရတယ်။ Rancher တွေ အဖို့က Race Course လောက်တော့ မသဲမဲဘူး။ ဒါပေမယ့် ဆုကလဲ တန်ဖိုးတော့ ကြီးတယ်။ Trophy ရရင် သူကလဲ သန်းချီတန်တာပဲ။ Gamblingကလဲ သိန်းနဲ့သန်းနဲ့ချီတာပဲ။ အဖေတို့ သမီးယောက်ဖလဲ သန်းနဲ့ချီ အနိုင်အရှုံး ရှိတာပဲ။ တဖက်က ကိုယ့်မြင်းနဲ့ကိုယ်လဲ Lottery ကစားသလို ဝင်ပြိုင်တာပေါ့။

Chloe ရောက်လဲ ရောက်ဖူး၊ သူ့ရဲ့Favourite Bravura Pony နဲ့လဲ ကိုယ်တိုင် ဝင်နွှဲဖူးတာကတော့ Illinois ပြည်နယ်ကChicago ပွဲပဲ။ Chicagoပွဲက တအားကြီးကျယ်တယ်။ Englandတို့ Scotland တို့ France တို့က ကစားသမားတွေတောင် လာကြတယ်ပြောတယ်။ သည် Chicagoပွဲမှာ ကွဲကြတဲ့လူတွေက အထက်St.paulအထိ လိုက်လာကြပြီး မကျေနပ်ပွဲ သြတတ်ကြသတဲ့။

Chloeကလဲ Chicagoပွဲမှာ Trophyကြီးနဲ့သာ လွဲခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာပါနော်။ အသက်အငယ်ဆုံး Horsemanshipဆိုတဲ့ Equestrienne ဂုဏ်ထူးဆောင်ဆုဖလားနဲ့ တသိန်းတန် Check တော့ ရခဲ့ပါတယ်။ သိတယ်နော်။ ပြိုင်ပွဲဝင်ဖို့ မြင်းတွေ ၄/၅/၁၀ကောင်နဲ့ လူတွေနဲ့ ခရီးသွားရတယ်ဆိုတာ Cowboy ရုပ်ရှင်တွေထဲကလို မြင်းတွေစီးသွားရတာမျိုး မဟုတ်ဘူး။ တကောင်ချင်း သူ့ Trailer-Wagon နဲ့ သူ လေယာဉ်နဲ့ By-freight တင်ပို့ရတာရယ်။ မြင်းရဲ့ စရိက်လဲ သိတယ်နော်။ Side Scene ဘေးကို ကြည့်မြင်ခွင့် လုံးဝပေးလို့ မရဘူး။ များသောအားဖြင့် သူ့ကို ထည့်သယ်ရတဲ့ Wagonတွေဆိုတာက အချုပ်ကားလို အမှောင်အလုံခန်း။သည်လို ကရိကထခံပြီး သယ်ရတဲ့စရိတ်ကတွင် နည်းရော့လား။ Business Classက လူတယောက်အတွက် လေယာဉ်လက်မှတ်ခထက် ၄ဆလောက်ကုန်တယ်။

Chicago ပွဲမှာတုန်းကလဲ Chloe ရဲ့ Bravura ကလေးက Hurdle တန်းတတန်းမှမကျန် အကုန်လွတ်အောင် ခုန်နိုင်ခဲ့တာကို Fluke လို့ အောက်မေ့ကြတယ် ထင်ပါရဲ့။ အမြဲတမ်းခုန်နိုင်တာ ဟုတ်မဟုတ် သေချာအောင် နောက်တကြော့ ပြန်ခုန်ပြခိုင်းတယ်။ Obstacleတန်းတွေကို ကြိုသိထားနှင့်တော့ လွတ်ရုံမက ပိုလှအောင် ခုန်ပြနိုင်ပေါ့။ နောက်ဆုံး အမြင့်ဆုံး Hurdle မှာဆိုရင် Chloe က ဇက်ကြိုးတွေကိုလွှတ်၊ လက်၂ဖက်ကို လေထဲ မြှောက်ပြီး

သိတယ်နော်
Apollo
ဆိုတာ
ကဗျာဂီတကို
အစိုးရတဲ့
Greek နတ်သား
ခုခေတ်မှာတော့
ဥစ္စာပေါ
ရုပ်ချောတဲ့
ယောကျ်ားပျိုတဲ့
Hercules
ဆိုတာကတော့
အများသိတယ်
ခွန်အားနဲ့
သတ္တိ
အပြည့်ရှိတဲ့
သူရဲကောင်း

မှ သူ့Bravuraရဲ့ လည်ပင်းကို ကုန်းဖက်ထားရင်း ခုန်ပြလိုက်တယ်။ အဲသည်တုန်းက ငယ်လဲငယ်သေးတော့ မခံချင်စိတ်နဲ့ အစွမ်းပြလိုက်တာပေါ့။ Fluke မဟုတ်ကြောင်း သက်သေထူလိုက်တာပေါ့။ လက်ခုတ်သံတွေဆိုတာ ကွင်းလုံးညံသွားတာပဲ။ ဒါပေမယ့် ဘာ့ကြောင့် Trophy ကြီးနဲ့ ဆုငွေတသန်း မရခဲ့တာလဲဆိုတော့ ပန်းအဝင်မှာ Winnerထက် ၄၂စက္ကန့် ပိုကြာနေတယ်။ Chloeရခဲ့တဲ့ ဂုဏ်ထူးဆောင်ဆုဇာလဲ မဆိုးပါဘူး။ ၁၁၀,၀၀၀ပါ။

အခုကတော့ Boston မှာ ဆေးကျောင်းတက် ပညာလာသင်နေတာလေ။Bravura အချစ်ကို ဘယ်ခေါ်လာလို့ ရမှာလဲ။ ပြီးတော့လဲ သူတကောင်တည်း သင်းကွဲနေတတ်မယ် မထင်ဘူး။ ဒါပေမယ့် Chloeက သူ့အလေ့အကျင့်မပျက်အောင် မြင်းတကောင်တော့ ရမှဖြစ်မယ် ဆူဆောင့်ပူဆာလိုက်တဲ့အတွက် သူ့ဦးငယ်က လာရှာပြီး ဝယ်ပေးထားတယ်။ သည်ကောင့်အတွက် နေရာဓောင်းခန်းနဲ့ ကုန်ကျမယ့်စရိတ်တွေကိုလဲ အကုန်တာဝန်ယူ ရှင်းပေးထားခဲ့တယ်။ ဒါပေမယ့် သည်ကောင်က Bravura ထက်သာ တနစ်ကြီးတယ်။ အရိုင်းကောင်။ မြင်းမို့ပြေးတတ်တာပဲ ရှိတယ်။ ဘာလေ့ကျင့်ထားမှုမှ မရှိဘူး။ Trainerလဲ မရှိဘူး။ Chloe ကိုယ်တိုင်သာ အားတဲ့ရက်တွေမှာ လာလေ့ကျင့်စီး စီးနေရတယ်။ ဘယ့်နှယ် ရှေ့လက်တွေက သူ့အချိုးအဆစ်တွေနဲ့ သူ လှအောင်မှ မကွေးတတ်၊ မဆုံ့တတ်၊ မခေါက်တတ်၊ မမြှောက်တတ်တာပဲ။ မြင်းရဲ့ လက်တွေခြေတွေမှာက Boof ဆိုတဲ့ ခွာတွေနဲ့ Fetlockဆိုတဲ့ ခြေမျက်စိအဆစ်ကြားထဲမှာ Pastern လို့ခေါ်တဲ့ လက်ကောက်ဝတ် ခြေကျဉ်းဝတ်တွေ ရှိတယ်။၂လက်မလောက်ရှည်တယ်။ လူမှာ မရှည်ဘူး။ မရှိဘူး။ သည်နေရာက အကြောတွေနဲ့ အရိုးသက်သက်ပဲ။ အသားမရှိဘူး။ ဒါပေမယ့် အဲသည်အရိုးက သံမဏိချောင်းထက် မာတယ်။ တိုတော့ ကျိုးစရာလဲ မရှိ

ဘူး။ ဒါပေမယ့် အဲသည် လက် ကောက်ဝတ် Pastern တွေက ကွေးလို့ခေါက်လို့ ရတယ်။ ရန်သူကို ပေါက် သတ်နိုင်တယ်ဆိုတာ အဲ သည် လက်ကောက်ဝတ်နဲ့ အားနဲ့ခွာကို အသုံးချပြီး ပေါက်တာပဲ။ သည်လက် ကောက်ဝတ်က ၄၅ဒီဂရီ နေ ၇၅ဒီဂရီ လောက်အထိ ကွေးနိုင် ခေါက်နိုင်တယ်။ လေ့ကျင့်သင်ကြားပေး ပတတ်ရပ်ပြီး လေထဲမှာ ကချေသည်လက်တွေလို နိုင်တယ်။ သားပိုက်ကောင် တွေလိုလဲ Fight နိုင်တယ်။ မြင်းတကောင် သံခွာ ရိုက်ပြီး တာဝေးပြေးနိုင် တယ်။ အမဲ လိုက်နိုင်တယ် ဆိုတာလဲ အဲသည် Pastern တွေရဲ့ အစွမ်းပဲ။ သူ့အ ကမှ လက်ဖျံ Shank တို့၊ ဒူးဆစ် Knee တို့၊ လက် မောင်း Elbowတို့၊ ပခုံး Shoulder တို့ရှိမယ်။ မြင်း Elbow ဆိုတာ တံတောင် မဟုတ်ဘူး။ ကွေးခေါက် မရဘူး။ လက်က တံတောင် ဆစ်ကို ဒူးဆစ် Knee လို့ ခေါ်ပြီး ခြေထောက်က ခေါက်ကွေးကိုတော့ S ခေါ်တယ်။ ခြုံပြောရရင် မြင်း ရဲ့ တကိုယ်လုံးမှာ အဓိက အသုံးကျတာဆိုလို့ ခြေ လက်ပဲရှိတယ်။

ပြဿနာက သည်မြင်း မှာ သူ့ခြေတွေလက်တွေ အသုံးမပြုတတ်တာပဲ။ ပကော။ မြင်းနဲ့တူတာ ပြေးတတ်တာပဲ ရှိတယ် အတော်ကြာ စိတ်ရှည် လေ့ကျင့်ယူရလိမ့် Chloeကလဲ အချိန် သိ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘူး။ Trainerငှားပြီး သင်ခိုင်းရအောင်လဲ ကျောင်းတက်စဉ်ကာလမှာ မလိုလှပါဘူး။ အရေးအကြီးဆုံးက မြင်းစီးပဲ ကျင့်နေရုံပေါ့။

အခုလာမယ့် April လကုန်ရက်မှာတောင် NewYork ရဲ့ Newark မှာ Equestrian ပြိုင်ပွဲရှိနေတယ်။ စာစောင်ထဲမှာ တွေ့တယ်။ အဖေ့ကို လှမ်းမေးကြည့်တော့ အဖေတို့လဲ လာကြမှာတဲ့။ ဒါပေမယ့် Chloe တော့ ပွဲတော်ကြီးနဲ့ လွဲပြီ။ ဝင်ပြိုင်နိုင်မယ် မထင်ဘူး။ Bravura Ponyကို ခေါ်မလာနဲ့။ ပိတ်လိုက်တယ်။ အဲသည်ရက်တွေမှာ ကျောင်းက Exam တွေ Praticalတွေ Viva တွေနဲ့။ ပြီး ဘာလေ့ကျင့်မှုမှလဲမရှိ။ ဝါသနာရယ်၊ အပျော်အပါးရယ်၊ ပိုက်ဆံအပိုကုန်မယ့်ဘက်ရယ်ကို သည်တခါ သည်းခံစိတ်လျှော့ထားလိုက်အုံး။ ပညာတတ်ဖို့ မျှော်မှန်း ရည်ရွယ်ထားတဲ့ ပါမောက္ခ သမားတော်ကြီးဘဝရောက်ဖို့ ကိုယ့်တာဝန်ကိုယ် ကျေပွန်ဖို့ကလဲ ရှိသေးတယ် မဟုတ်လား။

Chloe လဲ ငယ်တော့ဘာမှ မဟုတ်ပဲ။ နားလည်ရမှာပေါ့။ သမီးလဲ တဦးတည်းသောသမီးမို့၊ အကြီးဆုံးလဲ အကြီးဆုံးမို့၊ အဖေကထဲ တအားအလိုလိုက်ထားပေမယ့် ကိုယ့်အောက်မှာက မောင်ငယ်၂ယောက် ရှိသေးတယ်လေ။ ကိုယ်က အငယ်တွေအတွက် ရှေ့ဆောင်လမ်းပြ ideal ဖြစ်နေရမယ် မဟုတ်လား။ မိဘက ကုံလုံကြွယ်ဝလို့ သုံးနိုင် ဖြုန်းနိုင်တာက အပိုင်း။ ကိုယ့်ဘက်ကလဲ ပညာသင်နေတယ်ဆိုတဲ့ တာဝန်ဝတ္တရားကလေးတခု ကျေပွန်အောင်တော့ နှစ်စဉ် တိုးတက်မှုဇယားကလေး ပြနေသင့်တာပေါ့။

သည် အသိစိတ်နဲ့ nyc newark က မြင်းစီးကျွမ်းကျင်မှု အလှပြိုင်ပွဲEquestrian ကို Chloe စွန့်လွှတ်လိုက်တယ်။ ပညာရေးဘက်ကို အလေးပေးလိုက်တယ်။ Chloe က လိမ္မာပါတယ်။ တွက်လဲ တွက်တတ်စ ပြုလာတယ်။ Economical ဖြစ်လာတယ်။ သူငယ်ချင်း Leahနဲ့လဲ ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်လိုက်ကြတယ်။

လက်ရှိ နေနေကြတဲ့ သူ့အိမ်ကိုယ့်အိမ်ကို Academic Year 6-6 ငှားထားကြတာကလဲ အခုလာမယ့် Vacation ဆိုရင် စာချုပ်သက်တမ်း ပြတ်ပြီလေ။ 3rd Year အတွက် ဆက်မငှားကြတော့ဘူးပေါ့။ အတန်းချင်းကလဲ အတူတူ၊ စိတ်ချင်း စရိုက်ချင်း အကြိုက်ချင်းကလဲ တူ၊ လူချင်းကလဲ အမြဲတမ်း တတွဲတွဲနေ နေကြမှတော့ ဘာ့ကြောင့် ပိုက်ဆံ ၂ဆ အကုန်ခံပြီး ၂နေရာ ၂ခြံ ၂တိုက် ခွဲနေကြတော့မလဲပေါ့။ လက်ရှိတွေထက် ပိုကျယ်ဝန်း ခမ်းနားလှပတဲ့ Mansion ကြီးလိုမျိုးတွေကို စုံစမ်းရှာဖွေပြီး ၂ယောက်ပေါင်း နေလိုက်ကြရင် မကောင်းဘူးလားပေါ့။ အခုလက်ရှိနေကြတဲ့ Somerville ထဲမှာရော Cambridgeဘက်မှာရော လူမနေတဲ့ Mansion အလွတ်ကြီးတွေ၊ တချို့ Remodeling လုပ်နေတာတွေ သွားရင်းလာရင်းနဲ့ တွေ့နေရတာပဲ။ ပုဂ္ဂလိက ခြံပွဲစား အိမ်ပွဲစား Real Estate Broker တွေလဲ ရှိတာပဲ။ သည် Boston လို မြို့ကြီးမျိုးမှာဆိုရင် National Association of Real Estate...Board အဖွဲ့ဝင်တွေတောင် ရှိနိုင်တယ်။ On-Lineမှာ ရှာကြည့် ဆက်သွယ်စုံစမ်းလိုက်ရုံရယ်။ ကိုယ်လိုချင်တဲ့ Location ရယ်၊ ခြံရဲ့အကျယ်အဝန်းနဲ့ လိုအပ်မယ့် Out-housingတွေရယ်၊ လူနေ Mansion ရဲ့ အကျယ်အဝန်း စတုရန်းပေ ရယ်ကို ဖော်ပြပြီး တင်ပြပါပေါ့။ ကျောင်းစာသင်နှစ်အလိုက် ငှားမှာဖြစ်တဲ့အတွက် ပထမဆုံးတော့ ၁၈လ ငှားမယ်ပေါ့။ ကြိုက်ရင် နှစ်စဉ် ဆက်စာချုပ်ရမယ်ပေါ့။ တလအတွက် အကုန်အကျခံနိုင်မယ့် ခန့်မှန်းခြေ Budgetက တော့ ဘယ်၍ဘယ်မျှပေါ့။ On-Lineမှာတင်ခေါ်လိုက်မှာပေါ့။

ဆက်သွယ်လာသမျှကိုလဲ ပုံတွေပါ ပြနိုင်းပြီး သူငယ်ချင်း၂ယောက် ထိုင်ကြည့် ရွေးကြမှာပေါ့။ လိုချင်တာတွေ ဖြည့်ခိုင်း ပြင်ခိုင်း Furnishလုပ်ခိုင်းစရာတွေ ရှိရင်လဲ ဆွေးနွေးမှာပေါ့။ ဘာမှ ရှည်ဝေးနေစရာမလိုဘူး။ ပိုက်ဆံရှိရင် ရတယ်။ Master bdrm အပေါ်၄ခန်း၊ အောက်တခန်းနဲ့ Single bdrm အောက်၂ခန်းပါ Living Space 2400Sq.ft ရှိတဲ့ Mansion ကြီးတလုံးရတယ်။ ခေါင်မိုးက ရေဆင်း Slope ၂ဆင့်နဲ့ အုတ်ကြွပ်မိုးအနီရောင်။ တိုက်ကတော့ လေ၁လော၁ဆယ် အဖြူ။ ကြိုက်ရာ ဆေးနဲ့ကြိုက်ရာ အရောင်မှုတ်ပေးမယ် ပြောတယ်။ ခြံက ဖိဒသမ ဖိကေသာ ကျယ်တယ်။ ဒါပေမယ့် Garage ဖိခန်းတွဲနဲ့ အပေါ်ထပ် 2 Apartments နောက်ဖေးတန်းလျားပါတယ်။ လိပ်ပြာအတောင်ပံပုံတွဲထားတဲ့ ရေတိမ်ရေနက် ရေကူးကန်အမွှာလဲ ပါတယ်။ တိုက်ရှေ့မှာလဲ ထီး၂ဆင့် ဖွင့်ထားတဲ့ ရေပန်း Fountainနဲ့ အလှမွေး ရွှေရောင် Lawn မြက်ခင်းကလေးလဲပါတယ်။ တိုက်မျက်နှာစာမှာ ယာယီကားရပ်ထားစရာ လိပ်ပြာတောင်မိုးအနီနဲ့ Porch ပါသလို နောက်ဖက်မှာလဲ တိုက်နဲ့တွဲရက် Patioပါတယ်။ Patioမှာ b.b.g.feast အတွက်လဲ Gas Stove တစုံ အသစ်လဲ ထည့်ထားပေးတယ်။ Estimate Budget ထက် တသောင်းပိုနေတာကို Chloeတို့က မဆစ်ပဲ လိုက်လျောလိုက်တဲ့အတွက် လိုအပ်သမျှ Linen တွေအားလုံး ၃စုံ အသစ်တွေ ဝယ်ထည့်ပေးတယ်။ ပြီး ခြံရဲ့အလှပြုပြင်ရေး သန့်ရှင်းရေး Maintenance အတွက်လဲ သူတို့ အိမ်ရှင့်ဘက်က တာဝန်ယူတယ်။ Chloe တို့ Leah တို့က တနှစ်ခွဲ ၁၈လအတွက် ၁၀၀,၀၀၀နဲ့ ၈,၀၀၀ကို စာချုပ်တဲ့နေ့မှာပဲ ပေးလိုက်ကြတယ်။ တလ ၆,၀၀၀ ကျတာကို။

အရင်နှစ်ကလဲ တယောက်ကို ၃၀၀၀နှုန်းလောက် ပေးခဲ့ရတာပဲ။ ဒါပေမယ့် ခုလောက် မကျယ်ဝန်း

www.burmeseclassic.com

မခမ်းနား မပြည့်စုံဘူး။ သည်လိုလဲ Poolတွေနဲ့ Water Spray Fountainတွေနဲ့ Lawn တွေနဲ့ မလှပဘူး။

အခုတော့ Chloe က သူ့အတွက်လဲ Leahနည်းတူ Maidတယောက် ခေါ်ထားမယ် ဆိုတယ်။ ပြီး နာမည်မရှိတဲ့ သူ့မြင်းကိုလဲ နောက်ဖေးတန်းလျားက Garage တခန်းမှာ ရင်တန်းရိုက်ပြီး ဓောင်းလုပ်ထားမယ် ပြောတယ်။ သူ့ minneapolis ခြံထဲက မြင်း Trainer တယောက်ကိုလဲ ခေါ်ထားဖို့ တိုင်ပင်တယ်။ Leahက သည်အိမ်မှာ ယောက်ျားနေမှာကို မကြိုက်ဘူး။ အဖေကလဲ လက်ခံမှာ မဟုတ်ဘူး။ ငြင်းလိုက်တော့ ချက်ချင်းပဲ Chloe ကလဲ Trainer အမျိုးသမီးကို ခေါ်လိုက်တယ်။ Chloeတို့အိမ်က တပည့် အလုပ်သမားတွေ များပုံ ရတယ်။ ရယ်တော့ ရယ်ရတယ်။ ပို့လိုက်တဲ့မြင်း Trainer အမျိုးသမီးကလေးက Makaila တဲ့။ Chloe နဲ့ အသက်တူပဲ။ Black American။ ဒါပေမယ့် သူလဲ Up-State သူသာ ဆိုတယ်၊ အရပ်က ၅ပေအတိသာ ရှိတယ်။ ပုတယ် ခေါ်ရမှာပေါ့။ မြင်းပေါ်ကို လည်ပင်းဖက်ပြီး လွှဲမတက်နိုင်ဘူး။ ခြေနင်းကွင်းနဲ့သာ တက်ရတယ်။ ကောင်းတော့ ကောင်းပါတယ်။ ရွယ်တူဆိုတော့ ပေါက်ကရတွေ ပြောလို့ ရတာပေါ့။

Chloeရဲ့ Maidကတော့ သူ့အိမ်က လက်ရှိ Maid တယောက်ပဲနဲ့ တူပါရဲ့။ လူစိမ်း လူသစ် ဟုတ်ပုံမရဘူး။

> Chloeတို့
> Leah တို့
> ကတော့
> ဘယ်စခန်းအထိ
> ပညာ
> ဆည်းပူးကြပြီး
> ဘယ်အခဆင့်မှာ
> ရပ်ကြမယ်တော့
> မသိဘူး
> အရွယ်ကလေး
> တွေကလဲ
> ရလာကြတော့
> လင်ယူသားမွေး
> အိမ်ထောင်ရေး
> ကိစ္စတွေကလဲ
> စိတ်ထဲ
> သိပ်မရှိကြ
> တော့ပါဘူး

ခေါက်ရိုးကျိုးပြီးသား။ Leahရဲ့ Maidကသာ အရင်နှစ်တွေကတည်းက ရှိနေတဲ့ Mariana လေ။ ခေါ်ကတည်းက အိမ်မှာ Service အရင့်ဆုံး၊ စိတ်အချရဆုံး၊ သူနဲ့လဲ အရင်းဆုံး၊ Philadelphia အိမ်မှာကတည်းက သူ့ရဲ့အိပ်ခန်း ကိုတာဝန်ယူပေးတဲ့ Chamber Maid ။ Kitchen Maid တော့ မဟုတ်ဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်တွေက သူပဲ ချက်ပြုတ်ပြင်ဆင် ကျွေးခဲ့တာပဲ။

ပေါင်းလိုက်တော့ မိန်းမကြီး၂ယောက်နဲ့ အငယ်၃ယောက်၊ ပေါင်း၅ယောက်ဖြစ်သွားပြီ။ ကားလဲ ၅စင်းနဲ့ မြင်းတကောင်။ ပြည့်စုံတယ်။ သည်Mansionမှာက လုံခြုံရေးအတွက်လဲ ပူစရာ မလိုဘူး။ သူတို့ Association က တဆင့်ငှားတဲ့ Real Estate တိုင်းမှာ အစိုးရအာမခံစနစ် ရှိတယ် တဲ့။ ပို စိတ်ချရတယ်။ အိမ်လခထဲမှာ တခါတည်း အကျုံးဝင်သွားပြီတဲ့။ အေးရော။ America မှာ Billionaire တွေ Trillionaire တွေရဲ့ သမီးပျိုတွေ သည်လိုမျိုး Nation's Best Professional Institutes တွေကို နှစ်ရှည်လများ လာရောက်ပညာသင်နေကြတဲ့အခါ သည်ပုံစံ စာချုပ်တတ်ကြတာ ချည့်ပါပဲ။ နိုင်ငံရေး အကြီးအကဲတွေရဲ့ သမီးတွေဆိုရင် ပိုဆိုးတာပေါ့။ Escort တွေ Body Guard တွေပါ ပါလာတာပေါ့။ တချို့ သမီးရဲ့ ကျောင်းသွားကျောင်းပြန်မှာတောင် Convoyနဲ့။

အင်း ခုလဲ ကြုံနေလို့ ပြောရအုံးမယ်။ Leah တို့ Chloe တို့ Class-Mate တွေထဲမှာလဲ United Arab Emiratesက လာပညာသင်ယူနေတဲ့ Princess Shekinah Shayk ရှိတယ်လေ။ Shekinah ကတော့ ကျောင်းအလာအပြန်မှာ ဇာမချဲ့ပါဘူး။ ကားကို ကိုယ်တိုင် မမောင်းတာတခုပဲ ကွာပါတယ်။ ယာဉ်ရပ်တာနဲ့ တပြိုင်နက် ယာဉ်မောင်းက ပြေးဆင်းပြီး နောက်တံခါးကို လက်၂ဖက်နဲ့ ဖွင့်ကိုင်ပေးထားမှသာ Shekinah က ကားထဲက ထွက်တယ်။ ဝင်တယ်။ သူစီးတဲ့ကားကတော့ Chloe တို့ Leah တို့ရဲ့ German Luxury တွေ American Luxury တွေ မဟုတ်ဘူး။ Englandက Orderမှာမှ လိုသလို တည်ဆောက်ထုတ်လုပ်ပေးတဲ့ British Luxury Rolls Royce ကား ဖြစ်တယ်။ ကားကလဲ ငွေရောင်။ တလက်လက်နဲ့ Shimmering တောက်နေတယ်။

မနှစ်က တခါ ကျောင်းပိတ်ခါနီးမှာ Shekinah တို့ရဲ့ ဘာသာရေးပွဲတော် Id Dinner ဖိတ်လို့ Leah တို့ Chloe တို့လဲ Shekinah ရဲ့ ဘုံဗိမာန်ကို ရောက်ခဲ့ကြရ တယ်။ ခမ်းနားလှပ [illegible] ကျယ်တာတော့ မပြောနဲ့ Shekinah ကျောင်းတက်ခိုက် စံမြန်းဖို့ သီးသန့်မြေကွက် ဝယ်ပြီး Persian Art နဲ့ American Architecture ပေါင်းပြီး တည်ဆောက်ထား တာနဲ့ တူပါရဲ့။ Chloe တို့ Leah တို့ရဲ့ Mansion နဲ့ [illegible] တော့ ယှဉ်လို့ မရပါဘူး။ ဥပမာ ပြောရရင် ပြိုင်ပွဲဝင် မြင်းအလှနဲ့ ဝန်တင်မြည်း အလား ကွာခြားပါတယ်။

ဆိုလိုတာက Boston ဆေးကျောင်းသူတချို့ သည် ကဲ့သို့ ခမ်းနားစွာ နေထိုင် ကြတယ်ပေါ့။ အမှန်[illegible] အထက်တန်းကျောင်းတွေ[illegible] Credit Score တွေ [illegible] ကောင်း၊ Boston School[illegible] Screening Entrance [illegible] တွေမှာလဲ ရာခိုင်နှုန်း [illegible] ရာခိုင်နှုန်းအထက် ရ[illegible] မိဘကလဲ ပံ့ပိုးနိုင်လော[illegible] အောင် ချမ်းသာကြွယ်[illegible] ပါမှ သည် School [illegible]



www.burmeseclassic.com

www.burmeseclassic.com

medicine မှာ ပညာသင်နိုင်ခွင့် ရမှာပါ။ ကျောင်းကလဲ တနှစ်မှာ ကျောင်းသား ၂၄ ယောက်သာ လက်ခံသင်ပြပြီး တနှစ်မှာ ဆရာဝန် ၂၄ ယောက်ပဲ မွေးထုတ်လေ့ ရှိပါတယ်။ ဆရာဝန်ဘွဲ့ MD ဆိုတဲ့ Doctor of Medicine ရဖို့အတွက်က အလုပ်သင် Residency ၃နှစ်အပါအဝင် စုစုပေါင်း ၁၀ နှစ် သင်ယူဆည်းပူးရပါတယ်။ အတန်းပေါင်း ၁၀ တန်း၊ ၁၀ နှစ်၊ တနှစ်ကို ကျောင်းသား ၂၄ ယောက်သာ လက်ခံတာဆိုတော့ စုစုပေါင်း ကျောင်းသူကျောင်းသား ၂၄၀သာ ရှိမှာပေါ့။ မှန်တယ်။ Professor တွေကလဲ ၂၄၀ရှိကြတယ်။ Smauest Class တွေပါ။ တတ်တာပဲ မပြောနဲ့လေ။ တပည့်တယောက်ကို တဘာသာမှာ ဆရာတယောက်တည်းက သင်တာပဲ။ မတတ်ပဲ နေမလား။

ဒါကြောင့်မို့ သည်ကျောင်းကို ရောက်လာပြီး ၇ နှစ်တက်အပြီးမှာ အတန်းကုန်၊ စာတွေ Textbook တွေ အသင်ရပ်၊ Laboratory-practicals တွေလဲ အကုန်ပြီး၊ နောက်ထပ် ၃နှစ် ဆေးရုံကလူနာဆောင်တွေမှာ လက်တွေ့ အလုပ်သင် အလုပ်ဆင်း လူနာကြည့်။ လက်တွေ့ ကုသရင်း ပညာဆည်းပူး။ ပညာဆည်းပူးရင်း ကုသ။

၁၀နှစ်ပြီးလို့ ဘွဲ့ရကြတော့လဲ ကျောင်းသူကျောင်းသား အများစု ၇၅ ရာခိုင်နှုန်းလောက်က ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့နယ်၊ ကိုယ့်ဇာတိရပ်ဌာန်ကို မပြန်တတ်ကြတော့ဘူး။ သည် Boston မှာပဲ အိမ်လုပ်နေကြပြီး ဘွဲ့လွန် Doctorate တွေ၊ Mosters တွေ၊ Fellowship တွေ ဆက်ယူတတ်ကြတယ်။ တချို့လဲ ပတ်သက်ရာ Foundation တို့ Endowment တို့နဲ့ဆက်သွယ်လျှောက်တင်ပြီး Scholarship တွေ Assignment တွေနဲ့ သုတေသန Research တွေ လုပ်ကြတယ်။ ကျမ်းကြီးကျမ်းခန့်တွေ ပြုစုကြတယ်။ တချို့ဆိုရင် ကိုယ့်ဆရာပါမောက္ခနဲ့ကိုယ် တွဲပြုစုကြလို့ ကမ္ဘာကျော် Nobel ဆုတွေအထိ တက်ရတတ်ကြတယ်။ ဆေးပညာနဲ့ ရောဂါကုထုံးနဲ့ ဆေးဝါးသစ်နဲ့ လူ့လောကသက်တမ်းကို အကျိုးပြုကြတာပဲ။

Chloe တို့ Leah တို့ကတော့ ဘယ်စခန်းအထိ ပညာဆည်းပူးကြပြီး ဘယ်အဆင့်မှာ ရပ်ကြမယ်တော့ မသိဘူး။ အရွယ်ကလေးတွေကလဲ ရလာကြတော့ လင်ယူသားမွေး အိမ်ထောင်ရေးကိစ္စတွေကလဲ စိတ်ထဲ သိပ်မရှိကြတော့ပါဘူး။ သေချာတာကတော့ အနည်းဆုံး MD ဘွဲ့ရပြီး ဆရာဝန်ရယ်လို့တော့ ဖြစ်လာကြမှာပါ။ ဒါပေမယ့် ၂ယောက်စလုံးကတော့ MD လောက်၊ M.Sc လောက် PhD လောက်နဲ့တွင် ရပ်ကြဖို့ စိတ်မကူးကြဘူး။ ဒါပေမယ့် ခု တတိယနှစ်ထဲမှာတွင် Body တွေကလဲ ကျစပြုလာနေပြီ။ Dieting ကလဲပါ၊ ရေကူးတာကလဲ စကားပြောမှာပေါ့။ သည် ၁၈လ မကုန်ခင်မှာများ Boyfriend တွေ ဘာတွေ ရှိလာလေ မလား မသိ။ နောင် သည့်ထက်သည် လျော့ကျပြေပြစ်လာပြီး Proposal တွေ များလာခဲ့ရင်တော့.....။ ■

**မောင်သာရ**


# ဖြစ်ချင်တိုင်း မဖြစ်လာလို့ စိတ်ဓါတ်ကျနေပြီလား?

- ✦ မိမိဘက်မှ ဘယ်လောက်ပေးဆပ်ပေးဆပ် နားမလည်တဲ့ချစ်သူ / ခင်ပွန်းကြောင့် သောကဖြစ်နေပါသလား။
- ✦ သူ့ဘက်မှ သစ္စာမဲ့မှု၊ ရက်စက်မှုတွေကို ခွင့်လွှတ်ထားတာတောင် မိမိပေါ်နားမလည်ပဲ စွန့်လွှတ်ဖို့ သူ့ဘက်က ကြိုးစားနေပြီလား။
- ✦ ဘက်စုံထောင့်စုံက ကြိုးစားပြီး မိမိဘက်ပြန်ပါလာဖို့ စည်းရုံးပေမယ့် ဘာမှဖြစ်မလာလို့ စိတ်ဓါတ်ကျနေပြီလား။
- ✦ တစ်သက်လုံး ကောင်းလာခဲ့သူက လတ်တလော သာယာမှုနောက်ပါပြီး အခြားလူတစ်ယောက်ကဲ့သို့ ပြောင်းလဲသွားပြီလား။
- ✦ ပူလောင်မှုတွေကို ဆက်လက်သည်းမခံနိုင်တော့လို့ ရှေ့ဆက်ရမလား၊ ရပ်လိုက်ရမလားဆိုပြီး ဒွိဟဖြစ်နေပါသလား။

ဖြစ်ချင်တာတွေ ဖြစ်လာစေဖို့

**ဆရာမ ထက်နွေးခိုင်** LL.B, LL.M, DBL, DML

(အမျိုးသမီးသန့် ဗေဒင်ဟောဆရာမ)

တိုက်- 40 G-2 ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ 41 ရပ်ကွက်၊ မြောက်ဒဂုံ၊

Ph : 09 5164326 , 09 73106180 , 09 43094806




www.burmeseclassic.com

www.burmeseclassic.com






PEN International ၏ ၈၀ ကြိမ်မြောက် ညီလာခံတွင်
နိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်

www.burmeseclassic.com

www.burmeseclassic.com

# ထိုင်ခုံလွတ်သမားဘဝမှသည် မဲပေးနိုင်သူအဖြစ်သို့



စာပေထုံးတမ်းယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် ညီလာခံ၏ နိဂုံးချုပ်အစီအစဉ်တွင် ကဲဂျစ်စတန်၊ ရုရှား၊ အာဂျင်တီးနားစာရေးဆရာတို့နှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်

တစ်ခါက ကိုယ်ဟာ Case ကျေစ် လို့ခေါ်တဲ့ PEN International ရဲ့ ထိုင်ခုံလွတ်နဲ့ ဂုဏ်ပြုခံရတဲ့ ညီလာခံကို တက်ရောက်နိုင်ခြင်း မရှိတဲ့ အကျဉ်းကျစာရေးဆရာ တစ်ယောက်။ ခုတော့ ကိုယ်ဟာ PEN International ရဲ့ မိသားစုဝင်၊ မဲဆန္ဒပေးကာ အဖွဲ့ဝင်သစ်များကို ရွေးချယ် အတည်ပြုနိုင်သူ။ ဆယ်စုနှစ် နှစ်စုအတွင်း အခြေအနေတွေ ပြောင်းလဲခဲ့ပြီ။

**ထိုင်ခုံလွတ်များ**

ကမ္ဘာပေါ်မှာ နိုင်ငံတကာ အစည်းအဝေးတချို့မှာ အကျဉ်းကျနေတဲ့အတွက် ကိုယ်တိုင်တက်ရောက်နိုင်ခြင်း မရှိပေမဲ့ ဂုဏ်ပြုထိုက်သူတွေကို ထိုင်ခုံလွတ်တစ်လုံး ချန်ထားကာ ဂုဏ်ပြုတဲ့ အစဉ်အလာကို အစဦးဆုံး လုပ်ခဲ့တာ PEN International ပါတဲ့။ လက်ရှိ ဥက္ကဋ္ဌ ဂျွန်က ပြောပါတယ်။ ဒါကြောင့် PEN International ရဲ့ နိုင်ငံတကာ ညီလာခံမှာဖြစ်စေ၊ အကျဉ်းကျ စာရေးဆရာကော်မတီရဲ့ ညီလာခံမှာဖြစ်စေ လတ်တလော အကျဉ်းကျနေတဲ့ စာရေးဆရာ၊ သတင်းသမားတွေအတွက် ထိုင်ခုံလွတ်တစ်လုံး ဖယ်ပေးတဲ့ အစီအစဉ်ဟာ မရှိမဖြစ်ပေါ့။ ဒီနှစ် ၁၀ ကြိမ်မြောက် နိုင်ငံတကာ



www.burmeseclassic.com

www.burmeseclassic.com




ညီလာခံကျင်းပရာ ဟိုတယ်တွင်
နိုင်ငံတကာ စင်တာများ အကြောင်း ဖော်ပြထားရာ
PEN Myanmar အကြောင်းက ထိပ်ဆုံးတွင် ရှိနေခဲ့သည်

ညီလာခံမှာတော့ ညီလာခံ ၃ ရက်မှာ အကျဉ်းကျ စာရေးဆရာ-သတင်းသမား ၃ ယောက်ကို ဂုဏ်ပြုခဲ့ကြပါတယ်။ ကာဂျစ်စတန်စာရေးဆရာ အဇစ်မ်ယွန်အက်စ်ကာရော့ဗ်၊ ကာဇာဂျစ်စတန်စာရေးဆရာ ဗလာဒီမီယာကိုဇ်လော့ဗ်နဲ့ ဝီဂါစာရေးဆရာ အီလ်ဟာမ်တိုဟ်တီတို့ပေါ့။ ပထမနေ့မှာတော့ ကာဂျစ်စတန်စာရေးဆရာ အဇစ်မ်ယွန်ရဲ့ ဇနီးကိုယ်တိုင်က အကျဉ်းကျစာရေးဆရာကော်မတီဥက္ကဋ္ဌ မာရီယမ်နဲ့အတူ သူ့ခင်ပွန်း ဘယ်လိုအဖမ်းခံရပြီး ဘယ်လို အမှုရင်ဆိုင်နေရကြောင်းတွေကို ပြောပြခဲ့ပါတယ်။

လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က အဲဒီထိုင်ခုံလွတ်နေရာမှာ ကိုယ်တို့ မြန်မာစာရေးဆရာတွေ နေရာယူခဲ့ကြဖူးပါတယ်။ PEN နဲ့ ပတ်သက်ရင် အစဦးဆုံး အသိအမှတ်ပြုခံခဲ့ရတဲ့အထဲမှာ ဆရာ ဦးဝင်းတင်၊ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဆရာ မျိုးမြင့်ညိမ်း၊ ဆရာ မင်းလူတို့ ပါ,ပါတယ်။ ကိုယ်မှတ်မိသလောက် ဆရာ မျိုးမြင့်ညိမ်းကို ကမ္ဘာ့သတင်းစာဆရာ အဖွဲ့ကြီးဖြစ်တဲ့ CJFE ကနေ ၂၀၀၂ ခုနှစ်မှာ ဆုပေးတော့ ပူးတွဲရသူက တာဂျစ်ကစ္စတန်သားပါ။ တစ်နည်းအားဖြင့် အလယ်အာရှသားပေါ့။ အလယ်အာရှဟာ အဲဒီခေတ်တွေတည်းက ခုထိ လွတ်လပ်စွာပြောဆို ရေးသားခွင့်နေရာမှာ ပြဿနာတွေ ရှိနေခဲ့ပါတယ်။

ကိုယ်တို့ကရော။ မြန်မာဟာ ၁၉၈၈ နောက်ပိုင်း PEN International ရဲ့ နှစ်ပတ်လည် အစီရင်ခံစာတိုင်းမှာ လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့်အရေးနဲ့ ပတ်သက်ရင် စာရေးဆရာတွေကို အကျဉ်းချတာကတစ်မျိုး၊ ပုံနှိပ်ဖော်ပြခွင့် အကန့်အသတ်များတာကတစ်ဖုံနဲ့ နေရာယူသလို ဒီနေ့ထိ အကျဉ်းကျစာရေးဆရာစာရင်းမှာ မြန်မာနိုင်ငံက သတင်းသမားတချို့ နေရာယူနေဆဲပေါ့။

ဒါကြောင့် ထိုင်ခုံလွတ်ပေါ်မှာ ဂုဏ်ပြုခံစာရေးဆရာရဲ့ ပုံတူကို တင်ထားပြီး တက်ရောက်လာတဲ့ ညီလာခံကိုယ်စားလှယ်တွေက လက်မှတ်ဝိုင်းထိုးပြီး ဂုဏ်ပြုရချိန်မှာ ကိုယ့်စိတ်တွေက အနှစ် ၂၀ လောက် နောက်ပြန် သွားကြည့်နေမိပါတယ်။ အခန်းကျဉ်းထဲက သံတံတလင်းပေါ်မှာ ဝေဒနာတွေနဲ့ မိန်းမောနေခိုက်မှာ ကမ္ဘာ့တစ်နေရာရာမှာ ကိုယ်နဲ့ သက်မွေးပညာတူသူ ကမ္ဘာ့တစ်လွှားက စာရေးဆရာများဟာ ကိုယ့်ကို အမှတ်ရပေးနေပါတယ်လို့ သိလိုက်ရတဲ့အသိလောက် အားရှိစရာကောင်းတာ ဘယ်မှာ ရှိမှာပါလိမ့်။ ဒီသတင်းကို ကြားရတဲ့အတွက်လည်း PEN ဆိုတာ ကိုယ့်အတွက် အိပ်မက်အရ...
ဖြစ်ခဲ့တာပဲပေါ့။ PEN ဆိုတာ ဘာသာ...
စကား၊ လူမျိုး၊ အသားအရောင်၊ ...
ကွယ်ယုံကြည်မှု၊ အဲဒါတွေအားလုံး ...
ဆိုတာမှ တူညီစရာမလိုဘဲ သက်မွေး...
ပညာ တူညီကာ လွတ်လပ်စွာ ထုတ်...
ဖော်ပြောဆို ရေးသားခွင့်ကို လိုလား...
ဘယ်သူမဆိုအတွက် တစ်မိသား...
တည်းဆိုတဲ့ အသိစိတ်ဓာတ်ကို ဖြစ်...
တဲ့ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့လေ။ တကယ်...
လည်း ကိုယ့်မျက်ကွယ်မှာတောင် ကိုယ်...
ဟာ သူတို့ရဲ့ မိသားစုအဖြစ် ခံစားခဲ့...
ပါတယ်။ ခုတော့ ထိုင်ခုံလွတ်ပေါ်...
ပုံတူပန်းချီရှင် စာရေးဆရာတွေ...
ကိုယ့်မိသားစုဝင်အဖြစ် ကိုယ်တိုင်...
တွေ့ဆုံနိုင်ခွင့်ကို ရလာပြီလေ။ ကြို...
ပါတယ် အကျဉ်းစံ စာရေးဆရာတို့...

**ဆုံးဖြတ်ချက်များ၊**

**အငြင်းအခုံများနဲ့ မဲခွဲခြင်း**

PEN မိသားစုရဲ့ အများဆ...
အလေးထားမှုကတော့ ဒီညီလာခံမှ...
သဘောပေါက်မိရပါတယ်။ အကျဉ်း...
ကျ စာရေးဆရာကော်မတီက...
PEN ရဲ့ ကော်မတီလေးခုထဲမှာ အ...
အများဆုံးကော်မတီ ဖြစ်နေလေရဲ့၊ ...
ကော်မတီအသီးသီးက အစီရင်ခံ...
ဆုံးဖြတ်ချက်တွေ တင်သွင်းချမှတ်...
တော့ အကျဉ်းကျ စာရေးဆ...
ကော်မတီရဲ့ အစီရင်ခံစာက အ...
တကာ့ အရှည်ဆုံးပါပဲ။ ဆုံးဖြတ်ချ...
(Resolution)တွေ ကျတော့ လည်း...
ညီလာခံတစ်ခုလုံးမှာ Resolution ...
ခု ထွက်ရာ အကျဉ်းကျစာရေး...
ကော်မတီက Resolution အခု ၂၀ ...
ပါတယ်။ တစ်ကမ္ဘာလုံးမှာ အကျဉ်း...
စာရေးဆရာအရေးအတွက် ...
လောက်များပြီး ဘယ်လောက်ထိ ...
လပ်စွာ ထုတ်ဖော်ပြောဆို ရေးသား...
တွေ ဆုံးရှုံးနေလဲဆိုတာ အဲဒီဆုံးဖြတ်...
ချက်တွေက သက်သေပဲဆိုပါ...

ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်...
ကိုယ်စားလှယ်တွေအနေနဲ့ လွယ်...
ကူကူ ချနိုင်ခဲ့တာ မဟုတ်ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com

International ရဲ့ စင်တာအသီးသီးက ဥက္ကဋ္ဌတွေဆီကို ကွန်ဂရက်မတိုင်မီ ၄ လ အလိုကတည်းက ကိုယ်အဆိုပြုချင်၊ တင်ချင်တဲ့ ဆုံးဖြတ်ချက်မူကြမ်းကို ပေးပို့ဖို့ တောင်းခံခဲ့ပါတယ်။ ဆုံးဖြတ်ချက် ရေးရမယ့်ပုံစံကိုလည်း နမူနာ ပေးပို့ခဲ့ပါတယ်။ အဲဒီအချိန်က ကိုယ့်အနေနဲ့ မြန်မာသတင်းသမားတွေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်မျိုး တင်မလားလို့ ဒါရိုက်တာဘုတ်အဖွဲ့ထံ တင်ပြခဲ့ပေမဲ့ အားလုံးက အလုပ်မအားတာရော၊ အရင်နှစ် အတွေ့အကြုံမျိုး မရှိတာရောကြောင့် အထမမြောက်ခဲ့ပါဘူး။ နောက်တစ်ခါ တောင်ကိုရီးယား PENက မြောက်ကိုရီးယား စာရေးဆရာတွေအတွက် ဆုံးဖြတ်ချက်ကို ထောက်ခံပေးဖို့ အကူအညီ လှမ်းတောင်းတော့ မူအားဖြင့် သဘောတူခဲ့ပေမဲ့ လူအားဖြင့်တော့ အားလွန်းလို့ မူကြမ်းကို ကူမရေးပေးနိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ ညီလာခံကျမှပဲ သက်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတွေကို ဖတ်ရှုပြီး ထောက်ခံဖို့၊ ကန့်ကွက်ဖို့၊ ဒါမှမဟုတ် မဲမပေးဘဲနေဖို့ ဆုံးဖြတ်ရပါတော့တယ်။


ဒီဆုံးဖြတ်ချက် ၂၀ ခုမှာ အငြင်းအပွားဆုံးက တရုတ်လို့ ဆိုရပါမယ်။ တရုတ်စာရေးဆရာ လျူကျာ့ပေါင် အပါအဝင် ဝီဂါစာရေးဆရာ အီလ်ဟာမ်တိုဟ်တီတို့ လွတ်မြောက်ရေးအတွက်အပြင် တခြား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကိစ္စကို Independent Chinese PEN က တင်ပြခဲ့တာပါ။ သူတို့အုပ်စုက တရုတ်နိုင်ငံထဲမှာ မနေနိုင်တော့လို့ ပြည်ပမှာနေကြရတဲ့ စာရေးဆရာတွေပေါ့။ သူတို့ထဲက စာရေးဆရာ သောလင်းဆိုရင် ကိုယ်နဲ့ အမေရိက၊ ဘောစတွန်မှာ ဟားဗတ်လာမောင့်စာကြည့်တိုက်ကလုပ်တဲ့ စင်တင်မဂ္ဂဇင်း အစီအစဉ်မှာ အတူဆောင်ရွက်ဖူးသူပေါ့။ သူတို့အုပ်စုက တိဘက် PEN ကိုလည်း အများကြီး ကူညီနေကြပါတယ်။ သူတို့က အဲဒီဆုံးဖြတ်ချက်ကို တင်တော့ တရုတ်ပြည်တွင်းကလာတဲ့ China PEN က ကိုယ်စားလှယ်က ကမန်းကတန်း လက်ထောင်ပြီး စကားပြန်ကတစ်ဆင့် လျှိုအပါအဝင် စာရေးဆရာတွေဟာ နိုင်ငံတော်လျှို့ဝှက်ချက်ကို ပေါက်ကြားစေလို့ အရေးယူခံရတာသာ ဖြစ်တယ်လို့ ဝင်ပြောတော့တာပါဘဲ။ နောက်ဆုံးမှာတော့ ကျန်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံမဲ အလုံးအရင်းနဲ့ အဲဒီဆုံးဖြတ်ချက် အတည် ဖြစ်သွားပါတယ်။

ငြိမ်းချမ်းရေးအတွက် စာရေးဆရာကော်မတီမှာလည်း အစ္စရေး-ပါလက်စတိုင်း စစ်ပွဲအခြေခံတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ညီလာခံအတွင်း ကော်မတီအစည်းအဝေးမှာ အသစ်ထပ်တင်ဖို့ ပြင်ဆင်ရာမှာ စကားလုံးအသုံးအနှုန်းကိစ္စကို ပေါ်တူကီက ကိုယ်စားလှယ်က အတော်လေး ငြင်းခုံခဲ့ပါတယ်။ နောက်ဆုံးတော့ ကျန်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံမဲနဲ့ပဲ တချို့စကားလုံးတွေကို အတည်ပြုဖြစ်ခဲ့ပါတယ်။

အဲဒီလို ဘယ်လိုအငြင်းပွားမှုမျိုးကို မဆို အချိန်ယူဆွေးနွေးပြီး ကိုယ်စားလှယ်အများစုရဲ့ ထောက်ခံမဲနဲ့ အတည်ပြုခဲ့တာကတော့ ညီလာခံတစ်ခုလုံးရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ မဲမပေးဘဲ နေလို့တယ်၊ အဲဒီလို ဆုံးဖြတ်တာကို မှတ်တမ်းတင်ပေးထားစေလိုတယ် ဆိုရင်လည်း ရတာမို့ ဒါကလည်း ဒီမိုကရေစီ အခွင့်အရေးတစ်ခုပါပဲ။ ကိုယ်ကတော့ မဲမပေးဖို့ လုံးဝမဆုံးဖြတ်ခဲ့ပါဘူး။ မဲပေးခွင့်ဆိုတာ PEN Myanmar အနေနဲ့ ဒီနှစ်ကျမှ ပထမဆုံး စ ရခဲ့တာလေ။ တစ်ခါက ထိုင်ခုံလွတ်ပေါ်က ပုံတူပန်းချီဘဝနဲ့ PEN ရဲ့ အစည်းအဝေးတွေမှာ နေရာရခဲ့တဲ့ ဘဝကနေ PEN ရဲ့ ဆုံးဖြတ်ချက်တွေအတွက် ကိုယ်တိုင်ကိုယ်ကျ မဲပေးပိုင်ခွင့် ရတဲ့ဘဝထိ ရောက်လာအောင် ကိုယ် ဘယ်လိုဖြတ်သန်းခဲ့ရလဲဆိုတာ ပြန်တွေးကြည့်ရင် အခု ပေးပိုင်ခွင့်ရတဲ့ မဲဟာ ကိုယ့်ဘဝအတွက် တန်ဖိုးကြီးတာ သေချာပါတယ်။

**တရားမဝင်သေးတဲ့ PEN အဖွဲ့ဝင်နဲ့ ကိုယ်ချင်းစာစိတ်**

တကယ်တော့ PEN America က ပေးတဲ့ ဘာဘရာဂိုးလ်စမစ် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ဆုကို ရခဲ့တာရော၊ ၁၉၉၉ ခုနှစ် ထောင်က လွတ်ပြီးနောက်ပိုင်းမှာ PEN International ရဲ့ ကိုယ့်လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ပုံတွေကို သိခဲ့ရတာရောကြောင့်ပါ ကိုယ်ဟာ မြန်မာ့မြေ အပြင်ဘက်ကို ခြေချခွင့်ရတဲ့ ၂၀၀၅ ခုနှစ်ကစပြီး ရောက်လေရာအရပ်မှာ PEN International ရဲ့ စင်တာမှန်သမျှကို သွားရောက် လည်ပတ်ကာ ကျေးဇူးတင်နှုတ်ဆက်စကားဆိုပြီး တစ်ချိန်ချိန်မှာ မြန်မာ့မြေပေါ်မှာ စင်တာခွဲပေါ်လာအောင် ဝိုင်းဝန်းကူညီပေးဖို့ ပြောဆိုဆွေးနွေးတဲ့အလုပ်ကို အစဉ်တစိုက် လုပ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကိုယ့်အနေနဲ့ တရားဝင်အဖွဲ့ဝင် မဖြစ်ခဲ့ရသေး






www.burmeseclassic.com

www.burmeseclassic.com



အီရီတီးရီးယား PEN တည်ထောင်လိုကြောင်း လျှောက်ထားသူက
အကျဉ်းကျနေသော မိတ်ဆွေစာရေးဆရာများအကြောင်း
ပုံနှင့်တကွ ရှင်းပြခဲ့သည်

ခင် လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက PEN International ရဲ့ စင်တာတချို့၊ အဖွဲ့ဝင်တာဝန်ရှိသူတချို့နဲ့အဆက်အသွယ် မပြတ်သလို ရင်းနှီးကျွမ်းဝင် ဖြစ်ခဲ့ပါတယ်။

လက်ရှိ PEN International မှာ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဂျီအန်းအက်ခါမင်နဲ့ အကျဉ်းကျစာရေးဆရာကော်မတီ ဥက္ကဋ္ဌ မာရီယမ်တို့ကို ၂၀၀၅ ခုနှစ်က လန်ဒန်ရှိ PEN International ရုံးမှာ စတင်ဆုံတွေ့ခဲ့ပြီး နောက်ပိုင်း အမေရိကနဲ့ ပိုလန်တို့မှာလည်း သူတို့ကို တခြားအကြောင်းကြောင်းများနဲ့ အကြိမ်များစွာ ထပ်မံတွေ့ဆုံခဲ့ပါတယ်။ ဘဏ္ဍာငွေရှာဖွေရေးသင်တန်းဆရာ လယ်ရီနဲ့လည်း ၂၀၀၅ ခုနှစ်က နယူးယောက်မှာ စတွေ့ပြီးနောက်ပိုင်း ဘယ်တော့မှ အဆက်အသွယ်မပြတ်ခဲ့ဘဲ တခြားအကြောင်းများစွာနဲ့ နေရာတော်တော်များများမှာ ထပ်တွေ့ဖြစ်ခဲ့ပါတယ်။ ဒီနှစ်မှာမှ အလုပ်အမှုဆောင် ဒါရိုက်တာဖြစ်လာတဲ့ ကားလို့စ်နဲ့ PEN ကက်တလန်ဥက္ကဋ္ဌ ရာဖရဲလ်ဆိုရင်လည်း ၂၀၀၅ ခုနှစ်က ဘာစီလိုးနားမှာ ဆုံခဲ့ဖူးပြီး ရာဖရဲလ်ကိုတော့ မနှစ်က ပိုလန်က အကျဉ်းကျ စာရေးဆရာကော်မတီ နှစ်လည်ညီလာခံမှာထပ်တွေ့ခဲ့ပါသေးတယ်။

နောက် အယ်လ်ဂျီးရီးယား PEN ရဲ့ ဥက္ကဋ္ဌလည်းဖြစ် တစ်ခါက PEN International ရဲ့ ဒါရိုက်တာဘုတ်ထဲမှာ ပါဝင်သူ မိုဟာမက်မာဂနီဆိုရင်လည်း ၂၀၀၇ ခုနှစ် ဂရိမှာ စတွေ့ခဲ့ပြီး သူ့နိုင်ငံမှာ ဘာသာပြန်ညီလာခံလုပ်တော့ ဖိတ်ခဲ့ပေးတာကြောင့် လက်ရှိ အထွေထွေ အတွင်းရေးမှူး တာကီယာကီဟိုရီနဲ့ ၂၀၀၉ ခုနှစ်က အယ်လ်ဂျီးရီးယားမှာ တွေ့ရပြန်ပါတယ်။ အဲဒီတည်းက သူတို့နဲ့ အဆက်မပြတ်ခဲ့ပြန်တော့ မနှစ်က ဂျပန်ခရီးမှာ တာကီယာကီကြောင့် ဂျပန် PEN တစ်ဖွဲ့လုံးကို သိခွင့်ရပြန်တာပေါ့။

ဒီနှစ်ညီလာခံမှာ နောက်တစ်ခါ ပျော်ရွှင်ရတာကတော့ ၂၀၀၅ ခုနှစ်က အိုင်အိုဝါတက္ကသိုလ်မှာ တွေ့ဆုံခဲ့ရတဲ့ မာယန်နဲ့ ဂျိုးဆက်ဖ်တို့က စလိုဗေးနီးယား PEN နဲ့ ဂျာမန် PEN ဥက္ကဋ္ဌ အသီးသီး ဖြစ်နေလေတော့ ၁၀ နှစ် မပြည့်တပြည့် ပြန်လည်တွေ့ဆုံခြင်း (Reunion)လည်း ဖြစ်ခဲ့ရပြန်ပါတယ်။ ဒီလိုနဲ့ ဆယ်စုနှစ် နှစ်စုလောက်အတွင်း PEN မိသားစုနားမှာ ကိုယ်တိုင်ရှိနေခဲ့ပေမဲ့ PEN Myanmar ဆိုတဲ့ စင်တာအဖြစ် တရားဝင်ပေါ်ထွန်းခွင့် မရှိခဲ့တဲ့အတွက် PEN မိသားစုဝင် မဖြစ်ခဲ့ရပါဘူး။

ဒီနှစ်ညီလာခံမှာ PEN မိသားစုဝင်အဖြစ် လျှောက်ထားတဲ့ စင်တာ ၄ ခု ရှိခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံက ဝေလ ဘာသာစကားစင်တာ၊ လိုင်ဘေးရီးယားစင်တာ၊ ဟွန်ဒူးရပ်စ်စင်တာနဲ့ အီရီတီးရီးယားစင်တာတွေပါ။ အီရီတီးရီးယားက စာနယ်ဇင်းသမားတွေကို
ဖိနှိပ်တဲ့နေရာမှာ သိပ်ဆိုးဝါးတဲ့အတွ
သူတို့ခမျာ ပြည်ပမှာနေပြီး PEN စင်တာ
ကို ထောင်ရပါတယ်။ ခေါင်းဆောင်တဲ့
ဒဆာရဲလ်ဆိုသူက နော်ဝေက စာ
တော်တစ်ခုမှာ ခင်မင်ခဲ့သူပါ။ သူ
တရားဝင်စင်တာအဖြစ် လျှောက်ထား
တင်ပြမှုကို သူ့သူငယ်ချင်း စာရေးဆ
ဓာတ်ပုံတွေ တစ်ပုံချင်း ထောင်ပြ
ဘယ်သူက ထောင်ဘယ်နနှစ် ကျ
တယ်၊ ဘာတွေ ဘယ်လိုခံစားနေ
တယ် ဆိုတာတွေကို ခံစားမှုအပြည့်
ရှင်းပြတော့ ကိုယ်က တစ်ခါက မြ
စာရေးဆရာတွေရဲ့ ပုံရိပ်တွေကို ပြ
ယောင်လာမိပါတယ်။ ကိုယ်ချင်းလည်
အလွန်စာနာမိခဲ့ပါတယ်။ တစ်ချိန်
ကိုယ်တို့တစ်တွေ ဘယ်လောက်
ခံစားခဲ့ရလဲဆိုတာ ပြန်တွေးရင်း
သောကနဲ့ ခံစားချက်တွေကို အပြည့်အ
နားလည်ပေးမိပါတယ်။ သူ့တင်ပြ
အပြီးမှာ ကိုယ်စားလှယ် တော်တော်များ
များ စိတ်ထိခိုက် ခံစားခဲ့ရပါတယ်။
ကို 'ဟေး မင်းနောက်ဆုံးတော့ ငါတို့
မိသားစုဝင် ဖြစ်လာပြီ။ ဂုဏ်ယူကြ
ပါတယ်'လို့ ဖက်လှဲတကင်း ပြော
သူ့ မျက်ဝန်းမှာ မျက်ရည်စတွေ
ဒီစကားမျိုး ပြောခွင့်ရဖို့ သူတို့စင်
ထက် တစ်နှစ်လေးပဲ စောပြီး တရား
စင်တာဖြစ်ထားတဲ့အတွက် ကို
ဘာသာလည်း အိပ်မက်မက်နေသ
ခံစားရပါတယ်။ ဟိုအရင် ပိုလ
အကျဉ်းကျ စာရေးဆရာကော်
နှစ်လည် ညီလာခံမှာ ဆုံခဲ့ကြတဲ့
သူရော ကိုယ်ပါ PEN ရဲ့ မိတ်
အဆင့်မှာပဲ ရှိခဲ့ကြပါသေးတ
မိသားစုဝင် မဖြစ်သေးပါဘူး။ ခု
ကံကောင်းထောက်မစွာ PEN My
အနေနဲ့ တစ်နှစ်ဦးပြီး အဖွဲ့ဝင်ဖြ
လေ။ ကြိုဆိုပါတယ် အီရီတီးရီ
PEN ရေ။

**မျက်နှာပန်းပွင့်တဲ့ PEN My**

ဒီနှစ်ညီလာခံမှာ PEN My
ဟာ အတော်လေး မျက်နှာပန်းပွင့်
လို့ ဆိုရမှာပါ။ မနှစ်က စင်တာ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ရွေးကောက်ထားခဲ့တဲ့ စင်တာနှစ်ခုမှာ နယူးဒေလီPEN က ညီလာခံကိုလည်း ရောက်မလာသလို တစ်နှစ်လုံးဘာလှုပ်ရှားမှုလုပ်နေကြောင်း PEN International ကို အကြောင်းကြားထားတာ မရှိပုံပါဘဲ။ ဒါကြောင့် ညီလာခံ ၃ ရက်ကျင်းပရာ ဟိုတယ်ဝင်ဝင်ချင်းမှာ စင်တာအသစ်များနဲ့ လှုပ်ရှားမှုများတဲ့ စင်တာအကြောင်း ဘုတ်တွေထောင်ပြီး ပြသထားရာမှာ PEN Myanmarက အစဦးဆုံး နေရာမှာရှိပြီး နယူးဒေလီ PEN ကိုတော့ ရှာမတွေ့ခဲ့ပါဘူး။ ကိုယ်နဲ့ မတွေ့ဆုံဖူးသေးတဲ့ စင်တာကိုယ်စားလှယ် တချို့ကလည်း ကိုယ့်ကို တကူးတက လာမိတ်ဆက်ပြီး ကိုယ်တို့ရဲ့ PEN Myanmar အကြောင်း စိတ်လှုပ်ရှားစရာသတင်းတွေ အများကြီး ကြားသိရတာမို့ ဝမ်းသာဂုဏ်ယူပါကြောင်း၊ ခုလို လှုပ်ရှားမှုတွေ အများကြီးကို အချိန်တိုတိုအတွင်း လုပ်ဆောင်နိုင်တာကို အားကျကြောင်းတွေ ပြောကြပါသေးတယ်။ ကိုယ့်မှာလည်း လှုပ်ရှားမှုတွေကို အရာထင်အောင် ဝိုင်းကူညီ လှုပ်ရှားပေးခဲ့ကြတဲ့ အဖွဲ့ဝင်တွေကိုယ်စား ပီတိနဲ့ အပြုံးကို ဘယ်လိုမှ ချုပ်တည်းမထားနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

ဒါ့အပြင် ပိုလန်မှာကတည်းက ရင်းနှီးခဲ့တဲ့ တိဘက်PEN အုပ်စုကလည်း သူတို့နဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်အတွက် ထောက်ခံပေးမယ့် စင်တာလိုတယ်လို့ ကြေညာတော့ ကိုယ့်ကို အားကိုးတကြီး လှမ်းကြည့်ပြီး ထောက်ခံပေးနော်လို့ မျက်ရိပ် မျက်ခြည် ပြပါသေးတယ်။ ကိုယ်ကလည်း လက်အမြန်ထောင်ပြီး ထောက်ခံပေမဲ့ ပြင်သစ် PEN က လက်ထောင်တာကိုပဲ မြင်သွားခဲ့တာမို့ တိဘက် PEN ရဲ့ ဆုံးဖြတ်ချက်ကို မဲပေးပြီးပဲ အတည်ပြုပေးခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် တိဘက် PEN အတွက် PEN Myanmar ဟာ အားကိုးစရာ ရင်ချင်းနီးတဲ့ အဖွဲ့ဝင် စင်တာအဖြစ် အသိအမှတ်ပြုခံရတာကို ကိုယ်ကတော့ ကျေနပ်နေခဲ့တာပါ။

ဒါ့အပြင် အရင့်အရင် အဖွဲ့ဝင်အဖြစ် တရားဝင်မဖြစ်ခင်က တချို့အစည်းအဝေးတွေ တက်စဉ်က ဘာမဆိုတက်တက်ကြွကြွ ဝင်ရောက်ဆွေးနွေးခဲ့တာမို့ အခုညီလာခံမှာ ကိုယ်က နှုတ်ဆိတ်နေရင် လူဟောင်းတွေက "နင်တယ်ငြိမ်နေပါလား။ မဟုတ်သေးပါဘူး"လို့ လာပြောကြတော့တာပါပဲ။ ကိုယ်ကလည်း မနှစ်ကမှ တရားဝင်အဖွဲ့ဝင်ဖြစ်ပြီး ဒီနှစ်မှာ အာကျယ်နေရင် မကောင်းဘူးလို့ ယူဆပြီး ငြိမ်နေမိတာပါ။ နောက်အကြောင်းကတော့ ညီလာခံအဖွင့်မှာ တစ်နှစ်အတွင်း ကွယ်လွန်သွားတဲ့ အဖွဲ့ဝင်အသီးသီးရဲ့ နာမည်တွေကို ဖတ်ကြားတာ ဝမ်းနည်းအမှတ်တရ အစီအစဉ်ရှိတော့ ဥက္ကဋ္ဌ ပွန်က ဆရာဦးဝင်းတင်အကြောင်းကို ကျန်တဲ့စင်တာက ကွယ်လွန်သူတွေ အကြောင်းထက် ပိုအချိန်ပေးပြီး အသေးစိတ် ရှင်းပြတာမျိုး ရှိလေတော့ PEN Myanmar က စကတည်းက လူသိရှင်ကြား ဖြစ်ပြီးသားပေါ့။ နောက်တစ်ခါ PEN International ရဲ့ ဒါရိုက်တာဘုတ် အဖွဲ့ဝင်အသီးသီးက တင်ပြတဲ့အခါမှာလည်း အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တောင်ကိုရီးယားက ဂျီဝမ်လီက မေလအတွင်းက မြောက်ကိုရီးယား စာရေးဆရာတွေအတွက်လုပ်တဲ့ ဆွေးနွေးပွဲကို PEN Myanmar က ပူးပေါင်းပါဝင်ခဲ့တယ်လို့ ထုတ်ပြောပြန်ပါတယ်။ ဒီလိုနဲ့ ညီလာခံအစမှာတင် PEN Myanmar ဆိုတာကျန်တိုင်းစာလုပ်ကိုယ်စားလှယ်တွေရဲ့ နားမှာ နားရည်ဝနေခဲ့ပါတယ်။

ညီလာခံရဲ့ သဘာဝက ဆွေးနွေးပွဲမဟုတ်တဲ့အတွက် Panel discussion ရယ်လို့ ၃ ခုပဲ ရှိပါတယ်။ ကျန်တာကတော့ အစီရင်ခံစာများ၊ ဆုံးဖြတ်ချက်များကို မဲခွဲဆုံးဖြတ်တာပါ။ အဲဒီဆွေးနွေးပွဲ ၃ ခုက စောင့်ကြည့် လေ့လာမှုများကို ဘယ်လိုတုံ့ပြန်သင့်လဲ၊ လိင်ဆိုင်ရာ ခွဲခြားမှုကို ဘယ်လိုရင် ဆိုင်ကြမလဲနဲ့ စာပေထုံးတမ်း ယဉ်ကျေးမှုဆိုတာတွေပါ။ အဲဒီ ၃ ခုမှာ စောင့်ကြည့်လေ့လာမှုများကို ဘယ်လိုတုံ့ပြန်သင့်လဲနဲ့ စာပေထုံးတမ်း ယဉ်ကျေးမှုဆိုတဲ့ ဆွေးနွေးပွဲ ၂ ခုအတွက် ကိုယ့်ကို ပါဝင်ဆွေးနွေးပေးဖို့ ဖိတ်ကြားခံခဲ့ရပါတယ်။ စောင့်ကြည့်လေ့လာမှုများကို ဘယ်လိုတုံ့ပြန်သင့်လဲဆိုတဲ့ ဆွေးနွေးပွဲကို ဂျာမန် PEN မှ ဥက္ကဋ္ဌ ဂျိုးဆက်ဖ်ဟာယ်လ်ဆင်ဂါ၊ အင်္ဂလစ်ရှ် PEN မှ အတွင်းရေးမှူး ဂျိုးဆက်ဖင်းဂလန်ဗီးလ်၊ အမေရိက PEN မှ အဖွဲ့ဝင် ကက်သရင်းဂလင်ဘတ်စ်တို့နဲ့ အတူ ဆွေးနွေးရတာပါ။ ကြားခံဆွေးနွေးသူက PEN International က ဆာရာကလပ်ခ်ပါ။ ဂျိုးဆက်ဖ်ရော ဆာရာပါ မိတ်ဆွေဟောင်းတွေမို့ ပြောရဆိုရတာ ပိုပြီးအဆင်ပြေလှပါတယ်။

စာပေထုံးတမ်း ယဉ်ကျေးမှုကတော့ ညီလာခံရဲ့ နိဂုံးချုပ်ဆွေးနွေးပွဲလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ပွန်ကိုယ်


Independent Chinese PEN က တရုတ်နိုင်ငံအတွင်းရှိ စာရေးဆရာများအား မတရားဖမ်းဆီးအရေးယူခြင်းနှင့် ဖိနှိပ်မှုများအကြောင်း တင်ပြခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ညီလာခံ ပိတ်ပွဲတွင် အတွင်းရေးမှူး ကာကီယာကီနှင့် ဥက္ကဋ္ဌ ဂျွန်တို့က အဖွဲ့ဝင်များ၏ သဘောထားတောင်းခံပြီးမှ ညီလာခံ အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာခဲ့သည်

တိုင်က ကြားခံဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကာဂျစ်စတန် ရုပ်ရှင်ဒါရိုက်တာ ဆာဒစ်ရှာနီယပ်ဖ်၊ အမေရိကရောက် ရုရှ(လက်စ်ဘီယန်)စာရေးဆရာ မီရှာဂက်ဆန်၊ အာဂျင်တီးနား စာရေးဆရာ ကားလို့စ်ဂါမာရိုတို့နဲ့အတူ ပြောရတာ ဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ် တချို့ကတော့ ညီလာခံတစ်ခုလုံးမှာ ဒီဆွေးနွေးပွဲက အသက်အဝင်ဆုံး၊ စိတ်ဝင်စားစရာအကောင်းဆုံးလို့ သတ်မှတ်ကြပါတယ်။ မီရှာက နာမည်ကျော်စာရေးဆရာဖြစ်ပြီး ကျန်ဆွေးနွေးသူတွေကို စိမ်းနေတာမို့ ဝန်ခံရရင် ကိုယ်က သူတို့ကြားမှာ တိုးမှ တိုးပါ့မလားလို့ တွေးခဲ့မိပါသေးတယ်။ ဒါပေမဲ့ ကိုယ်တို့ မြန်မာ့စာပေထုံးတမ်းယဉ်ကျေးမှုနဲ့ ဖြတ်သန်းရတဲ့သမိုင်းက တစ်မူထူးခြားပြီး ပြောစရာတွေ များလှတာမို့ ကိုယ်ကပဲ ဒီဝိုင်းကို လွှမ်းထားသလိုတောင် ဖြစ်သွားခဲ့ရပါတယ်။ ဒါ့အပြင် မေးခွန်းမေးမြန်းသူတွေထဲမှာ ပြည်ပအခြေစိုက်တရုတ် Independent Chinese PEN လည်းဖြစ်၊ PEN International ရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်လည်းဖြစ်တဲ့ လျန်တန်ရဲ့ ဘာသာစကားများနဲ့ အလွှာအထပ် ဖုံးအုပ်နိုင်တဲ့ ဆင်ဆာသဘာဝအကြောင်း အမေးကိုလည်း ကျန်သူတွေက မဖြေကြဘဲ ကိုယ့်ကိုပဲ ဖြေလိုက်ပါဆိုတာကြောင့် ကိုယ်တွေ့အရ မြန်မာလိုရေးရင် ကိုယ့်ဘာသာ ဆင်ဆာလုပ်မိမှာ စိုးရိမ်တဲ့အတွက် The Roadmap အမည်ရ Documentary fiction (မှတ်တမ်းဝတ္ထု)စာအုပ်ကို အင်္ဂလိပ်လို ရေးဖြစ်ရပုံကို နမူနာထား ဖြေကြားခဲ့တော့ အားလုံးက သဘောတကျဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ PEN Myanmar ဟာ ညီလာခံ နိဒါန်းကနေ ညီလာခံနိဂုံးအထိ မျက်နှာပန်းပွင့်သလို အသိအမှတ်ပြုခံခဲ့ရတယ်လို့ ဆိုရမှာပါ။

**ကာဂျစ်စတန်၊ ရုရှနဲ့ အလယ်အာရှ PEN**

ဒီညီလာခံကို ကာဂျစ်စတန်မှာ လုပ်မယ်လို့ သိရတော့ အလယ်အာရှကို မရောက်ဖူးသူပီပီ စိတ်လှုပ်ရှားခဲ့ရပါတယ်။ ဆိုဗီယက် ပြိုကွဲပြီးနောက် အလယ်အာရှဟာ ပြဿနာတွေ ဗရပွမို့ စိတ်ဝင်စားခဲ့ရတာ ယူကရိန်းပြဿနာဖြစ်လာတဲ့အထိပေါ့။ ကိုယ့်မှတ်ဉာဏ်မှာတော့ မဆလခေတ်က ခေတ်စားခဲ့တဲ့ ဆိုဗီယက်စာပေတွေထဲက အလယ်အာရှပုံရိပ်တချို့ကလွဲရင် ဘာမှ သိပ်မရှိလှပါဘူး။ စာတွေထဲက ပေါ်ပလာပင်ကြီးတွေဆိုတာ ကာဂျစ်စတန်မြို့တော် ဘစ်ရှ်ကက်ရဲ့ မာနာ့စ်လေဆိပ်ကနေ မြို့ထဲလာတဲ့လမ်းတစ်လျှောက် ဖြောင့်ဖြောင့်မတ်မတ်ကြီး အစီအရီ ရှိနေတဲ့ အပင်ကြီးတွေ ဖြစ်မှာပဲလို့ တွေးပြီး စကားမပေါက်တဲ့ ကားမောင်းသမားခေါ်ရာနောက်ကို လိုက်လာမိကတည်းက စိတ်က အလှုပ်ရှားသားပေါ့။

ဆိုဗီယက် အငွေ့အသက်တွေက ဗိသုကာလက်ရာထဲမှာရော၊ မြို့ပြတည်ဆောက်ပုံမှာပါ ရှိနေသလို ဟိုတယ်ဝန်ထမ်းတွေ၊ ဈေးသည်တွေရဲ့ ဆက်ဆံရေးမှာပါ ရှိနေသေးတာကလည်း အံ့ဩစရာပေါ့။ ဆိုဗီယက်ပြိုကွဲခဲ့တာ နှစ် … အစိတ်နီးနေပြီဖြစ်ပေမဲ့ ရုရှဘာသာ… စကားကို အဓိကပြောနေကြဆဲပေ… လား၊ တခြားပြင်ပထိ တွေ့ဆက်ဆံ… နည်းလို့ပဲလား။ ဘာကြောင့်မှန်း မ… ပေမဲ့ သေချာတာတစ်ခုကတော့ ဈေး… သည်တွေ ဘာမေးမေး 'မရှိဘူး' နဲ့ 'မသိဘူး' က အရင်ထွက်လာတာပါ…

ညီလာခံပထမနေ့မှာ ကိုယ်စား… လှယ် ၂၀၀ လောက်ကို တင်လာ… ဘတ်စ်ကားကြီးတွေက လီနင်အ… သား စာကြည့်တိုက်ဆိုပြီး တစ်နေရာ… ရပ်ပေးခဲ့ပေမဲ့ အဲဒီနေရာမှာ အဲ… စာကြည့်တိုက် မရှိဖြစ်နေလို့ စကား… မပေါက်တဲ့အတွက် မေးရမြန်းရခက်… နဲ့ နောက်ဆုံးမှ လိုရာရောက်အောင်… ကိုယ်တွေဘာသာပဲ ရှာခဲ့ရတာကလည်း… အမှတ်တရပေါ့။ ကိုယ့်မြို့က စာကြည့်… တိုက်ကို ကိုယ်တိုင်က မသိတဲ့ ကား… ကားသမားတွေရဲ့ အဖြစ်ဟာ မြန်မာ… တယ်လို့ ဆိုရမလား၊ ဆိုရှယ်လစ်… တယ်လို့ ဆိုရမလား။ အလယ် အာရှ… တစ်မျိုးမျိုးတော့ ထူးပါရဲ့။

ညီလာခံကိုယ်စားလှယ်အများ… တည်းရတဲ့ ဟိုတယ်နဲ့ ညီလာခံကျင်း… တဲ့ ဟိုတယ်က မောင်းချင်သလိုမော… တဲ့ ကားလမ်းအရ တစ်နာရီနီးပါး … တာကလည်း ကာဂျစ်စတိုင်လား… မြန်မာစတိုင်လား မကွဲသလိုပေါ့။ … ချာတာကတော့ ကားလမ်းတစ်လျှော… မြင်ရသမျှ ကာဂျစ်သူအများစုက … မောလှပနေကြတာပါ။

ဂျွန်ကတော့ 'PEN ကို အလို… တဲ့ နေရာကို PEN က သွားမှာပဲ' … ဆိုဖူးလေတော့ ဒီလို ဒီအနေအ… ကြောင့်ပဲ ဒီနေရာကို ဒီညီလာခံအတွ… ရွေးဖြစ်တယ်လို့ သဘောပေါက်… တယ်။ ဘာပဲဖြစ်ဖြစ် မဆလခေတ်… သတိရစေတဲ့ ဘစ်ရှ်ကက်လို့ ဆို… ပေါ့။ ဆိုက်ရောက်ဗီဇာ ရဖို့အတွက် … ပမ်းခဲ့ရတာ အရှုံးတော့ မဖြစ်ခဲ့… ကာဂျစ်ရေ။

ကာဂျစ်ရဲ့ ဧည့်ခံမှုတွေမှာ…



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့ အဆို၊ အကတွေက ကိုယ်စားလှယ်အားလုံးကို သဘောကျစေတာ အမှန်ပါ။ အစားအသောက်တွေမှာတော့ သိပ်ထူးခြား စိတ်လှုပ်ရှားစရာ မရှိပေမဲ့ အဆို၊ အက,ကတော့ ထူးခြားတာ အမှန်ပါပဲ။ အဝတ်အစားမှာလည်း ချည်ပန်းထိုးထည်တွေကို တန်ဖိုးထားပြီး ဝတ်နေကြဆဲမို့ ဒီဓလေ့ကိုတော့ သဘောကျပြီး အားပေးချင်ခဲ့ပါတယ်။ ဦးထုပ်နဲ့ ဖိနပ်တွေကလည်း ထူးခြားလှပေမဲ့ ရာသီအေးတဲ့ သူ့အရပ်နဲ့ အဆင်ပြေအောင် သိုးမွေးကို အဓိကထားလေတော့ ကိုယ့်အရပ်အတွက် တယ်အဆင်မပြေပြန်ပါဘူး။

ကာဂျစ်ရဲ့ ၇၀ ရာခိုင်နှုန်းက တောင်ကုန်းတောင်တန်းတွေမို့ မပြန့်ခင်မနက်ပိုင်း တိုးရစ်အဖြစ် အလာချာ အမျိုးသားဥယျာဉ်ကို အလည်သွားဖြစ်ခဲ့ရာမှာလည်း ကာဂျစ်ရဲ့ သဘာဝအလှတွေကို တဝကြီး တွေ့ခွင့်ရခဲ့ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးနဲ့ နွားမွေးမြူရေးကိုပဲ အဓိက လုပ်နေသေးတဲ့ ကာဂျစ်ကျေးလက်နဲ့သီချင်းတအေးအေးဆိုကာ ဘဝကို ကျေနပ်နေတတ်တဲ့ ကာဂျစ်သူ ကာဂျစ်သားတွေကို ကိုယ်တိုင်တွေ့ခွင့်ရတာကလည်းကျေနပ်စရာပါ။ ကာဂျစ်ဟာ စွဲမက်လောက်အောင် မဆွဲဆောင်နိုင်ခဲ့ပေမဲ့ မေ့နိုင်စရာတော့ မရှိပါဘူး။

**နောင်နှစ်များနဲ့ PEN International ညီလာခံ**

တကယ်တော့ PEN International ဟာ ၂၀၂၁ ဆိုရင် နှစ် ၁၀၀ ပြည့်တော့မယ့် အဖွဲ့ကြီး ဖြစ်ပါတယ်။ ဒါကြောင့် အခုနှစ်ကတည်းက ရာပြည့်အတွက် စင်တာအသီးသီးရဲ့ လှုပ်ရှားမှုဓာတ်ပုံတွေ၊ အကြောင်းအရာတွေကို PEN International ဆီ ပို့ပေးဖို့ နှိုးဆော်နေပါပြီ။ နောင်နှစ် ၂၀၁၅ မှာတော့ ကနေဒါနိုင်ငံ ကွီဘက်မှာ ၈၁ ကြိမ်မြောက်ညီလာခံကိုကျင်းပဖို့အတွက် ဆန္ဒမဲလည်း ပေးခဲ့ရပါသေးတယ်။ ၂၀၁၆ ခုနှစ်အတွက် အဆိုပြုတဲ့ စင်တာကတော့ မှာတိုရီကိုစင်တာပါ။ အားလုံးကလည်း သဘောကျစွာမဲပေးခဲ့ကြပါတယ်။

PEN International ရဲ့ မဲဆန္ဒနဲ့မှ ဆုံးဖြတ်အတည်ပြုတဲ့ အစဉ်အလာကတော့ ညီလာခံအပြီး နောက်ဆုံးညှိခံပွဲမှာတောင် ကျေးဇူးတင် အစီအစဉ်အပြီး ဖျော်ဖြေရေးအစီအစဉ် မစတင်ခင်မှာ ဥက္ကဋ္ဌ ဂျွန်က ဒီညီလာခံကို ပိတ်သိမ်းဖို့ အားလုံးရဲ့ မဲဆန္ဒကို တောင်းခံခဲ့တဲ့အထိ ပြင်းထန်တယ်လို့ ဆိုရပါမယ်။ ဘာပဲလုပ်လုပ် အများရဲ့ ဆန္ဒနဲ့လုပ်ပြီး အနည်းစုရဲ့ ဆန္ဒကိုလည်း မှတ်တမ်းတင်ပေးတဲ့ ဒီမိုကရက်တစ် ယဉ်ကျေးမှုကို အစအဆုံး အသေးစိတ် အကောင်အထည်ဖော်တဲ့ PEN International ရဲ့ ၈၀ ကြိမ်မြောက် ညီလာခံကတော့ အများဆန္ဒအရပဲ ပိတ်သိမ်းခဲ့ပါပြီ။ နောက်နှစ် ကွီဘက်မြို့လေးမှာ ပြန်တွေ့ကြဦးစို့လို့ ကိုယ်စားလှယ်အချင်းချင်း နှုတ်ဆက်ခဲ့ကြပါပြီ။

အကြိမ် ၁၀၀ ပြည့် ညီလာခံကိုတော့ ဘယ်နိုင်ငံ ဘယ်မြို့မှာလုပ်ဖြစ်မယ် မသိတတ်သေးပါဘူး။ ဒီနှစ် ညီလာခံမှာ ပါကစ္စတန် PEN က အဖွဲ့ဝင်များရဲ့ ဆက်လက်ရပ်တည်အောင် လုပ်နိုင်စွမ်း မရှိတော့လို့ ပိတ်သိမ်းပါရစေလို့ လျှောက်လာတာကို အများက ဝမ်းနည်းစွာ အတည်ပြုခဲ့တာကို ကိုယ်တွေ့ကြုံခဲ့ရပါပြီ။ ထိုင်ခုံလွတ်နဲ့ ဂုဏ်ပြုခံ ကော့စ်ဘဝကနေ မဲဆန္ဒပေးနိုင်တဲ့ စင်တာခွဲဥက္ကဋ္ဌဘဝကို ပြောင်းလဲလာနိုင်ခဲ့ပေမဲ့၊ တရားဝင်စင်တာအဖြစ် မဟုတ်ဘဲ ဆိုင်ရာညီလာခံနဲ့ အစည်းအဝေးတွေမှာ ဖိတ်ကြားခံ လေ့လာသူအဖြစ်ကနေ ညီလာခံကိုယ်စားလှယ် တာဝန်ရှိသူအဖြစ် ပြောင်းလဲလာနိုင်ခဲ့ပေမဲ့ အကြိမ် ၁၀၀ ပြည့် ညီလာခံမှာ တရားဝင်စင်တာအဖြစ် PEN Myanmar အနေနဲ့ မဲတစ်ပြား ရပိုင်ခွင့် ရှိနေအောင်ကတော့ လက်ရှိPEN Myanmarရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များရော၊ အဖွဲ့ဝင်တစ်ဦးချင်းစီရောရဲ့ အခွန့်ရှည်ရေး အားထုတ်ကြိုးပမ်းမှုပေါ်မှာ အများကြီး မူတည်နေပါတယ်။ ကမ္ဘာ့စာရေးဆရာ အသိုင်းအဝိုင်းကြီးဖြစ်တဲ့ PEN International ကတော့ ရာပြည့်အခမ်းအနားကို ကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ အဖွဲ့ဝင်စင်တာများရဲ့ မဲဆန္ဒနဲ့အညီ ဖွင့်လှစ်ပိတ်သိမ်းသွားဦးမှာ အသေအချာပါဘဲ။ အဲဒီအချိန်ကျရင် ထိုင်ခုံလွတ်နဲ့ ဂုဏ်ပြုခံရမယ့် အကျဉ်းကျ စာရေးဆရာဆိုလို့ တစ်ယောက်မှ မရှိ-မကျန်ပါစေနဲ့လို့သာ ဆုတောင်းမိပါတယ်။ ■

**မသီတာ၊စမ်းချောင်း၊**

စောင့်ကြည့်မှုများနှင့် ပတ်သတ်သည့် ဆွေးနွေးပွဲအစီအစဉ်ကို
အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီ PEN စင်တာကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးခဲ့သည်






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘယား အိတ်

ခင်ခင်ထူး

၁။

ကျွန်မတို့
အိမ်ထောင်ကျခါစ
တိုက်ခန်း
ငှားနေခဲ့ဖူးတယ်။
မန္တလေးမြို့ရဲ့
အနောက်တောင်ထောင့်မှာ
မြစ်မဘက်ကို
မျက်နှာမူပြီး
ဆောက်ထားတဲ့
တိုက်ခန်းတွေက
ဆောက်ပြီးစ ,ဆိုတော့
ကျွန်မတို့လည်း
နောင်မှ လျောက်လျှား၊
လောလောဆယ်တော့
တိုက်ခန်း
ငှားနေကြရအောင်ရယ်လို့
ဆုံးဖြတ်ပြီး
နေခဲ့ကြတာပါ။
အကြောင်းနှစ်ချက်လည်း
ရှိပါရဲ့။
တစ်ချက်က
အမေ့အိမ်နဲ့
မဝေးလှတာရော၊
နောက်တစ်ချက်က
စက်ဘီး၊



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်မစီးတတ်တဲ့ ကျွန်မ အိမ်သား ဆရာနေ့အဖို့ရာရော စဉ်းစားရလို့ပါ။ အမေ့အိမ်နဲ့ တိုက်ခန်းနဲ့က ခြောက်ဖာလုံ လောက်ဝေးလို့ သွားချင်တဲ့ အခါ နေ့နေ့ညည သွားနိုင် တယ်။ ဆရာနေ့အဖို့ရာ ဆိုတာက မြို့ထဲမှ သွားချင်ပြီ ဆိုရင် တိုက်ခန်းရှေ့ တာရိုး ပေါ်ကိုတက်၊ တောင်ဘက် ထိပ် ကားဂိတ်ကထွက်လာ တဲ့ လိုင်းကားကို စောင့်စီးနိုင် တယ်။ ကျွန်မက ကျောင်း ဆရာမဘဝ ရှိသေးတာဆို တော့ နေ့စဉ် မနက်ဘက် ကျောင်းသွားတော့လည်း စက်ဘီးနဲ့၊ ဈေးသွားချင်တော့ လည်း စက်ဘီးနဲ့၊ ဘာလေး လိုသဟဲ့၊ ညာလေးလိုသဟဲ့ ဆိုတော့လည်း စက်ဘီးနဲ့ဆို တော့ အဆင်ပြေတယ်။ သည်လိုနဲ့ တိုက်ခန်းငှားနေ ဖြစ်တယ် ပြောပါတော့။

သည်လို လူနေတိုက် ခန်းတွေ မှိုကျင်းထ,သလို ပေါလာတာကလည်း အကြောင်းရှိတယ်။ သည် ရပ်ကွက်တစ်ဝိုက် ပြန့်ကျဲနေ တဲ့ ကျူးကျော်တဲတွေကို ဖျက်သိမ်းပြီး တဲပေါ်က တိုက်ပေါ်တင်မယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့ပေါ်လာတာပါ။ နေ့ချင်းညချင်း ဆိုသလို တဲ ကလေးတွေဖျက်၊ ဆောက် ထားတဲ့တိုက်ခန်းတွေပေါ် နေ ခွင့်စလစ်စာရွက် တစ်ထွာ တစ်ညှိုနဲ့ ရောက်လာကြသူ တွေများတယ်။ သည်တော့ သည်နားတစ်ဝိုက်ဖြစ်သလို တဲထိုးနေခဲ့ကြသူတွေအဖို့ရာ လူစုလူလုံး မကွဲကြတော့ဘဲ ချက်ချင်းကြီး နတ်မ,လိုက် သလို တိုက်ပေါ်ရောက်ကြ

ရှေးက
ဘယ်ဘုရင်
ဆိုလား
တိုင်းခန်း
လှည့်ရင်း
ကျုပ်တို့ရွာနား
ရောက်တော့
တဲနန်းကြီး
ထိုးနေသော
အဲသာနဲ့
တဲတော်ကုန်း
ဖြစ်ရသာ
ဘုရင့်
ရေတကောင်း
ကျကွဲတော့
တကောင်းကွဲတဲ့
ထီးတော်ကြက်
ဆိုသာ
ဘုရင့်ထီးတော်တဲ့

ရတာဆိုတော့ ရွာလုံးကျွတ် တိုက်ခန်းတွေပေါ် အထွေး လိုက်ကြီး ရောက်နေကြသလို ပဲ။ သူတို့ကိုယ် သူတို့လည်း အံ့သြကြလို့။ တခြားတိုက် တွေအကြောင်းတော့ ကျွန်မ ပြောတတ်ဘူး။ ကျွန်မတို့ငှား နေကြတဲ့တိုက်က လူတွေက မန္တလေးကို အကြောင်းအမျိုး မျိုးနဲ့ ရောက်လာကြသူတွေ ပါ။ ကနဦးရောက်နှင့်ကြသူ တွေက နည်းနည်းလေး အိုး သားအိမ်သားကျပြီဆိုတာနဲ့ ရွာက လူတွေကို ခေါ်ကြ တယ်။ လာခဲ့ကြပေါ့။ သည် လိုနဲ့ တစ်ယောက်တစ်ယောက် ချိတ်မိကြရာက တစ်နေရာ တည်းမှာ စုနေကြသူတွေဆို တော့ တစ်ရွာတည်းက လူ တွေချည်း ဖြစ်နေတယ်။ မြင်း ခြံလား၊ တောင်သာလား မမှတ်မိတော့ပါဘူး။ အဲသည် ဘက်နယ်က တောသူတောင် သားတွေ များတယ်ပြောပါ တော့။ သဘောကောင်းကြ တယ်။ မန္တလေးလို မြို့ကြီး ကိုရောက်လာကြ သူတွေပေ သိ တောသူတောင်သားများ သဘာဝ စကားပြောရင် ကျယ်ကျယ်လောင်လောင် ပြောတတ်ကြတယ်။ ရင်ထဲ ရှိတာ ပိုးပိုးပေါက်ပေါက် ပြောတာများ တစ်ဖက်သား မခံချင်ရင်လည်း မတတ်နိုင် ဘူးဆိုတာမျိုး။ မြို့မှာ ကြံ့သ လို၊ ကျသလို လုပ်စားမယ် ဆိုတဲ့စိတ်နဲ့ ရောက်လာကြသူ တွေဆိုတော့ ပိုက်ဆံနည်း နည်းပါးပါး လက်တွင်းဆုပ် မိရင် ပျော်နေကြတော့တာ။ တောသံ တောဟန် တွေ မပျောက်ကြသေးဘူး။

'ကျုပ်တို့ရွာမှာ မိုးလင်း ရင် ပက်ဆပ်မြင်ရသာ မှုတ် ဘူး ဆရာမနယ်၊ မန်းလေး ကျမှ ယောကျ်ား ဆိုက်ကား နင်းလို့၊ ဘောက်လုပ်လို့ လက်ထဲ ပက်ဆပ်ကိုင်ရသာ။ ကျုပ်ယောကျ်ားက ဆိုက် ကား အပေါင်ယူနင်းသာ'

'နာမည်က ဘယ်သူတဲ့ လဲ'

'ကျုပ် နာမည်လား၊ ကျုပ်ယောကျ်ား နာမည် လား'

'နှစ်ယောက်စလုံးပေါ့'

'ကျုပ်က ဖွားစုံတဲ့။ ကျုပ်ယောကျ်ားက ကျန် ကောင်း'

'နာမည်တွေက ဆန်း တယ်နော်'

'ဆန်းဆို ဆရာမနယ် ကျုပ်အမေက ကလေးချည်း ခုနစ်ယောက်မွေးခဲ့သာမှာ ကျုပ်က နကျယ်အိမ်ရှ ... အထွေးဆုံး။ ကျုပ်မွေးတဲ့ အထိ သားသမီးတွေဖွားသမျှ စုံစုံလင်လင် အဖတ်တင် ... ကျုပ်ကို ဖွားစုံမှည့်သာ။ ကျုပ် ယောကျ်ားကျတော့ သူ့မအေက အရင် မွေးတဲ့ ကလေးတွေ တစ်ယောက် ... အဖတ်မတင်ဘူး။ သည်တစ် ... ခါ ကလေးတော့ ကောင်း ... ကောင်းကျန်ရှော့ဆိုပြီး ကျန် ... ကောင်း မှည့်သာ'

သူတို့မှာ အဲသည် ... အညာလေ၊ ရွာလေ ထူးထူး ... ဆန်းဆန်းစကားတွေလည်း ... ရှိတတ်ရဲ့။ ကျွန်မတို့ ငှား ... တဲ့တိုက်တန်းလျားအပါအဝင် ... ဆောက်ထားတဲ့တိုက်တွေ ... မြစ်တာရိုးခြေ အနိမ့်ထဲမှာ ... ဆောက်ထားတာဆို ... အောက်နှစ်ထပ်က တာ ... ကြီး ပိတ်နေသလိုဖြစ် ... တယ်။ အပေါ်နှစ်ထပ် ... မြစ်လေရတာရော၊ မြင်ကွင်း ... ကောင်းတာရောဆို ... ကျွန်မတို့က အပေါ်ဆုံး ... မှာ ငှားနေကြတာပါ။ တိုက် ... က ဆယ်ခန်းတွဲ လေး ... ဆိုတော့ အခန်း လေးဆယ် ... အိမ်ထောင်စု လေးဆယ် ... သည်ဘယားအိတ်လေး ... ထဲမှာ တက္ကသိုလ် ... လင်မယား၊ ရှေ့နေ ... မယား၊ ဓာတ်မင်း ... မိသားစုနဲ့ ကျွန်မတို့ ... ဆရာလင်မယားတို့ ... သာ သူစိမ်းပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com

တော့။ ကျွန်တော သူတို့နယ်၊ သူတို့ရွာတွေက လူတွေချည်းပဲ။ တစ်ရွာတည်းက ဆိုပေသိ ကျေးရွာချင်းနီးလို့၊ ဆွေမျိုးနီးစပ်တော်ကြလို့ ရောက်လာကြသူတွေလည်း ရှိတာပါပဲ။ ရွာမှာ မပြေလည်ကြတော့ ရောက်နှင့်သူကခေါ်ရင် ရွာကပိုင်ဆိုင်တာလေး ရောင်းချပြီး ပြေးလာကြပုံပေါ်ပါတယ်။

'မဖွားစုံက ဘယ်ရွာကတုံး၊ ကျွန်မလည်း မြင်းခြံသူပဲ'

'မြင်းခြံရောက်ဖူးပ၊ ကျုပ်တို့က တောင်သာအနောက်ထဲ ကျမှာပေါ့။ ရွာနာမည်က တဲတော်ကုန်းတဲ့။ ကျုပ်တို့မိဘများ ပြောသာလောက်တော့ ရှေးကဘယ်ဘုရင်ဆိုလား တိုင်းခန်းလှည့်ရင်း ကျုပ်တို့ရွာနားရောက်တော့ တဲနန်းကြီးထိုးနေသာ။ အဲသာနဲ့ တဲတော်ကုန်းဖြစ်ရသာ'

'ဘယ်ဘုရင်တဲ့တုံး မဖွားစုံရဲ့'

'မပြောတတ်ပေါင် ဆရာမရယ်။ ဘုရင်တွေကလည်း ပတူအုံ မီးတိုက်သလို အများသား။ ကျုပ်တို့အခန်းသားက မဲညိုမတို့က ကျုပ်တို့ရွာရဲ့ အနောက်က၊ ရွာနာမည်က တကောင်းကွဲ။ ရှင်ဘုရင် ရေတကောင်း ကျကွဲလို့တဲ့။ ကျုပ်တို့ မြောက်နားရွာကျတော့ ထီးကြက်တော်တဲ့။ ထီးကြက်တော်ဆိုသာလည်း ဘုရင့်ထီးလို့ ပြောသာပဲ'

မဖွားစုံက ကျွန်မတို့အောက်ထပ်က တစ်ခန်းခန်းမှာနေသူပါ။ ဘယ်အခန်းရယ်လို့ပြောဖို့တော့ ခက်တယ်။

> ဘယ်ဘုရင်မှန်း
> မသိတဲ့
> ဘုရင်တစ်ပါးနဲ့
> သမိုင်းနွှယ်တဲ့
> ရွာကလေးတွေက
> ရွာသူတွေ
> အခုကော
> ဘယ်ရောက်ကုန်
> ကြပါလိမ့်
> ရောက်တဲ့နေရာမှာ
> ခွေးတွေ
> တရုန်းရုန်းနဲ့
> ကျွေးဟာယ်
> မွေးဟာယ်
> ရှိနေကြရော့လား

ကျွန်မ ဘယ်အခန်းမှ စုံအောင် မရောက်ဖူးတာလည်း ပါပါတယ်။ အိမ်သူမိန်းမသားတွေဆိုရင်လည်း သူတို့နဲ့အတူနေရပြီဆိုတော့ နာမည်နဲ့လူတွဲမိအောင် မျက်နှာပေါက်မှတ်ထားရတာ များတယ်။ အသားညိုညို စကားပြောမြန်မြန် အင်္ကျီရင်ဖုံး ကြယ်သီးတပ်တွေနဲ့ ချည်းကိုး။ မဖွားစုံက ရက်ကန်း ခတ်တတ်သတဲ့။ ဝါကောက် ဗိုင်းငင် ချည်ချ ရက်ကန်းတန်း ဆင်တတ်သတဲ့။ အနှိပ်အနင်းလိုတော့လည်း ခေါ်ပေါ့တဲ့။ ဖအေက ရွာမှာ အနှိပ်သည်တဲ့။

'အမေ့ကို ကျုပ် အဆင်ပြေပြီ၊ မြို့မှာ တိုက်နဲ့နေရပြီ လာခဲ့ပါဆိုသာ မလာဘူးလေ။ ရွာမှာ အနှိပ်သည်ကငါပဲ ရှိသာတဲ့။ မဟုတ်သာ။ ရွာမှာ ဘယ်လိုလူကမှ ညောင်းလို့ ခေါ်မနှိပ်နိုင်ဘူး။ ညောင်းလို့ ပုံကျကာမှ ကျကရော အနှိပ်မခံကြဘူး။ ပက်ဆပ်ထွက်မှာစိုးလို့။ တောသူတောင်သားများ ညောင်းဖို့လည်း အချိန်မရပါဘူး ဆရာမရယ်။ ရွာတွေမှာက မိုးမကောင်း ယာခြောက်ဆိုတော့ မငတ်ရုံတမည် နေနေကြရသာရယ်။ ကျုပ်တို့တောင် မြို့ရောက်လို့ လက်ဖက်တစ်ရိုး ကွမ်းတစ်ရိုး နေနိုင်သာရယ်'

'ကျွန်မတို့မိဘများ ရွာတွေလည်း သည်လိုပါပဲ။ မဖွားစုံရယ်။ မိုးမကောင်း ချောင်းမစီးပါဘဲ။ သားသမီးရှိသလား'

'သမီးချည်း သုံးယောက်၊ သား မမွေးဘူး။ ကျုပ်ပဲ မှားသလား၊ ကျုပ်ယောကျ်ားဘက်ကပဲ မှားသလား မပြောတတ်ပါဘူး။ ရိုးရာ မှားသာတဲ့၊ သားယောကျ်ားလေး မရနိုင်ဘူးတဲ့။ သားယောကျ်ားလေး မမွေးမယ့်အတူတူ ရွာက ခွေးထီးနှစ်ကောင် ခေါ်လာပြီး သား လုပ်ရသာပဲ'

'ခွေးတွေက ဘယ်မှာတုံး၊ ဟုတ်ပါရဲ့ ကျွန်မတို့တိုက်ခန်းလည်း ခွေးတွေချည်းပဲ'

'ခွေးနှစ်ကောင်က အောက်မှာလေ၊ ပွေးကြီးတဲ့၊ ပွေးလေးတဲ့။ ခေါ်ကြည့်လိုက် အင်မတန် ခင်တတ်သယ်။ ဆရာမအပေါ် ပတတ်ရပ်တက်လိမ့်မယ်'

ကျွန်မဖြင့် ပွေးကြီး ပွေးလေး ဘယ်ဟာလဲသာ မသိတယ်၊ တစ်တိုက်လုံးမှာ ခွေးတွေမနည်းလှဘူး။ ခွေးတွေဆိုလို့ နိုင်ငံခြားခွေး၊ မျိုးစပ်ခွေးတွေ ဘယ်ဟုတ်ပါ့မလဲ။ လမ်းတွေပေါ်မှာ လေလေလွင့်လွင့် ရှိနေတတ်တဲ့ခွေးတွေပါ။ ပတတ်ထိုးတက်လိမ့်မယ်ဆိုလို့ ပွေးကြီး၊ ပွေးလေး နာမည်တွေ စိတ်ထဲမှတ်ထားလိုက်မိတယ်။ မခေါ်မိအောင်ပါ။

❑

၂။

တိုက်ခန်းဖွဲ့စည်းပုံကို ကျွန်မ ပြောခဲ့ပါပြီ။ တိုက်အပေါ်ထပ်မှာနေသူတွေက တောင်ဘက် လှေကားက ဆင်းတော့လည်း ဖြစ်တယ်။ မြောက်ဘက်လှေကားက ဆင်းချင်တော့လည်း ဖြစ်တယ်။ သေချာတာက ဘယ်လှေကားမှ ခွေးမလွတ်ဘူး။ တိုက်လှေကားတွေရဲ့ထုံးစံကွမ်းသွေး မလွတ်ဘူး။ အမှိုက်တွေဆိုတာကလည်း အချသာရှိပြီး အကောက်အပြုမရှိလေတော့ (ဘယ်သူကမှလည်း ထွက်မလှည်းလေတော့) များချင်တိုင်း များနေတော့တာပါ။ ကွမ်းတံတွေးနဲ့ အမှိုက်လှေကားကို သုံးဆစ်ဆစ်ချိုးတက်မှ အပေါ်ထပ်ရောက်တယ်။ သုံးဆစ်ချိုးဆင်းမှ အောက်ထပ်ရောက်တယ်။ ကျွန်မ ကျောင်းသွားဖို့ ဆင်းဆင်း၊ ကျောင်းကပြန်လို့ တက်တက် သုံးဆစ်စလုံး

www.burmeseclassic.com

> ဆန်းတော့
> မဆန်းပါဘူးလေ
> ကျွန်မတို့
> မန္တလေးမှာ
> သည်လိုပဲ
> ပါတော်မူတာတွေ
> များလှပေါ့

မှာ အသက်အောင့်ထားရတယ်။ အဆိုးဆုံးက လှေကား သုံးဆစ်ချိုးကို သုံးခါ အသက်အောင့်ထားရတာ ထားပါတော့။ လှေကား တစ်ထစ်စီမှာ ခွေးတစ်ကောင်နှုန်းနဲ့ ကန့်လန့်အိပ် နေကြတဲ့ခွေးတွေကို မနင်းမိအောင် သတိထားရသေးတာပါ။ တောင်ဘက်လှေကား အောက်ဆုံးထပ် ထောင့်ခန်းမှာ အဆောင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ နေတာဆိုတော့ ကျွန်မ ကျောင်းသွားတဲ့ စက်ဘီးက အောက်ဆုံးထပ်က ဥက္ကဋ္ဌအခန်းမှာ ထားရတာပါ။ သူကလည်း တဲတော်ကုန်းသားပဲ။ စက်ဘီး ထုတ်ရင်း တစ်ခါတော့ ညည်းမိတယ်။

'ဥက္ကဋ္ဌ ခွေးတွေလုပ်ပါဦး'

'ဘယ့်နှယ် ဥက္ကဋ္ဌ ခွေး ရမှာတုံး ဆရာမရဲ့။ သူများ ခွေးတွေပါ'

'သူများခွေးဆိုတော့လည်း စည်းကမ်းလုပ်လေ ဥက္ကဋ္ဌရဲ့'

'ခွေးကို ဘယ့်နှယ် လုပ် စည်းကမ်းလုပ်ပါ့မတုံး ဆရာမနှယ်'

'ခွေးပိုင်ရှင်တွေကိုပေါ့'

'ဆရာမနှယ်, တိုက်က လက်ရှိခွေးတွေရော တခြားတိုက်တွေက ခွေးလေခွေးလွင့်တွေရော သည်မှာ လာစုကြသာဗျ။ ခွေးပိုင်ရှင် ဘယ်လိုလုပ် ရေစစ္စရီလုပ်မှာတုံး။ ကျုပ်လည်း မောင်းချသာပဲ၊ မရပါဘူးဗျာ။ မိုးများရွာတဲ့ နေ့ဆိုရင် ခွေးတွေက ကျုပ်ဆိုင်က ဆန်အိတ်တွေပေါ်တောင် တက်အိပ်ကြသာ ဆရာမရဲ့။ ကျုပ်တို့ ခုတင်အောက်များ ခွေးနှစ်ကောင်၊ သုံးကောင် အမြဲရှိသယ်။ ကျုပ်အခန်း မီးဖိုချောင်ထဲ ဝင်ပြီး ကလေးမွေးတဲ့ ခွေးသအုပ်မတောင် ရှိသဗျာ။ ကိုင်း, ဘယ့်နှယ်လုပ်မတုံး။ ခွေးက သည်လိုဗျ၊ သည် တိုက်ခန်းမှာနေကြသူတွေက တဲပေါ်က တိုက်ပေါ်သို့ အစီအစဉ်နဲ့ရောက်လာကြသာကိုး ဆရာမရဲ့။ သူတို့တဲကလေး တွေဖျက်ပြီး တိုက်ပေါ်တက် နေကြသာပေသိ သူတို့ မွေး ထားတဲ့ခွေးတွေက တိုက်ခန်း ရသာ မဟုတ်ဘူးကိုး။ သည် တော့ သခင်နဲ့ နီးတဲ့နေရာ ပုံတော်သလို ခိုနေကြသာပဲ'

'ခွေးတွေကတော့ တိုက်ခန်း မရဘူးပေါ့ ဥက္ကဋ္ဌရယ်၊ အခုဟာက လှေကား ထစ်တွေမှာ အိပ်နေကြတာ ဆိုတော့ ခက်သားပဲ။ ခွေးတွေကို တက်နင်းမိရင် အကိုက်ခံရမှာက ရှိသေး။ ခွေးစော်တွေကလည်း နံလိုက်တာလွန်ရော'

'ခက်သားပဲ ဆရာမရဲ့၊ ဆရာမတို့လို အပြင် သူစိမ်းက ရှိလှ ဆယ်ခန်းပေါ့။ ကျန်တဲ့ အခန်းသုံးဆယ်က ကျုပ်တို့ ရွာကဟာတွေ တဲနဲ့ နေကြတုန်းက မွေးထားသမျှ ခွေး တစ်ခန်း နှစ်ကောင်ကျ နဲ့ပဲ တွက်ဗျာ။ အကောင် ခြောက်ဆယ်။ တခြားက ညှိခွေး ဆယ်ကောင်ထား။ ပေါင်းတော့ ဘယ်လောက်ပါလိမ့်။ ဆရာမ မိန်းမတွက် တွက်ကြည့်စမ်းပါဦး'

'ခုနစ်ဆယ်'

'ကိုင်းဗျာ, ခွေး အကောင် ခုနစ်ဆယ်။ ကျုပ်က ဘယ့်နှယ်လုပ် ခွေး စာရင်းလုပ်လို့ ရမှာတုံး'

အဆောင်သာယာရေး ကော်မတီဥက္ကဋ္ဌ လုပ်နေတဲ့ ကိုချစ်မှန်းက လူရိုးပါ။ တိုက်ခန်းတွေမှာ သူတို့တစ်တွေ နေခွင့်ရကြတော့ ကိုချစ်မုန်းကို လူကြီးခန့်ကြတယ်။ ရပ်ကွက်ရုံးကလည်း အသိအမှတ်ပြုထားလေတော့ ကိုချစ်မုန်းက လည်ကတုံးအင်္ကျီ ဘယ်တုန်းကမှ မချွတ်ဘူး။ အင်္ကျီအိတ်ကပ်ထဲမှာ မင်နီမင်ပြာ ဘောပင် နှစ်ချောင်းက ပြူးပြူးပါလို့။ သူ့ရွာသားတွေ ကတော့ သူတို့ တင်ထားတဲ့ လူကြီးပေမဲ့ ငမုန်း ခေါ်ကြ တာများတယ်။ ကိုချစ်မုန်း ရွာက ရောက်စ,တုန်းက ဆိုက်ကားနင်းပါသေးတယ်။ နောက်မှ အိမ်ဆိုင်ကလေး တည်ပြီး တိုက်ခန်းစလ အရောင်းအဝယ်လေးဘာ လေးလုပ်လို့ အဆင်ပြေ က ဆိုက်ကားဖြုတ်သတဲ့ ကိုချစ်မုန်းတို့မိသားစု သဘောကောင်းတွေ။ သ နှစ်ယောက်ကလည်း အ ကိုးရပါပြီ။ အိမ်ဆိုင် သည်ကလေးမတွေ တာ ယူကြတယ်။ ကိုချစ်မုန်း မိန်းမက မပေါ်ရွှေတဲ့။ မ ရွှေက သူ့အခန်းအုတ်နံ ဗလာစာရွက်နဲ့ စာရေး ထားတယ်။

'လူကြီးလက်မှတ် သုံးထောင်'တဲ့။ ကိုချစ် ကလူကြီးဆိုတော့ ထော စာတွေဘာတွေမှာ တစ် လက်မှတ်ထိုးပေးရတာရှိ

'တချို့က လက်မှ သာလိုချင်သာ မသိတတ် ရေးထားရသာ ဆရာမ လို့ ပြောဖူးတယ်။ သူ အခန်းကျဉ်းထဲမှာ စက် ထားရင်လည်း စက်ဘီး ခ လကြေး ယူတတ် ကျွန်မ စက်ဘီးအပ် မယူရှာပါဘူး။ ပြော လည်း ကြည့်ဦး။

'ဆရာမ စက်ဘီး ဘေးမဲ့ပါ ဆရာမ ကျောင်းဆရာမဆိုတော့ ဆပ် မယူပါဘူး'

ကျွန်မက စက် ထုတ်တိုင်း ခွေးကိစ္စတွေ လွန်းတော့ ကိုချစ်မုန်းက



www.burmeseclassic.com

www.burmeseclassic.com

ပဲနာလို့လား၊ စိတ်ပဲတိုလို့လားတော့ မပြောတတ်ဘူး။ တစ်ခါတော့ ပြောလေရဲ့။

'ကိုင်းပါဗျာ၊ ဆရာမ ဒီလောက်ဖြစ်နေမှဖြင့် ကျုပ်ခွေးအစည်းအဝေး ခေါ်ကြည့်ပါဦးမယ်' တဲ့။

ခွေးကိစ္စ အခေါင်လူကြီးတချို့နဲ့ တိုင်ပင်ကြည့်ပါဦးမယ်လို့ ပြောတာပါ။

❑

၃။

ကျွန်မဖြင့် တိုက်ခန်းမှာ သုံးလေးနှစ်နေခဲ့ပေသီလို့ ခွေးအစည်းအဝေးခေါ်တာ တစ်ခါမှ မကြုံခဲ့ရပါဘူး။ သည်လိုပဲ ခွေးတွေနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေခဲ့ရတာနဲ့ ပြီးခဲ့ရတာပါ။ ခွေးတွေက ဘယ်သူ့တော့ ကိုက်သွားလို့၊ ဘယ်ကလေးတော့ ထွက်ဆွဲလို့ ဆိုတာတော့ မရှိဘူး။ သားပေါက်ထားလို့ ကိုက်ချင်ခဲချင်တဲ့ ခွေးသားအုပ်မတွေကလည်းရှိတော့ စိတ်ကို တုံးတုံးချလို့တော့ မရဘူးပေါ့လေ။ ငေါက်ရလှန့်ရတာတော့ လုပ်ရတယ်။ ခွေးတွေများသလောက် နာမည်တွေလည်း ရှိတယ်။ ကိုယ့်နာမည်ခေါ်တာ မဟုတ်ရင် မဟုတ်တဲ့ခွေးက ခေါင်းတောင် မငဲ့ဘူး။ တိုက်အောက်ဘက် မြေညီခန်းတွေရှေ့ တာရိုးခြေမှာ ရုပ်ဝတ္ထုနှစ်မျိုးပဲ ရှိတယ်။ တစ်မျိုးကလတ်စတစ်မိုးကာစကလေးတွေဖုံးထားတဲ့ ဆိုက်ကားတွေနဲ့ တစ်မျိုးက ခွေးစာကျွေးတဲ့ခွေးအင်တုံတွေပါ။ အင်တုံဆိုတို့ အကောင်းတွေ ဘယ်ဟုတ်ပါ့မလဲ။ ခွေးစာ အရည်ကလေး အဖတ်ကလေး တည်ရရုံ အင်တုံကွဲ၊ အိုးကွဲပက်ပက်ကလေးတွေ များတယ်။ ဆိုင်ရာဆိုင်ရာ ခွေးရှင်က ဘယ်သူ့ရေ၊ ဘယ်ဝါရေ ခွေးနာမည်တပ်ခေါ်လိုက်ရင်တော့ ခွေးတွေက သိကြပြီ။ လှေကားထစ်တွေပေါ် ရှေ့လက်နှစ်ချောင်းဆန့် လက်ပေါ်မေးစေ့တင်ပြီး အိပ်နေကြရာက တဝုန်းဝုန်း ပြေးဆင်းကြတော့တာပဲ။ ဟပ်ထိုးလဲအောင် စားကြ၊ မာန်ဖီကြ၊ ကိုက်ကြခဲကြ၊ နပမ်းလုံးကြ။ ပြီးရင်လည်း ပြီးသွားကြတာပါပဲ။ ပြီးရင် လှေကားထစ်တွေပေါ် ပြန်တက်သွားကြပြန်ရော။

ထူးဆန်းတာက သည်တိုက်ခန်းက အခန်းစုံမှာ နေကြတဲ့ ဘဝတူချင်း တစ်ရွာတည်း တစ်နယ်တည်းက လာကြသူချင်း ဆိုတော့ တစ်ဦး မရှိတော့ တစ်ဦး ဖေးဖေးမမ ရှိကြပါရဲ့။ တစ်ပင့်တစ်မ ရှိကြပါရဲ့။ ခွေးကိစ္စ ခွေးစာကျတော့ သည်းမခံတတ်ကြဘူး။ ဆိုပါတော့ မမဲညိုဆိုရင် သူ့ခွေးရယ်လို့ ကျွန်မ သိသလောက် ရှိတာမဟုတ်ဘူး။ ဒါပေသိ သူချစ်တဲ့ ခွေးငါးကောင်လောက်ကို နေ့ခင်းစာ အမြဲကျွေးလေ့ရှိတယ်။ ဒါကို ကျွန်မက သိလို့ရယ် မဟုတ်ဘူး။ မမဲညို ခွေးစာကျွေးတာကို ကျွန်မ ကျောင်းမသွားရတဲ့ ရက်တွေမှာ အပေါ်ဆုံးထပ် ဝရန်တာက လှမ်းမြင်ရလေ့ရှိလို့ပါ။ မမဲညို ခွေးစာကျွေးရင် တခြားခွေးတွေ မပါဘူး။ သည်ငါးကောင်ပဲ။ တခြားခွေးတွေ ဝင်လာမှာစိုးလို့ထင်ပါရဲ့။ သူ့အရပ်လောက်ရှိတဲ့ အဝေရာပင်သား တုတ်ရှည်ကြီး တစ်ချောင်းကိုင်ပြီး စောင့်နေတတ်တယ်။ ကျွန်မက အပေါ်ထပ်ကလှမ်းကြည့်လို့မြင်ရတဲ့အခါ တစ်ခါတော့ မမဲညိုကို မေးကြည့်ဖြစ်တယ်။

'မမဲညိုက ခွေးတွေ ဒဏ် တော်တော်ခံတယ်နော်။ ကျွေးရင်လည်း သည်ငါးကောင်ပဲ။ မမဲညိုခွေးတွေလား'

မမဲညိုက အသံကြားရာ ကျွန်မကို မော့ကြည့်ရင်းက ဖြေတယ်။

'ဘယ်က ကျုပ် ခွေးတွေရမှာတုံး။ ခွေးတော့ ရှိခဲ့ဖူးပါရဲ့။ ကားတိုက်လို့ သေပြီ။ တာရိုးပေါ် ပြေးတဲ့လိုင်းကား မောင်းတဲ့ ကောင်တွေလေ။ ခရီးသည် မဲခေါ်ကြသာနဲ့ ကျုပ်ခွေးကို တိုက်သွားသာ သေပါရောလား။ သည်ခွေး ငါးကောင်က ကျုပ် သဒ္ဒါလို့ ကျွေးတဲ့ ခွေးတွေ။ ကျုပ်အပေါ် ကောင်းတဲ့ခွေးတွေ'

'ဘယ်လိုကောင်းတာတုံး မမဲညိုရဲ့'

'ကျုပ် မနက်မနက် ကောက်ညှင်းပေါင်း၊ ပဲပြုတ်ရောင်း ထွက်ရင် မိုးမလင်းသေးဘူး ဆရာမရဲ့။ သည်ငါးကောင်က ကျုပ် အခန်းဝကထွက်သာနဲ့ ဘယ်ဆီဘယ်မှာ အိပ်နေမှန်း မသိရပေသိလို့ ကျုပ်မှ တာရိုးပေါ်ရောက်သာနဲ့ ငါးကောင်စလုံး ကျုပ်ရှေ့က ရောက်နှင့်ကြပြီ။ မှောင်ကြီးမည်းမည်းထဲ ကျုပ်ကို တခြားက ခွေးတွေလိုက်ဆွဲမှာ မပူနဲ့။ သည်ငါးကောင်က အသေခံကိုက်ကြသာ ရယ်။ မိုးလင်းလို့ ရောက်တဲ့နေရာက ပြန်ကြတော့ဆိုတော့မှ ပြန်ကြသာ။ ပြန်တော့လည်း ကျုပ်ကို ခပ်လှမ်းလှမ်းက ရပ်ကြည့်နေကြသေးသာ'

'မမဲညိုကို ခွေးတွေက တော်တော်ချစ်ကြတာပါကော'

'ချစ်လှချည့်ပေါ့ ဆရာမရယ်။ အိမ်က လင်တောင် ခွေးလောက် အားမကိုးရဘူးရယ်။ တစ်ခါတော့ ပြောရသယ် မောင်မင်း ဘယ်နှခါစောစော ထ,ဖူးလို့တုံးလို့။ သည်ခွေးတွေက ကျုပ်အပေါ် ကောင်းတော့ ကျုပ်ကလည်း ကျွေးသလေ'

သည်အချိန်မှာပဲ မီးသွေးနှစ်တွေ အိုးနဲ့ထည့်လာတဲ့ မဆင့်တုံးက အိုးကြီးမ,ပြီး ထွက်လာတယ်။ အိုးထဲကမီးသွေးနှစ်တွေကို လက်နဲ့ဆုပ်ဆုပ်လုံးရင်း တာရိုးခြေမြေပြန့်မှာ စီစီရီရီလှန်းတယ်။ ကျွန်မက မီးသွေး ဘယ်လိုလုံးတာလဲလို့ စပ်စုတော့ မီးသွေးမှုန့်နဲ့၊ ထမင်းရည်နဲ့ လုံးတာပဲတဲ့။ ရွှံ့စေးကလေးထည့်လုံးရင် ပိုကောင်းသတဲ့။ ဒါပါပဲ။ မီးသွေးလုံးလေးတွေ စီလှန်းပြီးတော့ မမဲညိုကို လှမ်းပြောတယ်။

'မိညို, ညည်းခွေးကိစ္စပြီးရင် ခွေးတွေ မောင်းထုတ်လိုက်တော့။ ငါ့မယ် နေလေးပွင့်တုန်း လှန်းရသာ။ တစ်နေ့က ညည်းခွေးတွေနင်းလို့ မီးသွေးလုံး အလုံးငါးဆယ်လောက် ဖွာထွက်ကုန်သယ်။ ညည်းတို့မှ ဖြစ်ရလေအေ၊ အိမ်မရှိ ခွေးမွေး။ သည်ကြားထဲက ခွေးကပဲ လင်ထက်ကောင်းသယ် ဖြစ်ရသေး၊

www.burmeseclassic.com

ညည်း နဂိုက ခွေးယူပါလား။ ဘယ့်နှယ်ကြောင့် ငါ့မောင် သောင်းစိန် ယူရသာတုံး'

'ခွေး ယူမလို့ဘဲ တော်ရေ့။ တော့်မောင်က ကျုပ်ကို ကြိုက်လှချည့်ရဲ့ဆိုလို့။ ဆရာမနှယ် လင်ယူမှားသာတော့ မပြောနဲ့တော့၊ ယူထားတဲ့ လင်မို့လို့ပါတော်၊ တည်မိတဲ့ ဘုရား လင်းတ နားနားဆိုသာလိုပဲ။ ဆိုက်ကားသာ နင်းသာ သင်းများ သူများ ဆိုက်ကားလို အိမ်ပြန်လို့ ပက်ဆပ်ပါသာ မှုတ်ဘူး။ ကျုပ်ကောက်ညှင်းပေါင်း ခုလို့ပေါ့။ ဆရာမနှယ် လူကလှပျင်း၊ လှပေါ့။ ကျုပ်က လှပ်လှပ်ကလေးရယ်။ ကောင်းကင်လွှင့်ချင်နေသာ'

'ညည်း ကောင်းကင်တက်တော့ လူတွေက အောက်မေ့မှာပေါ့။ ဈေးစားစုန်း တိမ်ညွှန့် တက်စားသယ်လို့'

'တော် ဘာစကားပြောသာတုံး၊ ကျုပ်များ ဘာ အောက်မေ့လို့တုံး၊ တွေ့လားသည်မှာ တုတ်။ မဆင့်တုံးနော်, ခေါင်းရိုက်ခွဲပစ်လိုက်မယ်'

'ညည်းက တုတ်, ဟုတ်လား၊ ကိုင်းတော်'

မဆင့်တုံးက အနားက မီးသွေးနှစ်တွေ ထည့်ထားတဲ့ အိုးကို နှုတ်ခမ်းကကိုင်ပြီး မြေပေါ်ဆောင့်ချလိုက်ကရော။ သည်တော့မှ အိုးလည်ခွေဖင်ကျွတ်ကိုကိုင်ပြီး ဆတ်ခနဲထ,တယ်။ တစ်ယောက်က လှူအရပ်လောက်ရှိတဲ့ တုတ်ကြီးနဲ့၊ တစ်ယောက်က အိုးလည်ခွေ အခွေလိုက်ကြီးနဲ့။

အမေ့အိမ်ကို
သွားတဲ့အခါ
မြို့ထဲဘက်
ကချည်း
သွားကြတာ
ဆိုတော့
တိုက်ခန်းတွေဘက်
မရောက်ဖြစ်
တော့ပါဘူး
လူသစ်တွေ
ရောက်နေကြပြီ
ဆိုတာ
သောက်တော့
ကြားပါရဲ့
ကျန်တော့
ကျန်ကြဦးမှာပါ
ဘယ်သူတွေ
ကျန်လို့
ဘယ်သူတွေ
ပြေးရှာကြပြီလဲ
လို့တော့
မသိနိုင်ဘူးပေါ့လေ

အမှုထဲ ကိုယ်ပါ ပါနေတော့ ကျွန်မလည်း အပေါ်ထပ်ကနေ အော်ရတော့တာပါ။ ကျွန်မ အော်သံကြောင့် ထင်ပါရဲ့၊ ဥက္ကဋ္ဌလုပ်တဲ့ ကိုချစ်မှုန်းနဲ့ သမီးတွေ ထွက်လာရော။ ဥက္ကဋ္ဌက ပြေးလာရင်း စကားတစ်ခွန်းပြောလိုက်တော့ တုတ်တစ်ဖက်၊ အိုးလည်ခွေတစ်ဖက် ကိုင်ထားကြတဲ့ မိန်းမနှစ်ယောက် ငြိမ်သွားကြတယ်။

'အေး, နေရတုန်း သတ်ကြပုတ်ကြပေ့ာ၊ မနက်ဖျင် သန်ဘက် ဘယ်ရောက်မှန်းမသိတဲ့ဟာတွေ'

မမဲညိုကလည်း သူ့တုတ်ကြီးပစ်ပြီး အခန်းထဲဝင်သွားသလို မဆင့်တုံးကလည်း ကိုင်ထားတဲ့ အိုးလည်ခွေကျိုးကို ခွမ်းခနဲ ပစ်ချပြီး ဝင်သွားလေရဲ့။ ဥက္ကဋ္ဌ ကိုချစ်မှုန်း ပြောလိုက်တဲ့ စကား ဆန်းတယ်လို့တော့ သတိထားမိသား။

❑

၄။

ကျွန်မတို့နေတဲ့ တိုက်ခန်းရှေ့တည့်တည့် တာရိုးပေါ်မှာ ကွမ်းယာဆိုင် တစ်ဆိုင်ရှိတယ်။ အဲသည်တုန်းကတော့ တစ်ဆိုင်တည်းသော ကွမ်းယာဆိုင်ပါ။ ကွမ်းယာတင် မကပါဘူး။ ကလေးသရေစာထုပ်တွေ၊ ငှက်ပျောဖီးကြီးတွေ တန်းထိုးပြီး ချိတ်ထားတတ်လေတော့ လူကြီး၊ ကလေး ဝယ်စားတတ်ကြတယ်။ ဆိုင်ရှေ့မှာ ခုံတန်းရှည်နှစ်လုံး တစ်ဖက်တစ်ချက်ချထားလို့ ထိုင်စရာဖြစ်ရတယ်။ လိုင်းကားတစ်စီးတလေ စောင့်ချင်တော့လည်း အဲသည် ခုံတန်းတွေပေါ် ထိုင်ရုံပါ။ တိုက်ခန်းက လူတွေကသာ တစ်ခါတလေမှ ထိုင်ဖြစ်ကြတာပေမဲ့ အဲသည် ခုံရှည်နှစ်လုံးပေါ်မှာ အမြဲ ထိုင်တဲ့လူနှစ်ယောက်ရှိတယ်။ တစ်ယောက်က ကိုပေါက်ရှန်။ ဗမာတရုတ်ကပြားလား၊ တရုတ်အစစ်ပဲလားတော့ မသိဘူး။ ဗမာစကား ကောင်းကောင်း ပြောတတ်တယ်။ နောက်တစ်ယောက်က ကိုပေါက်ရှန်ရဲ့ မိန်းမ မရှုဝမ်။ မရှုဝမ်ကလည်း တရုတ်မပါပဲ။ မရှုဝမ်က ကျွန်မတို့ ရှေးဗမာတွေ

အခေါ် ဘယားအိတ်ဆိုတဲ့ ပိုက်ဆံအိတ်ကြီးကြီးတစ်လုံး ချိုင်းလွယ်ပြီးသည် ကွမ်းယာဆိုင်မှာ နေကုန် ထိုင်တယ်။

သည်ကွမ်းယာဆိုင်က ကိုပေါက်ရှန်နဲ့ မရှုဝမ်ရဲ့ ရုံးခန်းဆိုလည်း ဟုတ်တယ်။ သတင်းရရာရကြောင်း စုံထောက်စခန်းဆိုတော့လည်း ဟုတ်တယ်။ သည်တိုက်ခန်းတွေမှာ ကိုပေါက်ရှန်လက်ထဲ ရောက်နေတဲ့ အခန်းတွေက အများကြီး။ လက်ထဲ ရောက်တယ်ဆိုတာက တိုက်ခန်းအ ထိုင်ခွင့်စလစ်ကို မတန်တဆ ဈေးနဲ့ ဈေးနှိမ်တာမျိုး၊ အတိုးကြီးကြီးနဲ့ နှစ်ချုပ်ပြီး အပေါင် ခံထားတာမျိုးကို ပြောချင်တာပါ။ တရုတ်တွေ စကားပြောကောင်းကြတယ်။ သူတို့လက်သုံးစကား 'မရှိရင်ယူလေ' တဲ့။ မရှိ တွေ စုနေတဲ့နေရာဆိုတော့ ရတာပေါ့။ ယူမိပြီဆိုရင်တော့ အိမ်ထရံ ခြ,တက်သလို အောက်မေ့တော့။ ကျွန်မ တောင် ကိုပေါက်ရှန်တို့ မယားလက်ထဲက သူတို့ အခန်းတစ်ခန်းမှာ အခန်း နေရတာပါ။ တစ်လ ထောင် တစ်နှစ်စာ သောင်းရှစ်ထောင်ပေး၊ သူ စာချုပ်မှာ လက်မှတ် တက်နေရုံပဲ။ လျှပ်စစ်မီး တော့ မန္တလေးတစ်မြို့ ပျက်တဲ့ ကာလဆို တော့ အမှောင်ထဲနေရတာ ကိစ္စ။ ရေကတော့ ရေ မောင်းတင်တာကိုသုံး။ မောင်းသမားကို လခ တာ၊ စက်ပျက်ရင် ဝိုင်း ရတာမျိုးရှိလေတော့ ကုန်ကျစရိတ်ကို တိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြသူတွေက ဝေပုံကျခံကြရတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကလည်း အိမ်ထောင်ကျစ ဆိုတော့ နေရေးကိစ္စလေးမှ အဆင်ပြေစေတော့ရယ်လို့ ကိုပေါက်ရှန်တို့ဆီက အခန်းငှားနေရတာပါပဲ။ တစ်နှစ်မပြည့်ခင်တော့ ကိုပေါက်ရှန်တို့လင်မယားက တိုက်ခန်းပေါ်ယောင်လို့တောင် တက်မလာကြဘူး။ တိုက်ဝ တာရိုးပေါ်က ကွမ်းယာဆိုင်မှာ ထိုင်နေကြတာပဲ။ ဥစ္စာပုံကိုစောင့်နေကြတဲ့ သိုက်စောင့်လင်မယားလို တစ်တိုက်လုံးကို လှမ်းကြည့်နေကြတော့တာပါ။ သည်လိုနဲ့ တောသူတောင်သားများ နေခွင့်ရထားကြတဲ့ တိုက်ခန်းစလစ်တွေက သူတို့ ပိုက်ဆံအိတ်ကြီးထဲ ရောက်ရောက်သွားကြတာ များပြီ။ ပိုက်ဆံ ငါးသောင်းလောက် ယူထားမိသူက ဘယ်လိုမှ အတိုးမသတ်နိုင်ဘူး။ ဘယ်တော့မှလည်း အရင်းမကျေနိုင်ဘူး။ သည်လိုနဲ့ တိုးရင်းတွေ၊ ပွားချင်တိုင်းပွားပြီး အချိန်တန်တော့ ကိုပေါက်ရှန်တို့လင်မယားကို ထိုးအပ်လိုက်ရတာ များပြီ။

တစ်ခါတော့ တာရိုးခြေကို ဆင်းလာတဲ့ မရွှေဝမ်ကို ခွေးတစ်ကောင်က ကိုက်လိုက်ပါလေရော။ ခြေဖနောင့်ကို လှမ်းဆွဲလိုက်တာပါ။ သည်တိုက်ခန်းရှေ့မှာ ဈေးသည်တွေ သွားနေကြတာ၊ ရဟန်းတွေ ဆွမ်းခံကြွတော်မူကြတာ၊ သီလရှင်တွေ အတန်းလိုက် ဆွမ်းဆန်တော် ခံကြတာ၊ သူ့ချည့် ကိုယ့်ချည့် ဝင်ထွက်နေကြတာတွေ များလှပေါ့။ ဘယ်သူမှ ခွေးကိုက်ခံရတယ် မရှိခဲ့ဖူးဘူး။ ခွေးတွေများတာလည်း မှန်ပါရဲ့။ ဘယ်ခွေးကမှ သူစိမ်း၊ သူကျက်ရယ်လို့ လှည့်လို့တောင် မကြည့်ကြတဲ့ ကြားက အကိုက်ခံလိုက်ရတယ်ဆိုတော့ မရွှေဝမ် ခွေးကိုက်ခံရတာက သတင်းဖြစ်ကရော။ ခက်တာက ခွေးပိုင်ရှင်ကို ပြသနာရှာချင်လို့လည်း မရဘူး။ ဘယ်သူမှ ခွေးပိုင်ရှင် မဟုတ်ဘူးကိုး။ သည်လိုပဲ ဟိုကသည်က ရောက်လာကြတဲ့ ခွေးတွေထဲက တစ်ကောင်က ကိုက်လိုက်တာဆိုတော့ ဘယ်ခွေးက ကိုက်လိုက်မှန်းတောင် မသိလိုက်ကြဘူး ပြောပါတော့။

တိုက်ခန်းက မဂျိုးမဆိုတဲ့ မိန်းမ ခွေးကိုက်မန်းကောင်းတယ်ကြားလို့ မရွှေဝမ်က ငွေနှစ်ရာ၊ ကွမ်းနှစ်ယာနဲ့ သွားရတယ်။ မဂျိုးမကလည်း ရှားရှားပါးပါး ခွေးကိုက်လူနာ ရောက်လာတယ်ဆိုတော့ မန်းပေးတာပါပဲ။ ကျွန်မက သည်သတင်းကြားလို့ မဂျိုးမကို မေးကြည့်တယ်။ ဖင်ထိုင်ခုံကို မီးသွေးခဲနဲ့ခွေးမန်းကိုရေး၊ ခုနစ်အုပ်ရွတ်ပြီး ခွေးကိုက်ရာပေါ် ဖင်ထိုင်ခုံပေါ်က မီးသွေးစာနဲ့ ပွတ်လိုက်ရသတဲ့။ ခွေးကိုက်ပြီးစမှာ အလွန်ပူနေလေတဲ့ ဝေဒနာဟာ မီးသွေးမန်းနဲ့တွေ့တာနဲ့ ချက်ချင်းအေးတာပဲဆိုတာလည်းပါရဲ့။

'ကျုပ်တို့ရွာတွေတော့ သူ့ခွေးနဲ့သူ ခွေးမန်း ပျောက်သာပဲ ဆရာမရဲ့။ မြို့မှာလို ခွေးဆေးတက်ထိုးကြသယ် ဘယ်ရှိမှာတုံး။ မြို့ကခွေးတွေတော့ ကျုပ်တို့ဆေးက စွန်း(စွမ်း) မစွန်းမသိဘူး။ ဆေးစွန်းရင် ပျောက်မှာပဲ။ မစွန်းရင် ရောင်လာမှာပဲ။ ကျုပ်တို့ဆေးမန်းက ဗမာတော့ ပျောက်သာပဲလေ။ တလုတ်မတော့ မပြောတတ်ဘူး'

'ခွေးကိုက်မန်းတယ်ဆိုတဲ့ စာက ဘယ်လိုတဲ့တုံး'

'မပြောရဘူး ဆရာမရဲ့၊ ပြောရင် ဆေးမစွန်းတော့ဘူး။ သည်ပညာက ကျုပ်အဘက သင်ပေးလိုက်သာရယ်။ ကျုပ် အဘက ခွေးများတော့ လာခဲ့ထဲက။ အိမ်မှာ ခွေးမွေးမယ်ဆိုရင် ဆရာမကို သင်ပေးရဦးမယ်။ ခွေးက ခြေသည်းလက်သည်း မည်းရမယ်၊ အမြီးက ပုတ်သင်မြီးဖြစ်ရမယ်၊ မျက်ဆန်ပြူးရမယ်၊ အမွေးကြောင်ရမယ်၊ နားရွက်ရှည်ရမယ်၊ ကျုပ်တို့အဘများ ပြောဖူးသာပါ'

'ကျွန်မတို့ တိုက်ခန်းက ခွေးတွေကကော ခွေးကောင်းတွေလား'

'ကျုပ်ပြောတဲ့ ခွေးမျိုး တစ်ကောင်မှ မပါဘူး'

မရွှေဝမ်ကတော့ သူ့အိမ်ရောက်လို့ အင်္ဂလိပ်ဆေး ကု၊ မကုတော့ မပြောတတ်ဘူး။ တစ်ပတ်လောက် လူပျောက်သွားရာက ကွမ်းယာဆိုင်ခုံတန်းရှည်ပေါ် ပြန်ထိုင်တာပါပဲ။ မဂျိုးမ ဆေးက စွမ်းလို့တဲ့။ အဲသည်ကတည်းက မရွှေဝမ်လည်း ခွေးတွေ တရန်းရန်းထ,နေတဲ့ ကျွန်မတို့ တိုက်ခြေကို သိပ်မကပ်ရဲတော့ဘူး။ မရွှေဝမ်က တိုက်ခြေမကပ်ပေသိ တိုက်ခန်းစလစ်တွေကတော့ မရွှေဝမ်ရဲ့ ဘယားအိတ်ကြီးထဲ သွားသွားကပ်ကြတာပါပဲ။

သည်သတင်းတွေကို အဆောင်သာယာရေးကော်မတီဥက္ကဋ္ဌကတော် မပေါရွှေက မနက်မနက် ကျွန်မ စက်ဘီးထုတ်တဲ့အခါ ခွေးသတင်းပေးတတ်လို့ သိရတာပါ။ ဥက္ကဋ္ဌအိမ်ဆိုင်မှာ မနက်မနက် ဈေးဝယ်သူ၊ အကြွေးယူသူတွေများတတ်တော့ ကျွန်မ ကျောင်းသွားဖို့ စက်ဘီးထုတ်ပြီဆိုရင် မိန်းမတစ်ယောက်ယောက်၊ ဒါမှမဟုတ် အနားရှိတဲ့ ယောကျ်ားသားတစ်ယောက်ယောက်က တာရိုးပေါ်အထိ စက်ဘီး တွန်းပို့တတ်တယ်။ အဲသည် မနက် တာရိုးပေါ် တွန်းပို့ပေးသူက မသေးလှိုတဲ့။ အပေါ် သွားခါခါ ရှည်ရှည်ကြီး နှစ်ချောင်းက အောက်နှုတ်ခမ်းပေါ်တင်နေလို့ မသေးလှိုစကားပြောရင် သွားနှစ်ချောင်းက တက်ချည်ကျချည်နဲ့ မောင်းထောင်းနေသလို ဖြစ်နေတတ်တယ်။ သဘောကလည်း ကောင်းပါရဲ့။ မသေးလှိုက တာရိုးပေါ်ရောက်တော့ စက်ဘီးကို ဒေါက်ထောက်ပေးတယ်။ ကျွန်မကိုလည်း စက်ဘီးပေါ်မတက်ခင် ထဘီ နောင်းနောင်း ဝတ်လိုက်ဦးတဲ့။ နောင်းနောင်းဆိုတာ မြဲမြဲလို့ ပြောတာပါ။

'မသေးလှို စက်ဘီး တွန်းသွားတာများ သွက်လိုက်တာ၊ စက်ဘီး စီးတတ်တယ်ပေါ့'

'ကျုပ် မြို့ထဲ ပွဲရုံတွေကို ပဲရွှေးသွားရင် စက်ဘီးနဲ့သွားသာ ဆရာမရဲ့။ စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com

စုတ်ပါတော်။ ဆရာမ စက်ဘီးလို ငှက်မြီးရှည် မဟုတ်ပါဘူး'

ကျွန်မစက်ဘီးတံဆိပ်က ရစ်ငှက်တံဆိပ်(Phesant) ကို ပြောတာပါ။

'ပဲရွှေးတာ ကြာပြီပေါ့'

'မန်းလေးရောက်ကတည်းက ပြောပါတော့ ဆရာမရယ်။ အခု ဥက္ကဋ္ဌလုပ်နေတဲ့ ကောင် ငမှန်းနဲ့ ကျုပ်တို့ လင်မယားက အရင်ဆုံး မြို့ရောက်တဲ့ဟာကို။ ကျုပ်တို့ရောက်စကလည်း သည်လိုပါပဲ တဲတွေနား ခွေးတွေနဲ့ တစ်စပ်တည်းနေရသာပါ။ ခွေးဆိုသာကလည်း လူစာမှီ စားရသာဆိုတော့ လူတွေအနား နေသာပေါ့။ကျုပ်ဖြင့် ရောက်စက မုန့်ပဲဆုပ်လုပ်ပြီး ဈေးထဲလှည့်ရောင်းဖူးသေးသာ။ ဈေးကွဲတော့ အမဲရိုး၊ ဆိတ်ရိုးအကျိုးအကြေတွေ ဈေးကတောင်းလာပြီး ဆန်ကွဲနှစ်ဘူးနဲ့ အရင် ကျိုသာပဲ။ လူစာက ဈေးမသွားခင်က ချက်ပြီးသား။ ယောကျ်ားကို ထမင်းထုပ်, ထုပ်ပေးရသေးသာကိုး။ ဈေးကပြန်လာသာနဲ့ ခွေးစာကို ကျကျနန ကျိုကရော။ ပျစ်ပြီဆိုသာနဲ့ ကျုပ်က ယောက်ချိုကြီးတစ်ဖွန်းစာခပ်လောက် သောက်သေးသာ၊ ကောင်းလိုက်သာ ဆရာမနှယ်။ အဲသလို ကျွေးခဲ့တဲ့မိန်းမ အခု မလုပ်နိုင်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ရော်, ဆရာမနှယ်၊ လူစာမှ အနိုင်နိုင် ထမင်းကျင်းက နက်ပါဘိသနဲ့၊ မုန့်ပဲဆုပ်အမြတ်နဲ့ နေ,မဖြစ်ဘူး။ တစ်နေကုန် မြို့ထဲက

ခွေးရှင်က
ဘယ်သူရေ
ဘယ်ဝါရေ
ခွေးနာမည်
တပ်ခေါ်လိုက်
ရင်တော့
ခွေးတွေက သိကြပြီ
လှေကားထစ်
တွေပေါ်
ရှေ့လက်
နှစ်ချောင်းဆန့်
လက်ပေါ်
မေးစေ့တင်ပြီး
အိပ်နေကြရာက
တဝုန်းဝုန်း
ပြေးဆင်းကြ
တော့တာပဲ
ဟပ်ထိုးလဲအောင်
စားကြ၊ မာန်ဖီကြ
ကိုက်ကြခဲကြ
နပမ်းလုံးကြ
ပြီးရင်လည်း
ပြီးသွားကြတာပါပဲ

ပွဲရုံမှာ ပဲရွှေးရသာ ခါးကိုချည့်ကရော့'

တစ်ခါတစ်ခါတော့ ကျွန်မတို့နဲ့အတူ တိုက်ကြီးတစ်လုံးတည်းနေကြတဲ့ နေဖော်နေဖက်တွေအကြောင်း စဉ်းစားကြည့်မိတယ်။ အားလုံးလိုလိုပါပဲ။ တောသူတောင်သားတွေပီပီ အနေရိုးကြတယ်။ သဘောမနော ကောင်းကြတယ်။ ဝမ်းရေးအတွက်ရယ်လို့ တောကနေ မြို့တက်လာကြပေသိ သူတို့ဘဝ နေနည်းအတိုင်း နေကြသူတွေပါ။ တောမေ့ တောဟန်မပျောက်ကြသူချည်းပါပဲ။ ယောကျ်ားသားတွေလည်း သည်လိုပဲ။ ကျွန်မတို့အိမ်မှာ လေးလေးပင်ပင် မ,ရမယ့် အလုပ်မျိုး၊ ရေစက်ပျက်လို့ ရေနုတ်ထမ်း၊ သုံးထမ်း ထမ်းတင်ပေးပါဦးဆိုတာမျိုးကအစ သူတို့ပဲ အားတဲ့သူကအားသလို လုပ်ပေးကြတယ်။ အိမ်က ဆရာဆိုရင် လိုင်းကားတောင် မစီးတော့ပါဘူး။ သူတို့နင်းတဲ့ ဆိုက်ကားပဲ စီးတော့တာပါ။ တချို့ အရက်သောက်တတ်ကြတာကလွဲလို့ ကျွန်တဲ့ သီလလေးပါးလုံကြတယ်။ မိန်းမသားတွေကတော့ ငါးပါးစလုံး လုံတယ်လို့တောင် ပြောနိုင်ပါရဲ့။

သူတို့ဘဝတွေနဲ့အတူ ရှိနေကြတဲ့ နိမ့်ပါးတဲ့သတ္တဝါတွေကိုတောင် မေတ္တာထားနိုင်တဲ့ စိတ်မနောဓာတ်ဟာ အံ့သြစရာကောင်းလိုက်ပုံများ။ ဝိုင်းလုံခြုံလုံဖို့ သည်ခွေးတွေကို သူတို့ ကျွေးခဲ့မွေးခဲ့ကြတာလည်း မဟုတ်ဘူး။ သူတို့မှာရှိတဲ့ တိုက်ပေါ် နေထိုင်ခွင့်စလစ်ကလေးကလွဲလို့ ဘာလက်ဆုပ်လက်ကိုင်မှလည်း ရှိတာမဟုတ်ဘူး။ သူတို့အားလုံးမှာ တူတဲ့ အချက်တစ်ချက်တော့ ရှိတယ်။ အဲဒါက သူတို့အားလုံး မဟုတ်ရင်တောင် အတော်များများက တိုက်ခန်းပေါ် နေထိုင်ခွင့် စလစ် (Slip)တွေ ပေါင်ထားကြတာပါ။ သည်လိုနဲ့ ဆုံးကြတာများလို့ တိုက်ခန်းပေါ်က ဆင်းပေးရတာတွေ ရှိလာတယ်။

တစ်ညနေ ကျွန်မ ကျောင်းကပြန်တော့ စက်ဘီးတစ်ဖက်နဲ့ တာရိုးပေါ်က ခေါက်ထိုးဆင်း၊ စက်ဘီးကို မြေညီထပ် လှေကားခြေ ဥက္ကဋ္ဌအခန်းမှာအပ်၊ ခွေးတွေ တန်းစီအိပ်နေတဲ့ လှေကားထစ်တွေကို ဝါးညှပ်က ကသလို ရှောင်ရင်း တစ်ထစ်ချင်း နင်းတက်လာတော့ အပေါ်က လူဆင်းလာသံ ကြားတာနဲ့ ဘေးနားကပ်ပေး လိုက်တယ်။ လှေကားတွေမှာ သွားခနဲ ပေါ်လာသူက မဖွား စုံ။ ခေါင်းပေါ်မှာ စောင် ထုပ်ကြီးတစ်ထုပ်၊ လက်မှာ မြေဖြူရေစွဲအိတ်ကို ထိပ်စကြိုး ချည်ထားတာက တစ်ဖက် ဘယ်ဖက်လက်မှာတော့ ကြိမ် ခြင်းကြီးတစ်ခြင်းနဲ့ မနိုင် မနင်းဆင်းလာတာပါ။ ကျွန်မ က အထုပ်ကို လှမ်းယူတော့ နေပစေ ဆရာမ၊ ကျုပ်က နိုင် သယ်ရယ်တဲ့။ ကလေးသုံး ယောက်နဲ့ ခွေးနှစ်ကောင်သုံး ကောင်က နောက်က။ မဖွား က လက်နှစ်ဖက်က အထုပ်နဲ့ ခြင်းကို ဖုတ်ခနဲ ပစ်ချရင်း ခဏနားတယ်။

'ဆရာမရေ, သွားပြီ နော်'

'ဘယ်တုံး မဖွားစုံရဲ့ ရွာပြန်ကြမလို့လား'

'မဟုတ်ဘူး ဆရာ ရေ၊ ကျုပ်တို့ကို နတ် နင်ချပြီ'

'ဘယ်လို နင်ချ တုံး၊ ဘယ်သူက နင်ချ တုံး'

'ကျုပ်တို့ တိုက်ခန်း စကတည်းက ပေါင်ထား စလစ်စာရွက်က ဆုံးပြီ ကျုပ်က ကိုပေါက်ရှုန်း ခြောက်လ၊ တစ်နှစ်တော့ စောင့်ပါဆိုသာတောင် မရ ဘူး ဆရာမရယ်'

'အို, ဖြစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com

နေပါဦး။ အခုက ဘယ်မှာ နေကြမှာတုံး'

'ကမ်းနားတာရိုးနဲ့ လက်ပံပင်ခြေမှာ တဲတစ်လုံး ထိုးထားကြသယ်။ တဲကလည်း ကြီးကြီးထိုးလို့ဖြစ်သာ မှုတ်ဘူး၊ သည်လိုပဲ ပြုတိုးနေကြရမှာပဲ ခဏတော့'

ကျွန်မက ဘာစကားမှ မပြောနိုင်ခင် ချထားတဲ့ မြွေရေခွံအိတ်ထုပ်နဲ့ ကြိမ်ခြင်းကြီးကို ကောက်မ,တယ်။ ကျွန်မက ကလေးသုံးယောက်ကို မုန့်ဖိုးပေးတော့ မဖွားစုံက သာဓုပါတော်တဲ့။

'နေပါဦး အခုက ဘယ်လိုသွားကြမှာတုံး'

'တာရိုးပေါ်မှာ ကျုပ်အိမ်သား ဆိုက်ကားနဲ့ စောင့်နေလေရဲ့၊ ကိုင်း, သွားရော့ မနှော'

ကျွန်မ အပေါ်ထပ်ဆက်မတက်နိုင်သေးဘူး။ ပထမထပ် ဝရန်တာထောင့်က ရပ်ကြည့်နေမိတယ်။ မဖွားစုံက တာရိုးခြေရောက်တော့ လင်လုပ်သူက အထုပ်ကြီး ဆင်းယူတယ်။ ဆိုက်ကားပေါ် မဖွားစုံတက်တော့မှ မဖွားစုံပေါ် စောင်ထုပ်ကြီး တင်တယ်။

ကလေး သုံးယောက်က နောက်ခုံမှာ။ ကယ်ရီယာခုံပေါ်မှာ ခြင်းတွေနဲ့ မြွေရေခွံထုပ်။ ဆိုက်ကားထွက်တော့ မဖွားစုံက ကိုယ်နေခဲ့သကောရယ်လို့ နေခဲ့တဲ့ တိုက်ခန်းဘက်လှည့်လို့တောင် မကြည့်ပါဘူး။ ပွေးကြီးနဲ့ ပွေးလေး ခွေးနှစ်ကောင်က နောက်ကတကောက်ကောက် လိုက်သွားလေရဲ့။

❑

၅။

ကျွန်မတို့မိသားစု တိုက်ခန်းကပြောင်းပြီး မြို့သစ်မှာ အခြေချကြတာ ဆယ်စုနှစ်တစ်စုစာရှိခဲ့ပါပြီ။ မြို့သစ်ကနေ တစ်ပတ်တစ်ခါ အမေ့အိမ်ကိုသွားတဲ့အခါ မြို့ထဲဘက်ကချည်း သွားကြတာဆိုတော့ တိုက်ခန်းတွေဘက် မရောက်ဖြစ်တော့ပါဘူး။ လူသစ်တွေ ရောက်နေကြပြီဆိုတာလောက်တော့ ကြားပါရဲ့။ ကျန်တော့ ကျန်ကြဦးမှာပါ။ ဘယ်သူတွေ ကျန်လို့ ဘယ်သူတွေ ပြေးရှာကြပြီလဲလို့တော့ မသိနိုင်ဘူးပေါ့လေ။

တစ်ရက်သား ကျွန်မတို့သားအမိနှစ်ယောက် အိမ်မှာလိုတာလေး ဝယ်မယ်ရယ်လို့ ဈေးချိုကို သွားဖြစ်တယ်။ ဈေး တော်တော်ဝယ်ပြီးတော့ ငါးခြောက်ကလေး၊ ငါးပိကလေးဝယ်ချင်လို့ ကုန်ရုံတန်းဘက် ကူးကြတယ်။ ကျွန်မကို မိန်းမတစ်ယောက်က တို့,လိုက်တယ်ထင်လို့ လှည့်ကြည့်လိုက်တော့ ကျွန်မမြင်ဖူးတဲ့မျက်နှာ။ ဘယ်သူများပါလိမ့်။ နည်းနည်း ဝ, လာတာရယ်၊ ရွှေဆွဲကြိုးတွေ ရွှေလက်ကောက်တွေ ဝတ်ထားတာရယ်ကလွဲရင် မျက်နှာက မမှတ်မိစရာ မရှိဘူး။ မပေါ်ရွှေ။ အခန်းနံရံမှာ ဘောပင်နဲ့ 'လူကြီး လက်မှတ်ထိုး သုံးထောင်'လို့ ရေးတဲ့ မပေါ်ရွှေ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နေခဲ့ဖူးတဲ့ တိုက်ခန်းမှာ ကျွန်မတို့ကို စောင့်ရှောက်ခဲ့တဲ့ မပေါ်ရွှေ။ ဥက္ကဋ္ဌ ကိုချစ်မုန်းကတော်က သောင်သောင်သာသာဖြစ်နေလို့ ဝမ်းသာရတယ်။

'မပေါ်ရွှေ ဈေးလာဝယ်တာလား၊ သမီးတွေကော'

'မှတ်မိသားပဲ၊ ကျုပ်က ဆရာမ မမှတ်မိလောက်ဘူးထင်နေသာ၊ သမီးတွေ လင်ရကြပြီ။ ကျုပ်ဖြင့် မြေးတောင် ချီရပေါ့'

မပေါ်ရွှေက လေမပြောင်းပါဘူး။ မပေါ်ရွှေကိုကြည့်တော့ အိမ်ဆိုင်အတွက် ထင်ပါရဲ့။ ငါးခြောက်ငါးခြမ်းတွေဝယ်ထားတာ မနည်းလှဘူး။ ကုန်စုံဆိုင်ကြီး ဖြစ်ရောပေါ့လေ။

'ဥက္ကဋ္ဌရော'

'ကိုချစ်မုန်းလား၊ အခုလည်း ဥက္ကဋ္ဌပဲ ဆရာမ ရေ။ သူက တက်လာတဲ့လူကြီးတွေနဲ့ ပါတီကျတော့ ဥက္ကဋ္ဌမြဲသယ်။ ကျုပ်ကလည်း ပြောရသယ်။ မောင်မင်း တစ်သက်လုံး ဥက္ကဋ္ဌသာ လုပ်ဟဲ့လို့'

မပေါ်ရွှေနဲ့တွေ့တုန်း စကားတွေပြောဖြစ်ပါရဲ့။ ကျွန်မတို့နေတုန်းက တဲပေါ်က တိုက်ပေါ်တင်တွေ မရှိကြတော့ဘူးတဲ့။ တိုက်ပေါ်က တဲပေါ် ပြန်ရောက်သွားကြပြီတဲ့။ တိုက်ခန်း စလစ်ကလေးတွေ လက်ထဲဆုပ်ပြီး နေခဲ့ကြရာက ရသလောက်နဲ့ ရောင်းစားပေါင်စားမိကြလို့ ဆင်းပေးကြရတာနဲ့၊ အတိုးကြီးမသတ်နိုင်လို့ မဖြစ်စလောက်ငွေနဲ့ အပေါင်ဆုံးရတာနဲ့ တိုက်ပေါ်က ဆင်းပေးကြရတာတွေ မနည်းဘူးတဲ့။ သည်လိုပဲ ဖြစ်မှာပေါ့လေ။ မပေါ်ရွှေ ပြောပုံတော့ တိုက်ခန်းငှားခတွေလည်း ကျွန်မတို့နေစကလို မရတော့ဘူးတဲ့။ တစ်လ သုံး၊ လေးသောင်း ဖြစ်ကုန်ကြတဲ့အကြောင်း၊ တိုက်ခန်းအရောင်းအဝယ်ကလည်း တစ်ခန်းကို သိန်း ခြောက်ဆယ်၊ ခုနစ်ဆယ် ဖြစ်ကုန်ကြတဲ့အကြောင်းတွေလည်း ပါရဲ့။ တစ်ခါက တိုက်တန်းလျားပေါ် တရုန်းရုန်းနေခဲ့ကြတဲ့ တဲတော်ကုန်း၊ တကောင်းကွဲ၊ ထီးကြက်တော်ရွာတွေက ရွာသူရွာသားတွေ ဘယ်များရောက်ကုန်ကြပါလိမ့်။ မပေါ်ရွှေကို မေးကြည့်မိတယ်။

'ကျုပ်တို့ရွာဘက်က ဟာတွေလား၊ ကိုယ့်ရွာ ကိုယ်မပြန်ကြတော့ဘူး ဆရာမရဲ့။ ရွာပြန်ရင် သည့်ထက်ငတ်မှာဆိုတော့ ကြုံရာ တဲထိုးနေကြရုံပေါ့။ ဆရာမတို့ နေတုန်းက လူတွေထဲတော့ ကျုပ်တို့တစ်ဦးကျန်ရဲ့'

မပေါ်ရွှေက သဘောရိုးနဲ့ ပြောနေတာပေသိ ကျွန်မစိတ်ထဲမှာတော့ ရာသက်ပန် ဥက္ကဋ္ဌဆိုတဲ့ ကိုချစ်မုန်းကို မြင်ယောင်မိတယ်။ ဘယ်က ဘယ်လို ကျွန်မ ခေါင်းထဲဝင်လာတယ် မသိပါဘူး။ ခွေးတွေကို သတိရလိုက်မိတာနဲ့ ဖျတ်ခနဲ မေးလိုက်မိတယ်။

'ဒါနဲ့ ခွေးတွေရော မရှိကြတော့ဘူးပေါ့'

'လူတွေမှ ကစဉ့်ကလျားဟာကို ဆရာမရယ်။ ခွေးတွေလည်း ကသောင်းကနင်းပေါ့။ အခု အခန်းဝယ်နေကြသူတွေက တိုက်ပေါ် ခွေးအတက်မခံကြတော့ဘူး။ ခွေးတွေကလည်း အပါးပါတော်။ ကျွေးသူ မရှိတော့

www.burmeseclassic.com

ကျွေးတဲ့သခင်တွေ နောက် လိုက်ကုန်ထင်ပါရဲ့။ ကြာပြီ ကော ဆရာမရဲ့။ သေကုန် ကြရောပေါ့။ ခွေးက သက် တမ်းစေ့ဆို ဘယ်လောက် နေရသာတုံး'

'မပြောတတ်ပါဘူး မပေါရွှေရယ်။ ဒါဖြင့် တိုက် ခန်းတွေ ဈေးကောင်းချိန် ဘယ်သူမှ မမိလိုက်ကြဘူး ပေါ့'

'အကုန် အပေါင်ဆုံး ချည်းပဲ။ တလုတ်ကိုပေါရှန့်နဲ့ သူ့မယား မရှုဝမ်လေ ဆရာမ မှတ်မိမလားတော့ မသိဘူး'

'မှတ်မိတယ်'

'အဲသည် မရှုဝမ်ရဲ့ ဘယားအိတ်ကြီးထဲ သူတို့ နေခွင့်ပေးတဲ့ တိုက်ခန်း စလစ်တွေ အကုန်ရောက်ကုန် သာပဲ။ သူတို့လင်မယားက တိုက်ခန်းလိုချင်တော့ ပြန် ရောင်းသယ်။ ဈေးက သူတို့ ပါးစပ်ထဲ ရှိသာ။ ချမ်းသာ လိုက်သာမှ ကျုပ်တို့နားက တိုက်ခန်းစလစ်တွေ သူတို့ လင်မယားချည်း ရကုန်သာ လေ'

ကျွန်မမျက်စိထဲ ကွမ်း ယာဆိုင်ရှေ့က ခုံရှည်နှစ်လုံး ပေါ် ရုံးခန်းလုပ်ပြီး ထိုင်ထိုင် နေတတ်တဲ့ ကိုပေါက်ရှန်နဲ့ မရှုဝမ်ကို မြင်ယောင်မိတယ်။ ဘယားအိတ် မည်းမည်းကြီး ကိုပွေ့ထားတဲ့ မရှုဝမ်ရဲ့ပုံရိပ် ကိုလည်း မမေ့သေးပါဘူး။ တာရိုးကြီးပေါ်ကနေ တိုက် ခန်းတွေကို ကြည့်ကြတာများ မောင်းခလုတ် တင်ထားတဲ့ ကြွက်ထောင်ခြောက်ကို ကြည့်ကြပုံမျိုး။

ရွာက ပွေးကြီးနဲ့ ပွေး လေးဆိုတဲ့ ခွေးနှစ်ကောင်ကို ကိုယ်နဲ့အတူ မြို့ကို အပါ ခေါ်လာတယ်ဆိုတဲ့ မဖွားစုံ၊ ပဲပြုတ်ရောင်းပြီး ဘယ်က မှန်း မသိတဲ့ ခွေးငါးကောင်ကို ကျွေးမွေးနေတဲ့ မမဲညို၊ ဈေးထဲ မုန့်ပဲဆုပ်ရောင်းရင်း ဈေးထဲက အရိုးအရင်းလေး တွေဝယ်၊ အိမ်မှာ ဆန်ကွဲနဲ့ ကျကျနနကျိုပြီး ခွေးစာ မကောင်းမှာစိုးလို့ ကိုယ်တိုင် တစ်ဇွန်း သောက်ကြည့်တတ် တယ်ဆိုတဲ့ မသေးလို။ သူတို့ တိုက်ခန်းတွေကို မတန်တဆ သိမ်းနေတဲ့ မရှုဝမ်ကိုတောင် ခွေးကိုက်မန်း မန်းပေးတဲ့ မဂျိုးမ။ အားလုံးကို ကျွန်မ အောက်မေ့နေမိတယ်။

ကျွန်မတို့သားအမိ ဈေး က ပြန်လာတဲ့အထိ ကျွန်မ ရင်ထဲမကောင်းလိုက်တာ။ တဲတော်ကုန်းသူ မဖွားစုံ ပြောခဲ့တဲ့စကားတွေကိုလည်း သတိရရဲ့။

'ကျုပ်တို့မိဘများ ပြော ဖူးသာတော့ ရေးက ဘယ် ဘုရင်ဆိုလား တိုင်းခန်း လှည့်ရင်း ကျုပ်တို့ရွာနား ရောက်တော့ တဲနန်းကြီးထိုး နေသာ။ အဲသာနဲ့ တဲတော် ကုန်း ဖြစ်ရသာ။ ဘုရင့် ရေ တကောင်းကျကွဲ တော့ တကောင်းကွဲတဲ့၊ ထီးတော် ကြက်ဆိုသာ ဘုရင့်ထီးတော် တဲ့'

တစ်ခါက ဘယ်ဘုရင် မှန်း မသိတဲ့ ဘုရင်တစ်ပါးနဲ့ သမိုင်းနွယ်တဲ့ ရွာကလေး တွေက ရွာသူတွေ။ အခု ကော ဘယ်ရောက်ကုန်ကြ ပါလိမ့်။ ရောက်တဲ့နေရာမှာ ခွေးတွေ တရုန်းရုန်းနဲ့ ကျွေး မွေးမွေးဟယ်ရှိနေကြ လား။ ဆန်းတော့ မဆန်းပါ ဘူးလေ။

ကျွန်မတို့ မန္တလေးမှာ သည်လိုပဲ ပါတော်မူတာတွေ များလှပေါ့။

■

ခင်ခင်ထူး






www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ် များသို့...

**ဝင်းငြိမ်း**

၂၀၀၀ ပြည့်နှစ်က စတင်ပြီး ဖော်ပြပေးခဲ့တဲ့ ရွှေအသစ်ကဏ္ဍကို ၂၀၁၄ ခုနှစ် စက်တင်ဘာလထုတ်က စတင်ပြီး ဖြုတ်ပစ်လိုက်ပါပြီလို့ ကျွန်တော် ကြေညာခဲ့ပါတယ်။ ရွှေအသစ် ဖြုတ်လိုက်ပြီဆိုတဲ့အတွက် ဝမ်းနည်းကြသူတွေရှိသလို ဝမ်းမြောက်ဝမ်းသာ လက်ပမ်းပေါက်ခတ်တဲ့သူတွေလည်း ရှိမှာပါပဲ။ ဘယ်သူ ဝမ်းသာသည်ဖြစ်စေ၊ ဘယ်သူဝမ်းနည်းသည်ဖြစ်စေ ကျွန်တော့်စိတ် ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့တာပါ။ ဒါပေမဲ့ စာရေးဝါသနာပါသူတွေဘက်က ကျွန်တော့်အပေါ်မှာ မေတ္တာရပ်ခံတဲ့သူတွေ အများကြီးပါပဲ။ တချို့စာတွေကို ကျွန်တော် ပြီးခဲ့တဲ့လက ဖော်ပြပေးခဲ့ပြီးပါပြီ။ ဆိုခဲ့ပြီးတဲ့အတိုင်း ကျွန်တော် ဘာနဲတောက်မှာ ရှိနေစဉ် အချိန်အတွင်း ရွှေအသစ်ကဏ္ဍအတွက် အလေးအနက်စဉ်းစားခဲ့ပါတယ်။ ဒီကဏ္ဍဟာ ကျွန်တော့်အတွက် ရင်နှစ်သည်းချာ လိုပါပဲ။ ကလောင်ရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အဲဒီကလောင်ရှင်တွေက ဒီနေ့ မြန်မာမဂ္ဂဇင်းများ စာမျက်နှာထက်မှာ နေရာယူနိုင်သူတွေလည်း ဖြစ်နေကြပါပြီ။ အဲဒီအတွက် ကျွန်တော် ပီတိဖြစ်တာ အမှန်ပါပဲ။ သူတို့တစ်တွေဟာ ကျွန်တော့်အတွက် သားရင်းသမီးရင်းများနဲ့ မခြားပါဘူး။ ရွှေအသစ်ကဏ္ဍကို ဖြုတ်လိုက်တဲ့အတွက် နောက်ထပ် တိုးပွားလာမယ့် သားသမီးများကို မတွေ့ကြရတော့လို့ တားလိုက်သလို ဖြစ်သွားပါတယ်။ အဲဒါကို တွေးမိတော့ ဖြစ်ခဲ့တဲ့ဒေါသကို မေ့ပစ်လိုက်ပြီး ရွှေအသစ်ကဏ္ဍကို ဒီဇင်ဘာလထုတ်က စတင်ကာ ပြန်လည်ဖော်ပြပေးပါမယ်။ အမှန်ကတော့ ဒီလမှာ ထည့်ပေးဖို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်က ဖြုတ်လိုက်ပြီဆိုလို့ တခြားမဂ္ဂဇင်းကို ပို့မိပါတယ်ဆိုတဲ့ အကြောင်းပြချက်တွေ ဝင်လာနိုင်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာ ၈ ရက်အထိ ကျွန်တော်စောင့်နေပါမယ်။

ကိုယ့်စာမူကို တခြားမဂ္ဂဇင်း ပို့ထားပြီးပြီဆိုသူတွေက ရွှေအမြုတေကို ကိုယ့်စာမူ ပယ်ဖျက်ပေးဖို့ စာနဲ့ဖြစ်စေ၊ ဖုန်းနဲ့ဖြစ်စေ ဆက်သွယ်အကြောင်းကြားပါ။ ရွှေအမြုတေ တယ်လီဖုန်းနံပါတ် မသိသူများဆိုရင် ဒီနေရာကပဲ ပြောလိုက်ပါမယ်။ ၀၁-၉၃၁၀၁၁၅ ဖြစ်ပါတယ်။ မေ့စ်တွေတ်ခ်ကနေ မပြောပါနဲ့။ တရားဝင်မပြောပါ။ ဘလော့ဂ်မှာ ရေးသူတွေကို ကျွန်တော် မပိတ်ပင်ပါ။ ဒါပေမဲ့ ရွှေအမြုတေကို ပို့မယ်ဆိုရင်တော့ အွန်လိုင်းမှာ မတင်ရသေးတဲ့ ဝတ္ထုအသစ်စက်စက်သာ လိုချင်ပါတယ်။ အကယ်၍ ဖော်ပြပြီးခါမှ အွန်လိုင်းမှာ တင်ပြီးသားရှိ သိလာရရင် အဲဒီကလောင်ရှင်ကို ရွှေအမြုတေက ရာသက်ပန် ပယ်မှာပါ။ ဒါကြောင့် ဘလော့ဂ်ဂါများလည်း အသစ်ရေးမယ်ဆိုရင် Welcome ပါ။ ဒီခေတ်မှာ ကိုယ်ဝတ္ထုကိုယ်ရေး၊ ကိုယ့်ရိုက်ဆဲနဲ့ကိုယ်ထုတ် လုပ်ရတာ အရမ်းလွယ်ပါတယ်။ ရွှေကိုလည်း ပို့ထားမယ်၊ ကိုယ်လုပ်တဲ့ဝတ္ထုတိုပေါင်းချုပ်မှာလည်း ထည့်လိုက်ဦးမယ် မလုပ်ပါနဲ့။ ရွှေမှာပါတဲ့အချိန် အဲဒီဝတ္ထု၊ အရာရောက်ဝတ္ထုတို ပေါင်းချုပ်ထဲမှာ ပါပြီးသားဆိုရင်လည်း အဲဒီကလောင်ကို ကျွန်တော် ပိတ်ပါမယ်။

ဒီလောက်ဆိုရင် ကျွန်တော့်သဘောထားကို သိလောက်ပြီ ထင်ပါတယ်။

အားလုံးကို ရင်ဖွင့်ကြိုဆိုလျက်ပါ။

■

ဝင်းငြိမ်း




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းမိုးစက်များ
တဝုန်းဝုန်း
ပြိုကျသည့် တစ်ညသို့
သူရှူး အိပ်ရာမှ နိုးလာ
သည်။ နိုးထခြင်းတွင်
အကြောင်းအရင်းမရှိ။
မိုးသံကြောင့်လား။
မဟုတ်။ တစ်စုံတစ်ရာ
သို့မဟုတ်
တစ်စုံတစ်ယောက်၏
အနှောင့်အယှက်ကြောင့်လား။
မဟုတ်ပေ။
စင်စစ် မသိခြင်းသာ
ကြီးစိုးနေလေ့ရှိသော
သူ့ဘဝ သူ့ကမ္ဘာတွင်

# မသိမှုကမ္ဘာ

**စံပယ်ဖြူနု**

သူ ဘာကြောင့်
နိုးထသည်ဆိုတာ
အရေးမကြီးလှ။
သူရှူးသည် မသိခြင်းနှင့်
မွေးဖွားလာ၏။
သူ့မိခင်ကို သူ မသိ။
သူ့ဖခင်ကိုလည်း
သူ မသိပေ။ မိခင်
ဖခင်ကို မသိမှတော့
မောင်နှမသားချင်းကိုလည်း
သိမည် မဟုတ်တော့။
ဆွေမျိုးသားချင်း
မရှိဘူးလားဟု
မေးလိုက်တိုင်း
ခေါင်းခါတတ်သည်။
မရှိဘူးလား။
သူ ခေါင်းတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com

ခါသည်။ မသိဘူးလား။ သူ ခေါင်းတစ်ချက် ထပ်ခါသည်။ ခေါင်းခါရန် သိနေသေးသည်မှာပင် ဝမ်းသာစရာ ကောင်းလှသည်။

ဆိုခဲ့သည့်အတိုင်း နိုးထသည့်တစ်ညတွင် ပတ်ဝန်းကျင်သည် အမိုက်အမှောင်သာ ဖုံးလျက်ရှိ၏။ လကလေးရေးရေးပင် မပေါ်။ မီးအလင်းရောင်လည်းမရှိ။ အရင့်အရင် ညများကတော့ ဒီလို မဟုတ်ပေ။ အဝေးဆီမှ ခပ်ပျပျ မြင်ရသော လျှပ်စစ်မီးရောင်တို့သည် သူရှူး အိပ်စက်ရာ ညောင်ပင်ကြီးအောက်သို့ ဖိတ်စဉ် လျှံကျလာတတ်သည်။ မြို့အစွန် ဆင်ခြေဖုံးရပ်ကွက်က ညောင်ပင်။ သူရှူး၏ ဘုံကမ္ဘာ။

လေသည် ညောင်ပင်ကြီး၏ အခက်အရွက်များအကြား ခွန်အားနှင့် တိုးဝင်ကာ ဝေါခနဲ မြည်စေသည်။ မိုးသံက ပို၍ပင် ဆူညံလာသည်။ သူရှူးသည် တစ်ချက်ဆတ်ခနဲ တုန်ခိုက်၏။ ပခုံးပင် ကျုံ့လိုက်သည်။ မိုးစက်များ တပေါက်ပေါက် စဉ်လာခြင်းကတော့ သူ့အတွက် အဆန်းမဟုတ်။

ညောင်ပင်ကြီးအောက်တွင် အိပ်ရသည့် မိုးညတိုင်း မိုးရေစိုစွတ်ခြင်းကို ကျင့်သားရနေပြီ။ အေးလွန်းမက အေးလာလျှင်ကား မြို့ပြင်ရှိ ဇရပ်အိုဟောင်းရှိရာအထိ လျှောက်သွားလျက် မိုးရှောင်ရသည်။ အရိပ်ခိုရသည်။ သူရှူးအား မည်သူပေးထားမှန်းမသိသည့် စောင်စုတ်တစ်ထည်သည် ခိုးယူချင်စရာ အဆင်းမဟုတ်၍ ဇရပ်

> သူရှူးသည်
> မသိခြင်းနှင့်
> မွေးဖွားလာ၏
> သူ့မိခင်ကို
> သူ မသိ
> သူ့ဖခင်ကိုလည်း
> သူ မသိပေ
> မိခင်၊ ဖခင်ကို
> မသိမှတော့
> မောင်နှမသားချင်း
> ကိုလည်း သိမည်
> မဟုတ်တော့
> ဆွေမျိုးသားချင်း
> မရှိဘူးလားဟု
> မေးလိုက်တိုင်း
> ခေါင်းခါတတ်သည်
> မရှိဘူးလား
> သူ ခေါင်းတစ်ချက်
> ခါသည်
> မသိဘူးလား
> သူ ခေါင်းတစ်ချက်
> ထပ်ခါသည်

ထောင့်တွင် ရှိမြဲတိုင်း ရှိနေသည်။ စောင်ခြုံလျှင်နွေးထွေး လုံခြုံကြောင်း သူရှူးမသိ။ သို့သော် ထိုစောင်ကို တွေ့လျှင်ကား ဆွဲယူခြုံတတ်သည်။ မိုးလင်းလျှင်တော့ စောင်ကို တစ်ဖန် ခွာကာ အပုံလိုက်လုံးထွေးလျက် ပစ်ထားခဲ့သည်။ ဖုန်၊ သဲတို့သည် စောင်၌ လွတ်လွတ်လပ်လပ်ပင် တွယ်ကပ်လျက် ရှိကြလေသည်။

ရံဖန်ရံခါတော့ ဇရပ်အောက် မြေပြင်သို့ ဆင်းအိပ်တတ်၏။ မိုးယို၍ပင်။ ဇရပ်ပေါ်၌လည်း နေရာရွှေ့အိပ်နိုင်ကြောင်း သူ မသိ။ စောင်ကိုအပါယူကာ ဇရပ်အောက်က ပွရောင်း စိုစိသည့် မြေ၌ဖဲမွေ့ရာအလား နှစ်နှစ်ခြိုက်ခြိုက် အိပ်တတ်လေသည်။

ဒီမိုးတစ်ညတွင်တော့ သူရှူး၏အနီး၌ စောင်မရှိ။ ဦးခေါင်းကား ညောင်မြစ်ကြီးတစ်ခုပေါ်တွင်။ အိပ်နေရာက လူးလဲထထိုင်သည်။ မိုးစက်ပေါက်တို့သည် မျက်နှာ၊ ခန္ဓာအား ထိမှန်လျက်ရှိလေပြီ။

သူရှူးသည် မျက်နှာကို လက်ဖြင့် ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်လိုက်သည်။ ညောင်မြစ်ကို အားပြုထောက်ကာ ကုန်းထသည်။ သူ့ပုဆိုးမှာ စိုရွှဲလျက်။ အင်္ကျီကလည်း စိုလျက်ရှိပြီ။ ပေးသူကပေး၍ ဝတ်ရသည့် အဝတ်အစားတို့သည် ဖုန်အလိမ်းလိမ်းကပ်ကာ မူလအရောင်ပျောက်ပြီး ရှိန္နမ်းဆွေးမြည့်လည်း ချွတ်ရန်၊ စွန့်ရန် မသိ။ အမြင်မတော်သူများက စွန့်ကြဲလျက် လဲဝတ်ဟဲ့ဆိုမှသာ ဝတ်တတ်သည်။ အဟောင်းအစုတ်ကိုပင် သိမ်းမည်ပြင်တော့ မြင်ရသူတို့က ရယ်မောတတ်ကြသည်။ သူရှူးသည် သူ့ကို ဘာကြောင့် ရယ်မောကြမှန်းပင် မစောကြောဘဲ ပေးကမ်းသူကို လက်အုပ်ချီခြင်းဖြင့် လူစုကို ကျောခိုင်းတတ်သည်။

ခုလည်း သူသည် ညောင်ပင်ကို ကျောခိုင်းလိုက်၏။ မိုးရေထဲ ယိုင်ထိုးထိုး လျှောက်လာသည်။ မိုးရေစီးကြောင်းထဲ ခြေသံတစွပ်စွပ်နှစ်ရသည်ကို သဘောကျစိတ်ဝင်သည့်အလား တဟက်

ဟက် ရယ်လိုက်သေးသည်။ နောက်အားနှင့် ဖိနင်းပြ
သည်။ မိုးသံနှင့်အပြိုင် ခြေသံ
တစွပ်စွပ်ကို မည်သူကမှ
သတိပြုမိမည်မထင်ရ။ မိုးထဲ
ရေထဲ အရိပ်မည်းမည်း မြင်
လျှင်ပင် သည်အနီးတစ်ဝိုက်
က လူများကြောက်လန့်မည်
မဟုတ်။ သူတို့သည် သူရှူး
နှစ်များစွာ မြင်နေကျပင်။

သို့သော် တစ်နေရာတွင်
တော့ သူရှူး၏ပုံရိပ်သည်
အရာရာကို ထိတ်လန့်ခြ
အဆင်သင့် ဖြစ်နေသူတစ်ဦး
အတွက် စိုးရွံ့ဖွယ်ဖြစ်လာ
သည်။ အရေးတကြီး ဟ
ယန်နှင့် ခပ်သုတ်သုတ်လျှော
လာသော မိုးကာဝတ်လူတစ်
ဦးသည် သူရှူးကို မြင်လျှင်
ခြေလှမ်းများ တုံ့သွားသည်
မိုးကာဦးထုပ်အောက်က ပြူး
ကျယ်သော မျက်လုံးများဖြင့်
သူရှူးအား ကြည့်သည်။

သူရှူးသည် ထုံးစံ
အတိုင်း သွားဖြီးပြလိုက်သေး
သည်။ သူ့ကိုမြင်၍ပင် သ
တစ္ဆေတွေ့သည့်ပမာ ထိတ်
လန့်သူကိုတော့ ကြာရှည် စိတ်
မဝင်စား။ မေးစေ့နှင့် လည်
ပင်းတစ်ဝိုက်တွင် ကပ်လျက်
ရှိကာ အသေအချာကြည့်လျှင်
မြင်သာသော သွေးစ
အချို့ကိုလည်း စူးစမ်းလိုခြင်း
မရှိ။ မိုးထဲရေထဲတွင်သာ
ခြေသံတစွပ်စွပ် ပြုကာ ဆက်
လျှောက်လျက်ရှိသည်။

မကြာမီပင် သူ ဇရပ်သို့
ရောက်လာသည်။ ဖုန်နှင့်
ရောသော စောင်ကို ခြုံ၏
အပေါက်တစ်ရာကြား
လေတိုးလည်း မမှု။ မိုး
လေသံကြားမှာပင် အိပ်
ခြင်းသို့ ရောက်သည်



www.burmeseclassic.com

www.burmeseclassic.com

နံနက်အလင်းသည် ဧရပ်ဝန်းကျင်တွင် တစ်စတစ်စ လင်းထင်းလာ၏။ ကျေးငှက်တို့၏ ကျည်ကျည်ကျာကျာ အသံသည် လူသာမန်တို့အတွက် သာယာနာပျော်ဖွယ် ဖြစ်၏။ သို့သော် သူရူးမှုကား ဆူညံသံအမှတ်နှင့် တွေ့သမျှ ငှက်အား ခဲနှင့်ပေါက်ချင်သည်။ နံနက်စောစောတွင်တော့ သည်သို့ မပြုတတ်။ မျက်မှောင်ကျုံ့ရုံသာ။

ကောက်ကွေ့သော မြေသားလမ်းလေးပေါ်မှပင် မြို့စွန်ရပ်ကွက်သို့ သူရူးချဉ်းကပ်လာသည်။ တွေ့မြင်နေကျမို့ ကလေးတို့သည် သူ့ကို နည်းနည်းပင် မကြောက်။ စနောက်ချင်သည်။ အခြားသော နေရာများမှာလို 'အရူးကြီးလာပြီ' ဟု လူကြီးများက ခြောက်လှန့်၍မရ။ ကလေးတို့အတွက်တော့ သူသည် ရယ်မောဖွယ်ရာ လူကြီးတစ်ယောက်သာတည်း။

သူရူးသည် ကလေးတို့ကို ရှောင်ကွင်းကာ လျှောက်လာသည်။ အိမ်ရှင်မတစ်ဦးက ထမင်းထုပ် ထွက်ပေးသည်ကို ဖျတ်ခနဲဆွဲယူသည်။ လမ်းဘေး မြက်ခင်းစပ်တွင်ပင် ထိုင်ချကာ အားပါးတရစားသည်။ အိတ်ခွံကိုမူ ဦးနှောက်ကောင်းသော လူများလိုပင် ရေမြောင်းထဲ ပစ်ချလိုက်သည်။ ပေကျံကျန်ရစ်သော လက်တို့ကို တပျပ်ပျပ်လျက်သည်။ နောက်ပုဆိုးတွင် သုတ်လိုက်လေသည်။

သူရူး၏ လောကသည် ဂီတဖြင့် သစ်လွင်နေသည်ဟု မြင်ရသည်။ ခြေလှမ်းအစ

သူရူး၏
ပုံရိပ်သည်
အရောရောကို
ထိတ်လန့်ရန်
အဆင်သင့်
ဖြစ်နေသူတစ်ဦး
အတွက်
စိုးရွံ့ဖွယ်
ဖြစ်လာသည်
အရေးတကြီး
ဟန်ပန်နှင့်
ခပ်သုတ်သုတ်
လျှောက်လာသော
မိုးကာဝတ်
လူတစ်ဦးသည်
သူရူးကို
မြင်လျှင်
ခြေလှမ်းများ
တုံ့သွားသည်

ခြေအချ အကြွတွင်ပင် တေးသွားနှင့် လွင့်ပါး နေသလို ဆတ်တောက် ဆတ်တောက် ပြုလိုက်သေးသည်။ ခေါင်းကို ဘယ်ညာ အခါခါ ယိမ်းသည်။ လေချွန်သံမှာ တိုးသဲ့သဲ့။ မပီမသ။ လမ်းဘေးဝဲယာတစ်ဝိုက်မှ ရယ်သံ၊ စ၊ နောက်သံများ ပေါ်ထွက်လာသော်လည်း စိုးစဉ်းမျှ ဂရုပြုဟန်မပြ။ သူ့တွင်ကိုယ်ပိုင်လောက ရှိသည့်ပမာ။ သူရူးသည် လမ်းဘေးတွင်ကပ်လျက်ယိမ်းလျက်သာ လျှောက်လာသည်။

ထိုသို့ လမ်းဘေးတွင် ကပ်လျှောက်ရကြောင်း သူ့ကို မည်သူ သင်ကြားခဲ့သနည်း။ သူ ကိုယ်တိုင်မှ မသိ။ သူသည် မည်သည့်အသက်အရွယ်မှ စတင်ကာ ဒီလိုလေလွင့်ခဲ့သနည်း၊ မည်သည့်အရပ်မှ ဒီမြို့သို့ လွင့်လာသနည်း၊ မည်သူမျှမသိ။ တွေ့နေကျလိုပင် ညောင်ပင်အောက်မှာ၊ လမ်းများပေါ်မှာ၊ ဇရပ်အိုမှာ တွေ့တွေ့နေရသော သူရူးတစ်ယောက်အား လိမ်ကောက် ပွရောင်းနေသော ဆံပင်တို့ကို အစွဲပြု၍ 'ဆံကောက်' ဟု အလွယ်ပင် အမည်ပေးလိုက်ကြသည်။

သူရူးသည် ပါးစပ်ဆိုင်းကိုပင်တီးလိုက်သေးကာ ခြေလှမ်းကို နှဲ့ချည်ယိမ်းချည်ပြုကာ လျှောက်လာသည်။ တစ်ချက်တစ်ချက်တွင် ပေါင်ကို ဖြန်းခနဲ ပုတ်ပြန်သည်။ တစ်ပြိုင်တည်းပင် ဟိုဟိုဒီဒီ အကြည့်ရွေ့၏။ မျက်လုံးချင်း အတန်ကြာ ဆိုင်မိသူဆိုပါက သွားဖြဲပြတာကို ကြုံရပေမည်။

မိုးလေဝသကတော့ မနေ့ညကလိုမဟုတ်။ ကြည်လင်နေပေသည်။ လမ်းမများပေါ်တွင် ရေစက်များ တင်ကျန်ဆဲပင်ရှိသည်။ သစ်ခက်သစ်ရွက်တို့သည် နေရောင်အောက်တွင် ကြည်လဲ့စိမ်းမြလျက်ရှိ၏။

ပြီးခဲ့သည့်ညက သူရူးဖြတ်ခဲ့ရာ ညောင်ပင်သို့ ဦးတည်ရာလမ်းကား နံနက်နေခြည်ဝယ် ဆူညံသက်ဝင်လျက်ရှိသည်ကို တွေ့ရလေပြီ။ ညောင်ပင်နှင့် မလှမ်းမကမ်းတွင် လူများကို ရုံးစုရုံးစုတွေ့ရသည်။ ခြံဝင်းတစ်ခုထဲတွင်ကား တူညီဝတ်စုံဝတ်သူများ၊ ရပ်ရွာထဲမှ လူများ။

'ဟဲ့ ဆံကောက်' ဟု ခေါ်သံကို မကြားယောင်ပြုကာ လျှောက်လာသည်။ ဈေးခြင်းတောင်းကို တံတောင်ဆစ်ကွေးတွင် ချိတ်ကာ တွေ့သမျှလူကို ပါးစပ်တပြင်ပြင် စကားဆိုစူးစမ်းရန် အသင့်ဖြစ်လျက်ရှိသော အမျိုးသမီးကြီးသည် သူရူးထံမျက်စောင်း တစ်ချက် ချီလိုက်သည်။ လုံချည်ကို ပင့်မကာ ရွှံ့ဗွက်တို့ကို ကျော်ကာ ဆက်လျှောက်သွားသည်။

သူရူး၏ ပါးစပ်ဆိုင်းသံကမူ ညံဆဲ။ သူသည် လမ်းဘေးရှိ ရုံးစုစုပြုနေသူတို့ကို ရှောင်ကွင်းလာရသည်။ တစ်နေရာအရောက်တွင်တော့ ခန္ဓာအထက်အောက် ပါတိတ်ဆင်သည့် အမျိုးသမီးက ဆံကောက်ဟု လှမ်းခေါ်သည်။ အစားအစာ ပေးကမ်းကျွေးမွေးနေကျမို့ ဟက်ခနဲ ရယ်ပြသည်။

'ဆံကောက်၊ နင် ညက ညောင်ပင်အောက် မအိပ်ဘူးလား၊ ဟောဟိုအိမ်က အော်သံ မကြားဘူးလား'

သူရူးသည် ခေါင်းတစ်ချက်ခါ၏။ ပါးစပ်ဆိုင်းကို ခဏမျှနား၏။ အမျိုးသမီး၏ အာရုံကအနီးရှိ မိန်းကလေးနှစ်ဦးထံ ပြောင်းပြီ။

'ညည်းတို့ရော ညက အော်သံလေးတောင် မကြားရဘူးလား'

'အို၊ ဘယ်ကြားရမလဲ အစ်မရယ်၊ ညက မိုးဒီလောက်ရွာနေတဲ့ ဥစ္စာ'

'အစ်မမှာဖြင့် ကြား



www.burmeseclassic.com

www.burmeseclassic.com

ကြားချင်း ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး၊ ဒီအခေါက်ကြီးဆိုတာက ကိုယ်နေ့တိုင်း ဈေးသွားဈေးပြန် တွေ့နေရတာ'

'ရန်ငြိုးများ ရှိသလား မသိဘူးနော်'

'မဖြစ်နိုင်ပါဘူးအေ၊ ငွေတွေဖြင့် ရသလောက် ယူသွားတဲ့ဥစ္စာ၊ စိန်နားကပ်တောင် ချွတ်ယူသွားတာတဲ့၊ အံ့မယ်လေး ပြောရင်းနဲ့ ကျောချမ်းလာတယ် ညီမရေ၊ အခေါက်ကြီးကလည်း နဂိုက အတွင်းပစ္စည်းရှိတာ သိတဲ့အတိုင်း၊ ဆွေမျိုးနီးစပ်တွေ ခေါ်နေလည်း ရရဲ့နဲ့ တစ်ယောက်တည်းနေတာ ဖြစ်တော့မှာပေါ့'

'တစ်ယောက်တည်းနေလည်း ဖြစ်စရာလား အစ်မရယ်၊ အသက် ၇၀ နီးပါး အဘွားကြီးတစ်ယောက်ကို ဓားနဲ့ ရက်ရက်စက်စက် ထိုးသတ်ရတယ်လို့၊ ဘယ်လိုစိတ်နဲ့များ လုပ်သွားတယ်မသိဘူး အံ့ပါရဲ့'

'ခေတ်ကိုက ခေတ်ပျက်ကြီးပါအေ၊ အဖွဲ့လိုက်တွေ ရိုက်ကြ နှက်ကြတာ၊ ရုပ်ရှင်ကားတွေထဲကလို သတ်တာတွေ ခဏခဏ ဖြစ်နေတာ သတင်းတွေ ဖတ်ရတယ်မဟုတ်လား'

'ဟဲ့ ဆံကောက်၊ ဘာနားထောင်နေတာလဲ။ နင်က ဘာသိတာမို့လို့လဲ'

မိန်းကလေးတို့၏ ရယ်သံထွက်လာတော့ ပင်ကိုကပင် ပွရောင်းခွေလိပ်လျက် ရှိသည့် ဆံပင်တို့ကို ထိုးဖွကာ တဟီးဟီး လိုက်ရယ်သည်။ ဝါကြင်ညစ်ထေးသော သွားတို့ ထင်းခနဲ ပေါ်လာ၏။ ရှုံ့ရှာဟန်ဖြင့် မိန်းကလေးတို့ မျက်နှာပျက်သည်ကို ဂရုမပြုမိဘဲ ခေါင်းကို ခါလိုက်ချေသည်။

**သူတို့သည် သူရူးအား ရောက်တတ်ရာရာ မေးခွန်းများ မေးကြသည် စ နောက်ကြသည် သူရူးကား တဟီးဟီး ရယ်လိုက် ခေါင်းခါလိုက်ပင် သူ့နှုတ်မှ ရှားရှားပါးပါး ထွက်ကျသော စကားလုံးတို့သည်ကား တောင်စဉ်ရေမရ**

သူရူး၏ ခြေလှမ်းတို့သည် ယိမ်းလျက် ယိုင်လျက်ပင် ရှေ့သို့ ဆက်လာသည်။ နံနက်ချိန်၊ ညနေချိန်များ၌ လူသူ စည်ကားမြဲဖြစ်သော ဈေးတန်းလေးသို့ ရောက်လာသည်။ ဟင်းသီးဟင်းရွက်၊ သားငါးရောင်းချသော ဈေးလေးသို့ ဈေးဝယ်များအကြားမှပင် တရွေ့ရွေ့တိုးဝင်သည်။ ပါးစပ်ဆိုင်းမှ မတီးတော့။

ဈေး၌ ကျက်စားလျက်ရှိသည့် ပိန်လှီသော၊ အရိုးပြိုင်းပြိုင်းဖြစ်သော၊ အနာဗရပွနှင့် ခွေးလေခွေးလွင့်တို့သည် သူရူးကို မြင်လျှင် မိတ်ဆွေတွေ့သည့်ပမာ အနီးကပ်လာသည်။ သူရူးသည် ခွေးတို့ကိုပင်လျှင် စိတ်လိုလက်ရ ရယ်ပြတတ်သူတည်း။

'ဟော့ ဆံကောက် မုန့်စားမလား'

ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ဘူးသီး စသည်တို့ကို ဆိုင်ခုံနှင့် ရောင်းချသော အမျိုးသမီးကြီးက မုန့်တစ်ခု လှမ်းပေးရင်း ဆိုသည်။ သူရူး၏ လက်သည် မုန့်ရှိရာဆီ ဆတ်ခနဲ ရောက်သည်။ မုန့်ကို ယူပြီးသည်နှင့်တစ်ပြိုင်နက် အနီးတွင် အမြီးနန့်နေသော ခွေးတစ်ကောင်ထံ ပစ်ချပေးလိုက်သည်။ ရယ်ကျဲကျဲပင် ရှေ့ဆက်လာသည်။ ဟော့တော်ဆိုသော အရယ်နှင့်ရောသည့် ရေရွတ်သံသည် သူ့နောက်ကျောတွင် ကျန်ရစ်ခဲ့ပြီ။

ဈေးဗန်းကို မြေတွင် ခင်းကာ ရောင်းသည့် ဈေးသည်လေးတို့သည် သူရူးကို မြင်လျှင် လာပြီဟေ့ဟု ရေရွတ်လိုက်ကြသည်။ ဝယ်သူနည်းရသည့်အထဲ ဟင်းရွက်တစ်စီး၊ နှစ်စီးလောက်ကိုပင် ဈေးဆစ်လိုကြသဖြင့် ညစ်နေသော စိတ်တို့သည် ခဏချင်းပင် ရွှင်လန်းလာကြ၏။ နေ့ပြန်တိုးပေးရမည့်အရေးသည်လည်းကောင်း၊ အကောက်အခွန်တို့အား ရှောင်လွှဲမရသည့်အရေးသည်လည်းကောင်း ထိုအချိန်ပိုင်းတွင် မေ့မိန်လေသည်။

သူတို့သည် သူရူးအား ရောက်တတ်ရာရာမေးခွန်းများ မေးကြသည်။ စ,နောက်ကြသည်။ သူရူးကား တဟီးဟီး ရယ်လိုက်၊ ခေါင်းခါလိုက်ပင်။ သူ့နှုတ်မှ ရှားရှားပါးပါး ထွက်ကျသော စကားလုံးတို့သည်ကား တောင်စဉ်ရေမရ ဒါသည်ပင် ဈေးသည်လေးတို့အတွက် ရယ်မောဖွယ်ရာ

ဈေးတန်းလေး၏ ထိပ်တည့်တည့်တွင်ရှိသော လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးလေးများသည် သူရူးကို အဝေး ပင် လှမ်းမြင်သည်။ အသက်ဆယ်နှစ်ဝန်းကျင်သာ ရှိသေးသော၊ စာသင်ကျောင်းကို ကျောခိုင်းခဲ့ရသော ကလေးယ်များ။ နံနက်ခင်း လူကျချိန်တိုင်း အဖျော်ခုံ၊ မုန့်ခုံများမှသည် စားသုံးသူထံခါးကျိုးမတတ် ပြေးလွှားရသည့် ပ ပန်းမှုကို မေ့လျော့မလို ပြုံး စိတ်ဝင်ကြ၏။ အရွယ်နှ မလိုက် ပင်ပန်းရသူတို့၏ မျက်နှာထက်တွင် သူရူး မြင်သည်နှင့် အပြုံးရိပ်ထ လာသည်။

သူရူးသည် လက်ဖက် ရည်ဆိုင်အပြင်ဘက်က ပင်ရိပ်တွင် ထိုင်ချလိုက် သည်။ မိုးလေကင်းသည့် နံနက်ခင်းများ၌ သူ ချရာနေရာ။ ဗာဒံပင် လက်ဖက်ရည်ဝိုင်းတွင် နေသူများသည် သူတို့ မလှမ်းမကမ်းသို့ သူရူး လာသည့်အတွက် အနှောင့်အယှက်ဖြစ် စိုးစဉ်းမျှမပြ။ စကား သည် အရှိန်ကောင်း ၂၀၁၄၊ ၂၀၁၅၊ ရွေး



www.burmeseclassic.com

www.burmeseclassic.com

ပွဲ၊ သမ္ဗတ၊ လွတ်တော်၊ ကုန်ဈေးနှုန်း၊ စစ်ပွဲ။ စကားဝိုင်းက လွင့်ကျလာသော စကားလုံးများသည် သူရှူး၏အနီးတွင် နံနက်လေပြည်နုနှင့်အတူ ဝေ့လည်နေလေသည်။

သူရှူးသည် လက်ဖက်ရည်ဆိုင် အတွင်းအပြင်ဝိုင်းများအကြား လှည့်လည်နေသည့် ထီသည်လေးထံ ငေးနေ၏။ ထီတစ်ခုသာ မျှော်လင့်စရာကျန်သလို ထီလက်မှတ်ရွေးလျက်ရှိသူတို့ထံ အာရုံမဝင်စားဘဲ ထီသည်လေးဆောင်းထားသည့် ဦးထုပ်အနီရောင်ကို ငေးနေသည်။ အနီရောင်သည် သူ့စိတ်ကို ညှို့သလို။ သွားရည်သည် နှုတ်ခမ်းထောင့်မှ စီးကျလျက်ရှိ၏။

'ဟော့'ဟု ခေါ်သံနှင့်အတူ လက်ဖက်ရည်ဝိုင်းက ကမ်းပေးသည့်စမူဆာတစ်ခုကိုလှမ်းယူသည်။ ရယ်လျက်သားပင် အနီးဝန်းကျင် ဝေ့ဝဲကြည့်သည်။ ခွေးတစ်ကောင်တလေပင်မရှိ။ သူရှူးသည် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ စမူဆာ တစ်ခုလုံးကို ပါးစပ်တွင်းပစ်သွင်းသည်။ အရသာခံသည့်ပမာ မျက်လုံးများကိုပင် မှိတ်ထားလိုက်သည်။ နောက်ဆုံးလက်ကျန်ပါးဖတ်များကို မျိုချလိုက်ပြီးနောသာ မျက်လုံးဖွင့်သည်။ ပြူးကြောင်သော မျက်ဝန်းများသည် စားပွဲဝိုင်းပေါ်က စမူဆာပန်းကန်တွင် စိုက်သွက်။ ရယ်သံများ ရုတ်ခနဲထွက်လေသည်။

'ဟော့၊ ဆံကောက်၊ နောက်နှစ် ဘာတွေဖြစ်နေသလဲ သိလား'

သူရှူးသည် ခေါင်းကို ဘယ်ပြန်ညာပြန် အကြိမ်ကြိမ်ခါယမ်းလိုက်သည်။

'နောက်နှစ် ဘာတွေဖြစ်လာမလဲဆိုတာကော သိလား'

ဆံပင်များကို တစ်ချက်ထိုးဖွ ကုတ်ဆွလိုက်ရင်း သူခေါင်းခါလိုက်ပြန်သည်။

'အေးကွာ၊ မင်းပဲ အေးပါတယ်'

ရယ်သံတို့ ပြိုကျလာ၏။ စကားဝိုင်းသည် သူရှူးကို မေ့လျော့လျက် တစ်ဖန် စည်ပင်လာသည်။ သူရှူး၏ အာရုံသည်လည်း သူတို့ထံက ခွာပြီ။ ဈေးတန်းလေးထဲ ဝင်ကြွက်ကြသူများထံ ပြောင်းလေပြီ။ ဈေးခြင်းတောင်းထဲတွင် ထိုးထိုးထောင်ထောင် ပါသွားသော ဟင်းရွက်စိမ်းများ၊ ဈေးခြင်းတောင်းအလွတ်ကို လက်တွင်ချိတ်ကာ ချင့်ချိန်ဟင်းစပ်နေသည့် အိမ်ရှင်မများထံ ငေးလျက်။ သွားရည်များကား နှုတ်ခမ်းထောင့်မှ စီးမြဲတိုင်းစီးနေလေသည်။

နံနက်ခင်းသည် တရွေ့ရွေ့ ခရီးဆက်သည့် နာရီလက်တံများနောက်တွင် လျော့ပါးကုန်ဆုံး၏။ နေ့လယ်နေကား ပူနွေးလှသည်။ ညက မိုးရွာခဲ့တာမဟုတ်သည့်ပမာ လေက ခြောက်သွေ့နေသည်။ မိုးသားတိမ်လိပ်များကင်းစင်ဆဲ။

သူရှူးသည် ဗာဒံပင်ရိပ်က ခွာလာသည်။ ဈေးတန်းလေးသည် သူ့နောက်ကျောတွင် ကျန်ရစ်ခဲ့ပြီ။ တစိုက်စိုက်လျှောက်လာသော ခြေလှမ်းများကား ကမ်းနားဘက်သို့ ဦးတည်နေသည်။

ကမ်းနား မြေပြင်ပေါ်တွင်ပင် အားပါးတရ ထိုင်ချကာ မြစ်ထံ သူငေးသည်။ လေချွန်ကာ ခေါင်းကို ယိမ်းကာ။ နေရောင်အောက်တွင် မြစ်ပြင်မှာ ငွေရောင် ရွှေရောင် တလက်လက်ထနေသည်။ မြစ်သည် နှစ်ခြမ်းကွဲနေသလို အလယ်တွင် သောင်ပြင်တစ်ပြန့်တစ်ပြော ခြားထား၏။ ကလေးများမှအပ ရေလယ်သောင်သို့ လမ်းလျှောက်သွားနိုင်သည်။

'ဟော့ အဘဆံကောက်၊ ဘာကြည့်နေတာလဲ'ဟု မေးမြန်းသံသည် ကလေးတစ်သိုက်ထံမှ ပေါ်လာသည်။ သူရှူးသည် အကြောင်းမဲ့ပင် အသံထွက်အောင် ရယ်မောကာ သွားဖြဲပြလိုက်ပြန်သည်။ ကလေးတို့၏ ရယ်သံသည် သူ့အနီးတွင် ကျန်ရစ်ခဲ့သည်။ မြစ်သည် ဒဏ်ရာတစ်ခုတလေပင် မကြုံခဲ့ရသူပမာ ကလေးတို့အား ရွှင်ရွှင်ပြုံးပြုံး ပင်ဆီး၍ပွေ့ယူ၏။ မြစ်ရေစီးသံသည် ရယ်သံများကို ဆောင်လျက် တငြိမ့်ငြိမ့်။

'ဦးလေး ဆံကောက်'

သူရှူးသည် ဘေးသို့ ငဲ့ကြည့်၏။ အသက် ကိုးနှစ်ခန့်ရှိမည့် ကလေးငယ်သည် သူရှူးနှင့် တစ်ပေမျှအကွာတွင် ထိုင်လျက်။ ရိုးစင်းသော မျက်နှာပိုင်ရှင် သူရှူးမှာ ကလေးအတွက်တော့ ထိတ်လန့်စရာ မဟုတ်ပေ။

'မြစ်ထဲ…'

သူရှူး၏စကားတစ်ပိုင်းတစ်စကို ကလေးက နားလည်၏။

'မဆင်းချင်ဘူး'

'ဘာ၊ ဘာလို့…'

'သား ရေမဆော့ချင်ဘူး ဦးလေး ဆံကောက်ရဲ့၊ သား ဒီနေ့ မပျော်ဘူး'

'ဘာ၊ ဘာလို့…'

'သား အိမ်မှာ မနေချင်ဘူး၊ အိမ်မှာ မပျော်ဘူး၊ ဖေဖေနဲ့ မေမေ ခဏခဏ ရန်ဖြစ်ကြတာပဲ သိလား၊ သားဖေဖေက အရက်တွေ နေ့တိုင်းသောက်တာပဲ၊ အလုပ်လည်း မကောင်းဘူးတဲ့၊ သားမေမေကလည်း ဈေးရောင်းရတာ မကောင်းဘူးတဲ့၊ ဂဏန်းတွေပဲ ရေးရေးနေရော ဦးလေးဆံကောက်ရဲ့၊ နေ့တိုင်းပဲ ညနေရောက်ရင် ရန်ဖြစ်ကြရော သိလား၊ တစ်ခါတစ်ခါ သားတို့ ညစာတောင် မစားရဘူး'

သူရှူးသည် ဆံပင်ကို ဆွဲဖွာလှန်လျက် ခေါင်းခါယမ်းလိုက်သည်။ နောက် တုတ်တိုတစ်ချောင်းနှင့် မြေပြင်ကို ခြစ်နေ၏။ ရှုပ်ထွေးနေသော ရုပ်ပုံများ။ ကလေးသည် မြေပြင်ကို ငုံ့ကြည့်ပုံဖော်၏။ သို့သော် ဘာတစ်ခုမှ မပီပြင်။ အိမ်ပုံလား၊ ကလေးတွေပုံလား။

အတန်ကြာလျှင် သူရှူး၏ မျက်ဝန်းများသည် မြစ်ထဲသို့ တစ်ဖန် စိုက်လျက်ရှိပြန်သည်။ လေချွန်သံ ထွက်ပေါ်လာပြန်သည်။ ကလေးသည်လည်း သူရှူးကို ခွာပြီ။ မြစ်ကို ကျောခိုင်းပြီ။ ကလေး၏ ယောင်ချာချာ ခြေလှမ်းလေးများမှာ အိမ်သို့ ဦးတည်သည်လား၊ အခြားနေရာများ



www.burmeseclassic.com

www.burmeseclassic.com

သို့ လွင့်ပါးသည်လား။ သူရှူး မသိပြီ။

နေရောင်သည် တဖြည်းဖြည်း ရင့်အိုလာ၏။

သူရှူးသည် ဝမ်းတကြုတ်ကြုတ် ဟာလာသည်ကို သိတတ်သည်မဟုတ်သော်လည်း အချိန်တန်လျှင် အလိုလို လှမ်းနေကျခြေလှမ်းများဖြင့် မြို့စွန်ရပ်ကွက်လေး ရှိရာဆီ ဦးတည်သည်။ ရပ်နေကျအိမ်များရှေ့တွင်ပင် ရပ်သည်။

'ထမင်းကျန်မရှိတော့ဘူး ဆံကောက်ရယ်'

ညိုးငယ်ရိပ် လွှမ်းလျက်ရှိသည့် အိမ်ရှင်မအားရယ်ပြခဲ့သည်။ ခြေဗလာနှင့်ပင် ကျောက်စရစ်လမ်းပေါ် လျှောက်လာသည်။ နောက်သုံးအိမ်မျှ ဝင်ရပ်သည်။ ထမင်းတစ်စိုးတစ်စိပင် မရသေး။ အိမ်တစ်အိမ်တွင်တော့ ကလေးငယ်သည်ပင် ဗိုက်ဆာ၍ တအီအီ အသံပြုလျက်ရှိ၏။ သူရှူး၏ ရယ်သံမှာ ကလေးအီသံနှင့် ရောလျက်ကျန်ရစ်ခဲ့သည်။

ထမင်းကျန်၊ ဟင်းကျန်ပေးနေကျ အိမ်တစ်အိမ်သည် ညောင်ပင်ကြီးနှင့် မလှမ်းမကမ်းမှာပင် ရှိ၏။ သူရှူးသည် ခြံဝိုင်းရှေ့ခပ်တည်တည်ပင်ရပ်နေသည်။ 'ရှော့၊ ဆံကောက်ရေ၊ မလာသေးလို့စောင့်နေတာ' ဆိုသော စကားသံကို အကြား၌ အားပါးတရ ရယ်သံပြုသည်။ ထမင်းထုပ်ကို လက်တွင် ကိုင်ဆွဲကာ ပါးစပ်ဆိုင်းသံနှင့်အတူ ယိမ်းလျက် နွဲ့လျက် လျှောက်လာသည်။

ညောင်မြစ်များပေါ် ထိုင်ချကာ အရသာမခံတတ်သော အလိုအလျောက်ဝါးခြင်းနှင့်ပင် ခန္ဓာအားဖြည့်တင်းလိုက်ပြန်သည်။ အသက်ဓာတ်သည် တငွေ့ငွေ့တောက်လောင်ဆဲ။ အသက်ရှိသရွေ့ ရုန်းကန်လှုပ်ရှားရသည့် အခြား အခြားသော လူများစွာလိုပင် သူရှူးသည် သူ့နည်းသူ့ဟန်ဖြင့် လောက၌ ကျင်လည်၏။

ညနေသည် ဆိုက်ရောက်နေကျလိုပင် ရောက်လာသည်။ ရုံးပြန်၊ ကျောင်းပြန်သူ၊ ဈေးပြန်သူများ။ ပင်ပန်းနွမ်းလျသော မျက်နှာများစွာကို သူရှူးငေးနေသည်။ လူအချို့ လာကမ်းသည့် မုန့်တစ်ခု၊ နှစ်ခုကို ဝါးရင်း သူ့ရှေ့လမ်းမပေါ် တရိပ်ရိပ် ဖြတ်သည့်ပုံရိပ်များစွာကိုငေးသည်။

ညဦးအရောက်တွင်တော့ တစ်နေကုန် ကြည်လင်သည့် မိုးလေဝသက ပြောင်းနှင့်ပြီ။ ပြီးခဲ့သည့်ညကလိုပင် မိုးကြီး၏။ လေသံကား ပြင်းလှသည်။ မိုးစက်ပေါက်များကလည်း မာကျောလှသည်။

အေးမြလှသည်နှင့်ပင် ညောင်ပင်ကြီးကို ခွာလာသည်။ ဇရပ်အိုသို့ ရောက်သည်။ ဖုန်နှင့်ရောသည့် စောင်ကို ခြုံ၍ အိပ်သည်။ မိုးစက်ပေါက်များကား သူ့မျက်နှာ၊ ခန္ဓာကိုယ်တို့ထံ ပက်မှန်ဆဲ။ အမိုးမှ စီးယိုသော မိုးရေများကလည်း သူ့ကိုယ်ပေါ် တပေါက်ပေါက်ကျဆဲ။

သူရှူးသည် ဇရပ်အိုအောက်သို့ ခေါင်းငုံ့တိုးဝင်သည်။ မြေပေါ်တွင်ပင် ခွေအိပ်သည်။ စောင်ကို လွှမ်းသည်။ မိုးသံ လေသံကား သူရှူးကို တော်တော်နှင့် အိပ်မပျော်အောင် ခြောက်လှန့်လျက်ရှိ၏။

လျှပ်ရောင် ဝင်းခနဲ အပြက်တွင် ဇရပ်အို၏ လှေကားထစ်များပေါ် လှမ်းတက်သည့် လူရိပ်ကိုမြင်သည်။ သူရှူးသည် လူရိပ်ကိုသာ ငေးကြောင်နေ၏။ ဓားမြှောင်ပါသည့် မိုးကာအင်္ကျီ ဝတ်ဆင်သူသည် ဇရပ်၏ ကြမ်းပြင်ပေါ် တစ်စုံတစ်ခုသို့မဟုတ်တစ်စုံတစ်ဦးကို ရှာဖွေဟန် လူးလာခေါက်တုံ့ လျှောက်နေသည်။ ဘာကို ရှာဖွေနေသနည်း။ သူရှူး မသိပြီ။

သူရှူးသည် မျက်ဝန်းပြူးကြောင်ကြောင်နှင့်ပင် ခြေသံကို နားစိုက်နေသည်။ ဝေါခနဲ တိုးတိုက်သည့် လေသံမိုးသံမှာလည်း ပြင်း၍လာသည်။ ခြေသံမှာ ဇရပ်ပေါ်တွင် အတန်ကြာဝေ့လည်နေပြီးနောက် လှေကားထစ်များဆီသို့ ရောက်လာသည်။ နောက်တော့ ဇရပ်ကို စွန့်ခွာသည့်ခြေလှမ်းများ။ လျှပ်ရောင်အလင်း၌ နောက်ဆုံးမြင်ရသည့် ပုံရိပ်ကို သူရှူးငေးနေသည်။

သူရှူး၏ ရယ်သံတစ်ချက်မှာ လေတိုးသံနှင့် ရော၏။ မိုးပေါက်များကား မြေပြင်ပေါ် သွန်ချဆဲ။ မိုးနှင့်ကင်းသည့် စိုစွတ်စွတ် မြေမွေ့ရာပေါ်သို့ ခေါင်းတစ်ဖန်ချသည်။ လေသံမိုးသံညံဆဲမှာပင် အိပ်ပျော်ခြင်းသို့ ရောက်လေသည်။ ■

**စံပယ်ဖြူနု**

**အယ်ဒီတာအဖွဲ့**


အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မောဟမျက်နှာ

မောင်နှင်းပန်း

'ဒါ...ဆရာ
သင်ရမယ့်
စာသင်ခန်းပါ ဆရာ'
ဆရာဦးကျော်မျိုးဦး၏
စကားအဆုံးတွင်
ကျွန်တော်သည်
စာသင်ခန်းကို
တစ်ချက်စေ့ကြည့်လိုက်ရင်း
သက်မကို ခပ်ပြင်းပြင်း
ချလိုက်မိသည်။
ထိုစာသင်ခန်း၏
ဖွဲ့စည်းပုံကို ကြည့်ရင်း
ကျွန်တော်
စိတ်မသက်မသာ
ဖြစ်ရသည်။
စာသင်ခန်းသည်
စာသင်ခန်းနှင့်မတူ။
စိတ်ထဲတွင်
ဝက်ခြံနှင့်တူနေသည်ဟု
ခံစားရသည်။
ဘယ်ညာနှစ်ဖက်စလုံးကို
ဝါးကပ်တွေနှင့်
ကာထားသည်။
အပေါ်က



ခေါ်မိုးထားသည်။
စာသင်ခုံကလေးတွေက
စီစီညီညီ မရှိ။
ရွဲ့ရွဲ့စောင်းစောင်း
နိုင်လွန်းလှသည်။
ပွိုက်ဘုတ်က
ကာကီရောင်ဘက်
သန်းနေပြီး
တချို့နေရာတွင်

ပေါက်နေသည်။ ကျွန်တော့်
တစ်သက်တွင် ဤမျှညံ့ဖျင်း
လွန်းလှသော စာသင်ခန်းကို
တစ်ခါမျှမမြင်စဖူး။ သို့သော်
မိမိက ကျောင်းဆရာ (ကျူ
ရှင်ဆရာ) တစ်ဦးဖြစ်သော
ကြောင့် ရွေးချယ်ခွင့်မရှိ။
မည်သည့် ကျောင်းသားကို
မဆို တာဝန်ကျေပွန်အောင်
သင်ကြားပေးရလိမ့်မည်။
ဆရာစိတ်အပြည့် မွေးကာ
မိဘတစ်ဦးနှင့်မခြား နွေးထွေး
မှုပေးရမည်။ တတ်နိုင်သမျှ
ကျောင်းသားနှင့် တစ်သား
တည်းဖြစ်အောင် နေထိုင်ပြီး
တာဝန်ယူ သင်ကြားပေးရ
လိမ့်မည်။ ထိုဆုံးဖြတ်ချက်
ကြောင့် ကျောင်းသားတွေကို
ငဲ့ကြည့်လိုက်တော့ မပြည့်စုံ
ရှာသည့် မိဘများမှ လွဲမှား
စွာ ပေါက်ဖွားလာရသော
ကလေးတွေဖြစ်ကြောင်း
ကျွန်တော် ကောင်းကောင်း
သိလိုက်ရပြီ။ ကျူရှင်လာ
သည်မှာ သန့်သန့်ပြန့်ပြန့် မရှိ။
နွမ်းနွမ်းပါးပါး နိုင်လွန်းလှ
သည်။ အချို့ကလေးတွေ၏
ကိုယ်ဝတ်တွေမှာ သိသိသာ
သာ စုတ်ပြဲနေကြသည်။
မျက်နှာတွေကလည်း ယုံ
ကြည်မှုတွေ ပျောက်ဆုံးကာ
စိုးရိမ်ထိတ်လန့်မှုတွေကို
အထင်းသားတွေ့မြင်နေရ
သည်။ ကျွန်တော် ဒုတိယ
အကြိမ် သက်ပြင်းချလိုက်မိ
ပါသည် ထင်ပါသည်။
ကျွန်တော် သင်ကြားရ
သည့်ဘာသာက မြန်မာစာ
ဖြစ်သောကြောင့် ရှင်ရှင်လန်း



www.burmeseclassic.com

www.burmeseclassic.com

လန်း ပျော်ပျော်ပါးပါး ဖြစ်နေရန် အထူးလိုအပ်ကြောင်းကို ကျွန်တော်၏အာရုံသိက နှိုးဆော်နေသည်။ ထို့ကြောင့် ကလေးတွေ စိတ်လက်ပေါ့ပါးစေရန် ရယ်စရာများများပြောကာ စာသင်ခန်းကို စတင်ဖွင့်လှစ်လိုက်သည်။ ကလေးတွေမှာ တဝါးဝါးနှင့် ပွဲကျကာ သူတို့၏စိုးရိမ်ထိတ်လန့်မှုတွေ လျော့ပါးလာပြီး နွေးထွေးစပြုလာပြီကို ကျွန်တော့်စိတ်က သိလိုက်ပြီ။ တစ်ချိန်တည်းမှာပင် ကျွန်တော့်အပေါ် ယုံကြည်စိတ်ချမှုတွေ ကိန်းအောင်းလာပြီကိုလည်း နှလုံးသားက လက်ခံလိုက်မိပြီ။ သို့သော် ကျောင်းခန်းလေး၏ ဆင်းရဲနွမ်းပါးမှုအတွက်တော့ စိတ်ထဲတွင်မကောင်း။ ထို့ပြင် ချို့ချို့ငဲ့ငဲ့ ပညာသင်နေရသော စာသင်ခန်းထဲက ကလေးတွေအတွက် ပို၍စိတ်မကောင်းဖြစ်ရသည်။

❑

နောက်တစ်ပတ် ကျွန်တော့်စာသင်ချိန်ရောက်တော့ ကျောင်းခန်းထဲမှ ကလေးတွေနှင့် နွေးနွေးထွေးထွေး ဖြစ်နေပြီ။ ရင်းရင်းနှီးနှီး ဖြစ်သွားပြီ။ သည်တော့မှ ကျွန်တော် သင်နေရသည့် ကျောင်းခန်းကို စေ့စေ့စပ်စပ် ကြည့်မိသည်။ ပထမအကြိမ် ကျွန်တော် မြင်ခဲ့ရသော အခြေအနေထက်ပို၍ ဆိုးနေသည်ကို တွေ့လိုက်ရသည်။ နွေနေကြောင့် လိပ်တက်နေသော ဓနိများမှတစ်ဆင့် အပြာရောင်သန်းနေသော ကောင်းကင်ကြီးကို ပြောက်တိပြောက်ကျား မြင်

> **မိုးတွေက**
> **ရွာကောင်းတုန်းပင်**
> **ရှိသေးသည့်**
> **ကျောင်းခန်း**
> **ကလေးထဲတွင်**
> **လည်း**
> **ဖြန်းဖြန်းကျအောင်**
> **စိုရွှဲနေလိမ့်ဦးမည်**
> **သို့သော်**
> **ကလေးတွေ၏**
> **စာအုပ်**
> **ကလေးတွေ**
> **ရေမှ**
> **ခြောက်ပါလေစ**
> **ရေခြောက်သွားပြန်**
> **လျှင်လည်း**
> **ထိုစာအုပ်ကလေး**
> **တွေနှင့်**
> **နှစ်ဆုံးအောင်မှ**
> **ဆက်၍**
> **သွားနိုင်ပါ့မလား**

နေရသည်။ အချို့နေရာများတွင် စာသင်ခုံတွင် ထိုင်နေသော ကလေးတွေကိုယ်ပေါ်သို့ နေရောင်များ ထိုးဆိုက်ကျနေသည်ကိုလည်း စိတ်မသက်သာဖွယ် တွေ့မြင်နေရသည်။ သို့သော် ကလေးတွေကတော့ အနည်းငယ်မျှ တုန်လှုပ်ဟန်မပြ။ ဂရုထားမိဟန်လည်း မတူ။ စာသင်ခုံတွေကလည်း ဖုန်အလိမ်းလိမ်းနှင့် ဖြစ်နေသည်။

စာသင်ဆောင်၏ တိုင်တွေက မဒမတိုင်တွေ။ သိသိသာသာလည်း ယိုင်နေကြသည်။ ဒိုင်းတွေက ဝါးဖြူတွေ။ အဆောက်အဦ၏အမိုးက အစွန်းနှစ်ဖက်ထောင်ကာ အလယ်တွင် ခွက်၍ နိမ့်ကျနေပုံမှာ ငယ်စဉ်က ကြည့်ခဲ့ဖူးသော အောင်ရှိန်ကာတွန်းထဲမှ စုံထောက်ကြီး ဦးရှုံစား၏နေအိမ်ပုံကာတွန်းကို သတိရမိသည်။ ကျူရှင်အမည်က 'သုခမိန်'။ ထို့ကြောင့် ဤကျူရှင်မှ သုခမိန် မည်မျှမွေးထုတ်ပေးနိုင်ခဲ့ပြီကို ခန့်မှန်းမိတော့ နှုတ်ခမ်းနှစ်ခုက အလိုလိုပြုံးမိလျက်သား ဖြစ်သွားသည်။ သို့သော် ကျူရှင်တည်ထောင်သူ ဦးကျော်မျိုးဦးကို လေးစားရကျမည်စိုး၍ ထိုအတွေးကို ခေါင်းထဲမှ ချက်ချင်းမောင်းထုတ်လိုက်ရသည်။ ထိုအချိန်တွင် စာသင်ခန်း၏အပေါက်ဝတွင် လူတစ်ယောက် ရပ်နေသဖြင့် ကျွန်တော်က ကျောင်းအပ်မည့်သူအမှတ်နှင့် ထွက်သွားတော့ ထိုသူက ကျွန်တော့်ကို ပြုံးပြသည်။ ပြီးနောက် လက်ထဲက ဆေးပေါ့လိပ်ကို ဖွာကာ နှုတ်ခမ်းမှ ချွတ်လိုက်ပြီး-

'ဆရာက အခုရောက်လာတဲ့ ဆရာအသစ်လား'

ဟု ဆိုလာသည်။ ကျွန်တော်လည်း ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး သူ့ကိုပြန်၍ အကဲခတ်နေရသည်။ လူပုံစံက အသားညိုညို၊ အရပ်မနိမ့်မမြင့်၊ နဖူးအနည်းငယ် ကျယ်ကာ နှာတံစင်းသည်။ အမှတ်တမဲ့ကြည့်လျှင် ဉာဏ်ကြီးသူတစ်ဦးဟု ထင်နိုင်သော်လည်း မျက်လုံးတွေက တွေဝေမိုက်မဲမှု၏ အရိပ်အငွေ့တွေ ပျော်ဝင်နေသည်။ တစ်နည်းအားဖြင့် လောကနီတိတွင် ပါဝင်သော သူယုတ်လက္ခဏာတွေ ယှက်သန်းနေသည်။ ပြီးမှ သူက ဆက်ပြောသည်။

'ကျွန်တော်က ဒီစာသင်ခန်းကို ငှားထားတဲ့ အိမ်ရှင်ပါ'

ဟု မိတ်ဆက်လာသဖြင့် ကျွန်တော်က အသိအမှတ်ပြု ခေါင်းညိတ်ပြီး လောကဝတ်အရ သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

'ပြီးခဲ့တဲ့အပတ်က စာသင်ခန်းထဲက ကလေးတွေ တဝါးဝါးတဟားဟားနဲ့ သဘောအကျကြီး ကျနေလို့ ကျွန်တော် တစ်ချက်လှမ်းကြည့်လိုက်တော့ ခင်ဗျား ဖြစ်နေလို့ လာပြီးမိတ်ဆက် ဦးမလို့ဘဲ။ ဒါပေမဲ့ သိပ်မရင်းနှီးသေးလို့ အခုမှ ... လာတာ'

ဆိုရင်း သူ့အိမ်ရှိရာ... လှမ်းကြည့်သည်။

သူ့အိမ်က ကျွန်တော်... စာသင်ခန်းနှင့် အတန်... လှမ်းသော ခြံထောင့်... တည်ရှိသည်။ ပေတစ်... ပတ်လည်ခန့်ရှိသော ခြံဝင်း... အစွန်းနှစ်ဖက်ဟု ဆိုနိုင်... သည်။ သူ့စကားကြောင့် ကျွန်တော်လည်း ဦးခေါင်း... တစ်ချက်ညိတ်ရင်း သူ့မျက်... နှာကို အကဲခတ်ကြည့်... စာသင်ခန်းထဲတွင် က... တွေနှင့် ကျွန်တော် ... ပျော်ပါးပါး စာသင်... သည်ကို သိပ်ကျေနပ်ပုံ... လူမှုရေးအရ မိတ်ဆက်... ဆိုသော်လည်း သူ့မျက်... လှုပ်ရှားပုံတွေက အ... မပါ။ တစ်ချက်တစ်ချက် ... လိုက်သော်လည်း နှစ်နှ...



www.burmeseclassic.com

www.burmeseclassic.com

ကာမရှိ။ ကျွန်တော့်အနေနှင့် နားလည်ရခက်နေသလို စိတ်ထဲတွင်လည်း မတင်မကျ။ ကလေးတွေနှင့် ကျွန်တော် ရယ်ရယ်မောမော ပျော်ပျော်ပါးပါးစာသင်နေသည်မှာ သူ့ကို မည်သို့မျှ မနှောင့်ယှက်နိုင်။ စာသင်ခန်းနှင့် သူ့အိမ်မှာလည်း အတန်ငယ်လှမ်းသဖြင့် အသံတွေက သူ့ဆီမရောက်နိုင်။ ရောက်ပြန်လျှင်လည်း သဲ့သဲ့မျှသာ ဖြစ်လိမ့်မည်။ ထို့ပြင် သူ့ပုံစံက ကျွန်တော့်ကို တစ်ခုခုပြောရန် ချီတုံချတုံ ဖြစ်နေပုံလည်း ရနေသေးသည်။ ပြီးမှ တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်နှင့်-

‘ကျွန်တော်က ဆရာ့ကို တွေ့ချင်လို့ လာတာပါ’

ဟု မရေမရာစကားကို ပြောကာ ဆေးလိပ်ကို ဖွာရင်း သူ့အိမ်ရှိရာသို့ ထွက်သွားသည်။

ကျွန်တော်က စာသင်ခန်းဘက်သို့ ပြန်လှည့်ကာ မျက်နှာမူလိုက်တော့ ကလေးတချို့က ကျွန်တော်တို့ဘက် လှည့်ကြည့်နေကြသည်။ ထိုအထဲတွင် စပ်စုတတ်ပုံရသော ကလေးမလေးတစ်ယောက်က ကျွန်တော့်ကို တိုးတိုးလေး မေးသည်။

‘ဆရာ့ကို ဘာတွေလာ ပြောနေတာလဲ’

ကျွန်တော်က ခေါင်းကို တစ်ချက်ခါရင်း-

‘ဘာမှမဟုတ်ပါဘူး သမီးရယ်၊ ဆရာ့ကို မိတ်ဖွဲ့တာပါ’

ဆိုတော့ ထိုကလေးလေးက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ကာ ကျွန်တော့်ကို ပြောသည်။

‘အဲဒီဦးလေးကြီးက အပေါက်ဆိုးတယ်’

‘ဟေ ဘာဖြစ်လို့လဲ သမီးရဲ့’

ကျွန်တော့်မေးသံ အဆုံးတွင် သူ့အနားမှ ကလေးမလေးတစ်ယောက်က တံတောင်နှင့် လှမ်းတွက်လိုက်သည်ကို တွေ့လိုက်ရသည်။

❑

တောင်အရပ်ဆီမှ အင်နှင့်အားနှင့် အလိပ်လိုက်၊ အလိပ်လိုက်တက်လာနေသော မိုးရိပ်မိုးသားများက ကျွန်တော်၏ စိုးရိမ်ပူပန်မှုနှင့် စာသင်ခန်းထဲရှိ ကလေးတွေ၏ သတ္တိကို အင်အားသုံးဖြိုခွင်းရန် ချီတက်လာသော စစ်တပ်ကြီးတစ်ခုလို ထိတ်လန့်ဖွယ်ကောင်းနေသည်။ ကလေးတွေကတော့ လာမည့်ဘေး ပြေးတွေ့မည်ဟူသော ခံယူချက်မျိုးဖြင့် အေးအေးလူလူ သက်သက်သာသာ ရှိနေကြတုန်း။ ကျွန်တော့်စိတ်ထဲတွင်တော့ ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။ ရုတ်တရက် မိုးရွာချလိုက်လျှင် ကျောင်းခန်းတစ်ခုလုံး စိုရွှဲကာ ကလေးတွေ စာသင်ရမည်မဟုတ်။ အိမ်ရှင်ဖြစ်သူကလည်း ကျောင်းခန်းလေးကို မိုးပေးဦးမည့် လက္ခဏာမရှိ။ ကျောင်းဆောင်ကို လာကြည့်ဖော်တောင် မရ။

မိုးဖွဲလေးတွေက တဖြောက်ဖြောက် ကျဆင်းစပြုလာပြီ။ ကလေးတွေ၏မျက်နှာများတွင် စိုးရိမ်မှုတွေ ယှက်သန်းစပြုလာပြီ။ လေပြင်းက တစ်ချက်တစ်ချက် တိုက်လာနေပြီ။ ခေါင်းရင်းရှိ သရက်ပင်ကြီးဆီမှ သရက်သီးကြွေသံ တဘုတ်ဘုတ်ကို ပင် လေးငါးချက် ကြားလိုက်ရသေးသည်။ ကျွန်တော်က ကလေးတွေ ထီးပါမပါမေးလိုက်တော့ ကလေးအတော်များများ ထီးပါမလာကြ။ ထီးပါသူက သုံးလေးယောက်မျှသာ ရှိသည်။ သူတို့ကျောင်းလာချိန်က မိုးရွာလိမ့်မည်မထင်သောကြောင့် ဖြစ်နိုင်သလို၊ အချို့ကလေးတွေကတော့ ထီးတစ်ချောင်းပင် ရှိနေပုံမပေါ်။

မိုးသံတွေက သိသိသာသာ စိပ်လာပြီး ရုတ်တရက် ‘ဝုန်းခနဲ’ ရွာချလိုက်တော့သည်။ ကျောင်းခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကလေးတွေက စာအုပ်ကလေးတွေ၊ လွယ်အိတ်ကလေးတွေကိုယ်စီ ရွေ့ကာ မိုးလွတ်ရာကို ပြေးကြသည်။ တဝေါဝေါ တဖြန်းဖြန်း မိုးရွာသံတွေက ပို၍ပို၍ကြမ်းတမ်းလာပြီ။ ကျွန်တော့်တစ်ကိုယ်လုံးလည်း စိုရွှဲစပြုပြီ။ သို့သော် နေရာတွင်ပင် မလှုပ်မယှက်ရပ်ကာ သူတို့လေးတွေ၏ ဒုက္ခဝေစုကို မျှယူနေရသည်။ ထိုအချိန်တွင် ကလေးတစ်ယောက်က သူ့တွင် ပါလာသော ထီးတစ်ချောင်းကို ဖွင့်ကာ ကျွန်တော့်ကို လာမိုးပေးသည်။ ကျွန်တော်က ခေါင်းခါပြလိုက်ပြီး လွယ်အိတ်ကလေးတွေ ကိုယ်စီပိုက်ကာ ကျွန်တော့်ကို ကြည့်နေကြသော ကလေးတွေကို ကျွန်တော် ပြန်မကြည့်ရဲသလို ဖြစ်လာသည်။ သို့သော် ထိုကလေးတွေ ကိုယ်တိုင်လည်း သူတို့ကျောင်းခန်းအတွက် ကျွန်တော့်ကို ပြန်၍ အားတုံ့အားနာဖြစ်နေကြပုံရသည်။

သည်နေ့တော့ ကျွန်တော် စာသင်၍ မရတော့။ ကလေးတွေကို ပြန်လွှတ်လိုက်ရသည်။ တစ်စုံတစ်ဦး၏ပျက်ကွက်မှုကြောင့် သည်ကလေးတွေ၏ ပညာရေး ကမောက်ကမဖြစ်ရသည့်အတွက်ကြားထဲက ကျွန်တော်က စိတ်မကောင်းဖြစ်ရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်။ သို့သော် ကျောင်းထောင်သူ ကိုကျော်မျိုးဦးအနေဖြင့် အိမ်ရှင်ကို အကျိုးအကြောင်းပြောကာ စာသင်ဆောင်အမိုးလေး ပြန်မိုးပေးရန် တောင်းဆိုသင့်သည် ထင်သည်။

❑

နောက်တစ်ပတ် စာသင်ချိန်အရောက်တွင် ကျောင်းခန်းလေး၏သွင်ပြင်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်ကို သတိထားမိသည်။ ကလေးတွေကတော့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျွန်တော့်ကို နှုတ်ဆက်ကြသည်။ သူတို့၏‘မင်္ဂလာပါ’နှုတ်ဆက်သံအဆုံးတွင် ကျွန်တော်က ကျောင်းခန်းလေး၏အသွင်အပြင်ကို ဝေ့ခနဲ အကဲခတ်လိုက်မိသည်။ စာသင်ဆောင်လေး၏ပုံစံမှာ ယခင်ကထက် ပို၍ သိသိသာသာ ယိုင်နဲ့လာသလို ထင်ရသည်။ အမိုးကို မော့ကြည့်တော့ ခါတိုင်းလို ဓနိမဟုတ်ဘဲ ထရံတွေ ဖြစ်နေသည်။ တစ်ခုခု ထူးဆန်းသလိုတော့ ဖြစ်နေသည်။ အမှန်ဆိုလျှင် ထရံမိုး၍ မိုးလုံမည်မဟုတ်သည်ကို အိမ်ရှင်အနေဖြင့်မသိမဟုတ် သိနေ



www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်မည်။ သို့သော် ထိုထရံတွေက လေဟာနယ်ပေါက်တွေကို မတွေ့ရ။ ထို့ကြောင့် စိတ်ထဲတွင်တော့ အထူးအဆန်းလို ဖြစ်နေသည်။ ထိုအချိန်တွင် တစ်နေ့က ကျွန်တော့်ဆီ ရောက်လာသော အိမ်ရှင်ဆိုသူသည် ဆေးလိပ်ကို ထောင်းထောင်းထအောင် ဖွာကာ ကျောင်းခန်းရှေ့တွင် လာရပ်နေပြန်သည်။ ကျွန်တော်က လူမှုဝတ္တရားအရ သူ ရှိရာသို့ ထွက်သွားလိုက်ရသည်။ ကျွန်တော့်ကို မြင်တော့ ထိုသူက-

'ဘယ်လိုလဲ ဆရာ၊ အိုကေသွားပြီ မဟုတ်လား'

ဆိုကာ တိုက်ပွဲတစ်ခုကို အမြစ်ပြတ်ခြေမှုန်းလိုက်နိုင်သော အောင်ပွဲရသူရဲကောင်းကြီးတစ်ဦးပမာ ရဲရဲရင့်ရင့် ပြုံးပြနေသည်။ ကျွန်တော့်အနေဖြင့် သူ ပြောလာသည့် 'အိုကေသွားပြီ မဟုတ်လား' ဆိုသော ဝေါဟာရကို နားမလည်နိုင်သည်ကတော့ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က မရေမရာပြန်ကြည့်တော့-

'ဆရာ့ ကျောင်းအမိုးကို ကျွန်တော် ကိုင်ထည့်လိုက်ပြီ ဆရာရေ…။ သိပ်လည်း စဉ်းစားမနေနိုင်တော့ဘူး ဆရာ။ လုပ်စရာရှိတာ မြန်မြန်လုပ်လိုက်ရတာပဲ။ တော်ကြာ ကလေးတွေ စာသင်ပျက်ကုန်မှာလည်း စိုးရသေးတယ်လေ'

သူ့စကားကြောင့် ကျွန်တော်က အမိုးကို နောက်တစ်ကြိမ် ပြန်လည်၍ မော့ကြည့်လိုက်ရပြန်သည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော် အခုအထိ နားမလည်နိုင်သေး။ သည်တော့မှ ကျွန်တော့်အခြေအနေကို ရိပ်မိပုံရသော သူက ဆေးပေါ့လိပ်ကို အားပါးတရ ရှိုက်ဖွာလိုက်ရင်း-

'ဆရာ မြင်တယ် မဟုတ်လား။ အမိုးကို အောက်က ထရံခံပြီး အပေါ်ကနေ ကွန်ကရစ်လောင်းပစ်လိုက်တာလေ။ ဆရာ့နယ် ရေယိုပါဆိုရင်တောင် မယိုတော့ဘူး။ တွေ့လား'

ဆိုကာ အားပါးတရပြုံးနေပြန်သည်။ သူ့အပြုံးသည် ကျွန်တော့်အမြင်အရ အသိပညာနှင့်ယှဉ်သော အပြုံးမျိုး မဟုတ်။ ကလေးတစ်ယောက်က မိမိဆောင်ရွက်လိုက်နိုင်သော ကိစ္စတစ်ခုအား ပတ်ဝန်းကျင်က အသိအမှတ်ပြုစေလိုသော စေတနာဖြင့် လက်သီးလက်မောင်းတန်းပြခြင်းသာ ဖြစ်ပါလိမ့်မည်။ တကယ်ဆိုလျှင် ကျွန်တော် နားလည်သည်က ကွန်ကရစ်မိုးမည်ဆိုလျှင် အနည်းဆုံး အောက်က အမာခံရှိရမည်။ အခု အဆောက်အဦ၏အခြေအနေက ထောက်တိုင်တွေက မကောင်း။ ဒိုင်းတွေ မြားတွေက ဝါးဖြူတွေဖြစ်နေသောကြောင့် အမိုး၏ အလေးချိန်ကို ခံနိုင်မည့်ပုံမပေါ်။ အဆိုးဆုံးက အောက်ခံထရံပေါ်တွင် ကွန်ကရစ်လောင်းခြင်းမှာ အတော့်ကို မိုက်မဲလွန်းသော ဆုံးဖြတ်ချက် ဖြစ်သည်ကို ကျွန်တော် ရိပ်မိသည်။ ထို့ကြောင့် ကျွန်တော်က အိမ်ရှင်ကို သွေးတိုးစမ်းသည့်အနေဖြင့်-

'အောက်ခံအမာမရှိဘဲ အပေါ်က ကွန်ကရစ် လောင်းလိုက်တော့ စိတ်ချရပါ့မလား အစ်ကို'

ဆိုလိုက်တော့ သူက 'မင်း ဘာမှ နားမလည်ပါဘူးကွာ'ဟူသော မျက်နှာပေးမျိုးနှင့် ကျွန်တော့်ကို သနားစရာသတ္တဝါတစ်ကောင်လိုကြည့်ကာ လက်ကြားထဲမှ ဆေးပေါ့လိပ်ကို ပါးစပ်တွင် တပ်လိုက်ပြီး မျက်လုံးကလေး မှေးစင်း၍ ကြည့်နေပြန်သည်။ ပြီးမှ-

'မော်တော်တွေ၊ သင်္ဘောတွေကို ဒီလိုပဲ မိုးတာပဲလေ'

ကျွန်တော် ဘာကိုမှ မပြောသာတော့။ ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်ရသည်။ သေချာသည်က မော်တော်တွေ သင်္ဘောတွေအပေါ်တွင် ဤသို့မိုးသည်ကို ကျွန်တော် လုံးဝမသိ။ အကယ်၍ ဤသို့ မိုး၍ရသည်ဆိုလျှင်လည်း အောက်ခံအမာတစ်ခုခုပေါ်တွင် မိုးထားသောကြောင့် အန္တရာယ်ရှိမည့်ပုံမပေါ်။ သို့သော် ကျောင်းခန်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုသော အမှားမျိုးတော့ မဖြစ်မနေ တွေ့ရလိမ့်မည်ဟု မသိစိတ်က အလိုလို နားလည်နေမိသည်။

ထို့ကြောင့် စာသင်ခန်းအတွင်းသို့ ပြန်ဝင်လာခဲ့ပြီး ကလေးတွေကို တစ်ယောက်ချင်း လိုက်ကြည့်နေမိသည်။ ထို့နောက် ကျောင်းဆောင်၏ အမိုးကို ထပ်မံ၍ မော့ကြည့်လိုက်မိသည်။ တစ်စုံတစ်ရာသောအကြောင်းကြောင့် ဤကျောင်းခန်းကြီး ပြိုလဲသွားလျှင် ပထမဆုံး တာဝန်ရှိသူမှာ ထိုအိမ်ရှင်သာဖြစ်လိမ့်မည်မှာ စဉ်းစားစရာ မလိုပါ။ အကယ်၍ ကျွန်တော် စိုးရိမ်နေသလို ကျောင်းခန်းကြီး ပြိုလဲသွားလျှင် အောက်တွင်ရှိနေသောကလေးတွေအတွက်လည်း သက်သာမည့်လက္ခဏာမရှိ။ အင်္ဂတေပြားတွေ ခေါင်းပေါ်သို့ ကျလာလျှင် အနည်းဆုံး ကလေးတွေမှာ ထိပ်ပေါက်ခေါင်းကွဲဖြစ်ကုန်လိမ့်မည်။ အခန့်မသင့်လျှင် အသက်အန္တရာယ်ကိုတောင် ထိခိုက်လာနိုင်သည်။

ဤကိစ္စကို ကလေး[illegible]တွေကိုလည်း အသိပေး[illegible] မဖြစ်သေး။ သူတို့သိသွား[illegible]လျှင် စိုးရိမ်စိတ်ကြောင့် [illegible] မပါလက်မပါဖြစ်ကာ [illegible] သင်ရာတွင် အနှောင့်အယှက်[illegible] ဖြစ်ဦးမည်။ သို့သော်[illegible] ကျောင်းထောင်သည့် [illegible] ကျော်မျိုးဦးကိုတော့ [illegible] ပေးဦးမှဖြစ်မည်ဟု [illegible] ထားလိုက်ရသည်။ [illegible] ကြောင့် စာသင်ရသည်[illegible] လည်း ကျွန်တော်ကိုယ်[illegible] ပင် စိတ်မပါသလို ဖြစ်[illegible] သည်။ ရာသီဥတုကို[illegible] မျက်ခြည်ပြတ်၍မဖြစ်။ [illegible] ပြင်းပြင်းတိုက်လာလျှင် [illegible] ရိပ်မိုးသားတွေ [illegible] လျှင် ကျွန်တော့်စိတ်[illegible] ထိတ်ထိတ်ပျာပျာ [illegible] သည်။ သေချာသည်က [illegible] သို့ပြဿနာတက်လာလျှ[illegible] ဤအမိုးအောက်တွင် [illegible] သော ကျွန်တော်ကိုယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်း လွတ်မည်မဟုတ်။

'ဟိုတစ်နေ့က ရွာလိုက်တဲ့မိုးက သကြီန်လက်ဆေးမိုးဆို ဆရာ၊ ဟုတ်လား'

ရုတ်တရက် ဖြတ်ဝင်လာသော ကောင်မလေးတစ်ယောက်၏ အမေးကြောင့် ကျွန်တော်က ရှေးလူကြီးတွေ၏ ပြောစကားကြောင့် ဟုတ်လိမ့်မည်ထင်ကြောင်း ပြောဆိုကာ သင်ခန်းစာကို စ,ရသည်။ သည်တော့မှ ကျွန်တော် စဉ်းစားမိသည်က ပြင်ပတွင် ချစ်ချစ်တောက်ပူနေသော နေသည် ကျွန်တော်တို့ ကွန်ကရစ်အမိုးလေးကို မည်မျှ သွေ့ခြောက်သွားစေမည်နည်း။ သို့သော် ယာယီအနေဖြင့်တော့ နေပြောက်ပင် မထိုးနိုင်သောကြောင့် အဆင်ပြေသလို ဖြစ်နေသည်။ ထို့ပြင် ဘေးရှိ ဝါးကပ်များမှ တိုးဝင်လာသော လေအေးအေးကြောင့်လည်း စာသင်ခန်းလေးမှာ ကျေနပ်စရာ ဖြစ်နေသေးသည်။

❑

ကျွန်တော် စိုးရိမ်နေရသော နေ့သို့ ရုတ်တရက် ရောက်လာခဲ့ပြီဖြစ်သည်။ ထိုနေ့သည် လေပြင်းများ အဆက်မပြတ်တိုက်ခတ်ကာ မိုးသီးမိုးပေါက်များ တဖြောင်းဖြောင်းကျကာ မိုးသည်းထန်စွာ ရွာလွန်းလှသော နေ့တစ်နေ့ပင် ဖြစ်ပါတော့သည်။ သို့သော် ကျွန်တော် စိုးရိမ်သလို ကျောင်းဆောင်ကြီး ပြိုလဲသွားခြင်းကပင် ဘုရားမ, သလို ဖြစ်နေသောကြောင့် ကျွန်တော့်မှာ စိတ်ချမ်းသာရသေးသည်။ တဖြောင်းဖြောင်းကျဆင်းနေသော မိုးသည် အပြင်မှာ တိတ်၍မှ အထဲတွင် မတိတ်နိုင်။ ရေကာတာ ကျိုးပေါက်သလို တဝေါဝေါကျဆင်းနေသော ရေစီးကြောင်းတွေက ကလေးတွေ၏ စာအုပ်တွေ၊ လွယ်အိတ်တွေ၊ ခန္ဓာကိုယ်တွေကို ချက်ချင်းဆိုသလို ရွှဲရွှဲစိုသွားစေသည်။

ပြဿနာ၏အဖြေက ကွန်ကရစ်မိုးပြီး၍ မကြာမီမှာပင် ချစ်ချစ်တောက် ပူပြင်းလာသောနေကြောင့် ကွန်ကရစ်တို့ ကွဲအက်သွားခြင်း ဖြစ်လိမ့်မည်။ မိုးရွာသောအခါ မိုးရေစီးကြောင်းတွေက ထိုအက်ကြောင်းများအတိုင်း လျှောဝင်ယိုကျခြင်းပဲ ဖြစ်လိမ့်မည်။ ထိုအချိန်တွင် ထီးတစ်ချောင်းကို ခပ်ငိုက်ငိုက်ဆောင်းကာ ကျောင်းခန်းရှိရာသို့လှမ်းလာနေသော အိမ်ရှင်ကိုတွေ့လိုက်ရသဖြင့် ကျွန်တော့်ဒေါသတို့ ထောင်းခနဲ ထလာသည်။ သို့သော် ကိုကျော်မျိုးဦး၏မျက်နှာက ရှိနေသေးသောကြောင့် တလူလူလွင့်လာသော ဒေါသစိတ်ကို ချုပ်တည်းမျိုသိပ်လိုက်ရသည်။ သူ့မျက်နှာကိုမကြည့်ချင်၍ ကလေးတွေ ဘက်လှည့်လိုက်မှ ပို၍စိတ်ဆင်းရဲရပြန်သည်။ ကျောင်းသားလေးတွေက ရွှဲရွှဲစိုနေသောသူတို့၏ကိုယ်ပိုင်ပစ္စည်းလေးတွေကို ကိုယ်စီပိုက်ကာ ကျွန်တော့်ရှေ့တွင် ရပ်နေကြသည်။ အဓိပ္ပာယ်က သူတို့'ပြန်ရတော့မလား' ဟူသည့်သဘော။ ထို့ကြောင့် ကျွန်တော်က လက်ကာပြလိုက်ပြီး 'ပြန်ကြတော့'ဟု ဆိုလိုက်ရသည်။ ကျွန်တော့်စကားသံကြောင့် ပြန်သွားကြရသော်လည်း မျက်နှာလေးတွေက သိပ်မကောင်း။

အိမ်ရှင်ကတော့ ဆေးလိပ်အဖွာမပျက်ဘဲ ခေါင်မိုးကို မော့ကြည့်နေပြန်သည်။ ကြာကြာဆက်နေလျှင် ပြဿနာတစ်ခုခုဖြစ်တော့မည် စိုးသဖြင့် ကျွန်တော်လည်း ထိုစာသင်ဆောင်ထဲမှ ထွက်လာဖြစ်လိုက်သည်။ ထိုလူကတော့ ကျွန်တော့်နောက်ကျောကို ကြည့်၍ ကျန်ရစ်ခဲ့လိမ့်မည်။ သေချာသည်က မသိနားမလည်ဘဲ လူတတ်ကြီးလုပ်ကာ ထင်ရာစိုင်းခဲ့သောကြောင့် ကလေးတွေ စာသင်ပျက်ရသည်မှာ မနည်းတော့။ သို့သော် သူ့ခေါင်းထဲတွင်တော့ ဤကိစ္စက ပြီးလွယ်ပျောက်လွယ်သာ ဖြစ်သွားလိမ့်မည်။ ထို့ပြင် သူ့အမှားအတွက် မည်သည့်အခြေအနေရောက်ရောက် ဝန်ခံမည့်သူ မဟုတ်ကြောင်းကိုလည်း ကျွန်တော့်ရင်ထဲက အလိုလိုသိနေပြန်သည်။ စာသင်ခန်းထဲက ကလေးတွေအတွက်တော့ ဝဋ်ရှိသမျှ လည်စင်းခံနေကြရုံသာရှိကြရတော့မည် ဖြစ်သည်။ ထိုကလေးတွေ၏ အနာဂတ်အတွက် ကျွန်တော် စိတ်မကောင်း။

သေချာသည်က အိမ်ရှင်ဖြစ်သူသည် အသိတရားနည်းပါးသူဖြစ်သောကြောင့် ချိန်ချိန်ဆဆ လုပ်တတ်မည့်သူ မဟုတ်။ ကျောင်းထောင်ဆရာဖြစ်သည့် ကိုကျော်မျိုးဦးကလည်း မည်သည့်အကြံပေးဆွေးနွေးမှုမှ လုပ်နိုင်ပုံမပေါ်။ အကြံပေးပြန်လျှင်လည်း ထိုသူက လက်ခံမည့်သူ မဟုတ်ကြောင်း ကျွန်တော် ကောင်းကောင်းသိလိုက်ရပြီဖြစ်သည်။ ထို့ကြောင့် 'သုခမိန်'ရှိ ကျောင်းသားကျောင်းသူကလေးများ၏အနာဂတ်ကို ကျွန်တော် မတွေးရဲ။ ထိုအိမ်ရှင်၏ဦးဆောင်မှုနောက်မှ မည်မျှ ခရီးရှည်ရှည်လိုက်ကြရဦးမည်မသိ။

စိတ်ထဲတွင် ဝိုးတဝါးပေါ်လာသော အိမ်ရှင်ဖြစ်သူ၏ ပုံသဏ္ဌာန်ကို သက်ပြင်းချ၍ အတင်းမောင်းထုတ်လိုက်ရသည်။ သို့သော် သူ့မျက်လုံး၏ လှုပ်ရှားသွားလာပုံတွေအရ နောက်ထပ် မည်သို့စတန့်ထွင်ဦးမည်ကို ကျွန်တော် စိုးရိမ်မိနေတုန်း ရှိသေးသည်။

ကျွန်တော့်အပြန်လမ်းတစ်လျှောက်လုံး မိုးတွေက ရွာကောင်းတုန်းပင် ရှိသေးသည်။ ကျောင်းခန်းကလေးထဲတွင်လည်း ဖြန်းဖြန်းကျအောင် စိုရွှဲနေလိမ့်ဦးမည်။ သို့သော် ကလေးတွေ၏ စာအုပ်ကလေးတွေ ရေမှ ခြောက်ပါလေစ။ ရေခြောက်သွားပြန်လျှင်လည်း ထိုစာအုပ်ကလေးတွေနှင့် နှစ်ဆုံးအောင်မှ ဆက်၍သွားနိုင်ပါ့မလားဟု ကျွန်တော် ရင်မောနေရသည်။

ထိုအချိန်တွင် လေကလည်း ခပ်ကြမ်းကြမ်းတိုက်လာသဖြင့် မမြင်ရမှန်းသိသော်လည်း စာသင်ခန်းလေးရှိရာကို မျှော်ကြည့်လိုက်မိသေးသည်။ ရင်ဆီမှ သိသိသာသာ ပူပြင်းတစ်ဆို့သွားသည်။ ■ **မောင်နှင်းပန်း**



www.burmeseclassic.com

www.burmeseclassic.com

၁။

ပထွေးဖြစ်သူ ဆုံးသွားပြီဟု
သတင်းအတိအကျကြားလိုက်ခါမှပင်
နွယ်နွယ်လည်း အမေ့အိမ်သို့
ပြန်ဖြစ်ခဲ့လေသည်။ 'ဟော့ နွယ်နွယ်ရေ၊
ဟိုအော့ကြောလန် မေတ္တာတုံးတော့
သေပြီတဲ့ ဟေ့။ ညက မူးရူးပြီး
ရပ်ကွက်ထိပ် ကန်စွန်းအိုင်ထဲ
ခေါင်းစိုက်နေတာ တွေ့တဲ့သူတွေက
ဆိုက်ကားပေါ် ကောက်တင်ပြီး ဆေးရုံပို့တော့
လမ်းမှာ သေသတဲ့'ဟု မနက်စောစောစီးစီး
အစ်မဖြစ်သူ ကြွယ်ကြွယ်ထံမှ
ဖုန်းဝင်လာတော့ နွယ်နွယ်က ထုံးစံအတိုင်း
ဈေးထွက်နေချိန်။ 'ဟဲ့ ဘယ်လိုဖြစ်ပြီး
သေတာတုံး၊ ကန်စွန်းအိုင်မှာ
ခေါင်းစိုက်တယ်ဆိုတော့ ရေနစ်သေတာလား။
အမူးလွန်ပြီး သေတာလား'ဟု

# ကျွေ့သော၊ ကောက်သော
## သင်္ကေတတို့ဖြင့်
# ဘဝ...ဘဝတို့သည်

**မင်းဓေဟောင်**

နွယ်နွယ့်ဘက်က မေးခွန်းတွေ
တရစပ်မေးမိတော့ 'ငါတော့ မသိဘူးဟေ့၊
သိချင်ရင်လည်း နင့်ပထွေးနောက်
နင်လိုက်မေး။ ငါ့ကိုတောင် အမေတို့ဘေး
အိမ်က ကြီးလှ ဖုန်းဆက်လို့ သိရတာ။
အမေကတော့ အေးအေးဆေးဆေးပါပဲတဲ့။
ညည်းတို့အားရင် လာကြဦးတဲ့၊ ကြီးလှက
ပြောသွားတယ်။ နင်လည်း ဈေးသိမ်းရင်
သွားလိုက်ဦး။ ငါ့ကို အမေမေးရင်
ငါ နေ့လယ်ဈေးသိမ်းမှ လာနိုင်မယ်လို့
ပြောလိုက် ကြားလား။ ဩော် ဟော့ နွယ်နွယ်
ငတိုးဆီကို ဒီလို ဒီအကြောင်း
ဖုန်းဆက်လိုက်ဦး'ဟု
ကမန်းကတမ်းပြောကာ ကြွယ်ကြွယ့်ဘက်မှ
ဖုန်းချသွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်တွင် နွယ်နွယ်နေသော ရပ်ကွက်နှင့် အမေ့အိမ်က မဝေးလှ။ ရပ်ကွက်နှစ်ခုက ဆက်နေသည် ဟုပင်ပြောရပေမည်။ သို့သော် အမေ့အိမ်သို့ နွယ်နွယ် မရောက် ဖြစ်သည်မှာကြာပြီ။ နွယ်နွယ် အိမ်ထောင်ကျပြီး မှတ်မှတ်ရရ နှစ်ခေါက်ပင် ရောက်သေးသည်။ အမေ့ အိမ်သို့ နွယ်နွယ် မရောက် သကဲ့သို့ နွယ်နွယ့်အထက်မှ အစ်ကိုဖြစ်သူ တိုးအောင်နှင့် နွယ်နွယ့်အစ်မကြီး ကြွယ် ကြွယ်တို့လည်း အမေ့အိမ်သို့ မရောက်ကြ။ သူတို့လည်း သူတို့အိမ်ထောင်နှင့်သူတို့။ ဘတ်စ်ကား နှစ်မှတ်တိုင်ပတ် လည် အကွာအဝေးတွင် ရှိနေ ကြသောနွယ်နွယ်တို့ မောင်နှမသုံးယောက်အိမ်နှင့် အမေ့ အိမ်မှာလည်း အမှန်တကယ် အားဖြင့် မည်မျှမှမဝေးလှ။ သို့သော် အမေ့အိမ်သို့ နွယ်နွယ်တို့ မရောက်ကြ။

ဈေးလေးတစ်ခုထဲ၌ ငါး ပုစွန်ရောင်းသည့် ကြွယ်ကြွယ်။ အဆိုပါ ဈေး လေးနှင့် ကားလမ်းကြီးတစ်ခု သာခြားသည့် ဈေးကြီးတစ်ခု ၏ရှေ့မျက်နှာစာမှာ ငရုတ်သီး၊ ကြက်သွန်ရောင်းသည့် နွယ်နွယ်တို့သည်ပင် ရံဖန်ရံခါများဖြင့်သာ ဆုံတတ်ကြ၏။ နွယ်နွယ့်အစ်ကို တိုးအောင် ကတော့ လမ်းတကာပတ်၍ ဆိုက်ကားနင်းနေသည်သူမို့ နွယ်နွယ့်ထံသို့ မကြာခဏ ရောက်တတ်လေ့ရှိသလို၊ ကြွယ်ကြွယ်ထံသို့လည်း ရောက်တတ်လေသည်။ ထို အချိန်များ၌…

'နွယ်နွယ်ရေ၊ ညက ငါ

> ယောက်ျား
> ဆိုတာ
> စ တဲ့သူ
> မိန်းမဆိုတာ
> ဆက်ရတဲ့သူတဲ့
> အမေ
> ကြားခဲ့ဖူးတာပါ
> ပြောချင်တာက
> ယောက်ျားတွေရဲ့
> စခဲ့ခြင်းမှာ
> ပါခဲ့ပြီးမှတော့
> ဆက်ရမယ့်
> ကိစ္စက
> မိန်းမတွေရဲ့
> ကိစ္စပဲ
> နွယ်နွယ်

ဆိုက်ကားပတ်နင်းရင်း အမေတို့ ရပ်ကွက်ဘက်ကို ရောက် တယ်သိလား။ အမေတို့လမ်း နဲ့ ဒီဘက်သုံးလမ်းကျော် ရောက်တော့ ညကလည်း ဆယ့်တစ်နာရီလောက် ရှိနေ ပြီ။ မိုးတွေကသည်းနေပြီး မီး ကလည်း ပျက်နေတယ်ဟ။ အဲဒီမှာတင် 'ပဲကတ္တီပါပြုတ်၊ ကောက်ညှင်းပေါင်း' ဆိုတဲ့ အမေ့အသံကို ကြားလိုက်ရ တယ်။ ငါလည်း အမေ့အသံ ကို ကြားကြားချင်းတော့ အမေ့ကို ငါ ဆိုက်ကားပေါ် တင်ပြီး လိုက်ပို့ဦးမလို့။ ပြီးမှ ငါ တွေးမိတာ။ အမေတစ် ယောက်ကတော့ သူ့ ယောက်ျားအတွက် ဒီအချိန် ကြီးတောင် ဈေးရောင်း မသိမ်းသေးဘူးဆိုပြီး တွေးမိ တော့ ဒေါသက အလိုလို ထွက်လာတာနဲ့ ငါ့ဆိုက်ကား ကို လှည့်ပြန်ခဲ့တာ။ မီးက ပျက်နေတော့ အမေကတော့ ငါ့ကို မြင်လိုက်မှာ မဟုတ် ဘူး'

စသည့် စကားများကို လည်း နွယ်နွယ်ထံသို့ သယ် ဆောင်လာတတ်လေသည်။ 'လုပ်ပေါ့၊ သူ့ယောကျ်ား အတွက် လုပ်ရတာပဲ။ ပင်ပန်း မှာ မဟုတ်ပါဘူး' ဟု နွယ် နွယ်နှုတ်မှ ရုတ်တရက် ထွက် သွားလိုက်လေသေးသည်။ အမေတစ်ယောက်ကတော့ ဘယ်အချိန်မှများ အိပ်လေ သလဲမသိဟု နွယ်နွယ် ဆက် ပြီး တွေးမိသေးသော်လည်း နွယ်နွယ့်နှုတ်ခမ်းထောင့်စွန်း တွန့်ကွေးသွားသည်နှင့်ပင် နွယ်နွယ် အတွေးစတို့ ပြတ် တောက်ရလေသည်။

❑

၂။

'အမေ့အိမ်မှာ နွယ်နွယ့် ကို ဆက်ပြီး ထားလို့ရှိရင် လည်း အပျိုမဖြစ်ခင် ပထွေး စာမိတာပဲ အဖတ်တင်မယ်။ အမေရော သမီးပါ လင်တစ် ယောက်တည်းကို လုပေါင်း နေကြရင်လည်း ကျော် မကောင်း ကြားမကောင်း ဖြစ်မယ်။ ကဲ အဲဒီတော့ နွယ်နွယ်ရေ ညည်းအထုပ် ပြင် ကျုပ်နဲ့သာ လိုက်ခဲ့တော့'

အဖေဆုံးပြီး တစ်နှစ် အတွင်း ဦးဖော်ကောင်းဆိုသူ လူတစ်ယောက်နှင့် အမေ ရုတ်တရက် နောက်အိမ် ထောင် ပြုလိုက်သည့်အချိန်၌ နွယ်နွယ့်အသက် တစ်ဆယ့် ခြောက်နှစ်။ အမေ့သတင်း ကြားတော့ အိမ်ထောင်ကျပြီး နေပြီဖြစ်သည့် ကြွယ်ကြွယ် ရော တိုးအောင်ပါ နွယ်နွယ် တို့ဆီသို့အပြေးအလွှားရောက် လာကြ၏။

'ဟဲ့ ငါက ယူချင်လို့ ယူရတာထက် ယူမှဖြစ်လို့ ယူရတာဟဲ့' ဟု အမေ့နှုတ်က ထွက်နေသေးသည်ဟုတော့ နွယ်နွယ်ထင်၏။ သို့သော် အမေ့စကားတို့အား ကြွယ် ကြွယ့်စကားသံတို့ကသာ ဖုံး နေသကဲ့သို့ ထိုစဉ်အချိန်မှာ နွယ်နွယ်ကိုယ်တိုင်လည်း အမေ့ကို စိတ်ဆိုးဒေါသထွက် နေသည်မို့ 'လိုက်သွားရေ လား အမေ' ဟူသော စကား ပင် အမေ့ကို မပြောခဲ့ဘဲ နွယ် နွယ်ကိုယ်တိုင် အထုပ်ပြင်ခဲ့ လေသည်။

'ယောကျ်ားယူတယ် ဆိုတိုင်း လင်လိုချင်လို့ မဟုတ်ဘူး။ ညဘက်မှာ ရပ် ကွက်တကာလှည့်ပြီး ဈေး ရောင်းနေရတဲ့ အမေ့အတွက် ဖော်ကောင်းက အမှီသဟဲပဲ အမေဈေးရောင်းတဲ့နောက် တကောက်ကောက် လိုက်နေ တဲ့ အခါကျပြန်တော့လည်း ယူလိုက်ကြတာမှက ပိုပြီး သိက္ခာရှိဦးမယ်လေ။ တချို့ ကိစ္စတွေကျတော့ ညည်း မသိနိုင်သေးပါဘူး နွယ်နွယ် ဟု အမေ ပြောလာသည့်အခါ ၌ နွယ်နွယ်က ကြွယ်ကြွယ် နောက်ကိုလိုက်ရန် တိုးအောင် ၏ ဆိုက်ကားပေါ်သို့ပင် ရောက်နေခဲ့ပြီ။ တိုးအောင်၏ တောက်ခေါက်သံ၊ ကြွယ် ကြွယ်၏ ဆူဆူညံညံ ပြော



www.burmeseclassic.com

www.burmeseclassic.com

များကြား၌ နွယ်နွယ် မျက်ရည်တစ်ပေါက် ကျသွားခဲ့သေးသော်ငြား အမေ့ကို နွယ်နွယ် လှည့်မကြည့်ခဲ့။

အမေ့အိမ်မှာ နေလျှင် လင်မြန်မြန်ရမည်ဟုဆိုကာ ကြွယ်ကြွယ့်အိမ်သို့ လိုက်သွားမိသည့် အခါမှ အဲသည့် နှစ်အတွင်းမှာပင် နွယ်နွယ် အိမ်ထောင်ကျလေသည်။ ဈေးထဲမှ အထည်ဆိုင်တစ်ဆိုင်အတွက် အထုပ်ထမ်းသည့် ကောင်လေးမို့ ရိုးသားသည်ဟု ကြွယ်ကြွယ်က အဆိုပြု အမှတ်ပေးကာ နွယ်နွယ်နှင့် ပေးစားခဲ့သော်လည်း နွယ်နွယ်၏ စရိတ်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုပေါ့ရန် ကြွယ်ကြွယ် အတင်းအကျပ်စီစဉ်သည်ဟုပင် နွယ်နွယ် ထင်လေသည်။ မည်သို့ပင်ဆိုစေ နွယ်နွယ် အိမ်ထောင်ကျခဲ့ပါသည်။

'အမေ့ယောကျ်ားကြီးက မဟုတ်သေးပါဘူး အမေရယ်။ အမေပြောတော့ အမှီသဟဲဆို။ အခုဟာက အမေ့ထဘီ နိုင်နိုင်ဝတ်ထားရမယ့်ကိန်း။ ပြီးတော့ မူးက မူးသေးဆို။ အမေ့အတွက် ဘာကောင်းကျိုးရှိလဲ။ အမေ့ဆီမရောက်ပေမဲ့ အမေ့သတင်းတွေ ကြားနေရတာ နားသေက်သာလှဘူး'

နွယ်နွယ် အိမ်ထောင်ကျပြီး အမေ့ဆီ ပထမတစ်ခေါက် အလာ၌ လမ်းထိပ်မှာ ကြားခဲ့ရသည့် သတင်းအရ နွယ်နွယ်ပြောဖြစ်ခဲ့သည့် စကားပေါ်မှာလည်း အမေက ဆင်းမလှူပ်၊ အဲမလှူပ်။ ညကျွှင် ရောင်းမည့် ကောက်ညှင်းပေါင်းအတွက် ဆန်ရွေးပင်မပျက်။ ဆန်ကောထဲမှ ဆန်အား စပါးလုံးရွေးရန် စုန်ဆန် ခတ်လိုက်သည့်အတွက် ထွက်လာသော 'ဖျင်းဖျင်း' အသံတို့ပင် အဆက်ပြတ်မသွား။

> လူတစ်ယောက်မှာ ရွေးချယ်ခွင့်ဆိုတာ မရှိတော့ဘူး ဆိုရင် အဲဒီ ရွေးချယ်ခွင့်အစား လုပ်လို့ရနေတဲ့ဘောင် ရှိနေတဲ့ ဘောင်လေး ထဲကနေ လုပ်သင့်တာကို လုပ်ရတော့မှာပဲ

'အမေရေ၊ အမေ့ယောကျ်ားကြီးအကြောင်း ကြားရတဲ့ သတင်းတွေကတော့ မဟုတ်တော့ဘူး။ လမ်းထိပ် အရက်ဆိုင်မှာ အရက်ကြွေး ပြဿနာနဲ့ အုတ်အော်သောင်းတင်း ရန်ဖြစ်ကြတယ်ဆို။ အခုဟာက အမေလုပ်ကျွေးတဲ့လုပ်စာ အေးအေးဆေးဆေး မမျိုနိုင်ဘူး။ ကျက်သရေတုံးတဲ့ သတင်းတွေက ဟိုဘက်ရပ်ကွက်အထိ ကြားနေရတယ်။ အမေတို့ကလည်း မဟုတ်သေးပါဘူး။ ပြောပါလား၊ လုပ်ပါလား၊ အမေ့မှာ ပါးစပ်တွေ၊ လက်တွေ မပါဘူးလား။ ဒီလို ကျက်သရေတုံးတဲ့ အကောင် မိနွယ်တို့နဲ့များ တစ်နာရီလောက် တွေ့လိုက်ချင်သေး'

နွယ်နွယ် ဒုတိယအကြိမ် ရောက်သည့်အခိုက် အမေ့ကို ပြောဖြစ်ခဲ့သည့် စကား။ နွယ်နွယ် ဒုတိယအကြိမ် အမေ့အိမ် ရောက်သည့်ကိစ္စကလည်း ထိုစကားများအား ပြောရန်အတွက် သီးသန့်သာ။ ထိုတစ်ခေါက်သည် အမေ့အိမ်သို့ နွယ်နွယ် နောက်ဆုံးအကြိမ် ရောက်ခဲ့ခြင်းလည်း ဖြစ်သည်။

'ဟဲ့ နွယ်နွယ်၊ ညည်းဘာမှ သေချာမသိဘဲ လျှာကြော လာရှည်မနေနဲ့။ ငါ့လင်အကြောင်း ငါသိတယ်'

ဆိုသည့်စကား အမေ့နှုတ်မှ ထွက်လာတော့ စကားသံတို့၏ အရောင်အသွေးနှင့် အတိမ်အနက်ကို နွယ်နွယ် လိုက်လံဖမ်းဆုပ်ကြည့်နေသေးသည်။ သာမန်မျှသာ။ အနိမ့်အမြင့်၊ အတက်အကျ မရှိသော အမေ၏ အသံတို့က နွယ်နွယ်ဖြစ်စေချင်သည့် အခြေအနေနှင့် ဆန့်ကျင်ဘက်။ နွယ်နွယ် မျှော်လင့်ထားသည့် အကြောင်းအရာနှင့်က ထပ်တူကျမှုမရှိ။

'လုပ်လုပ် ကောင်းတယ်ထင်ရင်တော့ လုပ်သာလုပ်အမေ။ အမေ့ယောကျ်ား အမေပဲပိုင်တာ'

အမေ့အိမ်၏ အတက်အဆင်းနှင့် မလှမ်းမကမ်းမှ ရေနံချေးရောင် ကင်းမဲ့သော ရွှံ့စောင်း၊ ပြုတ်ကွာနေသော ပြတင်းပေါက်သစ်သားတံခါးကို ကြည့်၍ ဒါလည်း ပထွေးလက်ချက်ပဲ ဖြစ်မှာဟု နွယ်နွယ်က ဆက်တွေးမိသေးသည်။ ပထွေးဖြစ်သူက အမေ့လုပ်စာ ထိုင်စားရုံမက လမ်းထဲမှ လူတကာအား ပြဿနာရှာတာ။ အဲဒီ ပြဿနာတစ်ခုချင်းစီအား အမေ လိုက်လံဖြေရှင်းနေရတာ။ နွယ်နွယ်ကြားသည့် သတင်းများအား အမေ့အား မေးမြန်းတင်ပြနေခြင်းထက် ထိုထိုပြဿနာတို့အား အမေ ဖြေရှင်းနေပုံကို နွယ်နွယ် အားမရနေခြင်းသာ ဖြစ်လေသည်။ နောက်ဆုံးတော့ နွယ်နွယ် ဘာစကားမှ မပြောဖြစ်တော့။ အမေ့အိမ်အား နောက်တစ်ခေါက် မလာဟုသာ ဆုံးဖြတ်ရင်း ပြန်တော့မည်ဟုလည်း အမေ့ကို မပြောဘဲ နွယ်နွယ် အိမ်အပေါ်မှ ဆင်းတော့ အမေက မှိုင်းရီရီ မျက်ဝန်းများဖြင့် နွယ်နွယ့်နောက်မှာ ငေးကျန်ခဲ့လေသည်။

❑

၃။

'အမေ အမေစဉ်းစားတော့နော်၊ အမေ့ယောကျ်ားလုပ်ရပ်တွေက တရားလွန်ပြီ။ နွယ်နွယ့်ယောကျ်ားဆီမှာ ပိုက်ဆံလာချေးပြီး ဟိုလိုလို ဒီလိုလိုနဲ့ ပြန်မဆပ်တာ။ တိုးအောင် ဆိုက်ကားနဲ့ လမ်းမှာဆုံရင်း ပြဿနာတက်တာ။ ဒါတွေထားတော့။ အခုဟာက အကြောထတဲ့ကိစ္စ။ ဒါကို အမေ ဒီအတိုင်းကြည့်

www.burmeseclassic.com

နေတော့မှာလား။ အမေပြောတော့ အမေ့ယောက်ျား အကြောင်း အမေသိဆို'

နောက်ဆုံးတစ်ခေါက်၊ မှတ်မှတ်ရရ ပြောရလျှင် ပြီးခဲ့သည့် တစ်ပတ်ကျော် စနေနေ့ ညဘက်ကဖြစ်သည်။ အမေက ညဘက် လမ်းတကာလှည့် ပဲကတ္တီပါပြုတ်နှင့် ကောက်ညှင်းပေါင်း ရောင်းတတ်လေတော့ အမေ ဈေးရောင်းထွက်လေ့ရှိသည့် လမ်းထိပ်တစ်ခုတွင် နွယ်နွယ် သွားစောင့်နေခဲ့သည်။ နွယ်နွယ့်စကားအောက်၌ အမေကတော့ မလှုပ်မယှက်။ မလှမ်းမကမ်း ဓာတ်တိုင်မှ မှေးဖျော့ဖျော့ မီးသီးလေး၏ အလင်းရောင် မစို့မပို့လေးအောက်မှာ အသက်လေး ဆယ်စွန်းစွန်းသာ ရှိသေးသည့်အမေ့မျက်နှာ လိုသည်ထက်ပို၍ မှိုင်းမှုန်နေသလားဟုတော့ နွယ်နွယ် တွေးလိုက်သေးသည်။ နွယ်နွယ့်အထင်သည်လည်း ဖြစ်နိုင်သည်။

'အမေ့ယောကျ်ားနဲ့ အကြာထနေတဲ့ကောင်မကဒီနားက ရပ်ကွက်တွေကမဟုတ်လောက်ဘူးတဲ့။ ရပ်ကတော့ ရွှေကြမ်းရေကျိုဆိုပေမဲ့ ဟိုဟာလုပ်စားနေတဲ့ပုံဆိုတော့ ဆတ်ကော့လတ်ကော့ ပရမ်းပတာ ရှုစိထနေတဲ့ရပ်တဲ့၊ ငတိုးပြောတာတော့ အစုံအလင်အမေ။ ငတိုးတောင် ပြဿနာတက်မလို ဖြစ်သေးတာ။ သူများအကြောင်း မပြောချင်ဘူးအမေ။ နွယ်နွယ်တို့လည်း ရှက်လို့ သေတော့မယ်။ နွယ်နွယ်သိချင်တာက အမေဘာလုပ်မှာလဲဆိုတာပဲ'

> မကောင်းတဲ့
> သူကို
> မကောင်းဘူး
> ထိုင်ပြောနေလို့
> အဲဒီ
> မကောင်းတဲ့
> သူဟာ
> လူကောင်း
> တစ်ယောက်
> ဘယ်နည်းနဲ့
> ပြန်ဖြစ်လာ
> ပါတော့မလဲ
> နွယ်နွယ်ရယ်
> ခွေးဆိုး
> ဆိုတာ
> ဆိုးလို့
> ကြိုးနဲ့
> ချည်ကာမှ
> ပိုကိုက်ချင်တဲ့
> သဘောမို့လား

နွယ်နွယ်ကမေးခွန်းကို အလောတကော အဆုံးသတ်ရင်း အမေ့မျက်နှာကိုလည်း အဆက်မပြတ် အကဲခတ်နေလိုက်သေးသည်။ ဓာတ်တိုင်လေးနှင့် မီးရောင်က မှိန်ဖျော့နေလေ၍လား။ အမေ့ရွက်ထားလေသည့် ကောက်ညှင်းပေါင်းတောင်းမှ အရိပ်တချို့ အမေ့မျက်နှာပေါ်သို့ ကွက်ကျား ကျနေ၍လားတော့မသိ။ အမေ့မျက်နှာရိပ်ကို နွယ်နွယ် အမိအရ ဖမ်းဆုပ်၍တော့မရ။

'အမေ အမေကာ သည်းခံလွန်းတယ်။ အမေ့ကိုအကြောင်းမဲ့ ပြဿနာရှာတာတွေလည်း အမေ့အိမ်ဘေးက ကြီးလှကဈေးထဲလာရင်း ပြောလို့ နွယ်နွယ် သိတယ်နော်။ မေးပါရစေဦး အမေ၊ အမေ့ကို ရိုက်တာနှက်တာတွေရော လုပ်သေးလား'

'အိုအေ…'

အခါတိုင်းကဲ့သို့ နွယ်နွယ်ပြောသမျှအား အမေဘက်မှ ခွန်းတုံ့မပြန်။ တိတ်ဆိတ်နေသော အမေ့အသံအောက်၌ နွယ်နွယ့်အသံတို့သည်သာ တိုးတစ်လှည့်၊ ကျယ်တစ်လှည့်။ အမေ့ကို အားမလို အားမရဖြစ်ခြင်း တစ်ခုဖြင့် အမေ့ပခုံးနှစ်ဖက်ကို စုံကိုင်မိစဉ်ခဏ၊ ဟန်ချက်ပြုတ်လု ဖြစ်သွားသည့် ဈေးတောင်းကို ကိုင်လျက် အမေက နွယ်နွယ့်ရှေ့မှ အလျင်စလို ထွက်သွားခဲ့လေသည်။ အမေ့ခြေလှမ်း ဆယ်လှမ်းခန့်အရောက် နောက်မှာ ရပ်ပြီး ကျန်ရစ်နေခဲ့သည့် နွယ်နွယ့်ထံ ပို့လွှတ်လိုက်သော အမေ့အကြည့်တွေ၌တော့ 'ညည်းဘာမှ မသိပါဘူး'ဆိုသည့် အမေ့အသံကို ရောယှက်ခိုတွဲနေသယောင်။ 'ပဲကတ္တီပါပြုတ်…ကောက်ညှင်းပေါင်း'ဟု လမ်းတစ်လျှောက် အော်သွားလေသည့် အမေ့အသံကိုတော့ အခါတိုင်းနှင့်မတူဘဲ တုန်ယင်မှု သိသိသာသာစွက်နေလေသလား။ နွယ်နွယ် မခွဲခြားတတ်တော့။

❑

၄။

အမေ့အိမ်သို့ နွယ်နွယ်ရောက်တော့ လမ်းထဲမှတစ်ယောက်စ နှစ်ယောက်စ အိမ်ထဲမှာ ထိုင်နေကြသည်မှတ… ပါး အမေ့အိမ်သည် အခါ… တိုင်းနှင့် မည်သို့မျှ မထူး… ခြား။ အိမ်ထဲမှာ အမြဲတမ်း… ရှိနေတတ်သည့် နတ်စင်မှ… နတ်အုန်းသီးလေး အိမ်ရှေ့… စည်းရိုး သရက်ပင်လေးတွင်… တန်းလန်းကလေး ရောက်နေ… သည်မှလွဲ၍ အမေ့အိမ်သည်… အသုဘအိမ် တစ်အိမ်၏… အငွေ့အသက်တို့ စွန်းထင်… မနေ။ အခင်းအကျင်း အရိပ်… အယောင်တို့ ရှိမနေ။

'လာ သမီး'

နွယ်နွယ်၊ ကြွယ်ကြွယ်… အစရှိသဖြင့်သာ ခေါ်… ခေါ်ထရှိသည့် အမေက ဒီ… တစ်ကြိမ် 'သမီး'ဟု ခေါ်… ခြင်းကိုက နွယ်နွယ့်အတွက်… ဆန်းနေပြန်သည်။ အိမ်ထဲမှာ… ထိုင်နေကြသည့် တစ်ယောက်… စ၊ နှစ်ယောက်စ၏ အပြော… ဖြင့် ဆေးရုံမှအလောင်း… ဝေးသို့ ရောက်သွားပြီဆိုသည့်… အကြောင်း နွယ်နွယ် သိ… လေသည်။ ထိုသတင်းအား… နွယ်နွယ် စိတ်မဝင်စား။ နွယ်… နွယ်က အသုဘအိမ်ကို… ခြင်းမဟုတ်။ အမေ့အိမ်… လာခြင်းသာ ဖြစ်သည်။ နွယ်… နွယ် စိတ်ဝင်စားသည်… အမေ။ နွယ်နွယ့်အထင်… အမေသည် အခါတိုင်းနှင့်… လန်းဆန်းသွက်လက်နေ… သလားဟုပင် ထင်ရသည်…

'နွယ်နွယ်ရေ အမေ… ညည်းတို့ စိတ်ပူနေကြ… ကိစ္စတွေလည်း အခု… အားလုံး အေးသွားပြီ…'

အိမ်ထဲမှာ မည်… ညှော်သည်မှ မကျန်တော့… ခဏ နွယ်နွယ့်အနားသို့… ကာ အမေပြောလိုက်…



www.burmeseclassic.com

www.burmeseclassic.com

စကားအပေါ် သေသေချာချာ ကြားလိုက်သော်ငြား ရုတ်တရက်မို့ နွယ်နွယ့်အာရုံက လက်ခံချိန် မရလိုက်။ နားမလည်ဟန်ဖြင့် နွယ်နွယ်က အမေ့ကို စူးစိုက်ကြည့်မိတော့… 'အေးသွားပြီလို့ ပြောတာ'ဟုပင် အမေက ထပ်၍ ပြောနေလိုက်သေးသည်။ ဒီအိမ်သို့ရောက်လျှင် အမေ့ကို ဘယ်လိုများ တွေ့ရမှာပါလိမ့်ဟု တွေးခဲ့သည့် အတွေးအောက်၌ ဖြစ်နေခဲ့သည့် အမေ့ပုံရိပ်သည် လက်ရှိ ပစ္စက္ခအချိန် နွယ်နွယ့်ရှေ့မှ အမေ့ပုံစံမဟုတ်။ အမှန်စင်စစ် ပထွေးဘာလုပ်လုပ် ငြူစူခြင်း၊ ပြစ်တင်ခြင်း အလျှင်းမရှိခဲ့သည့်အမေ။ ပထွေးအလိုလိုက်လွန်းတတ်ခဲ့သည့်အမေ။ ယခုကဲ့သို့ ပထွေးမရှိတော့ခြင်းအပေါ်တွင် အမေ၏ ဖြစ်တည်နေခြင်းတို့က နွယ်နွယ့်အတွေးနှင့် တသီးတခြား။

'ယောကျ်ားဆိုတာ စ,တဲ့သူ။ မိန်းမဆိုတာ ဆက်ရတဲ့သူတဲ့။ အမေကြားခဲ့ဖူးတာပါ။ ပြောချင်တာက ယောကျ်ားတွေရဲ့ စ,ခဲ့ခြင်းမှာ ပါခဲ့ပြီးမှတော့ ဆက်ရမယ့်ကိစ္စက မိန်းမတွေရဲ့ ကိစ္စပဲ နွယ်နွယ်။ အဲဒီအပေါ်မှာ… အဲဒီအပေါ်မှာ…'

အမေ၏ ထူးထူးဆန်းဆန်း စကားတို့ပေါ်၌ လုံးစေ့ပတ်စေ့ နွယ်နွယ်နားမလည်။ နောက်ထပ် ဧည့်သည်တွေ ရောက်မလာခင်စပ်ကြားမှာ နွယ်နွယ့်ကို ပြောစရာတွေ ရှိနေသည့်ဟန်ကလည်း အမေ့မျက်နှာမှာ အထင်းသား။ ပြောရင်းနှင့် အိမ်ပေါက်ဝဆီသို့ အမေ့မျက်ဝန်းတို့က ရံခါရောက်သွားတတ်သေးသည်။

'သူ့သေတာတောင် အသုဘစာရွက်မှာ ကိုယ်က သူ့မယားအဖြစ် ပါနေရဦးမယ့်အတူတူကတော့၊ အိုအေညည်းလည်း နားလည်မှာ မဟုတ်ပါဘူး။ လူတစ်ယောက်မှာ ရွေးချယ်ခွင့်ဆိုတာ မရှိတော့ဘူးဆိုရင် အဲဒီရွေးချယ်ခွင့်အစား လုပ်လို့ရနေတဲ့ဘောင်၊ ရှိနေတဲ့ဘောင်လေးထဲကနေ လုပ်သင့်တာကို လုပ်ရတော့မှာပဲ'

အမှန်တကယ်၌ အမေ့စကားတွေကို နွယ်နွယ် နားမလည်ခြင်းမဟုတ်။ လိုက်မမီခြင်းသာ ဖြစ်သည်။ အံ့သြမှုတစ်ခုဖြင့် အမေ့အား နွယ်နွယ် စူးစိုက်ကြည့်နေဖြစ်သော်ငြား အမေက နွယ်နွယ့်ကိုမကြည့်။ ပြောစရာရှိသည်တို့အား အချိန်အတိုင်းအတာတစ်ခုအတွင်း အပြီးသတ်ပြောနိုင်ရန်သာ အမေအား ထုတ်နေပုံ ရလေသည်။

'ညည်း မြဲမြဲမှတ်ထား နွယ်နွယ်။ ပတ်ဝန်းကျင်တစ်ခုလုံးအပေါ် ကောင်းကျိုးမပေး၊ လူတကာနဲ့ မတည့်သလို အမေ့ကိုတောင် ဒုက္ခမျိုးစုံပေးနေတဲ့ လူတစ်ယောက်ကို အမေလုပ်လို့ရတာဆိုလို့ အမေရပ်နေရတဲ့ ဘောင်ထဲကနေပဲ လုပ်လို့ရမယ်လေ။ အမေ့ရဲ့ဘောင်…ဟာဟ။ အဲဒီဘောင်ဟာ အဲဒီလူ ဘာပဲလုပ်လုပ်၊ ကောင်းတာဆိုးတာ ဘာမှ ဝင်မပြောတော့ဘဲ သူ့ကို ရာသက်ပန် လျစ်လျူရှုလိုက်တဲ့ဘောင်ပဲ။ သူ့ကို လူလို့ မသတ်မှတ်၊ လူရာမသွင်းလိုက်တဲ့ဘောင်ပဲ။ မကောင်းတဲ့သူကို မကောင်းဘူး ထိုင်ပြောနေလို့ အဲဒီမကောင်းတဲ့သူဟာ လူကောင်းတစ်ယောက် ဘယ်နည်းနဲ့ ပြန်ဖြစ်လာပါတော့မလဲ နွယ်နွယ်ရယ်။ ခွေးဆိုးဆိုတာ ဆိုးလို့ကြိုးနဲ့ ချည်ကာမှ ပိုကိုက်ချင်တဲ့ သဘောမို့လား။ အဲဒီလိုလူမျိုး ခွေးဆိုးအရာသွင်းပြီး လျစ်လျူရှုလိုက်တော့မှ သူလုပ်နေသမျှ အရာအားလုံးကို အမေ့ဘက်က ကောင်းခြင်း၊ ဆိုးခြင်း ဘာတစ်ခုမှ အသိအမှတ်မပြုဘဲ ကိုယ်လုပ်ရမယ့် အလုပ်ကိုသာ ရှေ့ဆက်လုပ်နေလိုက်တော့မှ… အဲဒီလူ…အဲဒီလူ…'

အမေစကားစ ဖြတ်မည်အပြု လမ်းထဲမှ ဧည့်သည်တစ်ယောက် အိမ်ထဲသို့ လှမ်းဝင်လာသဖြင့် အမေက စကားကို တိခနဲ ဖြတ်မချလိုက်တော့ဘဲ စကားအမျှင်တန်းကာ နွယ်နွယ့်အနားမှ ထသွားလေသည်။ အမေ့စကားတို့၏ အဓိပ္ပာယ်အား တစ်လုံးချင်း နားမလည်နိုင်ခဲ့လျှင်တောင် ခြုံငုံနားလည်နိုင်ဖို့အရေး နွယ်နွယ် ကြိုးစားနေစဉ်မှာပင် ဧည့်သည်ကို ဧည့်ဝတ်ပြုနေသော အမေ့အသံတို့ကို ကြည်ကြည်လင်လင် ကြားလိုက်ရလေသည်။ နွယ်နွယ့်နားထဲတွင်တော့ အမေတစ်ချိန်က ပြောနေမြဲဖြစ်သည့် 'ညည်း ဘာမှ မသိပါဘူး'ဆိုသည့် စကားနှင့် စောစောက အမေပြောလေသည့် 'ခွေးဆိုးဆိုတာ ဆိုးလို့ ကြိုးနဲ့ချည်ကာမှ ပိုကိုက်ချင်တဲ့သဘော'ဆိုသည့် စကားတို့သည်သာ အကြိမ်ကြိမ်အဖန်ဖန် ပဲ့တင်ထပ်ရိုက်ခတ်နေဆဲ။ ■ **မင်းဝေဟင်**

**အယ်ဒီတာအဖွဲ့.**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



[illegible]ဖြိုးကျော်

# မိတ္ထီလာကန်တော်အောက်ဆီက.....

ကျွန်တော့်အမေက သား ၆ ယောက်နှင့် သမီးတစ်ယောက် မွေးဖွားပေးခဲ့သည့် မိခင်ဖြစ်သည်။ ပြီးတော့ ရိုးသားပွင့်လင်းသည့် အညာသူ လယ်သူမကြီး။ အဖေ့လယ်ယာနှင့် မြေယာများကို အဖေ့လိုပင် ကျွမ်းကျင်သူ။ ထိုမိခင်သည် လယ်ယာလုပ်ရင်းပင် သူ၏ ဒုတိယမျိုးဆက် ကျွန်တော်တို့ကိုမူ ပညာဖြင့်သာ အသက်မွေးစေခဲ့သည်။ ကျူရှင်မတက်ဘဲ ကျွန်တော်တို့ ညီအစ်ကိုတွေ ၁၀ တန်းကို နှစ်ချင်းပေါက် အောင်ခဲ့ကြသည်။ သည်ကိစ္စက ရွာထဲတွင် အမေ ပထမဦးဆုံး လက်မထောင်ချင်စရာ ဖြစ်ခဲ့သည်။

ပြီးတော့ ကျွန်တော်မှအပ ကျွန်တော့်ညီတွေအားလုံး အင်ဂျင်နီယာ ဖြစ်ခဲ့ကြသည်။ ဒါက ရွာမှာ အမေ လက်မထောင်ချင်စရာ ဒုတိယကိစ္စ။ တတိယကတော့ ကျွန်တော့်ညီတွေ၏ အိမ်ထောင်ဖက်များမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘဝတူ အင်ဂျင်နီယာမတွေ။
သည်တော့ အမေ့မှာ ပညာမာန်၊
သားမာန်၊ ချွေးမမာန်တွေ
ရှိလာခဲ့သည်။
"အဆင်မပြေပါဘူး ကြီးနန်းရယ်၊
ဘော်ဒါအပ်တာပါပဲ… ကျတယ်"
"ဟဲ့ နင်တို့ဟာ မဟုတ်သေးပါဘူး၊
တစ်ခါလာလဲ ဘော်ဒါ ဘော်ဒါ။
ငါ့သားတွေကြည့်
အကုန်နှစ်ချင်းပေါက်၊



www.burmeseclassic.com

www.burmeseclassic.com

ကျူရှင်တောင် မယူဘူး'

ဇာတ်လမ်းကတော့ စပြီ။ အမေက သူ့တူမ ခင်မြင့်ကို သူ့မြေး ၁၀ တန်းကျ၍ အားပေးနေတာနှင့်မတူတော့။

'ရထားတဲ့ မိန်းမတွေကလဲ တော်မှတော်၊ လမ်းဗိုလ်မတွေချည်းပဲ။ တစ်ယောက်ဆို ငါ့သားထက်တောင် လစာရော၊ ရာထူးပါကြီးသေးတာ၊ TV နှိပ်တာလည်း ပိုတတ်သတဲ့'

ကျွန်တော် အသံထွက်သည်အထိရယ်တော့ အမေက မျက်စောင်းခဲ၍ ကြည့်သည်။

'ကွန်ပျူတာပါ အမေရာ၊ အမေပြောတာနဲ့ အမေ့သားလမ်းဗိုလ်တွေ သိက္ခာကျတော့မှာပဲ'လို့ ပြောတော့မှ ရှက်ပြုံးပြုံးနေရှာသည်။

'နင် လုပ်စရာရှိရင် သွားနော် ခင်မြင့်၊ ဒီမှာ ကြာကြာနေလို့ကတော့ တစ်နေကုန် ငါ့အမေဆီက သားတရား၊ ချွေးမတရား နင် နာနေရမှာ'

သတိပေးထားပါလျက် ခင်မြင့်က မထ။

'အဲဒါပေါ့ မောင်မောင်ရဲ့ အိမ်ကဟာတွေ အမြဲပြောနေရတာ ငါ့အစ်ကို ဝမ်းကွဲတွေကိုကြည့်၊ တို့အမျိုးက ပညာတတ်မျိုးလို့။ ရွာမှာ လက်ညှိုးထိုးလို့ရပါရဲ့နဲ့ နင်တို့က ဖင်ထဲ ရွှံ့တစ်ခွဲသားဝင်မှ ထမင်းတစ်လုတ် စားရတဲ့ဘဝ နေချင်ကြတာလားဆိုပြီး ဆူလည်းဆူ၊ ဆဲလည်းဆဲပဲ'

ကျွန်တော် မရယ်နိုင်တော့။ ခင်မြင့်မျက်နှာကို စေ့စေ့စူးစူး ကြည့်ဖြစ်သည်။

ပြောင်းလဲ
လာခဲ့တဲ့
ခေတ်စနစ်ကြီးရဲ့
အောက်မှာ
တို့မျိုးဆက်
သစ်တွေ
သားချော့တေး
တေးဂီတနဲ့
မကြီးပြင်းကြရဘူး
ဆိုရင်
သူတို့
စိတ်ဓာတ်
တွေလည်း
ကြမ်းတမ်း
ရိုင်းပျ
လာလိမ့်မယ်

'ဒီမှာ ငါ့နမ၊ လူတစ်ယောက်က ပညာတတ်မှ လူဖြစ်ရကျိုးနပ်တယ်ဆိုပြီး နင်တမ်းတမ်းစွဲ ဖြစ်တာတော့ မကောင်းဘူးနော်။ လူဆိုတာ အတိတ်ကံအကြောင်းကလည်း ပါပြီးသားဟ၊ ပညာဆိုတာ ပါရမီလည်း လိုတယ်။ မဖြစ်လောက်ဘူးထင်ရင် နင် ဘော်ဒါအပ်တဲ့ သိန်း ၂၀ ကို အဲဒီကောင် အရင်းလုပ်ပေးပြီး စီးပွားရှာခိုင်းကြည့်ပါလား။ သူ ဝါသနာပါရင် အောင်မြင်တဲ့ စီးပွားရေးသမား ဖြစ်နိုင်တာပဲ'

ခင်မြင့် တွေဝေဟန် အဆုံးမှာ အမေ့အသံက တစ်ဆက်တည်း။

'ပြောတော့ မပေါ့အေ ရယ်၊ သင်းက အကြီးဆုံး၊ အဖြစ်မရှိဆုံး။ တိုင်းပြည်ပျက်တုန်းက ထားတော့။ ကျောင်းတွေပြန်ဖွင့်တော့ တက်ပါဟဲ့ဆို ခိုင်းလို့ကို မရဘူး။ ဘာတဲ့ အီးပေါ်လောဘွဲ့ မရလည်း ဘာမှ မဖြစ်ဘူးတဲ့။ နင် သူ့စကား နားမယောင်နဲ့နော် ခင်မြင့်။ ငါ့သား အငယ်ကောင်တွေကို ကြည့်၊ သင်းဘဝနဲ့ အငယ်တွေဘဝ နေရစားရတာဘယ်လောက်ကွာသတုံး။ ထားသာထား၊ မနှစ်က တစ်နှစ်ကျတော့ စာကျေပြီးသား။ ဒီနှစ် သိန်း ၂၀ ကုန်တော့ အောင်ပြီပေါ့ဟဲ့'

အမေ့စကားအဆုံးမှာ ခင်မြင့်မှာ ငူငူငိုင်ငိုင်။ ကားတစ်စီးစီးနှင့် ရွာပြန်လာတတ်သည့် ကျွန်တော့်ညီတွေနှင့် တရုတ်ဆိုင်ကယ် တဖွတ်ဖွတ်နှင့် ရွာထဲ လူတွင်ကျယ်လုပ်နေသည့် ကျွန်တော့်ကို စိတ်ကူးချိန်ခွင်တွင် ချိန်နေ စပ်နေဟန် တူသည်။

သည်နှစ်တစ်နှစ်လုံး မိုးက ဟုတ်တိပတ်တိ လိပ်ပတ်လည်အောင် မရွာခဲ့။ သို့သော် အချိန်ကျလျှင် သူ့တာဝန်ကျေဟန်နှင့် မသိဟန်ဆောင်ကာ ဆောင်းကိုခေါ်၍ ထားခဲ့ပြီး ထွက်သွားနေကျ။

မိုးကုန်၍ သီတင်းကျွတ်ပြီးသည်နှင့် တန်ဆောင်မုန်းလထဲ ကျင်းပနေကျ ဘုရားပွဲအတွက် တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်စပြုသည်မှာ ဆောင်းနှင့်အပြိုင်။

ကျွန်တော် မဖြူ ပို့လိုက်သော စာအုပ်တွေကို စာကြည့်တိုက် တံဆိပ်ရိုက်နေစဉ် အသံမြည်လာသည့် ဟန်းဆက်ကို ဖွင့်ဖြစ်သည်။

'အစ်ကိုကြီးလား၊ ညီမ ပါ နေခြည်ပါ'

အလတ်ကောင်၏ မိန်းမ၊ သူ့ယောကျ်ား ကျွန်တော့်ညီကိုယ်စား ဆက်ဟန်တူသည်။

'အေး ပြော ငါသိ တယ်'

'ညီမလေးတို့ ဒီနှစ် ဘုရားပွဲ လာမယ်အစ်ကို၊ မောင်လေး မျိုးသူရတို့၊ မိခော် တို့ကလည်း အစ်မရွှာ ဖုန်း ဆက်ရင် သူတို့ပါ ဒီနှစ်ဆင်း မယ့်အကြောင်း ပြောပေး ဆိုလို့'

'အေး အေး ငါ အမေ့ ကို ပြောပေးမယ်'

'အစ်ကို့ စာကြည့်တိုက် အတွက် ကွန်ပျူတာ ဝယ် ထားတယ်ဆို'

'အေး ဟုတ်တယ်'

'ဘာအမျိုးအစားလဲ'

'Acer Windows 7'

'ကောင်းတယ်အစ်ကို 7 က 8 ထက် ပိုရှင်းတယ်'

'မကောင်းဘူး၊ မျော အုန်းသီးရသလိုပဲ၊ ငါလည်း မကျွမ်းဘူး'

ကျွန်တော့်ခယ်မ ရယ် သံကို ဖုန်းထဲက သော ည်အောင် ကြားရသည်။

'အခု ဘယ်လိုနေ'

'ညည်းတူမကို ဆ တစ်ယောက် အိမ်ခေါ် သင်ခိုင်းထားရတယ်။ တတ်သွားပြီဆိုရင်တော့ က ကလေးတွေ အခမဲ့ သင်ခိုင်းရမှာပေါ့'

'ကောင်းတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

တို့က ခွင့် ၁၀ ရက် ကုမ္ပဏီက တောင်းထားတယ်၊ ဘုရားပွဲရက် မရောက်ခင် ကတည်းက ကြိုလာခဲ့မယ်။ အစ်ကို့သမီးကို တစ်ပတ်အတွင်း ကျွမ်းကျင်သွားအောင် နေခြည်သင်ပေးမယ်'

မယုံနိုင်စရာတော့ မရှိပါ။ ကျွန်တော့်ခယ်မ နေခြည် ကွန်ပျူတာကို အင်မတန်ကျွမ်းသည်မှာ ကျွန်တော့်ညီနှင့် အကြောင်းမပါမီကတည်းက သိပြီးသား။

အမေကတော့ အရမ်းတက်ကြွနေပြီ ဖြစ်သည်။

ပထမဦးဆုံး အိမ်ဝင်းထဲက နွားချေးပုံကို ထော်လာဂျီနှင့် လူငှားတွေနှင့် တိုက်ထုတ်ရှင်းပစ်သည်။ ရေလောင်းအိမ်သာသစ် အားချင်းဆောက်ပေးသည်။

အိမ်ထဲက ပင့်ကူမျှင်တွေကို လှည်းကျင်းသုတ်သင်သည်။ ချေးတလုံးလုံး၊ တကုပ်ကုပ်နှင့် မနားမနေ အိမ်သန့်ရှင်းရေးလုပ်နေသည့် အမေ့ကို အဖေပင် အမြင်ကတ်လာဟန် တူသည်။

'နင့်ချွေးမတွေက ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့လို့လား'ဟု မေးသံပင် ကြားရသည်။

'ကူမလုပ်ချင် အေးအေးနေနော်၊ ရန်မစနဲ့။ ကျုပ်ချွေးမတွေက ပညာတတ်တွေ၊ ခဏလာသရိုက် သားသမီးတွေအတွက် မိဘဝတ်ဆိုတာ ရှိသေးသတော့'

အမေ့အသံအဆုံးမှာ အဖေနှင့် ကျွန်တော် အကြည့်ချင်းဆုံရင်း အပြုံးချင်းဖလှယ်ဖြစ်ကြသည်။

ပြောသည့်အတိုင်းပင်

> မိန်းမသား တစ်ယောက်ရဲ့ အလှဆုံး လက်ဟာ ပုခက်ကြိုးကို ကိုင်ဆွဲနေတဲ့ အချိန် မိန်းမသား တစ်ယောက်ရဲ့ အလှဆုံး အချိန်ဟာ သားချော့တေးကို သီကျူးနေရချိန်လို့ အမေက ခုံးမရိုက်တယ်လို့ မှတ်လိုက်ပါတော့ ညီမတို့ရယ်

ဖြိုးသူရနှင့် နေခြည်၊ မျိုးသူရနှင့် မိနော်တို့နှစ်တွဲ ဘုရားပွဲ မတိုင်မီ တစ်ပတ် ကြို၍ ရောက်လာခဲ့သည်။ သို့သော် အဖော်တွေနှင့်။ မျိုးသူရက ၆ လအရွယ် သားငယ်နှင့်၊ နေခြည်တို့မှာလည်း ၆ လ သာသာ သားငယ်နှင့် အိမ်ဖော်မလေးတစ်ယောက်စီ ပါလာခဲ့သည်။

နေခြည်က ရောက်သည်နှင့် ကျွန်တော့်ဆီ တန်းဝင်လာခဲ့သည်။ ကွန်ပျူတာကို စစ်ဆေးကြည့်သည်။ အားလုံးက ကောင်းသည်ဟု ဆိုသည်။

'ဗိုင်းရပ်စ်သတ်တဲ့ ဆော့ဖ်ဝဲတော့ မပါသေးဘူး အစ်ကို၊ ပြင်ပနဲ့ မဆက်သွယ်ရင်တော့ ဘာမှ မဖြစ်ပါဘူး။ နေခြည် မပြန်ခင် ထည့်ပေးခဲ့မယ်။ အော်တိုကတ်လည်း ထည့်ပေးခဲ့မယ်'

'ကောင်းသလို သာ လုပ်ခဲ့ပေတော့ ညီမရေ၊ ရွာမှာ တစ်လုံးတည်းရှိတဲ့ ကွန်ပျူတာဆိုတော့'

ကျွန်တော့်စကားမဆုံးခင် နေခြည်က ကွန်ပျူတာရှေ့မှာထိုင်ပြီး ကျွန်တော့်သမီး၊ သူ့တူမကလည်း နံဘေးမှာ စွေ့ခနဲ။ နေခြည်လက် ဖွေးဖွေးနုနု ဖြူဖြူသွယ်သွယ်တို့ ကီးဘုတ်ပေါ်၊ မောက်စ်ပေါ် တစ်လှည့်စီ ပြေးလွှားဆော့ကစားနေသည်မှာ ကြည့်၍ပင် ကောင်းလှသည်။

နေခြည်က လက်တွေ့ပြသလို ပါးစပ်ကလည်း တတွတ်တွတ်၊ ကျွန်တော့်သမီးကလည်း ခေါင်းတစ်ညိတ်တည်း ညိတ်နေသည်။ အမေကတော့ အဝေးကြီးက ချွေးမနှင့် အနီးအနားက မြေးမ တရင်းတနှီး လက်ပွန်းတတီးရှိနေကြတာကို တပြုံးပြုံးနှင့်လာပြီး အကြာကြီး ရပ်ကြည့်၊ ပြီးလျှင် ပြန်လှည့်။

ဒီနှစ် ဘုရားပွဲ ပွဲကြည့်လာရင်း အိမ်လာ ထမင်းစားသည့် ဧည့်သည်တွေခမျာ–

'ကျုပ် ချွေးမတွေကလေ...' အစချီသည့် လမ်းဖိုလ်တေးသွား၊ ကွန်ပျူတာတောလားဖြင့် ဇာတ်ပွဲ မထွက်မီ အမေက အချီချီ ဧည့်ခံပေးတော့မည်။

ပွဲကတော့ဖြင့် ဇာတ်

အမည်တပ်၍ရအောင် သေချာသွားခဲ့ပြီ။ အိမ်ခေါင်းရင်းက နွားစာတဲအောက်မှာတော့ Acer ကွန်ပျူတာသည် နေ့ရော ညပါ မနားနေရတော့။ ကျွန်တော့်သမီးအပြင် အခြားတူ၊ တူမဝမ်းကွဲတွေကိုပါ နေခြည်နှင့် မနော်က မနေမနား သင်ကြားနေခဲ့သည်။

ဒီနေ့တော့ ဆောင်းဦးနေက မိုးငွေ့မကုန်ဟန်ဖြင့် အတော် ပူလာသည်မို့ ကွန်ပျူတာဘေးက လူစုစုက ချွေးပြန်နေခဲ့သလို အိပ်ရာပေါ်က ကျွန်တော့်တူနှစ်ကောင်ခမျာ စူးစူးဝါးဝါး ထ,အော်ငိုတော့သည်။

အိမ်ဖော်ကောင်မလေးတွေက ကပျာကယာပွေ့၍ တစ်ကိုယ်လုံးလှုပ်အောင် ယမ်းနေသော်လည်း အငိုမရပ်၊ မနော်နှင့် နေခြည်ကလည်း ကွန်ပျူတာရှေ့က မထသေး။

မြေးနှစ်ယောက် စူးစူးဝါးဝါးအော်ငိုသံကို ကြား၍ဖြစ်မည်။ နံဘေးအိမ်ကနေ အမေ သုတ်ခြေတင်ဝင်လာတာ ကျွန်တော် မြင်ရသည်။ တစ်ကိုယ်လုံး လှုပ်နေသည့် အိမ်ဖော်မလေးနှစ်ယောက်နှင့် ငိုနေသည့်မြေးတွေကို ကြည့်သည်။ ကွန်ပျူတာရှေ့က ချွေးမနှစ်ယောက်ကို စူးစူးကြီးကြည့်ရင်း အမေ့နဖူးကြောတွေ တွန့်လာတာ မြင်ရသည်။

'ဟဲ့ မိနော်၊ နေခြည်ကလေး ငိုနေတာ ကြည့်ဦးလေ'

အမေ့အသံက မာလွန်းတင်းလွန်းလှသလို နေခြည်နှင့် မိနော်လည်း အိမ်ဖော်

www.burmeseclassic.com

လက်က ကလေးတွေကို အလျင်စလို ပွေ့ယူလိုက်ရတာ မြင်ရသည်။

'တိတ်တိတ် သားရေ၊ မေမေ နောက်ကျသွားလို့နော်၊ သားသားက စိတ်တိုနေပြီလား'

ကျွန်တော်နှင့် အမေနေခြည်ကလေးချော့ပုံကို အကဲခတ်သလို ကြည့်နေဖြစ်သည်။ မိနော်ဆီကလည်း စောစောက အသံမျိုးပဲ ကြားရသည်။

ကျွန်တော့်တူ နှစ်ကောင်က ပါဝါထပ်ဖြည့်သည်။ 'ဝါး'ခနဲ။

'ညည်းတို့ဟာ မဟုတ်သေးပါဘူးအေ'

အမေက စိတ်မသက်သာဟန်နှင့် အိမ်ဘက်ဝင်ကာ ခဏနေမှ-

'ဟဲ့ ကလေးမတွေ ငါ့မြေးတွေ ခေါ်ခဲ့'

မိနော်နှင့် နေခြည်က အမေ စိတ်ဆိုးမှာတော့ ကြောက်သည်။ ကျွန်တော့်ကို တိုင်ပင်သလို ကြည့်တော့ ကျွန်တော် ခေါင်းညိတ်ပြအပြီးမှာ အိမ်ဖော်မလေးတွေက ကျွန်တော့်တူတွေကို အမေ့လက် ဝကွက်အပ်လိုက်ကြတော့သည်။

ကျွန်တော့်တူတွေက ပါဝါမချသေး။ တဝါးဝါး ဟစ်ဆဲ အော်ဆဲ။

'ဒီနေ့ နေက ပူတာကိုး ငါ့မြေးတွေ အိုက်လှရောပေါ့။ ငါ့မြေးတွေ ခေတ်ကာလ ပုခက်ဆိုတာလဲ တိုက်ခန်းကျဉ်းကျဉ်း၊ အထက်တက်လိုက်၊ အောက်နိမ့်လိုက်နဲ့ ဘယ်အေးမတုံး၊ အေး··· အိပ်အိပ်၊ အခု ဘွားဘွားလွှဲ

ကျွန်တော့်
တူလေး
နှစ်ယောက်က
အားပါးတရ
အခိုက်တန့်
အိပ်စက်ခွင့်
ရခဲ့ပြီ
ခိုဖြူ
ခိုဝါနက်နှင့်
ဝေးခဲ့သည့်
ကျွန်တော့်တူလို
ကလေးတွေ
ဘယ်လောက်
အထိ
များခဲ့လေပြီလဲ
မသိတော့···

မယ့် ပုခက်က ဘေးတိုက်မြေးတို့ရဲ့၊ အလယ်ကြိုးတန်းပေါ် တဘက်တစ်ထည်ဟောဒီလို တင်၊ ကြိုးကိုဟောဒီလို ဆွဲ၊ ပုခက်က ဘေးတိုက် လေထဲဝဲ၊ အလယ်က တစ်ဘက်က ယပ်ခတ်ပေးတော့ အေးသတော့။ ဘွားဘွားကြီး သီချင်းဆို သိပ်မယ်နော်'

အမေကား အသံနေအသံထားနှင့် သူ့မြေးတွေကို ချော့စ,ပြုပြီ။

*'လူကလေးရဲ့ငို××× နို့ဖမ်းလို့ပေး××× မိတ္တီလာ××× အိုလေး××× ကန်တော်အောက်ဆီက××× ဖားပါရင်××× တစ်ကောင်နှစ်ကောင်ပေးပါ××× မျက်လုံးရယ်ကြောင်တောင်တောင်နဲ့××× ဖားကောင်ကသေး×××'*

မိနော်နှင့် နေခြည့်ဆီက 'အင့်'ခနဲ ရှိုက်သံထွက်မှ ကျွန်တော် လန့်သွားမိသည်။ အမေ့ သားချော့တေးသံမှာ မြေးတွေက အငိုတိတ်၍၊ ချွေးမတွေက ရှိုက်နေ၊ ငိုနေပြီ။

'ကျွန်မတို့ မေ့ခဲ့၊ ပေါ့ခဲ့ကြတယ် အစ်ကို။ ကျွန်မတို့ တော်လှပြီ၊ တတ်လှပြီ ထင်ခဲ့မိကြတယ်။ ဒီလိုမျိုး ဘာဖြစ်လို့ ဖြစ်ခဲ့ရတာလဲ။ ဒီသီချင်းနဲ့ ကြီးခဲ့ပေမဲ့ ဒီသီချင်းကို မမျှဝေနိုင်ခဲ့ဘူး'

မိနော် ဆို့နင့်ကြေကွဲသံအဆုံးမှာ နှစ်သိမ့်စရာ စကားလုံးတွေ ကျွန်တော် အမြန်ရှာရသည်။

'တကယ်တော့ အနုပညာဆိုတာ အစ်ကိုတို့အတွက် ငယ်ပေါင်းပါ။ ကြီးဖော်တို့ လူတိုင်းအတွက် မဟုတ်ဘူးပေါ့။ ပြောင်းလဲလာခဲ့တဲ့ ခေတ်စနစ်ကြီးရဲ့အောက်မှာ တို့မျိုးဆက်သစ်တွေ သားချော့တေး တေးဂီတနဲ့ မကြီးပြင်းကြရဘူးဆိုရင် သူတို့စိတ်ဓာတ်တွေလည်း ကြမ်းတမ်း ရိုင်းပျလာလိမ့်မယ်။ မိန်းမသားတစ်ယောက်ရဲ့ အလှဆုံးလက်ဟာ ပုခက်ကြိုးကို ကိုင်ဆွဲနေတဲ့အချိန်၊ မိန်းမသားတစ်ယောက်ရဲ့ အလှဆုံးအချိန်ဟာ သားချော့တေးကို သီကျူးနေရချိန်လို့ အမေက ဆုံးမလိုက်တယ်လို့ မှတ်လိုက်ပါတော့ ညီမတို့ရယ်'

ကျွန်တော် အိမ်ဘက်ကို ကူးလိုက်မိသည်။

ရေနံရောင်ဝ၍ ပြောင်လက်နေသော နီးဝါးပုခက်၊

သည် ပုခက် မှာ ကျွန်တော် ဦးဆုံး အိပ်ခွင့်ရသည်။ ကျွန်တော့်ငယ်ဘဝ သားချော့တေးသံကို မသိပေမဲ့ ကျွန်တော့်ညီတွေ တစ်ယောက်ပြီးတစ်ယောက် အမေ ချော့သိပ်သည့် သားချော့တေးသံကို အကြီးဆုံးဖြစ်သော ကျွန်တော် အဖန်ဖန် အထပ်ထပ် ကြားခွင့်ရသည်။

ကျွန်တော့်နှလုံးအိမ်သည် အမေ့ သားချော့တေးသံဖြင့် ထုံမွှမ်း၍ နူးညံ့ အိသက်သော နှလုံးသားတစ်ခုဖြစ်ခွင့် ကြုံခဲ့ရသည်။

*'လူကလေးရဲ့ငို××× နို့ဖမ်းလို့ပေး××× မိတ္တီလာ××× အိုလေး××× ကန်တော်အောက်ဆီက×××'*

ကျွန်တော့် မျက်လုံးထွေ မှေးစင်းလာခဲ့မိသည်။

ဖြစ်နိုင်လျှင် အမေ့ ပုခက်ထဲ···

ကွန်ပျူတာ ကိုင်ခဲ့ သည့်လက်၊ ကမ္ဘာကို ကိုင်လှုပ် သည့် လက်အစုံ၏ အားပြိုင် ပွဲအတွက် အနိုင်အရှုံးသက်သေ အဖြစ် ကျွန်တော့်တူလေး နှစ် ယောက်က အားပါးတရ အခိုက်တန့် အိပ်စက်ခွင့် ရခဲ့ ပြီ။

ခိုဖြူ၊ ခိုဝါနက်နှင့် ဝေး ခဲ့သည့် ကျွန်တော့်တူလို ကလေးတွေ ဘယ်လောက် အထိ များခဲ့လေပြီလဲ မသိ တော့···။


■

**အောင်ဖြိုးကျော်(ဝ**




www.burmeseclassic.com

www.burmeseclassic.com



ပြာလွင်သော ကောင်းကင်မှ
မြက်ခင်းစိမ်းစိမ်းပေါ်သို့
ဝဲလည်လှည့်၍ ကျလာသောအရာမှာ
အဖြူရောင်ဂေါက်သီးတစ်လုံး
ဖြစ်နေပါသည်။ စင်စစ်မတော့ ၄င်းမှာ
ဂေါက်သီးဟန်ဆောင်ထားသော
ဂေါက်သီးတစ်လုံးသာ ဖြစ်လေသည်။
ထိုဂေါက်သီးအတွင်း
ချစ်ခြင်းမေတ္တာသည်လည်းကောင်း၊
ယုံကြည်ကိုးစားမှုသည်လည်းကောင်း၊
ရဲဘော်ရဲဘက်စိတ်ဖြင့်
လိမ်ယှက်ထားသော
အိမ်ထောင်ရေးသည်လည်းကောင်း၊
မြင့်မားကျယ်ပြောလွန်းလှသည့်
မျိုးဆက်သစ် မျှော်မှန်းချက်သည်
လည်းကောင်း တစ်ခုနှင့်တစ်ခု
နစ်မြုပ်နွယ်ယှက်လျက်
တည်ရှိနေခဲ့လေသည်။
စိတ်မြင်ကွင်း၌ တစ်စစီ
ပုံဖော်နေမိသော အပြာရောင်၊
အစိမ်းရောင်နှင့်အဖြူရောင်
ယှက်သန်းသည့် ပန်းချီတစ်ချပ်သည်



**မွှေပျော်ရာ မြူမြက်ခင်း**

# ငြိမ်းချမ်းခြင်းအတိလေ

**အဖြူရောင်၊ ရွှေ၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်၌ အသက်ဝင်ကာ အတိတ်ဆီသို့ ကူးလူးစုန်ဆန်ခဲ့လေပြီ။

❑

၁။

'အေးကွ မင်း နောက်ပိုင်းဆိုရင် ဂေါက်ရိုက်တော့ သင်ထားမှ ဖြစ်မှာ'

'ဟုတ်ကဲ့ပါ ဆရာ'

'လောလောဆယ် တောင်ဥက္ကလာကွင်းမှာ ကိုချစ်လှ ရှိတယ်၊ ငါလည်း သူနဲ့ပဲ သင်တာ။ ငါ ဖုန်းဆက်ထားပေးမယ်၊ မင်း အားတဲ့အချိန် သွားသွားကျင့်ကွာ'

တစ်ခုသော သီတင်းကျွတ်၌ မောင့်ဆရာကို ကန်တော့ပြီး ပြန်လာသည့် လမ်းတစ်လျှောက် ဂေါက်အားကစားအကြောင်း မောင်နှင့်ကျွန်မ အကျေအလည် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ထိုစဉ်က အရာရှိငယ်အဆင့် ဖြစ်လေရာ ဌာနဆိုင်ရာမှ ပေးသော ကားမရသေးသလို၊ ကိုယ်ပိုင်ကားလည်း မမျှော်မှန်းနိုင်သည့်အချိန်။ ကားမရှိလေတော့ ဂေါက်ရိုက်သင်ဖို့ မောင်က အားငယ်နေပါသည်။

'အင်းပေါ့ မောင်ရယ်၊ ဟိုးရှေးခေတ်က မင်းညီမင်းသားတွေ အဋ္ဌာရသ ဆယ့်ရှစ်ရပ် သင်ရသလိုပေါ့။ ခုခေတ်မှာတော့ ဂေါက်ရိုက်တာ၊ အင်တာနက် ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်တာ၊ ကားမောင်းတာ ဒါတွေက အဋ္ဌာရသ ဆယ့်ရှစ်ရပ်ထဲမှာ ပါနေပြီ'

နောက်တစ်ရက်တွင် မောင့်ဆရာက သူ၏ ဂေါက်

> သူ၏
> ခါးရိုးခါးဆစ်ကို
> လည်းကောင်း
> လက်ပြင်ကို
> လည်းကောင်း
> လိမ်းသပ်နှိပ်နယ်
> ပေးရသော
> ကျွန်မလက်တို့က
> အချိန်တိုင်း
> ဒက်ကျေခေးနံ့
> သင်းပျံ့လျက်
> ရှိပါလေ၏
> ပူလောင်နေသော
> ကျွန်မတို့၏
> မျှော်လင့်ရာ
> အေးချမ်းရာကား
> သမီးတို့
> ဘဝရှေ့ရေး
> ပင်တည်း

အိတ်နှင့် ဂေါက်တံတစ်စုံ ပို့ပေးလာခဲ့ပါသည်။ အဋ္ဌာရသတစ်ပါးဖြစ်သော ဂေါက်ကိုသင်ဖို့ ဆရာလည်းစုံ၊ ပစ္စည်းလည်းစုံ။ သို့သော် အရေးကြီးသည်က ကျွန်မတို့၌ ဂေါက်ကွင်းသို့ သွားစရာကား မရှိခြင်းပင်။

'အင်း ပြဿနာပဲ၊ ဆရာက တတ်စေချင်တာတော့ ဟုတ်ပါရဲ့၊ ကွင်းကို ဂေါက်အိတ်လွယ်ပြီး သွားရမလို ဖြစ်နေပြီ'

'အို မောင်ကလည်း ရန်ကုန်မြို့မှာ တက္ကစီတွေ တစ်ပုံကြီး၊ ဘလက်တက္ကစီတစ်စီး ခေါ်သွားလိုက်ပေါ့ ဟုတ်ဘူးလား'

သူပြန်လာချိန်တွင် ပြန်လည်ဝေမျှမည့် ပထမဦးဆုံး အတွေ့အကြုံကို မျှော်လင့်သော်လည်း သူတွက်ချက်ပြသော ကုန်ကျစရိတ်တို့ကို နားထောင်ရင်း ပင့်သက်ရှိုက်မိရသည်။

'သင်တန်းကြေး တစ်လစာ ဆရာပေးထားတယ်ဆိုပေမဲ့ ဂေါက်သီး ၁၅၀ ဝယ်တာက သုံးထောင်၊ ကယ်ရီကြေးက လေးထောင်၊ တက္ကစီက စောင့်တာကော နှစ်သောင်းတောင်းလို့ တစ်သောင်းငါးထောင်ကို မနည်းတောင်းတောင်းပန်ပန် ဆစ်လိုက်ရတယ်၊ ဒီပုံနဲ့ဆို မလွယ်ဘူး'

'အင်းနော်၊ တစ်ရက်ကို နှစ်သောင်းကျော် ကုန်မှာ'

'ဟာ နေဦးမေ့လို့၊ သင်တန်းဆရာကို ကော်ဖီ၊ ရေသန့်၊ ဆေးလိပ်ဝယ်တိုက်တာ မပါသေးဘူး။ မောင်သေချာစဉ်းစားပြီးပြီ ဂေါက်သီးကလည်း လျှော့လို့မရဘူး။ ကယ်ရီကြေးလည်း လျှော့လို့ မရဘူး။ လျှော့လို့ရတာ တက္ကစီခပဲရှိမယ်။ ဒီလိုလုပ်ရအောင် အိတ်ကို ကွင်းမှာပဲ အပ်ထားလိုက်မယ်။ တက္ကစီက အသွားအပြန်ပဲ စောင့်စရာမလိုရင် ခြောက်ထောင်လောက်ပဲ ရှိမှာ။ အဓိက,က အိတ်ပဲဆိုတော့ အိတ်မပါရင် အပြင်ကို လမ်းလျှောက်ထွက်ပြီး လမ်းပေါ်ရောက်မှ တက္ကစီငှား၊ မဆိုးဘူးကွ'

ပြန်တမ်းဝင်အရာရှိငယ်တစ်ဦး၏ လစာသည် သူ၏ ယူနီဖောင်းဖိုးနှင့် ကုန်လှခဲ့ပြီ။ ကျွန်မ ဖွင့်ထားသည့် အိမ်ဆိုင်သေးသေးလေးနှင့် ရေသန့်ဘူးပို့သည့် လုပ်ငန်းက သမီးတို့ ကျောင်းစရိတ်၊ လတ်တလော စားစရိတ်ကို ဖြေရှင်းနိုင်၍သာ မိသားစု အသက်ရှူချောင်ရခြင်းပင်။ သို့သော်လည်း နောင် ရေရှည် ရှေ့ရေးကို မျှော်လင့်ကာ ဂေါက်ရိုက်ခြင်းကို ရင်းနှီးမြှုပ်နှံခြင်းသဘောပိုက်လျက် မျက်စိစုံမှိတ် ဆက်သင်ဖြစ်ခဲ့ပါသည်။ လေ့ကျင့်ရေးကွင်းမှ ကားလမ်းပေါ်အထွက် လမ်းတစ်လျှောက် ဂေါက်ကွင်းမှ ထွက်လာသော ကားမျိုးစုံတို့ကြား ကျွန်မက သူ့လက်ကို တင်းတင်းဆုပ်ရင်း သူက ကျွန်မလက်ကို တင်းတင်းဆုပ်ရင်း သူပြန်ပြောပြသည့် ဂေါက်ဝေါဟာရများ ဟာသများကို နားထောင်ရင်း ခေါင်းမော့ ဖြတ်သန်းဖြစ်ခဲ့ပါသည်။ အမြင့်ကို မှန်းသည် ဆိုငြား ဒီအမြင့်ကဖြင့် တက်ရ ခက်လှချေသည်။

'ကျေးဇူးတင်ပါတယ် မိန်းမရာ၊ မင်းသာ မပါရင် မောင်တစ်ယောက်တည်း လမ်းလျှောက်ပြီး ထွက်ရတာ ကြောင်တောင်တောင် ဖြစ်နေမှာ။ အခုတော့ ဟန်းနီးမွန်း ထွက်နေသလိုပေါ့ ဟားဟား'

အရင်းအနှီးတစ်ခု၊ ဘဝ၏ လှေကားထစ်တစ်ခုအဖြစ် မဖြစ်မနေ သင်ဖြစ်သွားသော ဂေါက်ရိုက်ခြင်းအမှုမှာ သူက ဖွဲသန်လှသူပင်။ ရေကန်အသင့် ကြာအသင့် ဘဝ မဟုတ်လေတော့ တစ်ခေါက်ဆိုတစ်ခေါက် မှတ်မှတ်သားသားဖြစ်အောင် လေ့ကျ



www.burmeseclassic.com

www.burmeseclassic.com

တတ်လေရာ လပိုင်းအတွင်းမှာပင် မယုံကြည်နိုင်ဖွယ် တိုးတက်လာခဲ့လေပြီ။ သူ့ကို သင်တန်းဆရာက ကွင်းပတ်လို့ရပြီ၊ အတွဲရှာပေးမယ်ဆိုလျှင် ကျွန်မ မအံ့သြတော့။ သူ၏ ခါးရိုးခါးဆစ်ကိုလည်းကောင်း၊ လက်ပြင်ကိုလည်းကောင်း လိမ်းသပ်နှိပ်နယ်ပေးရသော ကျွန်မလက်တို့က အချိန်တိုင်း ဒဏ်ကျေဆေးနံ့ သင်းပျံ့လျက် ရှိပါလေ၏။ ပူလောင်နေသော ကျွန်မတို့၏ မျှော်လင့်ရာ၊ အေးချမ်းရာကား သမီးတို့ ဘဝရှေ့ရေးပင်တည်း။

❑

၂။

'မနက်ဖြန် မနက်အစောကြီး ကွင်းပတ်ရအောင်'

'အင် ကျွန်မကို ခေါ်နေတာလား၊ ဟို လူတွေက မရိုက်တော့ဘူးလား'

'အင်း၊ သူတို့က မနက်ဖြန်မနက် ပန်းလှိုင်မှာ ရိုက်မှာတဲ့၊ ကိုယ့်ကို ခေါ်နေတာလေ။ ကားခက်မှာစိုးလို့ မအားဘူးဘဲ ပြောလိုက်တယ်။ ပြီးတော့ ပန်းလှိုင်က ခေါ်လာနဲ့ ရှင်းရမှာလေ'

'အဲလို တစ်ယောက်တည်းပတ်လို့ ရတယ်ပေါ့'

'ရတယ်လေ၊ ဆရာက ကယ်ရီကောင်းကောင်း ချိတ်ပေးထားတယ်'

စိမ်းသော မြက်ခင်းများ၊ ပန်းရောင်စုံများ၊ ခက်လက်စိမ်းစို သစ်ပင်ကြီးများ၊ အေးမြလေညင်းသည် မွှေးသောရနံ့ကို သယ်ဆောင်ကာ စိတ်နှလုံးကို ငြိမ်းချမ်းစေခဲ့ပြီ။ အို ဒီနေရာဟာ ရန်ကုန်လို ဆူညံနေသည့် မြို့ပြအတွင်းမှ မယုံနိုင်စရာ နတ်ဘုံနတ်နန်းတစ်ခုပါပင်။ ရှူသွင်းလိုက်သောလေ၏ လတ်ဆတ်မှုသည် မျက်စိ၏ အေးမြမှုကို အားဖြည့်ကာ စိတ်ကို ညှို့ယူခဲ့ပြီတည်း။

'မဟုတ်ဘူးဆရာ၊ ဒါဆိုရင် Iron ၃ နဲ့ရိုက်'

'ဟုတ်ပါ့မလားကွ'

'ဟာ ဆရာ မယုံရင် စမ်းကြည့်လေ၊ ပြီးမှ တပည့်ကြီး တော်လှချည့်ရဲ့ဆိုပြီး မချီးကျူးနဲ့နော်'

ပတ်ဝန်းကျင်၏ သဘာဝအလှ၌ နစ်မြုပ်ဆဲ ကျွန်မစိတ်တို့ကား မောင်တို့ စကားသံများအောက် ပြန်လည် ရောက်ရှိခဲ့လေပြီ။ မောင်၏ဘေး၌ စကားပြောလက်စ ကယ်ရီတစ်ဦး၊ နောက်အိတ်လွယ်သူတစ်ဦး။ ကျွန်မကား မောင်၏ဘေးမှ ရပ်ရင်း စိမ်းသော ပတ်ဝန်းကျင်နှင့် စိမ်းသော အတွေ့အကြုံ၏ ဖမ်းစားမှု၌ ရင်ခုန်ပျော်မွေ့ ကြည်နူးလာခဲ့ကာ ကုန်ကျရမည့် စရိတ်တို့ကို မေ့လျော့ခဲ့ပြီတည်း။

ပထမဦးဆုံး ဂေါက်ကွင်းအတွေ့အကြုံသည် ကျွန်မကို ကောင်းကောင်း ဖမ်းစားခဲ့လေပြီ။ တောင်းရန်ကျန်နေသေးသည့် ကုန်ကြွေးကျန်စာရင်းတို့သည်လည်းကောင်း၊ ရေသန့်ဘူး လှည်းသမားလေးနှင့် ရှင်းလင်းရန်ကျန်သည့် စာရင်းများသည်လည်းကောင်း၊ သမီးတို့အတွက် ကျူရှင်သစ် ရှာပေးရေးသည်လည်းကောင်း အာရုံမှ ကွယ်ပျောက်ကာ *'စိမ်းသော မြမြက်ခင်းပေါ်၊ စိမ်းသော သူ့ဝတ်စုံအဆင်၊ စိမ်းကားခြင်း နိမိတ်ပုံများ သမိုင်းစိမ်း မင်းရေးဖွဲ့သွား'* ဖော်ဝင်းထွဋ်သီချင်းကို အသံကုန်အော်ဟစ်သီဆိုချင်လာခဲ့ပြီ။ ဒါ့ကြောင့်လည်း ဒီလိုငွေကို ရေလိုသုံးသည့် အားကစားလုပ်ငန်းကြီး ရှင်သန်နေခြင်းပင်။ အနှောင်အဖွဲ့ မွန်းကျပ်မှုတွေမှ လွတ်အောင် ရုန်းထွက်နိုင်သည့် ပတ်ဝန်းကျင်မှာ ယောကျ်ားတွေ သာယာကြတာ ဘာဆန်းလေသလဲ။

'အစ်မ အစ်မ ဟိုမှာ အစ်မလိုပဲ ကွင်းထဲလိုက်လာတာ တွေ့လား'

ကယ်ရီကောင်လေး စကားကြောင့် လှည့်ကြည့်မိလျှင် သစ်ပင်တန်း ခြားထားသော ဟိုဘက်မြက်ခင်းအတွင်း နွဲ့နှောင်းစွာ လှုပ်ရှားနေသော အဝါရောင် မိန်းကလေးတစ်ဦးကို တွေ့ရပါသည်။ တဖျပ်ဖျပ် တိုက်ခတ်နေသောလေ၌ တလူလူလွင့်ဆံပင်များကို ဆတ်ခနဲ ပင့်တင်လိုက်သော မျက်နှာအဝင့်တွင် မြင်တွေ့ရသည့် မျက်ခုံး၊ မျက်လုံး အလှတို့က အဝေးကြည့် အမြင်၌ပင် ငေးမောစရာ ကောင်းလွန်းလှလေသည်။ သွယ်နွဲ့သော ကိုယ်လုံးလေးနှင့် အဝါရောင်ဝတ်စုံတို့က လိုက်ဖက်တင့်မောလွန်းပေစွ။ သစ်ပင်စိမ်းစိမ်း၊ မြက်ခင်းစိမ်းစိမ်း၊ အပြာရောင်ကောင်းကင်အောက်မှ အဝါရောင်ဝတ် မိန်းကလေးသည် စပို့ရှပ်အဖြူ၊ ဦးထုပ်အဖြူ ဆောင်းထားသော အမျိုးသားတစ်ဦးနှင့် ရယ်မော စကားဆိုနေပါသည်။

'အဲဒါ ကျွန်တော်တို့ သူငယ်ချင်းပဲ အစ်မရဲ့။ ဒီကွင်းမှာပဲ ကယ်ရီလိုက်တာ။ နောက် အဲဒီဘိုးတော်ကြီးနဲ့ ငြိပြီး ဘိုးတော်က သူ့မိန်းမကို ကွာလိုက်တာလေ။ သူက ကံကောင်းတယ်။ သူ့အရင်ကဆိုရင် လျော်ကြေးပေးသွားတာတို့၊ တိုက်ခန်း ဝယ်ပေးတာတို့လောက်ပဲ ရှိတာ။ အတည်ယူတာဆိုလို့ သူတစ်ယောက်ပဲရှိတာ။ အဲဒါ အစ်မရေ သူက သူ့လို နောက်တစ်ယောက်တွေ့မှာစိုးလို့ အဘိုးကြီး ကွင်းပတ်တိုင်း လိုက်လိုက်နေတာ၊ ဝင်္ကလည်မှာ ကြောက်နေတာပေါ့။ ဟားဟားဟား'

ကျွန်မက မျက်ခုံးပင့်ကာ စူးစူးစမ်းစမ်း ကြည့်မိလေလျှင် မောင်က ရယ်ချင်သော မျက်ဝန်းများနှင့် ကျွန်မကို ကြည့်ကာ…

'အဲဒါမျိုးက အာရုံကေရှင်တဲ့ လူမျိုးပဲ အကပ်ခံတာကွ၊ မောင့်လိုလူမျိုး ကပ်ချင်လွန်းလို့ပါဆိုရင်တောင် ဘယ်သူမှ မကပ်ဘူး မပူနဲ့။ အင်း ရယ်စရာ ပြောရဦးမယ်။ မနေ့က ကွင်းပတ်တော့ ပွဲရုံက ကိုထွန်းက သူ့ကယ်ရီကို ဓာတ်ပုံရိုက်ပါရစေ ဆိုပြီး ဓာတ်ပုံရိုက်တယ်။ သူ့ကယ်ရီ အမျိုးသမီးက ကိုယ်ဝန်ကြီးနဲ့လေ။ ဟိုကလည်း ဘုမသိ ဘမသိနဲ့ပေါ့။ နောက်မှ 'ကျွန်တော့်မိန်းမက ဂေါက်ကွင်းသွားတာ စိတ်မချဖြစ်နေတာ၊ 'ကယ်ရီကောင်မလေးတွေ' ဆိုတာချည်းပဲ ပြောပြောနေလို့ အိမ်ရောက်ရင် ကောင်မလေးပေမဲ့ ပိုင်ရှင်ကြီးနဲ့၊ သက်သေခံပစ္စည်းနဲ့ဆိုတာ ပြရအောင် ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ရိုက်တာဆိုတော့ မောင်တို့ ရယ်လိုက်ရတာ'

မောင့်စကားဆုံးလျှင် ရယ်စရာအဖြစ် အလို အလျောက် ရယ်မိလိုက်သော်လည်း သေချာ ပြန်စဉ်းစား သည့်အခါ ရယ်ဖို့ရန် မသင့် သည့် ဟာသဟု ချက်ချင်း တွေးမိပါသည်။ လေ့ကျင့်ရေးကွင်းနှင့် ဂေါက်ကွင်းထဲမှ ဟာသများကား ကွင်းနှင့် စိမ်းနေဆဲ ကျွန်မကို မရိုးနိုင်သည့် ရယ်စရာများ ပေးနေမြဲ။ ကျွန်မ၏ ပတ်ဝန်းကျင်သည် ဂေါက်ကွင်းထဲမှ အစိမ်းရောင်လွှမ်းသော အပြာရောင်တို့ဖြင့် အရောင်စုံလာခဲ့ချေပြီ။

❑

၃။

စင်စစ်မတော့ နိုင်ငံခြားပညာတော်သင်၏ ဖြတ်လမ်းသည် ဂေါက်ရိုက်ခြင်း ဖြစ်နေခဲ့ပါသည်။ မောင်တို့ရွယ်တူ၊ အရည်အချင်းတူ၊ တစ်အုပ်တစ်မ ဝန်ထမ်းပုံကြား ခေါင်းတစ်လုံး မော့ထွက်လာနိုင်ခြင်းမှာ အချိန်ရှိသရွေ့ ပေးဆပ်နေခဲ့ရသော ဂေါက်ရိုက်ခြင်းအမှုက အဓိက ဖြစ်နေခဲ့ပါသည်။ မျှော်မှန်းခဲ့လေသည့်အတိုင်း ရာထူးနှင့် ဝင်ငွေကား မြင့်မားလာခဲ့ပေပြီ။ သမီးနှစ်ယောက်အား ရန်ကုန်မြို့၏ နာမည်ကြီးကျောင်းမှာ ထားခွင့်ရခဲ့ခြင်းသည်လည်း ဂေါက်ရိုက်ခြင်း၏ အကျိုးဆက် ဖြစ်သကဲ့သို့ အိမ်ဆိုင်၊ ရေသန့်ဘူးပို့သည့် လုပ်ငန်းနှင့် အသားကျပြီးဖြစ်သော ရွှေဂုံတိုင် ရုံးဝန်ထမ်းအိမ်ရာမှာ ဆက်နေခွင့်ရခဲ့ခြင်းကလည်း ဂေါက်၏ကျေးဇူး

> ခန္ဓာမှာ ဖြစ်သော နာကျင်တရားတို့ကို ကြည်ဖြူစွာ နားလည် လက်ခံခြင်းသည် ကျွန်မ၏ မောင့်အပေါ် ထားသော အချစ်စစ်ဟု နက်ရှိုင်းသော အသည်းနှလုံး တစ်နေရာမှ အော်ဟစ် မြည်တမ်း လာခဲ့လေသည်

မကောင်းခဲ့။

'နေ့လယ် ၂ နာရီ တီးအောက်'ဆိုလျှင် ရှိသည့် အလုပ်ပစ်ချကာ ဂေါက်အိတ်ဆွဲထွက်နိုင်အောင် ကြိုးစားရခြင်းက ရိုးနေခဲ့လေပြီ။ ရွှေတိဂုံဘုရားသွားမည်။တောင်ဘက်မုခ်မှ ဆင်းကာ ပက်ပီးဝေါလ်ဝင်မည်။ ပြီးလျှင် ရွှေဘဲမှာ ဘဲကင်ကျွေးမည်ဟု သမီးတို့ကို ကတိပေးခဲ့သည်။ သီတင်းကျွတ်၌ မျှော်စင်ကျွန်း လိုက်ပို့မည်ဟုလည်း ပြောခဲ့ပြန်သည်။ သို့သော်လည်း အချိန်အခါမရွေး ကျရောက်လာတတ်သော ဆင့်ခေါ်မိန့်၏အောက်တွင် ကတိစကားတို့ ရေစုန်မျောခဲ့ချေ၏။ တိမ်လိုလွင့်ခဲ့ချေ၏။ သမီးတို့ စိတ်ကောက်လျှင် နားလည်တတ်လာအောင် ချော့မြှူစကားတို့နှင့် အငိုတိတ်စေရင်း သက်ပြင်းရှိုက်ခဲ့ရိုးတို့ မရေတွက်နိုင်ခဲ့။ ဒါသည်ပင် ကျွန်မတို့ မျှော်မှန်းခဲ့လေသည့် ရွှေရောင်အနာဂတ်၏ ဘေးထွက်ဆိုးကျိုးများဟု ဆိုရချိမ့်မည်။

နိုင်ငံခြားခရီး နှစ်ခေါက်သွားအပြီးမှာတော့ ရန်ကုန်မှာ ခိုကပ်နေချင်၍ မရနိုင်တော့။ မိသားစုနှင့်အတူ မခွဲမခွာ နေလိုသော်လည်း အစိုးရဝန်ထမ်းဆိုသည်က စေလွှတ်ရာ သွားရမည်သာတည်း။ ပို၍မြင့်သော ရာထူးကို လက်ခံရန် လှိုင်ကော်သို့ မောင် ထွက်သွားခဲ့ပါသည်။

မောင် ပြောပြသော ဒီးမောဆို၊ ဖရူဆို၊ ဖားဆောင်းနယ်မြေများ၊ တောင်ပေါ် ရှုခင်းများ၊တောင်ကျချောင်းများ၊ ထီးပွင့်ကန်နှင့် ကျက်ဂူကဲ့သို့သော လည်စရာများ၊ကယားရိုးရာဓလေ့များ၊ ကယားအစားအသောက်များအကြောင်း နားထောင်ရင်း၊ သူ၏ ပျော်ခြင်း၊ မပျော်ခြင်းကို ခွဲခြားစိစစ်ရင်း အဝေးနေ လွမ်းရက်များကို ကျော်ဖြတ်ဖြစ်ခဲ့ကြပါသည်။ ဌာနဆိုင်ရာတင်မက ပြည်နယ်လူကြီးများနှင့်ပါ တိုက်ရိုက်ဆက်ဆံရသည့် အခါ အလုပ်ထဲမှ တင်းအားတို့က နှစ်ဆပိုထွက်လာခဲ့လေပြီ။

'နေပြည်တော်ရုံးချုပ်က အဝေးကမားပေါ့၊ လှိုင်ကော်ပြည်နယ်ရုံးက အနီးမားပေါ့။ နီးရာမားလည်းကြောက်၊ အဝေးကမားလည်းကြောက် ဝန်ထမ်းဘဝကတော့ ကမ်းနားသစ်ပင်ဆိုတဲ့အတိုင်းပဲလေ။ တစ်ခါတလေ နေပြည်တော် အမိန့်က တစ်မျိုး၊ ပြည်နယ်ရုံးအမိန့်က တစ်မျိုး ဘာလုပ်ရမှန်း မသိဘူး။ ဘာပဲဖြစ်ဖြစ်လေ၊ ဝန်ထမ်းဆိုတာ အထက်အမိန့်ကို နာခံရမယ်ဆိုတော့ အဆင်ပြေသလိုလုပ်လိုက်၊ အဆင်မပြေတော့ အဆူအဆဲ ခံလိုက်ပေါ့။ မနေ့ညကဆိုရင် နေပြည်တော်ညွှန့်ချုပ် လာမှာမို့ Power Point တွေ ပြင်နေရတာ ည ၂ နာရီထိုးမှ ပြီးတယ်။ အဲဒါ မနက် ၅ နာရီ ဖုန်းဆက်ပြီး အချိုပွဲတွေ ဘယ်သူတာဝန်ယူထားလဲတဲ့။ အဲဒါ ကိုယ့်ကို မေးစရာလား။ ဒေါသထွက်ပေမဲ့ မတတ်နိုင်ဘူးလေ'

သူ ညည်းတွားလာသော သူ့ခံစားချက်များကို ဖုန်းဖြင့် ဖြေသိမ့်ရုံကလွဲပြီး ဘာတစ်ခုမှ မစွမ်းဆောင်နိုင်ခဲ့။ သမီးတို့နှင့် ပတ်သက်သည့် အမောများ၊ ဆိုင်၏ ငြီးငွေ့ဖွယ်ရာများကို သူ့ထံ တိုင်တည်ရင်း အပြန်အလှန် ဖြေသိမ့်ခြင်းဖြင့် အားယူရင်း နေ့ရက်များကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြပါသည်။

နှစ်ဦးသား စိတ်တူကိုယ်တူ ဖွဲ့စည်းခဲ့လေသော ဘဝမှာ ခုလို တစ်မြေ တစ်ရေစီ ခြားလေတော့ သတိရတိုင်း ဖုန်းခလုတ်ကို နှိပ်ဖြစ်သည်သာ။ အထူးသဖြင့် မိသားစုနှင့် ဝေးရာမြို့ငယ်လေး၏ ဝန်ထမ်းအိမ်ရာ အတွင်း နေရေးစားရေး



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေပါ့မလား စိုးရိမ်စိတ်ဖြင့် မိသားစု၏မြို့ထမင်းဝိုင်းမှာ စားပြီးလေတိုင်း သူ့ဆီ ဖုန်းခေါ်ဖြစ်ခဲ့သည်။ သူ၏ အပါးတော်မြဲမောင်အောင် ဖန်တီးလေသည့် တစ်နေ့တာ စားမှု၊ နေမှု၊ စီမံမှုမှာ လူးလူးလိမ့်လိမ့်ဖြစ်လောက်ပေပြီဟု တွေးမိလေတိုင်း စိတ်မချမ်းသာ။ မောင်၏ စားမှု၊ နေမှုကို ဦးစားပေး တွေးဖြစ်သည့် ကျွန်မက အရာရှိ အပြောင်းအလဲမှာ ဂေါက်ပြန်ရိုက်ဖြစ်သည်ဆိုတော့ မောင့်ကျန်းမာရေးအတွက် တစ်နည်းတစ်ဖုံ ဝမ်းသာရပြန်သည်။ သမီးနှစ်ယောက်၊ မိန်းမနှင့် သူပျော်မွေ့ရာ မိသားစုရိပ်မြုံမှ ဝေးကွာရချိန်အတွင်း သူ နှစ်သက်သည့် ဝါသနာမှာ သူ့စိတ်နှလုံး မြုပ်နှံပါစေတော့။ သူဝယ်နေကျ ဆီဒိုးနားဘေး ဂေါ့ဖ်ပစ္စည်းဆိုင်မှ ဂေါက်သီးအပျော့တစ်ဖာ၊ လက်အိတ်နှင့် ဦးထုပ်ဝယ်ပြီး သူ့ထံ ပို့ရန် တွေးမိပါသည်။

လှိုင်ကော်ရောက်သည့် နှစ်နှစ်ခန့်အတွင်း တစ်ခါနှစ်ခါမှလွဲပြီး ဂေါက်မရိုက်ဖြစ်ခဲ့။ ထိုသည်ကလည်း သူ့အထက်အရာရှိက ဂေါ့ဖ်ရိုက်ခြင်းကို အချိန်ဖြုန်းခြင်း၊ ငွေဖြုန်းခြင်းနှင့် အင်္ဂလိပ်တို့၏ အမွေဆိုးအဖြစ် မှတ်ထင်ယူဆခဲ့သူ ဖြစ်လေတော့ ဂေါ့ဖ်အိတ်ကို ချောင်ထဲထိုးထားဖြစ်ခဲ့လေသည်။ နောက်ပြောင်းလာသည့် အရာရှိက တကယ့်ဂေါ့ဖ်ဝါသနာအိုးစစ်စစ်၊ ဝါသနာဖြင့် တစ်နေကုန်ကွင်းထဲဆင်းကာ အပင်ပန်းခံသူဖြစ်လေတော့ ဂေါ့ဖ်အိတ်ကို ဖုန်သုတ်ဖြစ်ရပြီ။

စိမ်းသောမြက်ခင်း၊ လတ်ဆတ်သော လေပြည်ညင်းနှင့် အပြောကျယ်သော ကောင်းကင်ပြာပြာအောက်တွင် စိတ်၏ တင်းအား၊ တွန်းအား၊ ရုန်းအားတို့ ပြေလျော့ကာ ငြိမ်းအေးမှုတို့ မောင့်အပေါ် သက်ရောက်လျှင် အပူကို ဝေမျှဖက် ကျွန်မအတွက် တစ်နည်းတစ်ဖုံ အေးမြခြင်းပင် ဖြစ်တော့၏။ ငြိမ်းချမ်းစဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ခေါင်းမထူနိုင်အောင် အလုပ်များလှသော မောင်၏ စိတ်အပန်းဖြေရာသည် ဂေါ့ဖ်ကွင်းဖြစ်ခဲ့သော် ကျွန်မ ကျေနပ်နိုင်ရပေလိမ့်မည်။

❑

၄။

'လိုက်မသွားဘူးလား'

'အမျိုးသားကော ပြန်မလာဘူးလား'

'ညီမလေး ရနေမယ်နော်၊ သမီးတွေနဲ့ ကမ္ဘာတည်မနေနဲ့။ ယောက်ျားကိုလည်း အချိန်ပေးဦးမှပေါ့'

သမီးတို့ကား အရွယ်ရောက်ခဲ့ချေပြီ။ မိန်းကလေးတို့၏ အနေအထိုင်၊ အပြောအဆို၊ ပညာရေးနှင့် စိတ်နှလုံးသိမ်မွေ့မှု၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်လေမည့် အတွင်းစိတ်အနေအထားတို့ကို ထိန်းညှိရန်ကား ကျွန်မ၏ တာဝန်သာတည်း။ ထို့ပြင် ရန်ကုန်ပညာရေးစနစ်၌ အသားကျပြီးသော ကလေးတို့အတွက် လှိုင်ကော်သည် အလည်သွားရမည့် စိတ်ကူးယဉ်စရာ မြို့တစ်မြို့သာ ဖြစ်လိမ့်မည်။

မျက်လုံးကို စုံမှိတ်မိလျှင် အာရုံပေါ်လာသည်က ကောင်းကင်ပြာနှင့် သစ်ပင်တောအုပ်စိမ်းစိမ်း နောက်ခံလျက် လွင့်ပါးနေသော အဝါရောင်တစ်စ။ ဖြည်းဖြည်းမျှင်မျှင် လွင့်ပါးနေသော ထိုအဝါရောင်သည် လှည့်ပတ်လှုပ်ရှား ဆော့ကစားလျက် ရှိလေ၏။ ထိုအဝါရောင်နောက်သို့ မျက်စိတစ်ဆုံး လိုက်ကြည့်မိဆဲ၊ ဟက်ဟက်ပက်ပက် ရယ်သံကို ကြားမိကာ ဆတ်ခနဲ လန့်တုန်သွားရလေသည်။ ထိုမိန်းကလေး၏ နွဲ့နှောင်းစွာ ရပ်တည်နေဟန်နှင့် လှိုက်လှိုက်လှဲလှဲ ကြည်နူးရယ်မောသံသည် မောင့်အလုပ်အတွက်၊ သမီးတို့အတွက် ပူပင်သောကတို့ဖြင့် အိပ်မောကျဆဲ ကျွန်မ၏ နှလုံးသားကို လှုပ်နိုးခဲ့ပြီတည်း။

မနေ့က ဖုန်းဆက်စဉ်က…

'မနက်ဖြန် မနက်စောစောကြီးက နန့်ဖဲဆိုတဲ့ ရွာလေးကို သွားရမယ်။ ကျေးလက် ရေရရှိရေးလုပ်ငန်းလေ။ ဒီပရောဂျက်ကို မောင်ကိုယ်တိုင် အစအဆုံး သေချာလုပ်ခဲ့တာ။ လှိုင်ကော်ရောက်ခါစပေါ့။ သေချာကွင်းဆင်းပြီး ဩော် မင်းဝယ်ပေးလိုက်တဲ့ GPS လေ။ အဲဒါနဲ့ ပထမဆုံးလုပ်ခဲ့တဲ့ အလုပ်ပေါ့။ အဲဒါ အခု မောင်တို့ဌာနက မလုပ်ရတော့ဘူး။ မောင်တို့က အစအဆုံး ပြင်ဆင်ပြီးသားလေ၊ တကယ် ဘတ်ဂျက်ကျလာတော့ ကျေးလက်ဖွံ့ဖြိုးအနေနဲ့ ကျလာတာ။ လုပ်ထားသမျှ အလကားဖြစ်ကုန်တာပေါ့။ Drawing ဆိုညမအိပ်ဘဲ ဆွဲထားရတာ။ အဲဒါ သူတို့ဌာနက ကုမ္ပဏီကို ပေးလိုက်တော့ ကုမ္ပဏီက မောင့်ကို အကြံပေး ပြန်ငှားတာလေ။ အစကတော့ စိတ်နာလို့ မလိုက်တော့ဘူး စဉ်းစားနေတာ။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်တော့ လုပ်ထားသမျှတွေ အလကားဖြစ်ကုန်မယ့်အတူတူ Data တွေ အကုန်လုံး ကုမ္ပဏီကိုပဲ ပေးလိုက်တော့မယ်။ သမီးတို့ ကျောင်းစရိတ် ရတာပေါ့ဆိုပြီး လက်ခံလိုက်တာ'

'ဩော် ဟိုတစ်ခါ ပြောတဲ့ တောင်ပေါ်တက်ပြီး ရေထွက်ရှာရတယ်ဆိုတာလား'

'ဟုတ်တယ်၊ နန့်ဖဲအထိ ကားလမ်းပေါက်တယ်လေ။ အဲဒီကနေ တောင်ပေါ် ၈ မိုင်လောက် တက်ရတယ်။ ရေထွက်အားကောင်းမယ့် ရေထွက်ကိုရှာရတာ။ ပြီးတော့မှ ပိုက်နဲ့သွယ်ပြီး ရွာကိုပို့ရမှာ။ အနိမ့်အမြင့်တွေ၊ ချောင်းတွေ ဖြတ်ရမှာ။ ချောင်းဖြတ်တာလည်း တစ်နေရာတည်း မဟုတ်ဘူး။ ၁၉ နေရာလောက် ဖြတ်ရမှာဆိုတော့ လွယ်သလိုလိုနဲ့ ပညာရှင်မပါရင် မရနိုင်ဘူးလေ။ ကုမ္ပဏီပိုင်ရှင်က ဒါ မောင်တို့အလုပ်တွေဆိုတာ သိတယ်။ အဲဒါကြောင့် မောင့်ကို ရအောင်လာရှာတာ။ မနက်ဖြန် မိုးချုပ်မလား မသိဘူး၊ အခြေအနေအရပဲ၊ ဖုန်းဆက်လို့လိုင်းမမိရင် စိတ်ပူနေမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com

ကြိုပြောထားတာ'

ဒါသည်ပင် သူ့အလုပ်။ သူ့စားပွဲပေါ်မှ ရှုပ်ယှက်ခတ်နေသော ပုံအပိုင်းအစများ၊ အဝိုက်အကွေး အတွန့်များနှင့် ကွန်တိုမြေပုံ အထပ်လိုက်ကို မြင်ယောင်မိလျှင် မနေမနား ရှိလေခဲ့သော ဒွန်တွဲနေသည့် အလုပ်နှင့် ဝါသနာကို တွေးမိလာပါသည်။ မောင်ကား အလုပ်နှင့် ဝါသနာတစ်ထပ်တည်းကျကာ အလုပ်၌ ပျော်ရွှင်နစ်မြုပ်သူပင်။ ဝန်ထမ်း ဘဝ တာဝန်ဝတ္တရားများ၊ စောင့်စည်းအပ်သည်များ၊ မျိုသိပ်ရခြင်းနှင့် စိတ်ဒုက္ခကို သိပင်သိသော်လည်း ကျွန်မ အတွေးများကား မလွတ်လပ်နိုင်တော့ပြီ။

ကျွန်မစိတ်တို့သည် ရှာစဉ်တစ်လျှောက် ခရီးပေါက်ခဲ့ပြီတည်း။ ဖရူဆိုအတွက် ဆက်သွယ်ရေးတိုင်နားဆိုလျှင် လိုင်းတစ်ချက် မိသည်ဟု ပြောခဲ့ဖူးသည်ကို သတိရမိတော့ ဖုန်းခလုတ်ကို အမိအရ နှိပ်မိပြန်သည်။ ဇရိယာပြင်ပသို့ ရောက်နေပါသဖြင့်ဟု ဖြေသံကို မျှော်လင့်ပြီးဖြစ်သော်လည်း ရင်မဆိုင်ဝံ့။ မောင်ဟာ ဖရူဆို- ဒီမောဆို- လှိုင်ကော် လမ်းတစ်လျှောက်မှာပဲလား။ တကယ်ပင် ဆက်သွယ်ရေးဇရိယာပြင်ပသို့ ရောက်ခဲ့ခြင်းလား။ ဆက်သွယ်မှုဇရိယာပြင်ပဆီသို့ ထွက်ခွာသွားခဲ့ခြင်းလား။

ပစ်မထားနဲ့နော် ဟူသော အသံတို့ ထပ်ထပ်ကြားရဆဲ။ ဝင်သက်လား၊ ထွက်သက်လား သတိမမူမိ။ မေ့မေ့လျော့လျော့ ရှူမိသလို၊ မရှူမိသလို။ အသက်ရှူမိတာလား၊ ရှိုက်ငင်မိခြင်းပေလား။ တွန်းထိုးထွက်ကန်လာသော လေသည် စိတ်နှလုံးမှ အပူကို သယ်ဆောင်မသွားနိုင်ခဲ့။

အဝါရောင်၏ ညှို့ငင်ကိုယ်ထင်ပြရာသို့ ကျွန်မ၏ စိတ်နှလုံးတို့ ကောက်ကောက်ပါခဲ့ပြီတည်း။

'သူကလည်း အရင်က ကယ်ရီပဲလေ အစ်မရဲ့'

ရယ်သံနှင့်ငိုသံ။ အမျိုးအမည် မခွဲခြားနိုင်သော သံရှည်တစ်စသည် ကျွန်မ၏ လည်ချောင်းမှ ဖွတ်တိုးရုန်းကန် ထွက်သွားစဉ်မှာပင် အတွေးတစ်စ လွှမ်းမိုးလာကာ ခြေဖျားလက်ဖျားတို့ အေးစက်လာခဲ့ချေပြီ။ ကျွန်မကား အမှန်တရားကို ရင်ဆိုင်ရပေလိမ့်မည်။ သမီးနှစ်ယောက်၏ အသိအလိမ္မာ၊ ပညာရေး၊ လူမှုရေးတို့ကို လျစ်လျူရှုရန် စိတ်မကူးဝံ့သူက ဇနီးမယားတစ်ယောက်၏ တာဝန်ကို မသိကျိုးကျွန်ပြုခဲ့မိပေပြီ။ မောင်အောင်ချက်ကျွေးလေသော ထမင်းဝိုင်းတွင်ထိုင်ရင်း မိသားစုကို သတိရပေလိမ့်မည်။ ညဘက် အလုပ်စားပွဲထိုင်ရင်း၊ တီဗွီသတင်းနားထောင်ရင်း ပျော်ရွှင်ခဲ့ဖူးလေသော ညတို့ကို တမ်းတကာ မနက်မိုးလင်းသော် အိပ်ရာထက်၌ တွေဝေနေပေလိမ့်မည်။ အသံတို့ တိတ်ဆိတ်သော၊ အိမ်မမည်သောအိမ်၌ စက်ရုပ်သဖွယ် ခံစားနေပေလိမ့်မည်။ အလုပ်ထဲမှ အဆင်ပြေမှု၊ မပြေမှုတို့၏ သက်ရောက်အားသည် တစ်ကိုယ်စာ ဘဝအတွက် ပင်ပန်းဆင်းရဲကို နှစ်ဆတိုးစေလိမ့်မည်။

မောင်၏ ရင်အပူနှင့် စိတ်သောကတို့ကို မည်သို့ ဖြေဖျောက်ခဲ့ပါသနည်း။

မောင်ကား ဆက်သွယ်မှု ဇရိယာပြင်ပသို့ ရောက်နေဆဲတည်း။ ဇရိယာ၏ ဤမှာဘက်ခြမ်း၌မူ ဆန့်ကျင်ဘက်တရားတို့၏ တွန်းထိုးလှုံ့ဆော်မှုဖြင့် အတွေးတို့သည် လွန်းသဖွယ် ယှက်ရှယ်ပြေးကာ အတိတ်ပစ္စုပ္ပန် ကူးလူးဆဲ။ ပစ္စုပ္ပန်၌ နာကျင်ခံခက်လျှင် အတိတ်သို့ ပြေးကာ ချစ်ခြင်းကို ရှာလေ၏။

အတိတ်၌မူ အချစ်သည် ကြင်နာခြင်း ရောယှက်ကာ ချိုမြိန်ပေစွ။ မောင်၏ စိုးရိမ်ပူပန်စွာ ဆက်သွယ်လာသော ဖုန်းသံများသည်လည်းကောင်း၊ လွမ်းဆွတ်တမ်းတခြင်းဖြင့် လှိုက်လှဲနေသည့် လေယူလေသိမ်းသည်လည်းကောင်း ပုန်းအောင်းရာကောင်းကင်ထက်မှ ပြိုဆင်းလာခဲ့ချေပြီ။ ယခင်က အမှတ်တမဲ့ ထားခဲ့လေသော မောင့်အချစ် အကြင်နာများကား ယခု အမှတ်ထင်ထင်ဖြစ်ခဲ့ရပြီ။ ချစ်ခြင်းတရားကို ဖော်ညွှန်းလေသည့် စကားလုံးများနှင့် အပြုအမူတို့ကား ကိုယ်ထင်ပြသည့်နှယ် ကွန့်မြူးသော ပုံရိပ်ရှင် ဖြစ်ခဲ့လေပြီ။

ငြိမ်သက်စပြုသော စိတ်နှလုံး၏အောက်၌ တွေးသမျှတို့သည် အချစ်အကြင်နာတို့သာတည်း။ မောင်၏ ချစ်ခြင်းကို ခံယူခဲ့လေသော ကျွန်မသည် ကျွန်မချစ်သော မောင့်အတွက် နားလည်မှုပေးရမည့်အချိန် ရောက်လာခဲ့လေပြီ။

အသက်လေးဆယ် ကျော် ယောကျ်ားတစ်ဦး အတွက် လစ်လပ်လျက်ရှိသော အိမ်ထောင်ရှင်မ ကွပ် လပ်ကို ဖြည့်နိုင်ဖို့ စဉ်းစားခဲ့ မည်ဆိုလျှင် ကျွန်မအနေဖြင့် ကန့်ကွက်ရန် မသင့်ဟူသော ခံစားချက်တို့ဖြင့် ကျွန်မကား ထူးဆန်းစွာ တည်ငြိမ်လာခဲ့ ပေပြီ။ ငိုရန် အသင့်ဖြစ်နေခဲ့ သည့် တစ်ကိုယ်စာ ခံစားမှု တို့က မောင်၏ ယောကျ်ား ဖြစ်ခြင်းဟူသော အရှိတရား ကို သိမြင်လာသည့်အခါ ကျွန်မလျှောက်ရမည့် လမ်း ကို တွေ့ခဲ့ပြီတည်း။

အကယ်၍သာ ကျွန်မ ၏ နေရာအတွက် အစားထိုး မှုတစ်ခုသည် မောင့်အတွက် ကျေနပ်သာယာမှုကို ဖြစ်စေခဲ့ သော် ကျွန်မ လက်ခံရပေ လိမ့်မည်။ ခန္ဓာမှာ ဖြစ်သော နာကျင်တရားတို့ကို ကြည်ဖြူ စွာ နားလည်လက်ခံခြင်း သည် ကျွန်မ၏ မောင့်အပေါ် ထားသော အချစ်စစ်ဟု နက် ရှိုင်းသော အသည်းနှလုံး တစ်နေရာမှ အော်ဟစ်မြည် တမ်းလာခဲ့လေသည်။

မည်သို့ပင်ဆို စေ မိသားစု၏ ကောင်းကင် သည် ကြည်မြပီသဆဲပင်။

❑

၅။

ဇရိယာပြင်ပမှ မောင် ပြန်လာလျှင် မောင်၏ တစ် ကိုယ်စာ လွတ်လပ်ခွင့် အတွက် ကြည်ဖြူကျေနပ်ပါ ကြောင်း မောင်သိအောင် ပြောပြချင်လာခဲ့လေသည်။

■

အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com

ငွေဇင်ယော်ဦး၊မိုးကုတ်၊



www.burmeseclassic.com

www.burmeseclassic.com

ကတ္တရာခင်းလမ်းမနှင့် ယာဉ်တစ်ခုခု၏ဘီးတို့ ပြင်းထန်စွာပွတ်ဆွဲလိုက်သည့် နားကျိန်းဖွယ် ကျွီခနဲအသံရှည်ကြီးနှင့် တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည့် ဝုန်းခနဲအသံကျယ်ကြီးကြောင့် အိမ်ရှေ့လမ်းပေါ် ယာဉ်တိုက်မှုတစ်ခုခုဖြစ်ပြီမှန်း ကျွန်မတို့ အတပ်သိလိုက်ကြသည်။ ထို့ကြောင့် ညနေစာစားပြီး တီဗွီရှေ့ရောက်နေကြပြီဖြစ်သည့် ကျွန်မတို့မိသားစုလည်း အိမ်ထဲအေးအေးဆေးဆေး ထိုင်မနေကြတော့ဘဲ ကိုယ့်အိမ်ရှေ့လမ်းမပေါ်သို့ အပြေးအလွှား ထွက်ကြည့်ကြရတော့သည်။ အသံကြားကြားချင်း ထွက်ကြည့်လိုက်ကြတာပေမဲ့ လမ်းပေါ်မှာတော့ ကျွန်မတို့ထက် အရင်ရောက်နှင့်နေကြသူများနှင့် ဝိုင်းအုံလျက်ရှိနေပြီဖြစ်ပါ၏။ အနီးအနားတစ်ဝိုက်ရှိ အိမ်နီးချင်းတွေသာမက



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကမှန်းမသိသည့် သူစိမ်းတွေကိုပါတွေ့ရသည်။ လောလောဆယ်မှာ ထိုသူစိမ်းတွေထက် ယာဉ်တိုက်မှုဖြစ်သူတွေဟာ ကိုယ့်အသိတွေလား၊ ဘာတွေများဖြစ်ကုန်သလဲဆိုတာသိရအောင် လူအုပ်ကြားထဲ အရင်ဆုံး တိုးဝင်ကြည့်ရှုရသည်။

ဝိုင်းရံထားသည့် လူအုပ်ကြီး၏အလယ်မှာ ဆိုင်ကယ်နှစ်စီးက ပိုးလိုးပက်လက်။ ဆိုင်ကယ်မှ ပျက်စီးကွဲကြေလွင့်စဉ်ကုန်ဟန်တူသည့် အကာအရံပစ္စည်းအပိုင်းအစတွေကလည်း ဟိုနားတစ်စ၊ ဒီနားတစ်စ။

ကျွန်မ ကြည့်လိုက်မိတုန်းမှာပဲ လဲကျနေသူနှစ်ဦးအနက် တစ်ဦးက ပွန်းပဲ့ဒဏ်ရာဗရပွနှင့် ကုန်းရုန်းထထိုင်လာ၏။ ကျန်တစ်ဦးကတော့ ဘယ်နေရာတွေက ထွက်နေမှန်းမသိရလောက်သည့် သွေးအလိမ်းလိမ်းတို့ဖြင့် လမ်းမပေါ် မလှုပ်မယှက်လဲကျ သတိလစ်လျက်ရှိနေလေသည်။ ဒယီးဒယိုင်နှင့် ထလာသည့်လူငယ်ကလည်း အက်ဆီးဒင့်ကြောင့် ရောခ်ရသွားဟန်ဖြင့် ဝိုင်းကြည့်နေသည့် လူအုပ်ကြီးကိုတစ်လှည့်၊ လဲနေသူထံတစ်လှည့် ကြောင်စီစီ မျက်လုံးများဖြင့် လိုက်ကြည့်နေသည်။

'ဒီအတိုင်းကြည့်နေလို့တော့ ဘယ်ဖြစ်ပါ့မလဲ။ ဟိုလဲနေတဲ့ တစ်ယောက်ကို ဆေးရုံမြန်မြန်ပို့မှ ဖြစ်မှာပေါ့။ ကြည့်ပါလား သွေးတွေကို မနည်းဘူး။ သေများသွားပြီလား'

> ဝိုင်းရံထားသည့်
> လူအုပ်ကြီး၏
> အလယ်မှာ
> ဆိုင်ကယ်
> နှစ်စီးက
> ပိုးလိုးပက်လက်
> ဆိုင်ကယ်မှ
> ပျက်စီးကွဲကြေ
> လွင့်စဉ်ကုန်ဟန်
> တူသည့်
> အကာအရံ
> ပစ္စည်း
> အပိုင်းအစတွေ
> ကလည်း
> ဟိုနားတစ်စ
> ဒီနားတစ်စ

'ဟာ၊ အဲဒီလို အရမ်းအရမ်းကိုင်လို့ ဘယ်ဖြစ်ပါ့မလဲ။ တာဝန်ရှိတဲ့သူတွေ ရောက်လာအောင် စောင့်လိုက်ကြဦးမှပေါ့။ တော်ကြာ ကိုယ်တွေဘုမသိဘမသိ ရမ်းသန်းကိုင်ကြလို့ တစ်ခုခုဖြစ်သွားမှ ကိုယ့်အမှုလာပတ်နေဦးမယ်'

'အဲဒါဆို ဒီလူကို ဒီအတိုင်းပစ်ထားလိုက်ရတော့မှာလား'

'ပစ်မထားချင်လည်း ခင်ဗျား သွားကိုင်လေ။ အမှုပတ်တော့မှ ကျုပ်တို့ကို ဆွဲမထည့်နဲ့'

အကြံပြုမိသည့်သူ တွန့်သွားသည်။ သတိလစ်နေသူကလည်း ခုထိ သတိလည်မလာသေးပေ။

'ရဲစခန်းကို ဖုန်းဆက်ကွာ။ ရပ်ကွက်လူကြီးလည်း ပြေးခေါ်တဲ့သူ ခေါ်ကြဦး'

လူကြီးတစ်ယောက်က အခြေအနေကို ဝင်စီမံအကြံပြုသည်။ ကျွန်မကတော့ တိုက်မိကြသည့် ကာယကံရှင် ထိုနှစ်ယောက်တို့ ဘယ်သူဘယ်ဝါဆိုတာ သိရအောင် သေချာကြည့်မိသည်။ နှစ်ယောက်လုံးအသက်အစိတ်ဝန်းကျင်သာသာ လူငယ်တွေဖြစ်သည်။ မြင်ဖူးနေပေမဲ့ သေသေချာချာကြီးတော့ သူတို့ကို ကျွန်မ မသိပါ။ နှစ်ယောက်လုံး၌ ဆိုင်ကယ်ဦးထုပ်တွေလည်း မပါကြ။ ဆိုင်ကယ်ချင်းတိုက်မိ၍ဖြစ်စေ၊ ဆိုင်ကယ်မှောက်၍ဖြစ်စေ အသက်အန္တရာယ် ထိခိုက်ရလောက်အောင် ဆိုးဆိုးဝါးဝါးဖြစ်သွားရသူများကို ကြည့်လျှင် ဆိုင်ကယ်ဦးထုပ် မဆောင်းထားကြတာများသည်။ လူငယ်တော်တော်များများက ဆိုင်ကယ်ဦးထုပ်ဆောင်းရသည်ကို မနှစ်သက်ကြ။ တချို့က ရှိုးပဲ့မည်စိုးသလို တချို့ကတော့ အလုပ်ရှုပ်သည်ဟု တွက်ကြသည်။ မော်တော်ပီကယ်ဖမ်းချိန်မှလွဲ၍ ဆိုင်ကယ်ဦးထုပ် သိပ်မဆောင်းကြပေ။ ဒီတော့ အက်ဆီးဒင့်တစ်ခုခု ဖြစ်လိုက်လျှင်လည်းမလွယ်။ တက်ကြွသည့်အရွယ်နှင့် လူငယ်တွေဆိုတော့ ဆိုင်ကယ်မောင်းကြသည်ကလည်း အနည်း

နှင့်အများ ခပ်ကြမ်းကြမ်းတွေ မဟုတ်လား။

'ဘယ်လိုများဖြစ်ကြပါလိမ့်။ လမ်းကလည်း မရှုပ်ဘဲနဲ့'

'ကျုပ် မြင်လိုက်တယ်။ ဟိုတစ်ကောင်က တောင်ပိုင်းသား။ သတိလစ်နေတဲ့ကောင်က မြောက်ပိုင်းသား'

လူအုပ်ထဲမှ တစ်ယောက်က အတန်ငယ်လေသံမြှင့်လျက် ဝင်ပြောသည်။ ကျွန်မ အပါအဝင် အားလုံး၏ အကြည့်က ထိုသူ့ထံ ရောက်ရှိကြသွားကြပါ၏။ သူ့ကိုလည်း ကျွန်မ မသိပါ။ မသိရုံမျှမက၊ တစ်ခါမှကို မမြင်ဖူးတာဖြစ်သည်။ ဂင်တိုတို၊ အရပ်ပုပု၊ မျက်နှာထားမာမာနှင့် ထောင်ထွက်ရုပ်ပေါက်နေသည့် လူတစ်ယောက်ပဲဖြစ်ပါ၏။

'တောင်ပိုင်းသားက နောက်ကနေ တမင်လိုက်လာပြီး ဆိုင်ကယ်ကို ဘေးချင်းပွတ်ဆွဲပြီး မြောက်ပိုင်းသားကို အရင်ရန်စတာ။ ဟိုက စိတ်တိုပြီး ပြန်လိုက်ရင်း ဖြစ်ကုန်ကြတာ'

ထိုသူက အခိုင်အမာပင် ရှင်းပြနေသည်။ ကျွန်မကတော့ သူပြောနေပုံတွေ တနေ တစောင်းနားထောင်ရင်း ထိုသူဟာ ကျွန်မတို့ မြောက်ပိုင်းသားလား၊ တောင်ပိုင်းသားလားဟု မှန်းဆမရနိုင်ဘဲ ရှိနေသည်။

ကျွန်မတို့ရပ်ကွက်မှာ ကျွန်မတို့မြို့၏ ရပ်ကွက်များစွာထဲမှ အကျယ်ဆုံးနှင့် အိမ်ထောင်စုအများဆုံး၊ လူဦးရေအများဆုံးရပ်ကွက်ကြီးတစ်ခု ဖြစ်သဖြင့် တစ်ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

တည်းကိုပင် တောင်ပိုင်းနှင့် မြောက်ပိုင်းဟု ခွဲပြောနေရသည်။ ရပ်ကွက်လူမှုရေးအဖွဲ့အစည်းကအစ နှစ်စု ခွဲထားရသည်။ မညီညွတ်၍ ကွဲနေတာမျိုးထက် ရပ်ကွက်ကိုက ကြီးလွန်းနေ၍ သူ့အလိုလို နှစ်ဖက်ကွဲနေရတာပင်။ ဒါက လူကြီးတွေကြား သိပ်ပြဿနာ မရှိလှပေမဲ့၊ နားလည်ကြပေမဲ့ လူငယ်တွေကြားမှာတော့ အရေးကြုံလာလျှင် တောင်ပိုင်းသားကလည်း တောင်းပိုင်းသားစိတ်ဓာတ်၊ မြောက်ပိုင်းသားကလည်း မြောက်ပိုင်းသားစိတ်ဓာတ် ရှိကြသည်။

ကျန်အချိန်တွေ၌ သိပ်မသိသာလှပေမဲ့ မြန်မာ့ရိုးရာကသိုလ်ရေးပွဲတော်ချိန်ခါဖြစ်သည့် တစ်နှစ်တစ်ခါ ခြိမ့်ခြိမ့်သဲကျင်းပသည့်ကထိန်ပွဲတော်လိုအခါမျိုးတွေ၊ တောင်ပိုင်းသားအုပ်စုနှင့် မြောက်ပိုင်းသားအုပ်စု ဘော်လုံးကန်ရသည့် အခါမျိုးတွေမှာ ထိုစိတ်တွေက မသိမသာပေါ်လာတတ်သည်။

တစ်ရပ်ကွက်တည်းသားချင်းတွေပေမဲ့ တစ်ဖွဲ့တည်းအတူမဟုတ်ရာ လူငယ်တွေပီပီ ကိုယ့်ကထိန်ပွဲက သူ့ကထိန်ပွဲထက် သာချင်ကြသည်၊ စည်ကားချင်ကြသည်။ ကထိန်ပွဲအလှူလှည့်လျှင် အိုးစည်ဗုံမောင်းတွေနှင့် မြို့တစ်ပတ်လှည့်ရမြဲဖြစ်ရာ တောင်ပိုင်းကထိန်က မြောက်ပိုင်းကထိန်လောက် မစည်ကား၊ မသာဆိုတာမျိုးကို ဘယ်ဘက်ကမှ အပြောမခံချင်ကြ။ ဒီတော့ လှူဖွယ်ဝတ္ထုပစ္စည်းဆိုလည်း သူ့ထက်ငါသာအောင်၊ လှမ်းကြည့်သူတွေ မျက်စိတစ်ဆုံးထိကြည့်တာပင် မမြင်နိုင်အောင်အထိ ဝိုင်းဝန်းလှူဒါန်းကြသည်။ ပဒေသာပင်တွေကို ကြည့်ဖွယ်ရှုဖွယ် မျက်စိပသာဒဖြစ်အောင် လူငယ်တွေ ဝိုင်းဝန်းပြင်ဆင်ကြသည်။ ရှေ့ဆုံးမှ ကွမ်းတောင်ကိုင် အပျိုချောတွေဆိုလည်း သူ့ထက်ငါ အပြိုင်အဆိုင်ပွဲထုတ်ကြသည်။

အဲ့ဒီလို အပိုင်းလေးတွေ တော့ရှိသည်။

ဒါကလည်း ဆိုးဆိုးဝါးဝါးပြဿနာမဟုတ်သလို ရပ်ရေးရွာရေးအတွက် လူငယ်တွေက ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ် ထိုသို့တက်တက်ကြွကြွရှိကြသည့်အတွက်ပင် တစ်မျိုးကောင်းတာပဲဟု လူကြီးတွေက အထွေအထူး မပြောကြ။ သို့သော် တစ်ခါတုန်းက ကိစ္စမှာတော့ လူကြီးတချို့လည်း နည်းနည်းပါးပါး ပါလိုက်ရတာ ရှိပါ၏။ ဒါကလည်း နည်းနည်းတော့ ကြာပါပြီ။ ကျွန်မတို့ မြောက်ပိုင်းသားလူငယ်တစ်ယောက်က တောင်ပိုင်းသားမိန်းကလေးတစ်ယောက်ကို လမ်းပေါ်လက်ဆွဲ၍ ရည်းစားစကားလိုက်ပြောသည်ဆိုကာ မိန်းကလေး၏အစ်ကိုတွေ မောင်တွေက ဝိုင်းရိုက်လိုက်ကြတာ မြောက်ပိုင်းသားလူငယ်မှာ ထိပ်ပေါက်ခေါင်းကွဲပြီး ပြန်ရောက်လာသဖြင့် မြောက်ပိုင်းသားတွေ တုတ်ဆွဲဓားဆွဲကာ တောင်ပိုင်းသားတွေနှင့် စာရင်းပြန်ရှင်းမည်ဆို၍ လူကြီးတွေ မနည်းဆွဲလွဲလိုက်ကြရသည်။ အဖြစ်မှန်က ကျွန်မတို့ မြောက်ပိုင်းသားမှ လက်ဆွဲပြီး ရည်းစားစကားလိုက်ပြောခံရပါသည်ဟူသည့် မိန်းကလေးနှင့် ထိုမြောက်ပိုင်းသားတို့က ချစ်သူရည်းစားတွေဖြစ်သည်။ ကောင်မလေးက သူ့အိမ်ကို အလွန်ကြောက်ရသည်။ ဒီလိုအခြေအနေမှာ လမ်းပေါ်၌ လက်ချင်းတွဲလျှက်အစ်ကိုတွေနှင့်ပက်ပင်းတိုးတော့ ကြောက်လန့်ပြီးလိမ်ညာပြောရာမှ ပြဿနာတွေက မလိုလားအပ်ဘဲ ရှုပ်ကုန်ကြခြင်းဖြစ်သည်။ ကျွန်မက ဘယ်လိုသိသလဲဆိုလျှင် ကျွန်မ မောင်လေးနှင့် ထိုလူငယ်က သူငယ်ချင်းတွေဖြစ်၍ ကောင်လေးဖုန်းထဲမှ သူတို့ချစ်သူနှစ်ယောက်စုံတွဲပုံကို ကျွန်မ မြင်ဖူးထားသည်။ ဒါဖြင့် ဓာတ်ပုံပြ၍ အဖြစ်မှန်ကိုရှင်းပြလိုက်ပါလားဆိုတော့လည်း ကောင်လေးကခေါင်းခါသည်။ ‘သူ ကျွန်တော့်ကို တကယ်မချစ်လို့ သတ္တိမရှိတာပေါ့။ ကျွန်တော် ဒုက္ခရောက်အောင် လုပ်ရက်တာပေါ့။ ဒီလိုမိန်းကလေးမျိုး ကျွန်တော်လည်း မလိုချင်တော့ပါဘူး။ ဒီတော့ ဓာတ်ပုံပြပြီးရှင်းလို့လည်း သူ့သိက္ခာကျရုံပဲရှိမှာ စိုးတော့လို့ပါ’ဟု ဆိုသည်။ သူက မိန်းကလေးဘက်ကိုလည်း ငဲ့လိုက်တာပေမဲ့ တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့အကြား ဖြောင့်တန်းလာသည့် ဆက်ဆံရေးမှာတော့ အဖုအထစ်ထုံးတစ်ခု ဖြစ်ကျန်ရစ်ခဲ့ပါ၏။

ယခုလည်း ဤဆိုင်ကယ်တိုက်မှုမှာ မတော်တဆမဟုတ်ဘဲ ရန်ငြိုးရန်စတစ်ခုခုကြောင့် တမင်ကြံရွယ်တာဖြစ်ကြောင်း တွေ့မြင်လိုက်သူတစ်ဦးက ပြောနေပြန်လေပြီ။

‘ဟင် ကျွန်မ မြင်လိုက်သလောက်တော့ သူတို့နှစ်ယောက် ဆိုင်ကယ်ရှေ့ဆင့်နောက်ဆင့် အေးအေးဆေးဆေးစီးလာနေကြတာပဲ။ အဲ့ဒီအချိန်ကားကြီးတစ်စီးဖြတ်ပြီး သူတို့ကို ခဏကွယ်သွားတဲ့အချိန် ဝုန်းခနဲအသံကြားလိုက်ရပြီး ကားကြီးကျော်တက်သွားတာနဲ့ သူတို့ကိုအခုလိုမြင်လိုက်ရတာပဲ’

လမ်းဘေး၌ မုန့်စုံဆိုင်ဖွင့်ထားသည့် အစ်မတစ်ယောက်က သူ သိသလောက် မရဲတရဲ ဝင်ပြောတော့ စောစောက ထိုလူစိမ်းက ‘ခင်ဗျားက ဘာသိလို့လဲ။ ကျုပ်က ကောင်းကောင်းမြင်လိုက်ရလို့ ပြောနေတာ။ ကျုပ် လျှောက်အလာ ဟော့ဒီမျက်စိနှစ်လုံးနဲ့ကို သေချာမြင်လိုက်ရတာဗျ’ဟု ပြန်ဟောက်သည်။ နားထောင်နေသည့်လူတွေလည်း လှုပ်လှုပ်ရွရွနှင့် အသံတွေထွက်လာကြပါ၏။

‘မပြောချင်လို့ ကြည့်နေတာ။ ဒီတောင်ပိုင်းသားတွေလည်း တဖြည်းဖြည်းနဲ့ အတင့်ရဲလာပြီ။ လူစွာလုပ်လွန်းလာပြီ။ သူတို့ကိုယ်သူတို့ မင်းမဲ့တိုင်းပြည်က လူဆိုးဂိုဏ်းသားတွေများ အောက်မေ့နေကြလား မသိဘူး။ ထစ်ခနဲရှိ သွေးထွက်သံယိုဖြစ်

www.burmeseclassic.com

အောင် လုပ်ဖို့ပဲ။ လက်က ယဉ်နေပြီ’

ကျွန်မတို့ အိမ်တန်းရှိ မိန်းကလေးတစ်ယောက်က ခပ်ဆတ်ဆတ်ဝင်ပြောသည်။ လူငယ်တစ်ယောက်က သူမကို စူးခနဲတစ်ချက်လှမ်းကြည့်ပါ၏။

‘စကားပြောတာ ကြည့်ပြော။ မင်းတို့မြောက်ပိုင်းသားကောင်တွေ ထောင့်မကျိုးတာကျတော့ ထည့်မပြောဘူး။ ဘယ်သူက အရင်ရန်စလို့ ငါတို့တောင်ပိုင်းသားတွေ တုံ့ပြန်ရတာလဲ’

‘ဟေ့ကောင် မင်း ငါ့ညီမကို ဘာပြောတာလဲ’

ပြောပြောဆိုဆို ဘယ်က ရောက်လာမှန်းမသိသည့် မိန်းကလေး၏ အစ်ကိုက ထိုတောင်ပိုင်းသား အင်္ကျီရင်ဘတ်ကို ပြေးဆောင့်ဆွဲသည်။ တစ်ခဏအတွင်းမှာပင် လူတွေလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ပါ၏။ မိန်းမတွေ၊ ကလေးတွေကလည်း ကြောက်အားလန့်အားဖြင့် လူစုအတွင်းမှ ပြေးထွက်ကြရာ အခြေအနေတွေက ပိုရှုပ်ထွေးကုန်သည်။ လူငယ်တွေလည်း ဘယ်က ဘယ်ကမှန်းမသိ စုရုံးရောက်ရှိလာကုန်ကြသည်။ ကလေးတွေကလည်း ကြောက်လန့်ပြီး ငိုသူကငိုကုန်ပြီ။ ခဲကောက်ကိုင်သူ၊ တွေ့ကရာ တုတ်၊ ဓား လက်နက်စသဖြင့် နီးစပ်ရာ ပြေးဆွဲသူက ဆွဲကုန်ကြပြီ။

‘ရာရာစစ ငါတို့လမ်းဘက်လည်း လာသေး။ ငါတို့ကိုလည်း စော်ကားသေးတဲ့တောင်ပိုင်းသားတွေကို မှတ်လောက်သားလောက်

ထီခန်
ဆိုလျှင်
လူတွေ
စုစုလာတတ်သဖြင့်
ခုတလော
အိမ်ရှေ့လမ်းမ
ပေါ်မှ
အသံတစ်ခုခု
ကြားရမည်ကိုပဲ
ကျွန်မ
စိုးရိမ်
ထိတ်လန့်နေမိ
လေသည်

အောင် ဝိုင်းဆော်ပစ်ကွာ’

‘ရန်စတဲ့ဟိုခွေးကောင်ကိုလည်း အသေသတ်ပစ်ကွာ။ ရှုပ်တယ်’

ဆိုင်ကယ်တိုက်သည့် တောင်ပိုင်းသားက ဒေါသထွက်နေသည့် မြောက်ပိုင်းသားအုပ်စုကြီးကိုကြည့်ကာ ကြောက်အားလန့်အားဖြင့် လမ်းမတစ်လျှောက် ပြေးထွက်သွားသည်။ ထိုရုတ်ရုတ်သဲသဲကြားမှာ ကျွန်မအစ်ကိုနှင့် မောင်လေးကို ရှာနေတုန်းနောက်မှ လာဆွဲသူကြောင့် လှည့်ကြည့်လိုက်တော့ အမေဖြစ်နေသည်။

‘လာ…လာ။ ဟိုမှာ ကျောက်ခဲတွေ တုတ်တွေနဲ့။ အမေတို့ကို ထိလိမ့်မယ်။ အိမ်ထဲဝင်မှ’

ကျွန်မလည်း အမေဆွဲခေါ်ရာနောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားသည်။ ကျွန်မတို့ အိမ်ထဲဝင်ပြီးသည်နှင့် အမေက ခြံတံခါးကိုရော အိမ်တံခါးကိုပါ သေချာပိတ်လိုက်ပါသည်။ အိမ်ထဲရောက်တော့ အစောကတည်းက အမေ အတင်းခေါ်သွင်းထားခဲ့ပုံရသည့် ကျွန်မအစ်ကိုနှင့် မောင်လေးက လက်သီးတပြင်ပြင်၊ တောက်တခေါက်ခေါက်။

‘သူတို့က ကိုယ့်ဘက်ပိုင်းအထိ လာစော်ကားနေတာ အမေရ’

‘ဟုတ်တယ်။ အဲ့ဒါကို ကျွန်တော်တို့က ခေါင်းငုံ့ခံနေရင် အ,တယ်ထင်သွားမှာပေါ့’

‘တော်စမ်း၊ မင်းတို့ဆီက ဘာသံမှ အမေ မကြားချင်ဘူး။မင်းတို့မှာ ဦးနှောက်တွေ နည်းနည်းမှ မရှိကြဘူးလား။ လူတိုင်းဥဒဟိုသွားလာနေတဲ့လမ်းမပေါ်မှာပဲ ကားတွေ ဆိုင်ကယ်တွေချင်းလည်း တစ်စီးနဲ့တစ်စီး မတော်တဆ မတိုက်မိနိုင်ဘူးလား။ လူလူချင်းကော အခန့်မသင့်ရင် မတော်တဆ မထိမိ၊ မတိုက်မိနိုင်ဘူးလား။ ကိုယ့်တောင်ပိုင်းသားအချင်းချင်း၊ မြောက်ပိုင်းသားအချင်းချင်း တိုက်မိရင်တော့ ခွင့်လွှတ်ကြပြီးတော့ တောင်ပိုင်းသားနဲ့ မြောက်ပိုင်းသား တိုက်မိရင်တော့ ဘာလို့ခွင့်မလွှတ်ချင်ကြတာလဲ။ ခွင့်မလွှတ်နိုင်ရတာလဲ။ ပြောစမ်းပါဦး မြောက်ပိုင်းသားကမှ လူလား၊ တောင်ပိုင်းသားကရော လူမဟုတ်ဘူးလား’

ကျွန်မအစ်ကိုနှင့် မောင်လေးတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရှူးရှူးရှားရှားဖြစ်နေရာမှ နည်းနည်းငြိမ်ကျသွားကြသည်။ လေသံမာမာသုံး၍ ပြောဆိုနေသည့် အမေလည်းမျက်နှာထားပြန်လည် ပျော့ပျောင်းလာပါသည်။

‘ထစ်ခနဲရှိ ပြေးကိုက်ချင်တာ၊ ထစ်ခနဲရှိ တစ်ဖက်နဲ့ တစ်ဖက် ကိုယ်ထိလက်ရောက်ကြမ်းကြမ်းတမ်းတမ်းဖြေရှင်းချင်တာက အသိဉာဏ်ရှိတဲ့ လူယဉ်ကျေး၊ အဆင့်အတန်းရှိတဲ့လူသားတွေရဲ့ လုပ်ရပ်မဟုတ်ဘူး။ ရိုင်းရိုင်းပြောရရင် အဲ့ဒါအသိဉာဏ်မဲ့တဲ့ အပတိတ်တိရစ္ဆာန်တွေရဲ့ စိတ်ဓာတ်မျိုးလို့ခေါ်တယ်။ မင်းတို့က သူများအပြောနဲ့တင် ဆုံးဖြတ်ပြီး ရှေ့နောက်မစဉ်းစားဘဲ ကမူးရှူးထိုးလုပ်ချင်တဲ့ အသိဉာဏ်မဲ့သမားတွေလား။ နည်းနည်းပါးပါးလည်း ကိုယ့်ဦးနှောက်လေးကိုယ်သုံးပြီး ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားသုံးသပ် ကြည့်ကြဦးမှပေါ့။ သူ့ဘက် ကိုယ့်ဘက် ကိုယ်ချင်းစာ စိတ်လေးထားပြီး တွေးကြည့်ပေးကြဦးမှပေါ့။ သူက မတော်တဆလာထိမိတာကို ကိုယ်က တုတ်နဲ့တစ်ချက် ပြန်ရိုက်၊ ကိုယ်က မတော်တဆသွားထိမိတာကို ဟိုက တုတ်နဲ့တစ်ချက်ပြန်ရိုက်မယ်ဆိုရင် ဒီတဝဲလည်လည် သံသရာကြီးက ပြီးဦးပြတ်ဦးမှာလား။ တစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက် နစ်နာစရာတွေက ကုန်ဦးမှာ လား။ အခုဆိုကြည့် ကာယကံရှင်တွေဆီကလည်း ဘာမှ အဖြစ်မှန်ကြားရသေးတာမဟုတ်ဘူး။အဖြူအမည်းမကွဲသေးဘဲနဲ့ ဘယ်ကမှန်းမသိတဲ့ လူစိမ်းတစ်ယောက် ဝင်ပြောတဲ့ စကားတစ်ခွန်းလေးနဲ့ အမှန်အမှားကို တစ်ထိုင်တည်းဆုံးဖြတ်ပြီး စိတ်လိုက်မာန်ပါ ဖြေရှင်းလိုက်ကြတော့မလို့လား။ တုံ့ပြန်လိုက်ကြတော့မလို့လား။ ပြောတဲ့လူကဖြင့် ပြောပြီးကတည်းက ဘယ်ရောက်သွားပြီလဲဆိုတာတောင် မသိဘူး'

အမေပြောမှာပဲ သတိရကာ ကျွန်မလည်း ပြတင်းပေါက်ခန်းဆီးကြားမှ အပြင်ဘက်သို့ အသာလှမ်းချောင်းကြည့်မိသည်။ လမ်းပေါ်မှာ လူတွေ စုရုံးစုရုံးရှိနေတုန်း။ ညီအစ်ကို မသိတသိအချိန်ဆိုတော့ သေချာမကြည့်လျှင် သူ့လူကိုယ့်လူ မသဲကွဲချင်။ ရပ်ကွက်လူကြီးကတော့ ရောက်နေပြီ။ ယူနီဖောင်းဝတ်နှင့် ရဲတွေလည်း မနည်းမနော ရောက်နေပြီဖြစ်ပါ၏။ ဂင်တိုတို့နှင့် လူစိမ်းကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။ ဤမျှအထိ ကြီးထွားကုန်ရသည့် လက်ရှိပြဿနာ၏ ဇာစ်မြစ်က သူ၏ယာဉ်တိုက်မှု ဖြစ်စဉ်အစအဆုံးကို မြင်လိုက်၍ဟူသည့်စကားကြောင့်ဖြစ်ပေမဲ့ တကယ်သက်သေခံ ဖြေရှင်းပေးရမည့်အချိန်မှာတော့ ထိုလူဘယ်ရောက်သွားပြီမသိပြီ။

အမေက ဆက်ပြောသည်။

'အခု သားတို့က ကိုယ့်လမ်းပေါ်မှာ ဖြစ်တဲ့ကိစ္စတွေအတွက် တောင်ပိုင်းသားအနည်းစုကို မြောက်ပိုင်းသားအများစုအင်အားနဲ့ ဝိုင်းရိုက်လိုက်လို့ဟိုဘက်က ထိခိုက်နစ်နာသွားမယ်ဆိုကြပါစို့။ ဒါမှမဟုတ် အဆိုးဆုံးအနေနဲ့ သေသွားတဲ့အထိ ဖြစ်ကုန်ကြမယ်ဆိုပါတော့။ တောင်ပိုင်းသားမိသားစုတွေ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရမယ်။ မျက်ရည်ပေါက်ကြီးငယ်ကျရမယ်။ မြောက်ပိုင်းသားတွေအပေါ် ပိုပြီးစိတ်နာမုန်းတီးစရာတွေဖြစ်လာမယ်။ လက်တုံ့ပြန်ဖို့တွေ ဖြစ်လာမယ်။ ဝိုင်းရိုက်လွှတ်လိုက်တဲ့ မြောက်ပိုင်းသားတွေအတွက်ကော ဘယ်လိုအကျိုးအမြတ်တွေရမလဲ။ ထောင်ကျမယ်၊ သက်ဆိုင်ရာ မိသားစုဝင်တွေ စိတ်ဆင်းရဲရမယ်။ ကိုယ့်အပိုင်းထဲသူများဝင်လာတုန်း အုပ်စုအားကိုးနဲ့ အနိုင်ကျင့်စော်ကားလွှတ်လိုက်ရာကျတဲ့အတွက် မြောက်ပိုင်းရပ်ကွက်အနေနဲ့ အရှက်လည်း ရရမယ်။ သိက္ခာလည်း ကျတယ်။ ဟိုကတည်းက ဘာပြဿနာမှ မရှိဘဲ သူ့အပိုင်းကိုယ့်အပိုင်း အေးအေးဆေးဆေးနေလာခဲ့တဲ့ အမေတို့ လူကြီးချင်းလည်း နေရင်းထိုင်ရင်း မျက်နှာချင်းဆိုင်ရခက်ကုန်မယ်။ ဘယ်သူ့အတွက် ဘာအကျိုးကျေးဇူးများအမြတ်ထွက်လာသလဲ။ တကယ်သာ အကျိုးရှိမယ်ဆိုရင် အမေလည်း မြောက်ပိုင်းသူပဲ။ သားတို့ဘက်ဝင်ပါပြီး ကိုယ့်သားသမီးကိုယ် အားပေးအားမြှောက်လုပ်ပေးမှာပေါ့။ အခုက ဘာမှလည်း အကျိုးမရှိလို့ပြောနေရတာ၊ ပြီးတော့ မြောက်ပိုင်းတောင်ပိုင်းသာ ခွဲပြောနေရတာ။ ဘယ်သူ့ပဲနစ်နာနာ အမေတို့တွေက တစ်ရပ်ကွက်တည်းသားတွေပဲလေ။ မြောက်ပိုင်းဘက်ကနာမှ အမေတို့ရပ်ကွက်သားမဟုတ်ဘူး။ တောင်ပိုင်းသားနာလည်း အမေတို့ရပ်ကွက်သားပဲ မဟုတ်ဘူးလား။ အဲဒါရော တွေးမိကြရဲ့လား'

ကျွန်မအစ်ကိုနှင့် မောင်တွေလို သွေးဆူလွယ်သည့် ယောကျ်ားသားမဟုတ်၍ လက်သီးလက်မောင်းမတန်းမိပေမဲ့ ရန်ပွဲအတွင်း တက်ကြွနေသည့်လူအုပ်ကြားထဲ ရောထွေးရောက်ရှိနေစဉ် ဘယ်သူမှမသိလိုက်ဘဲ တဒင်္ဂမျှ စိတ်လွတ်ချင်သွားခဲ့သေးသည့် ကျွန်မကိုယ်ကျွန်မလည်း အခုအမေ့စကားတွေနားထောင်ရမှ ပြန်တွေးမိကာ ရှက်လာရပါ၏။ လူတွေဟာ လူအုပ်စုကြီးထဲ ရောက်နေတုန်း သွေးပူလာသည့်အခါ ဘာမှစဉ်းစားဉာဏ်မရှိတတ်တော့တာ၊ အကြောက်အလန့် မရှိတော့တာ တကယ်မှန်ပါလားဟုလည်း ကျောချမ်းမိသည်။

'နောက်တစ်ခုက အမေတို့မှာ ဒီနှစ်ကထိန်ပွဲလည်း နီးလာပြီ။ အဲဒီကျရင် ကိုယ့်အလှူဒါနပွဲကို ပျော်ပျော်ရွှင်ရွှင် အနှောင့်အယှက်ကင်းကင်းနဲ့ပဲ အထမြောက်ရတော့ ကောင်းတာပေါ့။ အမေတို့ အတွင်းအချင်းချင်းသာ တောင်ပိုင်းမြောက်ပိုင်းကွဲနေတာ၊ တစ်မြို့လုံးအမြင်မှာတော့ အမေတို့က တစ်ရပ်ကွက်တည်းသားတွေပဲ။ ဒီတစ်ရပ်ကွက်တည်းသားချင်း မသင့်မြတ်ဘဲ ရန်ငြိုးရန်စတွေ တထောင်ထောင်နဲ့ဆိုတာ သူများသိရင် ရှက်ဖို့လည်းကောင်းတယ်။ အဲဒီလို ပုံစံတွေနဲ့လည်း ကထိန်အလှူပဒေသာပင်တွေကို မြို့တစ်ပတ်လည် မပြပါရစေနဲ့။ မျက်နှာလည်း မပြပါရစေနဲ့။ ဒီတော့ တဒင်္ဂဒေါသကို ထိန်းကြပါ။ အမေဒါပဲ ပြောချင်တယ်'

အမေ့စကားသံ ဆုံးသွားပြီ။ အိမ်ရှေ့လမ်းပေါ်မှ လူစုတွေလည်း ကွဲကုန်ပြီ။ ကျွန်မ အတွေးစတွေက မပြိုကွဲချင်သေး။

❑

အိမ်ထဲမှာ ကျွန်မ အေးအေးဆေးဆေး စာထိုင်ဖတ်နေသည်။

ထိုအခိုက် 'ဒုန်း'ခနဲ အသံကျယ်ကြီးကြားလိုက်ရသဖြင့် လန့်ဖျပ်ကာ စာအုပ်ဘေးချပြီး အိမ်ရှေ့ဘက်ကပျာကယာထွက်ကြည့်ရသည်။

'ဘာမှမတိုက်ပါဘူး။ ကားတစ်စီး ဘီးပေါက်တာ'

ခုမှပဲ သက်ပြင်းချကာ ရယ်နိုင်ပြုံးနိုင်သွားသည်။ အသံကြားတာနှင့် ဘယ်ကဘယ်လို စုဝေးရောက်ရှိလာတတ်မှန်းမသိသည့် လူတွေကလည်း ထိုအခါမှပဲ သူ့လမ်းကိုယ့်လမ်း ပြန်လျှောက်သွားကြသည်။ ထီခနဲဆိုလျှင် လူတွေ စုစုလာတတ်သဖြင့် ခုတလော အိမ်ရှေ့လမ်းမပေါ်မှ အသံတစ်ခုခုကြားရမည်ကိုပဲ ကျွန်မ စိုးရိမ်ထိတ်လန့်နေမိလေသည်။ ■

**ငွေခင်ယော်ဦး၊မိုးကုတ်၊**



www.burmeseclassic.com

www.burmeseclassic.com

ညနေဝင်ရီတရော
အချိန်တစ်ခုတွင် သူ့အိမ်နှင့်
အတော်အတန်ဝေးသော
မီးရထားလမ်းများဆီသို့
သွားချင်လာအောင်
သူ့စိတ်များကို
မည်သည့်အရာက
ဆွဲဆောင်
တိုက်တွန်းခဲ့ပါသလဲ။
ပျော့ပျောင်းနူးညံ့သော
သူ့လက်ချောင်းများ
အခုလို ဖြစ်ခဲ့ခြင်းသည်
သွေးရိုးသားရိုးကိစ္စ
တစ်ခုမဟုတ်မှန်း
လူတိုင်းက
နားလည်ထားကြသည်။

သူ နှင့်ပတ်သက်၍
မနေ့က
အဖြစ်အပျက်များသည်
စိတ်ဝင်စားစရာ
ကောင်းခဲ့ပါသည်။
ထိုထက်ပို၍
ထိတ်လန့်တုန်လှုပ်စရာလည်း
ကောင်းခဲ့ပါသည်။
ထိုထက် ပို၍
သနားစရာလည်း
ကောင်းခဲ့ပါသည်။
မီးရထားသံလမ်းများဆီသို့
သူ မသွားမီ မနေ့က
ဖြစ်ခဲ့သော အဖြစ်အပျက်များ၊
သူ၏အပြုအမူများကို
လူများအားလုံးက
စိတ်ဝင်စားနေပါသည်။
သူနှင့်ပတ်သက်သမျှ

# မနေ့က


ရဲ/ပဇလယ်ပြာ/






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မနေ့က အဖြစ်အပျက်များသည် စုံစမ်းစစ်ဆေးစရာများလည်း ဖြစ်လာခဲ့ပါသည်။

❑

သူ့တွင် အထူးအဆန်းဆုံးမှာ သူ့ဆံပင်များဖြစ်ပြီး ထိုဆံပင်များသည် မနေ့ကလည်း ထူးဆန်းနေခဲ့ပါသည်။ ယောကျ်ားတစ်ယောက်အနေနှင့် ခြေသလုံးသားအထိ ရှည်လျားသော ဆံပင်များသည် ပုံမှန်အခြေအနေများတွင် မည်သို့မှ သက်ဆိုင်သည်ဟု မထင်ရပေမဲ့ သူ့တွင် ထိုရှည်လျားသော ဆံပင်များ ရှိနေသည်။

သူ့ကို နောက်မှ ကြည့်လျှင် မိန်းမတစ်ယောက်ဟု ထင်စရာရှိသော်လည်း သူ၏ ကြီးမားကျယ်လွန်းသော ပါးစောင်များကို မြင်ရုံဖြင့် ထိုထင်မြင်ချက်မှားကြောင်း ချက်ချင်း သိလိမ့်မည်။ မြို့နေလူများက သူ့ကို မိန်းကလေးလိုဝတ်စားချင်သော စိတ်ရောဂါရှိသူ၊ မိန်းမစိတ်ပေါက်သူဟု ခပ်ရိုးရိုးပင် သတ်မှတ်ထားကြသည်။

မနေ့က ပုံမှန်နေ့များကဲ့သို့ပင် သူအိပ်ရာမှ နိုးလာခဲ့သည်ဟု ဆိုသည်။ မနက်ငါးနာရီခွဲတွင် အိပ်ခန်းထဲမှ သူ ထွက်လာသည်ဟု သူ့အိမ်တွင် တောက်တိုမည်ရ လုပ်သော ကောင်မလေးက ပြောသည်။ ခါတိုင်းနေ့များကဲ့သို့ပင် ရှည်လျားလှသော သူ့ဆံပင်များသည် အနည်းငယ် ရှုပ်ထွေးနေခဲ့သည်။

သူ့ပုံစံမှာ စိတ်ဓာတ်ကျနေသူတစ်ဦးကဲ့သို့ မဟုတ်။ မှန်ရှေ့သို့ သူသွားသောအခါ ကောင်မလေးမှာ သူ့ဆံပင်

မီးရထား
သံလမ်းများဆီသို့
သူ
မသွားမီ
မနေ့က
ဖြစ်ခဲ့သော
အဖြစ်အပျက်များ
သူ၏
အပြုအမူများကို
လူများ
အားလုံးက
စိတ်ဝင်စား
နေပါသည်
သူနှင့်
ပတ်သက်သမျှ
မနေ့က
အဖြစ်အပျက်
များသည်
စုံစမ်းစစ်ဆေးစရာ
များလည်း
ဖြစ်လာခဲ့ပါသည်

များကို ဝိုင်းဝန်းဖြီးသင်ပေးခဲ့သည်။

'ဘာမှ မထူးဆန်းဘူး၊ ပုံမှန်ပဲ။ ညတုန်းက သူအိပ်ပျော်ခဲ့ပုံပဲ။ ကျွန်မ သူ့ဆံပင်တွေကို ဝိုင်းဖြီးပေးတယ်။ အဲဒါပြီးတော့ မနက်စာစားပြီး သူ ထွက်သွားတာပဲ'

အိမ်တံခါးကို ပြန်ပိတ်ပြီး သူ ထွက်သွားသည်ကို အိမ်နီးချင်းများက မြင်ခဲ့သည်။ သူ့ခြံရှေ့တွင် စိုက်ထားသော နှင်းဆီပန်းတစ်ပွင့်ကို သူ ပန်သွားသည်။ အနီရဲရဲ နှင်းဆီပန်းသည် သူ့ခေါင်းပေါ်တွင် ညနေခင်းအထိ ရှိနေခဲ့သည်ဟု မြင်ကြသည်။

မြူများ တဖွဲဖွဲကျနေသော လမ်းတွင် တစ်ယောက်တည်း သူ လျှောက်နေသည်ကို မိန်းမကြီးတစ်ယောက်က မြင်ခဲ့သည်။ မိန်းမကြီးသည် ထိုခဏတာ တွေ့မှုကို တဖွဖွ ပြောနေခဲ့သည်။

'ကျွန်မကို သူ ရယ်ပြတယ်၊ ကျွန်မလည်း ရယ်ပြတယ်'

Q Gallery ဟုခေါ်သော သူ့ Art Shop လေးသို့ မရောက်မီ လမ်းတွင် သူ့ကို နောက်ထပ် လူသုံးယောက် တွေ့ခဲ့သည်။ ပန်းသည်တစ်ဦး၊ စက်ဘီးစီးလာသူနှင့် လမ်းလျှောက်ထွက်သော အဘိုးအိုတစ်ဦးတို့ ဖြစ်သည်။ ပန်းသည်နှင့် စက်ဘီးစီးလာသူမှာ မနေ့မနက်က သူ့အခြေအနေနှင့် ပတ်သက်၍ မည်သို့မျှ ထင်မြင်ချက် မပေးချေ။ သူတို့မှာ အဝေးကသာ တွေ့ရသည်ဟု ဆိုသည်။ အဘိုးအိုမှာ ခပ်ပြတ်ပြတ်ပင် မှတ်ချက်ပေးသည်။

'ကျုပ်ကတော့ ဒီလိုဟာမျိုးတွေကို အကောင်းလုပ်ပြီး ဂရုစိုက်နေတာ မဟုတ်ဘူး။ ကျုပ်ရှေ့ကပဲ ဖြတ်သွားတာပဲလေ။ အဲဒါပဲ သူလည်း သူ့လမ်း၊ ကျုပ်လည်း ကျုပ်လမ်းပေါ့ဗျ'

နောက်ဆုံးတွင် မနက်စောစောပိုင်းက သူ့အခြေအနေ၊ သူ့အပြုအမူသည် ထူးထူးဆန်းဆန်း မရှိဟု ကောက်ချက်ချလိုက်ကြသည်။ 'မနေ့မနက် စောစောပိုင်းကတော့ သူ အကောင်းကြီးပဲလေ၊ ဘာမှ ထူးဆန်းမနေဘူး' ဟုသာ မှတ်ချက်ပေးကြသည်။

မနက်ပိုင်းတစ်ခုလုံးတွင် သူ့ဆိုင်သို့ လူငါးဦးရောက်လာခဲ့သည်။ အနု လက်ရာ ပန်းပုရုပ်တုများကို လာဝယ်သူ သုံးဦးဖြစ်သည်။ သုံးယောက်လုံး မိန်းမဖြစ်ပြီး လောကနတ်ရုပ်တစ်ခု၊ ကျား ရုပ်နှင့် လာဘ်ခေါ် ဖားရုပ် တစ်ကောင်ကို လာရောက် ဝယ်ယူခဲ့သည်ဟု ဆိုသည်။

'ကျွန်မ တွေ့ဖူးသမျှထဲမှာတော့ စိတ်ကောင်းတဲ့ ဆိုင်ရှင်တစ်ယောက်ပဲ၊ သူ့ဝတ်စားတဲ့ပုံစံက ထူးဆန်းတော့ သူ့ကို ကျွန်မ တော်တော်ကြာကြာ အကဲခတ်မိတယ်။ သူ့ မျက်နှာမှာ မိတ်ကပ်တွေက အဆီပြန်နေပြီး ကြည့်ရတာ နည်းနည်း ရုပ်ဆိုးတယ်။ စိတ်ပျက်အားငယ်နေတဲ့ ပုံစံတော့ မတွေ့ရပါဘူး။ ကျွန်မပဲ လူကဲခတ် ညံ့လို့လား မသိဘူး'

'သူ တော်တော် စိတ်ရှည်တယ်၊ အမြဲတမ်းလည်း ပြုံးပြနေတာပဲ'

'သူ့ကိုတွေ့တော့ ကျွန်မ စိတ်ထဲ တော်တော် ထူးဆန်းတဲ့လူပဲလို့ တွေးလိုက်မိတယ်။ အဲသလောက်ထိ ဆံပင်ရှည်ရှည်ကို ကျွန်မ မမြင်ဖူးဘူး။ သူ ဝတ်ထားတာကလည်း အမည်းရောင် ပန်းပွင့်တွေပါတဲ့ ဝတ်စုံဆိုတော့ သူ စိတ်ဓာတ်ကျနေသလားလို့တော့ ကျွန်မ မတွေးတတ်ဘူး'

ထိုမိန်းမသုံးယောက် လာပြီး ရှေ့ဆင့်နောက်ဆင့်တွင်ပင် ညားခါစ လင်မယားနှစ်ယောက် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူတို့၏မင်္ဂလာသက်တမ်း တစ်လပြည့်အတွက် အမှတ်တရ ပန်းပုရုပ်တုတစ်ခုကို ဝယ်ယူရန် ဖြစ်သည်။ လင်မယားနှစ်ယောက်မှာ အကဲပို၍ သူ့ဆိုင်တွင်းတွင်ပင် အရှိန်မသတ်နိုင်ကြပုံပေါ်သည်။ ပန်းပုရုပ်များထားရာ စင်များကြားတွင် ပြေးလွှားကာ ကလူကျီစယ်နေခဲ့သည်။ ပန်းပုရုပ်များကို ရွေးချယ်နေရင်း မိန်းကလေးသည် စိတ်ကောက်တမ်းကစားနေသေးသည်။ သူသည် ထိုလင်မယား၏ ပျော်ရွှင်နေမှုကို စောင့်ကြည့်နေခဲ့သည်။

'ကျွန်မတို့ သူ့ဆိုင်မှာ နည်းနည်းတော့ ကြာခဲ့တယ်။ ဘာရုပ်ဝယ်ရမလဲလို့၊ စဉ်းစားနေတာနဲ့ပဲ သူ ကျွန်မကို ကြည့်တာက တစ်မျိုးပဲ။ ကျွန်မမေးတာကိုလည်း သိပ်မဖြေဘူး၊ စိတ်မရှည်တဲ့ပုံစံပေါ်တယ်။ ဘာရုပ်ဝယ်ရင် ကောင်းမလဲလို့ ကျွန်မမေးတော့ သူ မဖြေဘူးလေ'

'ကျွန်တော်တို့တွေ ရယ်နေကြတာကို စင်တွေနောက်ကနေ သူ ကြည့်နေတယ်။ နောက်ပြီး ကျွန်တော်တို့နားကို သူ သိပ်မလာဘူး၊ ဟုတ်တယ်။ သူ့မျက်လုံးတွေက တစ်မျိုးပဲ၊ မကျေနပ်တဲ့ ပုံစံပေါ်နေတာ'

မနေ့ နေ့လယ်ခင်းတစ်ခုလုံး သူ့ဆိုင်သို့ မည်သူမျှ ရောက်လာသည်ကို မတွေ့ရဟု ဆိုသည်။ မွန်းတည့်ချိန်တွင်တော့ သူ့အိမ်မှ ကောင်မလေးက သူ့အတွက် ထမင်းချိုင့် လာပို့သည်။ ကောင်မလေးက ဆိုင်ရှေ့တွင် သူ့ကို မတွေ့ရဟု ဆိုသည်။ ဆိုင်နောက်ခန်းတွင် သူ့လက်ကို ရေဆေးနေသည်။

'သူ့လက်တွေကို မကြာမကြာ ရေဆေးတတ်တယ်။ ပန်းပုရုပ်တွေကို ကိုင်ပြီးတဲ့အခါ ပိုပြီး ဆေးတယ်။ သူ့မျက်နှာကို ကျွန်မ မမြင်ရဘူး။ သူ ကျွန်မကိုလည်း စကားတစ်ခွန်းမှ မပြောဘူး'

နေ့လယ်ခင်းတစ်ခုလုံး ဆိုင်ထဲတွင်သာ သူ ရှိနေခဲ့သည်။ ယနေ့နံနက်ပိုင်းက သူ့အခန်းတွင်းသို့ ဝင်သွားကြမှပင် မနေ့က သူလုပ်ခဲ့သည်များကို သိကြရသည်။

နေ့လယ်ခင်းတွင် သူ ပန်းချီဆွဲနေခဲ့သည်။ တစ်ထိုင်တည်း ဆွဲထားဟန် ပေါက်သော ပန်းချီကားတစ်ချပ်ကို တွေ့ရသည်။ ထိုဆီဆေး ပန်းချီကားမှ စုတ်ချက်များသည် ခပ်ကြမ်းကြမ်း ဖြစ်နေသည်။ အချို့နေရာများတွင် စုတ်တံကို မသုံးဘဲ ကြိပက်ထားဟန်ပေါ်သည်။

မိန်းမတစ်ယောက်၏ မျက်နှာကို ရေးဆွဲထားသော ပန်းချီကားတစ်ချပ်ဖြစ်သည်။ မိန်းမ၏ ဆံပင်မှာ သီသာအောင် ထူထဲနေသည်။ မျက်လုံးများသည် တစ်စုံတစ်ခုကို နာကြည်းနေသော မျက်လုံးများ၊ မျက်နှာပြင်မဟုတ်သော အခြားအောက်ခံနေရာများတွင် အရောင်တောက်သော ဆေးများကို ပက်ထားသည်။ အချို့က ပန်းချီကားထဲမှ အမျိုးသမီးသည် သူ့ပင် ဖြစ်သည်ဟု ပြောကြသည်။ မျက်လုံးများက သူ့မျက်လုံးများနှင့် အလွန်တူသည်ကို တော့ မငြင်းနိုင်ပေ။

ထိုနေ့ညနေဘက်တွင် သူ့ဆိုင်တွင် ကောင်လေးတစ်ယောက် လာခဲ့သည်။ ကောင်လေးသည် တစ်ချိန်တုန်းက သူ့ဆိုင်တွင် အရောင်းဝန်ထမ်း ဝင်လုပ်ခဲ့ဖူးသည်။

'ကျွန်တော်က အကူအညီတောင်းဖို့ ရောက်သွားတာ၊ နောက်တစ်ပတ်ဆို ကျွန်တော့်ချစ်သူနဲ့ လက်ထပ်တော့မယ်လေ။ အဲဒါ ဖိတ်စာအတွက် သူ့ကို အကူအညီတောင်းဖို့ သွားတာ။ ကျွန်တော်က ဖိတ်စာကို လက်ရေးနဲ့ပဲ လုပ်ချင်တယ်။ သူက လက်ရေးတော်တော် လှတယ်ဆိုတာ ကျွန်တော် သိထားတယ်လေ။ အဲဒါ ဖိတ်စာငါးဆယ်လောက် ရေးပေးဖို့ ကျွန်တော် ပြောခဲ့တယ်'

ထိုအချိန်က ညနေခင်းအချိန် ဖြစ်နေပြီ။ သူ ရေးပေးပါမည်ဟု ပြောခဲ့သည်။ ထိုဖိတ်စာများကို သူ ချက်ချင်းရေးခဲ့ပုံပေါ်သည်။ သူ့ စားပွဲပေါ်တွင် ထိုဖိတ်စာများကို တွေ့ကြရသည်။

ပန်းနုရောင် စာရွက်များပေါ်တွင် ရေးထားသော လက်ရေးစာလုံးများသည် အလွန် အနုပညာဆန်စွာ လှပနေသည်ဟု တွေ့ရှိသူများက ပြောကြသည်။ ဖိတ်စာမှာ အစောင်ငါးဆယ်တိတိပင် ဖြစ်ပြီး သားရေကွင်းတစ်ခုနှင့် စည်းထားသည်။

ဖိတ်စာစာရွက်များကို ထည့်ထားသော စာအိတ်မှာ ဆင်စွယ်ရောင်ဖြစ်ပြီး အပေါ်ဆုံးစာအိတ်တွင် အစက်နှစ်စက် ဖြစ်နေသည်ကို တွေ့ရသည်။ ထိုဖိတ်စာထုပ်နားတွင် ရေခွက်တစ်ခု တွေ့ရပြီး ထိုရေခွက်မှ ရေစက်များဖြစ်မည်ဟု အချို့က ထင်ကြသည်။ အချို့က ထိုအစက်များမှာ သူ၏ မျက်ရည်စက်များ ဖြစ်မည်ဟု ပြောသည်။

အမှိုက်ပုံးတွင် လုံးခြေထားသော ဖိတ်စာတစ်စောင်ကို တွေ့ရသည်။ တင်းတင်းကျပ်ကျပ် လုံးခြေထားခြင်းဖြစ်၍ ဖိတ်စာစာရွက်မှာ ကြေမွနေသည်။ ထိုဖိတ်စာမှ အချို့လက်ရေးစာလုံးများမှာ အနည်းငယ် တွန့်လိမ်နေသည်။ စာလုံးများကို ထိန်း၍ ရေးထားဟန် တူသည်။ ဖိတ်စာတွင် အပြည့်ရေးမထား။ တစ်ဖက်ခြမ်းတွင် မင်္ဂလာနေ့ရက်၊ အချိန်၊ နေရာနှင့် အာသီသများကို ပြည့်စုံစွာ ရေးထားပြီး ဖိတ်စာ၏ တစ်ဖက်မှာ တစ်ဝက်တစ်ပျက်သာ ရေးထားသည်။ သတို့သားဖြစ်သူ ကောင်လေးနှင့် ပတ်သက်၍ ပြည့်စုံစွာ ရေးထားသော်လည်း သတို့သမီး၏ နာမည်ကို ရေးရမည့်နေရာတွင် ဆက်မရေးဘဲ ရပ်ထားသည်။ ထို့နောက် အောက်ပိုင်းများတွင် လက်ရေးမင်ဖြင့် စိတ်ရှည်လက်ရှည် ခြစ်ထားသည်များကို တွေ့ရသည်။

ဖိတ်စာရေးခြင်း အလုပ်သည် နေဝင်ခါနီး အချိန်မှပင် ပြီးခဲ့ဟန်တူသည်။ ထိုဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တံခါးကို သူပိတ်ချိန်မှာ ခြောက်နာရီ ထိုးခါနီးပြီဟု တွေ့ရှိသူတစ်ဦးက ပြောသည်။ ထို့နောက် သူ အိမ်မပြန်ခဲ့ချေ။ ပုံမှန်နေ့များတွင် သူ အိမ်ပြန်ရမည့် အချိန်ဖြစ်သည်။

ကျဉ်းသော လမ်းကလေးများမှ သူ ပျောက်သွားခဲ့သည်။ နှင်းဆီပန်းအနီတစ်ပွင့် ပန်ထားသော သူ့ကို လမ်းသွားလမ်းလာ အတော်များများက မြင်ခဲ့သည်။ စိတ်ကစဉ့်ကလျား ဖြစ်နေပုံမပေါ်ပါ။

'ကျွန်တော်တွေ့တော့ အကောင်းကြီးပါ။ ဒီလမ်းကလေးအတိုင်း သူ ပျောက်သွားတာပဲ၊ ဖြည်းဖြည်းလေးပဲ ပျောက်သွားတာ။ ဘာကိစ္စမှ မရှိဘဲ အညောင်းပြေ ပျောက်တဲ့ ပုံစံမျိုးဗျ'

'နှင်းဆီပန်းနဲ့ လှနေပါလားလို့ ကျွန်မ ပြောလိုက်သေးတယ်။ သူ ပြုံးတယ်လေ'

ထို့နောက်ပိုင်းတွင် သူသည် မြို့ပြင်ဘက်သို့ ထွက်သွားသည်ဟု ကစားရာမှ ပြန်လာသော ကလေးများက ပြောပြသည်။ ထိုအချိန်တွင် အလွန် မှောင်နေပြီ။ ခြောက်နာရီခွဲခန့် ရှိပြီ။

ပထမတွင် သူ့ကို နောက်ဆုံး တွေ့သူများမှာ ကလေးများဟု ထင်ခဲ့ကြသည်။ သို့သော် နောက်တစ်နေ့တွင် ထိုနေ့က သူ့ခေါင်းပေါ်တွင် ရှိနေသော နှင်းဆီပန်းကို မီးရထားသံလမ်းများနှင့် ဝေးသော အုတ်ခုံတစ်ခုဘေးတွင် တွေ့ခဲ့ရသည်။

ထိုအုတ်ခုံပေါ်တွင် သူ ထိုင်သွားသည်မှာ သေချာသည်။ ထိုအုတ်ခုံဆီသို့ သူ မရောက်မီ လူတစ်ယောက်ထိုင်နေခဲ့သည်ကို တွေ့ရှိသူများ ရှိခဲ့သည်။ သူ့ကို တွေ့ခဲ့ကြောင်း ထိုလူကိုယ်တိုင် ရိုးသားစွာ ဝန်ခံထွက်ဆိုပါသည်။

'တကယ်ဆို မှောင်နေပြီဗျ၊ ဒါပေမဲ့ ဟိုဘက်နားက မီးတိုင်ကြောင့် အလင်းရောင်နည်းနည်းရနေတာ။ ကျုပ်က သူငယ်ချင်းအလာကို အဲဒီအုတ်ခုံမှာထိုင်ပြီး စောင့်နေတာ။ သူ့ကို တွေ့တော့ မိန်းမတစ်ယောက်လို့ ထင်တာဗျ။ ဒါပေမဲ့ သေချာကြည့်တော့မှ သိတော့တာ။ ကျုပ်နဲ့ ခပ်လှမ်းလှမ်းမှာရပ်ပြီး ကျုပ်ကို တော်တော်ကြာအောင် ကြည့်နေတယ်ဗျာ။ နောက်ပြီး သူ ရယ်ပြတယ်။ ဘယ်လိုပြောရမလဲဗျာ။ ကျုပ်က အခြောက်မဟုတ်ဘူးလေ၊ အဲဒါမျိုးလည်း ကျုပ် ကြည့်မရဘူးဗျ။ ကျုပ်က စိတ်ပေါက်ပေါက်နဲ့ သူ့ရှေ့မှာ တံတွေးကို ထွီခနဲထွေးပြီး ထွက်ခဲ့တာပဲ။ အဲဒါ ကျုပ် မှားသလားဗျာ'

ထိုလူ ထွက်သွားပြီးနောက် သူသည် အုတ်ခုံပေါ်တွင် အတော်ကြာကြာ ထိုင်နေခဲ့ခြင်း ဖြစ်လိမ့်မည်။ ညရှစ်နာရီကျော်မှပင် သူ့ခန္ဓာကိုယ် အစိတ်အပိုင်းများကို လူအများ တွေ့ခဲ့သည်။

❑

မနေ့က မြို့ကလေးကို ဖြတ်သွားသော မီးရထားတစ်စင်းသည် ပုံမှန်အချိန်၊ ပုံမှန်နေရာမဟုတ်ဘဲ ရပ်တန့်နေခဲ့ပါသည်။ မြို့နေလူပေါင်းများစွာတို့သည် ရပ်နေသော မီးရထားဆီသို့ ရောက်လာခဲ့ကြသည်။

■

နေ၊ပင်လယ်ပြာ

နတ်သမီး
ပလပ်စတစ်အိတ်ပါး နှင့် ပုံနှိပ်လုပ်ငန်း
အမှတ် (၁၄)၊ မောမိညောင်ပင်လမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၄၁၁၁၄၊ ၆၄၅၉၈၇၊ ၀၉-၇၁၂၄၁၂၁၆



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ (၁၃၁)မှ…*

တစ်ယောက်စ နှစ်ယောက်စ လာလေ့ရှိသော်လည်း မိုးအေးသောနေ့မို့ လူရှင်းနေသည်။ ကန်စွန်းရွက်ချူးသူတွေလည်း ပြန်ကုန်ပြီမို့ သူ့ကို ကြည့်ပြီးရယ်မည့်သူ သိပ်မရှိနိုင်တော့ဘူးဟု တွေးရင်း ကိုယ့်ကိုယ်ကို ပြန်ပြီး ရယ်ချင်နေမိသည်။

'အဘတော့ ဆာနေမှာပဲ၊ ခဏလေးစောင့် အဘရေ… အမေ ကြက်ကင်ဝယ်လာပြီ'

ဒေါ်စပွန်ဆာက စိတ်ထဲမှ ပြောရင်း ခပ်သုတ်သုတ်လျှောက်သည်။ တစ်ကိုယ်လုံး ရွဲနေသဖြင့် ချမ်းလည်းချမ်းလှပြီ။ ရေဆက်တက်လာလျှင် အိမ်ထဲရေဝင်တော့မည်ကို တွေးမိတော့လည်း စိတ်ပူလာသည်။

ထိုစဉ်တွင် အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်နေသော သူ့ဖခင်ကို တွေ့လိုက်ရသည်။ မည်းညိုနေသော ကောင်းကင်ကြီး၏အောက်တွင် ကန်စွန်းခင်းများက မြမြစိမ်းနေသည်။ ခပ်သည်းသည်း ဖျန်းပက်နေသော မိုးရေကြောင့်၊ ကန်စွန်းညွှန့်လေးများမှာ လန်းဆွင့်နေသည်။ အပွင့်နီတွေ ကျိုးတိုးကျဲတဲကျန်နေသေးသော စိန်ပန်းပင်ကြီး၏ အကိုင်းအခက်များက မိုးရေထဲတွင် လှုပ်ယမ်းနေသည်။ တစ်ပွင့်စ၊ နှစ်ပွင့်စကြွေလာသော အပွင့်နီနီလေးများက ကတ္တရာလမ်းပေါ်တွင် ခပ်ကျဲကျဲပြန့်နေလေသည်။ ထိုမြင်ကွင်းကို နောက်ခံထားပြီး ယိုင်ထိုးယိုင်ထိုးနှင့် မြွေလိမ်မြွေကောက်လမ်းလျှောက်နေ သူကတော့ ဒေါ်စပွန်ဆာ၏ ချစ်လှစွာသော ဖခင်ကြီး၊ ဘကြီးသာဖြိုးပင် ဖြစ်လေသည်။ အိမ်က ဆောင်းသွားသော ဝါးခမောက်ကိုလည်း အဖြူဆိုင်မှာ ထားခဲ့ပြီထင်သည်။ ခမောက်မပါ၊ ထီးမပါနှင့် မိုးရေထဲတွင် ဒီအတိုင်း လျှောက်နေသည်။

'အဖေကတော့ ရေချိန်ကိုက်လာပြီ ထင်တယ်။ လျှောက်နေလိုက်ပုံက တစ်လောကလုံး သူတစ်ယောက်တည်းရှိတာကျနေတာပဲ'

ဒေါ်စပွန်ဆာက တွေးမိစဉ် ကားအကောင်းစားကြီးတစ်စီးက သူ့ဘေးမှ ဝေါခနဲဖြတ်မောင်းသွားသည်။ 'ဘုရား ဘုရား၊ မောင်းသွားလိုက်တာ လေယာဉ်ပျံကြီး ပျံသွားတာကျနေတာပဲ'ဟု သူတစ်ဦးတည်း ပြောလိုက်မိစဉ်ပင် ထိုကားကြီးက ဘကြီးသာဖြိုးနားသို့ ရောက်သွားသည်။ ထို့နောက် အပေါ်သို့ မြောက်တက်သွားသော ခန္ဓာကိုယ်တစ်ခုကို တွေ့လိုက်ရလေသည်။

'အောင်မယ်လေး… အဖေ… အဖေ…'

ဒေါ်စပွန်ဆာက အသံကုန်အော်သည်။ လက်တစ်ဖက်စီတွင် ကိုင်လာသော ဝါးခလောက်နှင့် ဆန်ကောပေါက်ကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် လွှင့်ပစ်လိုက်သည်။

'အောင်မယ်လေး၊ အရပ်ကတို့ရေ ကယ်ကြပါဦး၊ ကျွန်မအဖေကို ကားတိုက်သွားပါပြီတော့'

လက်ကားရား၊ ခြေကားရားနှင့် အော်ရင်းဟစ်ရင်း ပြေးလိုက်သည်မှာ အဖေ့နားသို့ ဘယ်လို ရောက်မှန်းပင်မသိ။ ခေါင်းပေါ်မှ ဇလုံပေါက်က လမ်းပေါ်တွင် တဝှမ်ဝှမ်လိမ့်ပြီး ကျန်ခဲ့သည်။ တယုတယ ရွက်လာခဲ့သော ကြက်ကင်ကလေးကိုလည်း ဂရုမစိုက်နိုင်တော့။ ဖုတ်ခနဲ ပြုတ်ကျသွားသည်ကို သိသော်လည်း လှည့်မကြည့်အားချေ။

ဘကြီးသာဖြိုးက လမ်းဘေးတွင် ခွေခွေကလေး လဲနေသည်။ ချိုစောင်းတွင် သွေးစွန်းနေသည်ကို တွေ့ရတော့ ဒေါ်စပွန်ဆာက ဟီးခနဲငိုသည်။

'အဖေသေပြီ…ဟီး…ဟီး၊ ကျွန်မအဖေ သေပြီ… မကယ်နိုင်ကြတော့ဘူးလားတော့၊ သိကြားမင်းကြီးရေ ကယ်ပါဦး။ ကျွန်မအဖေ သူတော်ကောင်းကြီးပါတော်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူးတော်'

ကားမောင်းသူက ငယ်ငယ်ရွယ်ရွယ် ကောင်မလေးဖြစ်သည်။ ဆံပင်ကို အနီရောင် ဆိုးထားပြီး ဘောင်းဘီတိုလေး ဝတ်ထားသည်။ ကားပေါ်က ဆင်းလာသော်လည်း ဘကြီးသာဖြိုးနားမကပ်ရဲ။ မျက်လုံးလေးအပြူးသားနှင့် ခြေတွေလက်တွေ တုန်နေသည်။ ကောင်မလေး၏ အထိန်းတော်ဖြစ်ဟန်တူသော မိန်းမဝဝကြီးကတော့ ပို၍ပင် ဆိုးတော့သည်။ ဘုရားစာများကို တုန်ယင်ချည့်နဲ့သော အသံနှင့် ကပြောင်းကပြန် ဆိုနေသည်။

အမျိုးသားနှစ်ယောက်ကတော့ သွက်သည်။ ဘကြီးသာဖြိုးကို ပွေ့ပြီးတော့ ကားပေါ်တင်သည်။ ဒေါ်စပွန်ဆာကိုလည်း လိုက်ခဲ့ရန်ခေါ်သည်။ ထို့နောက် အမြန်ဆုံးမောင်းထွက်လာလိုက်သည်။ မည်သူမျှပင် မမြင်လိုက်၊ မသိလိုက်ကြချေ။

'အဘလားခင်ဗျ၊ ဟုတ်ကဲ့ ကျွန်တော်ပါ။ မီးမီး ကားမောင်းရင်း လူတစ်ယောက်ကို တိုက်မိလို့ ခင်ဗျ၊ ဟုတ်ကဲ့ ကျွန်တော်လည်း သူတော်တော် ကျွမ်းနေပြီဆိုပြီး လွှတ်ပေးလိုက်မိလို့ပါ။ ဟုတ်ကဲ့၊ အခု ကားပေါ်မှာပါ၊ ဟုတ်ကဲ့ အမြန်ဆုံး လာခဲ့ပါ့မယ်'

ကောင်မလေးနှင့် သူ့အထိန်းတော်က ဘာသံမှ မထွက်နိုင်။ တဟီးဟီးနှင့် ငိုနေသော ဒေါ်စပွန်ဆာကို မျက်နှာငယ်လေးများနှင့် ကြည့်နေသည်။ ဘကြီးသာဖြိုးကလည်း ကားပေါ် ရောက်တော့ သတိရလာသည်။ 'နာတယ် နာတယ်'ဟု ခပ်သဲ့သဲ့ ပြောတော့ ဒေါ်စပွန်တာက ပို၍ ငိုကာ ကောင်မလေးက ပို၍ လန့်လာဟန်ရှိသည်။

'သတိရလာတယ်ဆိုရင် အခြေအနေ ကောင်းပါတယ်။ မစိုးရိမ်ပါနဲ့ အစ်မကြီးရယ်'

အမျိုးသားတစ်ဦးက ပြောသည်။ ဒေါ်စပွန်ဆာ၏ လက်ထဲသို့ တစ်စုံတစ်ရာ ထည့်ပေးလိုက်သည်။ ကြည့်လိုက်တော့ ငါးထောင်တန် တစ်အုပ်။ 'ဘုရား ဘုရား ငါးထောင်တန်တွေ၊ ဘုရား ဘုရား အုပ်လိုက်ကြီး၊ ဒါဆိုရင် ဘယ်လောက်လဲ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဘုရား ငါးသိန်းလား'

ဒေါ်စပွန်ဆာ၏မျက်လုံး ပြူးထွက်လာသည်။ ဘုရားကို အခါခါတ,ရင်း အငိုလည်း တိတ်သွားသည်။

ဆေးခန်း မသွားမီ အိမ်တစ်အိမ်ကို ခဏဝင်သည်။ ကောင်မလေးနှင့် အထိန်းတော်တို့ ကားပေါ်မှ ဆင်းသည်။ မွန်ရည်သားနားသော လူတစ်ဦးက ကားနား ရောက်လာသည်။ ဒေါ်စပွန်ဆာကို 'အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်နော်။ စိတ်ကိုအေးအေးထားပါ။ မနစ်နာစေရပါဘူး'ဟု ခပ်ချိုချိုပြောသည်။ ဒေါ်စပွန်ဆာလည်း ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။ ကားပေါ်သို့ တိုက်ပုံအင်္ကျီဝတ်ထားသော လူတစ်ဦး တက်လာသည်။ 'လိုအပ်သလို ပြည့်စုံအောင် ဆောင်ရွက်ပါ့မယ် အဘ၊ စိတ်ချပါ'ဟု ပြောသည်။

မကြာမီ ဆေးခန်းတစ်ခုသို့ ရောက်သည်။ ဘကြီးသာဖြိုး၏ ညာဘက်လက်ကောက်ဝတ်သည်လည်း ရောင်ကိုင်းနေပြီဖြစ်သည်။ ခုနတုန်းက ပူပူထူထူနှင့် နာမှန်းမသိသော ဒူးကလည်း နာလာသည်။ ခေါင်းကလည်း သွေးတစိမ့်စိမ့် ထွက်နေဆဲဖြစ်သည်။

'အစ်မကြီးတို့ ဘာမှ မပြောနဲ့နော်။ ကျွန်တော် အဆင်ပြေအောင် လှုပ်ရှားပေးပါ့မယ်'

ဒေါ်စပွန်ဆာက အဖေ့ကို ဖေးမရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြပြန်သည်။ အိတ်ထဲက ငါးသိန်း၏ မျက်နှာကို ထောက်ထားရမည် မဟုတ်လား။

'မီးကလည်း ခဏခဏ ပျက်တယ်ဗျာ၊ ကျွန်တော့်ဦးလေးလည်း မီးပျက်တုန်း လှေကားပေါ်က လိမ့်ကျတာ လူကြီးဆိုတော့ ခြေတွေလက်တွေကလည်း ဘယ်မြဲတော့မလဲဆရာရယ်'

ဆရာဝန်က ရယ်သည်။ အရက်ဖြူနံ့ တထောင်းထောင်းထွက်နေသော ဘကြီးသာဖြိုးကို လှမ်းကြည့်ရင်း 'အသက်ကလေးထောက်လာရင် အသောက်ကလေးလည်း လျှော့မှဖြစ်မှာပေါ့ ဦးကြီးရဲ့'ဟု ပြောသည်။ ခေါင်းကွဲခြင်း၊ လက်ကျိုးခြင်း၊ ဒူးပြဲခြင်း စသည်များသည် လှေကားပေါ်မှ လိမ့်ကျလျှင် ဖြစ်လေ့ဖြစ်ထရှိသော ဒဏ်ရာဒဏ်ချက်များပင်ဖြစ်သည်။ ထို့ကြောင့် မီးပျက်လို့လား၊ မူးလို့လားဟု ရယ်သွမ်းသွေးရုံမှအပ အထူးအထွေ သံသယဝင်ပုံမရပေ။

နာရ၊ ကျင်ရသည့်အထဲတွင် သူ၏ အသက်နှင့် သူ၏ အရက်ကို ယှဉ်တွဲပြောလာတော့ ဘကြီးသာဖြိုးက မျက်နှာကြီး ပုပ်သွားသည်။ သူက သောက်မည့်သာ သောက်နေသော်လည်း သူ့ကိုများ 'မူးလာပြီ'ဟု ပြောလျှင် နည်းနည်းမှ မခံနိုင်။ သူ ဘယ်လောက်သောက်သောက် သူတို့အိမ်က လက်ရန်းမပါသည့် ခနော်ခနဲ့လှေကားကိုပင် လိမ့်ကျဖူးသူ မဟုတ်၊ အခုဟာက…

'သည်းခံပါအဖေရယ်၊ ဘာမှ မပြောနဲ့နော်။ ဖြစ်လာရင် အသေအချာကုဖို့ အရေးကြီးတာ။ ကျွန်မတို့က ဒီလောက်အကုန်ခံ ကုနိုင်မှာမဟုတ်ဘူး'

ဒေါ်စပွန်ဆာက အဖေ့ကိုချော့ရင်း 'ငါးသိန်းတောင် ပေးထားတယ်'ဟု တိုးတိုးပြောသည်။

ဘကြီးသာဖြိုးက အံ့သြသွားဟန်ရှိသော်လည်း သူ့သမီးလိုတော့ ဝမ်းသာအားရ ဖြစ်မသွားပေ။ 'ငါတို့ကို ဆင်းရဲတယ်ဆိုတိုင်း ငွေမက်တယ် ထင်နေလား'ဟုတွေးပြီး ပို၍ပင် စိတ်တိုသွားဟန်ရှိသည်။ သူ့မှာသာ ပိုက်ဆံပေါ်လျှင် 'ရော့ မင်းတို့ငွေတွေ ပြန်ယူသွား၊ မင်းတို့က လမ်းပေါ်မှာ လျှောက်ငါက ကားနဲ့ ပြန်တိုက်မယ်။ ဒါဆိုရင် ကျေရောမဟုတ်လား'ဟူ၍ပင် ခွတိုက်ပြီး ပြောမိလေမည်လား မသိရပေ။

အီးစီဂျီဆွဲ၊ ဓာတ်မှန်ရိုက်၊ ခေါင်းကို နှစ်ချက်ချုပ်၊ ကျောက်



သူ့အတွေးထဲတွင် အလိုဆန္ဒတွေက ဘင်ခရာ တီးပြီး ချီတက်လာသည်

ပတ်တီးစည်း၊ ဒဏ်ရာဒဏ်ချက်တွေကို ဆေးထည့်၊ ပလတ်စတာကပ်၊ မနက်ပြန် ညပြန် သောက်ရမည့်ဆေးတွေကို ယူစသည့်ကိစ္စများကို ဆက်တိုက်လုပ်အပြီးတွင်တော့ ညရှစ်နာရီ ကျော်နေပြီ ဖြစ်လေသည်။ ဆရာဝန်က 'ဘာမှတော့ မဖြစ်လောက်ပါဘူး။ ဒါပေမဲ့ ခေါင်းကိုတော့ နည်းနည်းစောင့်ကြည့်ရမယ်။ မူးလာမယ်၊ အန်ချင်လာမယ်ဆိုရင် ချက်ချင်းပြန်လာပါ'ဟုမှာလိုက်သည်။ 'ခေါင်းက လေး နှစ်ချက်လောက် ချုပ်ရတာ မူးမလားကွ၊ ငါက တစ်ပုလင်းလုံးကုန်တာတောင် မူးတဲ့

www.burmeseclassic.com

ကောင် မဟုတ်ဘူး' ဟု ဘကြီးသာဖြိုးက စိတ်ထဲမှ စိတ်ဆိုးမာန်ဆိုး ပြန်ပြောနေမိပြန်သည်။ ဘာကြောင့်ပဲမူးမူး သူ့ကို မူးသည်ဟုပြောလျှင် သူ မကြိုက်။

'အားလုံး အဆင်ပြေသွားပါပြီအဘ'

ကိုတိုက်ပုံက ကားပေါ်ရောက်တော့ ဖုန်းဆက်ပြီး သတင်းပို့နေသည်။

'မပြေဘူး၊ နာတယ်ကွ'

ဘကြီးသာဖြိုးက အော်သည်။ တစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသလို ဖြစ်နေ၍ လှုပ်ပင် မလှုပ်ချင်။ ဒူးပြဲထားသည်က တစစ်စစ်နှင့် ကိုက်လာသည်။ ကျောက်ပတ်တီးစည်းထားရသော လက်မာမာတောင့်တောင့်ကို အဝတ်နှင့် သိုင်းထားရသည်ကလည်း အနေခက်လှသည်။ ကိုယ့်ပုဆိုးကိုပင် ကိုယ် မဝတ်နိုင်။ ထမင်းစားတော့ရော ဘယ်ဘက်လက်နှင့်ပင် စားရတော့မှာလား။ အိမ်သာတက်သော အမှုကိစ္စကိုရော လက်တစ်ဖက်တည်းနှင့် ဖြေရှင်းနိုင်ပါ့မလား။ နောက်ပြီး…၊ နောက်ပြီး အရေးအကြီးဆုံးက ညနေတိုင်ကျလျှင် သွားနေကျဆိုင်လေးကို ဘယ်လိုလုပ် သွားရမည်နည်း။ ခြေထောက်က အကောင်းမို့ လျှောက်နိုင်သော်လည်း လက်သိုင်းကြီးနှင့်မို့ ချော်လဲလိုက်လျှင် တစ်ကျိုးမှနေပြီး နှစ်ကျိုး၊ သုံးကျိုး ဖြစ်သွားနိုင်သည်။ မည်သူကမျှလည်း သနားမည်မဟုတ်။ တွေးရင်း တွေးရင်း စိတ်တိုလာသည်။ သူ ရင်ဆိုင်ရမည့် ပြဿနာများကား မနည်းလှ။

'ခုနတုန်းက ငွေက အစ်မကြီး ချေးသုံးဖို့ပါ။ ဒါကတော့ ဦးလေးကို သတ်သတ် ကန်တော့တာပါ။ ဆေးခန်းသွားဖို့လည်း ကျွန်တော် လာခေါ်ပါ့မယ်'

ဘကြီးသာဖြိုး၏ မျက်နှာကြီးက ပုပ်သည်ထက် ပုပ်လာတော့ ကိုတိုက်ပုံ၏ အိတ်ထဲမှ ငါးထောင်တန်တစ်အုပ် ထပ်ထွက်လာသည်။ ဒေါ်စပွန်ဆာခများ ရင်များပင် တလှပ်လှပ် ခုန်သွားသည်။ သူ့အိတ်ထဲမှာ ငါးထောင်တန်အုပ်တွေ ဘယ်နှအုပ်လောက်များ ကျန်နေဦးမလဲဟု တွေးဆကြည့်ရင်း အူထဲတွင် တကြွတ်ကြွတ်မြည်ကာ ဆာလောင်နေသော ဝေဒနာပင် ပျောက်သွားသည်။ သူ့အတွေးထဲတွင် အလိုဆန္ဒတွေက ဘင်ခရာတီးပြီး ချီတက်လာသည်။

'အမိုးပေါက်နေတာ ပြင်ရမယ်။ ကြမ်းခင်းဝါးလုံးတွေလည်း ဆွေးတဲ့နေရာ ဆွေးနေပြီ။ ကိုကျောက်ဒိုးကိုလည်း ပုဆိုးသစ်ကလေး ဝယ်ပေးချင်တယ်။ အဘကိုလည်း ကျောင်းမထားခင် ကျူရှင်ပို့ပြီး အရင်သင်ထားရင် ကောင်းတယ်တဲ့။ အဖေ့ကိုလည်း ဟင်းကောင်းကျွေးကောင်းလေး ကျွေးချင်နေတာ ကြာလှပြီ'

သူက ကြက်ကင်ကို ချက်ချင်း သတိရသွားသည်။ လမ်းဘေး ပြုတ်ကျန်ခဲ့သော ဖော့ဘူးလေးကို နှမြောနေသည်။ ဒီတစ်ခါ တစ်ခြမ်းပင်မက တစ်ကောင်လုံး ဝယ်စားပစ်လိုက်ဦးမည်၊ ဝယ်ကျွေးပစ်လိုက်ဦးမယ်။

သူတို့ အိမ်ပြန်ရောက်တော့ ကိုးနာရီကျော်နေပေပြီ။ လမ်းပေါ်လျှံနေသော ရေများကို ထိုးခွဲပြီး ဝေါခနဲ မောင်းဝင်လာသော ကားကြီးကို တဲအပေါင်းမှ သူတော်ကောင်းတို့က အထူးအဆန်း ထကြည့်ကြသည်။ အိမ်ရှေ့တွင် ကားရပ်တော့ ကိုကျောက်ဒိုးက မျက်လုံးပြူးနေသည်။ 'ဒီမှာ အဖေ့ကို လာတွဲပါဦး' ဟူသော ဒေါ်စပွန်ဆာ၏အသံကို ကြားရတော့မှ ရေထဲ ပြေးဆင်းလာသည်။ သူ့ခများ စိတ်ပူပန်သော ရောဂါကို သေလုနီးပါး ခံစားနေရသဖြင့် အသံကြားရရုံနှင့် အတော် ပျော်သွားသည်။

ကားကြီး၏ ရှေ့မီးနှစ်လုံးက အားကောင်းလှတော့ မှောင်ကုပ်ကုပ် လမ်းကလေးပင် ထိန်ထိန်လင်းနေသည်။

'တကယ် ရေလျှံတဲ့ သူဋ္ဌေးရပ်ကွက်ပဲ'

ကိုတိုက်ပုံနှင့် ကားမောင်းသူတို့က ပြောရင်း ရယ်နေကြသည်။ သူတို့အတွက် ရယ်စရာဖြစ်သော်လည်း ဒေါ်စပွန်ဆာတို့အတွက်တော့ ငိုစရာဖြစ်နေသည်။ ရေတွေက ကြမ်းပြင်ကို ထိနေပြီမို့ ခြေချလိုက်တိုင်း အိပြီး ရေတွေ ဝင်လာနေသည်။

'အဖေ့အတွက် နားနားနေနေ လှဲနေစရာ နေရာလေး တစ်နေရာစာလောက်တောင် မရှိပါလားဟယ်'

ဘကြီးသာဖြိုးက ထင်းရှူးသေတ္တာပုံးပေါ်တွင် ခြေတင်ထိုင်ပြီး နံရံကို ကျောမှီထားရသည်။ ကျောက်ပတ်တီးကို ရေစိုမှာစိုးရတော့ ပလတ်စတစ်အိတ် ထပ်စွပ်ထားရသည်။ ဒူးပြဲထားတော့ ခြေထောက်က ကွေး၍မရ။ ကွေးမရသော ခြေထောက်ကို ထင်းရှူးပုံးပေါ် တင်ထားရတော့ ပုံစံမကျလှပေ၊ မသက်မသာ ဖြစ်နေရှာသည်။

ဘကြီးသာဖြိုး၏ ခြေရင်းဘက်က သံသေတ္တာပေါ်တွင်ကား အဘက ငုတ်တုတ်ကလေး ထိုင်နေရသည်။ ညဉ့်နက်လာပြီမို့ အိပ်ချင်ပြီး မျက်လုံးတွေ စင်းနေသည်။

'အဘရေ…'

ဘကြီးသာဖြိုးက ခေါ်သည်။

'မနက်ဖြန်ကျရင် မင်း ငါးကန်လေး ဝယ်လို့ရပြီကွ သိလား၊ အဘိုး ဝယ်ပေးမယ်'

'ဟင် သကယ်'

ငါးကန် အသံ ကြားတော့ အဘ၏မျက်စိ ကျယ်လာသည်။ သူ့အဘိုးကို မယုံမရဲ လှမ်းကြည့်သည်။

'တကယ် ပေါ့ ကွာ၊ အဘိုးရေလျှံရင် ဝယ်ပေးမယ်လို့ ပြောထားတယ် မဟုတ်လား။ အခု အဘိုး ရေလျှံနေပြီလေ'

အဘိုး ရေလျှံနေပြီတဲ့။ ဘယ်လိုဖြစ်ပြီး လျှံသွားတာလဲ၊ အဘ တွေး၍မရ။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် လက်ကြီးကို အဝတ်နှင့် သိုင်းထားရသော အဘိုးသည် အရက်စော်၊ ချွေးစော်တွေလည်း နံနေသေးသည်။ ရေလျှံသူနှင့် မတူသည်ကတော့ အမှန်ပင်။

'ငါတို့အိမ်မှာ ရေလျှံနေတာတော့ အမှန်ပဲ အဘရေ



www.burmeseclassic.com

www.burmeseclassic.com

ကိုကျောက်ဒိုးက ခပ်ရွှင်ရွှင် ဝင်ပြောသည်။ သူက သူ့မိန်းမဆီမှ သတင်းစုံရထားပြီးပြီမို့ စိတ်ချမ်းသာနေသည်။ ရေနှစ်မျိုးစလုံး တစ်ချိန်တည်း လျှံသည်ကို ရည်ရွယ်ပြီး ပြောခြင်းဖြစ်သော်လည်း ဘာမျှမသိသော အဘက တဖြည်းဖြည်း စိမ့်ဝင်လာသော ရေများကို ငုံ့ကြည့်နေသည်။

'အဖိုးက ရေစန်နေပီရား'

'လျှံပါတယ်ဆိုမှ အဘရာ မင်းက မယုံဘူးလား'

အဘက သူ့အဘိုးကို အကဲခတ်နေသည်။ သိပ်မယုံလှသည်ကတော့ အမှန်ပင်။

'ရေလျှံရတာ မလွယ်ဘူးအဘရ၊ ခေါင်းကလည်းကွဲ၊ လက်ကလည်းကျိုး၊ ဒူးကလည်းပြဲ၊ ခါးကလည်းအောင့်၊ ကျောကလည်းနာ...'

ဘကြီးသာဖြိုးက ရီညည်းသလို ညည်းနေသည်။ အဘခမျာ ထိုစကားတွေကို နားမလည်ရှာ။ ဉာဏ်ထက်သော ကလေးဖြစ်သော်လည်း ခေါင်းကွဲ၊ ဒူးပြဲတာနှင့် ရေလျှံတာ ဘယ်လိုအဆက်အစပ် ရှိသနည်း၊ စဉ်းစား၍ မရပေ။

'ဒီလောက်ရေလျှံနေတဲ့အိမ်ထဲမှာ ကျောက်ပတ်တီးကြီး ရေစိုပြန်ရင် ခက်ဦးမယ်။ တပိုးတပါးသွားချင်ပြန်တော့လည်း ဒူးပြဲကြီးက နာဦးမယ်။ အခုလည်း ညောင်းလှပြီ။ ဒီလိုချည်းပဲ ထိုင်နေရတော့မှာလားမသိ။ ရေလျှံရတဲ့ဒုက္ခက မသေးဘူးဟဲ့'

မိုးက မသည်းတော့သော်လည်း စဲတော့မစဲသေးဘဲ တစိမ့်စိမ့်ရွာနေသည်။ ဘကြီးသာဖြိုးကလည်း မသက်မသာကြီး ထိုင်ရင်း တဖျစ်တောက်တောက် ညည်းနေရှာသည်။ သူညည်းနေသည့် အသံက အားလုံးကို ချော့သိပ်သလို ဖြစ်နေသည်။

သံသေတ္တာပေါ်တွင် ခွေခွေခေါက်ခေါက်ကလေး အိပ်ပျော်သွားသောအဘက အိပ်မက်များပင် မက်နေသည်။ အိပ်မက်ထဲတွင် ငါးကန်လေးတစ်ခုကို သူ ပိုင်ဆိုင်ထားပြီး ဖြစ်နေသည်။ အမြီးဖွားဖွားနှင့် ရွှေရောင်၊ ငွေရောင် ငါးလေးများက ရေကြည်ကြည်သန့်သန့်လေးထဲတွင် လှည့်ပတ်ပြီး ကူးခပ်နေကြသည်။

ဘကြီးသာဖြိုးကတော့ အိပ်မပျော်နိုင်သေးပေ။ ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်ထားသလို နာကျင်ပြီး ကိုက်ခဲနေသည်။ ဟိုဘက်လှည့်မရ၊ ဒီဘက်လှည့်မရနှင့် မသက်မသာလည်း ဖြစ်နေရှာသည်။ ကြမ်းပြင်ပေါ်သို့ တစိမ့်စိမ့် လျှံတက်လာသော ရေများကို ငေးကြည့်ရင်း မေတ္တာသုတ်ကို ရွတ်ရန် ကြိုးစားသည်။

'ယသာနုဘာဝတော ယက္ခာ...နေဝဒဿေန္တိဘီသနံ... ကျွတ်... ကျွတ်... နာလိုက်တာ။ ယဉ္ဇိစေဝါ နုယုဥ္ဇန္တော... ရေလျှံတော့သာ လျှံတယ်ပြော ဟင်း ဟင်း ခံရတာ မသက်သာဘူးဟဲ့။ ရတ္တိန္ဒိဝ မတန္ဒိတော ချမ်းသာကြပါစေ၊ ငါ့လို မခံကြရပါစေနဲ့။ အာ အရေးထဲ အပေါ့သွားချင်လာပြန်ပြီ၊ ဘယ်လိုလုပ်ရပါ့။ သမီးရေ သမီး ဟဲ့ မနိုးဘူးလား၊ မောင်ကျောက်ဒိုးရေ'

■ မစန္ဒာ


ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေးအတွေးထက်မြက်၊
တိုးတက်ကြီးပွားစေဖို့၊ မဖတ်မဖြစ်ဖတ်ရမည့်

# အနန္တဂုဏ်ရည်

ဘာသာရေးမဂ္ဂဇင်း

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊
နှစ်ဖြာသောချမ်းသာ တို့ပြည့်ဝစေမှာအမှန်မလွဲပဲနော် ........................

လစဉ်ထွက်ပါပြီ

မြင်းခြံစာပေ

အမှတ် (၂၅၆)၊ ၃၉ လမ်းအထက်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၃၅၈၇